နှစ်(၁၀၀)ပြည့် မော်ကွန်းအထူးထုတ်
ထားဝယ်အသင်းမဂ္ဂဇင်း
Tanintharyi Gallery မှ E book အဖြစ်ပြန်လည်ဖြန့်ဝေသည်။


KTS EXPRESS
ကောင်းသစ်စံ
မှန်လုံ - ခရီးသည်ပို့ဆောင်ရေး
ရန်ကုန် ⇆ မော်လမြိုင် ⇆ ရေး ⇆ ထားဝယ် ⇆ မြိတ်
ရန်ကုန် + (၈/၅)၊ အောင်မင်္ဂလာအဝေးပြေးဝင်း၊ မင်္ဂလာဒုံ၊ ☎ ၇၀၆၀၈၂၊ ၆၃၉၄၆၆ (လိုင်းခွဲ - ၃၃၃)၊ ၆၃၉၄၆၅ (လိုင်းခွဲ - ၃၃၃)
အခန်း(၂၀)၊ စလင်းအားကစားဝင်း၊ ကြည့်မြင်တိုင်၊ ☎ ၅၃၆၇၈၆
ပဲခူး + ဟာဒယ၊ ☎ ၀၅၂ - ၂၂၇၈၉
မော်လမြိုင် + အဝေးပြေးဝင်း၊ ၀၉ ၈၇၆၂၄၅၃ ☎ ၀၅၇ - ၂၄၇၆၇၊ ၂၄၅၂၈
ထားဝယ် + ညွှန့်တားကြီးလမ်းဆုံ၊ ☎ ၀၅၉ - ၂၂၁၄၀ အဝေးပြေးဝင်း၊ ☎ ၀၅၉ - ၂၁၃၈၁၊ ၂၁၃၈၄
မြိတ် + မြိတ်မီးသတ်အနီး၊ ☎ ၀၅၉ - ၄၂၄၃၉၊ ၀၅၉ - ၄၁၉၄၆

ဒို့တာဝန်အရေးသုံးပါး

- ❖ ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

ပြည်သူ့သဘောထား

- ❖ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ❖ နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ❖ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ❖ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ❖ အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
- ❖ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

- ❖ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ❖ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ❖ နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

- ❖ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ❖ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်ရေး
- ❖ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင် သန်ထက်မြက်ရေး
- ❖ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်
သရေစည်သူ ဦးမြင့်ဆွေ

ကျေးဇူးတင်လွှာ

အဘက်ဘက်မှဝိုင်းဝန်းကြိုးပမ်းကူညီမှုများဖြင့်ထွက်ရှိလာခဲ့သော **"နှစ်၁၀၀ပြည့်မော်ကွန်းအထိမ်းအမှတ်ထားဝယ်အသင်းမဂ္ဂဇင်း"**၏ အားနည်းချက်များ၊ ချို့ယွင်းချက်များရှိခဲ့ပါလျှင် စာဖတ်ပရိသတ်တို့ စာနာနားလည် ခွင့်လွှတ်ပေးပါရန် ဦးစွာမေတ္တာရပ်ခံ ပန်ကြားလိုပါသည်။

မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် အားပေးကူညီသော ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ် အုပ်ချုပ်ရေးမှူးကိုလည်းကောင်း၊ အဘက်ဘက်မှ စေတနာထက်သန်စွာဖြင့် အားပေးကူညီခဲ့ကြသော အသင်းနှစ်၁၀၀ပြည့်အထိမ်းအမှတ်မဂ္ဂဇင်းဖြစ်မြောက်ရန် စိတ်ကူးအကောင်အထည် ဖော်ပေးခဲ့ကြသော ထားဝယ်အသင်းမှ နာယကကြီးများ၊ ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ မဂ္ဂဇင်းအတွက် လိုလေသေးမရှိ ဆောင်ရွက်ပေးခဲ့သော အသင်းရုံးအဖွဲ့၊ထားဝယ်မြို့နှင့်သက်ဆိုင်သော မှတ်တမ်းဓာတ်ပုံများနှင့် ယဉ်ကျေးမှုဆိုင်ရာ အထောက်အထားများကို ကူညီပေးပို့ခဲ့ကြသော ကိုအောင်သစ်နှင့်မဌေးဌေးသစ်၊ ကိုစိုးဦး(ကောင်းသစ်သဘာဝဆေးဆိုင်)၊ဆရာဇော်ညွန့် (ရွှေဂုဏ်ထူးဘော်ဒါ)၊ ဓာတ်ပုံပဒေသာနှင့်ဓာတ်ပုံကိုဖြိုး **(*Super Fine*)**၊ အထောက်အထားဓာတ်ပုံများကို မေတ္တာဖြင့်ပြင်ဆင်စုဆောင်းပေးသော ကိုသန့်ဇင်လှိုင် **(*Myanmar Wicker Village*)**၊ မေတ္တာဖြင့်ကွန်ပျူတာစာစီနှင့် သရုပ်ပြပုံများပြင်ဆင် ပေးပါသော မခိုင်(စန္ဒာကွန်ပျူတာ)၊ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာ ရေးသား ပေးပို့ကြသော စာပေပညာရှင်များနှင့် စာပေဝါသနာရှင်များ၊ ရုပ်ရှင်၊ ဂီတ မှတ်တမ်းများအတွက် မေတ္တာဖြင့်ကူညီပေးကြသော အနုပညာရှင်များ၊ ကြော်ငြာ ထည့်သွင်းပေးကြသော စီးပွားရေး လုပ်ငန်းရှင်များ၊ စာတည်းအဖွဲ့ဝင်များနှင့် အဘက်ဘက်မှ စေတနာထက်သန်စွာဝိုင်းဝန်း အားပေးကူညီပေးခဲ့ကြသူများ အားလုံးကို အထူးကျေးဇူး ဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင် အပ်ပါသည်။

စာတည်းအဖွဲ့
နှစ်၁၀၀ပြည့်မော်ကွန်းအထူးထုတ်
ထားဝယ်အသင်းမဂ္ဂဇင်း

ထားဝယ်အသင်း မဂ္ဂဇင်းဖြစ်မြောက်ရေးကော်မတီ

(၁)	ဦးအောင်မြင့်	(နာယက)
(၂)	ဦးမေအောင်	(နာယက)
(၃)	ဦးဖေညွန့်	(နာယက)
(၄)	ဦးစိုးမြင့်	(နာယက)
(၅)	ဦးဖေအေး	(နာယက)
(၆)	ဦးခင်စိုး	(ဥက္ကဋ္ဌ)
(၇)	ဦးကျော်မြင့်	(အဖွဲ့ဝင်)
(၈)	ဦးစိုးတင့်	(အဖွဲ့ဝင်)
(၉)	ဦးတင်ဦး	(အဖွဲ့ဝင်)
(၁၀)	ဦးသိန်းထိုက်	(အဖွဲ့ဝင်)
(၁၁)	ဦးမင်းခန့်	(အဖွဲ့ဝင်)
(၁၂)	ဦးမင်းကိုကို	(အဖွဲ့ဝင်)
(၁၃)	ဦးထိန်ဝင်း	(အဖွဲ့ဝင်)
(၁၄)	ဦးသက်ဦး	(အဖွဲ့ဝင်)
(၁၅)	ဦးဇော်ဘိုခန့်	(အတွင်းရေးမှူး)

ရာပြည့်မော်ကွန်းမှသည်

- သတိမချပ်၊ သိမကပ်မို့
  မှတ်တမ်းဆို၊ ဘာလိုလိုနှင့်
  ရက်ကိုလစား၊ နေ မနားပဲ
  လစားနှစ်မျို၊ ဟောင်းခဲ့အိုလည်း
  ကွန်းနိုခဲ့ရာ၊ ရိပ်သာယာသည်
  ကာလရှည်ကြာ၊ တည်တံ့လာခဲ့
  ရာစုတစ်ခု၊ တိုင်ခဲ့ပြီ။
- နယ်သူနယ်သား၊ လူအများတွက်
  အားထားခိုကိုး၊ အရိပ်မိုးရင်း
  အမျိုးဘာသာ၊ သာသနာနှင့်
  သာမှု နာမှု၊ အစုစုနှင့်
  လူမှုကိစ္စ၊ အဝဝကို
  ဝေမျှစံစား၊ ပေါင်းစည်းအားကြောင့်
  မားမတ်ကြံ့ခိုင်ခဲ့ပါသည်။
- နယ်သားနယ်သူ၊ လိုအပ်သူကို
  ဆာပူကင်းဝေး၊ နှလုံးအေးအောင်
  ဖေးမကူညီ၊ စောင့်ရှောက်မည်ဟု
  ရွယ်ရည်မျှော်မှန်း၊ တစ်စိတ်ဝမ်းနှင့်
  လက်ကမ်းညီတူ၊ ဦးဆောင်သူတို့
  နမူနာအား၊ စံပြုထားကာ
  သားမြေးမြစ်ဆက်၊ စဉ်မပျက်အောင်
  လက်ဆင့်ကမ်းကာ၊ ကြီးပမ်းလာသည့်
  အာဂ လူသား၊ စွမ်းပကားကို
  လေးစား ဂုဏ်ပြုရပါသည်။
- နောင်အရှည်မှာ၊ ခိုင်ကြည်စွာပင်
  နှစ်ရာထောင်ချီ၊ အခွန့်တည်ဖို့
  ညီညာဖြိုဖြိုး၊ စုစည်းကြလျက်
  ပရအကျိုး၊ ဆောင်သယ်ပိုးရင်း
  အမျိုးဘာသာ၊ သာသနာနှင့်
  သာမှု နာမှု၊ အစုစုနှင့်
  လူမှုကိစ္စ၊ အဝဝကို
  ဆတက်ထမ်းပိုး၊ တိုးတက်တိုးအောင်
  ကြိုးစားရွက်ဆောင်၊ တောင်ကြီးအောင်ပြီး
  လေးစား ဂုဏ်ပြုရပါသည်။
- လူ့ဘောင်ဘဝ၊ လှထက်လှအောင်
  လောကအလှ ဆင်နိုင်ကြပါစေ။ ။

မောင်မြန်နွယ် (ရွှေဝယ်)

အဓိပ္ပာယ်များစွာ ထားဝယ်အသင်းနှစ်၁၀၀

ထားဝယ်သား ထားဝယ်မြို့ဖွား
တိုင်းရင်းသားမခွဲခြား
တစ်သားတည်းညီအောင်ရှာ
သည်းမြဲကျော်ကြားဖြင့် "ထားဝယ်အသင်း"
မိတ်ရင်းစိတ်မှန်ဖြင့်
နှစ်တစ်ရာသမိုင်းသင့်ဦး။

ဂရေဟမ်တိုက်တာရေးကြီးဦးထွန်းမြင့်
ပွဲစားကြီးဦးဘော့ ဆန်သူဌေးဦးရွှေဖုံ
လယ်ပိုင်ရှင်ဦးဘကြွယ် ဦးဖေသစ်
ငါးမှင့်သိုင်းမိတ်ကျူး ကုန်ဦးဘသစ်
ဓနရှင်ကြွယ်ကျ သမိုင်းဝင် သည့်အသင်း
ထားဝယ်ဘွားရင်းလူငယ်တို့ သက်သက်
အစဉ်မပျက် လက်တွဲနေကြသည်။

ဂါရဝ တရားလက်ကိုင်ထား
ကြီးသူအားလေးစား ငယ်သူအားမေတ္တာ
အလေးတုတုချီးသက်
ရိုးရာမပျက်သောင်ပွဲ အစဉ်ရှိမြော်မြင်စောင့်ထိန်းမှုများ
တစ်ပတ်လည်အားအလေးထားဆောင်
ရေအလျဉ်ဦးသည့်မိတ်ဆွေများ။

မြတ်စွာဘုရားဒေသနာကို အကျဉ်းသောင်ထိုးပြော
ဓမ္မကွဲတော်ဘိသာ
သံဃာရဟန်း ဦးဖွဲ့ဆိုသောင်
သီလရှင်နှင့်လူပုဂ္ဂိုလ်တို့ တရားတော်မြဲနှုတ်သ
ဘာသာ၊ လူမှု၊ စာပေဖြန့်ချိ
ထားဝယ်တို့ကျော်ကြားထားပါတယ်
မလုပ်မဖြစ်မှာဘာဆို "ဂါရဝ" ပြုလုပ်အားတစ်ခါ။

ဒေသတနှံ့သိမှီစောင့်ရှိ
ဖျက်ဆီးပန်းလှ အားကစားအပွဲများ
အသိ၊ အတတ်ပညာရှင်များ
မြတ်ပုလောညီနောင် အသင်းဝင်ပေါင်းအားနှင့်
အသါမလင့်စိတ်သို့ ရင်ငြိုးသမိုင်းဖြစ်ကား
အမှုဆောင်များ "သက်သံရေး" နှလုံးသား
ကျွမ်းလိုရေမခြား အနှစ်တစ်ရာသားများပင်။

ဥယျာဉ်ပိုးသူ ပါရဂူဆရာတွေ
အနာဂတ်တန်ခိုးရှင် ရတ်ထူးရှင်တွေ
ထာဝစဉ်သစ် အားအင်ဖြစ်ရို
ရွှေသူငွေသူ အမှတ်တရသူတွေ
နှစ်ပတ်လည်မှာ တလှလှဝေလျက်
ထုံးသုံးနည်းမပျက်သူအတွက် ပညာမပျက်အောင်
ပန်းတိုင်ထက်ထက် ဖောက်ပိုမေး ထာဝစဉ်
"ပညာရေး" တံခါးသူမြင်တွေ ဖောက်ထိမ်တိုက်နေကြ။

အသက်ရှည်ဘိုးဘွား ဦးထိပ်ရွက်ထား
နှစ်တစ်ရာမျက် တန်ဖိုးတော့လည်းအားမနာ
အမယ်ကြီးဘိုးဘ နေထိုင်ခဲ့ဘဝတွေကို
ဒီတစ်ခါရှုစင်း
သွားရောက်မေးမြန်းကောက်ချက်ချ
အငြိမ်းစား နေဘဝတွေ စိတ်ချမ်းသာမြဲအောင်
အဟာရဓာတ်စာ စေတနာငွေကြေး
ကုသရေးနှင့် ချမ်းသာပေး
စောင့်ရှောက်ကျွေးသည်
“တန်ဖိုးထားခဲ့သက်ကြီးကျန်းမာရေးစောင့်ရှောက်မှု”
အစီအစဉ်တစ်ခု သက်ဝင်ဖြစ်ခဲ့ကြ။

ရင်သွေးမွေးမြူ မိခင်အားတွေ
နာဖျားတွေ့လာရ သည်းခံဝဋ်တွေ
အဝါးအိနားခွင့် အခွင့်သင့်သလိုကို
ဆေးရုံအထိသွား အမှုဆောင်ရပေါင်းအားနှင့်
လက်ဆောင်ငွေကြေး အားဖြည့်ပေးလို့
“ကျန်းမာရေး”ပုံပြောင်း အစဉ်လောင်းပေးဖြန့်။

ဝေဒနာသည်တို့ အားလောင်းတက်သည့်
ကွက်လပ်တစ်ခု “အရေးပေါ်သွေးလိုအပ်မှု” အတွက်
ကျန်းမာရေးအသက်တယ် လက်နက်တစ်ခု
မိတ်ကိုတမိမြဲလျက် နှလုံးသားနှင့်ရစဉ်ထား
အလှူရှင်အားအမှတ်ရစေ
မြတ်သွေးလှူဒါန်းပေါ်ပေါ် အသင်းဝင်ဆိုမိရေးသား
မိတ်သင်္ဂဟလက်ဆောင် အုန်းအားနှင့်
“သွေးအလှူရှင်များအဖွဲ့” ထားဝယ်အားလုံးရဲ့
ဂုဏ်ဝင်ပန်းချီကားတစ်ချပ်လိုပါပြီ။

ဖြစ်ပျက်သဘော ရွေးတော်ကြည့်ရင်
သိသော၊ မသိသော လူတိုင်းရင်ဆိုင်ရ
သေခြင်းတရားနောက်မှ မွေးလာမြဲအတိုင်းအသ
အနည်းငယ်လေးလျော့သွားရအောင် နှစ်သိမ့်ပေး
နောက်ဆုံးအိုးလှုပ်အောင် ပို့ဆောင်ပေး
အမှုဆောင်များ “နာရေးကူညီမှု” စီကာရပ်
အသင်းရှေ့ဆက်လမ်းလက်ကား တစ္ဆည်းတစ်ချပ်။

သည်သို့သာ
“မှာရည်”လို့ ချီးမွမ်းခံထိုက်
“သင်တစ်ကောင်”လို့ လမ်းသင်ပေးတက်
“ဥယျာဉ်”လို့ တွေးပြနေတက်
“ထားဝယ်အနာဂတ်”တို့ မျိုးတောင်ပေးတက်
အတွေး၊ အသိပွင့်လန်းမှုများစွာက
နှစ်တစ်ရာကာလအောက်မှာ
စည်းလုံးညီညွတ်သာသာနှင့် မားမားမတ်မတ်ရပ်
လက်တွဲကြိုးပမ်းပြီး အနာဂတ်နေ့သစ်သစ်ဆီက
အားပေးနေသော ကူညီမှုတွေကို
လက်ကိုင်တစ်ကြည့်လို့ လက်တွဲလိုက်
မေတ္တာကူညီချင်ရှေ့တိုးအတွက်
ထာဝစဉ်ကိုင်လျက်
နွေးနွေးထွေးထွေး မိတ်ဆွေနေလျက်ပါပြီ။ ။

ကိုသက် (ပိတောက်ဖြာ)

စကားပြေဖြာသောပုံရိပ်များ

အသင်းကနဦး တည်ထောင်သူများ

မစ္စတာ ယော်ပါ်နီစု
(ခ) ဦးထွန်းမြိုင်

ပွဲစားကြီးဦးအေး

မစ္စတာကောဘိနီချောင်း
(ခ) ဦးရွှေစုန်

၁၉၁၁ မှ ၂၀၁၁ အထိ နှစ်၁၀၀ပြည့် ထားဝယ်အသင်းဥက္ကဋ္ဌများ

ဦးထွန်းမြိုင်
(၁၉၂၁-၁၉၃၁)

ဦးမောင်မောင်
(၁၉၃၆-၁၉၆၄)



ဦးတင်
(၁၉၆၄-၁၉၇၁)

ဦးတင်ထွန်း
(၁၉၇၁-၇၅)
(၁၉၈၁-၁၉၈၃)

၁၉၁၁ မှ ၂၀၁၁ အထိ နှစ်၁၀၀ပြည့် ထားဝယ်အသင်းဥက္ကဋ္ဌများ

ဦးကြီးဖေ
(၁၉၇၅-၇၇)(၁၉၈၄-၈၈)

ဦးစံလွင်
(၁၉၇၇-၁၉၈၀)

ဦးဘကျော့
(၁၉၈၀-၁၉၈၁)

ဦးဘမောင်
(၁၉၈၈-၁၉၉၁)

ဦးလှကျော်
(၁၉၉၁-၁၉၉၂)



ဦးသန်းနိုင်
(၁၉၉၂-၁၉၉၃)

ဦးအောင်သိန်း
(၁၉၉၃-၁၉၉၆)

ဦးအောင်ထွေး
(၁၉၉၄-၁၉၉၅)

ဦးကျော်ခင်
(၁၉၉၆-၉၇)

ဦးဖေမြင့်
(၁၉၉၇-၁၉၉၈)

ဗိုလ်မှူးကြီးစောရွှေ (ငြိမ်း)
(၁၉၉၈-၂၀၀၀)(၂၀၀၅)

ဗိုလ်မှူးစိုးမြင့် (ငြိမ်း)
(၂၀၀၀-၂၀၀၁)

ဦးမေအောင်
၂၀၀၂-၂၀၀၃

ဦးပေညွန့်
(၂၀၀၄)

ဦးခင်စိုး
(၂၀၀၆ မှ ယနေ့အထိ)

ထားဝယ်အသင်းနာယကအဖွဲ့

နောက်တန်း - ဗိုလ်မှူးစိုးမြင့် (ငြိမ်း) (အဖွဲ့ဝင်)၊ ဦးလှရှိန် (အဖွဲ့ဝင်)၊ဦးကျော်လွင်လှ (အဖွဲ့ဝင်)၊
(ဝဲမှယာ) ဦးခင်စိုး (အတွင်းရေးမှူး)၊ ဦးဖေအေး (အဖွဲ့ဝင်)၊ ဦးဖေညွန့် (အဖွဲ့ဝင်) ဦးအောင်စိုး (အဖွဲ့ဝင်)၊ ဦးမိုးမြင့် (အဖွဲ့ဝင်)

ရှေ့တန်း - ဦးအောင်ညွန့် (အဖွဲ့ဝင်)၊ ဦးရန်ရှင်း (နာယက-၃)၊ ဦးအောင်မြင့် (နာယက-၁)၊
(ဝဲမှယာ) ဦးလှတင် (ဦးဆောင်နာယက)၊ ဦးကြည်လင် (နာယက-၂)၊ ဦးမောင်ကြိုင် (အဖွဲ့ဝင်)၊ ဦးမေအောင် (အဖွဲ့ဝင်)

၂၀၀၈ မှ ၂၀၁၀ ထားဝယ်အသင်းအမှုဆောင်များ

နောက်တန်း (ဝဲမှယာ) - ဦးတင်ကိုနိုင် (အမှုဆောင်) ဦးအောင်နိုင် (ဒု-ဥက္ကဋ္ဌ)၊ ဦးသိန်းထိုက် (အမှုဆောင်) ဦးအောင်သန်းဦး (တွဲဖက်အတွင်းရေးမှူး) ဦးကျော်မြင့် (အမှုဆောင်) ဦးရဲနိုင် (အမှုဆောင်)၊ ဦးဇော်ဘိုဘိုဦး (တွဲဖက်ဘဏ္ဍာရေးမှူး)၊ ဦးမျိုးသိန်း (အမှုဆောင်)၊ ဦးဇာနည် (အမှုဆောင်) ဦးကျော်ကျော်ရှိန် (တွဲဖက်အတွင်းရေးမှူး)၊ ဦးသန်းထွန်းဦး(အမှုဆောင်)၊ ဦးလှထွန်း (အမှုဆောင်)၊ ဦးသက်ဦး (အမှုဆောင်)

အလယ်တန်း (ဝဲမှယာ) - ဦးမောင်မောင်နိုင်(တွဲဖက်အတွင်းရေးမှူး)၊ ဦးမင်းကိုကို (တွဲဖက်ဘဏ္ဍာရေးမှူး)၊ ဦးထိန်ဝင်း (အမှုဆောင်) ဦးဇော်ဘိုခန့် (အတွင်းရေးမှူး)၊ ဦးစိုးတင့် (ဒု-ဥက္ကဋ္ဌ)၊ ဦးကျော်မြင့် (ဒု-ဥက္ကဋ္ဌ)၊ ဦးခင်စိုး (ဥက္ကဋ္ဌ)၊ ဦးအုန်းမောင် (ဒု-ဥက္ကဋ္ဌ)၊ ဦးတင်ဦး (ဒု-ဥက္ကဋ္ဌ)၊ ဦးမင်းခန့် (ဥပဒေအကြံပေး)၊ ဦးဇော်ဝင်း (တွဲဖက်အတွင်းရေးမှူး) ဦးညီညီနိုင် (ဘဏ္ဍာရေးမှူး)၊ ဦးကျော်ကျော်ထွန်း (တွဲဖက်အတွင်းရေးမှူး)

ရှေ့တန်း (ဝဲမှယာ) - ဒေါ်သီသီဝါ (အမှုဆောင်)၊ ဒေါ်စုစုခိုင် (အမှုဆောင်) ဒေါ်မိုးမိုးရှိန် (အမှုဆောင်)၊ ဒေါ်တိုးကြည် (အမှုဆောင်)၊ ဒေါ်အေးအေးမြင့် (အမှုဆောင်)၊ ဒေါ်ချိုချိုလွင် (တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်မြင့်ယု (အမှုဆောင်)၊ ဒေါ်သိန်းမူ (အမှုဆောင်)၊ ဒေါ်နွဲ့နွဲ့ဝင်း (အမှုဆောင်)၊ ဒေါ်အေးအေး (အမှုဆောင်)

၂၀၁၁ မှ ၂၀၁၃ ထားဝယ်အသင်းအမှုဆောင်များ၊ စာရင်းစစ်နှင့်ဥပဒေအကြံပေးအဖွဲ့

နောက်တန်း (ဝဲမှယာ) – ဦးအောင်မိုး(၁)(အမှုဆောင်)၊ ဦးအောင်မိုး(၂)(အမှုဆောင်)၊ ဦးမင်းကိုကို(အမှုဆောင်)၊ ဦးသက်ဦး(အမှုဆောင်) ဦးကျော်ကျော်ထွန်း(အမှုဆောင်)၊ ဦးရဲနိုင်(အမှုဆောင်)၊ ဦးနေလင်းအောင်(အမှုဆောင်)၊ ဦးကျော်ကျော်မိုး(တွဲဖက်အတွင်းရေးမှူး)၊ ဦးအာနည် (အမှုဆောင်)၊ ဦးမျိုးသိန်း(အမှုဆောင်)၊ ဦးလှထွန်း(အမှုဆောင်)၊ ဦးစိုးသိန်းတင် (အမှုဆောင်)၊ ဦးညီညီနိုင်(ဘဏ္ဍာရေးမှူး)၊ ဦးဇော်ဘိုဘိုဦး(တွဲဖက်ဘဏ္ဍာရေးမှူး)၊ ဦးစိုးတင့် (ဒု-ဥက္ကဋ္ဌ)၊ ဦးဇော်ဝင်း(အမှုဆောင်)၊ ဦးတင်ကိုနိုင်(အမှုဆောင်)၊

အလယ်တန်း (ဝဲမှယာ) – ဒေါက်တာကျော်စွာလွင်(အမှုဆောင်)၊ ဦးမောင်မောင်နိုင် (တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်ခင်စန်းမြင့် (ဥပဒေအကြံပေး)၊ ဦးထိန်ဝင်း(အမှုဆောင်)၊ ဦးသန်းထွဋ်ဦး (တွဲဖက်ဘဏ္ဍာရေးမှူး)၊ ဦးအောင်သန်းဦး (တွဲဖက်အတွင်းရေးမှူး)၊ ဦးကျော်မြင့်(ဒု-ဥက္ကဋ္ဌ)၊ ဦးတင်ဦး(ဒု-ဥက္ကဋ္ဌ)၊ ဦးခင်စိုး (ဥက္ကဋ္ဌ)၊ ဦးအုန်းမောင် (ဒု-ဥက္ကဋ္ဌ)၊ ဦးဇော်ဘိုခန့်(အတွင်းရေးမှူး)၊ ဦးအောင်နိုင်(ဒု-ဥက္ကဋ္ဌ)၊ ဦးသိန်းထိုက် (တွဲဖက်အတွင်းရေးမှူး)၊ ဦးမင်းခန့် (ဥပဒေအကြံပေး)၊ ဦးသန်းအောင် (စာရင်းစစ်)၊ ဦးအောင်မြင့်(အမှုဆောင်)၊

ရှေ့တန်း (ဝဲမှယာ) – ဒေါ်နွဲ့နွဲ့ဝင်း (အမှုဆောင်)၊ဒေါ်သိန်းနု (အမှုဆောင်)၊ ဒေါ်စုစုခိုင် (အမှုဆောင်)၊ ဒေါ်မိုးမိုးရှိန် (အမှုဆောင်)၊ ဒေါ်နုနုဝေ(အမှုဆောင်)၊ ဒေါ်ချိုချိုလွင် (တွဲဖက်အတွင်းရေးမှူး)၊ ဒေါ်မြင့်ယု (အမှုဆောင်)၊ ဒေါ်သီသီဝါ(အမှုဆောင်)၊ ဒေါ်အေးအေးမြင့် (အမှုဆောင်)၊ ဒေါ်အေးအေး (အမှုဆောင်) ဒေါ်တိုးကြည် (အမှုဆောင်)

ထားဝယ်အသင်း ရာပြည့်ပွဲ

- ကြုံခဲ့ပါဘီ ရာပြည့်ပွဲ
  သဒ္ဓါရှိမြဲ မင်္ဂလာ
  သာယာရှိအမြဲ အမြင့်သာတယ်
  အကြွင်နှာမပြယ် မေတ္တာထား။
  အသင်းသူ အသင်းသား ပေါင်းစည်းညီတယ်
  ကောင်းချီးအလီလီ
  ဆင့်တမ်းဝေကြတတား။

- ဘာသာချစ်စိတ် လျှံပြည့်သာတယ်
  မာန်မရှိပါ မုန်းစိတ်မပွား
  စံကဝိတရာ ပြုံးရိပ်စကားနှင့်
  နှလုံးစိတ်ထား အေးမြစေရာ
  မြတ်ဆရာဆုံးမ မြဲလူတာပ
  ဖွံ့ထူသာစွ ကောင်းကျိုးဖော်ဆောင်လာ။

- ဘိုးဘွားမိဘ ကန်တော့ပန်းဆင်တာ
  ပညာရည်ချွန် ဆုသာဘင်အလှုနှင့်
  ရှုမြင်မဝ သင်္ကန်းစသည်လှူ
  ရွှင်လန်းမှုရည်တူ
  ထားဝယ်အသင်း ကောင်းမှုယူသည်
  ပေါင်းစုတူညီ မော်ကွန်းတင်ကြလေး။

- တတ်စွမ်းသမျှ လှူဒါန်းဆောင်သည်
  ဓမ္မတစ်ဝန်းအခေါင်
  ဂုဏ်ယူပျော်ကြလေး။

- သမိုင်းလှလှ ဆောင်စွမ်းသာသည်
  အောင်ပန်းဖြာဖြာ
  ဂုဏ်သတင်းကြိုင်စွလေး။

ကန့်ဘလူ မြူခင်ဝင်း

ထက်ကြွလှုပ်ရှား အမှုဆောင်မှတ်တမ်းများ

နှစ်ပတ်လည်
အခမ်းအနား
မြင်ကွင်းကြား။

ထားဝယ်သူ
ထားဝယ်သား
စုပေါင်းအား။

ထားဝယ်အချင်းချင်း

ရင်းနှီးပျော်ရွှင်စေ

နှစ်ပတ်လည်သဘင်တွေ
နှစ်စဉ်နွှဲနေကြ။

ထူးချွန်
ထက်မြက်
ဂုဏ်ရည်တက်သူ
ချီးမြှောက်ကွဲ့ဖနွေး
တို့အားပေး

ဒေ
သ
အား
က
စား
အ
လေး
ထား

သက်ကြီးဘိုးဘွား
ကန်တော့ကြ
အတူတူ
မိတ်ထားဖွဲ့ဖွဲ့
မုဒိတာပွဲ

ဘိုးဘွား
ကျန်းမာရေး
ဝိုင်းဝန်း
စောင့်ရှောက်ပေး

ရေးဇီမှန်းပွဲ ပျော်ပျော်နွဲ

ဂုဏသဘင်မြဲဆင်ယင်
ပူဇော်သမျှ ကုသိုလ်ရ

သွေး လိုလျှင်မနှေး
အသက်ဆက်ရေး
ညီနောင်အားလုံး
ဝိုင်းကူပေး

သံဝေဂယူ နာရေးကူ

"နာဂစ်"ခြွေနင်း သားချင်းဒုက္ခ
မျက်တွယ်မပြုကြ . . .

ကယ်ဆယ်ရေးကာလ
ကိုယ်တိုင်ကိုယ်တွေ့
သွားရောက်ကူညီခဲ့ရ
စံမှုပြုစိတ်ရင်း
‘အသင်းနှင့်ထားဝယ်သား’
သဘောထား
မှတ်သားညီနောင်များ။

ရွှေဝယ်ရာ ရွှေဝယ်သားများသို့

➢ ရွှေခရီးတွက်၊ အားမပျက်ခင်
ဆင်ခြင်သတိ၊ နှင်ခဲ့သည့်ခရီး
ပြန်ပြီးကြည့်စမ်း၊ လှမ်းခဲ့သည့်ထဲ
အခက်ခဲဆုံး၊ အကြမ်းဆုံးလမ်း
ဖြတ်သန်းခဲ့ပြီး၊ ကွင်းခဲ့ပြီးမှ
တွေ့ဝေခြင်းဟာ၊ မျှော်ညွှတာလား
သွားမည့်ပန်းတိုင်၊ ခွဲနိုင်နိုင်ဖြင့်
ပိုင်ပိုင်ရောက်အောင်၊ ဆောင်ကာလုံ့လ
ဝီရိယဖက်၊ ရွှေ့ကိုဆက်မယ်
အခက်ခဲများ၊ ခြေဖဝါးအောက်
နစ်မြုပ်ပျောက်ကွယ် သွားကြစေ။

➢ ဟိုအရှေ့မှာ၊ ယှက်ဖြာရောင်လွှမ်း
အလင်းတန်းအောက်၊ ရွှန်းတောက်တင့်တယ်
ပန်းမြိုင်လယ်နန်း၊ ပွင့်စုံဆန်းစွ
လှပအေးချမ်း၊ စိမ့်စမ်းရစ်ခွေ
သာယာပေသည့်၊ သွားမည့်ပန်းတိုင်
မပျောက်နိုင်ပါ
ရှေ့မှာရောက်တော့မှာပါလေ ။ ။

ကိုကိုသက် (ဓရုန်)

နွေရောက်လေတိုင်း လွမ်းမိတယ်

- မောင်းမကာန်
  ငွေသောင်ယံဦး
  စိတ်ကြည်နူးဖွယ်
  မြူဝင်းတင့်ဆန်း
  သဲသောင်ကမ်းနှင့် ။

- သဲသောင်ရွှရွှ
  မြေလှလှမှာ
  တမ်းတရှာဖွေ
  လှိုင်းခြေရာနှင့်။

- သဲသောင်ကမ်းဦး
  မိုးသို့ စူးမည့်
  ထင်းရှူးပဒေသာ
  ကြည်မွေ့စရာနှင့်။

- ပျော်မြူးဌာနေ
  စခန်းမြေကို
  နွေရောက်လေတိုင်း လွမ်းမိတယ်။

မောင်လှစိုး (ထားဝယ်)

နှစ်၁၀၀ပြည့်ထားဝယ်အသင်း၏ အစခရီး (၁၉၁၁ မှ ၁၉၄၉)

ရန်ရှင်း (ထားဝယ်)

နိဒါန်း

ရန်ကုန်မြို့၌လာရောက်နေထိုင်ကြသော ထားဝယ်သားများအချင်းချင်းရင်းနှီးစည်းလုံးကြ၍အကြောင်းကိစ္စပေါ်ပေါက်လာသည့်အခါ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီနိုင်ရန် ရည်ရွယ်ချက်ဖြင့် အမြင်ကျယ်သော ထားဝယ်သားတစ်စုတို့သည် ၁၉၁၁ ခုနှစ်တွင် 'ထားဝယ်အသင်း' ဟုခေါ်တွင်သည့် အသင်းတစ်သင်းကို ထူထောင်ခဲ့ကြသည်။

ထိုသို့ ထူထောင်လာရင်း ရန်ကုန်မြို့နေ ထားဝယ်သားမှုလောက်နှင့် လူမှုရေးကိစ္စဆောင်ရွက်ခြင်းမှာ အားရစရာမရှိ ကျဉ်းမြောင်းလွန်းသည်ဟု သဘောရကြသဖြင့် ထို့ထက်ပိုမိုကျယ်ပြန့်သည့် ထားဝယ်တစ်ခရိုင်လုံးနှင့်တကွ ထားဝယ်ဇာတိ၊ ထားဝယ်မျိုးနွယ်မှန်သမျှတို့၏ အကျိုးအတွက်ပါ ဆောင်ရွက်ပေးနိုင်သည့် အသင်းကြီးဖြစ်လာစေရန် ရည်သန်လျက် ၁၉၂၁ ခုနှစ်တွင် မူလထားဝယ်အသင်းကို အောက်ပါပုဂ္ဂိုလ်တို့ဖြင့် ကျစ်လျစ်ခိုင်မာစွာ ပြန်လည်ဖွဲ့စည်းခဲ့ကြလေသည်-

၁။	ဦးထွန်းမြိုင်(ယော်ဟိန်ရှု)	ဝရေဟန်တိုက်စာရေးကြီး
၂။	ဦးအေး	ပွဲစားကြီး
၃။	ဦးရွှေရုံ (ကောဘိန်ချောင်း)	ကုန်သည်ကြီး
၄။	ဦးဘမြစ်	လယ်ပိုင်ရှင်
၅။	ဦးဖေသစ်	

တို့ဖြစ်ကြသည်။

ထိုသို့ပြန်လည်ဖွဲ့စည်းသည့် ထားဝယ်အသင်း၏ ပဏာမ ညီလာခံကို ဦးဖေသစ်၏အကူအညီဖြင့် လမ်းမတော် စာဖတ်အသင်းတိုက်၌ ကျင်းပခဲ့ကြသည်။ ထို့နောက် ၂၇-၁၁-၁၉၂၁ တနင်္ဂနွေနေ့တွင် မော်တင်လမ်း၊ အမှတ်(၂) ဦးဘမြစ် နေအိမ် ၌ ဇာတ်၊ ရုပ်သေး၊ အငြိမ့်ပွဲ တခြိမ့်ခြိမ့်ဖြင့် ၁၀ရက်တိုင်တိုင် ခမ်းနားကြီး ကျယ်စွာ ဆင်ယင်ကျင်းပကာ အသင်းအမည်ကိုလည်း **'ထားဝယ်သမဂ္ဂအသင်း'** ဟူ၍ မှည့်ခေါ်ခဲ့ကြလေသည်။ 'သမဂ္ဂ'ဟူသောစကားမှာ ဝေသာလီပြည် လိစ္ဆဝီမင်းအပေါင်းတို့အား မြတ်စွာဘုရား ဟောကြားတော်မူသည့် 'သမဂ္ဂသိန္ဒိပါတ' (ဝါ) 'စည်းလုံးညီညာစောင်းစွာပြုခြင်းကိစ္စ' ဟူသောပါဠိမှ ယူထားခြင်းဖြစ်လေသည်။

မစ္စတာယော်ဟိန်ရှု(ခ)ဦးထွန်းမြိုင်နှင့် ပွဲစားကြီးဦးအေးတို့နှစ်ဦးသည် ထားဝယ်သမဂ္ဂအသင်း တည်တံ့ခိုင်မြဲရေးအတွက် မပျက်သော အားသီသ၊ မလျော့သောလုံ့လတို့ ဖြင့် အသင်း၏လုပ်ငန်းဆောင်တာများကို ကိုယ်ဖိရင်ဖိ ဆောင်ရွက်ခဲ့ကြရုံသာမက ငွေကြေးအားဖြင့်လည်း အမြဲတစေ ထောက်ပံ့ကူညီခဲ့ကြသည်။ ထိုပုဂ္ဂိုလ်ကြီးနှစ်ဦး၏ ဂုဏ်ရောင်သည်ကား ထားဝယ်တစ်ခရိုင်လုံးအတွက် မီးရှူးတန်ဆောင်ပင် ဖြစ်တော့၍ ထားဝယ်သမဂ္ဂသမိုင်းတွင် အစွန်းရှည်စွာ ကျန်ရစ်ပေတော့မည်။

ဤအသင်းကြီး တည်တံ့ခိုင်မြဲရေးအတွက် ကူညီအားပေးခဲ့ကြသော အခြား အသင်းလူကြီးနှစ်ဦး၏ ဂုဏ်ကျေးဇူးကိုလည်းထုတ်ဖော်မရေးသားလျှင် ဤနိဒါန်းသည် ပြည့်စုံလိမ့်မည်မဟုတ်ပေ။ ထိုပုဂ္ဂိုလ်နှစ်ဦးမှာ လယ်ပိုင်ရှင်ဦးဘမြစ်နှင့် ဆန်သူဌေး မစ္စတာကောဘိန်ချောင်း (ဦးရွှေရုံ)တို့ပင်ဖြစ်ကြသည်။ ဦးဘမြစ်သည်အသင်းပြန်လည်တည်ထောင်သည့်နေ့မှစ၍ အစိုးရအခွန်အခများကို မိမိအိတ်ထဲမှ စိုက်ထုတ်ပေးခဲ့ပြီးလျှင် မော်တင်လမ်းရှိ မိမိအိမ်တစ်ဆောင် ကိုပါ အသင်းတိုက်အဖြစ်အသုံးပြုရန် တစ်နှစ်ကျော်မျှလှူဒါန်းခဲ့သည်။ မစ္စတာကောဘိန်ချောင်းမှာ အသင်းပိုင် အိမ်တစ်

ဆောင်ဝယ်ယူနိုင်ရေးအတွက် ငွေ၇၀၀၀ိ/-(ကျပ်ခုနစ်ထောင်) ကို အတိုးမရှိ တစ်နှစ်ကျော်မျှ သဒ္ဓါတရားထက်သန်စွာဖြင့် ထုတ်ပေးကူညီခဲ့သူဖြစ်ပါသည်။

ထားဝယ်အသင်းကို ပြန်လည်တည်ထောင်လျှင်တည် ထောင်ချင်း ဂုလမ်း၊ အမှတ် ၂၂ တွင် ခေတ္တဖွင့်လှစ်ခဲ့ရ သေးသည်။ ထို့နောက် ဦးဘမြစ်၏ ဖိတ်ခေါ်ချက်အရ ဦးဘမြစ် ၏ အိမ်အမှတ် ၂ မော်တင်လမ်း၌ ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ဤသို့လျှင် ထားဝယ်အသင်းကို စတင်တည်ထောင်လာ ချိန်မှစ၍ ကိုယ်ပိုင်အသင်းတိုက်မရှိသေးသဖြင့် အသင်းပိုင်အိမ် တစ်ဆောင်ဝယ်ယူရရှိရေးအတွက် အမှုဆောင်လူကြီးများ စွမ်းစွမ်းတမံ ကြိုးစားရှာဖွေလာခဲ့ကြရာ ယခုလက်ရှိ အသင်းတိုက် နေရာကို တွေ့ရှိခဲ့ကြသည်။ အိမ်ပိုင်ရှင်များမှာဦးမောင်ကလေး၊ ဒေါ်သန်းနှင့် ဒေါ်ပုတို့ ဖြစ်ကြသည်။ ယင်းတို့ထံမှ အလျား၅၀ ပေ၊ အနံ ၂၅ပေမြေကွက်ပေါ်ရှိ နှစ်ထပ်ပျဉ်ထောင်အိမ်ကို တန်ဖိုးငွေ ၁၃,၀၀၀ိ/- (ကျပ်တစ်သောင်းသုံးထောင်တိတိ) ဖြင့် အသင်း၏ကိုယ်စား ဥက္ကဋ္ဌဦးထွန်းမြင့်က စာချုပ်စာတမ်း ချုပ်ဆို၍ လက်မှတ်ရေးထိုးကာ ဝယ်ယူခဲ့ခြင်းဖြစ်သည်။ ဝယ်ယူ သည့် နေ့စွဲမှာ ၂၅-၇-၁၉၂၇ ဖြစ်လေသည်။

ထိုသို့ ဝယ်ယူရာတွင် အသင်းပိုင်ငွေကြေးရန်ပုံငွေမရှိ သဖြင့် ဦးရွှေလုံက ငွေ ၇၀၀၀ိ/-ကိုအတိုးမဲ့ တစ်နှစ်တာ ထုတ် ပေး၍ ကျန် ၆၀၀၀ိ/- ကို ငွေရှင်တစ်ဦးထံမှ တစ်လလျှင် အတိုး ၂၀ိ/- ဖြင့် ဥက္ကဋ္ဌ ဦးထွန်းမြင့်၊ ဦးအေး ဦးသာချို ဦးစုသား စသည့်အမှုဆောင်လူကြီးလေးဦးတို့က လက်မှတ်ရေးထိုး ချေးငှား ကာပေးချေခဲ့ကြပါသည်။ သို့သော် လများကြာမီ ထိုကျပ် ၆၀၀၀ိ/- ကိုပင်လျှင်ငွေရှင်က ငွေရေးကြေးရေး ကြပ်တည်းလာ သဖြင့် ပြန်လည်ပေးဆပ်ရန် မေတ္တာရပ်ခံလာသည့်အတွက် ဦးထွန်းမြင့် တို့သည် အခြားတစ်နေရာ၌ အသင်းတိုက်ကို ကျပ် ၄၀၀၀ိ/- နှင့် အပေါင်သွင်း၍ ချေးငှားပေးဆပ်ခဲ့ကြသည်။ လိုငွေ ၂၀၀၀ိ/-ကို အမှုဆောင်လူကြီး ဦးသာချို နှင့် ဦးစုသားတို့က ၄၅ိ/-နှင့် ၃၀ိ/-ကျပ်စီ အသီးသီး ထည့်ဝင်လှူဒါန်းခဲ့ကြပြီး ကျန် ၁၃၅ိ/- ကို ရန်ကုန်မြို့ထားဝယ်အသင်းဝင် စေတနာရှင် များထံမှ အလှူခံ၍လည်းကောင်း၊ အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ လစဉ်ကြေးများစုဆောင်း၍လည်းကောင်း ပေးဆပ်ခဲ့ကြသည်။

[ထိုသို့ဝယ်ယူခြင်းအတွက် ကြွေးမြီ (၇၀၀၀ိ + ၄၀၀၀ိ = ၁၁၀၀၀ိ/-) တင်ရှိနေသည်ကို မည်သို့ရှာကြံ၍ မည်မျှကြာ အောင် ပေးဆပ်ခဲ့ရသည်ကိုမူ သမိုင်းကြောင်းတွင်မပေါ် လွင်ဘဲ ရှိနေခဲ့သည်။ သို့သော် ၁၉၉၇ ခုနှစ်တွင်ဒေါ်လှမြင့် အသင်း၏ နာယကဖြစ်လာသောအခါတွင် ထိုကြွေးမြီကို မိမိ၏ဦးလေး ဖြစ်သူ အသင်းဥက္ကဋ္ဌဦးထွန်းမြင့်က ပေးဆပ်ကာဝယ်ယူ လှူဒါန်း ခဲ့သည် - ဟု ပြောပြမှ အဖြစ်မှန်ကိုသိရှိကြရသည်။ ဒေါ်လှမြင့် သည် ၂၀၀၈ ခုနှစ်က ကွယ်လွန်ခဲ့ပြီး၊ မကွယ်လွန်မီက အသင်းအဆောက်အအုံ ရန်ပုံငွေအတွက် ကျပ်သိန်းတစ်ရာကို ကမ္ဗည်းရေးထိုး လှူဒါန်းခဲ့လေသည်။]

ဦးထွန်းမြင့်သည်ထားဝယ်သမဂ္ဂအသင်း ပြန်လည် တည် ထောင်သည့် ၁၉၂၂ ခုနှစ်မှစ၍ အသင်းဥက္ကဋ္ဌအဖြစ်ဆောင်ရွက် လာခဲ့ရာ ကွယ်လွန်ချိန် ၁၉၃၅ ခုနှစ်အထိ ၁၄-နှစ်ကြာ လေသည်။ သူ၏ ဥက္ကဋ္ဌသက်တမ်းတစ်လျှောက် အတွင်းရေးမှူး များမှာ ဦးစိန်လှိုင်၊ ဦးမောင်ကလေး၊ ဦးအေးကြွယ် နှင့် ဦးဖေလှိုင် တို့ဖြစ်ကြလေသည်။

အမှုဆောင်လူကြီးများအဖြစ် ဆောင်ရွက်ကြသူများမှာ မကြာခဏပြောင်းလဲခဲ့သည်ကိုမတွေ့ရ။ နှစ်စဉ်နှစ်တိုင်းပင် လူသစ်တစ်ဦး၊ နှစ်ဦးစသည်သို့ မျှသာတိုးလာခဲ့ပါသည်။ စစ်ဦး ကာလ အင်္ဂလိပ်စစ်ပြေးရသည့်အချိန်အထိ အမြဲလိုလို မှတ်တမ်း များ၌ပါရှိနေသည့် အမှုဆောင်လူကြီးများ၏ အမည်များမှာ ၂၉ ဦးမျှ ဖြစ်သည်။ ၎င်းတို့မှာ -

(၁) ဦးထွန်းမြင့်၊ (၂) ဦးအေး၊ (၃) ဦးဖေလှိုင်၊ (၄) ဦးဝွမ်လှိုင်၊ (၅) ဦးအေးကြွယ်၊ (၆) ဦးမောင်မောင်၊ (၇)ဦးဖိုးသိ၊ (၈) ဦးစုသား၊ (၉)ဦးစုတိတ်၊ (၁၀) ဦးမောင်ကလေး၊ (၁၁) ဦးကိုကိုကြီး၊ (၁၂) ဦးဖေသော်၊ (၁၃) ဦးစိန်လှိုင်၊ (၁၄)ဦးလှကြီး၊ (၁၅)ဦးထွန်းအိမ်၊ (၁၆) ဦးဘိုးသန်း၊ (၁၇) ဦးစုဟန်၊ (၁၈) ဦးကြည်ညွန့်၊ (၁၉) ဦးမောင်ဟန်၊ (၂၀)ဦးချစ်ထွန်း၊ (၂၁) ဦးဗိစင်၊ (၂၂)ဦးထူးရွှေ၊ (၂၃)ဦးဘဝွမ်၊ (၂၄)ဦးသာလှိုင်၊ (၂၅)ဦးကျော်ရင်၊ (၂၆) ဦးဘာဆိုင်၊ (၂၇)ဦးဘာစိန်၊ (၂၈) ဦးကြီးသွင်၊ (၂၉)ဦးလှကြီး တို့ဖြစ်ကြသည်။

ယင်းတို့အနက်မှ အမှတ်စဉ် ၁ မှ ၁၅ အထိ အမှုဆောင် လူကြီးများမှာ အသင်းအတွက် မားမားမတ်မတ် ရှေ့ဆောင်ခဲ့ကြ သူများဖြစ်ကြပေသည်။ အစည်းအဝေးများတွင်လည်း ပျက်ကွက် လေ့မရှိကြပေ။

ထားဝယ်၌ အသင်းခွဲ ဖွဲ့စည်းရေး

ရန်ကုန်ရှိ ထားဝယ်အသင်းနှင့် ထားဝယ်ဒေသခံ

အသင်းဝင်များ ဆက်စပ်မှုရှိရန်ကိုလည်း စဉ်းစားခဲ့ကြသည်၊ ထားဝယ်အသင်းခွဲဟု တည်ထောင်ပြန်လျှင် သူတစ်လူငါတစ်မင်းဆိုသလို စင်ပြိုင်ဖြစ်လာနိုင်သည်ဟုလည်း အခြေအတင် ဆွေးနွေးကြသည်။ နောက်ဆုံး၌ ရန်ကုန်ကို ဗဟိုပြု၍ တည်ထောင်သည့်အသင်းကပင်လျှင်လူမှုရေးကူညီမှုများကိုဦးဆောင်ရန်ဆုံးဖြတ်ကြလေသည်။ ထို့နောက် ထားဝယ်အတွက်ကိုယ်စားလှယ်တစ်ဦးထားရှိလျှင် လုံလောက်သည်ဆိုကာ ဦးလှညိုအား ရွေးချယ်တာဝန်ပေးလေသည်။ (၁၉-၁-၁၉၃၉ အစည်းအဝေးမှတ်တမ်း)

ရန်ပုံငွေစောင့်ထိန်းရေး

အသင်းရန်ပုံငွေအတွက် အဆောက်အဦရစေရန်အသင်းအောက်ထပ်ကို အခန်းများခွဲပြီး အငှားချထားလေသည်၊ လက်ဖက်ရည်ဆိုင် တစ်ဆိုင်ကို တစ်လ ၃၀/- နှုန်း၊ အကြိုချုပ်ဆိုင်တစ်ဆိုင်ကို ၂၅/-နှုန်းဖြင့် ငှားရမ်းသည်။ ပင်မင်းဆိုင်တစ်ဆိုင်ကိုလည်း လခ ၃၀/-ဖြင့် ငှားရမ်းသည်။ သို့သော် ပင်မင်းဆိုင် လခမှန်မှန်မပေးသဖြင့် ယင်းနေရာကို ကုန်စုံဆိုင်သေးတစ်ဆိုင်အား ၃၅/-ဖြင့်ငှားရမ်းသည်။ သို့သော် အခန်းငှားများက စီးပွားရေးကြပ်တည်းသည်ဟု အကြောင်းပြကြကာ အခန်းခကို ၅/-စီ လျှော့ပေးရန်လျှောက်ထားကြသဖြင့် အမှုဆောင်အစည်းအဝေးက ၅/စီ စီ လျှော့ပေးသည်ကို ၂၄-၁၁-၁၉၃၂ အစည်းအဝေးမှတ်တမ်းတွင် တွေ့ရှိရသည်။

အသင်းဝင်ကြေး

အသင်းရန်ပုံငွေကို အသင်းဝင်ကြေး၊ နှစ်စဉ်ကြေး၊ လစဉ်ကြေးများမှလည်း အားထားခဲ့ကြပါသည်။ အသင်းဝင်ခွင့်ရသူတစ်ဦးသည်ဦးစွာ ပထမဝင်ကြေးငွေ ၅/-ကို ပေးသွင်းရပါသည်။ ထိုသို့ပေးသွင်းပြီးမှ လစဉ်ကြေး တစ်လ ၁/-လစဉ် ပေးသွင်းရပါသည်။ တစ်နှစ်လုံးအတွက် နှစ်စဉ်ကြေးမှာ ၁၀/-ဖြစ်လေသည်။ (ထိုငွေ ၁၀/- ကို တစ်ကြိမ်တည်း ဖြစ်စေ ၆-လ တစ်ကြိမ်ဆိုလျှင် ၅/-စီခွဲ၍ ပေးဆောင်နိုင်သည်။)

တစ်သက်လျှာ(ရာသက်ပန်)ကြေးမှာ ၅၀/- ဖြစ်လေသည်။ (ထိုငွေ ၅၀/-ကို တစ်လုံးတစ်ခဲတည်း မပေးဆောင်နိုင်ပါက လစဉ် ၁၀/-စီခွဲ၍ ပေးသွင်းနိုင်သည်။)

စက်လှေကြီးများမှ

စစ်မဖြစ်မီက ထားဝယ်နှင့်ရန်ကုန် ကူးသန်းသွားလာနေသည့် ကုန်ချိန်တန် ၁၀၀၀ ကျော် တင်ဆောင်နိုင်သည့် စက်လှေကြီးများ ပေါ်ပေါက်နေပြီဖြစ်သည်။ ယင်းစက်လှေပိုင်ရှင်များမှာ ဦးကြောင်ငါး၊ ဦးလှရင်၊ ဦးစိန်တင်နှင့် ဦးဖေသင်တို့ဖြစ်ကြသည်။ အဆိုပါစက်လှေများ ရန်ကုန်ဆိပ်ကမ်းမှ အချိန်မဖင့်စေဘဲလျင်မြန်စွာ ထွက်ခွာခွင့်လက်မှတ်ရအောင် ထားဝယ်သမဂ္ဂအသင်းမှ အကူအညီပေးသဖြင့် စက်လှေတစ်စီးတစ်ခေါက်အတွက် ၁၀/-ကို အသင်း ရန်ပုံငွေသို့ လှူဒါန်းခဲ့ကြသည်။

အသင်းသားစံစားခွင့်

အသင်းသားတစ်ဦး ကွယ်လွန်အနိစ္စ ရောက်သောအခါ အသင်းမှ ငွေ ၃၀/- ထောက်ပံ့၍ ဘတ်စ်ကား တစ်စီး ငှားရမ်းကူညီသည့်အပြင် သတင်းစာတွင် တစ်ရက်နာရေးကြော်ငြာထည့်ပေးသည်။ အသင်းသားမဟုတ်သည့် ထားဝယ်မှ လာရောက်ပြီး ရန်ကုန်တွင် ကွယ်လွန်အနိစ္စရောက်သူ အာဝာသ ချည့်သည်ကို ငွေကြေးမကူသော်လည်း ဘတ်စ်ကားတစ်စီး ကူညီပေး၍ အသင်းသားများ အသုဘပို့ဆောင်ပေးသည်။

ကယ်ဆယ်ရေး

ဆင်းရဲဒုက္ခရောက်နေကြသည့် ထားဝယ်သူထားဝယ်သား ဥပမာ- လှေလွင့်၊ လှေမှောက် ဒုက္ခသည်များ၊ ဆင်းရဲဒုက္ခရောက်လျက် မကျန်းမမာဖြစ်နေသူ စသည့်ဒုက္ခသည်များအား အသင်းမှ စရိတ်လှူ၍ဖြစ်စေ၊ အသင်းမှစားစရိတ်ထုတ်ပေးပြီး လှေကြုံအခမဲ့ဖြစ်စေ၊ သင်္ဘောဖြင့်ဖြစ်စေ ထားဝယ်သို့ပို့ဆောင်ပေးသည်။

ထားဝယ်၊ ရန်ကုန်ခရီးလမ်းပန်းဆက်သွယ်ရေး

သင်္ဘောခရီး

စစ်မဖြစ်မီက ထားဝယ်မှ ရန်ကုန်သို့ သွားလိုလျှင် သင်္ဘောခရီးမှာပုံမှန်ဖြစ်လေသည်။ ထိုစဉ်က သင်္ဘောတစ်စီးသည် တနင်္သာရီကမ်းနိုးတန်းမြို့များဖြစ်သည့် ကော့သောင်း၊ မြိတ်၊ ထားဝယ်၊ မော်လမြိုင် မြို့များမှတက်၍ ရန်ကုန်အထိ ခေါက်တုန့်ခေါက်ပြန် ပြေးဆွဲပေးနေသည်။ သင်္ဘောတစ်ပတ်လျှင် ၁၅-၂၀ ရက်ခန့်ကြာလေသည်။ ထားဝယ်မြို့မှာ ချောင်းတွင်းမြို့ဖြစ်၍ သင်္ဘောမဝင်နိုင်။ ရှင်မော်အဝ မိုင်၃၀ကျော်ဝေးသည့်ကသဲမကျွန်း၌ ရပ်နားထားပြီး ရန်းယုဝါ(ခေါ်)ကူးတို့ သင်္ဘောမှတစ်ဆင့် သွားရောက်စီးနင်းကြရသည်။ ရန်ကုန်အရောက် ၃၆ နာရီခန့်ကြာသည်။

ကုန်းလမ်းခရီး

ထားဝယ်-ရန်ကုန် ကုန်းလမ်းခရီးမှာ ၁၉၂၆ ခုနှစ်လောက်မှ စတင်ခဲ့လေသည်။ အကြောင်းမှာ မော်လမြိုင်-ရေး ရထားမိုင်

မီးရထားလမ်းကို ၁၉၂၆ ခုနှစ်တွင် ဖောက်လုပ်ပြီးစီး ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထားဝယ်မှရေးသို့ မိုင် ၁၀၀ မျှ ဝေးပြီး၊ ထိုအချိန်က ဘတ်စ်ကားခ ၅/- ပေးရသည်။ ဘတ်စ်ကား ကုမ္ပဏီသည် ည ၁၂နာရီခန့်တွင် မိမိတို့ခရီးသည်များကို မြို့လှည့်ခေါ်ယူပြီး စတင်ထွက်ခွာရာရေးသို့ နံနက်စောစော ၅-နာရီ ရောက်သည်။

ရောက်သော် ရေမြစ်ကို ကူးတို့ကူးပြီး ရေးမှ မော်လမြိုင်ထွက်ခွာမည့် မီးရထားကို စီးသွားရာ မုပွန်ဘူတာရောက်လျှင် ကူးတို့သင်္ဘောကို စီးနင်း၍ မော်လမြိုင်ဈေးကြီးဆိပ်တွင် ၁၅ မိနစ်ခန့်ရပ်နားသည်။ ထို့နောက် မုတ္တမသို့ဆက်လာ၊ ည ၈ နာရီ ရောက်ရှိသည်။ မုတ္တမဘူတာမှ မီးရထား ည ၉နာရီ စထွက်ခွာ၊ တစ်ညလုံးခုတ်မောင်းလာရာ ရန်ကုန်ဘူတာကြီးသို့ နံနက် ၆နာရီ ဆိုက်လေသည်။

ထိုအချိန်က ထားဝယ်တွင် ရေးသို့ ဘတ်စ်ကား ပြေးဆွဲသည့် အဖွဲ့သုံးဖွဲ့ ရှိလေသည်။ (၁) လင်တွာကီးဘတ်စ်ကားအဖွဲ့၊ (၂) ရွှေဟသာ်ဘတ်စ်ကားအသင်းနှင့် ဦးဆင်ဟန်ဦးစီးသည့် ဒီဇယ် ကားအဖွဲ့တို့ဖြစ်ကြသည်။ ယင်းအဖွဲ့များသည် တစ်ဖွဲ့နှင့်တစ်ဖွဲ့ ဈေးလျှော့၍ အပြိုင်အဆိုင် ပြေးဆွဲကြသည်မှာ ဒုတိယကမ္ဘာစစ်ကြီးဖြစ်လာပြီး လမ်းခရီးပိတ်သွားသည်အထိ ဖြစ်လေသည်။

ဤသည်မှာ ထားဝယ်အသင်း တည်ထောင်သည့် ၁၉၁၁ ခုနှစ် မှ ဒုတိယကမ္ဘာစစ်ဖြစ်လာသည့် ၁၉၄၂ ခုနှစ်အတွင်း ခရီးသွားလာရေး ခက်ခဲမှုနှင့် ခရီးလမ်းပန်းအခြေအနေကို ယခုခေတ်နှင့် နှိုင်းဆအကဲခတ်နိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။

အသင်းဝန်ထမ်းများ

အသင်းစတင်ထူထောင်သည့် ၁၉၁၁ ခုနှစ် မှ ၁၉၃၃ ခုနှစ်အတောအတွင်းအသင်းဝန်ထမ်းခန့်ထားသည်ကိုမတွေ့ရပေ။ ၁၉၃၄ ခုနှစ်ရောက်တော့မှ ကိုမြှောင်းဆိုသူအား တစ်လ၁၅/- ဖြင့်အသင်းထိန်းသိမ်းစောင့်ရှောက်ရေးတာဝန် ခန့်အပ်သည်ကို တွေ့ရသည်။ ၁၉၃၉ ခုရောက်သော အခါ ကိုမြှောင်း တစ်ခြား၌ အလုပ်ရရှိသဖြင့် ကိုအေးမြိုင် အားခန့်ထားရသည်၊ ၁၉၃၉ ခုနှစ်တွင် ကိုအေးမြိုင် ထွက်သွားသောအခါ ကိုမြှောင်းပင်ပြန်လည်၍ တာဝန်ယူရပြန်ပါသည်။ ကိုမြှောင်းသည် အသင်းတိုက်၌ပင်ညအိပ်စက် နေထိုင်သူဖြစ်လေသည်။

အသုံးအစွဲ ချွေတာ

အသင်း၏နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးများကျင်းပသည့်အခါတွင် အကျွေးအမွေးနှင့် ဧည့်ခံခဲ့သည့် အစဉ်အလာသည် အသင်းတည်ထောင်စ ကနဦးကပင်ရှိခဲ့သည်။ 'အသင်း နှစ်ပတ်လည်အစည်းအဝေးတွင် ဧည့်ခံ ကျွေးမွေးစရိတ်အတွက် ၃၀/- ထက် မပိုသောအသုံးစရိတ်ကို ခွင့်ပြုရန်အများသဘောတူဆုံးဖြတ်ကြသည်' ဟူသော ဆုံးဖြတ်ချက်များကို အစည်းအဝေးမှတ်တမ်းစာအုပ်များများတွင် တွေ့ရှိခဲ့ရသည်။ ရံဖန်ရံခါ ၅၀/- ကျပ် သတ်မှတ်သည်ကိုတွေ့ရပြီး တစ်ကြိမ်တွင်မူ ၁၀၀/- ထက်မပိုသောခွင့်ပြုချက်တစ်ခုကိုလည်း မှတ်တမ်းတွင်တွေ့ ရှိရသည်။ သူ့ခေတ်သူ့အခါ ဆိုသလို ကျပ် ၃၀/-၊ ကျပ် ၅၀/-စသည့် ကျွေးမွေးစရိတ်မှာ လောက်လောက်ငင်ငရှိလိမ့်မည်ဟု ခန့်မှန်းရပါသည်။ ထိုအချိန်က အမှုဆောင်များအသုံးအစွဲ ချွေတာကြသည်မှာ ယုံမှားဖွယ်မရှိပါ။

အထက်ပါတို့မှာ ရန်ကုန်မြို့ကြီးသို့ ဒုတိယကမ္ဘာစစ်မီး ကူးစက်လာပြီး အင်္ဂလိပ်တို့ ထွက်ပြေးသည့် ၁၉၄၂ ခုနှစ်အထိ ဆောင်ရွက်ခဲ့သမျှ မှတ်သားသင့်သည်များကို ကောက်နုတ်ကာ ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။ အသင်းစတင်တည်ထောင်သည့် ၁၉၁၁ မှ ၁၉၂၁ထိ ၁၀နှစ်ကာလပိုင်းမှ အစည်းအဝေးမှတ်တမ်းများ ပျောက်ပျက် ဖျက်စီးကုန်ခဲ့၍ သုံးသပ်မှုမပြုနိုင်ပေ။ သို့ရာတွင် ၁၉၂၁ မှ ၁၉၄၂ ခုနှစ်ထိ ကာလတွင်ကား မှတ်တမ်းမှတ်ရာများပြည့်စုံစွာရရှိသဖြင့်အသင်း၏ ဆောင်ရွက်မှုများကို ဤသို့ သုံးသပ်ဖော်ပြနိုင်ခြင်းဖြစ်ပေသည်။

ဒုတိယကမ္ဘာစစ်

၁၉၃၉ ခု စက်တင်ဘာလ ၃ရက်နေ့တွင် ဒုတိယ ကမ္ဘာစစ် ဥရောပ၌စတင်ဖြစ်ပွားသည်။ သို့သော် ထိုစစ်ပွဲသည် အာရှနိုင်ငံများသို့ရောက်မလာသေး။ ဂျပန်သည် ၇-၁၂-၄၁ နေ့ နံနက်တွင် ပုလဲဆိပ်ကမ်း *(Pearl Harbour)* ကို အလစ်ဝင်ရောက်ဗုံးကြဲသည်တွင်မှ အင်္ဂလိပ် နှင့် အမေရိကန်တို့ ဂျပန်ကို ၈-၁၂-၄၁နေ့၌ စစ်ကြေညာကာ စစ်ထဲသို့ဝင်လာသဖြင့် ဒုတိယကမ္ဘာစစ် အာရှအရှေ့ဖျားသို့ကူးစက်လာချေသည်။

ပုလဲဆိပ်ကမ်း တိုက်ပွဲတွင် အမေရိကန်ဖက်မှ စစ်သည် ၂၃၃၀ကျဆုံး၊ ၁၁၄၅ ယောက် ဒဏ်ရာရ၊ တိုက်သင်္ဘော ရှစ်စင်းနစ်မြုပ်ခံရ၊ အခြားသင်္ဘော ၁၀စင်းလည်း နစ်မြုပ်ခဲ့ရပြီး လေယာဉ်ပျံ ၁၈၈စင်း မြေပြင်ကွင်းတွင်ဖျက်ဆီးခံရသည်။

ဂျပန်တို့ဘက်မှာ စစ်သည်ဗိုလ်ပါ ပျောက်ကျဆုံး။ လေယာဉ်ပျံ ၂၃စင်းဆုံးရှုံးကာ၊ ရေငုပ်သင်္ဘောအငယ်စား သုံးစင်း နှစ်မြုပ်ခဲ့ရသည်။ ထိုသို့ ပုလဲဆိပ်ကမ်းကိုဗုံးကြဲပြီးလေးရက် အကြာ ၁၁-၁၂-၄၁ တွင် ဂျပန်လေယာဉ်ပျံ တစ်ဒါဇင် ကျော်မျှ ထားဝယ်လေဆိပ်ကိုလာရောက်ဗုံးကြဲသည်။

ထို့နောက် ၂၃-၁၂-၄၁ နံနက် ၁၀နာရီ ဂျပန်လေယာဉ်ပျံ ၃၀ကျော် ရန်ကုန်မြို့သို့ ရောက်လာကာ ဗိုလ်တထောင်ဆိပ်ကမ်း နယ်မြေတစ်ဝိုက်၊ ပန်းဆိုးတန်းလမ်း၊ ဖရေဇာလမ်း (အနော်ရထာလမ်း)တစ်လျှောက် ဗုံးများတရစပ်ကြဲချသည်။ အောက်မှလည်း အမြောက်နှင့်ပစ်သဖြင့် ဂျပန်လေယာဉ်ပျံသုံးစင်း မြို့ပေါ် ပျက်ကျသည်၊ ဂျပန်လေသူရဲများ၊ လေထီးနှင့်ဆင်းလာပုံ၊ အင်္ဂလိပ်လေယာဉ်များက တက်တိုက်ပုံ အမြောက်ဆန်ထိ၍ လေယာဉ်ပျံ ထက်ပိုင်းပြတ်ကျပုံတို့ကို မြို့သူမြို့သားများတို့က ကြောက်ရကောင်းမှန်းမသိ တောန့်ချွံရှင် ဇာတ်ကားကို ကြည့်နေရသကဲ့သို့ လမ်းပေါ်ထွက်၍ ကြည့်ရှုကြသဖြင့် လူအမြောက်အမြား သေပွဲဝင်ရှာခဲ့ကြပါသည်။ သေဆုံးသူသုံးထောင်ကျော်ဖြစ်ရာ ဂေါ်ရင်ဂျီ ကုလားက အများဆုံးဖြစ်လေသည်။

ဒီဇင်ဘာလ ၂၅ရက်၊ ရန်ကုန်ကို ထပ်မံ လာရောက်ဗုံးကြဲပြန်ရာ ဤအကြိမ်၌ မြို့လူထု ဗုံးခိုကျင်းများထဲဝင်၍ ပုန်းအောင်းနေကြသဖြင့် အသေအပျောက် ယခင်လောက်မများတော့ပေ။

ရန်ကုန်လူထုသည် မိမိတို့ အဆက်ရှိရာနယ်ဘက်သို့ လည်းကောင်း၊ အိန္ဒိယကုလားထုကြီးမှာ ကုလားပြည်သို့ ကုန်းကြောင်း၊ ရေကြောင်းမှလည်းကောင်း ထွက်ခွာကုန်ကြသဖြင့် ရန်ကုန်မြို့ကြီးသည် တစ်စထက်တစ်စ ခြောက်ကပ်သည်ထက် ခြောက်ကပ်လာပါသည်၊ အစိုးရအနေဖြင့် မေမြို့(ပြင်ဦးလွင်)သို့ ပြောင်းရွှေ့ မည်ဖြစ်၍ မြို့သူမြို့သားများ ဖေဖော်ဝါရီ ၂၀ရက်နေ့ နောက်ဆုံးထား၍မြို့ကို စွန့်ခွာကြရန် အမိန့်ထုတ်ဆင့်လိုက်ပါသည်။

ဂျပန်ခေတ်

ဂျပန်တပ်နှင့် ဘီအိုင်အေတပ်တို့သည် ၁၉-၁-၄၂ တွင် ထားဝယ်ကိုသိမ်း၍ မြိတ်ကို ၂၂-၁-၄၂၊ မော်လမြိုင်ကို ၃၁-၁-၄၂၊ ပဲခူးကို ၇-၃-၄၂၊ ရန်ကုန်ကို ၈-၃-၄၂ နေ့သိမ်းပိုက်သည်။ ထို့နောက် မေလမှစ၍ တစ်နိုင်ငံလုံး ဂျပန် လက်အောက်ရောက်ခဲ့သည်မှာ ၁၉၄၅ အထိ လေးနှစ်နီးပါး ကြာလေသည်။ စစ်အတွင်း ထားဝယ်သမဂ္ဂအသင်းတိုက်သည် ဗုံးများမကြာမကြာကြဲနေသည့်ကြားမှ ကံကောင်းထောက်မစွာ မီးလောင်ပျက်စီးရာတွင် မပါဝင်ဘဲ ကျန်ရစ်ခဲ့သည့် သစ်သားဖျဉ်ထောင်အိမ် အဆောက်အအုံ တစ်ခုတည်း။

ဗုံးကြဲသဖြင့် ရုတ်ရုတ်သဲသဲ ပြေးလွှားနေရသည့် အချိန်တွင် တိုက်တာအိမ်မြေတချို့မှာ လူမသမာများ ဖောက်ထွင်းလုယက်မှုပြုခြင်းကိုခံကြရသည်။ သို့ရာတွင် ဦးဖြူဝင်းနှင့် ဦးဖေသစ်တို့နှစ်ဦးသည် အသင်းတွင် အိပ်စားနေထိုင်စောင့်ရှောက်ထားသဖြင့် အသင်းပိုင်ပစ္စည်းများနှင့်မှတ်တမ်းမှတ်ရာများ၊ အသင်းတိုက်၏ ဂရံမြေ နှင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ မပျောက်ပျက်အောင် စောင့်ရှောက်ထားနိုင်ခဲ့ကြပေသည်။

စစ်ကာလ ရန်ကုန်မြို့ကြီးမှာ ဓာတ်ဆီမရှိသဖြင့် ဘတ်စ်ကားများပြေးဆွဲခြင်းမရှိပေ။ သို့ရာတွင်အလုံမှကျောက်မြောင်းတာမွေအထိတော့ ထရော်လီဘတ်စ်များဆွဲပေးသည်။ အခြားနေရာများသို့သွားလိုလျှင် မြင်းလှည်း၊ ဆိုက်ကားများဖြင့်သွားကြရသည်။ လံချားများကိုမူ များများစားစား မတွေ့ရ။ လံချားကုလားအမြောက်အမြား စစ်ပြေးကုန်ကြသောကြောင့်ဖြစ်လေသည်။

ထားဝယ်မြို့တွင်မူကား ထားဝယ်မှရေး၊ ထားဝယ်မှမြိတ်သို့ ရော်ဘာဓာတ်ဆီဖြင့်မောင်းသော ဘတ်စ်ကားများ ပြေးဆွဲကြသည်၊ ရာဘာပြားမှဓာတ်ဆီချက်လုပ်ခြင်းကို ဂျပန်ကုမ္ပဏီဖြစ်သော မစ်ဆူဘီရှီရှိရို ကိုင်းရှားကုမ္ပဏီက တောင်သုံးလုံးရာဘာခြံတွင်အခြေလိုးစေ၍ ရရှိသောရာဘာကို ဂျပန် ပညာရှင်တစ်ဦးကကြီးကြပ်ကာ ဂျပန်စစ်တပ်အတွက် ချက်လုပ်ပေးခြင်း ဖြစ်သည်၊ ယင်း ကုမ္ပဏီသည် တောင်သုံးလုံးမိုင်းတွင် ခဲ(Tin)လည်းတူးသေးသည်။

စစ်အတွင်း ရန်ကုန်မြို့လယ်၌ မစည်ကားလှ၊ အစည်ကားဆုံးနေရာမှာကန်တော်ကြီးတစ်ဝိုက်ဖြစ်သည်။ချုပ်ရှုပ်ခုံများ၊ ကဇာတ်များ၊ ပြဇာတ်ရုံများမှာ ယခုမြေပဒေသာ၊ ငါးပြတိုက် နေရာများတစ်ဝိုက် တည်ရှိနေခြင်းဖြစ်သည်။

စစ်ပြီးခေတ်

၁၉၄၅ ခု၊ ဩဂုတ်လ ၁၀ရက်နေ့တွင် ဂျပန်သည် ခြွင်းချက်မရှိ လက်နက်ချအရှုံးပေးသဖြင့် ဒုတိယကမ္ဘာစစ်ကြီး ပြီးဆုံးခဲ့လေသည်၊ စစ်အတွင်း ငြိမ်သက်နေခဲ့သော ထားဝယ်အသင်းလည်း ပြန်လည်၍ သက်ဝင်လှုပ်ရှားလာခဲ့လေသည်။ ၁၉၄၆ ခုနှစ် နိုဝင်ဘာလ ၃ရက်နေ့တွင် ပထမဆုံး အထူးအစည်းအဝေးတစ်ခုကို အသင်းတိုက်တွင် ကျင်းပခဲ့သည်။

သဘာပတိအဖြစ်ဦးလွန်းဘော်က ဆောင်ရွက်၍ အစည်းအဝေး အကျိုးဆောင်အဖြစ် ဦးမေလှိုင်အား တင်မြှောက်ကာ ဦးအေးကြွယ်က အခမ်းအနားမှူးအဖြစ်ဆောင်ရွက်သည်။ ၎င်းအစည်းအဝေးမှအသင်း၏နှစ်ပတ်လည်အစည်းအဝေးကြီး တစ်ခု ကျင်းပနိုင်ရေးအတွက် ကြားကာလ ကြားဖြတ်အမှုဆောင်အဖွဲ့လေးတစ်ဖွဲ့ကို ရွေးချယ်တာဝန်ပေးရန်ဆုံးဖြတ်ကြပြီး အောက်ပါပုဂ္ဂိုလ်များဖြင့်ဖွဲ့စည်းရန် သဘောတူညီကြသည်-

	အဆိုတင်သွင်းသူ	ထောက်ခံသူ
၁။ ဦးမောင်မောင် (ဥက္ကဋ္ဌ)	ဦးအေးကြွယ်	ဦးစိုးညွှတ်
၂။ ဦးကြီးသွင်	ဦးချစ်ထွန်း	၎င်း
၃။ ဦးမေလှိုင် (အတွင်းရေးမှူး)	ဦးထွန်းအေး	ဦးအေးသစ်
၄။ ဦးဖွမ်လှိုင်	ဦးမောင်မောင်	ဦးစောရွှေ

ထိုကြားဖြတ်အမှုဆောင်အဖွဲ့ကပင် နှစ်ပတ်လည် အစည်းအဝေးကြီးကို ၈-၁၂-၁၉၄၆ တွင် ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်၊ ထိုအစည်းအဝေးပွဲကြီးတွင် ကွယ်လွန်ခဲ့ပြီးဖြစ်သည့် အသင်းအမှုဆောင်လူကြီးများ၊ အသင်းသားများအား ရည်စူး၍ အသင်းတိုက်တွင် သံဃာတော်များအား ဆွမ်းကျွေး၍ အမျှအတန်းဝေရန်လည်း ဆုံးဖြတ်ကြသည်၊

ထိုအစည်းအဝေးသို့တက်ရောက်လာသည့် အသင်းဝင်များအား ရေခဲမုန့်နှင့်ကိတ်မုန့်တို့ကို ဦးကြီးသွင်မှ ဒကာခံ၍ ကျွေးမွေးသည်ကိုလည်း အထူးကျေးဇူးတင်ကြောင်းမှတ်တမ်းတင်ထားလေသည်။(၃-၁၁-၁၉၄၆ အစည်းအဝေးမှတ်တမ်း)

ဒေသအရေးမှာလည်း လက်မနှေး

မြန်မာနိုင်ငံ လွတ်လပ်ရေးမရသေးမီကာလ တစ်လျှောက်တွင် နယ်ချဲ့တို့၏သပ်လျှိ သွေးခွဲထားမှုကြောင့် တိုင်းရင်းသား အချင်းချင်းဝိဝါဒကွဲပြားခဲ့ကြသည်။ လူမျိုးစုများကလည်း မိမိလူမျိုးများအလျောက် သီးခြားပြည်နယ်၊ သီးခြားဒေသများ တောင်းဆိုခဲ့ကြသည်။ သဘောမတွေ့လျှင် တစ်ဖန် တောခိုကြပြန်သည်။ ထိုလူမျိုးစုများထဲတွင် ကေအင်ဒီအို (ကရင်အမျိုးသားကာကွယ်ရေးအဖွဲ့) အမည်ခံကလည်း ပြည်နယ်တောင်းဆိုမှုများကို ပြင်းပြင်း ထန်ထန် လုပ်ဆောင်ခဲ့ကြသည်။

၁၉၄၆ခုနှစ်ဇွန်လကုန်ကတည်းကပင် ရန်ကုန်မြို့တွင် ကရင်လူမျိုးများစုစည်းပြီး အစည်းအဝေးတစ်ရပ်ကျင်းပ၍ "ကရင်ဗဟိုအစည်းအရုံး"ကို ဖွဲ့စည်းခဲ့ကြသည်၊ ထိုအဖွဲ့ကို "ကရင်အမျိုးသားသမဂ္ဂ"ဟုပြောင်းလဲမှည့်ခေါ်ပြီး တိုင်းပြုပြည်ပြုလွှတ်တော်မှရေးဆွဲသော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည်ကရင်အမျိုးသားများအတွက်ကျေနပ်လောက်သည့် သီးသန့်ကရင်ပြည်နယ်နှင့်ကရင်အစိုးရမပါဟုဆိုကာ သီးခြားကရင်ပြည်နယ်ကိုတောင်းဆိုလာခဲ့ကြသည်မှာ လွတ်လပ်ရေးရရှိခဲ့သည့်အချိန်အထိပြင်းထန်ခဲ့သည်။

၁၉၄၈ခုနှစ်၊ဇန်နဝါရီလ၄ရက်နေ့တွင် နိုင်ငံတော်မှ ကျင်းပခဲ့သော လွတ်လပ်ရေးအောင်ပွဲ အခမ်းအနားသို့ပင် မတက်ရောက်ကြဘဲ "တနင်္သာရီတိုင်းတစ်ခုလုံးကို သီးခြား ကရင်ပြည်နယ် အဖြစ်သတ်မှတ်ပေးရန်" အပြင်းအထန် တောင်းဆိုခဲ့ကြသည်။ ထိုအခါ "ထားဝယ်သမဂ္ဂ" အနေဖြင့် မနေသာတော့ဘဲ "ထားဝယ်ဒေသနှင့်တကွ တနင်္သာရီတိုင်း အတွင်းရှိ ကျန်ဒေသများနှင့် ပတ်သက်သော အရေးကိစ္စများတွင်ပါဝင်ဆောင်ရွက်မည်" ဆိုသောအသင်း၏ ရည်ရွယ်ချက်အရ မြိတ်အသင်းနှင့် ပူးပေါင်း ဆွေးနွေးပြီး ၁၉၄၈ခုနှစ် ဖေဖော်ဝါရီလကုန်တွင် အရေးပေါ်အစည်းအဝေး ကျင်းပပြီးနောက် "တနင်္သာရီတောင်ပိုင်း အရေးပေါ် အဖွဲ့ချုပ်" ဟူ၍ ၁၂ဦးကော်မတီတစ်ရပ်ကို အောက်ပါပုဂ္ဂိုလ်တို့ဖြင့် ဖွဲ့စည်းလိုက်ကြသည်၊ ထို့နောက် မြိတ်ထားဝယ်ဒေသများအထိ သွားရောက်၍တနင်္သာရီတိုင်းအား ကရင်ပြည်နယ်မသတ်မှတ်ရန် ကန့်ကွက်သည့် အစည်း အဝေးများ ပြုလုပ်ခဲ့ကြသည်။ နိုင်ငံတော်အစိုးရထံသို့လည်း ကန့်ကွက်လွှာများတင်သွင်းခဲ့ကြသည်။ ထို၁၂ဦးကော်မတီ၏ စွမ်းဆောင်မှုသည် အရေးပါအရာရောက်ခဲ့ကြောင်းကို တွေ့ရှိရသည်၊

ထို၁၂ဦးကော်မတီတွင်

ထားဝယ်အသင်းမှ

(၁) ဦးမောင်မောင် (ဥက္ကဋ္ဌ)
(၂) ဦးအေးကြွယ် (အတွင်းရေးမှူး)
(၃) ဦးကြီးသွင် (ငွေထိန်း)
(၄) ဦးကျော်မင်း (ဒု-ဥက္ကဋ္ဌ)
(၅) ဦးငွေသိန်း (တက္ကသိုလ် ကျောင်းသားဟောင်း)
(၆) ကိုကျော်ဆန်း (စစ်ပြန်ရဲဘော်) တို့ပါဝင်ပြီး

မြိတ်အသင်းမှ

(၁) ဦးချစ်ထုန်း
(၂) ဦးအောင်မြင် (ခ) မြို့မမောင်
(၃) ဦးယုစိုင်

(၄) ဦးအောင်မြ
(၅) ကိုမြင့်ထွန်း (တက္ကသိုလ်ကျောင်းသားဟောင်း)
(၆) ကိုထွန်းမင်း (စစ်ဖြန့် ရဲဘော်) တို့ ပါဝင်ကြပါသည်။

အသင်းတံဆိပ်

၁၉၁၁ ခုနှစ်တွင် စတင်ခဲ့သည့် **"ထားဝယ်အသင်း"** ကို ၂၇-၁၁-၁၉၂၂တွင် **"ထားဝယ်သမဂ္ဂအသင်း"**အဖြစ် ပြန်လည်ထူထောင်၊ အကောင်အထည်ဖော်လာခဲ့စဉ်မှစ၍ ထားဝယ်သမဂ္ဂအသင်းတံဆိပ်တစ်ခုကိုအတည်ပြု ပြဋ္ဌာန်းခဲ့လေသည်။ ထိုတံဆိပ်မှာ အဝိုင်းပုံသဏ္ဌာန်တစ်ခုကို အခြေပြု၍ အပြင်ဘက်ဝဲယာ တစ်ဖက်တစ်ချက်တွင် သပြေခက်တစ်ခု စီကိုဝိုင်းရံထားသည့် အပေါ်ဘက်နှင့် အောက်ဘက်အပိုင်းတွင် ဖဲပြားအတွန့် ပုံသဏ္ဌာန်ဖော်ထားပြီး အပေါ်တွင် ရန်ကုန်မြို့ဟု ပါရှိပြီး အောက်ဘက်ကွက်လပ်တွင် **RANGOON**ဟူ၍ ရေးသားပါရှိသည်။ အတွင်းစက်ဝိုင်းအတွင်းအလယ်ဗဟို၌ ဟင်္သာပုံပါရှိပြီး ယင်းအပေါ်၌ 'ထားဝယ်သမဂ္ဂအသင်း' ဟူ၍ စာတန်းရေးထိုးထားပြီး အောက်ဘက်တွင် **TAVOY UNION ASSOCIATION** ဆိုသည့် အင်္ဂလိပ်စာတန်းပါရှိလေသည်။



၁၉၁၁ခု တံဆိပ်



၁၉၄၉ခု တံဆိပ်

၂-၁-၁၉၄၉ နေ့၌ကျင်းပသော အကြိမ် ၂၀ မြောက် နှစ်ပတ်လည်အစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်နှင့်အညီ ၁၉၄၉ ခုနှစ် အမှုဆောင်အဖွဲ့သည် အသင်းတံဆိပ်သဏ္ဌာန်ကို ယခု လက်ရှိပုံသဏ္ဌာန် ထားဝယ်ခရိုင်မြေပုံသို့ ပြောင်းလဲသတ်မှတ်လာခဲ့လေသည်။ ယခင်အစဉ်အဆက် အသုံးပြုလာသောတံဆိပ်မှာ မွန်အမျိုးသားတို့သုံးစွဲလေ့ရှိသည့် ဟင်္သာပုံဖြစ်နေ၍ မွန်နှင့်ထားဝယ် ရောထွေးလွဲမှားစရာရှိသောကြောင့် ပြောင်းလဲခဲ့ခြင်းဖြစ်လေသည်။ အခြားထူးခြားမှုတစ်ခုမှာ ယခုတံဆိပ်၌ **"ထားဝယ်သမဂ္ဂအသင်း"** အစား **"ထားဝယ်သမဂ္ဂ"** မျှသာပါရှိတော့ခြင်းဖြစ်သည်။

စက်ဝိုင်းအတွင်း၌ ထားဝယ်ခရိုင်မြေပုံကို ဖော်ပြထားသည်။ ထားဝယ်အသင်းသည် ထားဝယ်ဒေသနှင့်တကွ ထားဝယ်ဇာတိ၊ ထားဝယ်မျိုးနွယ်အားလုံးနှင့် အကျုံးဝင်ကြောင်း ပြဆိုသည်။ သံကြိုးမှာခိုင်ခံ့ခြင်း သဘောဆောင်၍ သံကြိုးတွင် ပါရှိသည့် "သ" အက္ခရာ သုံးလုံးမှာ သဗ္ဗာ၊ သဗ္ဗို၊ သမာဓိတရား သုံးပါးဖြစ်၍ ထိုတရားသုံးပါးဖြင့် အမျိုးဂုဏ်ကိုကာကွယ်စောင့်ရှောက်ပေးသည့်အသင်းဖြစ်ပေသည်။ "သ"မှာ သင်္ချာအလိုအရ "၆" ဖြစ်၍ "၆"သုံးလီ "၁၈" ရသည်။ "၁၈"ကို ၁နှင့်၈ ပေါင်းသော် "၉"ရသဖြင့် နဝင်းလည်း ကျသည်။

ထို့ကြောင့်အသင်း၏ဆောင်ပုဒ်မှာ "သ" သုံးလုံးကျ ထားဝယ်အမွေ ဖြစ်သည်။

အသင်းစည်းမျဉ်း

ထားဝယ်အသင်းကို တည်ထောင်စကပင် ရှေးလူကြီးတို့သည် အသင်းစည်းမျဉ်းများ စနစ်တကျရေးဆွဲထားရှိပြီး စည်းမျဉ်း စည်းကမ်းနှင့်အညီ ကျင့်သုံးဆောင်ရွက်လာခဲ့ကြသည်။ ထို စည်းမျဉ်းများကို ၁၉၃၆ ခုနှစ်တွင် အသစ်ရိုက်နှိပ်ရန် ဆုံးဖြတ်သည်ဟု ၃၀-၁-၁၉၃၆ အစည်းအဝေးမှတ်တမ်း၌ တွေ့ရှိရသည်။ ၂-၁-၁၉၄၉ ခုနှစ်တွင် အသင်းတံဆိပ် ပြောင်းလဲခဲ့ခြင်းနှင့်အတူ အသင်းစည်းမျဉ်းအချက်အလက် အချို့နှင့် စကားအသုံးအနှုန်း စာလုံးပေါင်းအချို့ကိုခေတ်နှင့်အညီ ပြင်ဆင်ခဲ့ကြသည်။

ထိုသို့ပြင်ဆင်ခဲ့သည့် ၁၉၄၉ ခုနှစ် စည်းမျဉ်းသည် ယခုလက်ရှိ ကျင့်သုံးနေသော ထားဝယ်အသင်းစည်းမျဉ်းနှင့် အမှုဆောင်ရွေးချယ် တင်မြှောက်ရေးစနစ်မှလွဲ၍ အခြားအချက်များခြားနားခြင်းသိပ်မရှိသဖြင့် စာလေးနေမည် စိုး၍ မဖော်ပြတော့ပြီ။ သို့ရာတွင် ၁၉၄၉ခု စည်းမျဉ်းနှင့် အတူတွဲ၍ ရိုက်နှိပ်ဖော်ပြထားသော အသင်းသားစာရင်းကိုမူကား ယခုခေတ်အသင်းသားများနှင့် ပတ်သက်ရင်းနှီးသူများဖြစ်နေနိုင်ပါ၍ ဖတ်ရှုလေ့လာနိုင်ကြရန်အတွက် အောက်တွင်ဖော်ပြလိုက်ပါသည် -

သာမန်အသင်းဝင်များ

စဉ်	အမည်	လိပ်စာ
၁	မစ္စတာတေ	၁၀၆၊၁၀၈-ထင်းမဟာစေတီလမ်း၊
	မောင်တလေး	ရန်ကုန်မြို့
၂	ဦးစွာစိန်	ကောက်ပဲသီးနှံရုံးရန်ကုန်
၃	ဦးကြည်သင်	၄၅၉ဗုဒ္ဓယာဉ်လမ်းရန်ကုန်

၄	ဦးဘစိန်(၂)	၃၂ မြလမ်း တာမွေ
၅	ဦးကျော်ဝင်း	ပြည်သူ့ထောက်ပံ့ရေးဌာန ရန်ကုန်
၆	မမြင့်မြင့်	ငွေစာရင်းစစ်ချုပ်ရုံး ရန်ကုန်
၇	ဦးခင်မောင် (ခ)	၄၅ ဥယျာဉ်လမ်း
	ဦးကျော်မှတ်	ကြည့်မြင်တိုင်၊ ရန်ကုန်
၈	ဦးမြဝင်း	ပြည်သူ့ထောက်ပံ့ရေးဌာန ရန်ကုန်
၉	ဦးဘလင်း (၁)	၉၅ အင်းစိန်လမ်း သမိုင်း
၁၀	ကိုကျော်လှိုင်	ထားဝယ်သမဂ္ဂမှတစ်ဆင့်
၁၁	ဦးရွှေဘိုး	၂၄၈ ကျိုက္ကဆံလမ်းကျောက်မြောင်း
၁၂	ကိုတင်လှိုင်	၁၃၊ အောင်မင်္ဂလာကွက်သစ်၊ အလုံ
၁၃	ကိုထွန်းအောင်	၅၁လမ်း သဟာယအသင်းရန်ကုန်
၁၄	ဒေါက်တာဝင်း	ကြို့ကုန်းအစိုးရဆေးချက်ရုံ
၁၅	ဦးစောရှိန်	၉၅ ၁၅၅လမ်း တာမွေ
၁၆	ကိုကျန်အောင်	၁၂၈ ၁၃၂လမ်း မရမ်းကုန်း
၁၇	ကိုငွေထွန်း	၅၂ ရေတာရှည်လမ်း ဗဟန်း
၁၈	ဦးလှကြီး	ခံဝင်အောက်ရပ်၊ ထားဝယ်မြို့
၁၉	ဦးသန်းညွန့်(ရဲမှူး)	ကျောက်မော်ရပ်၊ ထားဝယ်မြို့
၂၀	ဦးကြည်လှိုင်	ကုန်သွယ်မှုတိုးတက်ရေးဦးစီးဌာန
၂၁	မောင်အေး(၂)	၇၈ ၃၁လမ်း ရန်ကုန်
၂၂	ဦးသိန်းဟန်	၂၁၈ ကျုံးကြီးလမ်း ရန်ကုန်
၂၃	မောင်ဝင်းမောင်	၁၀၈ ၁၂လမ်း ရန်ကုန်

တစ်သက်လျာအသင်းဝင်များ

စဉ်	အမည်	လိပ်စာ
၁	ဦးအေးသန်	၈၂၈ တော်ရွှေလမ်း ရန်ကုန်
၂	ဒေါက်တာခိုင်မွန်လှိုင်	၇၇ ကီလီလမ်း ရန်ကုန်
၃	ဦးအေးကြွယ်	၉၃ ၄၆လမ်း ရန်ကုန်
၄	ဒေါက်တာယုခင်ကြည်	ကရင်မြင်ရပ်၊ ထားဝယ်မြို့
၅	ဒေါက်တာ မိမိနိုး	သင်္ဘောဆိပ်၊ ထားဝယ်မြို့
၆	ဒေါက်တာကေခင်ညွန့်	၄၅၁ ပြည်လမ်း ရန်ကုန်
၇	ဒေါက်တာယုကြည်တန်	ရေစိရပ်၊ ထားဝယ်မြို့
၈	ဦးခိုနိုင်	၃၅ ရှမ်းလမ်း စမ်းချောင်း ရန်ကုန်
၉	ဦးချစ်	တလိုင်းဆိပ်ရပ်၊ ထားဝယ်မြို့
၁၀	ဒေါက်တာဘတင် ကြည်ကြည်	၆၃ ၁၂၁လမ်း ရန်ကုန်
၁၁	ဒေါက်တာအီဘစိန်	၁၈ ဘူတာရုံလမ်းသစ်၊ ဗောက်ထော်
၁၂	ဦးစိုးဝင်း	ကညွန့်ရပ်၊ ထားဝယ်
၁၃	ဦးဘကြိုင်(၁)	အေးကုန်းလမ်း ရန်ကုန်
၁၄	ဒေါက်တာခင်ကြည်ထိုက်	၁၃ ဓာတ်ပေါင်းနဂါးရုံလမ်း
၁၅	ဒေါက်တာကေထွန်းအိန်	၁၂၅ အောက်ကြည့်မြင်တိုင်လမ်း
၁၆	ဦးစောလှိုင်	၁၂၈ ကုန်စေ့တန်း ရန်ကုန်
၁၇	ဦးမောင်မောင်	၁၁ မေဓာလမ်း စမ်းချောင်း
၁၈	ဦးဘကြိုး	၉၅ ၄၉လမ်း ရန်ကုန်
၁၉	ဦးကြီးဆွင်	၂၈၃ ပန်းဆိုးတန်း ရန်ကုန်
၂၀	ဦးဘိုးညွန့်	၇၊ ရွှေတိဂုံနောက်
၂၁	ဦးထွန်းခင်	ကမြောကင်း၊ ထားဝယ်မြို့
၂၂	ဦးလှကြီး(၁)	၁၁၄၊ ၅၁လမ်း ရန်ကုန်
၂၃	ဦးရှသား	တံငါရပ်၊ ထားဝယ်မြို့
၂၄	ဦးစောဝေ	ကရုပ်မြင်ရပ်၊ ထားဝယ်မြို့
၂၅	ဦးသင်းနွယ်	ရှမ်းပလည်ဆွဲ ထားဝယ်
၂၆	ဦးအေးအောင်	ဗိန္ဒောရပ်၊ ထားဝယ်မြို့
၂၇	ဦးစံလင်း	၇၈ ၄၇လမ်း ရန်ကုန်
၂၈	ဦးတင်ညွန့်(ခ)ဦးဘီမောင်း	- ၄င်း -
၂၉	ဦးကြီးညွန့်	၆၃ နေမိန့်ကျောင်းလမ်း အလုံ
၃၀	ဦးချစ်ထွန်း(၁)	၂၆ ၁၀၁လမ်း ရန်ကုန်
၃၁	ဦးစောမြ (၁)	၅၆ ၁၆၄လမ်း တာမွေ
၃၂	ဦးထွန်းမြိုင်	အနောက်ရပ်၊ ထားဝယ်
၃၃	ဦးအုန်းသွင်	တလိုင်းမရပ်၊ ထားဝယ်
၃၄	ဒေါက်တာတင်မောင်စိန် (ခ) ဦးအေးသွင်	အစိုးရအရက်ဆိုင်ရုံ ဝရေတာလမ်း
၃၅	ဦးထွန်းအေး(နဂါး)	ကညွန့်ရပ်၊ ထားဝယ်
၃၆	ဒေါက်တာအယ်လ်ဘာနိုင်	ကြားတောရလမ်း ဗဟန်း
၃၇	ဦးအုန်းဝေ	၄၈ ဆင်မင်းလမ်း အလုံ
၃၈	ဦးလှသင်	ကျွန်းတောလမ်း ကြည့်မြင်တိုင်
၃၉	ဦးကိုးအောင်	၂၈ ရွှေမျှော်ကြွက်လမ်း ကန်တော်ကလေး
၄၀	ဦးချမ်း	၈၈ မော်တင်လမ်း ရန်ကုန်
၄၁	ဦးဘမွေး	၄၅လမ်း ၈-ဆ-ဗ-လ ကွက်သစ်၊ ရန်ကုန်
၄၂	ဦးဘသိန်း	၂၁ အိုးဘိုလမ်း ကြည့်မြင်တိုင်
၄၃	ဒေါက်တာစီစီဦး	ပန်းဆိုးတန်းလမ်း ရန်ကုန်
၄၄	ဦးကျော်လင်း	၂၅၃ ရွှေဂုံတိုင်လမ်း ရန်ကုန်
၄၅	ဦးစောမြ(၂)	၉၈ ၁၃လမ်း ရန်ကုန်
၄၆	ဦးဘနောင်	အိုးဘိုစီ ကမာရွတ်၊ ရန်ကုန်
၄၇	ဦးရှိန်	ပြည်သူ့ရိက္ခာထောက်ပံ့ရေးရုံ
၄၈	ဦးဦးလှိုင်	၃၉၈ ရွှေမျှော်ကြွက်လမ်း ကန်တော်ကလေး
၄၉	ဦးဆင်ရှိန်	ကောက်ပဲသီးနှံရုံ ရန်ကုန်
၅၀	ဦးလှဝေ	ကောက်ပဲသီးနှံရုံ ရန်ကုန်
၅၁	ဦးဘသင်း	၂၇၇ ဦးဝိစာရလမ်း ရန်ကုန်
၅၂	ဦးဇော်ဝင်း	ဗိုင်အမ်စီအေ ရန်ကုန်

၅၃	ဦးဘထူး	ကောက်ပဲသီးနှံရုံး ရန်ကုန်
၅၄	ဦးအောင်မြ	ကောက်ပဲသီးနှံရုံး ရန်ကုန်
၅၅	ဦးကြည်မှန်	၉၄၊ ဘုရင့်လမ်းအကန်တော်မင်းစာတိုက်
၅၆	ဦးဘကျိုင်	၂၉၊ ရွှေလမ်းအပိုင်ရှိညည်ကွက်သစ်
၅၇	ဦးစောမောင်	၉၇၊ ၄၀လမ်း ရန်ကုန်
၅၈	ဦးဘကျော်	၃၈၊ မော်တင်လမ်း ရန်ကုန်
၅၉	မစ္စတာကေထွန်းကျော်	၁၂၇၊ ကြည့်မြင်တိုင်လမ်း
၆၀	ဦးအက်နှင်း	၂၀၇၊ ပန်းဆိုးတန်းလမ်း
၆၁	ဦးဘချစ်(၁)	၂၀၇၊ ပန်းဆိုးတန်းလမ်း
၆၂	ဦးသိန်းမောင်(၁)	၁၃၈၊ တာမွေလမ်း
၆၃	ဦးဘဝင်း	အကျွင်းအရုံး ဦးချစ်ထွန်း(၁)မှ တစ်ဆင့်
၆၄	မစ္စတာတီကင်တာ (ခ)ဦးဘဘာ	၃၅၊ သုံးဆယ်ကျောင်း တောင်းလမ်း ရန်ကုန်
၆၅	ဦးဘရှိန်(၁)	ဒိုးကုမ်ရုံး ထားဝယ်မြို့
၆၆	ဦးချစ်လှ	ဦးဘကျော့မှတစ်ဆင့် မော်တင်
၆၇	ဗိုလ်ဗေသက်	၂၈၊ ဘဂ်လမ်း ရန်ကုန်
၆၈	ဦးမြသွင်	၂၁၂ အခန်း ၂၈ ရန်ကင်း
၆၉	ဦးခင်	၁၈ ညောင်တန်းချုပ်၊ ပုဇွန်တောင်
၇၀	ဦးတင်မောင်(၁) ဦးမှုသာ	၂၅၆၊ ဘိုလိန်းလမ်း ရန်ကုန်
၇၁	ဦးချစ်ထွန်း(၂) အကျွင်းအရုံး	အခန်း-၆၈၊ အလုပ်သမားဝိုင်ဘာ
၇၂	ဦးလှကျော်	ပုလဲရွှေမြို့ရေးအဖွဲ့ရုံး၊ ရန်ကုန်
၇၃	ဦးကျော်ဆန်း	မြန်မာ့အလင်းသတင်းစာတိုက်၊
၇၄	ဦးရှိန်ရွှင်း	၁၉၊ လန်ကတ်စတာလမ်း ဆုံ
၇၅	ဦးစံထွင်	ဆေးကျောင်း၊ လမ်းမတော်၊ ဆုံ
၇၆	ဦးဘုန်း	၂၀၇၊ ပန်းဆိုးတန်း၊ ရန်ကုန်
၇၇	ဦးဘတင်(၂)	၇၆၊ ၅၀လမ်း ရန်ကုန်
၇၈	ဦးအောင်မြင့်	၁၁၊ ဓမ္မာလမ်း စမ်းချောင်း
၇၉	ဒေါ်ပွားခင်	၅၈၊ ၁၆၁လမ်း တာမွေ
၈၀	ဦးထွန်းအေး (ခ) ဦးဘရွှန်	၄၁/၄၃၊ ၃၄လမ်း ရန်ကုန်
၈၁	ဦးဘဟန်	၁၂၊ ၂၇လမ်း သမ္မတရပ်ကွက်
၈၂	ဦးဘရှိန်(၂)	အကျမြို့အတွေးအခေါ်ရှိ လက်တွေ့သုတေသနရုံး
၈၃	ဦးဘတင်(၂)	မဟာ့ထွန်းလမ်းဘဏ်၊ ရန်ကုန်
၈၄	ဦးမောင်လှ	၇၇၊ မော်တင်လမ်း ရန်ကုန်
၈၅	ဦးစု	အမှတ်၁၂၊ မြလမ်း ရန်ကုန်
၈၆	ဦးဘလှ	စီးဂြစ်ကုမ္ပဏီ၊ ၁၀၅ ဆူးလေဘုရားလမ်း
၈၇	ဗိုလ်မှူးထွန်းရှိန်	၁၈၊ ဘူတာရုံလမ်း ကံဘဲ့အောက်ထော်
၈၈	ဦးကြည်ကွိန်	၁၈၊ ဘူတာရုံလမ်း ကံဘဲ့ အောက်ထော်
၈၉	ဦးကြီးမေ(၂)	၁၁၈၊ ၂၇လမ်း ရန်ကုန်
၉၀	ဦးဘညွန့်	ကညွှန့်ရုံး ထားဝယ်မြို့
၉၁	ဦးထူးငွေ	ကမာရွတ်၊ သံလမ်း ရန်ကုန်
၉၂	ဦးလှတင်(၁)	ပြည်သူ့စိုက်ပျိုးရေးဘဏ်၊ ၁၀၉၊ ပန်းဆိုးတန်း
၉၃	ဦးစိုးမောင်	မြန်မာ့အလင်းသတင်းစာတိုက်
၉၄	ဗိုလ်မှူးကြီးစိန်ဝင်း	၁၄၊ ရှမ်းလမ်း စမ်းချောင်း
၉၅	ဦးရွှေနိုင်	မြန်မာ့ဂုဏ်ရည်ဆေးတိုက်၊ ၇၀၊ ၂၆လမ်း ရန်ကုန်
၉၆	ဦးထွန်းရှိန်(၁)	မြန်မာ့ဂုဏ်ရည်ဆေးတိုက်၊ ၇၀၊ ၂၆လမ်း ရန်ကုန်
၉၇	ဦးဘသစ်(၁)	တလိုင်းရေးရုံး ထားဝယ်
၉၈	ဦးထွန်းရွှေ	ပဟန်း၊ ကြာတောရလမ်း
၉၉	ဦးတင်	ပြည်တွင်းသယ်ယူပို့ဆောင်ရေး အဖွဲ့ ရန်ကုန်
၁၀၀	ဦးချစ်ကိုင်	၃၁၊ ရွှေဂုံတိုင်လမ်း ပဟန်းရန်ကုန်
၁၀၁	ဦးစိုးမြင့်(၁)	၁၁၄/၆၁၊ အင်းယားလမ်းရန်ကုန်
၁၀၂	ဦးဘုန်းခင်	၂၄၆၊ ကမ္ဘာလမ်းကြည့်မြင်တိုင်
၁၀၃	ဦးငွေသိန်း	၁၁၈၊ ၁၃-လမ်း ရန်ကုန်
၁၀၄	ဦးထူးစိန်	ပြည်တွင်းရေကြောင်း သယ်ယူပို့ ဆောင်ရေး သင်္ဘောဆေး
၁၀၅	ဦးလှကြီး(၂)	၇၅၊ ၃၂-လမ်း ရန်ကုန်
၁၀၆	ဦးသိန်း	၆၊ တောစေယျလမ်း ရန်ကုန်
၁၀၇	ဒေါက်တာဦးဒီ	၄၇ ရွှေတောင်ကြားလမ်း ရန်ကုန်
၁၀၈	ဦးဘစိ	အနောက်ရုံး ထားဝယ်
၁၀၉	ဦးဘရွှေ	၃၁၃/၃၁၅၊ ဘားလမ်း ရန်ကုန်
၁၁၀	ဒေါ်နှင်းငယ်	ကျိုင်မြစ်လမ်း အင်းစိန်
၁၁၁	ဦးကြည်နိုင်	၁၈၊ ဖရန်ကလင်လမ်း အလုံ
၁၁၂	ဦးကြူမိန်	၆/အခန်း-၁၆၊ ဦးဝိစာရလမ်း
၁၁၃	ဦးကိုယ်	၃၃/၃၅၊ မော်တင်လမ်း၊ ရန်ကုန်
၁၁၄	ဦးလှရွှေ	ဆောင်မိုင်း သာယာဝတီ
၁၁၅	ဦးထွန်းရီ	၄၆၊ ရေတာရှည်လမ်း ပဟန်း
၁၁၆	ဦးလှခင်	၁၇၊ ဗဟိုလမ်း ပဟန်း
၁၁၇	ဦးစိုးမြ	၇၇၊ ၁၂၂-လမ်း မတူကုန်း
၁၁၈	ဦးဘအေးလေး(ခ) ထားဝယ်ကြီး	၃၆လမ်း ရန်ကုန်
၁၁၉	ဦးမောင်ရှင်	မောင်ရှင်စတိုး၊ ရန်ကုန်
၁၂၀	ဦးသန်းလှ(၁)	မြန်မာ့စက်ထမ်းအထက်တန်း၊ ဟသ်ာတ

၁၂၁	ဦးသိန်းညွန့်	၁၆၊ ၄ရလမ်း ရန်ကုန်
၁၂၂	ဒေါက်တာအုန်းတင်	၉၀၊ ၁၂၃လမ်း ရန်ကုန်
၁၂၃	ဦးစံလွင်	ရွှေဝယ်သီရိ ၂၇၃၊ ပန်းဆိုးတန်း
၁၂၄	မစ္စတာတန်စစ်ထွန်း	၁၂၅၊ ကုန်စျေးတန်း
၁၂၅	ဦးမိန်ချိုင်	ပြည်ထောင်စုကလပ်
၁၂၆	ဦးကြည်တင်	၂၃၊ သရဖီလမ်း အလုံ
၁၂၇	ဦးဘအေး(၃)	၃၁၇၊ မဟာဗန္ဓုလလမ်း ရန်ကုန်
၁၂၈	ဦးအောင်ကြီးမိန်	ပြည်သူ့ထောက်ပံ့ရေးရုံး
၁၂၉	ဦးသိန်းမောင်	ပြည်သူ့ထောက်ပံ့ရေးရုံး
၁၃၀	ဦးပု	၇၈၊ ၄လမ်း ရန်ကုန်
၁၃၁	ဦးကိုရင်	ရွှေဝယ်သီရိ ၂၇၃၊ ပန်းဆိုးတန်း
၁၃၂	ဦးတင်ကြိုင်	ရွှေဝယ်သီရိ ၂၇၃၊ ပန်းဆိုးတန်း
၁၃၃	ဦးကျင်ဦး	၁၆၅၊ ၃၄လမ်း ရန်ကုန်
၁၃၄	ဦးတင်ထွန်း	ထားဝယ်ကူးသန်းရောင်းဝယ်ရေးမှတ်ဆင့်
၁၃၅	ဦးဘရှင်(ခ)ဦးဘခဲ	- ၄င်း -
၁၃၆	ဦးဘအေး(၂)	၂၂ မဘူကုန်းသင်းကျွန်း
၁၃၇	ဦးနန်းညွန့်	ဓရစ်ရပ်၊ ထားဝယ်မြို့
၁၃၈	ဦးမိန်ရှိန်း	၈၂၈၊ မဟာဗန္ဓုလလမ်း ရန်ကုန်
၁၃၉	ဦးကြည်မိန်	၇၈၊ မင်္ဂလာလမ်း စမ်းချောင်း
၁၄၀	ဦးဆင်ကျိုင်	ပြည်သူ့လွှတ်တော်အမတ်၊ ထားဝယ်
၁၄၁	ဦးသိန်းအင်	ကညွှံ့ရပ်၊ ထားဝယ်မြို့
၁၄၂	ဦးသိန်းညွန့်(၂)	ဆင်ဖုန့်စ်ရပ်၊ ထားဝယ်မြို့
၁၄၃	ဦးဘမောင်	အိုးကုပ်ရပ်၊ ထားဝယ်မြို့
၁၄၄	ဦးထွန်းမြတ်	ပိန္နဲတောရပ်၊ ထားဝယ်မြို့
၁၄၅	ဦးအုန်းသင်	မြောက်ရွာရပ်၊ ထားဝယ်မြို့
၁၄၆	ဦးဟန်မိန်	တလိုင်းသရပ်၊ ထားဝယ်မြို့
၁၄၇	ဦးချူရိုင်	ဘုရွှေ့ရပ်၊ ထားဝယ်မြို့
၁၄၈	ဦးစောထွန်းခင်း	ရှမ္မာလည်ချဲ့ရပ်၊ ထားဝယ်မြို့
၁၄၉	ဦးမိန်လင်း	ခုံဝင်းသတ်ရပ်၊ ထားဝယ်မြို့
၁၅၀	ဦးအောင်လှဝေ	၂၀၂၊ မောင်ထော်လေးလမ်း
၁၅၁	ဦးဘရှင်	ကြက်ပေါင်းမေး ထုတ်လုပ်ရေးအဖွဲ့ ၃၉၅၄ ရန်ကုန်
၁၅၂	ဦးမစ္စတာကိုင်နှင်	၁၃၃၊ ဗိုလ်တထောင်လမ်းရန်ကုန်
၁၅၃	ဦးသိန်းအောင်	၈၁၊ အိုခင်လမ်း ဗိုလ်တထောင်
၁၅၄	ဦးကျော်ခင်	၅၁၊ လှည်းတန်း ရန်ကုန်
၁၅၅	ဦးသန်းညွန့်	၅၊ အခန်း-၁၃၊ ပြည်တော်သာတိုက် ဓနသိဒ္ဓိလမ်း
၁၅၆	ဦးထွန်းရှိန်(၂)	၅၃၊ ပော်တင်လမ်း ရန်ကုန်
၁၅၇	ဦးဘမဲ	ပိန္နဲတောရပ်၊ ထားဝယ်
၁၅၈	ဦးကိမ်မိုင်	၁၄၊ ဝင်ဒါမီယာလမ်း ရန်ကုန်
၁၅၉	ဦးလွန်းဘော်	တိုက်(၃)၊ ဝင်ဒါမီယာရဲ့
၁၆၀	ဦးဖိုးရွှေ	၁၈၊ တန်လမ်း ရန်ကုန်
၁၆၁	ဦးကံညွန့်	ထားဝယ်
၁၆၂	ဦးစိုးမြင့်(၂)	ထားဝယ်
၁၆၃	ဦးဘလင်း(၂)	အမျိုးသားကြို့ဖက်ပိုင်၊ ၁၅၄၊ တာလ်ဘတ်လမ်း ရန်ကုန်
၁၆၄	ဦးဘိုးအေး	၉၁၊ ရွှေတောင်တန်း ရန်ကုန်
၁၆၅	ဦးမောင်တင်	၆၊ ဘုန်းကြီးလမ်း ပုဇွန်တောင်
၁၆၆	ဦးအေးသွင်	၁၈၊ အခန်း၁၄၊ စဆပလ၊ စမြကျွက်သစ်
၁၆၇	ဦးရန်ကင်း	ရာဇဝော်တင်လမ်းမှတ်ဆင့်ရန်ကုန်
၁၆၈	ဗိုလ်ချုပ်မြိုင်	၁၅တပ်၊ ဘောက်ထော်
၁၆၉	ကိုလှမောင်	၂၄/၈၁၊ ရေတာရှည်လမ်းသစ်
၁၇၀	ကိုအောင်မြင့်	၂၆၃၊ ပန်းဆိုးတန်းလမ်းရန်ကုန်
၁၇၁	ဦးကြည်မိန်(၂)	မိန်အရာသားမှတ်ဆင့်ရန်ကုန်
၁၇၂	ဗိုလ်ဘရှင်	မြေလျှင်တပ်ရင်း-၂၅၊ သန်လျင်
၁၇၃	ဦးအောင်ဘ	အမှတ် ၂၅၁၊ ကျွဲခြံကြီးလမ်း
၁၇၄	ဦးဘချစ်(၂)	ထားဝယ်ကူးသန်းရောင်းဝယ်ရေး မှတ်ဆင့်
၁၇၅	ဦးဘထွန်း	၁၄၈၊ ကိုလီအဆောက်လမ်း
၁၇၆	ဦးဘဝေ	၁၁၅၊ ၁၄လမ်း ရန်ကုန်
၁၇၇	ဦးမိန်ဝေ(၁)	၃၁၃၊ ၃၁၅၊ ဘားလမ်း
၁၇၈	ဦးစံဝင်း	၃၅၊ ဦးလူကလေးလမ်း အလုံ
၁၇၉	ဦးဘကြည်	၄၀၊ ဓလလမ်း
၁၈၀	ဦးမြတ်ခင်	၄၀၊ ဓလလမ်း
၁၈၁	ကိုမျိုးဆွေ	ရန်ကင်း
၁၈၂	ဦးဘမိန်(၁)	၁၁၄၊ ၁၃လမ်း
၁၈၃	ဦးစံကျော်	၃၄၊ ရေလမ်း ကန်တော်ကလေး
၁၈၄	ဦးထွန်းဘော်	၁၈၁၊ ၄၇လမ်း ရန်ကုန်
၁၈၅	ဦးကြည်ကို(ခ)ဦးမြရွှေ	သင်္ဘောဆိပ်ရပ်၊ ထားဝယ်
၁၈၆	ဦးဘကင်	တလျှောကင်း ထားဝယ်
၁၈၇	ဦးဘသစ်(၂)	၈ သီရိလမ်း ရန်ကုန်
၁၈၈	ဦးအောင်သိန်း	အခန်း၈၊ ၁၅၅၊ စံပယ်လမ်း အင်းစိန်
၁၈၉	ကိုစကလေး(ခ) မစ္စတာစာသာလန်	၇၈၊ ၄၅လမ်း ရန်ကုန်
၁၉၀	ဦးသန်းလှ	၂၁၊ ၁-လမ်း သမ္မတကွက်သစ်
၁၉၁	ဦးအဆွေ	နိုင်ငံတော်အစိုးရ ဒုတိယဝန်ကြီးချုပ်

၁၉၂	ဒေါ်သန်းတင်	ဘိုးဘိုးကုန်ရုံချုပ်ဦးလှမှ တဆင့်
၁၉၃	ဦးအောင်သန်း	၁၃၊ ၈၇–လမ်း၊ ကန်တော်ကလေး
၁၉၄	ဦးသိုက်ထွန်း(ခ)	၁၉၊ ၁၃၇–လမ်း၊ မဘူကုန်း
	ဗိုလ်တင်ထွန်း	
၁၉၅	ဦးထွန်းချင်	ဝုံကျွန်းချုပ်၊ ထားဝယ်
၁၉၆	ကိုမောင်နိုင်	ဝုံဆွဲငှာနအင်ဂျင်နီယာချုပ်ရုံး
		၁၁၃၊ ၄၇လမ်း၊ ရန်ကုန်
၁၉၇	ဦးလှတင်(၂)	၅၊ ဗဟိုလမ်း၊ ကြည့်မြင်တိုင်၊ ရန်ကုန်
၁၉၈	ဦးကျော်ဇေ	၇၇၇၊ မဟာဗန္ဓုလလမ်း၊ ရန်ကုန်
၁၉၉	ဦးဘစိန်	၂၀၊ရွှေဘောင်တန်းလမ်း၊ ရန်ကုန်
၂၀၀	ဦးဘသူ	ပြည်တွင်းရေကြောင်းသယ်ယူပို့
		ဆောင်ရေးအဖွဲ့မှ တစ်ဆင့်
၂၀၁	ဒေါ်ရီ	၅၆၊ ကန္နာလမ်း၊ ရန်ကုန်
၂၀၂	ဗိုလ်ချုပ်မြင့်	ဘုံလိမ်မှူးကြီး၊ ထားဝယ်
၂၀၃	ဦးထွန်းစိန်	ဆန်းချိုရုံ၊ ထားဝယ်
၂၀၄	ဦးလေးအောင်	သမ္မတအိမ်တော်ဝန်ထောက်
၂၀၅	ဓမ္မာစာရိယဦးဇော်ချစ်	သူဌေးလေဘုရားအနီး
		ပေါ်ကြီးမျက်မှန်ဆိုင်
၂၀၆	ဦးထွန်းအောင်(၂)	၄၈၉၊ အောက်ကြည့်မြင်တိုင်လမ်း
၂၀၇	ကိုတင်(၄)	၄၁၊ ၆လမ်း၊ ရန်ကုန်
၂၀၈	ဒေါ်ကျင်ရီ	၅၉၊ ၁လမ်း၊ မင်္ဂလာဒုံကွက်သစ်
၂၀၉	ဓမ္မာစာရိယဦးဘရာဇက်	၁၈၊ မြို့မ၊ တွံတေး
၂၁၀	မောင်မြင့်ဆွေ(၁)	စက်မှုသင်တန်းကျောင်း၊ဒေါ်ရှုမှတဆင့်
၂၁၁	မောင်ကျင်စိန်(ခ)	ထားဝယ်
	မောင်တင်အောင်	
၂၁၂	ဒေါ်မြဝင်း	၂၀၅၊ လှူဒါလမ်း
၂၁၃	ဦးဘသိုး	၆၈၊ ၁၁၁လမ်း၊ ရန်ကုန်
၂၁၄	မောင်ကျော်သိန်း	၇၈၊ အင်းစိန်လမ်း၊ ကမာရွတ်
၂၁၅	မောင်မြင့်အောင်	၇၈၊ မင်္ဂလာလမ်း၊ စမ်းချောင်း
၂၁၆	ဦးဘညွန့်(၂)	၂၀၉၊ အခန်း ၂၁၊ ရန်ကင်း
၂၁၇	ကိုသိန်းတင်	၆၅၊ အောက်ကြည့်မြင်တိုင်လမ်း
၂၁၈	ကိုကျော်နိုင်	၁၈၊ အခန်း ၂၄
၂၁၉	ကိုလှကြည်	ထားဝယ်သမဂ္ဂမှတစ်ဆင့်
၂၂၀	ဦးဘချစ်(၃)	၁၀၀၊၉၄လမ်း၊ကန်တော်ကလေး
၂၂၁	ဦးမြင့်ဆွေ(၂)	၅၅၊ ကိုင်းတန်းလမ်း၊ ရန်ကုန်
၂၂၂	ကိုကျော်သန်း	၂၉၉၊ ကျုံ့ကြီးလမ်း၊ ရန်ကုန်
၂၂၃	ဦးမောင်မောင်(၂)	၁၃၈၊ တာမွေလမ်း၊ ရန်ကုန်
၂၂၄	ဦးကျော်မင်း(ခ)	တရုတ်ကျောင်း၊ ကျောက်ကုန်း
	ဓမ္မာစာရိယဦးဒိန်ချောင်း	ဓာတ်ဘို
၂၂၅	ဦးသင်းလှိုင်	၂၆၊ သာယာကုန်းလမ်း
၂၂၆	ဒေါ်ရွှေကြည်	၃၁၀စိုလ်တထောင်လင်းဇေဒီလမ်း
		ရန်ကုန်။
၂၂၇	ဦးတင်ညွန့်	ရွှေနှင်းဆီအထည်ဆိုင်၊
		၁၅၁၊ အနော်ရထာလမ်း
၂၂၈	မကျင်ညွန့်	၁၄၇၊ လသာလမ်း၊ ရန်ကုန်
၂၂၉	မတင်လှိုင်	၅၅၊ ၁၅လမ်း၊ အပေါ်ဆုံးထပ်၊ ရန်ကုန်
၂၃၀	ကိုအမိုင်	၁၉၄၊ ကျုံ့ကြီးလမ်း၊ ရန်ကုန်
၂၃၁	ဓမ္မာစာရိယရာဇာ	တင်းဘိလမ်း၊ ရန်ကုန်
၂၃၂	ဒေါ်ပန်းချင်	၁၉၄၊ ကျုံ့ကြီးလမ်း၊ ရန်ကုန်
၂၃၃	ဦးဘန်ဇေ	ဘုမ္မော်ရုံ၊ ထားဝယ်
၂၃၄	ဦးမောင်ရှင်(၂)	၂၅၁ဆရာကိုတောလမ်း၊ ကြည့်မြင်တိုင်
၂၃၅	ဦးမောင်သင်	၁၆၊ ဈေးတော်ဝင်း၊ ရန်ကုန်
၂၃၆	ဦးဘမြ	ဓာတ်တိုက်၊ ၁၆၄၊ ရွှေဂုံတိုင်လမ်း
၂၃၇	ဦးညွန့်လှိုင်	ထားဝယ်ကူးသန်းရောင်းဝယ်ရေးမှတစ်ဆင့်
၂၃၈	ဦးစိုင်ရော်	စာတုဝေအလုပ်ငန်း၊ ကမာရွတ်
၂၃၉	ဦးမောင်ဘရွှေ	ကမာရွတ်အတိစစ်ရုံး
၂၄၀	ဦးဘိုးသာ	၃၉၊ ရေကျော်လမ်း
၂၄၁	ဒေါ်သိန်းလှ	၁၁၈၊ ၂၅လမ်း၊ ရန်ကုန်
၂၄၂	ကိုလှမြင့်(၅)	ဆင်နှင်းကွက်သစ်၊ မှတ္တမဝင်း
၂၄၃	မောင်အေး	၈၊ အခန်း၁၊ ရန်ကင်း
၂၄၄	ကိုချစ်ရှိန်း	ဝင်းရွာ စက်လှေပိုင်ရှင်၊ဂရုစ်ရုံ၊
		ထားဝယ်။
၂၄၅	ကိုစံခ	ရွှေနန်းတော်ကုမ္ပဏီ၊ ၂၄၊ ၁၈လမ်း
၂၄၆	ကိုအုန်းတင်	အကောက်ခွန်၊ ကားကွင်းရေးအရာရှိ
၂၄၇	ကိုစံမြင့်	အခန်း၁၃၊အမှတ်၁၃၊ ၅၁လမ်း၊
၂၄၈	ကိုထွန်းသစ်	၂၃/၂၅၊ ဆူးကုန်းလမ်း၊ ရန်ကုန်
၂၄၉	ကိုထွန်းမြင့်	၁၁၊ ဝေဟာလမ်း၊ ကြည့်မြင်တိုင်
၂၅၀	ဦးထွန်းရှိန်(ခ)ပါလေး	၂၈၆၊ ပြည်လမ်း၊ ရန်ကုန်
၂၅၁	ဒေါ်ငွေလှိုင်	၁၄၉၊ ၂၃–လမ်း၊အောက်ဘူတာ၊ရန်ကုန်။
၂၅၂	ကိုအောင်ကြည်	၁၂၁၃၂–လမ်း၊အောက်ဘူတာ၊ရန်ကုန်။
၂၅၃	ဦးတင်အုန်း	၃၁–ကိုး အင်းယားလမ်း
၂၅၄	ဦးအုန်းဇေ	
၂၅၅	ဒေါ်ထွေးခင်	၂၁၄၊ အခန်း–၁၅၊ ရန်ကင်း

ရန်ရှင်း (ထားဝယ်)

ရာပြည့်ခရီးသွား သို့မဟုတ် သမိုင်းတစ်ခေတ်ထုဆစ်နေကြသူများ

● အသင်းသားတစ်ဦး

၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၂၄ရက် တနင်္ဂနွေနေ့

နံနက်ခုနစ်နာရီခွဲပြီး၍ မိနစ်နှစ်ဆယ်သို့ ယွန်းနေသည်။ ကျွန်တော်လည်းကန်တော်ကြီးစောင်းရှိ မဟာမြိုင်ကျွန်းအဝင်ဝသို့ရောက်နှင့်နေပါပြီ။ အဝင်ဝတွင် နဖူးစည်းစာတန်းတစ်ခု ချိတ်ဆွဲထားသည်။ အနီရောင်ပိတ်သားကားချပ်ပေါ်တွင်ရေးစီထားသော စာလုံးများကထင်ထင်ရှားရှားရှိလှသည်။ မနက်ရှစ်နာရီထိုးလုနီးသော်လည်း နေခြည်နုတန်းအောက် နှင်းငွေ့တို့ ကျန်သေး၏။နေခြည်တန်းပေါ် ကျော်ဖြတ်ရိုက်ခတ်လာသော လေပြည်ညင်းညင်းလည်း အေးမြနေသေးသည်။ နှင်းကြည်ဥအချို့ပင် နဖူးစည်းပိတ် ကားထက် တွဲရရွဲခိုနေသေးသည်။

"၇၃ကြိမ်မြောက် ထားဝယ်အသင်းနှစ်ပတ်လည် အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့်ပညာရည်ချွန်ဆုချီးမြှင့်ပွဲအခမ်းအနား"တဲ့။ စာတန်းကို ဖတ်ကြည့်ပြီး အဝင်ဝကိုကျော်ကာ မြက်ခင်းစိမ်းစိမ်းများခြံရံသော ကုန်းမိုမိုလမ်းမှတစ်ဆင့် WESTERN PARK ROYAL ပေါ်တီကိုရှေ့သို့ရောက်၏။ အဝင်ဝတွင် အမှုဆောင်သူငယ်ချင်းအချို့ကခရီးဦးကြိုပြုကြသည်။ တစ်ဦးက ကံစမ်းမဲလက်မှတ်ကလေးတစ်စောင် လက်ထဲထည့်ပေးပြီး အခမ်းအနားစတော့မည်ဟုပြောသည်။ ပွဲစရန်နီးပြီဖြစ်သောကြောင့် ကိုကျော်ကျော်ထွန်းတစ်ယောက် ဘိုးဘွားများကိုမွေ့ချီ၍ စက်လှေကားမှတစ်ဆင့် ခန်းမဆီသို့ မယောမပန်းပို့ပေးနေသည်။ စက်လှေကား၏ ဘယ်ဘက်ထောင့်တွင် ထားဝယ်အသင်းလှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများထားရှိသော Board Stand တစ်ခုကိုတွေ့ရသည်။ အခမ်းအနားပြီးမှအသေအချာကြည့်ရှုမည်ဟုတွေးလျက် စက်လှေကားမှတစ်ဆင့် အခမ်းအနား စတင်ရာခန်းမဆီသို့ရောက်ခဲ့သည်။

ခန်းမထဲတွင် ပရိသတ်အတော်ပင် စုံနေကြပြီ။ ဘိုးဘွားအတော်များများပင် ကန်တော့ခံရန် စင်မြင့်ရှေ့ထိုင်ခုံများတွင် နေရာယူနှင့်ကြပြီးဖြစ်သည်။ ကျွန်တော်ခန်းမတစ်ခုလုံးအနှံ့ကြည့်မိသည်။ ကျယ်ဝန်းသောခန်းမ၊ သစ်လွင်သော

ပြင်ဆင်မှုကိုတွေ့ရသည်။ စင်မြင့်ထက်ရှိပြင်ဆင်မှုများကလည်း သပ်ရပ်လှသည်၊ အနီရဲရဲကတ္တီပါ ကားလိပ်ပေါ်တွင် ရေးထားသော အခမ်းအနားစာတန်းသည် ခံ့ညားထည်ဝါလွန်းနေသည်ဟုထင်ရသည်။ ၈၁ ကြိမ်နှင့် ၈၂ ကြိမ် များက နတ်မောက်လမ်းမှာရှိသည့် ROYAL GARDEN Restaurant မှာတခမ်းတနားပြုလုပ်ကြစဉ်ကလည်း ကျွန်တော် ဘုံအားသင့်ခဲ့ရ ပျော်ရွှင်ခဲ့ရဖူးသည်၊ သို့သော်သည်နှစ်ကား ယခင်နှစ်များကထက် ပိုမိုထူးခြားနေသလားအောက်မေ့ရသည်။

ဘိုးဘွားများအား ကန်တော့ပြီးနောက်အခမ်းအနားမှူး ဦးကျော်မြင့်က အစီအစဉ်ဒုတိယပိုင်းမှ အစီအစဉ်များ တစ်ခုပြီးတစ်ခု ကြေညာ၍အခမ်းအနားစတင် နေပါပြီ။ သို့သော်လည်း စည်ပရိသတ်များကမစဲ တဖွဲဖွဲရောက်နေကြသေးသည်။ ထို့ကြောင့် အမှုဆောင်လူငယ်အချို့နှင့် ဟိုတယ်ဝန်ထမ်းများက နေရာထိုင်ခင်းများ တိုးချဲ့ စီစဉ်နေကြရသည်။ ရောက်လာကြသော ထားဝယ်သူ ထားဝယ်သားလူကြီး လူငယ် လူရွယ် အစုံစုံတို့သည် အလှကိုယ်စီ အပြုံးကိုယ်စီနှင့်အားလုံးပျော်ရွှင်နေကြသည်ကို ကြည့်ပြီးကျွန်တော့်စိတ်ဝယ် အစည်းအဝေးပွဲတစ်ခုဟုမထင်ရ မိတ်ဆုံ စားပွဲကြီးတစ်ခုဟုသာ ထင်မှတ်နေမိသည်။

စင်မြင့်ထက်တွင်ဥက္ကဋ္ဌဦးခင်စိုး မိတ်ဆက်စကားပြောကြားနေပေပြီ။ပါးလှပ်ရှုရှုသောအသံကခန်းမတစ်ခုလုံးလွှင့်ပျံ့နေသည်။ ယနေ့ လုပ်ဆောင်ချက်များ ခရီးရောက်နေပုံနှင့် အနာဂတ်မျှော်လင့်ချက်များအဘယ်သို့အကောင်အထည်ဖော်သွားမည်ကို ယုံယုံကြည်ကြည် ရင်ဖွင့်နေသည်။ သူသည် အသင်းတွင် ဥက္ကဋ္ဌမဖြစ်မီ ၂၀၀၀ပြည့်နှစ်လွန် ကာလများကတည်းက အသင်းသားများ၏ ကျန်းမာရေးအတွက် ထောက်ပံ့ငွေများလှူဒါန်းပြီး ကျန်းမာရေးအစီအစဉ်တစ်ခုကို ထားဝယ်အသင်းအားဆောင်ရွက်စေခဲ့သည်။ ၂၀၀၆ ခုနှစ်ရောက်မှတက်ကြွသော၊ ခေတ်မီသော ထားဝယ်လူငယ်မောင်မယ်တစ်စုနှင့်အတူ ထားဝယ်အသင်းအမှုဆောင်ဖြစ်လာပြီးနောက်ဥက္ကဋ္ဌနေရာကို ယူခဲ့သည်။ အစဉ်အလာအရ အမှုဆောင်၁၅ဦးအဖွဲ့အစား အဖွဲ့ဝင်၃၅ဦးအင်အားဖြည့်လျက်အသင်း၏ဆောင်ရွက်ချက်များကိုခေတ်နှင့်တပြေးညီဖြစ်စေရန် လူငယ်များနှင့်အတူ ပြောင်းလဲပြင်ဆင်၍ ကက်ကြွစွာ တာဝန်ယူခဲ့သည်။

မှတ်မိပါသေးသည်၊ လူငယ်အမှုဆောင်အဖွဲ့အသင်းတွင် တာဝန်ယူသောနှစ်တွင်နာယကအဖွဲ့ဝင် ဦးစိုးမြင့် (ဗိုလ်မှူး/ငြိမ်း)၏ သမီးငယ် အကယ်ဒမီစိုးမြတ်နန္ဒာ ဒုတိယအကြိမ် ရုပ်ရှင်တတ်ပိုဒ့်ထူးချွန်ဆုကိုရခဲ့ပါသည်။ လူငယ်အမှုဆောင်သစ်များနှင့် နာယကလူကြီးများ၊ ဥက္ကဋ္ဌဟောင်းများ၊ လူငယ်အသင်းဝင်များကို ရင်းနှီးစေလိုသည့်ဆန္ဒ၊ ထပ်ဆင့်အကယ်ဒမီ စိုးမြတ်နန္ဒာအား အသင်းမှဂုဏ်ပြုလိုသည့် ဆန္ဒများကြောင့် ဥက္ကဋ္ဌ ဦးခင်စိုးနှင့် အမှုဆောင်လူငယ်တို့ ကမကထပြု၍ပန်ဒါဟိုတယ်၊ ပတ္တမြားခန်းမတွင် မိတ်ဆုံ ညစာစားပွဲတစ်ရပ်ကို ဖန်တီးခဲ့သည်၊ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက်၊ စနေနေ့ ညနေ၆ နာရီမှာပွဲစသည်၊ ထိုညက ညစာစားပွဲသည်လည်း ပျော်ပျော်ရွှင်ရွှင်နှင့် သိုက်သိုက်ဝန်းဝန်းဖြစ်ခဲ့သည်။ အမှုဆောင်လူငယ်များ၏ စုစည်းမှုအားမာန်ကို ပထမဆုံးပြသခွင့်ရခဲ့သည်ဟုထင်မိသည်။

အမှုဆောင်လူငယ်အဖွဲ့သည် စေတနာ့ဝန်ကိုထမ်းလျက်အသင်း၏တာဝန်များကိုအရှိန်အဟုန်မပျက်ဆောင်ရွက်နေကြသော်လည်း အသင်းအတွင်းဝါရင့် ပုဂ္ဂိုလ်တချို့နှင့် အမှုဆောင်များအကြား ဝိဝါဒကွဲပြားနေကြသေးသည်။ ပေးသူနှင့်ယူသူအကြား မျိုးဆက်ကွာခြားခြင်းနှင့် အချိန်တို အတွင်း ခေတ်စနစ် တိုးတက်ပြောင်းလဲမှုမြန်လာခြင်းတို့ ကြောင့်ဖြစ်မည်ဟု ယူဆရပါသည်။

ထိုဝိဝါဒကွဲပြားနေမှုကို ကုစားရန်ဥက္ကဋ္ဌနှင့် အမှုဆောင်များသည်နာယကကြီးများ၊ အသင်းမှဝါရင့်ပုဂ္ဂိုလ်ကြီးများနှင့်လျော်ညီသည့်အသင်း၏စည်းမျဉ်းပါ အချက်အလက်အချို့ကို ပြင်ဆင်ရန်နိုင်းပြင်းကြရသည်။ အသင်းနာယကကြီးများ၊ ဝါရင့်အသင်းသားများ၊ အတတ်ပညာရှင်များနှင့် အမှုဆောင်လူငယ်များပါဝင်သည့်ထားဝယ်အသင်းစည်းမျဉ်းရေးဆွဲရေးကော်မရှင် ၂၀၀၆ တစ်ရပ်ကိုဖွဲ့စည်းခဲ့ကြသည်။ ဥက္ကဋ္ဌမှာ ဦးကြည်လင်ဖြစ်ပြီး အဖွဲ့ဝင်၁၅ဦးပါရှိသည်။ ကော်မရှင်အဖွဲ့က အစည်းအဝေး ၁၁ကြိမ်ပြုလုပ်၍အသင်း

စည်းမျဉ်းအချို့ကိုပြင်ဆင်ကြသည်။ ဝါရင့်အသင်းသားများထံမှလည်း အကြံဉာဏ်များစွာ တောင်းခံခဲ့သည်။ မှုကြမ်းထွက်ရှိသောအခါ ၂၀၀၆ ခုနှစ် နိုဝင်ဘာလ ၂၂ရက်နေ့တွင် ကြေးမုံသတင်းစာမှတကြည့်၍ အသင်းသားများ မှုကြမ်းကိုဖတ်ရှုပြီး အကြံဉာဏ်များ ထပ်မံပေးပို့နိုင်ကြရန် အသိပေးတောင်းခံခဲ့ကြသည်။

ထို့နောက် စည်းမျဉ်းအသစ်ကို အတည်ပြုရန် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၄ရက်နေ့တွင် ပန်ဒါပိုတယ်၌ အထူးအစည်းအဝေးပွဲကို ခမ်းခမ်းနားနား ပြုလုပ်ခဲ့ပြန်သည်။ ကျွန်တော်လည်း ပန်ဒါပိုတယ်သို့ ဒုတိယအကြိမ်ရောက်ရှိခဲ့သည်။ သည်တုန်းက ပရိသတ်များလွန်းသဖြင့်စက်လှေကားတွင်ကျွန်တော်အတော်အတန်စောင့်ခဲ့ရသည်။ အခမ်းအနားတွင်အသင်း၏စည်းမျဉ်းမှုကြမ်းနှင့်လုပ်ငန်းအမှုဆောင် ၃၅ ဦးတို့၏ လုပ်ဆောင်ချက်များအပေါ် နှစ်သက်သဘောကျမှုရှိ-မရှိ ဆန္ဒမဲများဖြင့်ဆန္ဒပြုစေခဲ့ကြသည်။ အသင်းသားဦးရေ ၃၀၀ကျော်၏ထောက်ခံဆန္ဒပြုမှုဖြင့် အထူးအစည်းအဝေးရာနှုန်းပြည့်အထမြောက်အောင်မြင်ခဲ့ပေသည်။ ထိုအောင်မြင်မှုများဖြင့် ဝါရင့်ပုဂ္ဂိုလ်ကြီးများအကြား ဗိဝါဒ ကွဲပြားနေမှုကို ချေဖျက်နိုင်ခဲ့သည်။

WESTERN PARK ROYAL ခန်းမတစ်ခုလုံး အလွန်သက်ဝင်နေလေသည်။ စင်မြင့်ထက်တွင် သူငယ်ချင်းဘိုဘို (အတွင်းရေးမှူးဦးဇော်ဘိုခန့်) ကတစ်နှစ်တာလုပ်ဆောင်ချက်များကို တစ်ခုချင်းအစီရင်ခံနေသည်။ သူ့အစီရင်ခံစာတွင် ဘာများ ထူးထူးခြားခြား ပါလာလိမ့်ဦးမည်ကို ကျွန်တော်နားစွင့်နေမိသည်။ သူအမှုဆောင်စတင်ဖြစ်စဉ်အလုံမျှရှိတနာပါပြီ တက္ကသိုလ်တွင်ကျင်းပသောအကြိမ် ၈၀ နှစ်ပတ်လည် တုန်းကလည်း အစီရင်ခံစာအဆုံးတွင် အသင်းအတွက် လိုအပ်သော ကွန်ပျူတာနှင့် အသင်းပိုင်ကား ဝယ်ယူရန် စိုင်းပြင်းနေကြောင်း ကတိပြုခဲ့ဖူးသည်။ ထိုကတိအတိုင်းပင် ၂၀၀၇ ခုနှစ် ဧပြီလ ၂၆ရက်နေ့တွင် ကျပ် ၈၈၆၄၀၀/-(ကျပ်ရှစ်သိန်းရှစ်သောင်း ခြောက်ထောင့်လေးရာ)တန်ဖိုးရှိအသင်းလုပ်ငန်းသုံးကွန်ပျူတာနှင့်ပရင်တာတစ်စုံကိုဝယ်ယူခဲ့သည်။ ထို့ပြင် အမှုဆောင်များ မ,တည်ငွေနှင့် ထားဝယ်သူ ထားဝယ်သား အလှူရှင်များ၏ အလှူငွေများစုပေါင်း၍ ကျပ် ၂၅၀,၀၀,၀၀၀/- (ကျပ်သိန်းနှစ်ရာငါးဆယ်တိတိ)တန်ဖိုးရှိ (၂၁/၆၀၈၇) MITSUBISHI CANTER အမျိုးအစား မော်တော်ယာဉ် တစ်စီးကိုလည်း ဩဂုတ်လအတွင်း ဝယ်ယူနိုင်ခဲ့ကြသည်။ မော်တော်ယာဉ်ထိန်းသိမ်းရေး ကော်မတီကိုဖွဲ့စည်းလျက်အသင်း၏သာရေး၊ နာရေး၊ ကျန်းမာရေး၊ ပညာရေး နှင့် လူမှုရေးလုပ်ငန်းများကို ထိထိရောက်ရောက် ကျယ်ကျယ် ပြန့်ပြန့် ဆောင်ရွက်လာနိုင်ခဲ့ကြရာ အတော်ပင်ခရီးရောက်ခဲ့သည် ဆိုရပေမည်။

ကျွန်တော့်လက်ထဲ ရောက်နေသည့် စိမ်းရောင်ခြယ်ရှင်းတမ်းစာအုပ်ငယ်မှ စာရွက်များကို တစ်ရွက်ချင်း လှန်ကာဖတ်ကြည့်ဖြစ်ပါသည်။ယခင်နှစ်ကပြုလုပ်သောနှစ်ပတ်လည်အစည်းအဝေး၊ အသင်းနာယက တိုးချဲ့ဖွဲ့စည်းမှုများနှင့်အမှုဆောင်အင်အား ပြောင်းလဲ ဖွဲ့စည်းမှုတို့ကိုတွေ့ရသည်။ ထို့အပြင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဂုဏ်ပူဇော်ပွဲ၊ ထားဝယ်မိုးရာသကြိန် (ရေးဇီမုန်း)ပွဲ၊ ဝါဆို သင်္ကန်းကပ်လှူပွဲ၊ သီတင်းကျွတ်ဆွမ်းတော်ကြီးတင်လှူ ပူဇော်ပွဲ စသည့် ဘာသာရေးနှင့် မိုးရာယဉ်ကျေးမှုကိုအခြေခံသောပွဲများကို အစဉ်အလာမပျက် ပြုလုပ်နေကြသည်ကို ဖတ်ရသည်။ အချို့ပွဲများသို့ ကျွန်တော်ရောက်ဖြစ်သည်။ ထိုသို့သောပွဲများကို အခါအားလျော်စွာ ပြုလုပ်ပေးခြင်းသည် အသင်းနှင့် ထားဝယ်သူ ထားဝယ်သားများအကြား ရင်းနှီးခင်မင်မှုကိုတိုးပွားစေမည်အမှန်ပင်။

အသင်း၏နာရေးကူညီမှုသည်လည်း ထားဝယ်သူ၊ ထားဝယ်သား အားလုံးကို ကိုယ်စားပြုထားသည်ကို တွေ့ရသည်။ ယခင်ကအသင်းသားတစ်ဦး နာရေး ဖြစ်ပေါ်ပါကအထောက်အထားနှင့်တကွပြသ၍ အသင်းတွင် ကျပ်ငွေ ၅၀၀၀ကျပ်ကို မိသားစုဝင် တစ်ဦးဦးက အသင်းတွင်ကိုယ်တိုင်သွားရောက်ထုတ်ယူရသည်ဟုကြားဖူးသည်။ ယခုသော်သည်သို့မဟုတ်တော့။ အသင်းဝင်နှင့်အသင်းမဝင်ရသေးသည့် ထားဝယ်သူ ထားဝယ်သားအားလုံး၏နာရေးကိစ္စတိုင်းသို့ အသင်းအမှုဆောင်များနှင့် ရုံးအဖွဲ့ဝင်များကအိမ်တိုင်ရာရောက် အလှည့်ကျသွားရောက် အားပေးနှစ်သိမ့်ကြပြီး အကူငွေ ၁၀,၀၀၀/- (ကျပ်တစ်သောင်း တိတိ)ကိုလှူဒါန်းသည်။ နာရေးပို့ဆောင်ရန်အသင်းပိုင်ကားကိုလည်းကူညီပေးသည်။ တစ်ချိန်တည်း နာရေးတိုက်ဆိုင်မှုရှိပါကလည်း အသင်းပိုင်ကားအပြင် အခြားသောကားများကိုပါငှားရမ်းစီစဉ်ပေးကြသည်။ အသင်းသားများ၏နာရေးအတွက်မှအမှုဆောင်အဖွဲ့ကသတင်းစာတွင်နာရေးကြော်ငြာထည့်ပေးသည်ကိုလည်း တွေ့ရသည်။ ၂၀၀၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အတွင်း ထားဝယ်သူ ထားဝယ်သား စုစုပေါင်း ၃၄၄ ဦးတို့၏ နာရေးကူညီမှုအတွက် စုစုပေါင်းကျပ်ငွေလေးဆယ့်သုံးသိန်းကျော်ကူညီလှူဒါန်းခဲ့ကြသည်ကိုမှတ်တမ်းများက ဖော်ပြနေပါသည်။

အမှုဆောင်အဖွဲ့သည် ကျန်းမာရေးကူညီမှုကိုလည်း စဉ်ဆက်မပြတ် လုပ်ဆောင်လာနိုင်ကြသည်။ ၂၀၀၄ ခုနှစ်မှ စတင်၍ ဥက္ကဋ္ဌဦးခင်စိုး မ,တည် လှူဒါန်းပေးခဲ့သော

ကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်ကို အမှုဆောင်လူငယ်များ စနစ်ကျအောင် ဖြုပြင်ပေးခဲ့ကြသည်။ ရန်ကုန်မြို့ရှိ နိုင်ငံတော်အစိုးရ အသိအမှတ်ပြုဆေးရုံများတွင် ဆေးကုသမှုခံယူနေကြရသည့် ထားဝယ်သူ ထားဝယ်သားအားလုံး၏ကျန်းမာရေးအခြေအနေကိုအသင်းအမှုဆောင်များနှင့် ရုံးအဖွဲ့ဝင်များ သွားရောက်သတင်းမေးမြန်းကြပြီး တစ်ဦးလျှင် ကျန်းမာရေးထောက်ပံ့ငွေကျပ် ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ)ကို ကူညီပေးနေကြသည်။ ၂၀၀၈-၂၀၀၉ခုနှစ် များတွင် ကျန်းမာရေးထောက်ပံ့ငွေကျပ် ၂၃၂၅၀၀၀/- (ကျပ်နှစ်ဆယ့်သုံးသိန်း နှစ်သောင်းငါးထောင်တိတိ) အသုံးပြုခဲ့ကြသည်ကိုတွေ့ရသည်။

ထို့အပြင်အသင်းဥက္ကဋ္ဌ ဦးခင်စိုး၏ လမ်းညွှန်ချက်နှင့် အမှုဆောင်နှင့် ရုံးအဖွဲ့ဝင်တို့၏ စီစဉ်ဆောင်ရွက်မှုများကြောင့် "ကန်တော့ခံသက်ကြီး ကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ်" *(Health Care for Older People Programme)* စာမျက်နှာသစ်ကိုလည်း ဖွင့်လှစ်နိုင်ခဲ့ကြသည်။ အသက်၇၅ နှစ်ပြည့်ပြီးကြသောကန်တော့ခံ အသင်းဝင်အဘိုးအဘွား ၃၃၃ဦး တို့၏ ကျန်းမာရေးအခြေအနေကို ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ၁၃ရက်နေ့မှစ၍ သက်ဆိုင်ရာမြို့နယ်စည်းရုံးရေးမှူးများနှင့်အတူ ကွင်းဆင်း သတင်းမေးမြန်းကြရာ ကျန်းမာရေးချို့တဲ့နေသူအဘိုးအဘွား ၂၈ဦးကို တွေ့ရှိရသည်။ ထိုအဘိုးအဘွား ၂၈ဦးအား တစ်ဦးလျှင် ကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်း) တန်ဖိုးရှိ အာဟာရဓာတ်စာများဖြင့် သွားရောက်ကန်တော့ကာ စောင့်ရှောက်ခဲ့ကြသည်။ထိုသို့ အဘိုးအဘွားများ၏အခြေအနေများကို နှစ်စဉ်ကွင်းဆင်းလေ့လာစောင့်ကြည့်နေကြရာ ၂၀၀၉ ခုနှစ်တွင် ကျန်းမာရေးချို့တဲ့သူအဘိုးအဘွား ၂၉ဦးရှိခဲ့ပါသည်။ သက်ကြီးကျန်းမာရေးဆပ်ကော်မတီမှကျန်းမာရေး ချို့တဲ့ပြီး ကျောထောက်နောက်ခံမရှိသူ အဘိုးအဘွား၈ဦး အား(အေ)အဆင့်သတ်မှတ်ချက်တစ်ဦးလျှင်အာဟာရဓာတ်စာကျပ်၁၀၀၀၀/- (ကျပ်တစ်သောင်း)တန်ဖိုးရှိကန်တော့ ပစ္စည်းများနှင့် ငွေသားကျပ်၁၀၀၀၀/(ကျပ်တစ်သောင်းတိတိ)လစဉ်ထောက်ပံ့နေကြသည်။ ကျောထောက်နောက်ခံရှိပြီး ကျန်းမာရေးချို့တဲ့သော အဘိုးအဘွား ၂၁ဦးအား (ဘီ) အဆင့်သတ်မှတ်ကာ တစ်ဦးလျှင် ကျပ် ၁၀၀၀၀/- (ကျပ်တစ်သောင်း) တန်ဖိုးရှိ အာဟာရဓာတ်စာများကို၃လလျှင်တစ်ကြိမ် အိမ်တိုင်ရာရောက် သွားရောက်စောင့်ရှောက် ကန်တော့ကြသည်ကိုတွေ့ရသည်။

အမှုဆောင်အဖွဲ့အစီရင်ခံစာတွင်လည်း "ထားဝယ်အသင်းအမှုဆောင်ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ကန်တော့ခံသက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီသည် ကန်တော့ခံ သက်ကြီးကျန်းမာရေးချို့တဲ့သူများကို စဉ်ဆက်မပြတ် တိုးမြှင့် ထောက်ပံ့စောင့်ရှောက်သွားရန် စီစဉ်ထားကြောင်း" အစီရင်ခံ တင်ပြထားသည်မှာ ပီတိဖြစ်စရာ၊ အားရစရာ ကောင်းလှပေသည်။

ထားဝယ်သူ၊ ထားဝယ်သားများအတွက် ကျန်းမာရေးအထောက်အပံ့တစ်ခုဖြစ်သော အရေးပေါ် သွေးလှူဒါန်းရေးအစီအစဉ်ကိုလည်း အကောင်အထည် ဖော်နိုင်ခဲ့ကြပြီဖြစ်သည်။ အမှုဆောင်များ တစ်ဦးချင်းစီ၏ သွေးအမျိုးအစားများကိုမှတ်တမ်းပြုစုထားခြင်း၊ ထားဝယ်ဘုန်းတော်ကြီးကျောင်းများမှ ရဟန်းသံဃာများနှင့် ဆက်သွယ်ဆောင်ရွက်ထားခြင်းတို့ဖြင့် အရေးပေါ် သွေးလိုအပ်မှုကို ဖြေရှင်းနိုင်ရန် စီစဉ်ထားကြောင်း တာဝန်ခံ-ကိုအောင်ကို ထံမှသိရသည်။ ရန်ကုန်မြို့တွင်းရှိ ဆေးရုံများတွင်တက်ရောက် ကုသနေကြသော ထားဝယ်သူ၊ ထားဝယ်သားလူနာရှင်များ အရေးပေါ် သွေးလိုအပ်ချက်အတွက်ချက်ချင်း ကူညီဖြည့်စွမ်း ပေးနိုင်ရန် သွေးအလှူရှင်များအဖွဲ့ကို ၂၀၀၇ ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြသည်။ ၂၀၁၀ ခုနှစ်မှစတင်၍ သွေးလှူဒါန်းပေးကြသော စေတနာရှင်များအားကျေးဇူးတုန့်ပြန်သည့်အနေဖြင့် ထားဝယ်အသင်း အထိမ်းအမှတ်တံဆိပ်ပန်းထိုးထားသောမျက်နှာသုတ်ပဝါများကို ဂုဏ်ပြုလက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ရန် စီစဉ်ဆောင်ရွက်နေကြသည်ကိုလည်းသိရှိရပါသည်။ အစည်းအဝေးခန်းမ တစ်ခုလုံး လက်ခုပ်ဩဘာသံများဖြင့် ဆူညံသွားသည်၊ ဆယ်တန်းတွင်ဂုဏ်ထူးရ ကျောင်းသူ ကျောင်းသားများကို ရွှေငါးမူးသားဆွဲပြား၊ ဆုတံဆိပ်နှင့် ငွေသား ၄၂၀၀၀/- (ကျပ်လေးသောင်းနှစ်ထောင်)ကို ဥက္ကဋ္ဌကိုယ်တိုင် ပေးအပ်ချီးမြှင့်နေသည်မှာ ဂုဏ်ယူဖွယ်ရာပင်။ ၅ဘာသာဂုဏ်ထူးရှင်များအတွက် ရွှေတစ်မတ်သားဆွဲပြား၊ ဆုတံဆိပ်နှင့် ငွေသား၃၅၀၀၀/- (ကျပ်သုံးသောင်းငါးထောင်) ကျပ်စီ၊ ၄ဘာသာဂုဏ်ထူးမှ ၁ဘာသာဂုဏ်ထူးအထိ ဆုရရှိသူကျောင်းသူ၊ ကျောင်းသားများအတွက် ဆုတံဆိပ်တစ်ခုစီနှင့် ဂုဏ်ထူးတစ်ခုအတွက်၇၀၀၀/-(ကျပ်ခုနစ်ထောင်)သတ်မှတ်ထားပြီးအမှုဆောင်များကအလှည့်ကျချီးမြှင့်ပေးနေကြသည်။ ယနေ့ ထားဝယ်သူထားဝယ်သား ကျောင်းသား၊ ကျောင်းသူများအတွက် အားတက်ဖွယ်ရာပင်။ အမှုဆောင်များသည် ဆယ်တန်းအောင်ထူးချွန်ကျောင်းသားများသာမက အသင်းဝင်သားသမီးများ၊ အသင်းဝင်များမှ ပါရဂူ ဘွဲ့ရဆရာဆရာမများနှင့် စာပေ ယဉ်ကျေးမှု အနုပညာနှင့် အားကစားဆိုင်ရာ ထူးချွန်ပညာရှင်များကိုလည်း အစဉ်အလာမပျက် ဂုဏ်ပြု

ချီးမြှင့်ကြသည်ကိုလည်း တွေ့ရသည်။

ပညာရည်ချွန်ဆုများပေးနေသည်ကို လေ့ကြည့်ရင်း ကျွန်တော်ရခဲ့စဉ်က ရရှိသောဆုငွေပမာဏနှင့် အလွန်ကွာခြားသွားပြီဖြစ်ကြောင်း တွေးမိပြန်သည်။ အသင်းမှပေးသော ပညာသင်ဆုကိုလည်း ကျွန်တော်ရရှိခဲ့ဖူးသည်။ ယနေ့မူကား ပညာသင်ဆုတစ်လလျှင် ၃၀၀၀ဝိ/-(ကျပ်သုံးသောင်း) ကို တက္ကသိုလ်ပညာ ဆုံးခန်းတိုင်သည်အထိ ခံစားခွင့်ရနေကြပြီ။ တစ်နှစ်လျှင် သုံးဦးကျ ပညာသင်ဆုရွေး ထောက်ပံ့လာခဲ့ကြရာ ၁၇ဦးကို အသင်းမှတာဝန်ယူ ထောက်ပံ့ပေးနေပြီဖြစ်ကြောင်းတွေ့ရသည်။ ယနေ့အသင်းမှပေးသော ထောက်ပံ့ဆုကြေးပမာဏသည် ကျွန်တော်ရရှိ ခဲ့စဉ်က ဆုကြေးပမာဏနှင့် နှိုင်းစာ၍မရနိုင်တော့ပါ။

အသင်းအမှုဆောင်များသည် ကယ်ဆယ်ရေးလုပ်ငန်းများတွင်လည်းလက်မတွန့်ကြပေ။ ၂၀၀၈ ခုနှစ်က ထားဝယ်သား ရေမျောစုကွသည်နှစ်ဦး ရန်ကုန်မြို့သို့ရောက်ရှိလာခဲ့ကြရာ အသင်းတွင် တည်းခိုစေပြီး နေရပ်သို့ပြန်ရန် အတွက်ခရီးစရိတ် ကျပ် ၂၀၀၀ဝိ/- (ကျပ်နှစ်သောင်း)စီ ထောက်ပံ့ကူညီခဲ့ကြရသည်။ ထို့ပြင် ၂၀၀၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၊ ပို့ဘလဲယားမြို့မှ ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိလာခဲ့ကြသော ထားဝယ်သား ရေမျောစုကွသည် ၂၀ဦးကိုလည်း နေရပ်သို့ပြန်နိုင်ရန်အတွက် အသင်းမှ စီစဉ်ဆောင်ရွက် ပေးခဲ့ရသည်။ ထားဝယ်သူထားဝယ်သားအရေးတွင်သာမကတစ်အူထုံ့ဆင်းတိုင်းရင်းသားညီနောင်များ၏အရေးတွင်လည်း လက်မနေးကြပါ။ ၂၀၀၈ခုနှစ်၊ မေလ ၂ရက်နေ့တွင် ကြောက်မက်ဖွယ် တိုက်ခတ်ခဲ့သော နာဂစ်ဆိုက်ကလုံး မုန်တိုင်းသင့်ခံရသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ လေဘေးဒုက္ခသည်များကိုလည်း လက်လှမ်းမီသမျှ တတ်အားသရွေ့ ကူညီခဲ့ကြသည်။ အသင်းအမှုဆောင်များမှ ရန်ကုန်မြို့ရှိ ဘိုကလေးအသင်း၊ ဖျာပုံ အသင်း၊ မော်လမြိုင်ကျွန်းမြို့နယ်အသင်းနှင့် လပွတ္တာမြို့နယ် အသင်းတို့အား အလှူငွေ ကျပ်၃၀၀,၀၀ဝိ/-(ကျပ်သုံးသိန်း) စီလှူဒါန်းခဲ့ကြသည်။ ဤမျှမကသေး ထားဝယ်အသင်းမှ ကမကထပြုပြီး နာဂစ်မုန်တိုင်းသင့် ဒေသများသို့ မော်တော်ယာဉ်လေးစီးဖြင့် သွားရောက်၍ ကျပ်၁၀၃,၁၂၀၀ဝိ/- (ကျပ် တစ်ရာ့သုံးသိန်း တစ်သောင်းနှစ်ထောင်)တန်ဖိုးနှင့်ညီမျှသော လူသုံး၊ အိမ်သုံးအထောက်အပံ့ပစ္စည်းများကို အမှုဆောင်များနှင့် ထားဝယ်သူ၊ ထားဝယ်သား ညီအစ်ကိုမောင်နှမများက ကိုယ်တိုင်ကိုယ်ကျလှူဒါန်းခဲ့ကြသည်ကို တွေ့ရပါသည်။

ညီနောင်အသင်းများဖြစ်သော မြိတ်အသင်း၊ ပုလောအသင်းနှင့်မော်လမြိုင်ရောက်ထားဝယ်အသင်း တို့နှင့်လည်း အပြန်အလှန် ချစ်ကြည်ရင်းနှီးမှုကိုအစဉ်မပျက်တည်ဆောက်ခဲ့ကြသည်။ မြိတ်၊ ပုလောအသင်းများနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ဂုဏ်ဆောင်စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် အားကစားအဖွဲ့များကို အစဉ်သဖြင့်မှုပေါင်း ဂုဏ်ပြုခဲ့ကြသည်။ မော်လမြိုင်မြို့ရှိ ထားဝယ်အသင်းနှင့် ရန်ကုန်မှ အမှုဆောင် များ၊ အသင်းသားများရင်းနှီးချစ်ကြည်မှုရစေရန် ချစ်ကြည်ရေးခရီးထွက်ခြင်း၊ အထိမ်းအမှတ်အခမ်းအနားများတွင် အပြန်အလှန်ဖိတ်ခေါ်ကြခြင်းစသည့် ချစ်ခင်ဖွယ်ရာ ဆက်ဆံရေးများကိုလည်း ဆောင်ရွက်နိုင်ခဲ့ကြသည်။

အခမ်းအနားအစီအစဉ်များပြီးမြောက်၍ စည့်ခံကျွေးမွေးရေးအစီအစဉ်နှင့်အတူ တေးသံရှင်ခိုင်မြသာ ဦးဆောင်သော တီးဝိုင်းအဖွဲ့က တေးသီချင်းများကို တောင်တီးခတ်နေသည်။ တေးသံရှင်ခိုင်မြသာ သီဆိုနေသော "လှမ်းခဲ့ထားဝယ်မြေ" တေးသီချင်းသည် ခန်းမတစ်ခုလုံး လွှမ်းသွားသည်။ ထားဝယ်ဒိန်းသီချင်းမှ စာသား တချို့ကိုယူပြီး မြူးမြူးကြွကြွ ရေးစပ်ထားသည်မှာ ပျော်ရွှင်ကြည်နူးဖွယ် ကောင်းသလို၊ ဇာတိမြေနှင့်ဝေးသူတွေအတွက် အောက်မေ့ တသချင်စရာကောင်းလှသည်။ တေးသီချင်း မြူးကြွမှုတွင် မြောပါ ကျေနပ်နေကြရင်း တေးသံရှင်ခိုင်မြသာအား ဂုဏ်ပြုဆုငွေများချီးမြှင့်နေကြသည်ကိုလည်းတွေ့ရပေသည်။ ဂုဏ်ထူးဆုတံဆိပ်များပေးနေစဉ်က ဆုတံဆိပ်များအကြား တိုက်ပုံတကားကားနှင့် ပျာယီးပျာယာဖြစ်နေခဲ့သော ကိုညီညီ တစ်ယောက် စင်ပေါ်သို့ ဘွားခနဲရရောက်လာ ခိုင်မြသာအား ဆုငွေချီးမြှင့်နေပေသည်။ သူ့မျက်နှာတွင် စိုးရိမ်ပူပန်မှု အလျှင်းမရှိတော့ပြုံးရွှင်နေပေသည်။ တေးသီချင်း သီဆိုမှု အပြီးတွင် ခိုင်မြသာက ထားဝယ်တေးသံရှင် နိုင်ငံကျော်အဆိုတော်များဖြစ်ကြသည့် စည်သူလွင်၊ မျိုးကျော့မြိုင်၊ ဘုန်းခန့် တို့ကိုလည်း ဖိတ်ပေးထားကြောင်း မိတ်ဆက်ပေးသည်။ ခိုင်မြသာ သည် ထားဝယ်အသင်း၏အခမ်းအနားအချို့တွင် အစီအစဉ်တင်ဆက်သူအဖြစ် အခါအားလျော်စွာ စေတနာဖြင့် ကူညီခဲ့သည်ကိုလည်းကျွန်တော်အမှတ်ရနေမိပါသည်။

တေးဂီတအစီအစဉ်များပြီးဆုံး၍ ကံစမ်းမဲဖောက်ပေးသောအခါ ပေါက်မဲနံပါတ်များကို ဘိုဘို ကြေညာသည်။ သူကြေညာသော ကံစမ်းမဲ နံပါတ်များသည် ကျွန်တော့်လက်ထဲ ရောက်ရှိနေသောလက်မှတ်မှနံပါတ်များနှင့်

တစ်လုံးတစ်လေမျှမတူ ပလုံနေသည်။ ကံစမ်းမဲအစီအစဉ်ပြီး၍ အခမ်းအနား ပြီးဆုံးကြောင်း၊ ဧည့်ပရိသတ်များနှင့် ဂေါ်တကအဖွဲ့များအား ကျေးဇူးတင်ကြောင်း ဘိုဘိုကပြောသည်။ထို့နောက် မှတ်တမ်းဓာတ်ပုံရိုက်ရန် အမှုဆောင်များအား ဖိတ်ခေါ်သည်။

ပိုးကတ္တီပါကားလိပ်အနီရဲရဲရှေ့တွင် ညီညာစွာရပ်၍ ဓာတ်ပုံအရိုက်ခံနေကြသော အမှုဆောင်အဖွဲ့ဝင်များကိုကြည့်လျက် အခမ်းအနားစင်ပေါ်တွင်ထားဝယ်အသင်းအမှတ်အသားတံဆိပ်ပြားတစ်ခု ချိတ်ဆွဲထားလျှင်မည်မျှ တင့်တယ်နေပေမည်ဟု တွေးနေမိသည်။ ကမ္ဘာလုံးစက်ဝိုင်းထဲတွင် ထားဝယ်ခရိုင်ကုန်းတွင်း အစိတ်အပိုင်းကို ဗုဒ္ဓသာသနာတော် လွှမ်းခြုံငြိမ်းချမ်းသည့်နိမိတ် ရွှေဝါရောင်အမှတ်အသားနှင့် မောင်းမကန်အပန်းဖြေစခန်းရှိရာ ကပ္ပလီပင်လယ်ပြင်ကိုရည်ညွှန်းသည့် အေးချမ်းခြင်းနိမိတ်ကိုဆောင်ယူပေးသော ပင်လယ်ပြာပြာတို့ ပေါင်းစပ်ထားသည်မှာ ပန်ရ လှပေသည်။ မြေပုံစက်ဝိုင်းကို သစ္စာသတ္တိ၊ သမာဓိ အစဉ်ခိုင်မြဲနေသည့်ထားဝယ်ဇာတိဂုဏ်ကိုပေါ်လွင်စေသည့် ကြင်းကျေနဝင်းကျေ 'သ' သုံးလုံး သံကြိုးကဝန်းရံထားသည်။ မြေပုံအောက်ခြေတွင် ထူးချွန်ထက်မြက်သော ထားဝယ်အာဇာနည်ပုဂ္ဂိုလ်များအားဂုဏ်ပြုသည့်သဘော၊ ရဲရဲတောက်အားမာန်ပါသည့်အနီရောင်ကမ္ပည်းချပ်။ ၎င်းအပေါ်တွင် **'ထားဝယ်အသင်း'** စာတန်းကို တည်ကြည်ခြင်း၊ သမာဓိရှိခြင်း၊ ထည်ဝါခြင်းဂုဏ်များ ပြည့်လျှမ်းနေသည့် အဝါရောင်ဖြင့် ပေါ်လွင်အောင်ရေးထားသည်။ ဂုဏ်သတ္တိများစွာနှင့် ထည်ဝါလှသောအသင်းတံဆိပ်ကို ရာပြည့်အခမ်းအနားတွင် ချိတ်ဆွဲသင့်သည်ဟုသူငယ်ချင်းဘိုဘိုအားအကြံပေးရပေဦးမည်။

အမှုဆောင်များအမှတ်တရ ဓာတ်ပုံရိုက်နေကြချိန် ကျွန်တော်ခန်းမထဲမှထွက်ခဲ့သည်။ စက်လှေကားမှဆင်းပြီး ညာဘက်ရှိ အသင်း လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံ ဘုတ်ပြားဆီသို့သွားကာမှတ်တမ်းတင်ဓါတ်ပုံများ၊ဘာသာရေးမှတ်တမ်းဓာတ်ပုံများအပြင် အသင်းဥက္ကဋ္ဌ ဦးခင်စိုး လှူဒါန်းသော ရန်ကုန်မြို့မှမျက်စိပါရဂူ ဆရာဝန်ကြီးများအဖွဲ့ကို ပင့်ဆောင်လျက် ထားဝယ်ဒေသရှိ မျက်စိဝေဒနာရှင်များအား အခမဲ့မျက်စိကုသအလှူဒါန ပွဲတွင် ထားဝယ်အသင်းမှ နာယကနှင့် အမှုဆောင်အဖွဲ့ဝင်များက သွားရောက်၍ လုပ်အားဒါန လှူဒါန်းကြပုံမှတ်တမ်းများကို ဝေဝေဆာဆာတွေ့ရသည်။ အသင်းအမှုဆောင်များ၏တက်ကြွနေသောစိတ်ရင်းစေတနာ များဓာတ်ပုံကားချပ်ပေါ်တွင် ရှိုးရှင်းစွာ မြင်တွေ့ရပေပြီ။ အသင်းအမှုဆောင်များသည် ၂၀၀၈-ခုနှစ်ကလည်း ထားဝယ်ခရိုင်အတွင်းရှိ ထားဝယ်သူ ထားဝယ်သားများ ကျန်းမာရေးကို တစ်ထောင့်တစ်နေရာမှ ကူညီပံ့ပိုးပေးလိုသည့် စေတနာဖြင့် ထားဝယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း ဖွင့်လှစ်ထားရှိသော "အာယုဒါနအရေးပေါ် အောက်စီဂျင် လှူဒါန်းရေးအဖွဲ့"သို့ ငွေကျပ် ၂၇၇၅၀၀၀/- (နှစ်ဆယ့်ခုနစ် သိန်းခုနစ်သောင်းငါးထောင်) တန်ဖိုးရှိ ဓာတ်ငွေ့ရည် အပါ

အဝင် အောက်စိချင်ဘူး၁၅လုံးကို ပေးအပ်လှူဒါန်းခဲ့ကြသေးသည်။ အမှုဆောင်များသည် ရန်ကုန်မြေတွင်သာမက ဇာတိမြေသို့ပါလှမ်းလျှက် ထားဝယ်သူ ထားဝယ်သားအကျိုးစီးပွားအတွက် တက်တက်ကြွကြွ အားထည့်ဆောင်ရွက်လာနိုင်ခဲ့ကြပေသည်။

အသင်း၏အကျိုးအတွက်သူတို့၏မျက်စိနားတို့ကို ဖွင့်မြဲ၍ ခရီးသစ်တစ်ခုဖောက်လုပ်ခဲ့ကြပြီး ထားဝယ်အနာဂတ်နှင့် ထားဝယ်ဘဝများသည် အစဉ်သဖြင့်လှပစေဖို့အတွက် ကျွန်တော်နှင့်တကွ ထားဝယ်သူ ထားဝယ်သား ညီအစ်ကိုမောင်နှမများနှင့် မျိုးဆက်သစ် ညီငယ်ညီမငယ် တို့အားလုံးထားဝယ်အသင်းဝင်ဖြစ်ကြစေဖို့လိုအပ်ပါသည်။အသင်းဝင်များဖြစ်ပြီး အသင်းနှင့် လက်ပွန်းတတီး နေနိုင်ကြစေရန်ကြိုးစားကြရဦးမည်ဖြစ်သည်။ သို့မှသာ သူတို့၏ခက်ခက်ခဲခဲကြိုးပမ်းထားမှုများ အရာထင်စေမည်၊ ဂုဏ်ပြုရာလည်းမြောက်ပေမည်။

ထွေရာလေးပါး တွေးတောရင်း Hotel ကို ကျွန်တော်ကျောခိုင်းနေပါသည်။ အသင်းဥက္ကဋ္ဌ၏ နှုတ်ဆက် နိဂုံးစကားထဲတွင်လာမည့်နှစ် ၂၀၁၁ ခုနှစ်တွင် အသင်းနှစ်၁၀၀ပြည့်ဖြစ်၍ ရာပြည့်အထိမ်းအမှတ်အခမ်းအနားကို ခမ်းခမ်းနားနားကျင်းပမည်။ "နှစ်တစ်ရာပြည့်မဂ္ဂဇင်း"ကိုလည်း ထူးထူးခြားခြားထုတ်ဝေသွားမည်။ လာမည့်နှစ်၁၀၀ပြည့်တွင် ပျော်ပျော်ပါးပါး ပြန်လည်ဆုံတွေ့ကြဦးစို့ဟု ရင်တွင်းသံဖြင့်တက်ကြွလန်းဆန်းစွာပြောခဲ့သောစကားလုံးများကကျွန်တော့်ရင်ကို အထိဆုံး။

သူတို့၏ဆန်းသစ်နုမြစ်သော အတွေးစိတ်ကူးပုံရိပ်များဖြင့် ရာပြည့်သဘင်ကို အဘယ်သို့ဖန်တီးကြဦးမည်ကိုတွေးနေမိပါသည်။

နေ့၁၁နာရီ၏ နေရှိန်ပြင်းပြင်းသည် ကျွန်တော့်ခေါင်းပေါ်သို့ ပလုံးပထွေး လွှမ်းခြုံကျလာသည်ကို သတိထားမိသည်။ နံနက်စောစောပိုင်းက အေးတစ်လှည့် နွေးတစ်လှည့် ရှိခဲ့သလောက်၊ နေ့လယ်နေ့ခင်းတွင် နေမင်းကြီးက အားမာန်အပြည့်ဖြင့် သူ့တာဝန်ကိုကျေပွန်စွာထမ်းဆောင် ထွန်းလင်းနေပါပြီ။ သို့သော် နေအပူရှိန်ထက်ကျွန်တော့်ရင်တွင်းမှ ရာပြည့်ရင်ခုန်သံက အဆပေါင်းများစွာသာနေသလားလို့။

အသင်းသားတစ်ဦး

လက်ဆောင်မွန်

ခန္ဓာအရှိ
ဝေဒနာတွယ်ငြိ
သတိရှော့ရဲ အသိမမြဲသော်လည်း
မြဲသည့်အရာ
သူ့ရုပ်လွှာနှင့်
မျက်ဝန်းမှာထင်နေ
"ဘာသာဗေဒ"တွေ
နှုတ်ကမဟနိုင်ပေမဲ့ ....
တို့တွေနှလုံးသား
နားထဲစီးဝင်လာ
"အခမ်းနားဆုံး စကားလုံးများစွာ"ဟာ
ဘဝင်ကိုထိမှန်စဉ်မှာ
အားအင်တစ်ဖန်မွေးဖွား
ပီတိများစွာပွေ့ဖက်
ငါတို့ ..... ခရီးဆက်ကြဦးစို့ ။ ။

**(၂၈–၁၁–၂၀၁၀နေ့ထားဝယ်အသင်းသတိကြီးကျွန်းမောရေး
ဆောင်ရွက်မှုခရီးစဉ်အမှတ်တရ)**

ချေချေ

ဗုဒ္ဓအလိုကျ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ခြင်း

ဦးတင်ဦး (ဒု-ဥက္ကဋ္ဌ) ထားဝယ်အသင်း

ယနေ့ကမ္ဘာတွင် ဆီဝနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ လူသားများ၏ သက်တမ်းပိုရှည်လာပါသည်။ သက်ကြီးရွယ်အိုများ နေ့စဉ်တိုးပွားလျက်ရှိရာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်နေကြပြီဖြစ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း၅၀ကျော်ကပင် ဘိုးဘွားရိပ်သာများထူထောင်ပြီး သက်ကြီးရွယ်အိုများကို စောင့်ရှောက်ပေးခဲ့သည်။ ကမ္ဘာ့အရပ်ရပ်တွင်လည်း သက်ကြီးရွယ်အိုများကို လူမှုရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုကာကွယ်စောင့်ရှောက်လာနိုင်ရန် ရည်ရွယ်၍နှစ်စဉ် အောက်တိုဘာလ ၁ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အဖြစ် သတ်မှတ်ပေးထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ကျော်ကပင် ဗုဒ္ဓ မြတ်စွာဘုရားအနေဖြင့် သက်ကြီးရွယ်အိုများကို သင်္ဂဟတရား လေးပါး(ဒါန၊ ပေယျဝဇ္ဇ၊ အတ္ထစရိယာ၊ သမာနတ္တတာ) နှင့်အညီ ကူညီစောင့်ရှောက်ရန် လမ်းညွှန်ဟောကြားခဲ့ပါသည်။

သင်္ဂဟတရား လေးပါးကားအောက်ပါအတိုင်းဖြစ်သည်။

(၁) ဒါန – ထောက်ပံ့ပေးကမ်းမှု

လူအချင်းချင်း ပေါင်းသင်းဆက်ဆံရာ၌ ထောက်ပံ့ပေးကမ်းခြင်းဖြင့် ချီးမြှောက်ထိုက်သူကို ထောက်ပံ့ပေးကမ်းမှုဖြင့် သာပေါင်းသင်းရမည်။

(၂) ပေယျဝဇ္ဇ – ချစ်မြတ်နိုးဖွယ်ရာ ချိုသာစွာ စကားဆိုမှု

ပေးကမ်းမှုကို အလိုမရှိ၊ ချစ်မြတ်နိုးဖွယ်ရာ ချိုချိုသာသာပြောဆိုဆက်ဆံမှုကိုသာ အလိုရှိသောသူအား ချိုချိုသာသာ ပြောဆိုမှုဖြင့်သာ ပေါင်းသင်းရမည်။

(၃) အတ္ထစရိယာ – ကြီးပွားတိုးတက်ကြောင်းကို သွန်သင်ညွှန်ပြပေးမှု

ပေးကမ်းမှုစသည်ကို အလိုမရှိ၊ မိမိဘဝ၏ ကြီးပွားတိုးတက်ရေးကို လိုလားသောသူအား ကြီးပွားတိုးတက်ကြောင်းကို သွန်သင်ညွှန်ပြပေးမှုဖြင့်သာ ပေါင်းသင်းရမည်။

(၄) သမာနတ္တတာ – နေထိုင်စားသောက်ရေး၌ မိမိနှင့်ထပ်တူပြုမှု။

ပေးကမ်းမှုစသည်ကို အလိုမရှိ၊ နေထိုင်စားသောက်ရေး၌ ခွဲခြားမှုမပြုဘဲ မိမိနှင့်တန်းတူပြုမှုကိုသာ အလိုရှိသူအား မိမိနှင့်ထပ်တူပြုမှုဖြင့်သာ ပေါင်းသင်းရမည်။

(မိဘနှင့်သားသမီး၊ ဆရာနှင့်တပည့်၊ မိတ်ဆွေအသင်းအပင်း၊ လူသားအရှင်းချင်း ပေါင်းသင်း ဆက်ဆံကြရာ၌ သင်္ဂဟတရားလေးပါးသည် အလွန်လိုအပ်၏။ စည်းလုံး ညီညွတ်မှု၊ ချစ်ခင်မှု၊ ငြိမ်းချမ်းမှုကို ဖြစ်စေ၏။)

ကျွန်တော်တို့ ထားဝယ်အသင်းသည်လည်းပရဟိတလုပ်ငန်းအမျိုးမျိုးအတွက် ဆပ်ကော်မတီများနှင့်ဖွဲ့စည်းလုပ်ဆောင်နေရာတွင် ကန်တော့ခံသက်ကြီး ကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

ကျွန်တော်တို့ ကန်တော့ခံသက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီသည်သင်္ဂဟတရားလေးပါးနှင့်အညီ (***Health Care for Older People Program***) ကို ရေးဆွဲ၍ ရန်ကုန်မြို့တွင်နေထိုင်သော ထားဝယ်သူ/သား အသက်၇၅ နှစ်အထက်သက်ကြီး ဘိုးဘွားများကိုတစ်နှစ်လျှင် အနည်းဆုံး တစ်ကြိမ် ကျန်းမာရေးစစ်တမ်းများကိုကွင်းဆင်း ကောက်ယူခြင်း၊ သက်ဆိုင်ရာနယ်မြေခံစည်းရုံးရေးမှူးများမှ သတင်းအချက်အလက်များရယူ၍ ဆပ်ကော်မတီဝင်များမှ အိမ်တိုင်ရာရောက်ကွင်းဆင်းမှတ်တမ်းယူခြင်းများကို လုပ်ဆောင်ခဲ့ပါသည်။

၂၀၁၀ ခုနှစ်၊ ကွင်းဆင်းတွေ့ရှိချက်အရ ရန်ကုန်မြို့တွင် ၇၅နှစ်နှင့်အထက် ထားဝယ်သူ/သား သက်ကြီးရွယ်အိုကန်တော့ခံ သက်ကြီးဘိုးဘွားဦးရေ ၄၅၀ဦးခန့်ရှိပါသည်။

ယင်းဘိုးဘွားများအနက် နာမကျန်းဖြစ်နေသော ဘိုးဘွားများတွင်ဆင်းရဲနွမ်းပါး၍ကျောထောက်နောက်ခံသားသမီးမရှိသော ဘိုးဘွားများကို ***"A"*** အဆင့်သတ်မှတ်၍ ငွေကျပ် ၁၀,၀၀၀/–ခန့်တန်ဖိုးရှိသော အာဟာရဓာတ်စာပစ္စည်းများနှင့် ငွေသား ၂၀,၀၀၀/–ကို လစဉ်သွားရောက် ထောက်ပံ့ပေးနိုင်ခဲ့သည်။ (သက်ဆုံးတိုင်)

ကျောထောက်နောက်ခံအသင့်အတင့်ရှိ နာမကျန်း ဘိုးဘွားများကို ***"B"*** အဆင့်သတ်မှတ်၍ ငွေကျပ် ၁၀,၀၀၀/– ခန့်တန်ဖိုးရှိသော အာဟာရဓာတ်စာပစ္စည်းများကို သုံးလ တစ်ကြိမ်သွားရောက် ထောက်ပံ့ပေးနိုင်ခဲ့သည်။(သက်ဆုံးတိုင်)

အနာဂတ်ရည်မှန်းချက်အနေဖြင့် ကျွန်တော်တို့ဆပ်ကော်မတီကို အပြည့်ပြည့်ဆိုင်ရာမှာရှိသည့် အိမ်တိုင်ရာရောက် သက်ကြီးကျန်းမာရေး စောင့်ရှောက်မှုအစီအစဉ် (***Home Care for Older People Program***) ကဲ့သို့ သက်ကြီး ဘိုးဘွားများကို ကျန်းမာရေးဝန်ထမ်းများနှင့်အတူ အိမ်တိုင်ရာရောက် ဆေးဝါးကုသပြုစုပေးမည့်အစီအစဉ် နောင်တွင်ဖြစ်လာနိုင်မည်ဟုတင်ပြလိုပါသည်။

နိုးဆော်ချက် – ကျွန်တော်တို့ ထားဝယ်အသင်းသည် ကန်တော့ခံသက်ကြီးပုဂ္ဂိုလ်များအား ဗုဒ္ဓအလိုကျသင်္ဂဟတရားလေးပါးနှင့်အညီ အစဉ်စောင့်ရှောက်နိုင်ရန်အတွက်ထားဝယ်သူ/ထားဝယ်သားများအနေဖြင့်ကျွန်တော်တို့နှင့်အတူပူးပေါင်းပါဝင်ကြပါရန် လေးစားစွာ တိုက်တွန်း နိုးဆော်အပ်ပါသည်။

နာမကျန်းဖြစ်နေသော ကန်တော့ခံသက်ကြီး ပုဂ္ဂိုလ်များအတွက် အာဟာရလက်ဆောင်ပစ္စည်း (သို့မဟုတ်) ငွေကြေးများကို ဆောက်မော်ပြပါ ထားဝယ်အသင်း ကန်တော့ခံသက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မတီသို့ ပါဝင်လှူဒါန်းကြပါရန် တိုက်တွန်း နိုးဆော်အပ်ပါသည်။

သက်ကြီးကျန်းမာရေးစောင့်ရှောက်မှုဆပ်ကော်မီတီ ထားဝယ်အသင်း

ရန်ကုန်။ ဖုန်း– ၀၁ ၂၂၂၂၇၆

ဦးတင်ဦး (ဒု–ဥက္ကဋ္ဌ) ထားဝယ်အသင်း

စေတနာအခမဲ့ မျက်စိခွဲစိတ်ကုသမှု ခရီးတစ်ခေါက်

● စိုးမှူး

တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ ခရိုင်မြို့ကြီးသုံးမြို့ဖြစ်သောထားဝယ်၊ မြိတ်နှင့်ကော့သောင်း တို့တွင် ၂၀၁၀ခုနှစ်ဇန်နဝါရီလအတွင်း၌ "စေတနာအခမဲ့မျက်စိခွဲစိတ်ကုသမှု" ကို ဆောင်ရွက်ခဲ့သည်။

ဖော်ပြပါလုပ်ငန်းကို မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော်ခဲ့ပြီး၊ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် တနင်္သာရီတိုင်းဒေသကြီးအဆင့်ရှိ အသင်းအဖွဲ့အစည်းအသီးသီးတို့ကကြီးကြပ် ဆောင်ရွက်ပေးခဲ့သည်။

ထားဝယ်ခရိုင်တွင်ကုသမှုအတွက် ကုန်ကျစရိတ်တို့ကို အရှှာဝါလွှမ်းကုမ္ပဏီကလှူဒါန်းခဲ့သည်။ မြိတ်နှင့်ကော့သောင်းခရိုင်တို့၌ ကုန်ကျစရိတ်တို့ကို ယုဇနကုမ္ပဏီကလှူဒါန်းခဲ့သည်။

မျက်မမြင်ရောဂါ ကာကွယ်ရေး

နိုင်ငံတော်၏ မျက်စိကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၌ မျက်မမြင်ရောဂါကာကွယ်ရေး (မမေ) စီမံကိန်းနှင့် မျက်စိဝေဒနာကုသရေးဟူ၍ နှစ်ပိုင်းခွဲခြားထားသည်။ ကာကွယ်ရေးအတွက် **Secondary Eye Centre** ၂၄ ခု ထားရှိပြီး ကုသရေးဆေးရုံကြီး ၁၆ခု ထားရှိသည်။ မျက်စိအထူးကုဆရာဝန်ပေါင်း ၂၄၅ဦးကို တစ်နိုင်ငံလုံး၌ ဖြန့်ကြက်ကာကွယ်ကုသပေးမှုကို ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်တွင်လူဦးရေစုစုပေါင်း (၀ ဒသမ ၆၀၀) ရာခိုင်နှုန်း (လူဦးရေသုံးသိန်းခန့်)သည် မျက်စိကွယ်သည့်ဘဝသို့ ရောက်ပြီးဘဝတွင် နွံနစ်နေရသည့် အကြောင်းရင်းတို့မှာ-

(က)အတွင်းတိမ်ရောဂါ

(ခ) ရေတိမ်ရောဂါ

(ဂ) ထိခိုက်ဒဏ်ရာရခြင်း

(ဃ)မျက်စိတွင်း ပိုးဝင်ခြင်း

(င) ဗီတာမင်ချို့တဲ့ခြင်း တို့ကြောင့် ဖြစ်သည်။

ရေတိမ်၊ ထိခိုက်၊ ပိုးဝင်၊ ဗီတာမင်ချို့တဲ့မှု တို့ကြောင့် မျက်မမြင်ဘဝသို့ ရောက်ခဲ့ကြသူ အနည်းငယ်သာ ရှိကြသော်လည်း ယင်းတို့၏မျက်စိကွယ်ခြင်းသည် ပြန်မကောင်းနိုင်တော့သည့် အနေအထားတွင်ရှိကြသည်။

အတွင်းတိမ်ရောဂါကြောင့် မျက်မမြင်ဘဝရောက်နေကြသူများမှာ မျက်စိကွယ်နေသူလူဦးရေ သုံးသိန်း၏ခြောက်ဆယ်ရာခိုင်နှုန်းရှိ၍ လူဦးရေနှစ်သိန်းခန့်ရှိနေသဖြင့် လူဦးရေအများဆုံးဖြစ်နေသည်။ သို့ရာတွင် . . . အချိန်မီ ခွဲစိတ်ကုသပေးနိုင်ခဲ့လျှင် စက္ခုအလင်းပြန်ကောင်းလာနိုင်ပြီးဘဝမှန်းနိုင်တော့ပါ။ သို့ဖြစ်ရာအတွင်းတိမ်ရောဂါဝေဒနာ ခံစားနေရသူများကို လိုက်လံရှာဖွေကာပညာပေး၊ ခွဲစိတ်ကုသပေးနေခြင်းသည် မျက်မမြင်ရောဂါကာကွယ်ရေးပင်ဖြစ်သည်။

မျက်မမြင်ရောဂါကာကွယ်ရေးအတွက် ၂၀၀၀ ပြည့်နှစ်မှ ၂၀၀၉ခုနှစ်အထိမြို့ပေါင်း ၃၄မြို့သို့ မျက်စိအထူးကုဆရာဝန်များအဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။ ပြင်ပလူနာပေါင်း ၁၅၆၇၉၄ဦးကို စမ်းသပ်ကြည့်ရှုပေးခဲ့ပြီး ၂၁၅၃ဦးတို့ကိုအောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီးဖြစ်သည်။

ကူညီဆောင်ရွက်

ထားဝယ်ခရိုင် ခြောက်မြို့နယ်ဖြစ်သော ထားဝယ်၊ ရေဖြူ လောင်းလုံ၊ သရက်ချောင်း၊ မြေတ္တာနှင့် တလိန်အောင်တို့မှ မျက်စိရောဂါဝေဒနာရှင်များအား "စေတနာ အခမဲ့မျက်စိခွဲစိတ်ကုသမှု"ကို ထားဝယ်ခရိုင်၊ အထူးကုဆေးရုံကြီးတွင် ဇန်နဝါရီလ ၁၅ရက်မှ၁၇ရက်နေ့အထိ အကောင်အထည်ဖော်

ဆောင်ရွက်ခဲ့ကြသည်။ ထို့ကြောင့် ထားဝယ်မြို့သည် ယင်းသို့ ဆောင်ရွက်နိုင်သည့် မြို့ပေါင်း ၇၅မြို့မြောက် ဖြစ်လာခဲ့သည်။

ထားဝယ်အသင်းဥက္ကဋ္ဌဖြစ်ပြီး အရှုဝါလွှမ်းကုမ္ပဏီ၏ မန်နေးဂျင်းဒါရိုက်တာဖြစ်သူအလှူရှင် ဦးခင်စိုးနှင့် အချို့သော နာယက၊ အမှုဆောင်များ၊ မျက်စိအထူးကု ဆရာဝန်အဖွဲ့များ အပါအဝင် အဖွဲ့ဝင် ၂၂ဦးတို့ ထားဝယ်မြို့သို့သွားရောက် ကာ ကိုယ်တိုင်ကိုယ်ကျ ကူညီဆောင်ရွက်ပေးခဲ့ကြသည်။ (ထားဝယ်အသင်းမှ အမှုဆောင်များကို နောက်ဆက်တွဲ "က" တွင်ဖော်ပြထားပါသည်။)

မျက်စိအထူးကုဆရာဝန်များအဖွဲ့တွင် ရန်ကုန်မြို့ မျက်စိဆေးရုံကြီးမှဆေးရုံအုပ်ကြီးဒေါက်တာကြွယ်ကြွယ်သိန်း၊ တွဲဖက်ပါမောက္ခဒေါက်တာ ဦးအောင်မြတ်စိုး၊ လက်ထောက်

ထားဝယ်အသင်းဥက္ကဋ္ဌဦးခင်စိုးက လူနာများကို မျက်မှန်တပ်ဆင်ပေးနေစဉ်

ဆရာဝန် ဒေါက်တာဦးမျိုးမင်းဝင်း အပါအဝင် လက်ထောက် ဆရာဝန်ကိုးဦး၊ အထက်တန်းသူနာပြု ဒေါ်မြင့်မြင့်ထူးနှင့် သူနာပြု ခြောက်ဦး၊ A/Scan ကျွမ်းကျင်သူဦးတင်ထွန်းဝင်း တို့ပါဝင်ခဲ့ကြသည်။ (အထူးကုဆရာဝန်များအဖွဲ့ကို နောက်ဆက်တွဲ "ခ"တွင်ဖော်ပြထားပါသည်။) ထို့အပြင်ကျန်းမာရေး ဝန်ကြီးဌာနက ခွဲခန်းသုံးတန်ဖိုးကြီး *Operation Microscope* ကြီးများ၊ ခွဲခန်းသုံး ပိုးသန့်စင်ပြီးအဝတ်များ၊ ပိုးသန့်ပေါင်း အိုးများနှင့် ခွဲစိတ်ကိရိယာများကို စီစဉ်ပံ့ပိုးပေးခဲ့သည်။

နယ်မြေခံပြည်သူများတွင် ခရိုင်နှင့်မြို့နယ်အဆင့် အသင်းများမှ အဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့၊ ကြက်ခြေနီ၊ မီးသတ် တပ်ဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့နှင့် အမျိုးသမီးစွမ်းဆောင်ရှင်များအဖွဲ့၊ အသီးသီးတို့မှအဖွဲ့ဝင်များက လည်း ပါဝင်ကူညီ ဆောင်ရွက်ပေးခဲ့သည်။

ထို့အပြင်တနင်္သာရီတိုင်းဒေသကြီး ကျန်းမာရေး ဦးစီးဌာနညွှန်ကြားရေးမှူး၊ခရိုင်ဆေးရုံအုပ်ကြီး၊မျက်စိဆရာဝန် နှင့် အခြားအထူးကုဆရာဝန်ကြီးများသည်လည်း ခွဲစိတ် ကုသမှုတွင် မလစ်ဟင်းရလေအောင် စနစ်တကျ ကူညီ ဆောင်ရွက်ပေးခဲ့ကြသည်။

ပထမရက် ခွဲစိတ်မှု

ထားဝယ်အသင်းမှ နာယကနှစ်ဦး၊ အမှုဆောင် ၁၉ ဦးနှင့် မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ဇန်နဝါရီလ ၁၅ရက် နေ့လယ်ပိုင်း၌လည်းကောင်း၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးသည် ထားဝယ်အသင်း ဥက္ကဋ္ဌ ဦးခင်စိုးနှင့်အတူ ဇန်နဝါရီလ ၁၆ရက်နေ့ နံနက်ပိုင်း၌ လည်းကောင်း ထားဝယ်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိခဲ့ကြသည်။

မျက်စိဝေဒနာရှင်များအား ခွဲစိတ်ကုသမှုအတွက် လိုအပ်ချက်တို့ကို မလစ်ဟင်းစေရန်အချိန်ယူပြင်ဆင်ခဲ့ကြပြီး ရပ်မိရပ်ဖများ၊ မြို့ခံလူမှုရေးအဖွဲ့များ၊ မြို့နယ်ဆရာဝန် အဖွဲ့များနှင့်အသင်းအမှုဆောင်အဖွဲ့တို့က အားတက်သရော ပါဝင်ကူညီခဲ့ကြသည်။ မျက်စိအထူးကု ဆရာဝန်များအဖွဲ့ သည် ညနေ ၅နာရီမှ ည ၁၀နာရီအထိ အတွင်းတိမ် မျက်စိဝေဒနာရှင် ၅၀ဦးကို အောင်မြင်စွာခွဲစိတ်ကုသ ပေးနိုင်ခဲ့သည်။ ကိုယ်စွမ်းရှိသမျှ အပင်ပန်းခံပြီး ခွဲစိတ်ကုသ ပေးခဲ့ကြသော မျက်စိအထူးကုဆရာဝန်များနှင့် သူနာပြု ဆရာမအဖွဲ့တို့၏ထက်သန်သော စေတနာသည် မွန်မြတ် လှပေသည်။

ဒုတိယရက် ခွဲစိတ်မှု

ဇန်နဝါရီလ ၁၆ရက်၊ နံနက်ပိုင်းတွင် တနင်္သာရီတိုင်း ဒေသကြီးအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ နှင့်ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ခင်ဇော်ဦး (ယခု-စစ်ရေးချုပ်) မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး၊ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ခရိုင်ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများသည် ထားဝယ် အသင်းဥက္ကဋ္ဌ ဦးခင်စိုး လိုက်ပါလျက် မျက်စိခွဲစိတ်သည့် ခွဲစိတ်ခန်းသို့ လာရောက်ကြည့်ရှု စစ်ဆေးခဲ့သည်။

ခွဲစိတ်ခန်းအတွင်းလူနာများအား မျက်စိခွဲစိတ်မှုနှင့် ခွဲစိတ်ခန်းပြင်ပ၌ မျက်စိခွဲရန်အဆင့်ဆင့်ဆောင်ရွက်ပေးမှု နှင့်မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်မှုတို့အား

ထားဝယ်အသင်းနာယက ဦးစိုးမြင့်က
လူနာများကို မျက်မှန်တပ်ဆင်ပေးနေစဉ်

ကြည့်ရှုအားပေးပြီး ခွဲစိတ်လူနာများအား မျက်မှန်တပ်ဆင်ပေးခဲ့ကြသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးနှင့်အဖွဲ့သည် ထိုနေ့ညနေပိုင်းတွင်လည်း ထပ်မံလာရောက်ကြပြီး ခွဲစိတ်လူနာများကို ရင်းရင်းနှီးနှီး ကြည့်ရှု အားပေးခဲ့ကြသည်၊

မျက်စိအထူးကု ဆရာဝန်များအဖွဲ့သည် ထိုနေ့တွင် ည ၁၀နာရီအထိအတွင်းတိမ်မျက်စိ ဝေဒနာရှင် ၁၃၄ဦး တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည်။

တတိယရက် ပြန်စကုသမှု

မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ပြင်ပလူနာ ၁၃၆၂ဦးကို စမ်းသပ်ကြည့်ရှုကာ အတွင်းတိမ် မျက်စိ ဝေဒနာရှင် ၁၈၄ဦးကို အောင်မြင်စွာ ခွဲစိတ် ကုသပေးနိုင်ခဲ့သည်။ တတိယနေ့ နံနက်ပိုင်းတွင် ခွဲစိတ်လူနာများအား ဆေးထည့်ပေးခြင်းနှင့်ဆောင်ရန်၊ ရှောင်ရန်အချက်များကို ညွှန်ကြားပေးခဲ့သည်၊

ထိုနေ့ နံနက်ပိုင်းတွင်လည်း မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏ဝန်ကြီးသည်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ထားဝယ်အသင်းဥက္ကဋ္ဌဦးခင်စိုးလိုက်ပါလျက် ခွဲစိတ်လူနာများကို ရင်းရင်းနှီးနှီးကြည့်ရှုအားပေးခဲ့ပြီး မျက်မှန်များတပ်ဆင်ပေးခဲ့ကြသည်။ ထို့အပြင် ဝန်ကြီးသည် အောင်မြင်စွာခွဲစိတ်ကုသပေးနိုင်ခဲ့သောမျက်စိအထူးကုဆရာဝန် အဖွဲ့နှင့်တာဝန်ရှိသူများကိုလည်းကျေးဇူးတင်စကား ပြောကြားခဲ့သည်။

မျက်စိအထူးကု ဆေးရုံကြီး

တတိယနေ့၊နေ့လယ်ပိုင်းတွင် မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ထားဝယ်အသင်းအမှုဆောင်များ လိုက်ပါလျက် ရှင်ကိုးရှင် တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သော ရှင်မုဋ္ဌိဘုရားနှင့် ရွှေသာလျောင်းသို့ သွားရောက်ဖူးမြော် ခွင့်ရခဲ့ကြသည်။ မောင်းမကန်ကမ်းခြေသို့ အသွားခရီး၌ ထားဝယ်မြို့ ကြက်စားမြင် ရပ်ကွက်တွင်တည်ဆောက်လျက်ရှိသော သီတဂူစက္ခုဒါန ဆေးရုံတော်ကြီးသို့ ဝင်ရောက်လေ့လာခဲ့ကြသည်။

မျက်စိခွဲစိတ်ကုသပြီးနောက်

သိန်းပေါင်း ၇၀၀၀ကျော်တန် ဆေးရုံကြီးဖြစ်သည်၊ သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ၏ မိန့်ကြားလမ်းညွှန်မှုဖြင့် ထားဝယ် မြို့နယ်ရှိ အလှူရှင်များနှင့် ရပ်ဝေးအလှူရှင်တို့၏ ထည့်ဝင်လှူဒါန်းငွေများဖြင့်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ငါးဆယ်ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ ၂၀၁၀ပြည့်နှစ်အကုန်တွင် လုံးဝတည်ဆောက်ပြီးစီးမည်ဖြစ်ပြီး ၂၀၁၁ ခုနှစ်ဇန်နဝါရီလ၌ ဖွင့်လှစ်မည်ဖြစ်သည်။

ဆေးရုံကြီးဖွင့်လှစ်ပြီးပါက တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ မျက်စိဝေဒနာရှင်များအတွက်လွန်စွာအားကိုးအားထားပြုနိုင်သည့် မျက်စိအထူးကုဆေးရုံကြီး ဖြစ်လာပေလိမ့်မည်၊

မောင်းမကန်ကမ်းခြေအပန်းဖြေ

နိုင်ငံတော်၏ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်း ငါးခုအနက် တစ်ခုအပါအဝင်ဖြစ်သည့် မောင်းမကန်ကမ်းခြေသို့ မျက်စိကုဆရာဝန်များအဖွဲ့ရောက်ရှိလည်ပတ်အပန်းဖြေခွင့်ရခဲ့ကြသည်။အမှုဆောင်များက ပင်လယ်စာဖြင့်နေ့လယ်စာ ဧည့်ခံခဲ့သည်။ မောင်းမကန်ရွာ၏မြောက်ဘက်ရှိ "မောင်းမကန်ရေပူစမ်း"သို့လည်းသွားရောက်လည်ပတ်ခွင့်ရခဲ့ကြသည်။

ဂုဏ်ပြုပွဲအခမ်းအနားတွင် အမှုဆောင်များနှင့် မျက်စိကုသပေးသည့်အဖွဲ့ဝင်များ အမှတ်တရ

ဂုဏ်ပြုအခမ်းအနား

တတိယရက် ည ၆နာရီ မှ ၉နာရီအထိ "စေတနာ အခမဲ့မျက်စိခွဲစိတ်ကုသမှုအောင်မြင်ခြင်းဂုဏ်ပြုအခမ်းအနား" ကို ထားဝယ်မြို့ မြို့တော်ခန်းမတွင်ကျင်းပပြီး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီးကိုယ်တိုင် တက်ရောက်ပြီး မျက်စိအထူးကုဆရာဝန်များ အဖွဲ့အား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့သည်။

ဂုဏ်ပြုအခမ်းအနားနှင့် ညစာစားပွဲတွင် စင်တင်တေး ဂီတ၊ တေးသရုပ်ဖော်တို့ဖြင့်ဧည့်ခံခဲ့သည်။

ဆက်လက်ထွက်ခွာ

မျက်စိအထူးကုဆရာဝန်များအဖွဲ့သည် ဇန်နဝါရီလ ၁၈ရက်၌ နံနက်လင်းအားကြီး ၂နာရီတွင် သရက်ချောင်းမြို့၊ ဆင်ဖြူပြင်ဆိပ်ကမ်းမှတစ်ဆင့် အမြန်ရေယာဉ်ဖြင့်မြိတ်သို့ ဆက်လက် ထွက်ခွာသွားခဲ့ကြသည်။

ပြန်လည်ရောက်ရှိ

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနဝန်ကြီး အဖွဲ့နှင့် ထားဝယ်အသင်းဥက္ကဋ္ဌဦးခင်စိုးတို့ ဦးဆောင်သော အမှုဆောင်များသည် ထားဝယ်မြို့မှ လေကြောင်းခရီးဖြင့် ဇန်နဝါရီလ ၁၈ရက်နေ့ ညနေ ၄နာရီခန့်တွင်ထွက်ခွာလာခဲ့ရာရန်ကုန်မြို့သို့ညနေ ၅နာရီခွဲခန့်၌ပြန်လည် ရောက်ရှိခဲ့ကြပါသည်။

အလှူရှင်များတိုးပွားလာ

"စေတနာအခမဲ့မျက်စိခွဲစိတ်ကုသမှု"အတွက် ကုန်ကျစရိတ်ကိုစေတနာထက်သန်စွာလှူဒါန်းလို ကြသောအလှူရှင်များတိုးပွားလာနေပြီဟု သိရှိရပါသည်။ သို့ဖြစ်ရာ သက်ဆိုင်ရာ အာဏာပိုင် အဆင့်ဆင့်၏ကြီးကြပ်မှုနှင့် မျက်စိအထူးကုဆရာဝန်များအဖွဲ့တို့၏ စွမ်းဆောင်မှုတို့ဖြင့်မြို့နယ် အသီးသီးသို့ ပိုမို၍ ကွင်းဆင်းခွဲစိတ်ကုသနိုင်ပါက မျက်စိရောဂါဝေဒနာရှင်ဦးရေ လျော့နည်းသွားပေလိမ့်မည်ဟု ယုံကြည်မိပါသည်။

စိုးမြင့်

နောက်ဆက်တွဲ "က"

ထားဝယ်အသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များ

၁။	ဦးမေညွန့်	နာယက
၂။	ဦးစိုးမြင့်	နာယက
၃။	ဦးခင်စိုး	ဥက္ကဋ္ဌ
၄။	ဦးကျော်မြင့်	ဒုတိယဥက္ကဋ္ဌ
၅။	ဦးတင်ဦး	ဒုတိယဥက္ကဋ္ဌ
၆။	ဦးအုန်းမောင်	ဒုတိယဥက္ကဋ္ဌ
၇။	ဦးစိုးတင့်	ဒုတိယဥက္ကဋ္ဌ
၈။	ဦးအောင်နိုင်	ဒုတိယဥက္ကဋ္ဌ
၉။	ဦးဇော်ဘိုခန့်	အတွင်းရေးမှူး
၁၀။	ဦးအောင်သန်းဦး	တွဲဖက်အတွင်းရေးမှူး
၁၁။	ဒေါ်ချိုချိုလွင်	တွဲဖက်အတွင်းရေးမှူး
၁၂။	ဦးဇော်ဘိုဘိုဦး	တွဲဖက်အတွင်းရေးမှူး
၁၃။	ဦးကျော်မြင့်	အမှုဆောင်
၁၄။	ဦးသိန်းထိုက်	အမှုဆောင်
၁၅။	ဦးကျော်ကျော်ထွန်း	အမှုဆောင်
၁၆။	ဦးနေလင်းအောင်	အမှုဆောင်
၁၇။	ဒေါ်မြင့်ယု	အမှုဆောင်
၁၈။	ဒေါ်သိန်းမူ	အမှုဆောင်
၁၉။	ဒေါ်အေးအေးမြင့်	အမှုဆောင်
၂၀။	ဒေါ်အေးအေး	အမှုဆောင်
၂၁။	ဒေါ်နွဲ့နွဲ့ဝင်း	အမှုဆောင်
၂၂။	ဦးမင်းခန့်	ဥပဒေအကြံပေး
၂၃။	ဒေါ်မိုးမိုးသင်း (အမှုဆောင်ဦးမောင်မောင်နိုင်၏ဇနီး)	

နောက်ဆက်တွဲ "ခ"

မျက်စိအထူးကုဆရာဝန်များ

၁။	ဒေါက်တာအောင်မြတ်စိုး	တွဲဖက်ပါမောက္ခ
၂။	ဒေါက်တာကြွယ်ကြွယ်သိန်း	ဆေးရုံအုပ်
၃။	ဒေါက်တာမျိုးမင်းဝင်း	လက်ထောက်ဆရာဝန် (မျက်စိ)
၄။	ဒေါက်တာ ထွေးသန္တာရီ	။
၅။	ဒေါက်တာ စိုးစိုးဝင်း	။
၆။	ဒေါက်တာ ခင်ဦးမေ	။
၇။	ဒေါက်တာ မာလာကြိုင်	။
၈။	ဒေါက်တာ ခင်မြတ်စိုး	။
၉။	ဒေါက်တာ ခင်မာမြင့်	။
၁၀။	ဒေါက်တာ သိင်္ဂီဝင်း (၁)	။
၁၁။	ဒေါက်တာ ခင်မေထွန်း	။
၁၂။	ဒေါက်တာ အိကေသွယ်ဟန်	။
၁၃။	ဒေါ်မြင့်မြင့်ထူး	အထက်တန်းသူနာပြု
၁၄။	ဒေါ်နော်လုကြည်	သူနာပြု
၁၅။	ဒေါ်သင်းလှဲ့စိုး	။
၁၆။	ဒေါ်ဂိုလွှန်းကျိန်	။
၁၇။	ဒေါ်စိုးလှဲ့ဝါ	။
၁၈။	ဒေါ်စုလှဲ့ဖြူ	။
၁၉။	ဒေါ်မစုစိုင်	။
၂၀။	ဦးတင်ထွန်းဝင်း (A/Scan)	ကျွမ်းကျင်သူ

ဝ ဝ ဝ ဝ



ပညာရေးထောက်ပံ့မှုအစီအစဉ်ကောင်းနှင့်ထားဝယ်အသင်း

ဦးစိုးတင့် (ဒု-ဥက္ကဋ္ဌ)ထားဝယ်အသင်း

နိုင်ငံ၊ လူမျိုးစသည့်လူ့အဖွဲ့အစည်းတိုင်းတွင် “အသိပညာရှင်၊အတတ်ပညာရှင်”များကိုမွေးထုတ်ပေးသည့် “ပညာရေးကဏ္ဍ” သည်အလွန်အရေးပါလှသည်။ထားဝယ်အသင်းသည်လည်း ထားဝယ်သူ၊ ထားဝယ်သားများ၏ လစ်လပ်နေသည့် လူမှုရေးတာဝန်များကို ဖြမ်းသမျှဖြည့်ဆည်းဆောင်ရွက်ပေးနေရာတွင်“ပညာရေး” ကဏ္ဍတစ်ရပ်ကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါထားဝယ်အသင်းတွင် ကျောင်းသူကျောင်းသားများ ပညာရေးကိုစိတ်ပါဝင်စားလိုစိတ်၊ ကြိုးစားအားကျလိုစိတ်နှင့် ထူးချွန်ထက်မြက်လိုစိတ်များပိုမိုတိုးတက်လာစေရန် ရည်သန်၍ စနစ်ကျသောပညာရေးဆပ်ကော်မတီတစ်ရပ်ကို ခေတ်စနစ်နှင့်ညီညီခေတ်မီမီဖွဲ့စည်းပြီး ပညာရည်ချွန်ဆုနှင့် ပညာသင်ဆုများထောက်ပံ့ချီးမြှင့်ရေးအစီစဉ်ကို နှစ်စဉ်မပျက်ဆောင်ရွက်လျက်ရှိပါသည်။

ပညာရည်ချွန်ဆု

ပညာရည်ချွန်ဆုများချီးမြှင့်ရေးအစီအစဉ်တွင် ပါရဂူဘွဲ့ရဆရာ၊ဆရာမများကိုချီးမြှင့်ပေးသောဂုဏ်ပြုဆုနှင့် တက္ကသိုလ်ဝင်တန်းကိုဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ကျောင်းသူ၊ကျောင်းသားများကို ဂုဏ်ပြုချီးမြှင့်ပေးသော ပညာရည်ချွန်ဆု တို့ဖြစ်သည်။ ပါရဂူဘွဲ့ရ ထားဝယ်အနွယ် ထားဝယ်သူ၊ထားဝယ်သား ဆရာဆရာမများကို ထားဝယ်အသင်းတံဆိပ်ပါဆုတံဆိပ်တစ်ခုနှင့် အခြားအမှတ်တရဆုလက်ဆောင်များကို ချီးမြှင့်ပေးလျက်ရှိသည်။

တက္ကသိုလ်ဝင်တန်းတွင်ဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ကြသည့် ထူးချွန်ကျောင်းသားများကိုဆုချီးမြှင့်ပေးရာတွင် အသင်းဝင်သားသမီးနှင့် အသင်းဝင်မဖြစ်သေးသောထားဝယ်သူထားဝယ်သား သားသမီးများဟု နှစ်မျိုးနှစ်စား သတ်မှတ်ချီးမြှင့်ပေးပါသည်။ အသင်းဝင်သားသမီးများကို ခြောက် ဘာသာဂုဏ်ထူးရှင်မှ တစ်ဘာသာဂုဏ်ထူးရှင်အထိ

ဂုဏ်ထူးရကျောင်းသူ ကျောင်းသားများအားလုံးကို ဂုဏ်ပြုဆုချီးမြှင့်ပေးပါသည်။ အသင်းဝင်မဖြစ်သေးသည့် ထားဝယ်သား၊ထားဝယ်သူ သားသမီးများမှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူး၊ ငါးဘာသာဂုဏ်ထူးနှင့် လေးဘာသာဂုဏ်ထူးရ ထူးချွန်ကျောင်းသူ၊ ကျောင်းသားများကိုလည်း ဂုဏ်ပြုဆုချီးမြှင့်ပေးပါသည်။

ဆုရကျောင်းသူ၊ကျောင်းသားများအားလုံးကို ဂုဏ်ထူးအနည်းအများအလိုက် ဆုတံဆိပ်တစ်ခုစီ ချီးမြှင့်ပေးပြီး အသင်းဝင်သားသမီး ဂုဏ်ထူးရရှိသူများအား အသင်းပညာရေး ရန်ပုံငွေမှ ဂုဏ်ထူးတစ်ခုလျှင်ငွေကျပ် ၇၀၀၀ိ/-(ခုနစ်ထောင်တိတိ)သတ်မှတ်ချီးမြှင့်ပေးပါသည်။

အထူးဂုဏ်ပြုဆုအနေဖြင့် ခြောက်ဘာသာ (ဘာသာစုံ) ဂုဏ်ထူးရှင်ကျောင်းသူ၊ ကျောင်းသားများကို ရွှေချိန် ငါးမူးသား ရွှေဆွဲပြားတစ်ခုစီ၊ ငါးဘာသာ ဂုဏ်ထူးရှင်များအား ရွှေချိန်တစ်မတ်သားရွှေဆွဲပြားတစ်ခုစီနှင့် လေးဘာသာ ဂုဏ်ထူးရှင်များအား ငွေသားကျပ် ၅၀၀၀ိ/-(ငါးသောင်းတိတိ)သတ်မှတ်ပေး၍ အမှုဆောင်အလှူရှင်များက ထပ်ဆင့်ဂုဏ်ပြု ချီးမြှင့်ပေးပါသည်။ အသင်းဝင်မဖြစ်သေးသည့် ထားဝယ်သားသမီးများမှ ခြောက်ဘာသာ(ဘာသာစုံ)ဂုဏ်ထူးရှင်များကို ကျပ် ၁၀၀၀၀ိ/-(တစ်သိန်းတိတိ)၊ ငါးဘာသာဂုဏ်ထူးရှင်များကို ကျပ် ၅၀၀၀ိ/-(ငါးသောင်းတိတိ)၊လေးဘာသာဂုဏ်ထူးရှင်များကို ကျပ် ၂၀၀၀၀/-(နှစ်သောင်းရှစ်ထောင်တိတိ) သတ်မှတ်ချီးမြှင့်ပေးလျက်ရှိပါသည်။ ပညာရည်ချွန်ဆုရရှိသူ အားလုံးကို ထားဝယ်အသင်းမှ အထူးဂုဏ်ပြုသည့်အနေဖြင့် အသင်းဝင်ကတ်ပြားတစ်ခုစီ အခမဲ့ပေးအပ်၍ အသက်၁၈နှစ်မပြည့်သေးသူများအားလုံးကို အသက်ပြည့်သောအခါ အသင်းဝင်အဖြစ်တရားဝင် အသိအမှတ်ပြုပါသည်။

ပညာသင်ဆုနှင့် အသင်းဝင်

ပညာသင်ထောက်ပံ့ဆုများ ရရှိရန်မှာ ပထမဦးစွာ "ထားဝယ်အသင်းဝင်သားသမီးများ"ဖြစ်ရပါမည်။"ထားဝယ်အသင်းဝင်သားသမီးများ" ဟုဆိုရာတွင် "ထားဝယ်သူ၊ ထားဝယ်သားနှင့် ထားဝယ်အမျိုးအနွယ်မှဆွေမျိုး ဆင်းသက်လာသော အသင်းဝင်ထားဝယ်အားလုံး"ကို ဆိုလိုပါသည်။ ထားဝယ်အသင်းတွင် ထားဝယ်သား (သို့မဟုတ်) ထားဝယ်အနွယ်ဝင်တစ်ဦးဦး အသင်းဝင်လိုလျှင် အသင်းမှသတ်မှတ်ထားသည့် လျှောက်လွှာပုံစံတွင် အသင်းဝင်လိုသူ၏ကိုယ်ရေးအချက်အလက်အချို့ကို အကျဉ်းမျှဖြည့်စွက်တင်ပြပြီး

အသင်းဝင်ကြေး ၁၅၀ဝိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ) ပေးသွင်း၍ အသင်းဝင်နိုင်ပါသည်။ (လက်ရှိအသင်းဝင်များအား ရှေးယခင်ကကဲ့သို့ ရာသက်ပန်အသင်းဝင်နှင့် သာမန် အသင်းဝင်ဟု ခွဲခြားသတ်မှတ်ခြင်းမရှိတော့ပါ။)

ပညာသင်ထောက်ပံ့ဆုကြေး

ပညာသင်ထောက်ပံ့ဆုကြေးများကို ၁၉၈၅ခုနှစ်မှ စတင်၍ချီးမြှင့်ပေးခဲ့သည်။ ၁၉၈၅ခုနှစ်မှစတင်၍ ၂၀၀၃–၂၀၀၄ ပညာသင်နှစ်များအထိ ပညာသင်ထောက်ပံ့ကြေးနှင့် စာအုပ်ဖိုး စုစုပေါင်း ၁၅၀ဝိ/–(ကျပ်တစ်ထောင့်ငါးရာတိတိ)၊ ၃,၀၀ဝိ/– (ကျပ်သုံးထောင်တိတိ) စသည်ဖြင့် သတ်မှတ်ချီးမြှင့်ပေးခဲ့သည်။ လူငယ်အမှုဆောင် အင်အားအသစ်များပညာရေးကော်မတီသို့ဝင်ရောက်ခဲ့ပြီးနောက်ပိုင်းတွင် ပညာသင်ထောက်ပံ့ကြေးကို ခေတ်နှင့်အညီဖြစ်စေ ရန် ပြင်ဆင်သတ်မှတ်ပေးခဲ့သည်။ ပညာသင်ထောက်ပံ့ဆုကြေးကို ၂၀၀၄–၂၀၀၅ ပညာသင်နှစ်မှစတင်၍ ဆုခံစားခွင့်ရရှိငွေကို ၃၀,၀၀ဝိ/– (ကျပ်သုံးသောင်းတိတိ) သတ်မှတ်၍ ချီးမြှင့်လျက်ရှိပါသည်။ ဆုခံစားခွင့်ရသော ကျောင်းသားတစ်ဦးသည် ကျောင်းဖွင့်၍အတန်းတက် နေရသည့် ကာလတစ်လျှောက် ပထမနှစ်မှစတင်၍ အတန်းပညာပြီးဆုံးသည်အထိ ခံစားခွင့်ရှိပြီး စာမေးပွဲကျရှုံးပါက ဆုကြေးခံစားခွင့် ရုပ်ဆိုင်းခြင်းခံရမည်ဖြစ်သည်။

ပညာသင်ထောက်ပံ့ဆု ရရှိခံစားရန် အခွင့်အရေးရှိသော ကျောင်းသူ၊ကျောင်းသားများသည် အောက်ပါအချက်များနှင့်အကျုံးဝင်ရမည်ဖြစ်သည်–

- တက္ကသိုလ်ဝင်တန်းတွင် ထူးချွန်စွာအောင်မြင်ခဲ့ပြီး "အသက်မွေးဝမ်းကျောင်းပညာသင် တက္ကသိုလ်" တစ်ခုခုသို့ တက်ရောက်သင်ကြားနေသည့် ကျောင်းသားတစ်ဦးဖြစ်ရမည်။
- အတန်းပညာများကို စိတ်ပါဝင်စားစွာသင်ယူပြီး ထူးချွန်ကျောင်းသားကျောင်းသူများ ဖြစ်ရမည်။ (လိုအပ်ပါက အဋ္ဌမတန်းနှင့် နဝမတန်းပညာသင်ယူစဉ်က ထူးချွန်မှုမှတ်တမ်း အခြေအနေများကို စိစစ်မည်ဖြစ်ပါသည်။)
- ဆင်းရဲနွမ်းပါးသူ၊ ပညာသင်ရန်ငွေကြေးချို့တဲ့သူကို ဦးစားပေးပါသည်။
- ပညာသင်ထောက်ပံ့ကြေးခံစားနေသူတစ်ဦးသည် အသက်၁၈နှစ်ပြည့်သည့်အခါ ထားဝယ်အသင်း၏ အသင်းဝင် ဖြစ်ရပါမည်။

ထားဝယ်အသင်း ပညာရေးဆပ်ကော်မတီမှ ပညာသင်ထောက်ပံ့ဆုကြေး ပေးအပ်ခဲ့မှု အခြေအနေကို အောက်ပါအတိုင်း လေ့လာနိုင်စေရန် မှတ်တမ်းတင်အပ်ပါသည် –

တက္ကသိုလ်ပညာသင်ထောက်ပံ့ကြေး ထောက်ပံ့ပေးခဲ့မှုစာရင်း

၁။	မဖြူဖြူသန်း	စီးပွားရေးတက္ကသိုလ်	၁၉၈၅–၁၉၈၆
၂။	မသူဇာဝင်း	ဆေးတက္ကသိုလ်–၂	၁၉၈၆–၁၉၈၇
၃။	မောင်စိုးကိုကို	ဆေးတက္ကသိုလ်–၂	၁၉၉၀–၁၉၉၁
၄။	မောင်ကျော်စွာလွင်	ဆေးတက္ကသိုလ်–၂	၁၉၉၁–၁၉၉၂
၅။	မအေးမြမြညွန့်	စက်မှုတက္ကသိုလ်	၁၉၉၃–၁၉၉၄
၆။	မမိုးသူဇာရွှေ	စီးပွားရေးတက္ကသိုလ်	၁၉၉၄–၁၉၉၅
၇။	မောင်စိုးညီညီ	ဆေးတက္ကသိုလ်–၂	၁၉၉၉–၂၀၀၀
၈။	မမိုမိုသွယ်	ပညာရေးတက္ကသိုလ်	၂၀၀၀–၂၀၀၁
၉။	မချောစုဝင်း	ဆေးဝါးကျွမ်းကျင်တက္ကသိုလ်	၂၀၀၁–၂၀၀၂
၁၀။	မအိတင်ဇာကို	ဆေးဝါးကျွမ်းကျင်တက္ကသိုလ်	၂၀၀၁–၂၀၀၂
၁၁။	မဖြူဖြူထွန်း	သွားဘက်ဆိုင်ရာတက္ကသိုလ်	၂၀၀၂–၂၀၀၃

ကျပ် ၃၀,၀၀၀/- ထောက်ပံ့ပေးခဲ့သူများစာရင်း

၁။	မနိုမိုသွယ်	၂၀၀၄-၂၀၀၅	ပညာရေးတက္ကသိုလ်
၂။	မချောစုဝင်း	၂၀၀၄-၂၀၀၅	ဆေးဝါးကျွမ်းကျင်တက္ကသိုလ်
၃။	မအိတင်စာကို	၂၀၀၄-၂၀၀၅	ဆေးဝါးကျွမ်းကျင်တက္ကသိုလ်
၄။	မဖြူဖြူထွန်း	၂၀၀၄-၂၀၀၅	သွားဘက်ဆိုင်ရာတက္ကသိုလ်
၅။	မနုမြတ်ရိူ	၂၀၀၅-၂၀၀၆	ဆေးတက္ကသိုလ်
၆။	မောင်ဖြိုးသူ	၂၀၀၅-၂၀၀၆	နည်းပညာတက္ကသိုလ်
၇။	မောင်ထက်အောင်ဇော်	၂၀၀၅-၂၀၀၆	ရေကြောင်းပညာတက္ကသိုလ်
၈။	မောင်နေမင်းထွန်း	၂၀၀၅-၂၀၀၆	ရေကြောင်းပညာတက္ကသိုလ်
၉။	မယွန်းတာဝေမြင့်	၂၀၀၆-၂၀၀၇	နည်းပညာတက္ကသိုလ်
၁၀။	မခင်သန္တာမိုး	၂၀၀၆-၂၀၀၇	ကွန်ပျူတာတက္ကသိုလ်
၁၁။	မောင်သာထက်ဇေ	၂၀၀၆-၂၀၀၇	ကွန်ပျူတာတက္ကသိုလ်
၁၂။	မမြတ်ဆုအောင်	၂၀၀၇-၂၀၀၈	ဆေးတက္ကသိုလ်
၁၃။	မအိအိဖြူ	၂၀၀၇-၂၀၀၈	နည်းပညာတက္ကသိုလ်
၁၄။	မခင်မာစိုးယု	၂၀၀၇-၂၀၀၈	စီးပွားရေးတက္ကသိုလ်
၁၅။	မောင်ဟန်ရွှေအောင်	၂၀၀၈-၂၀၀၉	နည်းပညာတက္ကသိုလ်
၁၆။	မသန္တာ	၂၀၀၈-၂၀၀၉	နည်းပညာတက္ကသိုလ်
၁၇။	မအေးမြတ်ဖြူခင်	၂၀၀၈-၂၀၀၉	နည်းပညာတက္ကသိုလ်
၁၈။	မသန္တာမိုး	၂၀၀၉-၂၀၁၀	နည်းပညာတက္ကသိုလ်
၁၉။	မောင်သာထူးဇော်	၂၀၁၀-၂၀၁၁	ဆေးတက္ကသိုလ်
၂၀။	မောင်ရဲရင့်ဝင်း	၂၀၁၀-၂၀၁၁	ဆေးတက္ကသိုလ်
၂၁။	မရွှေစင်ကျော်	၂၀၁၀-၂၀၁၁	နည်းပညာတက္ကသိုလ်
၂၂။	မစူးစူးခင်	၂၀၁၀-၂၀၁၁	ဆေးတက္ကသိုလ်

ဦးစိုးတင့် (ဒု-ဥက္ကဋ္ဌ)ထားဝယ်အသင်း

ထားဝယ်အသင်း သံဃာဝုဏ္ဏပူဇာသဘင်နှင့် ဘွဲ့တံဆိပ်ရ

● သီလရှင်၊ လူပုဂ္ဂိုလ်များ ●

ဦးကျော်မြင့်(ဒု-ဥက္ကဋ္ဌ)ထားဝယ်အသင်း

ထားဝယ်အသင်းသည် အမျိုး၊ ဘာသာ၊ သာသနာကိုစောင့်ထိန်းလျက် လူမှုရေးတာဝန်များ အစဉ်ထမ်းလျက်ရှိပါသည်။ ထားဝယ်ဒေသဆိုင်ရာဘာသာရေး၊ လူမှုရေးသဘင်ပွဲများကို ထားဝယ်ရိုးရာအစဉ်အလာမပျက် အလျဉ်းသင့် ကျင်းပလာခဲ့ကြရာတွင် နိုင်ငံတော်မှ နှစ်စဉ်ဘွဲ့ထူးဂုဏ်ထူးရှင်များအဖြစ် သတ်မှတ်ပေးအပ်ခဲ့ ကြသော ထားဝယ်နွယ်ဖွား ဘွဲ့ထူးဂုဏ်ထူးရဆရာတော်၊ သံဃာတော်များ၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့အား ထပ်ဆင့်ဂုဏ်ပြုပေးသည့် အစမ်းအနားကိုလည်း ၁၉၈၉ ခုနှစ်မှစတင်၍ ယနေ့အထိ မပျက်မကွက် ပူဇော်ချီးမြှင့်ပေးခဲ့ ပါသည်။

၁၉၈၉ ခုနှစ်မှ စတင်၍ယနေ့အထိ ထားဝယ်အသင်းတွင် ဆင်ယင်ကျင်းပလျက် ထပ်ဆင့်ချီးမြှောက်ပေး ခဲ့သည့် ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများ၊ ဘွဲ့ထူးဂုဏ်ထူးရ သီလရှင်နှင့်လူပုဂ္ဂိုလ်များစာရင်းကို အောက်ပါအတိုင်း ဂုဏ်ပြုတင်ပြလိုက်ရပါသည်-

ဘွဲ့တံဆိပ်တော်ရ ထားဝယ်ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများ

စဉ်	ဘွဲ့တော်အမည်	ရရှိသည့် ဘွဲ့တံဆိပ်တော်	ကျောင်းတိုက်အမည်	ရရှိသည့် ခုနှစ်
၁	ဘဒ္ဒန္တ ဓမ္မာသိတာဘိဝံသ	အဂ္ဂမဟာပဏ္ဍိတ	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်	၁၉၈၂
၁	ဘဒ္ဒန္တ ဓမ္မာသိတာဘိဝံသ	အဘိဓဇမဟာရဋ္ဌဂုရု	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်	၁၉၈၉
၂	ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ	အဂ္ဂမဟာပဏ္ဍိတ	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်	၁၉၉၀
၃	ဘဒ္ဒန္တ ဓမ္မဝံသ	အဂ္ဂမဟာပဏ္ဍိတ	မေယုဇေတီကျောင်းတိုက်၊ ပိန္နဲတောရပ်။	၁၉၉၀
၁	ဘဒ္ဒန္တ ဝိရိယ	အဂ္ဂမဟာပဏ္ဍိတ	မေယုဇေတီကျောင်းတိုက်၊ ပိန္နဲတောရပ်။	၁၉၉၂
၂	ဘဒ္ဒန္တအဂ္ဂဓမ္မာဘိဝံသ	အဂ္ဂမဟာပဏ္ဍိတ	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်	၁၉၉၂
၃	ဘဒ္ဒန္တ သုဒဿန	ဗုဒ္ဓသာသနာ့ပါလက ပဏ္ဍိတ	ယဉ်စေးစာသင်တိုက်၊ ကျောက်မော်ရပ်	၁၉၉၂
၄	ဒေါ်ဝိဟာရီ	မဟာဂန္ထဝါစကပဏ္ဍိတ	ရတနာမာန်အောင်သီလရှင်စာသင်တိုက်၊ ကရပ်မြင်ရပ်	၁၉၉၂
၁	ဘဒ္ဒန္တ မာလာဘိဝံသ	အဂ္ဂမဟာပဏ္ဍိတ	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်	၁၉၉၃
၂	ဘဒ္ဒန္တ ဝါရိန္ဒ	အဂ္ဂမဟာပဏ္ဍိတ	ဘုံတောမြို့၊ ဆရိနိကေတန်ကျောင်း၊ အိန္ဒိယ	၁၉၉၃
၃	ဘဒ္ဒန္တ ဥတ္တမဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	ကြက်စာပြင်ကျောင်းကြီးတိုက်၊ ကြက်စာပြင်ရပ်	၁၉၉၃
၄	ဘဒ္ဒန္တ နန္ဒဝံသ	မဟာဂန္ထဝါစက	မေယုဇေတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၁၉၉၃
၅	ဘဒ္ဒန္တ သိရိမေဓ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ပဋ္ဌနာမြို့၊ မြန်မာဘုန်းတော်ကြီးကျောင်း၊ အိန္ဒိယ	၁၉၉၃
၁	ဘဒ္ဒန္တဓမ္မာသိတာဘိဝံသ	အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	မဟာသီတာရာမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ထားဝယ်	၁၉၉၄
၁	ဘဒ္ဒန္တ ရာဇိန္ဒ	အဂ္ဂမဟာပဏ္ဍိတ	ရွှေဘုန်းပွင့်ကျောင်းတိုက်၊ ဆန်းချိုင်ရပ်	၁၉၉၅
၂	ဘဒ္ဒန္တ သီလဝံ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	မဟာသီတာရာမပါဠိတက္ကသိုလ် ကညွတ်ရပ်၊	၁၉၉၅
၃	ဒေါ်ရူပသီရီ	မဟာဂန္ထဝါစက	ရတနာမာန်အောင်သီလရှင်စာသင်တိုက်ကရပ်မြင်ရပ်	၁၉၉၅
၁	ဘဒ္ဒန္တ ကောဝိဒ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	သာသနဒေါယကကျောင်း၊ ညင်းဈေးကျေးရွာ	၁၉၉၆
၂	ဘဒ္ဒန္တ အဇိတ္တမ	အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ	မေယုဇေတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၁၉၉၆
၃	ဘဒ္ဒန္တ ဝရိယ	မဟာသဒ္ဓမ္မဇောတိကဓဇ	ရေဘော်ဇင်ကျောင်းသစ်၊ သရက်ချောင်း	၁၉၉၆
၁	ဘဒ္ဒန္တ အာဒိစ္စဝံသ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	သင်းကျွန်းကျောင်းတိုက်၊ သင်းကျွန်းရွာ သရက်ချောင်း	၁၉၉၇
၂	ဘဒ္ဒန္တ ပညာစာရ	မဟာကမ္မဋ္ဌာနာစရိယ	ကံယုံကျောင်းတိုက်၊ မောင်းမကန်ကျေးရွာ	၁၉၉၇
၁	ဘဒ္ဒန္တ အဂ္ဂဓမ္မာဘိဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	မဟာသီတာရာမပါဠိတက္ကသိုလ် ကညွတ်ရပ်	၁၉၉၈
၂	ဘဒ္ဒန္တ ကုသလ	အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ	ယဉ်စေးသာသနာ့ရိပ်သာ ကျောက်မော်ရပ်	၁၉၉၈

ရပ်	ဘွဲ့တော်အမည်	ရရှိသည့်ဘွဲ့တံဆိပ်တော်	ကျောင်းတိုက်အမည်	ရရှိသည့်ခုနှစ်
၁	ဘဒ္ဒန္တ သာဂရ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	မဟာသီတာရာမပါဠိတက္ကသိုလ်ကသည်းရပ်၊	၂၀၀၀
၁	ဘဒ္ဒန္တ သုရိယ	အဂ္ဂမဟာပဏ္ဍိတ	မေယျုဇတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၀
၂	ဘဒ္ဒန္တ အဂ္ဂဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	ပခုက္ကူကျောင်းတိုက်၊ မြောက်ရွာရပ်	၂၀၀၀
၃	ဘဒ္ဒန္တ နန္ဒာဘိဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	နန္ဒသိရိကျောင်းတိုက်၊ မင်းရပ်ရွာ၊ လောင်းလုံ	၂၀၀၀
၄	ဘဒ္ဒန္တ အစ္စရိယ	မဟာသဒ္ဓမ္မဇောတိကဓဇ	တစ်တောင်ကပ်ရွာကျောင်း၊ ထားဝယ်	၂၀၀၀
၁	ဘဒ္ဒန္တ ဓရိယ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ညောင်ခင်စာသင်တိုက်၊ ညောင်ခင်ရွာသရက်ချောင်း	၂၀၀၂
၂	ဘဒ္ဒန္တ ဘာသန	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	ကန့်ကော်မြိုင်ကျောင်းတိုက်၊ သက်န်းကျွန်းမြို့နယ်	၂၀၀၂
၃	ဘဒ္ဒန္တ နန္ဒဝံသ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	မေယျုဇတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၂
၄	ဘဒ္ဒန္တ သုစိတ္တ	မဟာဂန္ထဝါစကပဏ္ဍိတ	အမရပူရရွှေဂုံကျောင်းတိုက်၊ အမရပူရ၊ မန္တလေး	၂၀၀၂
၁	ဘဒ္ဒန္တအာစိဏ္ဏတိဝံသ	အဘိဓဇမဟာရဋ္ဌဂုရု	မဟာသီတာရာမပါဠိတက္ကသိုလ်၊ ကသည်းရပ်	၂၀၀၃
၂	ဘဒ္ဒန္တ ဓမ္မသာမိ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ဝဇီရာကျောင်းတိုက်၊ လောင်းလုံ	၂၀၀၃
၃	ဘဒ္ဒန္တ ဓမ္မသိရီ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ဝေယံဘုံစံကျောင်းသာယာကုန်းကျေးရွာလောင်းလုံ	၂၀၀၃
၄	ဘဒ္ဒန္တ တေဇိန္ဒ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	တိုက်ကြီးကျောင်း၊ ကြေးနီကန်တောင်၊ ပဲခူးမြို့	၂၀၀၃
၅	ဘဒ္ဒန္တ ဝရ	မဟာသဒ္ဓမ္မဇောတိကဓဇ	ကွင်းအုံမော်ကျောင်းတိုက်၊ ပန်းတောရပ်သရက်ချောင်း	၂၀၀၃
၆	ဘဒ္ဒန္တ ကောသလ္လ	မဟာဂန္ထဝါစကပဏ္ဍိတ	မေယျုဇတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၃
၇	ဒေါ်ရှုပသီရီ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	ရတနာမာန်အောင်သီလရှင်စာသင်တိုက်ကရပ်ပြင်ရပ်	၂၀၀၃
၈	ဒေါ်သုဓမ္မစာရီ	မဟာဂန္ထဝါစကပဏ္ဍိတ	သမိဒ္ဓေါဒယသုစိတာရာမကျောင်းတိုက်၊ စမ်းချောင်း	၂၀၀၃
၁	ဘဒ္ဒန္တ အရိယဝံသ	ကမ္မဋ္ဌာနာစရိယ	တပ်ရာကုန်းကျောင်းတိုက်၊ မြို့မရပ်ကွက်သရက်ချောင်း	၂၀၀၄
၂	ဘဒ္ဒန္တ ဓမ္မာလင်္ကာ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ဒက္ခိဏာရာမ်ကျောင်းတိုက်၊ ပန်းတင့်အင်းရွာ၊ လောင်းလုံ	၂၀၀၄
၃	ဘဒ္ဒန္တ ကောသလ္လ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ညေယျဓမ္မာလင်္ကာရကျောင်းတိုက်တလိုင်းတောင်ရွာ၊	
၄	ဘဒ္ဒန္တသုဝဏ္ဏပါလ	မဟာသဒ္ဓမ္မဇောတိကဓဇ	ဓကန်အရှေ့ကျောင်း၊ ဓကန်ကျေးရွာ၊ ရေဖြူ	၂၀၀၄
၅	ဒေါ်ဉာဏာဘာသီ	မဟာဂန္ထဝါစကပဏ္ဍိတ	သမိဒ္ဓေါဒယမော်လမြိုင်သီလရှင်စာသင်တိုက်၊ ဗဟန်း	၂၀၀၄
၁	ဘဒ္ဒန္တ နာရဒ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	နာရဒါရာမကျောင်းတိုက်၊ ကဒက်ငယ်ထိန်ရွာ၊ လောင်းလုံ	၂၀၀၅
၂	ဘဒ္ဒန္တ ကောသလ္လ	အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ	ရွှေစေတီကျောင်းတိုက်၊ ကံပေါက်ဒေသ၊ ရေဖြူ	၂၀၀၅
၃	ဘဒ္ဒန္တ ဥတ္တရာဘိဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	အောင်ချမ်းသာကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၅
၄	ဘဒ္ဒန္တ ကလျာဏ	သဒ္ဓမ္မဇောတိကဓဇ	မြေတိုက်ကျောင်း၊ ကသည်းရပ်	၂၀၀၅
၅	ဘဒ္ဒန္တ ခေမိ	ဂန္ထဝါစကပဏ္ဍိတ	မေယျုဇတီကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၅
၆	ဘဒ္ဒန္တ ဇဝန	သဒ္ဓမ္မဇောတိကဓဇ	စမ်ပြဲကျောင်းတိုက်၊ စမ်ပြဲကျေးရွာ၊ လောင်းလုံ	၂၀၀၅
၇	ဘဒ္ဒန္တ ဝိမလ	မဟာသဒ္ဓမ္မဇောတိကဓဇ	မဟာကျောင်းတိုက်၊ မဟာကျေးရွာ၊ ထားဝယ်	၂၀၀၅
၁	ဘဒ္ဒန္တ အာသဘ	မဟာသဒ္ဓမ္မဇောတိကဓဇ	မဟာစေတီကျောင်း၊ ရေဖြူရွာ၊ လောင်းလုံ	၂၀၀၆
၂	ဘဒ္ဒန္တ ပညာဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	မေယျုဘုန်းတော်ကြီးသင်ပညာရေးကျောင်း လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပိန္နဲတောရပ်	၂၀၀၆
၃	ဘဒ္ဒန္တ ဝိရိယ	မဟာသဒ္ဓမ္မဇောတိကဓဇ	ရတနာသိရိကျောင်းတိုက်၊ ဓားဒါးအင်းရွာ၊ လောင်းလုံ	၂၀၀၆
၄	ဘဒ္ဒန္တ ကောသလ္လ	မဟာသဒ္ဓမ္မဇောတိကဓဇ	ညောင်ခင်ကျောင်းသစ်၊ ညောင်ခင်ရွာသရက်ချောင်း	၂၀၀၆
၅	ဘဒ္ဒန္တ ကုမာရ	သဒ္ဓမ္မဇောတိကဓဇ	မြို့မကြက်တောပြင်ကျောင်းကြီး၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပရဟိတဓေတနာရှင်လတ်ကျောင်း၊ ကြက်တောပြင်ရပ်	၂၀၀၆
၆	ဘဒ္ဒန္တ အာစရ	သဒ္ဓမ္မဇောတိကဓဇ	တောင်သစ်ကျောင်းတိုက်၊ကျောက်မြောင်းရပ်၊သရက်ချောင်း	၂၀၀၆
၁	ဘဒ္ဒန္တ အဂ္ဂဝံသ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ပခုက္ကူဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ မြောက်ရွာရပ်	၂၀၀၇
၂	ဘဒ္ဒန္တ နန္ဒာဘိဝံသ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	နန္ဒသိရိကျောင်းတိုက်၊ မင်းရပ်ကျေးရွာ၊ လောင်းလုံ	၂၀၀၇
၃	ဘဒ္ဒန္တ သုရိယ	သဒ္ဓမ္မဇောတိကဓဇ	သီရိမင်္ဂလာကျောင်းတိုက်၊ ကျောက်ဆည်ကျေးရွာသရက်ချောင်း	၂၀၀၇

စဉ်	ဘွဲ့တော်အမည်	ရရှိသည့်ဘွဲ့တံဆိပ်တော်	ကျောင်းတိုက်အမည်	ရရှိသည့်ခုနှစ်
၄	ဘဒ္ဒန္တ ပညာဝံသ	သဒ္ဓမ္မဇောတိကဓဇ	ညောင်စဉ်ကျောင်းသစ်၊ ညောင်စဉ်ရွာ၊ သရက်ချောင်း	၂၀၀၇
၅	ဒေါ်ဓမ္မစာရီ	မဟာဂန္ထဝါစကပဏ္ဍိတ	ရတနာမဟန်အောင်သီလရှင်စာသင်တိုက်၊ ကရင်ပြင်ရပ်	၂၀၀၇
၆	ဒေါ်သုမနစာရီ	မဟာကမ္မဋ္ဌာနာစရိယ	တောက်ထိန်တောင်စေတီရိပ်သာရန်တောင်ရွာသရက်ချောင်း	၂၀၀၇
၁	ဘဒ္ဒန္တ ပညာစာရ	အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ	ကံပိုးကျောင်းတိုက်၊ မောင်းမကန်	၂၀၀၈
၂	ဘဒ္ဒန္တ ပညာဝံသ	မဟာသဒ္ဓမ္မဇောတိကဓဇ	ဆေဒီကျောင်းသစ်၊ ဆေဒီကျေးရွာ၊ လောင်းလုံ	၂၀၀၈
၃	ဘဒ္ဒန္တ သောဘန	မဟာသဒ္ဓမ္မဇောတိကဓဇ	ပိန်းတောကျောင်းကြီး၊ ပိန်းတောကျေးရွာ၊ သရက်ချောင်း	၂၀၀၈
၄	ဘဒ္ဒန္တ ဝရဉာဏ	မဟာကမ္မဋ္ဌာနာစရိယ	မင်းရပ်ချောင်း၊ ပရိယတ္တိသာသနာ့ရိပ်သာ၊ မင်းရပ်ရွာ	၂၀၀၈
၅	ဘဒ္ဒန္တ ယသဉာဏ	သဒ္ဓမ္မဇောတိကဓဇ	ရွာလယ်တိုက်ကျောင်းသရက်နှစ်ခုကျေးရွာသရက်ချောင်း	၂၀၀၈
၆	ဘဒ္ဒန္တ ဣန္ဒာလင်္ကာရ	ဂန္ထဝါစကပဏ္ဍိတ	ဓမ္မသုခကျောင်းတိုက်၊ မိုးမလေမ်း၊ စမ်းချောင်း	၂၀၀၈
၇	ဘဒ္ဒန္တ နန္ဒဝံသ	ကမ္မဋ္ဌာနာစရိယ	ဓမ္မရိပ်သာကျောင်းတိုက်ကနက်သိမ်ကျေးရွာသရက်ချောင်း	၂၀၀၈
၁	ဘဒ္ဒန္တ မာလာဘိဝံသ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ဓမ္မသီတာရာမပါဠိတက္ကသိုလ်၊ ကညင်ရပ်	၂၀၀၉
၂	ဘဒ္ဒန္တ ကောသလ္လ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	ဓမ္မဇောတိကျောင်းတိုက်၊ ပိန္နဲတောရပ်	၂၀၀၉
၃	ဘဒ္ဒန္တ သုမန	မဟာဂန္ထဝါစကပဏ္ဍိတ	တောင်ဇင်းအထက်ကျောင်းတိုက်၊ သောကြာပြင်လောင်းလုံ	၂၀၀၉
၄	ဘဒ္ဒန္တ ဝိစိတ္တောဒယ	ဂန္ထဝါစကပဏ္ဍိတ	ဓမ္မသီတာရာမပါဠိတက္ကသိုလ်ကညင်ရပ်	၂၀၀၉
၁	ဘဒ္ဒန္တ ကောသလ္လ	ဂန္ထဝါစကပဏ္ဍိတ	ဓမ္မသီတာရာမပါဠိတက္ကသိုလ်ကညင်ရပ်	၂၀၁၀
၂	ဒေါ်ဥာဏသောဘာသီ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	အလယ်တောရသမိဒ္ဓါရသမင်္ဂလမြိုင်သီလရှင်ကျောင်းတိုက်၊ ဗဟန်း	၂၀၁၀
၃	ဒေါ်တိဿဝတီ	ဂန္ထဝါစကပဏ္ဍိတ	ရတနာမဟန်အောင်သီလရှင်စာသင်တိုက်ကရင်ပြင်ရပ်	၂၀၁၀
၁	ဘဒ္ဒန္တပညာသာမိ	အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ	ဓမ္မသီတာရာမပါဠိတက္ကသိုလ်ကညင်ရပ်	၂၀၁၁
၂	ဘဒ္ဒန္တပညာဝံသ	အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ	ဓမ္မဒူတခိုတန်းဆော်ကြီးပညာရေးကျောင်း တိုင်းရင်းသားလူငယ်များဘက်စုံဖွံ့ဖြိုးရေး မိဘမဲ့ပရဟိတဂေဟာ၊ ပိန္နဲတောရပ်	၂၀၁၁

ဘွဲ့တံဆိပ်တော်ရ လူပုဂ္ဂိုလ်များစာရင်း

စဉ်	အမည်	ရရှိသည့်ဘွဲ့	ရရှိသည့်ခုနှစ်
၁။	ဒေါ်ညွန့်	(သုဓမ္မသီဂီ)	၁၉၉၇ ခုနှစ်
၂။	ဦးအုန်းရွှေ	(မဟာသဒ္ဓမ္မဇောတိကဓဇ)	၂၀၀၁ ခုနှစ်
၃။	ဦးရှိန်အောင်ဗိုလ်	(မဟာသဒ္ဓမ္မဇောတိကဓဇ)	၂၀၀၂ ခုနှစ်
၄။	ဒေါ်ခင်သိန်း	(သီရိသုဓမ္မသီဂီ)	၂၀၀၂ ခုနှစ်
၅။	ဒေါ်ခင်သန်း	(သီရိသုဓမ္မသီဂီ)	၂၀၀၃ ခုနှစ်
၆။	ဦးစံတင်	(မဟာသဒ္ဓမ္မဇောတိကဓဇ)	၂၀၀၄ ခုနှစ်
၇။	ဦးကောင်းမိန်	(သီဟသုဓမ္မမဏိဇောတဓရ)	၂၀၀၄ ခုနှစ်
၈။	ဒေါ်ခင်ဝင်း	(သီဟသုဓမ္မသီဂီ)	၂၀၀၄ ခုနှစ်
၉။	ဒေါ်ခင်မာချို	(သုဓမ္မသီဂီ)	၂၀၀၅ ခုနှစ်
၁၀။	ဦးအောင်ဝင်း	(သီရိသုဓမ္မမဏိဇောတဓရ)	၂၀၀၆ ခုနှစ်
၁၁။	ဦးကြည်လွင်	(သီရိသုဓမ္မမဏိဇောတဓရ)	၂၀၀၈ ခုနှစ်

ဦးကျော်မြင့်(ဒု-ဥက္ကဋ္ဌ)ထားဝယ်အသင်း၊

နတ်ပြည် တက်ခွင့်ရသူ

အောင်ကို (ထားဝယ်အသင်း)

"ကလင် . . . ကလင် . . . . ကလင်"

တယ်လီဖုန်းမြည်သံက တိတ်ဆိတ်နေသော ပတ်ဝန်းကျင်ကိုနှုတ်ဆက်နိုးထစေသည်။ အဆက်မပြတ်မြည်သံက နားထဲသို့ ပီပီပြင်ပြင် နေရာယူလာသည်။ အိပ်မက်တစ်ခု အလား ထင်မှတ် မှားနေရင်းက သတိပြုမိပြီ။

"ဖုန်းသံ တကယ်ပဲမြည်နေပါလား"ဟု စိတ်ထဲက ရေရွတ်မိရင်းအိပ်ရာမှ ကမန်းကတန်း ထလိုက်သည်။ ပြီတော့ အိပ်ချင်မူးတူးနှင့် အသံမြည်ရာဘက်သို့ အပြေးသွားသည်။ ဖုန်းခွက်ကို ကောက်ကိုင် လိုက်မိပါသည်။

မနက်စောစောစီးစီးဝင်လာသော တယ်လီဖုန်းအသံကို နိုးနိုးစိတ်ဖြစ်မိသည်က အမှန်။

"ဟဲလို . . . ဒကာကြီးလား" ဟု အမေးခံလိုက်ရသော စကားကိုပြန်လည်မေးမြန်းရင်းကျွန်တော်တုံ့အားသင့်နေမိသည်။

ကျွန်တော်သည် မိတ်ဆွေအပေါင်းအသင်း သူငယ်ချင်းပေါများပေမယ့် ဆရာတော်၊ သံဃာတော် အသိအကျွမ်းသိပ်မရှိလှ။ တွေးတောရင်း 'ဖမိန့်ရှိပါဘုရား'ဟု မေးမြန်းသည်။ "ဒကာကြီး ငါက ထားဝယ်က ဆရာတော် ဦးတေဇဝံသ ပါ" ဟု ပြန်ကြားသော်မှ "မှတ်မိပါပြီဘုရား" ဟု မေးမြန်းကာ အကြောင်းကိစ္စကို မေးမြန်းရပါတော့သည်။

"ဆရာတော်က မယ်တော်ကြီးကျန်းမာရေးအခြေအနေကြောင့် ရန်ကုန်ရောက်နေတာ သုံး လေး ရက်ရှိပြီ။ အခု ရန်ကုန်အရှေ့ပိုင်းဆေးရုံမှာပေါ့။ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ကြည့်တော့ ဒီနေ့မနက် ခွဲစိတ်ကုသရမယ်။ ပြီတော့ သွေးအုပ်စုက "အို" သွေးဆိုတော့ သွေးတစ်ပုလင်း လိုအပ်နေတယ်လို့ညွှန်ကြားကြတယ်၊ ကိုယ့်မြို့ ကိုယ့်ရွာမဟုတ်တော့ ဆရာတော်မှာ အသိအကျွမ်းမရှိဘူးလေ၊ ဘုန်းကြီးလည်း ကြံရာမရဖြစ်ပြီး ဒကာကြီးတို့ လူငယ်အုပ်စုရှိမည့် ထားဝယ်အသင်း ဖုန်းနံပါတ်နှစ်လေးလုံးတစ်ကိုး(222219)ကို ဆက်သွယ်ပြီး အကူအညီတောင်းရတော့တာပေါ့။ မြန်မာ့အဖွဲ့မှူး ကိုမိုးမိုင်က သွေးလှူဒါန်းပေးလို့ရပါတယ်။ ဒါပေမဲ့ သွေးအုပ်စုတူတဲ့ သွေးလှူရှင်စာရင်းအပြည့်အစုံကတော့ ဒကာကြီးမှာပဲရှိတယ်လို့ သိရတော့ ဒကာကြီးကိုပဲ ဖုန်းဆက်ပြီး အကူအညီတောင်းလိုက်ရတာပေါ့"ဟု စိုးရိမ်စိတ်နှင့် အားကိုးတကြီး ပြောနေသည်။ ထို့ကြောင့်

"သွေးရဖို့အတွက် မစိုးရိမ်ပါနဲ့ဘုရား။ တပည့်တော်တတ်နိုင်သလောက်ကူညီပါမယ်။ "အို" သွေးအလှူရှင်ရအောင်ခေါ်ခဲ့ပါ့မယ်ဘုရား။ တပည့်တော်က "ဘီ"သွေး ဖြစ်နေလို့ပါ။ "ဘီ"သွေးဆိုရင်တပည့်တော်အခုချက်ချင်းလာခဲ့လို့ရပါတယ်။ အရှင်ဘုရားလိုအပ်တဲ့ "အို"သွေး အလှူရှင်တွေက တပည့်တော်တို့ အပေါင်းအသင်းတွေထဲမှာ အတော်ပေါပါတယ်။ အရှင်ဘုရား လုပ်စရာရှိတဲ့ အခြားကိစ္စတွေကိုသာ ဆောင်ရွက်တော်မူပါ။ တပည့်တော်သွေးရရှိရေး အတွက်ကြိုးစားလိုက်ပါဦးမယ်ဘုရား" ဟုလျှောက်ထားလျှောက် ဆရာတော်၏ "သာဓု သာဓု သာဓု" ကောင်းချီးပေးမှုအဆုံး တယ်လီဖုန်းကို နေရာတကျ ပြန်ထားပြီး သွေးအလှူရှင်စာရင်းစာအုပ်ရှိရာ စားပွဲသို့ ကပျာကသီပြေးရာ၍ သွေးအလှူရှင်အမည် စာရင်းကို လှန်လှောနေမိသည်။

ဟော . . တွေ့ပါပြီ။ လူမှုရေးကိစ္စဆိုရင် အမြဲတမ်းတက်ကြွနေတဲ့ ဗုဒ္ဓကျူရှင်ကြီး ကိုစိုးတင့်က "အို"သွေး၊ ဒါပေမဲ့သူ အခုရန်ကုန်မှာမရှိ။ ခရီးလွန်နေသည်၊ နောက်တစ်ဦး သူ့ဖုန်းမခင်ခင်သော် ဆိုတော့ ကျွန်တော်ပျော်သွားသည်။ တယ်လီဖုန်းရှိရာသို့ပြေးကာ ဖုန်းနံပါတ်များကို အလျှင်အမြန်နှိပ်လိုက်မိသည်။ တစ်ဖက်မှ ဖုန်းသံမြည်နေပြီ။ ကိုင်မည့် သူမရှိသေး။ ဖုန်းခွက်ကို နားနဲ့ကပ်ထားရင်းက နံရံတွင်ချိတ်ဆွဲထားသော တိုင်ကပ်နာရီကို လှမ်းကြည့်မိသည်။ နံနက် ငါးနာရီခွဲခွန်းမွန်းလေးပဲရှိသေးသည်။ ကျွန်တော်အားနာသွားသည်။ ထို့ကြောင့်

ဖုန်းကိုပြန်ချထားပြီး အချိန်အနည်းငယ်ကြာမှပြန်ဆက်ရသည်။ မခင်ခင်သော် ကိုယ်တိုင်ဖုန်းကိုင်သည်။ ကျွန်တော် နှုတ်ဆက်ရင်း ကိုရိုတင့်လည်း မရှိဘူးဆိုတော့ သွေးအမျိုးအစားတူတဲ့ အစ်မဆီမှာ သွေးတစ်ပုလင်းလောက် အလှူခံချင်လို့ပါ၊ ကူညီလို့ရရင် ကူညီပေးပါဟု တောင်းဆိုမိပါသည်။ သို့သော် ပထမအကြိမ် သွေးလှူထားသည်မှာလေးလမပြည့်သေးသည့်အစ်မက. . . .

"အားနာလိုက်တာရှင်၊ ကျွန်မက နောက်တစ်လစောင့်ပြီးမှ နောက်တစ်ကြိမ်လှူခွင့်ရမှာ" ဟု ပြောသည်။

"ဪ. . . . ဟုတ်လား။ မနက်စောစော စီးစီး အနှောင့်အယှက်ပေးသလို ဖြစ်သွားပြီ အစ်မရေ။ ကျွန်တော်အခြားအလှူရှင်တစ်ယောက်ရှာကြည့်လိုက်ပါဦးမယ်၊ ကျေးဇူးပဲ အစ်မ" ဟု နှုတ်ဆက်ရင်း ဖုန်းချလိုက်ရသည်။

ကျွန်တော်ကြာရာမြေဖြစ်ကာ စာအုပ်ကို ပြန် လှန်လှောနေမိသည်၊ အမည်စာရင်းမှာ နောက်တစ်ဦးထပ်တွေ့သည်။ ကျွန်တော်အားတက်သွားသည်၊ သူကား အခြားသူမဟုတ် တွမ်းသီးလုပ်ငန်းပိုင်ရှင် အားကစားသမားကြီး "ကိုထိုက်" ပင်ဖြစ်သည်။ သူသည် လူငယ်တစ်ယောက်လို အမြဲတက်ကြွဖျတ်လတ်ပြီးစေတနာသဒ္ဓါတရား ထက်သန်လွန်းသူဆိုတော့ ဒီအလှူကိုသူသာလျှင် လှူခွင့်ရမည်ဆိုပါက တော်တော်ပီတိဖြစ်မှာပဲဟု တွေးမိပြီး ကျွန်တော်ကြိတ်၍ ပြုံးပျော်နေမိသည်။

နောက် သူ့လက်ကိုင်ဖုန်းနံပါတ်များကို နှိပ်လိုက်သည်။ ဖြစ်ချင်တော့ သူ့မယားသီနှင့် တွေ့ပါသည်။

"ကိုထိုက် ရှိပါသလားခင်ဗျာ"

"ကိုထိုက် ဆိုင်ကိုသွားပါပြီရှင်၊ ဘယ်သူ ဆက်တာပါလဲ"

"ကျွန်တော် ထားဝယ်အသင်းက သူမိတ်ဆွေပါ"

"ဘာပြောပေးရမလဲရှင်"

"ကျွန်တော်သူ့ကို အကူအညီ တစ်ခုလောက်တောင်းချင်လို့ပါ။ ဆိုင်မှာရှိတယ်ဆိုရင် ကျွန်တော်ဆိုင်ကိုပဲ လိုက်သွားပါမယ်။ ကျေးဇူးတင်ပါတယ်"

ဟုနှုတ်ဆက်ပြီး ဖုန်းခွက်ကိုချကာ ကမန်းကတန်း မျက်နှာသစ်၊ သွားတိုက်၊ ခြေလက်သုတ်သင်ရတော့သည်။ ပြီးမှ ညက ကလေးကြိုကျလို့ အိပ်ပျော်နေဆဲမိန်းမကိုနှိုးရတော့သည်။

ကျွန်တော့ချစ်ဇနီးလည်း အိပ်ရာမှထပြီး . . . . ရှင် ကား ထွက်တော့မှာလား။ ဈေးလှည့်လည်ဖို့ မနက်စာကော စားပြီးပြီလားဆိုသော နိုးနိုးမိစိတ်တရွကာ "လား" ပေါင်းများစွာ တဖွဖွ ပြောနေပါတော့သည်။

ကျွန်တော်လည်းနေ့စဉ်ကြားနေကျ ကရုဏာတေးသံသာကို နားမဆင်နိုင်အား၊ လုပ်စရာရှိတာလေး တွေလုပ်နေရင်းက

"မိန်းမရေ . . . ထားဝယ်ကဆရာတော် ဦးတေဇဝံသရဲ့ မယ်တော်ဆေးရုံတင်ထားလို့ သွေးလိုတယ် ဖုန်းဆက်ထားတယ်၊ သွေးအလှူရှင်က တိတိကျကျ မသိသေးဘူး၊ ငါအခု ကိုထိုက်ဆီ လိုက် သွားလိုက်ဦးမယ်၊ မနက်စာကိုတော့ လမ်းကျမှ အဆင်ပြေသလိုစားလိုက်တော့မယ်ကွာ၊ ဒီကိစ္စတွေ အားလုံးပြီးပြတ်လို့အချိန်ရမှပဲ ကားထွက်ဆွဲတော့မယ်၊ မိန်းမရေ-တို့မှာက သူများတွေလိုငွေ များများမလှူနိုင်တော့ ကိုယ်အားစိတ်အားနဲ့ပဲ တတ်နိုင်သလောက်လှူရတာပေါ့ကွာ. . . မင်းလည်းဝမ်းသာတယ်မဟုတ်လား" ဟု ပြောတော့ ချစ်ဇနီး မျက်နှာလေး ဝင်းလက်သွားပြီး

"ကျွန်မကဒီထက်စေ ကူညီခွင့်ရရင် ကူညီချင်ပါသေးတယ်၊ ရှင်ကူညီတော့ ကျွန်မလည်း ကုသိုလ်ရတာပါဘဲ၊ ကားကိုလည်းဂရုစိုက်မောင်းဦးနော်၊ ကျွန်မတို့သားအမိလည်း ရှင်နဲ့နေ့လယ်စာ အတူစားဖို့အတွက် ချက်ပြုတ်ပြင်ဆင်ထားမယ်" ဟု အားတက်သရောပြောနေတော့သည်။

ဒါနဲ့ကျွန်တော်လည်း ကျွန်တော့်ရဲ့ မီးခိုးရောင် TAXI လေးကို ဗွတ္တလစ်တက်သို့ ဦးတည် မောင်းနှင်ခဲ့တော့သည်။ အချိန်ကား နံနက်ခြောက်နာရီကျော်ကျော်သာ ရှိသေးသဖြင့် ကားအသွားအလာ ရှင်းနေသေးသည်။ ထို့ကြောင့် တာမွေမီးပွိုင့်အကျော်က "ရွှေဝယ်ထွန်း" ကွမ်းသီးရောင်းဝယ်ရေးဆိုင်ရှေ့သို့တစ်ခဏချင်းပဲရောက် သွားတော့သည်။

ဆိုင်နာမည်လေးက သူ့ရဲ့စိတ်ထားကို ဖော်ပြနေသလိုပင်၊ ကိုယ့်ရပ်ဒေသကို ချစ်ခင်လိုစိတ်၊ ရိုင်းပင်းကူညီလိုစိတ်နဲ့ သံယောဇဉ်ကြီးမားမှုပမာဏကို မြင်နေရပါသည်၊ ဆိုင်ရှေ့ရောက်တော့ ကိုထိုက်ကိုမတွေ့၊ သူ့တပည့်ဆိုင်ထဲမှ ထွက်လာပြီး . . . .

"ဆရာလမ်းလျှောက်သွားတယ်၊ ပြန်မရောက်သေးဘူး" ဟုပြောသည်။

သူ့စကားအဆုံးမှာ "ဘယ်အချိန်ရောက်မလဲ" ဟု ကျွန်တော် ပြန်မေးမြန်းသည်။

"ရောက်ခါနီးပါပြီ၊ ခဏထိုင်စောင့်ပါ ခင်ဗျာ" ဟု မိတ်ခေါ်

သည်။

ကျွန်တော်လည်း ကားပေါ်ကဆင်းပြီး ဆိုင်ရှေ့ထိုင်ခုံလေးမှာထိုင်စောင့်နေမိသည်။ ဆယ်မိနစ်ခန့် ကြာသွားသည်။ ကိုထိုက်ရောက်မလာသေး။ ထို့ကြောင့် စောစောစီးစီး ဗိုက်ဆာတတ်သည့်အကျင့်ရှိသော ကျွန်တော်လည်းသူ့ရဲ့ တစ်ဆိုင်ကျော်က မုန့်ဟင်းခါးဆိုင်မှာ မုန့်ဟင်းခါးတစ်ပွဲ ခပ်သုတ်သုတ်ဝယ်စားလိုက်သည်။ နေသာထိုင်သာ ရှိသွားပြီ၊ ကွမ်းသီးဆိုင်ရှိရာပြန်လာပြီး ကိုထိုက်ကို ဆက်စောင့်နေမိသည်။ ငါးမိနစ်ခန့်အကြာ ကိုထိုက် ရောက်လာသည်။ထုံးစံအတိုင်း အပြုံးနှင့်သူ့နှုတ်ဆက်သည်။ အားကစားဝတ်စုံ ဝတ်ဆင်ထားပြီး တက်ကြွလန်းဆန်းနေသော လူငယ်တစ်ယောက်လို သူ့ရုပ်သွင်ကနေသည်။

"ဟော့ စောစောစီးစီး ဘာကိစ္စတုံး"

"ကိစ္စကတော့ အစ်ကို့ကို နှုတ်ခြည်းပို့မလို့ ခေါ်တာဗျို့"

"ဟတောင် . . . မင်းစကားကြီးကတစ်မျိုးပါလား" ဟု သူကဆိုသည်။

"ဒီလို အစ်ကိုရေ. . . ထားဝယ်က ဆရာတော် ဦးတေဇဝံသရဲ့ မယ်တော်အရှေ့ပိုင်းဆေးရုံတင်ထားရတယ်။ ဒီနေ့ ဗောဓိပရေမှူရှင်းလုပ်မှာမို့လို့ အစ်ကို့ဆီက သွေးအလှူခံလာတာပါ။ ဒါကြောင့် အစ်ကို့ကို နှုတ်ခြည်းပို့ဖို့လာခေါ်တာလို့ ပြောရတာပေါ့"ဟု လာရင်း အကြောင်းကို ရှင်းပြရသည်။

"ဟ . . ဖြစ်ပုံမလား။ ကိုယ်တစ်ခါမှ သွေးမလှူဖူးဘူး။ တော်ကြာသွေးစစ်လိုက်လို့ဘာညာ၊ ဘာညာ အခြေတွေထွက်လာရင် စိတ်ဆင်းရဲပြီး ဝှက္ခရောက်နေဦးမယ်"

"အစ်ကို့လို နိုးသားဖြောင့်မတ်ပြီး ကျန်းမာသွက်လက်နေတဲ့လူတစ်ယောက်မှာ ဘာရောဂါမှမရှိ နိုင်ဘူးလို့ ကျွန်တော်ခဲ့ခဲ့ကြီးယုံတယ်ဗျာ။ ပြဿနာရှိလည်း စစ်ဆေးပြီးသားဖြစ်မယ်၊ ဆင်ခြင်သင့်တာဆင်ခြင်ဖို့သိသွားတာပေါ့။ ဘယ်သူမှမလွန်ဆန်နိုင်တဲ့ သေခြင်းတရားကို သတိနဲ့ဆင်ခြင်ပြီး နေထိုင်သွားလို့ရတာပေါ့" ဟု ကိုထိုက်ကို သွေးလှူ ဖြစ်အောင် တတ်သလောက်မှတ်သလောက်လေးများနှင့် စည်းရုံးရတော့သည်။

နှစ်ဦးသား စကားပြတ်သွားပြီး တစ်အောင့်လောက်အကြာ ကိုထိုက်ဆီမှ . . . . .

"အေးကွာ ဘုန်းကြီးမယ်တော်ဆိုတော့ ငါလည်း တတ်နိုင်သလောက် ကူညီပေးရတာပေါ့ . . ." ဟု လက်ခံစကားပြောတော့မှ ကျွန်တော့ ရင်ထဲပေါ့ပါးသွားသည်။ ပျော်လည်းပျော်သွားပါတယ်။

ကိုထိုက်လည်း သူ့တပည့်အား ဆိုင်အတွက် လိုအပ်သည်များကို စီစဉ်ညွှန်ကြားပေးပြီးနောက် ကျွန်တော့်ကားလေးခေါ်ဆောင်ရာ ဗိုလ်တထောင် အရှေ့ပိုင်းဆေးရုံသို့ နှစ်ဦးသားရောက်ရှိခဲ့တော့သည်။

အရင်ရောက်နှင့်နေခဲ့သော ထားဝယ်အသင်း တွဲဖက်အတွင်းရေးမှူး ကိုမောင်မောင်ခိုင် နဲ့ဇနီး မမိုးမိုးအေး၊ လူမှုရေးကိစ္စဆိုရင် မငြင်းတတ်သည့် အမှုဆောင်ကိုကျော်ကျော်ထွန်းတို့ကို ဆရာတော်နှင့်အတူ ဆေးရုံအဝင်ဝတွင် တွေ့ရသည်။ သူတို့ကလည်း ဆရာတော်အား ပူပန်မှုမဖြစ်စေရန် အားပေးစကား ပြောနေကြသည်။ ကျွန်တော်တို့နဲ့ တွေ့ပြီးအပြန်အလှန်နှုတ်ဆက်ကြစဉ် ဆရာတော် က . . . "ဒကာကြီးလည်း ပင်ပန်းနေပါပြီ။ အခုလိုကူညီပေးတာကျေးဇူးတင်ပါတယ်၊ အားလုံးကျန်းမာ၊ ချမ်းသာကြပါစေ"ဟု ဆုပေးသည်။ ကျွန်တော်လည်း ဆရာတော်အား မယ်တော်အတွက် သွေးလှူမည့် ကိုထိုက်နှင့် မိတ်ဆက်ပေးသည်။ ဆရာတော်က ကိုထိုက်အား ကျေးဇူးတင်ကြောင်း လှိုက်လှိုက်လှဲလှဲ ပြောနေသည်။

"တပည့်တော်လည်း တစ်ခါမှ သွေးမလှူ ဖူးပါဘူး အခုလိုလှူခွင့်ရတာကိုလည်း ဝမ်းသာမိပါတယ်ဘုရား" ဟု ကိုထိုက်တပြန်ပြောသည်။

ထို့နောက် ဆရာတော်က သူ့မယ်တော် ရှိရာ အခန်းသို့ ခေါ်ဆောင်သွားသည်။ နားနေခန်း ရောက်လျှင်ဆရာတော်၏ နှမတော်ဖြစ်သူက တော်ဗီဖြင့် ဖျော့တော့စွာစည့်ဝတ်ပြုပါသည်။ ပြီးတော့ ကျွန်တော့်အား

"မစု အမျိုးသားမဟုတ်လား"

"ဟုတ်ပါတယ်"

"မစုနဲ့ ကျွန်မ အရမ်းရင်းနှီးတယ်၊ အရင်ကတော့ မကြာခဏဆိုသလို တွေ့ဖြစ်ကြတာပေါ့။ အခုတော့ မတွေ့ရတာလည်း ကြာပြီ၊ သူလည်း အလုပ်များနေရောပေါ့"

"ဟုတ်ကဲ့၊ တလေးတစ်ဖက်နဲ့ ချက်ရပြုတ်ရဆိုတော့ သူလည်းမအားပါဘူး။ အိမ်ပြန် ရောက်ရင်ပြောပြလိုက်ပါ့မယ်၊ သူ့ကိုခေါ်ပြီးလည်း လာခဲ့ပါဦးမယ်" ဟု ဆရာတော့်ညီမနှင့် စကား လက်ဆုံကျနေတော့သည်။

ဆရာတော်ကလည်း မယ်တော်ရဲ့ကျန်းမာရေးအခြေအနေကို ရှင်းပြပါသည်။ ထို့နောက် ထားဝယ်ဆေးရုံမှုရစ်ကုန်သို့

ယူခဲ့ရပုံ ရန်ကုန်လေဆိပ်တွင်ထားဝယ်အသင်းအတွင်းရေးမှူး ဦးဆောင်ပြီး အမှုဆောင်အချို့လာရောက် ကြိုဆိုကြပုံများကို အားတက်သရောပြောပြနေတော့သည်။

ကျွန်တော်လည်း ပီတိဖြစ်စရာ ကောင်းလှသော အသင်း အမှုဆောင်များ တက်ညီလက်ညီ ကူညီဆောင်ရွက်ခဲ့ကြသည် များကို နားထောင်နေစဉ် အခန်းထဲသို့ သူနာပြုဆရာမ တစ်ဦးရောက်ရှိလာသည်။

"သွေးအလှူရှင် သွေးစစ်လို့ရပါပြီရှင်" ဟု သူနာပြု ဆရာမ လေးခေါ်ရာနောက်သို့ နှစ်ဦးသား လိုက်ခဲ့ကြရသည်။

သွေးစစ်ခန်းသို့ရောက်သောအခါ တာဝန်ကျဆရာက ကိုထိုက်ရဲ့ ညာဘက်လက်ထိပ်ကို အပ်နှင့်ထိုးဖောက်ပြီး သွေး နမူနာယူကာ လိုအပ်သော စစ်ဆေးမှုများ ပြုလုပ်နေပါသည်။ ဓာတ်ခွဲခန်းစစ်ဆေးပြီး ဆယ့်ငါးမိနစ်ကျော်ကျော် မိနစ် ၂၀ခန့် အကြာတွင် ဆရာပြန်ရောက်လာပြီး ကိုထိုက်ရဲ့ နေရပ်လိပ်စာ ကိုယ်ရေးအချက်အလက်တချို့ကို လျှောက်လွှာစာရွက်တွင် မှတ်တမ်းတင်နေတော့သည်။ ထိုစဉ်ကိုထိုက်က . . .

"ဆရာ. . . ကျွန်တော့်သွေးက၊ ကောင်းရော ကောင်းရဲ့ လားဗျာ။ ကျွန်တော်စိုးရိမ်နေလို့ပါ" ဟု မေးမြန်းလေရာ. . . .

"အားလုံးကောင်းပါတယ်ဗျာ။ ဘာမှ ပူမနေပါနဲ့တော့။ မကြာခင်မှာ ခင်ဗျားရဲ့သွေးကို လှူခွင့်ရပါတော့မယ်"ဟု ဆရာက ပြန်ဖြေလိုက်ရာ ကိုထိုက်မျက်နှာလေးက နဂိုထက်ပင်ပို၍ ဝင်း လက်သွားသည်။ ကျွန်တော်လည်း သူ့မျက်နှာကိုကြည့်ပြီး

"ကိုထိုက် ခင်ဗျားကို ကျွန်တော်ပြောတယ်မဟုတ်လား။ ခင်ဗျားကို နတ်ပြည်ပို့ဖို့ ခေါ်လာတာလို့။ အခု နတ်ပြည်တက်ဖို့ လက်မှတ်ရခါနီးပြီဗျ" ဟု ဝမ်းသာအားရပြောနေမိသည်။

"အေးကွာ. . . ငါလည်းဝမ်းသာပါတယ်။ ငါက သွေး တစ်ခါမှ မလှူဖူးတော့စိုးရိမ်တာပေါ့။ မနက်စောစော ထပြီး လမ်းလျှောက်တတ်တဲ့ အကျင့်ကလည်းရှိတော့ အိပ်ရေးပျက်ပြီး သွေးပေါင်မှန်မှ မှန်ပါ့မလားလို့လည်း စိုးရိမ်နေတာ။ အခုတော့ အားလုံး အဆင်ပြေသွားတော့ ကောင်းတာပေါ့ကွာ" ဟု ဆိုကာ ကိုထိုက် ပျော်နေသည်။

စာရွက်များတွင်လိုအပ်သော အချက်အလက်များကို ရေး မှတ်ပြီးနောက် ဆရာက ကိုထိုက်အား ပက်လက်အနေအထားလှဲ နေရန်နှင့်သွေးဖောက်ထုတ်မည်ဟုပြောသည်။ ဒီအချိန်မှာ ကျွန်တော်လည်းအသင့်ပါလာသည့် ဓစ်ဂျစ်တယ် ကင်မရာလေး ကို ထုတ်ပြီးအသင်းအတွက် မှတ်တမ်းယူရန် ပြင်ဆင်နေတော့ သည်။

ကိုထိုက်၏လက်မောင်းနှစ်ဖက်ကို မြဲမြံနှံ့တာ ခုတင်ပေါ်တွင် လှဲလျောင်းသွေးထုတ်ပေးနေသောပုံကို ဓာတ်ပုံရိုက်ကာမှတ်တမ်း တင်လိုက်ပါသည်။ သွေးထုတ်အပြီးတွင် ဆရာဝန်ညွှန်ကြားချက် အရ ခဏလှဲနေရသည်။ ငါးမိနစ်ခန့်အကြာမှာ ကျွန်တော်တို့ နှစ်ယောက်ဟာ သွေးလှူရှင်အခန်းကို ကျောခိုင်းထွက်ကာ ဆရာတော်အား နှုတ်ဆက်ရန်လူနာဆောင်ရှိရာသို့ ဦးတည်လာ ခဲ့ကြသည်။

ညွှန်ခန်းအရောက်မှာ မိခင်ကြီး၏ဖော်ဝရေးရှင်း အောင်မြင်ရေးအတွက် တရားဒေသနာများကို တဖွဖွ ရွတ်ဖတ်မေတ္တာပို့နေရင်း ဆောက်တည်ရာမရ ဖြစ်နေသည့် ဆရာတော်ကို တွေ့ကြသည်။

"အေး . . . ပြီးကြပြီလား . . ကိုထိုက်ရေ အရမ်းကျေးဇူး တင်ပါတယ်။ အားလုံးကျန်းမာချမ်းသာကြပါစေလို့ ဦးပဉ္ဇင်း ဆုတောင်းပါတယ်။ ဦးပဉ္ဇင်းလည်း မယ်တော်ကြီးအတွက် တော်တော် စိုးရိမ်နေမိတာ။ အခုလို ထားဝယ်အသင်းက လူတွေ တစ်တပ်တစ်အား ကူညီကြတာကို ဝမ်းသာလို့ မဆုံးပါဘူး။ ဦးပဉ္ဇင်းရဲ့မယ်တော်အသက်ဟာ မင်းတို့ ထားဝယ်အသင်းက ပေးတဲ့အသက်ပဲရှိပါတော့တယ်ကွာ"ဟု ဆရာတော်က တဖွဖွ ပြောနေလေ၏။

"ဘာမှမစိုးရိမ်ပါနဲ့ဘုရား။ တခြားလိုအပ်တဲ့ အကူအညီရှိ ရင်လည်း အားနာတမ်း မိန့်တော်မူ ပါဘုရား။ တပည့်တော်တို့ တတ်နိုင်သလောက် ဝိုင်းဝန်းကူညီပေးပါ့မယ်ဘုရား"

"အေးကွယ်၊ သာဓု . . သာဓု . . . . သာဓု"

"သွေးလှူထားတဲ့ ကိုထိုက်ကို နားစေချင်သေးလို့ သူ့ကို ပြန်ပို့ပေးရပါဦးမယ်ဘုရား၊ ဒါကြောင့် တပည့်တော်တို့ကို ခွင့် ပြုတော်မူပါဦး ဘုရား . . " ဟု နှုတ်ဆက်ကြပြီး ကျွန်တော်တို့ နှစ်ယောက်ဆေးရုံ ပထမထပ်အဆောက်အအုံပေါ်မှဆင်းခဲ့ ကြပြီး ကျွန်တော့်ကားလေးရှိရာသို့ ဦးတည်လျှောက်ခဲ့ကြသည်။

ကားလေးအနီးရောက် အမျိုးသမီးတစ်ဦး ငိုယိုပြီး ဆေးရုံထဲဝင်လာသည်ကိုတွေ့ရသည်။ နှုတ်မှ တဖွဖွ ညည်းသံက ထားဝယ်ဒေသစကားမှန်း နှစ်ဦးသားသတိပြုမိကြသည်။ ထို အမျိုးသမီး ကျွန်တော်တို့အနီးအရောက်တွင် ကိုထိုက်ကပင် ထားဝယ်စကားနှင့် "ဘာဖြစ်လို့လဲ ခင်ဗျာ"ဟု စတင် နှုတ်ဆက် လိုက်သည်။

ငိုမနေသောသူမ မျက်နှာလေးအနည်းငယ်လန်းလာပြီး. .

"အစ်ကိုတို့က ထားဝယ်တွေလား၊ ကျွန်မလည်း ထားဝယ်ကပါရှင်၊ ဒီရန်ကုန်မှာတော့ ယုဇနဥယျာဉ်မြို့တော်မှာနေပါတယ်ရှင်၊ ကျွန်မအမျိုးသားက ဒီဆေးရုံမှာဆေးကုရင်းနဲ့ဆုံးသွားလို့ပါ အလောင်းကိုပြန်သယ်ဖို့ကလည်း ငွေကြေးမတတ်နိုင်သလို၊ ဒီကနေပို့ဖို့ကလည်း အသိအကျွမ်းနည်းတော့အခက်အခဲရှိနေလို့ပါ။ လက်လုပ်လက်စားဆိုတော့ ကျွန်မတို့မှာ ငွေရေးကြေးရေးအခက်အခဲ ရှိနေပါတယ်"

အားကိုးတကြီးနှင့်ပြောလာသော သူမ စကားအဆုံးမှာတော့ ကျွန်တော်က

"အသုဘ ဘယ်တော့ပို့မှာလဲ" ဟု မေးမိသည်၊

"ဒီနေ့ပဲ ပို့ချင်ပါတယ်"ဟု ကာယကံရှင် ပြောပြီးနောက် ကျွန်တော့်ဟန်းဖုန်းလေးကိုထုတ်ပြီး ထားဝယ်အသင်းသို့ ဆက်သွယ်လိုက်သည်။ ဖုန်းအဖွဲ့မှူး ကိုဝိုးနိုင်ဖုန်းကိုင်သည်၊

"ကိုဝိုးနိုင်ရေ . . . ကျွန်တော်တို့ အရှေ့ပိုင်းဆေးရုံကို သွားလာလှူရင်းနဲ့ နာရေးကိစ္စတစ်ခုရှိနေလို့ အသင်းကကားအားရင် တစ်ချက်လောက် ကူညီပေးစေချင်ပါတယ်၊ သူတို့ဒီနေ့ပဲ အသုဘပို့ချင်လို့တဲ့ အဆင်ပြေပါ့မလား"

"ကားအားပါတယ်အစ်ကို၊ ကျွန်တော်အခုပဲ ဆေးရုံကို ကားလွှတ်ပေးလိုက်ပါမယ်"

"ကျေးဇူးပဲကိုဝိုးနိုင်" ဟု ပြောပြီး ဖုန်းချလိုက်သည်၊ ကျွန်တော်က

"အစ်မ ဘာမှပူမနေနဲ့တော့ ထားဝယ်အသင်းက ကားတစ်စီးရောက်လာလိမ့်မယ် ပြီးတော့အသင်းက သတ်မှတ်ထားတဲ့ နာရေးအကူငွေကိုလည်း လာလှူလိမ့်မယ်၊ တခြား လုပ်စရာရှိတာတွေသာဆက်လုပ်တော့အစ်မ၊ ကျွန်တော်တို့လည်း ဒီအစ်ကို သွေးလှူလို့ဒီဆေးရုံကိုရောက်လာတာပါ၊ သွေးလှူပြီးကာစ အစ်ကို့ကိုလည်း အနားပေးစေချင်တယ်၊ ဒါကြောင့် ကျွန်တော်တို့ကို ခွင့်ပြုပါဦး" ဟု အကြောင်းသင့် ရှင်းပြပြီး ဝွတ္တလစ်ဘက်သို့ ကားလေးမောင်းနှင်၍ ပြန်လည်ထွက်ခွာလာခဲ့ကြသည်။

"ရွှေဝယ်ထွန်း"ရှေ့ရောက်တော့ ကိုထိုက်ကားပေါ် မှ ဆင်းပြီး . . . အခုလို ပြန်ပို့ပေးတာ ကျေးဇူးတင်တဲ့အကြောင်း နှုတ်ဆက်စကားဆိုတော့ ကျွန်တော်က

"ကျွန်တော့်ကို ကျေးဇူးမတင်နဲ့ အစ်ကိုရေ အစ်ကိုကူညီပေးလို့ ကျွန်တော်တို့ နှစ်ယောက်လုံးရဲ့တန်ဖိုးမဖြတ်နိုင်တဲ့ လူမှုရေးကိစ္စတစ်ခုပြီးမြောက် အောင်မြင်သွားတာကိုပဲ ပီတိဖြစ်လို့မဆုံးပါဘူး၊ ပြီးတော့ အစ်ကိုနုတ်ပြည်တက်ခွင့် လက်မှတ်ရသွားတာ အစ်ကို ဒီအခွင့်အရေးရအောင် တစ်ဖက်တစ်လမ်းက ကူညီခွင့်ရတာတွေကိုပဲဝမ်းသာလို့မဆုံးနိုင်ပါဘူးဗျာ၊ နောက်နောင်ကိုလည်း လှူခွင့်ရနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ" ဟု နှုတ်ဆက်သည်၊

အချိန်ကား နေ့ဆယ့်တစ်နာရီခွဲခန့်ရှိနေပေပြီ၊ မနက်စောစောက တိတ်ဆိတ်နေခဲ့သော ဦးချစ်မောင်လမ်းမကြီးသည် ဥဒဟိုသွားလာ လှုပ်ရှားသူများနှင့် အသက်ဝင်နေသည်၊ ကိုထိုက်လည်း မနက်စောစောကထက်ပင် သာ၍ပေါ့ပါး သွက်လက်နေသလို၊ လန်းဆန်းတက်ကြွနေသလို ထင်ရသည်၊ ကျွန်တော့် *TAXI* ကားရဲ့ဘီးကလေး တွေကို တဖြည်းဖြည်းချင်းလှိမ့်ရင်း မိသားစုရှိရာဆီသို့ မောင်းနှင်ခဲ့လေသည်။

သည်နေ့ခင်း အိမ်အပြန်မှာတော့ မိန်းမကို မျက်နှာလုပ်ရန် လုပ်အားခငွေမရှိ ဒါပေမဲ့ ချစ်ဇနီးအတွက် ပီတိတွေ တစ်ပွေ့တစ်ပိုက်နှင့်၊

အောင်ကို (ထားဝယ်အသင်း)

Established since 1976

BAGAN BOOK HOUSE

We specialize book on Myanmar (Burma)



No. 100, 37th Street, Yangon, Myanmar.

01 377277, 09 5117470


liger®
OTTER
GARMENT
POOH
ဖြန့်ချိရေး – အောင်ပင်လယ်စတိုး
အမှတ်(၈၉)၊ ပါရမီလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။
အမှတ်(၁၃)၊ မာလာမြိုင်(၂)လမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်။
၀၉–၈၅၇၅၁၅၅၊ ၀၉ ၇၃ ၂၀၁၄၀၁ ☎ ၀၁–၆၅၁၁၀၆

ဖိတ်ခေါ်ပါသည် ထားဝယ်ဒေသဆီ

♦ ဥသြအော်သည် - ထားဝယ်တည်ဟု
ဆိုမည်နာမ - စာဆိုသသည်
သာစွဝင့်ထယ် - မြို့ထားဝယ်။

♦ ထားဝယ်ဒေသ - မြတ်ဗုဒ္ဓ၏
ပေါင်းခမောက်စင် - ရှင်ကိုးရှင်နှင့်
မြေပြင်တောင်ရိုး - ဖူးမဆုံးသည့်
ပုထိုးစေတီ - စီရရီလျက်
ညာညီသွယ်တန်း - မောင်းမကန်ကမ်းက
အပန်းဖြေရာ - ဘူမိပါပဲ
သဘာဝဆန်း - ရေပူစမ်းလည်း
ကမ်းခြေနဘေး - သိပ်မဝေးပါ။

♦ ထားဝယ်သားရိုး - ကြက်တောင်ခိုး ဟု
ကိုးခိုးနှင့်မှား - ဆိုစကားပါ
တို့များထားဝယ် - မေတ္တာကြွယ်လျက်
ငါးမယ်သီလ - စောင့်ထိန်းကြ၏။

♦ ထားဝယ်သားသူ - ရိုင်းပင်းကူ၏။
♦ လှူမယ် တန်းမယ်၊ ဒါနကြွယ်၏။
♦ ပေးမယ် ကမ်းမယ်၊ သဘောလွယ်၏။
♦ ကျွေးမယ် မွေးမယ်၊ အမယ်ကုန်အထိ။

ခြေဘ် - ကုန်းလမ်း ရေလမ်း၊ လေယာဉ်လမ်းနှင့်
လမ်းပေါင်းယှက်သွယ် -
ရောင်စုံခြယ်သည့်
ထားဝယ်ဒေသ -
လာလယ်(လည်)ကြလော့
လာကြလော့ ။ ။

စံသင်း (ညင်းမော်)

လှမ်းချင်ရှာနေ ထားဝယ်မြေ

ရှေ့ဝယ်အဝင် မျှော်ကြည့်ပါလျှင်၊ ထန်းညိုပင်တန်း သင်ဖြူးလမ်းနှင့်၊ လေသန့်နုဖြန်း
ရင်ကိုလန်းစေ၊ မြို့ပြမှလှမ်း ရင်ခွင်နွမ်းကို၊ အမှန်ပင်ငြိမ်းရ သည်သဘာဝ၊

လယ်ကွင်းပြန့်ပြန့်၊ စိမ်းဖန့်ဖန့်နှင့်
ညီညာသစ်ဆန်း ထန်းပင်တန်းကြား
မပေါက်ပြား သွယ်ရစ် "လမ်းမသစ်"ထက်
မနက် ညနေ လမ်းလျှောက်လေလျှင်
ကြည်လင်ကိုယ်စိတ် ဘဝင်ငြိမ့်ရ
နှင်းမကွဲမြူထ နေ့ညတွေမှာ
ထန်းရည်ချိုမြ အခါနှစ်ဝ
သောက်ကြအမေ မာပြေ
အဆွေလှမ်းစို့ ကျန်းမာရေးလမ်းသို့ ။ ။

မြို့တော်ဒေသ ဗဟိုချက်က သမိုင်းဝင်အထင်ကရနှစ်ဒွါန

ဗိုလ်ချုပ်အောင်ဆန်း
မြင်းစီးရုပ်တုနှင့်ပန်းရ
ထားဝယ်ဒေသ
ငြိမ်းချမ်းရေးအလှ

တမြောက်ကင်းတဲတားကိုကျော်လျှင်
လောင်းလုံအဝင်မှာရပ်
ဇာတိသွေးအထပ်ထပ်
နောင်သားတို့မှတ်ရန်သတိချပ်
သမိုင်းတင်မှတ်တမ်း ဥဒါန်းရစ်ကျူး
''ဗိုလ်မှူးကြီးဇထူး''

ထက်ဝယ်ဖွဲ့ခွေ ရွှေရောင်နိမိတ်ရေး

မျှဒိတ်ပေးဝေ သာသနာ့အမွေ။



''ဥညကြော်လှစ်'' နံ့သင်းအကြွရာ ၁၁၂၄ မှာ မင်းရှင်စော်ရွှေတောင်မြို့စား ကောင်းမှုတော်ထားခဲ့ သဲတောင်တစ်ရာ ဉာဏ်တော်အမြင့်

တန်စိုးဝင့်ကြွား ရွှေတောင်စား စေတီတော်



တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးရာ အောင်နိမိတ်ယူ

ဗွင်ဗင်ဇဍ (ကမ်ဖြင်)
ဗွင်ပွဂျီ (ဗွင်ပွဂျီရွာ)
ဗွင်တောင်ပုံ (သမုဒ်ရေကျောင်းမြို့)
ဗွင်မျော်တောင်း (ကြံပုံကျေးရွာ)
ဗွင်တောကံအိမ် (ကန်ကြီးကင်းရွာ)
ဗွင်ဥုကြဲ (မိုးတော်ဖျံ)
ဗွင်ကျွန်း (ပြည့် ပေါက်ရွာ)
ဗွင်ဒိဗ်ပါ (ပေါက်ပေါ်ဖျောင်)
ဗွင်ထံဝေက် (ကမ်နိုင်ဇောင်)

မဟာမာဂိရိ မြို့ပြတို့ မှတ်အိ ရှင်ကိုးရှင်

ရှင်ပင်ခရ (ကမုံကြိုင်)

ရှင်မုဋ္ဌိ (ရှင်မုဋ္ဌိရွာ)

ရှင်တောင်ပို (သရက်ချောင်းမြို့)


ရှင်လျှော်တောင် (ကြူက်ကွက်ရွာ)

ရှင်ဓာတ်ထိပ် (ကမ္ဗြူကင်းရွာ)


ရှင်ညွှန်း (မြို့တောရပ်)

ရှင်ဇလွန် (မြို့ လောင်ရွာ)

ရှင်မော်စိ (လောင်းလုံမြောင်)


ရှင်ဒလော့ (ကလိန်အောင်)

ဒေသအလင်္ကာရ သာသနာ့အမွေ

မင်းတရားအရှုမျှော်ကြိုက်အထိမ်းအမှတ်အဖြစ်တည်ထားကိုးကွယ်သော
“အဖိုးမောက်ဘုရား” ပုံ
(ယနေ့အခေါ် “သျှောက်ကြောက်ဘုရား” ဖြစ်သည်။)

နဘုလယ်ရွာရှိ ဗုဒ္ဓမြတ်စွာ၏
“လက်ဝဲခြေတော်ရာစစ်” ပုံတော်
(ဓမြိုတ်မြို့နယ် - နဘုလယ်ရွာတွင်ရှိသည်။)
မြူးမြံကြားဘောတ်နေရာမှာသံရှုဂ်ကိုဝိုင်
ဆွေးမိမ်းရှုဂ်ရှုဂ် ထွက်ဖူးသောဒေနရာ ဖြစ်သည်။



သံတော်အစစ်ကိန်းဝပ်တော်မူရာ ကလိန်အောင်
“ဆုတောင်းပြည့် ဇဲတော်ရှင်စေတီတော်”

“မျက်နှာစာ ၆၂ ပေ ထိရောက်သော ပါ(ဘာ)တော်နေစခရင်းကော”
သံချပ်မိုးဖိတ် ထွန်းပေးပို့ရှယ် ညာဘက်တော်လှသံအလျားပေါ်၂ ပေကောင်းစည်သား ရှေးဟာရွှံ့မြေအောင်သား
တာမျှာအကြီးဆုံးရုပ်ပွားမြတ် ဖူးတော်မူတော်ယူ

“လောကသရုပ္ပ လျောင်းတော်မူ”

ငြိမ်းအေးစေရာ ဇေယျာရွာမှ

ကြည်ညိုဖွယ်ရာဖောင်တော်သာ



လေပြည်နုသန်း
ကဗွီးပင်တန်း
ရေပြာကမ်းနှင့်
ငြိမ်းချမ်းရေးတေးသီ
မောင်းမကန်ဌာနီ။

တိမ်ဖြူရှေ့ကြော့ ကြော့ . လေပြေတနော့ .
လှိုင်းကြက်ကြွအဖြော် နုငြိမ့်နှစ်သွား ဂီတာသံလေး
ကဗွီးရွက်များထိခတ်တာ တေးသွားချိုချို
ဆိုလေသလောက် ရင်ကိုနှောင်တား
သဘာဝကြော့ပါး မန္တာကိုးရှေ့ .
ကြည်နူးရှိပါစေတို့ **မောင်းမကန်တစ်ရွာ**
သဘာဝဆောင်မြဲ။

တိမ်နီတိမ်ပြာ တိမ်ငွေဝါကြား ပတ္တမြားသွေး ရဲရဲပြေးဝိ
နေရွယ်အညီ လှိုင်းနုချိုမြှင် သောင်ပြင်မှာပြေးသော
အပြုံးမော့မော့နှင့် လွမ်းသူရင်သော နှော့ခေသကား။

ရှင်တော်ဗုဒ္ဓ
ဓမ္မစက်အောက်က
သောင်ပြင်မြမြ
သည်အလှကား.....
ဖားသူငယ်မြူး
ပင်လယ်ကူးဟန်
ရေပြာကန်ကြည်လို့

မိုးကုတ်ထက်အောက်
ကောက်ကြောင်းရစ်သွယ် သောင်ပုလဲ
ဆင်စွယ်နှယ် စာခြယ်မနိုင်
ပန်းချီမှိုင်တဲ့ကမ်း
"စမ်းလမ်းသောင်" တစ်ခေါက်
အရောက်လှမ်းခဲ့တော့ အဆွေ ။

နီလာသင်ပြူး ရေလွှာဦးနိုက်
ကော်ရင်းသန္တာစိုက်တဲ့လမ်း
ဂူစခန်းနှင့် "မျှော်ရစ်ကမ်း"က
သာသနာ့အမွေ ရွှေစေတီသွား
နှစ်ပါးရည်တူ အောင်ဆုယူစို့

မဝေးမကြာ ပစ္စုပ္ပန်တည့်တည့်မှာ နိုင်ငံတကာရေနက် ကုန်သွယ်အချက်အချာစီမံကိန်း ကမ္ဘာ့ညွှန်းဝန်းဖွင့်သမိုင်းသစ်ပြည့် ပကတိသဘာဝ

'နဘူလယ်' အလှ

ထားဝယ်ရိုးရာယဉ်ကျေးမှုအက

ထားဝယ်မှတ်တမ်းထဲက သမိုင်းတစ်စ

မောင်းမကန်ဒေသ ဂြိုဟ်တုဓာတ်ပုံ



ထားဝယ်မြို့ ဂြိုဟ်တုဓာတ်ပုံ

မွေးရပ်မြေသို့ တမ်းချင်း

● မောင်ဝင့်သူ

ပြီးခဲ့သည့် ၂၀၀၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ဖြစ်မည်ထင်သည်။ ကုန်သည်လမ်းနှင့် ၃၇လမ်းထောင့် စာပေဗိမာန် အဆောက်အဦအပေါ်ဆုံးထပ်ရှိ ဆရာ ဦးမျိုးသန့် (ကွယ်လွန်သူ စာရေးဆရာကြီး မောင်ဆုရှင်)၏ ရုံးခန်းသို့ ကျွန်တော်ရောက်ခဲ့စဉ်က ထားဝယ်အသင်း အလုပ်အမှုဆောင်တစ်ဦးဖြစ်သူ သိပ္ပံကျော် ကျော်မြင့်နှင့် အမှတ်မထင် ဆုံတွေ့ခဲ့ရသည်။ ထိုစဉ် ဆရာမောင်ဆုရှင်သည် ကျန်းကျန်း မာမာပင်ရှိသေးသည်။ ဆရာကကျွန်တော့်အရင် ရောက်နှင့် နေသည့်ဦးကျော်မြင့်နှင့် ကျွန်တော့်ကို မိတ်ဆက်ပေးခဲ့သည်။

နှစ်ဦးစလုံးထားဝယ်သားများဖြစ်ကြ၍ ရန်ကုန်ရှိ ထားဝယ် အသင်း၏ လှုပ်ရှားမှုများအကြောင်းပြောဖြစ်ကြသည်။ ဦးကျော်မြင့်မှာလက်ရှိအသင်း၏ဥက္ကဋ္ဌတစ်ဦးဖြစ်၍ အသင်း၏ ပရဟိတလုပ်ငန်းများအကြောင်းကို အားတက်သရောပြောပြ နေသည်။ ကျွန်တော်ကတော့ အသင်းဝင်အဆင့်ပင် မရောက် သေး၍ သူပြောသမျှကို စိတ်ဝင်တစား နားထောင်နေမိသည်။ သားသမီးအထောက်အပံ့ မရှိတော့သဖြင့် ဒုက္ခရောက်နေသော သက်ကြီးရွယ်အိုအချို့အား အသင်းကကူညီထောက်ပံ့ပေးခဲ့မှုများ နှင့် အသင်းဝင်များအတွက် ကျန်းမာရေးစောင့်ရှောက်မှု အစီအစဉ် များအကြောင်းကြားသိရ၍ အလုပ်အမှုဆောင်အဖွဲ့၏ မေတ္တာ စေတနာနှင့်သဒ္ဓါထက်သန်စွာ ကြိုးပမ်းဆောင်ရွက်မှုကို လေးစား မိသည်။

ဇင်စစ်အသင်းအဖွဲ့ဟူသည်မည်သည့် လူ့အဖွဲ့အစည်းပင် မဆို ဒေသအလိုက်ဖြစ်စေ၊ မျိုးနွယ်အလိုက်ဖြစ်စေ၊ လုပ်ငန်း အလိုက်ဖြစ်စေ တူရာကိုစုစည်းထားသည့် အခြေခံအင်အား တစ်ရပ်ဟု ဆိုနိုင်သည်။ ယင်းသို့သော အခြေခံအင်အားကို ရေရှည်တိုင်မြဲနေစေရုံမျှမက ပိုမိုကြီးထွားလာစေရန် အားကြိုး မာန်တက် စဉ်ဆက်မပြတ် တာဝန်ယူဆောင်ရွက်ခဲ့၊ ဆောင်ရွက် နေကြသောအသင်း၏ အလုပ်အမှုဆောင်များကိုလည်း ကျေးဇူး အထူးတင်ရပါသည်။ အသင်း၏အကျိုး၊ အသင်းဝင်များ၏ အကျိုးနှင့်အများအကျိုးအတွက် တညီတညွတ်တည်းသော ဆုံးဖြတ်ချက်တစ်ရပ်ချမှတ်နိုင်ရန် အမှုဆောင်အဖွဲ့ဝင်အချင်းချင်း ညှိနှိုင်းတိုင်ပင်ရသည်မှာ သဘာဝအားဖြင့် ခက်ခဲပင်ပန်းလှသည် ဖြစ်ရာ တော်ရုံတန်ရုံစွဲသတ္တိမျှဖြင့် ထိုသို့ ခွမ်းဆောင်နိုင်မည် မဟုတ်ချေ။

ကျွန်တော့်ကိုထားဝယ်ဇာတိ မိဘနှစ်ပါးမှ ထားဝယ်မြို့ ရှမ်းလည်ဆွဲရပ်တွင် မွေးဖွားခဲ့ပါသည်။ စာရေးဆရာကြီး ရွှေဝယ်စ ၏ ထားဝယ်ဒိန်းသံတွင်ပါသော "ရှမ်းလည်ဆွဲ ကုလား ဘုရားပွဲ" ဆိုသည့် ကုလားဘုရားပွဲကျင်းပရာ ရှမ်းလည်ဆွဲရပ်ပင်ဖြစ်သည်။

ကျွန်တော်လေးနှစ်သားအရွယ်တွင် မိဘများနှင့်အတူ ထားဝယ်မြို့မှ ထွက်ခွာလာခဲ့သည်၊ ထိုအချိန်မှစ၍ ကျွန်တော် ဖခင်တာဝန်ကျရာ ရန်ကုန်နှင့် မော်လမြိုင်မြို့များတွင်နေထိုင် ကြီးပြင်းခဲ့ရသည်။ ကျွန်တော် မော်လမြိုင်မြို့တွင် ကျောင်းနေစဉ် က နွေရာသီ ကျောင်းပိတ်ရက်များတွင် နှစ်ဖက်ဆွေမျိုးများရှိရာ ထားဝယ်မြို့သို့အခါအားလျော်စွာ သင်္ဘော၊ လေယာဉ်တို့ဖြင့် မိဘများနှင့်အတူ အလည်အပတ်စရီးသွားရောက်လေ့ရှိသည်။ ၁၉၇၃ ခုနှစ် နောက်ပိုင်းတွင် ထားဝယ်မြို့သို့ ကျွန်တော် နောက်

ထပ်မရောက်ဖြစ်တော့ချေ။ မွေးရပ်မြေနှင့်ကင်းကွာနေသည်မှာ ယခုဆိုလျှင် ၃၇-နှစ်ပင် ရှိလေပြီ။

သို့သော်ထားဝယ်သား၏ရင်ဝယ် ယေစဦကပုံရိပ်တို့ စွဲထင်ကျန်ရစ်နေဆဲ။ ၁၉၅၈ ခုနှစ်နွေရာသီကျောင်းပိတ် ရက်တွင် မိဘများနှင့်အတူ မော်လမြိုင်မြို့မှ ထားဝယ်မြို့သို့ ပြည်ပကုမ္ပဏီ တစ်ခုမှ အငှားလာရောက်ပြေးဆွဲနေသောပင်လယ်ကူး သင်္ဘောကြီး ***M.S. Martang*** ဖြင့် အလည်တစ်ခေါက်သွား ရောက်ခဲ့သည်။ ကျွန်တော့်တစ်သက်တွင် ပထမဆုံးအကြိမ် သင်္ဘောဖြင့် ပင်လယ်ခရီးထွက်ဖူးခြင်းဖြစ်သည်။ ထိုအချိန်က မြန်မာ့ကြယ်ငါးပွင့် သင်္ဘောလိုင်း မထူထောင်ရသေး၍ ပြည်ပ သင်္ဘောကုမ္ပဏီမှ အငှားသင်္ဘောများကိုသာ အားကိုးနေရသည်။ ကျွန်တော်တို့ ထားဝယ်မှအပြန်ခရီးတွင် ကျောင်းဖွင့်ချိန်မီရန် လေယာဉ်ဖြင့်ပြန်လာခဲ့ကြသည်။ ထိုစဉ်က ဖော်ကာလေယာဉ် မပေါ်သေး၍ ပြည်တွင်းခရီးစဉ်တွင် ဒါကိုတာလေယာဉ် ကိုသာ အားကိုး၍သွားလာကြရသည်။ သို့သော် ထိုခေတ်က ခရီးသွားရ သည်မှာ သက်သောင့် သက်သာရှိလှပြီးငွေနှင့်အချိန်ကုန်လည်း သက်သာလှသည်။

ထားဝယ်မော်လမြိုင် လေယာဉ်ခမှာ လူကြီးတစ်ဦးလျှင် (လေယာဉ်ခ ၅၇/- + အသက်အာမခံကြေး ၁/-) စုစုပေါင်း ၅၈/- (ငါးဆယ့်ရှစ်ကျပ်တိတိ) နှင့် ကလေး (အသက် ၅နှစ် အထက်နှင့် ၁၂ နှစ်အောက်) တစ်ဦးလျှင် (လေယာဉ်ခ ၂၈/+ အသက်အာမခံကြေး ၅၀ပြား) စုစုပေါင်း လေယာဉ်ခ ၂၈- ၅၀ပြား (နှစ်ဆယ့်ရှစ်ကျပ် ငါးဆယ်ပြား တိတိ) ဖြစ်သည်။ ထိုစဉ်က သင်္ဘောစရိတ်ကျသည်ကို မသိတော့သော်လည်း ၁၉၆၁ ခုနှစ် နွေရာသီကျောင်းပိတ်ရက်တွင် မြန်မာ့ကြယ်ငါးပွင့်သင်္ဘော လိုင်းပိုင် ကမ်းရိုးတန်းသွားသင်္ဘောဖြင့် မော်လမြိုင်မှထားဝယ်သို့ အလည်သွားရောက်စဉ်က ကိုးရိုးတန်းသင်္ဘောခမှာ လူကြီးတစ် ဦးလျှင် ၁၄/- (ဆယ့်လေးကျပ်တိတိ)နှင့် ကလေးတစ်ဦး လျှင် ၇/-(ခုနစ်ကျပ်တိတိ) ဖြစ်သည်ကို ကျွန်တော် ကောင်းစွာ မှတ်မိနေသေးသည်။

ထိုစဉ်က ကျွန်တော် ဆဋ္ဌမတန်းစာမေးပွဲ ဖြေပြီးချိန်ဖြစ် သည်။ နွေရာသီကျောင်းကြီးပိတ်ချိန်တွင် ထားဝယ်မြို့ရှိ အဘွား ဖြစ်သူက ကျွန်တော်တို့အား ရှင်ပြုပေးရန် လှမ်းခေါ်သဖြင့် မိသားစုလိုက်သင်္ဘောဖြင့် ခရီးထွက်ခဲ့ကြခြင်း ဖြစ်သည်။ သင်္ဘော ကကျွန်မှရောက်လာခါစဖြစ်၍အစစအရာရာသစ်လွင်ပြီးသန့်ရှင်း နေသည်။ သင်္ဘောအင်ဂျင်က စွမ်းအားပြည့် ခုတ်မောင်းနိုင်ပြီး လှိုင်းလေလည်း ကင်းစင်သည့် နွေကာလဖြစ်သဖြင့် သင်္ဘောစီးရ သည်မှာသက်သောင့်သက်သာရှိလှသည်။

ထားဝယ်မြို့သို့ ရောက်ပြီးနောက် ဆွေမျိုးများထံသွား ရောက် လည်ပတ်ရသည်မှာလည်း ပျော်စရာကောင်းလှသည်။ ဆွေမျိုးများကလည်း ကျွန်တော်တို့ မိသားစုကို ဝမ်းသာ အယ်လဲ ကြိုဆိုကြပြီး ရိုးရာမုန့်ပဲသွားရေစာများ၊ စားဖွယ်ဟင်းလျာများဖြင့် စည်စံကျွေးမွေးကြသည်။ ပိန္နဲတောရပ်မှ ကျွန်တော့် အဒေါ်၏ လက်ရာ လင်းတော်ရွက်ကြော်၊ ဝက်သားဟင်း၊ တညင်းသီးနှုန်းနှင့် အလွန်လိုက်ဖက်သည့်ငါးပိသုတ် (ပိမျော်) တို့ကို ယနေ့တိုင် မမေ့ နိုင်သေး။

ကျွန်တော်တို့ရောက်ပြီး ရက်သတ္တပတ်ခန့်အကြာ ဧပြီလ ဆန်းသည်နှင့် ကျွန်တော့်အဘွားဖြစ်သူက စီစဉ်ထားသည့် အတိုင်း ရှင်လောင်းများ ဖြစ်ကြသော ကျွန်တော်တို့ကို ရှင်ပြု ပေးမည့် စိဝရိုးဘုန်းတော်ကြီးကျောင်းသို့ ခေါ်သွားသည်။ ကျောင်းဝင်းက ကျယ်ဝန်းလှပြီး ဒူးရင်း၊ သရက်၊ ပိန္နဲသည့် သီးပင်များနှင့် အရိပ်ရအပင်ကြီးများဖြင့် ပြည့်နှက်နေ၍ အရိပ်အာဝါသ ကောင်းပြီး အေးချမ်း သာယာလှသည့် ကျောင်းတွင် ရှေးဦးစွာ သင်္ကန်းတောင်းကို ပီပီသသဆိုတတ်ရန် ရက်အနည်းငယ်မျှ သင်ယူ လေ့ကျင့်ရသည်။

သင်္ကြန်အကြိုနေ့မတိုင်မီတစ်ရက်တွင် ရဟန်းခံ ရှင်ပြု မင်္ဂလာအခမ်းအနားစတင်သည်။ ကျွန်တော့်ဖခင်နှင့် ဖခင်၏ မိတ်ဆွေတစ်ဦးတို့က ရဟန်းခံကြပြီး ကျွန်တော်နှင့် ကျွန်တော့်ညီ နှစ်ယောက်က ရှင်သာမဏေပြုခံကြသည်။ နံနက်ခင်းတွင် ကျောင်းမှ သံဃာများနှင့်အတူ ကျွန်တော်တို့ဆွမ်းခံထွက်ကြ သည်။ ကျွန်တော့်ညီအငယ်ဆုံးကတော့ အသက် ၆-နှစ်ပင်မရှိ သေး၍ ကျောင်းမှာပင်နေရစ်ခဲ့ရသည်။(ကျွန်တော့်ညီအငယ်ဆုံး ဖြစ်သူ မောင်ကျော်လွင် မှာ ၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ ရောက် နေ့က အသက် ၅၅-နှစ် အရွယ်တွင် ကလေးမြို့၌ ကွယ်လွန် သွားရှာပြီ ဖြစ်သည်။)

စိဝရိုးဘုန်းတော်ကြီးကျောင်းတွင် သာမဏေအဖြစ် (၇)ရက် နေပြီးနောက်တစ်နေ့နံနက်ခင်းတွင် ကျွန်တော်လူထွက်လိုက် သည်။ နှစ်ဆန်းနှစ်ရက်နေ့ဖြစ်မည်ထင်သည်။ အေးချမ်းသည့် နံနက်ခင်းတွင် ရာသီဥတုကလည်း သာယာလှသဖြင့် ကျွန်တော့် စိတ်ကကြည်လင်လန်းဆန်းပြီး လူကလည်း ပေါ့ပါး သွက်လက် နေသည်။ ဘာမျှ အပူအပင်မရှိသေးသည့် အသက် ၁၃နှစ်သား ရှင်လိုင်ပြန် ကျွန်တော့်အဖို့ ပျော်လိုက်သည် ဖြစ်ခြင်း။ ထိုနေ့ကား ဆိုရိုးထဲကအတိုင်း ကျွန်တော့်ဘဝတွင် အပျော်ဆုံးနေ့တစ်နေ့ ဖြစ်သည့် ရှင်လူထွက်သောနေ့ပင်ဖြစ်တော့သည်။

ပြန်တွေးကြည့်လျှင် နှစ်ပေါင်း ၅၀ကျော်လာခဲ့ပြီ ဖြစ် သော်လည်း ထိုနေ့က ကျွန်တော့်ရင်ထဲရှိ ပျော်ရွှင်မှုကို ယနေ့တိုင် အမှတ်ရနေဆဲပင်။ ထို့အတူ ကျွန်တော်သည် ရေကြည်ရာ မြက်နု ရာပြောင်းရွှေ့ နေထိုင်အသက်မွေးနေရလင့်ကာစား ထားဝယ်မြို့နှင့်

ပေါ်သက်သည့် ဂုဏ်တက်ဖွယ် ထူးခြားချက်မှန်သမျှကို ကျွန်တော့်ရင်ဝယ် အမြတ်တနိုး သိမ်းဆည်းထားမြဲ ဖြစ်သည်။ ထားဝယ်မြို့၏ဂုဏ်ရောင်ကိုထွန်းပြောင်စေမည့် ပြောင်းလဲတိုးတက်မှုမှန်သမျှကိုလည်း ကျွန်တော် မျက်စိဖွင့်နားစွင့်ကာ ဝမ်းပန်းတသသ ကြိုဆိုနေမြဲ။

ထားဝယ်မြို့သို့ရောက်ဖူးသူတိုင်း အသိအမှတ်ပြုကြရသည့် မြန်မာနိုင်ငံတွင်အကြီးဆုံးသော ရွှေသာလျောင်းဘုရားကြီး၊ အလှပဆုံးသောမောင်းမကန် ပင်လယ်ကမ်းခြေ၊ အစည်ကားဆုံးသော နှစ်ကျိပ်ရှစ်ဆူဘုရားပွဲတော်တို့အပြင်ထားဝယ်မြို့လယ်ခေါင်ရှိ ကုန်းမြင့်ပေါ်တွင် ထယ်ဝါခံ့ညားစွာတည်ရှိနေသော ကိုလိုနီခေတ်ကလက်ကျန်အုပ်ချုပ်ရေးရုံး(ခရိုင်ဝန်ရုံး)အဆောက်အအုံကြီးစသည့် မြို့ဂုဏ်ဆောင်အမှတ် လက္ခဏာများက ထားဝယ်မြို့အကြောင်း ပြန်တွေးလိုက်တိုင်း ကျွန်တော့်အာရုံတွင် ပေါ်လာစမြဲ၊ ကျွန်တော့်စိတ်ကို ညှို့ယူဆွဲငင်နေမြဲ၊ ကျွန်တော့်ရင်ဝယ်မွေးရပ်မြေကို လွမ်းမောတသဖြစ်ရမြဲပင်။

ဤသည်ကို ဒေသစွဲဟုဆိုရမည်လားမသိချေ။ သို့ရာတွင် နိုင်ငံတိုင်းရှိ လူမျိုးတိုင်း မိမိတို့ ရပ်ရွာဒေသစွဲတော့ အနည်းနှင့်အများရှိကြသည်ချည်းဖြစ်သည်။ လူတစ်ယောက်၏ မျိုးရိုးဗီဇနှင့် မွေးဖွားရာဇာတိကို အဘယ်မှာလျှင် ဖျောက်ဖျက်၍ ရနိုင်အံ့နည်း၊ အဘယ်သူသည်မမေ့ပျောက်၍ ရနိုင်အံ့နည်း။ (ပတ်ဝန်းကျင်အသစ်တွင်နှစ်အတန်ကြာနေထိုင်ရင်း ကံဖေးမမှုကြောင့် အောင်မြင်ကြီးပွားလာ၍ မိမိဇာတိမြေကို မေ့လျော့နေသူ အနည်းအကျဉ်းတော့ ရှိကောင်းရှိနိုင်သည်။)

ထားဝယ်မြို့၏ သမိုင်းဝင်အထင်ကရ အဆောက်အအုံများ၊ ထင်ရှားသည့်ဘာသာရေးပွဲတော်အခမ်းအနားနှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းအတွက် သဘာဝအခြေခံကောင်းတစ်ခုဖြစ်သော မောင်းမကန်ကမ်းခြေအလှတို့ကို ဖော်ပြပြီးလျှင် ခေတ်အဆက်ဆက်တွင် နေရာဌာနအလိုက် ကဏ္ဍအလိုက် ထူးချွန်ကျော်ကြားခဲ့ကြသည့် ထားဝယ်မြို့ဂုဏ်ဆောင် ထားဝယ်သားများအကြောင်းကိုလည်း ဖော်ပြရန် လိုအပ်မည်ဖြစ်သည်။ ထိုပုဂ္ဂိုလ်များ၏ ကဏ္ဍအလိုက် စွမ်းဆောင်ခဲ့မှုများကို ချန်လှပ်ထားမိလျှင် ထားဝယ်မြို့၏ဂုဏ်ခြံကို ပေါ်လွင်အောင်သရုပ်ဖော်နိုင်မည်မဟုတ်တော့ပေ။

၁။ ရှေးဦးစွာ ဖော်ပြရမည့်ပုဂ္ဂိုလ်မှာ မြန်မာ့သတ္တိကို ကမ္ဘာသိအောင်ထူးချွန်ပြောင်မြောက်စွာ အံ့မခန်းစွမ်းဆောင်ပြခဲ့သည့် မြန်မာ့သူရဲကောင်း မီးပုံးဖျံ ဦးကျော်ရင်ဖြစ်သည်။ ထားဝယ်မြို့နယ်၊ ပင်းတလဲရွာ ဇာတိဖြစ်သည်။ ၁၉၂၆ ခုနှစ် မှ ၁၉၃၉ ခုနှစ် အထိ အသက်အားဖြင့် ၅၆နှစ်မှ ၆၆နှစ် အထိ မြန်မာနိုင်ငံအရပ်ရပ်တွင် မီးပုံးဖျံပေါင်းလုံး ဖြင့် ၅၅ကြိမ်တိုင်တိုင် စွန့်စွန့်စားစားစီးပြခဲ့သည်၊ အနောက်နိုင်ငံသားများ မီးပုံးဖျံစီးသကဲ့သို့ ကြိမ်ပုခက်တွင် ငြိမ်သက်စွာလိုက်ပါသွားခြင်းမျိုး မဟုတ်ဘဲ မီးပုံးဖျံအောက်တက်ကြိုးတန်းအဆုံးတွင် တပ်ဆင်ထားသော သံဘားတန်းပေါ်၌ ကျွမ်းအမျိုးမျိုး ကစားပြရင်း မီးပုံးဖျံနှင့်အတူ လိုက်ပါသွားလေ့ရှိသည်-ဟု ကျွန်တော်အဋ္ဌမတန်း ကျောင်းသားဘဝက သင်ယူခဲ့ရသည့် "သက်ဦးဆံဖျား" ဟူသော နိုင်ငံတကာမှ သက်စွန့်ဆံဖျားစွန့်စားခဲ့သည့်သူရဲကောင်းများအကြောင်းစာအုပ်တွင် မီးပုံးဖျံ ဦးကျော်ရင် အကြောင်းကိုဖော်ပြထားသည်၊

၂။ နောက်ထပ်ဖော်ပြရမည့် သမိုင်းဝင် ထားဝယ်သားတစ်ဦးမှာ နယ်ချဲ့အင်္ဂလိပ်တို့၏ ကျွန်ပညာရေးစနစ်ကို သတ္တိပြောင်မြောက်စွာ ပြတ်ပြတ်သားသား ဆန့်ကျင် တွန်းလှန်ခဲ့ကြသော ၁၉၂၀ ပြည့်နှစ် ပထမအကြိမ် ယူနီဗာစီတီကောလိပ်သပိတ်ကြီး၏ ကျောင်းသားခေါင်းဆောင် ကော်မတီဝင်(၁၀)ဦးတွင် တစ်ဦးအပါအဝင်ဖြစ်သော ဦးစရှင်(ထားဝယ်)ဖြစ်သည်။

၃။ တတိယဖော်ပြရမည့်ပုဂ္ဂိုလ်မှာ ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော မျိုးချစ်ဗမာ့တပ်မတော်မှ အထက် မြန်မာပြည်တိုင်းမှူးဖြစ်သူ ဗိုလ်မှူးကြီး ဇေယျ ဖြစ်သည်။ အခြေအနေအရ ဖက်ဆစ်တို့ကို တော်လှန်ရန် မူလက သတ်မှတ်ထားသည့် ၁၉၄၅ ခုနှစ်၊ မတ်လ ၂၇ ရက်အထိ စောင့်နေရန် မဖြစ်နိုင်တော့၍ ဗိုလ်မှူးကြီးဇေယျသည် ၎င်း၏တပ်ဖွဲ့များကို ဦးဆောင်ကာ ထိုရက်ထက်စောပြီး အထက်မြန်မာပြည်ရှိ ဖက်ဆစ်ဂျပန်တို့အား တိုက်ခိုက် ချေမှုန်းခဲ့သည်။ သူရသတ္တိနှင့်ပြည့်စုံသော စစ်ခေါင်းဆောင် တစ်ဦးဖြစ်သည်။

နိုင်ငံတကာအားကစားပြိုင်ပွဲများ၌ မြန်မာနိုင်ငံကို ကိုယ်စားပြုဝင်ယှဉ်ပြိုင်ပြီးတစ်ဦးချင်းသော်လည်းကောင်း၊ အသင်းလိုက်သော်လည်းကောင်း ဆုတံဆိပ်များရယူပေးခဲ့သည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများထဲတွင်လည်း ထားဝယ်သားများ ပါဝင်ခဲ့ကြသည်။

ထားဝယ်မှလူသန်ကြီးဇေအေးသည်အရှေ့တောင် အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲများတွင် အလေးမအားကစားနည်း မှနိုင်ငံအတွက် ရွှေတံဆိပ်များဆွတ်ခူးပေးနိုင်ခဲ့သည်။

ထို့အတူ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းမှ ရှေ့တန်းတိုက်စစ်မှူးအောင်ဇင်မှာလည်း ထားဝယ်သားတစ်ဦးပင်ဖြစ်သည်။ မြန်မာဘောလုံးအသင်း ရွှေရောင်လွှမ်းခဲ့သောခေတ်က ၁၉၆၆ခုနှစ် နှင့် ၁၉၇၀ ပြည့်နှစ် အာရှကိုလံပစ်ဘောလုံးပြိုင်ပွဲများတွင် နှစ်ကြိမ်ဆက်တိုက် ဗိုလ်စွဲခဲ့ရာ၌ အောင်ဇင်သည် ရှေ့တန်းမှ အဓိက စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။

သူတို့ကဲ့သို့ ပြိုင်ပွဲများ၌ ဆုတံဆိပ်များ မရခဲ့သော်လည်း နိုင်ငံလက်ရွေးစင်ဘောလုံးအကျော်အမော်များအဖြစ် ရပ်တည်နိုင်

ခဲ့ကြသည့်ထားဝယ်သားနှစ်ဦးမှာ ဂွမ်ရှိန်(နောင်တွင် ဒိုလ်မှူးကြီး)နှင့် မောင်အောင်တို့ဖြစ်ကြသည်။

ဂွမ်ရှိန်သည် စစ်ပြီးခေတ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ လက်ရွေးစင်အားကစားသမားတစ်ဦးဖြစ်သည်။ အာရှလက်ရွေးစင်ဖြစ်လာသူ မြန်မာ့လက်ရွေးစင်ဗဟာဒူး နှင့် ခေတ်ပြိုင်ဖြစ်ခဲ့သူမောင်အောင်သည် ၁၉၅၄ ခုနှစ် မနီလာအာရှအားကစားပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းမှ လက်ရွေးစင်ကစားသမားတစ်ဦးဖြစ်သည်။

စာပေ၊ဂီတနှင့်အနုပညာနယ်ပယ်တွင် ထားဝယ်သားများ မည်မျှအထိစွမ်းဆောင်နိုင်သည်ကို ကျွန်တော် တိတိကျကျ မဖော်ပြနိုင်သော်လည်းတိုက်ဆိုင်မှုတစ်ရပ်ဟုဆိုနိုင်သည့်ကိုယ်တွေ့ဖြစ်ရပ်တစ်ခုကိုတင်ပြလိုသည်။

၁၉၉၈ခုနှစ်တွင်အမျိုးသားစာပေဆုနှင့်စာပေဗိမာန် စာမူဆုဆုနှင်းသဘင်အခမ်းအနားကို ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ၊ ၈–ရက်နေ့တွင် ရန်ကုန်မြို့ အမျိုးသား ကဇာတ်ရုံ၌ကျင်းပခဲ့သည်။

ထိုနေ့က ဆုရရှိသူများထဲတွင် ထားဝယ်သား နှစ်ဦးပါဝင်သည်။ တစ်ဦးမှာ "ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များ" စာအုပ်ဖြင့် သုတပဒေသာ (ဝိဇ္ဇာ) ဘာသာရပ်တွင် အမျိုးသားစာပေဆုရရှိသည့် အငြိမ်းစားသင်္ချာမင်းကြီး ဦးအောင်မြင့် ဖြစ်သည်။ ထို့ပြင် ၎င်း၏ဖခင်မှာ ဤဆောင်းပါးရှေ့ပိုင်းတွင် ဖော်ပြခဲ့သည့် ပထမအကြိမ်ယူနီဗာစီတီကောလိပ်သမဂ်ကြီး၏ကျောင်းသားခေါင်းဆောင်ကော်မတီဝင် (၁၁)ဦးတွင် ပါဝင်သော ဦးဗရှင်(ထားဝယ်) ဖြစ်သည်။

နောက်တစ်ဦးမှာ "ဆွစ်(စ်)မိသားစု၏ရော့ဘင်ဆင်လိုဘဝ" စာမူဖြင့်ဘာသာပြန်စာပေတွင် စာပေဗိမာန် စာမူဆုရရှိသည့်(ယခုဆောင်းပါးရှင်)မောင်ဝင့်သူဖြစ်သည်။

ကျွန်တော်သည် ယနေ့တိုင် ဤထားဝယ်အသင်းသို့ အသင်းသားအဖြစ် မဝင်ရောက်ရသေးသော်လည်းထားဝယ်သမဂ္ဂဟူသော စကားလုံးကိုကျွန်တော်ရှစ်နှစ်သားအရွယ်ကပင် နားထဲစွဲနေခဲ့ပြီးဖြစ်သည်။ မော်လမြိုင်မြို့တွင်နေစဉ်က ကျွန်တော့်မိဘများထံ အလည်လာသည့် ထားဝယ်မိတ်ဆွေများ စကားဝိုင်းတွင် ပြောဆိုနေသံကို ကျွန်တော် မကြာခဏ ကြားမှု နေခြင်း ကြောင့်ဖြစ်သည်။ ထိုစဉ်က ထားဝယ်အသင်းဟူ၍ သတ်မှတ်ခေါ်ဝေါ်ခြင်း ရှိသေးဟန်မတူချေ။

ဦးကျော်မြင့်ကတော့ နောက်တစ်ကြိမ် ထားဝယ် အသင်းသင်းလုံးကျွတ် အစည်းအဝေးကျင်းပသည့်အခါ ကျွန်တော့်ကို ဖိတ်မည်ဟုဆိုသည်။ ကျွန်တော်က အသင်းမဝင်ရသေးကြောင်းရိုးသားစွာပြောပြလိုက်သည်။ ထိုအခါ ဦးကျော်မြင့်က ထားဝယ်သားဖြစ်တိုင်း အသင်းဝင်ဖြစ်ရန် ဖိတ်ခေါ်သည်ဟု ပြန်ပြောသည်။ ထားဝယ်သား အချင်းချင်း စည်းစည်းလုံးလုံး ရှိစေလို၍ စေတနာဖြင့် သူဖိတ်မန္တကပြုခြင်းဖြစ်မည်။

သို့သော်အသင်းဝင်လိုပါက အသင်းကသတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းနှင့်အညီ အသင်းဝင်အဖြစ် မှတ်ပုံတင်ရန်မှာ ကျွန်တော့်တာဝန်ဖြစ်သည်ဟုယူဆသည်။ ဖြစ်နိုင်လျှင် မိမိကအသင်းအတွက် မည်သို့အကျိုးဆောင် ပေးနိုင်မည်ကို ထည့်သွင်း စဉ်းစားသင့်သည်ဟု ကျွန်တော် ယူဆသည်။

ထိုနေ့က စာပေဗိမာန်မှ ကျွန်တော်ပြန်လာပြီး နောက်ပိုင်း ဆရာကြီးမောင်ဆုရှင် ကွယ်လွန်ချိန်အထိ ဦးကျော်မြင့်နှင့် ကျွန်တော်မတွေ့ဖြစ်တော့ပေ။ မကြာသေးမီရက်များက ခရီးသွားဟန်လွှဲဆုံမိသည့်အခါမျိုးတော့ရှိသည်။ သို့သော် အေးအေးဆေးဆေး စကားပြောချိန်မရခဲ့။

ယခုထားဝယ်အသင်းအတွင်းရေးမှူးထံမှအသင်း၏ နှစ် ၁၀၀ပြည့်မော်ကွန်းမဂ္ဂဇင်းအတွက် ကျွန်တော့်ထံစာမူ တောင်းခံလာသည်။ ကျွန်တော်ထားဝယ်အသင်း မဝင်မီက ကူညီခွင့်ရ၍ဝမ်းသာမိသည်။ ကျွန်တော့်ဆန္ဒကို အကောင်အထည်ဖော်ခွင့်ပေး၍လည်းအမှုဆောင်အဖွဲ့ကိုကျေးဇူးတင်မိသည်။

ထားဝယ်အသင်း၏ ရည်မှန်းချက်များပေါက်မြောက်အောင်မြင်ပါစေကြောင်း မင်္ဂလာနှစ်သစ်တွင် ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

(ကျွန်တော် ရင်ခွင်ပိုက်ကလေးအရွယ်က နေမကောင်းဖြစ်သည့်အခါများ၌ ကျွန်တော့်အား သားအရင်းနှင့်မခြား အထူးပြုစုစောင့်ရှောက်ပေးခဲ့သည့် ကျွန်တော်၏ အဒေါ်ဖြစ်သူ ဒေါ်သန်းလှ၊ ဝိန္ဒိတောရပ်၊ ထားဝယ်မြို့အား ဤဆောင်းပါးဖြင့် ရည်စူးကန်တော့ပါ၏။)

မောင်ဝင့်သူ

(၁၅–၄–၁၀)

နိုင်ငံတကာရောက် ထားဝယ်သူ၊ ထားဝယ်သားများ

●ရဲမြင့် (စွန့်ဦးတီထွင်)

စာရေးသူမှာ အစိုးရဝန်ထမ်းဘဝ၊ *UN* အဖွဲ့အစည်းဝန်ထမ်းဘဝ၊ ပုဂ္ဂလိကကုမ္ပဏီဝန်ထမ်းဘဝ၊ အငြိမ်းစားဘဝတို့ဖြင့် ဘဝမျိုးစုံကျင်လည်ခဲ့ရာတွင် အကြောင်းအမျိုးမျိုးဖြင့်နိုင်ငံရပ်ခြားသို့ ကာလရှည် ကာလတို သွားခဲ့ရာ၌ ကိုယ်နှင့်ဇာတိချက်ကြွေ မွေးရပ်မြေတူသော ထားဝယ်သူ ထားဝယ်သားများနှင့် ဆုံကြုံရပုံများကို ပြန်လည်ဖောက်သည်ချလိုပါသဖြင့် ဤဆောင်းပါးကို ရေးရခြင်းဖြစ်ပါသည်။

စာရေးသူသည် ထားဝယ်မြို့၊ ဆင်ပုနှစ်ရပ်ကွက်နေ ထားဝယ်သားအစစ်ဖြစ်ပါသည်။ အဖထားဝယ်သား၊ အမေထားဝယ်သူဖြစ်ကာ ထားဝယ်မြို့ ဆန်းချိုရပ်ကွက် မူလတန်းကျောင်းတွင်စတင် ပညာရည်နို့ သောက်စို့ခဲ့ပါသည်။ အကြောင်းမှာအမေဖြစ်သူက အဆိုပါဆန်းချို ကျောင်းတွင် ကျောင်းဆရာမ လုပ်ခဲ့သောကြောင့် ဖြစ်ပါသည်။ ၎င်းမှတစ်ဆင့် ထားဝယ်မြို့ ***ABM*** ကျောင်း (***Ann Hasseltine High School***) (ယခု အမှတ်-၃အခြေခံ အထက်တန်းကျောင်း) တွင် ပထမတန်းမှ၁၀တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ပါသည်။ ထိုသို့ရေးပြရခြင်းမှာစာရေးသူ အစိုးရပညာတော်သင်အဖြစ် အမေရိကန်ပြည်ထောင်စုသို့ နှစ်ရှည်သွားရောက်ခွင့်ရရေး အတွက်အရေးကြီးဆုံးဖြစ်သည့် အင်္ဂလိပ်စာအခြေခံကို ထားဝယ်မြို့ ***ABM*** ကျောင်းက၊ စတင်မြစ်များခံပေးလိုက်သဖြင့်၊ ထားဝယ်မြို့***ABM***ကျောင်းမှ ကျေးဇူးရှင်ဆရာကြီး၊ ဆရာမကြီးများအား ဤဆောင်းပါးဖြင့်ကန်တော့အပ်ပါသည်။

ဤဆောင်းပါးခေါင်းစဉ်ကို **"နိုင်ငံတကာရောက် ထားဝယ်သူ၊ ထားဝယ်သားများ"**ဟု ရေးသားသော်လည်း ပထမဦးစွာထားဝယ်သားကို မပြောသေးပဲ၊ ကိုယ့်ဇမာတွေကိုပဲ ရောက်ခဲ့သည့် နိုင်ငံတိုင်းတွင် တွေ့ခဲ့ ဆုံခဲ့ရပုံလေးတွေကို အကျဉ်းမျှတင်ပြလိုပါသည်။ ဆောင်းပါးအစတွင် ဖော်ပြထားသလို၊ စာရေးသူသည် ထိုင်း၊ စင်္ကာပူ၊ တရုတ်၊ မကာအို၊ ဟောင်ကောင်၊ ဂျပန်၊ အမေရိကန်၊ အင်္ဂလန်၊ ဂျာမနီ၊ ပြင်သစ်၊ အီတလီ စသည့်နိုင်ငံများသို့ တာဝန်အားဖြင့်လည်းကောင်း၊ အလည်အပတ်အားဖြင့်လည်းကောင်း၊ ရောက်သည့်နေရာတိုင်းတွင် ဇမာများကို မြင်ခဲ့၊ တွေ့ခဲ့၊ ဆုံခဲ့၊ စကားပြောခဲ့ရပါသည်။ အမှန်တကယ်တော့ လူဆိုသည်မှာ "ရေကြည်ရာ မြက်နုရာ"သို့ ပြောင်းရွှေ့နေထိုင်သော(တစ်နည်း)တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့နေထိုင်ခြင်း (***Migration***) အလေ့အထရှိသည် မဟုတ်ပါလော၊ မထူးဆန်းပါဟု ပြောရပါမည်။

သို့သော်၊ အဆိုပါနိုင်ငံများတွင် 'ထားဝယ်သား'နှင့် ဆုံခဲ့ရသည်များက(စာရေးသူ)ကျွန်တော့်အတွက် ထူးဆန်းသည့်အပြင်၊ အားရ ကျေနပ် ဝမ်းသာ ပီတိဖြစ်ခဲ့ရ ပါသည်။ (ယခုသုံးနှုန်းလိုက်သောစကားလုံးထက်ပို၍ နက်ရှိုင်းသော စကားလုံး ရှိလျှင်သုံးချင်ပါသေးသည်။) ရှင်းလင်းပါမည်။ ကျွန်တော်သည် ထားဝယ်မြို့က ဆယ်တန်းအောင်ပြီး စီးပွားရေးတက္ကသိုလ်တက်၊ ဘွဲ့ရ အလုပ်ဝင်၊ နေရာအနှံ့ပြောင်း၊ တက္ကသိုလ်အတူတူတက်ခဲ့သည့်မြင်းခြံသူနှင့်အိမ်ထောင်ကျ သားငါးဦးမွေး ဘဝကိုရုန်းကန်ကာ ဘဝပင်လယ်ထဲ စုန်ချီ တစ်ခါ

သောက် (လက်သုပ်) ဝက်ခေါင်းနံးလတ်သောက် နမုဖတ် (ဝက်ခေါင်း သုပ်နှင့်မုန့်တီဖတ်) စားချင်ပေမယ့်လည်း ဝမ်းရေးအတွက် လင်မယားနှစ်ယောက်စလုံး အတူတူရှာနေကြရသဖြင့်မအား၊ သားငါးဦးကလည်း အပြင်ထွက်နေကြ၍စုလို့မရသည်နှင့်အနှစ်၄၀ကျော်သွားတာပါ။ ရန်ကုန်က ထားဝယ်သားငယ်သူချင်းတွေဖြစ်ကြတဲ့ ကျော်မြင့် (သိပ္ပံကျော်) **စိန်ဟုတ် (ဒေါက်တာ လှိုင်စိုးဝယ်)၊ စိုးဝင်း (စက်ဘုရှ) တင်ဝင်း၊ မောင်ဖေအး၊ ခင်မောင်ကြီး၊ အောင်မြင့် (ဖူဟူ) စသည်တို့ က ထားဝယ်လိုနှင့်နင်ပဲငဆ ပြောပြီး အပြစ်တင် (သူတို့က ထားဝယ်ကို မကြာခဏရောက်နေကြပါသည်။) ထားဝယ်မှာနေသည့်ငယ်သူငယ်ချင်းတွေကလည်း၊ "မော့ရဲမြင့် - မင်း တစ်ယောက်ပဲရှိတယ်- ထားဝယ်ကို ပြန်မလာတာ၊ ဘာလဲမင်းက 'ဂန်မ' ရထားလို့လားကွ" ဟု အားမနာ ပါးမနာ ဖုန်းနှင့် လှမ်းတွယ်လိုတွယ် လုပ်နေ ကြပါသည်။**

သို့ဖြစ်ရာ 'ထားဝယ်ကို၊ မပြန်ဖြစ်ပေမယ့်၊ ငါက နိုင်ငံခြားတိုင်းပြည်တွေမှာ၊ ငါတို့ထားဝယ်သူ ထားဝယ်သားတွေနဲ့ တရင်းတနှီးနေခဲ့ရပါတယ်ကွာ' လို့ပဲ၊ ရင်ထဲက ပြန်ပြောပါရစေခင်ဗျား။

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့က ထားဝယ်သားများ

ကျွန်တော်ကအစိုးရပညာတော်သင်အဖြစ် အမေရိကန်ပြည်ထောင်စု အိုဟိုင်းယိုး တက္ကသိုလ် (***Ohio State University***) တွင်တက်နေတုန်း ***Quarter*** တစ်ခုအပြီး၊ ကျောင်းအပိတ်တွင် ***New York*** ကိုတစ်လသွားလည်ပါသည်။ တည်းတာက ထားဝယ်သားတွေနှင့် ညီအစ်ကိုလို့ပြောလို့ရသည့် ဘိတ်သား သူဌေးဦးဟန်ကြူးတို့အိမ်မှာပါ။ မည်သည့် ***Source*** က ရသည်မသိ။ ထားဝယ်သား မောင်တင့်လွင် ဆိုသူ ကျွန်တော့်ဆီလာပြီး သူထားဝယ်သားဖြစ်ကြောင်းနှင့် မိဘများကိုပြောပြရာထားဝယ်မှ ဦးရန်လင်း နှင့် ဒေါ်ချိုချိုယု ဖြစ်နေသည်ကို သိလိုက်ရပါသည်။ အခုသူ ***New York*** တွင် အလုပ်လုပ်နေကြောင်း၊ ကျောင်းလည်းတက်နေကြောင်းပြောပြရာ သူ့အဖေနှင့် ကျွန်တော်မှာထားဝယ်မြို့ မြို့နီးပယ် တင်းနစ်ကွင်းတွင် တင်းနစ်ကစားဘက် ဖြစ်နေသည်ကိုသိလိုက်ရပါသည်။ အဆိုပါ ထားဝယ်သားလေး မောင်တင့်လွင်မှာ အလုပ်မှ နှစ်ရက်လောက် ခွင့်ယူပြီး ကျွန်တော့အား ***New York*** မြို့အနှံ့ပို့ ကားနေ့လယ်စာ၊ ညစာတို့ကိုလည်း ဝတ္တရားမပျက် ကျွေးမွေးလိုက်ပါသည်။ ကျွန်တော်ကျောင်းတက်နေရသည့်မှာ တစ်နှစ်ကျော်နေပြီး တစ်ခါမှ ထားဝယ် စကားမပြောရ ထားဝယ်သားနှင့် မတွေ့ရဖြစ်နေစဉ်၊ ယခုလို ထားဝယ်သားတစ်ဦးနှင့် အမေရိကန်လိုနိုင်ငံမျိုး၊ ***New York*** လို အလွန်လူစည်ကားသောနေရာမျိုးမှာဆုံတွေ့ရသဖြင့် မပော်ပြနိုင်လောက်အောင် ဝမ်းသာခဲ့ရပါသည်။

မကြာသေးပါ။ မောင်တင့်လွင်၏ ဆက်သွယ်ပေးမှုဖြင့် နောက် ထားဝယ်သားတစ်ဦးကို ***New York*** တွင်ပင် တွေ့ရပါသေးသည်။ သူက ကျွန်တော်တို့၏ ***ABM*** ကျောင်း တနောင်တော်ကြီး ထားဝယ်သား ကိုရှင်းဖေ ပင်ဖြစ်ပါသည်၊ ကျွန်တော်တို့ထက် နှစ်တန်းလောက်ကြီးကာတွဲ့ရပြီး ***New York*** တွင် ဓာတ်ပုံဆိုင်ရာလုပ်ငန်းလုပ်ကိုင်လျက်၊ တိုးတက်ကြီးပွားနေသူပင်ဖြစ်ပါသည်။ ကျွန်တော်၏အစ်ကို ကိုအောင်ဆန်းတို့နှင့် ***"The same batch"*** ဖြစ်ပါသည်။ ထားဝယ်သားကြီးကိုရှင်းဖေကလည်း ဝမ်းသာအားရစွာနှင့် ထမင်းကျွေး၊ ဟိုပို့ဒီပို့ ထားဝယ်အကြောင်းတွေပြော၊ ***ABM*** ကျောင်းအကြောင်းတွေပြော၊ ဆရာ/ဆရာမ အကြောင်းတွေ မေးကြပြောကြနှင့် ထားဝယ်ရောက်နေသည့်အလား ခံစားလိုက်ရပါသည်။

မကြာသေးပါ၊ မောင်တင့်လွင်၏ လမ်းပြမှုဖြင့် ထားဝယ်သား ကိုစိန်မြင့်နှင့်လည်းဆုံလိုက်ရပါသည်။ ကျွန်တော် က ထားဝယ် ဆင်ပုနှစ်ရပ်က၊ သူကထားဝယ် အိုးလုပ်မြင်ရပ်က ဆိုတော့ ရပ်ကွက်ချင်းဆက်နေပါသည်။သူ့ဇနီးက ***UN*** (ကမ္ဘာ့ကုလသမဂ္ဂ)တွင် အမှုထမ်းနေပြီးသူလည်း အလုပ်လုပ် နေသည်ဟုသိရပါသည်။ ရပ်ကွက်ချင်းကပ်နေ၍ ပိုရင်းနှီးသလိုဖြစ် ပြီး သူ့အိမ်တွင်နှစ်ညအိပ်လိုက်ရပါသေးသည်။ တစ်ညလုံး ထားဝယ်လိုနှင့်ထားဝယ်အကြောင်းတွေပြောရင်း၊ ညဉ့်နက်သန်းခေါင်မှ နှစ်ဦးသားအိပ်ရာဝင်ကြပါသည်။

သူကလည်း မပြောရတာကြာပြီဖြစ်သည့်ထားဝယ်စကားပြောချင်၊ ကျွန်တော်ကလည်း မပြောရတာကြာပြီဖြစ်သည့် ထားဝယ်စကားပြောချင်ဆိုတော့ ထုံးစံအတိုင်း ထားဝယ်သား မြိတ်သားတွေ အချင်းချင်းတွေ့လျှင်နဘေးကကြည့်လျှင် ရန်ဖြစ်သလို အော်ကြီးဟစ်ကျယ် ပြောတတ်သည့် မလေ့အတိုင်း ပြောကြသဖြင့် 'အရသာ'ရှိလှပါသည်။

လန်ဒန်မြို့တွင် သီတင်းသုံးနေသော ထားဝယ်သား ဘုန်းတော်ကြီး

ကျွန်တော်တို့မိသားစုသည် လန်ဒန်တွင်အလုပ်လုပ်နေသော စာတွဲသား (နို့ညာ)ဆီ ခေတ္တအလည် အပတ်သွားရင်း၊ ဂျာမနီ ပြင်သစ် ဗီတလီစရိုစဉ် အပြီး မပြန်မီသုံးရက် အလိုတွင်

လန်ဒန်မြို့ရှိ ဗုဒ္ဓဘာသာမြန်မာဘုန်းကြီးကျောင်း ရှစ်ကျောင်းအနက် သာသနရံသီဝိဟာရ (***Sasana Ramsi Vihara***) ဘုန်းကြီးကျောင်းသို့ သွားရောက်ပြီး စာရေးသူတို့ မိသားစုဝါဆိုသင်္ကန်းကပ်ကာ ဘုန်းကြီးထံတွင် သီလယူ၊ တရားနာခဲ့ကြပါသည်။ အကြောင်းတိုက်ဆိုင်၍ ပြောပြရလျှင်၊ ဥရောပတိုက်တစ်ခွင် ဗုဒ္ဓသာသနာပြန့်ပွားရေးကို မြန်မာဘုန်းတော်ကြီးများ ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုအခါတွင် ဥရောပတစ်ခွင်လုံးအတော်လေးပျံ့နှံ့နေပြီး နိုင်ငံအသီးသီးတွင်လည်း ဗုဒ္ဓဘာသာမြန်မာဘုန်းကြီးကျောင်းများ တည်ထောင်ထားသည်ကိုတွေ့ရှိရာဗုဒ္ဓဘာသာဝင်တစ်ဦး အနေဖြင့် အလွန်အားရ ကျေနပ်ဝမ်းသာပီတိ ဖြစ်ပါကြောင်း ထားဝယ်သူ ထားဝယ်သားများကို အသိပေးလိုပါသည်။

ပို၍ဝမ်းသာပီတိဖြစ်မိသည်က အဆိုပါ ဗုဒ္ဓသာသနာကမ္ဘာတစ်ဝန်း ပျံ့နှံ့အောင်လုပ်နေသည့် ဘုန်းကြီးများထဲတွင် ကျွန်တော်တို့ထားဝယ်သားဘုန်းကြီးလည်း ပါဝင်နေခြင်းပင်ဖြစ်သည်။ အဆိုပါ ဝါဆိုသင်္ကန်းကပ်ရင်း ကျောင်းထိုင်ဘုန်းတော်ကြီးနှင့် စကားပြေည်ပြောကြရာ၊ စာရေးသူ ထားဝယ်သားမှန်းသိသွားသည်နှင့် (ဤနေရာတွင် စာရေးသူသည် မည်သည့်ဒေသ၊ မည်သည့်နေရာ၊ မည်သည့်အချိန်တွင်မဆို၊ မည်သူနှင့်ပဲဖြစ်ဖြစ်၊ ကိုယ့်ကိုယ်ကိုယ် မိတ်ဆက်လျှင်၊ "ကျွန်တော် ထားဝယ်သားပါခင်ဗျား။ ကျွန်တော် ထားဝယ်ဇာတိပါခင်ဗျား"ဆိုတာကို အမြဲတမ်း (အမြဲတမ်း) ပထမဦးစွာပြောလေ့ရှိပါသည်။) ဘုန်းတော်ကြီးက ယခု ဝါဆိုသင်္ကန်းကပ်လှူပူဇော်သည်ကိုလက်ခံ သော ဘုန်းကြီးတစ်ပါးမှာ ထားဝယ်သား၊ ထားဝယ်ဇာတိ ဖြစ်ကြောင်းမိန့်ကြားသဖြင့် စာရေးသူမှာလည်း ဝမ်းသာအားရဖြစ်ကာ ထားဝယ်ဘုန်းကြီးအား ဦးချကန်တော့ပြီး လျှောက်ထားမေးမြန်းရာ ထားဝယ်၊ လောင်းလုံမြို့က ဖြစ်ကြောင်း (ဘွဲ့တော်ကို မမှတ်မိတော့ပါ) ယခု လန်ဒန်တွင်ဒေါက်တာဘွဲ့ ***(Ph.D.)*** တက်နေကြောင်း မိန့်ကြားသဖြင့် ကျွန်တော်နှင့် ထားဝယ်အကြောင်း ပြောကြပါတော့သည်။ သို့ဖြစ်ရာ နိုင်ငံတကာရောက် ထားဝယ်သူ ထားဝယ်သားများတွင်ထားဝယ်ဘုန်းကြီးများလည်း ပါဝင်ပါကြောင်း ဂုဏ်ယူစွာဖြင့် သိစေအပ်ပါသည်။

ဂျပန်နိုင်ငံ၊ တိုကျိုမြို့က ထားဝယ်သား

ကျွန်တော်အစိုးရဌာနကိစ္စဖြင့် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိစဉ် ထားဝယ်သူတစ်ဦးကို ပထမဦးဆုံးတွေ့ခဲ့ရပါသည်။ ကျွန်တော်နှင့် ဆွေမကင်း၊ မျိုးမကင်းပါ၊ သူ့အမည်က မသန့်သဇင်စိုး (***Baby Kyan***) ဖြစ်ပြီး အဖေက ထားဝယ်သားအစစ်ဖြစ်ကာ အမေက ဂျပန်မ ဖြစ်ပါသည်၊ သူမ၏ အဖေမှာ ကျွန်တော်၏ဦးလေးတော်သူဖြစ်သဖြင့် သူတို့အိမ်တွင်ပင်တည်းခိုရပါသည်။ မသန့်သဇင်စိုးမှာ ထားဝယ်တွင် မမွေးခဲ့ပဲ ရန်ကုန်တွင် မွေးဖွားခဲ့သော်လည်း သူကြီးပြင်းလာရသည်မှာထားဝယ်လိုပြောသော အဖေ၊ ဒေါ်ကြီး၊ ဒေါ်လေး လက်ထဲတွင်ဖြစ်သဖြင့် ထားဝယ်ရဲ့အထာကို သိနေသူဖြစ်ပါသည်။

သူ၏ဆက်သွယ်ပေးမှုဖြင့် ထားဝယ်သား ကိုအောင်စိုး ဂျပန်နိုင်ငံ၊ တိုကျိုမြို့တွင် အင်ဂျင်နီယာ လုပ်နေသည်ကို တွေ့ရပါသည်၊ ထားဝယ် ***ABM***-ကျောင်းထွက်မဟုတ်ဘဲ၊ အမှတ် ၁ အစိုးရအထက်တန်းကျောင်းထွက် ဟုပြောပါ သည်၊ ထားဝယ်တွင်သူနေထိုင်ခဲ့သောရပ်ကွက်ကိုပြောခဲ့သော်လည်း ကျွန်တော် မမှတ်မိတော့ပါ။ ကညွှန့်လား၊ တရော်ပြင်လား မသိပါ၊ ကျွန်တော် ***Recall*** လုပ်၍ မရတော့ပါ။ ဂျပန်ရောက် ထားဝယ်သားလေး ကိုအောင်စိုးမှာလည်း ဝမ်းသာ အားရနှင့် ကျွန်တော့်အား ***TOKYO Tower*** နှင့် အခြား လည်ပတ်စရာနေရာများကို အလုပ်မှခွင့်ယူ လိုက်ပို့ရှာပါသည်။ နှစ်ဦးသားသွားရင်းလည်း ထားဝယ်စကားကို တောက်လျှောက် မနားတမ်းပြောကြရာသူ ထားဝယ်စကား အခုလိုပယ်ပယ်နယ်နယ် မပြောရတာ တော်တော်ကြာပြီဟု သိရပါသည်။

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့က ထားဝယ်သူ/သားများ

ထားဝယ်သူ ထားဝယ်သားများ အများဆုံးတွေ့ရသည့် နိုင်ငံဟုပြောလျှင်ရပါသည်။ ကျွန်တော်သည် ကုမ္ပဏီကိစ္စနှင့် တစ်နှစ် နှစ်ခေါက်လောက် ဘန်ကောက်ကို ရောက်ခဲ့ရာ တစ်ခေါက်တွင်အချိန်ပိုနေသည်နှင့် နာမည်ကြီး ***Bangkok Garden*** တစ်ခုကိုသွားလည်ရာ၊ 'ကျား' အရှင်များပြထားသည့်နေရာသို့ ရောက်ပြီး 'ကျား'ကိုနံဘေးက ရပ်နေစောင့်နေသူအား အင်္ဂလိပ် လိုမေးမြန်းရင်းအသံဝဲနေသဖြင့် ထားဝယ်သားလားဟု မေးလိုက် ရာ ထားဝယ် 'လက်ဝဲကျွန်း' တွင်နေကြောင်း၊ မောင်သန်းစိုးဟု ခေါ်ကြောင်း၊ ဘန်ကောက်ရောက်နေသည်မှာ ရှစ်နှစ်ခန့်ရှိပြီး ယခု အလုပ်သို့ ပြောင်းလာသည် မှာ နှစ်နှစ်ခန့်ရှိပြီဟုသိရပါ သည်။ မောင်သန်းစိုးမှာ ထားဝယ်သား ကျွန်တော့်ကို လူကြီး တစ်ဦးအနေဖြင့်တွေ့လိုက်ရသဖြင့် ဝမ်းသာအားရနှင့်ထားဝယ်စကားကို အားရပါးရပြောခဲ့ပါသည်၊ ကောင်းကောင်းမွန်မွန် လုပ်ပြီး ပိုက်ဆံစုဖို့လည်း ဆုံးမခဲ့ပါသည်၊

ပြောလက်စနှင့်ပြောရပါဦးမည်။ကျွန်တော်ဘန်ကောက်တွင် ထားဝယ်သူတစ်ဦးတွေ့ခဲ့ပါသည်။ ဘန်ကောက် ရောက်တုန်း ***Golf Range*** ရိုက်ချင်သည်နှင့် တစ်နာရီခွဲမျှ ရိုက်ပြီးအပြန် ညောင်းညာကိုက်ခဲနေသဖြင့် တစ်နေရာ ***Massage Room*** တစ်ခုကိုဝင်ကာအနှိပ်ခံခဲ့ပါသည်။ဘာဘာ ညာညာ အနှိပ်ခန်းများ ဘန်ကောက်တွင်ပေါ်များကြောင်း စာဖတ်သူများသိရှိပြီးဖြစ်ပါသည်။ သို့ရာတွင် ယခု ***Massage Room*** မှာထိုကဲ့သို့ မဟုတ်ပါ။ သန့်သန့် ပြန့်ပြန့်နှင့် သန့်သန့်ရှင်းရှင်း အခြားတိစ္စများမပါဝင်သော ***Pure Massage only*** ဖြစ်ပါသည်။ ကျွန်တော့်မှာကိုယ့်ကို အားရ ပါးရ အညောင်းပြေအောင်နှိပ်နယ်ပေးသော အမျိုးသမီးအား အင်္ဂလိပ်လိုနှင့်သူနားလည်အောင် ပြောကြည့်ရာသူကလက်ခံပြီး **"မြန်မာ၊ မြန်မာ"** ဟုသာ တွင်တွင်ပြောနေသဖြင့် ကျွန်တော်က ကျွန်တော်လည်း မြန်မာဖြစ်ကြောင်းပြောမှ ဘယ်မြို့ကလဲ ဆက်မေးရာ၊ ထားဝယ်သံဝဲနှင့် ထားဝယ်ကဟုပြောတော့မှ ကျွန်တော်လည်း ထားဝယ်ကဖြစ်ကြောင်းပြန်ပြောလိုက်ရာ သူ့ခမျာဝမ်းလည်းဝမ်းသာ၊ ရှက်လည်း ရှက်သည့် မျက်နှာထားနှင့် သူကသူ့အမည်ကိုပြောပြီး (အမည်ကို မမှတ်မိတော့ပါ) **'မြေ့မြို့'** က ဖြစ်ကြောင်း ဘန်ကောက်ရောက်နေသည်မှာ နှစ်-နှစ်ခန့်ရှိပြီဖြစ်ကြောင်း ပြောပါသည်။ကျွန်တော်ကလည်း ဘန်ကောက်တွင် ကောင်းရောင်းကောင်းဝယ် လုပ်စားစရာအများအပြားရှိကြောင်း နှိမ့်နှိမ့်သားသား ကြိုးကြိုး စားစား လုပ်စေလိုကြောင်း၊ ပိုက်ဆံစုပြီး ထားဝယ်မှာကျန်ခဲ့သည့် မိဘဆွေမျိုးများထံ ထောက်ပံ့စေလိုကြောင်း ဆုံးမခဲ့ပြီးသူ့ကို နှိပ်ခအပြင် မုန့်ဖိုးပါထပ်ဆောင်းပေးခဲ့ပါသည်။

ဘန်ကောက်တွင် နောက်**ထားဝယ်သူ** တစ်ဦးက စာရေးသူဘန်ကောက်တွင် နေထိုင်သော ***Apartment*** နားရှိ ဗိုလ်တီဆိုင် ***Laundry*** က မီးပူတိုက်သော မိန်းကလေးပင် ဖြစ်သည်။ ကျွန်တော်အဝတ်အစားများကို လျှော်ဖွပ်ရန်မအားသဖြင့် အဆိုပါ ဗိုလ်တီဆိုင်တွင် **'ပင်မင်း'** ပေးရင်း သိကျွမ်းသွားကာ ထားဝယ်သူ ဖြစ်ကြောင်း သိရသဖြင့် ပိုပြီးခင်မင်သွားခဲ့ပါသည်။

ငှင်းမှာထားဝယ်မြို့ သရက်ချောင်း ကဖြစ်ပြီး ပထဝီ အထူးပြုဖြင့်တွဲ့ရပြီးဟုဆိုပါသည်။ မည်သို့မည်ပုံမိုးပွလာ တိုက်နေသည်ကိုတော့ ကျွန်တော်မမေးတော့ပါ။ သူ့အမည်က မလှမိ ဟုထင်ပါသည်။ (မသေချာပါ) စာရေးသူသည် ထုံးစံအတိုင်း ဘန်ကောက်တွင် တစ်လနေထိုင်စဉ်အတွင်း သူ့ကို ဆုံးမတော ဒီထက်ပိုကောင်းသော အလုပ်မျိုးရှိပါကရွှေ့ပြောင်း လုပ်ရန်နှင့် ဘဝအကြောင်းကို ကိုယ်သိသမျှပြောကြား အားပေးခဲ့ပါသည်။ နီးကျူးစရာတစ်ခုမှာ သူ့မှာအမေတစ်ဦးသာ ရှိပြီး ထားဝယ်တွင် မကျန်းမမာဖြစ်နေသဖြင့် လစဉ်မှန်မှန် ငွေပို့ ပေးနေရကြောင်း သိရပါသည်။

ဂျာမဏီနိုင်ငံ၊ *Frankfurt* က ထားဝယ်သားလေး

သူ့အမည်ကကိုသိန်းဇော်။ ထားဝယ်မြို့ 'တနတ် သီရိ' သား (ထားဝယ်စကားဖြင့် **'နတ်ဆိ'** ဟုခေါ်ပါသည်) ဂျာမဏီနိုင်ငံ ***Frankfurt*** မြို့ရောက်သည်မှာ သုံး-နှစ်ခန့်ရှိပြီး၊ စက်ရုံတစ်ခုတွင် အလုပ်လုပ်နေပါသည်။ ကျွန်တော်နှင့်တွေ့ပုံကလည်း **'ဆန်း'** ပါသည်။ ***Frankfurt*** မြို့ ညဥ့်သန်းခေါင်ကျော် ၁ နာရီလောက်တွင် လမ်းမပေါ်၌ တွေ့ဆုံကြခြင်းဖြစ်ပါသည်။ ကျွန်တော်တို့မိသားစုမှာ လန်ဒန်ရောက်နေသော ဇေတုတ္တသား (နှီညာသား)က ခေါ်သဖြင့် လန်ဒန်ကိုအလည်သွားရင်းဂျာမနီကိုခြေဆွဲအလည်သွားကြရာသား၏အစီအစဉ်ဖြင့် ဂျာမနီတွင်တည်းခိုရန် ဟိုတယ်စီစဉ်ပြီးသော်လည်း လန်ဒန်တွင် သီတင်းသုံး နေထိုင်သည့် ဆရာတော်ဘုန်းကြီး က ဂျာမဏီနိုင်ငံ ***Frankfurt*** မြို့တွင် မြန်မာဘုန်းတော်ကြီးကျောင်း ရှိကြောင်း၊ ၎င်း နေရာတွင်ပင်သွားရောက် တည်းခို စေလိုကြောင်း မိန့်ကြားလာသဖြင့် လန်ဒန်မှဂျာမနီ ***Frankfurt*** မြို့သို့ လေယာဉ်ဖြင့်သွားကြရာ ည ၁၂နာရီ နောက်ပိုင်းမှရောက်ပြီး ဘုန်းကြီးကျောင်းရှာရင်းတလည်လည် ဖြစ်နေစဉ် အဆိုပါ ဘုန်းကြီးကျောင်းတွင်နေသော ထားဝယ်သား ကိုသိန်းဇော်က ကျွန်တော်တို့ကို လာကြိုရင်းလွဲသွားသဖြင့် လာရာလမ်းတစ်လျှောက် **'အစ်ကိုကြီး၊ အစ်ကိုကြီး'** လို့ တကြော်ကြော်အော်ရင်း ပြေးလိုက်လာရာ ညသန်းခေါင်ကျော် ***Frankfurt***

လန်းမပေါ် ဆိုကြခြင်းပင်ဖြစ်သည်။ (ဤအကြောင်းအသေးစိတ်ကို တစ်ပတ်တစ်ခါ ထုတ်ဝေလျက်ရှိသော **HR** ဂျာနယ်တွင် စာရေးသူက ဥပဒေရာပခနီးသွားဆောင်းပါးအဖြစ် အခန်းဆက်ရေးသားလျက်ရှိပါသည်။)

ထားဝယ်သားမှန်းတစ်ဦးနှင့်တစ်ဦးသိလိုက်ရသည့် အချိန်မှာ ညသန်းခေါင်ကျော်၊ ဂျာမနီနိုင်ငံ ***Frankfurt*** လန်းမကြီးပေါ် တွင်ဖြစ်ရာ ဘုန်းကြီးကျောင်းရောက်သည်အထိ ထားဝယ်စကားကို အော်ကြီးဟစ်ကျယ် ဝမ်းသာအားရ ကျေကျေနပ်နပ်ကြီး ပြောခဲ့ရသည်ကို ယခုဤဆောင်းပါးရေးသည်အထိ ကျွန်တော်အမှတ်ရနေမိပါသည်။ အဆိုပါ ထားဝယ်သားကလေး မောင်သိန်းထွေး ကောင်းမှုကြောင့် ဂျာမနီနိုင်ငံ ***Frankfurt, Weinhein (Bergstra)*** မြို့လေးရှိ ဗီယက်နမ် တရားစခန်းတွင်တရားပြရင်း သီတင်းသုံးနေထိုင်သော "ဖားအောက်တောရဆရာတော်ဘုရားကြီး" ကို သွားရောက်ဖူးမြော်ကြည်ညို လှူဒါန်းခွင့်ရသဖြင့် ယခုထက်တိုင် ထားဝယ်သားလေးကို ကျွန်တော်တို့မိသားစုက ကျေးဇူးတင်လျက်ရှိပါသည်။

ကျွန်တော်တို့ဂျာမနီမှ အီတလီ၊ ရောမမြို့သို့ သွားရန် လေဆိပ်သို့အထွက် ကားပေါ်တက်ခါနီးတွင် ထားဝယ်သားလေး ကိုသိန်းထွေးမှာ ကျွန်တော့်အား လက်တုပ်ချိတ်နှုတ်ဆက်ရင်း မျက်ရည်ဝဲနေသည်ကိုတွေ့လိုက်ရသဖြင့်ကျွန်တော့်ရင်ထဲ 'နင့်' ခနဲဖြစ်သွားရပါသည်။ သူသည် ဂျာမနီတွင် အဖော်မဲ့စွာဖြင့် အလုပ်ကို ကြိုးစားရင်းရှိသည့် လစာဖြင့်သူ့ရွာ 'တနုတ်သီရိ' (နုတ်ဆိ)မှာရှိသော မူလတန်းကျောင်းနှင့် ဆေးပေးခန်းတို့ကိုသူတတ်နိုင်သလောက်ကူညီလှူဒါန်း နေသူဟုသိရသဖြင့်လည်း ကျွန်တော့်ရင်ထဲ ကျေနပ်စွာ ခံစားခဲ့ရပါသည်။

စာရေးသူယခုတင်ပြခဲ့သည်များမှာ အမေရိကန်နိုင်ငံ နယူးရောခ်၊ ဂျပန်နိုင်ငံ တိုကျို၊ ထိုင်းနိုင်ငံ ဘန်ကောက်၊ ဂျာမနီနိုင်ငံ ***Frankfurt*** မြို့တို့တွင် တွေ့ဆုံခဲ့ကြရသော ထားဝယ်သားများ ကို ***Particularly*** မှတ်မိသရွေ့ တင်ပြခဲ့သော်လည်း စင်္ကာပူ၊ ဟောင်ကောင်၊ တရုတ်၊ မကာအို၊ လန်ဒန်၊ ပြင်သစ်၊ အီတလီ စသည်ဖြင့် ရောက်ခဲ့သော နိုင်ငံများတွင်ခရီးသွားဟန်လွှဲ ထားဝယ်သားများ၊ ထားဝယ်အဆက်များကို ကြုံဆုံခဲ့ပါသော်လည်း ရင်းရင်းနှီးနှီး တွေ့ဆုံခွင့်မရ၊ စကားပြောခွင့်မရ အခွင့်မသာမှုများလည်း များစွာရှိခဲ့ပါသည်။ မဆုံဆည်းခဲ့ရသည့် ထားဝယ်သူထားဝယ်သားများသည်လည်းများစွာရှိနေပါဦးမည်။

- ယနေ့ ***Globalization*** ကာလကြီးအတွင်း နိုင်ငံတကာတွင်မြန်မာများရှိနေပါသည်။
- ထို့အတူ နိုင်ငံတကာ၌ ကျွန်တော်တို့ထားဝယ်သူ ထားဝယ်သားများလည်း ရှိနေပါသည်။
- ပုံစံအမျိုးမျိုး၊ အလွှာအမျိုးမျိုး၊ အဆင့်အမျိုးမျိုး၊ အလုပ်အမျိုးမျိုး၊ အမြင့်အနိမ့်၊ အနေအရင့် တို့ဖြင့် နိုင်ငံတကာတွင် ရောက်နေကြသော ကျွန်တော်တို့ ထားဝယ်သူ၊ ထားဝယ်သားများကို ချီးကျူးဂုဏ်ယူ လေးစားသောအားဖြင့်ဤ ဆောင်းပါးကိုရေးခြင်း ဖြစ်ပါသည်။

စာဖတ်သူများအား ထာဝစဉ်လေးစားလျက်

ထားဝယ်သား

ရဲမြင့် (စွန့်ဦးတီထွင်)

စိုးကြည်ဖြူ

စားလို့ကောင်းရင်ကြိုက်တယ်

လောကမှာသဘာဝတရားအရ သတ္တဝါတွေဟာ အစားအစာတွေကို မစားလို့မရပါဘူး။ မိမိဘဝ ရှင်သန်ရေးအတွက် အစာကို မစားမဖြစ်စားရပါတယ်။ ဒီလို စားရင်း စားရင်းကနေပဲ လူတွေဟာ စားစရာတွေကို ပိုပြီး ကောင်းသည်ထက်ကောင်းအောင် တီထွင်ကြံဆပြီး စားလာကြပါတယ်။ ရသတကျော ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ရသခြောက်မျိုးကို အကောင်းဆုံးဖြစ်အောင် ပြုပြင်စားသောက် ကြပါတယ်။

လူတွေထဲက တစ်ဦးအပါအဝင်ဖြစ်တဲ့ ကျွန်မလည်း အစားအသောက်ကို နှစ်ခြိုက်ခုံမင်စွာ စားသောက်တတ်ပါတယ်။ အထူးသဖြင့် အစားအစာကို ထူးထူးဆန်းဆန်း အစပ်အဟပ် တည့်အောင် စီမံထားတာလေးတွေ ပိုပြီး နှစ်သက်ပါတယ်။ အဲဒီလို စားစရာမျိုးနဲ့ထဲမှ ကျွန်မ ကြိုက်နှစ်သက်တဲ့ စားစရာလေးတွေကို ရေးပြချင်ပါတယ်။ လွန်ခဲ့တဲ့ ၂၈နှစ်လောက်က ကျွန်မရဲ့ ခင်ပွန်းသည် တာဝန်ကျတဲ့ ထားဝယ်မြို့ကို ကျွန်မတို့ မိသားစုအားလုံး လိုက်သွားခဲ့ကြပါတယ်။ အဲဒီအချိန်ကစလို့ ကျွန်မတို့ ထားဝယ်အစားအစာတွေနဲ့ ရင်းနှီးခဲ့ရပါတယ်။ တစ်ခုဖြတ်ပြောရရင်တော့ ကျွန်မ ခင်ပွန်းသည်က ထားဝယ်သားစစ်စစ်ဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်မအမျိုးသားထက် ကျွန်မကပိုပြီး ထားဝယ် အစားအစာတွေကိုနှစ်သက်ပါတယ်။ အထူးသဖြင့် ကျွန်မကအစားအသောက်ကိုအရသာခံပြီးစားတတ်တယ်။

ဥပမာတစ်ခုပြောရရင် ကျွန်မက ကော်ဖီတစ်ခွက်ကို အရသာခံပြီးတစိမ့်စိမ့်သောက်တတ်တဲ့အချိန်မှာ ကျွန်မအမျိုးသားကကော်ဖီတစ်ခွက်လုံးကို တစ်ကျိုက်တည်းမော့ချလိုက်တတ်ပါတယ်။ အရသာတယ်သိတော့မလဲလို့ ကျွန်မကပြောတော့ ဗိုက်ထဲရောက်တာခြင်းအတူတူပါပဲတဲ့။ ကျွန်မက ခင်ပွန်းသည်ကို ပြောတယ်။ ဒီလိုဆိုရင် သဘာဝတရားကြီးက ပါးစပ်ထဲမှာ လျှာဆိုတာဘယ် ထည့်ပေးပါ့မလဲလို့ ကျွန်မကဘုပြန်တောလိုက်တော့တာပေါ့။ စကားနိုင်လုတာပါ။

●●●●

ထားဝယ်မြို့ကိုရောက်ပြီး ထားဝယ်မြို့မဈေးကြီးထဲရောက်တာနဲ့ ထားဝယ်မုန့်ဟင်းခါးကိုစပြီး မိတ်ဆက်တဲ့အနေနဲ့ စားကြည့်မိပါတယ်။ ထားဝယ်မုန့်ဟင်းခါးကို ထားဝယ်လို "မုကလွန်းဆီ" လို့လည်းခေါ်ပါတယ်။ အရသာထူးဆန်းတာ ကိုကြိုက်တဲ့ကျွန်မက စားကြည့်တဲ့အခါ ကြိုက်သွားတယ်။ ဈေးထဲက သားငါးတန်းအပြင်ဘက် ကပ်ရက်မှာဆိုင်ခင်းထားတဲ့အဒေါ်ကြီး တစ်ယောက်ရောင်းတဲ့ မုန့်ဟင်းခါးပွဲ ပြင်ဆင်ပုံကိုကြည့်လိုက်မိတယ်။

မုန့်ပန်းကန်ထဲကို မုန့်ဟင်းခါးဖတ်နည်းနည်းထည့်တယ်။ ပန်းကန်ထဲမထည့်ခင်လက်ထဲမှာ မွမွလေးဖြစ်အောင် အသာခြေလိုက်သေးတယ်။ ပြီးမှ စာကလေးခွေ နှစ်ခုလောက် လက်ထဲခြေပြီးထည့်တယ်။ သူတို့က စာကလေးခွေကို "မုစ္စီယား" ဆိုလား၊ "မုစ္စီသား" ဆိုလားပဲခေါ်တယ်။ ပြီးရင်ပဲနေ့ကြိုက်ရင်ထည့်ပေးတယ်။ (ပဲကြီးနေ့ သို့မဟုတ် ပဲပြုတ်)ပြီးရင် ရေတ်သီးအစိမ်းမှုန့်ကို အရောင်လှအောင် ဆီသတ်ထားတာတစ်ဇွန်းလောက်ထည့်ပေးတယ်။ ရေတ်သီးအစိမ်းမှုန့်လည်း သတ်သတ်ထည့်တယ်၊ ငံပြာရည် နည်းနည်းထည့်တယ်။ နံနံပင်ကြိုက်ရင်ထည့်ပေးတယ်။ အားလုံးပြီးမှမုန့်ဟင်းခါးရည်ထည့်ပေးပါတယ်။ မုန့်ဟင်းခါးရည်က ကျွန်မတို့စားနေကျ ရန်ကုန် မုန့်ဟင်းခါးလိုမျှားပါဘူး။ ငှက်ပျောဖတ်ကလည်း ပင်စည်ကို မသုံးပါဘူး။ အများအားဖြင့် ငှက်ပျောပင်ရဲ့ ခေါင်းပိုင်းကိုသုံးပါတယ်။ ငှက်ပျောပင်စည်ထက်အများကြီးပိုပြီး စားကောင်းပါတယ်။

မုန့်ဟင်းရည်ချက်ဖို့ ငါးကိုများသောအားဖြင့် ငါးကြီးသားကို သုံးပါတယ်။ 'ငါးကျဲယင်' ဆိုတဲ့ငါးကိုသုံးလေ့ရှိပါတယ်။ (ထားဝယ်အခေါ် အဲဒီငါးကို "ကျဲယင်"လို့ခေါ်ကြပါတယ်) အဲဒီငါးကို အရောင်တင်ရေတ်သီးမှုန့်နဲ့ ဆီသတ်ချက်ပြီး မှင်ငါးပိလည်း ထည့်တယ်လို့သိရပါတယ်။ ဒီမုန့်ဟင်းခါးဟင်းရည်ထဲမှာ ထားဝယ်အခေါ် "လန်ခေါ်" ရွက်လို့ခေါ်တဲ့ အရွက်စိမ်းတစ်မျိုးကို မပါမဖြစ်ထည့်ချက်ကြပါတယ်။ အလွန်မွှေးတဲ့ ထားဝယ်ကအရွက်တစ်မျိုးပါ။ တချို့များ ထားဝယ်ကနေ ရန်ကုန်အထိတောင် တစ္စတ်တရသယ်ပြီး စားကြပါတယ်။ ဒီအရွက်က အသား၊ ငါး တစ်မျိုးမျိုးနဲ့ ကြော်စားလည်းကောင်းပါတယ်။ ဟင်းခတ်မှုန့်

ထည့်စရာမလိုတဲ့ အရွက်အမျိုးအစား ဖြစ်ပါတယ်။

ဒီမုန့်ဟင်းခါးရည်ကို စနစ်မုန့်ဖတ်ထည့်ထားတဲ့ ပန်းကန်ထဲမှာ အလောတော်လေးဆမ်းပေးပါတယ်။ ပြီးမှ နောက်ဟင်းရည်တစ်မျိုးလည်း ထပ်ဆမ်းပေးသေးတယ်။ အဲဒီဟင်းရည်ကတော့ ပုစွန်ခြောက်များများ၊ ကြက်သွန်နီလှီးထားတာတွေနဲ့ ခပ်ကျဲကျဲချက်ထားတာ ဖြစ်ပါတယ်။ ဒီ ဟင်းရည်ရှိုရှိုကျဲကျဲ လေးကို တစ်ဇွန်းလောက်ထည့်ပေးပါတယ်။ ပြီးရင်တော့ နှံးရာ ထားဝယ်မုန့်ဟင်းခါးကို အားရပါးရစားလို့ရပါပြီ။

ဒါပေမဲ့ ထားဝယ်မြို့မှာ ကျွန်မအရမ်းအကြိုက်ဆုံးမုန့်ဟင်းခါးဆိုင်ရှိပါသေးတယ်။ ထားဝယ်မြို့ မီးသတ်ရုံကြီးရှေ့မျက်နှာချင်းဆိုင်လမ်းတစ်ဖက်မှာ စင်ကလေးနဲ့ ရောင်းတဲ့ဆိုင်ပါပဲ။ ဒီအမျိုးသမီးကြီးရောင်းတဲ့ဆိုင်က လူတွေလည်း အမြဲအုံနေတာပါ။ သူ့ဆိုင်က စားစရာအမျိုးအမည်စုံတော့ ပိုပြီးစားကောင်းပါတယ်။

ထားဝယ်မှာက မုန့်ဟင်းခါးဖတ်ကို ပုံမှန် မုန့်ဟင်းခါးဖတ်နဲ့ မုန့်ဖတ်ရေစွဲဆိုတာ ကြိုက်ရာ ရွေးချယ်စားလို့ရပါတယ်။ "မုန့်ဖတ်ရေစွဲ" ဆိုတာက ရေထဲက မုန့်ဖတ်ကို ဆယ်ပြီးခါစ ရေစိုစိုရွှဲရွှဲနဲ့ပဲ ဖက်နဲ့ထုပ်ထားပါတယ်။ စားမယ်ဆိုမှဖက်ကို ဖြည်ပြီးထည့်ပေးတာပါ။ ရေစိုစိုနဲ့စားရတာပိုပြီး နူးညံ့ ချောချောင်းတာမို့ ကျွန်မ မုန့်ဟင်းခါးစားရင် မုန့်ဖတ်ရေစွဲနဲ့ပဲ အမြဲစားဖြစ်ပါတယ်။

သူ့ဆိုင်ကပိုပြီးစားလို့ကောင်းတယ် အရသာပိုရှိတယ် ဆိုတာကကျွန်မပြောပြပါ့မယ်။ ဈေးရှေ့ကမုန့်ဟင်းခါးဆိုင်လိုပဲ သူထည့်ပါတယ်။ ပြီးမှသူ့ဆိုင်မှာရှိတဲ့ တခြားအမည်တွေ အမျိုးမျိုးကို ကြိုက်နှစ်သက်ရာထပ်ထည့်ပြီး စားလို့ရပါတယ်။ အဲဒီမုန့်ဟင်းခါးထဲကို ဆီထမင်း၊ သရက်သီးသနပ်၊ ပဲကြီးစေ့ထွက်ပြီးသား ပဲပြုတ်၊ သနပ်စုံ၊ ငါးချဉ်၊ ပတ်ကလီချဉ်၊ စသဖြင့် ကြိုက်သလိုရောနှော စားသောက်နိုင်ပါတယ်။ ဘူးသီးကြော်၊ ပဲကြော်လည်း ထည့်လို့ရပါသေးတယ်။ အချဉ်ရေကိုတော့ မန်ကျည်းရည်သုံးပါတယ်။ ပတ်ကလီချဉ်ဆိုတာက အတောင်ပါတဲ့ အကောင်တစ်မျိုးကို အချဉ်ထည့်ထားတာပါ။ အကောင်ကိုတော့မမြင်ဖူးပါဘူး။ စားလို့ကတော့ကောင်းမှကောင်း၊ ကျွန်မကဈေးထဲက "ပတ်ကလီချဉ်" တွေ့ရင်ဝယ်လာပြီး ကြော်စားတယ်။ ကြိုက် မှကြိုက်။

အစကအခုလိုမုန့်ဟင်းခါးကို အမည်စုံရောပြီးစားရကောင်းမှန်းမသိပါဘူး။ ဆိုင်ကိုရောက်လာတဲ့ စားသုံးသူတွေထဲက အဲဒီလို ကြိုက်နှစ်သက်ရာတွေရွေးပြီး အားရပါးရစားကြပါတယ်။ တချို့ဆိုရင် လက်နဲ့ အားရပါးရနယ်ပြီးစားကြတာပါ။ ကျွန်မလည်း သူတို့ကိုကြည့်ပြီး အားကျလာတာနဲ့ သူတို့လိုပဲ ကြိုက်ရာအမည်စုံ ထည့်ပြီး စားလိုက်တာဟာ ထားဝယ်မှာနေတဲ့ ၇နှစ်လုံးနေ့စဉ်နီးပါးလို့ပဲပြောပါရစေတော့။ ခုအချိန်မှာတော့ အဲဒီမီးသတ်ရှေ့က ဆိုင် ရှိ–မရှိ မသိတော့ပါဘူး။ ကြုံကြိုက်ရင်တစ်ခါလောက် စားချင်ပါသေးတယ်။

ကျွန်မအလွမ်းဆုံး ထားဝယ်မုန့်ဟင်းခါးပါရှင်။

●●●●

ထားဝယ်ကပြောင်းလာတာ အနှစ် ၂၀ကျော်ရှိပြီဖြစ်ပေမယ့် ဒီကနေ့အထိ စိတ်ကူးရတိုင်း အမြဲတမ်းလိုလို ချက်စား နေတာက ထားဝယ် "စီးလတ်သုပ်" ဖြစ်ပါတယ်။ ကျွန်မတို့က တော့ စိမ်းလက်သုပ်လို့ ခေါ်တယ်။ ထားဝယ်သူ ထားဝယ်သားတွေရော၊ ထားဝယ်ကိုရောက်လာတဲ့ အနယ်နယ်အရပ်ရပ်က လူတွေပါ နှစ်နှစ်ခြိုက်ခြိုက်လမ်းလမ်းစားကြပါတယ်။ အထူးသဖြင့်နေ့မကောင်း ဖြစ်ပြီး နာလန်ထစလူတွေက ဆိုင်ကိုပြေးပြီး အားရပါးရ စားကြတာလေ။ စားပြီးတာနဲ့ ချွေးတွေထွက်ပြီး လန်းဆန်းနေကောင်း သွားကြပါတယ်။ ကျွန်မလည်း နေမကောင်းဖြစ်ရင် ဆိုင်မှာသွားစားတာပဲ။ ရှူးရှူးရှဲရှဲနဲ့ အရသာအရမ်းရှိပါတယ်။ ဒါကြောင့်လည်း ဒီနေ့အထိ ချက်စားနေတာပါ။ အစကတော့ ကျွန်မကိုယ်တိုင် ချက်ကျွေးတယ်။ နောက်တော့ ကျွန်မချွေးစားသမီး ဌေးဌေးက ချက်တော့တာပဲ။ ဌေးဌေးက ကျွန်မတို့အိမ်မှာရောက်နေတာ ၁၄နှစ်လောက်ရှိပါပြီ။ သူက မိသားစုလုံးလုံးကို ဖြစ်နေပြီ၊ သူချက်တဲ့ထားဝယ်စိမ်းလက်သုပ်ဟာ ကျွန်မချက်တာထက်တောင် ပိုကောင်းပါသေးတယ်။ သူက ထမင်းဟင်းချက် ကောင်း၊ မကောင်းတော့မသိဘူး၊ သူ့လက်ရာကိုစားချင်လို့ သူ့ဆီကိုတကူးတက ကားနဲ့လာပြီး ငါးပိရည်ဖျော်ပြီးသား အော်ဒါမှာတဲ့ သူတောင် ရှိပါတယ်။ နာမည်တော့မပြောတော့ပါဘူး။ ဆွေမျိုးထဲကပါ။ ဌေးဌေးက ငါးပိရည်လည်းစပါယ်ရှယ်ဖျော်တတ်တယ်။

စကားပြန်စရရင် ထားဝယ်စိမ်းလက်သုပ် လုပ်နည်းက ငါးကျဲရင်လိုငါးမျိုးနဲ့ချက်တယ်။ ရန်ကုန်မှာတော့ အလွယ်ရတဲ့ ငါးကြင်းအကောင်ကြီးသားနဲ့ချက်ပါတယ်။ ငါးကြင်းခုတ်သားများများကို "ပအုန်းရည်" နဲ့ ပြုတ်ပါတယ်။ ပအုန်းရည်ဆိုတာက ခနဲရည်ကို အချဉ်ဖောက်ထားတာပါ။ ထန်းရည်နဲ့လည်း အချဉ်ဖောက်ပါတယ်။ အိမ်မှာတော့ ပအုန်းရည် လေး ငါးပုလင်း တော့ အမြဲလိုလိုရှိပါတယ်။ ပအုံးရည်က ငါးပိလက်သုပ်လုပ်စားရင်လည်း သုံးရတယ်၊ ရောက်ရည်အစားထည့်လို့ရပါတယ်။ ချွေးတေးတေးအနံ့လေးနဲ့ ပိုတောင်စားလို့ ကောင်းပါသေးတယ်။

ကျွန်မက ငါးကိုပအုန်းရည်နဲ့ပြုတ်ရင် ငံပြာရည်နည်းနည်းထည့်တယ်။ ထားဝယ်မှာက ငါးပိထည့်တာများတယ်။ ကိုယ်ကြိုက်တာပေါ့လေ။ ငါးပြုတ်ရည်ဆူရင်ငါးတွေကို ဆယ်ပြီး အတုံးကြီးကြီးလေးတွေ ဖဲ့ပါတယ်။ ကြေရင်မကြိုက်လို့ပါ။ ဖဲ့ပြီးသားငါးတွေ ပြုတ်ရည်ထဲပြန်ထည့်ပြီး ကြက်သွန်နီဥ လေး ငါးစိတ် စိတ်ထားတာတွေ ခပ်များများ ထည့်ပါတယ်၊ ဟင်းစော်

မှုန့်လေးထည့်ပြီးရင် ဟင်းရည်နဲ့ကျွေးကြိုင်ပြီး အရသာ အရမ်းရှိနေပြီ။ စားမယ်ဆိုတော့မှ ပန်းကန်ထဲမှုန့်ဖတ်သင့်ရုံထည့်၊ မှုန့်ဖတ်ဖြူဖြူပေါ်မှာ ငံပြာရည်လေး နည်းနည်းဆမ်းတယ်။ ကြက်သွန်နီပါးပါးလှီးပြီး ရေဆေးထားတာ နည်းနည်းထည့်တယ်။ ရေတ်သီးစိမ်းကို သေးသေးလေးတွေ ဆစ်ထားတာကို လိုသလောက်ထည့်ပြီး စားကလေးရွှေနှစ်ခုလောက် ခြွေပြီးထည့်တယ်။ ပြီးမှမုန့်ဖတ်ပေါ်မှာစုနကပေါင်းနိုင်းချင်းနဲ့ ဟင်းရည်ကိုဆမ်းတယ်။ ရေတ်သီးအကျက်မှုန့်တော့ ကြိုက်သလို ထည့်နိုင်ပါတယ်။ အချဉ်ကြိုက်ရင်သံပရာသီးလေးညှစ် ထည့်စားနိုင်ပါတယ်။ စားကြည့်လို့ကတော့ ဆွေမျိုးမေ့လောက်ပါတယ်။ အင်မတန် ဆွဲဆောင်မှုရှိတဲ့ ထားဝယ်စာပါ။ အိမ်ကကျွန်မခင်ပွန်း ထားဝယ်သားကြီးနဲ့ သားသမီးတွေကတော့ အရမ်းကြိုက်လို့ မကြာခဏချက်ပေးရပါတယ်။ ရင်းနှီးတဲ့ မိတ်ဆွေတွေကိုလည်း ချက်ပြီးပို့ပေးပါတယ်။

ကျွန်မအတွက်နံပါတ်နှစ်အကြိုက်ဆုံးစားစရာဖြစ်ပါ တယ်။

● ● ● ●

နောက်ထပ်ထားဝယ်စာတစ်မျိုးကတော့ငါးစင်းကောသုပ်ဖြစ်ပါတယ်။ ဒါကိုလည်း ကျွန်မကြိုက်တာပါပဲ။ ပြောပါပကော၊ကျွန်မက အစားအသောက်ကို အရသာခံပြီးစားတတ်သူပါ။ မကြိုက်လို့ကတော့ ဘို့တောင်မကြည့်ပါဘူး။

ဒီငါးစင်းကောသုပ်ကိုလည်း အခုချိန်ထိ ကျွန်မတို့ မကြာခဏလုပ်စားပါတယ်။ ငါးစင်းကောသုပ်က ငါးအစိမ်းကိုလုပ်တာပါ။ ငါးသလောက်ကို သုံးကြတာများပါတယ်။ ငါးသလောက်ကို ခေါင်းဖြတ်၊ အကြေးခွံချွတ်ပြီး ကလီစာတွေကိုထုတ်ပါတယ်။ အမြီးကနေခေါင်းအထိ ဝိုက်သားတွေကို လှီးပြီးဖယ်လိုက်ပါတယ်။ ကျန်တဲ့အသားတုံး အကောင်လိုက်ကို ဟိုဘက်၊ ဒီဘက်စေးနဲ့ ပါးပါးလှီးပြီး မွှန်းပါတယ်။ ပြီးမှ နှစ်ဖက်စလုံးကို အလယ်ရိုးနားအထိ ဓါးနဲ့အသားလေး လွှာပါတယ်။

လွှာပြီးသားငါးလွှာတွေက အရိုးတစ်ချောင်းမှ မပါဘဲ နူညံ့ပြီးအိနေပါတယ်၊ အဲဒီလွှာပြီးသား ငါးဖတ်လေးတွေကို ပန်းကန်ထဲမှာထည့် ရှောက်သီးရည်ညှစ်ပြီး စိမ်ပါတယ်။ နာရီဝက်လောက်ဆိုရင် ငါးလွှာလေးတွေဟာ ရှောက်ရည်ကြောင့် ဖြူဖွေးပြီး အသားလေးတွေက ထုတ်ထုတ်ကလေး ဖြစ်သွားပါတယ်။

အဲဒီလိုငါးအသားလွှာ ထုတ်ထုတ်ကလေးတွေကို လိုသလောက်ထည့်၊ ကြက်သွန်နီပါးပါးမွှေးနေအောင် ရေဆေးထားတာလိုသလောက်ထည့်၊ ရေတ်သီးစိမ်းဆစ်ထားတာ ကြိုက်သလောက်ထည့်။ ရေတ်သီး အကျက်မှုန့်လည်းလိုသလောက် ထည့်ရပါတယ်၊ ပြီးမှ မှုင်ငါးပိ၊ ပုစွန်ခြောက်၊ ကြက်သွန်ဖြူ ရေတ်သီးရော ထောင်းထားတဲ့ ငါးပိလုံးကြီးထဲက လိုသလောက်ဖဲ့ပြီး နှံ့နေအောင် သေသေချာချာ နယ်ရပါတယ်။

ဒါဟာ ထားဝယ်ရိုးရာငါးစင်းကောသုပ်ဖြစ်ပါတယ်။ ကျွန်မအကြိုက်ဆုံးနံပါတ်သုံးဆိုရင်မမှားပါဘူး။ ဒီအစားအစာလုပ်နည်းတွေကိုကျွန်မရဲ့ယောက္ခမကြီး(ယခုကွယ်လွန်) ဆီက လက်တွေ့လေ့လာသင်ယူခဲ့ခြင်းလည်းဖြစ်ပါတယ်။

● ● ● ●

နောက်တစ်ခုက ထားဝယ်သနပ်စုံစားစရာ အကြောင်းရေးချင်ပါတယ်။ ဒီသနပ်စုံဟင်းကလည်း တော်တော်စားကောင်းပါတယ်။ အကောင်းကြိုက် ကျွန်မအတွက် မက်မောစရာဟင်းတစ်ခွက်ပါပဲ။

သနပ်စုံလုပ်မယ်ဆိုရင် အသီးအနှံစုံဖြစ်တဲ့ ဂေါ်ဖီထုပ်၊ ပဲတောင့်ရှည်သီး၊ မုန်လာဥ၊ ခရမ်းရှည်သီး၊ ပဲပင်ပေါက်၊ ခရမ်းကချဉ်သီး စတဲ့ စိတ်ကြိုက်ရှိရာ အသီးအနှံတွေကို ပဲငံပြာရည်နဲ့ ပြုတ်ပါတယ်။ ကြက်သွန်နီအသေးဆုံးဥ နှစ်ဆယ်သားလောက်လည်းထည့်ပြုတ်ပါတယ်။ အသီးအရွက်တွေမကျက်မီ အစိမ်းရောင်မပျောက်တပျောက် အနေတော်မှာ ဆယ်ထုတ်ပြီးခပ်ပါးပါးလှီးရပါတယ်။ ကြက်သွန်နီကို နီရဲနေအောင် ကြွပ်ကြွပ်ကြော်ပြီးဖယ်ထားတယ်။ ကြက်သွန်ဖြူကိုလည်း ထို့အတူကြော်ပြီးဖယ်ထားတယ်။ ပြီးမှ ဒယ်အိုးထဲကို စုနကအရွက်တွေ ပြုတ်တဲ့ ပအုန်းရည်နည်းနည်းထည့် မှုင်ငါးပိကိုထည့်ပြီး ကြေသွားအောင် မွှေပါတယ်။ ခပ်ပြစ်ပြစ်လေး၊ ဒါတွေပြီးပြီဆိုရင် ဒယ်အိုးထဲဆီထည့်ပြီး ရေတ်သီး အစိမ်းမှုန့်ကိုအရောင်လှအောင် ဆီသတ်ရပါတယ်။ နောက်ဆုံးအဆင့်ကတော့စုနက လှီးထားတဲ့အသီးအရွက်တွေ၊ ကြက်သွန်နီဥသေးလေးတွေ၊ ကြက်သွန်နီကြော်၊ ကြက်သွန်ဖြူကြော်၊ ငါးပိ၊ ပအုန်းရည်နဲ့ မွှေထားတာတွေ အားလုံးရောထည့်ပြီး သမနေအောင်မွှေပါတယ်။ ထားဝယ်မှာတော့ ခန့်သလွန်သီးနုနုသီးကင်းလေးတွေကိုစည်းပြီးရောင်းတော့ အဲဒီ ခန့်သလွန်သီးနုလေးတွေထည့်နိုင်ရင်ပိုကောင်းပါတယ်။ အားလုံးနယ်ရင်းနဲ့ နှမ်းအနက်စေ့တွေကိုလှော်ထားပြီးသားနဲ့ ရောနယ်ရပါတယ်။ (နှမ်းမဲလို့လည်းခေါ်တယ်) အားလုံးနယ်ပြီး အရသာအနေတော်ဖြစ်ပြီဆိုရင်တော့ အဲဒီသနပ်စုံဟင်း ပေါ်မှာ ရှောက်ရွက်နုနုရင့်လေးတွေ ပါးပါး နုတ်နုတ်လေးလှီးပြီးဖြူးထည့်ရုံပါပဲ။ မျက်စိပသာဒလည်းလှ၊စားလို့လည်းကောင်းလှတာမို့ ကျွန်မတို့မိသားစုအတွက်နံပါတ်လေးဟင်းလျာအကြိုက်ဆုံးပဲဖြစ်ပါတယ်။

● ● ● ●

ဟင်းတွေတယ်လောက်ကောင်းကောင်း အပြီးသတ် အချိုတည်းစရာလေးလည်းရေးပြချင်ပါတယ်။ ကျွန်မတို့အိမ်မှာမကြာခဏ လုပ်စားဖြစ်တဲ့ ထားဝယ် ငှက်ပျောပေါင်း ဖြစ်ပါတယ်။

ရခိုင်ငှက်ပျောသီးမှည့်မှည့်ကို အခွံခွာ၊ ထက်ခြမ်းခြမ်းပြီး

လေ့ုထဲမှာ စားတဲ့ထုံးနည်းနည်း ထည့်စိမ်ပါတယ်။ နဲ့အောင်စိမ်လိုက်ရင် အဖန်ရည်နီတီတီ အဖတ်ကလေးတွေ ထွက်လာပါတယ်။ အဲဒါတွေ သွန်၊ ရေ နှစ်ထပ်လောက် အသာလေးဆေးပြီး အုန်းနို့၊ သကြားနဲ့ရောပြီးပြုတ်လိုက်ပါတယ်။

အဲဒီလိုပြုတ်လို့ ငှက်ပျောသီးလေးတွေ နူးအိပြီး အရသာကောင်းပြီဆိုရင်တော့ လျှာပေါ်မှာ အရသာတွေဝဲသွားပြီလေ။ ကျွန်မက ငှက်ပျောသီးပေါင်းအိုးထဲကို အုန်းသီးခြစ်ဖတ်နည်းနည်းတောင်ထည့်လိုက်သေးတယ်။ ပူပူလေးပဲစားစား။ ရေခဲသေတ္တာထဲထည့်ပြီးအအေးခံပဲစားစား၊ အရသာအလွန်ရှိပါတယ်။

ဒီအစားအစာတွေကို ထားဝယ်မှာ ၇နှစ်နေခဲ့တဲ့ ကျွန်မကြိုက်နှစ်သက်တာ ဆန်းမယ်မထင်ပါဘူး။ ဘာကြောင့်လဲဆိုတော့ ဆီမပါသလောက် အစားအစာများဖြစ်တဲ့အတွက် ကျန်းမာရေးကောင်းပြီး အရသာလည်းအလွန်ရှိတာကို ကျွန်မတို့သိနေလို့ပဲ ဖြစ်ပါတယ်။

တစ်ဆက်တည်းပြောရရင် ထားဝယ်မုန့်ဟင်းခါး၊ ဖက်ခေါင်း လက်သုပ်၊ သနပ်စုံတဲ့ စားစရာတွေကို ရန်ကုန်မြို့ကျောက်မြောင်း ဘက်မှာဝယ်ယူရရှိနိုင်ပါတယ် ။ ။

စိုးကြည်ဖြူ

● ● ● ●



မောင်းမကန်

လေရိုင်း ပြုတ်တောင်း ပြုတ်တောင်းမှာ
ကသွီးရွက်တွေ စုန်ဆွ စုန်ဆွ ....
လှိုင်းလုံးတို့ ဆင့်ကာဆင့်ကာဆိုက်
ကမ်းခြေဆီ ဝေ့လည် ဝေ့လည်....
သောင်မြေ ဖွေးဖွေးလွလွပေါ်
နတ်သမီး ဆတ်တောက် ဆတ်တောက်...
ညနေခင်း မှုန်ရီ မှုန်ရီမှာ
ငါ့အာရုံ မူးရိပ် မူးရိပ် ..... ။

အေဒီသစ်



ဒေါက်တာမိုးမိုးလွင် (ကထိက) ပုသိမ်တက္ကသိုလ်

ထားဝယ်ဒေသမှ ဆေးဖက်ဝင် "ကန်းဇော်ပင်"

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့နယ်၏ မြောက်ဘက် ၁၇မိုင်အကွာ ထားဝယ်–ရန်ကုန်သွား ကားလမ်းမကြီးဘေးတွင်ရှိသော ရေဖြူမြို့နယ်၊ မြွေရိုးကျေးရွာ၊ မာန်သင်းတောင်ပေါ်တွင် ပေါက်ရောက်လျက်ရှိသော ကန်းဇော်ပင်မှာ လူသိထင်ရှားပြီး ဒေသခံပြည်သူများက ထိုအပင်၏အသီး အတွင်းရှိအစေ့မှ ထွက်သောအဆီသည်အဓိကပစ္စည်း အဖြစ်ပါဝင်၍ ယင်းအဆီကို မြန်မာတိုင်းရင်းဆေးမြီးတိုအဖြစ် ***(Remedy in Traditional Medicine)***ကင်ဆာနှင့်အခြားရောဂါအမျိုးမျိုးအတွက် သောက်ဆေး၊ လိမ်းဆေး အဖြစ်အသုံးပြုနေသည်ကို လေ့လာတွေ့ရှိရပါသည်။ ထားဝယ်မြို့နယ်၏ အနောက်ဘက်၁၇မိုင်အကွာ လောင်းလုံမြို့နယ်၊ ညင်းတွေးကျေးရွာတွင် ထိုအပင်၏အသီး အတွင်းရှိအစေ့မှထွက်သော ကန်းဇော်ဆီကို တိုင်းရင်းဆေးအဖြစ် သုံးစွဲလျက်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထိုမြို့နယ် နှစ်ခုတွင်ပေါက်ရောက်သော ကန်းဇော်ပင်မှာ အပင်ကြီးမျိုးဖြစ်၍ အပင်၏သက်တမ်းမှာ နှစ်၁၀၀ခန့် ကြာမြင့်နိုင်ပါသည်။ အပင်၏အမြင့်မှာ ပေ၁၀၀ကျော်ရှိသော်လည်း အသီးနှင့်အပွင့်တို့၏ အရွယ်အစားမှာ ရေမြေအနေအထား (*Adaptation*)အရ ကွာခြားချက်အနည်းငယ် ရှိသည်ကိုလေ့လာတွေ့ရှိရပါသည်။ သို့သော်ငြင်း၏အစေ့မှထွက် သောအဆီ(*Oil*)၏ အကျိုးအာနိသင်မှာ တူညီကြောင်းကို စမ်းသပ်တွေ့ရှိရပါသည်။ ကန်းဇော်ပင်သည် ငါးနှစ်သားအရွယ်တွင် လုံးပတ်အရွယ်အစားမှာ ၂ပေခွဲ မှ ၃ပေရှိမှသာ အသီးစတင်သီးလေ့ရှိကြောင်းကို လေ့လာတွေ့ရှိရပါသည်။ ထို့အတူ နှစ် ၁၀၀ခန့်ရှိ၍ ပေ ၁၀၀ ကျော်မြင့်သော ပင်စည်၏လုံးပတ် အရွယ်အစားမှာ ၆ပေမှ၇ပေခန့်ရှိ၍ အသီးများဝေဝေဆာဆာ သီးကြောင်းကိုလေ့လာတွေ့ရှိရပါသည်။

ထိုအပင်ကိုရေဖြူမြို့နယ်တွင် ကန်းဇော်အမည်ဟု တစ်မျိုးတည်းခေါ်သော်လည်း လောင်းလုံမြို့နယ်တွင် ကန်းဇော်၊ တောင်မင်းဂွတ်၊ သစ်ကြမ်းပိုး ဟု အမည်အမျိုးမျိုးဖြင့် ခေါ်ဆိုကြကြောင်းတွေ့ရှိရပါသည်။ ဤသို့ခေါ်ဆိုရသည့် အကြောင်းမှာ ထိုအဆီ၏အနံ့သည် ကြမ်းပိုးအနံ့ရှိသောကြောင့်ဖြစ်ပါသည်။ ငြင်းမြို့နယ်၌ပင်လျှင် အပင်တစ်ပင်၏တန်ဖိုးမှာ ကျပ်တစ်သိန်းခန့်ရှိပါသည်။ ကန်းဇော်ပင်၏အသားသည် နီညိုရောင်ရှိ၍ သစ်မာအမျိုးအစားဖြစ်ပါသည်။ အပင်တစ်ပင်လျှင်အိမ်တစ်လုံးခန့်ဆောက်လုပ်နိုင်ပါသည်။ ကန်းဇော်ပင်၏ ပင်စည်အပိုင်းအစများကို ယင်းရွာများတွင် ဘုရားဆင်းတုအဖြစ်

ထုလုပ်ကိုးကွယ်ကြောင်းလေ့လာ တွေ့ရှိရပါသည်။

ကန်းဇော်ပွင့်၏ အရွယ်အစားမှာ ၁၁သမ၅စင်တီမီတာခန့်ရှိ၍ အရောင်မှာနို့နှစ်ရောင် (***Cream Colour***) ရှိပြီးအသီး၏ ပုံသဏ္ဌာန်မှာ ရေသီးနှင့်တူ၍အသီးအတွင်းမှ အစေ့မှာ မြေပဲ ဆန်နှင့် ပုံသဏ္ဌာန်တူသည်ကိုလေ့လာတွေ့ရှိရပါသည်။ ယင်းအစေ့ကို အမှုန့်ကြိတ်၍ ကန်းဇော်ဆီကိုထုတ်လုပ်၍ ရောင်းချ ကြောင်းလေ့လာတွေ့ရှိရပါသည်။ ယင်းအသီး တစ်တင်းကိုထုခွဲလိုက်လျှင် အစေ့လေးပြည်သာရရှိပြီး၊ ယင်းအသီး၏အခွံမှာ မာကြောသောကြောင့် တူနှင့်ထုခွဲရပါ

သည်။ ထိုအပင်၏မြေပေါ်ပိုင်း (*Vegetative*)နှင့် မျိုးပွားသည့်အပိုင်း (*Reproductive*) များ၏ လက္ခဏာများအရ အပင်သည်မျိုးရင်း(*Family*) *Sapotaceae* တွင်ပါဝင်ပြီးမျိုးစု



(*Genus*) *Payena* နှင့် မျိုးစိတ် (*Species*) *Paralleloneura* တို့ဖြစ်ပါသည်။

ထားဝယ်မြို့နယ်နှင့်အနီးတစ်ဝိုက်တွင် ပေါက်ရောက်သော ကန်းဇော်ပင်အမျိုးအစားမှာ ကုန်းပေါ်တွင်သာပေါက်ရောက်သောကြောင့် 'ကုန်း' ကန်းဇော် အမျိုးအစားဖြစ်ပါသည်။ မြိတ်မြို့နယ်နှင့် အနီးပတ်ဝန်းကျင်မြို့နယ်တစ်ဝိုက်တွင် ပေါက်ရောက်သောကန်းဇော်ပင်များမှာ ရေစပ်စပ်တွင်သာပေါက်ရောက်သဖြင့် 'ရေ' ကန်းဇော်အမျိုးအစားဖြစ်ပါသည်။ 'ကုန်း' ကန်းဇော် နှင့်'ရေ'ကန်းဇော်တို့ အရွက်၊အပွင့်နှင့်အသီး၏ ပုံသဏ္ဌာန်များမှာ ရေမြေအနေအထား (*Adaptation*) အရ ခြားနားသော်လည်း ထွက်ရှိလာသော အဆီ၏အနံ့ နှင့် အကျိုးအာနိသင်မှာ အတူတူပင်ဖြစ်ပါသည်။

ကန်းဇော်ပင်၏အရွက်၊ ပင်စည်၊ အခေါက်နှင့်အစေ့များကို ***Solvents*** အမျိုးမျိုးဖြင့် ***Extracts***ပြုလုပ်၍ ရရှိလာသော ***Extracts*** များနှင့် ကန်းဇော်ဆီကို အပူပေးခြင်း (***Boils***)၊ နို့ကင်ဆာ(***Breast Cancer***)၊ သားအိမ်ကင်ဆာ(***Uterus Cancer***)၊ အစာအိမ်အနာ (***Antipeptic-Ulcer***)၊ လေဖြတ်ရောဂါ (***Paralysis***) အဆုတ်ပြွန်ရောင်ရမ်းခြင်း (***Bronchitis***)၊ အင်ပြင် (***Rash***)၊ ရင်ဘတ်အောင့်နာ (***Chest Pain***)၊ ဒဏ်ရာ (***Injury***)၊ အနာစိမ်း(***Sores***)၊ ဖျားနာရောဂါ (***Fever***)၊ ဝမ်းလျှောခြင်း(***Diarrhoea***)ဝမ်းကိုက်ခြင်း (***Dysentery***)၊ ပြည်တည်နာ (***Abscesses***)၊ နာတာရှည်အဆုတ်ရောဂါ (***Chronic Lung***) နှင့် ဆီးလမ်းကြောင်းရောဂါ (***Urinary Tract***) များဖြစ်စေသောဘက်တီးရီးယားများ(***Bacteria***) နှင့်စမ်းသပ်သောအခါ အစိတ်အပိုင်းအားလုံးတွင် အကျိုးအာနိသင်ရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ သို့သော်အစေ့နှင့် ကန်းဇော်ဆီတွင် အခြားသော အစိတ်အပိုင်းများထက်ပို၍ အကျိုးအာနိသင်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ကန်းဇော်ဆီနှင့်ကန်းဇော်စေ့မှ ထုတ်သော(***Watery Extracts***)များကို ကြွက်ဖြူ(***Mice***)များနှင့် အဆိပ်ရှိ–မရှိ(***Acute Toxicity***) စမ်းသပ်ရာတွင် အဆီအား (***40 ml/kg***)၊ ***Watery extract (14 gm/kg)*** ဆေး(***dose***)ဖြင့် တိုက်သော်လည်း ကြွက်ဖြူများသေဆုံးခြင်းမရှိသည်ကို လေ့လာတွေ့ရှိရပါသည်။ ထို့ကြောင့် ကန်းဇော်စေ့နှင့်ကန်းဇော်ဆီစစ်စစ်ကိုသာ ရရှိခဲ့လျှင် ကင်ဆာနှင့်အခြားရောဂါအမျိုးမျိုးအတွက် စိတ်ချလက်ချသောက်သုံးနိုင်ကြောင်းကို စမ်းသပ်တွေ့ရှိရပါသည်။

ကန်းဇော်ဆီ၏ဘေးထွက်ဆိုးကျိုး (***Side Effect***) များသိရှိရန်အတွက် ရည်ရွယ်၍ ထိုအပင်၏ပြင်ပရုပ်သွင် (***Morphology***)၊အတွင်းသဏ္ဌာန်(***Anatomy***)ဓာတုဗေဒပစ္စည်းများ (***Chemicals***) အသုံးပြု၍ ***Priliminary Phytochemical Properties, Solubility Test*** အမျိုးမျိုး၊ ကြွက်ဖြူများနှင့် အဆိပ်စမ်းသပ်ခြင်း (***Acute Toxicity***) အစာအိမ်အနာစမ်းသပ်ခြင်း (***Antipeptic Ulcer***) နှင့် အစာအိမ်အနာဖြစ်သောအခါ ၎င်းအစာအိမ်မှအက်စစ် (***Acid***) မည်မျှထွက်သည်ကို တွက်ချက်ခြင်း (***Acid Secretion***)၊ ၎င်း အစေ့ထဲတွင် မည်သည့်ဒြပ်ပေါင်း (***Pure Compounds***) များပါဝင်နေကြောင်းကို သိရှိရန်အတွက် လေ့လာကွင်းဆင်း၊ စမ်းသပ်သုတေသနပြုလုပ်ခဲ့ပါသည်။ အခွင့်အခါသင့်လျှင်လည်း မြန်မာပြည်သူပြည်သားများအားလုံးအတွက်ရည်ရွယ်၍ ကင်ဆာ(***Cancer***) နှင့် ရောဂါအမျိုးမျိုး (***Several Diseases***) ပျောက်ကင်းစေရန်အတွက် ထပ်မံစမ်းသပ်ချက်များပြုလုပ်ချင်ပါသည်။ လေ့လာတွေ့ရှိချက်များအရ ၎င်းကန်းဇော်ဆီအား မြန်မာတိုင်းရင်းဆေးအနေနှင့် လိမ်းဆေး၊သောက်ဆေးအဖြစ် သုံးစွဲနိုင်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်။

ထားဝယ်တက္ကသိုလ်နှင့်ကျွန်တော်

ကျော်ကျော်ဌေး

တနင်္သာရီတိုင်းဒေသကြီး၊ ဒေသကောလိပ်မှသည် ထားဝယ်တက္ကသိုလ်ဖြစ်တည်လာခဲ့ရသည်အထိ လှုပ်ရှားမှုပုံရိပ်များက ကျွန်တော်၏ စိတ်အစဉ်မှာ ထင်ဟပ်နေဆဲဖြစ်ပါသည်။ ကျွန်တော်၏ ပညာရေးဝန်ထမ်းဘဝ စာမျက်နှာများကို ၁၉၇၇ ခုနှစ်မှစ၍ ဖော်ပြပါမှ ပြည့်စုံရမည်ဖြစ်ပါသည်။

ယနေ့ ဆိုပါဆိုလျှင် ၃၃နှစ်ကျော်ကျော် ကြာခဲ့ပြီဖြစ်သော်လည်း အရောင်မှာ မှိန်ဝါး မသွားသေးပါ။ ပြန်လည် မြင်ယောင်နေဆဲဖြစ်ပါသည်။ ၁၉၇၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် တနင်္သာရီတိုင်း ဒေသကောလိပ် အဖြစ်စတင်ဖွင့်လှစ်ခဲ့ရာ ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၁၆၈ဦးနှင့် ဆရာ/ဆရာမ ၁၄ဦး ရှိခဲ့ပါသည်။ **ကျောင်းကြီးစဖွင့်သည့်နေ့သည် ကျွန်တော်၏ ပညာရေးဝန်ထမ်းစတင်သည့်နေ့ပင် ဖြစ်ပါသည်။** ကျောင်းကြီးစတင်ဖွင့်စဖြစ်ရာ ကျောင်းအုပ်ဆရာကြီး ဒေါက်တာသိန်းလွင်၏ လိုအပ်ချက်အမျိုးမျိုး ရေမီး လိုအပ်ချက်များမှအစ ညွှန်ကြားမှုမှန်သမျှကို လိုက်နာဆောင်ရွက်ပေးခဲ့ရပါသည်။ ဆရာပေါက်စဘဝနှင့်ရပ်ဝေးမှကျောင်းသူ/သား ဝဝကျော်ကို အောင်ဖေယျသဘော်တွင် ကြိုဆို၍ နေရာချထားပေးခဲ့ ရသည့် အဖြစ်များ၊ ရန်ကုန်မှတာဝန်နှင့် ရောက်လာကြသော ဆရာ/ဆရာမများကို အသိမိတ်ဆွေများရှိရာ နေအိမ်များသို့ ယာယီ တည်းခိုရေးအတွက် ပြေးပြေးလွှားလွှား စီစဉ်ဆောင်ရွက်ခဲ့ရသော လှုပ်ရှားမှုများကို ရုပ်ရှင်ပိတ်ကားပေါ်တွင် ထင်ဟပ်လာသလိုပင်ပြန်လည် မြင်ယောင်လာခဲ့သည်။ ထို့နှင့် ကျောင်းကြီးမှာလည်း ၁၉၈၀ ပြည့်နှစ်၊ ဧပြီလတွင် ထားဝယ်ကောလိပ် ဖြစ်လာပါသည်။ ကျောင်းသူ/ကျောင်းသား ၅၁၄ဦးရှိလာကာ တိုးတက်လာသော ကျောင်းသူ/ကျောင်းသားများ အဆင်ပြေ ချောမွေ့စေရေးအတွက် စာသင်ဆောင်သစ်တိုးချဲ့ဆောက်လုပ်ရန် သစ်ရှေး၊ ပန်းရန်ခေါ် အုတ်မှာရသည့်အောက်ခြေသိမ်း အလုပ်များမှသည် မြေသားများ ညီညာစေရန် မြေညှိရသည့် အင်ဂျင်နီယာလုပ်ငန်းများပါမကျန် ပူးပေါင်းကူညီစီမံ ဆောင်ရွက်ခဲ့ရပါသည်။ ၁၉၉၉ ဧပြီလ၆ရက်တွင် ထားဝယ်ဒီဂရီကောလိပ် ဖြစ်လာခဲ့ရာမှ ၂၀၀၀ ပြည့်နှစ်ဖေဖော်ဝါရီလ ၂၂ရက်နေ့တွင် ထားဝယ်တက္ကသိုလ် အဖြစ် တိုးမြှင့် ဖွင့်လှစ်ပါသည်။ ကျွန်တော်အပါအဝင် သင်ကြားရေး ဆရာ/ဆရာမ၁၄ဦး၊ စီမံဝန်ထမ်း၁၁ဦး နှင့် ပူးပေါင်းကာ စတင်ဖြစ်တည်ခဲ့သော ထားဝယ်တက္ကသိုလ်ကြီးသည် ၂၀၁၁ ခုနှစ်တွင် သင်ကြားရေးဆရာမ ၂၀၅ဦး၊ စီမံဝန်ထမ်း၁၄၀ဦး၊ ပေါင်း၃၄၅ဦးနှင့် ဆက်လက်ရှိတက်နေပြီဖြစ်သည်ကို ဤဖြစ်စဉ်တစ်လျှောက် ကိုယ်တိုင်ကြုံတွေ့ပါဝင်လှုပ်ရှားခဲ့ရသဖြင့် ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ထားဝယ်တက္ကသိုလ်၏ ပညာရေးသမိုင်းကြောင်းတွင်တာဝန်ယူခဲ့ရသော ဆရာကြီးများမှာ–

ဆရာကြီးဒေါက်တာသိန်းလှှိုင်	(၂၀–၄–၁၉၇၇) မှ (၂–၃–၁၉၈၆) ထိ
ဆရာကြီး ဦးချစ်ဖေ	(၃–၃–၁၉၈၆) မှ (၁၂–၁၀–၁၉၉၀)ထိ
ဆရာကြီး ဦးစိုးလှှိုင်	(၂၄–၄–၁၉၉၁) မှ (၄–၄–၁၉၉၃) ထိ
ဆရာကြီး ဦးသင်းလှိုင်	(၅–၄–၁၉၉၃)မှ (၂၃–၈–၁၉၉၆) ထိ

တာဝန်ယူခဲ့ပါသည်။

ထားဝယ်တက္ကသိုလ်၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုတာဝန်ကို တက်တက်ကြွကြွ ဆောင်ရွက်ခဲ့စဉ်အထက်ပါဆရာကြီးများ၏ အမိန့်နာခံကာ လုပ်ငန်းများတွင်အတူတွဲဖက်၍ ကျောင်းတော်ကြီး၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာ စေရေးတို့အတွက် အားကြိုးမာန်တက်ဆောင်ရွက်ပေးခွင့် ကြုံခဲ့ရပါသည်။ ကျွန်တော့်အား ၂၃–၈–၁၉၉၆ တွင် ကျောင်းအုပ်ကြီးအဖြစ် ခန့်အပ်ခဲ့သည်ကို ကျေပွန်စွာ ဆောင်ရွက်နေဆဲမှာပင် ၁–၃–၂၀၀၀နေ့မှစ၍ ဒုတိယ ပါမောက္ခချုပ်အဖြစ်တိုးမြှင့်ခန့်အပ်ခြင်းခံခဲ့သည်မှာ ယနေ့တိုင်ပင်ဖြစ်ပါတော့သည်။ **ကျွန်တော့်ဘဝ၏ နှစ်ကာလ အတော်များများကို ထားဝယ်တက္ကသိုလ်သို့ပေးအပ် ထားရသော်လည်း ကျေနပ်ပျော်ရွှင်မှုကား အတိုင်းမသိ ရရှိခဲ့သည့် ပီတိကာလများပင်ဖြစ်ပါသည်။**

မူလကျောင်းကြီး စတင်ဖွင့်လှစ်စဉ်က အသုံးပြုခဲ့သော နေရာမှာ ၂၈ဒသမ၉၈ဧကသာရှိရာ ရေရှည်အဆင်ပြေစေရန်အတွက် ၁၉၉၆ခုနှစ်တွင်၃၇၀ဒသမ၄၈ဧကကျယ်သော နယ်မြေအသစ်ကိုပြောင်းရွှေ့ရန် နိုင်ငံတော်မှ စီမံပေးခဲ့ပါသည်။ နယ်မြေသစ်တွင် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်မှပံ့ပိုးတည်ဆောက်ပေးခဲ့ရာ

(၁) **အခန်း၁၀ခန်းပါသော နှစ်ထပ် စာသင်ဆောင် ခြောက်ဆောင် (၁၈၀×၄၈)ပေ**
(၂) **ကျောင်းသား ၃၀၀ဆန့်စာသင်ခန်းမ နှစ်ဆောင် (၈၄×၄၈)ပေ**
(၃) **သိပ္ပံလက်တွေ့ဆောင် တစ်ဆောင်**
(၄) **ကျောင်းသူနားနေဆောင် တစ်ဆောင်**
(၅) **ကျောင်းသားနားနေဆောင် တစ်ဆောင်**
(၆) **အားကစားရုံ၊ အားကစားကွင်း**
(၇) **အုပ်ချုပ်ရေးရုံးတစ်ဆောင် (၁၈၀×၄၈) ပေ**
(၈) **စာကြည့်တိုက်တစ်ဆောင် (၁၈၀×၄၈)ပေ**
(၉) **ပါမောက္ခချုပ်နေအိမ်**
(၁၀) **ပါမောက္ခများနေအိမ်နှစ်လုံး**
(၁၁) **ဝန်ထမ်းနေအိမ်များ ငါးလုံး (၄၀×၃၂)ပေ**
(၁၂) **၂၀ဦးဆံ့ ဆရာ/ဆရာမဆောင် ငါးလုံး (၁၁၄×၃၀) ပေ**

လမ်းများ၊တံတားများတို့အပြင် အခန်းပေါင်း၇၈ခန်းပါသောလေးထပ်ပင်မဆောင်ကြီးကိုခံ့ညားထယ်ဝါစွာ တည်ဆောက်ပေးခဲ့ရာ ၂၀၁၀ ခုနှစ်၊ မတ်လ ၃၀ရက်နေ့တွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့ပြီး ဖြစ်ပါသည်။

ကျောင်းစဖွင့်သည့်၁၉၇၇ခုနှစ်တွင်နေ့ကျောင်းသား ၁၆၈ဦးရှိခဲ့ရာမှယခုအခါ၂၀၀၉–၂၀၁၀တွင်နေ့ကျောင်းသား၂၂၇၇ဦးနှင့် အဝေးသင်ကျောင်းသား ၆၇၁ဦး ပေါင်း (၂၉၄၈)ဦးရှိလာပြီဖြစ်ပါသည်။ ကျွန်တော်တို့ကျောင်းအဝင်ဝတွင်"**ပညာနာရန်ရတနံ**"ဟူသော ဒေသနာစာပိုဒ်ကို ထားဝယ်တက္ကသိုလ်၏ဆောင်ပုဒ်အဖြစ်ခံယူထားရာ "လူတို့၏ရတနာသည်ပညာ" ဟု အနက်အဓိပ္ပာယ်ရပါသည်။ ပညာရွှေအိုး လူမခိုး နိုင်သည့်ကိုယ်ပိုင်ရတနာအစစ်လည်းဖြစ်သော လူတို့အား အဖိုးထိုက်အဖိုးတန်ပညာများပေးစွမ်းနိုင်သောအရပ်ဟု သတ်မှတ်လိုသောကြောင့်ဖြစ်ပါသည်။ ကျောင်းအဝင်ဝစာတန်း၏နောက်ခံအဖြူရောင်မှာ စာအုပ်စာတမ်းကို ကိုယ်စားပြုဖော်ပြပြီး အပြာရောင်သည် တနင်္သာရီတိုင်းဒေသကြီး၏ရေပြင်ကို ကိုယ်စားပြုကာ အတွင်းပိုင်းမှ အဝါရောင်မှာ ဗုဒ္ဓသာသနာတော်ကို ဖော်ညွှန်း၍ အဝိုင်း၏အလယ်မှ ရေသင်းပုံသည် အောင်စေရတုဌေးရုကို ရည်ဖော်ညွှန်းထားကာ ပတ်ပတ်လည်မှ သပြေပန်းမှာအောင်မြင်ခြင်း၏နိမိတ်ကို ဖော်ဆောင်လျက်ရှိပါသည်။ ထိုအတိတ်နမိတ်တို့၏ ပုံရိပ်များကြောင့် ထားဝယ်တက္ကသိုလ်သည် အခြားခြားသောတက္ကသိုလ်များနည်းတူအမြင့်မားဆုံးဝိဇ္ဇာ/ သိပ္ပံဘာသာ

ယခင် ထားဝယ်ဒေသကောလိပ်

ရုပ်ကြီးများ သင်ကြားပို့ချပေးရာ ကျောင်းတော်ကြီးဖြစ်လာခဲ့ပေပြီ။ တနယ်တကျေးမှ လာရောက်တာဝန် ထမ်းဆောင်နေသော ဆရာ/ဆရာမများအတွက် ဝိတောက်၊ သဇင်၊ ကံ့ကော်၊ ခရေ၊ သာဂရနှင့် ဆရာများ အတွက် ဒူရကာအမျိုးသားဆောင်ကို ဆောက်လုပ် ထားနိုင်ခဲ့ရာ အစစအရာရာ အဆင်ပြေချောမွေ့စေရန် လိုလေသေး မရှိစေရအောင် စည်းစည်းရုံးရုံး စုပေါင်းကာ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်စီမံပေးခဲ့ပါသည်။ ထားဝယ်တက္ကသိုလ်တွင် ဆရာ/ဆရာမ များသည်မိမိတို့၏ ကျောင်းသူ/ကျောင်းသားများကို ပညာသင်ကြားပေးရုံသာမက ကိုယ်တိုင်လည်း ပညာရည်မြင့်မားရေးအတွက် စာတွေ့လက်တွေ့များ ကွင်းဆင်း ဆောင်ရွက်ကြခြင်းဖြင့် ပညာရည်မြင့်မားစေရန် ဆောင်ရွက်ကြသည်များကို လိုအပ်သလို အထောက်အကူ ပြုခဲ့ပါသည်။

ဒေသကောလိပ်အဖြစ်စတင်ဖွင့်လှစ်ချိန်တွင်ဘာသာရပ်လေးမျိုးသာရှိခဲ့ပါသည်။ ထားဝယ်ကောလိပ်အဖြစ်ပြောင်းလဲချိန်၌ ဝိဇ္ဇာနှင့်သိပ္ပံ ဘာသာရပ်ကိုးမျိုး ဖြစ်လာခဲ့သလို ထားဝယ်တက္ကသိုလ်အဖြစ် တိုးချဲ့ဖွင့်လှစ်ချိန်၌ ဘာသာရပ်၁၄မျိုးအထိ သင်ကြားပို့ချနိုင်ခဲ့ပြီဖြစ်၏။ တနင်္သာရီတိုင်းဒေသကောလိပ်မှသည် ထားဝယ်တက္ကသိုလ်ဖြစ်တည်မှုအထိ ငွေရတုအချိန်ကာလများကို ရောက်ရှိလာစဉ်ပထမအကြိမ်ဘွဲ့နှင်းသဘင်ကိုထားဝယ်တက္ကသိုလ်ခန်းမ၌ ၁၀–၁၁–၂၀၀၁ နေ့နှင့် ၁၁–၁၁–၂၀၀၁ နေ့တွင် ဝိဇ္ဇာဘွဲ့ရသူ၆၇ဦး၊သိပ္ပံဘွဲ့ရသူ၂၉၅ဦးနှင့် အဝေးရောက်ဘွဲ့ယူသူ၇ဦး ပေါင်း၃၆၉ဦးကိုဘွဲ့ပေးနိုင်ခဲ့ပါသည်။ မိမိတို့၏ ရင်သွေးများ မိမိတို့ရပ်ရွာတွင် ဘွဲ့ယူနိုင်သည်အထိ ဖြစ်ထွန်းလာခြင်းကို မိဘများနှင့်အတူပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပြန်ပါသည်။ အထင်ကရ ထားဝယ်တက္ကသိုလ်ကြီး ဖြစ်လာသည်နှင့်အမျှ ကျွန်တော့်ဘက်မှပေးဆပ်ခဲ့ရသည့် အချိန်နှင့်တာဝန်များလည်း အဆပေါင်းများစွာ တိုးတက်လာခဲ့ပြီဖြစ်ရာ ပင်ပန်းလေခြင်းဟုလည်း တစ်ခါမှပင် မထင်မှတ်ခဲ့ဘူးပါ။ တက္ကသိုလ်ဆိုသည်မှာ စာပေပညာသင်ကြားပေးသည့်နေရာ ဖြစ်ရုံသာမက ပညာရှင်များအား သုတေသနပြုလုပ်ခွင့်ပြုခြင်းနှင့် ပညာရှာမှီးနေရာလည်း ဖြစ်ပေရာ ၂၀၀၀ ပြည့်နှစ်တွင် ထားဝယ်တက္ကသိုလ်မှ ဆရာ/ဆရာမများ ၏သုတေသန စာတမ်း ၁၇စောင် စာတမ်းဖတ်ပွဲတွင် ဖတ်ကြားနိုင်ရန် သုတေသနစာတမ်းဖတ်ပွဲများကို စတင်ဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၀၀ ပြည့်နှစ် နိုဝင်ဘာလ ၂၂ ရက်မှ၂၄ရက်နေ့အထိ တက္ကသိုလ်ခန်းမဆောင်တွင် ဘာသာရပ်အသီးသီးမှ စာအုပ်စာတမ်းပေါင်းများစွာကို ခင်းကျင်းပြသနိုင်ခဲ့ပါသည်။ ၂၀၀၁ ခုနှစ် ဒီဇင်ဘာလတွင်သုတေသနစာတမ်း ၂၂စောင်ကို ဒုတိယအကြိမ်အဖြစ် စာတမ်းဖတ်ပွဲတွင်ဖတ်ကြားနိုင်ရန် စီစဉ်ပေးခဲ့ပါသည်။ ယခုအခါ ထားဝယ်တက္ကသိုလ်တွင် စာတမ်းဖတ်ကြား

သည့် အကြိမ်ပေါင်း၁၁ကြိမ်တွင် ဖတ်ကြားပြီးသည့် သုတေသနစာတမ်းပေါင်း၁၅၇စောင်ရှိပြီး၊ သုတေသနလုပ်ငန်း ၆၃ခုကို ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။ ထားဝယ်တက္ကသိုလ်တွင် ဘာသာရပ်ဆိုင်ရာ၁၄သင်းနှင့် ဗုဒ္ဓဘာသာအသင်း၊ အားကစား နှင့်ကာယကော်မတီ၊ စာပေနှင့်ယဉ်ကျေးမှုကော်မတီ၊ စိမ်းလန်းစိုပြည်ရေးကော်မတီ၊ မီးဘေးလုံခြုံရေးကော်မတီ၊ ပြင်ဆင်ထိန်းသိမ်းရေးကော်မတီ၊ အိမ်ခန်းနေရာချထားရေးကော်မတီ၊ ဆိုင်ခန်းနေရာချထားရေးကော်မတီတို့ကိုဖွဲ့စည်းပြီးကျောင်းကြီး၏ ကိစ္စအဝဝကို ဝန်ထမ်းအားလုံးနှင့်အတူ စည်းစည်းလုံးလုံး ကြိုးကြိုးစားစား ဆောင်ရွက်လျက်ရှိသည်။ ထားဝယ်တက္ကသိုလ်နယ်မြေပေါင်းမှာ ၂၈၁ဒသမ၉၈ဧကသာရှိပြီးနယ်မြေသစ် ၃၇၀ ဒသမ၄၈ဧကကျယ်ဝန်းခဲ့ရာ ဤရပ်ဝန်းဒေသအတွင်းမှာ နှစ်ပေါင်းများစွာမှသည် ယနေ့ထက်တိုင်လုပ်ဖော် ကိုင်ဖက်များနှင့် တက်ညီလက်ညီ ဆောင်ရွက်ခဲ့ရခြင်းများကို ကျွန်တော်၏ တစ်သက်တာတွင် မည်သို့မှပင်မေ့၍ ရနိုင်တော့မည်မဟုတ်ပါ။ ထားဝယ်တက္ကသိုလ်ကြီးဖြစ်တည် တိုးတက်လာမှုအတွက် အားလုံး၏ဝိုင်းဝန်းတက်ညီလက်ညီပူးပေါင်းဆောင်ရွက်မှုများကြောင့်သာ ဤမျှ ဤမျှတိုးတက်လာရခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ **ထားဝယ်တက္ကသိုလ်မှထွန်းပေါက်ခဲ့ကြသော အသိပညာရှင်၊ အတတ်ပညာရှင်များ၊ ထူးချွန်သည့် အားကစားမောင်မယ်များ၊ အနုပညာရှင်များ၊ နိုင်ငံ့အကျိုးကိုသယ်ပိုးထမ်းရွက်လျက်ရှိနေကြသူများမှာ ရေတွက်၍မနိုင်တော့ပါ။** ပညာရေးကဏ္ဍနှစ် ၃၀ စီမံကိန်းအောင်မြင်စေရန်ပညာရေးနှင့် အမျိုးသားရေးတာဝန်များကို ထမ်းဆောင်ခွင့်ရသော ကျွန်တော်နှင့်အတူ ထားဝယ်တက္ကသိုလ် မိသားစုဝင်များအားလုံးဝမ်းမြောက်ဂုဏ်ယူ၍မဆုံးနိုင်တော့ပါ။ **နိုင်ငံ့ဝန်ထမ်းဘဝ၏ သဘော သဘာဝအရ တစ်နေ့နေ့၊ တစ်ချိန်ချိန် ထားဝယ်တက္ကသိုလ်ကျောင်းတော်ကြီးကို ခွဲခွာရမည်ဖြစ်သော်**လည်း ထားဝယ်တက္ကသိုလ်၏ ဒေသဖွံ့ဖြိုးရေးမှသည် နိုင်ငံတော်အတွက် စွမ်းရည်ပြည့်ဝသော လူ့စွမ်းအားအရင်းအမြစ်များကို အရှိန်အဟုန်မပျက် စဉ်ဆက်မပြတ်မွေးထုတ်ပေးနေမည်ကို မျှော်တွေး ယုံကြည်လျက် မှတ်တမ်းပြုတင်ပြအပ်ပါသည်။ ။

ကျော်ကျော်ဌေး

ထားဝယ်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများ

ခိုင်မြင့်ထွန်း



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်တွင် ထားဝယ်လေးမြို့နယ်ဟု ဆိုအပ်သော ထားဝယ်၊ ရေဖြူ၊ လောင်းလုံနှင့် သရက်ချောင်းမြို့နယ်အပြင် တိုးချဲ့ဖွဲ့စည်းထားသည့် ကလိန်အောင်နှင့် မေတ္တာမြို့နယ်ခွဲနှစ်ခုလည်း ပါဝင်ခဲ့သည်။ ကလိန်အောင် မြို့နယ်ခွဲသည် ရေဖြူမြို့နယ်၌ တည်ရှိပြီး၊ မေတ္တာမြို့နယ်ခွဲသည် ထားဝယ်မြို့နယ် တောင်သုံးလုံး အရှေ့ပိုင်းတွင် တည်ရှိသည်။

ထားဝယ်ခရိုင်သည်ရေလုပ်ငန်း၊ သတ္တုတွင်းလုပ်ငန်း၊ ရော်ဘာလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် ကုန်စည်ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းတို့ကို တွင်ကျယ်စွာလုပ်ကိုင်နေသော ဒေသပင်ဖြစ်သည်။

ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများရှိသည့် အနက် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်း၊ အညာမြားရေအား လျှပ်စစ်စီမံကိန်း၊ ထားဝယ်အပြည်ပြည်ဆိုင်ရာလေဆိပ်စီမံကိန်းနှင့် ထားဝယ်-မြိတ် မီးရထားလမ်းစီမံကိန်းကို ရေးသားဖော်ပြအပ်ပါသည်။

ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်း

အဆိုပါစီမံကိန်း၏အမည်အပြည့်အစုံမှာ "ထားဝယ်ရေနက်ဆိပ်ကမ်း၊ စက်မှုဇုန်နယ်မြေနှင့် ထိုင်းနိုင်ငံသို့ မော်တော်ကားလမ်းနှင့်ရထားလမ်းများဆက်သွယ်တည်ဆောက်ရေးဆိုင်ရာ စီမံကိန်း"များဖြစ်သည်။

ယင်းစီမံကိန်းများအတွက်မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံ တာဝန်ရှိသူများအကြား မူဘောင်သဘောတူစာချုပ်လက်မှတ်ရေးထိုးမှုများကို ၂၀၀၀ ခုနှစ်၊ နိုဝင်ဘာလ ၂ရက်နေ့တွင် ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အဆိုပါ လက်မှတ်ရေးထိုးပွဲသို့ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့်ထိုင်းနိုင်ငံ *Italian Thai Development Co., Ltd.* မှ တာဝန်ရှိသူများလာရောက်ကြပြီး၊ နှစ်နိုင်ငံတာဝန်ရှိသူများအကြား လုပ်ငန်းပိုင်းဆိုင်ရာဖြစ်နိုင်ခြေလေ့လာမှုတို့ကို ပြုလုပ်ခဲ့ပြီးနောက် သဘောတူလက်မှတ်ရေးထိုးမှုများ ပြုလုပ်ခဲ့သည်။

မူဘောင်သဘောတူညီမှုသက်တမ်းမှာ နှစ်၆၀ B.O.T (တည်ဆောက်၊ မောင်းနှင်၊ လွှဲပြောင်း) စနစ်ဖြစ်ပြီး သဘောတူညီမှုများပေါ် မူတည်၍သက်တမ်းတိုးသွားနိုင်ခြေရှိသည်။

စီမံကိန်းများကို လုပ်ပိုင်ခွင့်ရရှိခဲ့သော *Italian-Thai Development Public Co., Ltd.* သည် စီမံကိန်းများ အကောင်အထည်ဖော်ရေးအတွက် သင့်တော်သော စီးပွားဖက်များကိုဖိတ်ခေါ်သွားမည်ဖြစ်ကြောင်းနှင့် စီမံကိန်းများကို ဆောင်ရွက်ရာ၌ စီမံကိန်း တစ်ခုချင်းစီ၏အသေးစိတ် အချက်အလက်များကိုအခြေခံပြီး အဆင့်ဆင့်ဆောင်ရွက်သွားမည် ဖြစ်သည်။

စီမံကိန်းများတွင်ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်း၊ သင်္ဘောတည်ဆောက်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများအတွက် အဆောက်အအုံများ တည်ဆောက်ခြင်း၊ စက်မှုဇုန်နယ်မြေတည်ဆောက်ခြင်း၊ ရေနံဓာတုဆိုင်ရာ စက်မှုလုပ်ငန်းများထူထောင်ခြင်း၊ ရေနံချက်စက်ရုံတည်ဆောက်ခြင်း၊ သံမဏိစက်ရုံတည်ဆောက်ခြင်း၊ လျှပ်စစ်စက်ရုံများ တည်ဆောက်ခြင်း၊ ထားဝယ်-ဘန်ကောက်ကားလမ်းနှင့် ရထားလမ်းဖောက်လုပ်ခြင်းနှင့် ကားလမ်း ရထားလမ်းတစ်လျှောက်ရေနံပိုက်လိုင်း သွယ်တန်းခြင်း စသည့် လုပ်ငန်းများ ပါဝင်မည် ဖြစ်သည်။

စီမံကိန်းများကို အဆင့်သုံးဆင့်ခွဲထားပြီး ၁၀နှစ်အတွင်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်း၌ တောင်ပိုင်းနှင့် မြောက်ပိုင်းဆိပ်ကမ်းဟူ၍ ဆိပ်ကမ်းနှစ်ခုရှိပြီး ဆိပ်ခံတံတား ၂၂ခုတွင် တန်ချိန် ၂၀,၀၀၀ မှ ၅၀,၀၀၀ အထိရှိ သင်္ဘောစင်းရေ ၂၅စီး တစ်ပြိုင်တည်း ဆိုက်ကပ်နိုင်ကာ တစ်နှစ်လျှင် ကုန်စည် မက်ထရစ်တန်သန်း၁၀၀ခန့် ကိုင်တွယ်ဆောင်ရွက်နိုင်မည် ဖြစ်သည်။

အဆိုပါစီမံကိန်းများအတွက်အခြေခံအဆောက်အအုံ များတည်ဆောက်ရန် အမေရိကန်ဒေါ်လာဘီလျံကုန်ကျနိုင်မည်ဟု ခန့်မှန်းထားသည်။ စီမံကိန်းနယ်မြေသည် ထားဝယ်မြို့၏ အနောက်မြောက်ဘက် ၁၅မိုင်ခန့်အကွာ နဘုလယ်တွင်တည်ရှိပြီး ရွေးမြို့နယ်၌ပါဝင်မည်ဖြစ်သည်။

ထားဝယ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည်ပထဝီဝင်ဆိုင်ရာမဟာဗျူဟာမြောက် ကျိုးကြောင်းသင့်မှုရှိသည့် စီမံကိန်းများပင်ဖြစ်သည်။ ထားဝယ်ရေနက်ဆိပ်ကမ်းတည်ဆောက်ခြင်းသည် ဥရောပနှင့်အင်ဒိယိုချိုင်းနားကျွန်းဆွယ်ကြား မြတ်လမ်းတစ်ခု ဖန်တီးမှုပြုနိုင်မည်ဖြစ်သကဲ့သို့ ထိုင်းနိုင်ငံရှိ ကုမ္ပဏီများနှင့် ဗီယက်နမ်၊ ကမ္ဘောဒီးယားနိုင်ငံတို့အတွက် ပေါင်းစာနှင့်ဝင်လျှင်း၍ အချိန်တိုတိုအတွင်း အဆင်ပြေသွားမည်ဖြစ်သည်။

ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ထိုင်းနိုင်ငံသို့ဆက်သွယ်သည့်လမ်း ပြီးစီးသွားပါက ၁၇၀ကီလိုမီတာကွာဝေး သည့် ထားဝယ်မှ ထိုင်းနိုင်ငံ ကန်ချာနာဘူရီသို့ ကားလမ်းဖြင့် (၃)နာရီအကြာသာသွားရောက်နိုင်လိမ့်မည်ဖြစ်သည်။ ဇော်ပြပါလမ်းမှ တစ်ဆင့်နိုင်ငံခြား ဧည့်သည်များ ဝင်ထွက်သွားလာမှုများပြားလာမည်ဖြစ်ရာ ယင်းတို့ကြိုက်နှစ်သက်သော နေရာများသည် ပိုမို တိုးတက်လာဖွယ်ရှိသည်။ ထို့ကြောင့် အဆိုပါနေရာများတွင် စီးပွားရေးသမားများ၏ ရင်းနှီးမြှုပ်နှံမှုများများစွာ တိုးပွားလာဖွယ်ရှိပြီး ဒေသခံတိုင်းရင်းသားပြည်သူများ အလုပ်

အကိုင်အခွင့်အလမ်းများ ပိုမိုရရှိ လာနိုင်မည်ဖြစ်သည်။

အညာဖျား ရေအားလျှပ်စစ်စီမံကိန်း

အဆိုပါ စီမံကိန်းကို ၁၉၇၅ ခုနှစ် ဒီဇင်ဘာလ မှ ၁၉၇၆ ခုနှစ် ဇန်နဝါရီလအထိ လျှပ်စစ်ဓာတ်အား ကော်ပိုရေးရှင်းမှ ကွင်းဆင်းဆောင်ရွက်ခဲ့ပြီး၊ ပဏာမစူးစမ်းတိုင်းတာရေး အစီရင်ခံ စာကို ပြုစုခဲ့သည်။ ၁၉၈၂ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ လျှပ်စစ် ဓာတ်အားကော်ပိုရေးရှင်းနှင့် အနောက်ဂျာမနီနိုင်ငံမှ ***HYDRO PLAN-DECON-GOPA*** ကုမ္ပဏီတို့က အညာဖျားချောင်း၌ စူးစမ်းလေ့လာစမ်းသပ်ပြီးဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကို ရေးသားပြုစုခဲ့သည်။

၂၀၀၄ခုနှစ်တွင် လယ်ယာနိုက်ပိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှအညာဖျားတာမံ တည်ဆောက်ရေးအတွက် ဇလဗေဒတိုင်းတာခြင်းလုပ်ငန်းနှင့်ဘူမိဗေဒဆိုင်ရာစူးစမ်းလေ့လာမှုလုပ်ငန်းနှင့် မြေပြင်တိုင်းတာခြင်းလုပ်ငန်းတို့ကို ဆက်လက်ဆောင်ရွက်ခဲ့သည်။

ရေအားလျှပ်စစ်စီမံကိန်းဦးစီးဌာနနှင့် *DELCO Limited* တို့လက်မှတ်ရေးထိုးခဲ့သော နားလည်မှုစာချွန်လွှာအရ *DELCO Limited* သည် အညာဖျားရေအားလျှပ်စစ်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် "သဘာဝစွမ်းအားလှိုင်းကုမ္ပဏီ" *(Natural Energy Wave Co., Ltd.)* အမည်ဖြင့် ကုမ္ပဏီဖွဲ့စည်းရန်တင်ပြခဲ့သည်။

လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရေးကော်မတီကို ၂၀၁၀ ပြည့်နှစ်၊ ဇန်နဝါရီလ မှစ၍ ဖွဲ့စည်းထားခဲ့သည်။ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁၇ရက်နေ့တွင် *DELCO Limited* နှင့် သဘာဝ စွမ်းအားလှိုင်းကုမ္ပဏီလီမိတက်တို့သည် သဘောတူလက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

ယင်းစီမံကိန်းသည်*B.O.T (Build Operate Transfer)* စနစ်ဖြင့် သုံးနှစ်စီမံကိန်းဖြစ်သည်။

စီမံကိန်းတည်နေရာမှာ ထားဝယ်မြို့၏ အရှေ့ဘက် ၁၂မိုင်ခန့်အကွာ အညာဖျားရွာအနီး အညာဖျားချောင်းပေါ်တွင်တည်ရှိသည်။ တာမံအမျိုးအစားမှာ ဇုန်အမျိုးအစားကျောက်ဖြည့်တာမံ *(Zoned Type with Central Earth Core)* ဖြစ်သည်။ အလျား၇၂၀ပေ၊အနံ ၁၆၇ပေရှိသည်။ တန်ရေပြည့်ရေလှောင်ပမာဏမှာ (၂၂၇၈၀ ဧက-ပေ) ဖြစ်ပြီး ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် *(OGEE Type)* ဖြစ်သည်။ ဥမင်ဂ္ဂါဝပ် စက်အင်အားကိုတပ်ဆင်မည်။ ဓာတ်အားဝုဂေါလိုဝ် နာရီသန်းပေါင်းကို နှစ်စဉ်ပျမ်းမျှထုတ်လုပ်ပေးနိုင်မည်ဖြစ်သည်။ ရေလွှဲဥမင်အချင်းမှာ ၁၉၁၁သမဓိစပေရှိမည်ဖြစ်ပြီး၊ အရှည်မှာ ၆၄၆ပေရှိသည်။ ၃၃ကေဗွီ ဓာတ်အားလိုင်းအရှည် မှာ ၂၅မိုင်ရှိမည်ဖြစ်သည်။ ၁၁ကေဗွီ ဓာတ်အားလိုင်းအရှည် မှာ ၃၂မိုင်ရှိမည်ဖြစ်ပေသည်။

ထားဝယ်အပြည်ပြည်ဆိုင်ရာလေဆိပ်

ထားဝယ်လေဆိပ်သည် တိုင်းဒေသကြီးအဆင့်ရှိလေဆိပ်ပင်ဖြစ်သည်။ မြောက်ဘက်နယ်နိမိတ်ဆင်ဆိပ်မှ တောင်ဘက်နယ်နိမိတ် ထားဝယ်-မြေ့ဗ္ဗာ ကားလမ်း ကျောက်မော်ကြီး-သစ်ယားလေးပင်အထိ တိုးချဲ့မည်ဖြစ်သည်၊ အလျားပေ ၁၂၀၀၀၊ အနံပေ ၂၀၀ကျယ်ဝန်း ရှည်လျားမည်ဖြစ်သည်။ လေဆိပ်တာဝါအဆောက်အအုံ တို့ကိုအပြည်ပြည်ဆိုင်ရာအဆင့်မီ တည်ဆောက်သွားမည်ဖြစ်သည်။

ရေနက်စီမံကိန်းများပြီးစီးသွားပါက ဝင်ထွက်သွားလာကြမည့် နိုင်ငံခြားဧည့်သည်များအတွက် မရှိမဖြစ် အပြည်ပြည်ဆိုင်ရာလေဆိပ်ကြီး ဖြစ်လာပေလိမ့်မည်။

ထားဝယ်-မြိတ် ရထားလမ်းစီမံကိန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့မီးရထား က ဖောက်လုပ်လျက်ရှိသည့် ထားဝယ်-မြိတ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ထားဝယ်-သရက်ချောင်း ရထားလမ်းပိုင်း ဖွင့်ပွဲကို ၂၀၁၁ ခုနှစ် ဇွန် ၅ရက်တွင် တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်မြို့၊ ထားဝယ်ဘူတာ၌ ကျင်းပခဲ့သည်။

အဆိုပါရထားလမ်းပိုင်းသည် ရထားလမ်း အရှည် ၁၃၂၈သမ၅မိုင် ရှိသည့် ထားဝယ်-မြိတ် ရထားလမ်းသစ် ဖောက်လုပ်ရေးစီမံကိန်း၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး လမ်းပိုင်းတွင် ပေ၁၈၀အထက်တံတားနှစ်စင်းနှင့် ပေ၁၈၀အောက်တံတား၆၃စင်း ပါရှိသည်။ ဘလောက်ဘူတာများအဖြစ် ဆိပ်ကမ်းဘူတာ၊ ညောင်ဇင်ဘူတာ နှင့် သရက်ချောင်းဘူတာ တို့ဖြစ်ကာ ရပ်စခန်း ဘူတာများဖြစ်ကြသည့် ရှင်မုတ္တီးဘူတာနှင့် သရက်နှစ်ခွဘူတာ တို့ပါရှိသည်။ ထားဝယ်-မြိတ် ရထားလမ်းပိုင်းတွင် ပထမဦးဆုံး ဖောက်လုပ်ဖွင့်လှစ်ပေးသည့်လမ်းပိုင်း ဖြစ်သည်။ သရက်ချောင်းမှမြိတ်ရထားလမ်းကို ဆက်လက် ဖောက်လုပ်သွားမည်ဖြစ်သည်။ အကယ်၍ ထားဝယ်-မြိတ် ရထားလမ်း စီမံကိန်းအကောင်အထည်ဖော် ပြီးစီးပါက တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ တိုင်းရင်းသားပြည်သူများ အတွက်လမ်းပန်းဆက်သွယ်ရေးပိုမို လွယ်ကူချောမွေ့သွားစေ လိမ့်မည်ဟု ယုံကြည်မိပေသည်။ ။

စိုးမြင့်ငြိမ်း

Ref: ကြေးမုံ/မြန်မာ့အလင်း (၃-၁၀-၂၀၁၀)
Bi Weekly Eleven (၁၃-၁၂-၂၀၁၀)
Popular News (၁၆-၁၂-၂၀၁၀)
ကြေးမုံ/မြန်မာ့အလင်း(၆-၆-၂၀၁၁)

ဆရာဦးဇရှင်၊ ထားဝယ်
(သူ့စရိုက်နှင့်ဘဝဖြစ်စဉ်များ)

အောင်မြင့်

ဆရာဇရှင်(ထားဝယ်)ဟုပြောလိုက်လျှင် ထားဝယ်သူ၊ ထားဝယ်သားတိုင်းသိကြသည်။ ထိုစဉ်အခါက စာရေးသူမှာ အသက် နှစ်နှစ်၊ နှစ်နှစ်ခွဲ အရွယ်ခန့်မျှသာရှိသေးသည် ဟုတ်တီ၊ ပတ်တီကျောင်းမနေရှူးသေး၊ မူလတန်း၊ သူငယ်တန်းပင်မတက်ရသေးပေ။ ထိုစဉ်အခါက ကျွန်တော့်ဖခင်ကြီးမှာ ကျောင်းအုပ်ဆရာကြီးတစ်ဦးဖြစ်၍ ကျွန်တော် ကျောင်းနှင့်အလွန်ယဉ်ပါးခဲ့သည်။ အဖေကျောင်းသွားတိုင်း ကျောင်းသို့လိုက်သွားတတ်သည်။ အဖေကျောင်းသွားသည့်အခါ ခေါင်းပေါင်းပေါင်းပြီး ရှူးဖိနပ်စီး၍သွားလေ့ရှိသည်။ ခေါင်းပေါင်းအုပ်ပေါင်းကို ကြိမ်ခြင်းခံ၍ ကိုယ်တိုင် ပုံကျကျ သပ်သပ်ရပ်ရပ် ပေါင်းတတ်သည်။ နောက်ပိုင်းတွင်မှ "မောင့်ကျက်သရေ"ခေါ် အသင့်ပေါင်း ပြီးသားခေါင်းပေါင်းများကို ရောင်းချလာကြသည်။ ဦးထုပ် ဆောင်းသကဲ့သို့အဆင်သင့် ဝယ်ဆောင်းနိုင်လေပြီ။

ကျောင်းတွင် ကျောင်းသားကြီးများကလည်း ကျွန်တော့်ကို တော်တော်ချစ်ကြသည်။ ကျောင်းသို့ရောက်သည်နှင့် ကျွန်တော့်ဆီသို့ ရောက်လာတတ်ကြသည်။အဖေခွဲခွာသွားလျှင် သူတို့က စတတ်၊ နောက်တတ်သည်။ "ဟေ့၊ မင်း အဖေဘယ်သူလဲကွ" ဟု မေးသောအခါ ကျွန်တော်က စကားမပီကလာဖြင့် "ရှာဘတ်ရှင် ခင်ဗျား" ဟု ပြန်ပြောလိုက်လျှင် "ဪ၊ မင်းအဖေ နာမည်က ရှာလပတ်ရည်လား၊ ဟုတ်လား...." ဟု မေးကြသည်။ စကြသည်။

၁၉၂၀ပြည့်၊ ဒီဇင်ဘာလ ၅ရက်နေ့တွင် မြန်မာနိုင်ငံ ကောလိပ်ကျောင်းသားများ သပိတ်မှောက်မှုတစ်ခု ပေါ်ပေါက်လာခဲ့လေသည်။ သပိတ်ကို ဦးစီးဆောင်ရွက်ရန် ကျောင်းသားခေါင်းဆောင်ကော်မတီ ၁၁ဦးကို ရွေးချယ် ဖွဲ့စည်းခဲ့ကြသည်။ ထိုခေါင်းဆောင် ၁၁ဦးထဲတွင် ကိုဇရှင် (ထားဝယ်) ပါဝင်ခဲ့သည်။

မြန်မာပြည်၌တက္ကသိုလ်မရှိသေးပါ။ ဆယ်တန်းအောင်ပြီး ကောလိပ်တက်ရန် ကောလိပ်ကျောင်း နှစ်ကျောင်းရှိပါသည်။ ရန်ကုန် ကောလိပ်နှင့် ယုဒသန်ကောလိပ်။ ထိုကောလိပ်များမှာ တက္ကသိုလ်အဆင့်မဟုတ်သဖြင့် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံကောလိပ်များဖြစ်သည်။ ဒီဂရီဘွဲ့ရရန် ကာလကတ္တားတက္ကသိုလ်၏ စာမေးပွဲများကိုဖြေဆိုရသည်။ အောင်မှ ကာလကတ္တားမှပေးသည့် ဘွဲ့ကိုရကြသည်။ "ရန်ကုန်တွင်တက္ကသိုလ်တစ်ခုဖွင့်ပေး"၊ "ကာလကတ္တား လက်အောက်ခံဖြစ်သောဘွဲ့ကို မလိုချင်ကြ" ဟု တောင်းဆိုကြလေသည်။ သပိတ်မှောက်ကြလေသည်။ ၁၂၈၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁၀ရက် (၅-၁၂-၁၉၂၀)နေ့ခေါင်းဆောင် ဦးစီးကော်မတီ ၁၁ဦးတွင် "ဘရှင်"အမည်တူဖြင့် နှစ်ဦးပါဝင်လေသည်။ တစ်ဦးမှာ ကိုဇရှင်(ထားဝယ်)ဖြစ်ပြီး၊ နောက်တစ်ဦးမှာ ကိုဘရှင်(သံတွဲ) ရခိုင်ဖြစ်သည်။ ရှုပ်ထွေးမှုမရှိစေရန် နာမည်တူများနောက်တွင် မိမိတို့၏ သက်ဆိုင်ရာမြို့အမည်များကိုတည့်ပေးထားပေသည်။ နောင်တွင် ထားဝယ်ကိုဇရှင်သည် သူ့အမည်ကို သူကိုယ်တိုင် "ဇရှင်"ဟု ဇလချိုင့်နှင့်ပေါင်း၍ ရေးလေ့ရှိသဖြင့် ဇရှင်ဟု ရေးလာကြပေသည်။

မြန်မာနိုင်ငံ၌ တက္ကသိုလ်ဖွင့်လှစ်ထားရှိပေးရန် ရန်ကုန်ပြည်သူလူထုကလည်း တောင်းဆိုကြသည်။ ထို့ကြောင့် အစိုးရက "မြန်မာပြည်တက္ကသိုလ်များ အက်ဥပဒေတစ်ရပ် ပြဋ္ဌာန်းပြီး၊ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် တက္ကသိုလ်တစ်ခုဖွင့်လှစ်တည်ထောင်ရန်"ဟု ပါဝင်လေသည်။ သို့ရာတွင် အစိုးရကို မယုံကြည်ကြပေ၊ ဆောဆောဆယ် ကာလကတ္တားတက္ကသိုလ်၏ လက်အောက်ခံ အဖြစ်နှင့် မနေလိုကြ၍ ကောလိပ်ကျောင်းသားများသပိတ် မှောက်ခဲ့ပြီးဖြစ်သည်။ ပြည်သူတို့နှင့်အတူ အမျိုးသားကျောင်း၊ အမျိုးသား

တက္ကသိုလ်များထူထောင်ကြရန် တောင်းဆိုကြသည်။ အမျိုးသား တက္ကသိုလ်တစ်ခုကို ဗဟန်းကြားတောရတွင် ထူထောင်ကြသည်။ သို့သော် ရေရှည်မတည်တံ့ခဲ့ပေ။ မြို့ကြီးများတွင်လည်း အမျိုးသား ကျောင်းများတည်ထောင်ရန်ဆုံးဖြတ်ကြသည်။ သပိတ်မှောက်ပွဲပြီး ဆုံး၍ သပိတ်လှန်ခဲ့ပြီးဖြစ်သော်လည်း ကိုဇရှင် (ထားဝယ်)သည် ကောလိပ်သို့ဆက်မတက်တော့ပေ။ ထားဝယ်တွင်ပင် အမျိုးသား ကျောင်းသစ်တစ်ကျောင်းကို ဖွင့်လှစ်သည်။ နေရှင်နယ်အမျိုးသား အထက်တန်းကျောင်းတစ်ကျောင်းဖွင့်လှစ်ပြီး ကိုယ်တိုင်ကျောင်းအုပ် ဆရာကြီးတစ်ဦးအဖြစ်နှင့် ဝင်ရောက် ဆောင်ရွက်ပေးခဲ့လေသည်။ ထားဝယ်မြို့တွင် ထားဝယ်အစိုးရ အထက်တန်းကျောင်းနှင့် ကရင် အထက်တန်းကျောင်းဟူ၍ အထက်တန်းကျောင်း နှစ်ကျောင်း ရှိခဲ့လေသည်။ ယခု (နေရှင်နယ်) အမျိုးသား အထက်တန်းကျောင်း ထပ်ပေါ်လာသဖြင့်ကျောင်းသုံးကျောင်း ဖြစ်သွားလေပြီ။

ကျွန်တော် အမေနှင့်အတူကျောင်းသို့ လိုက်သွားသည့်အခါ ကျောင်းသို့ရောက်လျှင် စာသင်ခန်းထဲ ပင်ဝင် ဒီထွက်လုပ်လေ့မရှိ။ ကျောင်းကြီး၏ အောက်ဆုံးထပ်တွင် သံပုံကြီးတစ်ပုံတည့်ထား သည့် သွပ်ပြားဖြင့်ပြုလုပ်ထားသော ခွက်ကြီး(လင်ပန်းကြီး)အနား သို့သွားပြီး၊ သံပုံမှာသွားကစားတော့သည်။ သံပုံကြီးမှာ မူလတန်း ကျောင်းသားလေးများ ပထဝီအခေါ်အဝေါ်များကို စိတ်ပါဝင်စား လာစေရန် မြင့်မိုဝသောကုန်းမြေကို "တောင်" ဟုခေါ်သည် ဟု ရွှတ်ဆိုပြီး သံပုံကို လုပ်သည်။ ရေပတ်လည်ဝိုင်းလျက်ရှိသော ကုန်းမြေကို "ကျွန်း" ဟု ခေါ်သည်။ ကမ်းနှင့်တစ်ဆက်တည်းရှိပြီး ရေထဲသို့ရှည်လျားစွာ ထိုးထွက်နေသော ကုန်းမြေကို "ကျွန်းဆွယ်" ဟုခေါ်သည်။ ရေရှိသောချိုင့်ဝှမ်းကို "ရေကန်" ဟုခေါ်သည်။ (သံ လုံးဝမရှိဘဲ သွပ်ပြားပေါ်နေသည့်နေရာဖြစ်လေသည်။)ဤသို့ ပါးစပ်မှ ရွတ်ဆိုပြီး ပထဝီဝေါဟာရများကိုသံဖြင့် ကိုယ်တိုင်ပြုလုပ် ကစားနိုင်သည်။ အလွန်ပျော်စရာကောင်းသည်။ ၁၉၂၀ ကောလိပ် သပိတ်အပြီး ထားဝယ်တွင် ထူထောင်သည့် အမျိုးသားအထက် တန်းကျောင်းကြီးကို ထားဝယ်မြို့သူမြို့သားတို့၏ အထောက်အပံ့ ဖြင့် ဖွင့်လှစ် ထူထောင်ရခြင်းဖြစ်၏။

ထိုစဉ်အခါက ထားဝယ်မြို့နယ်တွင် ဘောလုံးပွဲအလွန် ခေတ်စားနေပေသည်။ အထူးသဖြင့်အထက်တန်းကျောင်း ဘောလုံးအသင်းများအားလုံးသည် နာမည်ကြီးသည့်ဘောလုံး အသင်းများ ဖြစ်ကြလေသည်။ ထိုစဉ်က အမျိုးသားအထက်တန်း ကျောင်းအုပ်ကြီး ဆရာကြီးဦးဇရှင် ကိုယ်တိုင်သူ့ကျောင်း ဘောလုံးအသင်းကို ဦးဆောင်ပြီး ကိုယ်တိုင်ပါဝင်ကစားသည့် ဘောလုံးသမားတစ်ဦးလည်းဖြစ်သည်။ ဆရာကြီးဦးဇရှင်သည် အထက်တန်းကျောင်းသားဘဝက ရန်ကုန် စိန့်ပေါလ် အင်္ဂလိပ် အထက်တန်းကျောင်းတွင် ကျောင်းတက်ခဲ့ဘူးသူ တစ်ဦးဖြစ်ရာ စိန့်ပေါလ်ကျောင်း ဘောလုံးအသင်း၏ လက်ရွေးစင်ဖြစ်ခဲ့ဖူးသည်။ ထို့အတူ ထားဝယ်အစိုးရဟိုက်စကူးကျောင်း၏ ကျောင်းအုပ် ဆရာကြီး ဦးထွန်းမောင်ခင်လည်း သူ့ကျောင်းဘောလုံးအသင်းတွင် ဘောလုံးဝင်ကန်သည် ဆရာကြီးဦးထွန်းမောင်ခင်လည်း ငယ်စဉ် ကျောင်းသားဘဝက သူ့နယ်ပယ်၏ ဘောလုံးအသင်းတွင် ဘောသမားလက်ရွေးစင်ဖြစ်ခဲ့ဖူးလေသည်။

ထားဝယ်အမျိုးသား အထက်တန်းကျောင်းကြီးကို ထားဝယ် လူထု၏ အထောက်အပံ့ဖြင့် ထူထောင်ခဲ့ကြပြီး ထွန်းကားတိုးတက် လာခဲ့သည်။ သို့ရာတွင် ထာဝစဉ် ဤသို့ အထက်တန်းကျောင်း ကြီးတစ်ခုအနေဖြင့် ပံ့ပိုးထားရန်မလွယ်ကူလှပေ။ ဆရာကြီး အပါအဝင် ကျောင်းဆရာအားလုံးလည်း လစာကိုလျှော့၍ယူကြ သည်။ အမျိုးသားအထက်တန်းကျောင်းဘဝမှနေ၍ အမျိုးသား အလယ်တန်းကျောင်းအဆင့်သို့ လျှော့ချလိုက်ရလေသည်။ ဆရာကြီးဦးဇရှင်လည်းနုတ်ထွက်သွားခဲ့လေသည်။သတ္တမတန်း အထက်ကျောင်းသားကြီးများလည်း မိမိတို့ကြိုက်နှစ်သက်ရာ အထက်တန်းကျောင်း နှစ်ကျောင်းသို့ရွှေ့ပြောင်းသွားကြရလေ သည်။

ထားဝယ်ဦးဇရှင်သည် အင်္ဂလိပ်စိန့်ပေါလ်ကျောင်းထွက် တစ်ဦးလည်းဖြစ်၊ ရန်ကုန်ကောလိပ်သင်တန်းသား တစ်ဦးလည်း ဖြစ်သည်။ အင်္ဂလိပ်စာနှင့်သင်္ချာအခြေခံလည်း ကောင်းသည်။ အင်္ဂလိပ်စကားကို သွက်သွက်လက်လက် ပြောဆိုနိုင်သူတစ်ဦး ဖြစ်သည်။သူသည်အင်္ဂလိပ်စကား တစ်ခုတည်းကိုသာ နိုင်နင်းစွာ ပြောဆိုတတ်သူမဟုတ်၊ အခြားဘာသာစကား(ဥပမာ–ကုလား စကား) ကိုလည်း ပြောဆိုနိုင်သည်။ ထမင်းစား၊ ရေသောက်ပြော တတ်ရုံမျှသာပြောတတ်ဆိုတတ်သူမဟုတ်၊သွက်သွက်လက် လက် ပြောဆိုတတ်သူဖြစ်လေသည်။

ထိုစဉ်အခါက မြန်မာနိုင်ငံကိုအုပ်ချုပ်သူ အစိုးရရှိရုံးတွင် အထူးသဖြင့် ခရိုင်ဝန်ရာထူး၊ အုပ်ချုပ်ရေးအဆင့်တွင် အင်္ဂလိပ် အရာရှိများကိုယ်တိုင်ဦးစီးအုပ်ချုပ်လုပ်ကိုင်နေကြသဖြင့် အင်္ဂလိပ်စကားကို သွက်သွက်လက်လက်ပြောတတ်၊ ဆိုတတ် သော ဆရာကြီးဦးဇရှင်သည် ထိုအင်္ဂလိပ်အရာရှိများနှင့် အလွန် ရင်းနှီးကြ၊ အလွမ်းသင့်ကြသည်။ ဘောလုံးကစားခြင်း၊ တင်းနစ်

ရိုက်ခြင်းတွင်လည်း ထူးချွန်သူတစ်ဦးဖြစ်၍ ၎င်းတို့အတွက် ကစားဖော် ကစားဖက်ကောင်းတစ်ဦးအဖြစ် နှစ်သက်ရင်းနှီး ကြလေသည်။ အစိုးရဝန်ထမ်းတစ်ဦးသာဖြစ်နေခဲ့လျှင် အင်္ဂလိပ်တို့နှင့် ဤမျှခင်မင်ရင်းနှီးမှုမျိုးရှိချင်မှ ရှိကြပေမည်။

ဆရာကြီးဦးဇရှင်သည် ကျောင်းအုပ်ကြီးဘဝတစ်လျှောက်လုံး ရှူးဖိနပ်စီးလေ့ရှိသည်။ အားကစားသမားဖြစ်၍ ဘောကန်ဖိနပ်များ၊ တင်းနစ်ကစားရန် ကင်းဘတ်ဖိနပ်များ၊ လမ်းလျှောက်ရန်၊ ပြေးရန်၊ လည်တိုလည်ရှည် ကင်းဘတ်ဖိနပ်မျိုးစုံစီးတတ်သူဖြစ်၍အဆင့်သုံးဆင့်ရှိသည့် ဖိနပ်စင်တစ်ခုပြုလုပ်လျက် ဖိနပ်များကို စနစ်တကျစီထားတတ်ပေသည်။ မိုးတွင်းရေစပ်စပ်တွင်စီးရန် ရာဘာတောာဘွတ်လည်ရှည်ဖိနပ်ကြီးလည်း ပါဝင်လိုက်သေးသည်။ သူ့ဖိနပ်များကို အတော်ဂရုစိုက်သည်။ အမြဲဖိနပ်ဆေးကြောတိုက်ချွတ်ခြင်းပြုလုပ်သည်။ကျွန်တော်လည်း ကူညီ၍ ဖိနပ်ဆေးခြင်း၊ တိုက်ပေးခြင်း ပြုလေ့ရှိသည်။

ဆရာကြီးဦးဇရှင်၏ နောက်ဝါသနာတစ်ခုမှာ လက်ကိုင် တုတ်စုဆောင်းခြင်းဖြစ်သည်။ ဦးဇရှင်သည် ကျောင်းဆရာကြီး ဘဝတွင် လက်ကိုင်တုတ် (ထားဝယ် အခေါ် "တုတ်ကောက်") ကိုင်၍သွားလေ့ရှိသည်။ လက်ကိုင်တုတ်လုပ်ရန် အစင်းလှ၊ အကွက်ကောင်း၊ အရောင်ကောင်းသည့် သစ်များကိုလည်း သူရွေးချယ်လေ့ရှိသည်။ ကန့်လန့်အစင်း၊ ဒေါင်လိုက်အစင်းများပါသည့်သစ်များကိုလည်းရှာတတ်သည်။ ကျပ်ငါးအိုင်းပမာထနန့်မှုအလုံးရှိသော ကြိမ်လုံးကြီးများကိုလည်းရှာ၍ ထီးရိုးကောက်ကဲ့သို့ တစ်ဖက်တွင်ကွေးလျက် တုတ်ကောက်အဖြစ် အသုံးပြုသည်။ ကြိမ်လုံးအစွန်းတစ်ဖက်ကို မီးဖြင့်အပူပေးပြီး ကွေးကာ ကြိုးဖြင့်ချည်၍ထားရသည်။ မကြာမကြာထပ်၍ အပူတိုက်ပြီး အကွေးကို အသားကျစေရန် ကြိုးဖြင့် အကြာကြီးချည်ထားရသည်။ ဤကဲ့သို့သော ကြိမ်လုံးတုတ်ကောက်မျိုး ယခုမတွေ့ရတော့ပေ။ ကြိမ်လည်းရှားပါးလာပြီး အထူးသဖြင့် အလုံးကြီးသည့်ကြိမ်များရှားပါးလာခြင်းကြောင့်ဖြစ်မည်။ သူစုထားပြီးသုံးစွဲနေသည့် လက်ကိုင်တုတ် တစ်ဒါဇင်ခန့်လောက်ရှိသည်။ သူ့လက်ကိုင်တုတ်များကို သစ်သားနံ့တန်းကလေးတစ်ခု လုပ်၍ တန်းစီပြီးထောင်ထားလေ့ရှိသည်။

တချို့သောတသည့် နိုင်ငံရေးကျောင်းသားကြီးများ က လည်း အရည်အချင်းရှိသည့် သူတို့ဆရာကြီးအားကျောင်းမှ အနားယူပြီးဖြစ်၍ နိုင်ငံရေးလောကထဲဝင်စေချင်ကြသည်။ တချို့သောတပည့်ရင်းတို့ကလည်း အင်္ဂလိပ်အုပ်ချုပ်ရေးအရာရှိများနှင့် ပုလဲနံ့ပသင့် ပေါင်းသင်းနေခြင်း၊ ဘောလုံးတင်းနစ်စသည့် ကစားနည်းများကို အတူကစားလေ့ရှိခြင်းကိုမနှစ်မြို့၊ မနှစ်လိုကြပေ။သူတို့မျက်စိထဲတွင်အလိုတော်ရိတို့၏အပြုအမူမျိုးဖြစ်၍ ရှောင်စေလိုသည်။ ဆရာကြီးကလည်းအလိုတော်ရိ ဘယ်အခါမှအဖြစ်ခံမည်မဟုတ်။ မိတ်ဆွေကစားဖော် ကစားဖက်အဖြစ်သာသဘောထားလေသည်။

ဆရာကြီးဦးဇရှင်သည် မိမိ အမျိုးသားကျောင်းအုပ်အဖြစ်တာဝန်ထမ်းဆောင်စဉ်အတွင်း အမျိုးသားအောင်ပွဲနေ့တိုင်းစီတန်းလှည့်လည်ရာတွင်ကိုယ်တိုင်ပါဝင်လေ့ရှိခဲ့လေသည်။ "အမျိုးသားနေ့" ဟု ဖော်ပြမိသဖြင့် အမျိုးသားအောင်ပွဲနေ့ ဖြစ်ပေါ်လာပုံအကြောင်းကိုလည်း အကျဉ်းမျှဖော်ပြသင့်ပေသည်။

နဝမအကြိမ်မြောက် ဂျီစီဘီအေအသင်းကြီး ***General Council of Burma Association*** အစည်းအဝေးကြီး၌ မြန်မာနိုင်ငံတွင် အမျိုးသားနေ့တစ်နေ့ကို ဆုံးဖြတ်သတ်မှတ်ပေးသင့်နေပြီ ဖြစ်ကြောင်းအဆိုတင်ပြီး ဆွေးနွေးကြသည်။ မည်သည့်နေ့မျိုးကိုအမျိုးသားနေ့အဖြစ် ရွေးချယ်သင့်ကြောင်း အမျိုးမျိုး ဆွေးနွေးကြသည်။

(၁) တချို့က သီပေါမင်းပါတော်မူနေ့ကို လည်းကောင်း၊

(၂) တချို့က ဦးဥတ္တမကို မအူပင်တွင် ပထမဆုံး ဖမ်းဆီးထောင်ချခံရသည့်နေ့ကို လည်းကောင်း၊

(၃) တချို့က ၁၉၂၀ ပြည့်နှစ် အင်္ဂလိပ်တို့ ပညာရေးကိုဖိနှိပ်ချိုးနှိမ်မှုကိုတော်လှန်ကြသည့် ကောလိပ်ကျောင်းသားတို့ သပိတ်မှောက်သည့်နေ့ကို လည်းကောင်း၊

(၄) တချို့က အမြို့မြို့ အရွာရွာတွင် အမျိုးသားကျောင်းများပေါ်ပေါက်စေခဲ့သောနေ့ ကိုလည်းကောင်း၊

အသီးသီးဆွေးနွေးအဆိုပြုလာကြသည်။ [ဤဆွေးနွေးချက်

များထဲတွင်(၃)နှင့်(၄)တို့မှာ အလွန်ကောင်းကြသည်။ သို့ရာတွင် (၃)ဖြစ်ပေါ်ခြင်းကိုအခြေခံ၍နောက်ထပ် (၄) ဖြစ်ပေါ်လာသည်။ သို့ဖြစ်၍ ကောလိပ်ကျောင်းသားသပိတ် ဖြစ်ပေါ်လာသောနေ့ (တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်နေ့) ကို အမျိုးသား အောင်ပွဲနေ့တစ်နေ့အဖြစ်အတည်ပြုကြသည်။ ထိုနေ့ကို နှစ်ပတ်လည်ကျောင်းပိတ်ရက်အဖြစ်သတ်မှတ်ပေးခဲ့လေသည်။

ဆရာကြီးဦးဇရှင်တွင်နောက်ဝါသနာတစ်ခု ရှိသေးသည်။ ထိုဝါသနာကားတောလိုက်၊ အမဲပစ်ခြင်းဝါသနာပင် ဖြစ်သည်။ သေနတ်လိုင်စင်ကိုလည်း လိုလေသေးမရှိ လွယ်လွယ် ကူကူပင် သူလျှောက်၍ရနိုင်သည်။ သေနတ် မျိုးစုံကိုလည်း ကိုယ်ပိုင်ဝယ်ယူစုဆောင်းပြီး ဒီရိုပါး လှပ်လှပ်ရှည်ရှည်လေး တစ်လုံးဖြင့် သီးသန့်စုဆောင်းထားသည်။ သူကိုယ်ပိုင်ဝယ်ယူစုဆောင်းထားသည့် သေနတ်များတွင် နှစ်လုံးပြူးသေနတ်၊ တစ်လုံးထိုးရိုင်ဖယ်၊ ခြောက်လုံးပြူး (ရေကာမာလက်ကိုင်ရိုဗော်) ပစ်စတို တစ်လက်၊ ပေါ့ပေါ့ပါးပါး လေသေနတ်တစ်လက်နှင့် အမဲပစ် တစ်လုံးထိုးသေနတ် စသည်ဖြင့်စုံလှသည်။ သို့ရာတွင် စက်သုံးရိုင်ဖယ်သေနတ်မျိုးကား မပါဝင်ပေ။ မကြာမကြာ လက်နက်ငယ်များဖြင့်လက်တည့်စမ်းသပ်ပစ်ခတ်လေ့ကျင့်သဖြင့် အလွန်လက်ဖြောင့်သည်။ နေအိမ်မှ ကိုက်တစ်ရာလောက်သွားလျှင် ကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးဆီသို့ရောက်သည်။ လယ်ကွင်းထဲရှိ ဟိုဟိုသည်သည်တွင် ထန်းပင်တွေလည်းပေါလှသည်။လက်တည့်စမ်းရန်အလွန်အဆင်ပြေသည်။

ဆရာကြီးသည် မော်တော်ကားဝယ်မစီးနိုင်။ သို့သော် တောလည်ရန် ကျေးလက်တောရွာများသို့သွားရောက်နိုင်ရို့ မော်တော်ဆိုင်ကယ်တစ်စီး ဝယ်ထားလေသည်။ ဆရာကြီး ဦးဇရှင်သည် မော်တော်ဆိုင်ကယ်ဖြင့် သေနတ်လွယ်ပြီး ရောက်လာလျှင် ရွာသားများ၊ သူ၏ ရွာမိတ်ဆွေများက ဆီးကြိုပြီး တောလည်ရန်၊ အမဲပစ်ရန် တောခြောက်ခြင်းနှင့် တောလိုက်ရာတွင်ပါဝင်ကူညီခြင်း ပြုကြလေသည်။ အမဲတစ်ကောင်ရရှိခဲ့လျှင်လည်း သူ့အတွက် ပေါင်တစ်ဖက်သာယူပြီး ကျန်သည်များကို ရွာသားများအား အကုန်ဝေစုပေးခဲ့လေ့ရှိသည်။

တောလည်အမဲပစ်ခြင်း ဝါသနာထုံသည်ဆို၍ ဘုရားတရားကိုကိုင်းရှိုင်းမည့်သူ တစ်ဦးဖြစ်နိုင်ပါမလားဟု မတွေးပေါ်လေနှင့်၊ အဘွားဒေါ်စိန် (ဆရာကြီးဦးဇရှင်၏ အမေ)က ကျွန်တော့်အား ပြောပြသဖြင့်ကြားဖူးခဲ့သည်မှာ– ဆရာကြီး ကျောင်းသားဘဝက စိန့်ပေါလ်ကျောင်း ရက်ရှည်ပိတ်၍ ပြန်လာတိုင်း ထားဝယ်မြို့နှင့် ၁၀ မိုင်ခန့်ဝေးသည့် အရိုးတောင်တောရကျောင်း ဆရာတော်ကြီးထံ ကိုယ်တိုင်သွား၍ သင်္ကန်းဝတ်၊ ကိုရင်လုပ်လေ့ရှိသည်။ ကိုရင်ဝတ်သည့်အခါ တရားစာပေ၊ ဘာသာရေးစာပေများကိုလည်း သင်ယူလေ့လာသည်ဟု သိရပေသည်။ ဤသို့ ကျောင်းရက်ရှည်ပိတ်၍ ပြန်လာတိုင်း ပြုလုပ်လေ့ရှိသည်။ နောင်တွင် တရားထိုင်၊ တရားမှတ်ခြင်း၊ စိတ်ပုတီးစိတ်ခြင်း တို့ကိုလည်း ပြုလုပ်လေသည်။

အဘွားအား "အမေ – ကျွန်တော်ကျောင်း ပြန်မသွားတော့ဘဲ သင်္ကန်းဝတ်ပြီး ဘုန်းကြီးပဲလုပ်တော့မယ်"ဟု ပြောသဖြင့် အမေဖြစ်သူမှာ မျက်ရည်စက်လက်ဖြင့် ဆရာတော်ဘုန်းကြီးအား တားမြစ်ပေးဖို့ သွားလျှောက်လေသည်။ ဆရာတော်ကြီးကလည်း "တို့မှာ–မိဘကသဘောမတူဘဲ ဘယ်တော့မှုရဟန်းခံပေး၊ ဘုန်းကြီးဝတ်ပေးခြင်း မလုပ်ပါဘူးဟဲ့" ဟုပြောလိုက်ရကြောင်း အဘွားက ပြောပြခဲ့ဖူးသည်။နောင်ကျွန်တော်ကြီးလာမှ ကျွန်တော့်အား အဖွားကပြောသည်မှာ "အဘွားဟိုတုန်းက မင်းအဖေကို ဘုန်းကြီးမဝတ်အောင် တားမိတာသိပ်မှားတယ်။ နို့မဟုတ်ရင်မင်းတို့အဖေဟာ ဘုန်းတော်ကြီးဘဝနဲ့ ထွန်းကားတိုးတက်လာ မည့်သူကွဲ့၊ ဆရာတော်ကြီး တစ်ပါးဖြစ်လာမည့်သူပဲ၊ ငါလည်း ဆရာတော်ကြီးရဲ့ မယ်တော်တောင်ဖြစ်လာမှာ" ဟုအဘွားက ဝမ်းနည်းတနည်း ပြောပြလေသည်။ ဤကားဘာသာရေးနှင့် ပတ်သက်သည့် ဆရာကြီးဦးဇရှင်၏ဖြစ်ရပ်တည်း။

ဆရာကြီးသည် အစိုးရဝန်ထမ်းကား ဝင်မလုပ်ခဲ့ပေ။ ရွေးချယ်တင်မြှောက်ခြင်းခံရမှ ခန့်ထားခြင်းခံရသည့် မြူနီစီပါယ်လူကြီးအဖြစ် မကြာခဏ အရွေးခံပြီး၊ တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ "မြူလူကြီးအဖြစ် မြို့ပြစည်ပင်မှ လုပ်ငန်းများ၊ လမ်းပန်းဖောက်လုပ်ခြင်း၊ လမ်းပြုပြင်ခြင်းစသည့်မြူလုပ်ငန်းမျိုးစုံကို စေခိုင်းသည့်အခါ အများအားဖြင့် ကုလားစာရေးစာချီများ၊ ကုလားကူလီခေါင်းများ၊ အကြီးအကဲများ၊ ကူလီကုလားများနှင့်အများဆုံး ဆက်သွယ်ဆွေးနွေးညှိနှိုင်းကြရသဖြင့် ကုလားစကား သွက်သက်စွာပြောဆိုနိုင်သည့်ဆရာကြီးအား သူတို့အလွန် လေးစားကြလေသည်။

အနောက်နိုင်ငံ၊ ဥရောပမဟာမိတ်နိုင်ငံငယ်များမှာတို့လည်း ဒုတိယကမ္ဘာစစ်ကြီးတွင် အရှုံးရှုံး တိုက်ခိုက်နေကြရသည်။ ကမ္ဘာစစ်ကြောင့် မြန်မာနိုင်ငံကို ကိုလိုနီပြုထားသည့် အင်္ဂလန်သည်လည်း ဆင်းရဲ၊ မွဲတေနေလေပြီ။ မြန်မာပြည်ကို အုပ်ချုပ်နေသည့် အင်္ဂလိပ်နှင့်၎င်းတို့၏ အလိုတော်ရိများပါ သိပ်မဖောက်မာနိုင်ကြတော့ပေ။ ထိုစဉ်တွင် မြန်မာနိုင်ငံမှာလည်း နိုးကြား၊ ထကြွလာကြသည်။ အထူးသဖြင့် လူငယ်လူရွယ်များ နိုင်ငံရေးလိုက်စားလာကြသည်။ နိုင်ငံရေးစာပေကိုလည်း ဖတ်ကြ၊ လေ့လာ လိုက်စားလာကြသည်။ စာတတ်၊ ပေတတ် ကျောင်းသားလူငယ်များလည်း နိုင်ငံရေးလေ့လာလိုက်စားပြီး ထွန်းတောက်ပေါ်လွင်ထင်ရှားလာကြသည်။ ထိုစဉ် ထားဝယ်တွင်လည်း သခင်စံဝင်း၊ သခင်ဗမောင်၊ သခင်ထွန်းစိန်၊ သခင်ရန်၊ နဂါးနီထွန်းအေး၊ ကိုဗဆွေ၊ ကိုကျော်မင်း တို့လည်း ထွန်းတောက်လာကြသည်။

တော်တော်များများ ကျောင်းသားဟောင်း နိုင်ငံရေးသမားများမှာ ဆရာကြီးဦးဗရှင်၏ အမျိုးသားကျောင်းတွင် တက်ရောက်သင်ယူခဲ့ဖူးကြသည်။ နောင်တွင် ဖဆိုပလအဖွဲ့ချုပ်အထွေထွေအတွင်းရေးမှူးဖြစ်လာမည့်ကိုဗဆွေသည် လက်ဦးကတည်းက ဆရာကြီးဦးဗရှင်၏ အိမ်တွင်နေထိုင်ပြီး၊ ဆရာကြီး၏ အမျိုးသားကျောင်းကို တက်ခဲ့ဖူးသူဖြစ်သည်။ ဆရာကြီးနုတ်ထွက်သွားပြီးမှအစိုးရအထက်တန်းကျောင်းသို့ ကူးပြောင်းသွားသူဖြစ်သည်။

ဆရာကြီးဦးဗရှင်သည် ထိုသို့သော နောင်တွင် သွက်လက်ချက်ချာပြီး၊ လူတော်လူကောင်းဖြစ်လာမည့် ထားဝယ်ကျောင်းသားများကိုသွန်သင်ပေးလာခဲ့ဖူးသည်။သူတို့ကလည်းခေါင်းဆောင်ပိုင်းကို ရောက်လာကြသည့်အခါ ဆရာကြီးဦးဗရှင်အားနိုင်ငံရေးထဲဝင်နွှဲစေချင်ကြသည်။ သို့သော် ဆရာကြီးကမူ သူ့ဘဝကိုသတ္တုတွင်းတူးခြင်း၊ ရာဘာတောစိုက်ပျိုးခြင်းတို့နှင့်ပင် လုံးပန်းရင်း အချိန်ကုန်ခဲ့သည်။ အရင်းအနှီးလည်းဖောဖောသီသီရှိသည်မဟုတ်။ လုပ်ငန်းလည်းကျွမ်းကျင်သည်မဟုတ်သေး။ အောင်မြင်ထွန်းကားမှု မရှိသေးပေ။

ဆရာကြီးဦးဗရှင်သည်တောတွင် သူ့သတ္တုတွင်းတူးဖော်ခြင်းလုပ်ငန်းကို ကိုယ်တိုင်စစ်ဆေးရန် သွားရောက်ခဲ့စဉ်သူ့တပည့်ဖြစ်ဖူးသည့်သခင်ဗသိန်းတင်၊သခင်ထွန်းစိန်၊ကွန်မြူနစ်ခေါင်းဆောင်အုပ်စုကလေးတစ်စု၊ နိုင်ငံခြားသို့ထွက်ရန် တောသို့လာကြသည်ကိုတွေ့ခဲ့ရလေသည်။ ဆရာကြီးကိုတောတွင်တွေ့ရသဖြင့် သူ့အားတန်တော့ကြပြီး ဖြစ်နိုင်လျှင် မိမိတို့ပါတီအားလည်း ကူညီပေးရန်နှင့် နိုင်ငံရေးလောကထဲသို့ ဝင်ရောက်ရန်လည်း သူတို့၏ဆရာကြီးအား တိုက်တွန်းဖူးကြလေသည်။

ထိုစဉ်ကမြန်မာနိုင်ငံရေးမှာအလွန်နိုးကြားကြပြီး လွတ်လပ်ရေး ကြိုးပမ်းမှုကိုလည်း အဓိကရှေးရှုနေကြလေပြီ။ ဤအချိန်ပိုင်းကာလတွင် ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားနေပြီး၊ ဂျပန်ကလည်းဂျာမနီ၊ အီတလီတို့နှင့်မဟာမိတ်ဖွဲ့ကာ ပါဝင်မွှေနှောက်လာပြီး နယ်ပယ်တချို့နှင့်အရှေ့အာရှတစ်ဝန်းလုံး လျှပ်တစ်ပြက်သိမ်းပိုက်နိုင်ခဲ့ကြလေသည်။ လွတ်လပ်ရေးလိုချင်နေကြသည့်မြန်မာတို့ကလည်း "မြန်မာ့လွတ်လပ်ရေးတပ်မတော်" ***BURMA INDEPENDENT ARMAY (B.I.A.)*** (ဘီအိုင်အေ)ကိုဖွဲ့ပြီး ၁၉၄၂ ခုနှစ်တွင် ဂျပန်နှင့် ပူးပေါင်းလိုက်လေသည်။ ဂျပန်က လွတ်လပ်ရေးပေးသည်ဆိုသော်လည်း၊ ဂျပန်၏ လက်အောက်ခံဘဝတွင် ပို၍ဆိုးဝါးလာသဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်အဖြစ်နှင့် ဥရောပအား မြန်မာ့မဟာမိတ်အဖြစ် ပြန်ပေါင်းကာဂျပန်ကို တော်လှန်ပြီးပြန်မောင်းထုတ်ခဲ့ရလေသည်။ ဂျပန်က ၄နှစ်ကာလလုံးလုံးနိုးမိုးခဲ့ပြီး၊ ၁၉၄၅ ခုနှစ်တွင် လက်နက်ချလေသည်။

ဗြိတိသျှတို့မြန်မာပြည်သို့ ပြန်ရောက်လာစေကာမူ စစ်ကြောင့် သူတို့နိုင်ငံလည်း ဆင်းရဲမွဲတေနေပြီဖြစ်၍ ခါတိုင်းကဲ့သို့ မြန်မာတို့အား အပေါ်စီးမှုမဆက်ဆံနိုင်တော့ပေ၊ မြန်မာတို့ကလည်း လွတ်လပ်ရေးတောင်းဆိုလာပြန်သဖြင့် လွတ်လပ်ရေးပေးနိုင်ရန် မြန်မာနိုင်ငံအုပ်ချုပ်မည့်အစိုးရ၏ အုပ်ချုပ်မှု အခြေခံဥပဒေတစ်ရပ် ရေးဆွဲဖို့အတွက် ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသည့်ကော်မတီတစ်ရပ်ကို ဖွဲ့စည်းပြီး တာဝန်ပေးအပ်လေသည်။ ရေးဆွဲပြီးစီး၍ လွှတ်တော်သို့တင်ပြရန် အတွင်းဝန်ရုံးတွင် စည်းဝေးနေကြစဉ် မသမာသူတို့၏ လက်ချက်ဖြင့်ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ဝင်များ၊ ရုံးအစောင့်တစ်ဦး၊ ပေါင်းကိုးဦးကျဆုံးသွားခဲ့လေသည်။ သို့ရာတွင်ဥပဒေကိုလွှတ်တော်ကလက်ခံအတည်ပြုပြီး ဗြိတိသျှအစိုးရကလည်း လက်ခံသဖြင့် မြန်မာနိုင်ငံ ၁၉၄၈ခုနှစ်ဇန်နဝါရီလ၄ရက်နေ့တွင်လွတ်လပ်ရေးရရှိခဲ့လေသည်။

အစိုးရအပြောင်းအလဲတွင် ဦးစောဝန်ကြီးချုပ် ဖြစ်လာသည်။ ဝန်ကြီးချုပ်ဦးစော လက်ထက်တွင် နိုင်ငံစီးပွားရေးရှင်သန်အောင် စီမံကိန်းချ၍ ဆောင်ရွက်မှု ဖြစ်မည်ဟုဆုံးဖြတ်ပြီး၊ ကုန်ထုတ်လုပ်ငန်း၊ နိုင်ငံခြားနှင့်ရောင်းဝယ်မှုဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဘက်သို့ ဦးလှည့်လာရန် သူ့ဆရာကြီးတစ်ဦးဖြစ်ခဲ့ဖူးသည့် ဆရာကြီး ဦးဗရှင်အား ရန်ကုန်သို့ခေါ်၍ ရာဘာကြက်ပေါင်စေးဝယ်ယူ၊ ထုတ်လုပ်ရေးနှင့် နိုင်ငံခြားသို့တင်ပို့ရောင်းချရေးလုပ်ငန်းရောဘာတောများကို တိုးချဲ့စိုက်ပျိုးထူထောင်ခြင်းကိစ္စများအတွက် အကြံပေးအဖြစ်နှင့် ကြီးကြပ်ဆောင်ရွက်ရန်– "ရာဘာထုတ်လုပ်ရောင်းဝယ်ရေးဘုတ်အဖွဲ့" တစ်ခုတည်ထောင်ပြီးဆရာကြီးဦးဗရှင်အား ဥက္ကဋ္ဌခန့်အပ်ခဲ့လေသည်။

ဆရာကြီးဦးဗရှင်မှာလက်ရှိရန်ကုန်တွင် နေထိုင်စရာအိမ်လည်းမရှိ၊ သားသမီး ၁၂ဦးနှင့်အိမ်ထောင်စုလည်းကြီးသဖြင့် အခက်အခဲများစွာကို ကြုံတွေ့ရလေသည်။ တစ်ချိန်က ရန်ကုန် "ပြည်ထောင်စုရိပ်သာ" ဟုခေါ်တွင်သည့် တိုက်ခန်းများကို အစိုးရက ဆောက်လုပ်ပေးပြီး၊ ရန်ကုန်တွင်နေထိုင်ရန် အခက်အခဲတွေ့နေရသည့်ရာထူးအဆင့်မြင့် အစိုးရဝန်ထမ်းကြီးများအား နေရာချထားပေးရန် စီစဉ်ပေးခဲ့ဖူးလေသည်။ ဆရာကြီး ဦးဗရှင်အားလည်း ရန်ကုန်တွင်လာရောက် တာဝန်ထမ်းဆောင်စဉ်အတွင်း နေထိုင်နိုင်ရန် မနောဟာရီလမ်းဘက်ရှိ ပြည်ထောင်စုရိပ်သာ၊ တိုက်နံပါတ် (၁၁/ဒီ)၊ ပထမထပ် အခန်း တစ်ခန်းတွင် လျာထားသတ်မှတ်ပေးပြီး နေရာချထားလေသည်။

ဆရာကြီးသည် မိသားစုနှင့်အတူ ရန်ကုန်သို့ပြောင်းလာပြီး လုပ်ငန်းတာဝန်ကို ၅နှစ်ခန့်မျှ လုပ်ကိုင်ဆောင်ရွက်ပေးခဲ့ပြီး နောက်ထားဝယ်သို့ ပြန်လည်ပြောင်းရွှေ့နေထိုင်လေသည်၊ ထားဝယ်တွင်နေထိုင်ရင်း အသက်အရွယ်လည်းရလာပြီဖြစ်၍ ကျန်းမာရေးအတွက် လက်ကိုင်တုတ်တစ်ချောင်းဖြင့်လမ်းလျှောက်ခြင်း၊ စာဖတ်ခြင်း၊ပုတီးစိတ်ခြင်းပြုနေတတ်သည်။ ဆရာကြီးဦးဗရှင်သည် ၁၉၆၉ ခုနှစ်၊ ဧပြီလ ၂၇ရက်နေ့တွင် လူကြီးရောဂါဖြင့် ထားဝယ်မြို့တွင် ကွယ်လွန်သွားလေသည်၊

အဖေ့ဂူသချိုင်းကန်တော့ရန် ထားဝယ်သို့သွားရောက်စဉ်က ကျွန်တော့်အမေက "စော– ငါ့သား၊ ဒါမင်းအတွက် ငါသိမ်းထားတဲ့လက်ကိုင်တုတ်တစ်ချောင်း၊ သူသုံးတော့သူ့လက်ကိုင်တုတ်တွေကို ဟိုတပည့်ကတောင်း၊ ဒီတပည့်ကတောင်းနဲ့ ပါသွားကုန်ပြီ။ ဒီတုတ် ကလေးတစ်ချောင်းပဲ ငါယူပြီး ဖွက်ထားလို့ကျန်တာ – ဒါ မင်းဖို့အမှတ်အမှတ်ပဲ" ဟု ဆို၍ သုံးပေခန့်ရှိသည့် လက်ကိုင်တုတ် တစ်ချောင်း ရခဲ့လေသည်။

အဖေ့အား ထားဝယ် ကြက်သံနိုင်းသချိုင်းတွင် ဂူသွင်းသဂြိုဟ်သည်၊ သချိုင်းထဲတွင် ဘုန်းကြီးကျောင်းကလေး တစ်ကျောင်းရှိသည်။ ထိုကျောင်းကိုလည်း ကြက်သံနိုင်းကျောင်း ဟုပင်ခေါ်ကြသည်။ ဘုန်းကြီး တစ်ပါးလည်း ကျောင်းထိုင်အဖြစ်သီတင်းသုံးလျက်ရှိသည်။ ဘုန်းကြီးက ဆရာကြီးအား သူ့ကျောင်းဝရင်္ဂဏ်အတွင်း မြှုပ်နှံဂူသွင်းပါဟု ခွင့်ပြုမေတ္တာရပ်ခံသဖြင့် သူ့ဂူကလေး ကြက်သံနိုင်းဘုန်းကြီးကျောင်းဝရင်္ဂဏ်ထဲရောက်နေပေသည်။

ဆရာကြီး၏ဂူကလေးကို သွားရောက်ကန်တော့ပါသည်။ "ဒီလူဟာသာမည့မဟုတ်ဘူး။ ထူးခြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပဲ" ဟု ကျောင်းထိုင်ဘုန်းတော်ကြီးက ပြောလေသည်။ ဘာကြောင့်ပြောသလဲတော့မသိ။ မည်သို့ပင်ဖြစ်စေ၊ ဆရာကြီးဦးဗရှင်ဘဝကား နိဂုံးချုပ်ခဲ့ပြီ၊ သူ့အား သတိရ၊ အောက်မေ့လျက် ဦးညွှတ်ကန်တော့ခဲ့ရပေသည်။ သူ့ဘဝနှင့် သူ့ရိုက် တို့ကိုလည်း ပြန်လည်စဉ်းစားအမှတ်ရသဖြင့် မေတ္တာပွားခဲ့ရပါပြီ၊ လွမ်းဆွတ်ခဲ့ရပေပြီ ။ ။

စကားသံကွဲ မြန်မာထားဝယ်

စာ
ဘာသာ၊
ကိုယ်မှာလွှမ်းခြုံ၊
ဝတ်စုံရိုးရာ၊
ထားဝယ်မှာ သီးခြားမရှိ။

က အစ အ အဆုံး
သုံးဆယ့်သုံးလုံး ဗျည်းအက္ခရာစဉ်၊
သရယှဉ် ပင့်ရစ်ထိုး၊
ဟထိုး အသတ်တင်၊
သည်စာကိုပင် သုံးလေရဲ့။

ဘာသာကို မွေစစ်က
ထေရဝါဒ
အခြေလှစွာ၊
ဒေသမှာလ ယှဉ်ပ။
တမူထွင်ကာ အမှတ်မမှား
မြတ်ဘုရားထားခဲ့တဲ့ ဒေသနာအညီ၊
ညွှန်းခဲ့သည် မထေရ်မြတ်တို့ရဲ့
မသွေမှတ်ဖို့ ဩဝါဒကို၊
သဘောမိရ လိုက်နာကျင့်ကြံခါ၊
ထားဝယ်မှာ ဘာသာသီးခြား
မရှိပါပြား စင်စစ်
ထာဝစဉ်သစ် ဗုဒ္ဓဘာသာတည်း။

ရိုးရာဝတ်စုံ
တစ်ပုံတစ်နည်း
သီးခြားမရှိ
ရှိတာက မြန်မာဝတ်စုံ၊
လွှမ်းခြုံလို့ မြန်မာ့ရိုးရာ၊
အဆင်တန်ဆာ၊
ထားဝယ်မှာရှိတာ ဒါပါပဲ။

ဒေသအနေ
ရေမြေအလှ
စိမ်းမြမြကုန်းတွင်း
ဥယျာဉ်ခင်း သစ်တောစုံ၊
သီးပွင့်ဖုံဖုံ၊
ကုံလုံမခန်း
ကမ်းရိုးတန်း တစ်ခွင်မှ
ပင်လယ်ပြင် ရှုမငြီး
ရေပစ္စည်းပေါလှသည်၊
သယံဇာတ အထိုက်အလျောက်
ကုံလုံလောက် တည်ရာကို၊
မှီခိုကာ နေပါကြား
ထားဝယ်သား ထားဝယ်သူ၊
စိတ်ထားမူ ဖြူရသည်ပေ။

မြန်မာပြည် တောင်ယွန်းယွန်း
ရောင်ရှန်းတည် ထားဝယ်ဒေသ
နားသောတဝင်ဖွယ်၊
တစ်နည်းဖလှယ် အသံကွဲ
စကားထဲမှာ ဇာတိပြတာက
စာအရှိ မြန်မာဝေါဟာရများသာပေ
ပြောလာသမျှအစဉ်၊
ဝေါဟာရယဉ်စု၊
မြန်မာမှု မြန်မာ့ဟန်ကို
စံအဖြစ် ထိန်းထား
ထားဝယ်များ အမှန်မလွဲ
စကားသံကွဲ မြန်မာများပါတကား ။ ။

မောင်ဟန်သူ (ထားဝယ်)

"ရှံ့" သိမှတ်ဖွယ်ထားဝယ်စကား

ဦးကိုကိုကြီး
(ထားဝယ်ရိုးရာယဉ်ကျေးမှုအဖွဲ့)

မြန်မာလို "ခင်ဗျား" နှင့် "ရှင်" ကို ထားဝယ်အသံနှင့် ငယ်သူကကြီးသူကိုပြောလျှင် နားထောင်ရသူကကြားပြီဟု ဝန်ခံသည့်အနေဖြင့် ယောကျ်ားကလေးက "ခံဗျား"၊ မိန်းကလေးက "ရှံ့"ဟု အဖျားဆွတ်ပြောလေ့ရှိသည်၊ ထို့အပြင် ငယ်သူကကြီးသူ ပြောသော စကားကို နားမလည်၍ ထပ်မံ ပြောဆိုစေလိုလျှင်လည်း "ခံဗျား"၊ "ရှံ့" ဟု တစ်လုံးတည်း တရိုတသေပြန်မေး တတ်ကြပါသည်။

တအံ့တသြ "ရှံ့" ဆိုသောစကားဖြင့် ထပ်မံမေးပုံကို ထားဝယ်ရိုးရာ ယဉ်ကျေးမှုအဖွဲ့မှ သီဆိုသော ထားဝယ်တေးသီချင်းတစ်ပုဒ်ကို လေ့လာကြည့်ပါက သိနိုင်ပါသည်။

"ရှံ့"

[(မိုးတောင်းပျံ့ မိုးတောင်းပျံ့ နေ့ခန်ကျော်ရင် မိုးတောင်း ပျံ့)၊၊ ရှံ့]

[(ပြောကီး ပြောကီး မမြဲသီးမေ ဗားယာန်းကီး)၊၊ ရှံ့]

[(မျစ်နှာမာ သံကျောက်စေ့ ဘားတောန်ခေရင်းကော)၊၊ရှံ့]

[(ဗျောန်းဗလဲ ဗျောလဲ လိုင်းမစု ဗိုင်းထထု)၊၊ ကြစ်ဗား ဘွန်ဗာန်းသားနို့က် လောင်းသားဆို့ လောင်းသားဆို့ ဝဲကျွန်းက လောင်းသား ဆို့ ရှံ့]

[(နေ့ခန့် ကဗျာ ရှေ့ကဗျာ ဘတ်မတီးပီးလော)၊၊ ရှံ့]

[(နာခံ့စကား ငါမယောင် ပန်လယ်မာဖြိုဓတ်ပီး လိုက်ပြော)၊၊ ရှံ့]

[(ရှစ်တောင်းဒီး ရှစ်တောင်းဒီး တော်နှံ့ကလောန်းထဲက ရှစ်တောင်းကီး)၊၊ ဘုရားရှစ်မြောန့် နန်း ရှံ့]

[(နပ်စီ ဝိသိ ကွဲမန်းထူး ဆားထူး မန်းဒဝ် ဟာန်းဓဝ်)၊၊ လှဆိုးဗျွင်းရယ် လှဆိုးဗျွင်းရယ် လှဆိုးဗျွင်းရယ် ရင်ငဲ ကျွမ်းမိုင်ဝါ ရှံ့]

"ရှံ့ သီချင်းအဓိပ္ပာယ်"

အတက်သာရှိနေသည်မှာ ထားဝယ်သားအာဇာနည် ဦးကျော်ရင် ချုပ်လုပ်သော မီးပုံးပျံလိုဖြစ်နေတော့သည်။ ထပ်မံ ပြောစေလိုသည့်အတွက် "ရှံ့" ဟုဆိုလာသည်။

စကားပြောကြီးကျယ်လိုက်သည်မှာ ဒေါ်မြသီးမေ စပါးကျီကြီးလိုဖြစ်နေတော့သည်။ ထပ်မံပြောစေ လိုသည့်အတွက် "ရှံ့"ဟု ဆိုလာသည်။

မျက်နှာမာလွန်းသည်မှာ စပါးတောင်ခြေရင်းမှ သံကျောက်စေ့လိုဖြစ်နေတော့သည်။ ထပ်မံပြောစေလိုသည့်အတွက် "ရှံ့"ဟု ဆိုလာသည်။

မြောင်းပုလဲရပ်ကွက်သည် မြောင်းစပ် ရေစပ်ပေါ်များသည့်အတွက် ချော်လဲမည်၊ တလိုင်းမစု ရပ်ကွက်သားများသည် အုပ်စုညီသည့်အတွက် ရန်စလာသူကို ဝိုင်းထုထောင်း လွှတ်ကြမည်၊ ကြက်ဗားပြင်ရပ်ကွက်သည် ထားဝယ်မြစ်ကမ်းနှင့်နီး၍ ထားဝယ် အခေါ် ဗောင်းသားဟုခေါ်သော ငုံးအမျိုးအနွယ်ဝင် ရုပ်တစ်မျိုးကိုနှံ့ထဲတွင် နှိုက်ယူကြသည်၊ ဝဲကျွန်းရပ်တွင် လည်ပင်း၌ အလုံးကလေးရှိသော ဆော်ဒါပုလင်းကို ထားဝယ်အခေါ် ပလောင်းသားဆို့ဟု ခေါ်ဆိုကြသည်။ ထပ်မံပြောစေလိုသည့်အတွက် "ရှံ့" ဟု ဆိုလာသည်။

လောင်းလုံဘက်မှ အနောက်သဗျား၊ အရှေ့တောလမ်းမှ သဗျာရွာသူရွာသားများသည် ဆိုင်းဝိုင်းပွဲကြိုက်လွန်း၍ အမှုကိစ္စတိုင်းတွင် ဆိုင်းဝိုင်း။ ပတ်မများ

သုံးတတ်ကြသည်။ ထပ်မံပြောစေလိုသည့် အတွက် "ရှ" ဟု ဆိုလာသည်။

ယုံနိုင်စရာစကား မဟုတ်သည့်အတွက် ပင်လယ်ထဲသွားပြီး မြကာလျက် မိမိတစ်ဦးတည်းသွားပြောနေပါ။ ထပ်မံပြောစေလိုသည့်အတွက် "ရှ" ဟု ဆိုလာသည်။

ချစ်ရသောအချစ်တုံးကြီး ခံဝင်းဒပ်ရပ်မှ အချစ်တုံးကြီးသည် ဘုရားရှစ်မြောင့်အနီးအနား တစ်ဝိုက်တွင် ရှိသည်။ ထပ်မံပြောစေလိုသည့်အတွက် "ရှ" ဟု ဆိုလာသည်။

ကနက်သီရိရွာတွင်ငါးပိလုပ်သည်။ ကျွဲမင်း ကုန်းရွာတွင် ဆားချက်ပြီး၊ မင်းဒပ်ရွာတွင် ဟင်းခပ်နေကြသည်။ အလွန့်အလွန် လှသောသူများသည် ရင်နှင့် ကမြိုင်ရွာများမှ ဖြစ်သည်။ ထပ်မံပြောစေလိုသည့်အတွက် "ရှ" ဟု ဆိုလာသည်။

"ထားဝယ်စကားဖိုစကားမများ"

● စမောင်ကြည်ဝင်း (ထားဝယ်)

မြန်မာစကားတွင် "ယီးတီးယားတား၊ ဝိုးတိုး ဝါးတား၊ ကွက်တီကွက်ကြား၊ ယုတ္တိယုတ္တာ၊ ဟုတ်တိ ပတ်တိ၊ လျှောရို လျှောရဲ တော့တီတော့တာ၊ ကွေ့တိ ကွေ့ကောက်၊ ယောင်တိ ယောင်တောင်၊ ယောင်တိ ယောင်တာ၊ တွတ်တီး တွတ်တာ၊ တောက်တီး တောက်တဲ့၊ ယိုးတိုးရိုပ်တိပ်၊ နှိုးတိုးရွတာ၊ နှိုးတိုး ရှန့်တန့်" စသောစကားလုံးများ အများအပြားရှိ ပါသည်။

ဥပမာ-"အားနာပါးနာ"ဆိုသော စကားတစ်လုံးကိုလေ့လာကြည့်လျှင် - "အားနာပါးနာ" တွင် "အားနာ" တွဲလုံးကို "ပါးနာ"တွဲလုံးနှင့် နှစ်ခု တွဲဖက်ထားပါသည်။

"အားနာ"မှာ စကားရင်းဖြစ်၍ "ပါးနာ"မှာ စကားရံဖြစ်သည်။ တစ်နည်းအားဖြင့် "အားနာ"မှာ စကားဖိုဖြစ်၍ "ပါးနာ"မှာ စကားမဖြစ်သည်။ (ပါးနာတွင် ထူးခြားသော အဓိပ္ပာယ်မရှိပါ။)

သို့ဖြစ်၍စကားဖိုသည် "စကားရင်း"ဖြစ်၍ စကားမသည် "စကားရံ" ဖြစ်ကြောင်း သိသာနိုင်ပါသည်။

ထိုကဲ့သို့မြန်မာတို့သည်စကားဖို စကားမတွဲလုံးများဖြင့် "နားလည်ပါးလည်"၊ "ဟုတ်တိ ပတ်တိ" စသည်ဖြင့် ပြောဆိုကြရာမှာ "အားရှိ အားရ အားကျ"တို့ကိုလည်း "အားရှိပါးရှိ"၊ "အားရပါးရ"၊"အားကျပါးကျ"ဟူ၍ ပြောဆိုကြသေးသည်။

တစ်ခါတစ်ရံ "အားနာပါးနာ"ကို "အားပါးနာ"၊ "အားမနာပါးမနာ" ကို "အားပါးမနာ"၊ "အားရ ပါးရ" ကို "အားပါး တရ" ဟုလည်း ပြောင်းလဲ သုံးစွဲ တတ်ကြပါသည်။

စကားဖို စကားမများကို သုံးခြင်းဖြင့် ဝါကျအထား အသိုပြေပြစ်လာပါသည်။ ကျစ်လျစ် သိပ်သည်းလာပါသည်။ ဝေါဟာရ အဆင့်အတန်း မြင့်မားလာပါသည်။ ထို့ကြောင့်

စကားဖို၊ စကားမ များကို တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြခြင်းဖြစ်ပါသည်။

စကားဖို၊ စကားမများကို အပြောအဆိုနှင့် အရေးအသားတို့တွင် သုံးခြင်းဖြင့် ပြေပြစ် ချောမော လှပစေနိုင်သော အဆင်တန်ဆာတစ်မျိုးဟုလည်း ယူဆနိုင်ပါသည်။

ထိုသို့ စကားဖို၊ စကားမများကို ထားဝယ် စကားများတွင်လည်း တွေ့ရှိရပါသည်။

ထားဝယ်စကားဖို၊မများကို အဓိပ္ပာယ်ဖော်ရာတွင် မြန်မာစကားနှင့် အနီးစပ်ဆုံး၊ အဖြစ် နိုင်ဆုံး၊ အသင့်မြတ်ဆုံး အဓိပ္ပာယ်သက်ရောက်သော မြန်မာစကားပြန်ဆိုချက်များကို သုံးစွဲထားပါသည်။

"စကားဖို စကားမအစွယ်ဝင်" ထားဝယ် စကားလုံး အချို့မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

ထားဝယ်		မြန်မာပြန်
၁။ ကျင့်မဲ့ ကျင့်မဲ့	=	အကျင့်ဖြစ်သွားစေသည်
၂။ ကဝတ်စေ် ကဝတ်စေ်	=	ကြွက်ကြွက်စီ၊ ကြွက်ကြွက်ဆူ၊ ကြွက်ကြွက်ည်
၃။ ချစ်ခတ် ချစ်ခတ်	=	ကြိုကြား၊ ကြိုကြား
၄။ စစ်ကွ (ကလ) စစ်ကွ (ကလ)	=	လက်သေတ်တော့
၅။ ဓောက်စေ် ဓောက်စေ်	=	သူတစ်ပွက် ငါတစ်ပွက် ဆူညံစွာမနားတမ်းပြောသည်။
၆။ စစ်စစ်လစ်လစ်	=	(၁) ကြည်လင်သည်(ဒီနေ့ လမင်းကြီးစစ်စစ်လစ်လစ် သာလိုက်တာ) (၂) သန့်ရှင်းစင်ကြယ်သည် (ဒီ စားရော စစ်စစ် လစ်လစ်ပါပဲ)
၇။ ဆီဖျော့ဆီဖျော့	=	တဖြည်းဖြည်း
၈။ ဖင်းကော(ကလောန်) ဖင်းကော(ကလောန်)	=	လတ်လျား လတ်လျား
၉။ တောင်တေး တောင်တေး	=	တဖြည်းဖြည်း
၁၀။ တေ့တေ့မတေ့	=	မတင့်တတင်၊ မကျတကျ၊ မတင်မကျ
၁၁။ တစ်တစ်မတစ်	=	မတင့်တတင်၊ မကျတကျ၊ မတင်မကျ
၁၂။ တတ်က တတ်က	=	မတတ်တတတ်၊ တတ်ယောင်ကား
၁၃။ ထောက်ထောက် ရှောက် ရှောက်	=	ရှုပ်ရှုပ် ရှက်ရှက်၊ (ထုပ်ထုပ်ရှုပ်ရှုပ်)
၁၄။ ခွတ်လွတ်ခွတ်လွတ်	=	တရွတ်တိုက်
၁၅။ ဖပ်(ဖလပ်)စပ် ဖပ်(ဖလပ်)စပ်	=	ဟိုစပ်စပ်၊ ဒီစပ်စပ်
၁၆။ ပြစ်ကော်ပြစ်ကော်	=	အပျက် အပျက်နဲ့
၁၇။ ပေါင်းစင်းပေါင်းစင်း	=	ပိုးလိုးပက်လက်
၁၈။ ဖျာသိ ဖျာသိ	=	ဘာဘာ ညာညာ
၁၉။ မှတ်မှတ်သိသိ	=	မှတ်မှတ်ရရ
၂၀။ ရှုံ့ရှုံ့ ခဲခဲ	=	တွဲရရွဲ၊ ဖိုသီဖတ်သီ၊ ရှုံ့တိရှုံ့တဲ
၂၁။ သောင်သောင်ကြောင်ကြောင်	=	သေသေသပ်သပ်

ဤသို့ထားဝယ်စကားဖို စကားမအစွယ်ဝင် စကားလုံး အချို့ကို တွေ့ရပြီး၊ ထားဝယ် စကားဖိုစကားမ စစ်စစ် စကားလုံးများကိုလည်း တစ်ဖက်ပါ အတိုင်း တွေ့ရှိရပါသည်၊

ထားဝယ်		မြန်မာပြန်
၁။ ကန့်လီကန့်လန့်	=	ကိုးလိုး ကန့်လန့်
၂။ ကလိုးထိုး ကလန်းထန်း	=	အကြမ်းပတမ်း
၃။ ကော့လီကော့လတ်	=	ကောက်လိမ်၊ ကောက်ကွေး
၄။ ကေ့သော့ ကေ့သာ	=	ကြည့်ကောင်းရုံ (ရွက်ကြမ်းရေကျို)
၅။ ခေါ်မိ ခေါ်ပလန်	=	ခေါက်တုံ့ ခေါက် ပြန်
၆။ ဂွလီဂွလန့်	=	ခွစာခွလုပ်သည်၊ ထော်လော် ကန့်လန့် လုပ်သည်၊
၇။ ဂျီလေး ဂျာလေး	=	အင်တင်တင်လုပ်သည်။
၈။ ငေါတီ ငေါတော့	=	ငေါက်တောက်
၉။ စတ်မိ လတ်မိ	=	နိမိတ်ပတ် ပြောဆိုသည်
၁၀။ စီဖြေ ရာဖြေ	=	စိမ်ပြေ နပြေ
၁၁။ ဆူသီဆသိ	=	အလွန်အမင်း
၁၂။ တွတ်တီတွတ်တပ်	=	တွတ်တီး တွတ်တာ
၁၃။ တပေါင်ဂီးခေလောင်းဂီး	=	တစ်ပုံ တစ်ပင်ကြီး

၁၄။ ဒွဲ့လီ ဒွဲ့လဲ = တွဲရရွဲ

၁၅။ နေ့ဆစ်နေ့ခါ (နှစ်ဆက်နှစ်ခါ) = ဘယ်တော့မှ

၁၆။ ပါချို ပါချစ် = ဟိုနှံ့ ဒီနှံ့ (တစ်ဝက်တစ်ပျက်၊ မပြီးမစီး ဆုံးခန်းတိုင်မရောက်)

၁၇။ ပလန်ဒိပလန်ဆော = ကပြောင်း ကပြန်

၁၈။ ဖေါ့ဖတ်ဆီဆတ် = အလျင်အမြန်

၁၉။ ဖွတ်ရှို ဖွတ်ရှား = ပျာယီး ပျာယာ

၂၀။ ဖွတ်ရှို ဖွတ်ရှုပ် = သေသပ်မှုမရှိ

၂၁။ ဖယ်လီ ဖယ်လန်း = ကောက်ကောက်ကွေ့ကွေ့

၂၂။ ဖလာလီ ဖလာကန်း = (၁) လူးလိမ့်၍ တင်ခြင်း၊ (ရေထဲမှာဖလာလီ ဖလာကန်း ပါသွားတယ်) (၂)ရေလှိုက်ငါးလိုက် မဟုတ် (ဖလာ= ဒီလာ၊ လီ= လိပ်သည်၊ ကန်း= တင်သည်)

၂၃။ ဓေါင်လောင်းဇန်းလောင်း= တစ်ပုံ တစ်ခေါင်း

၂၄။ ဗျားဇီး ဗျားလော် =ကမန်းကတန်းအလျင်စလို

၂၅။ ဘောက်ဆိဘောက်ဆာ = ဘာဘာညာညာ၊ ဘာညာကွိကွ

၂၆။ ဘောရှို ဘောရှော် = နမော်နမဲ့

၂၇။ မလိုကီး မလိုငယ် = လုံးဝ မလိုချင်

၂၈။ ရွှပ်တီ ရွှပ်တွတ် = ရွှတ်တွတ်တွတ်

၂၉။ ရေးတတ်ရာတတ် = ရေးကြီး ခွင်ကျယ်

၃၀။ ရီးတီး ရော်တော် = တောင်လိုလို၊ မြောက် လိုလို၊ ယီးတီးယားတား

၃၁။ ရွှတ်မိရွှတ်တန် = ကပျာကယာ

၃၂။ ရစိမိစိ = ရသမျှ

၃၃။ ရွှတ်ရွှတဲ = တွဲရရွဲ

၃၄။ လတ်မိလတ်ပလန် = လက်ပြန်

၃၅။ လူညော် သူညော် = လူရာဝင်သည်။

၃၆။ လွှတ်မိ လွှတ်သပ် = အလွန်အမင်း၊ စိတ်လိုက်မာန်ပါ၊ အလွန် အကျွံ

၃၇။ ဝီလောင်းခလောန်းလောင်း = အများကြီး (ဝီလုံး ချောင်းလုံး) = (တစ်ဝီလုံးမှာ ငှက်ကို တင်စားသည်။တစ်ချောင်းလုံး မှာငါးကို တင်စားသည်။)

၃၈။ သောဂေါ ရောဂေါ = သောင်းပြောင်း ထွေလာ

၃၉။ အစ်တီအစ်တစ် = အင်တင်တင်

၄၀။ အောလီအောလတ် = ပြူးကလူး၊ ပြာကလာ (မျက်လုံးပြူး၊ မျက်ဆန်ပြူး)

၄၁။ အိုးခွဲ အန်ခွဲ = အဝအပြဲ အလွန်အကြူး၊ (အိုးကွဲသည် အထိ)

ဤသို့သော ထားဝယ် စကားစုံ၊ စကားမျိုးများကို ထားဝယ်စကားများတွင် ထည့်သုံးခြင်းဖြင့်ထားဝယ် စကားကို လှပလာစေရန်၊ တစ်နည်းတစ်ဖုံ အဆင်တန်ဆာဆင်ပေးလိုက်ခြင်းဖြစ်သည်- ဟု ယူဆ မိပါကြောင်း တင်ပြလိုက်ပါသည်။



ထားဝယ်စကားဖွင့်ဆိုမှု နှင့် အသံဖလှယ်ရာတွင်

ရွှေဝယ်သောင်းညွန့်

စာရေးဆရာအချို့တို့၏ ထားဝယ်ဒေသအပေါ် စေတနာအပြည့်အဝဖြင့် ထားဝယ်ဂုဏ်တင် ရေးသားတင်ပြသည့် ကဗျာ၊ ဆောင်းပါးတို့တွင် ထားဝယ်စကားသံအဖွင့်လည်း ရံခါပါတတ်သည်။ထားဝယ်အပေါ်ထားရှိသော စာရေးဆရာများ၏စေတနာကား လေးစားဖွယ်ကောင်းလှ၏။ သို့ရာတွင် အရင်းခံစေတနာ အရာမထင်ဖြစ်မသွားအောင်ကား သတိထားသင့်လှသည်။ ထားဝယ်စကားအသံထွက်ကို ထားဝယ်သံအရှင်းရှင်းလည်းကောင်း၊ မြန်မာအသံနှင့်လည်းကောင်းဖလှယ်ခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုခြင်းတို့၌ ကတိမ်းကပါး မဖြစ်ဖို့ အရေးအကြီးဆုံးအချက်ပင် ဖြစ်သည်။

ထားဝယ်ဂုဏ်တင် ကဗျာတစ်ပုဒ်တွင် ထားဝယ်ဒေသနှင့် ထိစပ်နေသောနယ်နိမိတ်များ၊ ထွက်ရှိသယံဇာတများ၊ ရေလုပ်ငန်းနှင့် ရေထွက်စားကုန်များ ဘာသာရေးအထွတ်အမြတ်ရှင်ကိုးရှင်ဘုရားများနှင့် ချစ်စဖွယ်စကားသံများကို (မြို့ထားဝယ် အယဉ်ပန်းကိုဖြင့်နမ်းမွှေးချင်သား)ဟုအဆုံးသတ်ဖော်ပြထား၏။

ထိုကဗျာတွင် (စားရှဉ်ရာ စားရော့ဗို့) (သွားရှဉ် ရာ သွားရော့ဗို့) ဟူသော ထားဝယ်စကားသံပြည့် ဖော်ပြချက်နှင့် နှစ်ခွန်းနှစ်ပါဒပါ၏။ ယင်းကိုမြန်မာအသံနှင့်ဖလှယ်၍ဖွင့်ဆိုရာတွင် (စားရှဉ်ရာ စားရော့ဗို = စားချင် ရာစားရအောင်)၊ (သွားရှဉ်ရာ သွားရော့ဗို = သွားချင်ရာ သွားရအောင်)ဟု တွေ့ရသည်။ အလေးအနက်ထား၍ အသံဖလှယ် လေ့သလားဟု သံသယဖြစ်မိ၏။ အမှန်ဖြစ်ရမည် က (စားယှင်ဓာ စားရော့ဗို့ = စားချင်ရာ စားကြစို့၊ သွား ယှင်ဓာ သွားရော့ဗို့ = သွားချင်ရာ သွားကြစို့) သာတည်း။

အများသုံး မြန်မာအသံအတိုင်း အသံ ပြောင်းမည်ဆိုလျှင် (စားဂျင်ဇယာစားဂျစို့ – သွား ဂျင်ဇယာ သွားဂျစို့) ဟု ထွက်မည် အမှန်ဖြစ်၏။

တနင့်စကား၌ စာ့ကား သိသင့်ရာကို ဖြစ်စေ၊ ပြောလိုရာကိုဖြစ်စေ၊ ထင်စေသော ကစ္စည်းဖြစ်၍ စကားမှာမူ ဖြစ်ပျက်အစဉ်နှင့် အသံဖြစ်လေရာ စာဖတ်သံ စကားပြောသံတို့သည် အသံဖြစ်စေမှု အထောက်အကူပြုမှု၊ အားထုတ်မှုစသည်တို့အရ အပြောင်းအလဲရှိတတ်သည်မှာ သဘာဝတစ်ရပ်ဖြစ်လေသည်။

စားချင်–သွားချင်၌ 'ချင်'သည် မြန်မာအများသုံးအသံ 'ဂျင်'ဟု ထွက်သည့်နေရာတွင် ထားဝယ်ကမူ 'ယှင်' သံပြောင်းထွက်သည်၊ 'ချင်' ကိုခွဲလျှင် (ခ+ယ+င်) ဟု ရပြီး 'ခ'ကိုတစ်ဖန် ပြန်ခွဲလျှင် (က+ဟ=ကှ =ခ) ဖြစ် သွားသည်။ က နှင့် ဟ ပေါင်းစပ်၍ အမြန်ဖတ်ကြည့် အသံထွက်ကြည့်လျှင် သိသာပေလိမ့်မည်၊ ထားဝယ်မှ 'က' မပြောင်းသော 'ဂ'သံကို ချေဖျက်၍ 'ဟ'ကိုသာ ယူလျက် အသံထွက်ခြင်းဖြစ်ရာ 'ဟ'သံမပါ မြန်မာအများသုံး(ဂ+ယ+င်=ဂျင်) အစား (ဟ+ယ+င်= ယှင်) ဖြစ်သွားရ၏။

တစ်ဖန်စားကြစို့ 'ကြ'ကို 'က'ချည်းသံရော ရရစ်သံကိုပါ ပြောင်း၍ 'ဂျ'ဟု အများသုံးပြောင်းပုံ မျိုး ထပ်တူ မဟုတ်မူ၍ 'က'မှ'ဂ'သံ ပြောင်းပုံမူသာတူသည်။ အရစ်သံရော အပင့်သံကိုပါ မပါစေဘဲ 'ဂ'အသံ မူကိုသာယူပြီး အမြစ်သံဖြင့် 'ရော့'ဟု ထားဝယ်အသံထွက်ခြင်းဖြစ်၏။ ထို့ကြောင့် (စားဂျစို့) နေရာတွင် (စားရော့ဗို့) ဖြစ်သွားသော ထားဝယ်အသံပြောင်းပုံသည် တစ်မူတစ်နည်း ဖြစ်ပြီး ဒေသအလိုက် အသံပြောင်းကွဲ သွားရသည်ဟု ဆိုရန်မှာအပ

အခြား ဆိုဖွယ်ရာမရှိချေ၊ 'ခ' မှ 'ဂ'သို့ အပြောင်း မရှိလှဘဲ 'က' မှသာ'ဂ'သို့ ပြောင်းကြောင်း ထားဝယ်အသံ၌ ဖော်ဆောင်နေသည် ဟု ဆိုရန်သာ ရှိတော့၏။

ကဗျာဆရာ၏ အသံဖလှယ်ထားမှု၌ (စား ချင်ရာ= စားရှဉ်ရာ)ဟု ဖော်ပြထားသေး၏။ 'ချင်'သည် ယပင့် ဖြစ်ရာ 'ရ'အစား 'ယ' အသံနှင့်သာ ဖြစ်သင့်သည်။ ဤသို့မဟုတ်ဘဲ ရှဉယ်သတ် 'ရှဉ်'ဟုဖလှယ် ထားခြင်းကား ကတိမ်းကပါးဖြစ်မှု ပို၍ထင်ရှားသွားလေသည်။ ဥယ်သတ် အသံနှင့် ' င' သတ် အသံမှာတူသော်လည်း ဈည်း၌ ယှဉ်တွဲသောအခါအဓိပ္ပာယ် သီးခြားစီဖြစ်သွားသည်၊ 'ရှဉ်' ဟု ဖလှယ်လျှင် 'ယ' အသံ မဟုတ်သည့်အပြင် = အရသာ'ချဉ်'မှ ပြောင်းသံ ဖြစ်သွားမည်ကို သတိရှိ သင့်သည်၊ 'ရှဉ်' သည် 'ချဉ်'မှ ပြောင်းသံ ဖြစ်ပြီးအနက် အဓိပ္ပာယ်ပိုင်းအားဖြင့် ကဗျာ၏ဆိုလိုရင်းနှင့် ပတ်သက်မှု ရှိသည်ဟု လုံးဝမဆိုနိုင်တော့ချေ။

စားချင်ရာ –'ရာ'၌ဖြစ်သင့်သော ထားဝယ်သံ 'စရာ' မှပြောင်း 'ဓာ'ဖြစ်ရသည်မှာကား အသံဝက်ကို သုံးလေ့နည်းပါး လှခြင်းကြောင့် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။ 'စရာ'မှ 'စ'သည် အသံထွက်ရာ၌အသံပြည့် မဟုတ်ချေ၊ ထားဝယ်တွင် ယင်းသို့သော အသံဝက် 'စ'မျိုးကို အသံအဖြစ် မယူတော့ဘဲ ရှေ့'ရာ'မှ 'ရ'ကို ဖြုတ်၍ ကျန်သောအသို့ 'စ'မှပြောင်းသံ 'ဓ'ကို ကပ်လိုက်သောအခါ 'ဓာ'ဖြစ် သွားရလေသည်။

ဖြစ်သင့်သော 'စားချင်စရာ စားကြစို့'ဟု ဆိုရမည့်နေရာ၌ 'စားချင်ရာစားရအောင်' ဟု ဖွင့်ဆိုထားခြင်းမှာလည်း လမ်းမှန်ပေါ်မှ ချော်ကျသည်နှင့်သာ တူနေတော့သည်၊ တစ်ဖန် 'စားရအောင်' ဆိုထားသည်ကို သုံးသပ်ရလျှင်'စားရအောင်' သည်တစ်ဦးတစ်ယောက်ကိုသာ ရည်ညွှန်း၍ 'စားကြစို့'မှသာ အများကို ညွှန်းရာရောက်၏။

"စားချင်ရာစားကြစို့"ကို အဓိပ္ပာယ်ပိုင်းဖြင့်ကြည့်မည် ဆိုလျှင်လည်း စားချင်ရာစားပါက ဝင်ချင်ရာဝင်ပြီး သွားချင်ရာ သွားပါကလည်း ရောက်ချင်ရာ ရောက်ပေလိမ့်မည်။

"စားချင်ရာ"ကို စားလိုသည့်အစာ – စားချင်ဖွယ် အစာ၊ "သွားချင်ရာ"ကို သွားလိုသည့် နေရာ–ရောက်ချင်ဖွယ် နေရာဟုဖွင့်လျှင် တိုက်ရိုက်ညီမျှသော ဆန္ဒစေတနာအတိုင်း ပြည့်ဝသော အဖွင့် မဖြစ်နိုင်ချေ။

ထို့ကြောင့် ထားဝယ်အသံအရ "စားယှင်ဓာ စားရောစို့၊ သွားယှင်ဓာသွားရောစို့" ဆိုမှ "စားချင်ရာ စားကြစို့၊ သွားချင်စရာသွားကြစို့"ဟု ရသင့်၊ ရှိသင့်သည့်အဓိပ္ပာယ် ထွက်လာမည်ဖြစ်သည်။ ထိုသို့ မဟုတ်ဘဲ (စားရှဉ်ရာစားရောစို့ = စားချင်ရာ စားရအောင်၊ သွားရှဉ်ရာ သွားရောစို့ = သွားချင်ရာသွားရအောင်)ဟု ဖွင့်ပြထားရာ အသံပိုင်းရော၊ အဓိပ္ပာယ်ပိုင်းပါ ကတိမ်း ကပါးဖြစ်သွားရလေ၏။

ထားဝယ်သို့ ရောက်သူဧည့်သည်များ စားချင်ရာ စား၍ဝင်ချင်ရာဝင်ပြီး – သွားချင်ရာသွား၍ ရောက်ချင်ရာရောက် ဟု အဓိပ္ပာယ်ပေါ်သည်အထိ ဖြစ်သွားနိုင်သည်၊ ရောက်လာသူ ဧည့်သည်များအပေါ် ထားဝယ်သူထားဝယ်သားများက အရေးတယူအလေးမမူ ဂရုမစိုက် နိုင်လွန်းသည်ဟု ထင်ရလောက်အောင် ထားဝယ်စကားအသံရကို အကောက်လွဲ အထင်မှား ဖြစ်စေနိုင်သဖြင့် ကဗျာဖွဲ့သူ၏စေတနာအမှန် ငုပ်လျှိုးသွားသည်ဟု ဆိုရပေလိမ့်မည်။

ဤကား ထားဝယ်အပေါ် စေတနာထားရှိသော စာရေးဆရာအချို့၏ ထားဝယ်စကားအသံနှင့်အဓိပ္ပာယ် အဖွင့်တို့၌ စေတနာမှ ဝေဒနာဖြစ်ရသော သဘောကို သတိရှိရမည့် အချက်ဖြစ်လေသည်၊

ထို့ပြင်ထားဝယ်ကိုအမွှမ်းတင်သော ဆောင်းပါး အချို့၌လည်း ထားဝယ်စကားအသံနှင့် အများသုံးမြန်မာအသံ ဖလှယ်မှုအချို့တို့ကို တွေ့ရသေး၏။

"ကောက်ညှင်းကျည်တောက်ကြီး"ကို "ကလယ် မောကီး"ဟု ထားဝယ်အသံဖြင့် ဖလှယ်ထားသည်၌ တစ်မျိုးတစ်မည်ဖြစ်နေသည်။

ကောက်ညှင်းကျည်တောက်ကို မြန်မာ အဘိဓာန်တွင် ခဲလံကျည်တောက်/ ခဲလန်ကျီခေါက်/ န–ကောက်ညှင်း ကျည်တောက်။ (ရှမ်းခေါက်လမ် +မြန်ကျည်တောက်)ဟုဖွင့်ပြသည်။ ကောက်ညှင်းကျည်တောက်ကို ထားဝယ်တွင် "ကွယ်ပေါင်း"ဟု သုံးနှုန်းခေါ်တွင်၏။ ကွယ် ရှေ့သည် ကျည်ဖြစ်သွား ခြင်းမျှသာတည်း၊ "ကွယ်" လဆွဲသံမျိုးသည် ပုဂံခေတ် ကျောက်စာများ၌ အထင်အရှားရှိ၏။ ထို လဆွဲသံမျိုး ထားဝယ်မှာ ကြာမြင့်စွာထိန်းသိမ်းထားသည့်ပင်ဖြစ်၏။

ကောက်ညှင်းဆန်ကို ဝါးကျည်ထဲထည့်၍ မီးတင်

ပေါင်းခြင်းကို ခွဲကာ– "ကျည်ပေါင်း"ဟု ထားဝယ်က ကျစ်ကျစ်လျစ်လျစ်သုံး၏။'ပေါင်း' အသံသည် ဧ–ာ နောင် သေတ် ဝစ္စ နှစ်လုံးပေါက် ဖြစ်သည်။ ထားဝယ်တွင် ဧ–ာ နောင် သေတ်မှန်သမျှ ဧ–ာ နောင်နသတ်အသံသို့ ပြောင်းထွက်၏။ ထားဝယ်အသံရ "ကွယ် ပေါန်း" မှ "ပေါန်း" အသံသည် "ကွယ်" နှင့်ဆက်ထားရာ'မ'အသံဖက်သို့ ယိမ်းပြီး'ကွယ်မောန်း' ဖြစ်သွားရ၏။ ယင်းကိုပင်"ကလယ်မော" ဟုမှင့်ခြင်းမှာ 'ပေါင်း' အဓိပ္ပာယ် မရှိတော့ချေ။

ဧ–ာသ်မှဧ–ာန်အသံပြောင်းလေ့ ထားဝယ်တွင်ထင်ရှား၏။ ဧ–ာန်အသံသည် မြန်မာတွင်မရှိဘဲ ပါဠိ ဘာသာတွင်ကား ရှိနေ၏။

ကရောန္တိ = ကရောန်တိ၊ ဘောဇ္ဈော = ဘောန် တော၊ ယောန္တု=ယောန်တု စသဖြင့် ဖြစ်သည်။ ထို ဧ–ာန် အသံမျိုးအနေအထားကိုမလိုက်ဘဲ ထားဝယ် က ဧ–ာင် သတ်မှန်သမျှ ဧ–ာန် သတ်ချည်းပြောင်း ထွက်သည်ဆိုနိုင်လေသည်။ မြန်မာတွင်မရှိသော ဧ–ာန်အသံကို ထားဝယ်ကသုံးနေခြင်းမှာ စကားသံအသွင်တစ်မျိုးဖြစ်သည်–ဟုဆိုရပေလိမ့်မည်၊ ထိုအသံမျိုး ပါသော ရှင်တောင့်ပုံ ကို ရှင်တောပေါင်၊ ညောင်ပင်ကို ညော်ပန်၊ အိမ်တစ်ဆောင်ကို အိတာဆွောင်၊ မောင်းမကန် ကို မောမကန် စသည်ဖြင့် ဖလှယ်ပြထားသည်ကိုလည်းတွေ့ရ၏။ တောင်း၊ ညောင်၊ ဆောင်၊ မောင်းတို့ကား ထားဝယ်အသံ တောန်း၊ ညောန်၊ ဆောန်၊ မောန်း ဟု တိကျစွာ ရသည်။ ဧ–ာန် အသံသည် ဧ–ာ် အသံနှင့် ဒွန် အသံကြားတွင်ကျနေသဖြင့် နားကြားနှင့် နီးစပ်ဆုံးသော ဧ–ား ဧ–ာ် အသံဖြင့် တော၊ ညော်၊ မော ဟု ဖလှယ်လိုက်သည်မှာ သင့်သေးသည်ဟုဆိုရမည်ဖြစ်သော်လည်း– ဆောင်ကို ဆွောင်ဟု ဖလှယ်ခြင်းကား နားဖြင့် အကြားကို ယူရာ၌ ချော်သွားသည်ဟု ဆိုနိုင်၏။

ညောင်ပင်ကိုညော်ပန်ဟုဖလှယ်ထားချက် တစ်ခု၌ကား ထားဝယ်စကားအသံသည် ဧ–ာင် ကို ဧ–ာန် သံမျှ သာမက ဗျည်းသက်သက် –င်၌ လည်း –န် အသံပြောင်းပုံကို သိနိုင်သည်။ ကင် ကိုကန်၊ တင် ကို တန်၊ ပင် ကို ပန်၊ လင် ကို လန်၊ သင် ကို သန်၊ အင်ကို အန် စသည်ဖြင့်ဖြစ်သည်။ သို့ဆို သဖြင့် –င် အသံ မရှိကားမဟုတ်ချေ၊ စ၊ ဆ၊ ဇ၊ ည၊ ယ၊ ရ တို့၌ကား – စင်၊ ဆင်၊ ဇင်၊ ညင်၊ ယင်၊ ရင် စသည်ဖြင့် –င် သံ အတိုင်း ပင်ထွက်ရှိ လေသည်။ အသံဖြစ်ရာ အရပ်နှင့် ဖြစ်ဟန်ကိုလိုက်၍ ယင်းသို့သော (င သတ်) –င် အသံ ရပုံ–မရပုံ ထူးခြားသည်ဟု ဆိုရပေလိမ့်မည်၊

ထားဝယ် စကားအခြင်းအရာကို မသိသဖြင့် အဓိပ္ပာယ်မှင့်ရာ၌လည်းကောင်းအသံဖလှယ်ရာ၌လည်းကောင်း ကွဲလွဲမှုများရှိတတ်ရာ၊ နားဖြင့် အလေ့အလာပြုရာ၌ လွယ်လွယ် ပေါ့ပေါ့ မယူသင့်ကြချေ။ ကြားဖိသည့်အတိုင်း ဖော်ပြသဖြင့်အပြစ်ဆိုဖွယ် မရှိသော်လည်း ဇော်ရှ မှတ်သားမှု အတွင်းသို့ လွဲမှားစွာ ဝင်ရောက်သွားမည်ကို သတိမူရာ၏။

တစ်ဖန် ဆောင်းပါးတစ်ပုဒ်၌ "တံတားဖြူလေး"ကို "ခါးဖျူသား" ဖလှယ်မှင့်ပြထားသည်ကိုတွေ့ရပြန်၏။ မြစ်၊ ချောင်း စသည်ကို ဖြတ်ကျော်၍ ဆောက်လုပ်ထားသော တံတား ကို ထားဝယ်က "ခါး" ဟု ခေါ်သည်မှာ မှန်၏။ မြစ်၊ ချောင်း၏ ဟိုမှာဖက် သည်မှာဖက် ခရီး အတို၊ အရှည် မညီမျှ၊ ညီမျှမမှန်းနိုင်သော်လည်း အလယ်ကျသည်ကို ယူ၍ ခါးလယ်– "ခါး" ဟု သုံးခြင်း ဖြစ်တန်ရာ၏။

ဤနေရာ၌ "ဖြူ"ကို"ဖရူ"ဟု အသံ ဖလှယ် ထားသည်ကို ညွှန်းလို၏၊ ထားဝယ်က အမှန်စင်စစ်"ဖျူ"ဟုသာအသံထွက်သုံးသည်။ အားထုတ်မှု ပိုရသော်လည်း ပုဂံခေတ်အသံများ၏ ကာ၊ ခွဲ ယပင့်သည့်တွင် လည်းကောင်း၊ ပ၊ ဖ၊မ ၌ ရရစ်သည့်တွင်လည်း ကောင်း၊ လဆွဲသံ မြဲသကဲ့သို့ ထားဝယ်တွင်လည်း မြဲနေခြင်းသာ ဖြစ်၏။ (ကျွား=ကွ္လား၊ ချ=ခ္လ) (မြန်=ပ္လန်၊ မြန့်=ဖ္လန့်၊ မြေ=မ္လေ) တို့ဖြစ်လေသည်။ သို့ရာတွင် ပင့်၊ ရစ်သံ အားလုံးတို့၌ လဆွဲသံပါသည် မဟုတ်ဘဲ ပုဂံ ကျောက်စာဝင်– "လ"ဆွဲသည်မျှသာဖြစ်ပုံရ၏။

လွန်ကျူး၊ ရှာလယ်၊ ပြေပြစ်၊ ရေဖြန်း၊ မြူးပျော် စသည်တို့၌ကား 'လ' မဆွဲချေ၊ ဖြူကို ဖရူ ဟု– 'ရ' ကောက်သံထွက်ခြင်းမျိုးကား ရခိုင်တွင် မြဲ သည်ဟု သိရ သည်။ ရာသ၊ ရာဂ၊ ရာရှင်၊ ရေဒီယို၊ ပရိဘောဂစသော မြန်မာဝေါဟာရစစ်စစ်မဟုတ် သည်တို့၌ "ရ"ကို လျှာလိပ်သံဖြင့် ထွက်ရိုးရှိသည်။ "ဖြူ" ကို "ဖရူ"ဟု ထားဝယ်အသံ တွင် မရှိပုံကား ထင်ရှားစေ၏။ "တံတားဖြူလေး" ကို ထားဝယ်က "ခါးဖျူသား"ဟု ဖလှယ်မှမှန်ပေလိမ့်မည်။ထားဝယ်သုံး 'သား'မှာအများသုံး 'လေး'နှင့်တူညီ၏။

ဤနေရာ၌ "လေး"ကို အများသုံးအရ ယူသော် အရာအားလျော်စွာအများမှ အနည်းဘက်သို့– အကြီးမှအသေးဖက်သို့ဖြစ်စေ– အပြန်အားဖြင့် အနည်းမှအများဘက်သို့– အသေးမှ အကြီးဘက်သို့ဖြစ်စေ အလေးပေးလိုလျှင် အဖြည့်သဘော ထပ်ဆောင်းသော စကားအဖြစ်သုံးသည်ဟု ဆိုရလိမ့်မည်ထင်

သည်။ မြန်မာအများသုံးတွင်–ငယ်သော အရင်းခံအခြေအနေမှ ကြီးလိုလျှင် အလွန်ကြီးကြီးမားမားစသကဲ့သို့ ရောက်မသွားအောင် "ကြီးကြီးလေး"၊ ငယ်စေလိုလျှင် "ငယ်ငယ်လေး" တို့ထက်သေး ငယ်စေလိုလျှင် "သေးသေးလေး"စသည်ဖြင့်သုံးမည်ဖြစ်၏။ ထို နည်းတူ အများအနည်း၌လည်း "များများလေး" "နည်းနည်းလေး" ဟု "လေး"ကို ဖြည့်သုံးမည်သာတည်း။

စင်စစ်"လေး"သည် ငယ်သော၊ သေးသော၊ နည်းသော၊ လျော့သောစသကဲ့သို့ သာသာထိုးထိုး ဖြည့်စွမ်းသည်။

ထားဝယ်တွင်မူ ထို"လေး"အစား 'သား'ကို သံပြင်းအဖြစ်'သွား'ဟုသာသုံးသည်။ (ကြီးကြီးသား = ကီးကီးသွား) (ငယ်ငယ်သား = ငယ်း(ငဲ)ငယ် သား) (များများသွား၊ နဲနဲသွား) စသည်ဖြင့်သာ သုံးနှုန်းလေ့ ရှိ၏။ (ငယ်ငယ်သားကို ငယ်း(ငဲ) ငယ်သား)ဟု သုံးခြင်းမှာ ဝစ္စနစ်လုံးပေါက်ခေါ် ဝိသဇ္ဇနီပေါ်သည့်သံပြေနစ်လုံးတွဲရှိလျှင် ရှေ့လုံးကို ဝစ္စနစ်လုံးပေါက် ထည့်သော အမြင့်သက်သံ – အလေးသက်သံအဖြစ် သုံးလေ့ရှိ။ အနေအထား အချိန်အဆ–ကွာကွာလေး ဆိုလျှင် (ကွာငွါသွား)၊ အရိုက်အနှက် နာနာလေးဆိုလျှင်(နားနာသွား)၊ အရောင်အဆင်း နီနီလေးဆိုလျှင် (နီးနီသွား)၊ အရသာငံငံလေးဆိုလျှင် (ငံးငံသွား) စသည်ဖြင့် ဖြစ်သည်မှာပုံမှန်ဖြစ်၏။ ထို့ကြောင့် သီးခြားအဓိပ္ပာယ်ဆောင်သော "လေး"မှအပ အဖြည့်"လေး"မျိုး ထားဝယ်တွင် လုံးဝမရှိချေ။

ဆောင်းပါးတစ်ပုဒ် တစ်နေရာ၌လည်း ပုတ်သင်ညိုကို "ဖွတ်သန်းစေးချော"ဟု ဖွင့်ထားသည်ကို တွေ့ရသေး၏။ အဓိပ္ပာယ်တစ်မျိုးဖြစ်သွား ပြန်လေသည်။

ဦးခေါင်းညိုတိုဖြီး ကိုယ်အရောင် ပြောင်းလဲတတ်၍ တွားသွားတတ်သည့် သတ္တဝါတစ်မျိုးကို ပုတ်သင်ညိုဟု သတ်မှတ်ခေါ်ဝေါ်သကဲ့သို့ ထားဝယ်ကမူ ယင်း ပုတ်သင်ညိုကို အနိမ့်ဖက်၊ အသေးဘက်၊ အယုတ်ဘက်သို့ပို့ကာ ဖွတ်သတ္တဝါပါသော တင်ကျွန်သည့် ချေးခြောက်မှုသာယူ၍ တင်စားသော ဥပစာနည်း အားဖြင့် "ဖွတ်တင် ချေးခြောက်" အသံထွက် "ဖွတ်တန် ရှူး ခြောတ်"ဟုခေါ်ခြင်းဖြစ်သည်။ "တန်"ကို"သန်း"ဟု ကြားသည် မှာနီးစပ်၏။ "ရှူး" ကားအား ထုတ်မှ ပိုလေရာ အားမထုတ်သူနှင့် ကလေးများ အစို့ကား'ချေး' ထွက်နိုင်သဖြင့် နားကြားအရ ဖော်ပြရာ၌ မကွဲလွဲလှ သော်လည်း အဓိပ္ပာယ်ပိုင်း ဗျူဟ် ရှင်းမြစ်ကား တစ်မျိုးတွေးစရာ ဖြစ်သွားရလေ၏။

ဝေါဟာရတစ်ခုကိုအတွင်းနှိုက်၍ အဓိပ္ပာယ် ဖွင့်နိုင်သမျှဖြစ်စေ၊ အသံချင်းဖလှယ်ရာတွင်ဖြစ်စေ လွတ်လပ်စွာတွေးခေါ်ခွင့်ကားရှိ၏။ သို့ရာတွင်မှန်ကန်ဖို့လို၏။ ဖွင့်ဆိုဖလှယ်မှု မဖုမထစ် ပြေပြစ်လျှင် အထူးပြောဖွယ်မရှိချေ။

ဆောင်းပါးတစ်ပုဒ်တွင် ယောကျ်ားဝတ် လုံချည်ကို ထားဝယ်၌"သားလောင်"ဟုခေါ်သည်။ မလေးဘာသာ *(Sarong)* 'ဆာရောင်'မှရွှေ့လျားလာသည်ဟုလည်း လွတ်လပ်စွာ တွေးခေါ်ဖလှယ်ထားသည်ကိုတွေ့ရ၏။ ထားဝယ်သို့ မလေးရှားလူမျိုးယခင်အခေါ် 'ပသျှူး' လူမျိုးများ ရောက်ဖူးသည့် အဆို ရှိငြား၏။ ချပ်ရကြီး အဖြစ်ကြာမြင့်စွာနေထိုင်သွားခဲ့ သလောဟူသော အဖြေကိုရှာလျှင်ကား မရေမရာသာ ရှိပေလိမ့် မည်။ ထို 'ဆာရောင်' တစ်လုံးတည်း အဘယ်ကြောင့် တင်ကျန် ရွှေ့လျောနေဘိသနည်း။ စဉ်းစားဖွယ်ဖြစ်၏။

မည်သို့ဖြစ်စေ ပုဆိုးလုံချည်ကို ထားဝယ်တွင် "သားလောင်"အသံထွက် "သားလောန်"ဟုခေါ်ခြင်းမှာ သူ့အဓိပ္ပာယ်နှင့်သူရှင်းနေသည်။ အသားကို လောင်ထားခြင်း မဟုတ်ပါလော၊ အခြား အခြားသော အင်္ကျီ တောင်းဘီ စသည့် အရာများလည်း အသားကို လောင်ထားသည် မဟုတ်လော ဟု ဆေဒကတက်ဖွယ်မရှိချေ။ လုံချည်သည် ခါးဝတ်ပုဆိုးဖြစ်သဖြင့် မပြောင်မြဲနေရ၏။ ထင်ဘီသည်မူ ရင်လျားချိန် ရင်လျားရသေး၏။

ထို့ထက် သားကိုဖြစ်စေနိုင်သည့် မမြင်အပ်သော အင်္ဂါကိုဖုံးကွယ်သည့်သဘောဖြင့် ယူနိုင်သေးသည်၊ ထို့ပြင် သားကဲ့သို့သော အမှတ်ဖြင့် လုံခြုံစိမ့်သောငှာ အင်္ဂါကို ဖုံးဖိလောင်ထားခြင်းဟု ယူကလည်းရနိုင်၏။ ထို့ကြောင့် "သားလောင်" "သားလောန်"ဟူသောအမည်သည်ထားဝယ်အခေါ်သူ့အဓိပ္ပာယ်ဆောင်သော မြန်မာဝေါဟာရတစ်ခုဖြစ်ကြောင်းလွတ်လပ်စွာတွေးခေါ်မိသည်။ ဤသည်တို့ကား တွေးခေါ်ဆင်ခြင်မိသမျှ ဉာဏ်မီသမျှတို့ကို မဝီသည်ချန်၍ အများထဲမှ ထုတ်နုတ်ကာဖွင့်မှုဖလှယ်မှု တင်ပြရခြင်း ဖြစ်၏။

ထားဝယ်စကား အဖွင့်ဖြစ်စေ၊ အသံဖလှယ် ရာတွင်ဖြစ်စေ၊ ကာတိမ်းကာပါး တိမ်းစောင်းသွားလျှင် ထိုဖွင့်ဆိုဖလှယ်သူတို့၏ စေတနာသည် ထားဝယ်အပေါ်ထားရှိသည့်အတိုင်း ဖြစ်မလာဘဲ ထားဝယ်စကားအဓိပ္ပာယ်ရ အသံရ တို့ကိုကောက်ချက် လွဲနိုင်ကြောင်း သတိပြုသင့်ကြပါသတည်း ။ ။

"ရှမ်းမလည်ဆွဲကုလားပွဲ" ကဗျာ နှင့် တွေးမိတွေးရာ

● ကိုသက် (ပိတောက်ရွာ)

ရှမ်းမလည်ဆွဲ၊ ကုလားပွဲ၊ မြို့ထဲစီလာ
လူမောတေက သောန်းဖြောန်းပါ။
လှဲမာလတ်ဆွဲ၊ နောန်မဲကဆို
နောန်ငိုတတ်က၊ လှဲထတ်ဖွ
ဇောန်းစ နွေစ ထွတ်တယ်ကား ။

နိုင်ငံကျော်ဟိုး၊ ဘုရားပုထိုး
ကျွောန်းတော်စယ်သည့် ရွှေပြည်စိုး
ရေရှိုးအမှန်၊ ခဝါလျှော်သူ
မျှော်တော်ကန်။

ပွန်ပြင်ထန်က နောန်လူချော
ကုလားပွဲမာ မနဲဘဲမော
ဆိုရှင်ကရှင် ဇောတငမ်းငမ်းတတ်
လတ်ကဆိုင်းလှဲ မနိုင့်တနိုင်န ယိုင်ယိုင်ဆွဲ
မွဲမွဲဆိုလိုတ် အပူတိုက်
ပတ်ရိုက်ကသွား နွားဖန်နား
ဒေါက်ဖျားနထော့ နွားတန်ကျွော့
မှော့ခေါင်ဝပ်လဲ သားလျောန် နေ့ခြမ်းကွဲ
ဆိုဝန်မား ။ ။

ဤကဗျာကို ငယ်စဉ်ကတည်းက မှတ်မှတ်ရရ ရှိခဲ့သည်။ ရှေးခေတ်ရွာအကြောင်းကို ထားဝယ် ဒေသိယစကားတို့ဖြင့် ရေးဖွဲ့ထားသည့်ကဗျာဖြစ်ခြင်း ကြောင့်ပို၍ စိတ်ဝင်စားခဲ့ရ၏။ "ရှမ်းမလည်ဆွဲ၊ ကုလားပွဲ" ဟု ကလေးဘဝက အခါခါ ရွတ်ဆိုခဲ့ဖူးသော်လည်း ကဗျာတစ်ပုဒ်လုံးကို အလွတ်မရခဲ့။ ကဗျာကြောင်းလည်းနားမလည်ခဲ့။ အထက်တန်းကျောင်းသား ဘဝရောက်ပါမှ ကဗျာပြဋ္ဌာန်း စာအုပ်တစ်အုပ်တွင် "ဟိန္ဒူနတ်ပွဲလှည့်လည်ပွဲ" ဟူသော ခေါင်းစဉ်ဖြင့် ပုံနှိပ်ဖော်ပြထားသည်ကို တွေ့ ရသည်။ ကဗျာရေးသူအမည်မပါ။ ထားဝယ်တေးဟုသာ ဖော်ပြထားပါသည်။

ကဗျာပါအကြောင်းအရာသည် ရှမ်းမလည်ဆွဲအရပ်မှ တောင်၍ မြို့တွင်းသို့ အပူဇော်ခံရန် ထွက်ခွာလာသော ဟိန္ဒူနတ်ပွဲ လှည့်လည်လာပုံကို အတီးအမှုတ်အကကအခုန်တို့ဖြင့် ‚ စည်စည် ကားကား ကျင်းပသည့်အကြောင်းပင်ဖြစ်သည်။ ကိုလိုနီခေတ် တွင် ထားဝယ်မြို့သို့ ကုလားမင်းများ အုပ်ချုပ်ခဲ့ကြစဉ်အချိန်က ကုလားထောင်ပိုင်တစ်ဦးပင့်ဆောင်လာသောဟိန္ဒူနတ်ရုပ်တုကို ထားဝယ်မြို့ ရှမ်းမလည်ဆွဲအရပ်ရှိ အာဇာနည်လမ်းနှင့် ဆေးရုံလမ်း ထောင့် ယခု ဟိန္ဒူဘုရားကျောင်း တည်ရှိရာနေရာတွင် ကိုးကွယ်ခဲ့ ကြကြောင်း၊ ယင်းမှတောင်၍ နတ်ပွဲလှည့်လည်သော ဓလေ့ပေါ် ပေါက်ခဲ့ကြောင်း ပါးစပ်ရာဇဝင်များ ရှိခဲ့သည်။ ထိုနတ်ဘုရားအား "မြို့စောင့်နတ်ဒေဝီ" ဟုလည်းကောင်း၊ "မဘုရား" ဟုလည်း ကောင်း၊ "ကုလားဘုရား" ဟုလည်းကောင်း အမျိုးမျိုးခေါ်ခေါ် ကြသည်။ "ထားဝယ်မြို့ပေါ်သို့ ကျရောက်နိုင်သည့် ဘေးအန္တရာယ် အသွယ်သွယ်ကို တားဆီးကာကွယ်ပေးသည်၊ မြို့ရွာအေးချမ်း အောင် စောင့်ရှောက်ပေးသည်" ဟူသော အယူအစွဲဖြင့် နတ်ဘုရား လှည့်လည်သောအခါ ဟိန္ဒူဘာသာဝင်များသာမက အချို့သော ဗုဒ္ဓဘာသာဝင်မြို့သူမြို့သားများလည်း အုန်း၊ ငှက်ပျောပွဲများ ဆက်သခြင်း၊ ဖယောင်းတိုင် အမွှေးတိုင်နှင့်ပန်းများကာဝ်လှူခြင်း၊ နနွင်းရည်များ လောင်းလှူပူဇော်ခြင်းများပြုလုပ်ကြသည်။ ကဗျာတွင် ယခင်က ကဗျာခေါင်းစဉ်ရှိပုံမတွေ့ပါ။ ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်အတွက် စက်တင်ပုံနှိပ်သောအခါ ကိုလိုနီခေတ်မှ တောင်၍နှစ်စဉ်မပျက်ကွက်လှည့်လည်ကျင်းပခဲ့ခြင်းကို အကြောင်း ပြု၍ "ဟိန္ဒူနတ်ပွဲလှည့်လည်ပွဲ" ဟု ကဗျာကို အမည်ရည်ညွှန်းခဲ့ကြ ဟန်ရှိပါသည်။ ကဗျာရေးရာသည် ဟိန္ဒူနတ်ပွဲလှည့်လည် ကျင်းပ နေပုံကို ကိုယ်တိုင်တွေ့မြင်ပြီးနောက် ကဗျာဖြင့်မှတ်တမ်းတင် သည့်သဘောတွေ့ရသည်။ ထို့ကြောင့်ကဗျာပေါ်ထွန်းသည့် ခေတ်ကို "ကိုလိုနီခေတ်" ဟု သတ်မှတ်၍ ထိုကဗျာကို ကိုလိုနီ မှတ်တမ်းကဗျာဟု ယူဆပါသည်။

ကဗျာကို နေ့စဉ်သုံး ထားဝယ်ဒေသိယ စကားလုံးများ ဖြင့် အရသာပေါ်လွင်အောင် ရေးဖွဲ့ထားသည်။ ထို့ကြောင့် ကဗျာ ဖွဲ့ထုံးတွင် နေ့စဉ်သုံး ထားဝယ်ဒေသိယစကားများကို တွေ့ရသည်။

မြို့တွင်းသို့လှည့်လည် အပူဇော်ခံသည်ကို“မြို့ထဲစံလာ” ဟုကျစ်ကျစ်လျစ်လျစ်နှင့် ဩဇာလွှမ်းမိုးအောင်ဖွဲ့သည်။ ထားဝယ်ဒေသအရပ်ပြော စကားတွင် “မြို့ထဲ (မြို့ထဲ)” ဟူသော စကားသုံးတွေ့ရသည်။ ရှမ်းမလည်ဆွဲရပ်နှင့် ပတ်ဝန်းကျင်ရပ်ရွာများက မြို့အချက်အချာ မြူနီစပါယ်ရုံးစိုက်ရာနေရာ ဝန်းကျင်ကို “မြို့ထဲ” ဟုခေါ်လေ့ရှိသည်။၁၁၁၆ ခုနှစ်သာသာတော်(ထားဝယ်) မြို့ တည်ထောင်စဉ်က အရှေ့အရပ် မြပွါတံခါး၊ အနောက်အရပ် မုတ္တမတံခါး၊ တောင်အရပ်ရတနာတံခါး၊ မြောက်အရပ် မင်္ဂလာတံခါး နှင့် အမင်္ဂလာတံခါးဟူ၍ တံခါးကြီး ငါးပေါက် ရှိခဲ့သည်။

ရှမ်းမလည်ဆွဲအရပ်သည် အရှေ့မြပွါတံခါး (ယခုကရပ်မြင်လမ်းဆုံ)၏ အပြင်ဘက်တွင် တည်ရှိခဲ့သည်။ မြို့တံခါးအပြင်ဘက်တွင်နေထိုင်သူတို့က မြို့တံခါးအတွင်းရှိ အရပ်ဒေသများကို “မြို့ထဲ” ဟုခေါ်ဝေါ်သုံးစွဲခဲ့ကြဟန်တူသည်။ ယင်းမှယနေ့တိုင်သုံးစွဲခဲ့ကြကြောင်းကို “ရှေးသုံး ထားဝယ်စကား” အဖြစ်တွေ့ရသည်။

“လူမောတောက သောန်းခြောန်ပါ” (အမူးသမားများ သောင်းပြောင်းရောနှော၍ ပါဝင်နေသည်။)ဟူသောအဖွဲ့တွင် “လူမော”သည် “မူးနေသော လူအရက်သမား” ကိုဆိုလိုပါသည်။ “သောန်းခြောန်”သည် “သောင်းပြောင်း ရောနှော၍” ဟု အဓိပ္ပာယ်ရပါသည်။ ဘုရားပွဲကျင်းပစဉ် လှည့်လည်စီတန်းလိုက်ပါနေကြသူများထဲတွင် အမူးသမားများလည်း ရောနှောပါဝင်နေကြောင်း ဆိုလိုသည်။

“လုံမာလေတ်ဆွဲနောန်မဲကဆို”(ကိုမဲ ဆိုသူကလည်း ကို လက်မြှင့်ဆွဲကိုင်ထားပြီး သီချင်းသီဆိုသည်။) အဖွဲ့တွင် “လုံ” ဟူသော စကားရပ်သည် နွားလှည်းကိုဆိုလိုပါသည်။ ထားဝယ်ဒေသိယစကားတွင် နွားလှည်းကို “လုံ” ဟု အတို ကောက်သုံး၍ မြင်းလှည်းကို “ရထား” ဟုခေါ်ဝေါ်သုံးစွဲကြပါသည်။ ထိုအသုံးများကို ရှေးခေတ် မြန်မာကျောက်စာများနှင့် ဇာတ်နိပါတ်တော်များတွင် အတော်အတန် လေ့လာခဲ့ရဖူးပါသည်။ ပုဂံနှင့်မန္တလေးဒေသတို့တွင်“ဘုံပြတ်၊ ရထားလုံး”စသည် ခေါ်ဝေါ်နေကြသကဲ့သို့ ဖြစ်သည်။

“နောန်မဲကဆို”အဖွဲ့တွင် “နောန်”သည် “အစ်ကို” ဖြစ်၍“ဆို”သည်“သီချင်းသီဆိုသည်”ဟု အဓိပ္ပါယ်သက်ရောက်ပါသည်။

“နောန်ဖိုတတ်ကလေ့သတ်ကွ”အဖွဲ့တွင် “တတ်က” သည် လှည်းပေါ်သို့တွယ်တက်၍ ကသည်ဟုအဓိပ္ပါယ်ရသည်။ “လုံထက်ကွ”သည်လှည်းပေါ်မှ အောက်သို့ပြုတ်ကျသည်ဟုဆိုလိုပါသည်။ “ကွ(ကျ)” အသုံးကို ပုဂံ ကျောက်စာများတွင်တွေ့ရသည်။

“ဆောန်းစ နေ့ထွေတ်တယ်ကား” (ဆောင်းနေ့စထွက်တယ်ကား)အဖွဲ့တွင်“ဆောန်းစ”သည် ခေါင်းပေါင်းစ၊ “နေ့”သည် “ကဆာန်းသမိုးအရောင်အတွက် နံပါတ်“နှစ်”ဟု အဓိပ္ပာယ်ရှိသောအရပ်သုံး၊ ရှေးသုံးစကားများကိုလည်း တွေ့ရသည်။

“ကျွောန်းတော်စယ်သည့် ရွှေပြည်နိုး”အဖွဲ့တွင် “ကျွောန်း”သည်“ကျောင်း”ဖြစ်ပြီး၊ “စယ်”သည် “စည်ကား”သည်ဟု အဓိပ္ပာယ်ရသည်။ အရပ်သုံးစကားများ ဖြစ်သည်။

“ရှေ့ိုးအမှန်” သည် “ရေအဟုတ်အမှန် ဖြစ်သည်” ဟုဆိုလိုသည်၊ အကြောင်းအချက်တစ်ခုခုကို သက်သေပြသည့်အခါ သုံးလေ့ရှိသည်။ အရပ်သုံးစကားများတွင် “မလုပ်ရိုးအမှန်”၊ “မသွားရိုးအမှန်”၊ “မမြင်ရိုးအမှန်” စသောအခြင်း သဘောဆောင်သည့် သက်သေပြစကားများလည်းသုံးကြသည်။ “ရှေ့ိုးအမှန်”သည်အဆင်တန်ဆာမပါသည့် အရပ်သုံး စကားဖြစ်သည်။

“ပွန်မြင်ထန်”ဟူသည် “အပြင်မြင်ထင်” ဟုခေါ်သော ရပ်ကွက်တစ်ခု၏ ရှေးဟောင်းအမည် နာမဖြစ်သည်။ စကားလုံး တစ်လုံးချင်းစီတွင် အဓိပ္ပာယ် ရှိသည်။ “ပွန်”သည် ကဗျာကြောင်းအရ “အပြင်”ဟုအဓိပ္ပာယ်ရှိသည်။ “ပြန်သည်”၊ “ပြန်မည်” ဟူသောအဓိပ္ပာယ်ကွဲများလည်းရှိသည်။ “မြင်”မှာ “မြင်သည်” ဖြစ်ပြီး “ထန်”မှာ “ထင်ရှားသည်”ဟုအဓိပ္ပာယ်ရသည်။ “မြင်”နှင့် “ထန်” တွင် အဓိပ္ပာယ် အခြားမရှိပါ။ ရှေးဟောင်း ထားဝယ်မြို့ရွာ ပွဲစည်းမှုတွင် မြို့တွင်းမြင်ထင်နှင့် အပြင်မြင်ထင်ဟု အရပ် နှစ်ခု၏အမည်ကိုတွေ့ရသည်။ မြို့တွင်းမြင်ထင်အရပ်ကို ယနေ့ မြို့တွင်းရပ်ဟု ခေါ်ကြပြီး ကဗျာပါ အပြင်မြင်ထင် အရပ်သည် ပုံကွန်းရပ်ကို ရည်ညွှန်း ထားပါသည်။

“မဲ့ဘဲမော” ဟူသော အသုံးသည် ကဗျာကြောင်းအရ“အလွန့်အလွန်မောယန်းလှသည်”ဟု ဆိုလိုပါသည်။ “အလွန်မူးသည်” ဟုယူဆနိုင်သေးသော်လည်း ဤအဖွဲ့တွင် “မော”ကို “မူး” အဓိပ္ပာယ် သက်ရောက်သည်ဟု မယူဆချင်ပါ။

“ဆိုရှင် ကရှင်” သည် “ဆိုရှင်သည်၊ ကရှင်သည်” ဟု အဓိပ္ပာယ်ရသည်။ အရပ်သုံးစကား ဖြစ်သည်။

“နွားယန်နား ခေါက်ဖျားနေတော့ နွားကန်ကျွော” ဟု ဖွဲ့ဆိုရာတွင် “နွားယန်နား”သည် “နွား၏ နောက်မြီးအနီး၊ နွားဖင်အနီး” ဟု အဓိပ္ပာယ်ရသည်။ “ခေါက်ဖျား”သည် “တုတ်(သို့မဟုတ်)နှင်တံ၏အဖျားနိုင်း” ကို ဆိုလိုပါသည်။ “ကန်ကျွော” ဟူသည် “ကန်ကျောက်သည်”ဟု ဖြစ်ပါသည်။

“မှော့ခေါင်ဝပ်လဲ”သည် “မှောက်နံ့ဝပ်လဲ၊ မှောက်လျက်လဲကျသည်”ဟု အဓိပ္ပာယ်ရသည်။ “သားလော့ာန်နေ့ခြမ်းကွဲ” ဟူသောအဖွဲ့တွင် “သားလော့ာန်”သည်“လုံချည်၊ ပုဆိုး”ဖြစ်သည်။ ရှေး ထားဝယ်သုံးစကားဖြစ်သည်။ ယနေ့ခေတ်တွင် “လုံခြည်” ကို “သားလော့ာန်” ဟု အသုံးနည်းသွားပြီး “လောင်ချီ”ဟုဆက်လက် ခေါ်ဝေါ်သုံးစွဲနေကြသည်။

"ဆိုစန်မား" ဟုသောစကားသည် "ဆိုတယ်ကား၊ ဆိုတယ်လေး" ဟု အဓိပ္ပာယ်ရသည်။ တစ်ဦး တစ်ယောက်က ပြောပြသောစကား (သို့မဟုတ်) တစ်ဦးတစ်ယောက်၏ပြုမူ ပြောဆိုပုံတို့ကို တစ်ဆင့် ပြန်လည် ဖောက်သည်ချသည့်အခါတွင် သုံးစွဲလေ့ရှိပါသည်။ မျက်မှောက်ခေတ် ထားဝယ်တို့ သုံးစွဲနေကြသေးသည့် အရပ်သုံး၊ ဈေးသုံးစကားဖြစ်သည်။

ကဗျာဆရာသည် သရုပ်ဖော်အဖွဲ့များတွင် နေ့စဉ်သုံး ထားဝယ်စကားများကို တိုက်ရိုက်ထည့်သွင်းရေးဖွဲ့သည်။ ကာရန် ယူရာတွင်လည်း "ဆွဲ၊ ပွဲ၊ လှဲ၊ မဲ" စသည့် 'အဲ' ကာရန်များ ဆက်တိုက်ထည့်သွင်း၍ ဇာတ်ကောင်၏ ကိုယ်၊ စိတ်၊ အမူအရာ များ ထင်ရှားလာအောင်သရုပ်ဖော်သည်။ "အဲ" ကာရန်များ အကြိမ်ကြိမ်သုံးခြင်းကြောင့် ကဗျာစာသားများကို ပီပီပြင်ပြင် ရွတ်ဖတ်နိုင်စေသည်။ ဇာတ်ကောင် သရုပ်ကြွ၍အားမာန် ပါလာသည်။ ကဗျာအချိုးမ်များတွင် "ထွတ်တယ်ကား"၊ "ဆိုစန်မား" ဟု သုံးထားသဖြင့် ကဗျာဆရာပေးလိုသော ရသပေါ်လွင်ပြီး နှစ်သက်ဖွယ်ကဗျာတစ်ပုဒ် ဖြစ်စေပါသည်။ ကဗျာ အကြောင်း အရာ တင်ပြပုံမှာလည်းကောင်းသည်။ ကဗျာအကြောင်းအရာကို ဇာတ်ကြောင်းပြောပြဟန်၊ မျက်စိရှေ့တွင်မြင်ရသည့် အမြင်အတိုင်း သရုပ်ဖော်ဟန်၊ တစ်ဆင့်စကားကို ပြန်လည်ဖောက်သည်ချ သရုပ်ဖော်ဟန်တို့ဖြင့် ဆိုလိုသည့် အကြောင်းအရာကို လိုက်၍ အလျှဉ်းတသင့် တင်ပြထားသည်။

နတ်ပွဲလှည့်လည်သောအခါ အမူးသမားများ ရောထွေး ပါဝင်နေကြောင်းကို -

"ရှမ်းမလည်ဆွဲ၊ ကုလားပွဲ၊ မြို့ထဲစံလေး၊ လူမောတော က သောန်းကြောန်းပါ" ဟု ကဗျာဆရာ ကိုယ်တိုင် ဝင်ရောက် သတိပေး ပြောပြဟန်ဖြင့်ဖွဲ့သည်။ ရိုးရိုးရှင်းရှင်းနှင့် တည်တည် ငြိမ်ငြိမ် ရှိလှသည်။

"နိုင်ငံကျော်ဟိုး ဘုရားပုထိုး၊ ကျောင်း
တော်စယ်သည့် ရွှေပြည်နိုး၊ ရေရိုးအမှန်
ဝေါ လျှော့သူ မျှော်တော်ကန်"

ဟု ဖွဲ့ဆိုရာတွင် ကဗျာဆရာ၏ စိတ်နေသဘောထားကိုတွေ့ရ သည်။ ကဗျာဆရာသည် မိမိကျင်လည်ခဲ့သော အရပ်ဒေသကို လည်းမမေ့၊ ရတနာသုံးပါးကိုလည်းမမေ့၊ ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်သူပီပီ ရွာဦးဘုန်းတော်ကြီးကျောင်း၏ သာယာပုံကို တစမ်းတနားဖွဲ့သည်။ ရွှေပြည်နိုးကျောင်းသည် မြေအတန်အသင့် ကျယ်ဝန်းသည်။ သစ်ရိပ်ဝါးရိပ်များရှိပြီး ငြိမ်ငြိမ်းချမ်းချမ်း ရှိသည်။ ကျောင်းဝင်းအတွင်းရှိ ရွှေပြည်နိုး စေတီသည် သီရိဓမ္မာသောကမင်းကြီး၏ "ရေကန် ပေါင်း ၈၄၀၀၀၊ ရေတွင်း ပေါင်း ၈၄၀၀၀၊ စေတီပေါင်း ၈၄၀၀၀" ကောင်းမှုတော်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။ သူတော်စင်တို့နားခိုရန် သိမ်၊ ကျောင်း၊ ဇရပ်၊ စေတီပုထိုးများစုံလင်၍ ဘုန်းတော်ကြီးကျောင်းအင်္ဂါရပ် နှင့်လည်း ပြည့်စုံသည်။ ထို့အပြင် ကျောင်းတော်၏နောက်တွင် လည်း မျှော်တော်ကန်ရှိသည်။

ရွှေပြည်နိုးကျောင်းတော်၏သမိုင်းကို ကောင်းကောင်း သိသောကဗျာဆရာက ကျောင်းတော်နှင့်ဝန်းကျင် သာယာလှပုံကို "နိုင်ငံကျော်ဟိုး" ဟု အတိသယောက္တိဖြင့် ခန့်ခန့်ထွေထားသည်။ ဖတ်ရသူ၏ရင်ကိုလည်း ငြိမ်းချမ်းမှုဖြစ်အောင် သန္တရသကိုလည်း ပေးထားသည်။

ရွှေပြည်နိုးကျောင်းကို ယခုအခါ 'စိဝနိုးကျောင်း' ဟု ခေါ်တွင်ပါသည်။ မျှော်တော်ကန်ကို 'မျှော်အင်း' ဟုလည်းကောင်း၊ 'မျှော်အင်းကန်' ဟုလည်းကောင်း 'နတ်ရေကန်' ဟု လည်းကောင်း ခေါ်ကြသည်။ 'နတ်ရေကန်' ဟုခေါ်ခြင်းမှာ ဟိန္ဒူနတ်ပွဲ မလှည့် လည်မီ ဟိန္ဒူသူတော်စင်များ ခေါင်းဆေးရေချိုး သန့်စင်ပြီးနတ်ဆိုး ရှက်သောအခါ အသုံးပြုခြင်းကြောင့်ဖြစ်သည်။

ရွှေပြည်နိုးကျောင်းကို ယခင်က ငှက်သိုက်ငှက်ဖြစ် သော ရွှေပြည်နိုးငှက် (သို့မဟုတ်) စိဝနိုးငှက်များကို အစွဲပြု၍ ခေါ်တွင်ခဲ့လေသည်လော၊ တွေးတောစရာ များစွာရှိသည်။ စိဝနိုး ကျောင်း၊ မျှော်တော်ကန်တို့နှင့်မလှမ်းမကမ်းတွင် ထားဝယ် ပညာရေးကောလိပ် (ယခင်ထားဝယ်တက္ကသိုလ် ပင်မအဆောက် အအုံကြီး)ရှိသည်။ ထိုအဆောက်အအုံသည် ဗြိတိသျှဆန်သော အဆောက်အအုံဖြစ်သည်။ နယ်ချဲ့ဗြိတိသျှတို့သည် မန္တလေးနေပြည် တော်ကို သိမ်းပိုက်ပြီးနောက် ၁၈၈၅ ခုနှစ်နှောင်းပိုင်းတွင် ဆင်ဖြူမ ရှင်မိဘုရား၊ သမီးတော် ထိပ်စုဘုရားကြီးနှင့် ရံရွေတော် ၁၂ပါး တို့ကို ထားဝယ်မြို့သို့ပို့ဆောင်၍ ထိုစံအိမ်တော်ကြီးတွင် သုံးနှစ် တိတိနေထိုင်စေခဲ့သည်။ ထိုသို့ နေထိုင်ခဲ့ကြစဉ် ရွှေပြည်နိုးကျောင်း ဝရုဏ်နှင့် မျှော်အင်းကန်တို့သည်နန်းသူတစ်သိုက်ရွှေပြည်တော် ကိုတမ်းတရာ၊ မျှော်တွေးရာ၊ အလွမ်းပြေရာနေရာများ ဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ ရွှေနန်းသူတို့အလွမ်းပြေစရာ၊ ရေကစား သုံးစွဲခဲ့ရာ ကန်အဖြစ်မှီနိုင်စေခဲ့သည့်ကဗျာဆရာက "ဝေါလျှော့သူ၊ မျှော်တော် ကန်" ဟု ဖော်ဖွဲ့ခဲ့သည်လော။ အတွေးဖြန့်ကြက်စရာ ဖြစ်နေပါ သည်။

ကဗျာတစ်ပုဒ်လုံးကို လေ့လာသောအခါ သရုပ်ဖော် အဖွဲ့များသည် ကဗျာ၏အသက်သဖွယ်တွေ့ရသည်။ ကဗျာတွင် ဇာတ်ကောင် ကိုမဲနှင့်ကိုဒိုတို့၏ဟန်ကို မျက်စိအမြင်အတိုင်း သရုပ်ဖော် တင်ပြထားသည်။ "လှဲမာ လတ်ဆွဲ၊ နောန် မဲကဆို နောန်ဒိုတတ် က လှဲထတ်ကျွ ဖောန်းစ နေ့စ ထွတ်တယ်ကား" အဖွဲ့တွင် ကိုမဲနှင့် ကိုဒိုတို့သည် ဆိုင်းလှည်းရှေ့မှ ကခုန် လိုက်ပါနေကြဟန်တွေ့သည်။ ကိုမဲက လှည်းကို လက်ဖြင့်ဆွဲပြီး သီချင်းအော်ဟစ် သီဆိုလိုက်ပါနေပြန်သည်။ ကိုမဲဆိုသောသီချင်း မည်မျှကောင်းသည်မသိ။ ကိုဒို ကချင်ခုန်ချင်စိတ် ပေါ်လာသည်။ သွားနေသော လှည်းပေါ်သို့ ကိုဒို တွယ်တက်သည်။ က,ရန်ဟန် ပြင်သည်။ နွားလှည်း ကမငြိမ်၊ ကိုဒို ကမူး၊ လှည်းအတိမ်းတွင်

ကိုယ်ကို မထိန်းနိုင်ဖြစ်ပြီး ကိုဝိ လှည်းပေါ်မှမြေပြင်ပေါ်သို့ မရှုမလှပြုတ်ကျတော့သည်။ မည်မျှအထိနာသည်မသိ၊ ခေါင်းတွင် ပေါင်းထားသော နံငယ်ပိုင်းခေါင်းပေါင်းစလည်း ပြေလျော့သည် အထိဖြစ်ကြောင်း။ အမူးသမားကိုဝိ အရှက်ရပုံကို ဟာသနှောစွက် ထိထိမိမိ သရုပ်ဖော်ထားသည်။

ထို့နောက် ဆိုရှင် ကချင်လွန်းလှသော အပြင် မြင်ထင် အရင်သား ကိုလှချော ဗျာများရပုံကိုလည်း ဟာသဆန်ဆန် တခမ်း တနားခွဲပြသည်။ ကိုလှချောသည် ဆိုရ၊ ကရ၊ တီးရ လွန်းသဖြင့် အလွန်မောပန်းနေလေပြီ။ မောပန်းလှသော်လည်း ဆိုချင် ကချင် သည့်စော အတောမသတ်နိုင်သေးပေ။ လက်က ဆိုင်းလှည်းဆွဲ နေသည့် နွားနဖားကြိုးများကို ထိန်းနေရသည်မှာ ခွေကိုယ်မပိုင် ယိမ်းယိုင်၍ မနိုင်တနိုင်ဖြစ်နေရှာသည်။ နှုတ်ကလည်း တေးသီချင်း ကို ချဲချဲ့နဲ့ သီဆိုနေသည်။ မူးရူးမေ့နေသည့်ဟန်ကိုလည်း သရုပ်ဆောင်ပြရသေးသည်။ ဆိုင်းဝိုင်းပတ်လုံးကလေးများကို တီး၍ ကစဉ့် နွားလှည်းဟန်ချက်ပျက်သည်။ ခွေကိုယ်လည်း လဲပြို မတတ်ယိမ်းယိုင်သွားသည်။ ကိုလှချောလည်း ကြေရာမရွေ့ဖြစ်ကာ လက်တွင်ကိုင်ထားသောတုတ်ဖြင့်တစ်နေရာရာသို့အမိအရထောက် ၍ထိန်းလိုက်ရသည်။ နွား၏ဖင်ကိုတုတ်ဖြင့် ထောက်မိသောအခါ နွားလည်းလန့်ပြီး ကန်ကျောက်လေတော့သည်။ နွားအကန်ခံရ သဖြင့် ကိုလှချော လှည်းပေါ်တွင် မှောက်လျက်လဲကျတော့သည်။ လဲကျရုံမျှ မကသေး ခါးတွင်ဝတ်ထားသောပုဆိုး နှစ်ခြမ်းကျွန်းကျွန်း ကွဲ၍ အရှက်ရပုံသရုပ်ကို "ပွန်ခြင်ထန်ကနောန် လှချော…. သားလျှာန်နေ့ခြမ်းကွဲ" ဟု ကိုလှချော၏ ဖြစ်ပျက်ပုံကို စိတ်မျက်စိ ထဲတွင်မြင်လာအောင် တစ်ဆင့်ပြီးတစ်ဆင့် ရုပ်ရှင်ကားချပ်သဖွယ် သရုပ်ဖော်တင်ပြသွားသည်။ ထို့နောက် ကဗျာဆရာသည် ကိုလှချော၏ အဖြစ်သနစ်ကိုမြင်ပါလျက် သူကိုယ်တိုင် မမြင်လေ ဟန်၊ တစ်ဆင့် စကားကြားရ သည်ကို ပြန်ပြောပြလေဟန်လေသံ ဖြင့် ကဗျာကို "ဆိုဇန်မား" ဟုနိဂုံးသက်ဖွယ်အဆုံးသတ်ထား ပါသည်။

ထိုကဗျာသည် တေးနှင့်နီးဆန်သော ထားဝယ်တေး ကဗျာမှခွဲထွက်၍ သရုပ်ဖော်အဖွဲ့များကို အားပြုထားသော သရုပ်ဖော် ကဗျာတစ်ပုဒ် ဖြစ်သည်။ သရုပ်ဖော်အဖွဲ့များတွင် လူ့သဘောသဘာဝများနှင့် ခေတ်အခိုက်များထင်ဟပ်နေသည်။ ကဗျာဆရာသည် ကိုလိုနီခေတ်တွင် မွေးဖွားကြီးပြင်းခဲ့ပြီး ကိုလိုနီ စနစ်၏အဖျက်ဆိုးများကို ကိုယ်တိုင် တွေ့ကြုံခံစားခဲ့ရသည်ဖြစ်မည်။ ထို့ကြောင့် "မိမိတို့ နယ်အတွင်းသို့ ကိုလိုနီနယ်ချဲ့တို့လာရောက် ခြေရှုပ်နေကြပြီ၊ မျိုးချစ်ရဲဘော်များနှင့် ပြည်သူတို့ အမျိုးသား ရေးအသိနှင့်သတိရှိကြကုန်လော့" ဟု သတိပေးလိုသော သဘော ဖြင့် "ရှမ်းမလည်ရွဲကုလားပွဲ၊ ဗြိုထဲ စံလာ၊ လူမောတော သောန်းခြော်နပေါ" ဟု ကဗျာအဖွင့်တွင် ထင်ထင်ရှားရှား ဖော်ပြ ထားသည်။

နယ်ချဲ့လက်ဝေခံများ၊ နယ်ချဲ့အလိုတော်ရိအမျိုးဖျက် သစ္စာဖောက်များ၏ လက်ဝါးကြီးအုပ်စိုးမှုများ၊ ပြည်သူ ပြည်သားတို့၏ စည်းစိမ်ဥစ္စာများကို မတရားသိမ်းပိုက်မှုများ။ "ဘယ်သူသေသေ၊ ဝေဘမာရင် ပြီးရော" ဟု လုပ်ပိုင်ခွင့်အရပ်ရပ် ကို စိတ်တိုင်းကျ သိမ်းကျုံးခြယ်လှယ်နေမှုများကို သိစေရန် "လုံမ လတ်ဆွဲ၊ နောန်မဲကဆို၊ နောန်ဗိုတတ်က၊ လုံထတ်ကွ" ဟု အမူးသမားနှမ်းဦး ထင်ရှားနေကြပုံဖြင့်လည်းကောင်း၊ "ပွန်ခြင် ထန်က နောန်လှချော၊ ကုလားပွဲမှာမနဲဘဲမော၊ ဆိုရှင်ကရှင် စော တဝမ်းဝမ်းတတ်၊ လတ်က ဆိုင်းလှဲ မနိုင့်တနိုင်န ယိုင်ယိုင်ဆွဲ ချွဲ့ဆိုလိုက် အမူတိုက်ပတ်ရိုက်ကသွား" ဟု ကိုလှချော၏ လောဘစောတက်နေသည့် လူ့သဘာဝဖြင့်လည်းကောင်း မီးမောင်းထိုးပြသည်။

ကဗျာဆရာသည် ကိုလိုနီစနစ်ဆိုးကို စိတ်နာသည်။ ကျွန်ဘဝကို နာကျည်းသည်။ ကျွန်ဘဝကို ခါးစက်ရမည်။ ကျွန်ဘဝတစ်နေ့ ကျဆုံးရမည် ဟူသော အတိတ်နိမိတ်ပြလိုသည့် သဘောမျိုးချစ် တော်လှန်ရေးရဲဘော်တို့၏ စိတ်ဓာတ် ကြံ့ခိုင် နေစေရန် လှုံ့ဆော်ပေးလိုသည့် ဆန္ဒတို့ဖြင့် "နောန်ဗို တတ်က လုံထက်ကွ၊ ဖောန်မ နေ့ထွတ်တယ်ကား" ဟု လည်းကောင်း၊ "ပတ်ရိုက်ကသွား နွားဖန်နား၊ ခေါက်ရှာနေတော့ နွားကန်ကျော၊ မှော့ခေါင်ဝပ်လဲ သားလျှာန်နေ့ခြမ်းကွဲ" ဟုလည်းကောင်း အမူးသမားများနှင့် လောဘစောတိုက်နေသူများ၏ အဆုံးသတ် ပွဲသိမ်းပုံ၊ အရှက်ကွဲ ကြေမှုံလူ့သဘာဝ သရုပ်ဖြင့်ရေးဖွဲ့သည်။ "ဒင်းတို့ တစ်နေ့သည်သို့ အဆုံးသတ်ကြရမည်" ဟု ရကန်ဆန်ဆန်၊ ရကန်ဟန်ဖြင့် အကန်အကျောက်ပြုထား၏။ လှောင်ပြောင်သရော်သံကိုလည်း ကြားရအောင် ပြုထား၏။

သို့ဖြစ်၍ "ရှမ်းမလည်ရွဲ ကုလားပွဲ" ကဗျာသည် အပျော်ဖတ်၊ အပျင်းပြေသက်သက်မဟုတ်။ ကဗျာဆရာ၏ စေတနာများစွာပါဝင်နေသည်။ ကဗျာကို ဟာသနှော၍ နှစ်သက် ဖွယ်ကောင်းအောင် ဖန်တီးသည်။ ထားဝယ် ဒေသိယစကားများ ကိုလည်း မကွယ်ပျောက်အောင် မှတ်တမ်းတင်သည်။ သူ ကိုယ်တိုင်ကျင်လည်ခဲ့သော မွေးရပ်မြေ တစ်ခေတ်တစ်ခေါ်သ ကိုလည်း အမိအရ မှတ်တမ်းပြုသည်။ သရုပ်ဖော်အဖွဲ့များထုံမွမ်း၍ လူ့ သဘောသဘာဝနှင့် စိတ်နေစိတ်ထားများကို ထုတ်ပြသည်။ အထူးသဖြင့် သူဖြတ်သန်းခဲ့ရသော ကိုလိုနီအဖျက်ဆိုးနှင့်ကျွန်ဘဝ ၏ အတိဒုက္ခများကို နောင်းလာတို့အား သင်ခန်းစာပေးလိုသည့် အသိတရားနှင့် သတိထားစေလိုသည့် အမျိုးသားရေး အသွင် သဏ္ဌာန်ကို ဖော်ဆောင်ပေးသော ဇာတိမာန်ကိုထုတ်ပြသည်။ ရသ အဖုံဖုံ အတွေးအစုံစုံ ပေးစွမ်းနိုင်သော ထိုကဗျာကား ထားဝယ်သူ ထားဝယ်သားများအတွက် မှတ်တမ်းသဘောဆောင် သော အိတ်ဖွင့်ပေးစာတစ်စောင်ကဲ့သို့ရှိနေပေတော့မည်။ ။

♦ ♦ ♦ ♦ ♦

ဖြူးဖြူးလေးပေးတဲ့ "အသိ"

● ကိုဘိုဘို(ကညွန့်)

သမီးကြီးခန့်နေခြည် ၄-နှစ်နီးပါးအရွယ်ရောက်သည်အထိ ကျွန်တော်တို့မိသားစုတွင် ပျော်ရွှင်စရာအချိန်ကများသည်။ မိမိတို့ အတိုင်းအတာနှင့် အထိုက်အလျောက် အဆင်ပြေသည့်ကမ္ဘာလေးတစ်ခုပင်။ သည်ပျော်ရွှင်မှုများစွာ၏နောက်တွင်မူကား ကျွန်တော်တို့မိသားစုအတွင်းသို့ မည်သည့်အခါကမျှ မျှော်လင့်မထားသော ရင်မောစရာဖြစ်ရပ်တစ်ခု ရောက်လာခဲ့တော့သည်။

၂၀၀၄ခုနှစ်မတ်လ ၁၅ရက်နေ့ ဒုတိယသမီးလေးခန့်ရေခြည်ကိုမွေးဖွားသည့်အချိန်တွင် ကျွန်တော်သည် လုပ်ငန်းကိစ္စတစ်ခုဖြင့် မန္တလေးသို့ရောက်နေခဲ့သည်။ "သမီးကလေးမွေးပြီ" ဟု ညီတစ်ဝမ်းကွဲဖြစ်သူ ကိုရဲက ဖုန်းဆက်အကြောင်းကြားသဖြင့် ကျွန်တော်လည်း မီရာလေယာဉ်ဖြင့် ရန်ကုန်သို့ပြန်ခဲ့သည်။ ဗဟိုအမျိုးသမီးဆေးရုံကြီးသို့ရောက်သော် မိခင်ကိုသာတွေ့ပြီး ကလေးကိုမတွေ့ရ၍ မေးကြည့်ပါမှ ညီဖြစ်သူက ကျွန်တော့်အား ကလေးဆေးရုံကြီးသို့ခေါ်သွားခဲ့သည်။

ကလေးခွဲစိတ်ဆရာဝန်ကြီးပါမောက္ခဦးထူးဟန်နှင့်တွေ့တော့ "ကလေးက **Anus** မပါလို့ **Colostomy** လုပ်ရမယ်၊ ဒီနေ့ ခါတ်မှန်ရိုက်ပြီး မနက်ဖြန် **Operation** လုပ်မယ်။ စိုးရိမ်စရာ မရှိပါဘူး" ဟု ပြောသည်။ "ကလေးရယ်မွေးတာနဲ့ ခွဲစိတ်ခံရတော့မှာပါလားကွယ်"ဟု ကလေးကိုကြည့်ပြီးတွေးရင်း သနားနေမိသည်။ မစင်စွန့်ရန်စအိုပေါက်မပါသဖြင့် ဗိုက်တွင်အပေါက်ကလေးဖောက်၍ မစင်ထွက်မည့်ရှုလမ်းကြောင်းကို ဆွဲထုတ်ရမည်။ ခွဲစိတ်သည့်အခါတွင် မေ့ဆေးပေးရမည်ကိုသိရသဖြင့်သမီးလေးအတွက် သာ၍ပင် စိုးရိမ်ပူပန်ခဲ့မိပါသည်။

ဆရာဝန်ကြီးထံမှ ကလေးငယ်တွင် သည်ထက်ဆိုးရွားသည့် ကိစ္စများရှိနေသေးကြောင်း ကြားသိရသဖြင့် ကျွန်တော် ထိတ်ထိတ်ပျာပျာဖြစ်သွားခဲ့သည်။ ကလေးငယ်၏နှလုံးတွင် **VSD** နှင့် **ASD** လို့ခေါ်တဲ့ အပေါက်ကလေးနှစ်ပေါက် ပါနေပြန်သည်။အချိန်တန်အရွယ်ရောက်သည့်အခါ ခွဲစိတ်ပြီးပိတ်၍ရမည်၊ သို့တည်းမဟုတ် သူ့အလိုအလျောက်လည်း ပိတ်ကောင်းပိတ်နိုင်သည်။ ကုသ၍ ရနိုင်မည်ဆိုသဖြင့် အနည်းငယ်စိတ်သက်သာရာရသေးသည်။ သို့သော် ဆရာဝန်ကြီးက "ကလေးငယ်ဟာ ဖွံ့ဖြိုးမှုနောက်ကျတဲ့ **Down's Syndrome**" လေးဖြစ်နေတယ်။ သည်ရောဂါကတော့ ဘယ်လိုမှကုသလို့မရပါဘူး" ဟုဆက်လက်ပြောပြသော စကားကြောင့် ကျွန်တော် အလွန်အမင်းတုန်လှုပ်ချောက်ချားခဲ့ရသည်။ သမီးလေးအတွက်ယူကြုံးမရဖြစ်ရွာဖြင့် "ဆရာကြီးကိုဒီကလေးအပ်ပါတယ်။ ကုလို့ရတာ အကုန်ကုပေးပါ ဘယ်လောက်ပဲကုန်ကုန်၊ ဘာပဲလုပ်ပေးရ လုပ်ပေးရ ကျွန်တော်ကုပါမယ်" ဟုအားကိုးတကြီးပြောရင်း ကျွန်တော် မျက်ရည် ကျခဲ့ရသည်။ **Down's Syndrome** ဖြစ်နေသည့် သမီးလေး၏ အခြေအနေကို အမေဖြစ်သူအားမပြောရက်သေး။

ကလေးဗိုက်တွင် မစင်ထွက်နိုင်ရန် အူအပေါက် ကလေးခွဲစိတ်ဖောက်ထားရသဖြင့် ဆေးရုံတွင် (၁၀)ရက်ခန့်ဆက်နေပြီးမှ အိမ်ပြန်ခဲ့ရသည်။ မစင်ထွက်မည့် အူပေါက်နေရာကလေးကို ဝါဂွမ်းစလေးအုပ်ပြီး အဝတ်ဖြင့်စည်းပေးထားရသည်၊ မစင်အထွက်များပြီး အနံ့ထွက်လာလျှင်သော်လည်းကောင်း၊ စည်းထားသောအဝတ်ပေကျံလာလျှင်သော်လည်းကောင်း အဝတ်စကိုလဲပေးရ ဝါဂွမ်းကိုခွာ၍ သန့်ရှင်းရေး လုပ်ပေးရသည်။ ပြီးလျှင်တစ်ဖန် ဝါဂွမ်းကိုအုပ်ပြီး အဝတ်စအသစ်ဖြင့် ပြန်စည်းပေးထားရသည်။ သည်အတိုင်း တစ်နေ့ကိုအနည်းဆုံး လေးကြိမ်မှရှစ်ကြိမ်အထိ ပြုလုပ်ပေးရသည်။

မစင်တွင် အချဉ်စာတ်ပါ၍ဖြစ်မည်ထင်ပါသည်။ ဗိုက်ကအရေပြားကိုလောင်၍ အသားနီလန်ကုန်သည်။ သန့်ရှင်းရေးလုပ်ပေးသည့်အခါတိုင်း အသားနီလန်နေသောနေရာများသည် အလွန်အမင်းစပ်ဟန်တူသည်။ ကလေးငယ်မှာနာကျင်စွာဖြင့် အိပ်ယာပေါ်တွင် ရုန်းကန်ရင်း အော်ဟစ် ငိုကြွေးနေရရှာသည်။ ဤမြင်ကွင်းကို မြင်ရတိုင်း၊ မြင်ရတိုင်း ကျွန်တော်လွန်စွာနာကျင်ခံစားခဲ့ရသည်။

သို့သော်ဆရာဝန်ကြီး၏ လမ်းညွှန်ပေးမှုဖြင့် (**Triple Care**) လိမ်းဆေးက သမီးလေး၏ ဒုက္ခကိုကယ်တင်ပေးလိုက်နိုင်သည်။ သန့်ရှင်းရေးလုပ်ပေးပြီးတိုင်း အုပတ်ပတ်လည်က ဗိုက်အသားနေရာများကို **Triple Care** လိမ်းပေးလိုက်လျှင် မစင်နှင့်အရေပြား မထိတော့သဖြင့် သက်သာလာသည်။ ယခင်ကအသားနီလန်နေသောနေရာများလည်း အနာကျက်၍ ကောင်းသွားသည်။ ဆေးညွှန်ကြားပေးသော ဆရာဝန်ကြီးနှင့် ဆေးရောင်းပေးသောကုမ္ပဏီတို့ကို ကျေးဇူးတင်ကြောင်း လှိုက်လှဲစွာသွားပြောဖြစ်သည်။

နောက်ထပ်အကြောင်းတစ်ခုရှိသေးသည်။ သမီးလေးက ခဏခဏကိုယ်ပူနေတတ်သည်။ သည်သို့ကိုယ်အပူချိန်အမြဲတက်နေတတ်သောကြောင့် စအို အပေါက်ဖောက်ခွဲစိတ်ရန် အဆင်မပြေဖြစ်ရသည်။ ခွဲစိတ်ခန်းသို့ဝင်ရန် ပြင်ဆင်သည့်အခါတိုင်း ကိုယ်အပူချိန်မြင့်တက်နေသဖြင့် မေ့ဆေးအထူးကုဆရာဝန်က **Pass** မပေး၊ မေ့ဆေး မအောင်သဖြင့် ခွဲစိတ်ခန်းထဲမှပြန်ထွက်ခဲ့ရသည့် အကြိမ်ပေါင်းမနည်းတော့၊ ကျွန်တော်လည်း မေ့ဆေးဆရာဝန်ထံသို့ လက်ဆောင်များနှင့်သွားရောက်၍ " ကလေးငယ်အား စအိုမြန်မြန်ဖောက်ပေးစေချင်လို့ ဖြစ်နိုင်လျှင်ခွင့်ပြုပေးပါ " ဟု ပြောမိသည်။ ထိုအခါ ဆရာဝန်က " ကျွန်တော်ခွင့်မပြုချင်တာမဟုတ်ပါဘူး၊ ကလေးကိုမေ့ဆေးပေးရတာ လွယ်တယ်၊ ကိုယ်ပူနေတဲ့ အချိန် မေ့ဆေးပေးမိရင် ပြန်သတိရအောင်လုပ်ဖို့က အလွန်ခက်တယ်" ဟုရှင်းပြသဖြင့် ကျွန်တော်အလွန်ကြောက်သွားသည်။

သည်လိုနှင့် သမီးလေးအသက် ၂-နှစ်အရွယ်တွင် စအိုပေါက်ကလေး ဖောက်ပေးနိုင်ခဲ့သည်။ နောက်ပိုင်း ခွဲစိတ်ခန်းတွင်စအိုပေါက်ကိုပြန်လည်ချဲ့ပေးရ၍အိမ်တွင်လည်းဖယောင်းတိုင်ကလေးဖြင့် မကြာခဏဆိုသလို ချဲ့ပေးရသည်။ ကလေးသည် ခွဲစိတ်ပြီးစ အချိန်များကလည်း ဝမ်းသွားပြီးများသေးသည်။ ကလေးအထူးကုဆရာဝန်ကြီးက "အခုလို ခွဲစိတ်ပြီးဝမ်းသွားတာဟာ အရမ်းအန္တရာယ်များတယ်" ဟု ပြောသဖြင့် ကျွန်တော်တို့ဇနီးမောင်နှံနှစ်ယောက်လုံး ဖိုးရိမ်လိုက်ကြသည်ဖြစ်ခြင်း၊ အိပ်၍ပင်မရတော့။

ကလေးငယ်၏ လက်ဖမိုး၊ ခြေဖမိုးတို့တွင်လည်း ကယ်နူလာ(အပ်)ထိုးဖန်များ၍ ဒဏ်ရာဖြစ်ပြီး သွေးကြောများကိုပင် ရှာရခက်လာသည်။ ကိုယ်အပူကမကျသေး၊ နောက်ဆုံးတော့ ကလေး၏ဦးခေါင်းတွင် အကြောရှာ၊ ဆေးသွင်းရတော့မည့် အခြေအနေအထိပင် ဖြစ်သွားသည်။ စအိုပေါက်လုပ်ဆောင်မှု ပုံမှန်အခြေအနေသို့ရောက်တော့မှ ဗိုက်က အပေါက်ကို ပိတ်လိုက်နိုင်သည်။ သို့နှင့်ကလေးအတွက် စအိုပေါက်မပါသည့်ကိစ္စ ပြေလည်ခဲ့သည်။ ဇနီးသည်မှာလည်း သမီးလေးမွေးဖွားချိန်မှစ၍ ၂-နှစ်ကျော်သည်အထိ ကလေးဆေးရုံတွင် ပင်ပန်းကြီးစွာတောက်လျှောက်နေခဲ့ရသည်။

မည်သို့မျှကုသ၍မရနိုင်သောကိစ္စဖြစ်သည့် ဉာဏ်ရည်နိမ့်ပြီး ဖွံ့ဖြိုးမှုနောက်ကျသည့် ရောဂါ (**Down's Syndrome**)ကို လက်လှမ်း မီသမျှ လေ့လာကြည့်သည့်အခါ ကလေးမွေးဖွားစဉ် မိခင်အသက် ၃၅-နှစ် ကျော်နေလျှင် ဖြစ်နိုင်ချေ ဉ၅ရာခိုင်နှုန်း၊ မျိုးရိုးတွင်ရှိလျှင် ၄ရာခိုင်နှုန်း၊ ကျန်၁ရာခိုင်နှုန်းမှာ အကြောင်းအရင်းမရှိဟုသိရသည်။ သမီးလေးမွေးဖွားစဉ်က ဇနီးသည်မှာအသက် ၂၈-နှစ်သာရှိပြီး မျိုးရိုးတွင်လည်းသည်ရောဂါ အခြေအနေမျိုးမရှိပြန်တော့ ကုသိုလ်ကံကြောင့်သာဟု လက်ခံရတော့သည်။ သည်လိုကလေးများ၏ သဘာဝမှာ ဖွံ့ဖြိုးမှုအကုန် နောက်ကျသည်၊ ဉာဏ်ရည်လည်းနိမ့်သည်၊ မျက်နှာပေါက်ကလေးများကလည်း ပုံစံချင်းဆင်တူတတ်ကြပြီး မွန်ဂိုလူမျိုးတွေနှင့် ခပ်ဆင်ဆင်တူသည်။ အများစုမှာ မျက်လုံးမှေး၍ အထက်သို့စောင်းကြသော်လည်း သမီးလေးကတော့ မျက်လုံးဝိုင်း၍လှသည်။ တေးသီချင်းများကို လွန်စွာနှစ်သက်ကြသည်။ သမီးလေးအသက် ၅-နှစ်ကျော်မှ လမ်းစလျှောက်နိုင်သည်။ ဉာဏ်ရည်နိမ့်ခြင်းကိုမူ ကုသ၍မရသဖြင့် အကြိမ်ကြိမ်လေ့ကျင့်

ပေးရသည်။ ခန္ဓာကိုယ် ကျန်းမာသန်စွမ်းအောင်လည်း လေ့ကျင့်ခန်းများ သေသေချာချာပြုလုပ်ပေးရသည်။

သမီးလေးသည် အရွယ်နှင့်မမျှအောင် ဒုက္ခဆင်းရဲများစွာ ခံစားနေရသည်ကိုတွေ့ရပြီး ကုသိုလ်ကံအားနည်း၍ ဖြစ်မည်ဟု သုံးသပ်မိသဖြင့် ကျွန်တော်သည် ကောင်းမှုကုသိုလ်များပြုလုပ်ရန် စိတ်ကူးရလာသည်။ ပထမဦးစွာ ၂၀၀၅ခုနှစ်၌ ဇာတိမြေထားဝယ်မြို့တွင် ကျွန်တော်ငယ်စဉ်က နေထိုင်ခဲ့သောရပ်ကွက်၏ မြေနီလမ်းကလေးကို ကတ္တရာလမ်းအဖြစ်လည်းကောင်း၊ ပြိုပျက်နေသည့်တံတားတစ်စင်းကို သံကူကွန်ကရစ်တံတား အဖြစ်လည်းကောင်း ပြုလုပ်လှူဒါန်းခဲ့ပါသည်။ ၂၀၀၈ခုနှစ်၌ ထားဝယ်မြို့၊ ဇဟာသုသာန်တွင် သရဏဂုံတင်ဇရပ် တစ်ဆောင်ကိုလည်းကောင်း၊ ၂၀၁၀ခုနှစ်၌ ကံ့ကော်မြိုင်သာသနာ့ရိပ်သာ(လှည်းကူး)တွင် ဆရာတော် စံကျောင်း နှစ်ထပ်ဆောင်တစ်ဆောင်ကိုလည်းကောင်း အစရှိသည့်အလှူ ဒါနတို့ကို ပြုလုပ်ဖြစ်ခဲ့ပါသည်။

လှူဒါန်းသမျှဒါန၊ပြုပြုသမျှကုသိုလ်တို့သည် သမီးလေး၏ဝဋ်ဒုက္ခများ ပြေပျောက်စေရန်ရည်ရွယ်ပါသည်။ သမီးလေးအတွက်ခံစားခဲ့ရသော ယူကြုံးမရဖြစ်ခဲ့ရသည့် စိတ်အစဉ်ကို ကောင်းမှုကုသိုလ်၏ ပီတိစွမ်းအားဖြင့်ဖုံးလွှမ်းနိုင်ခဲ့သည်။ ယခုသမီးလေးသည် အသက် ၇-နှစ် ကျော်ပြီ၊ စကားအနည်းငယ်ပြောတတ်နေပြီ၊ မသန်စွမ်းကျောင်းတွင် ကျောင်းထားသည်။ အခြားသောသာမန်ကလေးများနှင့် နေထိုင်တတ်၊ ပေါင်းသင်းတတ်စေရန် အင်္ဂလိပ်မူကြိုကျောင်းတွင်လည်းထားသည်။ အိမ်မှာလည်း ဆရာမခေါ်၍ စာလည်းသင်၊ လေ့ကျင့်ခန်းများလည်းပြုလုပ် ပေးနေသဖြင့် များစွာတိုးတက်လာပြီဖြစ်သည်။ သမီးလေးသည် အသက် ၇-နှစ်ကျော်အရွယ်ဖြစ်သော်လည်း အသက် ၄-နှစ်အရွယ် ကလေးငယ် တစ်ဦးကဲ့သို့သာ ဖွံ့ဖြိုးမှုရှိသေးသည်။ သို့သော် **ASD** ခေါ်နှလုံးအပေါက်သည် အလိုလိုပိတ်သွားပြီး **VSD** ခေါ်နှလုံးအပေါက်ကလည်း တဖြည်းဖြည်းကျဉ်းလာသဖြင့် ကျန်းမာရေးလည်းအတော်အတန်ကောင်းလာသည်။သမီးလေး အလွန်ကံကောင်းသည်မှာ မိဘ၏ချစ်ခြင်းမေတ္တာကို အပြည့်အဝရရှိပြီး ညီအစ်ကိုမောင်နှမများနှင့်အိမ်သူအိမ်သားအားလုံးကလည်း သူ့ကိုအရမ်းချစ်ကြသည်။

သမီးကလေးမွေးဖွားပြီးနောက်ပိုင်း ကျွန်တော်သည် ရတနာသုံးပါးနှင့်တကွ မိဘ၊ဆရာသမားတို့၏ဂုဏ်ကျေးဇူးကို အစဉ်အမြဲအောက်မေ့ သတိပြုမိတတ်လာသည်။ ထိုစိတ်ထားတို့ဖြင့် ကောင်းမှုကုသိုလ်အလှူဒါနအမြဲပြုလုပ်ဖြစ်သည်မှာ သမီးလေး ခန့်ကြည်(ခေါ်) မြူမြူလေး၏ ကျေးဇူးကြောင့်ပင်ဖြစ်တော့သည်။ ။

ကိုဘိုဘို(တည်)
၀၇. ၀၇. ၂၀၁၀

ထားဝယ်မိုးရာကုံချည်

သားငယ်ရွှေအေး

သုံးပါးမြတ်စွာ၊ ရတနာကို၊ ထပ်ကာရှိသေ။ နဖူးနှင့်မြေ၊ ဒူးနှင့်မြေ၊ ပူး၍နေအောင် ဦးနှိမ်ကာ ချေလိုက်ပြီးသော်၊ လက်ဦးဆရာ၊ မည်ထိုက်စွာသည်၊ ပုဏ္ဏာဓိရိယ၊ မြင့်မိုရ်တောင်ဦး၊ မကကျူးအောင် ကျေးဇူးကြီးလှပေသော၊ မာတာပီတာ၊ အမည်သာ ပေးသည့်၊ မိဘနှစ်ပါးတို့အား၊ ဆယ်ချောင်းလက်စုံ၊ ကြာပုံကို၊ ဦးထိပ်မှာ၊ ရုံထားပြီးလျှင်၊ ဆုံးမပဲ့ပြင်၊ အတတ်သင်သည့်၊ မြတ်ရှင်ဆရာအမျိုးမျိုးကို၊ ကာယဝစီ၊ မနော၍၊ အလီလီရှိခိုး၍၊ ရေပြီးရေးဆဲ၊ တွေးနေဆဲ၊ စာရေးဆရာ တစ်တွဲလုံးကိုပါမကျန်၊ ကိုယ်ဟန်ကောကော၊ မာန်လျှော့လျှော့နှင့် အတန်တန် ကန်တော့ ပြီးမှ၊ ဟန်ပန်မပါ၊ ဉာဏ်တစ်ထွာမြင့်၊ ရကန် စာသစ်ကလေး တစ်ပိုဒ်ကို၊ ဖျစ်ညှစ်၍ ရေးလိုက်ပါတော့မည်။ ထားဝယ်အသင်း နှစ်တစ်ရာပြည့်မဂ္ဂဇင်းတွင်၊ တကယ်မယွင်း ပစ်စွာစေရာ မရှိသဖြင့် ထည့်သွင်းပေးပြန်သည့်၊ စာရကန်ကလေးကို၊ ကြားနာမြင်သူ အများရှင်လူတို့၊ နားဆုလျှင်ဆိတ်ဆိတ်၊ မျက်စိကို အသာမှိတ်၊ ပါးစပ်ကိုကပျာကယာပိတ်၍၊ တိတ်တိတ်ကလေးသာ နေလိုက် တော်မူကြပါကုန်လော့ ။

စာပေဝဋ္ဋ၊ ရတု ကဗျာ၊ ဆောင်းပါးစာကို ဖန်အခါခါ၊ ဉာဏ်အမြဲမြဲနှင့်၊ အပြန်တစ်ရာ ရေးကြရှာသော်လည်း၊ ရကန် စာသစ်၊ လက်တစ်ဆစ်ကို၊ တစ်ထစ်ကယ်မျှ မမီသေးဟု၊ ရွှေရကန်စာလေးကို၊ တွေးကြကာ မဆောလိုတော့ပြီ၊ အခြားစာ နှင့် ရကန်စာ၊ အာကာနှင့်မြေကြီး၊ သီလရှင်နှင့်ဘီး၊ နံ့သာဆီနှင့် အီးလို အပြိုင်ဆောင်ကွာလိမ့်ဆို၏။

အကျိုးလက်စုတ်၊ တစ်ဖက်ပြုတ်နှင့်အလုပ်မရှိ ကြံမိကြံရာ၊ ကကြိုးစကွေး၊ မကျုံးသေးသည့် ဂွစာရေးဆရာများ၏ လက်ရာနှင့် လားလားမျှမတန်။

ရကန်စာသစ်၊ လက်တစ်ဆစ်သဘောကို၊ တွက်စစ်၍ ပြောရလျှင်၊ ကြောက်အားလန့်အား ပုံစားစားနှင့် ရေးထားကြ သောစာများအလယ်၌၊ မှက်၊ ခြင်၊ ယင်ကြား ငုက်ဆင်နားသည့် နယ်။ ဝင်ထယ်၍သာ နေသည်မို့၊ မိန်းမတစ်ယောက်၊ ဆေးကြွင်း သောက်၍၊ ကွဲလောက်ရှိနီးနီးဟူသော၊ ရှင်မတောင်လှုဝကြီး ဆေးနည်းလို ဖြီး၍လည်းမကြွားလို။

အကြံမထုတ်၊ ဟန်မလုပ်ဘဲ၊ လန်ကြွတ်ရေးသည့်၊ ရကန် စုတ်ကလေးဟု မထင်ကြလေနှင့်။ စိတ်ပါ လက်ပါ ခိမ်ပါပါနှင့် တစ်ကြိမ်တစ်ခါ ဖတ်လိုက်ရလျှင်ပင်၊ နံ့မြေအဆင်း နတ်သမီး များစနေရာတဝတီသာ အထက်နန်းသို့၊ တက်လှမ်းရသည့် အလား၊ အသက်ရှည်ကာ အနာရှား၍၊ ဆုနှင့်နံပြား၊ ချဉ်သီးနှင့် ဆားကို စားရသလို ပီတိ တစိမ့်စိမ့်ယိုလိမ့် ။ ။

မဟီဝွှာတစ်စိုး၊ ဤစာမျိုး၊ လူ့ပြည်မှာ မရှိမိ၍၊ အထက် ဘဝဂ် အောက်အဝီစိ ရဲထိအောင်၊ ထမင်းထုပ်ဆောင်၍ရှာ ပါသော်လည်း၊ တွေ့ပြားအံ့မထင်။ သွင်ပြင်လျှမ်းလျှမ်း၊ ဘဝင် ရှမ်း၍၊ အုန်းလီးဝမ်း အန်းဒါဲသယ်ဆန်းမို့၊ ဟာသလွန်ကျူး အာစမြူးနှင့်၊ အကျိုးထူးဟန် အဆိုးတစ်မှုးတန်သောကြောင့်၊ နီးတူး ဟူ၍သာဆို ပြန်လာရသည့် ရကန်စာ၊ ဆင်တူယိုးမှား စာကလေးများက ယှဉ်လာမယ်မှား မကြံကြလေနှင့်။ ဆေးခါးနှင့် သကြား၊ အချိုမှုန့် နှင့်ဓာတ်ဆားပမာ၊ အကွာကြီးကွာလိမ့်မည်။

ကမ္ဘာ့ ကဗျာ၊ ကုရုကုလာ၊ ရေးစရာများလှ။ သွသွငါငါ လူအမြာမြာ၊ ကွန့်မြူးတာနှင့် တွက်ကြပါသော်လည်း၊ အချက် ပိုင်ပိုင်၊ မတွက်နိုင်၍၊ လက်မှိုင်ကာ ရူရသည့် အနန္တစကြာဝဠာများ၊ ဂုဏ်အမြာမြာအစုံပါသည့် ဤစကြာဝဠာသည်ကား၊ ဘုရား– ပစ္စေကဗုဒ္ဓါ ရဟန္တာတို့ဝမ်းသာအားရ၊ ဘုန်းအင်များစွာ နှုန်း မယှဉ်သာ မြူရွှင်ကာ ပွင့်ရာကြသောကြောင့်၊ အနပ်အပေါ်း တစ်ရပ် တခြား စကြာဝဠာကပ်စားများနှင့်၊ လားလားမျှ မယှဉ်သာပေ၊ နမ်းစေ့နှင့် မြင်းမိုရ်တောင်၊ လျှပ်စစ်ရောင်နှင့်ပိုးစုန်းမီး၊ သက်တံ အဝိုင်းကြီးနှင့် အပ်နဖားပမာ၊ ပြတ်သားစွာကွာသိမ့်။

ထိုနည်းတူ ကျန်သမျှ အနန္တစကြာဝဠာများ၊ ဟန်ပြမျှသာ ဖြစ်ပေသည်။ ဗုဒ္ဓဟောကာသမျှ အဟုတ်အဟ ပြောကာပြ ရလျှင်၊

ဩကာသမျှပင်မရှိ။ ဘုရား၊ တရား၊ သံဃာများမှာ ဆေးလာဆေး မရေမရာကလေးတွေနဲ့၊ တွေတွေရာရာ တွေးရလျှင် ဤစကြဝဠာ၏ အမှောင်မှုပင် မိုက်မဲမထင်။

ဤစကြဝဠာ ဤကမ္ဘာမှာ လက်ယာတောင်ကျွန်း၊ နွယ်ပင်ညာရစ်၊ တက်သည် အဖြစ်ကြောင့်၊ ဩဘာနိမိတ်ထွန်းသည်ဟိတ်ဖြင့်၊ ဇမ္ဗူဒိပ်ဟု အမည်သွန်းပေသည့် ဤကျွန်းမြေသည်သာ၊ မေဟာကမ်းဘောင်၊ နီဗ္ဗာန်သောင်သို့၊ ပို့ဆောင်နိုင်သောကြောင့်၊ ကျွန်းတကာ့ထိပ်ခေါင် ကျွန်းများနောင်တည်း။

အလှိုင်းဖွဲ့ကာ တိုင်းစဂ္ဂဝါမှာ နိုင်းမက်သာလွန်း၊ လက်ယာကျွန်းမည် ဇမ္ဗူဦ အမည်ထွန်းနေသည့် ဤကျွန်းမြေတွင်လည်း၊ ယမန်အစ ပရံပရာ၊ မရှူမေါ်တွင်၊ တိုင်းအတည်တည်ပြည်အဝဝ နိုင်းရှည့်၍ မရတာကြောင့် တီတီတာတာ ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ ပေါ်ထင်ခဲ့သတဲ့။

သညီတွင်ထ၊ ပရမ္မဟု၊ ခေါ်ကြခေါ်ပဟ၊ ပြည်မြန်မာမှာလည်း၊ သာသနာအရောင် နေတစ်ထောင်သို့၊ ပြောင်သဟပ်ဟပ် အရောင်တလျှပ်လျှပ်နှင့် တောင်အထပ်ထပ်ကာသောကြောင့်၊ ထည်ထည်မို့မို့ မငယ်မရို့ မြို့ထားဝယ်သည်သာ အခြေနေကွက်တင့်ထွန်းလတ်၍၊ အထက်နတ်ရွာအလား သတ်မှတ်ကာထားလိုက် ကြကုန်၏။

ထားဝယ် ထားဝယ်ဂုဏ်ပေါင်ကြွယ် တင့်တယ်ဘိခြင်း၊ မီးစက်ရောင် ရှိန်ညီးထိန်ထိန် တချိန်ချိန် မြည်၍လင်းပါလို့ ပြေဘောင်တစ်လွှား အရှေ့ဆောင်၍ကြားနိုင်သည့် ရွှေတောင်စားစေတီကြီးနှင့်၊ လောကမာရစိန်၊ သူတော်ကောင်းအဆုဆု နိဗ္ဗုရောက်ကြောင်း ဆုယူတောင်းကြသည့်၊ ကျောင်းတော်မှုတုရားကြီးကား နံ့သားသပွာယ် တစ်ရာခြောက်ဆယ်နှစ်တောင်ပင် အပြန့်ကျယ်သောကြောင့် ကမ္ဘာ့အလယ်မှာ အံ့ဖွယ်ရှုမော။

စောင်းတံတျာ ညောင်းသံသာသည့် မောင်းမကန်အကြောင်းပြောရပါလျှင် ပေလီ ချောင်းသာများနှင့်ခြားနားပါဘိ။ တောင်မှခြောက်တိုင် အလျားငါးမိုင်နှင့် အနံ ကိုက်ငါးရာကျယ်ပြောစွာလျက်၊ အမြဲအဒိ ဟန်ပိုပို ဘန်ဂလိုများကြောင့် တင့်တောင့်တင့်တယ်။ ရောစားရင်း ဖိုယမင်းတို့ စံတွင်းဟကာ တလှတ်ကယ်မျှ မျိုးချမိလျှင်ပဲ၊ ဝါယောလေ အီးထွက်မငြိုးဆိုင်းတီးသူထက်ကဲ ဆိုသည့်နှဲသို့၊ အစာကြေ ဆီးသွက် လေသက်သက်နှင့်၊ နေထွက်အောင် အိပ်ပျော်ရပြန်သည့် ဒီရေငန်။

ထားဝယ်စီးပွားရေးအကွက်ကို အမျိုးစကားလေးဆက်ဆိုရလျှင်၊ ဆန်စပါးနှင့် ဆီအုန်းပုလဲ၊ ခဲထွက် သံထွက်၊ ရာဘာထွက်နှင့် ထွက်ပေါင်းစုံညီ ရိုးရာလုံချည်ပါထွက်သည်မို့၊ ပြောချက်မကုန် အံ့ချီးဖွယ်ဂုဏ် အပေါင်းနှင့်။

နယ်ဇမ္ဗူတစ်လွှား ကြွယ်မှုထွားကြသည့် ထားဝယ်သူများ အကြောင်းကို စာသားတစ်ညီ ခပ်တိုတိုနှင့်စပ်ဆိုကာ ကြွားလိုက်ဦးမည်။ ပဘာဝတီ၊ မယ်ဒန္တီ တို့ စံမိအောင် ချောလှသည်ဆိုသော်လည်း အပြောမျှသာရှိချေသည်။ မိုင်ငြမ်းမရ ပန်းချီဆရာ ဝမ်းလှအောင်၊ မှန်းဆလို့တွေး ဆေးမင်အရောင် မွဲပြောင်ပြောင်နှင့် လွဲအောင်ရေးကြသောကြောင့်၊ ဒေး၍သာကြည့်ရသည် စိတ်ကမကြည်။

ရွှေအီစဖွယ်လှပြည်နယ်မှာ၊ တုမိုဖွယ်ရှားလှသည့် မယ်ထားဝယ်များကမူ၊ ဆံပင် မနို့တရို့၊ ရင်မို့မို့နှင့်၊ တင်ဆို့လျက်နေသောကြောင့် မျက်တောင်တစ်ချက်ခတ်သည့်စက်ဝယ်၊ လျှပ်တစ်ပြက်မြင်ရုံမျှနှင့် ဥမ္မာဒန္တီ ဆင်းနတ်ပီကြောင့်၊ သီဝိရာဇ်မင်း မူးရခြင်းသို့၊ သွင်နမူထူး ဘဝင်ရူမြူး၍၊ မြင်သူတိုင်း မူးရလေ၏။

ဂုဏ်ကြီးဂုဏ်ငယ် အသွယ်သွယ်နှင့်၊ တင့်တယ်သာမော၊ ထားဝယ်မြောက်စွန်း၊ ခင်ယွန်းယွန်းမှ၊ လက်ဝဲကျွန်းဟု ပြောလိုက်ကြလျှင် မြန်ပြည်တစ်ရိုး စံချိန်ကျိုးသွယ်ဖြိုးစုံညီ၊ ထားဝယ်ပိုးလုံချည်ကြောင့်ဂုဏ်ရှည်တောက်ပနေသည်မို့။ ဆရာဦးဩဘာဟိမဝန္တာကို သွန်ကာဖွဲ့သို့မဲ့လို့။ ရှေ့နောက် အစေး ထောက်မတွေးဘဲ မလောက်လေးမလောက်စား ပြုမယ်များမကြံကြနှင့်။ ရွှေတောင် အမေ ရှုမှုလေးမှ ပိုးလုံချည်အဆများက နှိုင်းဆလာလျှင်၊ တိုင်းစကြဝဠာလောက် ကျော်လိမ့်မည်။ ဆေးရောင်မမြို့င်ကြည့်မြင်တိုင် နှင့် ရှိုင် အင်းလေး ပိုးကလေးများမှာ အလကားပေးသော်မှစဉ်းစားစရာပင်၊ တက်ထရွန် တက်ထရက် ဂျင်းချော့ဂျက် နှင့် ဖော့ခရက် ကဗျိုပါ၊ နိုင်ငံခြားဖြစ် အထည်ညာစ်တွေ စုံညီစွာများ လှရှာသော်လည်း၊ စကားကြီး တစ်လုံးမျှနှင့် အနီးဆုံးပြောရလျှင် လက်နီးမသုံး၊ ချိုကုန်းပို့တောင် အားနာစရာကြီး၊ ပျင်းတောင်ပျင်းသေး။

ထည်ပုံအလီလီနှင့် မသုံးမချင်း မပေါင်းနိုင်သည့်၊ ထားဝယ်လုံချည် တစ်လုံးတစ်ကွင်း အကြောင်းသနစ်ကလေးကို၊ ခပ်တည်တည်ညှစ်၍ ရေးလိုက်ဦးမည်။ အိမ်သူမိန်းမ တစ်ခါ လောက် ခေါက်လိုက်မှဖြင့် ဖောက်ဖောက်မြည်သံ၊ ကမ္ဘာမြေကြီးရိုက်တုန်ဟည်းသို့၊ အထက်ဘဝဂ်ကတောင် ညံသတဲ့။ ထင်တရေးရေး မြင်သူဇေးရသည့် အဆင်းနှင့်အသွေးမှာမူ၊ လင်နှင့်မယား တာ်စွန်နှင့်ရထားသို့သာ လိုက်ဖက်တင့်တယ်ပါသောကြောင့်၊ ရေခပ်ထွက်သူ လှမျိုးဖြူတို့ ရေပုံးယူစရာမလိုဘူး။ ပိုးသားအကွက် ထွာညောက်ညောက်မို့၊ ရေတစ်စက်ကယ်မျှမယိုမာဟုံမိုင်ပုံ အလုံးစုံကို ကုန်ကုန်ပြောရလျှင်၊ ခြေသားလုံးမွေးနှင့် ပေါင်သားမွေးများမှာ ဘလိတ်ဓားကလေးနှင့် ရိတ်ထားပေး

သည်သို့၊ အလေးပေါ မကျန်ဘူးတည့်။

ရဟန်းခံ ရှင်ပြု လှူမှုတန်းစာ မင်္ဂလာအဖြာဖြာ၌လည်း၊ ရိုးရာလုံချည် ရိုးစုံညီအောင် အစီအရီဝတ်ကြလို့၊ ထွေရာလေးပေါ်း ဖိုက်နံကားအောင် စားသောက်ကြရင်း၊ လေလုံးထွားကြွပုံက မြန်မာ စကားမဟုတ်သလို အဝါအကြွားခေပ်ပိုပို့နှင့်၊ အင်္ဂလိပ် စကားကို တစ်လုံးစ နှစ်လုံးစ ကြားညှပ်၍ ဆိုလိုက်ကြသေး သည်။ ထို့ပြင်တစ်ဝ အသုဘတွင်လည်း ရိုးရာလုံချည် တချို့ နှင့် ကုသိုလ်အကုသိုလ် တစ်မျိုးစီဆို၍၊ လက်ဖက်ရည်ကြမ်း မုန့်လင်ပန်းကို ခန်းအောင်မျိုကြလေကုန်၏။

အညာဓာတ်ဝေါမထိ အရောရှိကြီး ငယ် အသွယ်သွယ်မှာ၊ ဇုဗ္ဗဝင်လောင်းစစ် ဆုံးမဖြင့်နိုင် သုံးပင်တိုင် မနိုင်နစ်သည်သို့၊ ကိန်းတစ်ခေတ်ကြ၊ ကံနှင့်ယှဉ်ယှဉ်း၊ ကြိုက်ဆိုးအတွင်း၊ ပရိုမိုရှင်းရ သည့်ပုံသို့၊ ထားဝယ်ဒေသ၊ အမြေကျအောင်၊ မနေရဘူးသေး သဖြင့်၊ ဘဝင် မကျတကျ၊ ရင်တမမနှင့်၊ မျှော်မပျ ပြောင်းလာ ရသောအခါ၌၊ အောက်ပြည် အောက်နယ်၊ မြို့ထားဝယ်၊ ရှုမွယ် များပြား၊ နံနက် မိုးသောက်၊ အလင်းရောက်၍ လမ်းလျှောက် သွားရင်း၊ ဂုဏ်ရည်မြင့်သွန်း၊ တစ်ဖက် အစွန်း၊ လက်ဝဲကျွန်းသို့ ရောက်သောအခါ၌၊ ထားဝယ်ရိုးရာ ပိုးလုံချည်အဖြာဖြာကို၊ မြင်ရသည်စေ၊ လန်းရွှင်မသော ဝမ်းရင်မှာ အနာကြလာ၍၊ ဂီတာရှိပ်လို၊ ကညာမျိုးကြောင့် စရာဆို သွားရေကျသည့်နယ်၊ လိုချင်တမ်းတ၊ အငန်းမရ ကြက်သီးဖျန်းဖျန်း ထရလေသတဲ့။

အသက်အရွယ်၊ ကျော်ငါးဆယ် စရာနယ်ရောက်၊ သေချင် စရာဇောင်မှာ၊ ဓာတာခွင်ထောက်လိုက်လျှင်၊ ခန်းဂျွန် ရွှေခြေသံ့ ကာယ်တို့၊ ခွင်မရွေ့ရာဟုနှင့် တွေ့သောအမယ်အိုမနီး၊ တစ်ကိုယ် တည်း လှူမိုကြီးတစ်ယောက်မှာ၊ ရိုးရာလုံချည်စပ်နီနီကို မငြိ တငြိဝတ်၍ လာသောအခါ၌ ထမိရင်ရှား ဆံပင်ဖားလျားနှင့် သားနားလှစွာ ဆယ့်သုံးနှစ်အရွယ် ခပ်ငယ်ငယ်၊ လေမဒီတဒီ ရွှေရင်သိမ်းစ အပျိုမ မယ်တစ်ယောက်က၊ ကလိန်းကလက် စိတ်မငြိမ်၊ ဆွေမှုမျိုးမှု၊ သားမြေးမှုကြောင့်၊ ရင်ထုလက်တီး၊ ရှာပါကြီး၊ အပူမီးငို့ပွဲကြီးမိသို့၊ ကညာရွယ်သစ် လော်ရွှေနှစ်၊ သည်ခေတ်တွင်မှ လင်သားမရလျှင်၊ တစ်ဘဝလုံး အစတုံး၍၊ လူဖြစ်ကျိုးရှုံးမည်ကြောင့်၊ ငါးဆယ်ကျော်ပြီး၊ သေရွယ်နီးတဲ့ လူပျိုအိုကြီးကို၊ မိုးမလိုချစ်လိုက်တော့မည်ဟုစွတ်နစ်၍ အတင်း ခေါ်၊ အိမ်ပေါ်သို့အရောက်၊ လုံချည်အဆင်အသွေးကို၊ ငေးကြည့် နေလိုက်ရင်း သောက်စေလိုသော စေတနာနှင့်၊ ဖျော်တိုက်သည့် အဝင်းမှာ၊ ကော်ဖီမှုန့်နှင့်ဆေးလာ၊ လွဲမှားချက်ကယ်ကြောင့်၊ ငနံ့သားလူပျိုအိုကြီး နှင့် ကွဲသွားရသောဟူ၏။

ထားဝယ်မြေမှီ ရေကြည်ကြည် စေ်ခေါ်သည့်မြို့၌၊ အိမ်ရှေ့ရာစာ ဥစနာမှာ၊ ဆုပဏ္ဏာအဖြစ် အသနားခံလိုက်ရသည် က၊ ကျောက်မျိုးစုံ အရောင်စီသည့် ထားဝယ်ပိုးပုဆိုး တောင်ရှည် တဲ့။ လုံချည်ကားကား၊ မာန်ထွားထွားနှင့်၊ ထိုမင်းသားမှာ၊ မြို့ရွာတော်အရေး ရွှေစိတ်တော်မအေးသဖြင့်၊ အော်ပရေးရှင်း ထွက်ရာတွင်၊ ဗိုလ်ပါ နောက်သား စစ်သည်များမှာ၊ မြက်ရှားကိုနင်းမိကြရာသဖြင့်၊ ကစဉ့်ကရဲ ရုတ်သဲသဲနှင့် ပဲကြီးလှော်ပြိ သကဲ့သို့၊ တပ်လုံးကွဲ၍အစော်မပေါ်ဘဲ၊ တစ်ကိုယ်တည်း၊ ရှမ်းနယ် ထဲအရောက်စွေ့နဲ့အသီးသီး ရှုမငြီးသည့် ဈေးရှုမ်းမတစ်ယောက် က၊ ရှမ်းထီးလက်ပြောက် မျက်စိအောက်မှ၊ လွှတ်မြောက်စိမ့်ငှာ၊ အလစ်တွင်ချာခဲ့၍၊ သန်ဥသန်းဇူ ဇရှုနှင့် သန်းမသန်းဖျင်း၊ သန်းစပင်းကို ဝေါရှင်းလိုသောကြောင့်၊ တောခင်းအလယ် စမ်းချောင်းငယ်၌၊ ခေါင်းဆေးရာဝယ်၊ အိမ်ရှေ့ ရာစာဥစနာ၏၊ မြင်းခွါသံအကြား၊ ရင်တဟာဟ၊ တင်ကြွကြွနှင့် ဆံပင်မစု၍ ကြည့် မိပြီးသည်ဆိုရင်ပဲ၊ မြောက်သွယ် ရောင်ညီ၊ ကျောက်စုံစီသည်၊ ထားဝယ်ပိုးလုံချည်ကို၊ မြင်ရသည်စေ၌၊ တစ်စုလပ်ကြီးမှန်ယို စီး၍ ယောက်ယီးယောက်ယက်၊ နောက်ပိုးတက်သကဲ့သို့၊ အဆင်းလှစုံ၊ သူ့ရုပ်ပုံမှာ၊ ပို့ကျုံကြွေ့ပုလင်း လည်ပင်းသို၊ ဥစနာ ထံပါး၊ ကပ်၍သွား၊ ခါးကိုမဖို့တမိုးဖက်ရင်း၊ မျှချက် ကာယ်ထူး မသောက်ဖူးမှာ၊ အရှုပမာ ဖြစ်ရပါပြီ။ ဖြူပြာအဆင်း၊ မှုရာ သင်းတဲ့၊ မင်းလှုပ်ရှင်၊ ယဉ်မှုလုံး မြင်သွန်းရသည့် မတုန်းခေါ်ကို၊ ရွှေပျဉ်သပန်းမှာ၊ ရေစင်ဖျန်း၍၊ ကြွေနန်းတင်လိုက် ပါဆိုသတဲ့။

ထက်မိုးအာကာဝတီသာမှ၊ မာယသိကြား၊ ဓါသကြီးနံ အတွင်း မာန်ပြင်းပြင်းနှင့်၊ ဇစ်ခင်းတင်း ကြွလာခိုက်၊ ဒရိုင်ဘာ မာတလိ၊ မပါရှိ၍၊ ဖျာယီးဖျာယား၊ မယားနှစ်ဖြာ၊ သားနှစ်ဖြာ ကြောင့်၊ တရား မှာအပူမဖြောင့်နိုင်သည့်အလား၊ လေသံအေး အေး၊ တမေးမေးနှင့်၊ စစ်ဆေးရေးထွက်လာသလို၊ ညချမ်း နေဝင်၊ ထားဝယ်တစ်ခွင်၊ ပြိုပြိုစင်အောင်၊ လှည့်လည်စဉ်၌၊ စမ်းတဝါးဝါး လမ်းအစားစား၊ ခမ်းနားတင့်တယ်၊ မဆိုလောက်ဖွယ် ချိုင်ငယ် ကြိုက၊ ကွင်းတုံ့ရွှောင်တုံ့ ဖယ်၍၊ ထားဝယ်မြောက်စွန်း ဓပ် ယွန်းယွန်း၊ လက်ဝဲကျွန်းမှာ၊ နားလေသောအခါ၊ ဘိသိက်ဆရာ ဦးဟဝါ၏၊ မျက်နှာကိုမျှ မထောက်ဆသော၊ အင်္ဂါကြိုပ်နိစ်ပြစ် နေသည့်၊ နံရိုးကျိုင်းကျိုင်း၊ ခါးကိုင်းကိုင်းနှင့်၊ အရို့ ဟိုင်းကြီး တစ်ယောက်က၊ ဆွဲသောနေ့ခြင်း၊ လူလုံးမလှ၊ သည်မယ်ဘဝ နောက်ကို၊ ဆယ့်ခြောက်ရှိသို့၊ မဖြစ်ရလိုကြောင်း၊ ဆုရွယ် တောင်း၍ အသွယ်သွယ်အမျိုးမျိုး၊ ဂုဏ်ကြွယ်ပြီးသည့် ထားဝယ် ပိုးလုံချည်ကို၊ အမျိုးမခိုန် တန်ခိုးထိန်သည့်၊ မိုးကူ့နွာအား၊ လက်ဆောင်ပဏ္ဏာ ဆက်သရှာသောကြောင့်၊ ကိုကိုမာယ၊ အလို ကျကျနှင့်၊ ကြောင်ကလေး ပုဆိုးကြမ်းရသလို၊ ဝတ်ကာမနေး

ခွတ်ခွာ၍ ပြေးပြီးလျှင်၊ မျက်နှာမှိုရ ရွှင်ပျပျနှင့်၊ လှပြည်လှ့နယ်၊ မြို့ထားဝယ်၊ နှစ်ရက်သာသာ လေးနာရီနှင့် စက္ကန့်ရွှန်းအောင် လည်ပြီးနောက်၊ သရေလျှံလန်း၊ ဝေဇယန်နန်းမှာ၊ မောကာပန်းကာ၊ စံနေရှာခိုက်၊ သုမာလာက မရှိ သုဗိတာက မနာလို၊ သုနန္ဒာ မျက်နှာအိုနှင့် သုစိတ္တာက ငိုလျက်၊ ပြောကြသည့်အချက်ကား "ဟင်းနော် – သိကြားမင်း ဘုံတာဝတိံစံတော်ချိန် လေးစက္ကန့်သာသာအတွင်းမှ၊ လှ့ပြည်သို့ဆင်း၍ ဘာအစင်းတွေလုပ်ခဲ့သလဲ။ ဝေဇယန်အဆောင်၊ ပြူမယောင်ကြောင့်၊ ကျွားထောင်ရမလို၊ မြားမြောင်လှပေသော၊ ငါးသန်း နှစ်ကုဋေ၊ နတ်ကြင်ဆွေတို့မှာ၊ လင်မသေသဘဲ၊ ရှင်နေဆဲ၊ လမ်းခွဲ၍ မနေနိုင်ကြပါဘူးတော်။ နတ်ဝတ်လုံချည် ရောင်နီပုဆိုး၊ တိမ်မိုးနိုးကို၊ ခွတ်ကာလဲ၍၊ ညှိ ပိုးလုံချည်၊ ပုဆိုးတောင်ရှည်ကို၊ အိုပါးသိကြား၊ ဘယ်ဌာနီကရလာခဲ့သလဲ၊ ထောင့်မကျိုးသေးသည့်၊ ခေါက်ရိုးကလေးနှင့်၊ နောက်ပိုးကြေးပေးလိုက်လေသလား။ ဓါးအောက်ခွဲထက်၊ အလေယ်ချက်မှာ၊ အကွက်အကွက် နိုင်လိုက်တဲ့ရေတွေတဲ့"

မျက်လုံး မျက်ဆန်၊ ပြူးပြာလန်နှင့်၊ ဝေယံ သိကြား၊ လေသံ သုံ့သုံ့၊ ခပ်နွဲ့နွဲ့ဖြင့်၊ ပြန်ပြောလိုက်တဲ့ စကားမှာ၊ လှ့ရပ်ရွာနယ်၊ လွန်တင့်တယ်၊ မြို့ထားဝယ်မှား၊ အပျိုမပီကလား၊ ထိုဌာ စွာသည့်၊ အိုမိကါပုံ အလှာနှင့်၊ စကားမဝံတဲ၊ အသားမပည်းတမည်း၊ လမ်းသရဲ မလေးတစ်ဦးက၊ အထက်တင်းတင်း၊ ချက်ဟင်းလင်းနှင့်၊ လက်ကမြင်းထတဲ့၍၊ စက်ကရိုင်းရုပ်၊ အမျိုးမြတ်ကို၊ ကြမ်းပိုးခတ်၍၊ ကျိုးပြတ်နေဆဲမို့၊ ရေခဲမပေါ်၊ မှန်းစရာ မတော်အပြုံးမှာမပျက်တဲ၊ အုန်းနှာခွက်ပုံ ငွေဖလားနှင့်၊ ကုန်းကာအသာပက်လိုက်တာကြောင့်၊ ငါကိုယ်တော်မြတ်၊ နတ်ထက်နတ်၊ အသဲဆတ်ဆတ်ခါ၊ နှမ်းတရိရိ၊ ချမ်းစိစိနှင့်၊ အမိတို့ထံပြန်ခဲ့ရပါသည်။ နောင်ကိုရှုပ်ရှုပ်၊ မောင်မောင်လုပ်လျှင်၊ ပင့်ကူချည်တွင်ကြိုးဆွဲချ၊ တော်ဖီစွန်းထဲက ရေမှာမြုပ်၍၊ အဟုတ်သေရပါစေတဲ့။

လွှမ်းပြည်နတ်ပြည်၊အတည်တည်၌၊ ဂုဏ်ရည် ကျော်ကြားစံချိန်မီမီအဆင်အကွက်ညီသည့်၊ ထားဝယ်လုံချည်အကြောင်းများကို၊ မသေမချာ၊ မရေမရာမို့၊ အရင်းအမြစ်ကအစ၊ သိရှိကြအောင်၊ နုံစမ်းမှ တော်ပေတော့မည်။

နံနံ့သာမြိုင်၊ ရုံအတွင်း၊ ထုံသင်းငယ်ကြိုင်၊ ဂနိုင်ဟောမွေးအစ၊ ရွှေမှားကလျာ၊ ဟိုခင်ကိုလျှောက် ပါလို့၊ မိုလင်ပျောက်ရှာရင်း၊ ပြောမဆုံးအောင်၊ စောဘုန်းခေါင်ကြောင့်၊ တေဘုံးတောင်ရောက်သည့်အစင်းသို့၊ ဝဲကျွန်းတိုက်နယ်၊ ထိန်သစ်ထိန်လယ်၊ အသွယ်သွယ်ပြောင်း၍၊ ထိန်ဟောင်းသို့ပါ၊ ထားဝယ်လုံချည် အကြောင်းသနှစ်တွေကို၊ စင်စစ်ဖွေရှာလိုက်သောအခါ၊ ဘကြီးသာဗျော၊ အရွှန်းနောက၍၊ တစ်ခွန်းပြောလိုက်ပုံက၊ "ပိုးလုံချည်အစ ရှိကျမှဇာတ်ကတဲ့"

လျော်ပေကန်ပေ၊ ဘကြီးသာဗျော၊ ဟန်မနော ပြောသည့်လေမှာ၊ ယုံစရာမရှိတာမို့၊ မျိုးအစားစား၊ အကိုးအကားကို၊ ကြိုးစား၍ရှာလိုက်ရာ၊ ဘိုးဘေးဘီဘင် ရှေးယခင်က၊ ထားဝယ်တွင်ပိုးကုမှုဇာတ်များရှိသတဲ့။ ဘုံဘော့ပိုး၊ ဂျပန်ပိုး၊ အိန္ဒိယပိုး ပိုးမျိုးများစွာ၊ အဖြာဖြာကို၊ လက်ငင်းအကြေးအရိုးမှိုးပေး၍ ရောင်းချလာသောကြောင့်၊ ထိန်သစ် ထိန်လယ်၊ ထိန်ဟောင်းမယ်အသွယ်သွယ်တို့က၊ အလုအယက်ဝယ်ကြလို့၊ နိုင်ငံခြားဆေး မပေါ်သေး၍ ဘုရပ်ဆေးနှင့် အစာထိုး၊ ချိတ်ဆီ ပန်းသီး၊ အနည်းနည်းဖြင့် ဆိုးကြပြီးနောက် ကွင်းကြီးနက်ကျယ်၊ ပိုးအလှယ်လှယ်ကို၊ အနံ ငယ်အောင်လုပ်။ ပိုးစင်ကြီးပိုး၊ ဤနှစ်မျိုးကို၊ အရိုးကျအောင်ခွဲထုတ်၍၊ လက်ရက်ကန်းစင်မှာ၊ အကွက်ဆန်းထွင်ကာ၊ ရက်လုပ် ကြပါသဖြင့်၊ နှစ်နံစပ်ပါမှ၊ လုံချည်တစ်ကွင်းစာ ရသတဲ့။

ထို့နောက်တစ်ဖန်ပေါ်ပေါက်ပြန်သည်မှာ၊ လွန်းပျံရက်ကန်း ဖြစ်လေ၏။ လွန်းပျံပေါ်စ၊ ထိုကာလမှစ၍၊ တစ်နံမှုနှင့်ဟန်ကျစရာ၊ လုံချည်တစ်ကွင်းစာ ရလာပါသော်လည်း၊ စေးမြေရပ်ခြား၊ တိုင်းတစ်ပါးသို့၊ ငွေယိုပေါက်မပွားစေလိုသောကြောင့်၊ နှစ်လတာရှည်၊ ထားဝယ်မြေတွင်၊ ပိုးပြတ်ကာနေသဖြင့်၊ လက်တော်သံမကြား၊ ရက်ကန်းလုပ်သား၊ မိုးအိုးများမှာ၊ သနားစရာ ဓါးတစ်လွှာအတွက် နောင်ရေးခက်ရှာသောကြောင့်၊ တာဝန်ရှိသူ ထိုထိုလူတို့၊ နည်းမှုဇာတ်တွင်၊ ပိုးမျှင်အလား ရှည်မျှင် ချောများနှင့်၊ အစားသင်၍၊ ရက်လုပ်ကြစေပြန်သောကြောင့်၊ တန်ဖိုးနည်းနည်းဖြင့် ဟန်ကဲကဲနှင့်၊ သဘင်ပွဲ အလယ်မှာ၊ ဝင့်နိုင်ကြပါပြီ။

နယ်တစ်ရိုမှာ ကြွယ်တန်ခိုးခြာ၍၊ ဆယ်ကိုး ကမ္ဘာပြောင်းသော်လည်း၊ မသုံးမချင်းမဟောင်းနိုင်သည့် ထားဝယ်ရိုးရာလုံချည် ကောင်းများကို၊ ဆေးသား နိုင်နိုင်၊ အဆင်အကွက် မြိုင်မြိုင်နှင့်၊ စတိုင်ကျကျ ဝတ်ဆင်ကြရတော့မည်ဖြစ်ပါကြောင်း၊ မိုးမြေ ကလေးတွေ မင်္ဂလာဆောင်လျှင် အရီအသေပေးနေကြရသည့်၊ ကိုရွှေအေးက ထားဝယ်မဂ္ဂဇင်းမှာ အလယ်ချက်ကသွင်းပြီး၊ သတင်းကောင်းပါးရင်း လက်ဆောင်း၍၊ အနှား ဆောင်းလိုက်ရပါတော့မည်။ စာဖတ်ပရိသတ်အပေါင်းအို သူတော်မကောင်းတကောင်းတို့ ခင်ဗျား ။ ။

သားငယ်ရွှေအေး

ကျွန်တော့် ဗိုက်ကလေးရဲ့ ရေကြည်ရာ

● အောဒိသစ်

(၁)

တောင်တွေကာရံထားတဲ့အရပ်ဆီသို့ တိမ်လိုကျွန်တော် ပျံသန်းလာချင်နေပါတယ်။ ကျွန်တော့်ဗိုက်ကလေးရဲ့ ရေကြည်ရာဆီပေါ့။ ကျွန်တော်တို့မြို့မှာ ထူးခြားတာက မြို့ကလေးဆီ ဘယ်လမ်းကဝင်ဝင် မြို့ကလေးကနေ ဘယ်လမ်းက ထွက်ထွက် စိတန်းနေအောင် စိုက်ထားတဲ့ ထန်းပင်လမ်းကလေးများကို ဖြတ်သန်းရပါတယ်။

အရှေ့ဘက် မေတ္တာယိုးဒယားလမ်းကဝင်ဝင်၊ အနောက်ဘက် မောင်းမကန် လောင်းလုံလမ်းက လာလာ၊ မြောက်ဘက် ရေလမ်း၊ ရေဖြူအရှေ့ကမ်းက နေဖြတ်ဖြတ်၊ တောင်ဘက် သရက်ချောင်း-မြိတ်လမ်းမလည်း မြို့အဝင်လမ်းနှစ်ခွ ဆုံမိတဲ့တိုင် ထန်းပင်လမ်းကလေးနှစ်ခုက စီတန်းလို့ပဲပေါ့။ ပုစွန်ဆိတ်ခုန် ပလုံစီ လေးနဲ့ စီုဓဓ စီတီတီ။ ငှက်ခါးတောင် ရှိုးသက်သက်နဲ့ ဆက်ရက်မင်းစည်းစိမ်နေ့ရက်တွေကလည်း စီလို့တန်းလို့ပဲပေါ့။ ကျွန်းမာရေးအတွက်လမ်းလျှောက်အောက်စီဂျင်သန့်သန့်လေကို ရှူလို့တောက်ပတဲ့ နေ့ရက်တွေကလည်းစီလို့တန်းလို့ပဲပေါ့။ ဘယ်ခေတ် ဘယ်အချိန်က ဘယ်သူတွေ ဘယ်လိုစိတ်ကူးနဲ့ ဒီထန်းပင်တန်း ကလေးတွေကိုစိုက်ခဲ့တယ် ကျွန်တော်မသိပေမယ့် ကျွန်တော်တို့ မြို့ကလေး အတွက်တော့ အရမ်းလန်းတာပဲ။

(၂)

ကံဇာတ်ဆရာရဲ့ စေညွှန်ရာကို ငြင်းပယ်ရွေးချယ်ခွင့်မရခဲ့ကြ။ ပျော်ရာကိုကျွန်တော်တို့ စွန့်ခွာခဲ့ကြရပါသည်။ လမ်းကလေးတွေရဲ့ သယ်ဆောင်ရာ ကျွန်တော်တို့ စုန်ကြ၊ ဆန်ကြစီးဆင်းကြရပါသည်။ တစ်ရပ်တကျေးဆီ ကျေးလက်တွေ၊ မြို့ပြတွေဆီ၊ အကြေ၊ အညာတောင်တန်းတွေ၊ လွင်ပြင်တွေ၊ ပင်လယ်တွေဆီ။ ခြေးမြေခြား သမုဒ္ဒရာခြားသော အရပ်တကာနယ်တကာဆီ ကျွန်တော်တို့ ရွေ့ခဲ့ရပါသည်။ ကျွန်တော်တို့ရွေ့ခဲ့ကြပါသည်။ ရွေ့ရင်း ရွေ့ရင်းကပဲ ကျွန်တော်တို့ တမ်းတလွမ်းသနေခဲ့ကြရပါသည်။ ပင်းတယရောက်နေတဲ့ တစ်ယောက်ကမလွမ်းဘူးလား။ အင်းလေးရောက်နေတဲ့ တစ်ယောက်ကမလွမ်းဘူးလား။ ညောင်လေးပင် ရောက်နေတဲ့တစ်ယောက်ကရော၊ ကျောက်ပန်းတောင်းရောက်နေတဲ့တစ်ယောက်ကရော၊ စမုစခွန်၊ ဖန်ပလား၊ ရနောင်းမှာရောက်နေကြတဲ့သူတွေကရော၊ မလေးရှား၊ စင်္ကာပူ၊ ဒူဘိုင်းရောက်နေ သူတွေကရော ထားဝယ်လမ်းကလေးကို မလွမ်းကြဘူးလား။

ရာဘာစေးတွေခြစ်ရင်း၊ ဆီအုန်းခိုင်တွေ ထိုးရင်း၊ ပုစွန်တွေ ငါးတွေရွေးရင်း၊ ငါးဖမ်းပိုက်တွေဖာရင်း၊ ပင်လယ်ကူးသင်္ဘောကြီးက သံချေးခေါက်ခွာရင်း၊ အထပ်မြင့် တိုက်မှန်ပြတင်းတွေ သန့်ရှင်းရေးလုပ်ရင်း၊ ဂဟေတွေ ဆက်ရင်း၊ ယန္တရားတွေမောင်းရင်း၊ ကွန်ပျူတာခလုတ်တွေနှိပ်ရင်း ထားဝယ်လမ်းတွေကို မလွမ်းမိကြဘူးလား။ ကျွန်တော်ကတော့ ကိုယ်ချင်းစာပါ သည်။ သူတို့တွေလည်း လွမ်းနေကြပါလိမ့်မည်။

(၃)

ထားဝယ်ရာဇဝင်နှင့် ပတ်သက်သော အိပ်ရာဝင် ပုံပြင်များစွာကျွန်တော်တို့ကြားခဲ့ရပါသည်။ အဲဒီလမ်းကလေးတွေပေါ်မှာ ပြေးလွှားဆော့ကစားရင်း ထားဝယ်ဒိန်းသီချင်းတွေဆိုရင်း ကျွန်တော်တို့ကြီးပြင်း လူလားမြောက်ခဲ့ရပါသည်။

မောင်ချစ် နှမချစ် သံယောဇဉ်ဖွဲ့ ရှင်စော ရှင်ဖဲ၊ ငါးနုံမနဲ့ ရှင်ရသေ့။ ကာလိန်အောင်ကျွန်းစုန်အရပ်မှာ စန်ဦးဘီလူးနဲ့အတွေ့ အကြုပ်မျက်ခံလိုက်ရတဲ့မြို့စားဦးနဲ့လှ။ ဝေဒီဘုရင်စောသီဟသက်တော်စောင့်မောင်ဗအဲနှင့် မယား စောပညာသုံးပွင့်ဆိုင်ဇာတ်လမ်းကြားက "ထားဝယ်ရိုး ကြက်ကိုး" ဆိုရိုးစကား၊ မုဆိုးမောင်နွားနဲ့ရှင်တောင့်ပုံစေတီ၊ ဥစ္စာမင်းသားရဲ့အချိုးပြာ၊ ယိုးဒယားမင်းသမီးမခံသီးနှင့် ရှမ်းလေကိယက်တွင်းကလွမ်းမောစရာ။

မုတ္တသုခနောဂရမင်း၊ နပ်ဇာဂီတောင်နှင့်မုတ်ဆေး ဇာတ်လမ်းများ။ ဇာတ်ကွက်များ။ ကိုယ့်ထီးကိုယ့်နန်းရာဇဝင် သက်သေမြို့ရိုးဟောင်းတွေ။

ဂျပန်ခေတ်က ယိုးဒယားလမ်းမကြီးအတိုင်း ဘီအိုင်အေတွေ ဝင်လာခဲ့ကြပါသည်။ ရဲဘော်သုံးကျိပ်ဝင်တွေ သွေးဖောက်လို့ သစ္စာရေသောက်ခဲ့ကြပြီ။ ကာ့ဒေါင်းအလံဟာ လေထဲမှာ ငွားငွား စွင့်စွင့်လွင့်လို့။ ကိုယ့်မြေကိုရဲရဲနင်းလို့ မတရားမှုတွေတိုက်ထုတ်ဖို့ ဝင်လာခဲ့ကြပြီ။ ဘယ်လောက်များ စိတ်အားတက်ကြွစရာ မြင်ကွင်းလဲ၊ ထားဝယ်သွေးသည်ရဲရဲနီ၏။ အတူတကွလိုက်ပါ ချီတက်သွားခဲ့ကြပါသည်။လွတ်လပ်ရေးပန်းတိုင်ဆီသို့။ တချို့ကားမွေးရပ်ကို ပြန်ရောက်မလာနိုင်ခဲ့ကြတော့။ သမိုင်းကို တိတ်တဆိတ် ရေးသွားခဲ့ကြလေပြီ။

(၄)

အဲဒီလမ်းတွေဆီမှာအုတ်ခဲလေးတွေနဲ့ဘဝကိုစခဲ့ကြပါသည်။

အဲဒီလမ်းတွေဆီက ရယူ.... အဲဒီလမ်းတွေပေါ်ကို ပေးမျှ

အဲဒီလမ်းတွေဆီကသင်ကြား.... အဲဒီလမ်းတွေပေါ်ကိုပို့ချ

အဲဒီလမ်းတွေပေါ်မှာလျှော်ရှင်.... အဲဒီလမ်းတွေပေါ်မှာပဲကြေကွဲ

အဲဒီလမ်းတွေပေါ်မှာသူရဲကောင်း.....အဲဒီလမ်းတွေပေါ်မှာသစ္စာဖောက်

အဲဒီလမ်းတွေပေါ်မှာအောင်မြင်......အဲဒီလမ်းတွေပေါ်မှာကျရှုံးလို့

အဲဒီလမ်းတွေပေါ်မှာဆုံတည်း.....နောက်ဆုံးအဲဒီလမ်းတွေပေါ်ကနေ ခွဲခွာသွားကြရပါဦးမည်။

အဲဒီလမ်းတွေကနေ မြန်မာသိ၊ ကမ္ဘာသိပညာရှင်တွေ၊ အနုပညာသမားတွေ၊ အတတ်ပညာရှင်တွေ၊ သာသနာ့ အာဇာနည်တွေပေါ်ထွက်ခဲ့ကြပါသည်။ အောင်မြင်သော စီးပွားရေးသမားတွေပေါ်ထွက်ခဲ့ကြပါသည်။ စွန့်လွှတ်စွန့်စား သူရဲကောင်းများရှိခဲ့ကြသည်။ ရှိနေကြပါသည်။ ရှိလာပါလိမ့်ဦးမည်။ အဲဒီလမ်းတွေပေါ်မှာပဲ လေလွင့်နာကျင်ရင်း စွန့်ခွာသွားသူတွေလည်းရှိနဲ့ပေါ့။ လမ်းကလေးကတော့ အားလုံးကို ခွဲခြားထွေထွေး မခွဲမခြား တသွေးတသားတည်း၊ ကျွန်တော်တို့ကရော အဲဒီလမ်းကလေးကိုဘာတွေများ ပြန်လည်ပေးဆပ်ခဲ့ပြီးပြီလဲ။ဘယ်လိုများ ပြန်လည်ပေးဆပ်ကြမလဲ။ ဘယ်လောက်များ ပြန်လည်ပေးဆပ်နိုင်မလဲ။ လွမ်းရင်းကကျွန်တော် တွေးနေမိပါသည်။ ဒီကမ္ဘာမြေပေါ်က ပြန်လည်ထွက်ခွာ နှုတ်ဆက်မသွားခင်မှာ ဒီလမ်းကလေးတွေအပေါ်ကျွန်တော်တစ်စုံတစ်ရာ ပြန်လည်ပေးဆပ်ထားခဲ့ချင်ပါသည်။

အေဒီသစ်

ရေးရိုးပန်းချီ

အဘိုးကနေ

အဖေ ။

အဖေကနေ

သား ။

သားကနေ

မြေး ။

လေထဲမှာအရုပ်ရေးပြခဲ့

ရွှေယုန် နဲ့ ရွှေကျား

သက်ငယ်ရိပ်သွားတဲ့ပုံပြင် ။ ။

ထွန်းပ

အိပ်မက်ချို

ဦးကျော် (စက်မှုတက္ကသိုလ်)

တစ်ခါတစ်ရံ၌ ဆန္ဒဟူသည်ဆန်းကြယ်လေစွ။ အကောင်းနှင့်အဆိုးနှစ်ခုထဲမှ စိတ်ကြိုက် ရွေးချယ်ခွင့်ရှိလျှင် ဘယ်သူတွေမဆို အကောင်းကိုသာ ရွေးချယ်ကြပေမည်။ ရိုးမြိန်ခြင်းနှင့်ခါးသီးခြင်း နှစ်ခုထဲမှ စိတ်ကြိုက် ရွေးချယ်ခွင့်ရှိခဲ့ပါက ရိုးမြိန်ခြင်းဘက်ကိုသာ လူတိုင်းအလေးပေးကြမည်မှာအမှန်ပင်။ သို့သော်လည်းဘဝတစ်ခုလုံး ပုံအပ်ရလောက်အောင် ချစ်မြတ်နိုးရပါသောမိန်းကလေးတစ်ယောက်၏ အချစ်နှင့်အမုန်းနှစ်ခုထဲမှ နှစ်သက်ရာရွေးချယ်ခွင့် ရှိခဲ့သော တစ်ချိန်က ကျွန်တော်သည် ချစ်သူ၏အမုန်းကိုသာ ရွေးချယ်မိခဲ့ပါ၏။ ပန်းနုရောင် ပါးပြင်လှလှလေးပေါ် မျက်ရည်ပုလဲများ အဆက်မပြတ်စီးဆင်းသွားခဲ့သောချစ်သူသည်သေသည်အထိ ကျွန်တော့်ကို မုန်းတီး နာကြည်းသွားမှာကိုတော့ ကျွန်တော် အသေအချာသိနေခဲ့ပါသည်။

//0 67 1 6 | 3 2 - - | 0 56 7 5 | 2 1 - - ||

ထားဝယ်သူလေးရေ လွမ်းတယ်... ထားဝယ်မြို့ကြီးကို လွမ်းတယ် ....

//0 67 1 6 | 5 4 4 03 | 3 4 4 - | 3 4 4 06 | 6 - - - ||

အခြေအနေမပေးလို့ဝေးသောအရပ် ငါနေခဲ့လည်း တစ်မိနစ်လောက် မမေ့ဘူးတယ်...

ကျွန်တော့်စိတ်အစုံသည် မြင်းရိုင်းတစ်ကောင်နှယ် အရှိန်ပြင်းစွာဖြင့် အတိတ်ရပ်ဝန်းဆီသို့ လွင့်စွာသွားခဲ့ပါသည်။

■ ■ ■ ■ ■

တစ်ကိုယ်လုံးစိုရွှဲပြီးချမ်းတုန်နေသော ကျွန်တော်သည်ခြေကျင်းဝတ်လောက်နက်သော ရေစပ်သို့အရောက်တွင် တွေ့လိုက်ရသော မြင်ကွင်းကြောင့် အလွန်အံ့အားသင့်သွားမိခဲ့သည်။ ကျွန်တော်နှင့် မလှမ်းမကမ်းတွင်ရပ်နေသော ကောင်မလေးတစ်ယောက်က ကျွန်တော့်ကို မျက်တောင်လုံးဝမခတ်တမ်း ငေးကြည့်နေသောကြောင့်ပင်။

ထိုကောင်မလေးကို ဘယ်နေရာမှာတွေ့ဖူးလဲ ဘယ်လိုမှ ကျွန်တော်စဉ်းစားလို့မရ။ သူမ ရပ်နေသောနေရာက ကျွန်တော် လျှောက်လာသောလမ်းကြောင်းနှင့်တည့်တည့်မို့ကြောင့်မှာတော့နှစ်ဦးသား အတော်ကလေးနီးကပ်လာချေပြီ။ အင်း... မေးဦးမှပင်ဖြစ်တော့မည်။

"မင်းငါ့ကို သိနေတယ်လား"

"ရှင်... ဘာ ဘာ ဘာဖြစ်လို့လဲ"

လူမိသွားလို့ရှက်နေတဲ့ပုံစံလေးက ချစ်စရာ။

"မင်း ငါ့ကိုကြည့်နေတာ ကြာပြီလေ"

"အို... မဟုတ်ပါဘူးရှင်။ ဟို... ဘယ်လို ပြောရမလဲ။ ကျွန်မ လိမ္မော်ရောင်ဘောလုံးကြီးကို ကြည့်နေတာပါ"

"ဟင်... ဘယ်မှာလဲ ဘောလုံး။ ငါလည်း မတွေ့ပါလား"

"ဟိုမှာလေ" ကျွန်တော့်ဦးခေါင်း အပေါ်ဘက်သို့ သူမညွှန်ပြသည်။

ကျွန်တော့်အနောက်ဘက်တွင် တစ်ခုခု တော့ရှိနေပါပြီ။ ခန္ဓာကိုယ်ကို တစ်ရှောရှစ်ဆယ်ဒီဂရီ လှည့်ပြီး ကျွန်တော်ကြည့်လိုက်သည်။ ဟော...တွေ့လိုက်ပါပြီ။ ဝင်လုဆဲဆဲနေမင်းကြီးသည် လိမ္မော်ရောင် အသွေးဖန်ဆင်းလျက် ပင်လယ်ပြင်ကြီး၏ မျက်စိတစ်ဆုံးအကွာအဝေး၌ ရေထဲသို့ ထိုးစိုက်ပြေးနေပါတော့။

"ကြော်... ဒါလား *Sorry* ကွာ ငါ့ကို ကြည့်နေတယ်ထင်လို့ မေးမိတာပါ။ စိတ်မရှိနဲ့နော်" သူ့ဘက်ပြန် လှည့်ကြည့်ရင်း ကျွန်တော် ဖျာဖျာသလဲ တောင်းပန်လိုက်သည်။

"ရပါတယ်ရှင်... ဒီလောက်အထိ တောင်းပန်စရာ မလိုပါဘူး"

"ဒါနဲ့မင်းကဘာဖြစ်လို့နေလုံးကြီးကို ဒီလောက်တောင် စိုက်ကြည့်နေရတာလဲ"

"လှလို့လေ။ ကြည့်ပါလား။ နေမင်းကြီးကသူ့ရဲ့ အရောင်တွေ စုံးရှုတဲ့ဝတ်ရုံကြီးကိုခွာချပြီး လိမ္မော်ရောင် လဲဝတ်လိုက်တော့ ဘယ်လောက်ထိ လှပတဲ့ရှုခင်းလေးတစ်ခု ဖြစ်သွားလဲ။ မောင်းမကန်ပင်လယ်ပြင်ကြီးရဲ့ အနောက်ဖက် မိုးကုပ်စက်ဝိုင်းမှာ လိမ္မော်ရောင် ဘောလုံးကြီးထိုးစိုက်နေတာ ဘယ်လိုကြည့်ကြည့် မဝနိုင်တဲ့ ရောင်စုံပန်းချီကားကြီး တစ်ချပ်မဟုတ်ပါလား" စိတ်ဝင်တစားရှင်းပြနေသော သူမကို ကျွန်တော်ငေးသော ကြည့်မိနေတော့သည်။

သူမအသက်အရွယ်က ကျွန်တော်နှင့် မတိမ်းမယိမ်းဖြစ်ထားသော ဂျင်းဖက်ရှင်လေးဖြင့်အလွန်စတိုင်ကျသည်။ ဝင်းဝါစိုပြည်သော အသားအရေနှင့် မယ်စကြာဝဠာတွေလို ***Body Structure*** လေး သူမမှာရှိသည်။ ပန်းသောသာလောက် ရှိသောဆံပင်လေးများက ကုတ်ဝဲလေးချထားတော့လေပြည်မှာ ယိမ်းကနေသလို ကျွန်တော်နှစ်သက်သောမင်းသမီးတစ်ယောက်၏ ပါးမို့မို့လေးများသူမမှာရှိသည်။ ကျွန်တော်အလွန်နှစ်သက်သောအဆိုတော်မလေးတစ်ယောက်၏ မျက်လုံး ဝိုင်းဝိုင်းလေးနှင့် နှာတံကျူလေးလည်း သူမမှာရှိနေပြန်သည်။ ဘယ်သူနဲ့မှမတူတဲ့ အပြုံးလှလှလေးကတော့ သူမရဲ့မူပိုင်ပဲဖြစ်မည်ထင်သည်။

ကဗျာဆန်ဆန်တွေးတတ်သောသူမနှင့် ဂီတကို ရူးသွပ်သော ကျွန်တော်၏ရင်းနှီးမှုအစပျိုးကာလကား ဂျက်ခေတ်ပီသလှပါပေသည်။ ဘန်ဂလိုကိုပြန်ကြဖို့အသီးသီးနှုတ်ဆက်ကြတော့ကျွန်တော့် နာမည်ကိုမေးသွားခဲ့သလို သူမနာမည်ကိုလည်း တိုးတိုးလေးရွတ်ပြသွားခဲ့သည်။ "အိပ်မက်ချို" တဲ့လေ။ မှန်ပါသည်။ ထိုညက ကျွန်တော့်အိပ်မက်များ အမှန်တကယ် ချိုမြိန်ခဲ့ပါသည်။

■ ■ ■ ■ ■

|| 0 66 6 6 | .5 5 - | 55 - 56 - | 3 3 3 3 |

ဟို အဝေးက ဟစ်ကာအော် ခေါ်သံလို ကြားတယ်

| 6 6 6 66 | 6 .5 5 - | 1̇7 - 1̇ 7 | 1̇7 - 1̇ 2̇ |

ဓထာ ဓထာ ဓထာ ဓထာ ပဲ ယောင်ယမ်းကာ ငါ ရွတ်ဆိုမိတယ် မင်းနာမည်လေး

| 0 66 6 6 | .5 5 - | 55 - 56 - | 3 - - - - |

လှိုင်းလုံးကြီးများ မောင်းမကန်သောင်ဆီ နိုဝင်ရို့ ပြေးသလို

| 6 6 6 66 | 6 .5 5 - | 1̇7 - 1̇ 7 | 7 7 7 7 2̇ 1̇ | 6 - - - ||

ဘဝ ဘဝ ဘဝ တစ်ခုလုံး မင်းအရိုင်ယူ အိပ်မက်ချိုလေး ကြည်ဖြူစွာ လမ်းခင်းပေး

■ ■ ■ ■ ■

"အိပ်မက်ချို"

သူ့နာမည်ကို တိုးတိုးလေး ရွတ်ကြည့်မိတော့ ရင်ထဲမှာ အေးစွေးဓာတ်လေးတစ်ခုရနေသလိုလို။

"အိပ်မက်ချို"

နည်းနည်းပိုကျယ်သောအသံဖြင့် ရွတ်ကြည့်မိတော့ ပမာအမှန်းဆနိုင်တဲ့အင်အားတစ်ခုက သွေးကြောထဲလှည့်လည်စီးဆင်းနေသလိုလို။

လှိုင်းခေါင်းဖြူများ အစချိုးသောနေရာသို့ သွားပြီး အသံကုန်အော်ဟစ်လိုက်တော့သည်။

"အိပ်မက်ချို"

ချော်လဲ့ခြင်းတပ်သားများသည် ကျွန်တော်၏ ခံနိုင်ရည်စွမ်းကို အလုံးအရင်းဖြင့် ဝင်ရောက်စီးနင်းသိမ်းပိုက်လိုက်ကြ၏။

■ ■ ■ ■ ■

"ကိုကို" ဟူသော သူမ၏ခေါ်သံလေးသည် ကျွန်တော် အနှစ်သက်ဆုံးဂီတများထက်ပင် နားဝင်ပီယံရှိလှပါ၏။ အမြဲသွက်လက် တက်ကြွနေတတ်သော သူမ၏ဟန်ပန်၊ သူမ၏ ကဗျာဆန်တီးသောကဏ္ဍပါလို နူးညံ့အိစက်သည့် အရှားသွယ် လက်ချောင်းလေးများထားဝယ်သူပီပီ ဘာသာတရားကိုင်းရှိုင်းသော သူမ၏ကိုးကွယ်ယုံကြည်မှု စသည်စသည်တို့သည် ကျွန်တော် ဖန်တီးသော ဂီတ ရပ်ဝန်းထဲသို့ စီးမိုဝင် လာတတ်သလို ကျွန်တော်နှင့်ပတ်သက်သော အရာခပ်သိမ်းလည်း သူမဘဝနှင့်သူမရေးသော ကဗျာများအတွက် ကာရန်များဖြစ်ခဲ့သည်ဆို၏။

သဲနုံပေါ်တွင်ကျွန်တော်တို့အတူဆောက် ခဲ့ကြသော သဲအိမ်ကလေးသည်မညှာမတာရိုက်ခတ်လာသော လှိုင်းလုံးတစ်ခုကြောင့် ပြိုပျက်ခဲ့သလိုကျွန်တော်တို့၏စိတ်ကူးကမ္ဘာငယ် ကလေးသည်လည်း ကံကြမ္မာလှိုင်းတစ်ချက်ကြောင့် တစ်ချိန် ချိန်တွင်ပျက်စီးသွားခဲ့မှာ ကိုတော့ ထိုအချိန်က သူမရောကျွန်တော်ပါ ထည့်မတွက်မိခဲ့ကြပါ။

■ ■ ■ ■ ■

သူမနှင့်ကျွန်တော်၏ ဓာတ်သိမ်းခန်းသည် မကြာမီ ရောက်လာတော့မည်ကို ကျွန်တော်တို့မသိခဲ့ကြပါ။ သူမမိဘ များက သူမ၏ ရှေ့ရေးအတွက်တကူးတကရှာဖွေထားသော ရိုးသားမှု၊ ချမ်းသာမှု၊ ကောင်းမှု၊ ညွှန့်မှုဆိုသည့် လူ့မလိုင်ခံ သားမက်လောင်းကလေး ချဉ်းကပ်လာနေပြီ ဆိုတာကိုလည်း

ကြီးမသိခဲ့ကြပါ။ ဂီတမှလွဲ၍ အခြားဘာ ဂုဏ်ဒြပ်မှမရှိသော ကျွန်တော်၏ အညတရဘဝသည် ဤမျှ လောက်အရေးမပါသည်ကိုလည်းကျွန်တော်ထည့်မတွက်မိခဲ့ပါ။

ထိုသို့ဖြင့်တစ်ခုသော ဆွေရာသီတစ်နေ့သောအခါ နေမင်းကြီး ငိုက်မျှည်းစပြုချိန် —

ချိန်းထားသော နေရာနှင့် မနီးမဝေး သစ်ပင်ကြီးတစ်ပင် နောက်သို့ ချိန်းထားသည့်အချိန် မတိုင်မီကျွန်တော်ရောက် လာခဲ့ပါ၏။ ခရိုးဆောင် အိတ်ကလေး ဆွဲချက် အချိန်မီ သူမ လည်းရောက်ခဲ့ပါ၏။ ခုံတန်းလျားလေးပေါ်ထိုင်လျက် စောင့် နေသောသူမကို ကြည့်ရင်း ကျွန်တော်အများကြီး ဝေ့ိအားနေ ရပြီ။ အသိစိတ်နှင့် မသိစိတ်တို့ အားကုန်လွန်ဆွဲနေကြပါပြီ။ မသိစိတ်ထဲမှာတော့ သူမလက်ကလေးကို ကြင်နာစွာ ဆုပ် ကိုင်လိုက်ပါသည်။ အသိစိတ်ထဲမှာတော့ သူမအားပြန်ပါ၊ ပြန်ပါ အတင်းနှင်နေပြီ။ ကျွန်တော် ဘာလုပ်ရမလဲ၊ ဘာလုပ် ရမလဲ။ ချွေးသီးချွေးပေါက်များတဖြိုက်ဖြိုက် ကျလာပြီ။ ကျွန်တော့်ရင်ဘတ်ကြီးသည်လည်း နိမ့်လိုက်၊ မြင့်လိုက် ဖြင့် တဖိုဖိုးနေပြီ။

သူမစောင့်နေသည်။

ငါးမိနစ်။

ငါးမိနစ်။

ငါးမိနစ်ပေါင်းများစွာ ကုန်ဆုံးအပြီးမှာတော့ ...၊ သူမ ၏ မျက်နှာလေးနီရဲလာပြီ။ နှုတ်ခမ်းများ တဆတ်ဆတ်တုန် လာပြီ။ မျက်ရည်ပုလဲမိုးများ သူမ၏ပါးပြင်ပေါ်တစ်လိမ့်ချင်း၊ တစ်လိမ့်ချင်း စီးဆင်းလာပြီ။ နောက်ဆုံးတော့ သူမစောင် ထွက်ခွာပြီ။ နေးတုန့် လေးကန်သောခြေလှမ်းများဖြင့် တစ်လှမ်းချင်း၊ တစ်လှမ်းချင်း အဝေးသို့ ထွက်ခွာပြီ။

သွားသောသွားပါ ကဗျာလေးရေ။ မကြာခင် ရောက်လာ တော့မယ့် အမှောင်ဟာ ကိုယ့်ဘဝအတွက်အမှောင်ဖြစ်ပေမယ့် မင်းဘဝအတွက်တော့ အလင်းတန်းပါ ။

■ ■ ■ ■ ■

ယူဆောင်သွားပါကဗျာလေးရေ။ ကိုယ့်ရဲ့ ချစ်ခြင်း မေတ္တာတွေ အကုန်လုံး ဖိုးနေပါစေကျန်ဆောင် မင်းနှလုံးသား နဲ့ အပြည့်အသိပ် ထည့်ယူသွားပါ။

နာကျည်းလိုက်ပါကဗျာလေးရေ။ကိုယ့်ရဲ့ကောင်းကွက် တစ်ခုမှ မတွေ့မြင်အောင် မင်းတွေးပြီး နာကြည်းလိုက်ပါတော့။ ကိုယ်ကျေနပ်ပါတယ်။ အရာအားလုံးအတွက် ကိုယ် ကျေနပ်ပါတယ်။

|| 0 67 1 6 | 3 2 - - | 0 56 7 5 |
2 1 - - ||

ထားဝယ်သူလေးရေ လွမ်းတယ်... ထားဝယ်မြို့ကြီးကို လွမ်းတယ်

|| 0 67 1 6 | 5 4 4 03 | 3 4 4 05" |
6 - - - ||

သူနဲ့ရင်းတဲ့ အပေါင်းအသင်းတွေ တွေ့တိုင်း ရင်ထဲမှာ ပြုံတော့ မယ့်ရိုး...

ရေလက်စသီချင်းကို ဘယ်နှစ်ခေါက်ဆိုနေမိမှန်းပင် မသိတော့။ 'တောက်' ကနဲ ပြတ်သွားသော No. 1 ကြိုးကို အခဲမကျေစွာ ကြည့်လိုက်တော့မှ ကျွန်တော့် စိတ်ရထားသည် ဝဋ္ဋမှန် ဘူတာသို့ ပြန်လည် ဆိုက်ရောက်လာခဲ့ပါသည်။

■ ■ ■ ■ ■

ကျေးဇူးတင်ပါတယ် မောင်းမကန်။

အသက်တမျှ ချစ်ရသောသူမနှင့် ဆုံဆည်းခွင့် ပေးခဲ့ခြင်း အတွက် ...။

သင်၏အနောက်ဘက် မိုးကုပ်စက်ဝိုင်းအဆုံးတွင်ချိတ် ဆွဲထားသည့် လိမ္မော်ရောင်ဘောလုံးကြီးကို အတူကြည့်ရင်း ကျွန်တော်တို့ရင်ခုန်ကြည်နူး ခဲ့ရခြင်းအတွက် ...။ နားဝင်ပီယံ ရှိလှသည့် "ကိုကို" ခေါ်သံလေးကို မွေးမြူပေးခြင်းအတွက်...။

ကျေးဇူး... အထူး... တင်ပါသည် မောင်းမကန် ။

■ ■ ■ ■ ■

ကျွန်တော့်အိမ်မက်များ ခါးသက်နေတာကြာပါပြီ။ အိပ်မက်ခါး များကိုသယ်ဆောင်နေရသော ကျွန်တော်၏ည များအတွက် ဝမ်းနည်းမိသော်လည်းပီတိဖြစ်ရပါသည်။ လိုချင် တာ အကုန်လုံး မရနိုင်သည် မှာ သဘာဝပင်မဟုတ်ပါလား။

ယခုလောက်ဆိုလျှင် ကျွန်တော်မရှိသော ကမ္ဘာတစ်ဖက် ခြမ်းတွင် "အိပ်မက်ချို" ဟုခေါ်သော ကဗျာလေး၏ အိပ်မက် များအမှန် တကယ် ချိုမြိန်နေပါစေဟု ဆန္ဒပြုလျက်..... ။။

ဦးကျော် (စက်မှုတက္ကသိုလ်)

ပီတိသားကောင်

အင်္ဂတေခေါင်းတိုင်ထိပ်မှ ထိုးထွက်လွတ်မြောက်သွားသည့် မီးခိုးလုံးညှိုညစ်ညစ်တို့သည် မှိုင်းညှိုနေသောကောင်းကင်ပြင်အား ပို၍ပင်အကျည်းတန်စေသည်။ လေပြည်အနေနှင့်တွင် ဘယ်ညာခွဲလျှက် ဟိုတစ်စ သည်တစ်စ ပါးလျှလျှ။ ဧင်စစ်… အမြင်ကား လှပမှုကို ရှာမှ ခံစားမရ ။

မီးခိုးငွေ့သက်ဝင်မှုကို ငေးရီတွေဝေနေရင်း အတွေးတစ်စက အသိစိတ်တစ်နေရာသို့ အထိတ်တလန့်ရောက်ရှိ နေရာယူလာသည်။

"မြဲတာ ဘာမျှမရှိ။ ဘဝရှင်သန်နေမှုက မီးခိုးညှိုတွေ လိုတစ်မှုဟုတ်ချင်း လွှင့်ပြယ်ပျောက် ကွယ်သွားနိုင်လေသည်။ စိတ်ကောင်းလေးမွေးပြီး၊ ကျန်တဲ့အချိန် နာရီတွေကို အကျိုးမဲ့မရလေအောင် ဘယ်လိုအသုံးချသင့်ပြီလဲ၊ မတန်တရာတွေးပြီး "သံသရာ"ကိုသတိသားတတ်လာသည်။နောက်… ခပ်လှမ်းလှမ်းတွင် မြင်နေရသည့် မီးခိုးခေါင်းတိုင်နှင့် ဆက်စပ်နေရာတစ်ခွင်သို့အကြည့်များကစားဖြစ်သည်။

ပကာသနမဲ့စွာ ရိုးရှင်းတည်ငြိမ်လျှက် တွေ့နေရသည့် ဇဟာသုသာန်။ ရန်ကုန်က ရေဝေးနှင့် ထိန်ပင်တို့လောက် ခမ်းနားမှုမရှိ၊ သို့ကြားလည်း သတိပေးပုံချင်းကားအတူတူပင်။

သုသာန်ပြင်ကိုကြည့်ရင်း… ဆရာတော်ကိုအလွန်သတိရမိ၏။ သူ့ကိုသတိရမိတိုင်း အမှတ်တရများစွာရှိနေမည်။ ပြီးတော့ ယခုတစ်လော ကိုယ်နှင့်မကွာပါနေတတ်သောစာအုပ် တစ်အုပ်။ နောက်တတ်ရာရာ ရေးခြစ်ထားသော စာမျက်နှာတချို့။

◆ ◆ ◆ ◆

ပထမစာမျက်နှာ

၂-၂-၂၀၀၀

သွေးနှင့်ဒါန လှူဒါန်းခံခဲ့ရသူတစ်ဦး၊ သူက

သည်နေ့"သွေးအလှူရှင်" ကိုရှာဖွေရှင်းရမည်။ ဆရာတော်ဦးတေဇဝံသ၏ တပည့်တစ်ဦးက ဖုန်းဆက် အကြောင်းကြားထားသည်။ ဆရာတော်အတွက်သွေး အရေးတကြီး လိုအပ်နေလို့တဲ့။ ကျွန်တော်က "သွေးတာဝန်ခံ"ပေကိုး။

"ဟဲလို" တစ်ဖက်ဖုန်းခွက်မှ နှုတ်ဆက်ပြုံကြားလာသူက ကိုစိုးနိုင်။ သူက ထားဝယ်အသင်းနုံအဖွဲ့မှူး၊ သူနှင့် တိုက်ရိုက်တွေ့လိုက်ရသဖြင့် ကျွန်တော်ပျော်သွားသည်။

"ကိုစိုးနိုင်ရေ…. သွေးလှူဖို့အဆင်သင့်ဖြစ် ပြီလား"

တော်ရုံနှင့် မငြင်းတတ်သော သူ့ဉာဉ်အတိုင်း "ဖြစ်တယ်" ဟူသည့် သဘောကိုပြနေသည်။ သို့သော် အသံက အားပါပုံမရ။ ကျွန်တော်ကပင်ဆက်ပြီး ဂုဏ်ထူးရ ဆယ်တန်းကျောင်းသားတစ်ဦး၏အမည်ကိုထပ်မံစိစစ်ပေးရန်ပြောဖြစ်သည်။ နှစ်ပတ်လည်ပွဲကလည်းနီးကပ်နေသဖြင့် ဆုတံဆိပ်များပြုလုပ်ရန်တာဝန်ယူထားရသော ကျွန်တော်လည်း၊ ကျောင်းသားအမည်နှင့်ဂုဏ်ထူးရဘာသာများမမှားရလေအောင် အခါခါစစ်နေရပါသည်။ ကိုစိုးနိုင်က ဖုန်းခဏကိုင်ထားရန်ပြောသဖြင့် ပန်းဖုန်းကို နားနားကပ်ထားလိုက်သည်။ သူကဖုန်းကို နဘေးချ၊ စာရွက်များရှာဖွေရင်းက… စာမူကိုစွပြင်းအသင်းသို့ရောက်နေသော အမှုဆောင်တစ်ဦး၏အမည်ကိုရေရွတ်ကာ …"ကျွန်တော်တစ်ခါမှ သွေးမလှူဖူးဘူး" ဟု စိတ်လှုပ်ရှားစွာလှမ်းပြောနေပုံရသည်။ တစ်ဖက်လူက… သွေးလှူတာ ကောင်းတာပေါ့။ ခန္ဓာကိုယ်ထဲက သွေးကို ထုတ်ပေးလိုက်တော့ သွေးအသစ်တွေထပ်မွှားလာမယ်။ ကိုယ်ထုတ်ပေးလိုက်တဲ့သွေးဟာ အမှန်တကယ်လိုအပ်နေသူအတွက်"အား" ဖြစ်စေတယ်၊ သူ့အကျိုး ကိုယ့်အကျိုးရတော့ မျက်စိနှစ်ဖက်ပွင့်တဲ့သူပဲပေါ့… ဟုပြောတော့ ရယ်လျှက် ဖုန်းခွက်ကိုပြန်ကိုင်ကာ….ကျွန်တော်သိချင်သည့်အရာကို ရွှင်ရွှင်လန်းလန်းပြန်ပြောကြားလေသည်။

ညနေပိုင်းတွင် သွေးဖောက်၊သွေးစစ်၊သွေးထုတ်ပေးနေသည့် ကိုစိုးနိုင်အား လန်းလန်းဆန်းဆန်းနှင့် တည်တည်ငြိမ်ငြိမ်တွေ့ခဲ့ရသည်။ တောက်ပသောမျက်ဝန်းအစုံဖြင့် ကျွန်တော့်ကိုကြည့်ပြီး နှုတ်ဆက်သွားခဲ့ပုံမှာ တက်ကြွလှပေသည်။ ထိုနေ့ကဆရာတော်လည်း ထုထုထောင်ထောင်ဖြစ်ခဲ့သဖြင့် ပင်ပန်းမှုအားလုံး လွင့်ပျောက်ခဲ့ရသည်။

◆ ◆ ◆ ◆

ဒုတိယစာမျက်နှာ

၁၀-၂-၂၀၁၁

ကြွေမလို၊ ဆေးမလို တစ်နေ့ ကုန်ခဲ့ …

အာရုံတွေစုစည်းမရလောက်အောင် အတွေး ကစဥ့်ကလျားဖြစ်ရသည်။ နံနက်စောစောစီးစီး သိစေသည့်သတင်းက ကျွန်တော့်အား များစွာတုန်လှုပ်စေပါသည်။ ပုစွန်တောင် ညောင်တန်းဘက်မှ တိုက်လာသော လေအေးကိုနှင့် ကျီစယ်လိုက်သည့် နှင်းမှုန့်ဖတ်တချို့က ကျွန်တော့်ညာဖက်ပါးပြင်ကို စပ်ရှရှထိနမ်းသွားသည်။ အဲ… အာရုံတွေပြန်စုမိပြီ။ ကားစတီယာရင်ကိုတင်းတင်းဆုပ်လျက် ဗန္ဓုလတံတားခုံးအဆင်းတွင် သတိထားမောင်းနှင်နေရသည်။

မျက်နှာချင်းဆိုင် တစ်ခွင်လုံးမြူနှင်းများ အတော်ပိတ်ပုံးနေသည်။ တပို့တွဲဆောင်းပီသပါပေ။ အတွေးမည်မျှ လွင့်ပျံ့ခဲ့သည်မသိ၊ မြင်တော်သာမှ ဗန္ဓုလတံတားအထိရောက်အောင် ကားကိုမည်သို့မောင်းနှင်ခဲ့သည်ကို ပြန်တွေးမရ၊ ဆရာတော့်အရေးက ကျွန်တော့်အတွေး အားလုံးကိုဝါးမျိုထားသည့်နှယ်။

"ဆရာတော်အခြေအနေ မကောင်းဘူးတဲ့။ နားနှင့်ဆတ်ဆတ်ကြားခဲ့ရသည့်ဒေါက်တာကျော်စွာစကားသံများကို မနှစ်လို၊ မချင့်မရဲနှင့်အဓိပ္ပာယ်မဲ့ အနေခက်လှ၏။ နှုတ်ကတဖွဖွပြောရင်း အားကိုးတစ်ကြီးကြည့်ရှုသည့် မျက်ဝန်းအစုံ၊ ယုံကြည်မျှော်လင့်နေသောဆရာတော့်ပုံရိပ်…တို့ကမျက်ဝန်းထဲမှာ မပျောက်ပြယ်သေး။ လွန်ခဲ့သောရက်သတ္တပတ်ကလည်း ဆရာတော့်ဆေးဝါးရေးရှင်းအတွက်လိုအပ်သည်များ ပိုင်းဝန်းလုပ်ဆောင်ခဲ့ကြရသေးသည်။

ဆရာတော်ဝေဒနာသက်သာလာတော့မည် အတွေးကိုယ်စီနှင့် ခွဲခန်းဝတွင်နာရီအတော်အတန်ကြာအောင် စောင့်ဆိုင်းခဲ့ရသော်လည်း ရင်တမိမိ။ ခွဲစိတ်မှုအောင်မြင်ခဲ့သဖြင့် ပျော်ခဲ့ကြရသေးသည်။

ယခုသော်အခြေအနေကအပြောင်းအလဲ မြန်လွန်းလှ၏။ တယ်လီဖုန်းလိုင်းကပင် မသဲမကွဲဖြစ်ခဲ့ သလော။ ဒေါက်တာရဲ့စကားကို အဓိပ္ပာယ်ကောက်မှားခဲ့သည်လော။ နားကြားများ လွဲပါစေတော့ဟု ရှူးနမ်းစွာ ဆုတောင်းနေမိသည်။

ဒေါက်တာမျိုးဆိုရာ အလုံလမ်းက လက်ဖက်ရည်ဆိုင်ရှေ့ မလှမ်းမကမ်းနေရာလွတ် တစ်ခုတွင် ကားကိုရပ်ခဲ့သည်။ နေအိမ်မှ ထွက်ကတည်းက ဖုန်းတလှမ်းလှမ်းဆက်သွယ်ခဲ့ကြသော ကိုညီညီနှင့် ကိုအောင်နိုင်တို့နှစ်ဦးသား ဒေါက်တာနှင့်စကားလက်ဆုံကျနေကြပြီ၊ စကားဝိုင်းထဲ ကျွန်တော်ရောက်သည်။ မကြားချင်ဆုံးသောသတင်းစကားကိုကြားရသည်။ "သူငယ်ချင်းအောင်သန်းဦးရေ … ဆရာတော်ရဲ့ အခြေအနေဟာ နောက်ဖုန်းစံဆယ့်နှစ်နာရီအတွင်းမှာသာ အသက်ရှင်ဖို့အခွင့်အရေးရှိတော့တယ်။ ငါကြားမှာက ပေးလာမယ့်အချိန်အနည်းအများကိုတော့ အတိအကျတိုင်းတာလို့မရနိုင်ဘူး။ ကိုယ်၊ကိုယ်တိုင်လည်း ခန့်မှန်းလို့မရဘူး သူငယ်ချင်း။ အခု တို့တွေလုပ်ရမှာက ဆရာတော့်အခြေအနေကို နေ့၊ညမပြတ် စောင့်ကြည့်ရမယ်။ တင်ကြို လုပ်သင့်တာတွေအားလုံး မြန်မြန်ပြင်ဆင်ထားဖို့လိုအပ်နေပြီ"ဟုထားဝယ်စကားသံကို စသံပေသံနှောလျက်ပြောရင်း ဒေါက်တာ့အသံ တုန်ခါတိုးတိမ်သွားသည်။

သူတို့စကားဝိုင်းကလေး တခဏမျှခြောက်သွေ့ တိတ်ဆိတ်သွားသည်။ လေးဦးသား မျက်နှာမရွှင်မပြ၊ စကားစ မရှာမရဖြစ်နေကြသည်။ စက္ကန့်အတော်အတန်ကြာမှ ညီညီ၏ ကွဲအက်ဆို့နင့်သောအသံက ခြောက်သွေ့မှုကိုဖောက်ထွင်းလျက်

"ဆရာတော်ဟာ တို့ထားဝယ်မြို့အတွက် ပရဟိတလူမှုရေးအလုပ်တွေ အတော်အတန် အပင်ပန်းခံ လုပ်ခဲ့တာပဲ၊ ပြီးတော့…" ဟုဆရာတော်အား စိတ်အား၊ ကိုယ်အား၊ နှလုံးအားဖြင့် လမ်းဖွင့်ဦးဆောင်သွားခဲ့သော လူမှုရေးလုပ်ငန်းစဥ်များကို တစ်ခုပြီးတစ်ခု ချပြပြောဆိုနေသည်။ ကိုအောင်နိုင်က ခေါင်းတညိတ်ညိတ်ထောက်ခံပြီး…" လိုအပ်တာတွေ ကူညီနိုင်အောင် ဥက္ကဋ္ဌကြီးဆီ အသိပေးတင်ပြမယ်" ဟု အားပါးတရပြော၍ သူ့ဟန်းဖုန်းနံပါတ်ခလုတ်များကို နှိပ်နေတော့သည်။

ဒေါက်တာကျော်စွာကလည်း "ကဲ… ဒါဆို လုပ်စရာရှိတာတွေ အရင်လုပ်ထားရအောင်" ဟုဦးဆောင်ကာ လေးဦးသား လက်ဖက်ရည်ဆိုင်ကို ကျောခိုင်းပြီး အလှူဒါယကာများ ရှိရာသို့ ရောက်ခဲ့ကြသည်။

ဒေါက်တာကျော်စွာက ဆရာတော်တိမ်းပါးခဲ့သည်နှင့် တစ်ပြိုင်နက် စေတီမြေသို့ အမြန်ဆုံးပို့ပေးနိုင်ရန် အခြေအနေအရပ်ရပ်ကိုကားသမားနှင့် မှုန့်မှုန့်လင်းလင်းတိုင်ပင်သည်။ ဝန်ဆောင်ခကိုအကြေအလည် ညှိနှိုင်းကြသည်။ ညှိနှိုင်းမှု အဆင်ပြေသောအခါ ကားဆရာ၏တယ်လီဖုန်းနံပါတ်များကို သူ့ဟန်းဖုန်း Data ထဲတွင် သေသေချာချာထည့်မှတ်သည်။ ကားဆရာအားလည်း အသင့်ပြင်စောင့်ဆိုင်းနေရန် ထပ်ခါတစ်လဲလဲ မှာကြားသည်။

နောက်… ဒေါက်တာနှင့်အတူ ရပ်ကလပ် ဆေးစီရင်သူထံ ရောက်ကြသည်။

ကားဆရာဆေးစီရင်ပေးမည့်သူတို့နှင့် အကြေအလည်ဆွေးနွေးကြပြီးမှ ကိုအောင်နိုင်က ဥက္ကဋ္ဌကြီးထံသို့ အကျိုးသင့်အကြောင်းသင့် သတင်းပေးတင်ပြသည်။ ဥက္ကဋ္ဌကြီးခွင့်ပြုသည်နှင့် ဘဏ္ဍာရေးမှူးကိုညီညီက သူ့တွင်အသင့်ပါသည့် ငွေအချို့ဖြင့် စရန်ပေးကာ လုပ်ငန်းအပ်နှံခဲ့ကြသည်။

ဆရာတော်၏နောက်ဆုံးခရီးအတွက် ကြိုတင် ပြင်ဆင်နေကြ

ရပါလားဟု အတွေးက ရင်သို့ဆို့နှင့် ခံစားသွားစေသည်။ ခုနက ဆရာတော်ရဲ့ပရဟိတမှတ်တိုင်များအကြောင်း တဖွဖွပြောပြခဲ့သော ကိုညီညီ့စကားများ နားထဲစွဲမြဲနေသေးသည်။ တွေးရင်း စိတ်ထဲမှာကျိတ်ကာ သာဓုအကြိမ်ကြိမ်ခေါ်နေမိသည်။

နေအတော်မြင့်မှ လေးဦးသားလမ်းခွဲခဲ့ကြပြီး ကျွန်တော်လည်း လုပ်ငန်းခွင်ရှိရာသို့ဦးလှည့်ခဲ့သည်။ သို့သော် လုပ်ငန်းခွင်တွင် အထထမကျ စိတ်အစဉ်က လေးလံ ထိုင်းမှိုင်းလှသည်။ ညနေအလုပ်သိမ်းတော့မည့်ဆဲဆဲမှ ခါးတွင်ချိတ်ထားသော ဟန်းဖုန်းလေးတုန်ခါမြည်လာပြန်သည်။ ဟန်းဖုန်းဖန်သားပြင်တွင် တွေ့ရသော နံပါတ်သေးသေးလေးများကို မြူးပြုံးကြည့်မိသည်။

ကိုသိန်းထိုက်…။ ထားဝယ်အသင်း အမှုဆောင် တစ်ဦးပင်။ သူကကျွန်တော်လို ဗိုက်ပူပူဝဝမဟုတ်၊ ကျစ်ကျစ်လျစ်လျစ်နှင့် သွက်သွက်လက်လက်ရှိသော အားကစားသမားပေါင်းတစ်ဦး၊ သူ ဖုန်းဆက်တော့ ဘာတွေထူးလဲမသိတွေးရင်း ကျွန်တော် သူ့ဖုန်းကိုနားထောင်မိသည်။

"အေး… ငါ ထားဝယ်အသင်းအားကစား တာဝန်ခံ ကိုစိုးတင့်ရဲ့ဖုန်းနံပါတ်သိချင်လို့"

"ဟုတ်ကဲ့ရပါတယ်အစ်ကို.. ဒါပေမဲ့ သူ အခု နယ်ခရီး ထွက်နေတယ်။ နက်ဖြန်နက်လောက်မှပြန်ရောက် မယ်ထင်တယ်၊ ဘာအကြောင်းထူးလဲ အစ်ကို"

"ထူးဆို…ငါတို့တနင်္သာရီတိုင်းဒေသကြီး အလှတ်တန်း ဘောလုံးအသင်းပေါ့ကွာ။ မနက်ဖြန် မကွေးကွင်းမှာ ရောဝတီတိုင်းဒေသကြီးအသင်းနဲ့ ဗိုလ်လုရမယ်လို့ အသင်းခေါင်းဆောင် ဆီကဖုန်းရတယ်၊ နိုင်ခြေအလားအလာ ကလည်းကောင်းတယ်လို့ ပြောတယ်။ အဲဒီတော့ အကယ်လို့များ သူတို့နိုင်ခဲ့လို့ရှိရင် ဂုဏ်ပြုဖို့အတွက် ကြိုတင်ဆွေးနွေး အသိပေးထားချင်လို့ပါ" အားပါးတရပြောပြနေသော ကိုသိန်းထိုက်စကားများကြောင့် ကျွန်တော် ရုတ်တရက်ပျော်သွားသည်။ "ဟာ.. ကောင်းလိုက်တဲ့ သတင်းဗျာ။ ဒါဆို ကျွန်တော့် ဒုဥက္ကဋ္ဌဦးကျော်မြင့်နှင့် ဘဏ္ဍာရေးမှူး ကိုညီညီနိုင်တို့ကို အခုပဲအကြောင်းကြားလိုက်ပါ့မယ်။ ဂုဏ်ပြုပွဲအတွက် စိတ်သာချနေပါ။ အစ်ကိုကသာ ကျွန်တော်တို့ ဘောလုံးအသင်းနိုင်တယ်၊ မနိုင်တယ်နားစွင့်ထားပါ။ ထူးရင် ချက်ချင်းဖုန်းဆက်ပေးပေါ့" ဟု ကိုသိန်းထိုက်အား နှုတ်ဆက်ပြီး ဦးကျော်မြင့်ထံ ချက်ချင်းအကြောင်းကြားထားရသည်။ ပြီးတော့ ဂုဏ်ပြုပွဲအတွက်ငွေလိုအပ်တယ်လေ။ ဒါကြောင့် မရှိမဖြစ် ဘဏ္ဍာရေးမှူးကြီးထံ အကြောင်းကြားရပါတော့တယ်။

ဘဏ္ဍာရေးမှူးကြီးကလည်း အားကစားကိုခုံမင်သူပီပီ "အနှစ်လေးဆယ်ကျော်ကြာစေးခဲ့ရတဲ့ ပြည်ထောင်စုနိုင်းဆုကြီး ငါတို့ တနင်္သာရီတိုင်းဒေသကြီးအသင်းကသာ ပြန်ရနိုင်ခဲ့မယ်ဆိုရင် ဥက္ကဋ္ဌကြီးကိုတင်ပြပြီး၊ ဘယ်လောက်ကုန်ကုန် ဂုဏ်ပြုဖို့ ငါတို့ ကြိုးစားမယ်" ဟု အားတောင်အားရင်းသန်သန် အားပေးနေရှာသည်။

တနင်္သာရီတိုင်းဒေသကြီးအသင်းဆိုတော့ တနင်္သာရီ ဒေသကြီးတစ်ခုလုံးနှင့်သက်ဆိုင်တယ်၊ မြိတ်အသင်း၊ ပုလောအသင်းတွေနဲ့အတူ စုပေါင်း ဂုဏ်ပြုခဲ့ကြတဲ့ အစဉ်အလာ ရှိတယ်။ ဒါကြောင့် ရုံးအဖွဲ့မှူးအား တနင်္သာရီတိုင်းဒေသကြီးအသင်းရဲ့ လက်ရှိအောင်နိုင်မှု အခြေအနေ ဗိုလ်စွဲခဲ့လျှင် စုပေါင်းဂုဏ်ပြုဖို့ အတွက် ညီနောင်အသင်းများဖြစ်သည့် မြိတ်နှင့်ပုလောအသင်းတို့သို့ အသိပေးအကြောင်း ကြားထားစေပါသည်။

ဘောလုံးအသင်း ဗိုလ်စွဲခဲ့လျှင် ဟု မျှော်လင့် ပီတိစိတ်များက ဒီနေ့ကြုံခဲ့ရသော လေးလံထိုင်းမှိုင်းနေမှုကို တစ်စစီ ချေဖျက်နိုင်ခဲ့သည်။ အောင်ပါစေ… အနိုင်ရပါစေသား… ဟု ရင်ခုန်စွာ ဆုတောင်းရင်းမှ သတင်းစကားသယ်ဆောင်ပါး ပေးခဲ့သော ကိုသိန်းထိုက်ကြီးကိုကျေးဇူးတင်နေမိပါသည်။

တတိယစာမျက်နှာ

၁၁-၂-၂၀၁၁

မျှော်လင့်ချက်ကို ရှားရှားပါးပါးဆုပ်ကိုင်ခွင့်ရခြင်း

"နိုင်ပြီ နိုင်ပြီ" ဟူသောအသံက ကျွန်တော့် ခန္ဓာကိုယ်အား သိသိသာသာလှုပ်ရမ်းသွားစေသည်။ ကောင်းစွာသတိမထားမိချိန်တွင် လက်သီးဆုပ်ကျစ်ကျစ်ပါအောင် ကျေးဆုပ်ထားသော လက်နှစ်ဖက်က ဦးခေါင်းအပေါ်ဖက်သို့မြောက်လျက်သားဖြစ်သည်။ လုပ်ဖော်ကိုင်ဖက်များက အံ့သြတကြီးငိုင်းလျက် ကြည့်ကြသည်အထိပင်။

… သည်တစ်ကြိမ်ဖုန်းခွက်မှ တစ်ဆင့်ကြားခဲ့ရသည့် ကိုသိန်းထိုက်၏စကားသံများ ကြည်လင် ပြတ်သားလျက်၊ ထင်မှတ်မှားဖွယ်အကြွင်းမရှိ ညကရင်ခုန်မျှော်လင့်ခဲ့မှု တကယ်ပြီး ပြည့်စုံခဲ့ပါပြီ၊ အားကစားတာဝန်ခံ ကိုစိုးတင့်ကြီးလည်း ရန်ကုန် ပြန်ရောက်နှင့်သည်၊ သည်တော့ …..ဟန်ကျတာပေါ့။

များမကြာ… ကိုစိုးတင့်မှဖုန်းဆက် အကြောင်း ကြားလာပြန်သည်၊ ကိုစိုးတင့်၊ ကိုညီညီ၊ ကိုသိန်းထိုက်နှင့် ကျွန်တော်လေး ယောက်သားဆုံကြသည်။ ကိုစိုးတင့်က ဦးဆောင်၍ ဗိုလ်စွဲအသင်း ဂုဏ်ပြုပွဲလုပ်ပေးနိုင်ရန် မြိတ်၊ ပုလောအသင်းတို့နှင့်အပူတပြင်း ဆက်သွယ်ရသည်။ ဟိုတယ်တွင် မြိတ်အသင်း၊ ပုလောအသင်း အမှုဆောင်များနှင့် ပွဲအစီအစဉ်များ ဆွေးနွေးကြသည်။ ဂုဏ်ပြုပွဲကို ၁၂-၂-၂၀၁၁ ပြည်ထောင်စုနေ့၊ မွန်းလွဲ ၃ နာရီတွင် ယုဇနဟိုတယ်၌ ပြုလုပ်ကြရန် ဆုံးဖြတ်ကြသည်။

ဂုဏ်ပြုပွဲအတွက်စောကပ်နေကြသဖြင့် အချိန်ကုန်၍ကုန်မှန်းမသိ။ လေးဦးသား ထမင်းမေ့ဟင်းမေ့ဖြစ်ခဲ့ကြရသည်။ လက်မှ

နာရီကို သေသေချာချာကြည့်ဖြစ်တော့ ညနေ ၃ နာရီထိုးနေပြီ။ သည်တော့မှ ကိုစိုးတင့်နှင့် ကိုညီညီတို့နှစ်ဦး လုပ်ငန်းခွင်ဆီ ကမူးကသီ ထွက်သွားခဲ့ကြသည်။

ရော.. အခုမှ ဗိုက်က တဂွမ်းဂွမ်း။ တဂွမ်းဂွမ်း မြည်လာပြီ။ စောကြွေ နံပိန်ဖြစ်ရပါပြီ။ ကိုသိန်းထိုက်နှင့်နှစ်ဦးသား လမ်းမကြီး နံဘေးမှ ကောင်မလေးမရောင်း၊ အဒေါ်ကြီးရောင်းသော ထမင်းဆိုင်တစ်ဆိုင်တွင် အစာအိမ်အာဟာရ ဖြည့်ခဲ့ကြရသည်။

ထမင်းစားတာများသွားပြီ။ ပြီးတော့ သည်ည ကောင်းကောင်းအိပ်ပျော်လိမ့်ဦးမည်။

စာတွဲစာမျက်နှာ

၁၂-၂-၂၀၁၁

လူတစ်သိုက်နှင့်ပရဟိတသယ်ဆောင်ရာ

မနက်ပိုင်းတွင် နှင်းများ၊ မြူများဆိုင်းလိုက် အေးစိမ့်စိမ့်ဖြစ်လိုက်။ နေ့ခင်းကျ နေကခပ်ပြင်းပြင်း ညနေမှာမိုးပြို တော့မလိုလို။ လော်လီလာသော ရာသီဥတုနှင့် ပေပေတေတေ နေထိုင်တတ်မှုတို့ သင့်မြတ်ကုန်ပြီ။

အိပ်ရာမှစောစောနိုးသည်တွင် ကျွန်တော့် တစ်ကိုယ်လုံး ကိုက်ခဲနာကျင်ခံစားရသည်။ ခန္ဓာကိုယ် တစ်ခုလုံးလည်း ပူခြစ် တောက်နေသည်။ ဖျားပြီ။

"မိန်းမရေ … ငါတော့ တုပ်ကွေးမိပြီ ထင်တယ်" ဟု ညည်းညူမိသည်။ ချစ်ဇနီးကလည်း ကျွန်တော့်အား ဆေးတိုက်ရန် ဖျာဖျာသလဲ ပြင်ဆင်နေသည်။ ဂျီအက်စ်အမ် ဖုန်းကလေးရုတ်တရက်ထမြည်လာသည်။ ဖုန်းကိုကောက်ကိုင်၍ နားထောင်ရပြန်သည်။

"သူငယ်ချင်းရေ…ဆရာတော်ဆုံးပြီ။ လုပ်စရာတွေလုပ်ဖို့ မင်းအမြန်ထွက်ခဲ့တော့" ဟု ကြားလိုက်ရသည့် စကားကြောင့် ကျွန်တော် ဆယ်စက္ကန့်ကျော်ကျော်ခန့် ကြောင်သေ‚သေနေမိသည်။ ဟန်းဖုန်းကလေးအား နား‚ နားကပ်လျက် ငြိမ်ထူးရန် မေ့လျော့ နေသည့် ကျွန်တော့်အား ဒေါက်တာကျော်စွာက‥ "ဟဲလို‥ဟဲလို ….. ကြားလား" နောက်ထပ်တစ်ကြိမ်အသံပေးပါမှ သတိပြန် ဝင်လာသည်။

"အေး‥ ငါအခုပဲထွက်ခဲ့မယ်"

အမြေပြေးပြီးပြီးချင်းအိပ်ရာမှ ကမန်းကတန်းထ၊ အဝတ် အစားလဲလိုက်ပြီး ကိုညီညီထံသို့ဖုန်းဆက်ရပြန်သည်။ ကိုညီညီက–

"ငါဘုရားပေါ်ရောက်နေတယ်၊ တစ်ချောင့် ကြာလိုက်လာခဲ့မယ်" ပြောသည်။ ကျွန်တော်လည်း တော်ဗီခွက်ကလေး ကိုင်ကာ မှင်တက်နေသော ချစ်ဇနီးအား နှုတ်ဆက်ပြီးကားလေးကို ဒုန်းစိုင်းမောင်းနှင်လျက် ဂျယန်ဆေးရုံသို့ရောက်ခဲ့ရသည်။ ဂျယန်ဆေးရုံဆင်ဝင်အောက်တွင် ဒေါက်တာကျော်စွာ၊ သူနာပြုဆုပ် တစ်ယောက်နှင့်ဆရာတော့်မိသားစုဝင် တချို့တို့ရှိနေကြသည်။

ကျွန်တော့်ကားကလေးကို ဆေးရုံကားပါကင်တွင် အသေအချာထားပြီး ဒေါက်တာကျော်စွာနှင့်အတူ ယနေ့လုပ်ရမည့်အစီအစဉ်များကို တိုင်ပင်ကြရသည်။ ကိုညီညီရောက်လာပြီး မကြာမီ နာရေးဥက္ကဋ္ဌဦးတင်ဦးထံမှ ဖုန်းလာခံရရှိသည်။ "မင်းတို့တွေ ဘယ်မှာလဲ" ဟူသော အမေးကို ပြန်လည်ဖြေကြားပြီးမကြာ သူလည်း ချက်ချင်းပေါက်ချလာသည်။

ရုပ်ကလာပ်တင်မည့်ကားကို စောင့်ဆိုင်းရင်း ကျွန်တော်က ဒေါက်တာကျော်စွာအား "ငါ အတော်မူးနေပြီဟ၊ မင်း ငါ့ကို ဆေးကုပေးဦးသူငယ်ချင်း" ဟု ပြောမိသည်။ "အေးပါ ကွာ‥ ခဏနေကျ ငါဆေးပေးပါ့မယ်ကွာ" ဟု ပြောကြပြီး စီစဉ်စရာများ တစ်ခုပြီးတစ်ခု စီစဉ်နေကြသည်မှာ တစ်ယောက်ကို တစ်ယောက် လှည့်ကြည့်ရုံပင် မအားကြတော့။ ရုပ်ကလာပ်ကို ဆေးစီရင်သူ ထံသို့ ဦးစွာအပ်ကာ ဆေးစီရင်စေရသည်။ အလောင်းသယ်ပို့ပေးမည့်ကား ချွင်းချက်မရှိရလေအောင် စစ်ဆေးစေရသည်။ လမ်းခရီးတွင် အဆင်ချောစေရန် သက်ဆိုင်ရာဒေသခံများအား အကြောင်းကြား အကူအညီတောင်းရသည်။ ထားဝယ်နယ်တက်ရှိ အရေးကြီး ပုဂ္ဂိုလ်တို့အားလည်း ဖိုတ်ဆက်သတင်းပို့ထားရသည်။ ဆရာတော်၏ဆွေမျိုးများ၊ တပည့်ဒကာ၊ ဒကာမများအားလုံး ထားဝယ်သို့ အမြန်ဆုံးပြန်နိုင်ရန်အတွက်လည်း ထားဝယ်ကားဂိတ်များသို့ ဆက်သွယ်အကူအညီတောင်းရသည်။ ဆေးရုံမှ ကားဂိတ်များသို့ ပို့ပေးရန်အတွက်လည်း အစီအစဉ် ချရသည်။

ထားဝယ်အသင်းနာရေးဥက္ကဋ္ဌ ဦးတင်ဦး၏ ဦးဆောင်ညွှန်ကြားမှု၊ ဒေါက်တာကျော်စွာ၏ အတွေ့အကြုံရင့်ကျက်မှု၊ လိုအပ်သောငွေကို မဆိုင်းမတွ ဖန်တီးပေးတတ်သော ကိုညီညီနှင့် ကျွန်တော်တို့လေးဦးသား အတိုင်အဖောက်ညီညီ ဆောင်ရွက်ခဲ့မှု အားလုံးက အခက်အခဲများကို အဆင်ပြေပြေ ကျော်လွှားနိုင်ခဲ့ပါသည်။

ဆရာတော်၏မိသားစုဝင်များ၊ တပည့်ဒကာ၊ ဒကာမများအဖွဲ့ ကိုထားဝယ်ကားဂိတ်သို့ကိုယ်တိုင်ကိုယ်ကျ အရောက်ပေးပို့ခဲ့ကြပြီးနောက် ကျွန်တော်တို့အဖွဲ့ အသင်းသို့ပြန်ရောက်သောအခါ မွန်းလွဲ ၁နာရီပင်ရှိနေပြီ၊ နေ့လယ်စာမစားကြရသေး။ စောစောက စိတ်ရောကိုယ်ပါ မအားလပ်သဖြင့် မောရပန်းရမှန်းမသိ ဗိုက်ဆာရကောင်းမှန်းမသိသော ကျွန်တော်တို့အဖွဲ့၊ ယခု အလွန်ဆာနေကြပြီ။ ထို့ကြောင့် အသင်းရုံးခန်းနံဘေး လမ်းထဲရှိ ထမင်းဆိုင်တွင် နေ့လယ်စာ စားဖြစ်ကြသည်။

နေ့လယ်စာစားရင်း ကျွန်တော်တို့လေးဦးသား ယနေ့

လှုပ်ရှားခဲ့သမျှကို တစ်ယောက်တစ်ပေါက် ခေါ်ပြန်ပြောကြသည်။ ဆရာတော်ဦးဆောင် အကောင်အထည်ဖော်ပေးသွားသည့် အသုခါနှ၊ အရေးပေါ် ဆောက်ဆီကျင်လျှုပါန်းရေးအဖွဲ့၊ ဗဟာသုသာန် စသည့်အကြောင်းတွေ။ ထားဝယ်ဒေသရဲ့အခြားအရေးပါတဲ့ ပရဟိတအလုပ်လေးတွေကိုသုံးသပ်ရင်း ကျေနပ်ရင်း၊ ဆရာတော့်အား ကျေးဇူးတင်ရင်း၊ သာဓုခေါ်ရင်းပေါ့။

ကျွန်တော်တို့လေးဦးသားဝိုင်းဖွဲ့ စကားကောင်းနေစဉ် နီးရာပုဆိုးတိုက်ပုံအင်္ကျီတို့ကို ဖေတ်ကျကျဝတ်ဆင်လျက် ဒုဥက္ကဋ္ဌ ဦးကျော်မြင့် တစ်ယောက် ရောက်ချလာသည်။ သူ့ကိုတွေ့မြင်မှ "တောလုံးအသင်းဂုဏ်ပြုပွဲ" သွားရန်သတိရကြသည်၊ ကိုညီညီ နှင့် ကိုတင်ဦးတို့က အသင်းမှပင်သွားကြမည်။ ကျွန်တော်နှင့် ဒေါက်တာကျော်စွာက အိမ်ခဏပြန်အဝတ်အစားလဲပြီးမှ သွားမည်ဟု ဆုံးဖြတ်ကာ လမ်းခွဲဖြစ်ခဲ့ကြသည်။

ညနေ ၃နာရီတွင် ယုဇနဟော်တယ်ခန်းမ တစ်ခုလုံး ဖိုဖိုပြည့်ပြည့်ရှိနေပေသည်။ ညီနောင်အသင်းများဖြစ်ကြသော မြိတ်၊ ပုလော နှင့် ထားဝယ်အသင်းမှ တာဝန်ရှိအမှုဆောင်များ၊ ဆောင်ပွဲရ တောလုံးသမားများ အားလုံးစုံစုံညီညီရှိနေကြပေသည်။ ညီနောင်အသင်းများမှ တာဝန်ရှိသူတို့ကအခမ်းအနားတွင် အလှူငွေကျ နီးကျူးဂုဏ်ပြု စကားပြောကြားပေးကြသည်။ အသင်းများမှ တာဝန်ရှိသူတို့ကအခမ်းအနားတွင်အလှူငွေကျ နီးမြှင့်ပေးကြသည်။ ညီနောင်အသင်းများမှ အမှုဆောင်များ အရှင်းရှင်း နွေးနွေးထွေးထွေး ဆုံစည်းမှုကချစ်စရာ။ သည်သို့ ညီနောင်အရင်းရင်း မိတ်ဆုံ ရင်းနှီးခွင့် ပေးခဲ့ သည့် အနှစ်၄၀ကျော်ပြီးကာမှ တစ်ကျော့ပြန်ဆောင်ပန်းဆွတ်ခူးပေးခဲ့သော "တနင်္သာရီတိုင်းဒေသကြီးအလွတ်တန်းရှုံးပိုယ်အသင်း" ကိုလည်းများစွာ ကျေးဇူးတင်မိပါသည်။ နောင်နှစ်တွေမှာလည်း သည်သို့သည်နယ်ပေါ့။

Life Time Music Band နှင့်အတူ အားပါးတရ သီဆိုဖျော်ဖြေပေးနေသော "နိုင်မြသာ" ၏ "လှမ်းခဲ့ထားဝယ်မြေ" တေးသီချင်းကလည်း ညီနောင်များ၊ အားကစားသမားများ နှင့်ဧည့်ပရိသတ်တို့အကြား မြူးကြွအပျော်ကူးစက်ခဲ့ကြပြီ။ အားလုံး၏ ကြည်နူးမှုအတိုင်းအဆ မည်မျှပွားကျယ်ခဲ့သည်ကို တွေးဆရန်မလွယ်။ သူတို့ကို ကြည့်ရင်း ကျွန်တော်အလွန် ပျော်ရွှင်ကြည်နူးခဲ့ရသည်မှာ အမှန်ပင်။

မနက်ခင်းကတည်းက ဒေါက်တာကျော်စွာ ဆေးပေးမည်ဟု ပြောပြီး ဆေးသောက်ရန်စောင့်နေခဲ့သောကျွန်တော် ယခုဆေးသောက်ရန်မလိုအပ်တော့။ သူတို့တွေပေးခဲ့သောအပျော်အားလုံးက ကျွန်တော့်ဝေဒနာအားလုံးကို ချေဖျက်ပေးနိုင်ယူသွား ခဲ့ပါပြီ။

❦ ❦ ❦ ❦

စာအုပ်ကလေးအားပြန်ပိတ်ရင်းက သက်မတစ်ချက် ခပ်ပြင်းပြင်းမှုတ်ထုတ်ဖြစ်သည်ဟုဆိုကြသော်၊ ညည်းတွားသော်၊ ဝမ်းနည်းကြေကွဲသော်တို့ တိုးတိတ်သွားအောင် ကြည်နူးပျော်ရွှင်မှုကို ထပ်လောင်းတောက်ပသွားအောင် ဖြည့်ဆည်းပေးခဲ့ကြသည့် ကျွန်တော်တို့ရှိကြသော်၊ ရယ်သံ မောသံများအကြား အကြိမ်ကြိမ် အခါခါသွား၍ "သံဝေဂ" တရားဆောက်ပွားနေကြဦးမည်။

ထားဝယ်သူထားဝယ်သားတို့၏ စိတ်ဆန္ဒဟာရကို စွမ်းနိုင်သည့်ဘက်မှ အတတ်နိုင်ဆုံး ဖြည့်ဆည်းပေးနေသော "ထားဝယ်အသင်း" သည် လစ်ဟာသူတို့၏ လိုရာဆန္ဒကို ဖြည့်စုံအောင် ထောက်ပံ့နိုင်သူပင်" ဗုဒ္ဓဘုရားရှင်နှုတ်မြွက် ပဋ္ဌာန်းဒေသနာ တော်မှ... "အဘာဘရုပစ္စယော" ပစ္စည်းဒေသနာတစ်ပါးကိုပြ သတိရမိပါသည်။ အစီရင်ယ်များကို နားလည်သလို ပေါင်းစပ်တွေးဆဖြစ်သည်။

ကျွန်တော်တို့လည်း အသင်းအမှုဆောင်မဖြစ်ခဲ့လျှင် သူတို့... သူတို့၏ စိတ်ဆန္ဒဟာရများကို ဖြည့်ဆည်း ပေးခွင့်ရမည် မထင်။ အမှုဆောင်ဖြစ်ခဲ့ရသည်ကို ဂုဏ်ယူနေမိသလို ကျွန်တော်တို့ ကူညီခွင့်ရအောင် နှစ်ရာချီ စိတ်ရှည်ရှည်စောင့်ဆိုင်းပေးခဲ့သော "ထားဝယ်အသင်းကြီး" ကိုလည်းအတိုင်းမသိ ကျေးဇူးတင်နေမိပါသည်။

ဗဟာသုသာန်မှပြန်လည်ထွက်ခွာစဉ် ကိုညီညီက ညာဘက် ခပ်လှမ်းလှမ်းဆီသို့ လက်ညှိုးညွှန်၍ ကရုဏ်ဖောင်တော်ကိုပြသည်။ ကျွန်တော်ဇက်ကလေးပူပြီး ကြည့်နေစဉ်ခါးတွင်ချိတ်ထားသော သားရေအိတ်ကလေးထဲမှ ဟန်းဖုန်းကလေးမည်လာပြန်သည်။ ဟန်းဖုန်းမှန်သားမှနံပါတ်ကလေးများကို ကြည့်ပြီးကျွန်တော် တစ်ချက် ပြုံးမိသည်။ နားထောင်မိတော့ …။

"မေမေပြန်မလာသေးဘူးလား…၊ သားသား သတိရနေပြီ…တဲ့" တီတီတာတာပြောတတ်နေသော သားသားအသံကို ကြားရပြန်တော့လည်း ဖန်းသမျှ နွမ်းသမျှ ပျောက်ရသည်ချည်း။ သားသားလေး သတိရနေပြီဆိုတော့ အပြန်ခရီးအတွက် ကားလက်မှတ် ဖြတ်တာဖြစ်ဖြစ်၊ လေယာဉ်လက်မှတ်ထွက်ကင်လုပ်တာ ဖြစ်ဖြစ် စီစဉ်ရပေဦးမည်။ ရန်ကုန်မှအဆင်းတုန်းက ကားလမ်းခရီးကြမ်းသဖြင့် ပင်ပန်းလှသည်ဟု ကိုညီညီကညည်းသဖြင့်အပြန်ခရီးကို လေယာဉ်နှင့်ပြန်ရန်သေချာသလောက်ဖြစ်နေသည်။

ကြော်...အကြိမ်ကြိမ် ဝင်ထွက်သွားလာဖြစ်ခဲ့သော သာယာလှပသည့် ဇာတိမြေကိုလည်း တစ်ခါထပ်ခွဲခွာရပေဦးမည်။

ဇေအောင်သန်းဦး

❦ ❦ ❦ ❦

ရှင်ကိုးရှင်ညို့ [illegible]

သီတာစုဝေမျှ

တကယ်တော့ သည်ခရီးကို ထွက်ဖို့ လေဆိပ်မှာ စောင့်ဆိုင်းနေချိန်ကတည်းက သူမ အတော်စိတ်လှုပ်ရှားခဲ့ရတာဖြစ်သည်။

ကွင်းထဲကိုလုံးဝရောက်မလာသေးသည့် လေယာဉ်သည် မန္တလေးလေဆိပ်တွင်ပြုပြင်နေဆဲ ဖြစ်ကြောင်းသိရတော့ သူမနှင့်အတူလိုက်ပါမည့် မနီလာသန်းသည် သူမမျက်နှာကို ကွက်ကြည့်ကွက်ကြည့်နှင့်၊ သူမမျက်လုံးချင်းဆုံပြီး အားတင်းပြုံးပြလိုက်ရသည်။

လေယာဉ်စက် ကောင်းသွားပါစေ

ရန်ကုန်လေဆိပ်လည်း မြန်မြန်ရောက်လာပါစေ

လေဆိပ်အခန်းတွင်းက အအေးဓာတ်ကိုမေ့လျော့ပြီး ယပ်တောင်သေးသေးလေးနှင့် တဖျတ်ဖျတ်ခပ်နေမိတော့သည်။ တစ်ခုခုကိုစောင့်စားနေရသည့် စိတ်ခံစားမှုက အတော်ခံရခက်ပါသည်။ စကားတွေ ရောက်တတ်ရာရာ ပြောနေကြပေမယ့် လေယာဉ်ရောက်လာဖို့က အားလုံးအတွက် အဓိကမျှော်လင့်ချက်ပင် ဖြစ်သည်။

စိတ်မောနေသောသူမကို ချစ်သူက အားပေးနိုင်ရန် ကြိုးစားသည်။

"ဆုသာတောင်းပါနိုးရယ်၊ နိုး သွားဖြစ်အောင်သွားရမှာပါ"

သူမခေါင်းညိတ်ပြလိုက်ရသည်။ တောင်းတာပေါ့၊ ဆုတောင်းတာမှ တစ်ထိုင်တည်းနဲ့ များတောင်များလွန်းနေပြီ၊ သူမသတိရသေး၏။ ချစ်သူနားကမကြားစေကြားဖူးသည့် စကား။

"ထားဝယ်မှာ ရှင်ကိုးရှင်ဆိုတာ သိပ်တန်ခိုးကြီးတယ်၊ ဒါပေမဲ့ကိုယ်ကတော့မရောက်ဖူးဘူး နိုးရဲ့"

အစပင်ပြန်တွေးရင်း သူမပြုံးတုံ့တုံ့ ဖြစ်နေတော့ ချစ်သူက သတိထပ်ပေးပြန်သည်။

" နိုး၊ ရှင်ကိုးရှင်ကို ဆုတောင်းလေ "

သူမ ရယ်မောမိလိုက်တော့သည်။ ထားဝယ်သားဖြစ်သော ချစ်သူပင် မရောက်ဖူးသည့် ရှင်ကိုးရှင်ဘုရားများကို သူမ ရည်စူးကန်တော့သည်မှာ အကြိမ်ကြိမ် အခါခါရှိလေပြီ။

နေ့ခင်းတစ်နာရီထိုးပြီးသွားပြီ၊ သက်ပြင်းချရသည်။ သည်လိုနှင့် မွန်းလွဲ နှစ်နာရီကျော် ပြန်ပြီ။ စကား မပြောနိုင်ကြတော့။

အခုညနေသုံးနာရီ

ပြေးလမ်းပေါ်မှာ လေယာဉ်တစ်စင်း ဖြတ်ပြေးသွားသည်။

သူမတို့အားလုံး ခေါင်းမော့ ကြည့်လိုက်ကြသည်။

လေယာဉ်အမြီးပေါ်က တံဆိပ်ကလေးသည် ရိုပ်ခနဲ မြန်မြန်ကြည့်လိုက်တော့ ပြည်တွင်းလေယာဉ်မှန်း သေချာသွားသည်။

သွားရမည့်ခရီးတစ်ခုကို သွားကိုသွားရမှ ကျေနပ်နိုင်မည့် သူမသည် ရင်ထဲတလှပ်လှပ်တုန်ခါသွားကာ လက်ဖျားများ အေးစက်လာပြီး မျှော်လင့်ချက်နှင့် မတ်တပ်ရပ်မိတော့သည်။

သို့သော်ငြားလည်း သူမတို့အဖွဲ့ထဲမှ နီးကြားတက်ကြွသော ကိုထွန်းလွင်၏ သံတင်းပေးချက်သည် သူမအားစိတ်ဓာတ်များ ပျက်ယွင်းသွားစေပြန်သည်။

အနုဆင်းလာတဲ့လေယာဉ်က နေ့လယ်၁၂နာရီကတည်းက ထွက်ရမယ့် မြိတ်ခရီးသည်များအတွက်...တဲ့။ လေယာဉ်သို့ ခပ်သုတ်သုတ်သွားနေကြသည့် မြိတ်ခရီးသည်များကို သူမ ငေးကြည့်နေမိသည်။

သွားပြီ

သူမတို့အပ်ထားပြီးသည့်ပစ္စည်းအိတ်များကို ပြန်ထုတ်ယူဖို့ ကြေညာရန် နည်းနည်းလေးပဲ လိုတော့သည်။

ယုံးစံအရဆိုလျှင် သူမရှေ့ကနေ ညနေလေးနာရီမှာ ပျံတက်သွားသောလေယာဉ်သည်တစ်နေ့တာခရီးစဉ်၏နောက်ဆုံးခေါက်ပဲ ဖြစ်နိုင်သည်၊ ဒါဆိုသည်နေ့ခရီးစဉ်ပျက်လျှင် နောက်တစ်ရက်ခြား ခရီးစဉ်သည်သီတင်းကျွတ်လပြည့်နေ့ မနက်၁၀နာရီ ကွင်းချိန်း ဖြစ်နေနိုင်သည်ပေါ့။ သူမတို့ ရိုက်ကူးမည့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်သည် လပြည့်နေ့မနက် အရုဏ်ဦးကတည်း ကစတင်မှာဖြစ်သည်။ ဘယ်လိုမှအမှီမှီမပါ။ ထားဝယ်ကို ဒီကနေ့ရောက်ကို ရောက်မှ ဖြစ်မည်ပဲ။

သူမလည်ပင်းတစ်ခုလုံး ပူစပ်ပူလောင်ကြီး ဖြစ်လာပြီး ငိုချင်လာတော့သည်။ သူမ ဘာများတတ်နိုင်ဦးမှာလဲ။

အခြေအနေက ဘာမှန်းမသိလိုက်တဲ့ ရှိုးရှင်းစွာ ပြောင်းလဲသွားပြီဖြစ်သည်။ သူမတို့တစ်ဖွဲ့လုံးပြန်ဖို့စီစဉ်ကြရတော့မည်။

" စိုးရေ ... စိုး မနေ့လေးက လေယာဉ်ဆင်းမယ်တဲ့ ပြီးရင် ထားဝယ်ကို ချက်ချင်း ပြန်ထွက်မယ်တဲ့ "

ချစ်သူပြောစကားကိုသူမကြားလိုက်ရတာ ဟုတ်ကော ဟုတ်ရဲ့လား။

" လက်ဆွဲတက်မယ့် ပစ္စည်းထုပ်တွေကို အဆင်သင့်ကိုင်ထားကြတော့ပေ့"

ကင်မရာဆရာကြီး ဦးမျှသိန်း၏ စကားသံသည် သူမကို ကောင်းကင်ထက်သို့ ပျံတက်သွားစေတော့သည်။

၂

ထိုင်ခုံလက်တင်ကို တင်းတင်းဆုပ်ကိုင်ရင်း သူမရင်တွေခုန်လှသည်။ ဒါဟာ တကယ်ကို ထားဝယ်ခရီးစဉ် သေချာသွားပြီပေါ့နော်။

လေယာဉ်ပြတင်းပေါက်ကနေ တရွေ့ရွေ့ ဖြတ်သန်းသွားနေသော တိမ်မျှင်တိမ်လိပ်တို့က ဝင်လုဆဲနေရောင်ခြည်အောက်မှာ လိမ္မော်ရောင် ပြေပြေလေးဖြစ်နေတာများ ... သူမကို မျှော်လှည့်ပြဖို့ ကြိုးစားနေသလိုပါပဲ။

မနီလာသည် သူမကို ရိုးစင်းလှပစွာ ပြုံးပြ၍နေသည်။ လေယာဉ်မယ်လေး၏ ဖော်ဖော်ရွေရွေ့ လှုပ်ရှားမှုသည် ဖျတ်လတ်သော လှုပ်ရှားမှုများနှင့်လေးနက်နေသည်။ ကျေးဇူးပေါ့ မိန်းကလေး ရယ် ကိုယ်တို့သွားရမယ့် နေရာဟာ မဝေးလှဘူး မဟုတ်လား။

တစ်ခါမှမရောက်ဖူးသောသည်မြို့လေး၏ ခရီးစဉ် တချို့ကို သူမချစ်သူကကြိုပြောပြထား၍ ရန်ကုန်နှင့် ထားဝယ်လေယာဉ်ခရီး တစ်နာရီခန့်ပဲကြာသည်ဟု သူမ ကြိုသိထားသည်။

တစ်နာရီခန့်အချိန်ဆိုတာ အရာအားလုံးကို အနည်းနှင့် အများ ပြောင်းလဲပေးနိုင်ပါသည်။

အလင်းရောင် မှိန်မှေးမှေးအောက်က ပင်လယ်ပြင်ကျယ်ကြီးသည် သူမနှင့်အနီးဆုံးသို့ ရွေ့ရှို့ရွေ့ရှို့လာနေသည်။

ကြည့်စမ်း

ဟိုမှာ အဖြူရောင် လှိုင်းအတွန့်အတွန့်များက ကမ်းစပ်ကို ဘောင်ခတ်ဖို့တန်းစီပြီးလာနေကြသည်။ မှောင်ရိပ်သမ်းသည့် ပင်လယ်ရေပြာပြာတို့က နက်ပြာရောင်တောင်ဖြစ်နေလေပြီ။ သို့သော်ငြား ဟိုနားဒီနားက ကျွန်းစုတို့ကိုတော့ သူမမြင်မြင်အောင် မြင်လိုက်သေးသည်။ သည့်နောက်မှာတော့လင်းယုန်ငှက်တစ်ကောင်၏ လေဟုန်စီးပုံမျိုးနှင့် သူမတို့လေယာဉ်က မြေပြင်နား ချဉ်းကပ်သွားလေသည်။

ငြိမ့်ခနဲထိတွေ့မှုနှင့်အတူ မနီလာက သူမလက်ဖျားများကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်သည်။ ရောက်ပြီ မနီလာရေ တကယ်ရောက်ပြီ။ သူမနှုတ်များတို့ကျေနပ်သည့်ထိ ပြုံးဖြစ်သွားသည်။

"ထားဝယ်လေဆိပ်"

မှောင်ရိပ်အောက်မှတောင် သူမတို့ကို ဖွေဖွေဖွေစွာ ဆီးကြို၍ နေသည်။

၃

အချိန်ခဏတိုင်း ခဏတိုင်းမှာ ဖျတ်ခနဲ ဖျတ်ခနဲ နိုးကြားနေရင်း သူမ နံနက်သစ်တစ်ခုကို ရောက်ရှိခဲ့ပြီဖြစ်သည်။ မနက် ငါးနာရီဖို့ အလင်းအားက နည်းလွန်းနေသေးသည်။

တစ်ဖက်ကုတင်ရှိ မနီလာကို ခြင်ထောင်စ မြှောက်ကြာမှ အားစိုက်ကြည့်လိုက်တော့

" စိုးရေ ... ကိုယ်နိုးနေပြီ "

မနီလာက ခြင်ထောင်မပြီး ငုံ့ထွက်လာသည်။

" တစ်ညလုံး စောစောနိုးနေတယ်သိလား စိုး ရော ဟင်"

သူမနှင့်ကိုယ် လိုက်လျောညီထွေ ဖြစ်လှသော မနီလာအား သူမခေါင်းညိတ်ပြလိုက်မိသည်။

သူများထက် ပိုချမ်းသာတဲ့သူဖြစ်သည်။ သို့သော်လည်း တစ်ထည် တည်းသော ဂွမ်းစောင်လေးကို သူမကုတင်ပေါ်မှာ တွေ့ကတည်းက မနီလာအတွက် ရည်ရွယ်ထားပြီး ဖြစ်သည်။

မနေ့ညကရေချိုးရန် သင့်မသင့်တိုင်ပင်ကြတော့ ည ၁၂ နာရီထိုးခါနီးပြီ။ ပင်လယ်နှင့် ထိစပ်နေသည့် ထားဝယ်မြို့သည် များစွာမပူပြင်းလှပါ။ သို့သော်လည်း မနေ့ညက ၁၁ နာရီကျော် သည်အထိ တာဝန်ရှိပုဂ္ဂိုလ်အသီးသီးနှင့် သူမတို့အဖွဲ့အကြိုညှိနှိုင်း ဆွေးနွေးမှုများ ပြုလုပ်ပြီးသည့်အခါမှာတော့ ညဉ့်နက်နေသော်လည်း ရေချိုးလိုက်ခြင်းသည် သူမတို့ကို အတော်လန်းဆန်း သွားစေ ကြောင်း သေချာခဲ့လေသည်။

" အစက နိုးလည်း အေးမယ်မထင်ပါဘူး မနီလာရယ်၊ နောက်မှ တဖြည်းဖြည်း အေးလာတော့တာပဲ၊ ဒါပေမဲ့ နိုလင်းချင် စောင်နဲ့ နိုးမချမ်းလှပါဘူး"

အဲဒီအချိန်မှာပဲ သူမအာရုံထဲကို ဟိုးဝေးဝေးက အသံတစ်ခု ဝင်ရောက်လာသည်။

" ဟင် ...နားထောင်ကြည့်လိုက် မနီလာ၊ ကြားတယ် မဟုတ်လား၊ ဒါ... ဥဩငှက်တွန်သံနော်... ရွှေလည်းမဟုတ်ဘဲနဲ့ ကြားရတယ် ... အခု လက သီတင်းကျွတ်ပဲရှိသေးတယ် နိုး သွားကြည့်လိုက်ဦးမယ်"

အခန်းတံခါးကို ခပ်မြန်မြန်ဖွင့်ရင်း အပြင်ကိုထွက်လိုက် သည်။ ဘုရားရေ ... ညက ရိုက်ကူးရေးကိစ္စများကလွဲပြီး ဘာကိုမှ သတိမထားခဲ့သော သူမအတွက် ရွေးချယ်ပေးထားသော သည် မြို့လေးက တည်းခိုစရာနေရာသည် နှစ်လိုဖွယ် ကောင်းလှချည် ရဲ့။ ဝရန်တာပတ်လမ်းလက်ကိုင်အား မှီရပ်လိုက်သည်။ မျက် တောင်မခတ်ပဲပေါ့။ ပြီးမှ နံနက်ခင်း ဆလီဝေလင်းအလင်းရောင် အောက်က ပတ်ဝန်းကျင်တစ်ခုလုံးကို သူမ တမေ့တမောငေးကြည့် နေမိသည်။

လူတစ်ရပ်စာခန့်မြင့်သည့် အောက်ခံအုတ်မြစ်ပေါ်က သစ်သားရိုပ်သာသည် ရှေးကျသော တစ်ထပ်အိမ်ကြီး ဖြစ်သည်။ အထူးသဖြင့် ကြမ်းခင်းထားသည့် ဝရန်တာပတ် လမ်းကအတော် ကျယ်ဝန်းသည်။ မိုးရေစနေသောကြမ်းခင်းက အေးမြနေသည်။ ပေါ်လစ်တင်ထားသည်ကပင် သူမ နှစ်သက်အောင် ဆွဲဆောင် နေသည်။ ဝါဖြူဖြူ အရောင်မျိုး နှင့်ပေါ့။

မြံထဲမှာ ကားပတ်ထွက်နိုင်သည့် မြေနီလမ်းတစ်ခုရှိပြီး၊ အဝင်လမ်းအထွက်လမ်းပတ်ပတ်လည်တွင်အပင်များ စိမ်းစိုလှပ နေသည်။ ရွက်လှပင်များ၊ ပွင့်တူ ရွက်တူပင်များ၊ တရုတ်စကား ပင်များ၊ နှယ်သာကီပင်များ၊ ခေါင်ရန်းပင်များ၊ ကွမ်းသီးပင်များ၊ အုန်းပင်များ ... စုလို့ပါပဲ၊ နှယ်သာကီ က ပန်းရောင်အပွင့်များ ဆုပ်ခဲနေသည်။ ခေါင်ရန်းပန်းများက အရောင်စုံသည့်အပြင် နှစ်ရောင်စပ်တွေတောင်ပါသေး။ ခေါင်းလောင်းပန်းဝါဝါတို့က လေပြည်နှင့်အတူ တလှုပ်လှုပ်... နေ့စဉ် နေရောင်ခြည်လုံလောက် အောင် ရရှိမှုတို့က ရွက်လှပင် အရွယ်စုံတို့ကို အရောင်အသွေး တောက်ပ ရွှန်းစို နေစေသည်။

အဝင်လမ်းခြံထောင့်မှာရှိသော ဆူးချွန်ပင်အကြီးကြီး တစ်ပင်ကတော့ သူမကိုဆွဲဆောင်၍ မဆုံးနိုင်တော့ချေ။ စိမ်းဖန့် နေသည့် ဆူးခက်လက်တံများက နပျိုလတ်ဆတ်လှသည်။ ထားဝယ်မြို့က မပြန်ခင်တော့ ဆူးခက်လက်တံများ၏ စိမ်းမြမှုကို သူမ ထိတွေ့ကြည့်ချင်ပါသေးသည်။ အခုတော့ အေးမြသော ကြမ်းခင်းကို နင်းလျှောက်ရင်း ဝရန်တာပတ်လမ်းကို ပတ်ကြည့် လိုက်ဦးမည်။

သူမတို့အိပ်ခန်း၏ ညာဘက်ထောင့်ချိုးတွင် ဝရန်တာ ကြမ်းခင်းထက် တစ်ပေခန့်မြင့်သည့် အဆောင်ငယ်တစ်ခုတွဲ လျက်တည်ရှိသည်။ ဧကြီလမ်းငယ်ဝင် ပါသေး၏။ အိပ်ခန်း သုံးခန်းရှိသည်။ သူမ၏ကင်မရာဆရာနှစ်ဦးဖြစ်သည့် ဦးရွှေသိန်း နှင့် ကိုထင်လင်းကတစ်ခန်း၊ အသံဖမ်းအင်ဂျင်နီယာ ကိုထွန်းလွင် က တစ်ခန်း၊ နေရာယူထားသောအိပ်ခန်းများဆီက စကားပြော သံ၊ ရေချိုးသံများ ကြားနေရ သည်။

သူမတို့အလုပ်ကတစ်ဦးကောင်း လုပ်၍မရ။ တကယ်တော့ အစီအစဉ်တစ်ခုအတွက် ထုတ်လုပ်ရေးမှူးတစ်ဦး ဟူသည် ကိုယ်ပိုင်အတွေးနှင့်ကင်မရာဆရာတို့၏ အမြင်ပညာတို့ကိုပေါင်းစပ် ပြီးရရှိလာသည့် အကောင်းဆုံးအရုပ်များကို ကိုယ်တိုင်တည်းဖြတ် ကြရသလိုသက်ဆိုင်ရာ အချက်အလက်များပေါ် အခြေခံပြီး စာမူ ကောင်းတစ်ခုကိုလည်း ကိုယ်တိုင်ရေးသား ပြုစုကြရသည်။ ဒါဟာ ထုတ်လုပ်ရေးမှူးကောင်းတို့၏တာဝန်များပါပဲ။

အဲဒီနောက် အလိုက်ဖက် အကိုက်ညီဆုံး နောက်ခံသီချင်း နှင့် တီးလုံးတို့ကို ခံစားရွေးချယ်ထည့်သွင်း၊ နောက်ခံစကား ပြောများသွင်းယူ၊ တီးလုံးအသံများကို နောက်ခံစကားသံများနှင့် ပြန်ထပ်၊ အာရုံများ၍ မရသော အလုပ်များပေါ့။

အစီအစဉ်တစ်ခုအတွက် ကိုယ်တိုင်စီစဉ် ကြီးကြပ်တည်း ဖြတ်ထုတ်လုပ်နိုင်မှု၏ အနှစ်သာရအဖြစ် အစီအစဉ်ကောင်းတစ်ခု ထုတ်လွှင့်လိုက်သည့် အခါတိုင်း ရင်ခုန်လှိုက်မောသော ကြည်နူး ပီတိအား သူမတို့ အချင်းချင်းပဲ နားလည်နိုင်မည်ထင်ပါရဲ့။

"လေးလေးရွှေ နိုးတို့ မနက်ဖိနာရီခွဲတိတိမှာ ထွက် မယ်နော်"

လုပ်ငန်းခွင်မှာ သူမကအရုပ် လိုအားကြီးသူဖြစ်သည်။ သည့် အတွက်အရုပ်ကောင်းများစွာကိုတပ်မက်သူ သူမသည်ရိုက်ကူးရေး ထွက်တိုင်းမနက်စာနှင့်ညစာပေါင်းစားဖူးပြီးအသက်အန္တရာယ် လုံးဝမကြောက်ရွံ့စွာနှင့် ခရီးဝေးများစွာနင်းဖူးခဲ့ပြီ၊ ထုတ်လုပ်ရေး မှူးကောင်းတစ်ဦး၏ဘဝကို ဘာနှင့်များလဲလှယ်ရဦးမှာလဲ။ သည်လိုအခက်အခဲများကို သူမတစ်သက်လုံး ဖက်တွယ်ထား

ခဲ့ပါသည်။

ထုတ်လုပ်ရေးမှူးတို့နှင့်အတူ အေးအေတူ ပူအမျှ မျှဝေခံစားပေးကြသည့် ကင်မရာဆရာများသည် သူမနှင့်ရဲဘော်ရဲဘက်ကောင်းတွေဆိုဖက် သေမော်ရှင်ဖက်များပဲ ဖြစ်တော့သည်။

" အေး ... ရွှေပြည်စိုးရေ .. ဓာတ်ခဲအားလည်း ဖြည့်ပြီးပြီ၊ မီးလဲအပြည့်ပဲ၊ စိုးရိုက်ချင်တာရိုက်ပေတော့။ လေးလေးရွှေတို့အားလုံး အဆင်သင့်ပဲ "

သူမလိုချင်သည့် ရှုထောင့်ရှုကွက်တို့ကို အနုပညာအမြင်နှင့် ပေါင်းစပ်ရိုက်ကူးပေးတတ်သောဝါရင့် ကင်မရာဆရာကြီးများထဲတွင် ဦးရွှေသိန်းလည်း တစ်ယောက်အပါအဝင်ဖြစ်သည်။ ကိုထင်လင်းကလည်း လူငယ်တစ်ယောက်၏ အမြင်များနှင့် ပေါင်းစပ်ပြီး တစ်ခါတလေ သူမ မတွေးမိသည့် ရိုက်ချက်မျိုးများကိုပါ ဖန်တီးပေးတတ်သော ဆန်းသစ်သည့် အတွေးအမြင်များ ရှိသူ လူငယ်ကင်မရာဆရာ တစ်ဦးပါပဲ။

သူမတို့ရိုက်ကူးရေးအဖွဲ့မှာပဲ ဖြစ်ဖြစ်၊ရေဒီယိုအသံလွှင့်အဖွဲ့မှာပဲဖြစ်ဖြစ် အသံဖမ်းအင်ဂျင်နီယာကလည်း လိုအပ်ပြန်သည်၊ မိမိတို့ပြောဆိုသမျှ သွင်းယူသမျှထဲမှာ ကြားသံ အနှောင့်အယှက်တစ်စုံတရာမပါဖို့အတွက် အသံဖမ်းအင်ဂျင်နီယာ၏ ကျွမ်းသည့်အရေးပါလှပြီးသည့်အလုပ်ကိုသူမတို့အဖွဲ့အတွက် အသံဖမ်းအင်ဂျင်နီယာ ကိုထွန်းလွင်ကကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ဆောင်ပေးနိုင်သူလည်း ဖြစ်ပါသည်။

သူမတို့နှင့်အတူ လိုက်ပါလာသော ရေဒီယို အသံလွှင့်အစီအစဉ်များထုတ်လုပ်မည့် မနီလာသန်း။ ထို မနီလာသန်းသည်လည်း စာမူရေး အဓေးအဖြေလုပ် အားလုံးကို တစ်ဦးတည်း စွမ်းဆောင်နိုင်သူပေါ့။

ရိုက်ကူးထုတ်လွှင့်ရေးစနစ်တစ်ခုမှာတက်ညီလက်ညီလုပ်ရှား ဆောင်ရွက်နိုင်မှုများက အစီအစဉ်ကောင်းများစွာကို ဖြစ်ထွန်းလာစေသည့် အချက်တစ်ချက်လည်း ဖြစ်သည်မဟုတ်လား။

သူမတို့ အိမ်ခန်းဖက် ခြေဦးပြန်လှည့်လိုက်သည်။ အိပ်ခန်း၏ဘယ်ဘက်လေှကားထိပ်မှာဧည့်ခန်းကျယ်ကြီးတစ်ခန်းရှိသည်၊ ထမင်းစားခန်းငယ်တစ်ခန်းလည်း ယှဉ်တွဲတည်ရှိနေသည်၊ ဧည့်ခန်းကြီး၏အနောက်ပေါက်မှာ လသာဆောင်ငယ်တစ်ခုတွဲလျက်တည်ရှိနေပုံကလည်း သည်နိုပ်သာကို ပိုမိုကျယ်ပြန့်စေစေသည်။

သူမအာရုံကို နောက်ထပ်ဖမ်းစားထားသော အရာများကတော့ ပြတင်းပေါက်တိုင်း၊ တံခါးပေါက်တိုင်းမှာတပ်ဆင်ထားသည့်အဝါရောင်နုနု ခန်းဆီးလိုက်ကာစများပဲဖြစ်သည်။ ထိုခန်းဆီးစများက မနက်ခင်း လေနု အေးနှင့်အတူတလွင့်လွင့် လွင့်စဝ်နေသည်။ မြန်မာ့နှစ်ရှည်ပင်ဌာနေ နိုပ်သာလေး၏ နံနက်ခင်းသည် သူမကို နူးညံ့စွာ နှုတ်ခွန်းဆက်၍နေလေသည်။ သာယာတဲ့ ဥဩသံလေးနှင့်ပေါ့ ဥဩငှက်လေးကတော့ လွှမ်းကောင်းနေဆဲ ဟိုးဝေးဝေးမှာ တွေ့ဖို့ ခဲယဉ်းလိုက်တာကွယ်။

သူမ၏ ရှည်လျားသော ဆံပင်စုတို့ကို ခပ်မြန်မြန် ဖီးသင်ထုံးဖွဲ့ပြီးချိန်မှာတော့ နံနက်ခြောက်နာရီ ထိုးခါနီးပြီ။ အဝတ်အစားလဲလှယ်ရင်း ဒီကနေ့အတွက် ရိုက်ကူးရေးဇယားကို စိတ်တွက်နှင့် စီစဉ်ကြည့်ရပြန်သည်။

ထားဝယ်မြို့ကို သူမတို့လာရောက်ရခြင်း၏ အဓိကရည်ရွယ်ချက်သည် သီတင်းကျွတ်လပြည့်နေ့မှာ ကျင်းပသည့် သပိတ်မျှောပွဲကို ရိုက်ကူးရန်ဖြစ်သည်။

ဒီနှစ် မိုးပိုများမှုက သူမတို့အတွက်တော့ အနှောင့်အယှက်ကြီးမားလှသည်။ ရာသီဥတုပေါ် တည်မှီသောလေယာဉ်ခရီးစဉ်နှင့် လိုက်ပါရသည့်သူမတို့အဖွဲ့သည် လပြည့်နေ့မတိုင်မီ ၄ရက်လောက်ကတည်းက ထားဝယ်မြို့ကို ရောက်ရှိနေရအောင်ကြိုတင်အချိန် ယူခဲ့ရလေသည်။

သူမစိတ်ကူးများစွာ မွေ့ပိုက်ယူဆောင်လာခဲ့ပါသည်။ ထားဝယ်ကျော်မင်းရေးသည့် "ထားဝယ်ယဉ်ကျေးမှုအမြုတေ" စာအုပ်က ထားဝယ်မြို့နှင့်သူမကို ဆက်စပ်ပေးခဲ့တာ ကြာပြီဖြစ်သည်။

ထားဝယ်ရိုးရာ သီတင်းကျွတ် သပိတ်မျှောပွဲ
ရှင်ကိုးရှင်
တန်ဆောင်တိုင် နှစ်ကိုယ်ရှစ်ဆူဘုရားလှည့်လည်ပွဲ
ကျောင်းတော်မှဘုရားကြီး
ဒိန်းချင်းများ
ထားဝယ်ရိုးရာ အကများ
မောင်းမကန် ကမ်းခြေ

သည်တော့ ကြိုရောက်ရသည့် ၄ရက်ဆိုသည့် အချိန်ကနည်းတောင် နည်းနေသေးသည်။

သပိတ်မျှောပွဲက အောက်တိုဘာလ ၂၄ ရက် လပြည့်နေ့နံနက် အရုဏ်တက်။

ရောက်သည့်နေ့က အောက်တိုဘာလ ၂၁ ရက် ညနေ ၆နာရီ သည်တိုင်းဆို ၂၂နှင့် ၂၃ နှစ်ရက် အချိန်ရသေးသည်၊ ထားဝယ်မှာရှိနေမယ့် (၁၀)ရက်ခန့်အချိန်အတွင်းမှာ ပထမဆုံး သူမလုပ်နိုင်သည်က ဘာများဖြစ်မလဲဟု ရိုက်ကူးရေးစနီးမစခင်ကတည်းက တွေးခဲ့ ဆုံးဖြတ်ခဲ့ ပြီးပြီ။

"ရှင်ကိုးရှင်" ရိုက်ကူးရန်ပါပဲ။

သူမကို အတော်စိတ်လှုပ်ရှားစေခဲ့သော ဆုံးဖြတ်ချက်ဖြစ်သည်။ ထားဝယ်သူ ထားဝယ်သား အများစုထဲမှာတောင် ရှင်ကိုးရှင်စလုံး စုံလင်အောင် ဖူးမျှော်ဖူးသူ အတော်နည်းပါးသေး

သည်ဟု သိရတော့ သူမ သိပ်များလောဘကြီးနေပြီလား။

"တောင်သုံးတောင် တောသုံးတော မြို့သုံးရွာ အောင်နိမိတ်ယူ"

"ဟောမောင်ရီရဲ့ ဖြူတြီ မှတ်တိ ရှင်ကိုးရှင်"

ထားဝယ်မြို့ကို ခြေချမိစဉ်ကတည်းက သူမ ရင်ထဲမှာပြည့်ဟီးနေတာ "ရှင်ကိုးရှင်"ပဲဖြစ်သည်။

ရောက် ရောက်ချင်းမနေ့ညက ရိုက်ကူးရေးခရီးစဉ်အကြမ်း ဆွဲကြတော့ ပထမ သပိတ်မျှောပွဲ ရိုက်ကူးရေးကို အသေးစိတ် စီစဉ်ကြသည်။ လပြည့်နေ့မနက် ၂နာရီ အသင့်ဖြစ်ရန်၊ မနက် ၂နာရီခွဲမှာ စရိုက်ရန်၊ သပိတ်များပြင်ဆင်ပုံ၊ လူများစည်ကားပုံ၊ မီးထွန်းပုံ၊ ရေမျှောပုံ၊ ဒေသခံများ၊ ဧည့်သည်များ၏ အမြင်။

"သပိတ်မျှောပွဲအပြင် ဒေါ်ရွှေပြည်စိုးတို့ ဆက်ရိုက်မယ့် တစ်ခြားအစီအစဉ်တွေကို ပြောပါဦးခင်ဗျ"

သူမ အသက်တစ်ချက်အောင့်လိုက်ပြီးမှ

"ရှင်ကိုးရှင်ကို ရိုက်ချင်ပါတယ်ရှင် "

ထားဝယ်ခရီးစဉ်တစ်ခုလုံးတွင် ပူးပေါင်း ဆောင်ရွက်သွားမည့် ဗိုလ်ကြီးစိုးသက်၊ ဦးယဉ်ထွေး၊ ဦးခင်မောင်တင့်၊ ဦးစိန်ဝင်းတို့အားလုံး သူမကို လှမ်းကြည့်လာသည်။

" ဟုတ်ပါတယ် .. ရှင်ကိုးရှင်ကို ကျွန်မရိုက်မယ်လို့ ဆုံးဖြတ်ထားပါတယ် "

သူမတကယ်ရိုက်ကူးရေးလုပ်ဖို့ ဆုံးဖြတ်ထားမှန်း အားလုံး ခန့်မှန်းသိရှိသွားကြသည်။ အားလုံး ခေါင်းတညိတ်ညိတ်တွေး ဆနေကြဟန်က ထင်ထင်ရှားရှား။

" ပြီးတော့ ရှင်တစ်ရှင်ဆီမှာ ထားဝယ် မိန်းခလေး တစ်ယောက်စီ ထားဝယ်လိုပြောဖို့ အတွက် စီစဉ်ချင်ပါတယ်။ ရှင်ကိုးရှင်ဆိုတော့ ထားဝယ်မိန်းခလေး ကိုးယောက်လိုပါမယ်။ ထားဝယ်လိုတတ်ပါမယ်။ တစ် ရောင်စီ ဖြစ်ရင်ပိုကောင်းမယ်လို့ ထင်ပါတယ်။ နဂိုအလှပေါ်အောင်လို့ မိတ်ကပ်ကို ပါးပါးလေးပဲ လိမ်းစေချင်ပါတယ် "

"ရှင်ကိုးရှင်"

တောင်သုံးတောင်၊ တောသုံးတော၊ မြို့သုံးရွာ .... တဲ့။ တောင်သုံးတောင်ဆိုတော့ တောင်ပေါ်မှာ ကိန်းဝပ်သည့် ဘုရား သုံးဆူ ပါဝင်သည်။ ရှင်ဆံတော်စေတီ၊ ရှင်မော်စေတီ၊ ရှင်တောင်းပုံစေတီ တို့ဖြစ်သည်။

တောသုံးတောတွင် ရှင်ဓါတ်ဝဲစေတီ၊ ရှင်ဇလွန်စေတီ၊ ရှင်တောက်ထိန်ဘုရားတို့သည် တောတန်းဒေသသုံးနေရာတွင် ကိန်းဝပ်စံပယ်သည့် ဘုရားသုံးဆူ ဖြစ် လေသည်။

မြို့သုံးရွာအဖြစ် ထားဝယ်မြို့ ရေပဲကွက်နှင့် ကျေးရွာတို့တွင် ကိန်းဝပ်သော ရှင်ပင်ရေစေတီ၊ ရှင်ဥဩစေတီ၊ ရှင်မုတ္တီး ဘုရားတို့ကိုဆိုလိုသည်။ ရှင်ကိုးရှင် တည်ရှိရာကို ထားဝယ် ဒေသခံတို့ အစဉ်အဆက်မှတ်သားခဲ့သော အဆိုစကားက မှတ်မိ လွယ်လှသည်။

အစဉ်လိုက်ဆိုလျှင် ရှင်ပင်ရေသည် ပထမ၊ ရှင်မုတ္တီးသည် ဒုတိယ၊ ရှင်တောင်းပုံသည်တတိယ၊ ရှင်မော်တောင်သည် စတုတ္ထ ရှင်တောက်ထိန်သည် ပဉ္စမ၊ ရှင်ဥဩသည် ဆဋ္ဌမ၊ ရှင်ဇလွန်သည် သတ္တမ၊ ရှင်ဓာတ်ဝဲသည်အဋ္ဌမ၊ ရှင်ဆံတော်ဆိုသည့် ဆံတော်ရှင်သည် နဝမအဖြစ် သတ်မှတ်ထားကြသည်။

" ရှင်ကိုးရှင် "

ကျွန်မချစ်သူ ထားဝယ်သားလေးပင် ပြည့်စုံအောင် မဖူးတွေ့ရသေးသည့် ရှင်ကိုးရှင်။

" ဖြစ်နိုင်ရင်တော့ ရေလမ်း၊ ကုန်းလမ်းနှစ်မျိုးစလုံး သွားရမယ့် ရှင်မော်တောင်ကို ရာသီဥတုကောင်း တုန်းသွားထားရင် ပိုအဆင်ပြေမယ်လို့ ထင်ပါတယ် ဒေါ်ရွှေပြည်စိုး "

ရောက်သည့် မနေ့ညက ညဉ့်နက်သည်အထိ လုပ်ခဲ့သော တွေ့ဆုံညှိနှိုင်းမှုများ၏ ဆုံးဖြတ်ချက်အရ ဒီကနေ့ မနက်ဖြနာရီခွဲတွင် ပထမဆုံးစထွက်မည့် ခရီးစဉ်သည် ရှင်မော်တောင်ဖြစ်သည်။ ရှင်ကိုးရှင်တွင် အဝေးဆုံးဟု ဆိုနိုင်ပါသည်။

ပထမဆုံးသရုပ်ဆောင်မည့်ထားဝယ် ပျိုဖြူကလေးကတော့ ငွေးငွေးသစ်တဲ့။ အရပ် မနိမ့်မမြင့်နှင့် အသားအရေ ဖြူဝင်းကာ ရုပ်ရည်ချောမောသောမိန်းခလေးငယ်သည် သူမ၏ ဖခင်၊ အုပ်ထိန်းသူ ဆရာမတို့နှင့်အတူ ခရီးထွက်ရန် အဆင်သင့်ဖြစ်နေလေပြီ။

မနက်ပြနာရီခွဲကျော်ရုံလေးမှာ ရှင်မော်ခရီး စတင်ခဲ့လေသည်။

၄

သူမတို့ တည်းခိုသော နှစ်ရှည်ပင်လုပ်ငန်း ရိပ်သာလေး၏ ခပ်မောမော ကုန်းတက်ပေါ်က ဂိတ်တံခါးကို ဖြတ်ကျော်ထွက်လိုက်သည်နှင့် ထားဝယ်မြို့ကို သူမတွေ့မြင်ခွင့်ရပြီဖြစ်သည်။

ထားဝယ်မြို့ကလေးက အေးချမ်းလှပါသည်။

ထပ်ဝယ်၊ထမ္မိုင်း၊ ဓာတ်ဝဲ၊ တာဝိုင်း၊ တောင်ဝိုင်း၊ ဒါးဝယ်၊ ဓဝယ်၊ တဝယ် .... ကနေ ကာလရွေ့လျောပြီး "ထားဝယ်" ဟု ဖြစ်လာသည့်ထားဝယ်ခရိုင်သည် တနင်္သာရီတိုင်းဒေသကြီး၏ အလယ်ပိုင်းမှာ တည်ရှိလေသည်။

ထားဝယ်သူ၊ထားဝယ်သားများသည် ရုပ်ဝတ္ထုများကို ခွတ် အတင်းဖန်တီးယူတတ်ကြသူများ မဟုတ်ဟု သူမချစ်သူ ပြောပြ ဖူးသည်။

ထားဝယ်မြို့တွင် သိပ်ကို မြင့်လွန်းသည့်တိုက်တာများမရှိ။ စာကလေးအသိုက်လို အခန်းတွဲ့များမရှိ။ ကားများ များစွာမရှိ။ ထိုပြင်စလေ့စရိုက်ဆိုးများမရှိ။ထားဝယ်မြို့မှာ တကယ်ရှိနေသည်

အရာတို့က သူမကိုအတော်အံ့သြစေသည့် အရာများချည်းဖြစ်နေသည်။

ထားဝယ်မှာ စေတီ၊ ဘုရားများ များစွာရှိသည်။ ရှေးဟောင်း သမိုင်းကြောင်းများစွာရှိသည်။ ရှေးမြို့ဟောင်းများရှိသည်။ ပြီးတော့ မျိုးချစ်စိတ်ဓာတ်ရှိသည်။

တောင်နှင့်မြောက် မိုင်ပေါင်း၁၅၀ ရှည်လျားပြီး အရှေ့နှင့် အနောက်မိုင်၅၀ခန့်သာ ကျယ်ဝန်းသည့် ထားဝယ်စရိုင်သည် ဘာသာတရား ကိုင်းရှိုင်းသူ များပြားလှသည်တဲ့။ ဥပုသ်နေ့တိုင်း သီလဆောက်တည်သူများနှင့် ပြည့်နှက်နေသည်ဟု ကား ဆရာက ပြောပြသည်။

" ဥပုသ်နေ့မှာ ဘယ်လောက် ဝင်ငွေ ရရ အလုပ်နားပြီး ဥပုသ်စောင့်တယ်ခင်ဗျ "

မြို့ပြနှင့်ကွာခြားသည့် ဓလေ့ကို သူမနှစ်မြို့က်လှသည်။

" ဥပသကာအဖွဲ့တွေလည်းရှိတယ် ခင်ဗျ၊ ကလေးလူကြီး ကျား မ မရွေး အရွယ်စုံပါတယ်။ ကိုယ့် အသိနဲ့ကိုယ် ပါဝင်ကြတာပါခင်ဗျ "

အစုပင် အဖြူရောင်ဝတ်စုံများနှင့် လူကြီး လူငယ် အယောက်သုံးဆယ်ခန့်အလှူခံထွက်လာသော မြင်ကွင်းကသူမကို စိတ်ချမ်းမြေ့သွားစေသည်။ နောက်ဆုံးကကားပေါ်မှာဘုရားဆင်းတုတော်တင်ထားပြီး မီးရောင်စုံတို့နှင့် အလှဆင်ထားသည်။ ရှင်ပင်စရ ဥပသကာအဖွဲ့ဟု ဆိုင်းဘုတ်တင်ထားသည်ကို သူမတွေ့လိုက်ရသည်။ သူမတို့ ကားသည် ဥပသကာအဖွဲ့ဘေးမှ ဖြေးညင်းစွာ ဖြတ်ကျော်လိုက်သည်။

နေရောင် ဝင်းလဲ့လဲ့၊ ကြေးစည်သံတလွင်လွင်၊ လေပြေက အေးမြမြ၊ သစ်ပင်ကြီးငယ်တို့က စိမ်းစိုစို၊ ဒါဟာ ထားဝယ်မြို့ရဲ့ နံနက်ဦးပေါ့နော်။ တရိပ်ရိပ်ပြေးနေသည့် ကားပေါ်ကနေ သူမ ထိတွေ့ခွင့်ရနေသည်။

ကားလမ်းနံဘေးဝဲယာမှာ ထန်းပင်တန်းတို့က အလွန် ကျော့ဆန်လှသည်။ တချို့များ ပုံစံသွင်း စိုက်ထားသလို တစ်ညီတစ်ညာတည်း မော်ကိုက်ကိုက်တွေး ပေါက်နေကြသည်။ လမ်းဝဲယာ ဟိုဘက်သည်ဘက်ပေါက်နေသည့် နေရာဆိုလျှင် လိုဏ်ခေါင်း ပေါက်တစ်ခု နှင့်အလားသဏ္ဍာန်တူနေသည်။

"ကမြောကင်း"တံတားကြီးကိုဖြတ်သန်းတော့ ထားဝယ်မြစ်က ဣန္ဒြေရှိစွာ စီးဆင်းကျန်နေရစ်ခဲ့သည်။

" သဝိတ်မျှောပွဲဆို ဒီမြစ်ထဲမှာ ဆီမီးခွက်တွေ ဆီမီးဝါးဖောင် တွေ မျှောတာပေါ့။ ပွဲရောက်ရင် ဆရာမတို့ တွေ့မှာပါ။ ဒီမြစ်တစ်လျှောက် မီးရောင်တွေ ပြည့်နေတာ ခင်ဗျ "

ကားဆရာက ထားဝယ်လေသံအပြည့်နှင့် ပြောပြသည်။ မြန်မြန်မပြော၍ သူမတို့နားလည်လွယ် ရသည်။ သဝိတ်မျှောပွဲ အတွက် ကြိုတင် ရင်ခုန်ရပြန်သည်။

တံတားအလွန်မှာ ဗိုလ်ဗထူး မြင်းစီးရုပ်တုကြီးကိုတွေ့ရသည်။

"ဗိုလ်မှူးကြီးဗထူးရော ပန်းချီဆရာကြီး ဦးငွေကိုင်ရော ကျွန်တော်တို့ ထားဝယ်သားတွေပဲ ခင်ဗျ "

ကားဆရာ၏ထားဝယ်စကားပေါ်ပဲ့မှာဂုဏ်ယူ စိတ်အပြည့် ပါဝင်နေသည်။ သူမနှင့် မနီလာ ခေါင်းညိတ် ထောက်ခံလိုက် တော့ အားရပါးရပြုံးပြ လာသည်။

"... ဒီလမ်းဆုံကနေ ညာဘက်ကို ချိုးသွားရင် မောင်းမကန် ကမ်းခြေသွားတာခင်ဗျ။ ဘယ်ဘက်ကတော့ လောင်းလုံကိုသွားတဲ့ လမ်းပေါ့ "

သူမတို့ ယာဉ်တန်းသည် ဘယ်ဘက်ကို ချိုးကွေ့လိုက်ကြ သည်။

နေရောင်ခြည်က အရာဝတ္ထုအားလုံးကို ရွှေရောင်လင်း လက် နေစေသည်။

စပါးခင်း စိမ်းစိမ်းတို့က မျက်စိတစ်ဆုံး ကျယ်ပြောလှ သည်။ ဖက်ဖူးနုရောင် ယှက်သန်းနေသည်များ လှလှ ချည်သေး ရဲ့။ အစိမ်းနုရောင် စပါးပင်ပျိုတို့ အပေါ်မှာ ရွှေရည်ပါးပါးယက်ဖျန်း ထားသလို တစ်ခွင်တစ်ပြင်လုံး လင်းလက် တောက်ပနေသည်။

သည်စပါးခင်းတို့၏ ဟိုဟိုသည်သည်မှာ ထန်းပင်အုပ် တို့ကိုလည်း ဟိုတစ်စု၊ သည်တစ်စု၊ ဟိုတစ်တန်း၊ သည်တစ် တန်းတွေ့ရပြန်သည်။ မျက်စိတစ်ဆုံး ကျယ်ပြန့်နေသည့်စပါးခင်း တို့ကို တောင်စဉ် တောင်တန်းအဆင့်ဆင့်တို့က အနားသတ် ပေးထားပြန်သည်။

စပါးပင်ပျိုတို့က စိမ်းလန်းစွာရှင်သန်လှသည်။ ဟိုးအဝေး မှာ လေပြည်လှိုင်းလေး တိုက်ခတ်လာသလိုပါလား။ သူမ အသက်အောင့်ပြီး ငေးကြည့်နေမိသည်။ ကြည့်စမ်း ပင်လယ် ရေလှိုင်းတစ်ခု အဆင့်ဆင့်လိမ့်ဆင်းလာသလိုပါပဲ။ ခပ်ဝေးဝေး စပါးပင်တို့က အရင်ရှေ့ ငိုက်ဆင်းသွားပြီးမှ ရှေ့က စပါးပင်တို့ ကို တစ်ဆင့်ပြီး တစ်ဆင့် ဖိလှဲလိုက်လာလိုက်တာ ရေလှိုင်းလုံး တို့ လိမ့်လာသလား ထင်ရသည်။ သူမအတွက်တော့ ပြည့်စုံ လှပတဲ့ မြင်ကွင်း တစ်ခုပေါ့။

ဘယ်ကိုကြည့်ကြည့် တိမ်မှိုင်းမျှင်တို့ ခပ်ပါးပါး ဖုံးလွှမ်းနေ သည့် တောင်စဉ်တောင်တွတ်တို့က စပါးခင်းများအဆုံးမှာရှိ နေတတ်သည်။

အခုနေများ ကားရပ်သွားကြည့်ပါလား

နုပျိုလန်းဆန်းနေသည့် စပါးခင်းတို့အထဲကို သူမ ပြေးဝင် သွားလိုက်မယ်။

ဘယ်တုန်းကမှ စိတ်ကူးနှင့်တောင် မရောက်ဖူးသည့် နေရာ များ၊ ကြိုတင်စီစဉ်ထား၍ မရလောက်အောင် အပြောင်းအလဲ များ ဖြစ်လာနိုင်သည့် ရှုခင်း ရှုကွက်များ၊ တိတိကျကျ မသိရသေးသော အချက် အလက်များ၊ ရေလမ်း၊ ကုန်းလမ်း၊

ရာသီဥတု အခြေအနေများနှင့် ဖွဲ့စည်းထားသော စရိုက်များ၊ ပြီးတော့စိတ်သွားတိုင်းကိုယ်မပါနိုင်လောက်အောင်တစ်ခါတစ်ခါ ညှိုးငယ်တတ်သည့် သူမ၏ ကျန်းမာရေးအခက်အခဲများ။

သူမစာလေးလောက် မေ့ထားလိုက်ချင်ပါသည်။ အခုနေများ နူးညံ့နေမည့် မြေကမ္ဘာပေါ်မှာ ခပ်ရှုပ်ရှုပ် လျှောက်လှမ်းသွားရလျှင် သူမနှုတ်ခမ်းများကို လွတ်လပ်စွာ ခပ်လွန့်လွန့်ပြီး နေဖို့မှာသေချာသည်။ အဲဒီလို လျှောက်လှမ်းသွားဖို့အတွက် သူမ၏ မြေဖဝါးရှည်းသက်သက်ကိုသာ အသုံးပြုချင်သည်။

"မေား"

လက်နှစ်ဖက်ကိုမိုးပေါ်ဆန့်တန်းပြီး အကျယ်ကြီး အော်ပစ်လိုက်ချင်လိုက်တာ။ အဲဒါဆို တော်ကြီးတန်းများပေါ်က စာသတီးညီညီလေးတို့ ကောင်းကင်ထက် တစ်ဟုန်ထိုးတက်ပြေးသွားကြလိမ့်မည်။ သူမ စောင့်ကြည့်ချင်ပါသည်။

သူမမျက်ဝန်းများကို ခပ်ဖြည်းဖြည်း မှေးမှိတ်လိုက်ရသည်။

ရှေ့က သွားနေသည့် ကားနှစ်စီး၊ ပြီးနောက် သူမတို့ကား၊ နောက်မှာလည်း ကားနှစ်စီး လူအပြည့်ပေါ့။

တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြန်ကြားရေးတာဝန်ခံများ၊ သာသနာရေးဝန်ထမ်းများ၊ သရုပ်ဆောင်မိန်းခလေးနှင့်အဖော်များ၊ သူမတို့ ရိုက်ကူးရေးအဖွဲ့၊ ရေဒီယိုအသံလွှင့်အဖွဲ့၊ သူမတို့ တက်ညီလက်ညီ ခရီးစခဲ့ပြီ။

သည်တော့ ရှင်တစ်ရှင်ကို ရရိုက်ပြီ ဆိုမှဖြင့် ရှင်ကိုးရှင်လေးပြည့်စုံအောင် ရိုက်ကို ရိုက်မည်ဟု သူမ သံနိဋ္ဌာန်ချထားသည်။

" ထားဝယ်နဲ့ လောင်းလုံက မိုင်သုံးဆယ် ကျော်လေးတယ်ခင်ဗျ "

သူမအတွက် မိုင်သုံးဆယ်ခရီးက အတော် နီးလွန်းပါသည်။

" ဒါဆို ရှင်မော်နဲ့နီးပြီပေါ့ ဟုတ်လား "

မနီလာ၏ မြောစကားကိုကားဆရာက ခေါင်းခါပြသည်။

" မဟုတ်ဘူးခင်ဗျ။ ကျောက်နီမော်ရွာကို အရင်ရောက်မှာပါ။ ပြီးရင် စက်လှေနဲ့ ဆက်သွားရဦးမယ်ခင်ဗျ"

ရေလုံးဝမကူးတတ်သော သူမသည် ရေလမ်းခရီးများကိုတော့ အကြိမ်ကြိမ် သွားဖူးခဲ့ပြီ ဖြစ်သည်။

" ဘယ်လောက်ကြာအောင်စီးရမှာလဲ ... ဟင် "

မနီလာက မေးတော့

" ရေမိုင်ဆယ်မိုင် လေးပါတယ်။ တစ်နာရီ လောက်ကြာမယ်ခင်ဗျ "

သူမရော မနီလာပါ ပုသိမ်-မော်တင်စွန်း ဘုရားပွဲတော်ကို ရိုက်ကူးထုတ်လွှင့်ရန်အတွက် မကြာလိုက်မချို ခရီးနှင်ဖူးခဲ့သည်ကို မှတ်မိ၏။ ပိန်းပိတ်နေအောင် မှောင်မည်းနေသည့် ဝေနီမြစ်ပေါ်မှာ မကြာခဏ စက်ရပ်ရပ်သွားသည့် စိန့်ဝင်းကြည် သင်္ဘောကိုစီးပြီး တစ်ညအိပ်ခရီးကို သွားခဲ့ခြင်းဖြစ်သည်။ "ရှေ့မှာ ဘာရှိလဲဗျို့" ဟု အမှောင်ထဲကိုအသံပြုရင်း နှစ်တောင့်ထိုးလက်နှိပ်ဓာတ်မီးငယ်နှင့် ထွေ့ရမ်းအချက်ပြရင်း တရွေ့ရွေ့ရွေ့တိုးခုတ်မောင်းနေသည့် စိန့်ဝင်းကြည်သင်္ဘောပေါ်က သူမတို့အခန်းလေးကလည်း လုံးဝမီးမလာချေ။ မိုးထိတ်နေသည့်ကြားက သူမတို့ရယ်ပွဲဖွဲ့ခဲ့ဖူးသည်ကို သတိရမိသေးတော့သည်။ ဘယ်ဘက်မှာ ငါးမမ်းလှေဗျို့ဟု အမှောင်ထဲကအသံပြန်လာလျှင် ညာဘက်သို့တိမ်းသော သင်္ဘောပေကိုး။

" အခုရောက်မှာက ကျောက်နီမော်ရွာပေါ့။ သူက ရွာကြီးအဆင့်ရောက်သွားပြီးခင်ဗျ။ အထေးခန်း ဈေးရုံရှိတယ်။ ဈေးရုံကအကြီးကြီးပဲ။ အဲဒီရွာကမှ စက်လှေစီးရမှာခင်ဗျ "

ဒီတစ်ခါကားလမ်းနံဘေးမြင်ကွင်းများက ပြောင်းလဲသွားပြန်သည်။ လမ်းဘေးဝဲယာမှာ ကွမ်းသီးခြံ များကို တွေ့ရသည်။

ကုန်းစောင်းနေရာ ကျယ်ကျယ်များမှာ တစ်မျှော်တစ်ခေါ် စိုက်ထားသည့် ကွမ်းသီးပင်များက မရေမတွက်နိုင်၊ မိုးပေါ်သို့ ဖြောင့်တန်းစွာ ထောင်မတ်မြင့်တက်နေသည့် ကွမ်းသီးပင်တို့ကို နှစ်သက်သော သူမ မိခင်ကို သတိရမိသည်။

" ကွမ်းသီးပင်ရဲ့ အောက်ခြေဟာ အမြဲရှင်း နေတတ်တယ် ... နီး။ ပင်စည်ကလည်း ခပ်သေးသေးရယ် အရွက်ကြွေတော့လဲ သိမ်းရလွယ်တယ်။ တစ်ရွက်ပဲ အကြီးကြီးလေ ခေါင်းပေါ်ကို အသီးပြုတ်ကျမှာလည်း မစိုးရိမ်ရဘူး။" ဟု သူမမိခင်က အမြဲ ပြောတတ်ပါသည်။

လမ်းတစ်လျှောက် ကုန်းစောင်းမြေနေရာတို့က ကျယ်ပြန့်စွာကွမ်းသီးပင်တို့ကလည်း များစွာတရိပ်ရိပ် ကျန်ရစ်ခဲ့က လှပဲ လှနိုင်လွန်းရဲ့။ ရုပ်ရှင်ကားတွေထဲမှာတွေ့ဖူးသည့် ခပ်မတ်မတ် ထင်းရှူးပင်များကြားက လူဖြတ်ပြေးသွားသလိုပေါ့။ နီးဟာ အိမ်မှာအမြဲမရှိဘူးပဲ။ မေမေ ... မေမေ့ကို သတိရလှတယ်။

လမ်းတစ်လျှောက်မှာ စေတီများ၊ ဘုန်းကြီး ကျောင်းများကိုလည်းနေရာအနှံ့သူမတွေ့ရသေးသည်။ ခေါင်းရစ်ရှည်သွယ်ဟန်စေတီတို့က ရွှေသင်္ကန်းများ၊ ထုံးသင်္ကန်းများနှင့် သပ္ပာယ်နေသည်။ လက်ထဲမှာ ပန်းခက်၊ ပန်းအိုးတို့ကိုင်ပြီး ဘုရားသွား၊ ကျောင်းတက်လုပ်သူများသည် လူကြီးလူငယ်ကလေးများအစုံပင်ဖြစ်သည်။ ရွာသေးငယ်ပေမယ့် ရွာဦးဘုန်းကြီးကျောင်းက အတော်ကျယ်ဝန်းပြီး ဘုံအဆင့်ဆင့်နှင့်၊အုတ်တံတိုင်းနှင့်၊ သစ်ရိပ်ဝါးရိပ်များနှင့်။ သူမ အံ့သြစွာငေးမောကြည့်မိတော့သည်။

တွေ့ရသေး၏။ ရွာတိုင်း ရွာတိုင်း အိမ်ရှေ့ ကားလမ်းနံဘေးမှာ တုတ်တိုင် မရှည်မတိုများ ထိုးစိုက်နေကြသည်။ တိုင်ထိပ်မှာ ဖယောင်းတိုင်များ၊ မီးပုံးများ၊ ဆီမီးခွက်များတင်ထွန်းကြသည်ဟု ကားဆရာက ရှင်းပြသည်။ အတော်စိတ်ကူးကောင်းကြသည်ပင်။

" ဟိုအိမ်၊ ဒီအိမ် အားလုံးပေါင်း လိုက်ရင် တုတ်တိုင်တွေက ရွာရှင်းဆက်သွားသလိုပဲခင်ဗျ။ မီးထွန်းထားချိန်ဆို သိပ်လှတယ်။ ဒီနေ့ညကစပြီး ထွန်း ကြမှာ ခင်ဗျ "

သူမတွေ့ကြည့်ချင်သေးတော့သည်။

တစ်နေရာမှာတော့ ချောတိုင်တက်ပွဲကို သူမတွေ့လိုက်ရသည်။ ခေါင်းအုံးရိုက်ပွဲလည်းပါသေး၏။ ရွာထိပ်မှာ ရွာလုံးကျွတ်ဆင်နွှဲနေကြသည်။ လူအုပ်ကြီး ကြားက ချောတိုင်ထိပ်များကိုသာ မြင်ရနိုင်သည်။ ပြောင် ချောပြီး ယိမ်းနွဲ့နေသော ဝါးလုံးရှည်ကြီးပေါ်က လျှောမကျအောင် ဟန်ချက်ထိန်းပြီး တရွေ့ရွေ့တက်နေသည့်လူ၏မျှော်လင့်ချက်ကို သူမအားကျလိုက်တာ။ ဘယ်လောက်များနွဲ့တွေ ထည့်ထားမလဲ။ တစ်ဖက်နှင့်တစ်ဖက် ခေါင်းအုံးနှင့် လှမ်းလှမ်းရိုက်ကြရင်း ပြုတ်မကျအောင်ကြံကြံခံနေသည့်လူတွေကကောဘယ်လောက် ခွဲရိုလိုက်မလဲ။ သူမလည်း ရှင်ကိုးရှင်ကို ပြီးမြောက်အောင် ရိုက်ကူးဖို့ခွဲများစွာရှိနေပါသည်။

" ဟော .... ဟိုမှာ ကျောက်နီမော်ကော်ရုံ ရောက်ပြီ ခင်ဗျ"

ကျောက်နီမော်ရွာထဲကို ဝင်လာသည်။ အမိုးပြာပြာ အဆောင်နေမနေးဆောင်ရုံကို လှမ်းမြင်ရသည်။ သူမတို့ ခရီးတစ်ထောက်ရောက်လေပြီ။ လက်ကနာရီက နံနက် ၉နာရီထွန်းခ .. သူမ ကားစီးခဲ့တာ ၂နာရီကြာခဲ့ပြီပေါ့။ သိပ်မကြာလိုက်သလိုပင်။

ရွာထဲကအိမ်များသည် သူမလမ်းမှာတွေ့ခဲ့သောအိမ်များနှင့် ဆင်တူသည်။ ခြေတံရှည်၊ လှေကားရှည်၊ ကပြင်ကျယ်နှင့်၊ သွပ်မိုးနှင့်၊ သစ်လုံးကောင်းကောင်း ပြောင့်ပြောင့်တို့နှင့် တည်ဆောက်ထားကြပြီး အိမ်အများစုက အနီရောင်ရင့်ရင့် ဆေးသုတ်ထားကြသည်။

ကပြင်အမိုးနှင့် အိမ်မကြီးအမိုးတို့ နှစ်ဆင့်ခွဲထားသည်ကလည်း အိမ်အကြီး အသေးအားလုံး အတူတူ ...။ သပ်သပ်ရပ်ရပ်နေတတ်ကြပုံက မြင်ကွင်းကို ရှင်းလင်းနေစေသည်။

ကျောက်နီမော် အဆောင်နေမနေးဆောင်ရုံသည် ကွန်ကရစ်ခင်း၊ မြင်းကျယ်ထဲမှာ တည်ရှိနေသည်။ နှစ်ထပ်တိုက် တစ်ထပ်တိုက် အဆောက်အအုံများက သူ့နေရာနှင့်သူ၊ ဘယ်ဘက်ခြမ်းမြင်းကြီး ထဲမှာလည်း အဆောက်အအုံများ တွေ့ရသေးသည်။

သည်စက်ရုံက ငါး၊ ပုစွန်ထုပ်ပိုးစက်ရုံလည်း ဖြစ်သည့်အပြင် ရေခဲစက်ရုံ၊ တိရစ္ဆာန်အစာ အမှုန့်ကြိတ် စက်ရုံလည်းဖြစ်သည်... တဲ့။ သည်တော့ ရှင်မော်က ပြန်လာလျှင် မှတ်တမ်းတင်ရိုက်ကူးရန် သူမ လျာထားလိုက်သည်။ အစီအစဉ် အနည်းဆုံး နှစ်ခုထပ်တိုးပြီပေါ့။ ခုတော့ ရာသီဥတု ကောင်းတုန်းမှာ ရေလမ်းခရီးဆက် ရပေဦးမည်။

စက်ရုံက စီစဉ်ပေးထားသည့် စက်လှေကြီးပေါ်သို့ မနီလာလက်ကို ဆွဲပြီး သူမလှမ်းတက်လိုက်သည်။

ကဲ ... ရေလမ်းခရီး စကြဦးနို့ရဲ့ ...။

စိတ်ထဲမှာ ရည်မှန်းကာ ဘုရားကန်တော့ လိုက်သည်။ ပြီးတော့ရေလမ်းရိုးရာမပျက် အဘဦးရှင်ကြီးကို ရည်မှန်းကာ အရိုအသေပေးရသည်။

ကမ်းမှ စက်လှေခွာသည်နှင့် လေးလေးရွှေ့နှင့် ကိုထင်လင်းက စက်ရုံဘက် ကင်မရာတည်ပြီး ရိုက်နေလေပြီ။

ရေထဲရောက်မှ လှမ်းတွေ့ရသော အအေးခန်း စက်ရုံသည် ကျောက်နီမော်ရွာတန်းနှင့် အတော်ပနံရလှသည်။ ကမ်းရိုးတစ်လျှောက်တည်ရှိနေသော အိမ်ငယ်များ၊ ငါးဖမ်းစက်လှေများ၊ လှေငယ်များ၊ ပဲ့ထောင်များ၊ သမ္ပာန်များက သူမမျက်စိထဲမှာလေးရွေ့လေးရှေ့ကျန်ခဲ့သည်။

ထားဝယ်ဒေသ၏ မြေမျက်နှာပြင်သည်အနောက်ဘက် ပင်လယ်ရှိရာကနေ အရှေ့ဘက်နယ်နိမိတ်ဆီသို့ အဆင့်ဆင့်မြင့်တက်သွားသည့် အနေအထားရှိ သည် ... တဲ့။

ဒါကြောင့်လည်း ကျောက်နီမော်ရွာ၏ အနောက်ဘက်တွင် သွယ်တန်းနေသော တောင်တန်းတစ်ခု တည်ရှိနေသည်။ အမြင့်ဆုံး တောင်ထွတ်တစ်နေရာ၌ ရုပ်သံထပ်ဆင့်လွှင့်စက်ရုံ၏ တာဝါတိုင်ကို သူမမြင် လိုက်ရသေးသည်။

ကျောက်နီမော်ရွာ၏ အရှေ့ဘက်ကတော့ အခု သူမတို့ခရီးနှင်နေရာထားဝယ်မြစ်ပေါ့။ သိပ်မကြာ ကပ္ပလီပင်လယ်နှင့် ထိစပ်နေသောထားဝယ်မြစ်ဝသို့ သူမတို့ရောက်လာသည်။ကျောက်နီမော်ရွာသည် ထားဝယ် မြစ်ဝနှင့် အနီးဆုံး တည်ရှိနေမှန်း သူမသတိထားမိသည်။ နောက်ကို လှည့်ကြည့်လိုက်ရာ ရွာတန်းနှင့် စက်ရုံ ခေါင်မိုးတို့ကိုမြင်ရစဲ၊ သူမတို့ စက်လှေသည် ပင်လယ်ထဲခရီးနှင်လေပြီ။

ရာသီဥတုက အတော် သာယာလှပပါသည်။ ကောင်းကင်က အပြာနုရောင်ခပ်လွင်လွင်၊ လေနှင့် လှိုင်းတို့က ခပ်ငြိမ်ငြိမ် စက်လှေဦးထိုးခွဲလိုက်ရာက ဖွေးခနဲ ဖွေးခနဲ လွင့်စင် ထွက်လာသည့် ရေလှိုင်းတို့ကသာ လှုပ်ရှားသက်ဝင် ရှိနေသည်။

" လမ်းမှာ မိုးရွာပြီး လေထန်ရင် လှိုင်းလည်းကြီးတတ်တော့ ဘယ်စက်လှေမှ မသွားနိုင်ဘူးခင်ဗျ။ ဒီနေ့လို ရာသီဥတုမျိုးက ရှားတယ်ခင်ဗျ "

"ဘုရားမ,တာပေါ့ ဦးနိန်ဝင်းရယ်"

လေတိုးတိုင်း တလွင့်လွင့်ဖြစ်နေသော ဆံပင်များကို ပဝါစီး၍ ထိန်းသိမ်းရင်း သူမတိုးတိုးတိတ်တိတ်ပြောလိုက်သည်။ ဟုတ်သည်။ အဲဒီလိုပဲ သူမယုံကြည်ပါသည်။ သူမစကားကို မနီလာက ခေါင်းနှစ်ခါညိတ်ပြပြီး ထောက်ခံတော့သူမပြုံးနေမိသည်။ မနီလာဟာ နဂိုအရင်း အရိုးစွဲရှိလို့ စိုးခင်ရတယ်သိလား ဟု နောက်မှပြောပြဦးမည်။ ဒါလည်းခေါင်းညိတ်ပြဦးမှာသေချာ

သည်။

စက်လှေ ကုန်းပတ်ပေါ်မှာ ထိုင်ခုံတွေချပြီး ထိုင်နေသော သူမတို့အားလုံး ထီးဆောင်းထားသော်လည်း နံနက် ၁၀နာရီ၏ အပူရှိန်က ပင်လယ်ထဲမှာတော့ အတော် ပြင်းထန်လှနေသည်။

" ဦးစိန်ဝင်း က ထားဝယ်သားလားရှင့် "

" ဟုတ်ကဲ့ခင်ဗျ ခေါ်ရွေပြည်နီး "

" ထားဝယ်စကားသံက ဝဲတယ်နော်။ နားထောင်လို့လဲ ကောင်းတယ် "

ဗမာစကားပြောလျှင် ဗမာသံပီလှပြီး ထားဝယ်လို ပြောလျှင် ထားဝယ်သံ လုံးဝပေါက်နေတတ်သော ချစ်သူကို သူမသတိရစွာ ပြုံးမိသေး၏။

" ကျွန်တော်တို့ စကားပြောရင် ခင်ဗျားတို့၊ ရှင်တို့အစွဲ ထည့်ပြောကြတယ်ခင်ဗျား။ ဒါဟာယဉ်ကျေးတဲ့ သဘောဆောင်ပါတယ် "

မှတ်တမ်းစာအုပ်ထဲမှာ ခရီးစဉ်ကို ရေးမှတ်နေသော မနီလာက

" ဒါနဲ့ သဘော်ကို ထားဝယ်လို ဘယ်လို ခေါ်လဲ ဦးစိန်ဝင်း"

" သန်းဖော ခင်ဗျ "

" ရေကိုကော "

ဆောင်းမကုန်ရောက်ရှင်ရေဆံတိုးလေး တစ်ခု ဝယ်ရမည်ဟု မနီလာက သူမကို တိုင်ပင်ထားသည်မို့ သူမလည်း မနီလာ၏ရေကို စိတ်ဝင်စားစွာ နားစွင့်ထား မိသည်။

" ရှ ခင်ဗျား ခေါ်နီလာသန်း "

" ထမင်းကို မုန်းလို့ခေါ်တာ ဟုတ်လား ဦးစိန်ဝင်း "

ဒါလောက်တော့ ချစ်သူ့နားက သူမသိထားပါသည်။ ဦးစိန်ဝင်းက ရယ်မောရင်

" ဟုတ်ကဲ့ခင်ဗျား ခေါ်ရွေပြည်နီး "

" ဆံပင်ကိုကော ဦးစိန်ဝင်း "

လေတိုး၍ဖွာထွက်သွားသော ဆံပင်များကို ဘေးသိမ်းသပ်တင်ရင်း မေးလိုက်သည့် သူမကိုနံဘေးက လူများ ရယ်ကြလေသည်။

" ခေါန်းမွှီး လို့ခေါ်တယ်ခင်ဗျ "

" ဟင် .. ဒါကျတော့ မလှတော့ဘူး "

မနီလာက

" နီး ခေါန်းမွှီးတော့ ပွကုန်ပြီ "

အားလုံးရယ်မောကြပြန်သည်။ သူမလည်း ရယ်နေမိတော့သည်။

ဒီမနက် အစောကြီးကတည်းကသူမကိုနှုတ်ဆက်ခဲ့သော အသံလေးကို သတိရလိုက်တော့

" ဒါထက် ဥသြငှက်ကို ဘယ်လိုခေါ် လဲ .. ဟင် "

ထားဝယ်၊ လောင်းလုံ၊ ရေဖြူ သရက်ချောင်း စသော ထားဝယ်ခရိုင်အတွင်းက လောင်းလုံမြို့သား ဖိုလ်ကြီးစိုးသက်က ခပ်ပြုံးပြုံးဖြင့်

" တူရှုပ်လို့ ခေါ်ပါတယ် ခင်ဗျ "

" အခု အအေးမိပြီး နေမကောင်း ဖြစ်ရင် နာစေးပြီဆိုပါစို့။ ဘယ်လိုပြောမလဲ ဖိုလ်ကြီး"

" အင်းနာစေးတာကို ဆောန်စွင်းသန့် ... လို့ပြော တယ်ခင်ဗျ'

" ဟာ... အတော် အသံထွက်စက်သွားတာပဲ နော် နာစေးတဲ့အကြောင်း သဲလွန်စတောင် မရှိတော့ဘူး"

သူမတို့အားလုံး ရယ်မွှဲမွှဲ့ရပြန်သည်။

" လေတိုက်လို့ ချမ်းလှတယ် အေးလှတယ်ဆိုရင်တော့ ရှမ်းအေးတယ်လို့ ပြောပါတယ် ခင်ဗျ"

ဖိုလ်ကြီးစိုးသက်က ဗမာသံအနီးဆုံး စကားစုကို ရှာတွေ့သွားဟန်ဖြင့် သူမတို့ကို ခပ်မြန်မြန်ပြောပြသည်။ ဒီအသံထွက်ကိုတော့ သူမမှတ်မိသွားပြီဖြစ်သည်။

သူမတို့ရေလမ်းခရီးမှာ ကျွန်းစုစုတို့ကိုလည်း ဟိုနား ဒီနား တွေ့ရတတ်သေးသည်။ ထိုကျွန်းစုစုတို့ ရေထဲမှာရှိနေတာ တွေ့ရတိုင်း ပင်လယ်သည် အပြောမကျယ်တော့။ ဒီတစ်ခါ ကျွန်းစုနေရာများကို ဖြတ်သန်းရချိန်သည် သူမ နေသော ထိုင်သာရှိသလိုလို လုံခြုံသလိုလို ... မြိတ်ကို ရိုက်ကူးရေး ခရီးထွက်ဖူးသော သူမသည် များပြားလှသော မြိတ်ကျွန်းစုတို့ကို သတိရမိပြန်သည်။

" ရှင်မော် ရောက်တော့မယ်ခင်ဗျ ကော့သောင်အငူမော်တင်စွန်းအငူလိုပဲ ရှင်မော်ကလည်း ရှင်မော်အငူ ခင်ဗျ.. အဲဒီမှာ ဘုရားတည်ထားတယ် "

စက်လှေခရီး တစ်နာရီကျော်ကြာတော့ ရှင်မော် တောင်ခြေကို လှမ်းမြင်ရလေပြီ။

သည်နေရာမှာ ကမ်းစပ်နေရာသည် အကွေ့အချိုးတစ်ခုကဲ့သို့ ဖြစ်နေ၏။ သည်တော့ မိုးဒဏ် လေဒဏ် လှိုင်းဒဏ်တို့ သိပ်မခံရနိုင် လှတို့နေထိုင်ရန် အသင့်တော်ဆုံးပေါ့။

" ကြက်လျှတ်ရွာလို့ ခေါ်တယ်ခင်ဗျ"

ထိုတောင်ခြေရွာသည် ရွာကြီးတစ်ရွာ ဖြစ်ဟန်တူသည်။ ပွဲတောင်များ၊ သမ္ဗန်များ၊ လှေကြီး၊ လှေငယ်များ၊ စက်လှေများ ဆိုက်ကပ်ထားသည်ကို စိပ်စိပ်စိပ်တွေ့ရသည်။ ကမ်းခိုးတန်း၏ ချိုင့် သို့မဟုတ် ချိုင့် နေရာများသည် အခုလိုရေလုပ်ငန်းရွာများ တည်ထားဖို့အကောင်းဆုံးနေရာများဖြစ်သည်ကို ကြက်လျှတ်ရွာက ဖော်ပြနေသည်။ သူမကတော့ သစ်ကြီးဝါးကြီးများ ဖုံးအုပ်နေသော တောတန်းတောင်စွယ် နောက်ခံနှင့်တည်ရှိနေသည့် ကြက်လျှတ်ရွာကို သဘောကျမိတော့သည်။

" ကျွန်တော်တို့ ကမ်းစပ်ထိကပ်လို့မရဘူး ခင်ဗျ။

သောင်တင်မှာစိုးလို့ပါ၊ ပွဲထောင်ပြောင်းစီးရမယ်၊ ရေနည်းနည်း စိုလိမ့်မယ် ခင်ဗျ"

ဦးစိန်ဝင်းပြောမှ သူမတို့ သတိထားမိသည်။ ရွာနား မရောက်ခင်ကလေးက ရပ်သွားလေသည်။ ပွဲထောင်နှစ်စီး လာကြိုနေသည်။ ပွဲထောင်ပေါ် အဆင်းမှာ လူလူချင်း လွှဲ့လွှဲ့နှင့် အောင်မြင်သွားသည်။ ကမ်းကပ်သွားသော ရှေ့ပွဲထောင်ပေါ်မှလူများ ရေထဲဖုန်ဆင်းကြသည်ကို လှမ်းကြည့်လိုက်တော့ ရေက ဒူးဆစ်ခန့်သာ သိပ်အခြေအနေမဆိုး ကမ်းမရောက်ခင် ဖိနပ်များ ချွတ်ပြီး ကမ်းပေါ်ပစ်တင်လိုက်သည်။ သူမရေထဲ ခုန်ဆင်းတော့ မနီလာကလန့်ပြီးဘုရားတာ၏။ ပြီးမှနောက်ဆုတ်တော့ ငါးဖမ်းပိုက်နှင့် ခြေထောက်ငြိပြီး မနီလာရှေ့တိုးလာသည်။ အဲဒီနောက် မျက်စိမှိတ်ပြီး ခုန်ဆင်းလာသည်။ မနီလာ၏လက်ကို ဆွဲကိုင်ရင်း ရေထဲမှလမ်းလျှောက်တက်လာတော့ သဲပြင်မှုန်မှ အတွေ့အထိသည် သူမကို အာရုံဖမ်းစားနေပြန်သည်။

" နိုး ... ဖိနပ်စီးပို့ မေ့ဦးမယ်နော် "

မနီလာသတိပေးတော့ သူမပြုံးမိသည်။ ပင်လယ်ကမ်းစပ်ရွာလေးတစ်ရွာ၏သဲပြင်လွှလွှမှာ တစ်ခါလောက်များ ခုမမေးသေး လှမ်းလျှောက်ဖူးတယ်ရှိချင်စမ်းတော့သည်။ ခုတော့ တာဝန်များ ကျန်သေးသည်။ ရေလမ်း ၁၀မိုင်ခရီးပြီးတော့ တောင်ပေါ် သုံးမိုင်ခရီး ဆက်ရဦးမည်။

သူမတို့ ခေတ္တနားခိုရသည့် အိမ်သည် သွပ်မိုး သစ်သားအိမ် အနီရောင်လေးပင်၊ ခြေတံရှည်ခပ်တုတ်တုတ်နှင့် အခိုင်အခန့် ဆောက်ထားသော အိမ်ပေါ်သို့ လှေခါးရှည်လက်ရန်းတိုင်ကို ကိုင်တက်ရင်း ထားဝယ်ဒေသ၏အိမ်များ သပ်ရပ် ခိုင်ခန့်ပုံက သူမမေ့၍ ရမည်မထင်။

ပြင်ဆင်ထားသော မနက်စာထမင်းကို သူမတို့ ခပ်မြန်မြန် စားကြရသည်။ သို့ပေမယ့် ထားဝယ်ရိုးရာ အရှည်ရှည် တစ်မျိုးဖြစ်သည့် ပအုန်းရှည်နှင့်ချက်ထားသည့် ငါးဟင်းချို၊ မရမ်းသီးပြားထည့်ချက်ထားသည့်ကြက်သားဟင်း၊ နာနတ်သီးနှင့် အာလူးရောချက်ထားသည့်ဟင်း၊ ငါးပိသုပ်တို့သည် ဘယ်တော့မှ မမေ့တော့မည့် ထားဝယ် ဟင်းလျာများအဖြစ် သူမ တစ်သက်လုံးသတိရနေမည် ဖြစ်ပါသည်။

၅

အချိန်ကအရေးကြီးသည်မို့ အဖွဲ့ဝင်များပေမယ့် ထမင်းစားချိန် သိပ်မကြာလိုက်၊ ရောက်ပြီး နာရီဝက်ကျော်ကျော်မှာ တောင်တက်ခရီးကို စတင်နိုင်ပြီဖြစ်သည်။

သူ့အစုလိုက်အစုလိုက် စကားတပြောပြောနှင့် လျှောက်လှမ်းနေကြသောအဖွဲ့ဝင်များ၏နောက်ဆုံးမှ သူမနှင့်မနီလာ လိုက်ပါခဲ့ကြသည်။

လေးလေးရွေ့ရွေ့နှင့်ကိုထင်လင်းကတော့ တစ်လမ်းလုံးရိုက်ကူးနေလုပ်လာသည်။ တောင်တက်လမ်းက ခပ်ချော်ချော် ဖြည်းဖြည်းခြင်း တွေ့ဝတ်တက်သွားသောလမ်းတွင် ကျောက်တုံးကြီးငယ်များရောပြွမ်း တည်ရှိနေသည်။ သစ်ပင်ကြီးများပေါ်က ငှက်အော်မြည်သံကိုကြားရသည့်အခါ သူမအတွက် စိတ်ဝင်စားစရာကောင်းလှ၏။ မော့ကြည့်တော့ အမြီးအနက်ကြား ကိုယ်ထည်မှာအစိမ်းရည်ရည်နှစ်ခွပါသည့် ငှက်လေးသုံးကောင်ကိုတွေ့ရသည်။ လန့်သွားမည်စိုး၍ ယော... ဟု သူမ မအော်လိုက်တော့ပါ၊

တောရယ် တောင်ရယ် ကျေးငှက်သီချင်းသံတို့ရယ် အတော်ပင် သာယာလှန်းနေပြီ။ သူမကတော့ လမ်းအတွေ့ အပတ်တို့ကို တက်လှမ်းရင်း တောင်အောက်မှာ လှမ်းလှမ်းမြင် လိုက်ရသည့် ပင်လယ်ရေပြင်ပြာပြာ၏အလှကို ထည့်ပေါင်းချင် သေးသည်။ ဘယ်လောက် ပြီးပြည့်စုံသလဲ။

ယော ... ဟိုမှာ ရေတံခွန်လေးပါလား၊

ဟိုးတောင်ပေါ်ကနေတသွင်သွင်စီးကျလာသည့်ရေတံခွန်ငယ်တစ်ခုကို လမ်းဘေးတစ်နေရာမှာ တွေ့ရသည်။ ရေတံခွန်အောက်မှာရေအိုင်ငယ်လည်း ရှိသည်၊ ရေညှိတက်နေသော ကျောက်တုံးကြီးများပေါ်တက်လှမ်းရင်း သူမတို့ ခြေလက်ဆေးကြသည်။ ပိုပြီး အမောပြေသလို ခံစားရသည်။

ခရီးဆက်တော့ ခြေလှမ်းများ ပိုသွက်လာလေသည်၊ နှစ်ကြီးသစ်ပင်တချို့က ချောက်ကမ်းနံဘေးမှာ ခပ်ဖြောင့်ဖြောင့် ထိုးထောင်ထွက်နေသည်။ မြင်မကောင်းရှည်ပုံ ... ထိုအပင်များပေါ်မှာ သစ်ခွပင်များ အုံလိုက် ကျင်းလိုက်ကို တွေ့ရလျှင်တော့ သဘာဝကို ဒီအတိုင်းရှိစေချင်သောစိတ်ဖြင့် နှစ်လိုစွာ ငေးမော့ကြည့်ရုံကလွဲ၍ လိုချင်စိတ်မဖြစ်မိ။ ဒီသစ်ပင်တွေပေါ်မှာ ထားဝယ်ဒေသ၏ ထင်ရှားသော သစ်ခွပန်းတို့များ ဖူးပွင့်နေမလား သူမ တွေ့ဖူးချင်ပါသေးသည်။

ရှေ့ကိုမျှော်ကြည့်လိုက်တော့ သက်ကြီးသူအဖွဲ့ဝင်တချို့ တုတ်ထောက်ပြီးခရီးဆက်ကြတာ တွေ့လိုက်ရသည်။ တောင်တက်ခရီး သုံးမိုင်ခန့်ရှိသည်။ ရှင်မော်တောင်တက်လမ်းသည် ခပ်ချော်ချော် တက်ရပေမယ့် အမြင့်ကတော့ သိပ်မနည်းချေ။

တောင်တက်လမ်းတစ်နေရာက အတွေ့ တစ်ခုရောက်တော့ တောင်ကမ်းပါးယံစွန်းကို ကျော်ပြီးကြည့်သည့်အခါ တောင်ခြေရွာနှင့် ရေပြာပြာကို အတော်ဝေးသည့် အနေအထားနှင့်သာ တစ်ချက်တစ်ချက် မြင်ရတော့သည်။

သူမတို့နှင့် ဝေလှမ်းကောမ်မှ လိုက်ပါလာ သော ဦးစိန်ဝင်းက

"ဒေါ်ရွှေပြည်နီးတို့ရိုက်မယ့် ရှင်ကိုရှင်ထဲမှာပါတဲ့ ရှင်တောင်ပုံတောင်က ဘုရားတောင်တွေထဲမှာ အတော်မြင့်တယ်

လို့ ပြောလို့ရတယ်ခင်ဗျ "

အမြင့်ဆုံးဆို၍ လန့်သွားပုံရသော မနီလာက

" ဟင် ... ဒါဆိုအတော်မြင့်လား ဦးစိန်ဝင်း"

" သီချင်းတောင်ရှိတယ်ခင်ဗျ

တောန်းပေါင်... တောန်းပေါင်... ရှင်တောန်း ပေါင်...

တောန်းပေါင်... မတ်စောက် ... တတ်မရောက် ... တဲ့"

" ဗမာအဓိပ္ပာယ်က ဘယ်လိုဖြစ်မလဲ ဦးစိန်ဝင်း"

" တောင်းပုံ ... တောင်းပုံ ... ရှင်တောင်းပုံ ...တောင်းပုံ မတ်စောက် တက်မရောက်... တဲ့ တောင်းပုံစံရှိတဲ့ တောင်းပုံ တောင်ဟာ အတော်မြင့်လို့တက်ဖို့ခက်တယ်လို့ ဆိုလိုတာပါ "

ဦးစိန်ဝင်းအနီးမှ ဗိုလ်ကြီးစိုးသက်က ဝင်ပြီးပြုံးဖြင့်

" သိပ်မကြောက်ပါနဲ့ အစ်မရယ် မတက် နိုင်လည်းရပါတယ် ... အောက်ကကွမ်းယာ ... ရွှေလားနှ... ပုဇော်ပါကိုလေး ... နို့မယ်စေး ... နို့မယ်စေး ... မဝါလွန်း စလေး ... လေ့... လေ... တဲ့။ အသက်ကြီးတဲ့သူတွေ တောင်းပုံတောင်ကို မတက်နိုင်ရင် တောင်ခြေ စမ်းလေးမှာရှိတဲ့ ယာယီကွန်းလေးကနေ တောင်ပေါ်က ဘုရားကို ရည်မှန်းပြီး ဆွမ်း၊ ရေချမ်းတို့ ပန်း၊ ဆီမီးတို့ ကပ်လှူနိုင်ပါတယ်တဲ့ "

မနီလာ ခေါင်းတယမ်းယမ်း ဖြစ်သွားသည်။

" အင်း ... အသက်ကြီးတယ်လို့ အထင်မခံနိုင်ဘူး ... ကျွန်မတော့ ရောက်အောင်တက်မှာပဲ နော ... နိုးရယ် "

သူမတို့ သောသောညံအောင် ရယ်မောကြသည်။

တကယ် မတက်နိုင်မှာက နိုးပဲထင်ပါရဲ့ ... ဒါပေမဲ့... ရောက်အောင်တက်မှာပါ နိုးတက်နိုင်အောင်ကြိုးစားမယ် တောင်းပုံတောင် တက်ရမည့် အရေးကို သူမ တောမှတထင့်ဦးမှုဖြစ်မည်။

" ဒါထက် ဗိုလ်ကြီးက ဗမာစကားပြောရင် ဗမာသံပီသလို ထားဝယ်စကားပြောတော့လည်း ထားဝယ်သံ ပီသွားတော့တာပဲနော်"

" ဟုတ်လား ခင်ဗျ "

သူမကို"ဘွားသတ်မကီး"ဟုခေါ်ပြီး အတွေးကြီး ဟူသော အဓိပ္ပာယ်နှင့် စနောက်တတ်သော သူမချစ်သူသည်လည်း ထားဝယ်စကားကို ထားဝယ်သံနှင့် အပီသဆုံးပြောနိုင်ပြီး ဗမာလို ပြောလျှင်တော့ ထားဝယ်သားဆိုတာကိုတောင် ဘယ်သူမှ မသိနိုင်အောင် ကျွမ်းကျင်သူတစ်ဦးဖြစ်သည်။

" စောစောကဗိုလ်ကြီးတို့ဆိုပြတော့ ထားဝယ်သီချင်း တွေက နားထောင်လို့ ကောင်းတယ်နော်"

" ဟုတ်တယ်ခင်ဗျ... ဒိန်းချင်း ဆိုတာလည်း ရှိတယ် အိုးစည်သီချင်း၊ စလေးရေှသီချင်း၊ လေ့ဟန်ချင်း၊ ပုံတောက်၊ သံဆန်ဒိန်နဲ့တို့လည်းရှိတယ်။ အမျိုးအစား အတော်များတယ် ခင်ဗျ "

သူမကတော့ ငယ်ရွယ်နုပျိုသော ထားဝယ်သူလေးများ၏ ညီညာဖျတ်ဖျတ် ကခုန်ကွက်များနှင့် 'ရှာယ်ရှင်' သီချင်းကို အနှစ်သက်ဆုံးပါပဲ။ သံစဉ်လှပပြီး အဝှမ်းမှာ အမြဲစွဲနေစေသော ထားဝယ် သီချင်းတစ်ပုဒ် ပေါ့။

" ရှာယ်ရှင် သီချင်းက... နေပါစေ... ရပါတယ်ရှင်... လို့ အဓိပ္ပာယ် ရတယ်ဆို "

" ဟုတ်တယ်ခင်ဗျ ... မသွားတော့ပါဘူး ... မစားတော့ပါဘူး မလိုက်တော့ပါဘူး လို့ငြင်းတာကို ကြည့်ကောင်းအောင် ငြင်းလိုက်တဲ့သဘောပါ **No, Thanks** ဆိုတဲ့ သဘောပေါ့ "

ဗိုလ်ကြီးစိုးသက်ပြောသည့် ဥပမာကပိုရှင်းသည်ဟု မနီလာက တောက်ခဲ့သည်။

ဦးစိန်ဝင်းက

" ကျွန်တော်တို့ ထားဝယ်မှာ မိုးခေါ်သီချင်းတွေလည်း ရှိသေးတယ်ဗျ မိုးမရွာရင် ငါးခုံးမရေမြှုပ်ပွဲတို့ ဖားထီး၊ ဖားမပွဲတို့ လုပ်ကြတယ်။ မိုးခေါ်သီချင်းကို ခေါ်ရွှေပြည်နိုးတို့ ကြားဖူးလား တော့မသိဘူး "

" ဆိုပြပါဦး ... ဦးစိန်ဝင်း "

" မိုး... မိုး... ဝါလိုက်ပါမိုး

မိုးမဝါပဲ ကြာလေတီ ...

မိုးကီး လေကီး လာလေတီ... တဲ့ "

" နိုး... ဒါတော့ နည်းနည်းကြားဖူးသလိုပဲ "

သူမတို့အဖွဲ့ကို နောက်ချွန်စောင့်နေသည့် ရွှေရွှေသစ်က

" မမစိုးရေ ... ဒီသီချင်းကို သစ်ဆိုပြမယ် ဆိုလို့ ကောင်းတယ်သိလား ...

"မိုး ... မိုး... ရွာလိုက်ပါမိုး

မိုးမရွာပဲ ကြာလေပြီ

မိုးကြီး လေကြီး လာပါပြီ ..."

ရွှေရွှေသစ်က အသံနေအသံထားနှင့် ဆိုပြလိုက်သည့် အပြင် လက်များမှုများကို ဝှေ့ဲ က, ပြလိုက် ခြေအတိုးအဆုတ် လုပ်လိုက် ကိုယ်လေးနဲ့အောင်းလိုက် ခေါင်းလေးဆတ်လိုက်၊ ကပြပုံ ဆန်းလှသည်မို့ တောင်တက်လမ်းခရီးသည် ပိုစည်ကားသွား တော့သည်။

" သစ်သစ် က,တာ သိပ်မြန်တာပဲ ကြည့်လို့ ကောင်း လိုက်တာနော်။ ဒါကြောင့်လည်း ထားဝယ်အကနဲ့ ထားဝယ်သူ လေးတွေအလှက ကျော်ကြားတာကိုး"

" ကျေးဇူးတင်တယ်ရှင့်၊ သစ်တို့ ထားဝယ်မှာ ရှေးသီချင်း တွေလည်းရှိတယ် ရှေးဘုရားတွေလည်းရှိတယ် ရှေးဘုန်းကြီး ကျောင်းတွေလည်းရှိတယ် မြို့ဟောင်းတွေလည်းရှိတယ် သိပ်စိတ် ဝင်စားစရာကောင်းတယ်ရှင့် "

ငယ်ရွယ်သော ထားဝယ်သူလေး၏ ရိုးရာချစ်စိတ်ကို သူမ သဘောကျသွားသည်။

" မိုးခေါ်သီချင်းတွေနဲ့ မိုးခေါ်ပွဲတွေက ရေးကျလွန်းလို့ အခုဆို … ကပ်တတ်တဲ့ သူတွေတောင်ရှားလာပြီခင်ဗျ… ကျွန်တော်တို့ ထားဝယ်လူမျိုးဆိုတာ ရေးနှစ်ပေါင်းများစွာ ကတည်းကရှိခဲ့တာပါ။ ဦးကုလားရာဇဝင်ထဲမှာ အလောင်းစည်သူမင်း လက်ထက်က ပြည်ထောင် ၂၀ ထဲမှာ ထားဝယ်လည်းပါတယ်ခင်ဗျ ၊ ဆင်ဖြူရှင်ဘုရင့်နောင်လက်ထက်က တောင်ထားဝယ်ဒိုလ်၊ မြောက်ထားဝယ်ဒိုလ်ခန့်ထားခဲ့တယ်တဲ့….။ တောင်ထားဝယ်ဆောင် မြောက်ထားဝယ်ဆောင်တွေလည်း ရှိခဲ့တယ်တဲ့ခင်ဗျ၊ ထားဝယ်လူမျိုးအကြောင်းကို ဦးကုလားရာဇဝင်တို့ အဒီကပ္ပကျမ်းတို့ ရွှေဘုံနိဒါန်းတို့မှာ ပြည့်ပြည့်စုံစုံတွေ့နိုင်ပါတယ် ခင်ဗျ "

ဗဟုသုတ ကြွယ်ဝသော ဦးစိန်ဝင်းကိုပင် … ထားဝယ်ဒေသနှင့် ပတ်သက်၍ သူမ သိချင်သည်များကို နောက်မှ ထပ်မေးရဦးမည် ဖြစ်သည်။

" ဩော် … မမနိုးရေ … သခင်တို့ ထားဝယ်မှာ ဓမ္မဝတီကျောင်းတိုက်ဆိုတာရှိတယ် အဲဒါလည်း ရှေးကျောင်းကြီးပဲ။ အဲဒီကျောင်းကနှစ် ၁၀၀ ပြည့်ပြီတဲ့ ပွဲတော်ကြီးလုပ်မှာတဲ့… ကျောင်းဝင်းကြီးက အကျယ် ကြီးပဲ အဆောင်တွေက ဘုံအဆင့်အဆင့်တွေနဲ့ဆောက်ထားတယ်။ ပရိယတ္တိစာသင်တိုက်ကြီးလေ စာသင်သားတွေစာအံရင် ကြည်ညိုစရာသိပ်ကောင်းတာပဲ ပွဲတော်ရောက်ရင်လာခဲ့ပါဦးနော် … ထားဝယ်အစား အစာမျိုးစုံနဲ့ ဧည့်ခံချင်လို့ပါရှင် "

မနက်စောစောက နိုင်သာမှာစားခဲ့သော မနက်စာကို သူမ သတိရသွားသည်။ မုန့်လက်သုပ်နှင့်မုန့်ဟင်းခါး… မုန့်လက်သုပ်ဆိုသည်က ခေါက်ဆွဲကို အချဉ်ဖောက်ထားသည့် ပအုန်းရည်ဟုခေါ်သော အချဉ်ရည်တစ်မျိုးနှင့်ငါးကို ရောချက်ထားသည့် အရည်ကြည်ကြည်ကို မုန့်ဟင်းခါးဖတ်ထဲ ဆမ်းစားခြင်း ဖြစ်သည်။ နံနံပင်၊ ကြက်သွန်နီစိမ်းပါးပါးလှီးထည့်ပြီး စားရသည့်မုန့်တီအရည်သောက်ဖြစ်သည်။ ဆီလုံးဝမပါ၍ သူမအတော် နှစ်သက်သွားသော ထားဝယ်ရိုးရာ အစားအစာ ဖြစ်သည်။

မုန့်ဟင်းခါးဟုဆိုသည်က မုန့်ဟင်းခါးဖတ်ကို ငါးနှင့် ငှက်ပျောအူများများထည့်ချက်ထားသည့် ဟင်းရည်ပျစ်ပျစ်ကို ထည့်စားရသည်။ သူမကတော့ မလွဲအောင် မှတ်မိသွားပြီဖြစ်သည်။ သူမကြိုက်သော မုန့်လက်သုပ်ကနာမည်နှင့်ဆန့်ကျင်စွာ အရည်သောက်ပေါ့ ရခိုင်မုန့်တီနှင့်ဆင်ပြီး ငါးပြုတ်ဖတ် အတုံးများနှင့် လုံးဝမွှမစပ်သော အစားအစာဖြစ်သည်။ မုန့်ဟင်းခါးကတော့ ငှက်ပျောအူများများ ဟင်းရည်ပျစ်ပျစ်နှင့်မို့ အသုပ်နှင့်တူသည်။

" မမ… မနက်က စားခဲ့တဲ့မုန့် ရှိသေးတယ် ဟိုလေ … ခေါက်မုန့်နဲ့တူတဲ့ မုန့်လေ၊ ဘယ်လို ခေါ်ပါလိမ့်၊ ပါးစပ်ဖျားမှာ မှတ်မိသလိုလိုနဲ့ "

"မုန့်ချွတ်လိပ်လို့ခေါ်တယ် မမနိုး၊ နှမ်းနက်စေ့လေးတွေနဲ့လေ "

"ဟုတ်တယ်… သခ်သခ် အဲဒါလည်းစားလို့ကောင်းတယ်နော်"

ပြောရင်းနှင့် သူမဗိုက်ဆာလာသည်။ ဒီကနေ့မှ ပဲ့နှင်ယံ အိတ်ထဲမှာ စားစရာဖြစ်ဖြစ်မြောက်မြောက် မထည့်ခဲ့မိသော ကိုယ့်ကိုယ်ကိုယ် စိတ်တိုလှ၏။ လမ်းလျှောက်ရင်း အိတ်ထဲ လက်နှိုက်ရှာကြည့်တော့မနေ့က လေယာဉ်ပေါ်မှာ ကျွေးသည့်မုန့်ဘူးလေးကို စမ်းမိသည်။ စိတ်နည်းနည်းအေးသွားသည်။ ဆာလွန်းလျှင်နိုက်အောင့်တတ်သော သူမရုတ်တရက် မြေရှင်းလို့ရကောင်းရဲ့ — တကယ်ဆို ခရီးတိုခရီးရှည်သွားသူတစ်ဦးအတွက် ရေနှင့်မုန့်တော့ လူတစ်ကိုယ်စာ သယ်သွားသင့်သည်ဟု သူမ ထင်သည်။

တောင်ပေါ်လမ်းအတွေ့တစ်ခုကိုကျော်လိုက်တော့

" ဟိုမှာ … ရောက်ပြီ မမနိုး "

ငွေးငွေးသစ် ညွှန်ပြရာသို့ သူမမျှော်ကြည့်လိုက်သည်။ ကျယ်ဝန်းသော ကုန်းမြေမို့မို့ပေါ်မှာ ရွှေရောင် ဝင်းသောစေတီများ၊ စေတီရံများ၊ ဇရပ်ဆောင်များ၊ အဆောက်အအုံများကို တွေ့မြင်ရသည်။ ရှင်မော်တောင်စေတီသို့ သူမတို့ရောက်ရှိပြီဖြစ်သည်။ ရှင်ကိုးရှင်ထဲမှ အဝေးဆုံး ရှင်တစ်ရှင်သို့ ပထမဆုံး ရောက်ရှိလေပြီ၊

ဝင်ဝင်ချင်း ဇရပ်ဆောင်နှင့်တွဲလျက်မှာ ဂန္ဓကုဋိ တိုက်ရှိ၏။ တစ်ဆူတည်း စံပယ်တော်မူနေသည့် ထိုင်တော်မူ ဆင်းတုတော်သည် ပြုံးနေမှုဟန် မျက်နှာတော် နှင့် မကိုဋ်တော်ဆောင်းထားပြီး ဘုမိဖဿမုဒြာနှင့် ဖြစ်သည်။ ထူးခြားစွာ သပ္ပာယ်တော်မူနေသည်။

ကပ္ပလီပင်လယ် ကမ်းရိုးတန်း ရှင်မော်ရေစွန်းတွင် တည်ထားသည်မို့ စေတီ၏ ပရဝုဏ်သည် သိပ်မကျယ်။ မော်ဖူးလိုက်ရင်း စေတီ၏ဉာဏ်တော်သည် ပေနှစ်ဆယ်ခန့်မြင့်လိမ့်မည်ဟု သူမ ခန့်မှန်းနေမိသည်။

ရွှေရောင်ဝင်းဝင်းကို သစ်ရိပ် ပါးရိပ်ကြားက နေရောင်ခြည် မျိုးမပိုတို့ ဖျာတိုးဖျတ်တတ် ထိတွေ့နေသောအခါ ရှင်မော်စေတီက သပ္ပာယ် ကြည်ညိုစရာ အတိပြီးလို့နေသည်။

လေပြည်လေးနှင့်အတူ ပန်းပွင့်ဖြူဖြူလေး တစ်ပွင့် နှစ်ပွင့် သူမရှေ့ ဝေ့ဝဲကျလာသည်။ ပရဝုဏ်တံတိုင်း အနီးကပ်လျက် ပေါက်နေသော တရုတ်စကားပင် တစ်ပင်၏ အရွက်စိမ်းစိမ်းများကြားမှာ အပွင့် ဖွေးဖွေးတို့ အစုပ်လိုက် အခိုင်လိုက်။

တရုတ်စကားပန်းလေးများကို ဆောင်းက်ဝင်သည်ဟုလောက်သာ သတ်မှတ်ပြီး ပန်းအဖြစ်မယူဆသူ တစ်ယောက်ကို သူမ

တွေ့ဖူးသည်။ သူမစိတ်ခုခဲ့ဖူးသည်။ ထိုမှချွဲ သူမအိမ်ခြံဝင်းထဲမှာ တရုတ်စကားပင်တို့ကို အမျိုးအစားစုံအောင် စိုက်ပျိုးရင်း အဆင်းအရှင်း ပြည့်စုံသည့် တရုတ်စကားပန်းကလေးများ ဖူးပွင့်လာမှုကို ပို၍တောင် မြတ်နိုးကျေနပ်ခဲ့ရသည်။ အခုလည်း ပန်းလေး တစ်ပွင့်ကို ကောက်ယူပြီး ပန်လိုက်မိပြီ။ဟိုက...သည်က တေးဆိုငှက်သံတို့ကို တစ်ချက်တစ်ချက် ကြားနေရသည်မှာ သူမကိုပတ်ဝန်းကျင်အသစ်နှင့် ပိုရင်းနှီးသွားစေသည်။ မော့မကြည့်ခင် သူမအနီးပုံ့သန်း ရောက်ရှိလာသည့် ငှက်လေးကို သူမ ငေးကြည့်နေမိသည်။ တစ်ကိုယ်လုံးအနက်၊ ဗိုက်ကအဝါကွက်နှင့် အမြီးစပ်မှာလည်းအဖြူကွက်နှင့်၊ ပြီးတော့ အမြီးက အနက်ရောင် ရှည်ရှည်နှစ်ခု ...တေးသီသံကသာယာလိုက်တာ ... ဒီက ငှက်တွေကသီချင်းဆို ကောင်းလှချည်ရဲ့ ... ဘုရား စေတီက ဆည်းလည်းသံတို့နှင့် ပေါင်းစပ်လိုက်တော့ အေးမြမ်းမှုဆိုတာ...ါလား .. သူမ မျက်ဝန်းများကိုအသာ မှေးမိတ်ထားလိုက်မိသည်။ စေတလေး အနားယူပါရစေကွယ် စေတလေးရေ...။ ဟော ... ပင်လယ်ရေလှိုင်း ရိုက်ခတ်သံ သဲ့သဲ့လည်း ကြားရသေးသည်ပဲ။

အုတ်တံတိုင်းကိုကျော်ပြီး နှံ့ကြည့်လိုက်တော့ ရေပြင် ကျယ်ကျယ် လှိုင်းတွန့်ခြေမြ လှိုင်းသံက ဘယ်ကပါလိမ့်။

ရှင်မော်တောင်ကမ်းပါးရုံအောက်ခြေမှာ ကျောက်ဆောင် တစ်ခု ... ပြီးတော့ ကျောက်ဆောင်ပေါ်မှာ စေတီငယ်တစ်ဆူ... ထိုကျောက်ဆောင်ကို ပင်လယ်ရေလှိုင်းတို့ ရိုက်ခတ်ထိတွေ့ လိုက်သည့်အခါ... ရေစက် ရေပေါက်များ လွင့်စင်ပြာထွက်သွားပုံသည် စည်းချက်ကျနလှသည်။ အတော်လှသည့် မြင်ကွင်းပင်။

သာသနာသက္ကရာဇ် ၂၃၈ ခုနှစ်မှာ ဓမ္မသေနမင်းနှင့် တောအုပ် မင်းများပေါင်းဆုံပြီး နဂါးမင်းထံမှရရှိသည့် ဆံတော်မြတ်ကို ဌာပနာ တည်ထားသည်ဆိုသော ရှင်မော်တောင်

သူမရောက်နေသော ထားဝယ်မြစ်က ရှင်မော်အငူမှာ ဆံတော်မြတ်စေတီ၊ မောင်တော်စေတီ နှင့် မော်ဦးစေတီတို့ ကိန်းဝပ် စံပယ်ကြသည်ဟု ဆိုသော ရှင်မော်တောင်၊

တောင်စွယ်၊ တောင်ကြောတစ်လျှောက်ကို သူမတို့ လိုက် ကြည့်ကြသည်။ တောင်ထိပ်နှင့် ဝေးလာ လျှင် ... ရေလှိုင်းလုံးများ ရိုက်ခတ်သံက ပိုကျယ်လာသည်ဟု သတိထားမိသည်။ တွေ့လာပြီ၊

တောင်ခြေ ကျောက်သား ကျောက်တုံးများ ကို ပြေးဝင်ရိုက် ခတ်လိုက်သည့် ရေလှိုင်းလုံးကြီးများက အဆက်မပြတ် ... ငြိမ်းငြိမ်းသော နေရောင်အောက်တွင် လွင့်စင်သွားသော ရေစက်တို့က ဖွေးဖွေးလှုပ်လျက် သက်တံရောင်ဖြာလျက်။ ရေမကူး တတ်သော သူမသည် စိတ်အားငယ်မိ သလိုလို ဖြစ်မိရသည်။ အံ့ဩစရာပေပဲ။ အလယ်မှာ လှိုင်းတွန့်ခြေသလောက် ကမ်းစပ် ရောက်တော့ ... သိသာစွာ လှုပ်ရှား ငြိမ်းထန်နေလိုက်တာ အသက်တစ်ချက် အောင့်ထားလောက် ကြာတိုင်း ရေလှိုင်း ကြီးတွေ ရောက်လာသည်။ ကျောက်နိုင် ကျောက်ခဲတို့ကို ထိတွေ့ပြီးတော့ ရေတွေ ပြန်လျော ဆင်းသွားပြန်သည်။ တက်လိုက် ... ဆင်းလိုက် .. အကြိမ်ကြိမ်။

တောင်ကြောက ကျောက်တုံးကြီးတချို့မှာ ထိုင်တော်မူ ဗုဒ္ဓဆင်းတုများကို နောင်းလူတို့ တည်ထား သည်ကို တွေ့ရသည်။ နဂါးရုံဘုရားပင်ပါသေး၏။ အရောက်အပေါက်နည်းသည့် နေရာက ရှင်မော်တောင်သည် ဘုရား၊ ကျောင်း၊ ဇရပ်တို့နှင့် ပြည့်စုံနေသည်။

တောင်ကြောတစ်နေရာတွင် လေးလေးရွှေ နှင့် ကိုထင်လင်းတို့ နေရာရွေးချယ်နေကြသည်၊ သူမကတော့ တောင်ပေါ်မှာရော ဒီတောင်ကြောမှာပါ ဌေးဌေးသစ်၏ ထားဝယ်စကားပြော၊ ဗမာစကားပြောတို့ကို ရိုက်ကူးမည်ဟု ဆုံးဖြတ်လိုက်သည်၊ အချိန်က မနက် ၁၁ နာရီကျော်ပြီ။ မွန်းတည့် ၁၂ နာရီ မထိုးမီ တစ်ကြိမ်ရိုက်ထားမှ စိတ်ချရမည်။ မွန်းတည့်ပြီးပြီဆိုလျှင် နေက ခေါင်းပေါ်တည့်တည့်ရောက်နေ၍ မျက်နှာပေါ် အရိပ်ကျပြီးဘယ်လို မှမလှနိုင် အကောင်းဆုံးကတော့ အခု ရိုက်ဖို့ပါပဲ။

မနီလာက တောင်ကြောတစ်နေရာရှိ အရိပ်ရသောနေရာတွင် ထီးဆောင်းပြီးစားရေးနေသည်ကို တွေ့ရသည်၊ သူမကိုတောင် သတိမမူအား။ ကိုထွန်းလွင်က အသံဖမ်းစက်ကို ညှိရင်း

"ဒိုးရေ... ရိုက်ခါနီးဆို ပြောလိုက်ဟော့"

သူမခေါင်းညိတ်ပြပြီး တောင်ထိပ်ရှိရာစပ်သွက်သွက် ပြန် တက်ခဲ့သည်။ မနီလာကတော့ ရေလှိုင်းသံသဲ့သဲ့ နောက်ခံသံဖြင့် ရှင်မော်တော်ဘုရားသမိုင်းကြောင်းကို အသံသွင်းဖို့ ပြင်ဆင်နေပြီ ...။ ဇရပ်ဆောင်များရှိရာသို့ သူမ မြန်မြန်ဆက်လျှောက်ခဲ့သည်။ ဗိုလ်ကြီးနိုးသက်နှင့် ဦးစိန်ဝင်းတို့လူစု ဇရပ်တစ်ခုတွင်မှာ အေးအေး ဆေးဆေး စကားဝိုင်း ဖွဲ့နေကြသည်။ သူမလက်လှမ်းပြ နှုတ်ဆက် လိုက်သည်။ ပါလာသည့် အဖွဲ့ဝင်တချို့က အခြားဇရပ်များပေါ် မှာ နားနားနေနေ။

ရှင်မော်တောင်ဘုရားရှိ ဇရပ်များသည် အမိုးအကာ အပြည့် အစုံဖြင့် သပ်ရပ်နိုင်ခံ့သည်။ ကပြင်ကျယ်နှင့် သွပ်မိုးနှင့်။ လှေခါးတစ် သုံးထစ်စာခန့်အမြင့်ရှိသည်။ ပေ ၂၀ ပတ်လည်ခန့်ကျယ်ဝန်းပြီး ဆေးနီရောင်သုတ်ထားသည့် သစ်သားဇရပ်ဆောင်များ ဖြစ်သည်။

ဇရပ်ဆောင်တစ်ခုမှာ ထားဝယ်သီချင်းသံ ကြားရသည်။ စကားပြောသံ၊ ရယ်မောသံတို့နှင့် စည်ပင်နေသည်မို့ ... ဒီမှာ ဌေးဌေးသစ်တို့ ရှိနေမှန်း သူမသိလိုက်သည်။ ထိုဇရပ်ပေါ် သူမ တက်လိုက်တော့ သစ်သားကြမ်းခင်းများက တောင့်တင်းလှသည် ကို သတိထားမိပြန်သည်။ အတော် သစ်ဝါးပေါတဲ့အရပ်ထင်ပါရဲ့။ ဇရပ်ဆောင်၏ တိုင်လုံးတွေကလည်း ကြီးမားလှသည်။ သူမ

တွေ့ဖူးသောအဆောက်အအုံများလို ခရမ်းချရောင်မည်းပြောင်နေခြင်းမရှိဘဲ ပင်လယ်ဆားငံ စားတော်ခံနိုင်သည်ဆိုသော ဆေးနီရောင်များက ဇရပ်ဆောင်အတွင်းဘက်မှာလည်း ရှိနေသည်။ သူမကတော့ နှစ်သက်မိပြီ ဖြစ်သည်။ အနီရောင်အဆောက်အအုံများ စိမ်းသော တောတောင်နှင့် ပြာသောပင်လယ်ပေါ့။

ဒွေးဒွေးသစ်ကလည်း အပြာနုရောင် ထက်အောက်ဆင်တူ ဝတ်စုံလေးနှင့် လှပနေသည်။ ထားဝယ် ရိုးရာဝတ်စုံသည် ယဉ်ကျေး သိမ်မွေ့ဟန်ပါပြီး ဆန်းသစ်သည်ဟု သူမထင်သည်။ အင်္ကျီ လက်ရှည်ကို ခါးရှည် ပုံစံချုပ်ထားပြီး ရင်ခံပါသည်။ ဘောင်ကြယ်ပွင့် အပြာရင့်ရောင်ခပ်စိပ်စိပ်ဖြင့် အင်္ကျီတစ်ထည်လုံးအား အနားသတ် အလှဆင်ထားတော့ ကျေးရှုံးသောကိုယ်နေ ဟန်ကို ထင်ရှားစေလေသည်။ ဖြူဝင်းသောအသားအရေမှာ မျက်နှာချေ တန်း နက်နက်လေးတစ်စုက အထင်ရှားဆုံး ဖြစ်နေသည်။ သည်တော့ ဒွေးဒွေးသစ်သည်ဆံပင်ကိုတစ်ပတ်လျှိုထုံးဖွဲ့ပြီး တရုတ်စကားပန်းဖြူဖြူလေးတစ်ပွင့် ပန်ဆင်ထားရုံဖြင့် လှပတင့်တယ်နေလေပြီ။

" မမစိုးရေ ... ဒီမှာရှိတဲ့ ကျောက်ပြင်ကြီးကို ကြည့်ပါဦး အကြီးကြီးပဲနော် "

ဒီဇရပ်ထဲမှာ အတွင်းခန်းမှဲ့ နှစ်ခန်းပါဝင်ပြီး နောက်ဖက်ခန်းမှာ ကျောက်ပြင်ကြီးတစ်ချပ်ကို တွေ့ရသည်။ စကောတစ်ချပ်စာ ခန့်ကြီးမားသည်။ သူမ တကယ်အံ့အားသင့်သွားရသည်။ သွေးလိမ်းစရာသနပ်ခါးတစ်တုံးပါ အဆင်သင့်တင်ပေးထားသည်။ ဆေးဖက်ဝင်သည်ဟု ဒွေးဒွေးသစ်၏ ဆရာမကလှမ်းပြောပြသည်။ ဆရာမ သွေးလက်စသနပ်ခါးထဲမှ တစ်ကိုက်ကိုယူပြီး လည်ပင်းအစပ်မှာ လိမ်းကြည့်လိုက်တော့ အေးမြမှုကြောင့် စိတ်ချမ်းမြေ့မှုကို ခံစားရသည်။

" မနိုလာကို ခေါ်ပြရဦးမယ် ဒီလောက်ကြီးတဲ့ ကျောက်ပြင်မျိုး ရှိသေးတယ်နော် သစ်သစ်ရယ်.. "

" ရှင် ... ရှင် ... မမစိုး.. "

ဟုတ်ကဲ့ဟု အဓိပ္ပာယ်ရသည့် ထားဝယ်လေသံ ရှင်... ရှင် ကို သူမသဘောကျမိတာအမှန် ... နားထောင်ရသည်မှာ ချိုသည်ဟု သူမထင် သည်။

ဇရပ်ဆောင်ကြမ်းခင်းမှနေ၍ ကပြင်ပေါ် သို့ သူမ ဆင်းလိုက်သည်။ ဖိနပ်ပြန်စီးရင်း လှေခါးထစ်များက ဆင်းဖို့ ဟန်ပြင်လိုက်သည်။

"... ဟင် ..."

သူမတုန့်ခနဲ ဖြစ်သွားသည်။ သူမကိုမြေပြင်မှ မော့ကြည့်နေသော ခွေးသုံးကောင် ...။ အရောင်က ပွဲခြောက်ခြောက် သေသေချာချာကြည့်လျှင် အဝါရောင် အစင်းတို့ ဝေ့ကျဲ့ကျဲ ပါသေး၏။ အမွေးကတိုကပ်ကပ် ... ခွေးကိုယ်က တုတ်တုတ် ခိုင်ခိုင် မျက်လုံးများက နက်ပြောင်နေသည်။ ထိုမျက်လုံးများနှင့်တွေ့ဆိုင်မိ တော့ နည်းနည်း တစ်မျိုးကိုသူမသိလိုက်သည်။ ဒါဟာ ရန်လိုမှု လုံးဝမဟုတ်ဘူး ဆိုတာကိုပေါ့။

" ပါးစပ်မှာ ဘာပါလိမ့် ..."

သူမကို မော့ကြည့်နေသော ခွေးသုံးကောင် စလုံးမှာ တူတာ တစ်ခုတော့ သူမတွေ့လိုက်ပြီ ...။ ပါးစပ်မှာ စက္ကူစုတ်အပိုင်းအစ တစ်ခုစီကိုက်ထားကြခြင်းဖြစ်သည်။ မျက်လုံးနက်နက်တို့က သူမကို မလွဲတမ်း မော့ကြည့်ရင်း အမြီးကို လှုပ်ရမ်းနေကြသည်။

"... မကြောက်နဲ့ မမစိုး.. မကြောက်နဲ့ ... အဲဒါအစာတောင်းတာတဲ့ ...သူတို့ကိုကိုက်တတ်တယ်လို့ ထင်ပြီး ကြောက်သွားမှာ စိုးလို့တဲ့၊ တွေ့တဲ့ စက္ကူစုတ်ကို ကောက်ကိုက်ပြီး အမြီးနန့်ပြကြတာတဲ့။ ဘုန်းကြီးကျောင်းသားလေးတွေက ပြောပြကြတာရှင့် "

"...ဟယ်... တယ်ဆန်းပါလား သစ်သစ်ရယ်"

ချစ်သူနားကသင်ယူထားခဲ့ပုံပြီး သူမ ကောင်းကောင်း မှတ်မိထားသော ထားဝယ်စကားနှင့်.. ဟဲ့... နို့... ဟု မောင်းထုတ်လိုက်မည် စဉ်းစားလိုက်မိတော့ သူမတိတ်တိတ်လေးစိတ်မကောင်းဖြစ်သွားတော့သည်။

"... လှလိုပဲနော် ရုပ်မလှတော့ အားငယ်တာပေါ့ မမစိုးရာ ... စက္ကူကို တစ်ချိန်လုံးကိုက်ပြီး မျက်နှာချိုသွေးနေတာရှင့် ... ကျွေးစရာလည်းဘာမှမပါဘူး "

သူမမှာတော့ မုန့်တစ်ထုပ်ပါသည်လေ...။ ထမင်းသိပ်မစား ထားသော သူမသည် ဗိုက်ဆာနေပြီ။ ဒါပေမဲ့ ဘာအတွက်များ ချန်ထားစရာလိုဦးမှာလဲ ... ဘဝမှာ အသက်ဆက်ရှင်နေသေးသရွေ့ လူဆိုတာ ... ဝယ်စားလျှင်ရသေးရဲ့ ... လူသူအရောက်အပေါက်ကျဲပါးလှသည့် သည်နေရာက ဗိုက်ဆာနေသော ခွေးသုံးကောင်ကိုတော့ သည်တစ်ခါပဲ သူမ ကြုံကြိုက်နိုင်မည်ဖြစ်သည်။

သူမမွဲ့ဆကျွေးသော မုန့်တို့ကို စားဖို့အတွက် ပါးစပ်မှကိုက်ထားသော စက္ကူစများကိုချထားလိုက်သည့် ခွေးသုံးကောင်သည် တစ်ကောင်နှင့်တစ်ကောင်ရန် မလုပ်ကြ... မုန့်အဖဲ့လေးတို့ကို စား ပြီးတော့ချထားသည့် စက္ကူစတို့ကို ပြန်ကိုက်ချီပြီး အမြီးနန့်ပြကြပြန်သည်။ ဝပ်လှမ်းလှမ်းရောက်အောင် သူမလျှောက်ခဲ့ပြီး ပြန်လှည့်ကြည့်တော့ ... ခွေးသုံးကောင်ကဲ -နေရာမှာတင် ရပ်လျက် သူမကို အမြီးနန့်ပြနေကြသည်။

အစ ... သူမမှာ ဘာစားစရာမှ မကျန်တော့တာ သေချာသည်။ ပြီးတော့ သည်ခွေးသုံးကောင်ကို သူမဘဝမှာ သတိရနေမိတော့မှာလည်း သေချာ ပြန်သည်။

၆

" .. အခုတွေ့မြင် ဖူးမျှော်ရတဲ့ စေတီတော်ကတော့ ရှင်မော်စေတီတော် ဖြစ်ပါတယ်၊ ယောမာဂီရိ မြို့ကြီး မှတ်တိရှင်ကိုးရှင်

… ဆိုတဲ့ သံပေါက်လင်္ကာအတိုင်း ထားဝယ်ဒေသမှာ ထင်ရှားကျော်ကြားတဲ့ ရှင်ကိုးရှင် ဘုရားထဲမှာ ပါဝင်ပါတယ်၊ တောင်သုံးတောင် … တောသုံးတော … မြို့သုံးဆူ … အောင်နိမိတ်ယူ … ရယ်လို့ ထားဝယ်ဒေသ အဆိုစကားတစ်ရပ်ရှိရာမှ တောင်ပေါ်မှာ ကိန်းဝပ်စံပယ်တဲ့ ရှင်တစ်ရှင် ဘုရားတစ်ဆူလည်း ဖြစ်ပါတယ် "

ဒွေးဒွေးသစ်သည် သူမရိုက်ကူးချင်သည့်အတိုင်း ဗမာစကားနှင့်ရော … ထားဝယ်စကားနှင့်ပါ … နှစ်မျိုးစလုံးကို အပြောင်အချောက် မှန်ကန်စွာ ပြောဆိုနိုင်လေသည်။

နောက်တစ်ကဒ်အတွက် နေရာရွေ့ရိုက်တော့ … တောင်စောင်းတစ်နေရာကကျောက်တုံးကြီးတစ်လုံးပေါ် ထိုင်မှုရိုက်ရမှာ အဆင်ပြေမည်ကို တွေ့ရသည်၊ ဒါမှ တောင်ခြေကို ရေလှိုင်းများ ပြေးကပ်လာပုံ … ရေစက်ရေမြှားများ လွင့်စင်သွားပုံကို… နောက်ခံအရုပ်အဖြစ် ဒွေးဒွေးသစ်နှင့်တွဲဖက် ထည့်သွင်းရိုက်ကူး၍ ရမည်ဖြစ်သည်။

သည်တော့သစ်ပင်ရိပ်လုံးဝမရှိသည့် ကျောက်တုံးကြီးဆီသို့ ချီတက်ကြသည်။ စောစောက ကြိုရိုက်ထားသောအရုပ်များသည် နေ့လယ် ၁၂နာရီ ထိုးခါ နီးမို့ အရိပ်တချို့ကို အသုံးပြုရိုက်ခဲ့ပြီးပြီ ဘုရားရိပ်၊ တန်ဆောင်းရိပ်၊ သစ်ရိပ်ဝါးရိပ်၊

အခု မွန်းလွဲတစ်နာရီပြည့်ပြီ … ရိုက်ကွင်းတည်ရင်း နှစ်နာရီထိုးလျှင် မျက်နှာပေါ်နေရောင်ကျတာ သက်သာကောင်းရဲ့ … နေကပူပူ … လေကတစ်ဝုန်းဝုန်း တိုက်နေသည့်ကြားက စာသားများကို ကောင်းကောင်းရွတ်ဆိုနိုင်သော ဒွေးဒွေးသစ်၏ လီမှာ ပါးနပ်မှုက သူမတို့ရိုက်ကူးရေးအဖွဲ့အတွက် အကောင်အထမရှိ အချိန်မကြန့်ကြာ နေဘတ်ချက်အညီမှာတောင် တစ်ကဒ်ပြီး နောင်ရိုက်လိုက်နိုင်သေးသည်။ တစ်ခါတလေတော့ ရသီ ဥတုက အဲဒီလို ကူညီတတ်သေးရဲ့။

ထုတ်လုပ်ရေးမှူးတစ်ဦး၏ လုပ်ပိုင်ခွင့်ရသည် ဆိုတိုင်းလည်း မိမိကိုယ်တိုင်သရုပ်ပြ အဖွင့်စကားဆိုခြင်းများသည်အစီအစဉ်တိုင်းမှာ နေရာတကာတိုင်းမှာ ဝင်လုပ်ဖို့ မသင့်ဟု ယုံကြည်ထားသော သူမသည် ထားဝယ်ဒေသ ရှင်ကိုးရှင် အစီအစဉ်အတွက် ထားဝယ်သူလေးများကို ရွေးချယ်ရိုက်ကူးဖို့ ဆုံးဖြတ်ခဲ့ခြင်းသည် အမှန်ကန်ဆုံးပါပဲ၊ ရိုက်ကွင်းပေါ်မှာ ဒွေးဒွေးသစ်သည်အပြာရောင် ဝတ်စုံဖြင့် လန်းဆန်း တက်ကြွစွာ လှုပနေသည်။ ကင်မရာရှောင်းကြည့်ပေါက်ကိုကြားဖြတ်ဝင်ကြည့်ရင်း သူမကျေနပ်ပြုံးနေသည်ကို လေးလေးရွှေနှင့် ကိုထင်လင်းတို့က မြင်ဖြစ်အောင်မြင်ပြီး လက်မထောင်ပြကြသည်၊ အသံဖမ်းနေသည့် ကိုထွန်းလွင်ကလည်း အဆင်ပြေကြောင်း ခေါင်းညိတ်ပြသည်၊

ရှင်မော်တောင်ထိပ်ဘက် ပြန်တက်ပြီး ဒွေးဒွေးသစ်နှင့် ရိုက်စရာရှိသည်များကို ထပ်မံရိုက်ကူးကြသေးသည်၊ ဘုရားပရဝဏ်တစ်ခုလုံး နေရာစုံ အောင် ရိုက်ကူးကြသည်။ ရှင်မော်တောင် အောက်ခြေရေစပ်က ကျောက်ဆောင်စေတီ လေးရှိရာသို့မရောက်နိုင်တော့သည်မို့ တောင်ပေါ်ကနေပဲ ရိုက်ကြရသည်။ ဘယ်လိုရိုက်ရိုက်လှသည်ပင်။ ရေလှိုင်းများ မွှေးမွှေးလှုပ်ချဉ်းကပ် လာပုံ … ကျောက်ဆောင်လေးနဲ့တွေ့တော့ ရေစက် ရေပေါက်များ အဖြစ် လွင့်စင်သွားပုံ ကျောက်ဆောင်နံဘေးမှာ ရေဝဲကန်တော့ထိုးသွားပုံ။ ရွှေစေတီလေးကတော့ တည်ငြိမ်စွာ … သပ္ပာယ်စွာ… ကိန်းဝပ်လို့ပေါ့။ ရေလှိုင်းကြီးတာနှင့် သေးတာပဲကွာခြားမည်။ ဒါဟာသည်နေရာမှာ အချိန်တိုင်း ဖြစ်ပျက်နေသည့် သဘာဝတရားပေါ့ပဲ။ သူမ သက်ပြင်း မှုမှု ချမိသည်၊

ရှင်မော်စေတီကို ကင်မရာမှာကြိုရိုက်ဖို့ ဒီနေရာက ပိုအဆင်ပြေမလား ရှင်မော်စေတီဘက် ပြန်လှည့်ပြီး သူမဓာတ်ပုံထိုင်ကြည့်လိုက်သည်။ ဘုရားပေါ် အရိပ်အနည်းငယ်ကျသည်ကလွဲ၍ ရိုက်ချက်ကောင်းနိုင်သည်။ လက်ကနာရီကို အမှတ်မဲ့ ကြည့်မိသွားတော့ ညနေ ၃ နာရီကျော်ပြီ တောင်ပေါ်ကဆင်းချိန် ရေမှာသွားရမယ့်အချိန် သည်အချိန်မှာပဲ ဓာတ်ပုံရာက ခြေဖနောင့်ရှုဆောင့်ကြောင့်ထိုင်ဖို့ သူမဟန်ချက် ပြင်လိုက်သည်ဟုထင်သည်။ ဒီလိုပဲသိလိုက်သည်။ အောက်ခြေကမြေလွတ်သွားသလို ခံစားလိုက်ရသည်၊ ငြိမ့်ခနဲ

"ဘုရား ကယ်တော်မူပါ"

တကယ်တော့ အသံတောင်မထွက်နိုင်။ ကိုယ်ကို ရှေ့သို့ ကိုင်းရှုလိုက်ပြီး လက်နှစ်ဖက်နှင့်မြေကို ထောက်ထိုင်လိုက်သည့် အနေအထားဖြင့် သူမအသက်ရှူမြန်နေသည်၊ ယောင်ယမ်းနိုတ်ထားသော မျက်ဝန်းတစ်စုံထဲမှာ မီးရောင်လက်လက်တွေများစွာ၊ စေကြာမှ နောက်ကို ပြန်ငဲ့ကြည့်ရသည်၊ စောစောက နေရာမှာ မြက်ထုထုတို့သာရှိပြီး ကုန်းမြေကဆုံးနေပြီ၊ သူမ နင်းမိတာသည် မြက်တွေကိုပဲဖြစ်မည်။ ဟိုးအောက်ခြေသည် အတော်ဝေး၏။ အလေ့ကျ ချုံပင်ငယ် သုံးလေးပင်တို့ကြားက အောက်ကိုငုံ့ကြည့်လိုက်တော့ ရေလှိုင်းများ ပြေးတက်ပြေးဆင်းနှင့် ပတ်လည် ရိုက်ခတ်နေသည့် ကျောက်ဆောင် ကျောက်တန်းများ … သူမ တိတ်ဆိတ်စွာ ကြောက်ရွံ့သွားမိတော့သည်။

ထားဝယ်ဒေသ၏ ရှင်ကိုးရှင်ဘုရားများထဲက အဝေးဆုံးမှာ တည်ရှိပြီး ထားဝယ်မြစ်နှင့် ကပ္ပလီပင်လယ်ပြင် ထိစပ်နေသော ရှင်မော်အရှေ့တောင်ပေါ်ရှိ ရှင်မော်ဘုရားမှ အပြန်ခရီးသည် ညနေလေးနာရီထိုးပြီလေပြီ … ။

ဇဗ္ဗူစကိုးကိုပြီးအစာတောင်းတတ်သော ရွှေကြီးသုံးကောင်ကို သူမရှာကြည့်မိသေးရဲ့ မတွေ့ရတော့ပါ။ မုန့်လေး တစ်ခဲ့စားရရုံနှင့် ရောင့်ရဲ တင်းတိမ်ပြီး တောထဲ ပြန်သွားကြပြီလား၊ လေပြေလေးက တစ်သုန်သုန်၊ တောင်ဆင်းလမ်း စကားသံများ

က ဖြိုးဖြိုးဖြောက်ဖြောက် ရောင်စုံနွန်ငယ်လေးနှားရောက်တော့ ချော်လက်ဆေးရင်း နှုတ်ဆက်ခဲ့သေးသည်။ အခွင့်အခါ ကြုံရင် ပြန်လာခဲ့ဦးမယ်ကွယ်။

တောင်ခြေကို သူမတို့ ရောက်တော့ မနက်က မြင်ကွင်းနှင့် ခြားနားနေလေပြီ၊ သူမအတွက် အံ့သြလောက်စရာပါပဲ။ မနက်က တွေ့ခဲ့သော ရေစပ်နေရာသည် သဲသောင်ပြင် ပြန့်ပြန့်ကြီးဖြစ်နေသည်။ ရေတွေနောက်ဆုတ်သွားချိန်တဲ့ ။ ညကျရင် ပြန်တက်ဦးမယ်တဲ့။ ဒါဆို ဒီရွာလေးက မနက်ဆို အိမ်ရှေ့မှာ ရေစပ် ညနေဆို သောင်ပြင်ပြန့် ... ။ သူတို့ဘဝမှာ နေ့စဉ် မြင်ကွင်း အပြောင်းအလဲ နှစ်မျိုးနှင့် ဘယ်လောက်များ ကြာခဲ့ကြပြီလဲ... သူမ သိချင်လှသည်။ ဒီတစ်ခါ စက်လှေဆီရောက်အောင် သောင်ပြင်မှာ လမ်းလျှောက်ကြရသည်။ ပုံထောင်နီးစရာမလိုတော့။ မိုင်ဝက်လောက်များရှိမလား။ သူမ လျှောက်ကြည့်ချင်သော သဲသောင်ပြင်ပေါ်မှာ ခြေတစ်လှမ်းချင်း မှန်မှန်လျှောက်ရင်း စက်လှေကြီးအနီး ရောက်လေပြီ၊ ရေထဲတော့ အနည်းငယ်ဆင်းလျှောက်ရဦးမည်။ ရှင်မော်တောင်ပေါ်သို့ ပြန်ကြည့်မိသည်။ ရှင်မော်ဘုရားကိုရည်မှူး ကန်တော့လိုက်သည်။ အစစအရာရာအတွက် ကျေးဇူးတင်ပါ တယ်ဘုရား။

စက်လှေကြီး၏ အပြန်ခရီးသည် ညနေ ၆ နာရီကျော်ပြီ။ တစ်ပြည်းပြည်း မှောင်ရိပ်သမ်းလာသော ပတ်ဝန်းကျင်တစ်ခွင်သည် အလာတုန်းကလိုပြာလွှင်လွှင် အရောင်များမရှိတော့စရိုးရှင်ရောင် လွှမ်းနေသည်။

သူမ၏ဆံပင်များက လေရိုင်းများနှင့်အတူ တလူလူ တဖျတ်ဖျတ် ... ပေါပါးလေးနှင့် စည်းနှောင်လိုက်ရင်း နောက်တစ်နေ့ ခရီးစဉ်များကို သူမစေယားချနေမိသည်။

သီတင်းကျွတ်လပြည့်နေ့ မရောက်ခင် နှစ်ရက် အချိန်ရသေးသည်၊ မနက်ဖြန် မြို့သုံးဆူရိုက်ရမည်။ ရှင်ပင်စရာ ... ရှင်ဉဩ ... ရှင်မုဋ္ဌီးပေါ် ... မြို့ပေါ် ရပ်ကွက်တွေမှာရှိတာဆိုတော့ တစ်နေ့တည်း အပြီး ရိုက်ရမယ် နောက်နေ့ကို တောသုံးတော တောရွာကဘုရားသုံးဆူကို ရိုက်ရမယ် ... ဒါလည်း တစ်နေ့တည်းအပြီး ရိုက်မှ...

ရှင်ဓာတ်ဝဲ ရှင်ဇလွန် ရှင်တောက်ထိန် ပြီးရင် သီတင်းကျွတ်လပြည့်နေ့ သဝိတ်မျှော်ပွဲနှင့်ဒေသ ဖွံ့ဖြိုးရေးများ၊ ဒေသရှုခင်းများ စီးပွားရေး၊ လူမှုရေး၊ တိုးတက်မှုများ ရိုက်ရမယ်။

ပြန်ခါနီး နောက်ဆုံးရက် နှစ်ရက်မှာတော့ တောင် နှစ်တောင် တက်လို့ရပြီ။

ကလိန်အောင် ရှင်ဆံတော်ကိန်းဝပ်တဲ့ ဆံတော်ရှင် စေတီ တောင်ရယ် အဲဒါပြီးရင်တော့ မြင့်ပါတယ် ဆိုတဲ့ တောင်ပေါ်က ရှင်ဘောင်း ပိုစေတီရယ်။

တစ်ရက်ကို တစ်တောင်စီရိုက်ရမယ်။

ရှင်ဘောင်းပို တောင်ပေါ်တက်ပြီးရင် ပြန်မှာဆို့ မောပန်းထား သမျှ ရန်ကုန်ရောက်ရင် အနားယူရုံပေါ့။ ဘာတစ်ခုမှ အချိန်ပြန်းတီးမှုမရှိလောက်ဟု ယုံကြည်မှုဖြင့် ကိုယ့်အစီအစဉ်နှင့်ကိုယ် သူမ အတော် ကျေနပ်သွားသည်။

ဟိုးအဝေးမှာ မီးရောက်လက်လက်တို့က အတန်းလိုက် အရှည်လိုက် မီးထွန်းကြပြီပေါ့နော်၊ မီးတန်းလေးတွေက နိမ့်လိုက် မြင့်လိုက် တွေ့လိုက် ကောက်လိုက် တောင်ထိပ်မှာ တောင်ကြောမှာ တောင်ခြေမှာ ဟိုမှား ဒီမှား မီးရောင်များတော့ မှောင်လေ ကြည့်ကောင်းလေ၊ သူမ စိတ်နှလုံးတို့ အေးချမ်း ငြိမ်သက်သွားသည်။

အပြန်မှာရိုက်ကူးမည်ဟု မှန်းထားသော ကျောက်နီမော် အဆေးခန်းဆက်ရုံကို လှမ်းမြင်လာရလေပြီ၊ မီးရောင်စုံများနှင့် အလှဆင်ထားသည်၊ လင်းချည်တစ်ခါ မှိတ်ချည်တစ်လှည့် လှလှ လှသေးတော့၏။ အလာတုန်းက စက်ရုံဆိုင်းဘုတ်နှင့် အဆောက်အဦးအပြင်ဘက် အနေအထားတို့ကို ရိုက်ပြီးပြီမို့ အခု အတွင်းဘက်ရေထွက်ပုံရှည်း လုပ်ငန်းလုပ်ကိုင်ပုံတို့ကို ရိုက်ကူးရမည်ဖြစ်သည်။ အရျက်အလက်များမှတ်သားသည့် မှတ်တမ်းစာအုပ်ကို သူမပခုံး လွယ်အိတ်ထဲမှ ထုတ်လိုက်သည်။

သူမ၏ ဖြိုးဖြိုးမျက်နှာကို မနီလာကလှည့်ကြည့်လာသည်။ မနီလာလက်ထဲမှာလည်း မှတ်တမ်းစာအုပ်ကအဆင်သင့်၊ အမှောင် ထုထဲမှာပေမယ့် မနီလာ၏ လန်းဆန်းသော အပြုံးမျက်နှာကို သူမ ပြက်ပြက်ထင်ထင်မြင်တွေ့နေရသည်။ အချိန်က ည ၇ နာရီ၊

ဒီတစ်နေ့တာအတွက် နောက်ထပ်ရိုက်ကူးရေးတစ်ခု အစပြုဖို့ သူမတို့ အသင့်ဖြစ်နေလေပြီ၊ ။

သီတာရှုမေထျ

* * * * * * *

သမိုင်းနှင့် ဒဏ္ဍာရီ နားမညီးပါ

● ရတနာ (ထားဝယ်)

- သမိုင်းမတင်မီ နိဒါန်း
  ထားဝယ်ဒေသဝန်းကျင်
  ကျောက် - ကြေး - သံ - ရွှံ့ - မြေ ခေတ်ထုတ်လုပ်သုံးစွဲ
  ရှေးဦးလူများ အခြေချနေထိုင်လာခဲ့ကြကြောင်း
  သမိုင်းခြေရာ အပိုင်းအစ
  အထင်ကရ ရှိခဲ့တယ် ...။

- သမိုင်းတင်ခေတ်
  ဟိုးအရင် သာဂရ ဆိုတဲ့ မြို့ပြနိုင်ငံ
  ကမ္ဘာ့ညီးမော်ကွန်းထွန်း အဦးအစ တည်စဉ်ကာလ
  ဘေးဘိုးတို့အစမှ ပျူယဉ်ကျေးမှုအခြေ
  မြေမြို့ရိုးမြို့ဟာ အပိုင်းအဝန်းသဏ္ဍာန်
  အပိုင်းအစ ရှန်ထားရစ်ခဲ့ကြတယ်....။

- ပျူတာပေနဲ့ရေမှတ်လို့ မြေပုတီး၊ ကျောက်ပုတီး
  ရောင်စုံပုတီး လည်မှာဆွဲ
  ကြေးဆေးတံ၊ မြေဆေးတံ၊ ကြာပွင့်ခေါင်းကြွခံ
  အနုလက်ရာထုဆစ်
  မြတ်ဗုဒ္ဓဂုဏ်တော်ပွားဖို့ ကိုယ်စားတော် ဆုတ်ရွှက်ဘုရား
  ကိုယ်တိုင်သွန်းစပ်
  ဂဝယဉ်ကျေးမှုအပိုင်းများနဲ့ သာဂရ
  ပျူယဉ်ကျေးမှု အနုလက်ရာများရဲ့ သာဂရ
  သာယာတဲ့နိုင်ငံတော် စည်ကားတဲ့မြို့ပြ
  အလယ်မှာသာဂရ မြောက်ဘက်အောင်သာဝတီ
  တောင်ဘက်ဝတီ
  အရှေ့တောင်မှုတ္တိမ၊ သတ်မှတ်နယ်ကြီး လေးရပ်
  ဆင်တပ်၊ မြင်းတပ်၊ ကြည်းတပ်၊ ရေတပ်
  နယ်စပ်လုံခြုံရေးကင်းစခန်းအထပ်ထပ်
  ကြည်းကြောင်း၊ ရေကြောင်း ကုန်စည်ကူးသန်း
  ဆက်သွယ်လမ်းကြောင်း ကောင်းခဲ့တယ်။

- သာဂရဆိုတာဟာ
  အဦးအစ ထေရဝါဒ အဆုံးအမနဲ့ရှင်သန်ခဲ့ကြ
  မြို့အဝန်း ဂူဝတော၊ မြို့တံခါးလေးပေါက်၊ လမ်းမလေးသွယ်
  ရုံးတော်၊ ရေးတော်၊ စေတီတော်၊ သိမ်တော်၊ ရေပ်တော်
  တောင်ဘက် ပဒတ်ရောင်း၊ မြောက်ဘက်ဆင်ပုန်းရောင်း
  အရှေ့ဘက် ထားဝယ်မြစ်
  အဆင့်မြင့်ဝေဝန်း၊ စနစ်သစ်အခြေခံ ခွဲခြားစီမံ
  သမ္မမင်း၊ စန္ဒာဒေဝီတို့စိုးစံမြို့ပြနိုင်ငံ
  ရိုးရာစ်ခေါင်းဆောင်ကြီးများစုစည်း
  သံမဏိသဇ္ဈာ၊ သံမဏိသမာဓိ၊ သံမဏိသဒ္ဓါ၊
  ထူးထူးခြားခြား ဦးထိပ်ရွက်ထား သူရဲကောင်းများရဲ့
  တပ်စုအင်အားနှင့် နှစ်သိန်းပြည့်မြို့ကြီး
  မှုန်ဝါးဝါးနဲ့မထင်ရှားတဲ့
  သာဂရမဟုတ်ဘူးဆိုတာပြောရဲတယ်၊
  ဒဏ္ဍာရီပုံပြင်ထက် ပြန်ပေါင်းထောင်သောင်းသာတဲ့
  သာဂရ ပါ.....။

● သာဂရဆိုတာ
ထားဝယ်မြို့ရဲ့ထားဝယ်တို့ရဲ့ပထမမြို့ပြ
မောင်းမကန် (ပင်လယ်အနီးမြို့) ပါဠိနဲ့ခေါ်တွင်ခဲ့တာပါ။
ပုဂံခေတ် (ပထမ) သမန္တမင်း၊ သာဂရမြို့တည်မင်း
(မင်း ၇ ဆက်) (၁၀၃ - ၇၂၀) ၁၅၇
ဟံသာဝတီခေတ် (ဒုတိယ) ဥညာဦးမင်း
ဇလွန်မြို့တည် (မင်း ၅ ဆက်) (၃၅၇ - ၄၃၈) ၈၀
အင်းဝခေတ် (တတိယ) ပြည်သိုက်မင်း ဇလွန်မြို့တည်
(မင်း ၁၈ ဆက်) (၉၂၄ - ၁၀၀၅) ၁၈၀
ကုန်းဘောင်ခေတ် (စတုတ္ထ) မင်းနဲ့လူ၊
သာယာဝတီမြို့တည် (မင်း ၂၃ ဆက်)
(၁၁၀၆ - ၁၁၈၆) ၇၀

● ဟိုတုန်းက ထင်ကာရ သာဂရဟာ
ရတနာ စိန်ကျောက် ထိန်ထိန်တောက်ခဲ့
စစ်ဘေးဆက် အကြိမ်ကြိမ် လူးလိုမ့်စံရင်း
အသစ်တစ်ဖန် လဲရာမှပြန်ထ
တစ်ချိန်က မင်းနေပြည်တော် သာဂရ
ယခုတော့ အကျည်းတန် သက်ကြားအို
အထည်ကြီးပျက်
ခါးကုံ့လေးမြှား စစ်ကားသံ လုံးဝမကြားရတော့
မြို့ပျက်၊ မြို့ဟောင်း၊ နေပုန်းကျောလက် ငြိမ်းချမ်းတဲ့သာဂရ
မင်းဇုရား၊ မင်းညီမင်းသား၊ ဗိုလ်မှူးတပ်မှူးများ
ဆုယူဆုတောင်း၊ တောင်းမှုပြုတဲ့
မြတ်ရှင်ဇလွန်စေတီတော်ကြီးရဲ့ ရိုးမြိန်တဲ့
ဆည်းလည်းသံများ ကတော့ ငြိမ်းအေးတဲ့
ဓမ္မရသမျှဝှင့်စံတေး တာဝနာလွှားဆဲ ပွာမြဲပါဘဲ.....။

● သာဂရဆိုတာ
ပုဂံပြည့်ရှင် ဘုရင်အနော်ရထာနဲ့ပါဝင်လာက်တွဲ
ဟံသာဝတီ ဘုရင့်နောင် မင်းတရားကြီးနဲ့ စုစည်းပါဝင်
ကုန်းဘောင်ဆက်၊ အလောင်းဘုရားထံသစ္စာစံ
ပြည်ထောင်စု နိုင်ငံတော် ပ - ဒု - တ
တည်ထောင်မှုနဲ့ထပ်တူ
နိုင်ငံသစ် - ခေတ်သစ် အဝင့်ပေါ်းစည်းလာခဲ့ကြ
အဖြစ်ဟောင်း နှစ်ပေါင်းထောင် ချီကြာခဲ့ပြီလို့
အဓိဋ်အဟာ တွက်ဆလို့ရပါတယ်။

● ကုန်းဘောင်နေဝန်း
ထွန်းတောက်ချိန် တော့ထွာပြီးပြ
ထားဝယ်မြစ်ကြောင်း အနောက်ခြမ်းမှ
အရှေ့ခြမ်းသို့ကူးပြောင်း
ထားဝယ်မြစ် - မြောင်းမုလဲချောင်း။ ဘုံမော်ချောင်း။
ပေါက်တိုင်းချောင်း၊ ကျုံးတားမြို့လုပ်
(၁၇၅၄) မင်းနဲ့လူသည် သာယာဝတီ
မော်ကွန်းအမည်ဖြင့် အဆင့်မြင့် ခေတ်သစ်
မြို့နန်းသစ်တည်ခဲ့သည်
ဥပြဲဆော်သည် တပေါင်း နှင့်အညီ
၁၁၁၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် စနေနေ့
မြို့အဝန်း ၂၈၄ - တာ၊ သွပ်ရိုး - ၂၅၈၃ လုံး၊ တံခါး ၁၂ ပေါက်၊
လမ်းမလေးသွယ်၊ ဆုတ်မြို့ရိုး မြေအဝင် ၄ ၁/၂ ပေ၊ အမြင့် ၉ ပေ
မြို့အလယ် နန်းတော်၊ ဗိနှသီရိ
ဘုရားတန်းဆောင်းတော်၊ သိမ်တော်၊ ရုံးတော်၊
ဈေးတော်၊ အကျဉ်းထောင်
ကျောင်းတိုက်ကြီး လေးတိုက်၊ (ဒက္ခိဏာရာမတိုက်၊
မြေတိုက်၊ သီပေါ်တိုက်၊ အနောက်တိုက်)
ရပ်ကွက် - ၁၅ (မြို့ဟောင်းရှိ ရပ်ကွက်အမည်၊
မြို့သစ်တွင် တည်ခဲ့)
အရန်မြို့များ (ဓောင်သာဝတီ၊ ဝတီ၊ ဘုမ္မဂီရိ)
၄ - ရပ်နယ်စည်းခြား
သစ်လွင်လှပသော မြို့နှင့်လိုက်ဖက်ညီစွာ ဖွံ့ဖြိုး
တိုးတက် စည်ကားလျက်
ထိုသာယာဝတီမြို့သည်
သက်တမ်းနှစ် ၂၅၀ ပြည့်ကျော်လွန်ခဲ့ပြီ
မင်းကြီးဝင်း၊ စုဝင်းတပ်၊ ရေရှိပ္ပန်း
တောန်ဂြာန်း၊ တောန်ရွ
မြစ်အောက်၊ မြောက်ရွာ၊ ဥမ်းကီး - ဆိုတဲ့
အမည်များသည်
ယနေ့အမည်သာ ကျန်ရစ်ခဲ့တဲ့ ရှေးဟောင်းအမြေ
အမွေများသာဖြစ်သည်။

- ကိုလိုနီခေတ် (၁၈၂၄ - ၁၉၄၇)
  ၁၈၂၄မှ ၁၉၄၇ထိ ၁၂၃ - နှစ်ကြာ ကျွန်ဖြစ်လာခဲ့ ၁၈၂၄ ခုနှစ်
  ဇက်ထင်အာလ (၈) ရက်
  မော်ရှာတနေဦးစေဆောင်တဲ့ဗြိတိသျှစစ်တပ်
  ထားဝယ်မြို့ကို သိမ်းယူ
  နောက်ဆုံးထားဝယ်မြို့စန် မင်းကြီးကျော်စည်သူနှင့်
  စံနန်းရုံ ဘုရားတန်ဆောင်း၊ ကျောင်း၊ စျေး
  အကျဉ်းထောင် မြို့ရိုး၊ မြို့တံခါး ခရပ် တစ်ဝကျန်
  မြေလှန်ရှာကြံ ဓာတ်သွေးမာန်တက်ကြွရို
  အမျိုးသားဟန်မှန်သမျှ အကုန်ပြောင်းဖြစ်ခဲ့ရ
  ကျွန်နှစ်ကျွန်စိတ်ပေါက်ပြီး သခင်လုပ်
  အုပ်ချုပ်ခဲ့ပါလားဆိုတာ အကုန်မေ့
  ယနေ့ထိလည်း မေ့ပင်အောက်ကမထွက်နိုင်ကြသေး
  သခင်စိတ်ပျောက် ကိုယ့်သမိုင်းကိုယ်မသိ
  ကိုယ့်သမိုင်းကိုယ်မပြောတတ်၊ အ. အ.ကြီး တွေ
  ဖြစ်နေကြဆဲပဲ တကယ်ပဲ ဝမ်းနည်းစရာ ကောင်းသလား
  မေးမနေနဲ့တော့။

- တနင်္သာရီတိုင်း။ ထားဝယ်ခရိုင် ထားဝယ်မြို့ဖွဲ့စည်းပုံအရ
  ထားဝယ်မြို့အမည်ရေးမှတ်လာခဲ့ကြသည်။
  ၁၈၂၆ ခုနှစ်၊ ထားဝယ်ခရိုင်ဝန် မေဂျာတနေ
  တနင်္သာရီတိုင်းမင်းကြီးအေဒီမိန်းဂေးနှင့်
  အစဉ်အဆက် ပါးဦး

- လွတ်လပ်ရေးခေတ်
  ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်
  ဇတ်ဆစ်တော်လှန်ရေး ကိုလိုနီတော်လှန်ရေး
  သွေးစက်ပေါင်းများစွာ ရင်းနှီး စည်းလုံးညီညွတ်မှု
  မျိုးချစ်စိတ်ဓာတ်အရင်းခံ
  ပြည်ထောင်စုမြန်မာနိုင်ငံတော်အလံ အောင်ပွဲခံ
  တစ်နိုင်ငံလုံးမိုးယံထက် လွင့်မျိုးညွှတ်ခဲ့ကြရ

- သာဂရ ဇလွှန်၊ ဇလွှန်၊ သာယာဝတီ၊ ထားဝယ်မြို့
  အမည်ပြောင်း နေရာပြောင်း အဟောင်းကိုအသစ်
  အထူးစီမံ စီးဆင်းခဲ့တဲ့ အဟုန်အဟုန်များ
  ထားဝယ်သား၊ ထားဝယ်စကား၊ အမွေစံကောင်းတို့
  အစဉ်မပျက် မျိုးဆက်သစ်တို့ တိုးတက်ကြီးပွားဖို့
  ကာယစွမ်းအား၊ ဉာဏစွမ်းအား ထမ်းရွက်သွားကြပုံ
  ရင်စုန်ဖွယ်ရာ၊ လိုက်မောဖွယ်ရာ၊ အံ့ဩမကုန်နိုင်ဖွယ်ရာ၊
  ပြည်ထောင်စုမြန်မာနိုင်ငံတော် သမိုင်းနှင့်ယှဉ်တွဲ
  တိုင်းကျိုးပြည်ပြု သာသနာ့အာဇာနည်
  နိုင်ငံ့ဥဒေါင်းမဟေသီမြတ်ကြီးများ နိုင်ငံ့ဂုဏ်ဆောင်
  မြန်မာ့သူရဲကောင်းကြီးများ နိုင်ငံ့ဂုဏ်ဆောင်
  အားကစားထူးချွန်၊ စာပေထူးချွန်၊ ပန်းချီထူးချွန်၊
  ပန်းပုထူးချွန်၊ ဂီတထူးချွန် အနုပညာအဆိုအက
  အရေးအတီး ကဗျာစုံ ဘက်စုံထူးခြား ဆန်းသစ်
  တီထွင်ခဲ့ကြကြောင်း။ မြို့ပြ အကြီးကြီးမဲ
  ထိန်းနန်းအစဉ်အဆက် အုပ်ချုပ်ခဲ့ကြကြောင်း
  ဘေးဘိုးတို့အမွေအနှစ် မြေမြေမြစ်မြစ်
  ထားရစ်ခဲ့ကြကြောင်း
  အမွေစံကောင်းများ အဆင့်ဆင့်မြင့်မားစွာ
  ထွန်းတောက်ခဲ့ကြကြောင်း
  သားစဉ်မြေးဆက် မမေ့နိုင်ဖွယ်ရာ
  အားမရနိုင်လောက်အောင် ပြော၍မကုန်နိုင်ဘွယ်ရာ
  ရသပီတိစံစားခဲ့ရပါကြောင်း ယနေ့မျိုးဆက်သစ်တို့ရဲ့
  မြို့ပြအကြောင်း ထားဝယ်သမိုင်းကြောင်းကို
  သံသယရှင်းစွာ ရဲရဲကြီး ပြောနိုင်ကြစေလိုကြောင်း
  စံစားခဝန် သုံးသပ် ဆုံးဖြတ်နိုင်ကြပါစေလို့ ....။ ။

ရတနာ (ထားဝယ်)

ထားဝယ်လူမျိုးတို့၏ရှေးဟောင်းမြို့များ နှင့် ရှေးဟောင်းအမွေအနှစ်ဒင်္ဂါးများ

● မင်းမင်း (ထားဝယ်)

လူမျိုးအသီးသီးတို့တွင် သက်ဆိုင်ရာ ယဉ်ကျေးမှုသုခုမအနုပညာ၊ ယင်းလူမျိုးတို့ ဘိုးဘွားအစဉ်အဆက်သုံးစွဲအသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်း၊ ယင်းတို့နေထိုင်ကျက်စားခဲ့ရာ မြို့ရိုးမြို့ဟောင်းများ၊ ဘာသာစကားနှင့် ဓလေ့ထုံးစံ၊ ကိုးကွယ်ယုံကြည်မှုတို့ အသီးသီးရှိခဲ့ကြလေသည်။

ထားဝယ်လူမျိုးတို့တွင်လည်း ထိုကဲ့သို့ အစဉ်အဆက်နှင့်ဆိုင်ရာယဉ်ကျေးမှု၊ ဓလေ့စရိုက်နှင့် နေထိုင်ခဲ့သည့် မြို့ဟောင်းများရှိခဲ့လေသည်။ ကျွန်တော်လေ့လာသိရှိခဲ့ရသမျှမှတ်တမ်းမှတ်ရာများမှ မြို့ဟောင်းများနှင့် ၎င်းမြို့ဟောင်းတို့မှတွေ့ရှိခဲ့ရသော ရှေးဟောင်းဒင်္ဂါးများ၊ ရှေးဟောင်းဆေးတံများအကြောင်းကို စုစည်းတင်ပြလိုက်ရပေသည်၊ ဒေသဌာနထားဝယ်ဖြစ်ပေါ်ခဲ့ပြီးမှနေထိုင်ကြသူများတို့ ထားဝယ်လူမျိုးဟုခေါ်တွင်ခဲ့မည်ဆိုလျှင် ထားဝယ်မြို့ သို့မဟုတ် ထားဝယ်ရပ်ရွာ စသည်တို့ကို မည်သည့်မင်း၊ မည်သည့်ခုနှစ်၊ မည်သည့်နေရာတို့တွင် တည်ထောင်ခဲ့သည်ကို လေ့လာရှာဖွေတွေ့ရှိရမည်ဖြစ်သည်။ သို့သော် ထားဝယ်မြို့ အမည်နာမဖြင့် ဤခရိုင်အတွင်း ရှေးအတိတ်မှ ယခုပစ္စုပ္ပန် အချိန်ထိတိုင်အောင်တည်ထောင်ခဲ့ခြင်းအလျှင်းမရှိ ရှာဖွေ၍လည်းမတွေ့သေးပေ။ ထားဝယ်မြို့မှအပ နာမည်အမျိုးမျိုး နှင့်အခြားသောမြို့များကိုသာ တည်ထောင်သောမင်း၊ တည်ထောင်သောခုနှစ်၊ အချိန်နှင့်တကွ တည်သောနေရာဌာနများပါ ထားဝယ်ရာဇဝင်သမိုင်းမှတ်တမ်းများ၌ တွေ့ရှိရပေသည်။ ထားဝယ်ခရိုင်အတွင်းနေရာအနီးအဝေးအနှံ့ မြို့ဟောင်းနေရာများကို ယနေ့တိုင်ထင်ထင်ရှားရှားတွေ့ရပေသည်၊ ထို့ကြောင့် ထားဝယ်လူမျိုးဟု ပထမစ၍ ဖြစ်ပေါ်ခဲ့ကြောင်း အထောက်အထား ခိုင်လုံစေရန် တည်ထောင်ခဲ့ဖူးသော မြို့ဟောင်းများကိုစုစည်းရှာဖွေလေ့လာ၍ အောက်တွင် ဖော်ပြ လိုက်ပါသည် ။

ရှေးမြို့ဟောင်းများ

(၁) အောင်သာဝတီမြို့ဟောင်း

သာသနာသက္ကရာဇ် ၁၇ ခုနှစ်တွင် နရုတိမင်းသည် ဥရကတိုင်း အောင်သာဝတီမြို့ကို တည်ထောင်စိုးစံခဲ့လေသည်၊ ဤ အောင်သာဝတီမြို့သည် ယခုအခါ ကလိန်အောင်ရွာဝယ်အဖြစ်သို့ရောက်နေ၍ ထားဝယ်-ရေး မော်တော်ကားလမ်းပေါ် ထားဝယ်မြို့မှ ၅၇မိုင်အကွာတွင်ရှိလေသည်။

(၂) တနက်သီရိမြို့ဟောင်း

သာသနာသက္ကရာဇ် ၂၃၆ ခုနှစ်တွင် အောင်သာဝတီမြို့မှ ဓမ္မသေနမင်း၊ တနသာရီမြို့မှ ကောရဗ္ဗမင်းနှင့် နဂါးမင်း ၃ ပါးတို့သည် ထားဝယ်ကျွန်းဆွယ်အငူ ရှင်မော်၌ မြတ်စွာဘုရား၏ ဓာတ်တော်စေတီမြတ်ကို ပေါင်းဆုံတည်ကြရာ ဘုရားစေတီတည်ရန် ကြွရောက်လာသော ကောရဗ္ဗမင်းသည် တနက်သီရိမြို့ကို တည်ထောင် စိုးစံသွားခဲ့ပေသည်။ ၎င်းတနက်သီရိမြို့သည် ယခုအခါ ကနုပ်ဆိုခေါ် ရွာကြီး တစ်ရွာမျှဖြစ်ရှိနေပေသည်၊ ထားဝယ်မြစ်ဝ ရှင်မော်အငူစွန်း အရှေ့တည့်တည့် အရှေ့ကမ်းတွင်ရှိသည်၊ ထားဝယ်မြို့မှ မိုင် ၄၀ နီးပါးကွာဝေးလေသည်၊

(၃) အောင်သာဝရမြို့ဟောင်း

ကောဇာသက္ကရာဇ်အစပိုင်းလောက်တွင်တည်ခဲ့သည်ဟုယူဆရသော ရဇ္ဇုပိမင်း(ခေါ်) နရိန္ဒမင်း စိုးစံသည့် အောင်သာဝရမြို့၊ ယခု သာမညာ အောင်သာဝရ ရွာဝယ်ဖြစ်နေ

သည်။ ထားဝယ်မြို့ အရှေ့ဘက် ၃၄ မိုင်အကွာ သတ္တုတွင်းဒေသ မေတ္တာရွာမှ တနင်္သာရီမြစ်ဖျားအတိုင်း တောင်ဘက်သို့ ၃ ရက်ခန့်စုန်သွားလျှင် ယင်းအောင်သာဝရမြို့ဟောင်းကိုတွေ့နိုင်ပေသည်။

(၄) ဘုမ္မိဒေဝနဂရမြို့ဟောင်း

ကောဇာသက္ကရာဇ် ၉၄ ခုနှစ်တွင် အောင်သာဝရ မြို့မှ ရှန္တပိုမင်းသည် တစ်ဖန်ရွှေ့ပြောင်းပြီး ဘုမ္မိဒေဝ နဂရမြို့ကို အသစ် တည်ထောင်စိုးစံလေသည်။ ဤဘုမ္မိဒေဝနဂရမြို့သည် ယခုအခါမောင်မယ်ရှောင်ရွာဝယ်အဖြစ် ထားဝယ်-ရေးသွား မော်တော်ကားလမ်းပေါ် ထားဝယ်မြို့မှမြောက်ဘက် ခုနစ်မိုင်အကွာတွင် ရှိလေသည်။

(၅) သာဝရမြို့ဟောင်း

ကောဇာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် သမန္တမင်း (ရှန္တပိုမင်း၏သား)သည် ထားဝယ်မြစ်အနောက်ဘက်ကမ်း ဘုမ္မိဒေဝနဂရမြို့နှင့်(မောင်မယ်ရှောင်ရွာနှင့်) တစ်ဖက်တမ်းနေရာတွင် သာဝရမြို့ကို တည်ထောင်စိုးစံလေသည်။ ယခုအခါ သာဝရမြို့သည် သာမန်ကျေးရွာမျှသာဖြစ်ပြီး မြို့ဟောင်းဆင်ပုနစ်ရွာဟုခေါ်လေသည်။

ယင်းသာဝရမြို့၌ အနော်ရထာဘုရင်နှင့် ခေတ်ပြိုင်ဘုရင် ရှင်ဓံ (ခေါ်) သမ္မန် (ခေါ်) နန္ဒိယမင်းမြတ်သည်လည်း ထီးနန်းကို စိုးစံခဲ့ဖူးလေသည်။

(၆) မိုင်းတာရီမြို့ဟောင်း

သာဝရနှင့် ခေတ်ပြိုင်လောက်တွင် ထားဝယ်မြို့မှ အရှေ့ဘက်သတ္တုတွင်းသွား မော်တော်ကားလမ်းပေါ် ၁၀ မိုင်အကွာ၌ ရှမ်းမြို့စားမင်းများ တည်ထားစိုးစံသည့် မိုင်းကာရီမြို့ ရှိလေသည်။ ယနေ့ သတ္တုတွင်းနေရာ ပကာရီရွာဝယ်ဖြစ် လေသည်။

ယင်းမိုင်းကာရီမြို့ကို စောလွန်းရွှေ (ခေါ်) ယွန်းမင်းက စိုးစံ လေသည်။

မင်း-စောလွန်းရွှေ၌ သားတော်စောထွတ် မင်းသားနှင့် သမီးတော်စောမြဒေဝီဟူသောနန်းလျာများရှိခဲ့ကြလေသည်။

(၇) တကူမြို့ဟောင်း

မိုင်းကာရီမြို့နှင့် မရှေးမနှောင်း တစ်ခေတ်တည်းလောက်မှာပင် တကူမင်းကြီးသည် တကူမြို့ကို တည်ထောင်စိုးစံလေသည်။ ယခုလက်ဝဲကျွန်းရွာခေါ်သည်။ ထားဝယ်မြို့မှ မြောက်ဘက် သုံးမိုင်အကွာ လက်ဝဲကျွန်း ရဲရွာနေရာဒေသဖြစ်လေသည်။

မင်းကြီးကိုးကွယ်သည့် နန်းဦးဆရာတော်ကျောင်းမှာ ယခုဝဲကျွန်းသချိုင်းအနီးရှိ ဘုန်းတော်ကြီးကျောင်းနေရာပင်ဖြစ်၍ "တကူကျောင်း" (တဂူကျောင်း) ဟူ၍ပင် ယခုတိုင်ခေါ်ကြလေသည်။

(၈) ညောင်ခရားမြို့ဟောင်း

ကောဇာသက္ကရာဇ် ၂၇၆ ခုနှစ်တွင် ဥါရဝတီမှ ရှမ်းအမတ်ကြီး ဩရာဂျွန်သည် သာဝရမြို့ကို လာရောက် တိုက်ဖျက်လျက် ယခု ထားဝယ်မြို့မှ မြောက်ဘက် သုံးမိုင်ခန့်အကွာ ထားဝယ်မြစ်အရှေ့ဘက်တမ်းနေရာတွင် ညောင်ခရားမြို့ကို တည်လေသည်။

ဤညောင်ခရားမြို့ကို ယခုအခါ ဆင်ဆိပ်ရွာ ဟုခေါ်သည်။ ယင်းဆင်ဆိပ်ရွာ၌ ရှမ်းအမတ်ကြီးတည်ထားကိုးကွယ်ခဲ့သည့်ဩရာဂျွန်ဘုရားမှာယခုတိုင်တည်ရှိနေပေသေးသည်။

(၉) ဇလွန်မြို့ဟောင်း

ကောဇာသက္ကရာဇ် ၃၅၇ ခုနှစ်တွင် ဟံသာဝတီမှ ဗညားဦး စစ်ချီလာကာ ညောင်ခရားမြို့ကို တိုက်ဖျက်သည်။ ထို့နောက် ဇလွန်မြို့ ယခင်သာဝရ မြို့ဟောင်းကို ပြန်လည်ပြီး မြို့တည်ထား အုပ်စိုး ပြန်သည်။

(၁၀) ပြန်တည် (ညောင်ခရားမြို့ဟောင်း)

ကောဇာသက္ကရာဇ် ၄၃၈ ခုနှစ်တွင် တနင်္သာရီမြို့မှ ရှမ်းအမတ်ကြီး ဩရာဇွတ်သည် ဇလွန်မြို့ကို လာရောက်တိုက်ဖျက်ပြီး ယခင်မြို့ဟောင်း ညောင်ခရားမြို့ကိုအသစ်တည် အုပ်ချုပ်ပြန်လေသည်။

(၁၁) သုခဏဝရ်မြို့ဟောင်း

ကောဇာသက္ကရာဇ် ၅၁၇ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူဘုရင် ဤထားဝယ်ဒေသရောက်သောအခါ ယခု လေယာဉ်ကွင်းပြုလုပ်ထားသော နေရာတွင် သုခဏဝရ် မြို့ကို တည်ထားခဲ့ဖူးလေသည်။

(၁၂) ထောင့်ကွယ်မြို့ဟောင်း

ကောဇာသက္ကရာဇ် ၅၆၆ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူ၏မြေး နရပတိစည်သူမင်းသည်တနင်္သာရီမြို့စား စောပဲမြူ ပုန်ကန်ခြားနားသည်ကို သွားရောက်နှိမ်နင်းပြီးအပြန် ထားဝယ်ကျွန်းဆွယ်အငူ အနောက်ဘက်ပင်လယ်ကမ်းခြေ တစ်နေရာတွင် ထောင့်ကွယ်မြို့ တည်ထားခဲ့လေသည်။ ဤနေရာတွင် ယခုအခါမြို့ရွာမရှိမြို့ဟောင်းရာသာရှိလေသည်။ (ယခု ကြက်လွှတ်ရွာနှင့်နီးလေသည်။)

(၁၃) ဝေဒီမြို့ဟောင်း

ကောဇာသက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် နရပတိစည်သူမင်းမှ ဆက်နွယ်လျက် ထောင့်ကွယ်မြို့ မင်းဆက်များ

"ကနိကစတ်မင်း"၊ ယင်းသားတော် "ကနိဋ္ဌာသု"၊ ယင်းသားတော် "ကနိဋ္ဌာရုံ"၊ ယင်းသားတော် "ကနိဋ္ဌာနံ"၊ ယင်းသားတော် "ကနိဋ္ဌာသံ"၊ ယင်း၏သားတော် "ကတိဋ္ဌာဝါ"၊ ယင်း၏သားတော် "စောသူရ (ခေါ်) မင်းဆု" သည် ထောင့်ကွယ်မြို့ မှပြောင်း၍ ကောဇာသက္ကရာဇ် ၇၉၂ ခုနှစ်တွင် "ဝေဒီ"မြို့သစ်ကို တည်ထောင်ပြောင်းရွှေ့စိုးစံလေ သည်။ ဝေဒီမြို့သည် ယခုအခါ သာမညကျေးရွာမျှဖြစ်ရှိနေ သည်။ ထားဝယ်မြို့မှတောင်ဘက် (၆)မိုင်အကွာထားဝယ်မြစ် အနောက်ဘက်ကမ်းတွင် တည်ရှိသည်။

("ဝေဒီ"ဟု အမည်တွင်ခြင်း အကြောင်းကားယင်း အခါက ယင်းနေရာမြစ်ကမ်းသည် တိမ်သော ရေပဲ့ရှိပြီး ခမ်း ခြောက်သွားသည့်နေရာကဖြစ်သောကြောင့် "ဝဲတိမ်" ဟု ခေါ်ကြရာမှ ယခု ထားဝယ်အခေါ် "ဝဲတီ-ဝဲဒီ" မှ ရွေ့ လျောကာ "ဝေတီ-ဝေဒီ"ဟု တွင်လေသည်။)

ယင်းဝေဒီမြို့၌ စောသူရမင်း။ ယင်း သားတော် "မင်းစောရောင်"၊ ယင်း၏သားတော် "စောသွားရောင်"၊ ယင်း သားတော် "ရွှေနန်းတက်"၊ ယင်းသားတော် ဒိမ်ရွှေမင်းတို့ အုပ်စိုးကြပြီး နောက် သာဂရမြို့ကို အုပ်စိုးသည့် ရှင်ဓံ(နန္ဒိယ) မင်းနှင့် မိဖုရားစောမြဒေဝီတို့ သားတော် "ဗလ စောရန်နိုင် ခေါ် စောသီလမင်း" ပြောင်းရွှေ့ အုပ်စိုးလေသည်။

(၁၄) မုတ္တသုခနဂရ မြို့ဟောင်း

ကောဇာသက္ကရာဇ် ၇၇၉ခုနှစ်တွင် (ပထမ အင်းဝ မင်းခေါင်ကြီးဖြစ်မည့်မင်းရွှေ ဒိမ်နိမ့်စံဘဝတွင် ဤဒေသ- ဆံရှည်သူမ-ယခု အခေါ် အထက်ဆန်းချီရွာမှ ရွာသူကြီးသမီး နှင့် အကြောင်းပါ၍ ရသောသားသည် ဆန်းကြယ်ကျောင်း ဆရာတော်နှင့်တကွ အမတ်ပညာရှိများနှင့် ညီနိုင်းတိုင်ပင် ညီညွတ်ကြကာ နန်းတော်ဆောက်တည်ရန် စက်လေးပါး ကြံရာ "ပေါက်တိုင်းချောင်း။ ဖော်ချောင်း။ ကံပေါက်ချောင်း (ယခု ထားဝယ်မြစ်) ယင်းသုံးချောင်းတို့ ဆုံမိရာဒေသ ဘူမိ နက်သန်အရပ်၌သီတင်းကျွတ်လဆန်း(၁)ရက်ကြာသပတေး နေ့နံနက်နေဝန်းပေါ် ချိန်တွင် "မုတ္တသုခနဂရ"ဟု မြို့နန်း တည်ပြီး "မင်းတရား"ဘွဲ့ခံယူကာ ထီးဖြူအုပ်မိုး စိုးစံတော် မူလေသည်။ ယနေ့ထားဝယ်မြို့မှ မြောက်သွား မော်တော်ကား လမ်းပေါ် (၆)မိုင်အကွာတန်ခိုးကြီးသော မျောလေးမျော သမိုင်းဝင် ရှင်မုတ္တီး ဘုရားရှိသောရွာဖြစ်လေသည်။

(၁၅) မြို့သက်မရှည်သော မြို့ဟောင်းများ

မြို့သက်မရှည်များစွာလည်း မထင်ရှားလှသော ကနိုင်းငယ်မြို့ ကမြော၊မြို့တို့ကဲ့သို့ တည်ထားခဲ့ဖူးသောမြို့ များလည်း များစွာရှိခဲ့ လေသည်။

(၁၆) တလိုင်းရှောင်မြို့ဟောင်း

ကောဇာသက္ကရာဇ် ၁၁၀၂ ခုနှစ်တွင် ဟံသာဝတီ ပါ အင်းဝဘုရင်၏ လက်အောက်ခံ (သာဂရ)ဇလွန်မြို့စား မင်းနဲ့လှသည် မွန်နှင့် မြန်မာအရေးတော်ပုံ ဖြစ်နေခိုက် အင်းဝဘုရင်လည်း ဟံသာဝတီသို့ပါသွားချိန်တွင် မည်သူ့ လက်အောက်မှ ခြေဇစ်မဟုတ်ဟုကျေညာပြီး တသီးတခြား မင်းအဖြစ်အုပ်ချုပ်နေလေသည်။ ထိုအခါ မုတ္တမမှမွန်များ လာတိုက်သော်လည်းမရမွန်တို့လည်းရွှေဘိုမှဦးအောင်ဇေယျ ရန်ကို ဖြိုရန်လုံးပန်း နေရချိန်တွင် ယခုထင်ရှားရှိနေသော ထားဝယ်မြို့၊ ကြက်စားပြင်နေရာ၌ ကောဇာသက္ကရာဇ် ၁၁၁၃-ယာယီမြို့အဖြစ် "တလိုင်း ရှောင်မြို့" ကိုတည်ခဲ့လေ သည်။

(၁၇) သာယာဝတီမြို့ဟောင်း

ကောဇာသက္ကရာဇ် ၁၁၁၆ ခုနှစ် ရောက်သော အခါ မင်းနဲ့လှသည် ယခုထင်ရှားရှိ နေသော ထားဝယ်မြို့ နေရာတွင် အုတ်မြို့ရိုးနှင့် အခိုင်အခန့်ပြုလုပ်၍ ကောဇာ သက္ကရာဇ် ၁၁၁၆ ခုနှစ်တပေါင်း လဆန်း၁၃ရက်၊ စနေနေ့ တွင် မြို့သစ်တည်ခဲ့လေသည်။ ဤမြို့ကား မြို့တည်စဉ်က "သာယာဝတီမြို့" ဟု သမုတ်ခဲ့လေသည်။ ယင်းမြို့တည် နေရာသည်ရှေးအခါက ပင်လယ်တိမ်နေရာသာဖြစ်ခဲ့၍ မြို့တည်ခဲ့ဘူးသေးသည် မဟုတ်ပေ။ မြို့တည်စဉ်အခါမှာ ကုန်းမြေပေါ် ထွန်းစကြောင့်မြို့၏အနေအထားမှာသက်နုသော မြေဖြစ်နေသေးသည်။

မှတ်ချက် ။ ။ (၁) ဤသို့မြို့များတည်ထားခဲ့ပုံများကို လေ့လာလျှင် ထားဝယ်ခရိုင်အတွင်း မည်သည့်အချိန်ကမှ ထားဝယ်မြို့ဟုမရှိခဲ့သေးပေ။ ယခုနောက်ဆုံး ကောဇာ သက္ကရာဇ် ၁၁၁၆ ခုနှစ် မင်းနဲ့လှတည်သောမြို့ပင်လျှင် ထားဝယ်မြို့ဟု အမည်သမုတ်ခြင်းမပြု သာယာဝတီမြို့ဟု သာ သမုတ်ခဲ့သော မြို့ဖြစ်သည်။ သို့သော် ထားဝယ်လူမျိုး တစ်နည်း ထားဝယ်သူ ထားဝယ်သားများနေထိုင်ကြသည်ကို အကြောင်းပြု၍ မူလ အမည်ပျောက်ပြီး ထားဝယ်မြို့ဟု ခေါ်တွင် အသိအမှတ်ပြုကြသည်။

(၂) အထက်တွင်ဖော်ပြထားသော မြို့ဟောင်းများ သည် သမိုင်းမှတ်တမ်းများအဖြစ်သည်။ မြို့ဟောင်းများဆို သည့် အတိုင်းလည်း မြို့ရိုး မြို့တာများ ကျုံးများ တစ်ဝက် တပျက်ရှိ ကြသေးသည်။

ရှေးဟောင်းအမွေအနှစ် ဒင်္ဂါးများ

ထားဝယ်လူမျိုးတို့၏မြို့ဟောင်းများမှ တွေ့ရှိသော ဒင်္ဂါးများသည် အခြားမြို့ဟောင်းများမှတွေ့ရှိသောဒင်္ဂါး များထက် တစ်မျိုးတစ်ဘာသာထူးခြားကွဲပြားချက်ရှိလေသည်။

အများအားဖြင့်- အခြားမြို့ဟောင်း အသီးသီးမှ တွေ့ရှိသော ဒင်္ဂါးများမှာ - ရွှေ ငွေ ကြေးအစရှိသဖြင့် သတ္တုများဖြင့် သွန်းလုပ်ထားသည်က များပေသည်။

ထားဝယ်ဒေသမြို့ဟောင်းများမှ တွေ့ရှိသောဒင်္ဂါးများမှာ ခဲမဖြူအဖြိုက်နက် (WOLFRAM) သတ္တုဖြင့်သွန်းလုပ်ထားပြီး အရွယ်အစားမှာလည်း အခြားဒင်္ဂါးများထက် ကြီးမားလေသည်။

ဝေဒီ ဒင်္ဂါး

ဝေဒီမြို့ဟောင်းအနီး (ယခု-ဝေဒီရွာ)အနီးထားဝယ်မြစ်ကမ်းပါးများတွင် သဲသောင်ထူး၊ သဲသောင်စုပ်ယူသောစက်လှေများမှ ရရှိသောဒင်္ဂါးများဖြစ်သည်။ ဝေဒီဒင်္ဂါးတွင် အမျိုးကွဲနှစ်မျိုးတွေ့ရှိရသည်။

အရွယ်အစားနှင့် သွန်းလုပ်ထားသော သတ္တုတို့ တူသော်လည်း - သင်္ကေတများမှာမူ ကွဲပြားခြားနားလေသည်

ပထမတစ်မျိုးမှာ လောင်းလှေပုံသဏ္ဍာန်လိုလို အောက်တွင်စတုဂံအကွက်များပါရှိပြီး ထိုသင်္ကေတအောက်၌ ဗိန္ဒုအစက်အပြောက်များပါရှိသည်။ ထိုသင်္ကေတအားလုံးကို စက်ဝိုင်းတစ်ခုနှင့် ဗိန္ဒုအစက်အပြောက်များဖြင့် ဝိုင်းရံ တန်ဆာဆင်ထားသည်။

အခြားတစ်ဖက်၌ ရှေးဟောင်းစာပေများပါရှိပြီး ၎င်းကို စက်ဝိုင်းနှင့် ဗိန္ဒုအစက်အပြောက်များဖြင့် ဝိုင်းရံ တန်ဆာဆင်ထားလေသည်။

ဒုတိယအမျိုးအစား ဒင်္ဂါးမှာ "နဂါးပုံသင်္ကေတ" ပါရှိပြီး၊ ယင်းကိုစက်ဝိုင်းနှင့်ဗိန္ဒုအစက်အပြောက်များဖြင့်ဝိုင်းရံတန်ဆာဆင်ထားလေသည်။

တစ်ဖက်၌ ရှေးဟောင်းစာပေများပါရှိပြီး ယင်းတို့ကို စက်ဝိုင်းနှင့် ဗိန္ဒုအစက်အပြောက်တို့ဖြင့်ဝိုင်းရံတန်ဆာဆင်ထားလေသည်၊

မဟာသုခံဏာဂရံ ဒင်္ဂါး

ယင်းဒင်္ဂါး၏တစ်ဖက်၌ တိုးနယားရှုပ်ပုံပါရှိ၍ - စက်ဝိုင်းနှင့်ဗိန္ဒု အစက်အပြောက်များဖြင့် ဝိုင်းရံတန်ဆာ ဆင်ထားသည်။

အခြားတစ်ဖက်တွင်မူ အလယ်၌ လှည်းဘီးကြော ပုံ ပါရှိပြီး ယင်းတို့ကို စက်ဝိုင်းနှင့် ဗိန္ဒု အစက်အပြောက်များ နှင့် ဝိုင်းရံ တန်ဆာဆင်ထားသည်။

ထူးခြားချက်မှာ စက်ဝိုင်းနှင့် လှည်းဘီး ကြော သင်္ကေတအကြားတွင် မှန်စာပါရှိခြင်းပင် ဖြစ်သည်။

ထိုမှန်စာကို မှန်နှင့်ထောင်ကြည့်မှ ဖတ်၍ရ သောစာသားဖြစ်သည်။

ထိုမှန်စာမှာ - မဟာသုခံဇာဂရဲဟု ရေးထိုးထား လေသည်။

ထို့ကြောင့် ယင်းဒင်္ဂါးများကို မဟာသုခံဇာဂရဲ ဒင်္ဂါးဟု အမည်ပေးခြေင်းဖြစ်ပေသည်။ ယင်းဒင်္ဂါးများကို သုခဇာဂရဲနှင့် သာဂရ မြို့ဟောင်းများ အနီးအနားစပ်ကြား ဒေသရှိ ဆင်ဆိပ်ချောင်းအတွင်းတွင် တွေ့ရှိခဲ့ရ၏။ ရှေးဟောင်းသုတေသနပညာရှင်များက ယင်းဒင်္ဂါးကို သာဂရ မြို့ဟောင်းတွင် သုံးစွဲခဲ့သောဒင်္ဂါးအဖြစ် ယူဆကြလေသည်။

ထားဝယ်ဒေသမှ ရရှိသော ဒင်္ဂါးများမှာ အချင်းအား ဖြင့် ၂၀သမ၅လက်မ ထု ၁-၃ မီလီ မီတာ အထိ ရှိကြလေသည်။



ရှေးဟောင်းဆေးတံများ

ရှေးဟောင်းဒင်္ဂါးများအပြင် ရှေးဟောင်းဆေးတံများကို ထားဝယ်မြို့မှ လောင်းလုံမြို့သို့သွားရာ ဝေဒီမြို့ဟောင်းနှင့် သာဂရမြို့ဟောင်းအကြား ကမျောကင်းတံတားအနီးက ဘုရွာနံဘေးရှိ ထားဝယ်မြစ်အတွင်းမှပင်တွေ့ရှိခဲ့ပြန်သည်။ ထိုတွေ့ရှိခဲ့ရသော ဆေးတံအမျိုးအစားပုံသဏ္ဌာန်နှစ်မျိုး မှာလည်း တစ်ခုနှင့်တစ်ခု သဏ္ဌာန်မတူညီကြပေ။

ထိုဆေးတံများကို လေ့လာကြည့်ရာ ပထမအမျိုးအစားဆေးတံကို သဲဆန်သောမြေ (*Sandy Clay*)ဖြင့် ပြုလုပ်ထားသည်ကို တွေ့ရှိပြီး ဆေးတံအိုး၏ အောက်ခြေတွင် အရစ်အဖောင်းများပါရှိသော်လည်း ရေတိုက်စား၍ အလွန်မှေးမှိန်နေသည်ကို တွေ့ရပေသည်။ ဆေးတံအိုးနှင့် ဆေးတံရိုးအကြားတွင် အရစ်လိုင်းများကိုဖော်ထားပြန်သည်၊ အရိုးတံကို ဝါးလုံးခပ်သေးသေး အရိုးတံဖြင့်ဆက်၍ သောက်သုံးရသော ပုံစံဖြစ်သည်ကိုတွေ့ရှိသည်။ ထို ဆေးတံအိုး၏ပုံစံမှာ သပိတ်ပုံဖြစ်သည်။

ဒုတိယအမျိုးအစားဆေးတံမှာ နွံ့စေးမြေဖြင့် ပြုလုပ်ထားပြီး ဆေးတံအိုး၏ပုံစံမှာ သောက်ရေအိုးပုံသဏ္ဌာန်ရှိကာ ရွှေဖရုံသီးကဲ့သို့ ဒေါင်လိုက်အဖောင်းအရစ်များပါရှိသည်ကို တွေ့ရှိရသည်။

ဆေးတံ၏အောက်ခြေတွင် အရစ် အဖောင်းတို့ဖြင့် တန်ဆာဆင်ထားပြီး ဆေးတံအိုးနှင့် အောက်ခြေအကြားတွင် မျဉ်းလိုင်းများဖြင့် အရွက်ပုံသဏ္ဌာန်များပါရှိလေသည်။ ဆေးတံအရိုးတွင်မျဉ်းလိုင်းများနှင့် ဝိုးအစက်အပြောက်များကလည်း ထူးခြားမှုဖြစ်သည်။ နောက်တစ်ချက် ထူးခြားချက်မှာ ဆေးတံအိုးနှင့်ဆေးတံ အရိုးအကျေးအဆက်အကြားတွင် ကြိုးသီးပေါက်ပါရှိခြင်းဖြစ်ပေသည်။

ထိုဆေးတံသည်လည်း ဝါးရိုးတံ ခပ်သေးသေးဖြင့် စွပ်ယူ သောက်သုံးရသော ပုံစံဖြစ်လေသည်။

သို့ဖြစ်ပေရာ၊ ထားဝယ်လူမျိုးဆိုသည် **ရှေးခေတ် ပဝေသဏီကတည်းက ကိုယ့်ရပ်ကိုယ့်ဒေသ ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် တခမ်းတနား** သီးခြားစံမြန်းခဲ့သော မင်းများ၊ မြို့ဟောင်းများရှိခဲ့ကြပါကြောင်းကို ရှာဖွေတင်ပြ လိုက်ရပေသည်။

ကျမ်းကိုး

1. ထားဝယ်ယဉ်ကျေးမှုအမြုတေ (ထားဝယ်ကျော်မင်း)
2. ထားဝယ်ရာဇဝင်သမိုင်း (ရွှေဝယ်စ)

မင်းမင်း (ထားဝယ်)

သမိုင်းအကြိုခေတ်ထားဝယ်ဒေသ

● ရတနာ (ထားဝယ်)

ဧအဒီ ၁၀၄၄ ခုနှစ် ပုဂံခေတ်ဦးကာလမှ သမိုင်းတင်ခေတ် အသီးသီးကိုဖြတ်သန်းလျက် မျက်မှောက် ကာလတိုင်အောင် မြန်မာ့ယဉ်ကျေးမှု သမိုင်းစဉ်သည် ထားဝယ်ဒေသနှင့် ကွာဟမှုမရှိ တစ်သားတည်းထွန်းကား ယှဉ်တွဲလာခဲ့သည်ကို ထားဝယ်ရေးရာမှတ်တမ်းပဒေသာ စာအုပ်အပိုင်း (၁) နှင့် (၂) တွင်ဉာဏ်မီသလောက် တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခု သမိုင်းအကြိုခေတ် ထားဝယ်ဒေသ အကြောင်း စာရေးသူ၏ ယူဆချက်များကို စာဖတ်သူများ ဝေဖန်သုံးသပ် နိုင်စေရန် အနည်းငယ် တင်ပြခြင်းဖြစ်ပါသည်။

မြန်မာ့ရေမြေပေါ်တွင် လူသားမျိုးနွယ် ဖြစ်ထွန်းပေါ် ပေါက်လာသည်မှ အစပြု၍ ယဉ်ကျေးမှုနယ်ပယ်ကဏ္ဍ အသီးသီး၌ ဖွံ့ဖြိုး တိုးတက်ခဲ့ကြောင်း သမိုင်းအစဉ်အလာ ခိုင်မာခဲ့ကြ ကြောင်း အများသိရှိထားပြီးဖြစ်သည်။

သမိုင်းမတင်မီခေတ်၊ သံခေတ်ယဉ်ကျေးမှုနှင့် ပျူမြို့ပြ ယဉ်ကျေးမှု စတင်ထွန်းကားခဲ့ရာ သမိုင်းကြို ခေတ် မြန်မာ့ သမိုင်းစဉ်နှင့်ထားဝယ်ဒေသဝန်းကျင် သမိုင်းစဉ်သည်ကွာဟမှု မရှိ ယှဉ်တွဲထင်ဟပ်ထွန်း ကားလာခဲ့သည်ဟု ယူဆရပါသည်။

(က) ထားဝယ်ဒေသနှင့် ပျူယဉ်ကျေးမှု အငွေ့ အသက်များ

မြန်မာ့သမိုင်းစဉ်တွင် ပျူမြို့ဟောင်းများဖြစ်သည့် ဗိဿနိုး၊ တကောင်း၊ ဟန်လင်း၊ သရေခေတ္တရာ၊ မိုင်းမော စသောမြို့ဟောင်းများအပြင် သမိုင်းခွင်တွင်ပါဝင်သည့် ထည့်သွင်းနိုင်ခြင်းမရှိသေးသော ပျူမြို့ဟောင်းများဖြစ်သည့် သင်းတွဲ၊ ဝတီး၊ တောင်ညို၊ လယ်ကိုင်း၊ စလင်း၊ အလ္လကပ္ပ၊ ဗိုးဝင်းတောင်၊ အင်းလေး စသောမြို့များတွင် ပျူမြို့ပြ ယဉ်ကျေးမှု အထောက်အထားများ ခြေရာအစအန



ချန်ထား ခဲ့ကြသည်ကို တွေ့မြင်နေကြရသည်ဟုဆိုသည်။

ထိုနည်းတူစွာ ထားဝယ်ဒေသဝန်းကျင်တွင် ရှေးဟောင်း ပျူလူမျိုးတို့၏ အထိမ်းအမှတ် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများအား ဖော်ထုတ်လျက်ပျူလူမျိုးများ အဆင့်အတန်း မြင့်မားသော ယဉ်ကျေးမှုဖြင့် ရပ်တည်နေထိုင်ခဲ့ကြသည်ကို ဓာတ်ပုံ အထောက်အထားများဖြင့် ဖြည့်စွက် လေ့လာနိုင်ကြစေရန် ယှဉ်တွဲတင်ပြအပ်ပါသည်။ (အပိုင်း (က)ဓါတ်ပုံ နံပါတ် ၁ မှ ၁၇ ထိ (၅)ရွက်၊ အပိုင်း(ခ) ဓာတ်ပုံ နံပါတ် ၁၈ မှ ၂၃ ထိ (၄)ရွက်)



ရှေးနှစ်ပေါင်းတစ်ထောင်ခန့် ထားဝယ်ဒေသဝန်းကျင် နေထိုင်ခဲ့ကြသော ဆွေတော်မျိုးတော်များ ယဉ်ကျေးမှု အဆင့်မြင့်မားခဲ့ကြပုံကို ယနေ့မျိုးဆက်သစ်များ ရှေးဖြစ်ဟောင်းအောက်မေ့ဘွယ်ရာများကို သိရှိခံစားနိုင်ကြစေရန် မြေမီးဖုတ်ပစ္စည်းများ ကြေး၊ ကျောက်၊ သံစသော လူသုံး ကုန်ပစ္စည်းများကို လုပ်ဆောင်သုံးစွဲခဲ့ကြပုံများကို မှတ်တမ်းဓါတ်ပုံဖြင့်တင်ပြလိုက်ရပါသည်။

မြေပုတီးစေ့

(ခ) ကြေးထည်၊ သံထည်ကပြောသော ထားဝယ် ယဉ်ကျေးမှု အဆင့်အတန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် ရှေးနှစ်ပေါင်း များစွာကပင် ဖြစ်ထွန်းလာခဲ့ကြောင်း ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ သက်သေသာကေ နိုင်နိုင်မာမာဖြင့် ဂုဏ်ယူဝင့်ကြွား နိုင်ခဲ့ကြသည်၊

၂၀။ ကြေးဆေးတံ .. ဆေးအိုးကိုယ်ထည်လက်ရာမြောက်ခြင်္သေ့ရုပ်
အမြီးပိုင်းပြောင်းတံတွင် နွယ်ကြိုးလိမ်အလှဆင်

ကြေးကလပ် အမြင့် ၁ ပေ ၈ လက်မ အဝအကျယ် - ၂ ပေ ၂ လက်မ
ခါးကျဉ်းပတ်လည် - ၃ ပေ ၁ လက်မ ကြေးအလေးချိန် ..၅၀ ပိဿာခန့်.

[illegible]

တန်ဖိုးကြီးမားသော ကိုယ်ပိုင်ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများသည် သဘာဝဘေးအန္တရာယ်များကြောင့် ပျက်စီးဆုံးရှုံးသွားခြင်းသာမက လူသားများကြောင့် ပျက်စီးဆုံးရှုံးသွားရခြင်းဖြင့်လည်း လက်လွှတ်ဆုံးရှုံးရခြင်းများရှိခဲ့ကြသည်ကိုသတိထားမိခဲ့ကြပါလိမ့်မည်။

မိမိနိုင်ငံ၏လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးတမ်းများ မပျောက်ပျက်သွားစေမှုဟူ၍ ခေတ်အဆက်ဆက် အစဉ်အဆက်မပျက် ထိန်းသိမ်းသွားနိုင်ကြမှသာလျှင် ယနေ့သိပ္ပံနှင့်နည်းပညာများ သတင်းနှင့်လူထုဆက်သွယ်ရေး အတတ်ပညာများ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနေသော ခေတ်ကာလနှင့် တိုးတက်ပြောင်းလဲမှု ခွဲခြားဆန်းစစ်နိုင်ကြမည် ဖြစ်သည်။

ကိုယ်ပိုင်ယဉ်ကျေးမှု ပစ္စည်းများ၏ အဆင့်အတန်း၊ မြင့်မားကြောင်းကို ဖော်ထုတ်ပြနိုင်သည်နှင့်အမျှ မိမိတို့၏ လူမျိုး၊ နိုင်ငံသည်လည်း ဂုဏ်ရည် မြင့်မားဝင့်ကြွားနိုင်ကြမည်သာ ဖြစ်သည်။

ထို့အတွက်ကြောင့် ထားဝယ်ဒေသ ရေမြေတွင် ရှေးနှစ်ပေါင်းများစွာက နေထိုင်လာခဲ့ကြသော လူသားမျိုးနွယ်တို့ သုံးစွဲလာခဲ့ကြသည့် မြုပ်ကွယ်နေသော အသုံးအဆောင် ပစ္စည်းများနှင့်မျက်မှောက်မြင်တွေ့နေကြရသော ရှေးဟောင်းစာပေစသော ပစ္စည်းအသုံးအဆောင်များကို အလေးထားလျက် ဖော်ထုတ်ပေးနိုင်ကြစေရန် တိုက်တွန်းလိုက်ရခြင်းဖြစ်ပါသည်။ ။

ရတနာ (ထားဝယ်)

꧁ ꧁ ꧁ ꧁ ꧁

ထားဝယ်ဒေသမှ ပျူနိုင်ငံ၏မြို့ဟောင်းများ

— ဒေါက်တာဦးဖေညာဏ်

ထားဝယ်ဒေသသမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာမည်ဆိုပါလျှင် ထားဝယ်၊ တနင်္သာရီ (N 12. 14, E 97.08) ဒေသသည် သက်ရင့်တောင်တန်းကြီး၏ အနောက်ဘက်တွင် တည်ရှိပြီး ပူအိုက်စွတ်စို၍ မိုးလေဝသကောင်းသော ဒေသဖြစ်ကာ၊ သဘာဝတွင်းထွက်သတ္တုများ ပေါကြွယ်ဝခြင်း၊ ပင်လယ်ပြင်ကြီး နောက်ခံရှိ၍ အစာရေစာ၊ သားငါးပေါများခြင်း၊ ဥယျာဉ်ခြံမြေများနှင့် သစ်တောကြီးများရှိ၍ စီးပွားရေးပြည့်စုံသောဒေသဖြစ်ကာ သတ္တိဖျတ္တိရှိသော လူချွန်များထွက်ပေါ်လေ့ရှိသောဒေသဖြစ်ပါသည်။ သမိုင်းမတင်မီခေတ်ကပင် လူနေခဲ့ကြသော်လည်း တစ်နှစ်လျှင် မိုးရေချိန်လက်မ ၁၀၀ အထက် ရွာသွန်းသောဒေသ ဖြစ်၍ ရှေးဟောင်းမြို့ရိုး၊ ပုထိုးစေတီစသည်တို့ ပျက်စီးလွယ်သဖြင့်လည်းကောင်း၊ ခရီးလမ်းပန်းဝေးလံ၍လည်းကောင်း သမိုင်းပညာရှင်တို့ ခြေရာကောက်ရန် အခက်အခဲရှိသော ဒေသတစ်ခုဖြစ်ပါသည်။

မှန်နန်းရာဇဝင်တွင်တမ္ပဒီပပျူတို့နေထိုင်ရာ ဟံသာဝတီ ပြည်ကြီးပျက်စီးသွားချိန်၌ ရခိုင်တစ်စု၊ တနင်္သာရီ တစ်စု၊ ထားဝယ် တစ်စု သုံးစု ကွဲသွားခဲ့ကြောင်း ဖော်ပြခြင်း ခံရသည့် လူမျိုးဖြစ်ပါသည်။

ပုဂံခေတ်မြန်မာမင်းများ လက်ထက်တွင် နှစ်သိန်းပြည့်မြို့စာရင်းတွင်ပါဝင်သော မြို့ဖြစ်ပါသည်။ ထားဝယ်လူမျိုးတို့သည် သက်၊ ရခိုင်၊တောင်သူ၊ ပျူ၊ ကမ်းယံ၊ ယော၊ ထားဝယ် ဟူသောရှေးမြန်မာခုနစ်မျိုးတွင် ပါဝင်သော လူမျိုးဖြစ်ပါသည်။ ကောင်းကင်နက္ခတ်တွင်လည်း အဖြနက္ခတ်သည် ထားဝယ်ဒေသကို ကိုယ်စားပြုသည့် နက္ခတ်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးပဒေသာဂီကပင်ထင်ရှားခဲ့သောလူမျိုးတစ်မျိုးဖြစ်ပါသည်။ ခေတ်အဆက်ဆက်ကိုကျော်ဖြတ်၍ အရှေ့တွင် ယိုးဒယား၊ မြောက်ဘက်တွင်မွန် လူမျိုးများ အကြားတွင်ရှိသော်လည်း မြန်မာမင်းအပေါ် သစ္စာရှိစွာဖြင့် ကြံ့ကြံ့ခိုင်ခိုင် ရပ်တည်ပြီး မြန်မာမင်းတို့ အုပ်ချုပ်ရာဒေသပင် ဖြစ်ပါသည်။ ဒုရာကတိုင်းသို့ ဂေါတမမြတ်စွာဘုရားဝါတော် (၁၁)ဝါအရတွင် ရောက်ရှိလာခဲ့ရာ သာဂရမြို့အနီးရှိ တနန်းတောင်တော်တွင် ထက်ဝယ်ဖွဲ့ခွေ၍ သီတင်းသုံးခဲ့ပါသည်။ ထိုသို့ ထက်ဝယ်ဖွဲ့ခွေ၍ထိုင်ခဲ့သောကြောင့် ရှေးစကား ထဝိုင် မှ ထားဝယ်သို့ ပြောင်းရွှေ့လာကြောင်း ရှေးစကားရှိပါသည်။

ဂေါတမဘုရားရှင်လက်ထက်တော်က သာဂရမြို့ဟောင်းအနီးရှိကနန်းတောင်ကိုဝေမိသသကတောင်ဟုခေါ်သည်။

ကကုသန်ဘုရားသခင်လက်ထက်က "သုဝဏ္ဏဂီရိတောင်"၊ ကောဏာဂုံဘုရားသခင်လက်ထက်က "ဝိရိဝေဘာတောင်"၊ ကဿပဘုရားရှင်လက်ထက်က "မဟေသရတောင်" ဟု ခေါ်ပါသည်။

ဂေါတမဘုရားသခင်သည် ဝါတော် (၁၁)ဝါအရတွင် ယခု ကနန်းတောင်သို့ ကြွလာရာ သုဓောဝ သူဌေး၏သား ဂဝံပတေ့ရသေ့သည် မြတ်စွာဘုရားကို ကြည်ညိုလှူရကားစားမည့် ဆဲဆဲသစ်သီး ခွမ်းကိုလှူဒါန်းလေသည်။ ကုဋ္ဌာ

ယကွဘီလူးနတ်မင်း စုဗ္ဗဒသီးကိုလည်းကောင်း၊ ဗုရကနတ်သားသည် ဖူးရှင်းသီးကိုလည်းကောင်း အသီးသီးကပ်လှူကြလေသည်။ မြတ်စွာဘုရားသခင်သည် ဆွမ်းဘုဉ်းပေးတော်မူပြီး တရားဟောတော်မူရာ ဂဝံပတေ့ရသေ့သည် ထိုနေရာတွင်ပင် ရဟန္တာဖြစ်တော်မူလေသည်။

မြတ်စွာဘုရားသခင်သည် ဗုရကနတ်သားအားဆံတော်သုံးဆူကို ပေးတော်မူ၍ ရွှေဘုရားသုံးဆူတို့၏ ဆံတော်တို့နှင့်အတူ ကုန်းမြတ်ဖြစ်သော ရေး ထားဝယ် ကားလမ်းအနီးရှိ ကလိန်အောင်သုဝဏ္ဏသေလာတောင်ကုန်း၌ဌာပနာကာစေတီတည်ထားကိုးကွယ်စေတော်မူသည်။ ယခု ကလိန်အောင်ဆံတော်ရှင် စေတီတော် ဖြစ်ပါသည်။

ဂဝံပတေ့ရဟန္တာ၏ လျှောက်ထားချက်အရ သုဝဏ္ဏဂီရိတောင်၌ မြတ်စွာဘုရား၏ လက်ဝဲခြေတော်ရာကို ကိုးကွယ်ရန်အလို့ငှာချထားတော်မူရာ ယခု "နဘုလယ်" ခြေတော်ရာဟုတွင်ပါသည်။ ထိုအချိန်တွင် မြတ်စွာဘုရားကို ကြည်ညိုစိတ်ဖြင့်စတ္တပါက ကျွဲမင်းသည် ရှိခိုးပူဇော်ရာ ညီတော်အာနန္ဒအားဘုရားသခင်က ဤကျွဲမင်းသည် ငါ့အားပူဇော်ရသောအကျိုးအားကြောင့် သာသနာတော်နှစ် ၁၂၃ တွင် "သာဂရ" ဟူသောမြို့ကိုသမန္တမင်းအဖြစ်အုပ်စိုး၍ငါဘုရား၏သာသနာတော်ကို ပွင့်လင်းထွန်းကား စေလတ္တံ့ဟု ဗျာဒိတ်စကားမိန့်ကြားတော်မူသည်။

ဗုရကနတ်သားသည် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြု၍ သာသနာတော်တစ်နှစ်တွင် သုဝဏ္ဏဘူမိ သထုံပြည်ရှင်သီဟရာဇာမင်း၏ သားတော် ဘာနုရာဇာမင်း၏ သုဝဏ္ဏရူပမဟေသီမိဖုရားတွင် ပဋိသန္ဓေတည်ကာ ဖွားမြင်လေသည်။ မြတ်စွာဘုရား၏ ဗျာဒိတ်တော်အတိုင်း ထိုမင်းသားသည်ဗုရကတိုင်း အောင်သာဝတီ ကလိန်အောင်မြို့ကိုအုပ်စိုးသည့်နရုတိမင်းသား ဖြစ်လာ၍ သာသနာတော်နှစ် ၂၄ ခု ပြာသိုလဆန်း ၂ ရက်၊ ကြာသပတေးနေ့တွင် ရွှေယခင်က ဗုရကနတ်သားဘဝက ဌာပနာခဲ့သည့် ဆံတော် သုံးဆူကို ဖွင့်လှစ်တော်မူရာ မြတ်စွာဘုရားဆံတော် သုံးဆူသည် ရောင်ခြည်တော် ခြောက်သွယ်ကွန့်မြူး၍ ကောင်းကင်ပြင်တွင် အဆန်းတကြယ်တန်ခိုး ပြာဋိဟာပြတော်မူ၍ ရဟန်းရှင်လူ သူဌေးသူကြွယ်အပေါင်းတို့ မရေမတွက်နိုင်သော ရွှေငွေရတနာတို့ကို လှူဒါန်း၍ စေတီတော်တည်ထား ကိုးကွယ်လေသည်။ နရုတိမင်းသည် ဘိုးတော်၊ဘွားတော်၊ခမည်းတော်၊ မယ်တော်နှင့် နရုတိမင်း၊ မိဖုရား၊ သားတော် ဗိမ်ရှေ့မင်းသားတို့၏ ရုပ်တုတော်ကို ရွှေကိုယ်လေးနှင့် ဌာပနာတော်မူ၍တပေါင်းလပြည့်နေ့ အင်္ဂါနေ့တွင် ဌာပနာတိုက်ပိတ်တော်မူသည်။ ယခုအချိန်တိုင် နှစ်စဉ်နှစ်တိုင်း တပေါင်းလပြည့်နေ့၌ ဘုရားပွဲကျင်းပလေ့ရှိပါသည်။ ထိုကလိန်အောင် ဆံတော်ရှင် ဘုရားကိုသာသနာတော်နှစ် ၁၉၈ တွင် ဓမ္မသေနမင်းသည်လည်းကောင်း၊ သာသနာတော်နှစ် ၅၅၈ တွင် ဓမ္မဝိဟဇယမင်းသည်လည်းကောင်း၊ သာသနာတော်နှစ် ၈၈၅ တွင် သာဂရမြို့၊ နန္ဒိယမင်း(ရှင်ဝံ)တို့သည်လည်းကောင်း ဆက်လက်၍ ပြုပြင်ကုသိုလ်ယူလာကြရာ ကောဇာ ၁၁၂၈ပြည့်နှစ်တွင် အလောင်းမင်းတရားအထိ ပြုပြင်ခဲ့ကြသည်။

သာသနာတော်နှစ် ၃၅ ခုနှစ်၊ တပေါင်းလပြည့်တွင် မြတ်စွာဘုရားဗျာဒိတ်တော်အရ နရုတိမင်းပင်လျှင် မှိုဘုံးတောင် (ကွာသိမ္ဗတောင်)တွင် ဇင်းမယ်မင်း၊ ယိုးဒယားမင်း၊ ယွန်းမင်းတို့နှင့်အတောင် ၁၀၀ အမြင့်စေတီကို စစ်အင်္ဂါလေးပါးခင်းကျင်း၍တည်လေသည်။ မှိုဘုံးတောင်ကား ထားဝယ်မြို့မှ မြောက်ဖက် ၇ မိုင်ခန့်တွင် တည်ရှိပါသည်။ မှိုဘုံးတောင်စေတီဌာပနာပွဲတွင် ဇင်းမယ်မင်းက ညာဖက်တော်ခြောက် လက်မရှိ မြသားရုပ်ပွားတော်၊ ယိုးဒယားမင်းက ညာဖက်တော် ၁၀ လက်မရှိ မြသားစေတီတော်၊ ယွန်းမင်းကညာဖက်တော် ခြောက်လက်မရှိ မိဋ္ဌာရုပ်ပွားတော်နှင့် နရုတိမင်းက ညာဖက်တော်ခြောက် လက်မရှိ သံသေရုပ်ပွားတော်ကို မြသား တော်ဖိုက်ပင် စိုက်လျက် ရွှေသားစေတီနှင့်အုပ်ပြီး၊ စိန်ထီးတင် ဌာပနာခဲ့သည်ဟု ခမ်းနားစွာ ရေးသားထားပါသည်။

ထိုနရုတိမင်းသည် သာသနာတော် ၆၇ ခုနှစ်တွင် ရဟန္တာပင့်ဆောင်ခဲ့သောဓာတ်တော်များကိုဌာပနာ၍ သာသနာတော်နှစ် ၆၉ ခု၊ တန်ခူးလဆန်း ၁၀ ရက် သောကြာနေ့တွင် ထားဝယ်မြို့ရှိ ရွှေတောင်စားစေတီတော်ကို တည်ပါသည်။ သာသနာတော် ၁၂၀ ခုနှစ်တွင် နရုတိမင်း၏မြေးတော် စန္ဒသူရိယမင်းနှင့် နောင်မင်းအဆက်ဆက်တို့ပြုပြင်ခဲ့ရာ ကောဇာသက္ကရာဇ် ၁၁၂၄ ခုနှစ်တွင် ယခုစေတီတော်ပုံအတိုင်းတည်ရှိပါသည်။

နရုတိမင်း၏ အဆက်အနွယ်တို့ကား နရာဒိပမင်း၊ ဓမ္မသေနမင်း၊ ဓမ္မဝိယမင်းတို့ဖြစ်ကြ၍ သာသနာတော်နှစ် ၁၂၃ တွင်သမန္တရာဇာမင်းသည် ကလိန်အောင်မြို့မှပြောင်းရွှေ့တာ သာဂရမြို့ကို တည်ထောင်အုပ်စိုးသည်။သာဂရမြို့ကို

ကောဇာသက္ကရာဇ် ၂၇၆ တွင်ဗ္ဗါရဝတီမှရှမ်းအမတ်ပြည်ရာဂမွန် လာရောက်တိုက်ဖျက်ပြီး ထားဝယ်မှ သုံးမိုင်ကွာဝေးသော ဆင်ဆိပ်ရွာတွင် ပျောင်ခရားမြို့ကိုတည်သည်၊ ထို့နောက် ဟံသာဝတီမှဗညားဦးကပျောင်ခရားကို တိုက်ဖျက်၍ သာဂရမြို့ဟောင်းကိုပြန်တည်သည်။ကောဇာသက္ကရာဇ် ၄၃၈ တွင် တနင်္သာရီမြို့မှ ရှမ်းအမတ် ပြည်ရာစစ္စတ်သည် လာရောက် တိုက်ဖျက်သည်။ ကောဇာသက္ကရာဇ် ၉၂၄၊ ဝါဆိုလပြည့် ဗုဒ္ဓဟူးနေ့တွင် ဟံသာဝတီဆင်ဖြူရှင်က သာဂရမြို့ကိုပြန်တည်သည်။ ကောဇာသက္ကရာဇ် ၁၁၀၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက် စနေနေ့ တွင် သာဂရမြို့မှ ရွှေ့ပြောင်းလာပြီး ယခု ထားဝယ်မြို့သစ်ကို မြို့တည်နန်းလှ တည်သည်။ သာဂရမြို့တွင် သမ္ဗန်မင်းတည်ခဲ့သော နတ်တွင်းစေတီ၊ မြင်ထင်ဘုရားများရှိပါသည်။နောင် သာဂရမြို့ကိုဆက်ခံစိုးစံသောရှင်ဖံ(နန္ဒီယမင်း) နှင့်အမြွာမယ်ဇော တို့သည် သာသနာတော်နှစ် ၈၈၉၊ တပေါင်းလပြည့်ကျော် ၃ ရက်၊ စနေနေ့နေဝန်းပေါ်ချိန်၌သာဂရမြို့တွင် မြတ်စွာဘုရား၏ မြသလွန်ကို တည်ထားဌာပနာဖူးသည့်နေရာ၌ ရွှေအမည်ဟောင်းအတိုင်းပင် ရှင်သလွန်စေတီတော်ကို တည်ထား ကိုးကွယ်တော်မူသည်။

သာသနာတော်နှစ် ၈၅၅၊ တပေါင်းလပြည့်နေ့တွင် ရှင်ဇောရှင်ဖံ အမြွာမောင်နှမကို မွေးဖွားသည်၊ သာသနာနှစ် ၈၇၅ တွင် ရှင်ဖံသည် နန္ဒီယမင်းအဖြစ် အိမ်ရှေ့အပ်နှင်းခံရသည်။ သာသနာတော်နှစ် ၈၈၅ တွင် မင်းဖြစ်သည်။ သာသနာတော်နှစ် ၈၈၅ တန်ခူးလပြည့်တွင် သီဟိုဠ်ကျွန်းမှ ရဟန္တာအရှင်မြတ်များဓာတ်တော်နှင့်ကြွလာသည်။ ထို ဓာတ်တော်များဖြင့် ရှင်မာတ်ဝဲစေတီကို သာသနာတော်နှစ် ၈၈၉၊ တပေါင်းလပြည့်နေ့တွင် တည်ထားပြီး၍ ခမ်းနားကြီးကျယ်စွာ လှူတော်မူသည်။

ရှင်သလွန်ဘုရားနှင့် ခေတ်ပြိုင်ရှင်မာတ်ဝဲစေတီတော် ဌာပနာပွဲတွင် -

သုဝဏ္ဏဘုမ္မိသထုံပြည်မှ သံဃာတော်	၁၀၀၀
ဇင်းမယ်ပြည်မှ သံဃာတော်	၅၀၀
ယွန်းပြည်မှ သံဃာတော်	၅၀၀
ယိုးဒယားပြည်မှသံဃာတော်	၅၀၀
တနင်္သာရီမှသံဃာတော်	၃၀၀
ဘုမ္မိနဂရမြို့တော်(သာဂရ)မှ သံဃာတော်	၈၀၀၀

ဧညဝတီရခိုင်ပြည်မှ သံဃာတော် ၂၀၀ ပေါင်း သံဃာတော် ၄၀၀၀ ကြွရောက်ကြကြောင်း ဆိုထားပါ သည်။ ရှင်မာတ်ဝဲစေတီ မှာ ထားဝယ်မြို့မှ မြောက်ဘက်(၇) မိုင်အကွာတွင်ရှိပြီးမှိုဘုံးတောင်အနီးတွင်ရှိပါသည်။အမတော် မယ်ဇောကို လွမ်းဆွတ်သဖြင့် မောင်တော် နန္ဒီယမင်း(ရှင်ဖံ) သည် ဇလွန်းရွာတွင် ရှင်ဇောလွမ်းစေတီကို တည်ခဲ့ပါသည်။

သမိုင်းအစနေဖြင့်တင်ပြရလျှင် ပျူလူမျိုးတို့သည်မြန်မာ နိုင်ငံအနှံ့နှင့် ယိုးဒယား၊ ကမ္ဘောဒီးယား၊ မလေးရှား တို့အထိ ပျံ့နှံ့တည်ရှိခဲ့ပါသည်။သထုံနယ်တွင်လည်းကောင်း၊ မော်လမြိုင် နယ်တွင်လည်းကောင်း၊ ရေးနယ်တွင်လည်းကောင်း၊ ထားဝယ် နယ်တွင်လည်းကောင်း၊ တနင်္သာရီနယ်တွင် လည်းကောင်း၊ မလေးရှားနယ်စပ်နှင့် ယိုးဒယားတို့တွင်လည်းကောင်း၊ ပျူခေတ် လက်စင်းရာအုတ်ချပ်များ၊ ပျူအနိုးအိုးများကို တွေ့မြင် ရပါသည်။

ပျူ ၁၂ ပြည်ထောင်ကို ပျူသမိုင်းမှတ်တမ်းများအဆိုအရ

(၁) အေလိုပျူ ငှင်းတို့မြို့တော်များမှာ
 တကောင်း၊ ငဆောင်ချမ်း။
(၂) ဟန်လင်းပျူ ဟန်လင်းမြို့တော်။
(၃) ကချင်ပျူ မေရှာမိုးကောင်းမြို့တော်၊
(၄) ချင်းပျူ ဖလမ်း တီးတိန်မြို့တော်။
(၅) အစီရိုပျူ ဧညဝတီမြို့တော်။
(၆) မြန်မာပျူ တောင်တွင်း၊ ကျောက်ပန်းတောင်း၊
 ယုန်လွတ်၊ သီရိပစ္စယာ၊ ပုဂံ၊ တမ္ပဝတီမြို့တော်များ။
(၇) ကံမိုးစပျူ မိုင်းနဲ့မြို့တော်။
(၈) တိုင်းရယ်ပျူ တိုင်းရယ် ကျိုင်းတုံမြို့ တော်များ၊
(၉) တလောင်ဝေပျူ တလောက်ဝေးသထုံမြို့တော်များ။
(၁၀) တိမ်မယ်ပျူ တိန်မယ်၊ ပဲခူးမြို့တော်များ။
(၁၁) မော်ဇာပျူ မော်ဇာမြို့တော်၊ ပြည်မြို့သရေခေတ္တရာ။
(၁၂) တနင်္သာရီပျူ ထားဝယ်ဒေသ

ဟုဖော်ပြထားရာ ထားဝယ်ဒေသတွင်းရှိ ပျူနိုင်ငံ၏ မြို့ဟောင်းများတွင် ပျူယဉ်ကျေးမှုများကိုနေရာအနှံ့တွေ့ရှိ ရပါသည်။ ထို ရှင်သလွန်စေတီတော်ကြီးသည်လည်း သရေ ခေတ္တရာရှိ ဘုရားပုထိုးများနှင့် ဆင်တူကာသိရိုဇ္ဈပုံပန်းဆွဲ များပါရှိပါသည်။ ၁၁၈၂ ခုနှစ်ထိုး ငွေသတ္တု ပါဝင်သော ခေါင်းလောင်းကြီး တစ်ခုလုံးကိုတွေ့ရကာ ဘုရားပတ်လည် တွင် ရှေးဟောင်းဘုန်းကြီးကျောင်းများရှိပြီး နန်းမြို့ရိုးအတွင်း

နှံ့ စေတီတော်ဖြစ်ပါသည်။ ဘုရားဖော်ရရှိသော အုတ်ချပ်များမှာ လက်စင်းရာပါ ပျူအုတ်ချပ်ကြီးများဖြစ်ကာရှေးဟောင်းပျူပုတီး များနှင့် ပျူခေတ်လက်ရာ ရွှေထည်ပစ္စည်းများကို တွေ့ရလေ့ ရှိပါသည်။ပျူခေတ်အရိုးအိုးများကိုလယ်ကွင်းပြင်များတွင် တွေ့ရပြီး အတန်းလိုက်စီ၍မြှုပ်ထားသည်ကိုတွေ့ရပါသည်။ ကျွန်တော်ယခုကျေးရွာဝန်ကြီးဌာနတွင်ရှေးဟောင်းသုတေသန အကြံပေးပုဂ္ဂိုလ်ဖြစ်လာချိန်တွင် သာဂရမြို့ဟောင်း၊ ရှင်မုတ္တီး မြို့ဟောင်းနှင့် ဝေဒီမြို့ဟောင်းတို့ တူးဖော်ခြင်းလုပ်ငန်းများ လုပ်ဆောင်ခဲ့ပါသည်။

သာဂရမြို့ဟောင်းမှာ ထားဝယ်မြို့မှ မြစ်အနောက် ဘက် ခြောက်မိုင်ခန့်အကွာတွင်ရှိပြီး မြို့ပတ်ဝန်းကျင်တွင် နဘုလယ်ခြေတော်ရာ၊ ပခန်းကြီးခြေတော်ရာတို့ကိုလည်း တွေ့ရပါသည်။ သာဂရမြို့မှ နှစ်မိုင်အကွာ ကင်းရွာဖြစ်သော ရပ်ခံတောင်ရွာတွင် တည်ထားသော ခံတောင်မြင်ဘုရားရှိပါ သည်။ မွန်မင်းများလာရောက်တိုက်ခိုက်၍ ခံစစ်ပြုသောနေရာ ဟုဆိုပါသည်။ သာဂရမြို့ဟောင်းပတ်ဝန်းကျင်တွင် မြတ်စွာ ဘုရားကြွလာ၍ဗျာဒိတ်ပေးသော ကနန်းတောင်နှင့် မြတ်စွာ ဘုရားခြေတော်ရာရှိသော နဘုလယ်ဒေသတို့အပြင် မောင်းမကန်ကမ်းခြေနှင့်လည်း နီးသဖြင့် သွားရောက်လေ့ လာသင့်သော မြို့ဟောင်းတစ်မြို့ဖြစ်ပါသည်။

ထားဝယ်မြို့အနီးတွင်ခရစ်တော် မပေါ်ခင်ကရှိခဲ့သော မြို့များအနက် သီရိဓမ္မသောကမင်း၏ စေတီပေါင်း ၈၄၀၀၀ တည်ရာတွင် ပါဝင်သော ရှင်မုတ္တီးမြို့ဟောင်းနှင့် မှိုင်းကာရီ (ပကာရီ)မြို့ဟောင်းတို့ ရှိပါသည်၊ ထားဝယ်မြို့ပေါ်တွင် သီရိဓမ္မသောကမင်းတည်ရာတွင်ပါဝင်သောကြက်သဲကိုင်းစေတီ နှင့်ဇီဝဇိုးဘုရားတို့ ရှိကာ ထိုသာသနာတော်နှစ် ၂၃၈ သည် နရတိမင်း၏ရွှစ်ဆက်မြောက် ဓမ္မသေနမင်းနန်းစံသည့်အချိန် ဖြစ်ပါသည်။

သာသနာတော်နှစ် (၂၃၈)နှစ် တပေါင်းလပြည့်နေ့ တွင်ကလိန်အောင်မြို့မှ ဓမ္မသေနမင်း၊ တနင်္သာရီမြို့မှ ကောရမ္မမင်းတို့ နဂါးမင်းနှင့်ပေါင်း၍ မြတ်စွာဘုရား၏ လက်ယာ ဖံတော်မြတ်ကိုဌာပနာကာတည်ထားသော ရှင်မော်စေတီမှာ ထားဝယ်မြို့မှမြစ်ဝဘက်မိုင် ၃၀ ခန့်တွင် တည်ရှိပါသည်။ ရှင်မော်စေတီမှာကမ္ဘာလှည့်ခရီးသည်များသို့အထွတ် ကျောက်ဆွမ်းတွင်တည်ထားသဖြင့်အလွန်သာယာကာ ကိုက်ထီးရိုး ဘုရား၊ မော်တင်စွန်းဘုရားများ ကဲ့သို့နှစ်စဉ်ဘုရားပွဲကျင်းပ ကာ စည်ကားသာယာလှပါသည်။

ရှင်မော်စေတီတည်စက တနင်္သာရီမြို့မှ ကောရမ္မမင်း သည် ထားဝယ်မြစ်အရှေ့ဘက်ကမ်းရှိ ကနက်သီရိရွာတွင် မြို့တည်ကာ စေတ္တစိုးစံခဲ့ပါသည်။ မြို့ရိုးဟောင်းနေရာ ယခု တိုင် ရှိပါသည်။

သာသနာတော်နှစ် (၂၃၈)သည် ၅၄၄-၂၃၈၊ ဘီစီ ၃၀၆ ခုနှစ် ဖြစ်သောကြောင့် ခရစ်တော်မတိုင်မီနှစ်ပေါင်း ၃၀၀ခန့်က ကလိန်အောင်မြို့၊ တနင်္သာရီမြို့၊ သာဂရမြို့၊ ရှင်မုတ္တီး (မုတ္တိနာ ဂရမြို့) (မှိုင်းကာရီ)မြို့၊ ထားဝယ်မြို့ (သုခနာဂရမြို့) တို့ရှိ နေပြီဖြစ်ကြောင်း ထင်ရှားပါသည်။

ကောဇာသက္ကရာဇ် ၅၁၇ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ကမ္ဘာကျော် ဗောဓိရောဇ္ဇုဒွါဘုရား ကြီးကိုတည်ခဲ့ပြီး မာလာယုကျွန်းမှ အပြန်တွင် ရှင်မော်စေတီ ကို ဝင်ရောက်ဖူးမြော်ကာ ရွှေချမွမ်းမံပြီး ဖောင်တော်ဦးစေတီ တစ်ဆူ ထပ်မံတည်ထားပါသည်။ ကျွန်သီးတော် ၅၀ ကို လှူဒါန်းခဲ့ပါသည်၊ ထိုအခါက ဦးထောင်၊ ဦးနောင်၊ ဦးဆောင်သော ထားဝယ်လူမျိုး ငါးရာကို ပုဂံသို့ခေါ်သွား၍ အင်းလေး ဒေသတွင်နေရာချထား ပေးပါသည်။ အင်းလေးဒေသမှာ ချောင်ကျယ်ဖြစ်နေ၍ ရေကျွမ်းကျင်သော ထားဝယ်သားများ ကို နေရာချပေးခြင်းဖြစ်သည်။

အင်းလေး ဟဲယာရွာဆရာတော် ဦးသောဘိတ ရေး သည့် ရှမ်းပြည်ရာဇဝင်အကျဉ်းတွင်မှ ပြောင်ရွှေတော်ဘုရားက ဦးထောင်၊ ဦးနောင်ညီအစ်ကိုနှစ်ဦးနှင့် ထားဝယ်လူမျိုး အိမ်ထောင်စု ၃၆-စု ကို ပထမဦးစွာ နန့်သဲရွာတွင် နေရာချ ထားသည်။ တစ်စတစ်စတိုးပွားလာသည်နှင့်ဟဲယား နန်းပန်း၊ နောင်တော၊ ပန်းပုံလေးရွာကို တည်ထောင်ကြပြန်ရာ ထို လေးရွာကို အကြောင်းပြု၍ အင်းလေးရွာဟု ခေါ်ဆိုကြောင်း ပါရှိပါသည်။ ဖောင်တော်ဦးဘုရားလှည့်လည်ရာတွင် ထားဝယ်သားများ ပထမဦးစွာ အခြေချသည့် နန့်သဲရွာသို့ ရှေးအစဉ်အဆက်မပျက်လှည့်လည်လေ့ရှိပါသည်။အင်းလေး သားတို့သည် နှစ်ပေါင်း ၈၀၀ ကျော် ၉၀၀ နီးပါး ထားဝယ် ဒေသမှ ထွက်ခွာခဲ့ကြသော်လည်း ထားဝယ်စကားနှင့်နီးစပ် စွာပြောဆိုလျက်ရှိကြပါသည်။

အလောင်းစည်သူမင်းသည် ထားဝယ်မြစ်ကြောင်း အတိုင်းဆန်တက်လာ၍ ယခုထားဝယ်မြို့နေရာ လေးသာင် ကွင်း အနီးတွင် သုခနာဂရမြို့ကို တည်တော်မူသည်။ ထိုစဉ် အခါက ရှင်အရဟံပါလာရာသိမ်သမုတ်တော်မူ၍ ရှင်အရဟံ သိမ်ဟု မြို့ဟောင်းတွင် ယခုတိုင် ရှိပါသည်။ အလောင်း

စည်သူမင်းနှင့် ရှင်အရဟံ တို့တနင်္သာရီနယ်တွင် သိမ်ကြီး ၁၂ လုံး သမုတ်ခဲ့ရာ ထိုသိမ်များနှင့်ခေတ်ပြိုင် ဖြစ်ပါသည်။

သုခနာဂရမြို့ဟောင်းမှရသော ပုဂံ ခေတ်အုတ်ခွက်ဘုရားတစ်ဆူကို ထားဝယ်မြို့မှ တောင်ဘက်နှစ်မိုင်ရှိ ပေါက်တိုင်းရွာ၊ ရွှေဂူကျောင်းဆရာတော်ထံမှ ရရှိပြီး ထိုကျောင်းတိုက်တွင်ခေမာခေတ်ဦးဗွါရဝတီလက်ရာဆင်းတုတော်တစ်ဆူ ရှိရာနှစ်ပေခန့်ရှိပြီးအချိုးအစား ကျနကာသပ္ပါယ်လှပါသည်။

အလောင်းစည်သူမင်း၏မြေးတော် ဖြစ်သော နရပတိစည်သူမင်းသည်လည်း ရှင်မော်စေတီကို ကောဇာသက္ကရာဇ် ၅၆၆ တွင် လာရောက်ဖူးမြော်ကာ ကြက်လွတ်ရွာအနီးတွင် ထောင့်ကွယ်မြို့ကိုတည်ထားပါသည်။ ထောင့်ကွယ်မြို့ကို ကနိကဝတ်မင်း။ ယင်း၏သားတော်-ကနိဌာသုမင်း၊ ယင်း၏သားတော်-ကနိဌာရုံ၊ ယင်း၏သားတော်-ကနိဌာသံ၊ ယင်း၏သားတော် -ကနိဌာဝါ၊ ယင်း၏သားတော်-ဓာသုရတို့စိုးစံပြီး ထိုမင်းလက်ထက်ကောဇာ ၇၉၂ တွင် ဝေဒီမြို့ကို တည်ထောင်သည်။

ဝေဒီမြို့တွင် မင်းဆုဓေ၊ မင်းရောင်၊ ရွှေနန်းတတ်၊ ဗိမ်ရွှေရှင်၊ နတ်ရွာလား၊ မင်းရှင်ဦး၊ ပညာမင်းစိုး မင်းသီလစသော မင်းရှစ်ပါး ကောဇာသက္ကရာဇ် ၈၅၀ ကျော်အထိ အုပ်စိုးခဲ့တာ မြို့ရိုးတာ နှစ်မိုင်ပတ်လည်ခန့်ရှိပါသေးသည်။ ထိုမြို့မှာထားဝယ်မြို့မှလောင်းလုံမြို့သို့သွားသည့် ကားလမ်းပေါ်တွင်ရှိပြီး ထားဝယ်မြစ်ဘက်သို့ နှစ်မိုင်ခန့်ဆင်းသွားရပါသည်။ မြို့ရိုးအနည်းငယ်သာရှိတော့ပြီး အုတ်ချပ်ကြီးများမှာ နေရာအနှံ့တွေ့ရှိရပါသည်။ နန်းတော်ရာကုန်းလည်းရှိပါသည်၊ ထိုဝေဒီမြို့၏ ဗိမ်ရွှေမင်းသားဥဇနာသည် ယိုးဒယားလူမျိုးများနှင့် စစ်ကြီးဖြစ်၍ကျဆုံးခဲ့ရသည်ဟု ဆိုပါသည်။ ရှမ်းမလည်ဆွဲ ရွှမ်းမတွင်းစသည့် သမိုင်းကြောင်းများ ကျန်ရှိပါသေးသည်၊ ထို့ကြောင့် နရပတိစည်သူမင်း၏ ဓမ္မရာဇိကဘုရားကျောက်စာတွင်ပုဂံ၏ နိုင်ငံတော်အပိုင်းခြားကို "တောင်သို့လားသော် ထားဝယ်သလင်ကြေ" ဟု ရေးထိုးထားရာသလင်ကြေဟူသောအရပ်သည် ထားဝယ်တနင်္သာရီကိုကျော်၍ မလေးရှားနယ်အတွင်းရှိ ဆလင်းဂေါ် ပြည်နယ်ဟု သမိုင်းပညာရှင်တို့က ဆိုကြပါသည်။

ထားဝယ်မြို့မှ တောင်ဘက် မြိတ်မြို့ အသွား ၆-မိုင်အကွာတွင်ရှိသော မုတ္တီးမြို့ဟောင်းမှာ ကြီးမား၍ စိတ်ဝင်စားဖွယ်ရာကောင်းပါသည်၊ ရှင်မုတ္တီးမြို့မှ အနောက်ဘက်ခုနစ်မိုင်အကွာတွင် ဝေဒီမြို့၊ မြောက်ဘက် ခုနစ်မိုင်အကွာတွင် ထားဝယ်မြို့၊ အရှေ့မြောက်ဘက် ခုနစ်မိုင်အကွာတွင် နိုင်းကာရီ (ပကာရီ) မြို့ဟောင်းတို့တည်ရှိပြီး၊ မြို့မှာသုံးခါမျှ ထပ်၍တည်ထားသောမြို့ဖြစ်ကြောင်း ကောင်းကင်မြေတိုင်းဓာတ်ပုံအရ တွေ့ရှိရပါသည်။ မြို့ဧရိယာမှာ အချင်းသုံးမိုင်မျှရှိပြီး ရှေးဟောင်း စေတီပုထိုးများလည်း ရှိပါသည်။

ရှင်မုတ္တီးမြို့ဟောင်းတွင် သာသနာတော်နှစ် ၉၅၀ကျော်က သီဟိုဠ်ကျွန်းမှ မဟာနာမ်မင်း၊ ဘုရားလေးဆူ အဓိဋ္ဌာန်ပြု၍ မျှောရာတွင် သက်န်းတုံးဖောင်ဖြင့် ကြွရောက် လာသောဂေါတမမြတ်စွာဘုရား သရုက္ခန်သား ရုပ်ပွားတော် တည်ရှိသည့်သိမ်ဇေတ်ကြီး၊ သီရိမ္ဗာသောကမင်းလက်ထက် ဘုရားကြီးနှင့် ရွှေဂူတောင်ဘုရား။ ပသျှူးကြောက်ဘုရား၊ သဲကြောလဲ ဘုရားစသည်တို့ အထင်အရှားရှိပါသည်။

မဟာနာမ်မင်းဘုရားလေးဆူ အဓိဋ္ဌာန်ပြု၍မျှောတော်မူရာရှင်မုတ္တီး၊ကျိုက်ထီး၊ကျိုက်ပေါလော၊ ပုသိမ်ရွှေမုဋ္ဌောသို့ ရောက်ရှိခဲ့ရာ ထိုသမိုင်းကြောင်းသည် အလွန်ခိုင်မာပါသည်၊ ခရစ်တော်နှစ် ဖေဒီ ၄၀၀ ခန့်ဖြစ်ပါသည်။

ရွှေဂူတောင်ဘုရားမှာ ဘီစီ ၃၀၀ခန့်က တည်ထားသော သီရိဓမ္မာသောကမင်း တည်ထားသောဘုရား ဖြစ်လေရာ ထိုမြို့သည်လည်း ခရစ်တော်မပေါ် မီကမြို့ ဖြစ်ပါသည်။

ရှင်မုတ္တီးမြို့ဟောင်းတွင် ခရစ်နှစ် ၁၉၂၄ ခုနှစ်က အုတ်ခွက် ဆင်းတုတော် ၃၀၀ ကျော်ကို တွေ့ရှိခဲ့ကြောင်း။ ရန်ကုန်လေးသို့ရှစ်ခုပို့ပေးခဲ့ကြောင်း၊ ကျောက်စာဝန်ဦးမြ၏ ရှေးဟောင်းအုတ်ခွက်ရုပ်ပွားတော်များ သုတေသနစာအုပ် အတွဲ ၁ တွင်တွေ့ရှိရပါသည်။ ရုပ်ပွားတော်တစ်ဆူတွင်မွန်အက္ခရာဖြင့် ဤမြတ်စွာဘုရား၏ ရုပ်ပွားတော်ကို ငါတို့အရှင်ဖြစ်သော အရှင်သီရိတြိဘာဝနာဒိတြိဓမ္မရာဇ်မင်းကြီး၏ ကျွန်ဖြစ်သော သမ္မင်အနန္တတေဇယျဘိကြာန်ပြုလုပ်သည်။ ငါတို့အရှင် ဘုရားဖြစ်သောအခါ ငါသည်အရှင်ထံ၌တပည့်ရဟန္တာဖြစ်ပါစေသတည်းဟု ဆုတောင်း ပါရှိပါသည်။

ခရစ်နှစ် ၁၉၅၈ ခုနှစ်တွင် ဦးကျော်မင်း ထိုဒေသမှ ပေးပို့လိုက်သော အုတ်ခွက်ဘုရား တစ်ဆူတွင်လည်းကျောဘက်တွင် "ဤဘုရားရှင် ရုပ်ပွားတော်ကို သီရိတြိဘောဝနာဒိတြိဓမ္မရာဇ်မင်း၏ ကျွန်ဖြစ်သော သံဖျင်ဟိစိသည်ပြုလုပ်သတည်း။ အတို့သခင် ဘုရားစင်စစ်ကေန်ဖြစ်သောအခါ

ငါသည်ထိုဘုရားရှင်၏တပည့် ရဟန္တာဖြစ်ပါစေသတည်း" ဟူသော ဆုတောင်းစာ ပါရှိပါသည်။

အွဲ့အမည်ပါသော ထိုရှင်ဘုရင်မှာ ပုဂံပြည်ရှင် ကျန်စစ်သားမင်းကြီးဖြစ်၍ထားဝယ်နယ်ကိုစားသောငယ်ကျွန် မြို့စားမှ အုတ်ခွက်ရုပ်ပွားတော်ကို လက်ဖြင့်သွန်း လုပ်ပူဇော် ပြီး အရှင်မင်းတရားနှင့် ဘဝဆက်တိုင်း ပါရမီဖြည့်ဘက်ဖြစ် ကာအရှင်မင်းတရားဘုရားဖြစ်သောအခါမှ နိဗ္ဗာန်အတူဝင်ရ ပါစေသား ဟူသောသစ္စာရှိလှသည့် ငယ်ကျွန်တစ်ဦး၏ ဆုတောင်းစာပါသောဘုရားများတွေ့ရှိသောနေရာဖြစ်ပါသည်။

ထိုရှင်မုတ္တီးဘုရားအဆင်းတွင် ရှင်စောပုခေတ်က လှူ ဒါန်းခဲ့သော မွန်စာထိုးခေါင်းလောင်းကြီးတစ်လုံးကိုတွေ့ရ ပါသည်။

ရှင်မုတ္တီးမြို့ကို မြန်မာအင်းဝဘုရင်များ လက်ထက် တွင် အင်းဝဘုရင်မင်းခေါင်၏သား မင်းတရားက ကောဇာသက္က ရာဇ် ၇၇၉ ခုနှစ် သီတင်းကျွတ်လဆန်း ၁ ရက် ကြာသပတေး နံနက် နေဝန်းပေါ်ချိန်တွင် မုတ္တသုခနာဂရမြို့ကို တည်ထောင် ခဲ့၍ ရှင်မုတ္တီးမြို့သည် ခေတ်အဆက်ဆက်ကပင် မြန်မာမင်း များ၏ နိုင်ငံတော်ဖြစ်ခဲ့ပါသည်။

ကျွန်တော်သည် ခရစ်နှစ် ၁၉၉၇ခုနှစ် တွင် ထားဝယ် မြို့သို့ သွားရောက်ရာ၌ ကျွန်တော်၏ ဇာတိရပ်ရွာဖြစ်သော ထားဝယ်မှ တောင်ဘက် ၁၇ မိုင် အကွာတွင်ရှိသော သရက် ချောင်းမြို့သို့ မိတ်ဆွေဖြစ်သူ ဦးကျော်ရှိန်နှင့်အတူ သွားကြ ရာ ညနေ ၃ နာရီ အချိန်ခန့်၌ ရှင်မုတ္တီးဘုရားကြီးသို့ ရောက်ရှိ ပါသည်။ ထိုအချိန်တွင် ကျေးရွာကောင်စီဥက္ကဋ္ဌ ဦးမောင်သန်း အား အုတ်ခွက်ဘုရား အလိုရှိကြောင်း ပြောပြရာ ရွာသားနှစ်ဦး ကိုခေါ်၍ရှင်မုတ္တီးဘုရား၏ အရှေ့တောင်ဘက်ရှိ ကုန်းကမူ တစ်ခုသို့သွားကာ မိနစ် ၃၀ ခန့်အတွင်း အုတ်ခွက်ရုပ်ပွားသုံး ဆူကို ရှာဖွေယူလာပေးပါသည်။

ကံတော်င်းထောက်မွှာပင် ဦးကျော်မင်းတို့ ပေးပို့ခဲ့ သော ရုပ်ပွားတော်နှင့်တူညီသည့် ရုပ်ပွားတော်တစ်ဆူကိုရရှိ ပါသည်။ ထိုထက်ပို၍ ကံကောင်းသည်မှာ ကျွန်နှစ်ဆူမှာ ကျောက်စာဝန် ဦးမြ၏ သရေခေတ္တရာ၊ မော်ဇာ၊ မထောရွာ၊ ရွှေကန်ကုန်းတောင်ဘက်တွင် တွေ့ရသည်ဟု ဖော်ပြထား သော သရေခေတ္တရာပျူခေတ်ကဆင်းတုတော်နှင့် တထေရာ တည်းတူညီသော ဆင်းတုတော်နှစ်ဆူကို ရရှိခြင်းပင်ဖြစ်ပါ သည်။ အုတ်ခွက်ဘုရားမှာ နောက်ခံတံကဲနှင့် ကြာပလ္လင်ပေါ် တွင် တင်ပျဉ်ခွေထိုင်နေပြီးလက်တော်မှာဘယ်တင်ညာချဖြစ် သည်။ ဘယ်လက်တော်မှာ သပိတ်ပိုက်ထားပြီး ဒေါတစ် ဖက်တစ်ချက်တွင် စေတီရုံနှစ်ဆူပါပါသည်။ စေတီကလေး များမှာ ကြာဖူးသဏ္ဌာန်ဖြစ်ပြီး ကြာတံ ကြာရွက်ပါရှိပါသည်။

၁၂. ၅×၁၁စင်တီမီတာရှိပါသည်။ ထိုအုတ်ခွက်ဘုရား ကို ရရှိခြင်းသည်လည်း ရှင်မုတ္တီးသည် သရေခေတ္တရာနှင့် ခေတ်ပြိုင် ပျူမြို့ဟောင်းတစ်ခုဖြစ်ကြောင်းကို ကျွန်တော် အခိုင်အမာသက်သေပြနိုင်ပြီ ဖြစ်ပါသည်။ မြန်မာ့သမိုင်း အတွက် လည်းကောင်း၊ ထားဝယ်ဒေသ ပျူသမိုင်းအတွက် လည်းကောင်း တန်ဖိုးမဖြတ်နိုင်သည့် တွေ့ရှိချက်တစ်ခုကို တွေ့ရခြင်းဖြစ်ပါသည်။

တကောင်းမြို့ဟောင်း၊ ပြောင်းမြို့ဟောင်းတို့တွင် တွေ့ရှိရသော အုတ်ခွက်ဘုရားနှင့်တထေရာတည်းတူသော အုတ်ခွက်ဘုရားကို ရှင်မုတ္တီးဒေသတွင်တွေ့ခဲ့ပါသည်။ ၂၀၀၄ ခုနှစ်က ယဉ်ကျေးမှုဝန်ကြီးဌာနသို့ ကျွန်တော် လှူဒါန်းခဲ့ဖူး ပါသည်။

ရှင်မုတ္တီးရွာကြီးနှင့်ဆက်စပ်လျက်ရှိသော ရွှေဂူတောင် ရွာ၊ ရွှေဂူတောင်ဘုရားအနီး၌ ရှေးမင်းများလက်ထက်က ဆင်ကန်၊ မြင်းကန်၊ နေရာဟောင်းများရှိခဲ့သည်။ ထိုကန်တို့ ကို ရွာသားများ တူးဖော်ခဲ့ရာတွင် သံဖြူဖြင့်ပြုလုပ်ထားသည့် ရှေးဟောင်းဒင်္ဂါးများကိုတွေ့ရှိရသည်။ဒင်္ဂါးမှာပါးပါးနှင့် အဝိုင်းများဖြစ်ကာ အပြင်ဘက်တွင် ဇီဇွာအစက် အပြောက် များဖြင့် ဝိုင်းရံထားပြီးအတွင်း၌ ကြာသွတ်အိုး (ရေအိုး)ပုံ သဏ္ဌာန် ပါရှိသည်။

ဗျော်သင်ဆန်နှင့်အယ်လ်ဒေဘရှောတို့ ပြုစုသောမြန်မာ ဒင်္ဂါးများစာအုပ်၌ ထိုဒင်္ဂါးများကို မန်ချက်စတာ ပြတိုက်တွင် ရှိသည်ဟုဖော်ပြထားသည်။ထိုဒင်္ဂါးများအကြောင်းကို ဖယ်ရာ နှင့် တင်ပယ်တို့လည်း ရေးခဲ့ဖူးသည်။ ၁၈ ရာစု အကုန် လောက်က ကက်သလစ်သာသနာပြု ဖာသာစတန်ဂျမာနို သည် ထားဝယ်ဒေသတွင် လုပသောသံဖြူဒင်္ဂါးများ ရှိကြောင်း တန်ဖိုးကြီးသော အရာဝတ္ထုများကို ထိုဒင်္ဂါးများအား အသုံးပြု၍ ရောင်းဝယ်လေ့ရှိကြောင်းဖော်ပြထားသည်။

ယခုတွေ့ရသော ဒင်္ဂါးမှာ ပျူလူမျိုးတို့ အမြတ်တနိုး သုံးစွဲလေ့ရှိသော သီရိဝစ္ဆ ငါး၊ ကြာ၊ နေ၊ လ၊ စကြာ၊ ကြာသွတ်အိုး (ရေအိုး) ဆင်၊ ခရုစသည့် မင်္ဂလာအခြံအရံများတွင် အပါအဝင် ဖြစ်သော ကြာသွတ်အိုး (ရေအိုး)ပုံကို ဝိန္ဒုအစက် အပေါက်များဖြင့် ဝိုင်းရံထားသဖြင့် ပျူယဉ်ကျေးမှုနှင့် ဆက်နွယ်နေသည့်လက်ရာဖြစ်ကြောင်း သိသာသည်။ ရော်ဘင်ဆန်နှင့် ရှော၏စာအုပ် တွင် ထိုပျူဒင်္ဂါးများနှင့်တွဲ၍ မဟာသုခနဂရ စာတမ်းပါသည့် ဒင်္ဂါးတစ်ခုကိုလည်း ဖော်ပြထားပါသည်။

ရှင်မုတ္တီး၏အနီးပတ်ဝန်းကျင်ရွာများဖြစ်သော ယွန်းဖော်ကူးတို့၊ ကနိုင်းဒါ၊ သင်းကျွန်း၊ သရက်နှစ်ခွ၊ မဲနယ်တိုး စသည်တို့တွင် လက်စင်းရာပါသော ပျူအုတ်ချပ်ကြီးများနှင့် ထားဝယ်ရှေးဟောင်း ဒင်္ဂါးတို့ကို မကြာခဏတွေ့ ရတတ်ပါသည်။ ကျွန်တော်သည် သင်းကျွန်းရွာတွင် ၉ စင်တီ မီတာရှိသော သတ္တုသွန်းဘုရားပုံတော်တစ်ခုကိုရရှိခဲ့ပါသည်။ ထိုပုံမှာ လက်အုပ်ချီထားသော မုဒြာဖြစ်ပါသည်။ ယိုးဒယားတွင် ရှေးအလွန်ကျသော ယိုးဒယားအနောက်ပိုင်း၊ ပေါင်တုတ်ဒေသတွင်တွေ့ရသောကျောက်ဆင်းတုပုံတော်နှင့်အလွန်တူပါသည်။ ခမာလက်ရာ၊ ထိုင်းလက်ရာ ထက်စောပြီး ခရစ်တော်ပေါ်ဦးစ ခေတ်ကလက်ရာဖြစ်ပါသည်။

ရှင်မုတ္တီးမြို့အဝင်ဝတွင် ဗိဿနိုးနတ်ရုပ်ဟု ယူဆရသော ဒဒသမ၄မီတာရှိ သဲကျောက် ရုပ်တုတစ်ခုရှိပါသည်။ ထို ရုပ်တုများကို မြို့နှိုးလေးထောင့်တွင် တွေ့ရှိခဲ့ဖူးပါသည်။ ရှားပါးသော ရုပ်တုဖြစ်၍ မြို့အဝင်ဝတွင်နတ်ကွန်း ပြုလုပ်ထားရာ ခရစ်နှစ် ၂၀၀၄ ခုနှစ်က ခစ်ဂျစ်တယ် ကင်မရာဖြင့် ရိုက်ကြည့်ရာ ဗိဿနိုး နတ်ပုံမဟုတ်ပဲ မြတ်စွာဘုရား၏ရုပ်တုတော်ဖြစ်နေသည်ကိုတွေ့ရပါသည်။ ဂုပ္တခေတ်လက်ရာ (သို့မဟုတ်) ဒွါရဝတီခေတ်လက်ရာ ဖြစ်ပါသည်။

ဗုဒ္ဓဘာသာကိုးကွယ်သူတို့ အင်အားနည်းလာသည့် အချိန်တွင် ဟိန္ဒူအယူဝါဒများလွှမ်းမိုးလာခဲ့သည်ဟုယူဆရပါသည်။ ထိုဒေသတွင် ပသျှူးကြောက်ဘုရား၊ ပသျှူးမကြီးဘုရား စသည်တို့လည်းရှိကြရာမလေးရှား၊ အင်ဒိုနီးရှားစသည့် ဒေသတို့တွင် ဗုဒ္ဓဘာသာပေါ်တွင် တခြားဘာသာများ လွှမ်းမိုးလာသည့် အချိန်၌ ထွက်ပြေးလာသူများ ကိုးကွယ်ကြသည်ဟု ယူဆရပါသည်။ ထိုသူတို့နှင့်အတူဟိန္ဒူဘာသာဝင်များလည်း ပါလာကာ ဗုဒ္ဓရုပ်ပွားတော်ကို ဟိန္ဒူနတ်ရုပ်အဖြစ်သို့ ပြုပြင်ထားသည်ဟု ထင်ပါသည်။ မည်သို့ဆိုစေကာမူ တနင်္သာရီတိုင်း၊ ထားဝယ်ဒေသသည် ခရစ်တော်မပေါ်မီကပင် ဗုဒ္ဓဘာသာဝင်များနေထိုင်ကြသည့် ယဉ်ကျေးမှုအဆင့် အတန်းမြင့်မားသော ပျူလူမျိုးတို့ မြို့ရွာတည်ထောင်ကာ နေထိုင်ရာ ဒေသတစ်ခု ဖြစ်ကြောင်းကို ဇာတ်ခွက်ဘုရားများ၊ ပျူခေတ်လက်စင်းရာပါ အုတ်ချပ်ကြီးများ၊ ပျူပုတီးများ၊ ပျူအိုးဆိုးများနှင့် ပျူနှင့်ဆက်နွယ်နေသော ဒင်္ဂါးများက သက်သေခံနေပြီဖြစ်ပါသည်။

အထက်ဖော်ပြပါ သမိုင်းအကြောင်းအရာများမှာ ၂၀၀၅ ခုနှစ်က ရန်ကုန်မြို့ တက္ကသိုလ်စိန်ရတုသဘင်ခန်းမ၌ ပညာရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့ပူးပေါင်း၍ကျင်းပသောစာတမ်းဖတ်ပွဲတွင် ကျွန်တော်ဖတ်ကြားခဲ့သော ခရစ်တော်မပေါ်မီက တနင်္သာရီဒေသ၊ထားဝယ် ပျူမြို့များစာတမ်းကို ကိုးကား ဖော်ပြခြင်းဖြစ်ရာ ထားဝယ်ဒေသ၏ ဂုဏ်ယူဖွယ်ရာရှေးဟောင်းမြို့တော်များ အကြောင်းပင် ဖြစ်ပါသည်။

ကိုယ်စိတ်နှစ်ပါး ချမ်းမြေ့ကြပါစေ။

ဒေါက်တာဦးဇော်ဇော်

ထားဝယ်နိဒါန်း

သို့မဟုတ် ထားဝယ်အတိတ်လမ်းသို့ ပြန်လှမ်းလျှောက်သောအခါ

● မောင်သန်းဆွေ (ထားဝယ်)

ထားဝယ်နယ်၏ ပထဝီအနေအထား

မြန်မာနိုင်ငံ၏ တောင်ဘက်အစွန်ဆုံးအပိုင်းတွင်ရှိသော တနင်္သာရီတိုင်း၏အပေါ်ပိုင်း သုံးပုံတစ်ပုံသည် ထားဝယ်နယ်ဖြစ်သည်။ ထားဝယ်သည် တနင်္သာရီတိုင်း၏ မြို့တော်ဖြစ်သည်။ ရန်ကုန်မြို့မှ အရှေ့တောင်ဘက် ၁၃၅ ဒီဂရီ အကွာတွင်ရှိ၍ မျဉ်းဖြောင့်မိုင်ပေါင်း ၂၃၀ ကွာဝေးသည်။ မြောက်ဘက်တွင် မွန်ပြည်နယ်၏ရေးမြို့နယ်၊ အရှေ့ဘက်တွင် ထိုင်း(ယိုးဒယား) နိုင်ငံ၊ တောင်ဘက်တွင် မြိတ်ခရိုင်၊ အနောက်ဘက်တွင် ကပ္ပလီပင်လယ်ပြင်တို့က ဝန်းရံလျက်ရှိသည်။ မြောက်ဘက်ရှိ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ်နှင့် မွန်ပြည်နယ်ထိစပ်နေသော နယ်နမိတ်မှာ အရှေ့မှအနောက်သို့ အကွေ့အကောက် အတိုင်း ၄၄ မိုင်ခန့်ရှည်လျားသည်။

ထားဝယ်ခရိုင်တွင် ထားဝယ်မြို့နယ်၊ လောင်းလုံမြို့နယ်၊ ရေဖြူမြို့နယ်နှင့် သရက်ချောင်းမြို့နယ် လေးမြို့နယ် ပါဝင်သည်။ ထားဝယ် လေးမြို့နယ်တွင် ထားဝယ်သူ၊ ထားဝယ်သားများသာ အစိုးရနေထိုင်သဖြင့် ထို လေးမြို့နယ်ကို ထားဝယ်နယ်ဟုခေါ်သည်။ ထားဝယ်မြို့နယ်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင် ၂၆၃၆ဒသမ၀၄၊ လောင်းလုံမြို့နယ်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင် ၃၅၅ဒသမ ၉၂ သရက်ချောင်းမြို့နယ်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင်၈၂၉ဒသမ၆၂ ရေဖြူမြို့နယ်၏ အကျယ်အဝန်းမှာ စရိယာစတုရန်းမိုင် ၁၅၈၅ဒသမ၄၁ ဖြစ်၍ ထားဝယ်လေးမြို့နယ်၏ အကျယ်အဝန်းစုစုပေါင်းမှာ စရိယာစတုရန်းမိုင် ၅၄၁၇ဒသမ၀၉ ဖြစ်သည်။

ထားဝယ်မြို့နယ်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၅၁ပေခန့်တွင်တည်ရှိသည်။ ထားဝယ်လွင်ပြင်နှင့် မြိတ်လွင်ပြင်မှာ တိုင်းအတွင်းအနိမ့်ဆုံးအပိုင်းများ ဖြစ်သည်။ အမြင့်ဆုံးတောင်မှာ ထားဝယ်မြို့နယ်တွင်ရှိသော မြင့်မိုရ်လက်ခတ်တောင်ထွတ် (မြေပုံအညွှန်း-ဝီတီ ၃၁၆၁၈) ဖြစ်၍ ပေ ၆၈၀၀ ကျော်မြင့်သည်။ တနင်္သာရီတိုင်းအတွင်းရှိ အထင်ရှားဆုံးတောင်သည် ထားဝယ်မြို့၏ အရှေ့တောင်ဘက် ၁၆မိုင်အကွာတွင်ရှိသော နွားလဘို့တောင်(မြေပုံအညွှန်း-ဝီအို ၃၄၃၂၅၀) ဖြစ်ပြီး ၅၀၆၃ ပေမြင့်သည်။

ထားဝယ်နယ်သည် အပူအအေးလွန်ကဲခြင်းမရှိ နွေနှင့်ဆောင်း အပူချိန်ကွာခြားမှုနည်းပြီး မိုးရွာသွန်းမှုကောင်းသည်ကိုတွေ့ရသည်။ မိုးရေချိန်လက်မ ၁၅၀ မှ ၂၀၀ ကျော်အထိရွာသွန်းသည်။ အများဆုံးရွာသွန်းသည့်နယ်မှာ လောင်းလုံမြို့နယ်ဖြစ်ပြီး နှစ်စဉ်မိုးရေချိန် ၂၂၈ လက်မကျော်အထက်တွင်ရှိသည်။ ထားဝယ်နယ်တွင် မိုးရွာရက်အနေဖြင့် နှစ်စဉ်ရက်ပေါင်း ၁၅၀ ပတ်ဝန်းကျင်တွင်ရှိသည်။ ထားဝယ်မြို့၏ အပူချိန်အမြင့်ဆုံးမှာ (၁၀၀) ဒီဂရီဖာရင်ဟိုက်အထိဖြစ်၏။

ဤသို့သော ပထဝီအနေအထားတွင်ရှိသည့် ထားဝယ်ဒေသတွင် ထားဝယ်နယ်နှင့်ထားဝယ်နယ်သားတို့သည် မည်သည့် အချိန်ကဖြစ်ပေါ်ခဲ့သည်ကို ကြည့်ကြရအောင်။

ထားဝယ်နယ်၏အကြိုသမိုင်း

နိုင်ငံတစ်နိုင်ငံ (သို့မဟုတ်) နယ်တစ်နယ်၏ သမိုင်းကြောင်းကို ဖော်ထုတ်ရာတွင် သမိုင်းခေတ်အလိုက်ရှိခဲ့သော

ကျောက်စာ၊ မင်စာ၊ ပေစာ၊ လူ့အသုံးအဆောင်၊ အဆောက်အအုံစသည့် အချက်အလက်များအပေါ် အခြေခံရသည်။ ထားဝယ်နယ်၏ သမိုင်းဖြစ်စဉ်ကို ဖော်ထုတ်ရာတွင် အထက်ကဆိုခဲ့သော အချက်အလက် အထောက်အထားများ တိကျခိုင်မာပြည့်စုံရန် လိုအပ်ပါသည်။ သို့ရာတွင် ထားဝယ်နယ်၏ မိုးရွာသွန်းမှု လွန်ကဲခြင်း အခြေအနေအရလည်းကောင်း၊ မင်းနေပြည်တော် (သို့) အုပ်ချုပ်ရေး ဗဟိုချက်ကိုက်ရာမြို့တော်နှင့် ကွာလှမ်းဝေးသောဒေသ ဖြစ်၍လည်းကောင်း၊ နှစ်ပေါင်း ၉၀၀ ကျော်အတွင်း ဖြစ်ခဲ့သည့် စစ်ပွဲအကြီးအသေးများအရလည်းကောင်း၊ အထောက်အထားဖြစ်စရာ မြေပေါ်မြေအောက်ပစ္စည်းများ၊ မှတ်တမ်းမှတ်ရာများ ပျက်စီးပျောက်ဆုံးခဲ့ရပေသည်။

သို့ရာတွင် ထားဝယ်နယ်၏ အတိတ်သမိုင်းဖြစ်စဉ်ကို ဖော်ထုတ်တင်ပြရာတွင် မြေအောက်တူးဖော်မှု သုတေသနအားနည်း၍ မြေပေါ်ရှိအနေအထားအရ တွေ့သမျှ အဆောက်အအုံပစ္စည်းများနှင့် လက်လှမ်းမီသမျှ စာအုပ်စာတမ်းများကိုသာ အားကိုးအထောက်ထားပြု၍ ဖော်ပြရသဖြင့် နေရာပေါင်း များစွာတွင် သမိုင်းဖြစ်စဉ်ကွင်းဆက်များ ပြတ်နေသည်ကို တွေ့ရပေမည်။

ထားဝယ်နယ်၏အကြိုသမိုင်း (သမိုင်းမတိုင်မီကာလ) ကို ဦးစွာဖော်ပြရလျှင် ဒေါက်တာသန်းထွန်း၏ မြန်မာ့အကြိုသမိုင်းစာတမ်း (၁၉၇၁၊ စက်တင်ဘာ ၂၆တွင် ၁၀နှစ်မြောက် ကန်သာစိမ်းလဲ့နှစ်လည်ပွဲကို ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်နယ်မြေ အမရဆောင်၌ကျင်းပစဉ် ဖတ်ကြားသော စာတမ်းဖြစ်ပါသည်)[၁] တွင် -

“မြန်မာ့အကြိုသမိုင်းကိုရေးရလျှင် ဘူမိဗေဒ အခြေခံက စရပေလိမ့်မည်။ သက်ဦးကပ်[၂] (နှစ်ပေါင်း ၂၂၅ မှ ၆၀၀ အထိကာလ)အတွင်းမြန်မာနိုင်ငံဟုခေါ် သောမြေနေရာ၏အရှေ့ပိုင်း (ရှမ်း-တနင်္သာရီဒေသ)တွင် အချိန်တော်တော်များများ၌ ပင်လယ်တိမ်များရှိခဲ့သည်။ ထိုအချိန်တွင် ရခိုင်ရိုးမနှင့် အလယ်မြေနိမ့်ပိုင်းသည် ကုန်းမြေဖြစ်ဟန်ရှိသည်။

သက်လယ်ကပ်[၃] (နှစ်ပေါင်း ၇၀ မှ ၂၂၅ အထိကာလ) အတွင်း မြန်မာနိုင်ငံ၏အရှေ့ပိုင်းသည်ကုန်းမြေဖြစ်စပြုပြီးအချို့နေရာများ၌သာ ပင်လယ်ငယ်များ ဖုံးနေသေးသည်။ ထိုအချိန်တွင် ရခိုင်ရိုးမနေရာတွင်နက်ရှိုင်းသော ပင်လယ်ဖြစ်နေ၏။

သက်နှောင်းကပ်[၄] အစောပိုင်းတွင် ရှမ်း၊ တနင်္သာရီဒေသသည် ကုန်းမြေဒေသဖြစ်နေပြီး ရခိုင်ရိုးမနှင့် အလယ်မြေနိမ့်ပိုင်းတို့သည်ပင်လယ်ငယ်ဖြစ်နေသေးသည်။ သက်နှောင်းကပ်အလယ်ပိုင်းတွင်ရခိုင်ရိုးမသည်ပင်လယ်အောက်မှကြွတက်လာသည်။ ယင်းကပ် နောက်ပိုင်းရောက်မှသာ အလယ်မြေနိမ့်ပိုင်းသည် ကုန်းမြေဖြစ်လာပြီး ယခုတွေ့ရသော မြန်မာနိုင်ငံ၏ပုံပန်းသည် စတင်ပေါ် ပေါက်ခဲ့ခြင်းဖြစ်သည်။”

ဟုဖော်ပြထားသည် ကိုတွေ့ရသည်။ ဆရာကြီးဆိုလိုသည့် သက်ဦးကပ်၊ သက်လယ်ကပ်နှင့် သက်နှောင်းကပ်တို့မှ “နှစ်ပေါင်း”ဆိုသည်မှာ နှစ်သန်းပေါင်း မည်မျှရှိသည်ကိုဆိုလိုပါသနည်း။ ***Geologic Time Scale*** တွင် သက်ဦးကပ်ကို (၅၄၀)မှ(၂၄၈) ***mya*** ထိ၊ သက်လယ်ကပ်ကို (၂၄၈) မှ (၆၅) ***mya*** ထိ၊ သက်နှောင်းကပ်ကို (၆၅) ***mya*** မှ ယနေ့အထိဟု ဖော်ပြထားပါသည်။ ***mya*** ဆိုသည်မှာ ***million years ago*** (နှစ်သန်းပေါင်း များစွာက) ဟု ဆိုလိုပါသည်။

သို့ဆိုလျှင်သက်ဦးကပ်၊သက်လယ်ကပ်၊ သက်နှောင်းကပ် တို့မှ ထားဝယ်ဒေသ၏ အခြေအနေသည်လည်း အထက်ပါအတိုင်းပင်ဖြစ်မည်ဟု ဆိုရပေမည်။ သမိုင်း မတင်မီခေတ်က တနင်္သာရီဒေသအတွင်း လူများစတင်နေထိုင်သည့် အခြေအနေနှင့် ပတ်သက်၍လည်း ဒေါက်တာသန်းထွန်းက အထောက်အထား အခိုင်အမာဖြင့် ဖော်ထုတ်တင်ပြထားသည်ကို အောက်ပါ အတိုင်းတွေ့ရသည်။ ထားဝယ်နယ်အတွင်း လူများစတင်နေထိုင်သည့် အခြေအနေသည်လည်း အလားတူပင် ဖြစ်ပေလိမ့်မည်။

‘‘တနင်္သာရီကမ်းရိုးတန်းမှ တနင်္သာရီမြို့နှင့် မိုင် ၃၀ ကွာတဲ့ သဘောလယ်ကြိမ်ချောင်းဆိုတဲ့နေရာတွေမှာ ခဲတူးတဲ့လုပ်ငန်းရှိပါတယ်၊ ခဲတူးရင်း ကျောက်လက်နက်အများအပြားတွေ့တယ်လို့ သတင်းရတာနဲ့ ကျွန်တော် ၁၉၆၃ခုနှစ်ကသွားကြည့်ပါတယ်။ အခုဒီမှာ နမူနာတချို့ ပြထားပါတယ်။ သံတူရွင်းနဲ့တူတဲ့ ကျောက်တူရွင်းကြီးကိုတွေ့ရတယ်။ အရိုးအတွက်အမင်းတပ်ထားတယ်။ ဒီလက်နက်တွေက ဒေသထွက်ကျောက်ကိုလုပ်တာ၊ ဘယ်ကမှ သယ်လာတာမဟုတ်ဘူးလို့ပြောတယ်။ အဲဒီအရပ်က တွေ့တာတွေထဲမှာ အရင်က မြန်မာမြေပြင်မှာ တစ်ခါမှမတွေ့ဖူးသေးတဲ့ တစ်ဖက်ထိပ်မှာ(၄)ကွက်ကျား အစိတ်တွေပါတဲ့ ကျည်ပွေ့ဖြစ်တယ်။ ဒါမျိုးကို မလေးဘက်မှာတော့ တွေ့ဖူးပြီးဖြစ်တယ်လို့ သိရပါတယ်။ မလေးမှာလို သစ်ခေါက်ကို ပျော့ဖြစ်အောင် ရေစိမ်ပြီးထုဖို့ဖြစ်တယ်လို့ သိရတယ်။

နောက်တစ်မျိုးအသုံးပြုနိုင်တာကတော့ ကောက်ပဲသီးနှံကို အခွံခွာဖို့၊ လက်ကိုင်အငယ်ကလေးလည်း ဖြစ်နိုင်ပါ တယ်။

ကြိတ်ဆုံတို့၊ ရေတ်ဆုံတို့၊ ကျောက်ပြင်တို့ဟာ ကျောက်ခေတ်ကစပြီး ကျွန်တော်တို့မပစ်နိုင်တဲ့ လူသုံးပစ္စည်းတွေဖြစ်ပါတယ်။ နောက်တစ်မျိုးကတော့ စိုက်ပျိုးတဲ့အခါ မြေကိုထွန်ဖို့ ကျောက်ထွန်ကလေးပဲဖြစ်ပါတယ်၊ ဒါမျိုးလေးလည်း တစ်ခုတွေ့ရပါသေးတယ်။ တစ်ခြားနေရာတွေမှာ သုံးကြမယ်ဖြစ်ပေမဲ့ အခုထိတော့ ဒီတစ်ခုပဲ စမ္မာ ရထားသေးတယ်။ အားလုံး ပြောင်ချောနေအောင်သွေးထားတဲ့ ပုဆိန်သွားလို ကျောက်လက်နက်ကိုတော့ လူအများက မိုးကြိုးသွားဆိုပြီး အထင်ကြီးကြတယ်။ မြိတ်မှာလည်း အဲဒီကျောက်လက်နက်မျိုးကိုဆစ်ပြီး စိတ်ပုတီး လုပ်သုံးနေတဲ့လူရဲ့အိမ်မှာ ကျွန်တော်တည်းခဲ့ရတယ်။ သူ့မှာရှိတာမပြတဲ့အပြင် ကျွန်တော်နိုင် ၃၀ ကျော် ကျတ်ပေါ်တဲ့တောထဲမှာ ကုန်ကြောင်းလျှောက်ပြီးရလာတဲ့ ကျောက်လက်နက်တွေကိုတောင် လိုချင်သေးသတဲ့။ အဲဒီ ကြိမ်ချောင်းက လက်နက်တချို့က မော်လမြိုင်ယဉ်ကျေးမှု ပြတိုက်မှာရှိပါတယ်။"[၅]

ဒေါက်တာသန်းထွန်း၏ခန့်မှန်းချက်အရ တနင်္သာရီတိုင်းတွင်း လူများစတင်နေထိုင်မှုသည် နှစ်ပေါင်း ၄၀၀၀ ကျော်ခဲ့ပြီဆိုသည်ကို ကျောက်ခေတ်လက်နက်များ၊ လူ့အသုံးအဆောင်များကသက်သေခံနေပြီဖြစ်ပါသည်။ ထားဝယ်နယ်တွင်လည်း လွန်ခဲ့သည့်နှစ်ပေါင်း ၄၀၀၀ ကျော်ခဲ့ ကတည်းက လူများစတင် နေထိုင်ခဲ့ကြသည်ဟု မှတ်ယူရမည်။ ၁၉၈၂ ခုနှစ်တွင် ထားဝယ် မြို့နယ်၌ တိုင်းတိုးချဲ့ဆေးရုံကြီးကို တည်ဆောက်ရန်အတွက် မြေတူးစက်ဖြင့် တူးဖော်စဉ်က ကျောက်ခေတ်နှောင်းလက်နက်အချို့ကိုရရှိခဲ့သည်။လှည်းတစ်စီးတိုက်ခန့်ရှိသည်ဟုဆိုပါသည်။သတင်းကြား၍ စာရေးသူသွားသောအခါ အင်ဂျင်နီယာနှင့် အလုပ်သမားများက ကျောက်လက်နက်ဟူ၍ မသိသဖြင့် လမ်းခင်းရာတွင်ထည့်၍သုံးလိုက်ပြီဟု ဝမ်းနည်းဖွယ်ရာ သိရသည်။ အလုပ်သမားအချို့လက်ဝယ်ယူထား၍ ကျန်ရှိနေသေးသည့် ကျောက်လက်နက်အချို့ကို ၎င်းတို့ထံမှဝယ်ခဲ့ရသည်။ ထားဝယ်ရှေးဟောင်းပြတိုက်တွင် ပြထားပါသည်။

ထားဝယ်ဒေသအတွင်းသို့ရောက်လာသည့် လူမျိုးရင်းများ

"ထားဝယ်ဒေသအတွင်း ကျောက်ခေတ်အလွန်တွင် ဝင်ရောက်လာသည့် လူမျိုးရင်းများကို ညွှန်ပြရမည်ဆိုလျှင် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသောလူမျိုးရင်းများမှ ထုတ်နုတ်တင်ပြရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှအတွင်းသို့ စတင်ဝင်ရောက်နေထိုင်ကြသော လူမျိုးများသည် ရုပ်ရည်အားဖြင့် လွန်စွာဆင်တူ၍ လူမျိုးရင်းတစ်ခုတည်းကပင် ဆင်းသက်လာပုံရသည်။ ယနေ့အထိ အရှေ့တောင်အာရှနိုင်ငံသားများသည် ရုပ်ရည်အားဖြင့် ဆင်တူလျက် ရှိသည်ကိုတွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံအတွင်းသို့ ဦးစွာဝင်ရောက်လာသော လူမျိုးမှာ နီဂရစ်တိုလူမျိုးဖြစ်သည်ဟု ယူဆနိုင်ပေသည်၊ ယခုအခါ မြန်မာနိုင်ငံတွင်မရှိတော့ပါ။ ကပ္ပလီကျွန်းတွင် နေထိုင်သူများမှာ နီဂရစ်တိုအနွယ်များ ဖြစ်သည်။ ဒုတိယဝင်ရောက်လာသူများမှာ ပြဲထောရိုက်လွိုက်အနွယ်များဖြစ်သည့် ဆလုံတို့ဖြစ်သည်။ ယနေ့အထိ တနင်္သာရီဒေသအတွင်း နေထိုင်ဆဲဖြစ်ပါသည်။ နောက်ပိုင်း ဝင်ရောက်လာ သူများမှာ မွန်၊ ထားဝယ်၊ မြန်မာ၊ ရှမ်း (ထိုင်း) တို့ ဖြစ်သည်ဟု ဆိုရပေမည်။[၆]

ဟုဝိုလ်မှူးဘရှင်ကဆိုထားသည်။

တိဘက်တိုဘားမင်းအနွယ်ဝင် အုပ်စုအမျိုးမျိုးတို့သည် မြန်မာနိုင်ငံအတွင်းသို့အနောက်မြောက်ဘက်မှလည်းကောင်း၊ အရှေ့မြောက်ဘက်မှလည်းကောင်း ဝင်ရောက်လာကြရာတွင် ထားဝယ်၊ ရခိုင်၊ တောင်ရိုး၊ အင်းသား၊ ရဘိန်း၊ ဓနု၊ ယော စသည်တို့သည် အရှေ့တိဘက်တိုဘားမင်းအစုများဖြစ်၍ မြန်မာအဆက်နွယ်များသာဖြစ်သည်ဟု သမိုင်းပညာရှင်များကဆိုပါသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအရှေ့မြောက်စွန်းဆီမှသည် ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတောင်ဘက်စွန်းဆီသို့ ဆင်းလာကြသော လူမျိုးစုများသည် အစိတ်စိတ်အမွှာမွှာကွဲကာ ရောက်လေရာဒေသတွင် အုပ်စုအလိုက် အသက်မွေးဝမ်းကြောင်းပြု၍ နေထိုင်လာကြရင်းက ထားဝယ်၊ ရခိုင်၊အင်းသား၊ ဓနု ယော စသည့်အမည်နာမများကို မည်သို့ရခဲ့လေသနည်း။ ယင်းလူမျိုးစုရင်းများသည် မြန်မာနိုင်ငံအလယ်ပိုင်းနှင့်စာလျှင် ခရီးလမ်းပန်းဆက်သွယ်မှု ခက်ခဲသောနေရာဒေသများတွင် နေထိုင်ခဲ့ကြသော်လည်း ပျောက်ကွယ်မသွားဘဲ ယနေ့ထက်တိုင်အောင် ရာစုနှစ်ပေါင်းများစွာ တည်တံ့နေသည်မှာ မည်သို့သော အကြောင်းထူးများရှိ၍ပေနည်းဟု စဉ်းစားကြံဆဖွယ်ဖြစ်ပေသည်။

၁၉၆၅ခုနှစ် မဟာဝိဇ္ဇာ(သမိုင်း) အရည်အချင်းစစ်တန်း၌သင်ရစဉ်က ဆရာကြီးဗိုလ်မှူးဘရှင်က အရှေ့မြောက်ဘက်မှဆင်းလာသော ရခိုင်၊ ထားဝယ်၊ တောင်ရိုး၊ အင်းသား၊ ရဘိန်း၊ ဓနု နှင့် ယောစသည်တို့ဖြစ်လာမည့် တိဘက်တိုဘားမင်းအနွယ်ဝင်အုပ်စုမှ တစ်စုသည် ရခိုင်ဘက်သို့လည်း ကောင်း၊ ရွှမ်းကုန်းမြေမြင့်တွင်လည်းကောင်း၊

အင်းလေးဒေသသို့လည်းကောင်း ရောက်ရှိလာကြပြီး တစ်စုမှာ တနင်္သာရီတိုင်းဘက်ထိ ဆင်းသွားခဲ့သည်။ ထိုအစုသည် ထားဝယ်ဖြစ်လာသည်ဟုသင်ကြား ခဲ့ပါသည်။ ထားဝယ်စကားသည်ရခိုင်စကားနှင့်ဆင်သကဲ့သို့ တောင်ရိုး၊ ရဘိန်း၊ ဓနု၊ ယောစကားတို့နှင့်လည်း အချို့နေရာများ၌ တူညီနေသည်ကို တွေ့ရသည်။ အင်းလေးဒေသမှ အင်းသားများ၏ စကားနှင့်မူ အတော်ပင်တူသည်ကိုတွေ့ရသည့် အတွက် ဆရာကြီးပြောခဲ့သည်မှာမှန်ကြောင်း သိရ၏။

ဥပမာ

မြန်မာစကား	ထားဝယ်စကား	အင်းသားစကား
မြေ	မ္လေ	မ္လေ
ခွေး	ခ္လီး	ခ္လီး
ကျောင်း	ကြ္လောင်း	ကြ္လောင်း
ကြီး	က္လီး	က္လီး
မြစ်	မ္လစ်	မ္လစ်

ရှင်းလင်းချက်။ သို့ဆိုလျှင်မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၅) စာမျက်နှာ ၂၆၀ "အင်းသားလူမျိုး" ခေါင်းစဉ် အောက်၌ရေးသားထားသော "အယူအဆတစ်ရပ်မှာ၊ ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ဖောင်တော်ကြောဖြင့် တိုင်းခမ်းလှည့်လည်စဉ်က အင်းလေးသို့ရောက်သောအခါ ထားဝယ်မှပါလာသော ဖောင်တော်အမှုထမ်း ထားဝယ်တစ်စု (အချို့က ညီအစ်ကိုနှစ်ယောက်ဟု ဆိုသည်) အား ထိုဒေသ၌ အခြေစိုက်နေ ထိုင်ရန်နေရာ ချထားပေးခဲ့သည်။ ထို ထားဝယ်သားတို့မှ မျိုးဆက်ပြန့်ပွား၍ လူဦးရေတိုးတက်လာသဖြင့် ယခုအခါ ရွာကြီးရွာငယ်(၄၀)ကျော်အခန့်အထိ ရှိလာခဲ့သည်ဟုဆိုလေသည်" ဟူသည့် ရေးသားချက်မှာ မှားယွင်းသည်ဟု ဆိုရပေမည်။

ထားဝယ်ရေးထုံးအမျိုးမျိုး

ထားဝယ်မြို့ကိုအထူးသဖြင့် "ထားဝယ်" ဟု ယနေ့ တရားဝင်ရေးသားကြပါသည်။ ထားဝယ် - ထဆင်ထူးဖြင့် ရေးသားသော်လည်း ဖတ်သည့်အခါ ထဆင်ထူးအသံမထွက်ပဲ၊ ဒထွေးအသံ(သို့) ဒအောက်ချိုက်အသံဖြင့် "ထားဝယ်" (သို့) "ဝေယ်"ဟုအသံထွက်ကြပါသည်။ ရေးတော့အမှန် ဖတ်တော့ အသံဟုဆိုထားသဖြင့် "ထားဝယ်" ဟု အမှန် ရေးရမည်ဟု သဘောရှိပါသည်။ သို့သော် ယနေ့ရေးနေကြသော "ထားဝယ်" ရေးထုံးအပြင် ယင်းထက်စော၍ ရေးခဲ့ကြသော ရေးထုံးများ ရှိကြောင်းတွေ့ရ ပါသည်။

ရှာဖွေစုဆောင်းထားသည့် ရေးထုံးများတွင် မည်သည့် ရေးထုံးကအစောဆုံးဖြစ်သည်ကို အတိအကျ မပြောနိုင်ပါ။ ကျောက်စာရေးထုံးများတွင်ဖြစ်စေ၊ စာအုပ်စာတမ်း ရေးထုံး များတွင်ဖြစ်စေ၊ တ၊ ထ၊ ဒ၊ ဓ ဆိုသည့် အက္ခရာဖြင့် အမျိုးမျိုး စဉ်ကုံးရေးသားထားကြပြီး အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုသည့် နေရာတွင်လည်း မွန်အယူအဆ၊ မွန်ကျောက်စာများကိုသာ ဖော်ညွှန်းထားကြသည်များကိုတွေ့ရသည်။တိကျသောအဓိပ္ပာယ်ကိုမဖော်နိုင်၊မရေးနိုင်ကြပါ။ မည်သို့ပင်ဖြစ်စေထားဝယ် အမည်ရေးထုံး အမျိုးမျိုးတို့ကို အထောက်အထားများနှင့်အတူတစ်စုတည်းမှတ်တမ်းတင်ထားရန်လိုအပ်သည်မြင်၏။

၁။ **ထားဝယ်** သက္ကရာဇ် ၅၆၀ ခု (၅၅၈) ခုနှစ်နရပတိစည်သူမင်းကြီးလက်ထက်ရေးထုံး။ "ဓမ္မရာဇိက" ဘုရားကျောက်စာတွင် "ထားဝယ်" ရေးထုံးကို တွေ့ရပါသည်။ ယင်းကျောက်စာသည် ပုဂံမြို့ အနောက်ဖွားစောရွာတွင်ရှိသော ဓမ္မရာဇိကဘုရား အရှေ့မုတ်ဦးအတွင်း မုလတည်ထားသောနေရာတွင် တည်ရှိ ပါသည်။ ယင်းကျောက်စာတွင် -

(၆) သောပြည်တိုင်လေ အစိုင်ရထားသော နိုင်ငံတ္တင်ခြင်း အတုကာ၊ အရှေ့တိုင်လာသောနိုင်ငံကားသလွ။

(၇) မ္လစ်အရှေ့ဘက်အတိုင် တောင်ကာ ထဝယ်၊ ဗ္ဗ (ညွှတ်)၊ သင် တနင်္သာရီ တဂ်ရွာသလင်။

(၈) ကြေ၊ မန္တကုနိတ္တ-ရီ ။ ။ လန္တကတိုင်၊ အနောက္တိသန္တာကရီဝ (၇၀)တောင် ဟူ၍ရေးထိုးထားပါသည်။ ယင်းကျောက်စာအရ "ထဝယ်" ထားဝယ်ရေးထုံးသည် ရှေးဦးရေးထုံးဟု ယူဆနိုင်ဖွယ်ရှိသည်။ ယင်းကျောက်စာကို ပြဆိုသည့်နေရာတွင် "ထဝယ်"ကို "ထားဝယ်" ဟု တိတိကျကျ ပြန်ဆိုထားသည်ကိုတွေ့ ရပါသည်။ ကျောက်စာ မြန်မာပြန်မှာ-

သက္ကရာဇ် ၅၅၈ ခုနှစ် နရပတိ စည်သူမင်းကြီး လက်ထက်ထုံး ကျောက်စာတွင် အရိမဒ္ဒနပူရနယ်နိမိတ်ကို။

"နိုင်ငံကျယ်ခြင်းအရကား၊ ရှေ့သို့ လားသော နိုင်ငံကား သံလွင်မြစ်အရှေ့ဘက်အတိုင်း၊

တောင်ကား ထားဝယ်၊ စည္ဟက်၊ သင်ဟုတ်၊ တင်း သရေပတ္တာ၊ သလင်ကြေ၊ ပစ္စဂရို တွရဝတီ၊ အနောက်ကား မန္တရို ပတိက္ကာ။"

ဟူ၍ ဖြစ်ပါသည်။ ယင်း "ထားဝယ်" ရေးထုံး ဖြစ်ကြောင်းကို ရွှေဘုံနိဒါန်းတွင် "ဒဝယ် ဆောင်"နှင့်ပတ်သက်၍ အောက်ခြေမှတ်စု ဖော်ပြရာတွင်-

မှန်-ထဝါ - ထက်ဝယ်ဖွဲ့ခွေသည်။ ရှေးရေးထုံး "ထဝယ်" ဟုညွှန်ထားပါသည်။ နောက် ပိုင်းတွင် ယင်းရှေးဦးရေးထုံးဖြစ်သော ထဝယ် ရေးထုံးကို သိပ်မရေးတော့ချေ။

၂။ **ထဝဲ** သမိုင်းပါမောက္ခ ဦးသန်းထွန်း၏ "အေဒီ ၁၀၀၀ မှ ၁၃၀၀ အထိ မြန်မာပြည်အုပ်ချုပ်ရေး" တွင် မှတ်တမ်းပြုထားသည်ကို ဖော်ပြလိုပါသည်။

"-----နိုင်ငံ (ပုံ ၃၉ က/၆) ဟူသည်ကား အနီရွှေ နှင့်မင်းအဆက်ဆက်တို့ အနီးအပါးကို ချက်ထွင် သိမ်း သွင်းသည့်အခါက အကျယ်အဝန်းကား၊ မြောက် တောင်စင်မှသည် တောင်လတလိုင်သရေ နှင့်ထဝဲထိ ဖြစ်သည်။ (ပုံ ၂၇၆၊ ကျ)" ဟူ၍ ဖော်ပြထားပါသည်။

၃။ **တဝယ်** အလောင်းမင်းတရားသည် ထားဝယ် ရောက် ရွှေ့ချီတပ်မှူးထံ၊ သက္ကရာဇ် ၁၁၁၂ ဟု ပြာသို လပြည့်ကျော်(၂)ရက်နေ့စွဲဖြင့် ညွှန်းလွှာ တစ်စောင်ပေး ပို့ခဲ့ပါသည်။ ယင်းညွှန်းလွှာတွင် "ထားဝယ်" ကို တဝမ်းပူ နှင့် "တဝယ်"ဟု ရေးထုံးတစ်ခုပါရှိပါသည်။

၄၃။ ထားဝယ်မြို့ရောက် ရွှေ့ချီတပ်ဗိုလ်မှူးများ ကိုပြန်သည့် အမိန့်တော် ။

"တဝယ်စားဝယ်သည် ကျေးရွာ သစ္စာတော် ထမ်းတွင် ဇရဗိန်ကဲ့သို့ပင်ရှိသည်ကို လူမိုက် လူမှိုင်းဖြစ်၍အမှန်တရားကိုမသိသောင်းကျန်း ပုန်စား၍"-ဟူ၍ တဝမ်းပူနှင့် "တဝယ်" ရေးထုံး ကို တွေ့ရပါသည်။

၁။ အခြေပြမြန်မာ့နိုင်ငံရေး သမိုင်း (ပထမ တွဲ) စာမျက်နှာ (၂၃၅)။

၂။ ဒေါက်တာသန်းထွန်း (သမိုင်း ပါမောက္ခ) အသစ်မြင် ဗမာသမိုင်းစာမျက်နှာ ၁၉၈။

(မှတ်ချက်) ၂၀၀၈ ခုနှစ် ထားဝယ် လေယာဉ်ကွင်း သစ် မြေလုပ်နေစဉ် ဆင်ဆိပ်ရှိ ထားဝယ်မြစ် ထဲမှ ပစ္စည်းများရသည်။ စာရေးသူလက်ထဲသို့ ရောက် လာသော ခဲဇင်္ဂါးပြားတစ်ပြားတွင် "တဝဲ" ဟု ရေးထားသည်ကို တွေ့ရသဖြင့်၊ တစ်ခါက "တဝဲ" ဟုသုံးခဲ့ကြောင်းလည်း ထင်ရှားသည်။

၄။ **ဒဝယ်** ၊ ဝန်ထောက် ဦးမောင်မောင် ရေး "ရွှေနန်းသုံး ဝေါဟာရအဘိဓါန်" အခန်း ၃၁၄ တွင် ထားဝယ် ရေးထုံးကို တွေ့ရပါသည်။

သက္ကရာဇ် ၉၂၈ခု၊ နတ်တော် လဆန်း ၅ ရက် နေ့၊ စတုရန်းအတာ ၃၄၀၀ ရှိသော ဟံသာဝတီ မဟာ ရာဇဌာနီ ရွှေမြို့တော် ကို တည်တော်မူသည်တွင် တံခါး ၂၀ ထားတော်မူလေသည်။ ၄င်း အနက်တောင် မျက်နှာအနောက်စွန်းတံခါးကို ဒဝယ်မင်းတို့ဆောက် စေ၍ "ဒဝယ်တံခါး" ဟု မှည့်တော်မူသည်။

နောက်တစ်ဖန် အလောင်းမင်းတရား၏ "ဒဝယ် မြို့ရောက်ရွှေ့ချီတပ်ဗိုလ်မှူးများကို ပြန်သောအမိန့် တော်"မှာပင် တဝမ်းပူ နှင့်တဝယ် သုံးရင်းဖြင့်"ဒခွေး" နှင့် တစ်ခါ ထားဝယ်ရေးထုံးကို ဆက်တွေ့ရပါသည်။

"မင်းကြီးနော်ရထာလူနှင့် ဒဝယ်က စေတောင် သည်ကို၊ ယိုးဒယားမင်းမှာ၊ လျှောက်ထားရှိုးမည်၊ မပေးသာ၊ တနင်္သာရီသား ထိန်းထား၍ရှိသည်၊ သဘောတော်ကို ထားဝယ်တွင်ဖမ်းဆီး၍ရသည်၊ ခြေခြင်ငံ ဆိုနိုင်မိန့်နိုင်သူကိုစေ၍ လှေလျှင်နှင့် တနင်္သာရီကို စေသည်မှာ"? ဟုလည်းကောင်း။

နောက်အမှတ် ၅၁ ဖြင့်သော "ယိုးဒယားစစ် ကြောင်းခရီးတွင်၊ ထားဝယ်ရောက်မှတ်တမ်း" တွင် -

"----- သက္ကရာဇ် ၁၁၂၁ ခု၊ နတ်တော် လဆန်း ၁ ရက်နေ့၊ ရန်ကုန်နန်းတော်က သည်လည်းကောင်း၊ ပို့တွဲလဆန်း ၁၀ ရက် နေ့၊ ဒဝယ်နန်းတော်သို့ ရောက် တော်မူသည်"" ဟု ထပ်မံ ဖော်ပြထားပါသည်၊

"၁၂၄-ဒဝယ်သို့ချီ၍ ရတော်မူခြင်း--- ညီတော် တို့ ချီလေရာတွင် ဒဝယ်ရောက်လျှင် ဒဝယ်စားလည်း ဆင်လုံး။ မြင်းရင်း စီစဉ်ပြီး လျှင် မြို့ကထွက်၍ကြိုနှင့် ပြီးသောတပ်ဦးချီသော၊ သီပေါစော်ပွားတွေ့လျှင် ပြောင်း သေနတ်တစ်ဖက်တစ်ချက်ပစ်ခတ်ကြသည်"? ဟူ ၍ ဒဝယ်ရေးထုံးကို တွေ့နိုင်ပါသည်။

မြန်မာမင်းနန်းတော် အဆောင်အယောင်များကို

ဖော်ပြသည့်နေရာတွင် မှတ်တမ်းတစ်ဆူဖြစ်သော ဇေယျသင်္ခယာ၏ "ရွှေဘုံ နိဒါန်း" တွင်လည်း -

ဒဝယ်ဆောင် -ဒဝယ်ဆောင်ခေါ်သည်မှာ ဟံသာဝတီဆင်ပြူမျှားရှင်လက်ထက် ဒဝယ်မြို့ပါသူခေါ်ဘီးသား

ထာဝဲဟုဖော်ပြထားသော စံဒင်္ဂါးပြား

မြေးတို့ကိုရွေးချယ်ပြီးလျှင် ထိုအဆောင်မှာ အမြဲ့ခဲ့စေသည်ဖြစ်၍ ဒဝယ်ဆောင် အခေါ်အဝေါ်သည်။ နွေးသည်ကိုလည်း ဒဝယ်ဆိုသည်။ ရေနွေးတည်ရာအဆောင် ကိုဆိုလိုသည်။ ဒဝယ်ဆောင်လည်းနှစ်ထပ်လည်ပေါ် ပင်ဖြစ်သည်။ ဒဝယ်မြို့တွင်ဇရပ်ကျောင်းကန်ဆောက်လုပ်သည်များသည်၊ နှစ်ထပ်သာ အဆောက်အလုပ်များသည်။ နှစ်ထပ်လည် ဖော်၍ဆောက်လုပ်သည်ကို ဒဝယ်ခေါ်သည်။ ရှေးစာဟောင်းများတွင်လည်း -

"ဒဝယ်လည်ကို ရပ်လျှိုကျောင်း ဆင်ဟူ၍ လည်းကောင်း၊ ဒဝယ်လည်ကို ကြည့်လိုမငြီး၊ ကွမ်းစင်ဆီးလျှက်"[၁၀] ဟူ၍လည်းကောင်း စပ်ဆိုသည်။

နောက်ရေးထုံးတစ်ခု၊ အောက်ချိုက်နှင့် ရှိသေးသည်။

ဓဝယ် ရှေးရိုးသိချင်းဟုခေါ်သော အိုင်ချင်းတစ်ပုဒ် တွင်"ဓဝယ်"ဟု ရေးထုံးကိုတွေ့ရပါသည်။ ယင်း ရေးထုံးသည် "ထားဝယ်" ကို ဖော်ညွှန်းခြင်းပင်ဖြစ်သည်။ ယင်း အိုင်ချင်းအောက်ခြေ မှတ်စုတွင် "ဓဝယ်" ကို အောက်ပါအတိုင်း ဖော်ပြထားပါသည်။

မှတ်ချက် ဝေယ်မြို့၏အမည်ကို မြန်မာစာများ၌ ဒါးဝယ်၊ ထားဝယ်၊ ဓါးဝယ် ဟု အမျိုးမျိုးရေးကြသည်။ ဤသို့ ရေးခြင်းသည် ဤစကား၏ အကြောင်းကို မသိသောကြောင့် ဖြစ်သည်။ မြတ်စွာဘုရား ဒေသစာရီ ကြွလာတော်မူ သောအခါ ဤမြို့၌တင်ပျဉ်ခွေ၍ ထိုင်တော်မူသည်။ ဤသို့ထိုင်တော်မူသည်ကိုအကြောင်း ပြု၍ မွန်လူမျိုးတို့ကဤမြို့ကို "ဓဝဲ"ဟု ခေါ်သည်။ "ဓဝိုင်"ဟု ဖတ်သည်။ "ဓဝဲ"၏ အဓိပ္ပာယ်မှာ တင်ပျဉ်ခွေထိုင်သည်ကို ဆိုလိုသည်။ ဤကဲ့သို့ စာတွင် "ဓဝဲ"ဟု မွန်တို့ရေးသည်ကို မြန်မာတို့ကပီသအောင် မဖတ်နိုင်၍ "ဓဝယ်"ဟုရွတ်ဖတ်ပြောဆိုကြသည်။

ထို့ကြောင့် ဤမြို့ကို "ဓဝယ်"ဟု ဒန္တဇ စတုတ္ထအက္ခရာ(ဓ)နှင့်အချဝိသဇ္ဇာမထည့်ပဲရေးမှအမှန်ကြသည်။ ရွှေကိုင်းသားမှလည်း "နှစ် ၁၀၀ ပြည့်မန္တလေး" စာအုပ်တွင် အောက်ခြေမှတ်စု(၁) အနေဖြင့် ဖော်ပြထားသည်မှာ-

"မြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူသောအခါ ဤမြို့၌ တင်ပျဉ်ခွေထိုင်တော်မူလေသည်၊ ဤသို့ထိုင်တော်မူသည်ကို အကြောင်း ပြု၍ မွန်ဘာသာဖြင့် (ဓဝဲ)ဟုခေါ်သည်။ (ဓဝိုင်)သို့မဟုတ် ထဝါ(အီ)ဟု အသံထွက်သည်။ ၎င်းကိုမြန်မာတို့က ပီအောင်မရွတ် ဆိုနိုင်ကြ၍ဓဝယ်၊ ဒဝယ် ဟုရွတ်ဆို ပြောဆို ကြသည်။ မူရင်းပုဒ် ထောက်သော် "ဓဝယ်" ဟု ရေးမှမှန်မည်" ဟု ဖော်ပြထားပါသည်။

၆။ **ဒါးဝယ်** သက္ကရာဇ် ၁၉၁၉ မှန်နန်းတော်ဦးမှာ ပြုစုစီရင်တော်မူသော မှန်နန်းရာဇဝင်တော် ကြီး တွင်ပါရှိသောဟံသာဝတီအရှေ့ဘက်မုတ္တမချီတော်မူခြင်းအခန်းတွင် ဒါးဝယ်ရေးထုံး ကိုတွေ့ရပါသည်။

"ဘဝရှင်မင်းတရားကြီးဘုရားလည်း ဟံသာဝတီ၊ သက္ကမတဲတော်တွင် တစ်မိုးနေတော်မူ၍ သက္ကရာဇ် ၉၇၅ ခုနှစ်၊ နတ်တော်လ ဆန်း(၆)ရက်၊ တနင်္ဂနွေနေ့၊ ဟံသာဝတီကသည် အရှေ့ဘက်သို့ ချီတော်မူ၍ မုတ္တမသို့ရောက်တော်မူမှ ရေမြို့မှ အကြောင်းကိုကြားတော်မူလျှင် ညီတော် မင်းရဲသခ်သူ တစ်တပ်၊ ညီတော် စကေ

မင်းကြီးတစ်တပ်၊ တောင်ငူမင်း ရဲသီဟသူတစ်တပ်၊ သီပေါ စော်ဘွားတစ်တပ်၊ သည်လေးတပ်ကို တိုက်ဆင် ၈၀၊ မြင်း ၁၀၀၀၊ စစ်သည်သူရဲ ၄၀၀၀၀ နှင့် နတ်တော်လပြည့်ကျော် ၄ ရက် သောကြာနေ့သို့ အဝင်၊ ညဉ့်(၃)ချက်တီးကျော်တွင် မုတ္တမ က ဒါးဝယ်သို့ ချီရသည်။အဝရှင်မင်းတရားကြီးဘုရားမှုကား မုတ္တမ က နေသို့ ချီတော်မူသည်။ ညီတော်တို့ ချီလာသည်မှာ ဒါးဝယ်သို့ရောက်လျှင်ဒါးဝယ်စားလည်းဆင်လုံးမြင်းရင်း စီး၍ မြို့က ထွက်၍ကြိုနှင့်သည်ကို ----" ဟူ၍ဖြစ်၏။

၇။ **ထားဝယ်** ဂျပ်ဆင်မြန်မာနှင့် အင်္ဂလိပ် အဘိဓာန် (၁၈၅၂)ခုနှစ်ထုတ်စာအုပ်စာမျက်နှာ(၃၆၅)တွင် (*from* ထား *and* ဝယ်) ***a Tavoyan, the town of Tavoy*** ဟုဆိုပြီး ထားဝယ် စာလုံးပေါင်းကို ဖော်ပြထားပါသည်။

သိရိပုံချိုဦးသာဖြတ် (ယဉ်ကျေးမှုဗိမာန် ညွှန်ကြားဝန်ဟောင်း) ပြုစုသည့် မြန်မာ စာလုံးပေါင်း အဘိဓာန်ချုပ်ခေါ် မြန်မာရေးထုံးကျမ်းတွင် -

"ထားသည်၊ ထိပ်ထား၊တည်ထား၊ နေရာချထား၊ အနေအထား၊ ထားဝယ်မြို့၊ စိတ်မှ ထား"[၁၁] ဟု ဖော်ပြထားပါသည်။

ထားဝယ်နယ်ကို ရှမ်း(ယိုးဒယား)မင်းတို့လက် မှမြန်မာမင်းက တိုက်ခိုက်မသိမ်းယူမီ ရှမ်းနယ် အပါအဝင်ဖြစ်၍၊ရှမ်း(ယိုးဒယား)လူမျိုးတို့သည် ထားဝယ်ဒေသတွင် အလွန်ကြိမ်ပေါ၍ (ကြိမ်ပိုက်တောကြီးဖြစ်၍) လှေဆိပ်ပြုလုပ်ခါ၊ အရပ်ရပ်သို့ကြိမ်များကို ကူးသန်းရောင်းဝယ် ကြသည်ဆို၏။ သို့ဖြင့်ထင်ရှားကျော်စောသော ကြိမ်ဆိပ် ဖြစ်လာသည်။ ရှမ်း (ယိုးဒယား) တို့ ဘာသာဖြင့် "ထဝိုင်" (ထ-ဆိပ်၊ ဝိုင်-ကြိမ်) ကြိမ် ဆိပ်ဟူ၍ နိုင်ငံမှာစွာအချေအမြစ်မှုလာဘူတနှင့် တကွပြောကြသည်။ ထိုကဲ့သို့ ရှမ်း(ယိုးဒယား) ဘာသာ စကားအတိုင်း "ထဝိုင်း" (*TAVOY*) ဟုခေါ်ရာမှ နောင် အခါထားဝယ်ဟု ဖြစ်လာကြောင်း ဦးဖေမောင်တင်ကပြောဖူးပါသည်။ရေလည်းရေဖူး၏။(ယနေ့တိုင်ထားဝယ်နယ်တွင်ကြိမ်ပေါ နေသေးခြင်း၊ ထားဝယ်ကြိမ်ကလည်းနာမည်ကြီး ခြင်းတို့က ဤအဆိုကိုထောက်ခံနေပါသည်။)

ယင်းကဲ့သို့ ထားဝယ်အမည်ရေးထုံးကို ဆက်နွယ်ကြည့်မည်ဆိုလျှင် မြန်မာစကားရှေ့ ၄ ပါးတွင်ပါဝင်သော အပြောသံရှေ့ခြင်း၊ အရေးသံရှေ့ခြင်းစသောရှေ့ခြင်းနှစ်မျိုးနှင့် ယေဘုယျအားဖြင့် ဆက်နွယ်နေသည်ကိုတွေ့ရပါသည်။ သို့ဖြစ်ရာထားဝယ် အမည်ရေးထုံးကို၊ "တဝဲပူ" မှ "ထဆင်ထူး ထားဝယ်" အထိ ရေးထုံးများအားလုံးကို ယခုကဲ့သို့ စုစည်းပြီး တင်ပြရခြင်း ဖြစ်ပါသည်။

အထက်တွင်ဖော်ပြခဲ့သော ထဝယ်၊ ထဝါ၊ တဝယ်၊ တဝဲ၊ ဒဝယ်၊ ဓဝယ်၊ ဒါးဝယ်၊ ထဝိုင်း၊ ထားဝယ် စသည်ဖြင့်အခေါ် အမျိုးမျိုး ရေးထုံးမျိုးမျိုးတို့သည် အချိန်ကာလဒေသဌာန အကြောင်းရင်းများကွဲလွဲကြ၍ဖြစ်ကြောင်း ထင်ရှားလေသည်။ ဤကွဲလွဲချက်များပင် ရွေ့လျားလာပြီး ယနေ့ "ထားဝယ်" ဟူသော ရေးထုံး ဖြစ်နေပေသည်။

ဆရာကြီး ထားဝယ်ကျော်မင်းက -

"ထားဝယ်သည် နေရာဒေသကို ရည်ညွှန်းသဖြင့် ဒေသဌာနထားဝယ်ကို အကြောင်းပြုကာ နောက်မှ ထားဝယ် လူမျိုးဖြင့်လာခေါ်တွင်လာခဲ့သည်ဟု ယူဆရမည်ရှိလေသည်။ သို့သော် ထားဝယ်လူမျိုးသမိုင်းကို သုတေသနပြုပြန်လျှင် ထားဝယ်လူမျိုးအစ ပထမဖြစ်ပေါ်ခဲ့ပြီး၊ ထားဝယ်မြို့ ထားဝယ်ရပ်စသော ဒေသဌာနများမှာ ဒုတိယလိုက်ပြီး နောက်မှဖြစ်ပေါ်ခဲ့ကြောင်း အထောက်အထားများရှိ နေသေးသည်။"[၁၂] ဟု ရေးခဲ့ပါသည်။

ဒေသဌာန ထားဝယ်ဖြစ်ပေါ်ခဲ့ပြီးမှ နေထိုင်ကြသူများကို ထားဝယ်လူမျိုးဟုခေါ်တွင်ခဲ့သည် ဟုဆိုလျှင် ထားဝယ်မြို့ (သို့) ထားဝယ်ရပ်ရွာဒေသ စသည်တို့ကို မည်သည့်မင်းလက်ထက်၊ မည်သည့်ခုနှစ်၊ မည်သည့်နေရာတို့တွင် တည်ထောင်ခဲ့သည်ကို လေ့လာရှာဖွေတွေ့ရှိရမည် ဖြစ်သည်။ သို့သော် ထားဝယ်အမည်နာမဖြင့် ဤခရိုင်အတွင်း ရှေးအတိတ်မှယနေ့အချိန်တိုင်အောင် တည်ထောင်ထားခဲ့ခြင်း အလျှင်းမရှိပါ။ ရှာဖွေ၍လည်း မတွေ့ရသေးပေ။ ထားဝယ်မြို့မှအပ နာမည်အမျိုးမျိုးနှင့် အခြားသော မြို့များကိုသာ တည်ထောင်သောမင်း၊ တည်ထောင်သော ခုနှစ်၊ တည်သော နေရာဌာနများသာ ထားဝယ် ရာဇဝင်မှတ်တမ်းများ၌ တွေ့ရှိရပေသည်။ ထားဝယ်ဒေသအတွင်း နေရာအဝေးအနီး အနှံ့ မြို့ဟောင်းရာများကို ယနေ့တိုင် ထင်ထင်ရှားရှား တွေ့ရပေသေးသည်။ ထို့ကြောင့် ထားဝယ်လူမျိုး ပထမစတင် ပေါ်ပေါက်ခဲ့ကြောင်း အထောက်အထားခိုင်လုံစေရန် တည်ထောင်ခဲ့ဖူးသော မြို့ဟောင်းများကို သိရန်လိုသည်။

၁။ ကောဇာသက္ကရာဇ် အစလောက်တွင်တည်ခဲ့သည် ဟုယူဆရသောရှေ့ဦးမင်းနိုးစံသော အောင်သာဝရ မြို့ (ယခု အောင်သာဝရရွာငယ်) သည် ထားဝယ်

မြို့အရှေ့ဘက် ၄၂ မိုင် အကွာတွင် တည်ရှိပြီး သတ္တုတွင်းနေရာ မေတ္တာရွာမှ တနင်္သာရီမြစ်ဖျား အတိုင်း တောင်ဘက်သို့ သုံးရက်ခန့်စုန်သွား လျှင် ရောက်နိုင်ပါသည်။

၂။ အောင်သာဝတီမမွှေးသေနမင်း၊ တနင်္သာရီမှ ကောရမ္မမင်း၊ ဘောဂဝတီမှနဂါးမင်း သုံးပါး တို့သည် ထားဝယ်ကျွန်းစွယ်ငူရှင်မော်၌ ဓာတ်တော် စေတီမြတ်ကိုစုပေါင်း တည်ကြရာ၊ ကြွရောက် လာသော တနင်္သာရီမှ ကောရမ္မမင်းသည် ကနက် သီရိမြို့ကို တည်၍ခေတ္တ စိုးစံသွားလေသည်။ ယခုအခါ ကနပ်ဆိ ဟုခေါ်သော ရွာကြီးတစ်ရွာမှ ဖြစ်နေပေသည်။

၃။ ထားဝယ်မြို့မှ အရှေ့ဘက် သတ္တုတွင်းများသို့ သွားရာ မော်တော်ကားလမ်းပေါ် ၁၀မိုင်အကွာ ၌ ရှမ်း (ယိုးဒယား)မင်းများတည်ထား စိုးစံဖူးသည့် မှိုင်းကာရီ မြို့ဟု ရှိခဲ့ဖူးသည်၊ ယခု ပကာရီရွာ ဖြစ်၏။

၄။ ကောဇာသက္ကရာဇ် ၆၇ ခုနှစ်တွင် နရပတိမင်း သည် ဒွာရကတိုင်း၊ အောင်သာဝတီမြို့ကို တည် ထောင် စိုးစံခဲ့သည်ဆို၏။ ဤအောင်သာဝတီ မြို့သည် ယခုအခါ ထားဝယ်မြို့မှ ၄၆ မိုင်အကွာ ရှိ ထားဝယ်-ရေး မော်တော်ကားလမ်းပေါ်တွင် ကလိန်အောင်ရွာကြီး (မကြာသေးမီက မြို့နယ်ခွဲ ဖြစ်လာ)ဟုရှိသည်။

၅။ ကောဇာသက္ကရာဇ် ၉၄ ခုနှစ်တွင် အောင်သာဝရ မြို့မှရန္တပိုမင်းသည် ရွှေ့ပြောင်းပြီး ဘူမိဒေဝနဂရ မြို့ကို အသစ် တည်ထောင်စိုးစံသည်။ ဤမြို့ သည် ယခုအခါ မောင်မယ်ရှောင်ရွာငယ်အဖြစ် ထားဝယ်-ရေး သွား မော်တော်ကားလမ်း အပေါ် ထားဝယ်မြို့ မှ အရှေ့မြောက်ဘက် ၇ မိုင် အကွာ တွင် ရှိသည်။

၆။ ကောဇာသက္ကရာဇ် ၁၂၃ ခုနှစ်တွင် ရန္တပိုမင်း တည်ခဲ့သည့် ဘူမိဒေဝနဂရမြို့ (မောင်မယ်ရှောင် ရွာ)နှင့် တစ်ဖက်ကမ်းတွင် သမန္တရာဇာသည် သာဂရ မြို့တည် ထောင်စိုးစံလေသည်၊ ပထမ သာဂရ ဖြစ်၏။ ယခု မြို့ဟောင်းရွာဟုခေါ်သော နေရာ ဖြစ်သည်။

၇။ ထိုမှိုင်းကာရီမြို့နှင့် ခေတ်ပြိုင် တကူမင်းကြီး ဆိုသူ က တကူမြို့ကို တည်ထောင်စိုးစံသည်၊ ယခု လက်ဝဲကျွန်းရပ်ရဲဌာနနေရာတစ်ဝိုက်တွင်ဖြစ်သည်။ တကူဘုရားဟူ၍ ရှိသေးသည်။

၈။ ကောဇာသက္ကရာဇ် ၂၇၆ ခုနှစ်တွင် ဒွါရာဝတီမှ ရှမ်းအမတ်ကြီး ဩရာဂဋ္ဌသည် သာဂရမြို့ကို လာရောက် တိုက်ဖျက်လျက် ယခု ထားဝယ်မြို့၏ မြောက်ဘက်ထားဝယ်မြစ်အရှေ့ဘက်ကမ်းနေရာ တွင် ညောင်ခရားမြို့ကို တည်လေသည်၊ ယခု ဆင်ဆိပ်ရပ်ဖြစ်၏။ ကောင်းကင်မြေပုံတွင် ဆင်ဆိပ်ဝဟု ဖော်ပြထားသည့်မြို့ဟောင်းဖြစ် သည်။

၉။ ကောဇာသက္ကရာဇ် ၃၅၇ ခုနှစ် တွင် ဟံသာဝတီ မှ ဗညားဦး စစ်ချီလာကာ ညောင်ခရားမြို့ကို တိုက်ခိုက်သည်။ ၎င်းနောက်ဇလွန်မြို့ဟုယခင် သာဂရမြို့ ဟောင်းကိုဒုတိယအကြိမ် ပြန်လည် တည်ထား၍ အုပ်စိုးပြန်သည်။ ဒုတိယ သာဂရ ဖြစ်၏။

၁၀။ ကောဇာသက္ကရာဇ် ၄၃၈ ခုနှစ်တွင် တနင်္သာရီ မြို့မှရှမ်း(ယိုးဒယား) အမတ်ကြီး ဩရာစက္ကတံ သည်ဇလွန် မြို့ (ဒုတိယသာဂရ)ကို လာရောက် တိုက်ဖျက်ပြီး၊ ယခင်မြို့ဟောင်း ညောင်ခရားမြို့ ကို အသစ်တည်ထောင်အုပ်ချုပ်ပြန်သည်။ ကောင်းကင် မြေပုံတွင် ဆင်ဆိပ် ၂ ဟုဖော်ပြထား သည့်မြို့ဟောင်း ဖြစ်သည်။

၁၁။ ကောဇာသက္ကရာဇ် ၅၁၇ ခုနှစ်တွင် ပုဂံပြည့်ရှင် အလောင်းစည်သူမင်းသည် ဖောင်စကြာဖြင့် ဆင်းလာသောအခါ ထားဝယ်ဒေသ၌ မဟာ သုခနဂရမြို့ကို တည်ထားခဲ့ဖူးသည်။ ယခု ထားဝယ်မြို့လေယာဉ်ကွင်းနေရာဖြစ်သည်။ မဟာသုခနဂရ၏ တာပါ ခံဝင်းကြီးများရှိသည်။

၁၂။ ကောဇာသက္ကရာဇ် ၅၃၅မှ ၅၇၂ အထိ စိုးစံသော ပုဂံပြည့်ရှင်နရပတိစည်သူမင်းသည်လောင်းလုံမြို့နယ် ပင်လယ်ကမ်းခြေအငူ၊ ညောပြင်ရွာ၏တစ်ဖက် ကမ်း၌ ထောင့်ကွယ်မြို့ကို တည်ထားခဲ့သည်။ ယခုထိ မြို့ဟောင်းရာ ရှိသေးသည်။

၁၃။ နရပတိစည်သူမင်း၏အနွယ် ထောင့်ကွယ်မြို့ကို အုပ်စိုးခဲ့သော ၄ ဆက်မြောက်မင်းဆုသည် ဝေဒီ မြို့ဆိုသည်ကိုတည်ထားသည်။ ထားဝယ်မြစ်

အနောက်ဘက်ကမ်း လောင်းလုံမြို့နယ်အတွင်းတွင် ရှိသည်။ ကျုံးမြို့ရိုးနှင့်တကွ မြို့ဟောင်းရာ တည်ရှိသေးသည်။

၁၄။ ကောဇာသက္ကရာဇ် ၇၇၉ ခုနှစ်တွင် အင်းဝမင်းခေါင်ကြီး၏သား မင်းတရား(မင်းခေါင်အိမ်နိမ့်စံဘဝ မင်းဆွေမင်းသားဘဝတွင် ထားဝယ်ဒေသသို့ ရောက်ခဲ့ပြီး၊ ဆန်းချိုရွာသူကြီးသမီး၊ ဆံရှည်မနှင့် အကြောင်းပါ၍ ရသောသား)သည် မုတ္တသုခနဂရ မြို့ကို တည်ထောင်စိုးစံခဲ့သည်။ ယခု ရှင်မုတ္တီးရွာ ဖြစ်သည်။

၁၅။ မြို့သက်မရှည်၊ များစွာလည်း မထင်ရှားသော ကနိုင်းဝယ်မြို့နှင့် ကမြောမြို့ဟူ၍ လည်းရှိခဲ့ဖူးသည်။

၁၆။ ကောဇာသက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် ဟံသာဝတီပါ အင်းဝဘုရင်၏လက်အောက်ခံဝလွှန်(သာဂရ)မြို့စား မင်းနဲ့လှသည်၊ မွန်နှင့်မြန်မာအရေးတော်ပုံဖြစ်ပွားနေခိုက်ကို အခွင့်အရေးယူ၍ အင်းဝဘုရင် ဟံသာဝတီသို့ပါသွားချိန်တွင် မည်သူ့လက်အောက်မျှ မခံဘဲ တစ်သီးတစ်ခြားမင်းအဖြစ် ကြက်စားမြို့ဟု တည်ထား စိုးစံသည်။ မွန်တို့၏ ရှန်မှရှောင်ရန် ဟု ဆိုကာ တလိုင်းရှောင်မြို့ဟူ၍ လည်းခေါ်သည်။ ယခု ကြက်စားပြင်ရပ် နေရာဖြစ်သည်။

၁၇။ ကောဇာသက္ကရာဇ် ၁၁၁၆ ရောက် သောအခါမင်းနဲ့လှသည် ယခုထားဝယ်မြို့နေရာတွင် အုတ်မြို့ရိုး အခိုင်အခန့်ပြု၍ မြို့သစ်တည်သည်။ သာယာဝတီမြို့ ဟူ၍သမုတ်ခဲ့၏။ သို့သော် ထားဝယ်မြို့ဟူ၍သာ ခေါ်တွင်သည်။ ယခု ထားဝယ်မြို့ဖြစ်၏။

အထက်ပါအတိုင်းမြို့များတည်ထားခဲ့ပုံကို လေ့လာကြည့်လျှင်ထားဝယ်နယ်အတွင်း မည်သည့်အချိန်ကမျှ ထားဝယ်မြို့ဟုမရှိခဲ့ပေ။ နောက်ဆုံးမင်းနဲ့လှ တည်ခဲ့သည့်မြို့ပင်လျှင် ထားဝယ်မြို့ဟုမခေါ်ပဲ သာယာဝတီမြို့ဟု မှည့်ခဲ့သည်။ သို့သော် ထားဝယ်လူမျိုး (တစ်နည်း) ထားဝယ်သူ ထားဝယ်သားများ နေထိုင်သည်ကို အကြောင်းပြု၍ မူလ သာယာဝတီအမည်ပျောက်ပြီး ထားဝယ်ဟု ခေါ်တွင်ခဲ့သည်။ ထို့ကြောင့် မြို့အမည်ကို အဓိကမထားပဲ နေထိုင်ခဲ့သည့် ထားဝယ်လူမျိုးများအား အကြောင်းပြု၍ ထားဝယ်မြို့ဟုသာ အသိအမှတ်ပြုကြသည်ဟု ဆရာကြီးဦးကျော်မင်းက ရေးခဲ့ပုံရသည်။ ထားဝယ်လူမျိုး မူလအစကတည်းကရှိခဲ့၍ နေရာဌာနထားဝယ်သည် ဒုတိယလိုက်ခဲ့သည်မှာ အမှန်ဖြစ်ပုံရသည်။

ထားဝယ်နယ်အတွင်း ရှေးဟောင်းမြို့ ဆိုသည့်နေရာ ၁၇ နေရာရှိကြောင်းကို သက်ကြီးစကား၊ သက်ငယ်စကား မှတ်တမ်းများအရလည်းကောင်း၊ ဒေသဆိုင်ရာဘုရားသမိုင်းအရ လည်းကောင်း၊ ပုံပြင်(သို့)ဇာတ္တာရီ သဖွယ်ကြားသိခဲ့ရသည်များမှ လည်းကောင်း သိခဲ့ရပါသည်။ တစ်ခါတစ်ရံ တွင် ဒေသဆိုင်ရာ သက်ကြီးရွယ်အိုများနှင့် နီးနှောဖေဖြန်း၍ ရေးသားကြရာက တစ်စွန်းတစ်စထွက်ပေါ်လာသည့် သမိုင်းကွင်းဆက်များလည်းရှိ တတ်ပါသည်။ ယင်းတို့အထဲတွင် ပုံပြင်ပမာ ယုံချင်မှ ယုံပါဟူ သောပါးစပ်ရာဇဝင်သမိုင်းများရှိသကဲ့သို့ အချို့သောအကြောင်းအရာများမှ ယုတ္တိတန်ယုံမက သမိုင်းဝင်နေရာများကို တူးဖော်လေ့လာသည့်အခါ တွေ့ရသည့် အထောက်အထားများနှင့် ပတ်သက်ဆက်နွှယ်နေသည်ကိုပါတွေ့ရသည်။

(ဥပမာ) (ရှေးဟောင်းသုတေသနဌာနမှ ထားဝယ် သာဂရမြို့ဟောင်းတွင် နှစ်ကြိမ်လာရောက် တူးဖော်ခဲ့သည့် အထောက်အထားများ)

ရှေးသမိုင်း အထောက်အထားများနှင့် ပတ်သက်၍ ကျောက်စာဝန်ဟောင်း ဦးဖိုးလတ်က-

“လူမျိုးတိုင်းလောက်၏ မှတ်တမ်းမတင်မီခေတ်နှင့်ဆိုင်သော ရှေးဟောင်းသမိုင်း ရာဇဝင်တို့မှာ ဇာတ္တာရီဆန်သည်များ၍ ထိုဇာတ္တာရီဆန်ဆန် အကြောင်းအရာများဝယ်၊ အမှန်အဖြစ်အပျက်များလည်း အနည်းနှင့်အများကိန်းအောင်း ပါဝင်လျက်ရှိတတ်ကြောင်း၊ သမိုင်းရာဇဝင်များကို လေ့လာလိုက်စားသူများ အသိပင်ဖြစ်ပါသည်။

ရှေးသူဟောင်းတို့သည် မိမိတို့၏သမိုင်းပုံပြင်ရာဇဝင်တို့တွင် တင်စား၍ဆိုခြင်း၊ သွယ်ဝိုက်၍ဆိုခြင်း၊ ပိုကဲ၍ဆိုခြင်း၊ အများသညာ လက္ခဏာဖြစ်ဖော်ပြ၍ဆိုခြင်းစသော ဆိုနည်း အမျိုးမျိုးကို သုံးခဲ့လေ့ရှိရာ ဤသို့ နည်းပရိယာယ်ပြင့်ဆိုရာ သဘာဝမကျလှသောအချက်များအတွင်းမှ အမှန်အဖြစ်အပျက်များကို ကောက်ယူတတ်က၊ ရနိုင်သည်က ဖြစ်ချေသည်။”[၈၃]

ထားဝယ်ဒေသအတွင်း မြို့ဟောင်းများဟုဒေသခံများက မှတ်ယူထားသောနေရာ ၁၇ နေရာ ရှိသည့်အနက်

အချို့ မြို့ဟောင်းများဟု ဆိုသောနေရာဒေသများမှာ ဒေသသမိုင်း၊ဘုရားသမိုင်းများတွင်ဖော်ပြထားသဖြင့်လည်းကောင်း၊ သက်ကြီးစကား သက်ငယ်ကြားပုံပြင်များ အရလည်းကောင်း၊ သိရှိရသော်လည်း လက်တွေ့တွင်ကျုံး၊ မြို့ရိုး၊ အဆောက်အအုံနှင့် လူအသုံးအဆောင်ပစ္စည်းများ၏ သဲလွန်စရှာမရသောနေရာများရှိသကဲ့သို့ ကျုံး၊ မြို့ရိုး၊ အဆောက်အအုံများယနေ့အထိတွေ့နိုင်သေးသောမြို့ဟောင်း ရာများလည်း ရှိနေသေးသည်။ ဓာတ်ခွက်ဘုရားများ၊ အရိုးအိုးများ၊ ကိုးကွယ်ယုံကြည်ရာပစ္စည်းများ၊ ပုတီးစေ့များ၊ ရွှေထည် ငွေထည်များကိုတွေ့ရသည့် မြို့ဟောင်းရာများလည်း ရှိနေပါသည်။ ထိုမျှမက တောင်းကင်မြေတိုင်း ဓာတ်ပုံရိုက်ကူးရာတွင် ထင်ထင်ရှားရှားပေါ်လာသော မြို့ဟောင်းများလည်း ရှိသည်။ (ဥပမာ-အောင်သာဝတီမြို့ဟောင်း (ကလိန်အောင်)ဘုမ္မိဒေဝနဂရ နှင့် မိုင်းကာရီမြို့ဟောင်း (ပကာရီ)၊ သာဂရမြို့ဟောင်း၊ ဝတီးမြို့ဟောင်း (၁) (၂) (ဝေဒီရွာ)၊ ဆင်ဆိပ်မြို့ဟောင်း (၁) (၂) (ယခုဆင်ဆိပ်ကျေးရွာ)၊ မုတ္တီးမြို့ဟောင်း (၁) (၂)၊ မုတ္တသုခနဂရ (ယခု မုတ္တီးကျေးရွာနှင့် စော်ဝကျေးရွာ) သောင့်ကွယ်မြို့ဟောင်း (ယခု သောင့်ကွယ်ကျေးရွာ) စသည်တို့ဖြစ်သည်။ ထိုမြို့ဟောင်းများကို အကြမ်းမျှဖော်ပြရပါသည်။သို့မှသာထားဝယ်ဒေသ၏နေရာဟောင်းများနှင့် လူများ နေထိုင်မှုတို့ကို သဘောပေါက်မည်။

မြို့အမည်	တည်ခုနှစ်(ကောဇာ) ပျက်ခုနှစ်	နန်းတည်မင်း
အောင်သာဝတီ	၆၇ -	နရုတ်
သာဂရ	၁၁၃ - ၂၇၆	သမုန္ဒရာဇာ
ဝေဒီ	၁၁၆ - ၂၇၆	နေမျိုးဝေသဝဏ္ဏ
ညောင်ဝရေး	၂၇၆ - ၃၅၇	သြရာဇ္ဇမင်း
သာဂရ(ဒုတိယအကြိမ်)	၃၅၇ - ၄၃၈	ဗြဟ္မာဦး
ညောင်ဝရေး	၄၃၈ - ၄၉၁	သြရာဇာဇမင်း
မဟာသုခနဂရ	၅၁၇ -	ပုဂံအလောင်းစည်သူ
သောင့်ကွယ်	၅၃၈၅၈ - ၅၇၂၊ ၅၉၀၊ ၅၉၂၆၃၀	ပုဂံအလောင်းစည်သူ
မုတ္တသုခနဂရ (ယခုရှင်မုတ္တီး)	၇၇၉-	အင်းဝမင်းခေါင်၏သား မင်းတရား
ဝေဒီ(ဒုတိယအကြိမ်)	၇၉၂-၈၅၀	စေသူရ
ကမြော	၈၅၀-၈၅၆	ဘုရ
နန်းတောင်	၈၅၆-၈၅၉	နန္ဒသာရ
ကမြော(ကနိုင်းဝယ်)	၈၅၉ - ၈၆၆	ဘုရ
သာဂရ(ဇလွန်) (တတိယအကြိမ်)	၉၂၉ - ၁၁၁၃	မြသိုက်
ကြက်စား	၁၁၁၃-၁၁၁၆	မင်းနဲ့လှ
သာယာဝတီ (ယခုထားဝယ်)	၁၁၁၆-၁၁၈၆	မင်းနဲ့လှ

အောင်သာဝတီမြို့ဟောင်း (ယခု - ကလိန်အောင်)

ထားဝယ်မြို့မှ ရေးမြို့သို့သွားသည့် ကားလမ်းအတိုင်း မြောက်ဘက်သို့သွားလျှင် ၄၆ မိုင်အရောက်တွင် ကလိန်အောင်ကျေးရွာ ကြီးရှိသည်။ ဤကလိန်အောင်ရွာကြီးသည် တစ်ချိန်က အောင်သာဝတီမြို့ဖြစ်ခဲ့သည်။ နရုတ်မင်းသည် အောင်သာဝတီ မြို့ကို ကောဇာသက္ကရာဇ် ၆၇ ခုနှစ်တွင်တည်သည်။[၃၄] ဟု ဆိုပေရာ ထားဝယ်ဒေသရှိမြို့ဟောင်းကြီးများအနက် ဤမြို့သည် အစောဆုံးတည်သော ရှေးမြို့ဟောင်းဟုဆိုရပေမည်။

အောင်သာဝတီမြို့သည် ဒုရကတိုင်းမှ မြို့ဖြစ်သည်ဟုဆို၏။ ဒုရက တိုင်းဆိုသည်မှာ ထားဝယ်ဒေသကို ဆိုလိုသည်။ ဒုရကတိုင်းဟု ခေါ်ရခြင်းနှင့် အောင်သာဝတီမြို့တည်ခြင်း အကြောင်းတို့သည် ကလိန်အောင် ဆံတော်ရှင်ဘုရားသမိုင်းနှင့် ဆက်စပ်နေသည်။ ဂေါတမဘုရားရှင်သည် (၁၁)ဝါ မြောက်တွင် မြောက်အရပ်မှဆွမ်းခံတော်မူပြီးအပြန် ဝေဠိသကတောင် (ယခု - ကျောက်ထောင့်ကျေးရွာအနီးမှ ကကာန်းတောင်) အရောက် တွင် ဂဝံပတော့ရသေ့၊ ဒုရကနတ်သား ဣန္ဒြာနတ်ဘီလူးတို့နှင့် ကြုံကြိုက်၍ ဆံတော်မြတ်သုံးဆူပေးခဲ့သည်။ ၎င်းဆံတော်များ ဌာပနာပြီး ကလိန်အောင်တောင်ပေါ်တွင်စေတီတည်၍ ကလိန်အောင် ဆံတော်ရှင်စေတီဟု အမည်တွင်သည်။[၃၅] ဒုရကနတ်သားအမှူးပြု၍ စေတီတည်သည်မှ ဒုရကနတ်သားကို အစွဲပြု၍ ဒုရကတိုင်းဟု ခေါ်သည် ဆိုပါသည်။

နရုတ်မင်းသည် ကောဇာသက္ကရာဇ် ၆၉ ခုနှစ်တွင် မြတ်စွာဘုရားဓာတ်တော်များကို ယခုထားဝယ်မြို့ ရွှေတောင်စားစေတီ နေရာတွင် စေတီငယ်စတည်ခဲ့သည်။[၃၆] ခေတ်အဆက် ဆက်ပြုပြင်လာရာမှ ယနေ့တွေ့မြင်ရသော စေတီအခြေအနေ သို့ရောက်ခဲ့သည်။ နရုတ်မင်းတည်သော အောင်သာဝတီကို ပထမအောင်သာဝတီ (သို့) အောင်သာဝတီ(၁)ဟု ခေါ်ဆိုရ ပေမည်။ ပထမအောင်သာဝတီ၏ သမိုင်းကြောင်းသည် ဒဏ္ဍာရီ ဟု ဆိုနိုင်သော်လည်း ထိုဒဏ္ဍာရီထဲမှ ကလိန်အောင်ဆံတော်ရှင်ဘုရား၊ဝေဠိသကတောင်၊ရွှေတောင်စားစေတီ အစရှိသည်တို့မှာ ယနေ့တိုင်တွေ့မြင်နိုင်သေးသဖြင့်ယုတ္တိမရှိသော ဒဏ္ဍာရီဟု၍ကား မဆိုသာချေ။ ယနေ့တွေ့မြင်ရသော ကလိန်အောင်ရွာမှ အောင်သာဝတီမြို့ဟောင်းရာများသည် ပထမအောင်သာဝတီ (သို့) အောင်သာဝတီ(၁)



မှအကြွင်းကျန်များမဟုတ်ပါ။ ဒုတိယအောင်သာဝတီ(သို့) အောင်သာဝတီ(၂)မှ အကြွင်းအကျန်များသာ ဖြစ်သည်ဟု ယူဆရပါသည်။ ဒုတိယအောင်သာဝတီ (သို့) အောင်သာဝတီ (၂)ကို သက္ကရာဇ် ၁၁၆ ခုနှစ်တွင် ပြည်သားဗလက တည်သည် ဟု အဆို ရှိသည်။

နရပတီမင်းလက်ထက်မှအကြွင်းအကျန်ဆို၍ အောင်သာဝတီနန်းဦးစေတီတစ်ဆူကို ကလိန်အောင်ရွာတွင် ယနေ့ တွေ့မြင်နိုင်ပါသည်။ ထားဝယ်မြို့ဟောင်း သာဂရမြို့ကို သက္ကရာဇ် ၁၁၃ တွင်တည်ခဲ့သည့် သမန္တမင်း လက်ထက်မှာ ယွန်းနှင့် ယိုးဒယားတို့က နှောင့်ယှက်တိုက်ခိုက်ရန် မကြာခဏကြံစည်သည့်အတွက် အမတ် ပြည်သားဗလကိုထားဝယ် မြစ်အရှေ့ဘက်ကမ်းနားတပ်၍ သက္ကရာဇ် ၁၁၆ ခုနှစ်တွင် သစ်လုံးရံမြို့တည်စေပါသည်။ တပ်သား ၁၀၀၀ ကျော်နှင့် အမတ်ပြည်သားဗလ ကိုနေစေသည် ဟုဆို၏။သမန္တမင်းကို သူ၏မွေးစားသား သမ္ဘာန်မင်း (ရှင်စံ)က ဆက်ခံ၏။ ရှင်စံမရှိသည့်နောက်သားထောက်နောက်ခံမကျန်၍အမတ်ပြည်သားဗလကပင် ဆက်လက်အုပ်စိုးသည်ဆိုရာ သာဂရမြို့တွင် စိုးစံသော ပြည်သားဗလသည် အောင်သာဝတီကို အခံမြို့အနေဖြင့်သာ အုပ်ချုပ်ခဲ့ပုံရပါသည်။

နရုတ်မင်းလက်ထက်တွင် ပိုင်ဆိုင်သည့်အောင်သာဝတီ နယ်မြေသည် ယခုခေတ် သရက်ချောင်းမြို့အထိ ကျယ်ပြန့်သည် ဟုဆိုပါသည်။ ဖြူညားဗလလက်ထက်တွင်မှ အောင်သာဝတီသည် ပထမသာဂရမြို့၏ အခံမြို့တစ်မြို့ အဖြစ်သို့ သက်ဆင်းခဲ့လေသည်။ ဖြူညားဗလသည် သာဂရမြို့ကို အုပ်စိုးခဲ့ရာတွင် ဖြူညားလောကဆက်ခံသည်။ တစ်နှစ်အကြာ ဖြူညားလော၏သား ဖြူညားရဲ ဆက်ခံသည်။ ဖြူညားရဲ လက်ထက်တွင်ကလိန်အောင်(အောင်သာဝတီ)ကိုငနဲအောင် ဆိုသူအား ကင်းတပ်မှူးခန့်ပြီး အုပ်ချုပ်စေသည်။ နောက် အဆက်ဆက်အုပ်စိုးလာခဲ့ရာ ဖြူညားတော်ဆိုသူ လက်ထက် တွင် ယိုးဒယားအမတ် ဩရက္ခဉ္စက ကောဇာသက္ကရာဇ် (၂၇၆) ခုနှစ်တွင် လက်နက်ကိုင်အလုံးအရင်း နှင့်ချီတက်တိုက်ခိုက်၍ အောင်သာဝတီမြို့ပျက်လေသည်။[၃၇] ထိုစဉ် ကတည်းက အောင်သာဝတီသည် ပျက်ခဲ့လေရာ ယနေ့တွေ့မြင်ရသည့်ရွာ အဆင့်သို့ရောက်ခဲ့ရလေသည်။

မှတ်ချက် ။ (ယခုအခါ နိုင်ငံတော်အစိုးရက ကလိန်အောင်ကျေးရွာကို မြို့နယ်ခွဲ အဆင့်သို့ တိုးမြှင့်ပေးထားပါသည်။)

ယနေ့ကလိန်အောင်ရွာမှ ဦးအုန်းခိုင် ဆိုသူ၏အိမ် အရှေ့ မြောက်ထောင့်တွင် စေတီပျက်ကြီးတစ်ဆူကို တွေ့ရသည်။ ပထမ အောင်သာဝတီခေတ်မှ နန်းဦးစေတီ ဆိုပေရာ မြို့နိုးမြို့ကွက်အနေအထားနှင့် စေတီတည်ရှိပုံကို ကြည့်လျှင် ဖြစ်နိုင်ပါသည်။ စေတီကြီး၏ပစ္စယံပေါ်တွင် အရံစေတီလေးဆူ ရှိသည်။ စေတီတော် လေးဖက်လေးတန်မှာလည်း နောက်ထပ် အရံစေတီလေးဆူရှိသေးသည်။ စေတီကြီး၏အနောက်တောင် ထောင့်တွင် သိမ်ခြားစေတီငယ်တစ်ဆူရှိ၏။ ထိုနန်းဦးစေတီကို ပြန်လည်ပြုပြင်နေပေရာ ၂၀၀၂ ခုနှစ်က ရွှေဘူးငယ်တစ်ခုကို ရသည်ဟုဆိုပါသည်။ ယင်းအတွင်းမှဓာတ်တော် များတွေ့၍ အပူဇော်ခံပြီး စေတီကိုဆက်လက်ပြုပြင်သည်။နောက်ပြန် ဌာပနာလိုက်သည် ဟုသိရသည်။

ကလိန်အောင်သည် အလျား(၁)မိုင်နှင့် အနံ ၄ ဖာလုံသာရှိသည်။ ဒုတိယအောင်သာဝတီ မြို့ရိုးနှင့်ကျုံးသည် ပစောက်အကွေ့ရာ ပုံဖြစ်ပြီး ကလိန်အောင်မြစ်ကိုကျုံး တစ်မျက်နှာအဖြစ် ယူထားသည်ကိုတွေ့ရသည်။ နရုတ်မင်း လက်ထက် ပထမအောင်သာဝတီခေတ်က မြို့ရိုးနှင့်ကျုံး သည်လည်း ထပ်တူထပ်မျှမဟုတ်သည့်တိုင် ဤအနေအထား ပင်ဖြစ်မည်ဟုမှန်းဆရပါသည်။ ရှေးက ကားလမ်းဟောင်းနှင့် ယနေ့ကားများသွားနေသည့် ကားလမ်းသစ်သည် မြို့ဟောင်း ရာပေါ်ကို ဖျင်ဖြိုင်ဖြတ်သွားနေသည်။ ယနေ့ ကလိန်အောင် ရွာထဲရှိ ဈေးနေရာ၊ ရဲစခန်းနေရာ၊ သစ်တောရုံးနေရာ၊ ရယကရုံးနေရာ၊ ဆေးပေးခန်း နေရာများသည် မြို့ရိုးဟောင်း အတွင်းမှာရှိနေသည်။ ဦးအုန်းခိုင် အိမ်သည်ကျုံးပေါ်တွင် မြေဖို့ပြီး ဖြတ်ဆောက်ထားသည်ဟုဆိုသည်။ မြို့ကွက်သည် နန်းမြို့သာဖြစ်ပြီး ဘုရင်(သို့) အုပ်ချုပ်သည့်မင်းနှင့် အပေါင်း ပါများလောက်သာ "အောင်သာဝတီ" နန်းမြို့အတွင်းတွင် နေကြပုံရသည်။ နန်းမြို့သည် (၈-၉က)မျှ ကျယ်သည်။ နန်းတော်ရာသည် ယခုရဲစခန်းနှင့်သစ်တောရုံးနေရာလောက် တွင် ရှိသည်ဟု ရွာခံများကပြောပါသည်။

ကလိန်အောင်သည် တစ်နှစ် တစ်ကြိမ် ရေကြီးပါသည်။ မြစ်ရေလျှံခြင်းဖြစ်သည်။ ထို့ကြောင့်ရေဘေးမှလွတ်ရာ အမြင့်ဆုံး နေရာတွင် နန်းမြို့တည်ထားခြင်းဖြစ်၏။ ၁၉၈၂ ခုနှစ်က မောင်တင်ဝင်းဆိုသူသည် အရက်ချက်ရန် မြေကျင်း တူးရာအတွင်းအမြင့်စဥ့်သုတ်ထားသည့်တစ်လံခန့်ရှိအဝကျဉ်း မြေအိုး လေးလုံးကို တွေ့ရသည်။ အရိုးအိုးများဖြစ်ပြီး အရိုး မှုန့်များနှင့်အတူ အိုးတစ်လုံးတွင် သံဓါးအရှည် တစ်ချောင်း ခေါက်လျှက်ပါလာသည်။ နောက်တစ်အိုးတွင် ကွမ်းညှပ်ပါ သည်။ နောက်တစ်အိုးတွင် ကြေးခွက်ပါသည်။ သေသူ၏ အသုံးအဆောင်များ ထည့်ပေးလိုက်သည်ဟုထင်ရပါသည်။ ထိုအိုးများတွေ့သည့်နေရာမှာ အုတ်နှင့်လုပ်ထားသည့် ကုန်းငယ်တစ်ခုဖြစ်၍ ထိုခေတ်က မီးသင်္ဂြိုဟ်သည့်နေရာ ဖြစ်နိုင်သည်။ မောင်တင်ဝင်းတွေ့သည့် အရိုးအိုးများကို ရွာသားများက ကြောက်ရွံ့၍ တွေ့သည့်နေရာတွင် ပြန်မြှုပ် ထားလိုက်သည်ဟု ဆိုပါသည်။ အိုးတွင် အပြင်ဘက်၌ စဥ့် သုတ်ထားသည်ဆို၍ အဆင့်တန်းမြင့်ပုံရ၏။ အောင်သာဝတီ ခေတ်ဒင်္ဂါးများရှားသည်။ တစ်ဖက်တွင် နဂါးရုပ်ပါပြီး အခြား တစ်ဖက်တွင် လေးထောင့်စာပါသည်။ ထားဝယ်မြို့ဘုရားကြီး အတွင်းရှိ ပြတိုက်တွင်ရှိပါသည်။

အောင်သာဝတီမြို့ဟောင်း၏ ကျုံးသည် ယခုအခါ မြောင်းအရွယ်သာကျန်တော့သည်။ ပပျောက်မသွားရန် ထိန်းသိမ်းသင့်သည်။ အမှတ်(၈)ရပ်ကွက်မှ လွှတောင်ဆရာ ဦးရွှေငိုအိမ်၏အနောက်ဘက်တွင်ရှိသော ကျုံးနေရာဟောင်း နှင့် ကလိန်အောင် အစိုးရအလယ်တန်းကျောင်းမြောက်ဘက် တွင်ရှိသောကျုံး နေရာဟောင်းများကို ယနေ့တိုင်တွေ့မြင်နိုင် ပါသေးသည်။[၃၈]

ဘူမိဓေဝနဝရမြို့ဟောင်းနှင့်မှိုင်းကာရီမြို့ဟောင်း (ယခု-ပကာရီကျေးရွာ)

ဘူမိဒေဝနဂရမြို့ဟောင်းနှင့် မှိုင်းကာရီ မြို့ဟောင်းတို့သည် တစ်ဆက်တည်းဖြစ်သည်။ သို့ဖြစ်၍ မှိုင်းကာရီ မြို့ဟောင်း ဟုသာ ခေါ်တွင်လိုက်ခြင်းဖြစ်ပါသည်။

ထားဝယ်မြို့ အရှေ့ဘက် ၁၀ မိုင်အကွာ ထားဝယ်မြို့နယ်ထဲတွင် ပကာရီရွာဟုရှိပါသည်။ ၎င်းရွာတွင် ပကာရီမိုင်းဟုတည်ရှိ၍ သတ္တုတွင်းရွာကြီးဖြစ်သည်။ ထားဝယ်မှ အရှေ့ဘက်တောင်သုံးလုံး၊ ကျောက်မဲတောင်၊ မေတ္တာလမ်းအတိုင်းသွားရာတွင် ပကာရီရွာသည် မော်တော်ကားများစခန်းချရာရွာဖြစ်ပါသည်။ ထိုရွာမှမြောက်ဘက်သို့လမ်းခွဲ၍ဟာမြင်းကြီးမိုင်း သို့လည်း သွားနိုင်ပါသည်။ ၎င်းပကာရီရွာနေရာတွင် ရှေးက မှိုင်းကာရီမြို့ဟု တည်ရှိခဲ့သည်။ ဇင်းမယ်မြို့ကို အစိုးရသော ယွန်းမင်းကြီး စောလွန်းရွှေ လာရောက်စိုးစံခဲ့သည်ဟု အဆိုရှိသည်။[၁၉] ထားဝယ်ရာဇဝင်တွင် ထို မှိုင်းကာရီမင်း စောလွန်းရွှေ၌ သားတော်စောထွင့်နှင့် သမီးတော်စောမြဒေဝီ ရှိသည်ဟု ဖော်ပြထားသည်။ စောလွန်းရွှေ လွန်သောအခါ မောင်နှမ နန်းလုကြ၏။ တရားအဆုံးအဖြတ်ခံယူရန် သမာဒိအဖြစ် တကူမြို့ (ယခု- ဝဲကျွန်းဆင်ဆိပ်) မှ တကူမင်းကြီးထံ သွားရောက်ကြသည်။ တကူမင်းကြီးက "မောင်နှမနှစ်ဦးပိုင် နယ်မြေတွင် ဉာဏ်တော်အမြင့်နှင့် လုံးပတ်ပါတူညီသော စေတီနှစ်ဆူ အပြိုင်တည်ရမည်၊ အလျင်ပြီးသူက နန်းရစေ" ဟု အဆုံးအဖြတ်ပေး သည်။ စောထွင့်မင်းသားက အတောက်ဉာဏ်ဖြင့် ဝါးကို စေတီပုံ ခြင်းယက်၍ (ထားဝယ်လို-ဈောယက်သည်ဟုခေါ်သည်) ထုံးသုတ်ကာ အလျင်ပြီးသည်ဆိုကာ မတရားအနိုင်ယူသည်။ နှမတော် စောမြဒေဝီသည် နောင်တော်၏အကြံကိုရိပ်မိသဖြင့် သစ္စာပြုလျက် တိုင်တည်ရာ မိုးသီးမိုးပေါက်များကျကာ မိုးကြီးခသဖြင့် ထိုဈောစေတီ (ခြင်းစေတီ) ပြိုကျလေသည်။ စောထွင့် မင်းသား အရှက်ရ၍ ရဟန်းပြု တောထွက်သွားသည်။ နှမတော် စောမြဒေဝီမှာလည်း သာဂရမင်းရှင်ဝံ၏ မိဖုရားအဖြစ် ခံယူလိုက်လေရာ မှိုင်းကာရီ မင်းဆက်ပြတ်သွားသည်။[၂၀]

ကောဇာသက္ကရာဇ် ၉၀ ပြည့်နှစ်တွင် ရခိုင်ပြည်မှ ရောက်လာသော ဗိုလ်ချုပ်အာလောတက်ညွန့်နှင့်အပေါင်းပါတို့ သည် ဌာနေ ထားဝယ်သားများကို စည်းရုံးဦးဆောင်ပြီး သက္ကရာဇ် ၉၂ ခုနှစ်တွင်အောင်သာဝရွာကြီးတည်ပြီး နေထိုင်ကြ၏။[၂၁] ထိုအရပ်တွင် နှစ်နှစ်ကျော်နေပြီးလျှင် တိရစ္ဆာန်များဖျက်ဆီးခြင်းကြောင့် ထိုနေရာမှ ပြောင်းရွှေ့၍ စောလွန်းရွှေ၏ မှိုင်းကာရီ မြို့အနီးတွင်သက္ကရာဇ် ၉၄ ခုနှစ်တွင် ဘူမိဒေဝနဂရမြို့ကိုတည်သည်။ မြို့တည်မင်းမှာ ရခိုင်ဗိုလ်ချုပ်အာလောတက်ညွန့် ပင်ဖြစ်သည်။ ရွှေပိုမင်းခေါ် ရာဇတပို မင်းဟုလည်းခေါ်သည်။ ထိုမင်းသည် ဆင်ဖြူတော်ရ၍ ဆင်ဖြူရှင်မဟာနရိန္ဒဘွဲ့လည်းခံသည်။[၂၂]

ထိုမင်းနန်းတော် တည်ဆောက်သည့်နေရာသည် ယခု ပကာရီရွာအဝင် အရှေ့ဘက် တစ်ဖာလုံခန့် ချောင်းတစ်ဖက်ကမ်း ဦးတင်သာ၊ ဒေါ်မလေး တို့၏ရာဘာခြံစိုက်ထားသည့် နေရာဖြစ်သည်။ ၎င်းနေရာကိုရှေးက "နန်းရာကုန်း"ဟု ခေါ်ကြသည်။ ယခုတိုင် ထိုနေရာတွင် ကျုံးရာ၊ မြို့ရိုးရာများ ကျန်သေးသည်။ နန်းတော်နေရာတွင်ကုန်းကြီးဖြစ်နေသည်။ ဆင်ဖြူရှင် မဟာနရိန္ဒမင်းသည် နန်းတော်အဝင်တွင် ဉာဏ်တော် ၂၉ပေရှိသော နန်းဦးစေတီကို တည်ထားကိုးကွယ်ခဲ့သည်။[၂၃] ၎င်းနန်းဦးစေတီသည် နောင်အခါ ချောင်းရေတိုက်စားမှုသဘာဝဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည့် အပြင် ပေပေါင်း ၁၈၀ ကျော်မျှ သဲသောင်အတွင်း နစ်မြုပ်လျက်ရှိပြီး တိမ်ကောပျောက်ကွယ်သွားသည်။ ယခုအခါ ရွာသူရွာသားများကောင်းမှုဖြင့် မူလစေတီ နေရာနှင့် မနီးမဝေးသဘာဝဘေးဒဏ်မှလွတ်ရာတွင်ဉာဏ်တော်အမြင့် ၄၅ပေရှိသော "နန်းဦးငြိမ်းချမ်းအေးစေတီ" တည်ထားကြသည်။ မြို့ရိုးအုတ်များရှိသေးရာ အလျား ၁၃ လက်မခွဲ အနံ ၈ လက်မ နှင့် ထု ၂ လက်မ ရှိပါသည်။

ဇင်းမယ်မြို့မှ ယွန်းမင်းကြီး စောလွန်းရွှေ မှိုင်းကာရီမြို့တွင် လာရောက်စိုးစံခဲ့သည့် အကြောင်းမှာ ဒဏ္ဍာရီဆန်နေပါသည်။ ရွှေဝယ်ဇ၏ ထားဝယ်ရာဇဝင်များတွင် ပါသော်လည်း အထောက်အထားမရှိခဲ့ပါ၊ ဆရာကြီးရွှေဝယ်ဇ ကလည်း ရှေးထားဝယ်ရာဇဝင်များမှ တစ်ဆင့်ကူးယူဖော်ပြထားခြင်းဖြစ်သည်။ စောလွန်းရွှေ၏သား တော်စောထွင့်နှင့် သမီးတော် စောမြဒေဝီ တို့ နန်းလုသည့်အကြောင်းမှာလည်း ကံရာဇာကြီး၊ ကံရာဇာငယ် အကြောင်းနှင့်ခပ်ဆင်ဆင်ပင်ဖြစ်သည်။ ဤသို့အကြောင်းအရာမျိုး သည် မြန်မာ့ရာဇဝင်တွင် မကြာခဏပေါ်ပေါက်သည်ကို တွေ့ရပါသည်၊ ရခိုင်ပြည်မှ ရောက်လာသော ဗိုလ်ချုပ်အာလောတက်ညွန့် အကြောင်းမှာထားဝယ်ရာဇဝင်မှုဝင် ဖြစ်သည်။ ရခိုင်မဟာ ပညာကျော် လျှောက်ထုံးတွင် မဟာပညာကျော်သည် ရခိုင်ဘုရင် မင်းဖလောင်း (၁၅၇၂-၁၅၉၃)၊ မင်းရာဇာကြီး (၁၅၉၃-၁၆၁၂)၊ မင်းခမောင်း (၁၆၁၂-၁၆၂၂) ထိ မင်းသုံးဆက် အမှုထမ်းခဲ့သည် ဟု ဆို၏။ သူ၏ လျှောက်ထုံး၌ "သားတော်သံတောင်စား (တပင်ရွှေထီး၏သားတော်လည်းဖြစ်နိုင်) အပြစ်ရှိ၍ မြို့တို့နေရာ သို့ပို့ထားသည်။ (ပညာကျော်၊ ၁၉၆၄-၂၄) မြို့တို့အရပ်မှာ မရိပ်ချောင်း။ ဉာဝေလာတောင် ဖြစ်သည်။ နောက်မြို့ကိုးခေါင်း သားများ မငြိမ်မသက်ဖြစ်၍

မာန်အောင်ကျွန်း သို့ရွှေ့ထားသည်။ ထိုမှထွက်သွားပြီး ပဲခူး-ယိုးဒယား(ထိုင်း) နှစ်ပြည်ကြား ထားဝယ် မှာနေကြသည်။ မြို့ကိုထားဝယ်တွင်တည်သည်။ (ပညာကျော် ၁၉၆၄-၆၂)" ဟုဖော်ပြထားရာ၊ ထားဝယ်ရာဇဝင်မှ အာလောတက်ညွန့် ကိစ္စသည် ရခိုင်ရာဇဝင်နှင့်ကိုက်ညီနေသည်။ ခုနှစ် များမှာမူ မကိုက်ညီပါ။

ယွန်းမင်းကြီးစောလွန်းရွှေအကြောင်းသည် ဒဏ္ဍာရီဆန်သည် ဆိုသော်လည်း သူ၏သားတော်တည်ခဲ့သည့် ဈေးဘုရားနှင့် သမီးတော်စောမြဒေဝီ တည်ခဲ့သည့် ရွှေကူတောင်ဘုရားစေတီတို့မှာ ယနေ့တိုင် အထင်ရှားတွေ့မြင်နိုင်ပါသေးသည်။

သာဂရမြို့ဟောင်း (ယခု-မြို့ဟောင်းကျေးရွာ)

ထားဝယ်မြို့မှ ထားဝယ်မြစ်ကို ကမြောကင်း တံတားကြီးဖြင့် ဖြတ်ကူးကာ ထားဝယ်-မောင်း မကန်ကားလမ်း အတိုင်းသွား၍သောကြာမြင်ရွာမှ မြောက်ဘက်သို့ ၇ မိုင်ခန့်သွားလျှင် သာဂရ မြို့ဟောင်းကို ရောက်သည်။ ယခုအခါ နိုင်ငံတော်အစိုးရ၏ပံ့ပိုးမှု၊ ကျေးရွာလူထု၏ ကိုယ်ထူကိုယ်ထစနစ်ဖြင့် ကတ္တရာလမ်းကို သောကြာမြင်ရွာမှ ရေမြုမြို့အထိခင်းထားသဖြင့် သွားလာရေးအတွက် လွယ်ကူချောမွေ့သွားသည်။ သာဂရမြို့ဟောင်းကို ထားဝယ်မှ မိနစ် ၂၀ မျှဖြင့် ကားနှင့်အရောက်သွားနိုင်သည်။

သာဂရမြို့ဟောင်းရာကို ယခုလက်ရှိ ထားဝယ်မြို့မတည်မီက ရှိခဲ့သော ထားဝယ်မြို့ဟောင်းဟု နားလည်ထားကြသည်။ ယခုအချိန်တွင် လောင်းလုံမြို့နယ်အတွင်းမှ မထင်မရှားကျေးရွာတစ်ရွာအဖြစ် တည်ရှိနေသည်။ မြို့ဟောင်းကျေးရွာဟုလည်းခေါ်ကြသည်။ မြို့ဟောင်းကျေးရွာတွင် ယခုအခါအိမ်ခြေ ၆၇၀ ခန့်သာရှိသည်။ မြို့ဟောင်း၌ မြို့ရိုးနှင့်ကျုံးစသည့်ပုံသဏ္ဍာန် ယနေ့တိုင် ထင်ထင်ရှားရှားမြင်ရသေးသည်။ ကောင်းကင်မြေတိုင်းဓာတ်ပုံတွင် ကြည့်လျှင် သာဂရမြို့ဟောင်းသည် ဝေသာလီ၊ ပိုင်းမောစသော အဝိုင်းမြို့ဟောင်းများလောက်မဝိုင်းပါ။ ဝေသာလီ (ရခိုင်)မြို့ဟောင်းလောက်လည်း ရှည်ဝိုင်းဝိုင်း မဟုတ်ပါ။ သရေခေတ္တရာမြို့ဟောင်းများနှင့် ဆင်ဆင်တူသော စက်ဝိုင်းပုံ မကျသည့် အဝိုင်းအဝန်းပုံဖြစ်ပေသည်။ ထူးခြားသည့် အင်္ဂါရပ်တစ်ခုမှာ မြို့ရိုးအတွင်း၌ စတုဂံပုံသဏ္ဍာန်မြို့ရိုး နောက်တစ်ထပ် တည်ဆောက်ထားခြင်းပင်ဖြစ်သည်။ အတွင်းအထပ်တွင်လည်း ကျုံးနှင့်မြို့ရိုး အပြည့်အစုံရှိသည်။ မြို့ဟောင်း၏ အရှေ့နှင့် အနောက်အချင်းမှာ တစ်မိုင်နီးပါးရှိပြီး တောင်နှင့်မြောက်အချင်းမှာ မိုင်ဝက်ကျော်ကျော်မျှရှိသည်။ အတွင်းမြို့ရိုးအနောက်ဘက် အနောက်တောင်ထောင့်များတွင်မြို့ရိုးသုံးထပ် ထင်ရှားစွာတွေ့မြင်နိုင်ပေသည်။

သာဂရမြို့ဟောင်းတွင်တွေ့ရသော ထူးခြားချက်များမှာ ရှင်ဇလွန်စေတီ၏ ခေါင်းလောင်းပုံအထက်ပိုင်း ပတ်လည်ရှိ သီရိဝစ္ဆ ပုံအင်္ဂတေပန်းများဖြစ်သည်။ စေတီပလ္လင် ပတ်လည်တွင်လည်း အင်္ဂတေဇာတ်ကွက်ချပ်များ ကပ်ထား၏။ ဘုရားပြုပြင်သူများက အချောကိုင်လိုက်သဖြင့်ပျောက်ကုန်သည်။ အချို့နေရာတွင် (အထူးသဖြင့်ထောင့်များ၌)တွေ့မြင်နိုင်သေးသည်။ ၅၅၀ နိပါတ်တော် ဟုတ်မဟုတ်တော့ မပြောနိုင်ပါ။ အလွန် ရှေးကျပြီးအိန္ဒိယဆန်ခြင်း၊ သချိုင်းဟုထင်ရသောနေရာ "အရိုးကုန်း"တွင် အလျား ၁၈လက်မ၊ အနံ ၉လက်မခန့်ရှိ မြေအုတ်ပြားကြီးများနှင့် ပျူအရိုးအိုးများသဏ္ဍာန်တူသော အရိုးအိုးများတွေ့ရှိခြင်း၊ သီရိဝစ္ဆနှင့် ဗုဒ္ဓဝိဋ္ဌပုံများပါသောငွေပြားကလေးများ တွေ့ရှိခြင်းစသည့် ထူးခြားချက်များကို ဆန်းစစ်ကြည့်သောအခါ မြန်မာပြည်ရှိ ပျူမြို့များ တူးဖော်ရာ၌တွေ့ရသော လက္ခဏာများအတိုင်း ဖြစ်သည်။[၅]

သာဂရမြို့ကို ထားဝယ်ရာဇဝင်အရ ၃-ကြိမ်တည်၍ ၃-ကြိမ်ပျက်ခဲ့ရာ၊ သာဂရ(၁)အကြောင်းကို ရှေးဦးစွာဖော်ပြရပေမည်။ ဘူမိဒေဝနဂရမြို့တည်နန်းတည်မင်း၊ ဆင်ဖြူရှင်နရိန္ဒဘွဲ့ခံရန္တပို (သို့မဟုတ်) ရာဇတပိုမင်း (ရခိုင်ဗိုလ်ချုပ်အာလောတက်ညွန့်) နှင့် စုမဒီဒေဝီ (ဆင်ဝန်မောင်မဲ နှင့် မမင်းဖြူ တို့၏သမီး) စုံဖက်ရာမှ ဖွားမြင်သော သားတော်သမန္တရာဇာ သည် ကောဇာသက္ကရာဇ် ၁၀၃ ခုနှစ်တွင် ပထမ သာဂရမြို့ကို တည်ခဲ့သည်။[၃]

မြို့စတင်တည်ထောင်ခဲ့ချိန်ကို နံသင့်အက္ခရာသင်္ချာအရ "သာဂရမြို့တည်-ဥဩ စည်" ဟု မှတ်သားခဲ့ကြပါသည်။ မြို့၏အဝန်းမှာ တာပေါင်း၇၄၈ ရှိ၍ မြို့တံခါး လေးပေါက်၊ လမ်းမတော် လေးသွယ်၊ ဈေးကြီးဈေးငယ်၊ ရုံးများ၊ တိုက်များနှင့် စည်ကားခဲ့သည်။[၆] ဟုဆို၏။ သာဂရမြို့တွင် သမန္တရာဇာမင်းပြုစဉ် မြို့ရွာနေပြည်သူအများအား ရှမ်း (ယိုးဒယား)နှင့် ယွန်း(ဇင်းမယ်)တို့ မကြာခဏ နှောင့်ယှက် တိုက်ခိုက်လာသဖြင့် ကလိန်အောင်ရပ်၌ ကောဇာသက္ကရာဇ် ၁၁၆ ခုနှစ်တွင် မွန်အမတ်ဗြည်းဇလ ကို သစ်လုံးရံမြို့တည်ဆောက်စေသည်။ တပ်သား ၁၀၀၀ ကျော် အုပ်ချုပ်စေသည်ဟုဆိုသည်။

သမန္တရာဇာ၏ ဒယည်းတော် ဆင်ဖြူရှင်နရိန္ဒဘွဲ့ခံရန္တပို (သို့မဟုတ်) ရာဇတပိုမင်းသည် မူလက ရခိုင်ဗိုလ်ချုပ်အာလောတက်ညွန့်ဆိုသူ ဖြစ်၍မယ်တော်မှာဆင်ဝန်မောင်မဲနှင့်မမင်းဖြူတို့၏သမီးစုမဆိုသည့် ထားဝယ်သူကိုစုမဒီဒေဝီအမည်ဖြင့် မိဖုရားမြှောက်ခဲ့ပေရာ သမန္တရာဇာသည် ရခိုင်

ထားဝယ်ကပြား ဖြစ်သည်ဟုဆိုရမည်။ သမ္ဗုရာဇ၏ မိဖုရားမှာ ရေမြို့တော်မှ မွန်သူဌေး အတော်ရာ၏သမီး မယ်စန္ဒာကို စန္ဒာဒေဝီအမည်ဖြင့် မိဖုရားမြှောက်ထားခြင်းဖြစ်သည်။ မိဖုရားကြီး၏ ဆွေတော် မျိုးတော် ၁၀၀ ကျော် သာဂရမြို့တော်သို့ပါလာရာ ဖြညားလောတို့ အိမ်ထောင်စုလည်းအတူပါလာသည်။[၁၂] သမ္ဗုရာဇနှင့် စန္ဒာဒေဝီမိဖုရားတို့သည်သားသမီးမထွန်းကားပါ။ထားဝယ်ရာဇဝင် ငါးခုံးမမှမွေးသည့် ရှင်စော၊ ရှင်ဇံမောင်နှမမှ မောင်ဖြစ်သူရှင်ဇံကို ဂေါဝိန္ဒရသေ့ကြီးယံမှတောင်း၍ သမ္ဗုရာဇက မွေးစားခဲ့သည်။ ဂေါဝိန္ဒရသေ့ကြီးသည် မူလကသမ္ဗုမင်း၏မယ်တော် စုမဒီဒေဝီ၏မောင် မုဆိုးမောင်နွားဆိုသူပင်ဖြစ်သည်။ သမ္ဗုရာဇ နတ်ရွာစံသောအခါ မွေးစားသားရှင်ဇံက အရိုက်အရာ ဆက်ခံခဲ့သည်။ သမ္ဗန်မင်း(သို့)နန္ဒိယမင်းဟု အမည်ခံသည်။ ကောဇာသက္ကရာဇ် ၁၇၅ တွင်နတ်ရွာစံရာ သားထောက်သမီးခံ မရှိသည့်အတွက် အောင်သာဝတီ(ကလိန်အောင်)တွင် ခမည်းတော် ထားခဲ့သည့် မွန်အမတ်ဖြညားဗလက သာဂရတွင် မင်းအဖြစ်ဆက်ခံသည်။ သာဂရ မွန်မင်းဆက်သည် ၅၂သည်မှစသည်။ ဖြညားဗလ (ကောဇာ-၁၇၅-၁၉၀) ကို ဖြညားလောက ဆက်ခံသည်။ ဖြညားလော (၁၉၀-၁၉၁)၊ ဖြညားရံ (၁၉၁-၂၀၀)၊ ဖြညားတေဇ (၂၀၀-၂၀၅)၊ ဖြညားရံခိုက် (၂၀၅-၂၂၁)၊ ဖြညားရံကင်း (၂၂၁-၂၄၁)၊ ဖြညားရံစော (၂၄၁-၂၅၇)၊ ဖြညားဒိပ္ပ (၂၅၇-၂၇၀)၊ ဖြညားတော် (၂၇၀-၂၇၆) စသည့် မွန်အမတ် ၉ ဦး သာဂရကို စိုးစံအုပ်ချုပ်ခဲ့သည်။ ဖြညားတော်လက်ထက်တွင် ဒွါရဝတီမှ ရှမ်း(ယိုးဒယား) အမတ် ဩရဂဇ္ဇုံသည် လက်နက်တိုင် အလုံးအရင်းနှင့်ချီလာ ပြီး သာဂရမြို့၏ ကင်းတပ်မြို့ဖြစ်သော အောင်သာဝတီ (ကလိန်အောင်) ကိုဦးစွာတိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ တစ်လခန့်အကြာတွင် ဩရဂဇ္ဇုံသည် တပ်သား ၁၀,၀၀၀ ကျော်နှင့် မော်လမြိုင်နယ်ခြား တောင်အိုစခန်းမှ ခွဲတက်ပြီးကုန်းကြောင်း၊ ရေကြောင်းပိတ်ဆို့၍ မွန်နှင့် မြန်မာတို့ကို တိုက်ခိုက်ခဲ့ရာ သာဂရမြို့ အထိ အောင်မြင်စွာ ချီတက်လာနိုင်ပြီး သိမ်းပိုက်နိုင်ခဲ့သဖြင့် သက္ကရာဇ် ၂၇၆ ခုနှစ်တွင် သာဂရမြို့ပျက်ခဲ့ရလေသည်။[၁၃]

ဩရဂဇ္ဇုံသည် ကလိန်အောင်မြို့သူမြို့သားများနှင့် သာဂရမြို့သူမြို့သားများကို သိမ်းယူခေါ်ဆောင်ကာ ထားဝယ်မြို့မှ ၂-မိုင်အကွာ ထားဝယ်မြစ်ကမ်းဘေး ဆင်ဆိပ်ဆိုသည့် အရပ်တွင် "ဥဿောင်ခရားမြို့"ဟု တည်ထောင်ကာ သုံ့ပန်းများ ကိုထားခဲ့သည်။ ထိုအချိန်မှစ၍ပထမသာဂရပျက်ခဲ့ရ သည်မှာ ၈၁-နှစ် ကြာလေသည်။

ပထမသာဂရမင်းဆက်နှင့် နန်းစံခုနှစ်များ

အမည်	ခုနှစ်
သမ္ဗုမင်း	(၁၁၃-၁၂၈)
သမ္ဗန်မင်း ခေါ် နန္ဒိယမင်း (ရှင်ဇံ)	(၁၂၈-၁၇၅)
(သမ္ဗုမင်း၏မွေးစားသားတော်)	
မွန်မင်းဆက်စ	
ဖြညားဗလ	(၁၇၅-၁၉၀)
ဖြညားလော	(၁၉၀-၁၉၁)၊
ဖြညားရံ	(၁၉၁-၂၀၀)
ဖြညားတေဇ	(၂၀၀-၂၀၅)၊
ဖြညား ရံခိုက်	(၂၀၅-၂၂၁)
ဖြညားရံကင်း	(၂၂၁-၂၄၁)
ဖြညားရံစော	(၂၄၁-၂၅၇)
ဖြညားဒိပ္ပ	(၂၅၇-၂၇၀)
ဖြညားတော်	(၂၇၀-၂၇၆)

မှတ်ချက်။ ။နှစ်ပေါင်း ၈၁ နှစ် သာဂရပျက်နေသည်။

ဥဿောင်ခရားမြို့ရှိ မွန်-မြန်မာတို့အား ရှမ်း(ယိုးဒယား)အမတ်တို့ညည်းပန်းနှိပ်စက်၍ စိုးစံကြောင်းဟံသာဝတီ မွန်အမတ်ဖြညားဦး ကြားသိရသည်။ ထိုအချိန်မှာ ရှမ်း(ယိုးဒယား) အမတ်ဩရဂဇ္ဇုံ(ကောဇာ ၂၇၆-၂၉၀)ကိုဆက်ခံသည့် ဆဋ္ဌမမြောက်ရှမ်း (ယိုးဒယား)အမတ် ဩဇရပ်ပိဆဲ (ကောဇာ ၃၄၇-၃၅၇) လက်ထက်ဖြစ်သည်။ မွန်အမတ်ဖြညားဦးသည် ဆင်၊ မြင်း၊ စစ်သည် တစ်သောင်းကျော်နှင့် ဟံသာဝတီပဲခူး မြို့မှ စစ်ချီတက်လာ၍ ယင်းမြို့မှတစ်ဆင့် အုန်းပင်ကျွင်း၊ ကံပေါက် စသည့်နယ်များကို မီးရှို့ပြီး တိုက်ခိုက်ရာ သက္ကရာဇ် ၃၅၇ ခုနှစ် တွင် ဥဿောင်ခရားမြို့ပျက်စီးလေသည်။ အမတ်ဖြညားဦးသည် ထိုနှစ်တွင် မြို့ရိုး မြို့တာများအသစ်မွမ်းမံ၍ သာဂရမြို့တော်ဟောင်း "ဇလွန်" ဟုသမုတ်ကာ အသစ်ပြန်တည်ထောင် ပြောင်းရွှေ့စိုးစံသဖြင့် သာဂရမြို့သည်ဒုတိယအကြိမ် အုပ်ချုပ်သူမင်း၏အောက်တွင်စုစည်းပြန်လည် တည်ထောင်မှုရှိခဲ့သည်။ ဒုတိယသာဂရ (သို့) သာဂရ(၂)ဟု ခေါ်ဆိုရမည်ဖြစ်သည်။[၁၄]

သက္ကရာဇ် ၃၅၈ တွင် ဖြညားဦးသည် ဟံသာဝတီပဲခူးသို့ပြန်သွားသဖြင့် ဗညားရံဆက်ကို သာဂရမြို့၌ မြို့ဝန်ခန့်

ခဲ့သည်။ ဒုတိယသာဂရမင်းသည် မြို့ဝန်မင်းဆက်ဟု ခေါ်ဆိုနိုင်သည်။ ပြည်ားရုံဆက် ကောဇာ ၃၅၈-၃၇၃ ကို ပြည်ားတော်ခံ ကောဇာ ၃၇၃-၃၉၉ က ဆက်ခံသည်။ ပြည်ားရုံဝေါ ကောဇာ ၃၉၉-၄၁၅၊ ပြည်ားရုံတိုက် ကောဇာ ၄၁၅-၄၂၈၊ ပြည်ား ကင်းတော ကောဇာ ၄၂၈-၄၃၈ စသည်ဖြင့် မွန်အမတ်တို့ကဒုတိယသာဂရကိုမြို့ဝန်များအနေဖြင့်ဆက်လက်အုပ်စိုးခဲ့ကြသည်။ ဟံသာဝတီနေပြည်တော်၏ လက်အောက်ခံဖြစ်သည်။

ပြည်ားကင်းတော် အုပ်ချုပ်နေစဉ် တနင်္သာရီမှ ရှမ်း (ယိုးဒယား)အမတ် ဩရတေဇ လာရောက် တိုက်ခိုက်သဖြင့်ကောဇာသက္ကရာဇ် ၄၃၈ တွင်သာဂရမြို့ဒုတိယအကြိမ် ပျက်စီးခဲ့ရပြန်သည်။ဟံသာဝတီမှလည်း ခရီးဝေးကွာ၍ စစ်ကူရဟန်မတူပေ။ ဩရတေဇသည် သာဂရမြို့ကို တိုက်ခိုက် သိမ်းပိုက်ပြီးနောက် မူလ ဩရာ၏ တည်ခဲ့သည့် ညောင်ခရား မြို့ကိုပင်အနည်း ငယ်ရွှေ့၍ ညောင်ရမ်းမြို့ဟု တည်ထောင်ပြန်သည်။ သာဂရ(၂) ဟုခေါ်ရမည့် ဒုတိယ သာဂရသည် သက္ကရာဇ် ၄၃၈ တွင် ဒုတိယအကြိမ် ပျက်စီးခဲ့ရပြန်သည်။

ဒုတိယသာဂရ (ဇလွန်) မွန်အမတ် (မြို့ဝန်)ဆက်
နှင့် နန်းစံခုနှစ်များ

အမည်	ခုနှစ်
ပြည်ားဦး	(၃၅၇-၃၅၈)
ပြည်ားရုံဆက်	(၃၅၈-၃၇၃)
ပြည်ား တော်ခံ	(၃၇၃-၃၉၉)
ပြည်ားရုံဝေါ	(၃၉၉-၄၁၅)
ပြည်ားရုံတိုက်	(၄၁၅-၄၂၈)
ပြည်ားကင်းတော	(၄၂၈-၄၃၈)

မှတ်ချက် ။ ။ နှစ်ပေါင်း ၄၈၆ နှစ် သာဂရ ပျက်နေသည်။

ရှမ်း (ယိုးဒယား)အမတ် ဩရတေဇသည် ညောင်ရမ်းမြို့တွင် (၁၀)နှစ်ကြာစိုးစံခဲ့ပြီးနောက် ယိုးဒယားသို့ပြန်သွားခဲ့သည်။ ဩရာဟုံကိုမြို့စောင့်ထားခဲ့သည်။ သာဂရမြို့ကို အနီးကပ် ထိန်းချုပ်ထားနိုင်ရန် ညောင်ရမ်းမြို့တွင် ရှမ်း (ယိုးဒယား)မင် အဆက်ဆက်ကို မြို့ဝန်ခန့်ကာ အုပ်ချုပ်စေခဲ့သည်။ ဩရာဥပ္ပရပ် (သက္ကရာဇ်၄၇၆-၄၉၃) အုပ်စိုးနေစဉ် နာမကျန်းဖြစ်၍ ယိုးဒယားသို့ ပြန်သွားခဲ့လေသည်။ ထိုစဉ်မှစ၍ ထားဝယ်နယ်တွင်နှစ်ပေါင်း ၅၀၀နီးပါး မင်းဆက်ပြတ်လျက်သာဂရမြို့သည်လည်း ကြာရှည်စွာတိမ်မြုပ်မှေးမှိန်နေခဲ့သည်။ [၂၀]

သက္ကရာဇ် ၉၂၄ တွင် မွန်အမတ် ပြသပိုက်ဆိုသူသည် သာဂရမြို့ကို တတိယအကြိမ် ပြန်လည် တည်ထောင်၍ အုပ်ချုပ်ခဲ့ပေသည်။ ၂နှစ်သာ စိုးစံသည်။ ၎င်းကို ဇွေးညို ဆိုသူကဆက်ခံ၏။ ပြသပိုက်သည် မွန်ဖြစ်ရာ ဇွေးညို မှစ၍ တတိယသာဂရမင်းဆက်သည် သက္ကရာဇ် ၁၁၀၅ ခုနှစ်၊ မင်းနဲ့လှအထိ မင်းဆက်ပေါင်း ၁၇-ဆက် စိုးစံအုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ဇွေးညိုမှမင်းနဲ့လှအထိ မြန်မာဘုရင်လက်အောက်ခံမြို့စားရာထူးဖြင့် သာဂရမြို့ကို အုပ်ချုပ်ခဲ့ကြခြင်းဖြစ်သည်။ ဇွေးညို သက္ကရာဇ်(၉၂၆-၉၃၀)ကို ဆက်ခံသောသူမှာ စလင်းမင်း သက္ကရာဇ် (၉၃၀-၉၃၄)ဟု ဆိုရာအထက်မြန်မာပြည်စလင်းမြို့သားဖြစ်ပုံရသည်။ ၎င်းကို ဆက်ခံသော သီပေါမင်း သက္ကရာဇ် (၉၃၄-၉၃၇) ဆိုသူမှာလည်း ရှမ်းပြည် သီပေါမြို့သား ဖြစ်ပုံရသည်။ ၎င်းတို့ဆက်ခံသော ရန်ကုန်မင်း၊ သက္ကရာဇ် (၉၃၇- ၉၄၀) ဆိုသူမှာလည်း ရန်ကုန်သားဖြစ်ပုံရသည်။ တတိယသာဂရ မင်းဆက်ကို ဖော်ပြလိုက်ပါသည်။

အမည်	ခုနှစ်
ပြသပိုက်	(၉၂၄-၉၂၆)
ဇွေးညို	(၉၂၆-၉၃၀)
စလင်းမင်း	(၉၃၀-၉၃၄)
သီပေါမင်း	(၉၃၄-၉၃၇)
ရန်ကုန်မင်း	(၉၃၇-၉၄၀)
နန္ဒကောဒေဘရ	(၉၄၀-၉၅၅)
ဥဗိန်ဘရ	(၉၅၅-၉၈၅)
တောင်ကြားမင်း	(၉၈၅-၉၉၇)
စတ္တရောတာ	(၉၉၇-၉၉၉)
သမန္တရာဇ်	(၉၉၉-၁၀၀၅)
ရာဇသူရ	(၁၀၀၅-၁၀၁၉)
ဒုရင်နန္ဒသူ	(၁၀၁၉-၁၀၅၃)
ဓေရာဘ	(၁၀၅၃-၁၀၅၆)
ရာဇသကြိန်	(၁၀၅၆-၁၀၅၇)
ပုံကြိုင်တား	(၁၀၅၇-၁၀၉၉)
ပဘူ	(၁၀၉၉-၁၁၀၂)
ဗုရင်စန္ဒ	(၁၁၀၂-၁၁၀၂)
မင်းနဲ့လှ	(၁၁၀၂-၁၁၀၃)

ကောဇာသက္ကရာဇ် ၁၁၀၂ တွင် ဟံသာဝတီပါ အင်းဝဘုရင်လက်အောက်ခံ၊ သာဂရ (ဇလွန်) မြို့စားမင်းနဲ့လှသည် မွန်-မြန်မာ အရေးတော်ပုံဖြစ်နေခိုက် အင်းဝဘုရင်လည်း ဟံသာဝတီသို့ပါသွားချိန်တွင် သာဂရမြို့၌ သီးခြားမင်းအဖြစ် အုပ်ချုပ်ခဲ့သည်။[၇၇] ထိုစဉ်က ဟံသာဝတီမှ မွန်တို့ကလည်း သာဂရကို လှည့်မကြည့်နိုင်သော အချိန် ဖြစ်ပုံရသည်။

သာဂရမြို့သည် ရှမ်း(ယိုးဒယား)၊ ယွန်း (ဇင်းမယ်)နှင့် မွန်တို့၏ တိုက်ခိုက်မှုကို အကြိမ် ကြိမ်ခံခဲ့ရသည်ကို မင်းနဲ့လှ ဆင်ခြင်ပုံရသည်။ကုန်သွယ်ရေးကြောင်းသွားလာမှု ပိုမိုအဆင်ပြေစေရန်နှင့် မွန်တို့၏ရန်မှ ရှောင်ရှားရန်အတွက် မင်းနဲ့လှသည် (၁၁၁၃)ခုနှစ်တွင် ထားဝယ်မြစ်အတိုင်း စုန်ဆင်း၍ ယခု ထားဝယ်မြို့၏ အနောက်တောင်ထောင့်အရပ် တွင်ရှိသော ကြက်တာပြင်ရပ်ကွက်နေရာတွင် တလိုင်းရှောင်မြို့ကို တည်ထား၍ သာဂရမှ ပြောင်းခဲ့လေသည်၊ ထိုအချိန်မှ စ၍ မြို့သစ်သည် ကူးသန်းသွားလာမှုများ ပိုမို စည်ကားလာတာ သာဂရမြို့မှာမူ ဆက်သွယ်သွားလာသူကို့ တဖြည်းဖြည်း နည်းပါးသွားခဲ့ပြီး ကုန်းဘောင်ခေတ် မြန်မာဘုရင်များ လက်ထက်မှ ယခုတိုင် ပြန်လည်ထူထောင်ခြင်းမရှိတော့သောကြောင့် မြို့ပျက်မြို့ဟောင်းတစ်မြို့အဖြစ် ကျန်ခဲ့ပေတော့သည်။

မျက်မှောက်ခေတ်သာဂရ (မြို့ဟောင်းရွာ)

ယခုအချိန်တွင် သာဂရမြို့ဟောင်းတည်ရှိရာမြို့ဟောင်းကျေးရွာသည် အိမ်ခြေ ၄၀၀ ကျော် လူဦးရေ ၂၀၀၀ ကျော် မှီတင်းနေထိုင်သည့် ခေတ်မီဖွံ့ဖြိုးစပြုနေသော စည်ကားသည့် ကျေးရွာကြီးတစ်ရွာဖြစ်နေ၏။ မြို့ဟောင်းရွာသည် "မြို့ဟောင်း ကျေးရွာအုပ်စု" တွင်ပါဝင်ပြီး ဆင်ပုနစ်ရွာ၊ ဝေါင်းရှောင်ရွာ၊ ဘူချိုင်းရွာ၊ မြို့ဟောင်းရွာ ဟူ၍ရွာကြီး လေးရွာ ခွဲခြား ထားပါသည်။ သာဂရမြို့ဟောင်းအတွင်း၌ မြို့တွင်းရပ်ကွက်၊ မြို့ဟောင်းတောင်ပိုင်းရပ်ကွက်၊ မြို့ဟောင်းအရှေ့ပိုင်းရပ်ကွက်၊ မြို့ဟောင်း အနောက်ပိုင်းရပ်ကွက်၊ ကရင်ပြင်ရပ်ကွက်၊ အနောက်လည်ဆွဲရပ်ကွက် ဟူ၍ ရပ်ကွက် ၇-ခုနှင့် အခြေချနေထိုင်ကြသည်။

မင်းနဲ့လှသည် သာယာဝတီမြို့ဟုဆိုပြီး ယခုထားဝယ်မြို့နေရာတွင် သက္ကရာဇ် ၁၁၁၆ ခုနှစ်၌ တည်သောအခါတွင် မြို့ဟောင်း(သာဂရ) မှ ရပ်ကွက်အမည်များအတိုင်း မှည့်ခေါ်ခဲ့လေသည်။ မြို့ဟောင်း (သာဂရ)တွင်ရှိသော ရပ်ကွက်နေရာများအတိုင်း သာယာဝတီ(ထားဝယ်)၌ သတ်မှတ်ခဲ့သည်။ ဆင်ပုနစ်ရပ်ဆိုသည်မှာ သာဂရခေတ်က ဘုရင့်ဆင်ကျုံးများ ရှိရာအရပ်ဖြစ်၍ ဆင်ပုနစ်ရပ်ဟု ခေါ်ဆိုခြင်းဖြစ်သည်။ သာဂရမြို့ဟောင်း၏ မြောက်ဘက်မြို့နိုးအပြင်ဘက်တွင်ရှိသကဲ့သို့ သာယာဝတီ (ထားဝယ်)၏မြောက်ဘက်မြို့နိုးအပြင်ဘက်တွင်ရှိခဲ့သည်။ မြို့ဟောင်း(သာဂရ)မှ မြင်ထင်အရပ်ကို ထားဝယ်လို ဖြင်ထန်ဟုခေါ်၍ သာယာဝတီ (ထားဝယ်)တွင် မြို့တွင်း ဖြင်းထန် မှာ ယခုမြို့တွင်းရပ်ဖြစ်၍ မြို့ပြင်ဖြင်ထန်မှာ ယခု ပုံကျွန်းရပ် ဖြစ်သည်။ ကရင်ပြင်ရပ်ဆိုသည်မှာ ယခု ထားဝယ်မြို့၏အရှေ့တောင်ထောင့်မှာရှိသကဲ့သို့သာဂရမြို့၏အရှေ့တောင်ထောင့်တွင်လည်းကရင်ပြင်ဟုရှိခဲ့သည်။ သာဂရခေတ် တည္ဘ ဟုခေါ်သောအရပ်သည် ယခုတည့် ဖြစ်လာသည်။ ထားဝယ်မြို့ အရှေ့ဘက်တွင်ရှိသော ရှူလည်ဆွဲ အရပ်မှာမူ သာဂရမြို့ အနောက်ဘက်တွင် ရောက်နေသည်။ တလိုင်းထိန်၊ တလိုင်းမ ရပ်များလည်း ရှိသည်။ ယခု ထားဝယ်မြို့ရှိ ပုံကျွန်း၊ ဆန်းချိ ဘုမွှာ်အမည်ရှိ ရပ်ကွက်များမှာမူ သာဂရမြို့တွင်မရှိပါ။

မျက်မှောက်ခေတ် သာဂရ(မြို့ဟောင်းရွာ) တွင်းဆင်းလေ့လာသော တွေ့ရှိချက်များ

သာဂရမြို့ဟောင်းသည် အရပ်လေးမျက်နှာတွင် မြေမြို့ဟောင်းရာများ၊ ကျုံးဟောင်းရာများ၊ မြို့အတွင်းပိုင်း၌ ဘုရားကုန်းဟောင်းများ၊မြေကုန်းဟောင်းများ၊ အုတ်အဆောက်အအုံတို့၏အုတ်စီအုတ်ရိုးတန်း အကြွင်းအကျန်များ နန်းတော်ရာ၊ ပင်မအုတ်စီ၊ အုတ်တန်းဟောင်းများနှင့် သာဂရမြို့ဟောင်း အပြင်ဘက်၌လည်း မြေကုန်းဟောင်းတချို့ ကြွင်းကျန်လျက်ရှိသည်ကိုတွေ့ရသည်။ မြေမြို့နိုးဟောင်းများသည် မျှမ်းမျှအမြင့်၃-မီတာကျော်ခန့်ရှိပြီး အမြင့်ဆုံးနေရာများတွင် ၅-မီတာ နီးပါးခန့်ရှိသည်။ ပြိုလျှောပျက်စီးနေသည့် မြေမြို့နိုးများ၏ ပျမ်းမျှအကျယ်သည် ၂-မီတာကျော်(စ-ပေခန့်)ရှိပါသည်။ ထားဝယ်မှမြို့ဟောင်းကျေးရွာသို့ သွားရောက်ရာတွင်မြို့ဟောင်း၏ တောင်ပိုင်းမှ ဝင်ရောက်ခြင်းဖြစ်သည်။ ထိုတောင်ပိုင်းဘက်တွင် သာဂရမြို့ဟောင်း၏ တောင်ပိုင်းမြေမြို့နိုးသုံးထပ် အထင်အရှား ကျန်ရှိသည်။ ယခုရွာအဝင် ဗဟိုကားလမ်းမသည်ယခင်မြို့ဟောင်း၏ တောင်ဘက် မြို့ဝင်ပေါက် နေရာတွင်ဖြစ်ပြီး ကတ္တရာလမ်းခင်းလိုက်သဖြင့် အနည်းငယ် ပြိုဖျက်ခဲ့တွင်ထားကြောင်းသိရသည်။ ပြိုဖျက် ထားသောနေရာမှ မြေမြို့နိုး၏ မြေသားများမှာ မာကျစ်သော အနီရောင်သတ်ရင့်ဂဝံမြေများနှင့် အလုံးကျောက်များကို အဆင့်ဆင့်ထုထောင်းဖိသိပ်၍ မြေဖို့ထားကြောင်း သိရသည်။ တောင်ဘက်မြို့နိုးများသည် ပျက်စီးမှု

နည်းပြီး မြို့ရိုးအမြင့်မှာ ၄-မီတာခန့် အမြင့်ဆုံးကျန်ရှိပေသည်။ မြို့ဟောင်း၏ မြောက်ဘက်ပိုင်းတွင်လည်း မြေမြို့ရိုး သုံးထပ်ကို ထင်ထင်ရှားရှားမြင်တွေ့ရပေသည်။မြောက်ဘက် မြေမြို့ရိုးများသည် ကြွင်းကျန်မှုအနေအထား အကောင်းဆုံး ဖြစ်သည်။ တောင်ဘက်မြစ်ကဲ့သို့ပင် ယခင်မြို့ဝင်ပေါက်နေ ရာကို အနည်းငယ် ဖြိုဖျက်ခဲ့တွင်ကာ ကတ္တရာလမ်းခင်းထား ပေသည်။ မြေမြို့ရိုး၏ မြေသားဖို့ကာ တည်ဆောက်မှုသည် လည်း တောင်ဘက်မြို့ရိုးနှင့် အတူတူပင်ဖြစ်သည်။ မြောက် ဘက်၏ အပြင်ဘက်ဆုံး မြေမြို့ရိုးသည် ပြတ်တောက်ပျက်စီး မှု လုံးဝမရှိပေ။ ထားဝယ်မြို့ဟောင်းမှ ရေဖြူမြို့သို့ အသွား ဗဟိုကားလမ်းမသည် မြို့ဟောင်းရွာ၏ တောင်ဘက်နှင့် မြောက်ဘက် မြို့ဝင်ပေါက်များကို တည့်မတ်စွာ ဖြတ်ဖောက် ထားသည်။ မြို့ဟောင်း၏ အရှေ့ဘက်ခြမ်းတွင် မြေမြို့ရိုးများ သည် ပြတ်တောင်း ပြတ် တောင်းနှင့် အတော်ပင် ပျက်စီးနေပြီဖြစ်သည်။ အချို့သည် လယ်ယာထွန်ယက်မှု ကြောင့် ပျောက်ကွယ်ရခြင်းဖြစ်သည်။ အရှေ့ဖက်မြို့ရိုးများ သည် ပျမ်းမျှအမြင့် ၂-မီတာ ခွဲကျော်ခန့် သာကျန်ရှိပေ သည်။ အရှေ့တောင်ဘက်တွင်မူ အပြင်မြို့ရိုးနှင့် ဒုတိယမြို့ရိုး တို့၏ အကွာအဝေးသည် မီတာ ၂၆၀-ကျော် (ပေ၇၅၀ကျော် ခန့်) ကွာခြားသွားပေသည်။ ဧရိယာအကျယ်အရ ကျုံးဟု မယူဆနိုင်ပေ။ သာဂရခေတ်၏ မြို့နေလူတန်းစားတစ်စု နေထိုင်ခဲ့သည့်နေရာ ဖြစ်မည်ဟုယူဆရပေသည်။ ယခုတွင် မူ စပါးစိုက်ခင်း၊ မြောင်းစိုက်ခင်းနှင့် အခြားသီးနှံပင်များ စိုက်ပျိုးထားပေသည်။ မြို့ဟောင်းသည် ဝန်းဝိုင်းသည့် ပုံသဏ္ဌာန် ရှိသည့်အတိုင်း မြို့ရိုး၏ထောင့်ချိုးကွေ့များသည် ကွေ့ကောက်၍ ချိုးကွေ့သွားသည်ကို အရှေ့မြောက်ထောင့် နှင့် အရှေ့တောင်ထောင့်တို့တွင် ထင်ထင်ရှားရှား မြင်တွေ့ရ သည်။[၇၂]

မြို့ဟောင်း၏ အနောက်ဘက်ခြမ်းသည် တောင်ကုန်း တောင်တန်းများနှင့်မနီးမဝေးတွင်ပင်ရှိပြီး တစ်ဖက်တွင် တနင်္သာရီကမ်းရိုးတန်းရှိသည်။ အနောက်ဘက်ခြမ်းသည် အရှေ့ဘက်ခြမ်းထက် ပိုမိုဝန်းဝိုင်းပေသည်။ မြို့ရိုးဟောင်း သုံးထပ်နှင့်အတူ ကျုံးသုံးထပ်ရာကိုလည်း ထင်ရှားစွာမြင် ရသည်။ အနောက်မြောက်ဘက်အပိုင်းတွင် မြို့ရိုးတစ်ခုနှင့် တစ်ခု ပိုမိုနီးကပ်လာပြီး အပြင်မြို့ရိုးသည် အတွင်းမြို့ရိုး နှစ်ထပ်နှင့် တစ်ထပ်တည်းနီးပါးခန့်ဖြစ်ပေသည်။ သို့သော် လုံးဝထိကပ်သွားခြင်းမျိုး မဟုတ်ချေ။ မြို့ရိုးနှစ်ခုအကြား ကျုံးရာသည် လွန်စွာကျဉ်းမြောင်းသွား၍ လျှိုမြောင်ကဲ့သို့





ဆရာဦးအဖြင့်ပုံမှ ကူးယူဖော်ပြထားပုံ

ဖြစ်နေပါသည်။ မြို့ရိုးအမြင့်မှာ ၃-မီတာ၊ ၅-မီတာခန့်ကျန်ရှိနေပေသည်။ အပြင်ဘက်မြို့ရိုးနှင့် အလယ်မြို့ရိုးအကြား ကျုံးအတွင်းမြို့ရိုးနှစ်ထပ်အကြားရှိ ကျုံးအကျယ်မှာ ၁၉-မီတာ (၃၈ပေခန့်) ရှိပေသည်။ အနောက်တောင်ဘက်ခြမ်းတွင် အတွင်းမြို့ရိုးမှာ အတော်ဝေးကွာနေသောကြောင့် ယခုအခါ ရှင်းနေရာကို လယ်ကွင်းများအဖြစ် တွေ့မြင်နိုင်သည်။ အနောက်ဘက်ခြမ်းရှိ မြို့ဝင်ပေါက် ဟုဆိုသောနေရာသည် နွားလှည်းတစ်စီးသွားသောရုံအကျယ်ခန့်သာရှိပြီး ထိုဝင်ပေါက်မှ ရွာအတွင်းသို့ ဝင်ရောက်ရာတွင်တိုက်ရိုက်မရောက်ဘဲ အထက်မှာဖော်ပြခဲ့သောလျှိုမြောင်ထဲမှနေ၍ တွေ့ကောက်ပြီး မြို့ဟောင်းအတွင်း သို့ဝင်ရရာ ရှေးယခင်ကတည်းက ဤကဲ့သို့ပင်လော၊ နောက်ပိုင်း သဘာဝအနေအထား ပြောင်း၍ ဤကဲ့သို့ဖြစ်သွားရသည်လောဟု စဉ်းစားဖွယ် (အချက်) ဖြစ်ပါသည်။

အပြင်ဘက်မြို့ရိုးနှင့် အတွင်းဘက်မြို့ရိုး အကြားနေရာများရှိ လယ်ကွင်းများတွင် အိုးခြမ်းကွဲ အများအပြားတွေ့ရသည်။ ယင်းအိုးခြမ်းကွဲများနှင့် အတူစဉ့်ထောက်တိုင်အကျိုးများလည်းတွေ့ရသဖြင့် သာဂရမြို့အနီးဝန်းကျင်တွင် စဉ့်ထည်၊ လူသုံးမစ္စည်း အိုးခွက်များထုတ်လုပ်သော ရှေးဟောင်းစဉ့်ဖိုပျက်များရှိနေမည်လော - ဟုတွေးထင်ရသည်။

မြို့ဟောင်း ပတ်ပတ်လည်ရှိ ကျုံးဟောင်းရာများတွင် သဘာဝ အလျောက် ပြည့်လာသည့် မြေမှုန့်၊ဖုန်မှုန့်၊အမှိုက်၊ သစ်ဆွေး တို့ဖြင့်သာ ဖုံးလွှမ်းနေပေသည်။ လယ်ယာ ထွန်ယက် စိုက်ပျိုးထားခြင်း မရှိချေ။ ကျုံးများ၏ ပျမ်းမျှအကျယ်သည် ၁၇-မီတာနီးပါး(ပေ ၅၀ခန့်)ရှိပြီး မြို့၏ အရှေ့တောင်ဘက်ရှိ ကရင်ပြင်ရပ်ကွက် တည်ရှိရာအပိုင်းနှင့် မြို့တောင်ဘက်ပိုင်း တို့၏ ကျုံးအကျယ်သည် ပိုမို ကျဉ်းမြောင်းပါသည်။ [၄၄]

မြေကုန်းဟောင်းများ

မြို့ဟောင်း၏ မြောက်ဘက်မြို့ရိုး အပြင်ဘက်၊ အရှေ့ ဘက်မြို့ရိုးအတွင်းဘက်၊ တောင်ဘက်မြို့ရိုး အနီးတဝိုက် နှင့် ကရင်ပြင်ရပ်ကွက် တို့တွင်မြေကုန်းဟောင်းများ ကျန်ရစ် နေပြီး အချို့သည် ဘုရားကုန်းမျက်များဖြစ်ပေသည်။ ကရင်ပြင် ကျေးရွာရှိ ဦးလူရင်၊ အိမ်ခြံဝင်း၏ တောင်ဘက်၌ (၅×၅)မီတာ၊ အမြင့် ၂-မီတာရှိသော မြေကုန်းဟောင်းတစ်ခု ရှိ၍ မြေပေါ်တွင်အုတ်ကျိုးများ ပြန့်ကျဲနေသည်။ မြေအနေ အထား ကြွင်းကျန်မှုအရ အုတ်အဆောက်အအုံ (သို့) ပင်မ အဆောက်အအုံ တစ်ခုခု ဖြစ်နိုင်သည်ဟု ခန့်မှန်းရသည်။ ၁၉၈၇ခုနှစ်ကထိုကရင်ပြင်ရပ်ကွက်လယ်ထဲမှရွှေခြောက်ဆယ် သားခန့်ရရှိဖူးသည်။ လက်စည်း၊ လက်ကောက်၊ ဆွဲသီး၊ စလွယ်နှင့် စာများပါသည့် ရွှေပြားလိပ်များ ဖြစ်သည်ဟုဆို သည်။ ၅-၂-၇၈ နေ့တွင်စာရေးသူ ရောက်သွားသောအခါ ယင်းပစ္စည်းများမှာ အစပျောက်သွားပြီ ဖြစ်သည်။ ရွှေစလွယ် ကိုပိုင်းလုကြ၍ တစ်စစီ ပြတ်ဆွက်ကုန်သည်ဟုဆိုသည်။ စလွယ်မှရွှေပြား တစ်စကို စာတမ်းရှင်တွေ့မြင်ခဲ့ရရာ စာရွက် သာသာခန့်သာအထူရှိသဖြင့်ပြတ်ထွက်ကုန်ခြင်း ဖြစ်သည် ဟုယူဆရပါသည်။ မည်သည့်ခေတ်၊ မည်သည့်ခုနှစ်တွင် ပြုလုပ်ထားသည့် ပစ္စည်းဟု မသိရသော်လည်း အုပ်စိုးသူ မင်း၏ အသုံးအဆောင်သာ ဖြစ်ဖွယ်ရှိရာ ပဒေသရာဇ်ငယ် တစ်ဦး၏ ရွှေပြားစလွယ်သည်ဤမျှခန့်သာ ရှိပေမည်ဟု ခန့်မှန်းမိပါသည်။ (မြန်မာဘုရင်များ၏ ရွှေစလွယ်များနှင့် နှိုင်းစာ၍ မရနိုင်ပါ) ထိုရပ်ကွက်မှပင် ရောင်စုံ မြေကျောက် ပုတီးများ၊ သလင်း ကျောက်ပုတီးစေ့များ တွေ့ရတတ်ပါ သည်။ ပျူခေတ်လက်ရာများအတိုင်းဖြစ်သည်။ စာရေးသူထံ တွင် ပုတီးတစ်ကုံးစာစုဆောင်းထားရာ မကြာမီက ရန်ကုန်မြို့ တွင် ပြသခဲ့သောပုတီးပြပွဲတွင် ၎င်းပုတီးနှင့် အလားတူပုတီး တစ်ကုံးကို မွန်-ပျူပုတီးဟု စာထိုးပြသထားသည်ကို တွေ့ရ သည်။ သို့ဖြစ်၍ ထားဝယ်နှင့်မွန်-ပျူ နီးစပ်မှု ရှိသည်ကို သတိပြုမိပါသည်။ [၄၅]

နန်းတော်အုတ်တန်းများ

သာဂရမြို့ဟောင်း၏ မြောက်ဘက် မြို့ရိုး မှ ၂၀၂ မီတာ အကွာတွင် နန်းတော်နေရာဟု ယူဆထားကြသောနေရာမှ တောင်မြောက်တန်းနေသော အုတ်ရိုးတန်းများသည် မြေပြင် ပေါ်တွင် ပေါ်လွင်နေပေသည်။ ထိုအုတ်တန်းများသည် နန်းတော်၏ အရှေ့ဘက်မျက်နှာစာဖြစ်၍ အုတ်အရွယ် အစားသည် ၁၂×၆×၁ လက်မအရွယ်ရှိပေသည်။ အုတ်တန်း များ သည် ၁၅၈ မီတာခန့်ထိ ကြွင်းကျန်တည်ရှိနေပေသည်။ နန်းတော်နေရာ၏ အရှေ့ဘက် ၁၅၄-မီတာအကွာ၌ ယခင် မြို့ဟောင်းရှိစဉ်ကပင် တည်ထားခဲ့သည်ဆိုသည့် နန်းဦးစေတီ ရှိပေသည်။

နန်းတော်နေရာတစ်ဝိုက် လူနေအိမ်ခြေများရှိရာ ခြံဝန်း များအတွင်း၌လည်း အုတ်စီအုတ်တန်းများ ကျန်ရှိနေပေ သည်။ မြို့ဟောင်း ကျေးရွာတောင်ပိုင်းရပ်ကွက်ရှိ ဦးဝိုနမ်း ပိုင် ခြံဝင်းရှေ့တွင်အနောက်ဘက်သို့အနည်းငယ်တိမ်းစောင်း နေသည့် တောင်မြောက်တန်းနေသော အုတ်စီအုတ်တန်း အစကိုမြင်တွေ့ရပေသည်။ အုတ်အရွယ်မှာ ၁၄×၇×၂လက်မ ခန့် ရှိပေသည်။

စိတ်ဝင်စားဖွယ်ရာ အုတ်စီအုတ်တန်းအစ တစ်ခုမှာ

Thagara small and medium beads; Than Swe Collection

မြို့တွင်းရပ်ကွက်၊ ခေါ် ရှင်မယ်အိမ်ခြံ ဝင်းတွင် ထောင့်မှန်ချိုးကွေ့သွားသည့် အုတ်ရိုးတန်းအစိတ်အပိုင်းဖြစ်၍ ၎င်းသည် မြေပြင်ပေါ်တွင် ထင်ရှားပေါ်လွင်နေခြင်းပင် ဖြစ်သည်။

နန်းတော်အတွင်းပိုင်းရှိ ဦးရွှေသားပိုင် ခြံဝင်းအတွင်း၌မူ သိုက်တူးသမားတို့ တူးဖော်ဖျက်ဆီးထားသည့် မြေကျင်းကြီး နှစ်ခုရှိနေသည်။ မြေကျင်းကြီးတစ်ခုတွင် မြေပြင်အောက် ၁မီတာ အနက်၌အုတ်ရိုးတန်းအစများပေါ်ထွက်နေသည်။ သိုက်တူး သမားတို့လက်ချက်ဖြင့် နဂိုမူလ အုတ်တန်းအချို့ ပျက်စီးခဲ့ပြီ ဖြစ်ပါသည်။ ထိုနေရာရှိ အုတ်အရွယ်အစားမှာမူ ၁၃×၇×၃ လက်မ ရှိပေသည်။

နန်းတော်အုတ်ရိုးတန်းများ ပေါ်လွင်နေသည့် နန်းတော် နေရာတစ်ဝိုက်တွင်အိမ်ခြေထူထပ်စွာအခြေချပြီးဖြစ်ပေသည်။ နန်းတော်နေရာ ဟုတ်မဟုတ်၊ နန်းတော်အား မြို့နှင့်အပြိုင် ခေတ်အဆက်ဆက် ထပ်မံပြုပြင် တည်ဆောက်ခဲ့ခြင်း ရှိမရှိ နှင့် နန်းတွင်း ဆိုင်ရာ ကြွင်းကျန် ယဉ်ကျေးမှုပစ္စည်းတို့ကိုမူ တူးဖော် သုတေသနပြုမှ သိနိုင်မည်ဖြစ်ပေသည်။[၇၄]

မင်္ဂလာကန်တော်

မြို့ဟောင်း၏ မြောက်ဘက်မြို့ရိုး အပြင်ဘက်တွင် သာဂရ မြို့နှင့်အပြိုင်တည်ရှိခဲ့သည့် "မင်္ဂလာကန်တော်"ဟု ဒေသခံတို့ မှတ်ယူထားသည့် ရေကန်ငယ်ရှိပေသည်။ မြို့ဟောင်းကျေးရွာ မြောက်ဘက်ဆင်ပုနစ်ကျေးရွာသို့ အသွား ကားလမ်းဘယ်ဘက် ဘေးတွင်ရှိသည့် ရေကန်ငယ် သည် စတုဂံပုံသဏ္ဍာန်ရှိ၍ အကျယ်မှာ ၃၄မီတာ ပတ်လည် ခန့်ရှိသည်။ မိုးတွင်းတွင်သာ ရေရှိဟန်တူသည်။ တိမ်ကော နေပြီဖြစ်သည်။ [၇၅]

မြို့ကိုးကုန်း

သာဂရမြို့ဟောင်း၏ တောင်ဘက်မြို့ရိုး အပြင်ဘက် ထားဝယ်-မြို့ဟောင်း ကားလမ်း၏ ဝဲဘက်တွင် "မြို့ဦးစေတီ" တစ်ဆူရှိ၍လမ်း တစ်ဖက်တွင် မြို့ကိုးကုန်းဟုခေါ်သော စေတီပျက် ကုန်းဟောင်းရှစ်ကုန်းကို တွေ့ရပေသည်။ ထိုနေရာ တစ်ဝိုက်သည် သာဂရမြို့တည်နေ ထွန်းကားစဉ်က ဘုရားစေတီကိုးဆူ တည်ထားခဲ့ဖူးသည်ကို ဖွဲ့ပြ၍ မြို့ကိုး ကုန်းဟု ခေါ်တွင်ကြောင်း သိရပေသည်။ စေတီကုန်းဟောင်း များသည် ပျမ်းမျှအားဖြင့် အမြင့် ၂-မီတာခွဲခန့်ကျန်ရှိ၍ ဧရိယာမှာ မီတာ-၂၀ ပတ်လည်ခန့်ရှိပေသည်။ သာဂရ၏ အကြွင်းအကျန်များဖြစ်သည့် ထိုစေတီကုန်းတို့သည် ပြုပြင် ထိန်းသိမ်းမှုမရှိပါက နောက်အခါတွင် တိမ်ကောပျောက် ကွယ် သွားနိုင်ပေသည်။[၇၆]

ပျူသချိုင်း

မြို့ကိုးကုန်းဟု ခေါ်သော စေတီပျက်ကုန်းများ၏ အနောက် ဘက်ရှိ ခန့်မှန်းမီတာ ၉၀ အကွာ၌ မြေနိမ့်လွင်ပြင် တစ်ခု ရှိပါသည်။ ထိုနေရာမှ မီးသွေးစများနှင့် အရိုးအိုးငယ် များ တူးဖော်တွေ့ရှိရဖူးကြောင်း၊ အရိုးအိုးထဲတွင် အရိုးပြာ များလည်း တွေ့ရကြောင်းဒေသခံတို့ပြောဆို၍ သိရှိရပါသည်။ ရှင်ဇလွန်ဘုရား ရှိ ပြတိုက်တွင် ၎င်းအရိုးအိုးများ ပြသထား ပါသည်။ ထိုနေရာကို ပျူသချိုင်းဟု လေ့လာသူတို့ ခေါ်ဝေါ် ကြသည်ဟု ဆိုပါသည်။ ထိုနေရာတွင် လယ်ယာထွန်ယက် စိုက်ပျိုး၍ မဖြစ်ထွန်းကြောင်းလည်းသိရပါသည်။ မြို့ဟောင်း ၏ တောင်ဘက်မြို့ပြင်တွင်ရှိနေခြင်း၊ မြို့ကိုးကုန်းစေတီ များ၏ အနောက်ဘက်တွင်ရှိနေခြင်းနှင့်တွေ့ရှိရသည့် အရိုးအိုးငယ်များကို ထောက်ရှုခြင်းဖြင့် သင်္ချိုင်းနေရာဟု ယေဘုယျအားဖြင့်ယူဆနိုင်ပါသည်။ သာဂရတွင် စိုးစံခဲ့သည့် မင်းနှင့် တော်ဝင်မိသားစုများ(သို့)မှူးမတ် အစရှိသော အထက်တန်းလွှာများ မြှုပ်နှံရာနေရာဟု ယူဆရပေသည်။ (သီရိခေတ္တရာမြို့ဟောင်း၌လည်း ပျူကျောက်အရိုးအိုးကြီး ခြောက်လုံးပါသော ဝိသနိုးမိဖုရား၏သင်္ချိုင်းနေရာသည် တောင်ဘက်မြို့ပြင်တွင် ရှိနေခဲ့ပါသည်။)[၇၇]

ဖောင်ဆိပ်

မြို့ဟောင်း၏ အရှေ့တောင်ဘက်၊ ကရပ်ပြင်ရပ်ကွက် အနီးတွင်ရှိသောရေဆိပ်သည်သာဂရခေတ်က အသုံးပြုခဲ့ သည့် ဘုရင့်ဖောင်တော် ဝင်ထွက်ဆိုက်ကပ်ရာဖောင်ဆိပ် ဟု ယူဆထားကြသည့်နေရာဖြစ်ပေသည်။ "တံတားဦးအိုင်" ဟုလည်းခေါ်ကြပါသည်။ ထိုနေရာသည် ထားဝယ်မြစ်ထဲသို့ စီးဝင်သည့် ပဒဲချောင်းနှင့်တစ်ဆက်တည်းဖြစ်သည်။ ယခု အခါ အတော်ပင်တိမ်ကောနေ၍ ခန့်မှန်း ၂၀မီတာပတ်လည် ရှိသော အိုင်ငယ်တစ်ခုအဖြစ် ကျန်ရှိနေသည်။ ဖောင်ဆိပ် အနီးတွင် အုတ်စီအုတ်ရိုးအပိုင်းအစတချို့ မြေပြင်တွင် ထင်ကျန်လျက်ရှိသေးသည်။ တည်နေရာ၊ အနေအထား၊ ကြွင်းကျန်အထောက် အထားတို့အရ ဖောင်ဆိပ်နေရာဟု ယူဆနိုင်ပေသည်။[၇၈]

တူးဖော်သုတေသနပြုခြင်း

၂၂-၂-၂၀၀၀ ရက်နေ့တွင် ရှေးဟောင်း သုတေသန ဌာနမှသုတေသနအရာရှိ ဒေါ်ငွေငွေစိုး ခေါင်းဆောင်သော အဖွဲ့ ထားဝယ်သို့ ရောက်ရှိလာသည်။ ငါးယောက်ဖြစ်၏။

ရင်းအဖွဲ့သည် သာဂရမြို့ဟောင်း၌ ၂၂-၂-၂၀၀၀ မှ ၁၆-၃-၂၀၀၀ နေ့အထိ ရက်ပေါင်း ၂၄ ရက်ကြာ တူးဖော် သုတေသနလုပ်ငန်းများဆောင်ရွက်ခဲ့ပါသည်။ ယင်းအဖွဲ့သည် သာဂရအမှတ်(၁)ကုန်း (အက်စ်ဂျီအာရ်-၁) နှင့် သာဂရအမှတ်(၂)ကုန်း (အက်စ် ဂျီအာရ်-၂) ဟု နှစ်နေရာ ရွေးချယ်၍ တူးဖော် သုတေသနပြုခဲ့ ကြပါသည်။

သာဂရအမှတ်(၁)ကုန်း SG. R (1) တူးဖော်ခြင်းအပေါ် စူးစမ်းလေ့လာခြင်း

သာဂရအမှတ်(၁)ကုန်း။ SG. R(1) ဟု သတ်မှတ်သည့် နေရာသည် သာဂရမြို့ဟောင်းမှ မြောက်ဘက် အတွက်လမ်း၏ ဝဲဘက်တွင် ကပ်လျက်ရှိပါသည်။ ၎င်းတို့တူးဖော်သည့် နေရာသည် မြောက်ဘက်မြို့ရိုး အပြင်ဘက်၊ ဦးထွန်းကျော် ပိုင်ခြံမြေအတွင်းတည်ရှိနေသော ကုန်းမြေဖြစ်နေသည်ကို တွေ့ရပါသည်၊ မြောက်ဘက်မြို့ရိုးနှင့် တူးဖော်မည့် ကုန်းမြေ အကြားတွင် "မင်္ဂလာကန်တော်"ဟုခေါ်သော ကန်ငယ်ရှိပေသည်၊ ကုန်းမြေ ပေါ်တွင် အုတ်အကျိုးအပဲ့များနှင့် အုတ်စီ အုတ်တန်းအရာအချို့ ပေါ်လွင်နေသဖြင့် အောက်၌ အုတ် အဆောက်အဦတစ်ခု ရှိနေမည်ဟု တွေးရပါသည်။ သာဂရ မြို့ဟောင်း၏ ကင်းမျှော်စင် ဖြစ်မည်လောဟု ယူဆမှုဖြင့် ထိုကုန်းကို ရွေးချယ်တူးဖော် လေ့လာခြင်းဖြစ်သည်ဟု ဆိုပါသည်၊ မြေတိုင်းကိရိယာဖြင့် တူးဖော်မည့် ဧရိယာသတ်မှတ်ခြင်း၊ လေးထောင့်ကျဉ်းကွက်များ ပန္နက်ရိုက်သတ်မှတ်ခြင်းတို့ပြုပြီးနောက်၊ တူးဖော်မှုအစီအစဉ် လက်နက်များနှင့် စနစ်တကျတူးဖော်နေသည်ကိုတွေ့ခဲ့ရသည်။ ၂၉-၂-၂၀၀၀ ရက်နေ့တွင် တူးဖော်ရာကုန်းမြေ၏ အပေါ်ပိုင်း($\frac{၁}{၃}$)ခန့်ပေါ် လာသည်ကိုတွေ့ရပါသည်၊ သံခေါင်းလောင်း အကွဲတစ်လုံး ရရှိသည်။ (၁-၃-၂၀၀၀)ရက်နေ့တွင် တူးဖော်သည့် ကုန်းမြေ အပေါ်ပိုင်းတစ်ခုလုံးပေါ်လာသည်။ ခေါင်းလောင်းအဆန် တစ်ချောင်း (ထိပ်တွင်ညောင်ရွက်ပေါ်) ထွက်ပေါ်လာသည်။ ထိပ်ခေါင်းငယ်နှစ်ဖက်ပါနေသောငွေလက်ကောက်တစ်ကွင်း လည်းရရှိပါသည်။ တူးဖော်မှုတစ်ခုလုံးပြီးသောအခါ လေးထောင့်ပစ္စယ် သုံးဆင့်ပုံစံရှိ စေတီဟောင်းတစ်ဆူ၏



Tharaga "Jetty" (Left)

ကြွင်းကျန် အခြေ ပင်မအုတ်မြိုပန္နက်တစ်ခု ပေါ်ထွက်လာခဲ့ပါသည်။ တူးဖော်ရာမှ တွေ့ရှိသော ပစ္စည်းများမှဆည်းလည်းအကျိုးတစ်ခု၊ ငွေလက်ကောက်တစ်ကွင်း၊ ဆည်းလည်းညောင်ရွက်တစ်ခု၊ ဆည်းလည်းဆံ သုံးခု၊ မြေထည်ဆီမီးခွက်အကောင်း သုံးခု နှင့် အကျိုး(၈)ခု၊ မြေထည်အုတ်ကျွတ်မိုးအကျိုးများ (၁၆) ခု၊ စဉ့်ထည် အကျိုးအပဲ့များ (၅၃)ခုနှင့် အနားသတ်ဖောင်းဖွဲ့ဆင့်ထားသည့် အုတ်ချပ်များရရှိထားသည်ကိုတွေ့ရပါသည်။ တွေ့ရှိသည့်ပစ္စည်းများနှင့် အုတ်အရွယ်အစားအရ စေတီ(ဟောင်း) ကို ၁၅ရာစု (သို့) ၁၆ ရာစုခန့်တွင်တည်ထားခဲ့သည်ဟုယူဆရသည်။[၆၈]ဟုဆိုပါသည်။

သာဂရအမှတ်(၂)ကုန်း SG. R (2) တူးဖော်ခြင်းအပေါ် စူးစမ်းလေ့လာခြင်း

သာဂရအမှတ်(၂)ကုန်း SG. R(2) မြောက်ဘက်မြေမြို့ရိုးသည် သာဂရမှတ်(၁)ကုန်းမှ ၃၆၀ မီတာအကွာဦးရွှေသား ပိုင်ခြံဝင်းတွင်း၌ရှိပါသည်။ ထိုနေရာကို နန်းတော်ကုန်းဟု ဆိုကြပါသည်။ ကုန်းမြေသည် သာဂရမြို့၏ အလယ်ဗဟိုခန့်တွင်ရှိနေခြင်း၊ ကုန်းမြေမှ အရှေ့ဘက် ၁၅၄ မီတာအကွာတွင်မူ နန်းဦးဘုရားဟု ယနေ့တိုင် ခေါ်ဆိုနေ သည့် စေတီတစ်ဆူရှိနေခြင်းတို့ကြောင့် နန်းတော်ရာ ဟု ယူဆနိုင်ပါသည်။ ဤကုန်းမြေကို လွန်ခဲ့သည့် သုံး-လေး နှစ်ခန့်က သိုက်ဆရာတို့ သိုက်တူးခဲ့ကြသဖြင့် တောင်မြောက်တန်းလျက် ၂၆ မီတာရှည်သော ကျင်းတစ်ခုနှင့် အရှေ့အနောက်တန်းလျက် ၂၄ မီတာ ရှည်သော ကျင်းရှည်ကြီးများဖြစ်နေပေသည်။ အရှေ့အနောက် တူးထားသည့်ကျင်းအတွင်း၌ မြေအောက်မြေ(၁)မီတာကျော် အနက်၌ အုတ်စီအုတ်နံ့တန်းအစအနပေါ်ထွက်နေပေသည်။ သို့သော် အုတ်လွှာအချို့မှာ တူးဖော် ဖျက်ဆီးထားမှုကြောင့် ပျက်စီးပျောက်ကွယ်နေပေသည်။ ရှေးဟောင်း သုတေသနအဖွဲ့သည် အကျယ် (၁) မီတာ၊ အရှည်(၁၀)မီတာရှိသော စမ်းသပ် ကျင်းရှည်တစ်ခုကိုတူး၍ လေ့လာခဲ့သည်။ မြေပြင်အောက် (၁)မီတာခွဲကျော်၊ (၅)ပေခန့် အနက်တွင် တောင်မြောက်တန်းနေသည့် အုတ်နံ့တန်း(၃)တန်းကိုတွေ့မြင်ရပါသည်။ အလယ်ဗဟိုရှိအုတ်တန်းသည် အကျယ် (၂)ပေရှိ၍ အုတ်နှစ်လွှာသာ ကျန်ရှိပေသည်။ ဘေးတစ်ဖက်တစ်ချက်စီရှိ အခြားအုတ်ရိုးတန်းများသည် အကျယ်(၄)ပေစီ ရှိကြသည်။ ကျင်းရှည်တစ်လျှောက် အနောက်ဘက်ရှိအုတ်ရိုးတန်းသည် စုစုပေါင်းအုတ်လွှာ ၁၅ လွှာအထိ ကြွင်းကျန်တည်ရှိပေသည်။ သို့သော် အုတ်လွှာစလွှာသာ နဂိုမူလ အုတ်စီလက်ရာအတိုင်းကျန်ရှိပြီး အထက်ပိုင်း ၇ လွှာမှာ တူးဖော်ဖျက်ဆီးမှုဒဏ်ခံထားရပြီး ဖြစ်သည်။ စမ်းသပ်ကျင်းရှည်တစ်လျှောက် အရှေ့ဘက်အုတ် နံ့တန်းမှာမူ အုတ်နှစ်လွှာသာကျန်ရှိနေပေသည်။ ထိုအုတ်ရိုးတန်းတို့သည် တစ်တန်း နှင့်တစ်တန်း ၂၇၀ စင်တီမီတာ ကွာဝေးကြပြီး၊ မျဉ်းပြိုင်သဖွယ် ဖြစ်နေပါသည်။ အသုံးပြုသည့် အုတ်အရွယ်အစားမှာ ၁၃' ×၇' ×၃' နှင့် ၁၂' ×၇'×၃' အသီးသီးရှိကြပေသည်။ ၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်အတွင်း ဤနန်းတော်ကုန်း၌ စမ်းသပ်သည့် အနေသာ တူးဖော် လေ့လာနိုင်ခဲ့ပြီး ရှေ့လာမည့်ဘဏ္ဍာရေးနှစ်များတွင် ယခုနှစ် ရှာဖွေခဲ့သော အုတ်တန်းများ၏ လားရာတစ်လျှောက်ကို ချဲ့ထွင်တူးဖော်သုတေသနပြုမည် ဆိုပါသည်။ တွေ့ရှိပစ္စည်းများမှာ - ဆေးတံကျိုးတစ်ခုနှင့် ဆင်းတုတော်၏ လက်အစိတ်အပိုင်းတစ်ခုသာဖြစ်၍ ထူးခြားတွေ့ရှိ ပစ္စည်းမရှိပါ။ ကုန်းများ၏ အရွယ်အစား၊ မြို့တည်ခုနှစ်၊ တာပေ အထောက်အထား၊ မြေလွှာပို့ချမှုအနေအထားတို့အရ ဤ



Ura from Thagara (Hpaua Hyi Musenum) and contemporary pot from Dawei



နန်းတော်ရာအုတ်တန်း

နန်းတော်ကုန်းမှအုတ်တန်းများသည် ပျူခေတ်နှောင်း နှင့် ပုဂံခေတ်အကြားအချိန်ခန့်တွင်တည်ထားခဲ့ဟန်ရှိကြောင်း ယေဘုယျယူဆရပါသည်-ဟု တူးဖော်သည့် သုတေသနအဖွဲ့မှ မှတ်ချက်ပြုပါသည်။ [၄၁]

ဝေဒီမြို့ဟောင်း (ယခု - ဝေဒီကျေးရွာ)

ထားဝယ်မြို့မှ ထားဝယ်မြစ်ကို ကမြောကင်းတံတားဖြင့်ဖြတ်၍ထားဝယ်-လောင်းလုံကား လမ်းအတိုင်း အင်းဇောက်ရွာမှတောင်ဘက်သို့ လမ်းချိုးဝင်ကာကုန်း ဇရပ်ရွာကိုဖြတ်ကျော်ပြီး လယ်ကွင်းများကိုလွန်လျှင် ဝေဒီကျေးရွာသို့ရောက်သည်။ (၆)မိုင်ခန့် သွားရပေသည်။ ဝေဒီမြို့ဟောင်းရာရှိသည့် ကျေးရွာကိုယနေ့အထိ "ဝေဒီကျေးရွာ"ဟုခေါ်သည်။ ထားဝယ်မြစ် အနောက်ဘက်ကမ်းရှိ စိတ်ဝင်စားဖွယ်ရာမြို့ဟောင်းရာတစ်ခု ဖြစ်သည်။ ၎င်းမြို့ဟောင်းရာကို ကောင်းကင်ဓာတ်ပုံတွင် ထင်ထင် ရှားရှားမြင်ရပေသည်။ မြို့ဟောင်းနှစ်ခုပူးတွဲတည်ရှိနေပုံလည်း ပေါ်လွင်သည်။ အရှေ့ဘက်မြို့ဟောင်းနှင့် အနောက်ဘက် မြို့ဟောင်းဟုယူရမည်ဖြစ်သည်။ ယခုလက်ရှိ ဝေဒီကျေးရွာ အတွင်းတည်ရှိသည့် မြို့ရိုးအပိုင်းမှာ အထင်ရှားဆုံး အပိုင်းဖြစ်သည်။ အရှေ့ဘက်မြို့ဟောင်း၏တောင်ဘက်မြို့ရိုး တစ်လျှောက်တွင် လက်ရှိဝေဒီကျေးရွာတည်ရှိသည်။ တောင်ဘက်မြို့ရိုးသည် ဝေဒီကျေးရွာကို ကျော်လွန်၍မြစ်ဆိပ်နားအထိဆက်၍ ဆောက်ထားသည့်မြို့ရိုး အပိုင်းအပြတ်ကိုလည်း တွေ့ရသည်။ အနောက်နှင့်မြောက်ဘက် မြို့ရိုးနှစ်ခုသည်လည်း ပေါ်လွင် ထင်ရှားလှသည်။ အရှေ့ဘက်မြို့ရိုး မှာ အပိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေသည်။ အနောက်ဘက်မြို့ဟောင်းမြို့ရိုးများက အရှေ့မြို့ဟောင်းလောက် ပီပြင်ထင်ရှားမှုမရှိတော့ပေ။ မြို့ဟောင်းနှစ်ခုလုံးမှာ စတုဂံပုံသဏ္ဌာန် ပေါ်လွင်လျက်ရှိသည်။ ဆရာကြီး နိုင်ပန်းလှနှင့် ဦးသန်းဆွေ (ရှေးဟောင်း သုတေသနအရာရှိ) တို့က စတုဂံပုံပီပြင်သောမြို့ရိုးကို တွေ့ရခြင်းဖြင့် မြို့သက်တမ်းမှာ နှစ်ပေါင်း ငါးရာတစ်ပိုက်သာရှိ နိုင်သည်ဟု ခန့်မှန်းခဲ့ပေသည်။

ဝေဒီမြို့ဟောင်းနေရာသည်မြေပုံအညွှန်းစတုရန်း

အကွက်အမှတ်(၉၅ -ကေ- ၁) ဖြစ်သည်။ ထားဝယ်မြစ်ထဲသို့ စီးဝင်နေသော ဝေဒီချောင်းနှင့် မြစ်ကုန်း ချောင်းနှစ်ခုကြား တွင်ရှိသည်။ ထားဝယ်နယ်အတွင်း အခြားမြို့ဟောင်းများ၏ ပုံနှင့်မတူဘဲလေးထောင့်ပုံပို၍ပီပြင်သည်။ မြို့ဟောင်းနှစ်ခု ပေါင်းသည့်ဧရိယာသည် ကျုံးမြို့အပါအဝင် ဧက ၂၉၀ ခန့် ရှိပေသည်။ သစ်တောမင်းကြီးဦးအောင်မြင့်က တောင်းကင် မာတ်ပုံအရ အနောက်ဘက်မြစ်မြို့ဟောင်းသည် အရှေ့ ဘက်မြစ်မြို့ဟောင်းထက်ပို၍ စောစွာတည်ထားဟန်ရှိ သည်ဟု ကောက်ချက် ချထားသည်။

ထားဝယ်ရာဇဝင်အရ ကနိကဝတ်မင်းသည် သက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် ထောင့်ကွယ်မြို့ ယခု"ကြက်လှတ်ရွာ"ကို တည်ထောင်စိုးစံသည်။ ထိုနောက် ယင်း၏သားလတ် ကနိဌာသူ၊ ယင်း၏သားတော် ကနိဌာခွဲ ယင်း၏သားတော် ကနိဌာသံနှင့် ယင်းသားတော်ကနိဌာဝါတို့ တိုင်အောင် ထောင့်ကွယ်မြို့ ၌ ဆက်လက်စိုးစံကြပြီးနောက် ကနိဌာဝါ မင်း၏သားတော် စောသူရသည် သက္ကရာဇ် ၇၉၂ ခုနှစ်တွင် ထောင့်ကွယ်မြို့မှ ပြောင်းရွှေ့၍ ဝေဒီမြို့ ကိုတည်ထောင်စိုးစံ သည်။

ဝေဒီမြို့ တည်နေရာသည် တိမ်သော ရေပဲ့ရှိရာမှ ခန်းခြောက်သွားသည်ကို အစွဲပြု၍ "ဝဲတိမ်"ဟုခေါ်ရာမှ ဝဲတီ- ဝဲဒီ၊ ယင်းမှတစ်ဖန် ဝေတီ-ဝေဒီ ဟု ရွေ့လျားပြောင်းလဲ လာသည်ဟု ဆိုပါသည်။

ထိုဝေဒီမြို့ကို စောသူရမင်း၏သားတော် စောရောင်၊ ယင်း၏သားတော်စောသွားရောင်၊ ယင်း၏သားတော်ရွှေနန်း တက်၊ ယင်း၏သားတော် အိမ်ရှေ့မင်းတို့ ဆက်လက် အုပ်စိုး ကြပြီးနောက် သာဂရမြို့ကိုအုပ်စိုးသည့် ရှင်ဗဲ(နန္ဒိယ)မင်းနှင့် မိဖုရား စောမြဝေဒီတို့၏သားတော် ဗလစောရန်နိုင်(ခေါ်) စောသီလမင်း ပြောင်းရွှေ့အုပ်စိုးသည်ဟု ဆိုကြပါသည်။

ဝေဒီကျေးရွာအဝင် ထွာချောင်းကို ဖြတ်ကျော်လျှင် မြို့ဟောင်းတောင်ဘက်မြို့ရိုးပြတ်ထိပ်ပေါ်တွင်တည်ထားသော စေတီတော်ကို ထီးထီးကြီးဖူးမြင်ရသည်။ ၁၉၅၄ ခု၊ ဧပြီလ ၄ ရက် နေ့ကမှ ရှေးစေတီကိုငုံ၍ ယခုလက်ရှိစေတီကိုတည် သည်ဟု ဆိုသည်။ ထိုစေတီပေါ်မှ တတ်ကြည့်လျှင် ကျုံးမြို့ ရိုးများကို ထင်ရှားစွာမြင်ရသည်။ ထားဝယ်မြစ်၊ ရွှေဥတောင် နှင့် တောင်ထိန်တောင်တို့ကိုလည်းမြင်ရသည်။ မြို့ဟောင်း နှစ်ခုပေါင်းဆုံရာအလယ်ဗဟိုတွင် နန်းတော်ရာ သို့မဟုတ် အခြားအမျိုးအမည်မဖော်ပြနိုင်သည့် အရာဟောင်းနှစ်ခုကို တွေ့ရသည်။ ရွာခံများက တောင်ဘက်ရှိ အုတ်ကျိုး များဖြင့် တည်ရှိသော ကုန်းမို့မို့နေရာကို နန်းတော်ရာဟု ဆိုသည်။ မြောက်ဘက်ရှိပို၍ မြင့်သောအုတ်ကျိုးများဖြင့်၊ ဖြစ်ပေါ်နေ သည့်ကုန်းမို့မို့နေရာကိုအိမ်ရှေ့မင်းအိမ်တော်ရာဟုပြောသည်။ ၎င်းအပေါ်တွင် သစ်သားနတ်နန်းတော်သည် ဇရပ်ငယ်တမျှ ကြီးပေရာ ထားဝယ်နယ်ရှိ ရွာရှင်နန်းများတွင်အကြီးဆုံးဟုဆို ရပေမည်။

နန်းတော်ရာ၏ တောင်ဘက်တစ်ပြလောက်တွင် အတွင်း၌ လေးထောင့် အုတ်ရိုးစီထားသည့် ရေတွင်းဟောင်း တစ်ခုရှိသည်။ သောက်တော်တွင်းဟုခေါ်သည်။ ထိုနန်းတော် ရာ၏ မြောက်ဘက် ဝေဒီချောင်း (ထွာချောင်း)အစပ်တွင် ဝေဒီမင်း ၏ ဖောင်တော်ဟောင်းနံ့ထဲတွင် နစ်မြုပ်နေသည်ကို အစွန်းအစ တွေ့နိုင်သေးသည်။ ဖောင်တော်မှ အချို့သစ်လုံး များကို ဝေဒီ ကျောင်းတော်ကြီးတွင် ကျောင်းတိုင်အဖြစ်ယူ၍ သုံးခဲ့ဖူးသည်ဟုဆိုသည်။ သစ်လုံးများမှာ အရှည်နှစ်ဆယ့်ငါး တောင်ရှိ၍ လုံးပတ်လေးတောင်ရှိသည်။ ကျောင်းတိုင်အဖြစ် အသုံးပြုရာတွင် သစ်လုံးများအဆီခန်းလာ၍ လဲလှယ်ပစ် လိုက်ရာ၊ ယခုအခါ မူလသစ်လုံးအဖြစ်ဝေဒီကျောင်းကြီး လှေကားအတက်ဘယ်ဘက် တွင် ကျောင်းတိုင်တစ်လုံးသာ ပြစရာ ကျန်တော့သည်။

ဝေဒီကျောင်းကြီးသည် တောင်ဘက်မြို့ရိုးအစပ်တွင် ကပ်၍တည်ရှိသည်။ ကျောင်းဓမ္မာခုံ ဆောက်လုပ်ရန်မြို့ရိုးကို ပိုင်းဖြတ်ထားသဖြင့် ကျောင်းဝင်းအတွင်း မြို့ရိုး တစ်ပိုင်းပြတ် နေသည်။ မြေမြို့ရိုးဖြစ်သည်။ ကျောင်းဝင်းအဝင်ဝတွင် ရှေးဟောင်းရွှေရင်မျှော်ဘုရားရှိသည်။ဝေဒီမင်း၏သားတော် များ ညနေခင်းရေကစားထွက်တော်မူရာ မိဖုရားကြီးက သားတော်များအပြန်ကို မျှော်နေသည့်နေရာတွင်ဘုရားတည် ထား၍ ရွှေရင်မျှော်ဘုရားဟုခေါ်တွင်သည်ဟုဆိုသည်။ ကျောင်းဝင်းအတွင်းကျောင်းမြောက်ဘက်တွင်ရေကန်တစ်ကန် ရှိရာ "မြင်းလှကန်" ဟုခေါ်သည်။ ဘုရင်၏မြင်းကို ရေချိုးပေး သည့် ကန်ဟုဆိုသည်။

လက်ရှိဝေဒီကျေးရွာတွင် အိမ်ခြေ ၄၀၀ ခန့်ရှိသည်။ ဝေဒီရွာမှအရှေ့ဘက်ကပ်လျက်ရှိသောအရပ်ကို မယ်အိုကွင်း ဟုခေါ်သည်။ အိမ်ခြေ ၅၀ ခန့်ရှိသည်။ ဝေဒီကျေးရွာမြေ စာရင်းအရ ကွင်းအမှတ်နှင့် ကွင်းအမည်များကို ယနေ့အထိ ဝေဒီအရှေ့မယ်အိုကွင်းအမှတ် ၂၀၆၊ မြို့တွင်းကွင်းအမှတ် ၂၀၄ စသည်ဖြင့် ခေါ်ဆိုလျက်ပင်ရှိပါသေးသည်။ မယ်အို ကွင်းဟုခေါ်ခြင်းမှာ ဘုရင်ကမယ်အိုများကို ထားရှိသော နေရာဟုဆိုသည်။ ဝေဒီခေတ်က ဘိုးဘွားရိပ်သာရှိပုံရသည်။ ၎င်းမယ်အိုကွင်း အထက်နားတွင် ခေါင်းဆေးကန်ဟုရှိသည်။ ဝေဒီမင်းနှင့် မိဖုရားတို့ခေါင်းဆေးမင်္ဂလာပြုလုပ်သည်

ဟုဆိုသည်။ မယ်အိုကွင်း အရှေ့တွင် မှုစ်လောင်ချောင်း ဟု ခေါ်သောနေရာရှိသည်။ ဝေဒီမိဖုရားကြီး ပဋိသန္ဓေရှိစဉ် မှုစ် စားရန်ချင်ခြင်းဖြစ်သဖြင့် ဝါးတောကိုမီးရှို့၍ ရေလောင်းခိုင်း သဖြင့် မှုစ်များထွက်ပေါ်လာ၍ စားရသောနေရာကို မှုစ် လောင်ချောင်းဟု ယနေ့တိုင် ခေါ်ဆိုနေသည်။

ယနေ့ဝေဒီကျေးရွာ၏ အနောက်ဘက်မြေမြို့နိုးနှင့် ဝေဒီချောင်း (ထွာချောင်း) အကြားတွင် အိမ်ခြေ ၃၅ ခန့်ရှိ သော ရဲတွင်းဟုခေါ်သည့်နေရာတစ်ခုရှိသည်။ဘုရင်လက် ထက်က သူရဲ သူခက် တန်းလျားများထားရာ နေရာ ဖြစ်၍ သူရဲတွင်းမှ ရဲတွင်းဟု ယနေ့တိုင် ခေါ်ဆိုလာသည်ဟု ဆိုပါ သည်။ ရဲတွင်းနှင့်ကပ်လျက်အရှေ့နှင့်အနောက်တန်းနေ သောဝေဒီချောင်းမှ အနောက်ဘက်သဖွာချောင်း၊ လောင်းလုံ ချောင်းတို့နှင့် ချောင်းများခံ၍ ဆက်စပ်နေပြီး ထားဝယ်မြစ် အတွင်းသို့ စီးဝင်သည်။ ဝေဒီချောင်းကို ထွာချောင်းဟုခေါ် သည်။ ဝေဒီဘုရင်ခေတ်ကလူတစ်ယောက်ကိုတစ်နေ့ တစ်ထွာတူးဖော်၍ချောင်းဖောက်ရသဖြင့် ထွာချောင်းဟုခေါ် သည်။ ထွာချောင်းသည် တစ်နည်းအား ဖြင့် တူးမြောင်းဖြစ် သည်။ တောင်ဘက်မြို့နိုး အပြင်ဘက်နား (ယခု - ဝေဒီ ကျေးရွာ အဝင်လမ်းဘေး)တွင် လူချင်ကန်ဟု ခေါ်သောကန် နေရာဟောင်းတစ်ခုရှိသည်။ လူချင်ကန်ဟု ခေါ်ရခြင်းမှာ ထွာချောင်းတူးဖော်ရန်လုပ်အားပေးရသည့်လူများကိုယင်းကန် နှင့် အပြည့်ချင်တွယ်၍ခိုင်းသောကြောင့် ဟုဆိုသည်။ ယင်းအနီးတွင်ပင် ထားဝယ်အခေါ် မုဒိအန်း (မုန့်ဟင်းခါး အင်း) ဆိုသည့်နေရာလည်းရှိသည်။ ထွာချောင်း တူးဖော်ရာမှ လုပ် အားပေးများကို မုန့်ဟင်းခါးကျွေးသော နေရာဟုဆို သည်။ ယခုဝေဒီကျေးရွာအဝင်လမ်း၏ တောင်ဘက်တွင် နန်းဦးဘုရားရှိသည်။

ရွှေဘုရားဟောင်း ပြိုပျက်ရာကုန်းကို ငုံ၍မတည်ဘဲ ကုန်းပေါ်တွင်စေတီတည်ထားခြင်း ဖြစ်သည်။ နန်းဦးဘုရား ဟုဆိုသော်လည်းမြို့နိုး အပြင်ဘက်ရောက်နေသဖြင့်သဘာဝ မကျပေ။ ၎င်းနန်းဦးဘုရား၏အနောက်ဘက် ဝါးနှစ်ပြန် ခန့်တွင် ရွှေလင်ပန်းတွင်း ဟုသည့် တွင်းဟောင်းရာတစ်ခု ရှိသည်။ ၎င်းတွင်းမှ ရွှေလင်ပန်းရသည်ဟုဆိုသည်။ ယခုဝေဒီ ကျေးရွာ၏ အရှေ့ဘက်ထားဝယ်မြစ်နားတွင် ရှမ်းများမြေမြှို့ သည့်နေရာကို ရှမ်းဗိုဟု ခေါ်ခြင်းဖြစ်သည်။ ရှမ်း(ယိုးဒယား) တို့ လာတိုက်၍ ဝေဒီမြို့ပျက်ရသည်ဟု ယူဆရပါသည်။

ဝေဒီကျေးရွာ၏ တောင်ဘက်တွင် အနောက်မှ အရှေ့ သို့ စီးဆင်းနေသော မြင့်ကုန်းချောင်းရှိသည်။ ထားဝယ်မြစ် အတွင်းသို့စီးဝင်သည်။ယင်းမြင့်ကုန်းချောင်းသည်ဝေဒီ မင်းကြီး ဝေဒီမြို့မှ မြင့်ကုန်းစေတီတည်ရာသို့ ရွှေဖောင်တော် နှင့်လာရန် တူးမြောင်းဖော်ရာ တစ်အိမ်ထောင်လျှင် ရေထွက် သည်အထိ လက်တစ်ကွင်းစာ လုပ်အားပေးတူးဖော်ပေးရ သော တူးမြောင်း ဖြစ်သည်။

ဝေဒီမြို့ဟောင်းသည် အရှေ့ဘက်၌ ထားဝယ်မြစ်၊ မြောက် ဘက်၌ဝေဒီချောင်း (ခေါ်) ထွာချောင်း၊ တောင်ဘက် ၌ မြင့်ကုန်း ချောင်းတို့အလယ်တွင်ရှိသည်။ အရှေ့ဘက်၊ မြောက်ဘက်နှင့်တောင်ဘက်တို့တွင်သုံးမျက်နှာမြစ်နှင့်ချောင်း တို့ကို အပြင်ကျုံးသဖွယ် အသုံးပြုထားသည်။ အနောက် မျက်နှာတွင်အင်းကြီးရှိသည်။ ၎င်းလေးမျက်နှာ အလယ်စည် မျက်နှာပြင်ကဲ့သို့ ပြန့်ပြူးသောမြေတွင် မြို့တော်တည်ခြင်း သည် ရှေးမြန်မာမင်းတို့၏ ထုံးစံသဖွယ်ဖြစ်သည်။

မျက်နှာတစ်ဖက်တွင် သင်္ခပြည့်နှင့်ကိုကိုက်ချီထားသော ဟင်္သာ ရုပ်ပါပြီး အခြားတစ်ဖက်တွင် မည်သည့်အတွရာဟု မခန့်မှန်း နိုင်သောစာများပါသည့် ခဲပြားကြီးများ (အချို့ခဲပြား များမှာ အစိတ်သား နီးပါးအလေးချိန်ရှိသည်) ရေနံဆီပုံးနှင့် လေးငါးပုံးစာခန့်ရဖူးသည်။ ကြေးကွန်ချာအုပ်ထားသည့် ရွှေတောင်လုံးများလည်းရဘူးသည်။ မြို့ ထောင့်ကျသည့်နေရာ များမှ ရဖူးသဖြင့် မြို့၏ ထောင့်လေးထောင့်တွင် လောကီ အစီအရင် အစီအမံမြှုပ်ထားခြင်းပေလားဟုတွေးဆရသည်။ အနုက်ရောင်ပန်းကန် ပြားများ အထပ်လိုက်ရဖူးသည်ဆိုပေ ရာ မမြင်လိုက်ရ၍ စဉ့်ရည်သုတ်ထားသော ပန်းကန်များ ဖြစ်မည်ဟုထင်သည်။[၅၂]

ဆင်ဆိပ် (၁) (၂)

ဆင်ဆိပ်မြို့ဟောင်း(၁) (ညောင်ခရား)

ထားဝယ်မြို့မှ မြောက်ဘက်သို့ ထားဝယ်-ရေး ကား လမ်းအတိုင်း ၂ မိုင်ခန့်သွားလျှင် လက်ဝဲကျွန်းရပ်အဆုံး "ရေး"လမ်းအတိုင်း မြောက်ဘက်သို့ ဆက်သွားလျှင် ထားဝယ်

သင်္ခပြည့်နှင့်ရှိ
ဟင်္သာရုပ်ပါသော ခဲပြားပုံ



မြစ်ကူးတို့ဆိပ်တစ်ခုဖြစ်ခဲ့ဆိုပါသည်။ ဆင်ဆိပ်ကူးတို့ဟု ခေါ်သည်။ယနေ့ရပ်ကွက်အမည်မှာလည်းဆင်ဆိပ်ဟုပင်ခေါ်သည်။

ဆင်ဆိပ်ရပ်ကွက်ပေါ်တွင် မြို့ဟောင်းရာကို ကောင်းကင် ဓာတ်ပုံမှတွေ့ရခြင်းဖြစ်၍ ဆင်ဆိပ်မြို့ဟောင်း ဟု အမည်တပ်ခြင်းဖြစ်သည်။ အရှေ့ဘက်နှင့်တောင်ဘက် မြို့ရိုးနှစ်ခုကို အထင်ရှားဆုံး တွေ့ရပေသည်။ မြို့၏ပုံသဏ္ဌာန်မှာ စတုဂံပုံ ဖြစ်သည်။ ကျုံးတစ်ထပ်၊ မြို့ရိုးတစ်ထပ်သာရှိသည်။ အနောက်ဘက်မြို့ရိုးကိုရှာမတွေ့တော့ပေ။ မြစ်ဆိပ်သို့ ကားလမ်းဖောက် ရာတွင် ပျက်စီးခဲ့သည်ဟုယူဆရသည်။ မြို့ဟောင်းအတွင်း ရှေးဟောင်းဘုရား သုံးဆူကိုတွေ့ရပြီး တစ်ဆူမှာ ထားဝယ်တွင် ထင်ရှားသော ဩရဂဠုစေတီဖြစ်သည်။

ပထမသာဂရ မွန်မင်းဆက်၏ နောက်ဆုံးပြည်ာားတော် (ကောဇာ ၂၇၀-၂၇၆) လက်ထက်တွင် ဇွဲရတီမှ ရှမ်း (ယိုးဒယား)အမတ်ဩရဂဠုသည် လက်နက်ကိုင်အလုံးအရင်းနှင့်ချီလာပြီး သာဂရမြို့၏ ကင်းတပ်မြို့ဖြစ်သော အောင်သာဝတီ (ကလိန် အောင်) ကို ဦးစွာတိုက် ခိုက်သိမ်း ပိုက်ခဲ့သည်။ တစ်လခန့်အကြာတွင် ဩရဂဠုသည် တပ်သားတစ်သောင်းကျော် နှင့် မော်လမြိုင်နယ်ခြား တောင်အို စခန်းမှခွဲတက်ပြီး ကုန်းကြောင်း၊ ရေကြောင်းပိတ်ဆို့၍ မွန်နှင့်ဗမာတို့ကို တိုက်ခိုက်ခဲ့ရာ သာဂရမြို့အထိ အောင်မြင်စွာချီတက်လာနိုင်ပြီး သိမ်းပိုက်နိုင်ခဲ့သဖြင့်သက္ကရာဇ် ၂၇၆ ခုနှစ်တွင် ပထမသာဂရမြို့ ပျက်ခဲ့ရလေသည်။ ၅၇

ဩရဂဠုသည် ကလိန်အောင်မြို့သူမြို့သားများနှင့် သာဂရမြို့သူမြို့သားများကို သိမ်းယူခေါ်ဆောင်ကာ ထားဝယ်မြို့မှ ၂ မိုင်ကွာ ညောင်ခရားမြို့ကို တည်ထောင်စိုးစံခဲ့သည်။ ညောင်ခရားမြို့ဟောင်း၏ တောင်ဘက်မြို့ရိုးမှာ ပေ ၃၀၀ ခန့်ရှိ၍ အရှေ့နှင့် မြောက်ဘက်မြို့ရိုးသည်လည်း မတိမ်းမယိမ်း ရှိကြသည်။ မြို့ရိုးဧရိယာမှာ ဧက ၇၀ ခန့်

ရှိသည်။ ထားဝယ်မြစ်ကြီးသည် ညောင်ခရားမြို့၏ မြောက်ဘက်နှင့် အနောက်ဘက်ကို သဘာဝ ကျုံးအနေ အထားအဖြစ် တည်ရှိနေသည်ကို တွေ့ရသည်။

ညောင်ခရားမြို့ရှိ မွန်-ဗမာတို့အား ရှမ်း(ယိုးဒယား) အမတ်တို့ ညှဉ်းပန်းနှိပ်စက် ခိုးစံကြောင်း၊ ဟံသာဝတီမှ မွန်အမတ် ဖြညားဦး ကြားလျှင်ရင်းသည် ဆင်မြင်းစစ်သည် တစ်သောင်းကျော်နှင့် ဟံသာဝတီပဲခူးမြို့မှ စစ်ချီလာ၍ အုန်းပင်ကွင်း၊ ကံပေါက် စသည့်နယ်များကို ဖီးရှိုတိုက်ခိုက်ခဲ့ရာ သက္ကရာဇ် ၃၅၇ ခုနှစ်တွင် ညောင်ခရားမြို့ ပျက်ရလေသည်။ ညောင်ခရား၊ ရှမ်း(ယိုးဒယား)မင်းဆက်ကို နှန်းစံနှစ်များနှင့် ဖော်ပြပါမည်။

ညောင်ခရား ရှမ်း(ယိုးဒယား)မင်းဆက်နှင့် နန်းစံနှစ်များ

အမည်	ခုနှစ်
သြရာဂျီ	၂၇၆ - ၂၉၁
သြရာတေသ	၂၉၁ - ၃၀၃
သြရုံဗလ	၃၀၃ - ၃၁၈
သြရုံဗလပ်	၃၁၈ - ၃၃၄
သြဗရပ်ဖဲ	၃၃၄ - ၃၄၇
သြဗရပ်ပီဆဲ	၃၄၇ - ၃၅၇

ဆင်ဆိပ်မြို့ဟောင်း(၂)
(ညောင်ရမ်း သို့မဟုတ် သုခနဂရ)

ဆင်ဆိပ်(၁) (ညောင်ခရား) အရှေ့ဘက် မြို့ရိုးနှင့်ကပ်လျက်၊ နောက်ထပ်မြို့ဟောင်းရာတစ်ခု ကောင်းကင်ဓာတ်ပုံတွင်ပေါ်နေပေသည်။ ဦးအောင်မြင့်က ဆင်ဆိပ်မြို့ဟောင်း (၂)သုခနဂရ ဟု အမည်ပေးထားသည်။

ဒုတိယသာဂရ မွန်မင်းဆက်၏နောက်ဆုံး ဖြညားကင်းတော အုပ်စိုးနေစဉ် တနင်္သာရီမှ ရှမ်း(ယိုးဒယား)အမတ် သြရတေဇ လာရောက်တိုက်ခိုက်သဖြင့် ကောဇာသက္ကရာဇ် ၄၃၈ တွင်သြရတေဇသည် သာဂရမြို့ကိုသိမ်းပိုက်ပြီးနောက် သြရာဂျီတည်ခဲ့သည့် ညောင်ခရားမြို့ကိုပင် အနည်းငယ်ရွှေ့၍ ညောင်ရမ်းမြို့ဟု တည်ခဲ့ပြန်သည်။ ၎င်းညောင်ရမ်းမြို့ဟောင်းကို သုခနဂရ ဟု အမည်ပေးသည်၊ အချို့က မဟာသုခနဂရဟု လည်းခေါ်သည်။

ညောင်ခရားမြို့ကိုနှစ်ကြိမ် တည်ခဲ့သဖြင့် မြို့ရိုးနှစ်ထပ်ဖြစ်နေပေသည်။ ဆင်ဆိပ်မြို့ဟောင်း (၂) သို့မဟုတ် သုခနဂရသည် ဆင်ဆိပ်ရပ်ကွက် အရှေ့တောင်ဘက်၊ ထားဝယ်လေဆိပ် နှင့် ဆက်စပ်နေသဖြင့် သုခနဂရဟု သုံးထားဟန်တူပါသည်။

ရွှေဟောင်းရာဇဝင်မှတ်တမ်းများ၏ အဆိုအရ မဟာသုခနဂရမြို့၏ မူလနေရာမှာ ထားဝယ်လေဆိပ်နေရာ ပတ်ဝန်းကျင် ဖြစ်သည်။[၇၃]

မဟာသုခနဂရမြို့ဟောင်းနေရာဟုဆိုသောလက်ရှိ ထားဝယ်လေဆိပ်တစ်ဝိုက်နှင့် ထားဝယ်မြို့ပတ်ဝန်းကျင်နေရာအနှံ့တွင် မဟာသုခနဂရစာတမ်းပါသော ခဲပြားများကို ရရှိခဲ့ပေသည်။ ခဲပြားနှစ်မျိုးရှိသည်ကို တွေ့ရသည်။ ပထမအမျိုးစားမှာ ခဲပြားအဝိုင်းဖြစ်၍ အချင်းဝက် နှစ်လမ္မခွဲခန့်ရှိသည်။ မျက်နှာတစ်ဖက်တွင် စက်ဝိုင်းနှစ်ထပ်ကြားဝိန္ဒုပြောက်များပါရှိပြီး ဒုတိယစက်ဝိုင်း၊ တတိယစက်ဝိုင်းကြားတွင် "မဟာသုခနဂရ"ဟူသော လေးထောင့်စာလုံး (စာတန်း) ပါရှိသည်။ အလယ်ဗဟိုတွင်ရောင်ခြည်လက်လိုလိုနှစ်ဖက်ချွန်လေးခု၊ ကြက်ခြေခတ်ပုံ ပါသည်။ ဒုတိယအမျိုးမှာ အဝိုင်းပုံအရွယ်အစားချင်း၊ ပထမ အမျိုးနှင့်တူသော်လည်း မျက်နှာနှစ်ဖက်လုံးတွင်မတူသည်များ ရှိပေသည်။ မျက်နှာတစ်ဖက်တွင် တိုးရှပ်နေရာ၌ ရေလှိုင်းနှင့်လှေ လိုလို၊ ဟင်္သာလိုလို မထင်မရှားပုံပါသည်။ အခြား တစ်ဖက်တွင် မဟာသုခနဂရစာလုံး(စာတန်း) ပါသည်။ အချို့ခဲပြားများတွင် စာလုံးပြောင်းပြန်ဖြစ်နေသည်။ အချင်းလက်မဝက်ခန့်ရှိ အလယ် ဗဟိုစက်ဝိုင်းကို လေးစိတ် စိတ်ထားပြီး တစ်စိတ်တွင် အစက်အပြောက်သုံးခုစီပါသည်၊ ဗဟိုချက်ကို အစက်ကြီး တစ်စက်ဖြင့် ဖော်ထားသည်။ ခဲကိုသွန်းထားသည့်လက်ရာမှာ ကြမ်းတမ်းသည်ဟု ဆိုရပေမည်။

မှတ်တမ်းများ၏အဆိုအရ ဒုတိယမြန်မာနိုင်ငံတော်ကို ထူထောင်ခဲ့သော ဟံသာဝတီ ဆင်ဖြူရှင် (ဘုရင့်နောင်) လက်ထက်တွင် ဒင်္ဂါးများပြုလုပ်သုံးစွဲနေရသည်ဟု သိရှိရပြီး ထိုအချိန်က ဒင်္ဂါးများမှာဟင်္သာတံဆိပ်နှင့် တိုးတံဆိပ်ဒင်္ဂါးများ ဖြစ်သည်ဟုဆိုသည်။ [၇၄]

ပုဂံခေတ်အလောင်းစည်သူမင်းသည် တနင်္သာရီတိုင်း၊ မြိတ်သို့ရောက်အောင် ကိုယ်တော်တိုင် တိုင်းခန်းလှည့်လည် ကြွချီ၍ပုဂံမင်းတို့၏တန်ခိုးအာဏာနိုင်မာအောင်ပြခဲ့ သည့်အထောက်အထားရှိကြောင်းသိရပေသည်။[၇၅] ထားဝယ်ကျော်မင်း၏ မဟာသုခနဂရကို အလောင်းစည်သူမင်းတည်ခဲ့သည် ဟူသောအဆို ကို ထောက်ခံသကဲ့သို့ရှိပါသည်။[၇၆]

သို့ဖြစ်ရာရှမ်း(ယိုးဒယား) အမတ်သြရတေဇတည်သော ညောင်ရမ်းမြို့သည် ပုဂံပြည့်ရှင် အလောင်းစည်သူမင်း တည်

ခဲ့သည်ဆိုသော မဟာသုခနဂရမြို့နှင့် တစ်ထပ်တည်း မကျ သော်လည်း နေရာချင်းမကွာဝေးဘဲ ဆက်စပ်နေသည်ဟုဆိုရ မည် ဖြစ်သည်။

ဆင်ဆိပ်(၂) သို့မဟုတ် သုခနဂရမြို့ဟောင်း၏ အနောက်ဘက်မြို့ရိုးသည် ဆင်ဆိပ်မြို့ဟောင်း(၁)၊ ညောင်ရုပ်မြို့ဟောင်း၏ မြို့ရိုးနှင့်ပေါင်းစည်း၍ တည်ရှိရာမှ တောင်ဘက်သို့တိုင် ၁၂၀ ကျော် မျှတည်ရှိပြီး တောင်ဘက် မြို့ရိုး နှင့်လာဆုံနေသည်။ မြောက်ဘက်၊ အနောက်ဘက်နှင့် တောင်ဘက်မြို့ဟောင်းရာများရှိသော်လည်း အရှေ့ဘက် မြို့ရိုးကိုမူရှာမတွေ့ချေ။ ထူးခြားမှု တစ်ခုမှာတောင်ဘက်မြို့ရိုး တန်း၏တောင်ဘက် တိုင် ၂၀၀ ခန့်တွင် ကုန်းတန်းရှည်ကြီး တစ်ခုတွေ့ရခြင်းပင်ဖြစ်သည်။ ဤ ကုန်းတန်းရှည်ကြီးသည် လက်ဝဲတွန်းရပ်ကွက်မှ အရှေ့စူးစူးသို့ ကားလမ်းဟောင်းကို ဖြောင်၍ အိမ်ရှေ့ပြင်ရွာအထိ ဖြောင့်တန်းစွာတည်ရှိပေ သည်။ ထားဝယ်လေဆိပ်၊ လေယာဉ်ပြေးလမ်းသည် ဤမြို့ရိုး ၏ တိုင် ၄၄၀၊ တောင်ဘက် မြို့ရိုးတောင်ဘက်ရှိ ကုန်းတန်း ရှည်ကြီးမှာတိုင်ပေါင်း ၁၅၀၀ကျော်မျှ(တစ်မိုင်နီးပါး)ရှိသည်။

နောက်ထူးခြားချက်တစ်ရပ်မှာ ဤ မြို့ဟောင်းအတွင်း မြို့ကို တောင်ဘက်ခြမ်းနှင့် မြောက်ဘက်ခြမ်းခွဲခြားသကဲ့သို့ ရှိစေသော အရာဟောင်းတစ်ခုကိုလည်း တွေ့ရှိရခြင်းဖြစ်ပေ သည်။ တောင်ဘက်စွန်းမှာကုန်းတန်းရှည်ကြီး (မြို့ရိုး)သည် အိမ်ရှေ့ပြင်ရွာအနီး၊ ထန်းတောပြင် ချောင်းသို့အဆုံးသတ် သဖြင့် မြောက်ဘက်မြို့ရိုးထိပ်ကိုလည်း တောင်ဘက်မြို့ရိုး ထိပ်နှင့် မျဉ်းပြိုင်ထား၍ တွက်ယူရမည်ဆိုပါက မြို့၏ဧရိယာ သည် ဧက ၁၇၀ ခန့်ရှိမည်ဟု ခန့်မှန်းရပေသည်။[၅၅] ညောင်ရုမ်း၊ ရှမ်း (ယိုးဒယား) မင်းဆက်နှင့် နန်းစံနှစ်များကို ဖော်ပြလိုက်ပါသည်။

ညောင်ရုမ်း၊ ရှမ်း(ယိုးဒယား) မင်းဆက် နှင့် နန်းစံနှစ်များ (၄၃၈ - ၄၉၁)

အမည်	ခုနှစ်
ဩရတေဇ	၄၃၈ - ၄၄၈
ဩရာဟုံ	၄၄၈ - ၄၆၃
ဩဇရပီဆဲ	၄၆၃ - ၄၇၆
ဩရာဥပ္ပရစ်	၄၇၆ - ၄၉၁

ထောင့်ကွယ်မြို့ဟောင်း



(ယခု - ထောင့်ကွယ်ကျေးရွာ)

ထားဝယ်ရာဇဝင်တွင်ပေါက်ကပ်ပြည့်ရှင် အလောင်းစည်သူမင်း၏အဆက်အနွယ်ဖြစ်သော ကနိကဝတ်မင်းသည် သက္ကရာဇ် ၅၉၀ ပြည့်နှစ်တွင် လောင်းလုံမြို့နယ် ကြက်လွှတ်ရွာတွင်ထောင့်ကွယ်မြို့တည်ထောင်သည်ဟုဆို၏။ အခြားအဆိုတစ်ခု၌ ကြက်လွှတ်ရွာ၊ အနောက်ဘက်ကမ်းရှိ မြင်းခွာအော်တွင် ထောင့်ကွယ်မြို့ဟောင်းရှိသည် ဟုဆိုပြန်သည်။ ဤအဆိုကပို၍မှန်ပေသည်။ တနင်္သာရီတိုင်းအတွင်း တနင်္သာရီမြို့နယ်၊ ပဝကျေးရွာရှိ အုန်းပင်ကွင်းရွာငယ်ကိုလည်း ယခင်က ထောင့်ကွာမြို့ (သို့မဟုတ်) ထောင့်ကွယ်မြို့ဟုခေါ်ပါသည်။ ထိုတနင်္သာရီမြို့နယ်အတွင်းမှ ထောင့်ကွယ်မြို့ကို အိန္ဒိယပြည် မဇ္ဈိမဒေသမှ ကုန်သည်များလာရောက်ကူးသန်းရောင်းဝယ်ရာတွင် "ကောသမ္ဗီမြို့ဟောင်း"ဟုလည်းခေါ်ခဲ့ပါသည်။ ထိုမြို့ကိုသက္ကရာဇ် ၂၆၃ ခုနှစ် (အေဒီ-၉၀၀) တွင် ဖြူမှန့်ရှိမင်းက စတင်တည် ထောင်ခဲ့၍ မင်းဆက် ၄၉ ဆက်၊ နှစ်ပေါင်း ၂၅၁ ကြာမြင့်ခဲ့သည်။ နောက်ဆုံးမင်း မှာ ဗျန်စက္ကပတ်ဟုဆိုသည်။ မင်းအမည်များကို ကြည့်ခြင်း ဖြင့် ယိုးဒယား(ထိုင်း) မင်းအမည်များ ဖြစ်နေ သည်ကိုတွေ့ရသည်။ စာရေးသူရှာဖွေခဲ့သည့် ထောင့်ကွယ်မြို့ဟောင်းမှာ ထားဝယ်ဒေသအတွင်းမှ မြို့ဟောင်းဖြစ်ပါသည်။

ထားဝယ်မှ ၄၁ မိုင်ဝေးသော အောက်ကျောက်ကဝပ် ရွာကို ကိုယ်ပိုင်ကားဖြင့် သွားမည်ဆိုလျှင် ၂ နာရီခွဲသာသွားရသည်။ လောင်းလုံမြို့နယ်၊ ညောပြင်ကျေးရွာသို့ အောက်ကျောက်ကဝပ်ကျေးရွာမှ လမ်းခွဲ၍ ဝင်သွားရသည်။ ရွာနှစ်ရွာသည် တစ်မိုင်ခွဲသာကွာပါသည်။ ညောပြင်ကျေးရွာကို ပင်လယ်ကွင်းသို့ကွေ့ဝင်စီးဆင်းသော ချောင်းငယ်ကနှစ်ပိုင်းခြားထားသည်။ သစ်သားတံတားဖြင့်ကူးရ၏။ ညောပြင်ကျေးရွာသည် မြင်းခွာပုံသဏ္ဌာန်ရှိသော ညောပြင်အော်၏အရှေ့ဘက်ကမ်းတွင် ထောင့်ကွယ်မြို့ဟောင်းရှိပါသည်။ စာရေးသူသည် ညောပြင်ကျေးရွာတွင် တစ်ညအိပ်ပြီး၊ နံနက်စောစော ထောင့်ကွယ်မြို့ဟောင်းရှိရာဘက်ကမ်းသို့စက်လှေဖြင့်ကူးခဲ့သည်။ ညောပြင်ကျေးရွာရှိ ညောပြင်အော်၏ အရှေ့ဘက်စွန်းတွင်ရွာခံများက ဘိုးတိုးကျောက်ဟုခေါ်သော တောင်ရှိသည်။ မြေပုံတွင် ဝမော်ဟုပြ၏။ အနောက်ဘက်စွန်းတွင်မူ ကျောင်းတောင်ရှိသည်၊ မြေပုံတွင်မော်ကြီးဟုပြသည်။ ညောပြင်အော်ကို မိနစ် ၅၀ ခန့်ကြာအောင် စက်လှေဖြင့် ဖြတ်ကူးရသည်။ ညောပြင်အော်သည် ရေအလွန်နက်၏။ ထို့ကြောင့်လည်း တစ်ချိန်က ရေနက်ဆိပ်ကမ်းလုပ်ရန် စီမံကိန်းချဖူးသည်။ တစ်ဖက်ကမ်းသို့ နီးလာသောအခါ စီးလာသောလှေ၏ ညာဘက်တွင် ကျောက်ပြင်တောင်ကြီးကိုမြင်ရသည်။ကျောက်ပြင်တောင်ကြီးနှင့်ပင်လယ်ကမ်းစပ်ကြားတွင် ဒယ်အိုးတစ်လုံး မှောက်ထားသည့်အလား လုံးလုံးဝိုင်းဝိုင်း ပြားပြားဖြစ်သော ဒယ်အိုးမှောက်တောင်ငယ်ကိုမြင်ရ၏။ တစ်ဖက်ကမ်းမှ ကျောင်းတောင်၊ ပိဋကတ်တောင်၊ ဆင်ဦးတောင်နန်းတောင်တို့ကိုအစဉ်အတိုင်းမြင်နေရသည်။

တစ်ဖက်ကမ်းသို့ရောက်သောအခါ ထိုကမ်းခြေကို ဒရောကမ်းခြေဟုခေါ်ကြောင်းသိရသည်။ထိုကမ်းခြေမှဒရောချောင်းပြင်ကျယ်ကြီးကိုခြေလျှင်ဖြတ်ကူးရသည်။ရေကျနေချိန်မှ ချောင်းတွင် ရေမရှိ၍ဖြတ်ကူးနိုင်ခြင်းဖြစ်သည်။ ဒရောချောင်း သည် ကျောင်းတောင်နှင့် ပိဋကတ်တောင်တို့မှ စီးဆင်း၍ ရွာကိုပတ်ကာ၊ကျောက်ပြင်တောင်နားတွင် ညောပြင်အော်တွင်းသို့ စီးဝင်ပါသည်။ ထို့ကြောင့်ထောင့်ကွယ်မြို့ဟောင်းရှိသော ဆင့်တောင့်ရွာ အနေအထားသည် အနောက်ဘက်တွင် ပင်လယ်ပြင်၊ တောင်ဘက်တွင် ဒရောချောင်းနှင့်ညောပြင်အော်၊ အရှေ့ဘက်နှင့်မြောက်ဘက်တွင် တောင်များဝိုင်းနေ သည့်အနေအထားရှိသည်။ ထောင့်တွင်ကွယ်နေသည့် အနေအထားဖြစ်၍ ထောင့်ကွယ်မြို့ဟုခေါ်လေသည်လား စဉ်းစားဖွယ်ဖြစ်ပါသည်။ ဒရောကမ်းခြေမှတက်သည်နှင့် ဒရောချောင်းနှင့် ကမ်းခြေ အကြားတွင် သဲတာရိုးတန်းကြီးကို တစ်မျှော်တခေါ်တွေ့ရသည်။ အခြားမြို့ဟောင်းများမှ အုတ်မြို့ရိုးမြေမြို့ရိုးတို့ကဲ့သို့ သဲမြို့ရိုးကြီးဖြစ်၏။ ဝါးတစ်ပြန်ခန့်မြင့်သည်။ ထိုသဲတာရိုးကြီးကို ကျော်ပြီးမှ ဒရောချောင်းသို့ ရောက်သည်။ ဒရောချောင်းသည် မနက်ပါ။ ချောင်းပြင်ကျယ်ကြီးမှာ ၄ ဖာလုံခန့် အကျယ်ရှိသည်။

ဒရောချောင်းတွင်းမှ ဆင့်ထောင့်ရွာကို ကုန်းမြင့်ပေါ်တွင် မြင်ရသည်။ ဆင်ထောင့်ရွာ အနေအထားသည် အလွန်ထူးခြားသည်။ ဆင်ဦးတောင်စောင်းပတ်လည်တွင် ရွာတည်ထားခြင်းဖြစ်၏၊ ယခင်က ဆင်ထောင့်နှင့် ဝဲမကိုက်ဟု နှစ်ပိုင်းကွဲနေသည်။ သုံးနှစ်ခန့်ကမှတစ်ရွာတည်း ပေါင်းစပ်လိုက်ခြင်းဖြစ်၏။ ဒေသခံတို့က ဝဲမကိုက်ရွာဟုခေါ်သော်လည်း တရားဝင်အမည်မှာဆင်ထောင့်ရွာဟုပင်ဖြစ်သည်။ရွာပတ်လည် ဝိုင်းထားသည့် ဆင်ဦးတောင်ပေါ်တွင် ဘုန်းတော်ကြီးကျောင်းနှင့်ဘုရားရှိသည်။ ရွာအနေအထားသည် တစ်ဖက်က တောင်များပတ်လည်ဝိုင်း၍၊ တစ်ဖက်တွင် ချောင်းကပတ်ထားသည်။ သို့သော် ရွာသည်တောင်စောင်းတွင် ဖြစ်၍ရေဘေး

မစိုးရိမ်ရပါ။ ပင်လယ်ကမ်းစပ်နှင့်ရွာရှိရာ တောင်စောင်းကို ခရောချောင်မြစ်ကြီးကခြားထားသည်။ ရွာကို ပင်လယ်ဘက်မှ မမြင်ရပါ။ ရွာတောင်စောင်းမှကြည့်လျှင် ပင်လယ်ဘက်မှ လာသောသူများကို မြင်နေရပါသည်။ ရွာကိုဝိုင်းထားသည့် တောင်များကလည်းမြင့်၏၊ ထို့ကြောင့်ထောင့်ကွယ်မြို့ ဆိုသည့်အတိုင်း ပင်လယ်နှင့်တောင် ထောင့်တွင်ကွယ်နေသည့်နေရာဖြစ်ပါသည်။ ရှေးက ဤနေရာသည် စစ်ရေးအရ လုံခြုံမှုရှိ၍ မြို့တည်ခဲ့ဟန်တူပါသည်။ ယခုအခါရွာတွင် အိမ်ခြေ ၃၃ အိမ်သာရှိတော့သည်။ လူဦးရေမှာ ၃၀၀ ကျော်ရှိသည်။ ဆင်ထောင့်ရွာသို့ ကားလမ်းမပေါက်ပါ။ လှေသွားလမ်းနှင့် ရေလမ်းသာရှိပါသည်။

ဒေသခံတို့ပြောသည့် ထောင့်ကွယ်မြို့ဟောင်းသမိုင်းသည် ထားဝယ်ရာဇဝင်နှင့် အချို့နေရာများတွင်ကွဲလွဲမှုရှိသည်။ ပုဂံဘုရင် နရပတိစည်သူမင်းကြီးသည် တနင်္သာရီမြို့စားစောပဲဖြူ ခြားနားသဖြင့် သွားရောက်နှိမ်နင်းပြီးအပြန်တွင်လောင်းလုံမြို့နယ်၊ သကျက်တောကျေးရွာ အနောက်ဘက်ယွန်းယွန်း၊ ပင်လယ်ကမ်းခြေ (ယခုအခါ-နန်းတော်နှိုင်) နေရာ၌သက္ကရာဇ် ၅၆၆ ခုနှစ်၊ (ထားဝယ်ရာဇဝင်တွင် ၅၉၀) တွင် ထောင့်ကွယ်မြို့ကိုတည်ခဲ့သည်ဟုဆိုပါသည်။(ထားဝယ်ရာဇဝင်၌မူထောင့်ကွယ်မြို့ကို တည်သူမှာ အလောင်းစည်သူမင်း၏ အဆက်အနွယ်၊ ကနိကဝတ်မင်းဟု ဆိုပါသည်။) နရပတိစည်သူမင်းကြီး ပုဂံနေပြည်တော်သို့ ပြန်သောအခါ ပအိုဝ့်မိဖုရားမှဖွားမြင်သော သားတော် ကနိကဝတ်က ထောင့်ကွယ်မြို့တွင်စိုးစံသည်။ယင်း၏ သားတော်ကနိထာသူ၊ ယင်း၏ သားတော် ကနိထာရဲ ယင်း၏သားတော် ကနိ ထာသံ၊ ယင်း၏သားတော် ကနိထာဝါ တိုင်အောင် ထောင့်ကွယ်မြို့ကို ဆက်လက် စိုးစံကြပြီး၊ ကနိထာဝါ ၏သားတော် မင်းဆု (ထားဝယ် ရာဇဝင်တွင် စောသူရ- ဟုဆို သူ)သည် သက္ကရာဇ် ၆၃၀ ပြည့်နှစ် (ထားဝယ်ရာဇဝင်တွင် ၇၉၂ ဟု ဆိုသည်) တွင် ထောင့်ကွယ်မြို့မှပြောင်း၍ ဒေဝီ မြို့ကို တည်ထောင်စိုးစံသွားခြင်းဖြင့် ထောင့်ကွယ် ထီးနန်းနှင့်မင်းဆက် ပပြတ်ပြီး မြို့ပါတိမ်ကောသွားခြင်းဖြစ်သည်။

ဒေသခံတို့အလိုအရ မြို့ပျက်ခဲ့ရကြောင်းမှာ ဝဇ္ဇာရှိသဖွယ်ဖြစ်သည်။ ထောင့်ကွယ်မြို့၏ နောက်ဆုံးဘုရင်လက်ထက်တွင် မိဖုရားကြီးသည် ပဋိသန္ဓေရှိလာသောအခါ ကိုးလလွယ်၍ ၁၀ လတိုင်အောင် မမွေးဖွားနိုင်ဖြစ်ခဲ့သည်။ တစ်နေ့တွင် ဖော်ဂျီတစ်ယောက်နန်းတော်သို့ရောက်လာသည်။ မိဖုရားကြီး၏ကိုယ်ဝန်ကို မွေးဖွားနိုင်အောင်ပြုလုပ်ပေးမည်။ သို့သော် သားတော်ကလေး မွေးဖွားလာပါကသူ့ကိုပေးရမည်ဟုဆို၏။ မင်းကြီးကလည်းသူ၏ မိဖုရားကြီးသားဖွားနိုင်ရန်အလို့ငှာ ပေးပါမည်ဟု အလွယ်တကူကတိပြုလိုက်သည်။ ဖော်ဂျီ၏အစွမ်းကြောင့် မိဖုရားကြီးသည် သားတော်ဖွားမြင်သည်။ ထောင့်ကွယ်မင်းကြီးမှာကတိအတိုင်း သားတော်ကလေးကိုမပေးလိုပါ။ ဖော်ဂျီအား အခြားအစွမ်းသတ္တိများပြသရန် တောင်းဆို၍အချိန်ဆွဲလိုက်သည်။ ဖော်ဂျီက ကျောက်မြင်တောင်ပေါ်ရှိ ဆေးကျောက်မြင်ကြီးတွင်ဆေးများသွေး၍ ဆေးလုံးနှစ်လုံးပြုလုပ်သည်။ ဒယ်အိုးကြီးတစ်ခုတွင် ဆီများထည့်၍မီးပေါ်တင်လိုက်သောအခါ ဆီများပွက်ပွက်ဆူလာသည်။ မင်းကြီးအား ဆေးတစ်လုံး ပေးအပ်ထားသည်။ ကျန်ဆေးတစ်လုံးကို ဒယ်အိုးထဲသို့ ပစ်ထည့်လိုက်၏။ ဖော်ဂျီကသူဆီပူအိုးထဲသို့ဆင်း၍မြုပ်မည်။ မြုပ်သွားသောအခါ မင်းကြီးလက်ထဲမှကျန်ဆေးလုံးကို ဆီပူအိုးထဲသို့ပစ်ထည့်လိုက်ပါ။ သူပြန်လာလိမ့်မည်ဟုပြောသည်။ ဖော်ဂျီဆီပူအိုးထဲသို့ခုန်ဆင်းသွားပြီးမြုပ်သွားသောအခါ မင်းကြီးသည်အကောက်ကြံတော့၏။ အကယ်၍ဖော်ဂျီပြန်ပေါ်လာပါကသူ့သားတော်ကလေးကို ပေးရတော့မည်။ သို့ဖြင့် ဆီပူအိုးထဲသို့ သူ့လက်တွင်းရှိ ဆေးလုံးကိုပစ်မထည့်ဘဲ အိုးကိုမှောက်ပစ်လိုက်သည်။ ဖော်ဂျီ၏သားဆိုသူကလိုက်လာသည်။ သူ့ဖခင်ဖော်ဂျီအကြောင်းကိုမေးရာ မည်သူကမျှ မပြောကြပါ။ ကျောက်မြင်တောင်ပေါ်ရှိဆေးကျောက်မြင်ကြီးပေါ်မှ သွေးလက်စကျန်နေသေးသည့် ဆေးများကိုမြင်သဖြင့် သူ့ဖခင် လက်ရာဖြစ်မည်ဟုသိလိုက်သည်။ ထို့ကြောင့် ဆေးကျန်များကို စုစည်းလုံးပြီးဖိတ်စင်နေသောဆီများထဲသို့ ပစ်လိုက်ရာဖခင်အသက်ပြန်ရှင်လာသည်။ ဖော်ဂျီသည် ထောင့်ကွယ်မင်းအား ကတိမတည်ဟုဆိုကာ အလွန်စိတ်ဆိုးသဖြင့် ထောင့်ကွယ်မြို့ကို ဖျက်ဆီးလိုက်ရာမှ ထောင့်ကွယ်မြို့ပျောက်ကွယ်ခဲ့ရသည်ဟု ဆိုရပါသည်။ မှောက်လိုက်သောဒယ်အိုးနေရာသည် ဒယ်အိုးမှောက်တောင်ဟု ဖြစ်လာသည်။ ထောင့်ကွယ်မြို့ပျက်ခဲ့ရခြင်းမှာ ဝဇ္ဇာရိပ်ပြင်သာဖြစ်သော်လည်း၊ ယနေ့တိုင်ရှိနေသေးသည့် ဒယ်အိုးမှောက်တောင်သည် ဒယ်အိုးတစ်လုံးမှောက်ထားသည့် သဏ္ဌာန်အတိုင်း၊ တောင်ကတုံးဖြစ်နေပါသည်၊ ကျောက်မြင်တောင်ဟုလည်း ယနေ့တိုင်ရှိနေပါသည်။ ထိုကျောက်မြင်တောင်ပေါ်တွင် အလွန်ကြီးမားသော သဘာဝကျောက်မြင်ကြီးတစ်ချပ်ရှိသည်။ အနီးအနားရှိ အခြားကျောက်လုံးငယ်များတွင် ကျောက်မြင်ပုံသဏ္ဌာန်များဖြစ်ပေါ်နေသည်ကို လည်းတွေ့နိုင်သည်။ ထောင့်ကွယ်မင်းကြီး၏ သားတော်ကလေးခြေရာဟုဆိုသော ၃ နှစ်သားအရွယ်ရှိ ခြေရာတစ်ဖက်ယနေ့တိုင် ကျောက်ပြားပေါ်တွင် ရှိနေသည်။ ကျောက်မြင်

တောင်ပေါ်သို့ "ဇော်ဂျီတက်လမ်း" ဟူသည့် လမ်းကြောင်းကလေးဖြင့် တက်နိုင်သေးသည့်နေရာရှိနေပါသေးသည်။ ကျောက်မြင်သင်္ချိုင်းကျောက်လှုံ့များနှင့်မြေရာတို့ကို ဘူမိဗေဒပညာရှင်များကလာ ရောက်လေ့လာအဖြေရှာဖော်ထုတ်ပေးလျှင် ကောင်းလေစွ။

ဆင်ထောင့်ရွာဟောင်းနေရာတွင် ဘုရင့်ဆင်ဖြူတော်ရေချိုးရာ ဆင်ဖြူကန်ဟူသည့် နေရာတစ်ခုကိုတွေ့ခဲ့ရသည်။ ကန်တောနေသဖြင့်ရေမရှိပါ။ "ဆင်ဖြူရုံ" ဆိုသည့်နေရာတွင် ဘုရင့်ဆင်ဖြူတော်ထားသည်ဟု ဆိုပါသည်။ ပိဋကတ်တောင်နှင့် ကျောက်တောင်မြေရင်းလောက်တွင်ရှိသည်။ ဆင်ဖြူရုံဆိုသော်လည်းအဆောက်အဦမဟုတ်ပါ။ ပေ ၁၂၀ ကျယ်ဝန်းသော အဝန်းပိုင်းသင်္ချိုင်းနေရာတစ်ခုသာဖြစ်၏။ အလယ်တွင် အနက်သုံးတောင်ခန့်ရှိနေရာတွင် သဲနှင့်ပြည့်နေပြီး မည်သည့်သစ်ပင်မှမပေါက်ရောက်ပါ။ အဝန်းအဝိုင်းပုံသင်္ချိုင်းနေရာတစ်ခုလုံးကို ကျောက်တုံးများဖြင့် ကျောက်ရိုးစီ၍ဝိုင်းထားသည်။ ကျောက်ရိုးအမြင့်သည် (၈-ပေ)ခန့်ရှိ၏။ ယခုအခါ ပ-ဆောက်ပုံသင်္ချိုင်းသာကျန်တော့သည်။ အဝန်းအဝိုင်းအလယ်တွင် ဆင်ဖြူတော်ကိုကြိုးဖြင့် ချည်ထားရာ သပြေပင်ရှိခဲ့ဖူးသည်ဟုဆို၏။ သပြေပင်၏ပင်မြေတွင် ဆင်ကြိုးချည်ရာ သိမ်ဝင်နေသည့်အရာကိုပင် မြင်ရဖူးကြောင်းရွာသားများကပြောပါသည်။ ထိုသပြေပင် သေသွားသည်မှာ မကြာသေးဟုဆိုသည်။ စာရေးသူတို့ မမြင်ခဲ့ရပါ။ ထိုဆင်ဖြူရုံအတွင်းသို့ ဆင်မများသာ ဝင်လာ၍ရသည်။ ဆင်ထီးများဝင်လာလျှင် ဇော်ဟစ်ပတ်မြေနေရသည်မှာ ဆင်ဖြူရုံအဖြစ်ရောက်မှ နားရတော့သည်ဟု ဆင်ဖြူရုံနေရာ၏ ထူးခြားမှုကို ရွာခံများကပြောပြပါသည်။

စာရေးသူတို့အား နန်းတောင်မှ ဆင်ဖြူရုံသို့ ထောင့်ကွယ်မင်းကြီး ဆင်းလာသည့် ကျောက်လမ်းမကြီးကို လိုက်ပြကြပါသည်။ သဲပေါ်တွင် ပင်လယ်ကမ်းခြေရှိ ကျောက်တုံး၊ ကျောက်သားများနှင့် လှုလုပ်ထားသော ကျောက်လမ်းမကြီးဖြစ်သည်။ တိုင်းကြည့်ရာ ၁၆ ပေပင်ကျယ်၏၊ အချို့နေရာတွင် သဲများဖုံးနေသည်။ သဲများကို တူးကြည့်လျှင် အောက်၌ ကျောက်လမ်းမပေါ်လာသည်။ အချို့နေရာ၌ အကောင်းပကတိကျန်ပါသေးသည်။ သဘာဝအနေအထား မဟုတ်ပါ။ သဲမြို့ရိုးကြီး၏ အမြင်ဘက်တွင်နန်းတောင်မှ ပိဋကတ်တောင်နှင့်ကျောင်းတောင်သို့သွားသည့် ကျောက် လမ်းမကြီးရှိသည်ကိုလည်းတွေ့ရသည်။ ၁၆ ပေပင်ကျယ်၏။ အချို့နေရာများတွင်ပျက်စီးပြိုပြတ်နေသည်။ ဤလမ်းမကြီးသည်လည်း သဘာဝအနေအထားမဟုတ်ပါ။ လှုလုပ်ထားသည့် ကျောက်လမ်းမကြီးသာဖြစ်သည်။ ထောင့်ကွယ်မင်းကြီး ကိုးကွယ်ရာ သံဃာတော်များအတွက် ကျောင်းတောင်တွင် ကျောင်းရှိပြီး ပိဋကတ်တောင်တွင် ပိဋကတ်တိုက်ရှိသည်ဟု ဆို၏။ မင်းကြီးကျောင်းနှင့်ပိဋကတ်တိုက်ရှိရာသို့သွားသော လမ်းမကြီးဖြစ်သည်၊ နန်းတောင်ဟု ခေါ်သဖြင့် နန်းတော် နေရာဖြစ်မည်။ အုတ်ကျိုးအုတ်ပဲ့များ အပုံလိုက်ရှိသေးသည်။ ထူးခြားသည်မှာ အုတ်များတွင်အပေါက်များရှိ၏။ အုတ်ချပ်-အကောင်းပကတိမရှိတော့သဖြင့် အတိုင်းအတာအမှန်ကို မသိရပါ။ သို့သော် ရှေ့အုတ်ချပ်များပင်ဖြစ်သည်ကိုခန့်မှန်း၍ ရပါသည်။ အိုးခြမ်းကွဲအပိုင်းအစများလည်းတွေ့ရသည်။ အိုးသားသည် မြေသားမဟုတ်ပါ။ ကမ်းခြေကျောက်သားနှင့် သဲကိုရော၍ပြုလုပ်ထားသောအိုးသားဖြစ်သည်။ အစင်းကြောင်းများဖြင့် အိုးတွင်ပန်းဖော်ထားသည်။

မြို့ဟောင်းနေရာဟုဆိုသော ဆင်ထောင့် ရွာနေရာတွင် ဆင်ဖြူကန်မှလွဲ၍ အခြားအထောက်အထားမတွေ့ရပါ၊ လက်ရှိဆင်ဦးတောင်တွင်ရှိသည့် ရွာနေရာအတိုင်း၊ ယခင်က မြို့ဟောင်းကို တည်ထားပုံရသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းနေရာ၏သဘာဝတည်နေပုံ အနေအထားသည် ဘေးရန်မှ ကာကွယ်ရန် အလွန်ကောင်းသောနေရာဖြစ်သောကြောင့်ဖြစ်၏။ ထားဝယ်နယ်ရှိ အခြားမြို့ဟောင်းရာများကဲ့သို့ အုတ်ခွက်၊ ပုတီးစေ့၊ ကြေး၊ သံ၊ ရုပ်တုပစ္စည်းများ၊ ခဲပြားများ၊ ပန်းကန်ကွဲများစသည်တို့ကို ထောင့်ကွယ်မြို့ဟောင်းတွင် မတွေ့ရသေးသော်လည်း မင်းထီးနန်းစိုက်ခဲ့သည့် အနေအထားနှင့် မြို့ရိုး၊ ကျောက်လမ်း၊ ဆင်ဖြူထားရာနေရာ၊ အုတ်ကျိုး အုတ်ပဲ့၊အိုးကွဲစသည်တို့ကို တွေ့ရသဖြင့် တစ်ချိန်က မြို့ဟောင်းရာတစ်ခုဖြစ်သည်မှာသေချာပါသည်။ ထောင့်ကွယ်သမိုင်းကို ရာဇဝင်ဒဏ္ဍာရီထဲမှ ထုတ်ပြရန် တူးဖော်ပေးဖို့လိုပါသည်။

မုတ္တီးမြို့ဟောင်း (၁) (၂)

မုတ္တီးမြို့ဟောင်းသည် ထားဝယ်မြို့မှ တောင်ဘက် ၆ မိုင်ခန့်အကွာ ထားဝယ်-မြိတ် ကားလမ်းပေါ်တွင်ရှိသည်။ ယခုလက်ရှိ ထားဝယ်မြို့နယ် ရှင်မုတ္တီးကျေးရွာတွင် တည်ရှိ၏။

မြို့ရိုးမြို့ကာ ပုံသဏ္ဌာန်အရ သာဝရမြို့ဟောင်းမျှ ရှေးမကျ ဟုဆိုရသော်လည်း ရုပ်တုများ၊ အုတ်ခွက်ဘုရားများစသည့် အထောက်အထားများအရ ပုဂံခေတ်မတိုင်မီ ရှေးဦးမြန်မာနိုင်ငံခေတ်ကိုပင် ဖော်ညွှန်းနိုင်မည်ဟု မျှော်လင့်ရသောမြို့ဟောင်းနေရာဖြစ်သည်။ ကောင်းကင်မြေတိုင်းဓာတ်ပုံတွင်ထင်ရှားစွာ မြင်ရသကဲ့သို့ အထောက်အထား

အရာဝတ္ထုများကိုလည်းရခဲ့ဖူးသော မြို့ဟောင်းနေရာဖြစ်သည်။

မြို့ပုံသဏ္ဍာန်မှာ စတုဂံပုံဖြစ်၍ မြို့သုံးထပ်ရှိသည်။ သို့သော် မြို့ရိုးထောင့်များမှာ ထောင့်မှန်မကျချေ။ ထူးခြားချက်မှာမြို့၏ အရှေ့ဘက်တောင်ကုန်းပေါ်တွင်တည်ရှိသည့် ဘုရားပုထိုးများကို ရစ်ပတ်ကာပြီး မြို့တံတိုင်းကို မြှင့်၍တည်ထားခြင်း ဖြစ်သည်။ အနောက်ဘက်မြို့ရိုးမှတစ်ပါး ကျန်မြို့ရိုးများကို ပီပြင်စွာမြင်ရသေးသည်။ အနောက်ဘက် မြို့ရိုးရှိ ကျုံးရာမှာ ကျန်သေး၍ မှန်းဆကြည့်နိုင်သည်။ ထားဝယ်မြို့မှ မြိတ်သို့သွားသည့် ကားလမ်းသည်မြို့ဟောင်း၏ အနောက်ဘက်ပိုင်း သုံးပုံတစ်ပုံခန့်တွင် မြောက်ဘက် မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးကိုဖြတ်သွားသည့် မြို့ဟောင်း အတွင်းကားလမ်းပေါ်တွင်လက်ရှိ ရှင်မုတ္ထီးဘုရားသည်လည်း မြို့ဟောင်းရာအတွင်း တည်ရှိသည်။

ထူးခြားချက်တစ်ခုမှာ မြို့တစ်ဝက်ကို တောင်နှင့်မြောက် ကန့်လန့်ဖြတ်ထားသော ကျုံးနှင့်မြို့ရိုးတစ်ခုကို တွေ့ရသဖြင့် အတွင်းမြို့နှင့် အပြင်မြို့ခွဲခြားထားလေသလောဟု စဉ်းစားဖွယ်ဖြစ်သည်။ အနောက်ဘက်မြို့ရိုးကို မတွေ့ရဘဲ၊ ပေါက်တိုင်းချောင်းသွယ်ရှိပြီး ချောင်းသွယ်ထဲသို့စီးဝင်နေသည့် ချောင်းလက်တက်တစ်ခုရှိသဖြင့်၊ မြို့ရိုးအစားထိုချောင်းများကို ကျုံးအဖြစ် ထားဟန်ရှိသည်ဟုထင်ရသည်။ တောင်ဘက်မြို့ရိုး၏ အလယ်ပိုင်းမှဖြိုဖျက်၍ လယ်ယာများ ပြုလုပ်ထားခြင်း၊ လူနေအိမ်ဆောက်လုပ်ခြင်းများကြောင့်အပြင်မြို့ရိုးနှစ်တန်မှာပျက်စီးလျက်ရှိပြီး အတွင်းမြို့ရိုးတစ်တန်သာ ထင်ရှားစွာမြင်ရတော့သည်။

တောင်ဘက်မြို့ရိုးမှာ ပေပေါင်း ၄၀၀၀ ခန့်ရှည်လျား၍ အရှေ့ဘက်မြို့ရိုးနှင့် မြောက်ဘက်မြို့ရိုးတို့မှာ ပေပေါင်း ၁၂၀၀ ခန့် အသီးသီးရှိကြသည်။ မုတ္ထီးမြို့၏ ဧရိယာမှာ ဧက ၂၇၀ ခန့်ရှိမည် ခန့်မှန်းရသည်။ မုတ္ထီးမြို့ဟောင်းသည် မြေပုံအညွှန်းစာရင်း (အတက်အမှတ် ၉၅၊ ဧက-၁)တွင် ပါရှိသည်။ ရှင်မုတ္ထီးကျေးရွာအရှေ့ဘက်တွင် ချောင်းမော် ကျေးရွာ၊အနောက်ဘက်တွင် ထားဝယ်မြစ်၊ မြောက်ဘက်တွင် ကနိုင်းဒါကျေးရွာ၊ တောင်ဘက်တွင် ညောင်ဇင်ကျေးရွာများ တည်ရှိသည်။

မုတ္ထီးမြို့ဟောင်း တောင်ဘက်မြို့ရိုးအစွန်းတွင် ထိကပ်လျက် မြို့ဟောင်းရာတစ်ခု၊ ကောင်းကင်မြေတိုင်းဓာတ်ပုံတွင်ပေါ်နေသည်ကိုတွေ့ရသည်။ ထိုမြို့ဟောင်းရာသည် ဇော်ဝရွာကိုင်၍ တည်ထားပုံပေါ်သည်။ မုတ္ထီးကျေးရွာနှင့် ဇော်ဝရွာကိုမြေအနေအထားအရ ခွဲခြားမရသကဲ့သို့မြို့ဟောင်းရာနှစ်ခုသည်လည်း တစ်ခုနှင့်တစ်ခု အစွန်းချင်းထိစပ်လျက်ရှိသည်။ သို့ရာတွင် မြို့ပုံသဏ္ဍာန်ချင်းမတူချေ။ မုတ္ထီးမြို့ဟောင်းတွင် အနောက်ဘက်မြို့ရိုးကိုတည်ဆောက်ထားခြင်းမရှိပါ။ ထားဝယ်မြစ်ဘက်တွင်ဖွင့်ထားသည်။ မုတ္ထီးမြို့ဟောင်း(၂)ဟု ဆိုအပ်သော ဇော်ဝကျေးရွာ မြို့ဟောင်းနေရာသည် မြစ်ဘက်တွင်ပါ မြို့တည်ဆောက်ထားသည်ကိုတွေ့ရသည်။ တောင်ကုန်းတစ်ခုကိုငုံ၍ဆောက်ထားသည်။ တောင်ကုန်းပေါ်၌ စေတီတစ်ဆူ (ရွှေရှုတောင်ဘုရား)ရှိသည်။ မြို့ဟောင်းရာသည် စတုဂံပုံဟု ဆိုစေကာမူ အင်းဝနန်းမြို့ရာနှင့်တူသည်။ မြောက်ဘက်မြို့ရိုးနှင့် တောင်ဘက်မြို့ရိုးမှ အလျားပေ ၁၆၀၀ မျှရှိကြပြီး အနောက်ဘက်မြို့ရိုးမှ အလျားပေ ၃၃၀၀ ခန့်ရှိသည်။ မြို့၏ဧရိယာမှာ ဧက ၁၅၀ ခန့်ရှိသည်။

မုတ္ထီးမြို့ဟောင်းနှင့်ပတ်သက်၍ စာပေအထောက်အထားအရ သိရသည်မှာ ပထမအင်းဝမင်းခေါင်ကြီး ဖြစ်လာမည့် မင်းဆွေသည် အိမ်နိမ့်စံဘဝရှိစဉ် ထားဝယ်ဒေသရှိ ဆန်းချိုရွာသူကြီးသမီး (ဆံရှည်မ)နှင့်အကြောင်းပါပြီး သားတစ်ယောက်ရခဲ့သည်။ မင်းတရားဟုခေါ်၏။ ကောဇာသက္ကရာဇ် ၇၇၉ တွင် မုဋ္ဌသုခနာဂရမြို့ (ယခု-မုတ္ထီ ကျေးရွာ)ကို ထိုမင်းတရား တည်ထောင်ထားခဲ့သည်ဆိုပါသည်။[၅၉]

မုတ္ထီးမြို့ဟောင်းနှစ်မြို့မှာ တစ်ချိန်တည်း တည်ဆောက်ဟန်တူသည်။ အရာဟောင်းများ၏ အခြေအနေနှင့်ပွန်းတီးပျက်စီးမှုအရလည်း တစ်ချိန်တည်းတည်သည်ဟု မှန်းဆနိုင်ပါသည်။ ပုဂံခေတ်နှင့်ပုဂံခေတ်ထက်စောသောခေတ်ကို ရည်ညွှန်းနိုင်သည့်အုတ်ခွက်ဘုရားများတွင် "ယေဓမ္မာဟေတုပ္ပဘဝါ"အစရှိသော ဂါထာကို ထွင်းထားသည်။ ကျန်စစ်သားမင်း၏ဘွဲ့တော် "ငြိကြိ ဘုဝန ဒိကျမမ္မရာဇ်"ဟု ရေးထိုးထားသော အုတ်ခွက်ဘုရားများနှင့် ဗိဿနိုးနတ်ရုပ်များ သီဝနတ်ရုပ်များကို ရှင်မုတ္ထီးမြို့ဟောင်းတစ်ဝိုက်မှရရှိခဲ့ပေသည်။ ကျောက်သားဗိဿနိုး နတ်ရုပ် အကျိုးတစ်ခုနှင့်သီဝနတ်ရုပ်အကျိုးတစ်ခုတို့ကိုလည်း တောင်း၊ တကဲနှင့်သဏ္ဍာန်တူသည့် ကျောက်ပြားတွင် ထွင်းထားသည့် ဗိဿနိုးနတ် ရုပ်တစ်ရုပ်ကို ထားဝယ်ပြတိုက်တွင်ပြသထားပါသည်။ သီဝနတ်ရုပ်ကြီးတစ်ရုပ်မှာဆရာကြီးနိုင်ပန်းလှနှင့် ဦးသန်းဆွေတို့၏ ထောက်ခံတင်ပြချက်အရ ပုဂံခေတ်လက်ရာတစ်ခုအဖြစ်သတ်မှတ်ကာ ရှေးဟောင်းသုတေသနဦးစီးဌာနမှ ငွေ ၃၀၀၀ ကျပ်မျှကျခံ၍ပြုပြင်မွမ်းမံပြီး အင်္ဂတေအဆောက် အအုံကလေးတစ်ခုဆောက်၍ထိန်းသိမ်းပေးခဲ့သည်။ ရှင်မုတ္ထီးကျေးရွာအုပ်စု လန်ဒေါ့ရွာ၌ ထားဝယ်-မြိတ်သွားကားလမ်းဘေးတွင် ၁၅ ပေပတ်လည်ခန့်ရှိ နတ်ကွန်းဆောင်နှင့်တကွထား၍

ရွာခံများနှင့် ဟိန္ဒူဘာသာဝင်တို့ ကိုးကွယ်သည်ကို တွေ့နိုင်သည်။ ရုပ်တုသည်အမြင့် ၁၅၀-စင်တီမီတာ၊ ၅-ပေ အကျယ်၊ ၄၅-စင်တီမီတာ၊ ၁-ပေခွဲ၊ အထူ ၁၂-စင်တီမီတာ၊၅ လက်မရှိသောသဲကျောက်ပြားချပ်ကြီးပေါ်တွင် ထွင်းထုထားခြင်းဖြစ်သည်။ လက်လေးဖက်ပါရှိပြီးလက်နှစ်ဖက်သည် ဘေးသို့ချ၍ပက်လက်လှန်ကာပြန့်ထားသည်။ ကျန်လက်နှစ်ဖက်သည်အထက်သို့မြှောက်ပြီးလက်သုံးတော်ဆောင်များ ကိုင်စွဲထားပေသည်။ နတ်ရုပ်တု၏အောက်ခြေ၌ တောင်ပံနှစ်ဖက်ပါရှိသောလူပုံရုပ်ပါရှိ၍ကျောက်ပြားချပ်တစ်ခုလုံးအား ရေနံချေးများသုတ်ထားပြီး မျက်လုံးနှစ်ဖက်နေရာတွင် ဘော်သတ္တုဖြင့် မျက်လုံးများပုံဖော်ထားသည်။

ဤရုပ်တုမျိုးအား မြန်မာပြည်တွင် နှစ်ခုသာတွေ့ရှိခဲ့သေးကြောင်း ဆရာကြီးနိုင်ပန်းလှက ဆိုခဲ့ဖူးပေသည်။ မျှယဉ်ကျေးမှုထွန်းကားရာ သီရိခေတ္တရာမြို့ဟောင်း၌ထိုကဲ့သို့ ကိုးကွယ်မှုဆိုင်ရာ ဟိန္ဒူနတ်ရုပ်တုပါ ကျောက်ပြားချပ်ကြီးများ (Stone Slate) ရရှိခဲ့ဖူးကာ၊ သီရိခေတ္တရာမော်ဇာ ပြတိုက်တွင် ပြသထားသည်။

၁၉၂၄ ခုနှစ်အတွင်း တနင်္သာရီခရိုင်၊ မော်လမြိုင်၌ မစ္စတာ အိမ်ချီအင်မ်စတီဝင်ဆင် (အိုင်စီအက်စ်) မင်းကြီးရှိစဉ်အခါက ထားဝယ်မြို့နယ်၊ ရှင်မုတ္ထီးကျေးရွာမုတ္ထီးဘုရားအနီး လယ်ကွင်းတစ်ခုထဲမှ ရှေးဟောင်းပစ္စည်းများတွေ့ရှိရာ ၎င်းတို့အထဲတွင် အုတ်ခွက်ဆင်းတုတော်ပေါင်း(၃၀၀)လောက်တွေ့ရှိရသည်။[၁၀] ဟု မြန်မာကမ္ဘည်းကျောက်စာဌာန ၁၉၂၄ ပြဌာန်း၊ စာမျက်နှာ ၃၈ ၌ ဖော်ပြပါရှိသည်။ ယင်းအုတ်ခွက်ဆင်းတုတော်အချို့၏ ကျောဘက်တွင် ရှေးဟောင်းမွန်ကမ္ဘည်းစာများပါရှိရာဖတ်ရှုချက်နှင့် မြန်မာ ဘာသာပြန်ဆိုချက်တို့မှာ-

(၁) ကျာက်ဗုဒ္ဓတိလေယ်
(၂) ဓေါဓ်ဒိုက်တိလယ်ပေါယ်ဂူ
(၃) သွိုင်ညီတြဲဘောဝနာဒကျ
(၄) ဓမ္မရာဓ်သမွင် အနန္တဓေယျ
(၅) ဘိကြာန်မမင်ဓဝါယ်မ
(၆) လတ်ဗုသစ်တုသိ

မြန်မာပြန်

ဤဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်ကို
ငါတို့အရှင် သိရိတြိဘုဝနာဒိကျ
ဓမ္မရာဇာမင်းကြားကြီး၏ ကျွန်တော်မျိုး
သံဗျင်အနန္တဓေယျဘိကြာန် ပြုလုပ်သည်။

ဤအုတ်ခွက်ဆင်းတုတော် ကျောဘက်တွင် ရေးထိုးပါရှိသော သီရိတြိဘုဝနာဒိကျဓမ္မရာဇာဟူသည်မှာ ပုဂံပြည့်ရှင် ကျန်စစ်သားမင်းကြီး၏ ဘွဲ့တော်ဖြစ်သည်။ ယခုအခါ ထားဝယ် ဟုရေးသားခေါ်ဝေါ်ကြသော်လည်း ရှေးယခင်က မုဒဝါယ်ဟုရေးသားပြောဆိုကြကြောင်း၊ ဤအုတ်ခွက်ဆင်းတုတော်၏ ကျောဘက်ရှိ ကမ္ဘည်းစာ အထောက်အထားအရ သိရသည်။ ထို့အပြင် ထားဝယ်မြို့ကို အုပ်ချုပ်နေသော သံဗျင်အနန္တ ဓေယျဘိကြာန်သည် ပုဂံပြည့်ရှင်ကျန်စစ်သားမင်းကြီး သစ္စာတော်ခံ ဖြစ်ကြောင်းသိရသည်။ ယင်းသံဗျင်ရေးထိုးခဲ့သော ရှေးဟောင်းကမ္ဘည်းစာမူတွဲ၏ ဖတ်ရှုချက်ဖြင့် မြန်မာဘာသာပြန်တို့မှာ အောက်ပါအတိုင်းဖြစ်သည်။

ဖတ်ရှုရန်

(၁) ကျာက်ဗုဒ္ဓတိလေယ်ဓေါဓ်
(၂) ဒိုက်တိလတ်ပေါယ် ဝူသွိုင်ညီတြဲ
(၃) ဘောဝနာဒိကျဓမ္မရာဓ်သမွင်အာန
(၄) န္တဓေယျဘိကြာန် မမင်ဓဝါယ်မလာ
(၅) တ်ကာလ်တိလဒတ်ကျက်စိ
(၆) ဩရ်စယ်ဒိုက် ဂေါတ်ဒတ်အရှ
(၇) နိတ္တသ်တလဒ်

မြန်မာပြန်

ဤဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်ကို
ငါတို့အရှင် သိရိတြိဘုဝနာဒိကျဓမ္မရာဇာ
မင်းတရားကြီး၏ ကျွန်တော်မျိုးထားဝယ်မြို့ကို
အုပ်ထိန်းရသော
သံဗျင်အနန္တဓေယျဘိကြာန် ပြုလုပ်သည်။
ငါတို့အရှင် ဘုရားဖြစ်တော်မူသောအခါ
ငါသည် အရှင်ထံ၌တပည့်
ရဟန္တာဖြစ်ပါစေသတည်း။

ကျန်စစ်သားမင်းကြီးသည် ဘုရားဆုပန် ဖြစ်ကြောင်းကို အုတ်ခွက်ဆင်းတုတော်တစ်ဆူ၏ အောက်ခြေ၌ "သီရိတြိဘုဝနာ ဒိကျဓမ္မရာဇေန၊ သီရိတြိဘုဝနာဓမ္မရာဇာ" မည်သောမင်းသည်၊ အတ္တနော မိမိသည်၊ အဗ္ဗောနဗုဒ္ဓဘာဝါယ၊ ဘုရားဖြစ်ပါခြင်းအကျိုးငှာ၊ ဣမာပတိမာ၊ ဤအုတ်ခွက်ဆင်းတုတော်ကို အဂ္ဂိတာ၊ မီးဖြင့်ဖုတ်လုပ်လျှုဒါန်းအပ်၏ဟူ၍ အနက်အဓိပ္ပာယ်ရပေသည်။ ထားဝယ်မြို့ကို အုပ်ချုပ်ရသောသံဗျင်အနန္တဘိကြာန်သည် ကျန်စစ်သား

မင်းကြီး ဘုရားဖြစ်လာသောအခါ၌ ရဟန္တာဖြစ်လိုကြောင်း ဆုတောင်းသည်မှာ ထူးခြားပေသည်။

ကျွန်စစ်သားမင်းကြီးလက်ထက်တွင် ရေးထိုးခဲ့သော ရွှေပေါင်း မွန်ကမ္ပည်းစာကို ခရစ်နှစ် ၁၉၈၅ တွင်ထပ်မံတွေ့ရှိရပြန်သည်။ အဆိုပါ ရွှေပေါင်း မွန်ကမ္ပည်းစာ ရေးထိုးပါရှိသော အုတ်ခွက်ဆင်းတုတော်၏တွေ့ရာ မူလနေရာကိုမသိရတော့ချေ။ ယင်းရွှေပေါင်း မွန်ကမ္ပည်းစာ၏ အသုံးအနှုန်း၊ ဝါကျနှင့်တကွ အနက်အဓိပ္ပာယ်တို့ကို စုပေါင်းဆင်ခြင်ရလျှင် ထားဝယ်မြို့ ရှင်မုတ္တီးစေတီတော်မှရသော အုတ်ခွက်ဆင်းတုတော်ပင် ဖြစ်တန်ရာပါသည်။ ဤမှန်းဆချက် မှန်ကန်ပါလျှင် သံဗျင်သိဒ်နှင့် အနန္တဘိကြာန် တို့သည် တစ်ဦးတည်းပင်ဖြစ်ပေသည်။ တစ်နည်းအားဖြင့်ဆိုရလျှင် သိဒ်သည် ငယ်မည်၊ အနန္တဘိကြာန်သည် မင်းပေးဘွဲ့ဖြစ်သည်ဟု ဆိုလိုရင်းဖြစ်သည်။ ယင်းရွှေပေါင်း မွန်ကမ္ပည်းတင် ဖတ်ရှုချက်နှင့် မြန်မာပြန်တို့ အောက်ပါအတိုင်းဖြစ်ပေသည်။

ဖတ်ရှုရန်

(၁) ကျာက်ဗုဒ္ဓတိလေယ်ဓဝ်ဒ်

(၂) ဒိုက်တိလတ်ပေါ်ယ် ဌသို့ဩိကြ

(၃) ကြိဘောဝနာဒိကျမ္ဗရာစ်သုမ္ဗော်

(၄) သိဒ်မင် ဒဝါယ်မလာက်တာ

(၅) လ်တိလ ပေါ်ယ်ဒသ် ကျာက်စွမယ်

(၆) ဋိက်ပြုရ် ဂေါတ်ဒသ်အရှန်

(၇) တွာသ်တိလတ်

မြန်မာပြန်

ဤဗုဒ္ဓမြတ်စွာဘုရားဆင်းတုတော်ကို

ငါတို့အရှင် သိရိကြိဘုဝနာဒိကျမ္ဗရာစာ .

မင်းတရားကြီး၏ ကျွန်တော်မျိုးထားဝယ်မြို့ကို

အုပ်ထိန်းရသော သံဗျင်သံဗျင်သိဒ် ပြုလုပ်သည်။

ငါတို့အရှင်ဘုရားဖြစ်တော်မူသောအခါ

ငါသည် အရှင်ထံ၌တပည့်ရဟန္တာ

ဖြစ်ပါစေသတည်း။

၁၉၈၀ပြည့်နှစ်အတွင်းကလည်း ရှင်မုတ္တီးကျေးရွာမှ အုတ်ခွက်ဘုရားအချို့ ရရှိခဲ့သည်။ ယင်းတို့ထဲတွင် ထားဝယ် သံဗျင် "မှမ်း" သွန်းလုပ်လှူဒါန်းသည့် အုတ်ခွက်ဘုရားများ ပါဝင်သည်။ ယခင်ကတွေ့ရှိခဲ့သော အုတ်ခွက်ဘုရားများကဲ့သို့ပင် "အုတ်ခွက်တော်ကိုလှူဒါန်းရသော အကျိုးကြောင့် ကျွန်စစ်သားမင်းကြီးဘုရားအဖြစ်သို့ ရောက်သောအခါ တပည့်ရဟန္တာ ဖြစ်ရပါလို၏" ဟူသော ဆုတောင်းစာကို အုတ်ခွက်ဘုရားကျောဘက်တွင် ရေးထိုးထားပေသည်။ အလားတူပင်ကလန်ပွင့်နှင့် သမီးကောဖုန်းဖည်တို့ကိုလှူဒါန်းသောအုတ်ခွက်ဘုရား များလည်း ပါဝင်ပေသည်။ ၁၉၈၂ ခုနှစ်အတွင်းကလည်း မုတ္တီးကျေးရွာ အရှေ့ဘက် ရောင်းမော်ကျေးရွာမှ ဟသ်္သာရုပ်ပါ ခဲပြားအထူကြီးများကို ရရှိသေးသည်။

မုတ္တီးမြို့ဟောင်း(၂) သို့မဟုတ် ယခု-စော်ဝကျေးရွာရှိ ရွှေဂူတောင်ဟုခေါ်သောတောင်ကုန်းပေါ်မှရွှေဂူတောင်ဘုရားသည်လည်း အေဒီ ၇၈၈ တွင် ကမ္ဘောဒီးယား မင်းသမီး နန်းကြီးမျက်မှန် တည်ထားကိုးကွယ်သော ဘုရားဖြစ်သည်ဟု ဆို၏။[၁၀]

မှတ်ချက် ။ ။ ကမ္ဘောဒီးယားမင်းသမီး နန်းကြီးမျက်မှန် မူလတည်ခဲ့သော စေတီဟောင်း နေရာတွင် နောင်အခါ စောမြဒေဝီမင်းသမီးကယနေ့မြင်ရသောရွှေဂူတောင်စေတီကိုတည်ခြင်းဖြစ်သည်။

သို့ရာတွင် ယွန်း(ကမ္ဘောဒီးယား) ဘုရင့်သမီးတော် စောမြဒေဝီ ထီးတော်တင်သည်ဟု [၁၁] အခြားသမိုင်းစာအုပ်တွင်တွေ့ရသည်။

ယိုးဒယားမြောက်ပိုင်း၊ သမိုင်းဟောင်းများတွင် ကမ္ဘောဒီးယားနိုင်ငံက အနော်ရထာမင်းကြီးကို ရှိသေလေးစား ခန့်ညားရကြောင်း၊ ယင်းဒေသသို့ အနော်ရထာမင်းကြီး ကိုယ်တိုင် စစ်မှီတက်ခဲ့ဖူးကြောင်းကို ဖော်ပြထားသည်ဟု ဆိုပါသည်။[၁၂]

ကျွန်စစ်သားမင်းလက်ထက် သံဗျင်၊ ကလန်(အရာရှိ) များသည်ဘုရားဆုပန်ခြင်းမပြုကြဘဲ သူတို့၏သခင် ဘုရားအဖြစ်သို့ ရောက်သောအခါ တပည့်ရဟန္တာဖြစ်ရပါလို၏ ဟူသာ ဆုတောင်းသည်မှာ အံ့ဩဖွယ်ဖြစ်ကြောင်း၊ ယင်းအချက်ကပင် ပုဂံနေပြည်တော်နှင့်အလှမ်းကွာဝေးလှသော ထားဝယ်မြို့မှမြို့စားများသည် ယင်းတို့၏ဘုရင်အပေါ် မည်မျှအထိချစ်ခင်လေးစား ကြသည်ကို ဖော်ပြလျက်ရှိကြောင်း၊ ထိုစဉ်က မြန်မာပြည်တောင်ဘက်ဆုံးတွင်ရှိသော ထားဝယ်မြို့သည် အလွန်အရေးပါသောဒေသဖြစ်၍၊ သံဗျင်သုံးဦးနှင့် ကလန်တစ်ဦးသည် ထားဝယ်ဒေသကို အစွမ်းကုန် ကာကွယ်ရန် တာဝန်ပေးအပ်ခြင်းခံရသူများ ဖြစ်သည်မှာ ထင်ရှားလှကြောင်း၊ ထိုအချိန်က ခမာ(ဖွမ်းစစ်သည်တော်များ)သည် အင်အားကြီးမား၍ တိုက်ရည်ခိုက်ရည် ထက်မြက်သူများဖြစ်ကြကြောင်း၊ ထို့ကြောင့်လည်း ကျွန်စစ်သား



မင်းသည် သူကိုယ်တိုင်ဘုရင်ဖြစ်လာသည့်အချိန်တွင် တောင်ငိုင်းသို့ဆင်းပြီး၊ ထားဝယ်မြို့ကို အနိုင်အမာကာကွယ်ခဲ့သဖြင့် ပြင်ပမှ ကျူးကျော်မှု၊ တိုက်ခိုက်မှုများ နောက်မပေါ်ပေါက်တော့ကြောင်းတို့ကို ဆရာကြီးနိုင်ပန်းလှ (ကမ္ဘည်းကျောက်စာဌာနမှူး)က အမြင်တစ်မျိုးဖြင့်ရေးသားခဲ့ဖူးသည်။[၁၅]

အထက်ပါအကြောင်းများကြောင့် မုတ္တိမ်းမြို့ဟောင်း (၁) နှင့်(၂) သို့မဟုတ်ယနေ့-ရှင်မုတ္တိမ်း ကျေးရွာနှင့် ဖော်ဝကျေးရွာများသည် တနင်္သာရီတိုင်း၏သမိုင်းဖြစ်စဉ်တွင် မည်မျှအရေးပါသည်ကို ခန့်မှန်းနိုင်လောက်ပြီဖြစ်သည်။

အထက်၌ဖော်ပြခဲ့သော မွန်ကမ္ဘည်းစာပါ အုတ်ခွက်ဘုရား၊ သံဖျင်ဖျမ်းသွန်းလုပ်လျှပါန်းသည့် အုတ်ခွက်ဘုရားကလန်ပွင့် နှင့်သမီးတော်ဖုန်းပည် လှူဒါန်းသော အုတ်ခွက်ဘုရားတို့အပြင် အခြားအုတ်ခွက်ဘုရားများလည်းရှိသေးသည်။

မျှအုတ်ဘုရားများကို မုတ္တိမ်းတွင်တွေ့ရသည်။ ထိုအုတ်ခွက် ဘုရားများသည် သရေခေတ္တရာအုတ်ခွက်ဘုရားများနှင့်သော်လည်းကောင်း၊ သရေခေတ္တရာနှင့်ဆင်သည့် ရခိုင်အုတ်ခွက်ဘုရားများနှင့်သော်လည်းကောင်း ဆင်တူသည်။ (၈. ၇×၆. ၉) စင်တီမီတာအရွယ်ရှိ အုတ်ခွက်ဘုရားနှစ်ဆူတွင် ဗုဒ္ဓသည် ဆင်နှစ်ကောင်ပေါ် ထိုင်တော်မူပြီး ပန်းကဲ့သို့လည်းကောင်း၊ စေတီကဲ့သို့လည်းကောင်း အရာဝတ္ထုများကာရံထားသည်။(၁၂. ၅×၁၀)စင်တီမီတာအရွယ်ရှိ အခြားတစ်ဆူတွင်မူ ကြာပလ္လင်ပေါ်၌ ဗုဒ္ဓထိုင်တော်မူနေဟန်ဖြစ်သည်။ ထိုအုတ်ခွက် ဘုရားများသည်ကျွန်းဆွယ် အရှေ့ပိုင်း၌တွေ့ရသော အုတ်ခွက်ဘုရားများနှင့်ဆင်ပြီး မဟာယနဆန်သည်။ လက်ယာတော်သည် ဘူမိဖဿမုဒြာဟန်ဖြစ်၍ လက်ဝဲတော်တွင် သပိတ်တော်ရှိသည်။ ရုပ်ပွားတော်၏

တစ်ဖက်တစ်ချက်တွင် စေတီကဲ့သို့သော ပုံသဏ္ဌာန်ရှိသည့် အရာဝတ္ထုနှစ်ခုစီကရံထားသည်။ ဖော်ပြပါ အုတ်ခွက်ဘုရားများသည်သစ်ရွက်ပုံသဏ္ဌာန်ကဲ့သို့သော အုတ်ခွက်ဘုရားများ ဖြစ်ပါသည်။အ

မုတ္တီးမှတွေ့ရသည့်အခြားပစ္စည်းများ

ရှင်မုတ္တီးတိုက်ကျောင်းကြီးတွင် လာရောက်လှူဒါန်း၍ ရရှိ ထားသော ရှေးဟောင်း ပစ္စည်းအချို့ရှိသည်။

၁။ ကြာပလ္လင်ပေါ်မှ အဆင်တန်ဆာပါသောခြေတစ်ဖက်

၂။ ခွဲလုံးကဲ့သို့သောအရာကို ချိုကိုက်ထားသည့်ကျောက်စီ ငှက်ရုပ်

၃။ အလျှံတော်ပါသည့် လက်နက်စကြာတစ်ခု

၄။ အုတ်ခွက်ဘုရားများ

၁။ ကြာပလ္လင်ပေါ်မှအဆင်တန်ဆာပါသော ခြေတစ်ဖက်

ဘုရား၏ခြေလော၊ နတ်၏ခြေလော ဆိုသည်ကိုခွဲခြား၍မပြောနိုင်ပါ။ သီးခြားထုလုပ်ထားသော ပလ္လင်မှသီးခြား ခြေတစ်ဖက်သာဖြစ်၍ ထူးဆန်းနေပါသည်။

၂။ ခွဲလုံးကဲ့သို့သောအရာကို ချိုကိုက်ထားသည့် ကျောက်စီ ငှက်ရုပ်

မူလတွေ့ရှိ၍ လာလှူဒါန်းထားသည်မှာ ဦးမျှသာဖြစ်သည်။ သို့သော် ဘုန်းတော်ကြီးက နတ်ကြီးလေးပါးအခြံအရံဖြင့် တံခွန်တိုင်ငယ်ကဲ့သို့ပြုလုပ်ပြီး တံခွန်တိုင်ထိပ် ထီးတော်အောက်တွင် ဟင်္သာရုပ်သဏ္ဌာန် ဖန်တီးထားပါသည်။ လူတို့၏ အသုံးဆောင်ပစ္စည်းလော၊ ကိုးကွယ်ရာအဆောက်အအုံမှ အသုံးအဆောင် ပစ္စည်းလောဟုမပြောနိုင်ပါ။ မုတ္တီး(၂) တော်ရှိုးထဲမှရသော ဘဲဟင်္သာရုပ်များမှ တစ်ရုပ်ဖြစ်နေမည်လား-ဟု တွေးထင်ရသည်။

၃။ အလျှံတော်ပါသည့် လက်နက်စကြာ တစ်ခု

ပုံသဏ္ဌာန်ကို ကြည့်ခြင်းဖြင့် ဟိန္ဒူနတ်ရုပ်မှ လက်နက်စကြာတစ်ခုဟု ထင်ရပါသည်။

၄။ အုတ်ခွက်ဘုရားများ

အုတ်ခွက်ဘုရားများတွင် အကောင်းများပါသကဲ့သို့ အကျိုးအပဲ့များလည်းပါပါသည်။ ထူးခြားသည်မှာ အုတ်ခွက်အကျိုးတစ်ခုတွင် အလယ်မှဗုဒ္ဓရုပ်ပွားတော်ကို ဘေးတစ်ဖက်တစ်ချက်တွင် ရုပ်ပွားတော်များခြံရံပြီး အောက်ခြေ၌လည်း ရုပ်ပွားတော် ၅ ဆူရှိသည်။ အပေါ်ပိုင်းပြတ်နေ၍ အပေါ်၌လည်း ရုပ်ပွားတော်ငယ်များ ရှိ/မရှိ မပြောနိုင်ပါ။ အခြားအုတ်ခွက်ဘုရားတစ်ဆူတွင် ဘူမိဖဿမုဒြာထိုင်တော်မူပုံနောက်၌ တံကဲရှိပြီး တစ်ဖက်တစ်ချက်တွင် ရွှေပန်းခိုင်၊ ငွေပန်းခိုင်ဖြင့်ပူဇော်ထားသည်။ အုတ်ခွက်ဘုရားအချို့အောက်တွင် စာအရေးအသားပါသော်လည်း လုံးဝဖတ်၍ ရမည့်ပုံမရှိချေ။ စေတီရံများပါရှိသည့်အုတ်ခွက်ဘုရားမျိုးလည်းပါသည်။

နိဂုံး

မုတ္တီး(၁)နှင့် (၂)သည်ကျယ်ဝန်း၍ ကောက်တွေ့စီးဆင်းသွားသော ထားဝယ်မြစ်အနီးတွင်တည်ရှိသဖြင့် ရေကြောင်းခရီးဖြင့်ဆက်သွယ်သွားလာမှုသည် ယနေ့ထက်ပင်လွယ်ကူခဲ့ပုံရသည်။ သို့ကြောင့်လည်း တိုင်းတပါးသားတို့ ဝင်ထွက်ကူးသွယ်ရာဖြစ်သဖြင့် ဘာသာအယူဝါဒနှင့်တိုင်းခြားသားယဉ်ကျေးမှု ဓလေ့များလည်း ရောက်ရှိခဲ့ဟန်တူသည်။

မုတ္တီး၌ သာဂရကဲ့သို့ သချိုင်းမြို့ (အရိုးအိုး)မတွေ့ရှိရသေးပါ။ ခဲခင်းအနည်းငယ်သာ တွေ့ရသေးသည်။ ယနေ့အထိ မြေပုတီး၊ ဖန်ပုတီး၊ မှန်ပုတီးဟူ၍ မည်သည့်ပုတီးမျိုးမှ မတွေ့ရှိရသေးပါ။ ဟိန္ဒူနှင့်ဗုဒ္ဓအယူဝါဒ ရောယှက်နေသည့် ကျောက်ရုပ်တုများ၊ ကြေးရုပ်တုများ၊ ကြေးလက်နက်ပစ္စည်း စသည်တို့သာတွေ့ရသည်။ထူးခြားသည်မှာ မုတ္တီးမှအုတ်ခွက်ဘုရားမြောက်များစွာတွေ့ရှိရခြင်းဖြစ်သည်။ (သာဂရ အုတ်ခွက်ဘုရားဟူ၍ တွေ့ရသည်မှာ လက်ချိုးရေ၍ပင်ရသည်။) မုတ္တီးအုတ်ခွက်ဘုရားများသည် သရေခေတ္တရာနှင့် ပုဂံ နှောင်းပိုင်းမှ အုတ်ခွက်ဘုရားများနှင့်အလားတူသည်ကို အထက်၌ဖော်ပြ ပြီးပြီ။

မုတ္တီး၌တွေ့ရသည့် ရှေးဟောင်းပစ္စည်းများအနက် ဟိန္ဒူနတ်ရုပ်များသည် အထူးခြားဆုံးဖြစ်သည်။ ထိုဟိန္ဒူနတ်ရုပ်

လန်းခေါင်ရွာအဝင်မှ ဗိဿနိုးရုပ်တု

မုတ္တီးမှ အုတ်ခွက်ဘုရားများ



မုတ္တီးကျောင်းကြီးမှပစ္စည်းများ

များကြောင့် မုတ္တီးသည် တစ်ချိန်က တိုင်းခြားအယူဝါဒနှင့် တိုင်းခြားယဉ်ကျေးမှု ဓလေ့များလွှမ်းမိုးခံရသည်မှာ ထင်ရှား နေပါသည်။ အုတ်ခွက်ဘုရားများကြောင့် မုတ္တီးသည် သရေ ခေတ္တရာနှင့် ပုဂံနှောင်းပိုင်းတို့နှင့် ခေတ်ပြိုင်လောက်ပေါ် ခဲ့သည်ကိုညွှန်းနေသည်၊ ဟိန္ဒူပစ္စည်း အထောက်အထား များကြောင့် ထို့ထက်စောသည့် ခေတ်အချိန် ကာလအပိုင်း အခြားကိုလည်း ညွှန်းနေသည်၊ ထားဝယ်ရာဇဝင်အရ မုတ္တီး သည် အင်းဝခေတ်နှင့်ခေတ်ပြိုင်သာ ဖြစ်နေပေရာတွေ့ရှိ သည့်ပစ္စည်းများကြောင့် ထို့ထက်မက စောသောခေတ်များ ကပင် မုတ္တီးရှိနေပြီကိုငြင်း၍မရပေ၊ ထိုခေတ်များပြီးမှ အင်းဝ ခေတ်နှင့်အပြိုင် မုတ္တသုခနာဂရဖြစ်ပေါ်ခဲ့လေသည်လား ဟုလည်းတွေးတောစရာဖြစ်၏။ မုတ္တီး(၂) မြို့ဟောင်းရာသည် အင်းဝနန်းမြို့ရာနှင့်တူပေရာ၊ မင်းတရားတည်သော မုတ္တ သုခနာဂရသည် မုတ္တီး(၂)ပေလောဟု တွေးစရာဖြစ်ဖြစ် သည်။ သို့သော် ရာဇဝင်ပါ မုတ်တွင်းသည် မုတ္တီး(၁)၌ ရှိသည်။ ဤသည်ကလည်း မုတ်တွင်းအစစ်ဖြစ်ပါသည်ဟု မည်သူမျှမပြောနိုင်ပါ။ သို့သော် ထားဝယ် ရာဇဝင်၌ကောဇာ သက္ကရာဇ် ၇၇၉ တွင် မုတ္တသုခနာဂရမြို့ တည်စဉ်က ယာယီ နန်းစိုက်ခဲ့သည့်နေရာဖြစ်သည်ဟု ဖော်ပြခဲ့သည်။ မုတ္တီး(၁) နှင့်(၂)တို့၏ အတိတ်ယဉ်ကျေးမှုကို ပြည့်စုံစွာ ဖော်ထုတ် နိုင်ရန် တူးဖော်သုတေသနပြုမှုများစွာလိုသေးသည်။ မုတ္တီးကို လုံးဝမတူးဖော်ရသေးပါ။ ဤမှတ်တမ်းမှ တင်ပြချက်များမှာ မြေပေါ်တွင်တွေ့ရှိချက် အထောက်အထားများအရသာ ရှိပါသေးသည်။

ကမြော၊ နန်းတောင်၊ ကမြော(ကနိုင်းငယ်)

စောသုရမင်း၊ သက္ကရာဇ် ၇၉၂ခုနှစ်တွင် တည်ထောင် သောဝေဒီမြို့သည် သက္ကရာဇ် ၈၅၀ပြည့်နှစ်၊ စောသီလမင်း လက်ထက်တွင် ရှမ်း(ယိုးဒယား)တို့ လာတိုက်၍ ပျက်ရသည် ဟုယူဆပါသည်။ သက္ကရာဇ် ၈၅၀ပြည့်နှစ် ဝေဒီပျက်ပြီး နောက် စောသီလ၏သားတော်ကြီးဘပုသည် ယခုကမြောရွာ ၌ ကမြောမြို့ကို တည်ထောင် အုပ်ချုပ်ခဲ့သည်ဟု ဆိုသည်။

ယခု- ကမြောရွာ၌ နန်းတော်ကုန်း၊ သောက်တော်တွင်း၊ လှုသတ်ကုန်းနှင့် ကနိုးများ၏ အမှတ်အသား ကျန်ရှိနေသမျှ

ကို တွေ့နိုင်သေးသည်။

ဘပုဏ်ကမြောနန်းမြို့သည် နန်းသက်ခြောက်နှစ်သာခံသည်။ သက္ကရာဇ် ၈၅၆ခုနှစ်တွင် စောသီလမင်း၏သားတော် အငယ်နန္ဒကာရသည် နောင်တော်ဘပုအား တိုက်ခိုက်နန်းလုသဖြင့် ကမြောမြို့ပျက်ရလေသည်။

နန္ဒကာရသည် သာဂရ(ယခု - မြို့ဟောင်းကျေးရွာ) အနီး၌နန်းတောင်မြို့ကို တည်ထောင်ခဲ့သည်၊ သုံးနှစ်သာ နန်းစံရပါသည်။ သက္ကရာဇ် ၈၅၉ ခုနှစ်တွင် နန္ဒကာရအား နောင်တော်ဘပုက ပြန်တိုက်၍ နန်းတောင်မြို့ နန်းပျက်လေသည်။

သက္ကရာဇ် ၈၅၉ ခုနှစ်တွင်ဘပုသည် မူလက ကမြောမြို့ နေရာတွင် ဒုတိယအကြိမ် မြို့နန်းတည်သည်။ သက္ကရာဇ် ၈၆၆ ခုနှစ်တွင် ဒုတိယကမြောမြို့နန်းပျက်သည်ဟုဆိုရှိသည်။

ပထမကမြောမြို့ (သက္ကရာဇ် ၈၅၀-၈၅၆) ဘုရင်ဘပု
နန်းတောင်မြို့ (သက္ကရာဇ် ၈၅၆-၈၅၉) ဘုရင်နန္ဒကာရ
ဒုတိယကမြောမြို့ (သက္ကရာဇ် ၈၅၉-၈၆၆) ဘုရင်ဘပု

ထားဝယ်နယ်၌ ဖြစ်ပေါ်ခဲ့သော မြို့ဟောင်းများကို အောင်သာဝတီမြို့ဟောင်းမှ ကမြော၊ နန်းတောင်၊ ကမြော (ကနိုင်းငယ်)အထိ ဖော်ပြပြီးနောက် ကုန်းဘောင်ခေတ်တွင် တည်ခဲ့သည့် ကြက်စားမြို့ဟောင်းနှင့် သာယာဝတီမြို့ဟောင်း (ယခု ထားဝယ်) တို့ကို မဖော်ပြမီ ပုဂံခေတ်မှ ခေတ်အဆက်ဆက်မြန်မာပြည်သမိုင်းစာမျက်နှာတွင်ထားဝယ်နှင့်ပတ်သက်ခဲ့ပုံကို ညပ်၍ဖော်ပြပါမည်။

သောက်တော်တွင်းပုံ

ပုဂံ၊ တောင်ငူခေတ်များမှ ထားဝယ်နယ်

မှုဘီးမြို့ဟောင်းဖော်ပြစဉ်က မုဘီး မြို့ဟောင်းမှ တွေ့ရသောအုတ်ခွက်များအရ ပုဂံခေတ်တွင်ကျန်စစ်သားမင်းလက်ထက်၌ထားဝယ်ကိုကလန်၊ သံဗျင်စသည့်လက်အောက်ခံမြို့စားများနှင့် အုပ်ချုပ်ခဲ့၍ထားဝယ်သည် ပုဂံလက်အောက်ခံ နယ်တစ်နယ် ဖြစ်နေပေသည်။ ထားဝယ်နှင့်တနင်္သာရီ အမည်ကား ပုဂံခေတ်ကပင်တွဲလျက်ပါလာသည်ကို တွေ့ရသည်။ သက္ကရာဇ် ၅၅၈ ခုနှစ် နရပတိစည်သူ လက်ထက်ထိုး ကျောက်စာတွင်အရိမဒ္ဒနပူရပြည် (ပုဂံ)၏နယ်နမိတ်ကို "နိုင်ငံကျယ်ခြင်းအရကား အရှေ့ကိုလားသော် သံလွင်မြစ် အရှေ့ဘက်အတိုင်း၊တောင်ကားထားဝယ်၊ စည္ဓတ်၊သင်တုတ်၊ တနင်းသရေ၊ တကွာ၊ သလင်ကြေ၊ မစ္စဂလိ၊ တွရဝတီ၊ အနောက်ကားမဏ္ဍကရို ပတိက္ကာ၊ မြောက်ကား တကောင်း"[၇၆] စသည်ဖြင့် ဖော်ပြထားသည်။

ဤကျောက်စာမှာ နရပတိစည်သူမင်းလက်ထက်တွင် အနော်ရထာမင်း၏ နိုင်ငံအကျယ်ကို ဆက်၍ယူသည်ဟု ပညာရှင်တို့က မှတ်ယူကြသည်။[၇၇] (သင်တုတ် မှ ဆင်တုတ် သို့မဟုတ် သန်းဒုတ်ဖြစ်သည်။)

ပုဂံခေတ်မှုလထိုးကျောက်စာအချို့တွင် တနင်္သာရီ နှင့် ထားဝယ်အကြောင်းဖော်ပြထားသည်ကိုတွေ့ရ၏။ ထားဝယ်အကြောင်းကို ကျောက်စာလေး ငါးချပ်လောက်၌ ဖော်ပြထားရာ အစောဆုံးကျောက်စာသည် အေဒီ ၁၂၆၅ ထိုးဖြစ်သည်ဟုလည်းကောင်း။[၇၈] . . (၆၂၇)သက္ကရာဇ်ပါသောကျောက်စာတစ်ခု၌ လူတစ်ရာလေးကျိပ် ကူးလာသည်ဟုဖတ်ရ၏။ ထားဝယ်သာမက မြိတ်သည်ပင်လျှင် ပုဂံ လက်အောက်ခံဖြစ်ကြောင်း၊ မောင်းလောကွင်း၊ သန်းဒုတ်၊ (ဆင်ထုတ်)၌တွေ့ရသော စောလူးမင်း၏ ပါဠိကျောက်စာက သက်သေခံထားပါသည်။ (ဦးမြ၏အုတ်ခွက်များ၌) [၇၉] ဟုလည်းကောင်း၊ ဦးဖေမောင်တင်က ရေးသားတင်ပြခဲ့ဖူးသည်။

လက်တွေ့အားဖြင့် ထားဝယ်နှင့်မြိတ်နယ်သားသည် ရေး မော်လမြိုင်၊ ရန်ကုန်မှစသည့် အထက်မြန်မာနိုင်ငံဒေသများမှ လူများကိုမြန်မာ ဟုခေါ်လေ့မရှိ ထားဝယ်သံဖြစ် ဂံ (ပုဂံ ဟုဆိုလို) ပုဂံဟုခေါ်လေ့ရှိကြသည်။ ယိုးဒယားကိုလည်း ရှမ်းဟုခေါ်သည်။ ရှမ်းဟူသော ဝေါဟာရသည် ပုဂံခေတ်ကျောက်စာတို့တွင် "သျှံ" (သို့) "သျှမ်"ဟု ရေးကြသည်။

ထို့ကြောင့် မြိတ်နှင့်ထားဝယ်တို့က ယိုးဒယားကို ရှမ်း (သျှမ်း) ဟုပုဂံခေတ်ကအမည်အတိုင်း ခေါ်သည်မှာမထူးဆန်းပါ။[၆၀] ပုဂံနေပြည်တော်မှ လူများသည် ၁၂ ရာစုမတိုင်မီကပင် တနင်္သာရီသို့ ရောက်ရှိလာသည့် အထောက်အထားများကို တွေ့ရပေသည်။ ပုဂံခေတ်ကနရသီဟပတေ့(တရုတ်ပြေးမင်း) ၏ အမှုထမ်းငွေတိုးချစား တို့ပေ့ံသည် တနင်္သာရီသို့ ရောက်လာပြီး မြိတ်မှ ၁၀ မိုင်ကွာဝေးသော ရှင်ကိုယ်တော်စေတီကို သက္ကရာဇ် ၆၃၁ ခုနှစ် အေဒီ ၁၂၆၉ တွင် လှူဒါန်းသည်ဟု မှတ်တမ်းတင်ထားသည်။[၆၁] နရပတိစည်သူမင်းကြီး ခရီးလှည့်လည်သွားလာရာတွင် မလေးကျွန်းအထိရောက်သည်ဟုဆိုသည်။[၆၂] မြံ့၍ ကြည့်လျှင် ထားဝယ်မြို့ဟောင်း (သာဂရ)တွင်ပုဂံခေတ်ထက်စောသော ပျူခေတ်ကိုပင်မှန်းဆနိုင်သည့်အထောက်အထားများ အထင်အရှားကျန်ရှိနေသည်ကိုလည်းကောင်း၊ ပုဂံခေတ်ကျန်စစ်သားမင်း၏ သံဖျင်အမတ်အုပ်ချုပ်သောထားဝယ်ရှိခဲ့သည်ကိုလည်းကောင်းအခိုင်အမာသက်သေထူလျှက်ရှိသည်။ (၇)ရာစုနှစ်များတွင် တနင်္သာရီသည် ယိုးဒယားတောင်ပိုင်းရှိ မွန်မင်းဆက်များ၏ ပိုင်နက်ဖြစ်ဖွယ်ရှိခဲ့ရာမှ ၉ ရာစု၊ ၁၀ ရာစုနှစ်များတွင်မူ ရာမညမွန်မင်းတို့၏ လက်အောက်ခံ ဒေသတစ်ခုဖြစ်တည်ရှိခဲ့ကြောင်း ပရှင်းနှင့်အာရပ်မှတ်တမ်းများတွင်ဖော်ပြထားသည်။ ၁၃ ရာစု ဝန်းကျင်တွင်မူ ပုဂံမင်းများ၏ ပိုင်ဆိုင်ရာ နယ်မြေဖြစ်ခဲ့ပေသည်။[၆၃]

ပုဂံခေတ်အလွန်မှ ထားဝယ်

ပုဂံပြည်ကြီး ပျက်သုဉ်းပြီးနောက် အင်းဝ တည်ထောင်၍ ပင်းယ၊ စစ်ကိုင်း၊ သီးခြားနယ်များ ပေါ်ပေါက်လာရာ၊ တည်ထောင်ခြင်း၊ စစ်မက် ဖြစ်ပွားရသည့်ခေတ်ဟုဆိုနိုင်ပါသည်။ ပုဂံ အလွန် အင်းဝမြို့နန်းသစ်ပေါ်ပေါက်လာခဲ့ခြင်းသည် မြန်မာပြည်တောင်ပိုင်းတွင် အာဏာသစ်တစ်ရပ်ပေါ်ပေါက်အောင် ဖန်တီးခဲ့သကဲ့သို့ ရှိခဲ့လေသည်။

ထိုစဉ်က ယိုးဒယား(ထိုင်း)လူမျိုးတို့၏ ပြည်ထောင်တစ်ခုဖြစ်သော သောက္ကတဲ (ဆုခိုး ထိုင်း)မှ မြန်မာပြည်ပေါက်ရှမ်းလူမျိုး ဝါရီရူ ဆိုသူသည် သောက္ကတဲမှအကူအညီယူ၍ မုတ္တမဘုရင်ခံကို လုပ်ကြံကာ မုတ္တမကိုသိမ်းပိုက်ခဲ့သည်။ ဝါရီရူ အုပ်စိုးသည့် နယ်မြေသည် စစ်တောင်းမြစ်ဝမှသည် တနင်္သာရီကမ်းမြောင် ဒေသအပါအဝင် ဖြစ်ခဲ့ကြောင်းသိရပေသည်။ တနင်္သာရီဒေသကား အေဒီ ၁၃၆၉ ခုနှစ် အထိ ဝါရီရူထူထောင်သော မွန်ပြည်ထောင်အတွင်း ကျရောက်လျှက်ရှိကြောင်း သိရပေသည်။[၆၄]

ယိုးဒယားရာဇဝင်တွင်အေဒီ-၁၂၇၅ ခုနှစ်၌နန်းတက်သော၊ သောက္ကတဲ (ဆုခိုးထိုင်း)မင်း ရန်ခမ်ကင်းက တနင်္သာရီ ထားဝယ်၊ မုတ္တမ၊ တောင်ငူပဲခူးတို့ကို ပိုင်ဆိုင်ကြောင်း ဆိုသည်။[၆၅]

တောင်ငူခေတ်ထားဝယ်

တပင်ရွှေထီး(၁၅၃၁-၁၅၅၀) လက်ထက် ၁၅၄၁ ခုနှစ်အတွင်းမြန်မာစစ်တပ်သည် မုတ္တမမြို့အတွင်းသို့ ဝင်ရောက်သိမ်းပိုက်ခဲ့သည်။ မုတ္တမကျသည်နှင့်တစ်ပြိုင်နက်တောင်ဘက် ထားဝယ်တိုင်အောင်ရှိသော မွန်ဒေသအားလုံးတို့သည်လုံးဝခုခံခြင်းမပြုကြတော့ချေ။ သို့ဖြစ်ရာ၊ တနင်္သာရီဒေသတွင် ထားဝယ်သည် ၁၅၄၁ ခုနှစ်တွင် မွန်တို့လက်အောက်မှ လွတ်မြောက်ပြီး မြန်မာတို့လက်အောက်သို့ပြန်ရောက်ကြသည် ဟုဆိုနိုင်ပါသည်။[၆၆]

တပင်ရွှေထီးရခိုင်တွင်ရှိနေခိုက် ယိုးဒယားက ထားဝယ်တိုက်ခိုက် သိမ်းယူလေသောကြောင့် သက္ကရာဇ်(၉၁၀) အေဒီ ၁၅၄၈တွင် ယိုးဒယားသို့ စစ်ချီတော်မူသည်။ စစ်ချီရာလမ်းကြောင်းမှာမုတ္တမက မော်လမြိုင်သို့လှေတံတားဖွဲ့၍ကူးပြေးလျှင် အထရံမြစ်ကိုဆန်၍ ဘုရားသုံးဆူတောင်ကြားဖြတ်လမ်းဖြင့် ယိုးဒယားသို့ကူးသည်။ ထိုကမှ မဲခလောင်းမြစ်ချောင်း ကံပူရီသို့၊ ကံပူရီမှယိုးဒယား(အယုဒ္ဓယ)မြို့သို့ချီသည်။[၆၇] ယိုးဒယားတို့ အရေးနိမ့်သဖြင့် စစ်ပြေငြိမ်းရန်ဆိုသည်။[၆၈] သို့ဖြစ် ယိုးဒယားတို့က နှစ်စဉ်တိုက်ဆင် ၃၀၊ ငွေ ၃၀၀ နှင့်တနင်္သာရီ အကောက်ခွန်များကိုပါ ဆက်ပါမည်ဟုကတိပြုရသည်ဆိုသဖြင့် ထားဝယ်အပါအဝင် တနင်္သာရီတိုင်းသည် ယိုးဒယားပိုင်နက်တွင်ပင် ဖြစ်နေကြောင်းသိရပေသည်။[၆၉]

တနင်္သာရီတောင်ပိုင်းဒေသသည် မြန်မာပြည်မနှင့် အမြဲတစေအဆက်ပြတ်လျက်ရှိသော ဒေသဖြစ်သဖြင့် ယိုးဒယားသည် ထားဝယ်နှင့် မြိတ်ပတ်ဝန်းကျင်နယ်ပယ်ကို ၎င်းတို့ပိုင်ပြုလုပ်လိုသည်။ ထို့ကြောင့်လည်း မြန်မာတို့သည် ယိုးဒယားသို့ စစ်ချီ၍ အယုဒ္ဓယမြို့တော်ကို ၁၅၄၇ နှစ်တွင် တိုက်ခိုက်ကြခြင်းဖြစ်သည်။ ဘုရင့်နောင် (၁၅၅၁-၁၅၈၁)လက်ထက် ၁၅၆၂ ခုနှစ်တွင်လည်းယိုးဒယားတို့ တနင်္သာရီဒေသအတွင်းသို့ ကျူးကျော်ခြင်းကြောင့်ပင် စစ်ချီရပြန်သည်။ ဘုရင့်နောင်လက်ထက်နိုင်ငံအကျယ်အဝန်းနှင့်လက်အောက်ခံပဒေသရာဇ် နိုင်ငံတို့ကိုဖော်ပြရာ၌ မှန်နန်းရာဇဝင်ကြီးအလိုရသော်-

" . . . . ကေတုမတီ၊ သရေခေတ္တရာ၊ လင်းဇင်း၊

သောက္ကတဲ၊ ထားဝယ်၊ တနင်္သာရီ မုတ္တမ၊ ပုသိမ်" စသည်ဖြင့် ပါဝင်ပေသည်။[၇၈]

မြန်မာတပ်များ အယုဒ္ဓယအပါအဝင် ယိုးဒယားမြို့ကြီးများကိုသိမ်းပိုက်လိုက်ပြီးနောက်တွင်မှ ယခင်ကအခွန်ဆက်သရခြင်းကို ရပ်ဆိုင်းလိုက်ပြီး နှစ်စဉ်နှစ်တိုင်း ယိုးဒယားကတိုက်ဆင် ၃၀၊ ငွေ ၃၀၀ နှင့်တနင်္သာရီမြို့ အကောက်ခွန်ကိုဆက်ပါမည် ဟုကတိဝန်ခံချက်ပေးရသည်။ ယင်းအချက်ကိုထောက်၍ ထိုအချိန်တွင် ထားဝယ်နှင့်မြိတ်ကိုမြန်မာတို့ကပြန်ရလိုက်သော်လည်း မြို့မှာ ယိုးဒယားလက်အောက်တွင် ပင်ကျန်နေသေးသည့် အစီမှာယ်ပင်ရှိနေသေးသည်။

အနောက်ဘက်လွန်မင်း (၁၆၀၅-၁၆၂၈) လက်ထက် ၁၆၁၃ ခုနှစ်တွင်သံလျင်ကျခဲ့သည်။ နောက်သံလျင်မြစ် မှ ရေမြို့အထိနယ်ပယ်ဒေသအားလုံးသည် အနောက်ဘက်လွန်မင်း၏ ဘုန်းရိပ်တွင်ဝင်ရောက်ခိုလှုံကြသည်။ မြန်မာတပ်များ တောင်ဘက်သို့ဆက်လက်ချီတက်ကြသည်။ယိုးဒယားတို့ကဆက်လိုက် ခုခံတိုက်ခိုက်ကြသေး၏။ တနင်္သာရီတိုင်းတစ်ခွင်လုံးမသိမ်းပိုက်နိုင်သော်လည်း ထားဝယ်မှာ မြန်မာလက်အောက်၌ရှိသည်။ သို့သော်ယိုးဒယားရာဇဝင်၌ ထားဝယ်ကိုယိုးဒယားပြန်ရသည်ဟု ဆိုထားသည်။[၇၉]

သာလွန်မင်းလက်ထက်တွင် ကျောက်ဆည်ရေသောက်နယ်၌ခိုက်မိုးထုတ်လုပ်မှုအင်အားပြည့်တင်းတင်သွင်းသည့်အနေဖြင့် နေရာချထားခံရသည့်လူများစာရင်းတွင် တောင်ငူ၊ ဇင်းမယ်၊ ကျိုင်းသေဉ်၊ ကျိုင်းရုံ၊ ဟံသာဝတီပါရှမ်း၊ ယွန်း၊ တွေ၊ မွန်၊ ရခိုင် တို့နှင့်အတူ တနင်္သာရီနှင့်ထားဝယ်မှ လူများပါဝင်ကြောင်း တွေ့ရပေသည်။[၈၀] ပြည်မင်း(၁၁၆၁-၁၆၇၂) လက်ထက်တော်တွင်လည်း မုတ္တမ၊ မော်လမြိုင် နှင့် ထားဝယ်မြို့များကိုယိုးဒယားကတိုက်ခိုက်ပြန်ရာ မြန်မာတပ်များ ခုခံတိုက်ခိုက်ရာသည်ဟု ဆိုသဖြင့် ထားဝယ်နယ်ကို ယိုးဒယားနှင့် မြန်မာ၊ ဘတစ်ပြန် ကျားတစ်ပြန်လုနေကြပုံရသည်။

သာလွန်မင်းကြီးလက်ထက် ထုတ်ပြန်သောအမိန့်တော်အရ အင်းဝကိုဗဟိုပြုလျှက် စိုးပိုင်သော ယင်းခေတ်နိုင်ငံအကျယ်အဝန်းမှာ ယခုခေတ်အပိုင်းအခြားနှင့်ကြည့်လျှင်တောင်ဘက်တွင် ရေး၊ ထားဝယ်နှင့် တနင်္သာရီမြို့တို့ ပါဝင်ပေသည်။ ထို့မှမကထိုအချိန်က ထားဝယ်နယ်နမိတ်အပိုင်းအခြားကိုလည်း အောက်ပါအတိုင်း ဖော်ပြထားသည်ကိုတွေ့ရပေသည်။

"ထားဝယ်မြို့နယ်က အရှေ့ကိုလားသော် ထားမှိုတ်က ကျသည့်မြစ်၊ တောင်ကိုလားသော် တနင်္သာရီမြို့မြေနှင့်ကျော နိုင်း၊ အနောက်ကိုလားသော် ရှင်သငယ်မော်၊ မောင်းမကာန် အနောက်ပင်လယ်အထိမြောက်ကိုလားသော်ငုက်ရိုးတောသို့ ဟု လည်းကောင်း ဖော်ပြထားသည်။" [၈၁]

မဟာဓမ္မရာဇဓိပတိ(၁၇၃၃-၁၇၅၂) လက်ထက် အင်းဝနေပြည်တော်သည် ၁၇၅၁ ခုနှစ် ဧပြီလတွင်မွန်တို့ လက်အောက်သို့ ကျရောက်သွားပြီဖြစ်ခဲ့ရာ ပုဂံ၊ သရေခေတ္တရာ၊ ပုသိမ်၊ ကေတုမတီ၊ မုတ္တမ၊ ထားဝယ်၊ မြိတ်၊ တနင်္သာရီ၊ ဇင်းမယ်၊ ကျိုင်းရုံ၊ ကျိုင်းတုံ၊ မိုးနယ်၊ ညောင်ရွှေ စသည့် အရပ်ရပ် မြို့ကြီးပြကြီး အသီးသီးတို့သည် မင်းဧကရာဇ်မရှိဟုဆိုသည် နှင့်ခြားနားကြ၍ ကိုယ်စီကိုယ်ငှမြို့နယ်ပိုင်းခြားကာသီးခြားမင်းငယ်များပြုကြသည်။ (ထိုအချိန်တွင် ထားဝယ်နယ်၌ ဦးနဲ့လှသည်မင်းနဲ့လှအမည်ခံ၍ ကြက်စားမြို့ နောက်၊ သာယာ ဝတီမြို့တို့ကို သီးခြားတည်ထောင်သည်။)

ဟံသာဝတီမှ ဦးအောင်လှ (ဗညားဒလ) သည် အင်းဝကို အပြီးတိုင်ချေမှုန်းပျက်စီးနေချိန်၌ အထက်မြန်မာပြည်နိုင်ငံတွင်လူစွမ်းကောင်း ပေါ်လာသည်။ ထိုသူသည် တတိယမြန်မာနိုင်ငံတော်ကြီးကိုစည်းရုံးတည်ထောင်ခဲ့သောအလောင်းမင်းတရားဦးအောင်ဇေယျပင်ဖြစ်သည်။ ထိုသည် နောက်ပိုင်းကို ကုန်းဘောင်ခေတ်ဟုခေါ်သည် ဖြစ်ရာ ကုန်းဘောင်ခေတ် ထားဝယ်အခြေအနေကို နောက်ပိုင်းဖော်ပြမည့် ကြက်စားမြို့ဟောင်းနှင့်သာယာဝတီမြို့ဟောင်းတို့အကြောင်းတွင် ဆက်လက်ဖော်ပြပါမည်။

ကြက်စားမြို့ (ယခု - ကြက်စားမြင်ရပ်)

တတိယသာဂရ(ဇလွန်)မင်းဆက်မှ နောက်ဆုံးမင်း ဖြစ်သော မင်းနဲ့လှသည် သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် မွန်နှင့်မြန်မာ အရေးတော်ပုံဖြစ်နေခိုက် အင်းဝဘုရင်လည်း ဟံသာဝတီသို့ပါသွားချိန်ကို အခွင့်ကောင်းယူကာ၊ သာဂရမြို့၌ သီးခြားမင်းပြုနေရာမှ ထားဝယ်မြစ်ကိုဖြတ်ကူး၍ ယခု-ထားဝယ်မြို့၊ ကြက်စားမြင်နေရာတွင် မြို့တည်ပါသည်။ ထိုစဉ်ကဟံသာဝတီမှ မွန်တို့ကလည်း သာဂရကိုလှည့်မကြည့်နိုင်သော အချိန်ဖြစ်ပုံရသည်။

မွန်(တလိုင်း)တို့၏ရန်ကို ရှောင်၍ တည်ခဲ့သောမြို့ဖြစ်သဖြင့်တလိုင်းရှောင်မြို့ဟူ၍လည်းခေါ်သည်။ ထို တလိုင်းရှောင်မြို့ (သို့မဟုတ်) ကြက်စားမြို့သည် မြို့သက် သုံးနှစ်သာခံသည်။ သက္ကရာဇ် ၁၁၁၆ ခုနှစ်တွင် မင်းနဲ့လှသည် ယခု ထားဝယ်မြို့ နေရာတွင် သာယာဝတီမြို့ဟု သမုတ်ပြီးမြို့သစ် တည်ပါသည်။

တလိုင်းရှောင်(သို့မဟုတ်) ကြက်စားမြို့ နှင့် သာယာ

ဝတီမြို့(ယခု-ထားဝယ်မြို့)တို့သည် အလွန်နီးကပ်နေပေရာ ကြက်စားမြို့သက်လည်းသုံးနှစ်သာကြာသဖြင့်ယာယီမြို့အနေဖြင့် မြေမြို့ရိုးသာရှိမည်ဟု ခန့်မှန်းခဲ့ပါသည်။ သို့ရာတွင် ကြက်စားမြို့မှ (၁၅"×၇" × ၃-၂½) အရွယ်ရှိ အုတ်ချပ်ကြီးများ ရရှိသဖြင့် အုတ်မြို့ရိုး အခိုင်အမာတည်ခဲ့လေသလားဟု ခန့်မှန်းရသည်။၎င်းအုတ်ချပ်ကြီးများသည် နန်းမြို့ရိုးအုတ်ချပ်များ မဟုတ်လျှင်လည်း နန်းမြို့တွင်း အဆောက်အဦများမှ အုတ်ချပ်များဖြစ်ပေမည်။

ကြက်စားမြို့(သို့မဟုတ်) တလိုင်းချောင်မြို့ဟောင်း၏ မြို့ ကွက်အနေအထားကိုမှန်းဆ၍မရရှိတော့ပါ။ပြောင်းလဲလာသည့် မြို့ရွာတိုးတက်မှုကြောင့် မြို့ရိုးရာ၊ ကျုံးရာများ မတွေ့ရခြင်းဖြစ်သည်။ ထားဝယ်မြစ်ကမ်းနဘေးတွင်ပင် တည်ထောင်ထား ခြင်းဖြစ်ရာကြက်စားမြို့၏ အနောက်ဘက်မျက်နှာတွင်မြို့ရိုးမထား ရှိဘဲ၊ ထားဝယ်မြစ်ကိုပင် သဘာဝကျုံးအနေအထား အသုံးပြုပုံရသည်။ ဘုမွှော်ချောင်းသည် လည်း ကြက်စားမြို့၏မြောက်ဘက်သဘာဝကျုံးအနေအထားရှိပုံရသည်ဟုခန့်မှန်းရပါသည်။

သာယာဝတီမြို့ဟောင်း (ယခု - ထားဝယ်မြို့)

သက္ကရာဇ် ၁၁၁၃ ခုနှစ်တွင် တလိုင်းချောင်မြို့ (သို့မဟုတ်) ကြက်စားမြို့ကိုတည်ခဲ့သော မင်းနဲလှသည် ကြက်စားမြို့ကို စိတ်တိုင်းမကျ၍ မြို့၏မြောက်ဘက်ချောင်း (ယခု ဘုမွှော်ချောင်း) ၏ တစ်ဖက်တွင် မြို့သစ်တည်သည်။

"ဥဩဈော်သည်"ဟူသော အမှတ်သင်္ကေတနံ့သင့် အကျွရာအရ မင်းနဲလှသည် ကောဇာသက္ကရာဇ် ၁၁၁၆ ခုနှစ်၊ တပေါင်းလဆန်း ၁၃ရက်၊ စနေနေ့တွင်၊ ယနေ့ထားဝယ်မြို့ တည်ရှိရာအရပ်၌ အုတ်မြို့တည်ဆောက်၍ ဘုမ္မိနက်သန် မြေခံညီညွတ်ကောင်းမွန်၊ သာယာဝပြောသောကြောင့် "သာယာဝတီမြို့"ဟု သမုတ်လေသည်။ မြောက်ဘက်တွင်

ကြက်စားအုတ်ချပ်

ရှိသောချောင်း (ယခု - အုတ်တံတားကြီး တည်ရှိရာ မြောင်းပုလဲချောင်း)၊ တောင်ဘက်တွင်ရှိသော (ယခု ဘုမွှော်ချောင်း)နှင့်အနောက်ဘက်ရှိ ထားဝယ်မြစ်တို့ကို သဘာဝကျုံးများသဖွယ်ထား၍ မြို့တည်ခြင်းဖြစ်သည်။ သဘာဝအနေအထားကိုနှစ်သက်၍မင်းနဲလှသည်ကြက်စားမြို့ကိုတည်ထောင်ပြီးသုံးနှစ်အရတွင် သာယာဝတီ(ထားဝယ်)မြို့ကို တည်ထောင်ခြင်းဖြစ်ဟန်တူသည်။

မြို့အဝန်းကား(၈၂၄)တာကျယ်ဝန်းပြီး သုံ့ရဲခို (၂၅၈) အုတ်မြို့မြောင် သုံးတောင်၊ မြို့နဖူး မြောက်တောင်နှင့် တံခါးငါးပေါက်ရှိသည်။

(၁) အရှေ့ဘက်တွင် မြို့ဗ္ဗာခေါ် ပုပ္ပါးတံခါး (ယခု ကရဝ်ဖြင်လမ်းဆုံ)

(၂) မြောက်ဘက်တွင်မင်္ဂလာတံခါး (ယခု အုတ်တံတားကြီး လမ်းဆုံ)

(၃) တောင်ဘက်တွင် ရတနာတံခါး (ယခု အထက-၂ သို့ ထွက်ရာ အလယ်လမ်းနှင့် ညောင်ပင်ကြီးလမ်းတိုက်သစ် ကျောင်းလမ်းဆုံ)

(၄) အနောက်ဘက်တွင် အမင်္ဂလာတံခါး ခေါ် မသာတံခါး (ယခုလမ်းဆုံကြီး)

(၅) တံခါးငယ် မုတ္တမတံခါး (အနောက် လမ်းကြားအဝ) တို့ဖြစ်ကြပါသည်။

မင်းနဲလှသည် သာဂရမြို့ဟောင်းကို ကနဦးအစ တည်ထောင်တော်မူသည့် သမန္တရာဇာမင်း၏ ကျေးဇူးဂုဏ်ကို လေးစားခြင်း၊ အမှတ်ရစေခြင်းငှာ - မြို့အမည်ကို သာဂရမြို့နှင့် ဆင်ဆင်တူသော သာယာဝတီ မြို့ဟု (မြို့အမည်အဓိပ္ပါယ်ခြင်းလည်းတူပါသည်။) သမုတ်တော်မူသည့်အပြင်၊ သာဂရ မြို့ဟောင်းမှ ရပ်ရွာအမည်များအတိုင်း သာယာဝတီမြို့တစ်ဝန်းတွင် မှည့်ခေါ် သမုတ်တော်မူခဲ့လေသည်။

သာဂရမြို့၏ မြောက်ဘက်မြို့ရိုး အပြင်ဘက်တွင် ဆင်ပုနစ်ရပ်ဟုရှိသည်။ ဘုရင့်ဆင်ကျုံးတော်များရှိသော နေရာဖြစ်၍ ဆင်ပုနစ်ရပ်ဟုခေါ်သည်။ ယခုတိုင်သာဂရမြို့ဟောင်း ၏ မြောက်တွင် ဆင်ပုနစ်ရွာဟုကျန်သေးသည်။ သာယာဝတီမြို့ မြောက်ဘက်မြို့ရိုးအပြင်ဘက်တွင်လည်း ဆင်ပုနစ်ရပ်ဟုတည်ထားရာ၊ ယခုထက်တိုင်ရှိပါသေးသည်။ သာဂရမြို့ဟောင်းမှာ ရှိခဲ့သည့်မြင်ထင်ရပ်ကိုစွဲပြီး မြင်ထင်ရပ် (ထားဝယ်လိုမြင်ထန်) ဟုမှည့်သည်။ ယခု ထားဝယ်မြို့တွင် မြို့တွင်းရပ်ဟုခေါ်သည်။ ယခင်ကဤနေရာကို မြို့တွင်း မြင်ထန်ဟူ၍တွဲပြီးခေါ်သည်။ ယခုခေတ် ပုံကျွန်းရပ်ဟု

ခေါ်သည့်အရပ်ကို ယခင်က ဖြင်ထန်ဟုခေါ်သည်။ အဖြင်ဖြင်ထန်မြစ်သည်။ ကရပ်ပြင်ရပ်ဆိုသည်မှာ ယခု ထားဝယ်မြို့၏ အရှေ့တောင်ထောင့်တွင် ရှိသကဲ့သို့ သာဂရ မြို့ဟောင်း၏အရှေ့တောင်ထောင့်တွင်လည်းယခုထိကရပ်ပြင်ရပ်ဟုခေါ်သောနေရာရှိသည်။ လယ်များဖြစ်နေပေပြီ။ ထားဝယ်မြို့၏ အရှေ့တောင်ဘက်တွင် ကညဲ့ရပ် ဟုခေါ်သည့် ရပ်ကွက်ရှိသကဲ့သို့၊ သာဂရမြို့၏ထိုနေရာတွင်လည်းကညဲ့ဟုခေါ်သောနေရာရှိသည်။ သို့သော် သာဂရခေတ်က ကညှဟုခေါ်သည်။ ယခုအခါ ထားဝယ်မြို့အရှေ့ဘက်၌ ရွှေလည်ဆွဲရပ်ဟုရှိသကဲ့သို့၊သာဂရမြို့တွင်လည်း ရွှေလည်ဆွဲဟုခေါ်သောနေရာ ရှိသည်။ သို့သော် မြို့၏အနောက်ဘက်တွင်ဖြစ်သည်။ ဥသာရုံရပ်၊ တောင်ခွရပ် (ယခု ခုံဝင်းတပ်) တလိုင်းထိန်၊ တလိုင်းမရပ်များသည်လည်း သာဂရမြို့ဟောင်းမှ ရပ်ရွာအမည်များအတိုင်း မှည့်ခေါ်ထားခြင်းဖြစ်သည်။

သာယာဝတီမြို့တည်နေရာသည် ယခု ခေတ်ထားဝယ်မြို့လယ် တည်နေရာတစ်ဝိုက် လောက်တွင်သာဖြစ်သည်။ မြို့ရိုး နှစ်ထပ်ရှိသည်။ တစ်ထပ်နှင့်တစ်ထပ် ကိုက် ၅၀၀ မှ ၈၀၀ ခန့် ကွာဝေးသည်။ အတွင်းမြို့ရိုးမှာ (၂)မိုင်ခွဲခန့်ရှိသည်။ အင်တေ မကိုင်ထားသော အုတ်မြို့ရိုးကြီးဖြစ်သည်။ ၎င်းမြို့ရိုးအုတ်များ သည်(၁၅"× ၇") အလျားအနံရှိ၍၊ ၃ (၂")ခွဲခန့်ရှိသည်။ အပြင်မြို့ရိုးမှာ မြောက်ဘက်နှင့်အနောက်ဘက်မျက်နှာတွင်သာရှိသည်။ အရပ်လေးမျက်နှာတွင်ရှိသည့် တံခါးဝတိုင်းမှာ ရင်တားတစ်ခုစီရှိသည်။ မိုးတွင်းမှာ ရေဝပ်ရေကြီးတတ်၍ မြို့သူမြို့သား အများစုသည် မြို့တွင်းမှာသာ နေထိုင်ကြပြီး၊ မြို့ရိုးနှစ်ခု ကြားတွင် နေထိုင်သူများသည်ဟု ဆိုသည်။ အရှေ့ဘက်မြို့ရိုး မှာ ယခုခေတ် မြေတိုက်ကျောင်းမှ ပခုက္ကူကျောင်းထောင့်အထိဖြစ်သည်။ အုတ်မြို့ရိုးကြီးဖြစ်၍ ဗြိတိသျှခေတ်က ၎င်းလမ်းကို စတီဖင်ဆင်လမ်း ဟုခေါ်သည်။ဂျပန်ခေတ်ရောက်မှ ရွှေတောင်စားလမ်းဟုပြောင်းခဲ့သည်မှာ ယနေ့အထိတွင်နေသည်။ ရွှေတောင်စားလမ်းပေါ်မှကြည့်လျှင် အရှေ့ဘက်ကရပ်ပြင်ရပ်ကွက် (ပိန္နဲတောအုပ်စု)တစ်ခုလုံးသည်နိမ့်လျောကြီးဖြစ်နေသည်ကိုတွေ့ရမည်။ အစက လယ်များဖြစ်သည်။ မြို့ရိုးအပိုင်းအစ အချို့ကျန်းမိုးမိုးသည် ပခုက္ကူကျောင်းဝင်းရှေ့ဘက်အုတ်တံတိုင်းနားတွင်ကျန် သေးသည်။ ကျုံးများမှာ အရှေ့ဘက်နှင့် အနောက်ဘက်တွင် ရွှေးအခါက တချို့တစ်ဝက်ကျန်သေးသည်။ မြနိစိပယ်(ယခု-စည်ပင်)မှ အမှိုက်များသိမ်းသည့် လှည်းများ ကားများနှင့်ကျုံးဟောင်းများအတွင်း အမှိုက်ပစ်ချရာ တဖြည်းဖြည်းနှင့် ကျုံး အဖြစ်မှမြေညီအဖြစ် ရောက်ပြီး လူနေအိမ်များနှင့် ပြည့်နှက်လာ ၍ ကျုံးရာများ ပျောက်ကွယ်ကုန်သည်။ အချို့နေရာများတွင် ကျုံးဟောင်း ဟောင်ဟောင်နေရာများ ကျန်ရှိနေသေးသည်ကို သတိထားကြည့်လျှင်တွေ့နိုင်ပါသည်။

ရွှေတောင်စားလမ်းနှင့်ဆေးရုံလမ်းဆုံမှစ၍အောက်ဘက် နိဗ္ဗာန်လမ်းအဆုံး၊ မြိတ်တန်းလမ်းဆုံအထိ (ဗိုလ်ချုပ်လမ်းနှင့် နိဗ္ဗာန်လမ်းထောင့်) မြောက်ဘက်မြို့ရိုးကြီးရှိသည်။ အုတ်တံတား ကြီးလမ်းဆုံမှာမြောက်ဘက် မင်္ဂလာတံခါးရှိရာနေရာဖြစ်သည်။ အပေါ်ဘက်ဆေးရုံလမ်း၊ အောက်ဘက်နိဗ္ဗာန်လမ်း ဟုခေါ်သည့် လမ်းမကြီးကို ဗြိတိသျှခေတ်က ထားဝယ်မြို့တွင် ပထမဆုံးခရိုင်ဝန်အဖြစ်အမှုထမ်းသွားသည့် ကပ္ပတိန်ဘာနေ (နောင်အခါ မြန်မာများကမယ်ဇယ်ဘော်ရနီ ဟုခေါ်သည့်မေဂျာဟင်နရီဘာနေ) ကိုဂုဏ်ပြုသည့်အနေဖြင့် ဘာနေလမ်းဟု အမည်မှည့်ခဲ့သည်။ ဂျပန်ခေတ်တွင်မြို့ရိုးလမ်းဟု မြန်မာအမည်ပြောင်းခဲ့သည်။ ယခုခေတ်တွင် အုတ်တံတားကြီးလမ်းဆုံ အောက်ပိုင်းကို နိဗ္ဗာန်လမ်း၊ အထက်ပိုင်းကို ဆေးရုံလမ်းဟု မြန်မာအမည်ပြောင်းထားသည်။

မြိတ်တန်းလမ်းဆုံမှ ဘုမ္မော်ညောင်ပင်ကြီးလမ်းဆုံအထိ အနောက်ဘက်မြို့ရိုးရှိခဲ့သည်။ အနောက်ဘက်မြို့ရိုး၏ယခုခေတ် လမ်းဆုံကြီးလေးဘက်တွင် အမင်္ဂလာတံခါးခေါ် မသာတံခါးရှိသည်။ မြို့အတွင်းသာမန်အရပ်သားများ၏ အသုဘများကို ယင်း တံခါးမှအပြင်သို့ထုတ်ရသည်။ ဘုမ္မော်ညောင်ပင်ကြီးလမ်း ဆုံမှနေပြီး အထက်ညောင်ပင်ကြီးလမ်းအတိုင်း တက်သွား၍ အလယ်လမ်းကိုကျော်လိုက်လျှင် တိုက်သစ်ကျောင်းလမ်းသို့ ရောက်သည်။ ၎င်းကျောင်းလမ်းမှ မြေတိုက်ကျောင်းထောင့်အထိ မှာ တောင်ဘက် မြို့ရိုးကြီး ရှိခဲ့သည်။ ယခုခေတ် အထက (၂)သို့ ထွက်ရာအလယ်လမ်းနှင့် ညောင်ပင်ကြီးလမ်း၊ တိုက်သစ်ကျောင်း လမ်းဆုံရာနေရာမှာ တောင်ဘက်ရတနာတံခါးရှိသည်။ ယခုတိုင်ယင်းနေရာကို "တောင်ခွ"ဟုခေါ်ကြသေးသည်။ သာဂရမြို့ဟောင်းတွင်လည်း ၎င်းနေရာကို "တောင်ခွ" ဟုပင်ခေါ်သည်။ တောင်ဘက်တံခါးအနီးမြို့ရိုး အတွင်းဘက်တွင် မင်းကိုးကွယ်သည့် ကျောင်းတော်ကြီးရှိသဖြင့် တောင်ကျောင်းဟုခေါ်သည်။ ထို့ကြောင့် ခုံဝင်းတပ်ရပ်ဟုခေါ်ခြင်းမှာ ခုံမင်းကြီးမောင်ဝနေသည့် အိမ်ဝင်းနှင့် စစ်တပ်ရှိရာဖြစ်သဖြင့် ခုံမင်းကြီး၏ဝင်းနှင့်တပ်ရှိ၍ ခုံဝင်းတပ်(ခုံဝင်းခဝ်) ရပ်ဟုခေါ်ခြင်းဖြစ်သည်ဆိုသည်။

သာယာဝတီမြို့ (ယခု-ထားဝယ်မြို့)ကွက်ကို မှန်းကြည့်

လျှင် အရှေ့ဘက်မြို့ရိုးသည် ယခုခေတ်မြေတိုက်ကျောင်း အရှေ့တောင်ထောင့်ကစ၍၊ မြောက်ဘက်ရှေ့တောင်စား လမ်းနှင့် ဆေးရုံလမ်းဆုံအဆုံးအထိ၊ မြောက်ဘက်မြို့ရိုး သည်လည်း ထိုလမ်းဆုံးမှ နေပြီး အောက်ဘက်မြစ်တန်း လမ်းဆုံအထိ အနောက်ဘက်မြို့ ရိုးသည် မြစ်တန်းလမ်းဆုံမှ နေပြီး ဘုမွှော်ညောင်ပင်ကြီးလမ်း ထောင့်အထိ တောင်ဘက် မြို့ရိုးမှာမူ ညောင်ပင်ကြီးလမ်းထောင့်မှ အရှေ့ဘက်မြေတိုက် ကျောင်းထောင့်အထိ တစ်ပတ်ဆိုက် လေးထောင့်ကွက်ကြီး ဖြစ်ပါသည်။ သာယာဝတီမြို့ရိုးကြီး အတွင်းတွင် ယခုခေတ် ဇရစ်ရပ်၊ ခုံဝင်းတစ်ရပ်၊ ကညွှဲရပ်၊ မြောက်ရွာရပ်၊ မြို့တွင်းရပ်၊ နောက်ရပ်ခေါ်သည့် ရပ်ကွက်များ လောက်သာရှိသည့် အကျယ်အဝန်းရှိပါသည်။ အတွင်းအုတ်မြို့ရိုးကြီး အပြင် ဘက်တွင်ကျုံးပတ်လည်ရှိသည်။မြို့ရိုးတောင်ဘက်ကျုံးအပြင် သဘာဝအနေအထားအရ အပြင်ကျုံးအဖြစ် ဘုမွှော်ချောင်း ရှိသည်။ မြောက်ဘက်အပြင် ကျုံးအဖြစ်အုတ်တံတားကြီးရှိ သည့် မြောင်းပုလဲချောင်းရှိသည်။ အတွင်းအုတ်မြို့ရိုးနှင့် အပြင်ကျုံးအဖြစ် အုတ်တံတားကြီးရှိသည့် မြောင်းပုလဲချောင်း ရှိသည်။ အတွင်းအုတ်မြို့ရိုးနှင့် အပြင်မြို့ရိုးကြားတွင် လူနေ အိမ်ခြေများရှိရာ ယခုခေတ် ကရပ်ပြင်ရပ်၊ ပိန္နဲတော်ရပ်၊ အိုး လုပ်ရပ်၊ ဆင်ပုနစ်ရပ်၊ တလိုင်းထိန်ရပ်၊ တလိုင်းမရပ်၊ သင်္ဘောဆိပ်ရပ်၊ ဒေါင်းငူရပ် နှင့် ဘုမွှော်ရပ်များ ဖြစ်လာကြ သည်ဟုထင်ရသည်။ ထားဝယ်မြို့လယ်ရုံးကြီး ဆောက်ထား သည့် ကုန်းမို့မို့ ပေါ်တွင် ဗိနသီရိရှုပ်ပွားတော်ရှိသောကြောင့် ထိုဘုရားကြီးကို အလယ်ထားပြီး ဘုရားကြီး၏ မြောက်ဘက် ကို မြောက်ရွာရပ် ဟုခေါ်သည် မြောက်ရွာရပ်ကို ရှေးက မြစ်အောက်ရပ်ဟုခေါ်ခဲ့သည်။ ပုဂံခေတ်ကျောက်စာများ တွင် မှစ်အော့ဟု ပါရာ အဓိပ္ပာယ်မှာ မြောက်ဘက်အရပ်ဟု ဆိုသည်။ သို့ဖြစ်၍ မြစ်အောက်ရပ်ကို မြောက်ရွာဟုခေါ်ခြင်း လည်းဖြစ်နိုင်သည်။ ဗိနသီရိဘုရားကြီး၏ အနောက် ဘက်မှာရှိသည့်အရပ်ကို အနောက်ရပ်၊ ဘုရားကြီး၏တောင် ဘက်က ကျောင်းရှိရာအရပ်ကို တောင်ကျောင်း (ယခု ခုံဝင်း ခပ်) အိုးများ လုပ်ရာအရပ်ကို အိုးလုပ်ရပ်၊ လှေသင်္ဘောများ ဆိုက်ကပ်ရာဆိပ်ကမ်းရှိသည့်အရပ်ကို သင်္ဘောဆိပ်ရပ် ဟု ထိုအရပ်တွင် နေသည့်နေလူများ၏အလုပ်အကိုင်နှင့်တည်ရာ ဌာနကိုလိုက်ပြီး အမည်မှည့်ခေါ်ခဲ့သည်ဟုထင်ပါသည်။

မင်းနဲ့လှ၏အိမ်တော်နေရာမှာ ယခုခေတ် ထားဝယ်မြို့ မြို့မရဲစခန်းတည်ရာနေရာနှင့် မျက်နှာချင်းဆိုင်လောက်တွင် ရှိသည်။ အိမ်ပုံစံမှာ ကုန်းဘောင်ခေတ်မြို့ဝန်များနေသည့် အိမ်ပုံစံကဲ့သို့ပင် ဖြစ်မည်။ မင်းနဲ့လှအိမ်တော်ဆောင်ပုံ နှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆိုရှိခဲ့သည် -

သံတိုမယ်နှ၊ ချောင်းမှုမပါ
တိုင်မှာထုပ်စွပ်၊ ယွင်းရွတ်ကင်းပ
ယက်မအလျှို၊ ရှေးဟိုလုပ်ရေး
ပေါက်သေးပေါက်ကြီး၊ သီးသီးအစင်း
ပျဉ်ချင်းဆက်စပ်၊ ရွက်ထပ်အကာ
ခိုနှုတ်သာဟူ၊ စဉ်လာဆက်နီး
သက်ကြီးသက်မ၊ ပြောဆိုကြသည်။

မင်းနဲ့လှ အိမ်တော်ဆောက်လုပ်ရာတွင် သံတိုမယ်နှ တစ်ချောင်းမှုမပါဘဲ အခိုင်အခန့်ဆောက်လုပ်ခဲ့ခြင်းကို တစ်ရင်ထားခြင်းဖြစ်သည်။

ယခုခေတ် မင်္ဂလာသီရိရုပ်ရှင်ရုံနှင့် ကျွမ်းတိတ်တရုတ် ဘုံကျောင်းနေရာသည် အုပ်ချုပ်သူမင်း၏ စပါးများကို သိုလှောင်ထားသော ကျီတော်ကြီးတည်ဆောက်ထားသည့် နေရာဖြစ်သည်။ ယခုခေတ် ဆက်သွယ်ရေးရုံးနေရာကမူ ဈေးကြီးနေရာဖြစ်သည်။ ယနေ့ထိ မြောင်းကြီးနှင့်တံတား တစ်ခုရှိသေးသည်။ ဤမြောင်းသည် ဘုမွှော်ချောင်းသို့ စီးဝင် သည်။ မူလချောင်းငယ်ကလေးဖြစ်သည်။ ထားဝယ်မြစ် အတွင်းမှ ရောင်းချရန် ကုန်ပစ္စည်းများကို လှေငယ်များနှင့် တင်ဆောင်ပြီး ရှေးခေတ်ဈေးကြီး အနီးမှချောင်းတွင် ဆိုက်ကပ်ရောင်းချရသဖြင့် ဈေးကြီးချောင်း ဟုခေါ်သည်။ ယခုခေတ်မြို့လယ်ဈေးကြီး နေရာမှာမူ ရှေးခေတ်က အကျဉ်းထောင်ဖြစ်သည်။ ယခုခေတ် ထားဝယ်မြို့လယ် (ယခင်-တယကရုံး) ရုံးကြီးဖြစ်ခဲ့သည့် အဆောက်အဦနေရာ တွင် မင်းနဲ့လှသည် သက္ကရာဇ် ၁၁၁၈ ခုနှစ်၊ ဝေဒီမြို့ဟောင်း၊ မဟာစေတီပျက်မှဌာပနာများကိုယူခဲ့ပြီးဥာဏ်တော် (၉) တောင် (၁)ထွာရှိသည့် ဆင်းတုကြီးတစ်ဆူတည်ခဲ့သည်- ဟုဆို၏။ ဆင်းတု တော်ကြီး၏ဘွဲ့တော်မှာ ဗိနသီရိရုပ်ပွား တော် ဟုခေါ်သည်။ စေယျသုခသိမ်တော်ကြီးကိုလည်း ထို ကုန်းပေါ်တွင်ပင် ဆောက်လုပ်လှူဒါန်းခဲ့သည်။ ယနေ့တွေ့ မြင်နေရသေးသည့် ညောင်ပင်ကြီးမှာ ထိုခေတ်ကတည်းက ရှိခဲ့သည့် ဗောဓိညောင်ပင်ကြီးဖြစ်သည်။ ယခုခေတ် မြန်မာ စီးပွားရေးဘဏ်ရှိသည့် တိုက်တန်းကြီးနေရာတွင် မဟာဘဒ္ဒ သမုတ်သိမ်တော်ကြီးကို မင်းနဲ့လှဆောက်လုပ်လှူဒါန်းခဲ့ သည်။

မင်းနဲ့လှသည် အလောင်းမင်းတရားကြီး ယိုးဒယားသို့ လာသည့်အခါ သစ္စာတော်ခံရန် သားမယားအစုံအညီ နှင့်ကလိန်အောင်နားမှသွား၍ကြိုဆိုရာအလောင်းမင်းတရား ကြီးနှင့်မတွေ့ဆုံရပေ။ မင်းတရားကြီး၏စစ်တံခွန်တပ်မှ

စစ်သည်များကကွပ်မျက်လိုက်၍ သက္ကရာဇ်၁၁၂၁ခုနတ်တော်လပြည့်ကျော်(၅)ရက်နေ့တွင် ကံကုန်ပါသည်။ မင်းနဲလှ မရှိသည့်နောက် ရေဝန်ဒေဝဒိဗ္ဗကို မြို့ဝန်ခန့်ထားခဲ့သည်။ တစ်နှစ်ခန့်အကြာတွင် မင်းနဲလှလက်ထက်က ရွှေတောင်ရပ်ကိုစားခဲ့သည့် မင်းရှင်ဇော်က တပ်မှူးမောင်နဲအောင် နှင့်ပူးပေါင်းပြီး ရေဝန်ဒေဝဒိဗ္ဗ ကိုလုပ်ကြံကာ၊ ထားဝယ်မြို့၌ သီးခြားမင်းပြု၏။ ရွှေတောင်စားမင်း ဟုတွင်သည်။

ရွှေတောင်စားစေတီတော်ကြီးကို ယနေ့ ဖူးမျှော်ရသည့် ပုံအတိုင်း တည်ထားခဲ့သူမှာ ရွှေတောင်စားမင်း၊ မင်းရှင်ဇော်ပင် ဖြစ်သည်။ ဆင်ဖြူရှင်မင်းတရားလက်ထက် ယိုးဒယားကိုစစ်ချီသည့်အခါ ဗိုလ်မှူးမဟာအနော်ရထာ၊ ထားဝယ်ကြောင်း ချီလာရာ မင်းရှင်ဇော် မခုခံနိုင်ဘဲ၊ မြိတ်မြို့သို့ပြေးသည်။ ထိုစဉ်က မြိတ်သည် ယိုးဒယားလက်အောက်ခံဖြစ်သည်။ မဟာနော်ရထာသည် မင်းရှင်ဇော်ကိုပြန်တောင်းရာ ယိုးဒယားတို့ကမအပ်ပေ။ နောင်တွင် တနင်္သာရီမြို့မှ တစ်ဆင့်မင်းရှင်ဇော်သည် သားမယားများနှင့်တကွယိုးဒယားဘက်သို့ခိုဝင်သွားသည်။ ထိုအချိန်မှစ၍ သာယာဝတီ(ထားဝယ်မြို့)ကို ကုန်းဘောင်မင်းများပိုင်စိုး၍ မြို့ဝန်များနှင့် အုပ်ချုပ်လာရာ ၁၁၈၃ ခုနှစ်၊ နောက်ဆုံး ထားဝယ်မြို့ဝန်မင်းကြီးမင်းကျော်စည်သူ ဦးရွှေတုပ်လက်ထက်အထိဖြစ်သည်။ သက္ကရာဇ် ၁၁၈၆ ခုနှစ်တွင် ရုရှပိုစာချုပ်အရ ထားဝယ်မြို့သည်(တနင်္သာရီတစ်တိုင်းလုံး)ဗြိတိသျှလက်အောက်သို့ ကျရောက်ခဲ့သည်။

သာယာဝတီ (ထားဝယ်မြို့)၌ အုပ်စိုးကြသည့် မင်းဆက်ဇယားကို ဖော်ပြလိုက်ပါသည် -

အမှတ်စဉ်	မင်းအမည်	အုပ်စိုးသည့်နှစ်အစ	စည်းစိမ်
၁။	မင်းနဲလှ	၁၁၁၆ ခုနှစ်	၅-နှစ်
၂။	ရေဝန်ဒေဝဒိဗ္ဗ	၁၁၂၁ ခုနှစ်	၁-နှစ်
၃။	မင်းရှင်ဇော် (ရွှေတောင်စားမင်း)	၁၁၂၂ ခုနှစ်	၆-နှစ်
၄။	မဟာနော်ရထာ ဇေယျတုရံသူ	၁၁၂၈ ခုနှစ်	၁-နှစ်
၅။	ရာဇသူရကျော်	၁၁၂၉ ခုနှစ်	၁-နှစ်
၆။	နေမျိုးဇေယျာသူ	၁၁၃၀ ခုနှစ်	၈-နှစ်
၇။	နေမျိုးလက်ျာဇေယျ	၁၁၃၈ ခုနှစ်	၆-နှစ်
၈။	မဏ္ဍရာဗိုလ်	၁၁၄၄ ခုနှစ်	၃-နှစ်
၉။	ပုံချိုသူရ	၁၁၄၇ ခုနှစ်	၁-နှစ်
၁၀။	ဦးမြတ်ဖြူ	၁၁၄၈ ခုနှစ်	၁-နှစ်
၁၁။	ဒလဝန်နေမျိုးကျော်ရပ်	၁၁၄၉ ခုနှစ်	၁-နှစ်
၁၂။	ပုံချိုသူရ	၁၁၅၀ ခုနှစ်	၁-နှစ်
၁၃။	ဦးမြတ်ဖြူ	၁၁၅၁ ခုနှစ်	၃-နှစ်
၁၄။	နတ်မီးလင်း	၁၁၅၄ ခုနှစ်	၆-နှစ်
၁၅။	မြို့ဝန်ဦးဘဦး	၁၁၆၀ ခုနှစ်	၆-နှစ်
၁၆။	စစ်ရဲကျော်	၁၁၆၆ ခုနှစ်	၁-နှစ်
၁၇။	မြို့ဝန်ဦးဘဦး	၁၁၆၇ ခုနှစ်	၂-နှစ်
၁၈။	ခိုင်းဝန်မင်း	၁၁၆၉ ခုနှစ်	၄-နှစ်
၁၉။	နေမျိုးမင်းကျော်	၁၁၇၃ ခုနှစ်	၁-နှစ်
၂၀။	နေမျိုးနော်ရထာ	၁၁၇၄ ခုနှစ်	၁-နှစ်
၂၁။	ရွှေတောင်နန္ဒသူ	၁၁၇၅ ခုနှစ်	၈-နှစ်
၂၂။	မင်းကြီးမင်းကျော်စည်သူ ဦးရွှေတုပ်	၁၁၈၃ ခုနှစ်	၃-နှစ်

(အထက်ပါမြို့ဝန်စာရင်းမှာ စာရေးသူယခင်ကရေးခဲ့သည့်စာရင်းများနှင့်မတူပါ။နောက်ဆုံးတွေ့ရှိချက်ဖြစ်သည်)

သာယာဝတီမြို့ခေါ် ထားဝယ်မြို့ကို ကုန်းဘောင်မင်းများလက်အောက်တွင်မြို့ဝန်မင်းများက အုပ်ချုပ်လာခဲ့သည်။ မဟာနော်ရထာဇေယျတုရံသူ၊ ရာဇသူရကျော်၊ နေမျိုးဇေယျာသူ တို့ပြီးနောက် ၁၁၃၈ ခုနှစ်တွင် နေမျိုးလက်ျာဇေယျသူက (၆)နှစ်၊ ၁၁၄၄ ခုနှစ်တွင် မြင်ဆိုင်းစားမဏ္ဍရာဗိုလ်က (၃)နှစ်၊ ၁၁၄၇ ခုနှစ်တွင် ပုံချိုသူရ(၁)နှစ်၊ အုပ်ချုပ်နေသည်အတွင်း ရှမ်း(ယိုးဒယား)တို့ကလာ၍ ဝိုင်းသည်။ ၁၁၄၈ ခုနှစ်တွင် ဦးမြတ်ဖြူက (၁)နှစ်ပြန်အုပ်ချုပ်ရသည်။ (၁၁၄၉)ခုနှစ်တွင် ဒလဝန်နေမျိုးကျော်ရပ် က(၁)နှစ်၊၁၁၅၀ပြည့်နှစ်တွင် ပုံချိုသူရက(၁)နှစ်ပြန်၍အုပ်ချုပ်ရပြန်သည်။(၁၁၅၁)ခုနှစ်တွင် ဦးမြတ်ဖြူ (မြင်ဆိုင်းစားမဏ္ဍရာဗိုလ်၏သားက (၃)နှစ်ပြန်၍ အုပ်ချုပ်ပြန်သည်။) ဦးမြတ်ဖြူ ပုန်ကန်၍ နတ်မီးလင်းကို မြို့ဝန်ခန့်၍ချီလာစေရာ ဦးမြတ်ဖြူကခုခံသည်။ ဦးမြတ်ဖြူ ယိုးဒယားသို့ထွက်ပြေးလျှင် ၁၁၅၄ခုနှစ်၌ နတ်မီးလင်း(၆)နှစ်မြို့ဝန်ဖြစ်ခဲ့သည်။(နတ်မီးလင်းသည်မရမ်းပင်ကျောင်းဆရာတော် ပညာသရဇ မဟာဓမ္မရာဇဂုရု သီတင်းသုံးရန် ဇေတဝန်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းသည်။) ၁၁၆၀ ခုနှစ်တွင် ဦးဘဦးကို ရာဇသင်္ကြန်ဘွဲ့အမည်နှင့် မြို့ဝန်ခန့်သည်(၆)နှစ်ကြာ၏။ (ဝရဓမ္မဆရာကြီး သီတင်းသုံးရန် ဇေတဝန် ရွှေကျောင်းကြီးဒါယကာခံတော်မူသည်။)(၁၁၆၆) ရောက်လျှင် ထားဝယ်မြို့သည် ရန်ဗူးရန်ညှောင့်များသည်ဆို၍ နေမျိုးနော်ရထာကို ဗိုလ်ချုပ်၊ ရွှေလှံတောင်ကို တပ်ဦးဗိုလ်ခန့်ပြီး လက်နက်လူအများနှင့်မြို့စောင့်လာထားသည်။ ယင်းဗိုလ်ချုပ်နေမျိုးနော်ရထာသည် ကျောက်မော်ကုန်းအရပ် မျှော်တော်ကန်အနီး အိမ်ဆောက်နေသည်ဆိုသည်။ ရွှေလှံ

တောင်မှာ တောင်ငူ ကျောင်းမဆောက်မီငုံး ကျောင်းနေရာတွင် အိမ်ဆောက်နေသည်ဆိုသည်။ ထိုနှစ်အတွင်း စစ်ရဲကျော်ဆိုသူက မြို့ဝန်အဖြစ်တစ်နှစ် အုပ်ချုပ်ရသည်။ (၁၁၆၇)ခုနှစ်ရောက်လျှင်စစ်ရဲကျော်အား ရွှေစက်တော်အောက်သို့ ပြန်စေပြီးနောက် ဦးဘဦးကိုယ်ပင် မြို့ဝန်ခန့်သည် နှစ်နှစ်ကြာ၏။ (၁၁၆၉)ခုနှစ်တွင် ဗိုင်းဝန်မင်းကြီး မဟာသီဟသူရသည် လက်နက် ကိုင်လူပေါင်း ၃၀၀၀၀နှင့် ဆိုက်ရောက်လာသည်။ မြို့ဝန်အဖြစ်နှင့် ညောင်ရမ်းရပ်တွင် သစ်လုံးတပ်နှင့် သုံးနှစ်နေသည်။ ၁၁၇၂ ခုနှစ်တွင် မြို့တွင်း ကညွှဲရပ်တွင် အိမ်ဆောက်၍နေပြန်သည်။ ၁၁၇၃ ခုနှစ် အထိဖြစ်၏။ ၁၁၇၃ ခုနှစ်တွင် မြို့ဝန်အဖြစ် နေမျိုးမင်းကျော်က တစ်နှစ် ၁၁၇၄ ခုနှစ်တွင် နေမျိုးနော်ရထာက မြို့ဝန်အဖြစ် တစ်နှစ် အုပ်ချုပ်ကြရသည်။ (၁၁၇၅)ခုနှစ်တွင် ရွှေတောင်နန္ဒသူမြို့ဝန်လုပ်၍ ရှစ်နှစ်ခန့်ကြာသည်။ ရာဇသင်္ကြန်ဘွဲ့ရ၏။ ၁၁၈၃ ခုနှစ်တွင် မင်းကြီးမင်းကျော်စည်သူဦးရွှေတုပ် နောက်ဆုံးမြို့ဝန် သုံးနှစ်ဖြစ်သည်။ ၎င်းလက်ထက်တွင် အင်္ဂလိပ်လက်အောက်သို့ ကျရောက်ရသည်။

အထက်၌ဖော်ပြခဲ့သော အကြောင်းအရာများအရ ခေတ်အမျိုးမျိုးပြောင်းခဲ့သည်နှင့်အမျှ မွန်၊ မြန်မာ၊ ရှမ်း။ ထားဝယ်မင်းများ မြို့စားများတို့သည် သီးခြားမင်းများအဖြစ်ဖြင့်လည်းကောင်း၊ လက်အောက်ခံမင်းများအဖြစ်နှင့်လည်းကောင်း အမျိုးမျိုးပြောင်းလျက် သာသနာသက္ကရာဇ်(၁၇)နှစ်မှ သာသနာသက္ကရာဇ်၂၃၅၂ ခုနှစ်(အင်္ဂလိပ်သိမ်းသောကောဇာသက္ကရာဇ် ၁၁၈၆ အထိနှစ်ပေါင်း ၂၃၃၄ခုနှစ်)တိုင်တိုင်ထီးနန်းခေတ် ရှိခဲ့ပေသည်။ ဦးကုလားရေး မဟာရာဇဝင်အုပ်တွဲ(၁) စာမျက်နှာ ၂၇၆ ၌ဖော်ပြထားသောပုဂံခေတ်နန်းစဉ်စာရင်းချုပ်ရာဇဒ္ဒါနီမင်းနေပြည် ၂၀ တွင် ထားဝယ်တစ်ပြည်ပါဝင်ကြောင်း သက်သေခံရှိပေသည်။ အထက်ပါအတိုင်းရေးခြင်းမှာ ရှေးပဝေသဏီကပင် တိုင်းပြည်မြို့ပြ ထီးနန်းနှင့်တကွ ထားဝယ် စကားပြောသည့် ထားဝယ်လူမျိုးများမှတစ်ဆင့် ယနေ့တိုင်အောင် ထင်ရှားနေသောထားဝယ်သူ ထားဝယ်သားတို့ မူလဇာတိပေါ် လွင်စေရန်ဖြစ်ပါသည်။

အင်္ဂလိပ်မင်းများ လက်ထက် ထားဝယ်မြို့ကို အုပ်ချုပ်သော အင်္ဂလိပ်အရာရှိများကို ဆက်လက်ဖော်ပြရလျှင် -

၁။ မစ္စတာ ဘလ်တေ — ၂။ မစ္စတာ ဘရနီ
၃။ မစ္စတာ မွန်လ — ၄။ မစ္စတာ ဘရနေ
၅။ မစ္စတာ ဘလ်တေ — ၆။ မစ္စတာ ဝက်
၇။ မစ္စတာ လယ်ဇဝီ — ၈။ မစ္စတာ တလ်လေ
၉။ မစ္စတာ မယ်ဂိုကာဝ် — ၁၀။ မစ္စတာ ဗိုလ်
၁၁။ မစ္စတာ ဒိုစစ်ရှင် — ၁၂။ မစ္စတာ ရှုဖါတ်
၁၃။ မစ္စတာ အင်ဗီ — ၁၄။ မစ္စတာ ရှုဖါတ်
၁၅။ မစ္စတာ ဖြည်း — ၁၆။ မစ္စတာ ရှုတီဝင်ရှင်
၁၇။ မစ္စတာ ဖြည်း — ၁၈။ မစ္စတာ ဖော်တင်
၁၉။ မစ္စတာ ဖြည်း — ၂၀။ မစ္စတာ ရှင်းဂွန်း
၂၁။ မစ္စတာ ဝါလာတာ — ၂၂။ မစ္စတာ ရှုတီဝင်ရှင်
၂၃။ မစ္စတာ မောလ္လီပြောင်း — ၂၄။ မစ္စတာ ဟာရီရှင်
၂၅။ မစ္စတာ ဆပြိတ် — ၂၆။ မစ္စတာ ဒရေရီ
၂၇။ မစ္စတာ မက်ဂွာရေ — ၂၈။ မစ္စတာ ကွတ်

အထက်ပါအင်္ဂလိပ်အရာရှိများမှာ ထားဝယ်ကို အုပ်ချုပ်သော အရေးပိုင်များဖြစ်သည်။ ၂၈ကြိမ်အမည်ပေါက်သော်လည်း ထပ်ခါထပ်ခါ အကြိမ်ကြိမ်ပြန်အုပ်ချုပ်ရ၍ ဦးရေ အားဖြင့် ၂၁ဦးသာဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးကို အုပ်ချုပ်သောတိုင်းမင်းကြီးများမှာ-

၁။ မစ္စတာ မိန်ဂေ — ၂။ မစ္စတာ ဘလ်တေ
၃။ မစ္စတာ ဖော်ရွှတ် — ၄။ မစ္စတာ ဒူရင်း
၅။ မစ္စတာ ကော်လဝင်ဆင် — ၆။ မစ္စတာ မိုလ်ဂင်
၇။ မစ္စတာ ဟတ်ကင်ရှင် — ၈။ မစ္စတာ ဗိုက်
၉။ မစ္စတာ ဟတ်ကင်ရှင် — ၁၀။ မစ္စတာ ဗိုက်
၁၁။ မစ္စတာ ဖြောင်း

တိုင်းမင်းကြီးများအနက် အုပ်ချုပ်သူဦးရေအနေဖြင့် (၁၁)ကြိမ်ဖြစ်သော်လည်းမစ္စတာဟတ်ကင်ရှင်နှင့်မစ္စတာဗိုက်တို့ သည် နှစ်ကြိမ်လာရောက်အုပ်ချုပ်သည်ကိုတွေ့ရ သဖြင့် ဦးရေအားဖြင့် ရှစ်ယောက်သာဖြစ်သည်။ မစ္စတာဘလ်တေမှာ အရေးပိုင်အဆင့်မှရာထူးတိုးပြီးတိုင်းမင်းကြီးဖြစ်လာသည်ကိုတွေ့ရသည်။ ပထမဆုံးသောတိုင်းမင်းကြီး မစ္စတာမိန်ဂေ ထားဝယ်မြို့သို့လာရောက်စဉ်ကနေခဲ့သော အိမ်နေရာကို ယနေ့အထိ မင်းကြီးဝင်းဟုခေါ်ပါသည်။ (ယခုအမှတ် ၁ ကျောင်းဝင်း)

ထို့နောက်တနင်္သာရီတိုင်းဒေသကြီး ထားဝယ်နယ်သည် သက္ကရာဇ် ၁၃၁၀ခုနှစ်၊ ခရစ်နှစ်၁၉၄၈ မှစ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အချုပ်အခြာ အာဏာပိုင်လုံးဝလွတ်လပ်ရေး အရိပ်အာဝါသအောက်တွင်ရောက်ရှိခဲ့လေသည်။

၁၉၀၁ ခုနှစ် စစ်တမ်းအရ ထားဝယ် ခရိုင်တစ်ခုလုံး၏ လူဦးရေမှာ (၁၀၉၉၇၉)ဖြစ်သည်။[၁၆] ယခုအခါ ထားဝယ်

တစ်နယ်လုံးတွင် လူဦးရေခုနစ်သိန်းခွဲရှိသော်လည်း ထားဝယ်နိဒါန်းအစက ထားဝယ်နယ်သူနယ်သားဦးရေမှာ ထောင်ဂဏန်း၊ သောင်းဂဏန်းမျှသာရှိသည်ဟု မှန်းဆကြည့်နိုင်သည်။ ဤမျှရှိသော ထားဝယ်နယ်သူ၊ နယ်သားတစ်စုတို့သည်ပုဂံခေတ်မှစ၍ပုဂံဘုပ်ချုပ်မှုအောက်တွင်လည်းကောင်း၊ မွန်အင်အားကြီးသောအခါ မွန်လက်အောက်သို့လည်းကောင်း။ ရှမ်း (ယိုးဒယား) အင်အားကြီးသောအခါ ရှမ်းလက်အောက်သို့လည်းကောင်း ရောက်ရသော်လည်းသွေးနှောပျောက်ကွယ်မသွားဘဲ ယနေ့အထိ ထားဝယ်သူထားဝယ်သားအဖြစ် ရပ်တည်နိုင်ခြင်းမှာ ကိုယ့်အမျိုး ကိုယ့်ယဉ်ကျေးမှုကို စောင့်ထိန်း၍လည်းကောင်း၊ စည်းလုံးညီညွတ်ကြ၍လည်းကောင်းသာဖြစ်ပေသည်။ ဤသို့သောကောင်းမြတ်သည့်မျိုးနွယ်ကိုစောင့်ထိန်းခြင်း၊ မျိုးနွယ်အချင်းချင်း စည်းလုံးညီညွတ်ခြင်းတို့ကို ဆက်လက်ထိန်းသိမ်းရမည်။

ထားဝယ်နိဒါန်းဟုရှိခဲ့သော်လည်း "ထားဝယ်နိဂုံး" ဟူ၍ မည်သည့်အခါမျှမရှိစေရ။

မောင်သန်းဆွေ (ထားဝယ်)

ကျမ်းကိုး

၁။ တောင်ပေါက်ဆရာတော် – ဗုဒ္ဓသာသနိက ပထဝီဝင် သုခမ္ဘဝတီပုံနှိပ်တိုက်၊ ရန်ကုန်(၁၉၂၀)
၂။ ထားဝယ်ရာဇဝင်ငယ် (ဘားနစ်မူ)
၃။ ရတနာဇာဒီတောင်ဆရာတော်ဦးဂုဏ၏ ထားဝယ်သမိုင်းချုပ် (ပေမူ)
၄။ ဦးစောလှိုင် (မင်္ဂလာ နန်းညွှန့်စေရာ) – မဟာသမိုင်းတော်ကြီးပေါင်းချုပ်ညွှန်ပေါင်း
၅။ ။ – ထားဝယ်ရာဇဝင် အကျဉ်းချုပ် (ပထမတွဲ)
၆။ ။ – ထားဝယ်ရာဇဝင် အကျဉ်းချုပ် (ဒုတိယတွဲ)
၇။ ဆရာခ – ထားဝယ်ရာဇဝင်ပြဇာတ် (ပထမတွဲ)၊ သက္ကရာဇ် (၁၂၇၆)ခု၊ တော်သလင်း လ၊ ထားဝယ်မြို့
၈။ ဦးမောင်ကြီး(မူပိုင်) – ထားဝယ်သမိုင်းချုပ်(၁၂၈၆) ခုနှစ်၊ နယုန်လ။အောင်သာဝတီစာပုံနှိပ်တိုက်၊ ကည့်ုရပ်၊ ထားဝယ်မြို့။
၉။ ။ – ရှင်ဓာတ်ပဲဘုရားသမိုင်း၊ (၁၂၈၆)ခုနှစ်၊ တပို့တွဲလဆန်း (၁၃)ရက် ပုံနှိပ်သည်။
၁၀။ ဆရာမောင်ကြီး – ထားဝယ်ရာဇဝင်အကျဉ်းချုပ် (ပထမတွဲနှင့် ဒုတိယတွဲ)
–
တနင်္သာရီတိုင်း(တိုင်းမှတ်တမ်း) ၁၉၈၄၊ အောက်တိုဘာလ (၁၅)ရက်
၁၁။ ဦးအုံးကျော် (သမိုင်းပါမောက္ခ) – တနင်္သာရီတိုင်းအတွင်း သမိုင်းအထောက်အထားရှာဖွေမှုနှင့်ပတ်သက်သောအစီရင်ခံစာ(လက်နှိပ်စက်မူ)
၁၂။ ဒေါက်တာကျော်သက် – ပြည်ထောင်စုမြန်မာနိုင်ငံသမိုင်း
၁၃။ ဒေါက်တာသန်းထွန်း – မြန်မာ့အကြိုသမိုင်း၊ တက္ကသိုလ်ပညာပဒေသာစာစောင် (ဝိဇ္ဇာ–အပိုင်း၄၊ အတွဲ–၈)
၁၄။ ။ – မြန်မာနိုင်ငံကျောက်ခေတ်သမိုင်း။ စာပေလုပ်သားအင်အားသစ်
၁၅။ ဦးဖိုးလတ် – ရှေးဟောင်းမြန်မာရာဇဝင်နှင့်ယဉ်ကျေးမှု
၁၆။ ။ – မြန်မာစကားအဖွင့်ကျမ်း (ပထမတွဲ) ၁၉၆၂
၁၇။ ဗိုလ်မှူးဘရှင် – စစ်ရေး နိုင်ငံရေးနှင့်လူမှုရေးဆိုင်ရာသမိုင်းစာတမ်းများ(၁၉၆၈)
၁၈။ ။ – ဗိဿနိုးမြို့ဟောင်းနှင့်သမိုင်းအမြင်၊ တက္ကသိုလ်ပညာပဒေသာစာစောင် အတွဲ–၁၊ အပိုင်း–၃
၁၉။ ဗိုလ်မှူးဘရှင် – အနော်ရထာအရင်ကမြန်မာနိုင်ငံ
၂၀။ ဦးမြ (သီရိပျံချီ) – ရှေးဟောင်းမြန်မာ အုတ်ခွက်ရုပ်ပွားဆင်းတုတော်များဒုတိယပိုင်း (၁၉၆၆) ရှေးဟောင်းသုတေသနဌာန၊ ရန်ကုန်မြို့။
၂၁။ ဦးရည်စိန် – ပျူခေတ်မြန်မာနိုင်ငံ၏ နိုင်ငံခြားဆက်ဆံရေးနိုင်ငံသမိုင်းသုတေသန စာစောင်–၄ (၁၉၇၉)
၂၂။ ဦးထင်လှ – မြန်မာစကားလုံးသစ် ဖြစ်ပေါ်ဖန်တီးမှုများ (ရွှေပြေး စုံစမ်းခြင်း)
၂၃။ ဦးထွန်းမြင့် – ပါဠိသက်ဝေါဟာရ အဘိဓာန်

(၁၉၆၈)

၂၄။ ဒေါက်တာခင်မောင်ညွန့် – စူးစမ်းရှာဖွေခရီးသွား စာပေ၊ ခရီးသွားစာပေ စာတမ်းများ(ဒုတိယတွဲ) (၁၉၈၀)

၂၅။ တိုက်စိုး – တနင်္သာရီအကြောင်း။ တနင်္သာရီတိုင်းမဂ္ဂဇင်း (၁၉၉၄ ခုနှစ်)

၂၆။ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်) – စွဲလမ်းရသည့် တနင်္သာရီ တနင်္သာရီတိုင်းမဂ္ဂဇင်း (၁၉၉၄ ခုနှစ်)

၂၇။ ဦးအောင်မြင့် – မြန်မာမြို့ဟောင်းရာများကို ကောင်းကင်ဓာတ်ပုံမှ ဖတ်ရှုလေ့လာခြင်း စာတမ်းအမှတ် (၂)

၂၈။ အောင်မြင့် – သာဂရမြို့ဟောင်း နှစ် ၈၀ပြည့် အထိမ်းအမှတ်၊ ထားဝယ် အသင်းမဂ္ဂဇင်း။ ၂၀၀၁ ခုနှစ် နိုဝင်ဘာလ

၂၉။ ဆရာကြီးဦးကြီးစိန် – တနင်္သာရီတိုင်း။ မြတ်ရာဇဝင်တော်ကြီး (ပထမတွဲ)

၃၀။ 〃 – မြန်မာ့ရိုးရာကိန်း ဂဏန်းသင်္ချာ

၃၁။ 〃 – ရှင်မဟာပညာကျော် လျှောက်ထုံး

၃၂။ 〃 – ဓမ္မရာဇိကကျောက်စာအခြေပြု မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ) ၁၉၈၃

၃၃။ ဦးမောင်မောင်တင် (ကေအက်စ်အမ်၊ အေတီအမ်) –ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (တ) ၁၉၆၈

၃၄။ 〃 – ရွှေနန်းသုံးဝေါဟာရအဘိဓာန် (ပထမ တွဲ)

၃၅။ မောင်ကျော်မင်း (ကေမင်း)အနောက်ရပ်၊ ထားဝယ်မြို့ – ထားဝယ်မြို့တည်စာတမ်းအနှစ် (၂၀၀) ပြည့်မင်္ဂလာအထိမ်းအမှတ် (၁)၊ ၁၆၃၊ တပို့တွဲ လဆုတ် ၄ ရက်

၃၆။ ထားဝယ်ကျော်မင်း – ထားဝယ်ယဉ်ကျေးမှုအမြုတေ

၃၇။ ရွှေဝယ်ဓ – ထားဝယ်ရာဇဝင်သမိုင်း။ ကြီးပွားရေးစာအုပ်တိုက်(၁၉၇၄)

၃၈။ 〃 – မြို့တော်ကောင်း၏ အောက်မေ့ဖွယ်ရာများ။ ထားဝယ်မဂ္ဂဇင်း အမှတ်–၁၊ ၁၉၇၈၊ ဩဂုတ်လ

၃၉။ 〃 – ထားဝယ်ရာဇဝင်အကျဉ်း။ ထားဝယ် ခရိုင်စာစောင်အမှတ် – ၁၊ ၁၉၆၂ ခု၊ ဇွန်လ

၄၀။ 〃 – ထားဝယ်ရာဇဝင်အကျဉ်း သွေးသောက်အမှတ်–၃၀၆၊ ၁၉၇၁ ခုနှစ်၊ ဇွန်လ

၄၁။ 〃 – ရှာစဉ်ပွဲ့ထားဝယ်ဒိန်းသံ၊ ထားဝယ်ခရိုင်စာစောင်အမှတ် – ၁၊ ၁၉၆၂ ခု၊ ဇွန်လ

၄၂။ 〃 – ဒေဝီမြို့သမိုင်းနှင့် ထားဝယ်မျိုး ကြက်ကိုး သွေးသောက်အမှတ် –၃၂၃၊၁၉၇၂ခုနှစ်၊ နိုဝင်ဘာလ

၄၃။ ဆရာအေး – တနင်္သာရီအသံအထွက်ညီ စေဖို့၊ တနင်္သာရီတိုင်းမဂ္ဂဇင်း။ ၁၉၉၈ ခုနှစ်

၄၄။ ဝရုဏ – မောရလုဒ္ဒက၊ တနင်္သာရီတိုင်း။ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့၊ ရှင်တောင့်ပုံ ဘုရားသမိုင်း

၄၅။ ရတနာ (ထားဝယ်)– ထားဝယ်ရေးရာမှတ်တမ်း ပဒေသာ

၄၆။ တက်နေလ – ဗြိတိသျှမတိုင်မီ ထားဝယ်မြို့

၄၇။ – သာဂရမြို့ဟောင်းပထမအကြိမ်တူးဖော်မှု သုတေသနလုပ်ငန်း အစီရင်ခံစာ (၁၉၉၉–၂၀၀၀) ရှေးဟောင်း သုတေသန အောက်မြန်မာပြည်

၄၈။ – သာဂရမြို့ဟောင်း ဒုတိယ အကြိမ် တူးဖော်မှုသုတေသန လုပ်ငန်းအစီရင်ခံစာ (၂၀၀၀–၂၀၀၁)ရှေးဟောင်းသုတေသန အောက်မြန်မာပြည်

၄၉။ – အခြေပြု မြန်မာနိုင်ငံရေးသမိုင်း (ပထမတွဲ)

၅၀။ ဦးသန်းဆွေ (ဂေါပကအဖွဲ့ဝင်) – ထားဝယ်မြို့ဘုရားကြီးသမိုင်း

၅၁။ မောင်သန်းဆွေ (ထားဝယ်) – ထားဝယ်မြို့ ကြက်မင်း ဒေဝီတော်သမိုင်း

၅၂။ 〃 – အောင်သာဝတီမြို့ဟောင်း၊ ရှာပုံတော်။ ပုလဲမြို့ပြမြေယာမဂ္ဂဇင်း။ အမှတ်၂၄၊ ၂၀၀၀ ပြည့်နှစ်

၅၃။ 〃 – ရှင်ကိုးရှင်နှင့်သမိုင်းဝင် ထားဝယ်ဘုရားများ (၁၉၉၆)

၅၄။ 〃 – သာဂရမြို့ဟောင်းတူးဖော်ပြီ တနင်္သာရီတိုင်းသတင်းစဉ်၊

		အတွဲ-၂၊ အမှတ်-၁၊ ၂၀၀၀ ပြည့်နှစ်
၅၅။	॥	- ဒေဝီမြို့ဟောင်းရှာဖွေခြင်း။ တနင်္သာရီတိုင်းသတင်းစဉ်၊ အမှတ်-၂၊ အမှတ်-၁၊ ၂၀၀၀ ပြည့်နှစ်
၅၆။	॥	- အတိတ်ထားဝယ် စိတ်ဝယ်မှန်းကြည့်တဲ့အခါ၊ ထားဝယ်တက္ကသိုလ် နှစ်လည်မဂ္ဂဇင်း။ ၂၀၀၂ ခုနှစ်
၅၇။	॥	- စာတမ်းရှင်၏ ''ထားဝယ်မြို့ရိုးတစ်လျှောက်မြို့ဟောင်းများမှ သာဂရနှင့် မုတ္တီးစာတမ်း'' မြန်မာ့ရှေးဟောင်း မြို့တော်များစာအုပ်(၂၀၀၇)ခုနှစ် ယဉ်ကျေးမှုဦးစီးဌာန၊ သမိုင်းဦးစီး ဌာန၊ စာအုပ်စာတမ်းများပုံနှိပ် ထုတ်ဝေရေးကော်မတီမှ ထုတ်ဝေသည်။
၅၈။	ဦးသန်းဆွေ	- သာဂရမြို့ဟောင်းကို စူးစမ်းလေ့လာခြင်းစာတမ်း။ ၂၀၀၀ ပြည့်နှစ် ထားဝယ်တက္ကသိုလ် ပထမအကြိမ် စာတမ်းဖတ်ပွဲ
၅၉။	မောင်သန်းဆွေ (ထားဝယ်)	- တနင်္သာရီတိုင်းမှရှေးမြို့ဟောင်းများ(၁)၊ ရွက်နုဝေမဂ္ဂဇင်း။ အမှတ်-၃၈၊ ဧပြီလ ၂၀၀၈၊
၆၀။	॥	- တနင်္သာရီတိုင်းမှ ရှေးမြို့ဟောင်းများ (၂)၊ မွိုင်းကာရီမြို့ဟောင်း (ယခု ပကာရီကျေးရွာ) ရွက်နုဝေမဂ္ဂဇင်း။ အမှတ် -၃၈၊ ဧပြီလ ၂၀၀၈၊
၆၁။	॥	- တနင်္သာရီတိုင်းမှရှေးမြို့ဟောင်းများ (၃)၊ သာဂရမြို့ဟောင်း(ယခု မြို့ဟောင်းကျေးရွာ) ရွက်နု ဝေမဂ္ဂဇင်း။ အမှတ် -၄၀၊ ဇူလိုင်လ ၂၀၀၈။
၆၂။	॥	- တနင်္သာရီတိုင်းမှရှေးမြို့ဟောင်းများ (၄)၊ သာဂရမြို့ဟောင်း (ယခုမြို့ ဟောင်းကျေးရွာ) ရွက်နု ဝေမဂ္ဂဇင်း။ အမှတ် -၄၁၊ ဩဂုတ်လ ၂၀၀၈။
၆၃။	॥	- တနင်္သာရီတိုင်းမှရှေးမြို့ ဟောင်းများ(၅)၊ မြေကုန်းဟောင်းများ။ ရွက်နုဝေမဂ္ဂဇင်း။ အမှတ်-၄၂၊ စက်တင်ဘာလ ၂၀၀၈။
၆၄။	॥	- တနင်္သာရီတိုင်းမှရှေးမြို့ ဟောင်းများ(၇)။ဆင်ဆိပ်(၁)(၂)။ရွက်နုဝေမဂ္ဂဇင်း။ အမှတ်-၄၄၊ ဖေဖော်ဝါရီလ ၂၀၀၉။
၆၅။	မောင်သန်းဆွေ (ထားဝယ်)	- တနင်္သာရီတိုင်းမှ ရှေးမြို့ဟောင်းများ(၈)။ထောင့်ကွယ် မြို့ဟောင်း (ယခုထောင့်ကွယ်ကျေးရွာ)၊ ရွက်နုဝေမဂ္ဂဇင်း။ အမှတ် ၄၅၊ အောက်တိုဘာ လ ၂၀၀၉။
၆၆။	E. Moore and Than Swe (Dawei)	- Early Walled Sites of Dawei; Thagara and Mokti.
၆၇။	G.H. Luce	- "Countries Neighbouring Burma." Burma Research Society, 5th Anniversary Publication No. 2 (1960)
၆၈။	H.L. Shorto	- The 32 Myos in the Medival Mon Kingdom. Bulletin of School of Oriental and Africal Studies xxv1. (1963)
၆၉။	U Lu Pe Win	- "Old Burma - Early Pagan" (A Radical Review) J.B.R.S Vol. Part I and II.



ထားဝယ်ရိုးရာ မဟာအတာသင်္ကြန်

——●ဖေအေး (မောင်ထားဝယ်)

သည်အချိန် သည်အခါရောက်လာတိုင်း ကျွန်တော့်စိတ်သည် ငယ်ငယ်တုန်းကအတိတ်ရဲ့ဇာတ်ကြောင်းကလေးကိုတွေးမိတိုင်းတွေးမိတိုင်း တပေါင်း တန်ခူးလသည် ကျွန်တော့် အတွက် ဝမ်းနည်းရမလို၊ဝမ်းသာရမလိုဖြစ်ခဲ့တာတော့ အမှန်ပင်။

အနောက်တောင် မုတ်သုန်လေ အပြောင်းအလဲ ဖြစ်ပေါ်လာသောအခါတွင် ကျွန်တော်ဖတ်ခဲ့ဖူးသော စာဆိုတော်ဦးပုင်း ရေးသားသည့် ရာသီဖွဲ့သဖြန်လေးချိုး တပေါင်းလဖွဲ့၌ 'ပန်းရွှေဒီကြိုင်လေသက်လို့ ပိတောက်ကယ်တဲ့သင်းချို' နှင့် တန်ခူးလဖွဲ့တွင်လည်း 'ပေါင်းရွှက်ညှာစါလှစ်လို့ တာသစ်တဲ့ နံ့ကြိုင် သုတ်ဖြူးလေဆော်က ပန်းကုံးကော် ဝတ်မှုန်ကျင်း သင်းပျံ့လို့လှိုင်' ဆိုသည့် ရာသီဖွဲ့သဖြန်လေးကို သတိရအောက်မေ့ လွမ်းဆွတ်သလိုလိုဖြစ်မိပါသည်။

သင်္ကြန် သင်္ကြန္တ(သင်္ကန္တ) ကူးပြောင်းခြင်း ရာသီ ကူးပြောင်းခြင်း။

မြန်မာ ၁၂လတို့တွင်မိဿရာသီ ပထမလဖြစ်သောတာကူးလကို တန်ခူးလဟုလည်းခေါ်ကြသည်။ 'တန်'သည် ထန်းကို ဆိုလို၍ 'ခူး'မှာ ဆွတ်သည်ဟု ဆိုလိုသည်။ 'တာ'သည် မိဿလ ရာသီဖြစ်၍ ခူးသည် ကူးပြောင်းခြင်းကို ဆိုလိုသည်။ နှစ်ပြောင်းသည်။ နှစ်ကူးသည်။

နှစ်ဟောင်းမှအညစ်အကြေး အဆိုးအဟောင်းများကို ဖွန့်ပစ်ဆေးကြော၍ နှစ်သစ်တွင် စိတ်သစ်ကူးပြောင်းစေမည့်ယဉ်ကျေးမှုအစဉ်အလာ နှစ်သစ်ကူးခြင်းပင် ဖြစ်ပေသည်။

ထိုပွဲတော်သည် အိန္ဒိယပြည် ဟိန္ဒူဘာသာ အယူအဆမှ ဆင်းသက်လာခြင်း ဖြစ်သည်ဟုယုံကြည်ကြသည်။ ရှေးဘုရင်အုပ်စိုးသော ပဒေသရာဇ်ခေတ်မှ စတင်ကျင်းပသည်ဟု စာပေများတွင် ဖတ်ရပါသည်။

ထားဝယ်အတာသင်္ကြန်သည်ကား ရှေးရိုးမပျက် သင်္ကြန်အကြို သုံးရက်နှင့် အကျ သုံးရက်ပေါင်း ခြောက်ရက်ဖြစ်ပါသည်။ သင်္ကြန်အကြို သုံးရက်သည်ကား ကလေးလူငယ်များ ရေကစားကြသောနေ့များဖြစ်ကြသည်။ အကျ သုံးရက်သည်ကား လူကြီးများ ရေပက်ကစားကြသည့် အကြို၊ အကြတ်၊ အတက် သုံးရက်ဖြစ်ပါသည်။ သင်္ကြန်မကျမီ ၁၀ ရက်အလိုလောက်

တွင် ထားဝယ်ရိုးရာဓိုးစည်ပွဲသည် ရပ်ရွာရပ်ကွက်တိုင်း ညညတွင် သင်္ကြန်ပြီးသည်အထိ တီးကြ၊ မှုတ်ကြ၊ ကကြ၊ ခုန်ကြ ပျော်စရာကြီးပင်။

အတာသင်္ကြန်ကျသည့်အခါများတွင် ဘုရားရုပ်ပွားတော်များကို ရေစင်သွန်းခြင်း၊ သက်ကြီးရွယ်အိုများကို ရေချိုး သန့်စင်ပေးခြင်း၊ ခေါင်းလျှော်ပေးခြင်း၊ အလှူဒါနပြုခြင်း၊ ဘုန်းကြီးကျောင်းများတွင်ဥပုသ်သီတင်း ဆောက်တည်ခြင်းပြုကြပါသည်။

အချို့အချို့သော လူငယ်လူရွယ်တို့သည်လည်း သင်္ကြန်အတွင်းဝယ် သွားအကြောင်းမပြောလျှင် မပြီးသည့် ထားဝယ်မြို့ရဲ့ ဂုဏ်ယူဝင့်ကြွားနိုင်သော မောင်းမကန်ပင်လယ်ကမ်းခြေသို့ တပျော်တပါး ခရီးထွက်ကြသည်။ မောင်းမကန်ပင်လယ်ကမ်းခြေ၌ သင်္ကြန်ပွဲကိုဆင်နွှဲကြသည်။ ရေကစားခြင်း၊ မြေတောင်သို့သွားခြင်း၊ ရှော်ရစ်သို့ဘုရားဖူးသွားခြင်း၊ မနက်ပိုင်း ညနေပိုင်းတို့တွင် လမ်းလျှောက်ခြင်း၊ ကျောက်တုံး ကျောက်ဆောင်ပေါ်တွင် ဓာတ်ပုံရိုက်ခြင်း၊ ည–ညတွင် မီးပုံပွဲများကျင်းပခြင်း တပျော်တပါး ဆင်နွှဲကြသည်မှာ ယနေ့တိုင်ပင်။

အလှူဒါနပြုကြသည်ဆိုသည်မှာ အထူးသဖြင့် အတာသင်္ကြန်အတွင်း ရေခဲမုန့်ထမင်း (ထားဝယ် အခေါ် ရေးဓီမုန်း) ကို ချက်ပြုတ်ပြီးလှူဒါန်းကြသည်။ (ချက်ပြုတ်ရာတွင် ဖယောင်းနံ့သာ၊ ပန်းရေမြွှစ် တို့ကို မီးရှို့ပြီး စင်ကြယ်အောင်ဆေးကြောထားသော စဥ့်အိုးကိုမှောက်ပြီး အနံ့မွှေးအောင် ပြုလုပ်ပြီးမှ ချက်ပြုတ်ပြီးသောထမင်းကို သန့်စင်အောင်ဆေးကြောပြီး စဥ့်အိုးထဲသို့ လောင်းချ၍ အပေါ်မှဖယ်ပန်းကို ပိတ်စဖြင့် ဖုံးအုပ်ထားရ သည်။) ယင်းနှင့်အတူ ငါးပုတ်ခြောက်၊ ကောက်ညှင်းထုပ်၊ မုန့်ဆီ ကြော်၊ ငါးပေါင်းထုပ်တို့နှင့် တွဲဖက်ပေါင်းစပ်ပြီး ဘုန်းကြီးကျောင်းများ၊ ရပ်ကွက်အတွင်းရှိအိမ်များသို့ပို့၍ တတ်နိုင်သလောက် အလှူဒါနပြုကြပါသည်။ စားသည့်အခါတွင် ထို(ရေးဓီမုန်း) ရေခဲထမင်းကို ခေါင်းပေါ်တွင်တင်သည့် အလေ့အထသည် ယနေ့ထက်တိုင် ရှိနေဆဲဖြစ်ပါသည်။

အတာသင်္ကြန်သဘင် ဆင်နွှဲသည့်အခါတွင် အမျိုးသမီးအဖွဲ့နှင့် အမျိုးသားအဖွဲ့တို့သည် ထားဝယ်သံချပ်၊ ထားဝယ်ဒိန်းသီချင်းများဖြင့် အတိုင်အဖောက်ညီညီ၊ သူတစ်လှည့် ငါတစ်လှည့် သံချပ်ထိုးကြပြီး ထားဝယ်ရိုးရာဒိန်းသီချင်းများကို သီဆိုကြသောအခါတွင် 'ရွှေဝယ်သူများ– ရေစပ်သွား၊ စုံစားကိုယ်စီ ထပ်ကြပ်ပါလာပြီ၊ ရေအိုးလေးကိုယ်စီ သူတို့ဝှပ်လာဘီ'နှင့် တောဘောင် တောဘောင် ရှင်တောဘောင် တောဘောင်မက်စော – တတ်မရော၊ အော့က ကွမ်းယား၊ ရွှေဖလားန ပူဇော်ပါသလေ– နို့မယ်လေး – နို့မယ်လေး၊ မဂ္ဂလွန်း စလေ– လေ– လေ၊ ဆိုပြီးမှ ကကြခုန်ကြပြီး သန့်ရှင်းစင်ကြယ်သောရေဖြင့် ယဥ်ကျေးသိမ်မွေ့စွာ ရေကစားကြသည်။ ရေသည်ခွဲခြား၍မရသော တစ်သားတည်းဖြစ်သကဲ့သို့ တစ်ဦးနှင့်တစ်ဦး ခင်မင်ကြစေရန်နှင့် ရောဂါဘယ၊ ဘေးအန္တရာယ်ကင်းစင်၍ နှစ်သစ်သို့ ကူးပြောင်းရန်အတွက် ဖြစ်သည်။

အတာသင်္ကြန်အတွင်းမှာပင် သင်္ကြန်ပွဲ ထားဝယ်အခေါ် (ပွဲဖံ) သင်္ကြန်ပွဲကို အချို့သော ရပ်ကွက်များတွင် ကျင်းပလေ့ရှိသည်။ ၎င်းသင်္ကြန်ပွဲကို အရှုးပွဲဟုလည်းခေါ်သည်။ အမှန်မှာ ကိုယ်ထင်ရာကိုယ်လုပ်ပြီး စက်မပါဘဲ ရုပ်ရှင်ရိုက်သည်။ အမျိုးမျိုးသော ဟာသနေရာ၌ ကျွဲ၊ နွား ပွဲရုပ်လုံးများဖြင့် ကကြခုန်ကြ၍ ၎င်းနှင့်အတူတစ်ရပ်ကွက်လုံးလှည့်ကာ စကောက်အလှူပွဲကိုတစ်ပါတည်း စီတန်း၍ရပ်ကွက်၊ မြို့ပတ်ပြီး လောကမာရစိန်ဘုရားကြီး အတွင်း ရောက်သည်နှင့် သက်ဆိုင်ရာ သက်ဆိုင်ရာ ဘုန်းကြီးကျောင်းများသို့ လှူဒါန်းကြပါသည်။

နှစ်ဆန်းတစ်ရက်နေ့တွင် ထားဝယ်မြို့ လေးမျက်နှာတန်ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများသို့ သွားရောက်ဖူးမြော်ကြကုသိုလ်ပြုလေ့ရှိကြသည်။ ထားဝယ်မြို့တောင်ဘက် ၆ မိုင်ကွာ မြိတ်ကားလမ်းပေါ်တွင် ရှင်မုတ္တီးရွာရှိ(အင်းဝ ဘုရင်မင်းခေါင်ကြီး၏ သားတော် မင်းတရားတည်ထောင်ခဲ့သော 'မုတ္တသုဓမြို့ဟောင်း' နေရာ)တွင် ရှင်မုတ္တီးဘုရားရုပ်ပွားတော်မှာ သီဟိုဠ်မှ ပင်လယ်ခရီးအတိုင်း မျောင်နှင့်မြောလာသည်ကို ဆယ်ယူကိုးကွယ်ထားခြင်းဖြစ်သည်။ အေဒီ ၁၄၃၈ ခုနှစ် သီဟိုဠ် ဘုရင် 'ဆဋ္ဌသီရိပရက္ကမဗာဟု'မင်းသည် ဗုဒ္ဓသာသနာ ပြန့်ပွားစေရန်အတွက် ရည်ရွယ်လျက် မျှောရာတွင် ဘုရားလေးဆူအနက် ရှင်မုတ္တီးဘုရားလည်း တစ်ဆူအပါအဝင် ဖြစ်သည်။

၎င်းဘုရားလေးဆူမှာ (၁) ပုသိမ်မြို့ ရွှေမုဋ္ဌောဘုရား၊ (၂) ကျိုက်ထိုမှ ကျိုက်ပေါလောအုံရှင်ဘုရား၊ (၃) ကျိုက္ခမီမြို့မှ ကျိုက္ခမီရေလယ်ဘုရား၊ (၄)ထားဝယ်မြို့မှ ရှင်မုတ္တီးဘုရားဟူ၍ ဘုရားလေးဆူ ဖြစ်ပါသည်။ ၎င်းပြင် ထားဝယ်ရှင်ကိုးရှင်ဘုရား ကိုးဆူအနက် ရှင်မုတ္တီးဘုရားသည် တစ်ဆူဖြစ်ပါသည်။

ထို့ပြင် ထားဝယ်မြို့မှ တောင်ဘက် ၃ မိုင်ခွဲ ကွာဝေးသည့် ကျူတို့ကနိုင်းဒါရွာတွင် တည်ရှိသော မြန်မာပြည်တွင် အကြီးဆုံး ဘုရားဟု တင်စားခေါ်ဆိုလောက်သည့် လောကသရဖူ ကျောင်းတော်မှ ဘုရားကြီးလည်းရှိပါသည်။

ထိုကျောင်းတော်မှဘုရားအနီးတွင် ပိဋကတ်တိုက် ဘုန်းကြီးကျောင်းရှိပါသည်။ ၎င်းအနီးအနားတစ်ဝိုက်တွင် မာလကာအရွဲပင်များ ပေါများလှပါသည်။ "မိဘအကြိုက် ပိဋကတ်တိုက်" ဟူ၍ ခုတိယကမ္ဘာစစ်မဖြစ်မီက တဆောင်လိုလို ထွက်ပေါ်လာသေးသည်။နောက်ပိုင်းတွင် တိမ်ကောပျောက်ကွယ် သွားလေသည်။ ယင်းနှင့်ကပ်လျက်တွင်ရှိသော စပါးတောင်၊ သစ်ဖြူတောင်၊ အရိုးတောင်၊ ဘိုးဘိုးအောင်တောင်၊ ရွှေတောင်တို့သည် ထိုအချိန်ကနာမည်ကြီး၍ စည်ကား လျက်ရှိခဲ့သည်။ တောင်ပွား ဆရာတော်လည်း ထွက်ရပ်ပေါက် ဆရာတော်တစ်ပါးဟု အထင်ရှိသည်။ နိုင်ငံကျော်ပန်းချီဆရာကြီး ဦးငွေကိုင်၏ ဆရာရင်းလည်း ဖြစ်ပါသည်။

ထို့အတူ ထားဝယ်မြို့မှ မြောက်ဘက် ၆ မိုင်အကွာရှိ ရေကားလမ်းတွင်တည်ရှိသော မောင်မယ်ချောင်းရွာရှိ ရှေးကျသော တန်ခိုးကြီးဘုရား 'ရှင်မောတ်ဝဲ' ဘုရားသည် ရှင်မိ၏ အစ်မတော် ရှင်စောတည်ထားကိုးကွယ်သော ဘုရားဖြစ်သည်ဟု ဆိုရိုးရှိကြသည်။

ထိုရှင်မောတ်ဝဲဘုရားသည် ထားဝယ်ရှင်ကိုးရှင်ဘုရား ကိုးဆူအနက် တစ်ဆူဖြစ်ပါသည်။

ယင်းရှင်မောတ်ဝဲဘုရားနှင့် ကပ်လျက်ရှိသော အနောက်ဘက်တွင် 'ပွင့်ရာဇောမိ နှစ်ကျိပ်ရှစ်ဆူဘုရားများ"ကို ဗိုလ်မှူးချုပ်စိန်ဝင်း ဦးဆောင်သော ဘုရားဖြစ်မြောက်ရေးအဖွဲ့က သက်ဆိုင်ရာ ရပ်ကွက်ဘုရားလှူကြီးများနှင့်တိုင်ပင်၍ ပွင့်ရာဇောမိ ၂၈ ဆူကို တည်ထားပြီး ယနေ့ထက်တိုင် စံပယ်တော်မူနေသည်ကို သိရှိ ရသည်။

မင်းတုန်းမင်းလက်ထက် အိမ်ရှေ့စံ မကွေးရာမင်းသား ကိုယ်တိုင် သွန်းလုပ်၍ ၁၂၃၈ ခုနှစ်၊ တပေါင်းလဆန်း ၁၁ရက်နေ့ တွင် လှူဒါန်းခဲ့သော ထားဝယ်မြို့ ဝိန္ဓုတောရပ်ရှိ 'လောကမာရဇိန်ဘုရား'တွင်လည်းဖူးမြော်ကြသူများ စည်ကားလှပေသည်။

ရပ်ကွက်တိုင်း ရပ်ကွက်တိုင်းတွင်လည်း အလှူရာယ်ကင်းစင်ရန်အတွက် လေးပြင်လေးရပ်တွင် ဘုန်းကြီးများပင့်ဖိတ်ပြီး

ပရိတ်တော်အိုးများဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။

အဆိုပါ သမိုင်းဝင်ဘုရားများသို့ နှစ်ဆန်းတစ်ရက်နေ့တွင် သွားရောက်ဖူးမြော်ကြသည်မှာ ကြက်ပျံမကျ အထူးပင်စည်ကား လှပေသည်။ ဘုရားဖူးသူများကိုလည်း ရိုးရာမပျက် ရေပက်ကြ သေးသည်။

ပန်းပိတောက်များ ရွှေရည်လူးလျက် ပန်းပေါင်းစုံဖူးပွင့်ကြလေပြီ။ ဟိုလွန်ခဲ့သော နှစ်ပေါင်းများစွာက တွေ့ဆုံကြ၊ ခင်ကြ၊ မင်ကြ ရေကစားကြတာတွေ ပိတောက်ပန်းရနံ့နဲ့အတူ ထုံသင်းပျံ့လှိုင်စွာ တသသ အောက်မေ့သတိရလျက်။

ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသသည် (ဆိုလိုသည်မှာထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ လောင်းလုံမြို့နယ်၊ ရေဖြူမြို့နယ် လေးမြို့နယ်အပါအဝင်) အခြားသော တိုင်းဒေသကြီး၊ ပြည်နယ်များနှင့်မတူ ထူးခြားသော ဓလေ့သများဖြင့် ရှေးရိုးရာမပျက် အတာသင်္ကြန်ကို အထက်ဖော်ပြပါအတိုင်း ယနေ့ထက်တိုင် ဆင်ယင်ကျင်းပသည်ကို ရေးသားဖော်ပြ လိုက်ရပါသည်။

ဖေအေး (မောင်ထားဝယ်)
အလေးမလက်ရွှေးစင် (မြန်မာပြည်)

တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာအကနှင့် ရိုးရာအလှများကို လေ့လာ ကြည့်ရာဝယ် . . . ..

သာညာကိ(ရန်ကင်း)

လွန်ခဲ့သည့် နှစ်ပေါင်းနှစ်ဆယ်ခန့်က ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကကို စတင်ကြည့်ရှုခဲ့ဖူးတဲ့ အချိန်ကစပြီး ထားဝယ် ရိုးရာအကများကို စိတ်ဝင်စားခဲ့ရတယ်။ အဲဒီအချိန်ကနိုင်ငံ တာဝန် ထမ်းဆောင်ရင်း နိုင်ငံတော်အဆင့် အခမ်းအနားများ၊ နိုင်ငံတော်၏ အထိမ်းအမှတ်နေ့ထူးနေ့ရက်ကြီးများ၊ ပွဲတော်ကြီး များမှာ ထားဝယ်ရိုးရာအကအဖွဲ့သူအဖွဲ့သားများရဲ့ကပြဖျော်ဖြေ မှုတွေကို မကြာခဏ ကြည့်ရှုခဲ့ရတယ်။ ထားဝယ်ရိုးရာအကတွေ ဟာ ကြည့်ရှုရသူပရိသတ်တွေအတွက် မရှုငြီးမရိုးစေတဲ့ စိတ်နှလုံး နှစ်ခြိုက်စွာ ဆွဲဆောင်မှုအပြည့်ရှိလှတာကို တွေ့ရတယ်။ ရိုးရာယဉ် ကျေးမှု မပျောက်ပျက်နိုင်အောင်ညီ ဖွဲ့နွဲ့စပ်ဆိုထားတဲ့ ထား သီချင်းတွေ ကို နှစ်ကြိုက်ရှိမြဲလှတဲ့ ထားဝယ်သူ သမီးပျိုလေးများက ညီညီ ညာညာ ပြိုင်ပြိုင်ဆိုင်ဆိုင် စည်းချက်ကျနစွာ ကပြတတ်ကြတဲ့ ကပွဲမြင်ကွင်းဟာ ကြည့်ရှုနေ ရသူတွေရဲ့စိတ် အစဉ်ကိုလွှမ်းမိုးချုပ် ကိုင်ထားနိုင်လောက်တယ်လို့ ဆိုရမယ်။

စိတ်ကို မြူးကြွ လန်းဆန်းမှုမယ်ရာဖြစ်အောင် ဆောင်ကျဉ်း ပေးနိုင်တဲ့ အကတစ်ခုဖြစ်တဲ့ ထားဝယ် ရိုးရာ အက၊အကြောင်းကို ကြည့်ခဲ့ဖူးရတဲ့ အချိန်ကတည်းကစပြီး စွဲလမ်းနှစ်သက်ခဲ့ရတယ်။ အကတွေရဲ့သမိုင်းနောက်ခံတွေကို စိတ်ဝင်စားမိခဲ့ရတယ်။ သံစဉ်နဲ့ သီချင်းစာသားတွေရဲ့ အခြေခံ ဇစ်မြစ်တွေကို လေ့လာ လိုစိတ်တွေက တပွားပွားဖြစ်လာခဲ့ရတယ်။ ဒါကြောင့် ကိုယ် ကိုယ်တိုင်က သတင်းသမားတစ်ယောက် ဖြစ်နေတဲ့အတွက် စိတ်ဝင်စားနေမိတဲ့ သတင်းရနံ့ကို ရအောင်ယူပြီး ထားဝယ်ရိုးရာ

အကအကြောင်းတွေကို မတွေ့ဘူး၊ မမြင်ဘူး၊ မကြားဘူးသေးတဲ့ သူတွေကို သိစေနိုင်အောင်ဆိုတဲ့စာပေ စေတနာနဲ့စာတစ်ကြောင်း ပေတစ်ချွဲ့ ရေးပြီး တင်ပြပေးချင်စိတ် ဖြစ်လာခဲ့ရတယ်။

ဒီအချိန်မှာပဲ ၂၀၁၁ ခုနှစ်မှာ ထုတ်ဝေမယ့် "ထားဝယ်အသင်းနှစ် ၁၀၀ ပြည့်မဂ္ဂဇင်း" အတွက် ဆောင်းပါးတွေပေးပို့နိုင်ဖို့ သတင်းကြော်ငြာလေးတစ်ခုကို သတင်းစာထဲမှာ ဖတ်မိလိုက်ရတဲ့အတွက် ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအကြောင်းကို ရေးချင်နေတဲ့ကျွန်တော့်မှာ ထားဝယ်သူထားဝယ်သားတစ်ယောက်မဟုတ်ပေမယ့် ဝမ်းသာပီတိ ဖြစ်ခဲ့ရတယ်။ ဒါ့ကြောင့် အခုအချိန် အထိရှင်းနိုင်ပြီး သံယောဇဉ်ရှိခဲ့တဲ့ ထားဝယ်ရိုးရာအကအကြောင်းကို သမိုင်းတစ်ခုမဟုတ်တောင် ကျွန်တော်လေ့လာမှတ်သား မေးမြန်းမိသလောက် မှတ်တမ်းလေးတစ်ခုအဖြစ် ရေးသားနိုင်တော့မည်ဖြစ်၍ ဝမ်းသာကြည်နူးမိတာဟာ အမှန်ပါ။

ဒါ့ကြောင့် ထားဝယ် ရိုးရာအကနဲ့ ထားဝယ်ရိုးရာ တေးသီချင်းတွေကို ဒီကနေ့ထိတိုင် နှစ်ပေါင်း ၅၀ နီးပါး မတိမ်ကောမပျောက်ပျက်သွားအောင် ဆက်လက်ထိန်းသိမ်းပြီး မျိုးဆက်သစ် လူငယ်များကို မွေးထုတ်ကာ လက်ဆင့်ကမ်း၍ သင်ကြားပို့ချ၊ ရေးသားစပ်ဆိုနိုင်ခဲ့၍ နိုင်ငံတော်က ၁၉၉၃ခုနှစ်တွင် စိမ်ထူးချွန်(တတိယအဆင့်)ကို ဂုဏ်ပြု ချီးမြှင့်ခြင်းခံခဲ့ရသည့် အသက် ၇၁ နှစ် အရွယ်ရှိ ဆရာဦးကိုကိုကြီးကို ထားဝယ်ရိုးရာ အကအကြောင်းနှင့် ထားဝယ်ရိုးရာ တေးသီချင်းများအကြောင်းကိုတွေ့ဆုံ မေးမြန်းကြည့်ခဲ့ရာ

မေး ။ ။ ထားဝယ်တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှု စတင်အခြေတည်လာပုံအကြောင်းလေးကို သိပါရစေဆရာ... ။

ဖြေ ။ ။ ၁၁၃ ခုနှစ်၊ သာဂရမြို့တည် သမန္တရာဇာမင်း လက်ထက်မှစခဲ့လို့ ကောဇာသက္ကရာဇ် ၁၁၁၆ ခုနှစ်မှာ မင်းဖြစ်သူမင်းနဲ့လှဟာ သာယာဝတီမြို့ကိုတည်ထောင်ပြီး အဲဒီမြို့မှာ ထားဝယ်သူထားဝယ်သားအများစု ပါဝင်တာကြောင့် ဒီထားဝယ်မြို့ကို ထားဝယ်မြို့လို့ ခေါ်တွင်စေခဲ့တယ်။ အဲဒီထားဝယ်မြို့မှာ ထားဝယ်ရိုးရာယဉ်ကျေးမှုနဲ့ ပတ်သက်တဲ့ ပွဲတော်တွေ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေ၊ စကားအသုံးအနှုန်းတွေ၊ အဆို၊ အက၊ အရေးအသား၊ အတီးအမှုတ်တွေဟာ အဲဒီအချိန်ကတည်းက အခြေတည်ရှိနေခဲ့တယ်။ အဲဒီကမှတစ်ဆင့် မြို့သူ၊ မြို့သားအပေါင်းက ထားဝယ် ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာတွေကို ခေတ်အဆက်ဆက်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့ကြလို့ ဒီကနေ့ထက်ထိတိုင်အောင် ရှင်သန်နေရတာဖြစ်တယ်။

မေး ။ ။ ဆရာက ဒီထားဝယ်ရိုးရာအကနဲ့ ရိုးရာတေးသီချင်းတွေကို ၁၉၆၅ ခုနှစ်လောက်က စပြီးဒီကနေ့အထိ တစိုက်မတ်မတ် ထိန်းသိမ်းလာခဲ့တယ်လို့သိရပါတယ်။ ဒါပေမဲ့ ဆရာ မတိုင်ခင်က ဆရာ့လိုထိန်းသိမ်းစောင့် ရှောက်ခဲ့တဲ့သူတွေ ရှိခဲ့ရင်လည်း ပြောပြပေးပါဦးခင်ဗျာ။

ဖြေ ။ ။ ဆရာ မတိုင်ခင်က သက္ကရာဇ် ၁၂၀၈ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ဆရာကြီးဦးနိုက်၊ သက္ကရာဇ် ၁၂၅၄ ခုနှစ်မှာ မွေးဖွားခဲ့တဲ့ ဆရာကြီးဦးရွှေယမ်း နဲ့ မိးပုံးပို့ဦးကျော်ရင်ရဲ့သား ဆရာဦးကျော်မင်းတို့ဟာ ထားဝယ်ရိုးရာအကနဲ့ ထားဝယ်ရိုးရာသီချင်းတွေကို အဆင့်ဆင့်လက်ဆင့်ကမ်း ထိန်းသိမ်းလာခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေဖြစ်တယ်။ ဆရာကလည်း အဲဒီဆရာကြီးတွေရဲ့ ရိုးရာမူနဲ့ ရိုးရာနည်းစနစ်အတိုင်း ရိုးရာမပျက်အောင်ထိန်းသိမ်းရင်း ခေတ်နဲ့အညီဖြစ်အောင် စောင့်ရှောက်လျှက်ရှိပါတယ်။

မေး ။ ။ ဆရာအနေနဲ့ ထားဝယ်ရိုးရာအကနဲ့ ရိုးရာတေးသီချင်းတွေကို စိတ်ဝင်စားပြီး ထိန်းသိမ်းစောင့်ရှောက်လာဖြစ်ပုံကို သိပါရစေခင်ဗျာ။

ဖြေ ။ ။ ဆရာက ထားဝယ်မြို့မှာမွေးပြီး ထားဝယ်မြို့မှာပဲ ကြီးခဲ့တာပါ။ အခုလည်း ထားဝယ်မြို့မှာပဲ နေထိုင်လျက်ရှိပါတယ်။ ဆရာက ထားဝယ် အ.ထ.က(၁)မှာ အလယ်တန်းပြကျောင်းဆရာ လုပ်နေရင်း ရှေးကဆရာကြီး၊ ဆရာမကြီးတွေ ရေးသားစပ်ဆိုခဲ့တဲ့ ရှေးဒိန်းသီချင်းတွေနဲ့ ရိုးရာအကတွေကို အခြေခံပြီးအခု မျိုးဆက်သစ်လူငယ်တွေကို တီထွင်သင်ကြားပေးခွင့်ရခဲ့တယ်။ ၁၉၆၅ ခုနှစ်ကစပြီး ထားဝယ်မြို့မှာ ကျောင်းပွဲတွေ၊ အားကစားပြိုင်ပွဲတွေ ပြည်ထောင်စုအလံတော် ညအိပ်ရပ်နားတဲ့ အချိန်တွေမှာ ဆရာက ဦးဆောင်ပြီး ကပြဖျော်ဖြေမှုတွေ နှစ်စဉ် လုပ်ခဲ့ရတယ်။ အဲဒါနဲ့ ၁၉၈၉ ခုနှစ်မှာ ထားဝယ်ကို နိုင်ငံတော်အကြီးအကဲတွေ ရောက်တဲ့အချိန်မှာ ထားဝယ်ရိုးရာအကနဲ့ တေးသီချင်းတွေကို ဧည့်ခံဖျော်ဖြေခွင့်ရခဲ့တယ်။ အဲဒီ ဖျော်ဖြေခွင့်ရပြီးတဲ့ နောက်ပိုင်းမှာ နိုင်ငံတော်အကြီးအကဲတွေက ထားဝယ်ရိုးရာယဉ်ကျေးမှုအကကို ကြိုက်နှစ်သက်သွားကြပြီး နိုင်ငံတော်အဆင့် ပြုလုပ်တဲ့အခမ်းအနားတွေ၊ နိုင်ငံတော်ရဲ့နေ့ထူးနေ့ရက်ကြီးတွေ၊ ရန်ကုန်မြို့သင်္ကြန်ပွဲတော်တွေ၊ လေ့သဘင်ပွဲတော်၊ ပြည်နယ်နဲ့တိုင်း ကျောင်းသားအားကစားပွဲတော်တွေ၊ မြန်မာ့ခရီးသွားနှစ်ဧည့်ခံဖျော်ဖြေပွဲတွေကို ရန်ကုန်အထိသွားပြီး ကပြ ဖျော်ဖြေတင်ဆက်ခွင့်ရခဲ့တယ်။ အခုဆိုရင် နေပြည်တော်အထိသွားရောက်ပြီး ကပြဖျော်ဖြေ နေရဆဲပါပဲ။ ထားဝယ်ရိုးရာအက ဖြစ်တဲ့ သရက်ချောင်းကျေးရွာက ရေအိုးရွက်အကအဖွဲ့ကိုလည်း ၁၉၉၂ ခုနှစ်ကစပြီး ဆရာကပဲ ပြန်လည်ရှုစည်း ဖွဲ့စည်းပေးခဲ့ပြီး အကနဲ့ တေးသီချင်းတွေကို ဆရာကိုယ်တိုင် ရေးသားစပ်ဆိုပေးခဲ့ပြီး သူတို့ကိုယ်တိုင် နောက်ပိုင်းတွင် သရက်ချောင်းမှာကပြလာခဲ့ကြတာဟာ ယခုထက်တိုင်ပါပဲ။

မေး ။ ။ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကမှာ အခြေခံပါဝင်

တဲ့ ရိုးရာအကတွေကိုလည်း ရှင်းပြပေးပါဦးဆရာ။

ဖြေ ။ ။ ထားဝယ်ရိုးရာ ယဉ်ကျေးမှုမှာပါဝင်တဲ့ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အသုံးအနှုန်း၊ အဆိုအကနဲ့ တူရိယာအတီးအမှုတ်တွေဟာ ထားဝယ်ရိုးရာအကရဲ့ အခြေခံကျတဲ့အချက်တွေဖြစ်ပါတယ်။ အဲဒီမှာ အခမ်းအနားပေါ်ကိုလိုက်ပြီး ကပြ၊ သီဆိုတီးမှုတ်၊ ဝတ်ဆင်သုံးနှုန်းရတဲ့ အယိုင်အက၊ ယမ်းအက၊ အိုးစည်အကတွေကို ဒိန်းသံစဉ်တွေနဲ့ လိုက်ပြီး က,ကြရတယ်။ အယိုင်အကကို ရှေးဘုရင်မင်းတွေ လက်ထက် မင်းခမ်းမင်းနားတွေမှာ ဒိန်းသံစဉ်တွေနဲ့ ရောနှောပြီး နှဲ့နှောင်းစွာနဲ့ ယိမ်းယိုင်ကပြကြရတယ်။ ယမ်းအကကတော့ လက်ဖဝါးကို အပြားလိုက်ချပြီး ဘယ်ညာယမ်းပြီး က,ရတဲ့အကဖြစ်တယ်။ အခုအခါ ခေတ်ရဲ့ အချိန်အခါအရ အကကိုသံစဉ်နဲ့ လိုက်ပြီး ခေတ်နဲ့လျော်ညီအောင်လည်း ဖန်တီးကပြကြရပြန်တယ်။ နောက်အိုးစည်အကကတော့ ကောက်စိုက်ပြိုင်ပွဲ၊ ကောက်ရိတ်ပြိုင်ပွဲ၊ အောင်ပွဲရတဲ့သူတွေကို ကြိုဆိုတဲ့ပွဲနဲ့ လူထုအခမ်းအနားတွေမှာ ကပြကြရတယ်။ ဒါတွေကတော့ ထားဝယ်ရိုးရာအကတွေရဲ့ အခြေခံအကတွေဖြစ်တယ်။

မေး ။ ။ ရိုးရာယဉ်ကျေးမှုလေ့အရ သူ့အချိန်အခါနဲ့ ကပြရတဲ့ အကအကြောင်းလေးတွေရှိရင်လည်း သိပါရစေခင်ဗျာ။

ဖြေ ။ ။ ဆရာတို့က ထားဝယ်ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးတမ်းစဉ်လာတွေကိုမပျက်မစီးမပျောက်ကွယ်သွားအောင်နှစ်ပေါင်းများစွာ ထိန်းသိမ်းလာခဲ့ရတာဟာ ပင်ပင်ပန်းပန်း ခက်ခက်ခဲခဲနဲ့ ဒီကနေ့အထိတိုင်အောင်ပါပဲ။ ရိုးရာယဉ်ကျေးမှု ဓလေ့တွေအရ အချိန်အခါအရကပြရတဲ့ အကြောင်းတွေကိုပြောပြရရင်တော့ သီတင်းကျွတ်လပြည့်နေ့ရောက်ရင်အရုဏ်တက်ချိန်မှာရှင်ဥပဂုတ္တမထေရ်မြတ်ကို ရည်စူးပြီး ဆွမ်း၊ ဆီမီး၊ ရှုံ့ရှုံ့တွေထည့်ထားတဲ့သပိတ်တွေကို ထားဝယ်မြစ်က ကျောက်တံတားဆိပ်ကမ်းမှာမျှောတဲ့ သပိတ်မျှောပွဲကိုလည်း နှစ်စဉ်ကျင်းပကြတယ်။ အဲဒီအချိန်မှာယဉ်ကျေးမှုအဖွဲ့က "ဒန်းကျွတ်တိမျှောပွဲ" (သီတင်းကျွတ်သပိတ်မျှောပွဲ) ဒိန်းအကကို က,ကြ ရတယ်။ ဒါ့အပြင်နှစ်စဉ်တပို့တွဲလပြည့်နေ့ညမှာလည်း ရှင်မုတ္တီးဘုရားဝင်းနဲ့ ရှင်ဖသီဘုရားဝင်းအတွင်းမှာထင်းပုံကြီးပုံပြီး "ဘုရားမီးကန်ပွဲ" (ဘုရားမီးပုံပွဲ) ကို ကျင်းပကြတယ်။ ဒီမီးပုံပွဲမှာပဲ ယဉ်ကျေးမှုအဖွဲ့က သီဆိုကပြကြရတယ်။ နောက်ပြီး မြန်မာနှစ်ဆန်းတစ်ရက်နေ့မှာ အတာစားခံရသူတွေဟာ ပန်း၊ ရေချမ်းနဲ့ အောင်သပြေတွေ ဆေးဆေးဆာဆာထည့်ထားတဲ့ အတာအိုးတွေကိုကိုင်ပြီး ရွှေတောင်စေတီနဲ့ အခြားဘုရားတွေကိုအကအခုန်တွေနဲ့သွားကြပြီး "တာသတ်ပွဲ" အကကို က,ကြရတယ်။ မနက်ပိုင်းမှာ ရေစိမ်ထမင်းသင်္ကြန်ထမင်းပို့အက (ရေးစိမုန်း)အက၊ ကိုးတောင်လောက်ရှိတဲ့ အရုပ်ကြီးနဲ့ က,ရတဲ့အက (ဘုန်းဘုန်းလား ကိုးတောင်)၊ လင်မယားနှစ်ယောက်အက (လန်များနေ့တောန်)၊ သင်္ကြန်တက်ပွဲ(ဂျန်တတ်ပွဲ)အကတွေနဲ့ နှစ်သစ်မှာ အစဉ်အလာအရ က,ကြရတယ်။ အဲဒီအကတွေအပြင် ရိုးရာကစားနည်းတွေအရ က,ပြရတဲ့ အကတွေ၊ ကောက်ပဲသတ်တမ်းကစားနည်း အကတွေနဲ့ ကျေးလက်တောရွာဓလေ့အကတွေ ဆိုတာတွေလည်း အများကြီးရှိသေးတယ်။

မေး ။ ။ ထူးထူးခြားခြား ကျင်းပရတဲ့ ရိုးရာဓလေ့ သီဆိုကခုန်ရတဲ့ ပွဲမျိုးရှိရင်လည်း ရှင်းပြပေးပါ ဆရာ။

ဖြေ ။ ။ ထားဝယ်ဒေသမှာ ဆန်ရေစပါးပေါများဖို့အတွက် မိုးခေါင်ခဲ့ရင် အစဉ်အလာအရ ဖားထီး၊ ဖားမ မိုးခေါ်ပွဲကို လွှမ်းကျေးရွာမှာရှိတဲ့ ငရဲမင်းရေအိုင်မှာ မိုးခေါ်တေးသီချင်းကို သီဆိုကခုန်ကြပြီး ကျင်းပရလေ့ရှိတယ်။ အဲဒီကျင်းပရတဲ့ အကြောင်း

ကိုပြောပြရရင် အဲဒီမိုးခေါ်ပွဲအကကို ကတဲ့အခါမှာ ဆန်းချိရပ်ကွက်က ရွှေစည်ခိုးဆက် ဦးကြီးတစ်ယောက်က ဖားထီးလုပ်ရပြီး၊ ကျောက်မော်ရပ်ကွက်က ရိုးရာမျိုးနွယ်ရှိသူ အဒေါ်ကြီးတစ်ယောက်က ဖားမလုပ်ဖို့တာဝန်ယူရတယ်။ ဆန်းချိရပ်ကွက်က အရပ်သူအရပ်သားတွေဟာ အိုးစည်ဗိုင်းတော်သားတွေနဲ့ အတူက,ခုန်ကြပြီး ဖားထီးလုပ်သူကို ရှေ့ဆုံးကတင်ပြီး ဘုရားကန်တော့ ပွဲတွေ၊ နတ်ကန်တော့ပွဲတွေပေးပြီး၊ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်၊ ပရိုက်ရေအိုး၊ ရေဖလားကိုင်တွေခြံရံလို့ ဖားမရှိရာကို လာကြရတယ်။ အဲဒီအချိန်မှာ အိုးစည်ဗိုင်းနဲ့ အကအခုန်အဖွဲ့တွေက အရပ်သူအရပ်သားတွေနဲ့အတူ အသင့်စောင့်ဆိုင်းနေတဲ့ ကျောက်မော်ရပ်ကွက်က ဖားမ လုပ်တဲ့အဒေါ်ကြီးကို သွားကြိုရိုပြီး ထားဝယ်မြို့က ၂ မိုင် ၄ ဖာလုံဝေးတဲ့ ဇလွန်းရွာမှာရှိတဲ့ ငါးရံ့မင်းကျင်လည်ရာကန်ကို မိုးခေါ်သီချင်းတွေ သီဆိုပြီး သွားကြရတယ်။ ကန်ကိုရောက်ရင် ဖားထီး၊ ဖားမ လုပ်တဲ့သူတွေဟာငါးပါးသီလခံယူရပြီး ငါးရံ့မင်းပရိုက်ကိုရွတ်ကာ ကန်ပေါင်ပတ်လည်ကိုဆင်းလို့ ပါးစပ်ကနေ အုံ့ အင်း၊ အုံ့ အင်း အော်ရပြီး ခုန်ဆွ၊ ခုန်ဆွနဲ့ရောကန်ငယ်ကို သုံးပတ်ပတ်ရတယ်။ အဲဒီနောက်မှာတော့ ဖားထီးက ရေအိုင်ငယ်ထဲကို ခုန်ဆင်းပြီး ရေမြုပ်ကာစေးကာ ပရိုသတ်တွေကို ရေအိုင်ထဲကရေနဲ့ ပက်ဖျန်းကစားရတယ်။ အဲဒီအချိန်မှာ ဖားမကရေအိုင်ထဲကို မဆင်းရဘူး။ ဒီအခမ်းအနားကို ရပ်ကွက်အသီးသီးက လူပျိုဖြူတွေဟာ အဆစ်ပြန်ကျခတ်ဝါးကျည်တောက်တွေနဲ့ ငါးရံ့မင်းကန်က ရေကိုယူပြီးပက်ဖျန်းကြရတယ်။ ဒီနောက်မှာတော့ ရေစိမ်ထားတဲ့ ပင်စိမ်းစေ့တွေကို ဖားဥတွေဥပြီလို့ အော်ပြီး ကျဲပက်ပေးကြရတယ်။ ဒီအချိန်မှာ ဘယ်သူမှ မိနုပ်မစီးရ၊ ထီးမဆောင်းရဘူး၊ အဲဒီနောက်မှာတော့ ရောကန်က ရေတွေကိုသယ်ယူကြပြီး ဇလွန်းတောင်ဘုရားနဲ့ ဩရဂဠုံဘုရားတွေမှာ ရေသွန်းလောင်းကြရတယ်။ အဲဒါကတော့ ထားဝယ်ဒေသရဲ့ ရှေးအစဉ်အဆက်က ယုံယုံကြည်ကြည်နဲ့ လုပ်လာခဲ့ကြတဲ့ စိတ်ဝင်စားဖွယ်ရာကောင်းတဲ့ ရိုးရာဓလေ့တစ်ခုဖြစ်တယ်။ အဲဒီလိုကျင်းပလာခဲ့တဲ့အခါတွေမှာလည်း မိုးရွာသွန်းခဲ့တဲ့ အထောက်အထားတွေအများကြီးရှိခဲ့တယ်။

မေး ။ ။ ဆရာ ရေးသားစပ်ဆိုခဲ့တဲ့ ထားဝယ်ရိုးရာ တေးသီချင်းပေါင်းမှတ်ရောာယ်လောက်ရှိသွားပြီးလဲ။ တေးသီချင်းတွေကို ဘယ်လိုပုံစံနဲ့ရေးစပ်ပါသလဲ။ အကအဖွဲ့တစ်ဖွဲ့မှာ ပါဝင်က,ပြ ဖျော်ဖြေတဲ့သူ ဘယ်နှဦးရှိလဲ။

ဖြေ ။ ။ ဆရာ ၁၉၆၅ ခုနှစ်ကစပြီး ဒီကနေ့အထိ ရေးသားစပ်ဆိုခဲ့တဲ့ ရိုးရာတေးသီချင်းအပုဒ်ရေဟာ ၇၀ ပုဒ်လောက်ရှိသွားပါပြီ။ တေးသီချင်းတွေကိုလည်း ရှေးကဆရာကြီးတွေရဲ့ တေးသီချင်းတွေကိုအခြေခံပြီး၊ ခေတ်နဲ့အညီ ရေးသားစပ်ဆိုပြီး အကတွေကိုလည်း ခေတ်နဲ့အညီ တီထွင်ဖန်တီးခဲ့ရပါတယ်။ အကအဖွဲ့တစ်ဖွဲ့မှာ ကပြတဲ့သူဦးရေက ၁၀ဦး၊ ၂၀ဦး၊ ၂၆ဦး၊ ၅၀ဦး၊ ၁၂၀ဦး ရှိပါတယ်"

ဟု ဆရာဦးကိုကိုကြီးမှ မေးမြန်းသမျှကို စိတ်ရှည်လက်ရှည် ပြောကြားပေးခဲ့၍ကျွန်တော့်အနေဖြင့်ကျေးဇူးအထူးတင်ရှိပါသည်။

ဆက်လက်၍ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကများထဲမှ တစ်ခုအပါဝင်ဖြစ်သော သရက်ချောင်းမြို့မှ ရေအိုးရွက်အကကိုလည်း ဆရာဦးကိုကိုကြီးမှပင် ပြန်လည်တီထွင်ဖန်တီးခဲ့၍ ကပြဖျော်ဖြေနေရာ အခုအချိန်အခါ၌ နိုင်ငံတော်အဆင့် အခမ်းအနားကြီးများအထိ ကပြဖျော်ဖြေခွင့် ရရှိနေသည်မှာ ဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။

ထို့ကြောင့်ထားဝယ်မြို့မှ ၁၇ မိုင်ကွာဝေးသော သရက်ချောင်းမြို့မှ အံ့မခမ်းစိတ်ဝင်စားဖွယ်ရာ ကောင်းလှသည့် ရေအိုးရွက်အကအကြောင်းကိုလည်း ဤထားဝယ်ရိုးရာအကများအကြောင်းတွေ့ဆုံမေးမြန်းခန်း၌မပါလျှင် မပြည့်စုံဟု ထင်မြင်မိ၍ အကအဖွဲ့အုပ်ချုပ်သူ ဆရာမ ဒေါ်ရှိမာအား မေးမြန်းကြည့်ရာ

မေး ။ ။ ဘာကြောင့် ရေအိုးကိုရွက်ပြီး ကပြကြရတာလဲ၊ ရေအိုးရွက်အက ကပြရာမှာ ဘယ်လို စွမ်းရည်တွေနဲ့ ကပြရလဲ နည်းနည်းလေး ရှင်းပြပေးပါ။

ဖြေ ။ ။ ဒီရေအိုးရွက်အကကို သရက်ချောင်းမြို့က ထားဝယ်သူလေးတွေက ဒေသရဲ့ရိုးရာယဉ်ကျေးမှု တစ်ရပ်အဖြစ် တန်ဖိုးထားပြီး ထိန်းသိမ်း နေဆဲပါပဲ၊ ဒီအက,က ကြည့်ရတဲ့သူအဖို့ အမြင်လှယ်သလောက် သင်ရခက်တဲ့ အကပညာရပ်တစ်ခုဖြစ်ပါတယ်။ ရေအိုးရွက်ပြီး ကပြရာမှာတော့ ရေအိုးနဲ့ခေါင်းကြားမှာ ဘာအခုအခံမှမပါပါဘူး .... ပြီးတော့ ရေအိုးထဲမှာ ရေအပြည့်ထည့်ပြီး ကပြလှုပ်ရှားရတဲ့ အကမျိုးဖြစ်ပါတယ်။ အိုးထဲမှာရေ ပြည့်မပြည့် ပရိသတ်သိမြင်နိုင်အောင်အတွက် အိုးထဲကရေပေါ်မှာ ခွက်ကလေးတစ်ခွက်ကို တင်ပြထားပါတယ်။ ရေအိုးရွက်သူတွေရဲ့ စွမ်းရည်အရည်အချင်းကို ပြောပြရရင် ရေအိုးတစ်လုံးရွက်သူအတွက် ရေနဲ့အိုးရဲ့ အလေးချိန်က ၇ ပိဿာ၊ ရေအိုးနှစ်လုံး ရွက်သူအတွက် ရေနဲ့အိုးက အလေးချိန် ၉ ပိဿာနဲ့ ရေအိုးသုံးလုံးရွက်သူအတွက် ရေနဲ့အိုးရဲ့ အလေးချိန် ၁၁ ပိဿာစနဲ့ ရွက်ပြီး ကပြရတဲ့အကဖြစ်တဲ့အတွက် တော်ရုံကပြဖို့ဆိုတာ မလွယ်ပါဘူး။ ဒါကြောင့် ဒီလို ခက်ခဲနက်နဲလှတဲ့ ကျွန်မတို့ရဲ့ ရိုးရာရေအိုးရွက်အကကို ထားဝယ်ရိုးရာယဉ်ကျေးမှုတစ်ရပ်အနေနဲ့ အမြဲရှင်သန်နေအောင် ထိန်းသိမ်းရင်းကပြနေရတာပါ။

မေး ။ ။ အသက် ၁၇ နှစ်အရွယ်ကတည်းက စတင်၍ ယနေ့ထက်တိုင် ရေအိုးရွက်အကကို က,ဖြစ်နေသေးတဲ့ အသက်

၃၀ နှစ်ရှိပြီဖြစ်တဲ့ သရက်ချောင်းမြို့နယ် ညောင်ခင်ကျေးရွာမှ မချိုချိုသက်ကို ရေအိုးရွက် အက,ကဖြစ်ခဲ့ပုံနှင့် ပတ်သက်၍ မေးမြန်းကြည့်ရာ

မြေ ။ ။ ကျွန်မတို့ မိဘမောင်နှမ မျိုးရိုးမှာ ရေအိုးရွက်ကခဲ့တဲ့သူတော့ မရှိပါဘူး။ ဒီအကကို ကျွန်မစိတ်ဝင်စားပြီး ဝါသနာပါတာကြောင့် က, ဖြစ်သွားတာပါ။ ကျွန်မအသက် ၁၇ နှစ်မှာ စပြီးကတဲ့နှစ်မှာပဲ ရေအိုးတစ်လုံး ရွက်ပြီးကပါတယ်။ နောက် ၁၀နှစ်ကြာတော့ အသက်၂၈နှစ်အရွယ်မှာ ရေအိုးနှစ်လုံးရွက်ပြီးကနိုင်ခဲ့ပါတယ်။ နောက်တစ်နှစ်အကြာ အသက်၂၉နှစ်အရွယ်မှာတော့ ရေအိုးသုံးလုံးကို အခုတွေ့တဲ့တိုင်းရွက်ပြီး ကနိုင်နေပါပြီ၊ ရေအိုးရွက်ကတဲ့ သက်တမ်းကတော့ ၁၄ နှစ်လောက်ရှိပါပြီ။ ကျွန်မတို့ရေအိုးရွက်ပြီးတော့ ကမယ်ဆိုရင် အက မစတင်ခင်မှာ ကိုယ်ခေါင်းပေါ်တင်မယ့်အိုးကို ကြိုတင်ပြီး ဟန်ချက်ညီအောင် ဆောင်ရွက်ပြီး မကျအောင်ထိန်းရပါတယ်။ ရေအိုးနဲ့ ခေါင်းကြားမှာ ဘာအခုအခံမှ မပါပါဘူး။ အိုးထဲမှာရေအပြည့်ပါတာကြောင့် ရေအိုးကိုကြာကြာရွက်ထားရင်တော့ ခေါင်းအနည်းငယ်ကျိန်းပါတယ်။ ရေအိုးရဲ့ပင်ကိုလည်း ချိန်ထားတာတို့ ဘာတို့မရှိပါဘူး၊ ပုံမှန် ရေအိုးအလုံးအတိုင်းပါပဲ။ က,တဲ့ရေအိုးဆိုပြီး သီးသန့်လုပ်တာလည်းမရှိပါဘူး။ ရေအိုးရွက် ကမယ့်သူတွေဟာ အမြဲဖြစ်ရပါတယ်၊ ရေအိုးကို ကြိုးစဉ် ငယ်လိုက်ဂုလုံးအထိ ရွက်ပြီး က,နိုင်တဲ့သူတွေလည်းရှိခဲ့ပါတယ်။ အခုအခါ သရက်ချောင်းမြို့နယ်မှာ ရေအိုးရွက်ကခဲ့တဲ့ မိန်းကလေးတွေ အယောက် ၂၀လောက်ရှိပြီ၊ လက်ရှိကတော့ ၁၅ဦးနဲ့ က, နေပါတယ်။ အကအဖွဲ့ကတော့ ကျွန်မတို့ရဲ့အဖွဲ့ တစ်ဖွဲ့တည်းရှိပါတယ်"ဟု သူကရှင်းပြသည်မှာ စိတ်ဝင်စားဖွယ်ရာ ကောင်းလှသည်။

ထားဝယ်မြို့ကို အကြိမ်ကြိမ်ရောက်ဖူးပြီ ထားဝယ်ရိုးရာအကများကိုလည်း လက်ချိုးရေတွက်၍မရအောင် ကြည့်ရှုအားပေးခဲ့ဖူးသည့် ကျွန်တော့်အနေနဲ့ အသိမိတ်ဆွေ ထားဝယ်သူ၊ ထားဝယ်သားများနှင့် တွေ့ဆုံကြတွေ့ရသည့်အခါတိုင်း သူတို့၏ ထားဝယ်သံဝဲဝဲလေးနှင့် ပြောသည့် ပြောစကားများကို စက်စက်ခဲခဲ နားလည်ရခက် နားမလည်ရခက် နားထောင်ရင်း ထားဝယ်သား ယောကျ်ားလေးများက "ရှာယ်ခံဗျား၊ ရှာယ်ခံဗျား" နှင့် ပြောတတ်သည့် စကားသံနှင့် ထားဝယ်သူ မိန်းမပျိုလေးများက ပြောတတ်သည့် "ရှာယ်ရှင်၊ ရှာယ်ရှင်" ဆိုသည့် ယဉ်ကျေးစွာပြောဆိုတတ်သည့် စကားသံဝဲဝဲလေးများကို ပြန်လည်ကြားယောင်မိရင်းဖြင့် ထားဝယ်ရိုးရာ ယဉ်ကျေးမှုအကအလှများသည်လည်း ထာဝရတည်တံ့နိုင်ပါစေလို့ ဆုတောင်းရင်းဖြင့်။

သာညာကို (ရန်ကင်း)

ထားဝယ်နွယ်ဖွား ဂီတသမား နိုင်မြဲသာ

● သိပ္ပံကျော်

"ဟေ့ .... ဟေး.... ဟေး .... ဟေ့ ... လှမ်းခဲ့ ထားဝယ်မြေ" တေးချိုကလေးကို တစ်ခွန်းတစ်စ ကြားမိရုံဖြင့် တေးသံရှင် နိုင်မြဲသာကို အမှတ်တရရှိနေကြသကဲ့သို့ နိုင်မြဲသာနှင့် "လှမ်းခဲ့ ထားဝယ်မြေ" တေးသီချင်းတစ်သားတည်းကျနေသည်ကို ထားဝယ်သူထားဝယ်သားအားလုံး သတိထားမိကြသလို ... ဂီတမြတ်နိုးသူတိုင်းလည်း သိကြပါသည်။

ထားဝယ်ဒေသ၏ သဘာဝအလှတရားများ၊ ထားဝယ်သူ၊ ထားဝယ်သားများ၏ ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုဆိုင်ရာ ချစ်စရာဓလေ့များကို ဆန်းသစ်သော တေးဂီတသံစဉ်များနှင့် ပေါင်းစပ်၍ ထိုတေးတစ်ပုဒ်ထဲတွင် အံဝင်ခွင်ကျစွာဖော်ကျူး စီကုံးထားသောကြောင့် တေးသီချင်းသည် မြူးမြူး ကြွကြွဖြစ်လာပြီး ထားဝယ်ဒေသရဲ့ သဘာဝ အလှ၊ သဘာဝဓလေ့စရိုက်တို့လည်း ပီပီပြင်ပြင်ဖြစ်နေသည်။ ထိုတေးသီချင်းကြောင့် "နိုင်မြဲသာ"လည်း ပိုမို ထင်ရှားလာသည်ဟု ယုံကြည်ခံစားမိပါသည်။

ဂီတလောကတစ်ခုလုံးသို့ ကော်ပီသံစဉ်များ ပျံ့နှံ့လွှမ်းခြုံနေသည့်အချိန် တေးသီချင်းများကို ကိုယ်တိုင်ရေး၍ တေးသံစဉ်များကို ကိုယ်တိုင် တီထွင်ကာ ကိုယ်ပိုင်သံစဉ် တေးသီချင်းများကို လွတ်လပ်စွာဖန်တီးနေသည့် တေးသံရှင်နိုင်မြဲသာရဲ့ဘဝတစေ့တစောင်းကို တီးခေါက်မေးမြန်း ဆွေးနွေးမိပါသည်။

🗗 ပထမဆုံး တေးရေး၊ တေးဆို နိုင်မြဲသာရဲ့ ထားဝယ်ဇာတိ မျိုးရိုးများနဲ့ မိတ်ဆက်ပေးပါ။

◀ ဟုတ်ကဲ့ပါ၊ ကျွန်တော်ဘယ်သူလဲဆိုတာ မပြောခင် မိဘ မျိုးရိုးအစဉ်အဆက်ကို ပြောပြချင်ပါတယ်။ မိဘနှစ်ပါးကတော့ ဦးသိန်းဝင်း၊ ဒေါ်ကြည်ကြည်သော်ဖြစ်ပါတယ်။ အဖေ့ဘက်က အမျိုးကို စပြောပြမယ် – အဖေ့ရဲ့အဘိုးကတော့ ဘိုးဘိုးမီးပုံးပျံ ဦးကျော်ရင်ဖြစ်ပါတယ်။ ထားဝယ်မှာ ပန်းချီကျောင်းဆရာဖြစ်တယ်။ အဖေ့ရဲ့ မိဘတွေကတော့ ဦးကောင်း၊ ဒေါ်ဟန်ကြည် ဖြစ်ပါတယ်။ (ကျွန်တော့်အဘိုးနဲ့ အဘွားပေါ့) အဖိုးဦးကောင်းက အဘိုးဦးကျော်ရင်ရဲ့သား အကြီးဆုံးဖြစ်ပါတယ်။

အဲဒီမှာလူသိများတဲ့ ဘိုးလေးတွေရှိတယ်။ ဖိုးလေး ဦးကျော်ဆန်း၊ ကာတွန်းဆရာကြီး က/ခ ပေါ့၊ ပြီးတော့ ဘိုးလေး ဦးကျော်လင်းက စာပေဗိမာန်မှာ စာတည်းအယ်ဒီတာပါ။

သူလည်း နတ္တလင်းမြို့မှာ မီးပုံးပျံစီးပြရသေးတယ်။ ပြီးတော့ ဘိုးလေးဦးကျော်မင်း ဆိုရင်လည်း ထားဝယ်ယဉ်ကျေးမှုအမြွတော စာအုပ်နဲ့ သုံးထောင်စံ စာအုပ်တွေရေးသားပြုစုခဲ့တဲ့ စာရေးဆရာ ပေါ့၊ အမှတ်(၁)အထကပန်းချီဆရာ ဖြစ်ပါတယ်၊ ဒီအကြောင်း တွေကိုအသေးစိတ်မပြောပြတော့ပါဘူး။ အဲဒါတွေကတော့ အဖေ့ ဘက်က အမျိုးတွေပေါ့။

အမေကတော့ ဦးသော်–ဒေါ်နွဲ့ရီရဲ့သမီးထွေးပါ။ ထားဝယ် မှာဆရာမလုပ်ခဲ့ပါတယ်။ အမေ ငယ်စဉ်ကတော့ဒေါ်စောကြည် လို့လူသိများပါတယ်။ အမေငယ်ငယ်ကတော့ ဦးနော်မဲလို့ သူငယ်ချင်းတွေက အသိများလိမ့်မယ်။

🗗 ဒါဆို နိုင်မြဲသာဟာ ထားဝယ်မျိုးရိုး အစစ်လို့ ဆိုရမှာ ပေါ့...။ ထားဝယ်မှာ နေခဲ့ဘူးလား။

◀ အဖေရောအမေရော ထားဝယ်အစစ် ဆိုတော့ ကျွန်တော် လည်းကိုယ့်ဟာကိုယ်ထားဝယ်သားလို့ပဲ ခံယူပါတယ်။ ထားဝယ် မှာတော့ အကြာကြီးမနေခဲ့ရဘူး။ အလည်ပဲသွား ဖြစ်ခဲ့တာပါ။ ဒါပေမဲ့ ညီအစ်ကိုမောင်နှမ တစ်ဝမ်းကွဲတွေကများလွန်းတော့ ထားဝယ်စကားပဲ ပြောဖြစ်တယ်။

🗗 နိုင်မြဲသာရဲ့ပညာအရည်အချင်းကိုလည်း သိပါရစေ။

ယော်စဥ်က စပေါ့။

ဟုတ်ကဲ့၊ ဆယ်တန်းတုန်းက ၄ ဘာသာဂုဏ်ထူးနဲ့ အောင်တယ်။ အမှတ်ကမြင့်တယ်၊ သင်္ချာဆိုရင် အမှတ် ၁၀၀ ရတယ်။ မှတ်မှတ်ရရပေါ့ စုစုပေါင်း ၄၉၄ မှတ်ရခဲ့တယ်။ ဆရာဝန် ဝါသနာမပါဘူး။ စာကျက်ပျင်းတယ်၊ အဲဒါနဲ့ ကွန်ပျူတာ တက္ကသိုလ်တက်တာ၊ ပြီးတော့ နည်းပညာလိုင်းယူတယ်။(C.T.) ပေါ့ B.C. Tech (Hons.) ရခဲ့တယ်။ ပြီးတော့ Master ဆက်တက်သေးတယ်။ M.C. Tech (Thesis) ပေါ့ပြီးတော့ School of Audio Engineering (SAE) မှာ Diploma တက်လိုက်သေးတယ်။ Dip in Audio Engineering ရခဲ့ပြန်တယ်။

နိုင်မြသာ ဘယ်အချိန်လောက်က စပြီးတော့ အနုပညာလောကထဲဝင်ခဲ့လဲ။

၁၉၉၅ ခုနှစ် ဝန်းကျင်လောက်က တက္ကသိုလ်စတက်တဲ့နှစ်လောက်ကပါ။ ပထမအခွေ ထွက်တာကတော့ ၁၉၉၇ အဲဒီတုန်းက "ကျော်မြတ်သော်" နံမည်နဲ့ အခွေခေါင်းစဥ်က "ညို့အိပ်မက်"

နောက်ထွက်တဲ့ အခွေတွေကကော။

၂၀၀၀လောက်မှာ "ရှေ့ဆက်သွားမယ်"ဆိုတဲ့ နံမည်က နိုင်မြသာ ဖြစ်ပြီ၊ ဒါပေမဲ့ Group Nameပဲပေးထားတယ်။ IBM ဆိုပြီးထွက်တာ၊ အဲဒီမှာ "အချစ်နဲ့ထာဝရ" ဆိုတဲ့ သီချင်း လေးကို Bonus အကြမ်းထည့်ပေးလိုက်တာ လူနည်းနည်းသိ သွားတယ်။ အဲဒါနဲ့ တတိယစီးရီးမှာ သူ့ကို Title တပ်တာ၊ အခြားသီချင်းသစ်တွေနဲ့ပေါ့။ အဲဒီတတိယအခွေကမှ "နိုင်မြသာ" ရဲ့ First Album သဘောဖြစ်သွားတာပေါ့.. နိုင်မြသာ "အချစ်နဲ့ထာဝရ"ပေါ့ C.D. ရော၊ V.C.D ရောထွက်ပါပြီ။ ၂၀၀၆ လောက်ကဖြစ်မယ်။ စတုတ္ထအခွေကတော့ "အမှောင်မှအလင်းသို့" Audio CD ၂၀၀၈ကုန် လောက်ကထွက်တယ်။ VCD ကို ထားဝယ်မှာ ရိုက်တာ နှစ်ပုဒ်လောက်ပါတယ်။ ၂၀၁၀ နှစ်ဦးပိုင်းလောက်ကထွက်တယ်၊ ထားဝယ်သီချင်း New Version ပါလာပြီ။

ထားဝယ်သီချင်းဆိုလို့ အဲဒီသီချင်းက ဘယ်အခွေမှ စပါတာလဲ။

ထားဝယ်မြို့ A.B.M. အထက ၃ ကျောင်း၊ အာစရိယ ပူဇော်ပွဲအခွေမှာ ကျွန်တော် ဓမ္မာလက်ဆောင် ဆိုလိုက်ရင်းက စ တာပါ.... အဲဒီအခွေထဲက သီချင်းတွေကတော့ အာစရိယ သီချင်းတွေပါဘဲ။

အဲဒီလို Group အခွေတွေမှာ ဘယ်နခွေလောက် ဆိုပြီးပြီလဲ၊

(၁) ထားဝယ် A.B.M. ကျောင်းအခွေ (၂) အလက်ဝရွှေသံစဥ် (၃) အချစ်ရှိနေသမျှ ချစ်သူ့သီချင်းများ ....

ဖိုးဖိုး မီးပုံးပျံဦးကျော်ရင် မိသားစု



❐ နိုင်မြသာ တေးရေးတစ်ယောက်အနေနဲ့ ဘယ်နှပုဒ်လောက်ရေးခဲ့လဲ ။

◀ Series အနေနဲ့ဆိုရင် ကျွန်တော်ထွက်ခဲ့သမျှ (၁) ညှို့အိပ်မက် (၂)ရှေ့ဆက်သွားမယ် (၃)အချစ်နဲ့ထာဝရ (၄)အမှောင်မှအလင်းသို့ အားလုံး တစ်ယောက်တည်းရေးခဲ့တယ်။ တေးသံရှင်ဘုန်းစန့် အခွေမှာဆို ရှစ်ပုဒ်ရေးတယ်။ အတွဲခွေတွေထဲမှာ ရတနာဉီး၊ လေးလေးဝါး၊ ကျည်းမလေး ပြီးတော့ ထားဝယ်ခွေ၊ T.V သီချင်းတွေကလည်းများလို့ မမှတ်မိတော့ဘူး။ အခုထွက်မယ့် TRI ဆိုတဲ့ သုံးပုဒ်တည်းအခွေမှာတော့ ကျွန်တော် တစ်ပုဒ်၊ ထားဝယ် တေးရေး U.K. က နှစ်ပုဒ်။

❐ နိုင်မြသာကို Keyboard တီးနေတာတွေ့တယ်၊ တေးရေးတေးဆိုမဟုတ်တဲ့ အခြားအနုပညာအလုပ်တွေ အကြောင်းပြောပြပါဦး။

◀ Keyboard တီးတာက Professional တီးတာ မဟုတ်ဘူး၊ တကယ့် Professional က Audio Engineer အသံဖမ်း စတူဒီယိုကျွန်တော်လုပ်ထားတယ်။ LIFETIME STUDIO လို့အမည်ပေးထားတယ်။ အဲဒီမှာလာလုပ်တဲ့ ဂါသနာရှင်တွေကို မျှော်နဲ့တီးပေးတာ၊ သူတို့တွေ သက်သာအောင်ပါ Drum ရေးတာတို့၊ Bass ကို Keyboard နဲ့ တီးပေးတာတို့ ပါ,ပါတယ်။ တကယ်အခွေအတွက်ဆိုရင်တော့ BAND နဲ့တီးတာပေါ့။ အခုလက်ရှိ BAND နာမည်ကိုလည်း LIFETIME လို့ပေးထားတယ်။ ကျွန်တော် ဘာမှမတီးဘူး Mixdown လုပ်တယ်။ အသံဖမ်းတယ်၊ စီစဉ်ပေးတယ်။

❐ ဒီအနုပညာလောကမှာ နိုင်မြသာရဲ့ ဆရာတွေကရော။

◀ ငယ်စဉ်က Guitor တီးသင်ပေးတာ OASIS ကိုသက်ပါ။ တကယ်ဒီလောကထဲ ရောက်တော့ ဆရာရင်းကတော့ MAY Studio က ဦးနိုးနိုးပါ။ ၁၉၉၅ လောက်ကတည်းက အဆိုရော၊ အရေးရော Guide လုပ်ပေးတယ်။ တီးခတ်တဲ့လမ်းကြောင်း ပေါ်လည်းသုံပဲတင်ပေးတာပါ နောက်ဆုံး Recording, Mixing, Mastering အထိသင်ပေးတယ်။ ၁၀ နှစ်လောက် MAY Studio မှာကြီးပြင်းလာပြီးမှ SAE ကျောင်းတက်တာ၊ ဘွဲ့လည်းရပြီးနေပြီ Diploma ကို Post Graduate ဖြစ်ပြီးမှ အဲဒီအချိန်မှယူတာ၊ အဲဒီတော့ ဒီ Music Industry မှာ Professional တစ်ယောက်အဖြစ် Service ပေးနေနိုင်တာ ဖြစ်ပါတယ်။

❐ အခု MRTV-4 မှာ သင်ယူလေ့လာ ဂီတပညာ ကဏ္ဍမှာ တွေ့နေရတယ်နော်။

◀ ဟုတ်ပါတယ်။ ခုနက ပြောသလိုပါပဲ ဖြစ်သန်းခဲ့ရတဲ့ ဘဝအတွေ့အကြုံတွေကို လူငယ်တွေ လွယ်လွယ်ကူကူ သိရှိနိုင်အောင် စေတနာ သန့်သန့်နဲ့ တင်ဆက်တာပါ။

❐ နိုင်မြသာ လူမှုရေးလုပ်ငန်းတွေလည်း လုပ်တယ်နော်။

◀ ဟုတ်တယ်။ စေတနာကျောင်းဆရာပါ ၁၉၉၃ဆယ်တန်းအောင်တဲ့နှစ်ကစပြီး ယနေ့အထိ ဗဟန်းက B.T စေတနာအခမဲ့သင်တန်း ကျောင်းမှာ ၉-တန်း၊ ၁၀-တန်း Physics သင်ပေးပါတယ်။ စာသင်သက်တော်တော်ရလာပါပြီ၊ ကျွန်တော်သင်ပေးနေတဲ့တပည့်တွေအသက်ထက်တောင် ပိုများနေပါပြီ။

❐ ထားဝယ်မြို့နဲ့ ပတ်သက်ပြီး ဘာတွေဆက်လုပ်ဖို့ ရှိသလဲ။

◀ ထားဝယ်အသင်းရာပြည့် အထိမ်းအမှတ် သီချင်းခွေတစ်ခွေ လုပ်ချင်ပါတယ်။ စီစဉ်နေပါတယ်။ ဒါလည်း လူမှုရေး စေတနာ သက်သက် ပါပဲ။

❐ နိုင်မြသာအနေနဲ့ အလုပ်တွေအများကြီးတွေ ထဲကမှ ကိုယ့်ထားဝယ်သူထားဝယ်သားတွေ အပ်တဲ့အလုပ်တွေရော မှတ်မှတ်ရရ ရှိသေးလား။

◀ ရှိတာပေါ့ဗျာ။ "မြင်ကွင်း"မဂ္ဂဇင်းတိုက်က ဦးမင်းဆွေဆို ထားဝယ်သားပေါ့။ သူ့ရဲ့သားက California State University မှာ Film Study နဲ့ B.A ဘွဲ့ရပြီး ဒီမှာရုပ်ရှင်လာရိုက်တယ်။ သရုပ်ဆောင်တွေက ကျော်ကျော်ဗိုလ်နဲ့ မိုးယုကို၊ ကားနာမည်က (ပုံပြင်ဟောင်း) အဲဒီကားမှာ Theme Song ရေးရတယ်။ တီးရတယ်၊ ဆိုပေးရတယ်၊ ပြီးတော့ တစ်ကားလုံး Dubling နောက်ခံတေးဂီတ တီးပေးရတယ်။ မင်းသား၊ မင်းသမီးတွေ စကားပြောတချို့ Post Recording အတွက် ကျွန်တော့် Studio မှာအသံဖမ်းပေးတယ်။ ဒါက မှတ်မှတ်ရရပေါ့။ ပြီးတော့ အရှေ့မှာပြောခဲ့တဲ့ A.B.M အထက(၃)၊ ထားဝယ်အခွေ

❐ နိုင်မြသာက အလုပ်ပြန်အပ်ရတာမျိုး ရော ရှိသလား။

◀ ရှိတာပေါ့၊ ထားဝယ်အချင်းချင်းပိုပြီး အားပေး ချင်တယ်လေ..။ အမှောင်မှအလင်းသို့ Series VCD Cover အတွက် Still Photo ကိုထားဝယ်မြို့က ကိုဝင်းရိုက်ပေးတယ်၊ ဖောင်းမကန်မှာရိုက်တယ်။ VCD လည်း သုံးပုံမော်တာ နှစ်ပုဒ်။

A.B.M. အာစရိယပူဇော်ပွဲတွင် တေးရေး UK နှင့် အမှတ်တရ

ထားဝယ်မြို့ကတေးရေး U.K ရေးတဲ့သီချင်းတွေဆိုတယ်။ အခု TRI အခွေမှာသူ နှစ်ပုဒ်၊ ကျွန်တော် တစ်ပုဒ်ရေးထားတယ်။ ရန်ကုန်မှာနေတဲ့ ထားဝယ်သားဓာတ်ပုံဆရာကိုကျော်စွာလှကြည်ကိုတော့ အခု TRI Series အတွက် Still Photo အပ်တယ်။ အခု ရိုက်ထားတဲ့ပုံတွေပေါ့။

ထားဝယ်ကို အလည်သွားရင်တော့ မမေ့နိုင်တဲ့ အမှတ်တရဘာတွေရှိလဲ။

(၁)မောင်းမကန်၊ (၂) ညီအစ်ကိုမောင်နှမတွေ (အဆာဘက်ကရော၊ အဖေ့ဘက်ကရော အများကြီးပဲ) (၃) ထားဝယ်စားစရာတွေ (၄) အခု ဆိုရင်တော့ ကျွန်တော့်ကို အားပေးကြတဲ့ထားဝယ်ပရိသတ်တွေပေါ့။

အဲလို ဆို တော့ ထားဝယ်စားစရာတွေထဲ ကရော ဘယ်ဟာတွေ သိပ်စွဲလမ်းလဲ။

(၁) ငါးပုတ်ခြောက်ကြိုက်တယ် (၂) ဂုံအရည်ဂုံးသီးခြောက်ကြော် (၃) သနပ်စုံမုန့်တီ (၄) ဝက်ခေါင်းသုပ်မုန့်တီ (၅) ငံပြာရည်ချက်မုန့်တီ (၆)မုန့်လက်သုပ် (၇)မုန့်ဟင်းခါး (၈) ထားဝယ်အာပုံ (၉) မုန့်လိပ်အစို/အခြောက် အဲဒါတွေက မစားမဖြစ်အရမ်းကြိုက်တာတွေပေါ့။ ဒါပေမဲ့ ကျွန်သေးတယ် ထားဝယ်မှာ ၁၀ရက်နေရင် Weight ၁၀ပေါင် တက်ပါတယ်။

အခုဆိုရင် တော်တော်စုံသွားပါပြီ။ တဖတ်ပရိသတ် ကြီးကို အမှတ်တရ စကားလေးနဲ့ နိဂုံးချုပ်ပေးပါ။

ထားဝယ်မျိုးရိုးဂုဏ်ကို တိုးတက်စေဖို့ ကျွန်တော်စွမ်းဆောင် နိုင်တဲ့ဘက်က အစွမ်းကုန် ကြိုးစားသွားပါမယ်။ ပရိသတ်ကြီး အားလုံးကျန်းမာချမ်းသာကြပါစေခင်ဗျား။

ဝါသနာကို အရင်းတည်၍ ဂီတအနုပညာလုပ်ငန်းများကို အားထုတ်ဆိုက်နှစ်နေသည်သာမက လူမှုရေးလုပ်ငန်းများကို အားလပ်ချိန်တွင် မညည်းမညူစတမ်း ဝိုင်ဝိုင်ပြင်ပြင်ထမ်းဆောင်လျက်ရှိသော မွန်မြတ်သည့် နှလုံးသားအလှတရားကို နိုင်မြသာတွင် ထင်းထင်းကြီးတွေ့ရသည်။ ထိုအလှတရားများ လွှမ်းခြုံရင်း နိုင်မြသာ တစ်ယောက် ဘာသာ၊ သာသနာနှင့်ဒေသအကျိုး ဆတက်ထမ်းပိုး ထမ်းရွက်နိုင်သည်သာမက အောင်မြင်သော ဂီတအနုပညာသမားကောင်းတစ်ဦးအဖြစ် အစဉ်ရှိနိုင်ပါစေကြောင်း ဆုမွန်ခြွေ မှတ်တမ်းပြုရင်းဖြင့်။ ။

(တေးသံရှင် နိုင်မြသာ ကိုယ်တိုင် အချိန်ယူ ပြုစုပေးခဲ့သော Interview အချက်အလက်များကို တိုးတား တင်ပြပါသည်။)

သိမ့်ကျော်

ဖြူးကြွသည့် ထားဝယ်ရိုးရာ အိုးစည်အကနှင့်အိုးစည်သီချင်းများ

● မင်းကိုကို

မြန်မာနိုင်ငံရှိ တိုင်းရင်းသား လူမျိုးအသီးသီးတို့တွင် ကိုယ်ပိုင်ယဉ်ကျေးမှုအဆိုအက အနုပညာ ရှေးစလေ့ဟန်ပန် အမျိုးစုံရှိခဲ့လေသည်။ ထိုရှေးဟောင်း အမွေအနှစ် ယဉ်ကျေးမှု စလေ့ အဆို၊ အက၊ အနုပညာသဘာဝတရားတို့သည် စိတ်ဝင်စားမှုကောင်းသလို ကျွန်တော်တို့ မြန်မာလူမျိုးတို့ အတွက် တန်ဖိုးမဖြတ်နိုင်သော ရတနာများနှင့်တူညီပေသည်။

မြန်မာအနွယ်ဝင် တိုင်းရင်းသားများဖြစ်သည့် ထားဝယ် လူမျိုးတို့တွင် ရှေးဟောင်းအနုပညာ အဆို၊ အကတို့ရှိခဲ့လေသည်။ ထားဝယ်လူမျိုးတို့၏ ရှေးရိုးရာအကများအနက်အခြမ်းမှာ သုံးမျိုးရှိလေသည်။

ယင်းတို့မှာ (၁)ယမ်းအက၊ (၂)ဒိန်းအက၊ (၃)အိုးစည်အက တို့ဖြစ်ပါသည်။ အယိုင်အက ဆိုသည်လည်းရှိသေးသည်။ ထိုအကမှာယမ်းအကနှင့်ဒိန်းအကတို့မှ ဆက်နွယ်၍တစ်မျိုး တစ်ဘာသာထူးခြားရှုခဲ့ထွက်လာသည့် ရှေးရိုးရာအကပင်ဖြစ် သည်။

ကျွန်တော်လေ့လာ၍ရသလောက်ရှာဖွေ စုဆောင်းထား ခဲ့သည့် ရှေးဟောင်းထားဝယ်ယဉ်ကျေးမှုမှတ်တမ်းအချက် အလက်များကို ဆက်လက်၍ ဖော်ပြပေးချင်ပါသည်။

ထားဝယ်ရှေးရိုးရာ အိုးစည်အကနှင့်သီချင်းတို့မှာ အထူး စိတ်ဝင်စားဖို့ကောင်းပေသည်။ ထားဝယ်အိုးစည်အကမှာ ဖြူးကြွ ပျော်ရွှင်စရာ ကောင်း၍ မြိုင်ဆိုင်လှပေသည်။

ထားဝယ်လူမျိုးတို့အပြင် ရှမ်း၊ ဗမာ၊ ခနော၊ တောင်ရိုး၊ ပအိုဝ်စသည့်တိုင်းရင်းသားတို့တွင်လည်းကိုယ်ပိုင်ရိုးရာအိုးစည် အက များရှိကြလေသည်။

ထားဝယ်ရိုးရာအိုးစည်ကပုံမှာ ယခုခေတ်ဒိုးပတ်အိုးစည် အကများကဲ့သို့ပင်ဖြစ်သည်။ သို့သော် ကိုယ်ကိုဖြစ်စေ၊ လက်နှင့် ခြေကိုဖြစ်စေ နွဲ့နွဲ့နှောင်းနှောင်း မထားဘဲ တောင့်တောင့်ကလေး ထား၍ကရပါသည်။ လက်ဖဝါးကိုလက်ချောင်းများခွဲခြင်း မပြုဘဲ လက်ဖဝါးအပြားလိုက်ပင်ထားလျက် ဖြူးဖြူးကြွကြွဖြင့် လှည့်ပတ်၍ ကရပါသည်။

ရှာဖွေလေ့လာခဲ့သမျှ ရှေးဟောင်းထားဝယ် အိုးစည်သီချင်း များကိုလည်း စုစည်းတင်ပြလိုက်ပါသည် –

မိကျောန်းပေါ်

အိုးစည်သီချင်း

ရေမှုးထဲ မိကျောန်းပေါ်၊
မရာကျော် ကိုက်တဲ့ မိကျောန်း။
မိကျောန်း ကိုက်တိ လူမသေ။
နောန်ဖိုးပေ နွားတော အေးအေးကျောန်း။
နွားကျောန်းရာက ဖိုးဖွေ့နှန် မီးဖိုထဲကိုဝမ်။
ဟုတ်အိုး သယ်အိုးလှန်၊ မှန်း ရှမ်းကော
ခွီးတိုးစား စုလဲမေ့ဘီမား။

ခက်ဆစ်အဓိပ္ပာယ်

ထားဝယ်	မြန်မာ
ရေမှုးထဲ	မုးပိတ်ရေထဲ
မိကျောန်း	မိကျောင်း
ဖွန်	မြန်
မှန်းရှမ်းကော	ထမင်းကြမ်း ကြည့်
ခွီး	ခွေး
စုလဲမေ့ဘီမား	စုမှမရှိတော့ပါလား

မြန်မာဘာသာပြန်

မှုးပိတ်ထားသောရေတွင် မိကျောင်းပေါ်သည်။ ထိုမိကျောင်းသည် မရာကျော်ကိုကိုက်သောမိကျောင်းဖြစ်ပါသည်။ မိကျောင်းကိုက်တော့လည်း လူမသေပါ။ ကိုဖိုးဖေနွားတွေကိုအေးအေးပဲကျောင်းနေပါသည်။ ကိုဖိုးဖေနွားကျောင်းရာကအပြန်၊ မီးဖိုချောင်ဝင်ပြီး ဟိုအိုးဒီအိုးလှန်ဖွင့်ကာ ထမင်းကြမ်းကြည့်ပါသည်။ သို့ပေမဲ့ ခွေးဝင်ကိုးစားထားလို့ တစ်စေ့မှမရှိတော့ ဟုဆိုလိုသည်။

ထိုအိုးစည်သီချင်းသည်ပြည်ထောင်စုနေ့ တိုင်းရင်းသားကပွဲ၌ကပြဖြေဖျော်ခဲ့ဖူးသည့် သီချင်းဖြစ်သည်။

မစိန်သီး ကိုယ်ကျိုးနဲ့ အိုးစည်သီချင်း

ရေလယ်မှာ မိကျာန်းသား၊
အော့အဲ့သား နတူဇမား။
ကမ်နားမာ သန်းဖောဆိုက်၊ စီသီးလန်နောက်လိုက်။
လန်ကီး နလန်ငယ်စီ သီးကြာခိုတယ်။
(ကြာခိုသူရပ်ဝါဆဲ)၂
(အလိုဗျာ) စီသီး ကိုယ်ကျိုးနဲ့။

စကားဆစ်အဓိပ္ပာယ်

ထားဝယ်	မြန်မာ
အော့အဲ	တောက်တဲ့
တူဇမား	တူလေခြင်း
သန်းဖော	သဘော်
လန်ကီးနလန်ငယ်	လင်ကြီးနှင့်လင်ငယ်

မြန်မာဘာသာပြန်

ရေလယ်မှာတောက်တဲ့နှင့်တူသော မိကျောင်းပေါ်စဉ် ကမ်းနားမှာသဘော်ဆိုက်နေသောအချိန်တွင် မစိန်သီးသည် လင်နောက်လိုက်ခဲ့သည်။ မစိန်သီးသည် လင်ကြီးရှိပါလျက်နှင့် လင်ငယ်ထားပြီး ကြာခိုခဲ့သည်။ ကြာခိုကြောင်း ရပ်ရွာကသိသွား၍ ဝိုင်းဆဲကြသဖြင့် မစိန်သီးသည် အရှက်ကွဲပြီး ကိုယ်ကျိုးနဲ့ခဲ့ရသည်ဟု ဆိုလိုသည်။

ကလေးငယ်များ သီဆိုဆော့ကစားလေ့ရှိသော ချေရိုက်တမ်းဆော့ကစားသည့်တေးကိုအိုးစည်သီချင်းအဖြစ် သီဆို တီးမှုတ် ကခုန်လေ့ရှိပေသည်။ အမေးနှင့် အဖြေ နှစ်ဖွဲ့ခွဲကာသီဆို ကခုန်ရသည့် အိုးစည်သီချင်းဖြစ်ပေသည်။

ဗိုးရှင်ခေ – ချေရိုက် တမ်းကစား အိုးစည်သီချင်း

{ အမေး ။ (သယ်ခေ)၂ ဖယ်သူ့ခေ
{ အဖြေ ။ (ဗိုးရှင် ခေ ဟော့)၂ } ၂
အမေး ။ (ဗိုး)၃ ရှင် ဖယ်သွား
အဖြေ ။ သစ်တာသီး ကောန့်စား (သွား)၂
အမေး ။ သစ်တာသီး ဖယ်မာ၊
အဖြေ ။ တောထဲမာ။
အမေး ။ (တော)၃ ဖယ်မာ။
အဖြေ ။ မီးနရှို့လိုက်ဘီ ။
အမေး ။ (မီး)၂ ဖယ်မာ
အဖြေ ။ ရေနဖြန်းသတ်လိုက်ဘီ။
အမေး ။ (ရေဖယ်မာ)၂
အဖြေ ။ ဆင်ကီး ဆင်ငယ်သော့လိုက်ဘီ။
အမေး ။ ဆင် ဖယ်မာ
အဖြေ ။ တောထဲမာ
အမေး ။ တောဖယ်မာ
အဖြေ ။ တောတဘုမ်ကီး၊ ဆင်တဘုမ်ကီး
(ဟီးလေးမားလေး ဟီလေးမားလေး)
– ဝါး။

စကားဆစ်အဓိပ္ပာယ်

ထားဝယ်	မြန်မာ
သယ်ခေ	သည်ခြေတောက်
သစ်တာသီး	သစ်ချသီး
ကောန့်စား	ကောက်စား

ဖယ်မာ	ဘယ်မှာ
ဆင်ကီးဆင်ငယ်	ဆင်ကြီး၊ ဆင်ငယ်
တဘုမ်ကီး	အများကြီး
ဟီးလေးမားလေး	အမြောက်အမြား၊ အကြီးအကျယ်

မြန်မာဘာသာပြန်

အမေး ။ သည်ခြေ ဘယ်သူ့ခြေလဲ
အဖြေ ။ မိုးရှင်ရဲ့ ခြေဖြစ်ပါတယ်
အမေး ။ မိုးရှင် ဘယ်ကိုသွားသလဲ
အဖြေ ။ သစ်ချသီး သွားကောက်စားပါသည်။
အမေး ။ သီချသီးက ဘယ်မှာလဲ။
အဖြေ ။ တောထဲမှာ ဖြစ်ပါတယ်။
အမေး ။ တောဘယ်မှာလဲ။
အဖြေ ။ မီးရှို့လိုက်ပါပြီ။
အမေး ။ မီးဘယ်မှာလဲ
အဖြေ ။ ရေနဲ့ဖြန်းပြီး ငြိမ်းသတ်လိုက်ပါပြီ။
အမေး ။ ရေဘယ်မှာလဲ ။
အဖြေ ။ ဆင်ကြီးဆင်ငယ်တို့သောက်သွားပါပြီ။
အမေး ။ ဆင်ဘယ်မှာလဲ ။
အဖြေ ။ တောထဲမှာ ဖြစ်ပါတယ်။
အမေး ။ တော ဘယ်မှာလဲ။
အဖြေ ။ တောတွေလည်းအများကြီးပဲ၊
ဆင်တွေလည်းအများကြီးပဲ၊
အကျယ်ကြီးကို အများကြီးပါပဲ

ဟု ဆိုလိုပါသည်။

မုံ့လုံးစက္ကူကပ် သီချင်းကဲ့သို့ အဆုံးမရှုဆိုနေရသည့် မြူးကြွသော အိုးစည်သီချင်းပင်ဖြစ်ပါသည်။ ထိုမိုးရှင်ခေ-အိုးစည်သီချင်းကိုလည်း န-ဝ-တ အစိုးရလက်ထက်ပြည်ထောင်စုတိုင်းရင်းသားများကပွဲ၌ထားဝယ်ယဉ်ကျေးမှုအဖွဲ့များ ကပြဖြေဖျော် ခဲ့ဖူးလေသည်။

ထားဝယ်ရိုးရာအိုးစည်သီချင်းများသည် အများအားဖြင့်တင်ကူးပြီး သီဆိုရန်စပ်ဆိုထားသောသီချင်းများမဟုတ်၊ အမှုကိစ္စပွဲလမ်း(ရှင်ပြုပွဲ၊ကထိန်ပွဲ၊အလှူပွဲ၊ ကောက်စိုက်ပြိုင်ပွဲ၊ ရိုးရာစလေ ပျော်ပွဲရွှင်ပွဲ၊ ဘုရားထီးတင်ပွဲ.....)ဆောင်ရွက်စိုက်တွင်အိုးစည်ဝိုင်းတော်သားများသည် အာဝဇ္ဇန်းရွှင်ရွှင်နှင့် ဝိုင်းစည်ရန် ဟိုအကြောင်းသည်အကြောင်း စပ်မိစပ်ရာဟာသပါပါနှင့် ရုတ်တရက်သီဆိုကြသော အိုးစည်သီချင်းများ ဖြစ်ပေသည်။ ယင်းအိုးစည်သီချင်းများသည် ရှေးယခင်မှအစ ယခုထိတိုင်အောင် အိုးစည်ဝိုင်းများတွင်သီဆိုကခုန်နေဆဲဖြစ်သည်။

ထားဝယ်ရိုးရာအိုးစည်သီချင်း အတွက် အိုးစည် တီးနည်း

အိုးစည်ကို လက်နှစ်ဖက်နှင့်စုံတီးနှစ်ကြိမ်၊ လက်သီးတစ်ချက်ထုတီး၊ လက်တစ်ဖက်ပိတ်ပြီး ကျန်တစ်ဖက်နှင့်တီး နှစ်ကြိမ်၊ အသံထွက်မှာ (ဗိန် ဗိန်ထုံ ဖတ်ဖတ်) ဟုထွက်လေသည်။ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ်လိုက်၍ အပြန်ပြန်တီးသွားသည် သီချင်းသံစဉ် အနှေးအမြန်လိုက်၍ ညှိနှိုင်းပြီးတီးရလေသည်။ ပုလွေ၊နှဲစသည့်လေမှုတ်တူရိယာတို့နှင့်တွဲဖက်တီးမှုတ်ပါကပို၍မြိုင်ဆိုင်လေသည်။

ထားဝယ်ဒေသတွင်အိုးစည်ဝိုင်းများခေတ်စားခဲ့ပြီးနောက်မှ ဒိုးပတ်ဝိုင်းများတစ်ဖန်ခေတ်စားလာခဲ့လေသည်။

မည်သည့်တိုင်းရင်းသားလူမျိုးမဆို၊ မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုဓလေ့၊ ရိုးရာအမွေအနှစ်ပညာကို ထိန်းသိမ်း၍တိမ်ကောနေသောယဉ်ကျေးမှုတို့ကိုလည်း ပြန်လည်ဖော်ထုတ်သင့်ပေသည်။

နောက်ဆက်လက်၍လည်း တိုင်းရင်းသားတို့၏ယဉ်ကျေးမှုအနုပညာများနှင့် ချစ်စရာဓလေ့ထုံးစံများကိုလည်း ရှာဖွေစုစည်းကာ ဖော်ပြပါဦးမည်။

မင်းကိုကို

ဂီတ၊ ရုပ်ရှင် ကွန်ရက်ထဲမှ လင်းလက်တောက်ပ ထားဝယ်ငွေကြယ်ပွင့်တို့

အနုပညာဘဝ အပိုင်းအစ

● အယ်ဒီတာအဖွဲ့

ကြောငြာကမ္ဘာတစ်ခုနယ် ကျယ်ပြောလှသည့် အနုပညာကွန်ရက်ထဲဝယ် စာပေ၊ ဂီတ၊ ရုပ်ရှင် အနုပညာရှင် အမြောက်အမြားရှင်သန်နေကြသည်။ ခေတ်ကိုလွှမ်းကာ အနုပညာစွမ်းရည်ပြသခဲ့ကြသည့် အနုပညာရှင်များစွာတို့အလယ် ထားဝယ်သွေးသား အနုပညာညီအစ်ကို မောင်နှမများလည်းရှိကြသည်။ ထိုအနုပညာမောင်နှမများမှ နှစ်ဆယ့်တစ်ရာစုအတွင်း ထင်ပေါ်ခဲ့ကြသည့်ဂီတနှင့် ရုပ်ရှင်ရုပ်ဝန်းမှထားဝယ်အနုပညာငွေကြယ်ပွင့်တို့၏ အနုပညာဘဝအချို့ကိုလက်လှမ်းမီသမျှ ဂုဏ်ပြုတင်ပြပါမည်။

စတိုင်ရိုယိုတေးသံရှင်ကိုင်ဇာ

ငယ်စဉ်ကပင် ဂီတကိုစိတ်ကူးရူးသွပ်ရင်း ပျော်ရွှင်ကျေနပ်ခဲ့သူ တေးသံရှင်ကိုင်ဇာသည် ဖေဖေဦးစိန်ဝင်းနှင့်မေမေဒေါ်သန်းသန်း တို့၏သားငယ်ဖြစ်ပြီးအမည်ရင်းမှာ ညီညီဝင်းဖြစ်သည်။ အသက်(၁၂)နှစ်သားအရွယ်ကတည်းက ဂစ်တာကိုကိုယ်တိုင်တီးခတ်လျက် သီချင်းများကို ရုပ်ကွက်စတိတ် ရှိုးပွဲများ၊ ကျောင်းကပွဲများတွင် အပျော်တမ်းသီဆိုဖြေဖျော်ခဲ့သည်။ ကိုယ်ပိုင်သံစဉ်တေးသီချင်းများ ကိုယ်တိုင်ရေးစပ်ကာ စတိတ်ရှိုးပွဲများတွင် ထူးထူးခြားခြားသီဆိုတီးခတ်ရင်းပရိသတ်အားပေးမှုကိုခံယူလျက်အပျော်တမ်းဘဝမှပင် သူ့အနုပညာဘဝကိုစခဲ့သည်။

၁၉၇၆ခုနှစ်တွင် ရွှေမဝမဂ္ဂဇင်းတွင် "စံနေနဂါးကြီးပျံသွားသည်" ဝတ္ထုတိုကလေးပင် သွေးခွင့်ရခဲ့သည်မှ စာပေအနုပညာမှတ်တိုင်ကို စတင်စိုက်ထူခဲ့သည်။ ၁၉၇၇ခုနှစ် ၁၀တန်းကျောင်းသားဘဝတွင် တေးဂီတအဖွဲ့ကို တည်ထောင်သည်။ တေးသီချင်း ၁၆ ပုဒ်ကို ကိုယ်တိုင်ရေးစပ်တီးခတ် သီဆိုကာ "အကျည်းတန်၏အထီးကျန် အဋ္ဌုပ္ပတ္တိ" တေးစီးရီးကို စတင်ဖြန့်ချိခဲ့ပြီး မြန်မာပြည်တစ်ဝန်း ဂီတပရိသတ်များ အသိအမှတ်ပြုခံအဆိုရှင်အဖြစ် ဂီတမှတ်တိုင်ကို စတင်ထူထောင်နိုင်ခဲ့သည်။

၁၉၈၀-၈၁ခုနှစ်တွင် ရုပ်ရှင်အောင်လံမဂ္ဂဇင်းနှင့် စာနယ်ဇင်းများမှ ဦးဆောင်စီစဉ်သော စတိုင်ရိုယိုတေးလောက၏ ပထမဆုံးသော ဂီတထူးချွန်ဆုပေးပွဲတွင် "မနိုးပါစေနဲ့ချိုးရယ်" တေးသီချင်းဖြင့် အကောင်းဆုံး တေးရေးဂီတထူးချွန်ဆု

ကိုရရှိခဲ့သည်။

ဂစ်တာအတီးသမား၊ ဂီတမှူးဘဝများဖြင့် တေးသီချင်းပေါင်း ၃၀၀ ကျော်ခန့်ရေးစပ်သီကုံးခဲ့သည်။ တေးသီချင်းမှိုးစုံ ပုဒ်ရေ ၅၀၀ ကျော်သီဆိုခဲ့ပြီး၊ ယနေ့အထိ တေးစီးရီးခွေပေါင်း ၅၀ ကျော်တီးခတ်အသံသွင်းခဲ့ပြီးဖြစ်သည်။ လတ်တလော အနုပညာ လှုပ်ရှားမှုများအနေဖြင့်၂၀၀၈ခုနှစ်တွင် သီချင်းရှင်ရဲ့ **ခရီးစဉ်(၁)(၂)ခွေတွဲ**၊ ၂၀၀၉တွင် **မောင့်ငယ်ဖော်ကိုလွမ်းတဲ့ည** မြန်မာသံတေးစု တေးစီးရီးများထွက်ရှိခဲ့ပြီး၂၀၁၁ ခုနှစ်တွင် **စိတ်ချမ်းသာစေချင်ပါတယ်** ကိုယ်ပိုင်သံစဉ်သီချင်းအသစ်တစ်ခွေနှင့် သီချင်းရှင်ရဲ့ခရီးစဉ် (၂)ခွေတို့ ဆက်တိုက်ဖြန့်ချိသွားရန် စိုင်းပြင်းနေသည်။

ငယ်ဘဝအိပ်မက်နှင့် လက်တွေ့ဘဝတစ်ထပ်တည်းကျနေသည့်အတွက်ကိုယ့်ဘဝ၊ ကိုယ့်အိပ်မက်လမ်းကို ကျေနပ်စွာ အကောင်အထည်ဖော်လျှောက် လှမ်းနေသော တေးသံရှင် ကိုကိုင်စာရဲ့ အမှတ်တရစကားကိုလည်း အနုပညာပရိသတ်အတွက်လက်ဆောင်ပါးပေးလိုက်သည်။

"ဖေဖေထားဝယ်သားကြီး ဦးစိန်ဝင်း (မြန်မာ့အလင်း စိန်ဝင်း)ရဲ့ စာပေအနုပညာနှင့် ရင်းနှီးကျွမ်းဝင်စေခဲ့ခြင်း အစွမ်းနဲ့အတူ ကျောင်းပွဲတွေမှာ ထားဝယ်ဒိန်းသံတွေကို သီဆိုခဲ့ဖူးတဲ့ မေမေရဲ့ဂီတဝါသနာရယ်၊ ကလည်းကတတ်ပြီး အမြဲသီချင်းညည်းရင်း အလုပ်လုပ်နေတတ်တဲ့ မေမေ ဒေါ်သန်းသန်းရဲ့ ဂီတဝါသနာတွေက အနုပညာသည် တစ်ယောက်ဖြစ်ခဲ့ရတဲ့– ကျွန်တော်ကိုင်စာရဲ့ ကိုယ်ထဲမှာ ထားဝယ်မြေကစတင် လူဖြစ်လာခဲ့တဲ့ ဖေဖေ့ရဲ့သွေးတွေနဲ့ပြည့်နေတာမို့ ထားဝယ်သူ ထားဝယ်သားနဲ့ ထားဝယ်မြေကို နှလုံးသားထဲက အရင်းနှီးဆုံး နေရာမှာအမြဲတမ်းရှိနေမှာပါ။ အခုလည်းပဲ "ထားဝယ်အသင်းရာပြည့်မဂ္ဂဇင်း" မှ တစ်ဆင့်စာဖတ်သူတွေအားလုံးကျန်းမာချမ်းသာစွာနဲ့ဘေးရန်ကင်းကွာပြီး မျှော်မှန်းဆောင်မြင်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်..."

ဆက်သွယ်ရန်

အမှတ်(၅၈၁ဘီ) ရွှေဟင်္သာလမ်း၊
၆မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်။

တေးသံရှင်မျိုးကျော့မြိုင်



"ကျွန်တော့်နာမည် မျိုးကျော့မြိုင် ၇ မိုင်မှာ နေပါတယ်. . . . " ရက်ပ်ဂီတ တေးသီချင်းက သူ့အနုပညာနှင့် သူ့ဘဝအစပင်။ မျိုးကျော့မြိုင်သည် ဖေဖေဦးကျော့မြိုင်နှင့် မေမေ ထားဝယ်သူ ဒေါ်မေမေတင် တို့၏သားဖြစ်သည်။ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ၇ မိုင်တွင်နေထိုင်လျက်ရှိသည်။ သူသည် မြန်မာ့ဂီတပရိသတ်ကို ရက်ပ်တေးသီချင်းနှင့် စတင်မိတ်ဆက်ခဲ့ပြီး ဂီတမှတ်တိုင်စတင်စိုက်ထူ နိုင်ခဲ့သည်။ ပရိသတ်များ နားထဲစွဲထင် ကျန်ရစ်ခဲ့စေသည့် တေးသီချင်းများစွာကိုလည်း ရေးသားစီကုံးသီဆိုနေမြဲပင်။

သူရေးစပ်ခဲ့သည့်တေးသီချင်းများစွာထဲမှ-
"မိုးကလေးဖွဲ့တုန်း' "ကိုယ်တို့ဝေးနေ မိုင်ပေါင်း တုငွေ"၊ "တာရန်လေး"၊ "ဒါအချစ်လား"၊ "မင်းမရှိလို့မဖြစ်ဘူးသိလား" စသည့် သီချင်းများက ဂီတချစ်သူများအတွက် ယနေ့တိုင် မရိုးနိုင်အောင်ရေပန်းစားနေဆဲ တေးသီချင်းကောင်းများဖြစ်သည်။

တေးသံရှင်စည်သူလွင်

မေမေကာတွန်း ဦးငွေကြည်၊ မေမေ ဒေါ်သန်းကြွယ် တို့၏တစ်ဦးတည်းသောသားဖြစ်၍ ၁၉၉၀ ဝန်းကျင် ကတည်းက ဂီတလောကထဲသို့ ရောက်ရှိလာခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် "ချစ်သူများရဲ့နေ့" တေးစီးရီးဖြင့် ဂီတပရိသတ်ကို စတင် မိတ်ဆက်ခဲ့သည်။

ထူးခြားသောအသံပိုင်ရှင်တစ်ဦးဖြစ်၍ "ကိုယ့်ကြောင့်" တေးသီချင်းဖြင့် ဂီတပရိသတ်ကြီးရဲ့ အသိအမှတ်ပြုခြင်းကို ခံခဲ့ရပြီး ဂီတမှတ်တိုင်ကို စတင်ထူထောင်နိုင်ခဲ့ပါသည်။

အောင်မြင်သော အဆိုတော်တစ်ဦးအဖြစ်တေးသီချင်း ပေါင်းများစွာသီဆိုခဲ့ပြီး တစ်ကိုယ်တော်နှင့်အဖွဲ့လိုက် တေးစီး ရီးပေါင်းများစွာ ထွက်ရှိခဲ့သည်။ယခုလက်ရှိတွင် မြဝတီ ရုပ်မြင်သံကြားမှထုတ်လွှင့်ပြသလျက်ရှိသည့် "သံစဉ်လမ်းက လင်းလက်ကြယ်" ကဏ္ဍတွင် အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်လျက်ရှိသည်။

လတ်တလောအနုပညာလှုပ်ရှားမှုအဖြစ် တေးသံရှင် ဆောင်းဦးလှိုင်နှင့်အတွဲခွေနှင့် "အလင်းရောင်အောက်က နေ့ ဖွဲ့များ" စီးရီးအတွက်စီစဉ်လျက်ရှိပြီး မကြာမီထွက်ရှိလာမည်ဟု

ထားဝယ်အသင်း ...
နှစ်(၁၀၀)မှ ရှေ့နှစ် ... ထားဝယ်အသင်း ... များစွာ ...
... ရှိပါစေ ...

စည်သူလွင်

တေးရေး တေးဆို နိုင်မြသာ

အမှတ်တရစကား . . .

"အဖေရောအမေပါ ထားဝယ်ဆိုတော့ ကျွန်တော် . . . ကိုယ့်ကိုယ်ကိုယ် ထားဝယ်သားလို့ ခံယူထားပါတယ်၊ ထားဝယ်နှင့် ပတ်သတ်ရင် အမြဲအသင့် ရှိပါတယ် . . ."

နိုင်မြသာသည်မီးပုံးပျံ ဦးကျော်ရင်၏မြေးဖြစ်ပြီး ဦးသိန်းဝင်းနှင့် ဒေါ်ကြည်ကြည်ဆော်တို့၏သားဖြစ်သည်။ အဘိုးကို အစဉ်အားကျခဲ့ပြီး လူအများမလုပ်နိုင်သည့် အလွန်အရေးကြီး ပြီးခက်ခဲသော အလုပ်တစ်ခုခုကို တီထွင်လုပ်ပြချင်သည့်ဆန္ဒက သူ့ရဲ့ယေဘုယျပင်မဂ်ပင်။

ကိုယ်ပိုင်သံစဉ် တေးသီချင်းလေးများ ရေးစပ်ရင်း ၁၉၉၅ ခုနှစ်တွင် တီဗွီသီချင်းများကို 'မေ' တေးဗီဒီယိုတွင် ရွေးသံစဉ် တေးဂီတအဖွဲ့နှင့် စတင်အသံသွင်းကာ ဂီတလောကထဲ စတင် ဝင်ရောက်ခဲ့သည်။၁၉၉၇ခုနှစ်တွင် 'ကျော်မြတ်သော်' အမည်ဖြင့် "ညို့အိပ်မက်" တေးအယ်လ်ဘမ်တိတ်ခွေကို ပထမဆုံးထွက် ရှိခဲ့သည်။ ထို့မှ "နိုင်မြသာ" အနုပညာအမည်ဖြင့် "ရွှေ့ဆက် သွားမယ်" "အချစ်နဲ့ထာဝရ" "အမှောင်မှ အလင်းသို့" "တီအာရ်အိုင်(TRI)" ဗွီစီဒီကာရာအိုကေ တေးအယ်လ်ဘမ် များနှင့် "အချစ်နဲ့ထာဝရ" "အမှောင်မှအလင်းသို့" ဗွီစီဒီ ကာရာ အိုကေ(၂)ခွေထွက်ရှိပြီး ဖြစ်သည်။

လတ်တလောအနုပညာလှုပ်ရှားမှုအနေဖြင့် "သင်ယူ လေ့လာဂီတပညာ" အစီအစဉ်ကို ရိုက်ကူးနေပြီး "တီအာရ် အိုင် (TRI)" တေးစီးရီးထွက်ရှိဖို့ စီစဉ်နေသည်။ ကိုယ်ပိုင် "လိုက်ဖ် တိုင်းမ် (LIVE TIME)" တေးဗီဒီယိုတွင်လာရောက်

အသံသွင်းသည့် တေးအယ်လ်ဘမ်များကိုလည်း "MIX DOWN" လုပ်ပေးနေသည်။ မင်္ဂလာဧည့်ခံပွဲနှင့် အခြားဧည့်ခံ အခမ်းအနားများတွင် **"LIFE TIME MUSIC BAND"** အဖွဲ့နှင့်တီးခတ်ပေးခြင်း၊ သီချင်းသီဆိုခြင်း နှင့်အခမ်း အနားမှူး အဖြစ် ဆောင်ရွက်ပေးခြင်းစသည့် အနုပညာလှုပ်ရှားမှုများနှင့် အတူ ဘဝမှာရှင်သန် ပျော်မွေ့နေပါသည်။
ဆက်သွယ်ရန်
အမှတ် ၆၊ (၁)လမ်း၊ လှိုင်ရတနာမွန်အိမ်ရာ၊ အုတ်ကျင်း၊
ရန်ကုန်အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်။

တေးသံရှင်ဘုန်းခန့်

ငယ်စဉ်ကတည်းကပင် တေးသီချင်းကို ဝါသနာပါကာ အဆိုတော်တစ်ယောက် ဖြစ်ချင်ခဲ့သော **တေးသံရှင် ဘုန်းခန့်**၏ အမည်ရင်းမှာ မြဘုန်းမောင်ဖြစ်သည်။ ဖေဖေ ဒေါက်တာမြသောင်းနှင့် မေမေဒေါ်ညိုညိုဝင်းတို့၏ သားဖြစ်သည်။

မြဝတီရုပ်မြင်သံကြား တေးဂီတအစီအစဉ်အတွက် **"အလတ်ဘ"** တေးဂီတအဖွဲ့နှင့် အတူတေးသီချင်းများ သီဆို

ဖိုက်ကူရှင်းဂီတကမ္ဘာထဲသို့ ၂၀၀၇ ခုနှစ်တွင်စတင်ဝင်ရောက်ဖြစ်ခဲ့သည်။ တစ်ကိုယ်တော်တေးစုဖြစ်သော **"အချစ်ခွန်အား"** တေးစီးရီးဖြင့်ဂီတပရိသတ်ကို မိတ်ဆက်ပေး၍ အနုပညာမှတ်တိုင် စိုက်ခဲ့သည်။

ယခုလက်ရှိတွင် ဒုတိယတေးစုအတွက်အသံသွင်း တစ်လှည့် မင်္ဂလာပွဲနှင့်အခြားဧည့်ခံပွဲများတွင်လည်း သီချင်း သီဆို တစ်ခါနှင့် သူ့ရဲ့ဒုတိယမြောက် တေးစီးရီးထွက်ရှိရန်

စိုင်းပြင်းနေသည်။

အောင်မြင်သော အဆိုရှင်တစ်ယောက်ဖြစ်ရန် ကြိုးစားနေသော တေးသံရှင်ဘုန်းခန့်ရဲ့ ထားဝယ်အသင်း နှစ် ၁၀၀ ပြည့်မော်ကွန်းမဂ္ဂဇင်းမှ ပရိသတ်အတွက် အမှတ်တရစကားကိုလည်း ဤသို့လက်ဆောင်ပါးထားသည်ကို တွေ့ရသည်။
"ထားဝယ်ရာပြည့် မဂ္ဂဇင်းမှဂီတချစ်ပရိသတ်များ အားလုံးစိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတို့ နှင့်ပြည့်စုံပြီး လိုအင်ဆန္ဒများအားလုံးပြည့်စုံကြပါစေ"

ဆက်သွယ်ရန် . . .
တိုက်အမှတ်(၉)၊ အခန်းအမှတ် (၅၀၂)၊
ရွှေထီးအိမ်ရာ၊ သမိုင်းဘူတာရုံလမ်းမကြီး၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

တေးရေး UK

ငယ်စဉ်ကတည်းကပင်ဂီတပညာကိုရူးသွပ်ခဲ့သူတေးရေး **UK**သည် *"ဂီတတည်းဟူသောပင်လယ်ကြီးကိုအဆုံးမဲ့ စီးမျောသွားမည်"* စိတ်ကူးဖြင့် တက္ကသိုလ်ကျောင်းသားဘဝကတည်းက ဂီတလောကထဲသို့ဝင်ရောက်ရန် ဆန္ဒပြင်းပြခဲ့သူ ဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် ထားဝယ်မြို့ရှိ **ABM** -အ.ထ.က ၃ ကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲအထိမ်းအမှတ်အဖြစ် အမှတ်တရစီစဉ်သော

''သုခုမလက်ရာရှင်''တေးစီးရီးတွင်စီစဉ်သူအဖြစ်လည်းကောင်း၊ တေးရေးတေးဆိုအဖြစ်လည်းကောင်း တာဝန်ယူဆောင်ရွက်ခဲ့သည်မှ ဂီတအနုပညာလောကထဲရောက်ခဲ့သည်။

''သုခုမလက်ရာရှင်''တေးစီးရီးတွင်တေးသီချင်း သီကုံးမှုက သူ၏အနုပညာခြေလှမ်းအစပင်။ ထိုမှတေးဆို ခိုင်မြဲသာ၏ "**TRI**"စီးရီးတွင်''အလွမ်းတောင်ပံ''၊ ''အကြွေမှဲ့''သီချင်းများရေးသားပေးခဲ့သည်။ တေးဆိုဘုန်းခန့်၏ စီစဉ်ဆဲ သကြန်တေးစီးရီးနှင့် ဧပယ်ခိုင်ဇော်၏ ''အဆုံးမရှိကောင်းကင်ဆီ'' တေးစီးရီးတို့တွင်လည်း သူ့လက်ရာတေးသီချင်းများ ပါဝင်ထား ပါသည်။

ABM - အ.ထ.က ၃ကျောင်း၏ဒုတိယအကြိမ်အာစရိယပူဇော်ပွဲအထိမ်းအမှတ် ''မီးအိမ်ရှင်ရဲ့သုခုမ'' တေးစီးရီးအတွက် တေးသီချင်းများရေးသား၊ သီဆိုစီစဉ်ထားပြီး ဖြစ်သည်။

ယခုလတ်တလောတွင် ရန်ကုန်ရှိထားဝယ်အသင်း နှစ် ၁၀၀ပြည့်အထိမ်းအမှတ် အနေဖြင့်ထွက်ရှိလာဦးမည့် တေးစီးရီးအတွက် တေးသီချင်းများကို ခံစားရေးဖွဲ့နေပါသည်။

တေးဂီတများနှင့် အဆုံးမဲ့စီးမျောသွားချင်သူ **UK** သည် ထားဝယ်သားဖခင်မိခင်များဖြစ်ကြသော ဦးကျော်ညွန့်နှင့် ဒေါ်သန်းကြည်တို့၏သားဖြစ်ပြီး အမည်ရင်းမှာ မြင့်ကျော်ဖြစ်သည်။ ထားဝယ်မြို့ ဆင်ပုနစ်ရပ်၊ မြသန္တာလမ်း၊ အမှတ် ၃၃၁ တွင် နေထိုင်လျက်ရှိသည်။

သူ့ဂီတ၊ သူ့အနုပညာများကို နားဆင်အားပေးသူပရိသတ်များနှင့်ထပ်တူခံစားအပေးအယူမျှချင်သည့် မျက်နှာသစ် တေးရေး **UK** ၏ ထားဝယ်အသင်း နှစ်၁၀၀ပြည့်မဂ္ဂဇင်းမှပရိသတ်အတွက် အမှတ်တရစကားကိုလည်း သည်သို့ လက်ဆောင်ပြုထားသည်။

ဝတ်အားသစ္စာဖြင့်တီးထားသော UK ၏ ဂီတချင်းများကို ကြားဖြစ်ကောင်းမှာ ထောင်သော "နား" များ၊ ဖန်တီးသူနှင့်ထပ်တူ စီးမျော ခံစားတတ်သော "နှလုံးသား" များအတွက် ဆက်လက်ကြိုးစားနေပါမည်။

သရုပ်ဆောင် စိုးမြတ်သူဇာ

စိုးမြတ်သူဇာ သည် ဗိုလ်မှူးစိုးမြင့် (ငြိမ်း) (စာရေးဆရာ စိုးမှူး) နှင့် ဒေါ်ကြည်ကြည်ခင် (စာရေးဆရာမ စိုးကြည်ဖြူ) တို့၏သမီးကြီးဖြစ်ပြီး ခင်မင်သူများက "စိုးစိုး" ဟုခေါ်ကြသည်။ ၁၉၈၉ ခုနှစ်တွင် ကျောက်မျက်ပြကွင်းဒိန် ရိုက်ကူးရာမှစ၍ အနုပညာလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ငယ်စဉ်က မှုဝန်ထမ်းတစ်ဦးဖြစ်ချင်ခဲ့သော်လည်း အကယ်ဒမီရန်အောင်နှင့် အကယ်ဒမီ ရဲအောင်တို့ရဲ့ လက်တွဲခေါ်ယူမှု နှင့်အတူ ရုပ်ရှင် ဗွီဒီယိုဇာတ်ကားများ စတင်ရိုက်ကူးဖြစ်ခဲ့သည်။

ဒါရိုက်တာအကယ်ဒမီ ဦးကြီးမြင့်ရိုက်ကူးသည့် "ဆုံရပ်ကန္တာရဝတီ" ရုပ်မြင်သံကြားဇာတ်လမ်းတွင် စတင်သရုပ်

ဆောင်ခဲ့ပြီး ယနေ့အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၁၀၀ ကျော် ရိုက်ကူးပြီးဖြစ်သည်။ ၁၉၉၄ ခုနှစ်တွင် **"နော်ရင်မွေး"** ရုပ်ရှင် ဇာတ်ကား၊ ၁၉၉၈ ခုနှစ်အတွက် **"ရွှေနဲ့သာစံအိမ်"** ရုပ်ရှင်ဇာတ်ကားတို့ဖြင့် အကောင်းဆုံးအမျိုးသမီး သရုပ် ဆောင်ဆု တို့ကို ရရှိခဲ့သည်။

သရုပ်ဆောင်မှုတွင်သာမက သူမရေးသားခဲ့သော **"အချစ်စစ်စစ်များ"**၊ **"မောင့်အတွက်"**၊ **"ယုံကြည်၍ခံစား ရသည်၊ ခံစားရ၍ယုံကြည်ရသည်"**၊ **"ချစ်မိတဲ့အခါ"**၊ **"အနားသတ်သစ္စာ"**၊ **"ဗီလင်-၃၅"**၊ စသော လုံးချင်း ဝတ္ထုများလည်း လူငယ်စာဖတ်ပရိသတ်တို့ သည်းခြေကြိုက် ဖြစ်ခဲ့သည်။

လက်ရှိတွင်ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၊ ကြော်ငြာ များနှင့် ဓာတ်ပုံများတွင် သရုပ်ဆောင်နေသော မင်းသမီး စိုးမြတ်သူဇာက **"စိုးတို့ ချစ်သော အားပေးသော ပရိသတ် ကြီးအတွက် အမြဲကျေးဇူးတင်လျက် သရုပ်ဆောင် အလုပ်ကို ဆက်လက် လုပ်ကိုင်သွားပါမည်"**လို့ ပရိသတ် အတွက်အမှတ်တရ စကားပါးထားသည်။

ဆက်သွယ်ရန်

အမှတ် ၁၇၈၊ ရွှေနှင်းဆီ ၆ လမ်း၊

၉-မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

သရုပ်ဆောင် စိုးမြတ်ကလျာ

"ကလျာရဲ့ပရိသတ်များကို ထာဝရ ကျေးဇူးတင် အမှတ်တရ ရှိနေဆဲပါ"

အကယ်ဒမီစိုးမြတ်သူဇာရဲ့ ညီမဖြစ်သူ စိုးမြတ်ကလျာ ကို ခင်မင်သူများက **"မလေး"** ဟု ခေါ်ကြသည်။

သီချင်းဆိုရာတွင်ဂါသနာပါ၍ ထူးအိမ်သင် ၏ **"ဆွေး"** သီချင်းကိုသီဆိုပြီး ပထမဦးဆုံး ရုပ်မြင်သံကြားတွင် ထုတ်လွှင့်

ခဲ့သည်။ "စာနာတတ်သူမို့"၊ "ယဉ်တစ်ကိုယ်မယ်"၊ "ဖျော်သလိုသာနေပါကွယ်"၊ "အကြင်နာအိပ်မက်" သီချင်းများတွင် တေးသရုပ်ဆောင်ခဲ့သည်။

ငယ်စဉ်က ကျောင်းဆရာမတစ်ဦးဖြစ်ချင်ခဲ့သော်လည်း မိဘများနှင့်အစ်မကြီးဖြစ်သူတို့ ပံ့ပိုးမှုကြောင့်၁၉၉၁ခုနှစ်တွင် ဒါရိုက်တာမောင်နီလွင်(သပြေ) ရိုက်ကူးသော "ဝန်းနှင့်ပေါက်တာလည်းနာချင်တယ်" ဗီဒီယိုဇာတ်ကားတွင် စတင်သရုပ်ဆောင်ခဲ့ပြီး အနုပညာလောကသို့ဝင်ရောက်ခဲ့သည်။

ရုပ်ရှင်ဇာတ်ကား တစ်ကား၊ ရုပ်မြင်သံကြားနှင့်ဗီဒီယိုဇာတ်လမ်း ၃၀ ကျော်ခန့် ပါဝင်သရုပ်ဆောင်ခဲ့သည်။

ဆက်သွယ်ရန်
အမှတ် ၁၇၈၊
ရွှေနှင်းဆီ ၆ လမ်း၊ ၉-ပိုင်း၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်။



သရုပ်ဆောင် စိုးမြတ်နန္ဒာ

အကယ်ဒမီစိုးမြတ်နန္ဒာသည်ငယ်စဉ်က လေယာဉ်မယ်၊ ကျောင်းဆရာမ ဖြစ်ချင်သည့် စိတ်ကူးရှိခဲ့သော်လည်း မိဘများနှင့် အစ်မကြီးစိုးမြတ်သူဇာ၏ တိုက်တွန်းအားပေးမှုကြောင့် အနုပညာရှင်တစ်ယောက်ဖြစ်ခဲ့သည်။

၁၉၉၅ ခုနှစ်၊ SUMMIT PARK VIEW Hotel တွင်ကျင်းပခဲ့သော စင်ကာပူမှ ***Mr. Brian*** ဦးစီးသည့် "အာရှကယ်ရီမော်ဒယ်ပြိုင်ပွဲ" တွင် တတိယဆုရရှိခဲ့သည်။ ယင်းနှစ်တွင် ဒါရိုက်တာ ဦးကျော်ဟိန်း ရိုက်ကူးသည့် "ကံကောင်းလို့" ဗီဒီယိုဇာတ်လမ်းတွင် သရုပ်ဆောင်ကာ အနုပညာလောကသို့ စတင်ဝင်ရောက်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် "အချစ်ကိုမွေးဖွားခြင်း"၊ ၂၀၀၄ ခုနှစ်တွင် "ချစ်ခြင်းငယ်ပြိုင်" ဇာတ်ကားတို့ဖြင့် အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုတို့ကို ရရှိခဲ့သည်။ ယနေ့အထိ ရုပ်ရှင်ဇာတ်ကားပေါင်း ၇၀ ကျော် နှင့် ဗီဒီယို ၃၀၀ ကျော် ရိုက်ကူးခဲ့ပြီးဖြစ်သည်။

ပရိသတ်အတွက် အမှတ်တရစကား

"ထားဝယ်မှပရိသတ်များနှင့် ဒါ့ပြင် ပရိသတ်အားလုံးကို ရင်ထဲမှ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ပါတယ်"

ဆက်သွယ်ရန်
အမှတ် ၁၇၈၊ ရွှေနှင်းဆီ ၆ လမ်း၊
၉-ပိုင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။

ထားဝယ်ဆင်ဆိပ်ဆရာတော်

● ဦးမောင်မောင်လွင်

"ထားဝယ်" ဆိုသောစကားလုံးကို ကြားတိုင်း ကြားတိုင်း စာရေးသူ၏ ရင်ဝယ် လှိုင်းထသွားလေ့ရှိသည်။ နှမြောတသ လွမ်းဆွတ်ကြေကွဲခြင်းနှင့်အတူ တစ်ခေတ်မှာတစ်ပါးဟု ဆိုလောက်အောင် သံဃာထုနှင့်တပည့်ဒါယကာ၊ဒါယိကာမ များ၏ ကျန်းမာရေးကိုအထူးစောင့်ရှောက်ဆောင်ရွက်သွား တော်မူခဲ့သော ထားဝယ်ဆင်ဆိပ် ဆရာတော်အား ရင်ဝယ် စူးစူးနစ်နစ် သတိရမိ၍ ဖြစ်ပါသည်။

လွန်ခဲ့သောနှစ်ပေါင်း၈၀ခန့်က ထားဝယ်ဆင်ဆိပ်ကျောင်း၌ ဆရာတော်သီတင်းသုံးသည့်အချိန်မှစ၍ ထားဝယ်ဆင်ဆိပ် ဆရာတော်ဟူ၍ ဂုဏ်သတင်း သင်းပျံ့ကျော်ကြားလာ၏။ ဤသို့ ကျော်ကြားလာရခြင်းမှာလည်း ရပ်ဝေးရပ်နီးရှိ လူနာများ၏ အာဂန္တုကရောဂါ၊ နာတာရှည်ရောဂါများကို နက္ခတ်ဓာတ်စာ တွက်ချက်စားစေခြင်းဖြင့် ဆေးမပါဘဲ ရောဂါအမြန်ပျောက်ကင်း ကုန်သောကြောင့် ဖြစ်၏။

စိတ်ဝေဒနာရှင်များကိုပင်နက္ခတ်ဓာတ်စာစားစေ၍ပျောက် ကင်းအောင် ကုသပေးတော်မူခဲ့၏။ ဆရာတော်ဘုရား လမ်းညွှန် သော နက္ခတ်ကြိုက်ဓာတ်စာများကို စနစ်တကျစားသောက်သူ ပျို့ရှုလ်တိုင်းသည်အမူအမော် အဖျားအနာမရှိကြောင်းသိရ၏။

မြန်မာ့တိုင်းရင်းဆေးပညာ၌

၁။ ဒေသနာနယ (အဘိဓမ္မာတောင်သာ၊ သဘာဝ ဓမ္မ၊ လောကဓမ္မ၊ ပရမတ္ထ)

၂။ ဘေသဇ္ဇနယ (အာယုဗ္ဗေဒဆေးပညာ၊ ရန်ကုန်သိမ်ဖြူ ဆရာတော်၊ မန္တလေးဆရာကြီးဦးအုန်းရွှေ)

၃။ ဝိဇ္ဇာဓရနယ (အင်္ဂလ နှင့် ပယောဂပညာ)

၄။ နက္ခတ္တနယ (ဒွါဒသိမ်၊ အာဒိကပ္ပဒွါဒ ရာသီ၊ ကျိုးယှာ နက္ခတ်ကျမ်း) ဟူ၍ လေးမျိုးရှိ၏။

ထားဝယ်ဆင်ဆိပ်ဆရာတော်ဘုရားကြီး ပိုင်ပိုင် နိုင်နိုင်၊ ထင်ထင်ရှားရှား ထိထိရောက်ရောက် အောင်အောင်မြင်မြင် သုံးသွားခဲ့သောနည်းမှာ နက္ခတ္တနယ၊ နက္ခတ်ဓာတ်စာကျွေး၍ ကုသသောနည်းဖြစ်၏။

နက္ခတ္တနယ၊ နက္ခတ်ဓာတ်စာကျွေး၍ ကုသသောနည်း ကို စာရှုသူတို့အား မိတ်ဆက်တင်ပြလိုပါသည်။

ကျွန်ုပ်တို့နေထိုင်သောကမ္ဘာကြီးကို နေ၊ လ၊ နက္ခတ်၊ တာရာတို့ ခြံရံထားသည်။

နက္ခတ်

နေသွားလမ်းကြောင်း၏ အထက်ဘက်တွင် တည်နေရာ မရွှေ့မပြောင်းဘဲ ပုံသေတည်ရှိသည်။ နေသွားလမ်းကြောင်း စက်ဝိုင်းပုံအစမှတ် သုညဒီကရီမှတ်၊ အဆုံးမှတ် ၃၆၀ ဒီကရီ ကို နက္ခတ် ၂၇–လုံးဖြင့်သတ်မှတ်သည်။ အဿဝဏီနက္ခတ် အစ ရေဝတီနက္ခတ်အဆုံး နက္ခတ် ၂၇–လုံး ဖြစ်၏။

တာရာ

နေသွားလမ်းကြောင်း၏အပြင်ဘက် ဝဲယာတွင်ရှိသော ကြယ်စုများကို တာရာဟုခေါ်သည်။ တာရာ ကိုးလုံး ရှိသည်။ နေရာမရွှေ့မပြောင်း ပုံသေတည်ရှိသည်။

နေ

နေသည်နက္ခတ်၂၇လုံးကို စက်ဝိုင်းပုံလှည့်ပတ်နေ သည်။ဥပမာအားဖြင့် ယခုနှစ် ဧပြီလ ၁၄ရက် နေ့တွင် နေသည် အဿဝဏီနက္ခတ်(၀) ဒီဂရီမှစ၍ သူ့လမ်းကြောင်း အတိုင်း စက်ဝိုင်းကို ပေတ်သည်။ လာမည့်နှစ် ဧပြီလ ၁၃ရက် နေ့တွင် ရေဝတီနက္ခတ် စက်ဝိုင်းအဆုံးမှတ် ၃၆၀ ဒီဂရီသို့ ရောက်မည်။

ထိုအခါ နှစ်ဟောင်းကုန်၍ နှစ်သစ်ကူး အတာသကြန်

ဟု မြန်မာတို့ ပွဲသဘင် ဆင်ယင်ကျင်းပသည်။နေသွားလမ်းကြောင်းအစ(၀)ဒီဂရီ မှ အဆုံး ၃၆၀ဒီဂရီ အထိ ရက်ပေါင်း ၃၆၅ ရက်ကြာ၏။

လ MOON = LUNAR

လ၊ စန်း LUNAR ကို အခြေခံသော ပြက္ခဒိန်တွင် တန်ခူးလဆန်း ၁ရက်မှ တပေါင်းလကွယ်နေ့အထိရက်ပေါင်း ၃၅၄ ရက်ရှိ၏။

ကမ္ဘာကြီးကို အဓိက ချယ်လှယ်နေသည်မှာ နေနှင့်လ ဖြစ်၏။ ပင်လယ်နှင့် ထိစပ်နေသော ဒေသများတွင် လပြည့်၊ လကွယ်များ၌ ဒီရေအတက်–အကျကြမ်းသည်ကို စာရှုသူတို့ အထူးသိရှိပြီးဖြစ်၏။

လဆန်း၊ လဆုတ်၊ လပြည့်၊ လကွယ် သုံးသော ပြက္ခဒိန်၌ တနှစ် ၃၅၄ ရက်။

တစ်နှစ်၌ နွေ၊ မိုး၊ ဆောင်းဟူ၍ ဥတု သုံး–ခု ရှိ၏။ နက္ခတ် ၂၇–လုံးရှိ၏။

ထို့ကြောင့်

နွေဥတု	၁၁၈ ရက်	အတွက်နက္ခတ် ၉ လုံး
မိုးဥတု	၁၁၈ ရက်	အတွက်နက္ခတ် ၉ လုံး
ဆောင်းဥတု	၁၁၈ ရက်	အတွက်နက္ခတ် ၉ လုံး

ဟူ၍ရှိ၏။ဥတုတစ်ခုအတွက် ၁၁၈ရက်ကို အောက်ပါအတိုင်း ခွဲ၏–

အာဂန္တုကရက်	၃၄ရက်အတွက်မာတ်စာ	၁ တိုင်
အာယုဝဍ္ဎနပထမ	၁၂ရက်အတွက်မာတ်စာ	၁ တိုင်
အာယုဝဍ္ဎနဒုတိယ	၁၂ရက်အတွက်မာတ်စာ	၁ တိုင်
အာယုဝဍ္ဎနတတိယ	၁၈ရက်အတွက် မာတ်စာ	၁ တိုင်
အာယုဟာယနပထမ	၁၂ရက်အတွက်မာတ်စာ	၁ တိုင်
အာယုဟာယနဒုတိယ	၁၂ရက်အတွက် မာတ်စာ	၁ တိုင်
အာယုဟာယနတတိယ	၁၈ရက်အတွက် မာတ်စာ	၁ တိုင်

စသည်ဖြင့် တစ်ဥတုကို မာတ်စာတိုင် ခုနစ်တိုင်ခွဲ၍ မာတ်စာ ကျွေး၏။

တစ်ဥတုအတွက်

နက္ခတ်၉လုံးကိုလည်းမာတ်၉ပါးခွဲ၏။အရသာ ခုနစ်ပါးခွဲ၏။

၁။	ဝထဝီဓါတ်	အဆိမ့် အရသာ
၂။	အာပေါမာတ်	ချိုငန် အရသာ
၃။	တေဇောမာတ်	အချဉ်အစပ်အရသာ
၄။	ဝါယောမာတ်	အခါး အရသာ
၅။	အာကာသမာတ်	အကြော်အလှော် ရှိန်
၆။	သည်းခြေမာတ်	ချိုချဉ် အရသာ
၇။	မာတ်စီး	ကျွမ်းမြေ
၈။	အစုပ်မာတ်(အာပေါရဇါတ်)	ချို၊ ချဉ်၊ ငန် အရသာ
၉။	ကိတ်မာတ်	ကျွမ်းမြေ

ဓါတ်တိုင်များကား ၇–တိုင်ရှိ၏။

၁။ စကာရမ်းတိုင်
၂။ ဒွိရမ်းတိုင်
၃။ တြိရမ်းတိုင်
၄။ စတုရမ်းတိုင်
၅။ ပဥ္စမွတ်တိုင်
၆။ ဆဋ္ဌမွတ်တိုင်
၇။ သတ္တမွတ်တိုင် ဟူ၍ဖြစ်၏။

(၀)ဒီဂရီ အဿဝဏီနက္ခတ်အစ၊ ၃၆၀ဒီဂရီ ရေဝတီ နက္ခတ်အဆုံး နက္ခတ် ၂၇–လုံး တည်နေပုံကို ဖော်ပြရလျှင်–

၁။	အဿဝဏီ	၁၄။	စိတြ
၂။	ဘရဏီ	၁၅။	သွာတိ
၃။	ကြတ္တိကာ	၁၆။	ဝိသာခါ
၄။	ရောဟဏီ	၁၇။	အနုရာဓ
၅။	မိဂသီ	၁၈။	ဇေဋ္ဌ
၆။	အဒြ	၁၉။	မူလ
၇။	ပုဏ္ဏဖုသျှ	၂၀။	ပြုဗ္ဗသဠ်
၈။	ဖုသျှ	၂၁။	ဥတ္တရသဠ်
၉။	အသလိဿ	၂၂။	သရဝဏ်
၁၀။	မာဃ	၂၃။	ဓနသိဋ္ဌ
၁၁။	ပြုဗ္ဗဖလဂုဏီ	၂၄။	သတ္တဘိသျှ
၁၂။	ဥတ္တရဖလဂုဏီ	၂၅။	ပြုဗ္ဗပရပိုဒ်
၁၃။	ဟဿတ	၂၆။	ဥတ္တရပရပိုဒ်
		၂၇။	ရေဝတီ



နက္ခတ် ၂၇လုံး ၁၂ရာသီစွန်းတွင် တည်နေပုံ



ပုံ ၂၀ ရာသီကိုဖော်ပြပုံ

(၀)ဒီဂရီအဿဝဏီနက္ခတ်အစ၊ ၃၆၀ဒီဂရီ ရေဝတီနက္ခတ်အဆုံး စက်ဝိုင်းတစ်ပတ်ကို ၁၂ရာသီခွဲသော် $\frac{360^0}{12} = 30^0$

တစ်ရာသီ ၃၀ဒီဂရီရ၏။

တစ်ရာသီကို၉ပိုင်းခွဲသော်(နဝင်းရှာသော်)= $\frac{30^0}{9} = 3^0 20'$

တစ်ရာသီတွင်၃၀ဒီဂရီရှိ၏။ နဝင်း ၉လုံးရှိ၏။

နဝင်းတစ်လုံးသည် ၃ ဒီဂရီ၂၀မိနစ်= ၃ဒီဂရီအံသာ၂၀'လိတ္တာ

စက်ဝိုင်းထောင့်တိုင်း ယှနစ်သိပ္ပံ (ဂျီဩမေတြီ)	စက်ဝိုင်းထောင့်တိုင်းယူနစ် ဟိန္ဒူဗေဒင်အခေါ်
စက္ကန့် ၆၀ = ၁ မိနစ်	၆၀ ဝိလိတ္တာ = ၁ လိတ္တာ
မိနစ် ၆၀ = ၁ ဒီဂရီ	၆၀ လိတ္တာ = ၁ အံသာ
ဂျီဩမေတြီသိပ္ပံနည်း ၁ ဒီဂရီ	= ၁ အံသာဟိန္ဒူနည်း
စက်ဝိုင်းတစ်ဝိုင်း $\frac{၃၆၀^0}{နက္ခတ်\ ၂၇လုံး}$	= ၁၃ ဒီဂရီ ၂၀ မိနစ် (နက္ခတ်တစ်လုံးအကျယ်အဝန်း) သိပ္ပံနည်း ၁၃ အံသာ ၂၀ လိတ္တာ (နက္ခတ်တစ်လုံးအကျယ်အဝန်း) ဟိန္ဒူနည်း

သိပ္ပံနည်း၊ ဟိန္ဒူနည်း အခေါ်အဝေါ်သာ ခြားနား၍ အကျယ်အဝန်း တန်ဖိုးအတူတူဖြစ်ပါသည်။

$$\frac{\text{နက္ခတ်တစ်လုံး၏ အကျယ်အဝန်း ၁၃°ဒီဂရီ ၂၀မိနစ်}}{\text{နဝင်း ၁–လုံး၏အကျယ်အဝန်း ၃°ဒီဂရီ ၂၀ မိနစ်}} = \text{နဝင်း၄ လုံး}$$

ထို့ကြောင့် နက္ခတ် ၁–လုံးတွင် နဝင်း ၄–လုံးပါဝင်သည်။

ထို့ကြောင့် ၁၂–လတွင် နက္ခတ် ၂၇–လုံးရှိရာ

၁၂–လတွင် (နက္ခတ် ၂၇လုံး× နဝင်း ၄–လုံး)

= ၁၀၈ နဝင်း ရှိ၏

တစ်နည်းအားဖြင့်

$$\frac{\text{၃၆၀° (စက်ဝိုင်းတစ်ပတ်)}}{\text{၃၀°ဒီဂရီ ၂၀ မိနစ် (နဝင်းတစ်လုံး)}} = \text{၁၀၈ နဝင်း}$$

တစ်နှစ် ၃၆၅ ရက်၊ စက်ဝိုင်းတစ်ပတ် ၃၆၀ဒီဂရီအတွက်၊ ၁၀၈ နဝင်းရှိ၏။

ထို ၁၀၈ နဝင်း အပေါ် နေရောက်သည်ကို အခြေခံ၍ နေစီးနဝင်း၊ ထို ၁၀၈ နဝင်းအပေါ် လရောက်သည်ကို အခြေခံ၍ လစီးနဝင်း (စန်းစီး နဝင်း) ဟုခေါ်၏။ ထိုနေစီးနဝင်း၊ လစီးနဝင်း အလိုက် အနာရောဂါ လက္ခဏာနှင့် ဆေးဓာတ်စာများကို ဖော်ပြ၏။

သက်ရှိသတ္တဝါတို့သည် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တည်းဟူသော သမုဋ္ဌာန် ၄ ပါးပေါ် အခြေခံ၍ဖြစ်ရ၊ ပျက်ရ၏။

နက္ခတ္တနယနည်းကား ဥတုနှင့်အာဟာရကို နက္ခတ်နည်း စနစ်အရ နေသွား၊ လသွားပေါ်အခြေခံကာ စနစ်တကျ အစဉ်အကြေယ်ဖော်ပြထားသော နည်းဖြစ်၏။

စနစ်တကျတွက်ချက်ပြီး၊ ဤရာသီ ဤဥတု၊ ဤရက်တွင် ဤအာဟာရတို့ကား အကောင်းဆုံးဓာတ်စာများ ဖြစ်သည်ဟု သတ်မှတ်ပြီး လူနာများအား အဝစားစေ၍ မဖြစ်သေးပါ။

လူနာတစ်ဦးချင်း၏ ရောဂါလက္ခဏာကို ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ သည်းခြေ၊ အာဟာရ၊ အာကာသ ဟူသော အခြေခံဓာတ်တို့၏ ဆောင်၊ ပျက်၊ နိုက်၊ ငုတ်၊ လွှန်၊ ဆုံး၊ ချုပ် ဟူသော လက္ခဏာနှင့် တိုက်စစ်၍ စနစ်တကျ ဓာတ်စာ ကျွေးမှ ရောဂါကောန် ပျောက်ပါသည်။

တောင်တွင်းဆရာတော် ခင်ကြီးဖျော်သည် ဒွါဒသီမ်ကျမ်း ကိုလည်းရေးခဲ့၏။ ဩဠာရိကသုခမ ဓာတ်ကျမ်းကိုလည်းရေးခဲ့ ၏။ အင်္ဂဝိဇ္ဇာကျမ်းကိုလည်းရေးခဲ့၏။

ထို့ကြောင့် လွန်ခဲ့သော ၁၅–နှစ်ခန့်က ရှမ်းပြည်နယ် တောင်ကြီးမြို့သမားတော်များ ညီလာခံတွင် အင်္ဂဝိဇ္ဇာဓာတ်စာ ပေးနည်း၊ ပုဂ္ဂလပညတ်ဓါတ်စာပေးနည်း၊ ဒွါဒသီမ်ဓါတ်စာပေး နည်း၊ ဩဠာရိကသုခုမဓာတ်စာပေးနည်း အားလုံးတို့သည် မကာရလောပ၊ အတုလ၊ တောင်တွင်းဆရာတော်ခင်ကြီးဖျော် တစ်ပါးတည်း၏လက်ရာများဖြစ်သောကြောင့် တစ်ဆက်တစ်စပ် တည်း လေ့လာ၍ ယခုအခါ တိမ်မြုပ်ပျောက်ကွယ်စပြုနေပြီ ဖြစ်သောနက္ခတ္တနယဆေးပညာကို ဝိုင်းဝန်းဖော်ထုတ်သင့်ပါ ကြောင်းတင်ပြခဲ့၏။ နှစ်ပေါင်း ၂၀ မျှ လေ့လာထားသော စာရေးသူ၏စာတမ်းကို ထိုစဉ်က တောင်ကြီးမြို့၊ ရှမ်းပြည်နယ် တိုင်းရင်းဆေးဦးစီးမှူး ဦးတင်မောင်လေး လက်ထဲသို့ ကိုယ်တိုင် သွားရောက်ပေးခဲ့၏။

ထိုညီလာခံ၌ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့တွင်ထင်ရှား အောင်မြင်နေကြသော ဆရာကြီးလုံးတန်းကဲ(ဝုန်းဝမ်း)ဆရာကြီး ဦးဘိုကြီး၊ ဆရာကြီးဦးခင်မောင်ဖြူ (သိမ်ဖြူအာယုဗ္ဗေဒ)၊ ဆရာကြီးဦးစိန်ဝင်း (အဘိဓမ္မာတောင်သာ)၊ ဆရာကြီး၊

နိုင်းအောင်ဝင်း (အဘိဓမ္မာ တောင်သာ)၊ အောင်ဘန်း ဆရာသန်း (အမဆယ)၊ ဆရာအေး (အမဆယ)၊ ဆရာကြီး ဦးမြပြင်း (သံပုရာသီးစာတမ်း)၊ ဆရာကြီး ဦးညွန့်ဦး (အကြော၊ အဆစ်၊ လေငန်း)၊ ဆရာကြီး ဦးတင်အောင် (ရှဋ္ဌမတက်စာတမ်း) တို့နှင့် ရှမ်းပြည်တောင်ပိုင်းမြို့နယ်ပေါင်းစုံမှ ရှမ်း၊ ပအိုဝ်၊ အင်းသား၊ ဓနု၊ တောင်ရိုးဆရာကြီး/ ဆရာမကြီး ၂၀၀ ကျော်တက်ရောက်ခဲ့ကြ၏။ သို့သော် ယနေ့တိုင် စာရေးသူအား ကူညီလက်တွဲဖော်ထုတ်မည့်သူကား ပေါ်မလာခဲ့သေးပေ။

စာရေးသူ၏ အကြီးမားဆုံးဆန္ဒကားပျောက်ကွယ်လုနီးအသက်ငင်စမှုမြောနေပြီဖြစ်သော နက္ခတ္တနယ ဆေးပညာကို စနစ်တကျပြန်လည် ပိုင်းဝန်း ဖော်ထုတ်၍ ကျေးဇူးရှင် ထားဝယ်ဆင်ဆိပ်ဆရာတော်ဘုရားကြီးကဲ့သို့ ရောဂါ၊ ရှင်၊ လူ၊ ပြည်သူအပေါင်း၏ကျန်းမာရေးကို အဘိုးနည်းဝန်ပါ ဓာတ်စာကျွေး၍ စောင့်ရှောက်ကုသလိုပြီး တိုင်းရင်းဆေးဆရာတိုင်း ကျွမ်းကျင်တတ်မြောက် အသုံးချကုသနိုင်ရေးပင်ဖြစ်သည်။

စာရေးသူတစ်ဦးတည်း ဤပညာရပ်နောက်လိုက်၍ သင်ယူလေ့လာ ရှာဖွေစုဆောင်းခဲ့သည်မှန်သော်လည်း လိုအပ်ချက်များကား ရှိနေဆဲဖြစ်ပါသည်။ စာရေးသူတစ်ယောက်တည်းဖြင့် ဆိုးဆက်နိုင်အား မရှိတော့ပါ။ ဓာတ်စာပညာနှင့်ပတ်သက်၍ ထားဝယ်ဆင်ဆိပ်ဆရာတော်ဘုရားကြီး၏ မူဖြစ်စေ၊အခြားလက်တွေ့အောင်မြင်ခဲ့သော ဆရာကြီးများ၏ မူဖြစ်စေ တစ်စုံတစ်ရာ ပါမှုကား၊ အတိုင်းအတာတစ်ခုထိအများအတွက် ဖော်ထုတ်အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်မိပါသည်။

ဝါသနာရှင်၊ ပညာရှင်၊ စေတနာရှင်များ အားလုံးစာရေးသူနှင့် လက်တွဲ၍ နက္ခတ်ဓာတ်စာပညာကို ပိုင်းဝန်းဖော်ထုတ်ကြပါရန် ဖိတ်ခေါ်ပါသည်။

ဤဆောင်းပါးဖြင့် နက္ခတ္တနယပညာရှင်၊ ကျေးဇူးရှင် ထားဝယ်ဆင်ဆိပ် ဆရာတော်ဘုရားကြီးနှင့် ဆရာသခင်အားလုံးအား တပည့်တော်လက်ဆယ်ဖြာဦးထိပ်မိုးလျက် ရှိသေစွာကန်တော့အပ်ပါသည်ဘုရား။

ကူညီသူများအား ကျမ်းစာ၏ မူလတန်ဖိုးနှင့်အကျိုးကြီးစွာ ဓာတာဖွဲ့၍ တစ်နှစ်စာပေဟောစာတမ်း မေတ္တာလက်ဆောင်ပြုပါမည်။

ကြံသမျှအောင်၊ ဆောင်သမျှပြီးကြပါစေ။

ဦးမောင်မောင်လွင်

မြို့မယဉ်စေး၏ ဗုဒ္ဓယဉ်ကျေးမှု သာဓုဒေသ ထားဝယ်အလှ

● အရှင်ဓမ္မနန္ဒ

မြတ်ဗုဒ္ဓ၏ ဘာသာ့သာသနာ အရောင်အဝါတို့ဖြင့် လင်းလက်ရွှန်းစို၍ သာယာရှုမောဖွယ် ကောင်းလှသည့် မြို့ထားဝယ်ဒေသသည် ရှေ့နောက်ဝဲယာ တောင်ပြာတန်းကြီးတို့၏အလယ်၌ ခံ့ညားထယ်ဝါစွာတည်လျက်ရှိ၏။ မြို့၏ လေးဘက်လေးတန်မှ တောင်တန်းကြီးတို့သည်သဘာဝ ဘေးအန္တရာယ်တို့ကို ကာကွယ်စောင့်ရှောက်လျက် မြို့၏ ကျက်သရေအဖြစ် ဝန်းရံကာ စီတန်းလျက် ရှိ၏။ ထန်း၊ အုန်း၊ ငှက်ပျော၊ ကွမ်း၊ ပိန္နဲ၊ ဒူးရင်း၊ ရွှန်ပဒတ် အစရှိသော အသီးပင် အရိပ်ပင်တို့ဖြင့် စိမ်းလန်းစိုပြည်လှ၏။ မြို့၏အပြင်ဘက်ကို ထွက်၍ကြည့်လိုက်ပြန်သော် နွမ်းနယ်သူတို့ အပန်းဖြေဖို့ ဆန်းကြယ်တဲ့ ကမ်းခြေရှုခင်းတို့နှင့် ရေပူစမ်းတို့မှာလည်း ရှု၍မဝရှိလှသည်။ ဒေသခံတို့၏ ပန်းချီ၊ ပန်းပုလက်မှုပညာတို့မှာလည်းဒေသခံတို့အား အကျိုးပြုသည့်အပြင် အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံဂုဏ်တို့ကိုပါ ဆောင်နိုင်၏။

ရိုးသားသော ရိုးရာဓလေ့များနှင့် ကိုးကွယ်သည့်ဘာသာ ယဉ်ကျေးမှုအမွေအနှစ်၊ သယံဇာတများ ပေါကြွယ်သည့် မြို့ထားဝယ်ဒေသတွင် ရှင်ကိုရှင်ဘုရားများ၊ ဈော်ရစ်၊ မောင်းမကန်ကမ်းခြေ စသည့်ထူးခြားသော မြို့၏ကျက်သရေဆောင်များစွာရှိသည့်အနက် ထားဝယ်မြို့ မြို့မယဉ်စေး သာသနာ့ရိပ်သာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သောနွေရာသီ "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကြီး" သည်လည်း မြို့သူမြို့သားတို့အတွက် အရေးပါသော အမျိုး၊ ဘာသာ၊ သာသနာပြုလုပ်ငန်းစဉ်ဖြစ်၍ မြို့၏ ကျက်သရေဆောင် အခန်းကဏ္ဍတွင် တစ်စိတ် တစ်ဒေသ ပါဝင်လျက်ရှိ၏။

မှန်၏။ မြတ်ဗုဒ္ဓ၏အဆုံးအမများသည် သတ္တဝါအားလုံးတို့အတွက် ယဉ်ကျေးစေဖို့ဖြစ်၏။ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးစလုံး ယဉ်ကျေးမှုရှိ သူတို့သည် ဓမ္မကျက်သရေ နှင့်ပြည့်စုံသူတို့မည်ကုန်၏။ ဓမ္မကျက်သရေရှိ၍ ဓမ္မအဆုံးအမနှင့် ပြည့်စုံသူတို့သည် လောကလူသား ပတ်ဝန်းကျင်တွင်လည်း ဖြောင့်မတ်စွာနေတတ်သောကြောင့် လောကကျက်သရေနှင့်လည်း ပြည့်စုံသည်မည်၏။

မူလပဓာနနာယက
ဆရာတော်ကြီး

ပဓာနနာယကဆရာတော်
ဘဒ္ဒန္တ ဇာနဉာဏ

နာယကဆရာတော်

ထိုသို့ ဓမ္မကျက်သရေ၊ လောကကျက်သရေနှင့် ပြည့်စုံပြီးကျက်သရေရှိသောဘဝကို တည်ဆောက်နိုင်ရန် အတွက် ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘဒ္ဒန္တဇာဂရာဘိဝံသ မြို့မယဉ်ငေးသာသနာ့ရိပ်သာ မူလပဓာနနာယက ဆရာတော်ကြီးမှ ဧမွေရာသီတွင်နှစ်စဉ် "ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကြီး"ကို ဖွင့်လှစ်စေခဲ့ပါသည်။

ပရိယတ်မကင်းသော ပဋိပတ်

မူလယဉ်ငေးဆရာတော်ဘုရားကြီးသည် နှစ်ပေါင်း ၃၀ ကျော်မျှတရားဟော တရားပြလျက် ဒကာ၊ ဒကာမတို့၌ ပဋိပတ္တိမှရာဘဝန်ကို လေးလေးနက်နက်ဆောင်ရွက်ခဲ့သလိုတပည့်သံဃာတို့အားလည်း "ပဋိပတ်မကင်းသောပရိယတ်၊ပရိယတ် မကင်းသောပဋိပတ်" ဖြစ်စေဖို့ စာသင်စာချလုပ်ငန်းတို့ကိုလည်း တွဲလျက် ဆောင်ရွက်စေခဲ့ပါသည်၊ အခြေပြုမူလ၊ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့၌အသီးသီးအောင်မြင်သော အရှင်သူမြတ်များနှင့် ဓမ္မာစရိယနှင့် ပါဠိပါရဂူ တစ်ပါး၊ သာသနဓဇ ဓမ္မာစရိယ နှစ်ပါး၊ သာသန တက္ကသိုလ ဓမ္မာစရိယ B.A. တစ်ပါးနှင့် ဝိနယဝိဒူ – စသော အောင်ပန်းဆင်သူ အရှင်သူမြတ်များလည်း ပေါ်ထွန်းခဲ့ကြပါသည်။ စာချ၊ စာသင် တပည့်သံဃာတို့ကိုလည်း ပရိယတ်သက်သက်မဟုတ်ဘဲ နေ့စဉ်အစီအစဉ်ကျ နှစ်ကြိမ်နှင့် အခါအားလျော်စွာတရားအားထုတ်နိုင်းခြင်းကိုလည်း ဆောင်ရွက်စေပါသည်၊

ဆရာတော်ဘုရားကြီးသည် နှစ်ပေါင်း ၃၀ ကျော်မျှတရားပြနေရင်းအတွင်းမှာပင် အမျိုးဘာသာ သာသနာပြုလုပ်ငန်းတိုးတက်ထွန်းကားဖို့အရေး အမြဲတွေးလျက် ရင်သွေးငယ်တို့အား အသိဉာဏ် လက်ဆင့်ကမ်းပေးဖို့ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းဖွင့်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ရာမှယခုကဲ့သို့ အကြောင်းညီညွတ်သဖြင့် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို ဖွင့်လှစ်နိုင်ခဲ့ပြီး စာတွေ့ရော လက်တွေ့ပါသင်ကြားစေခဲ့ပါသည်။

ပန်းပြောင်းအစမွေ

မြတ်ဗုဒ္ဓ၏ စစ်မှန်သော ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီးကို ထေရဝါဒမျိုးဆက်သစ်များ အသီးသီးပန်းပြောင်းထမ်းဆောင်ထိန်းသိမ်းလာခဲ့၍ ယနေ့လူကြီးများနှင့် မျိုးဆက်သစ်လူငယ်များ တွေ့မြင်နေကြရသည်။ နောင်အနာဂတ် သာသနာတော်၊ လူမျိုးနှင့် နိုင်ငံတော်အတွက်အားကိုးရမည့် အနာဂတ်ထေရဝါဒ မျိုးဆက်သစ်လူငယ်များပေါ် ထွက်လာနိုင်ရေးအတွက်ယနေ့လူငယ်များ၏လက်၌(သို့မဟုတ်) နှလုံးအိမ်၌ မြတ်ဗုဒ္ဓ၏စစ်မှန်သော ဓမ္မအမွေအနှစ်ဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်ကိုစနစ်တကျ အုတ်မြစ်ချပေးဖို့ လိုအပ်ပါသည်။

"အနာဂတေလန္တိ ရက္ခိဿတိ" ဟူသော ကျမ်းဂန်လာစကားအရ နောင်အနာဂတ် သာသနာတော် သည် လန္တိပေဿလသိက္ခာကာမဖြစ်၍ အဆုံးအမတော်အတိုင်း လိုက်နာသူမျိုးဆက်သစ်–သားတော် ရဟန်းတို့၏လက်ဝယ်တည်ရှိ၏။ ထို့အတူဗုဒ္ဓဘာသာဝင် သူတော်စင်တို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုအမွေ အနှစ်တို့သည် အနာဂတ်ကာလတွင် လင်းလက်ကြမည့် ယနေ့လူငယ်တို့၏ လက်ဝယ်တည်ရှိ၏။

သင်တန်းအစ ပထာဝ

ထို့ကြောင့် ထေရဝါဒဗုဒ္ဓဘာသာ မျိုးဆက်သစ်လူငယ်ကောင်းများ ပေါ်ထွက်လာစေရန် စိတ်ရည်သန်၍ ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကြီးကို ဖွင့်လှစ်သင်ကြားနိုင်ရန်အတွက်

ကျေးဇူးတော်ရှင် မူလ မဟာစည်ဆရာတော်ဘုရားကြီး၏ အထံတော်၌ ရွှေတောင်ကုန်းဆရာတော်ဘုရားကြီးက အခွင့်ပန်ပြီး ရန်ကုန်မြို့ ရွှေတောင်ကုန်း သာသနာ့ရိပ်သာကြီး၌ဖွင့်လှစ်သင်ကြားခဲ့သည်။ ထို့အတူထားဝယ်မြို့ ကျောက်မော်ရပ် မြို့မယဉ်ငေးသာသနာ့ရိပ်သာကြီး၏ မူလပဓာန နာယက ဆရာတော်ဘုရားကြီးကလည်း မိမိ၏ ဆရာဖြစ်တော်မူကြသော မဟာစည်ဆရာတော်၊ ရွှေတောင်ကုန်းဆရာတော်တို့၏ နည်းညွှန်မှုပြဒါးဖြင့် ဖွင့်လှစ်သင်ကြားနေသော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းနှင့် ပတ်သက်သောနည်းနာနိဿယကို တပည့်ရဟန်းတို့အားစေလွှတ်၍ နည်းယူစေခဲ့သည်။ ယဉ်ငေးဆရာတော်ဘုရားကြီးသည် အထက်ပါ ဆရာ တော်ဘုရားကြီးတို့၏ နည်းနာနိဿယကိုအခြေခံ၍လည်းကောင်း၊ ဗုဒ္ဓအလိုတော်ကျ မိမိကျောင်းတိုက်၌ ချမှတ်အပ်သောစည်းကမ်းနှင့် အဆုံးအမတို့ကို ထည့်စွက်၍လည်းကောင်း၊ ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို သာသနာတော် နှစ် ၂၅၄၂ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၆၀ပြည့်နှစ်၊ တပေါင်းလပြည့်ကျော် ၃ရက်၊ ခရစ်နှစ် ၁၉၉၉ ခုနှစ်၊ (၄-၃-၉၉) ကြာသပတေးနေ့မှ စတင်ကာ ပထမအကြိမ်ကျင်းပနိုင်ခဲ့သည်။ ဤသို့ မူလ ယဉ်ငေးဆရာတော်ဘုရားကြီးကိုယ်တိုင် ဦးစီးကျင်းပလာခဲ့သော ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကြီးသည် ဆရာတော် သက်တော်ထင်ရှားရှိနေစဉ်မှာပင် ၆၊ ကြိမ်တိုင်တိုင် အောင်မြင်စွာကျင်းပနိုင်ခဲ့သည်။ ဆရာတော်ဘုရားကြီးသည် ရင်သွေးငယ်များကို မြင့်မြတ်သော ရှင်သာမဏေ၊ သီလရှင်အဖြစ်ဖြင့်သာသနာ့ဘောင်သို့သွတ်သွင်းကာ တစ်လတိုင်တိုင်စာတွေ့လက်တွေ့ပါသင်ကြားစေလျက် ဓမ္မ အသိဉာဏ်၊ ဓမ္မအမွေ အနှစ်တို့ကို ရင်သွေးတို့၏ နှလုံးအိမ်သို့ အရောက်ပို့စေခဲ့သည်၊ ကျင့်သုံးစေခဲ့ပါသည်။

ရင်သွေးတို့အတွက် ရည်ရွယ်ချက်

သင်တန်းသို့တက်ရောက်လာကြသော ရင်သွေးတို့အား သင်တန်းသို့ တက်ရောက်ခြင်း မည်ကာမျှမဟုတ်ဘဲ ရင်သွေးတို့အား ရတနာသုံးပါးနှင့်ပတ်သက်၍ စစ်မှန်သောကိုးကွယ်မှု အသိတရား၊ မိဘဆရာသမားများအပေါ် ဆက်ဆံရာ၌ ပြည့်စုံရမည့် ဂါရဝ၊ နိဝါတစသော တရားများ၊ ရဟန်း သံဃာတော်များနှင့် ဆက်ဆံရာ၌လည်း လျှပ်ပေါ်လော်လီမှုနည်းပြီး အနေအထိုင် သိမ်သည်းကျစ်လျစ်ရပုံများ၊ အသက်ပင်ငယ်ရွယ်စေကာမူ သတိပဋ္ဌာန် တရားကိုအားထုတ် တတ်အောင်လေ့ကျင့်မှုများကိုလည်း စနစ်တကျသင်ပေးစေခဲ့ပါသည်။

စနစ်တကျ သင်တန်းတက်ရောက်ရသဖြင့် ဓမ္မအသိဉာဏ်၊ ဓမ္မအလို့ဝတ်ရည်များကိုသောက်ယူခွင့်ရရှိကြသည့်ရင်သွေးငယ် အလိမ္မာများကလေးတို့သည် နောင်အနာဂတ် သာသနာ၌ မြင့်မားသော အသိဉာဏ်ကိုယ်စီဖြင့် အထက်တန်းကျသော ဘဝနေထိုင်မှုနှင့်အတူ တန်ဖိုးမဖြတ်နိုင်သော အမျိုးဘာသာ သာသနာတော်၏ အမွေကိုဆက်လက်ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

အမျိုးဘာသာအတွက် မှာထားချက်

မြို့မယဉ်ငေးသာသနာ့ရိပ်သာ ဆရာတော်ဘုရားကြီးသည် တရားပြသမှု ပဋိပတ်လုပ်ငန်းတွင် အားသွန်ခွန်စိုက် ကြိုးစားရုံတင်မက အမျိုးဘာသာ သာသနာတော် တိုးတက်ဖို့ ဆောင်ရွက်နေချိန်မှာပင် သတ္တလောကသားတို့ ရှောင်လွှဲ၍ မရသည့် ဗျာဓိသဘောဝင်ရော လာလေတော့၏။ ဆရာတော် ဘုရားကြီး နေမကောင်းသဖြင့် လဲလျောင်း နေရသော်လည်း အနာဂတ်သာသနာရေး အားပေး ဆောင်ရွက်ကြဖို့၊ အမျိုး၊ ဘာသာ၊သာသနာတော်အတွက် သတိဝီရိယကြီးစွာဖြင့်ဆက်

ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်ပွဲ

လက်ဆောင်ရွက်ကြဖို့၊ အနာဂတ်မျိုးဆက်သစ်တို့အား ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကို ငါမရှိသောအခါမှာလည်း မပျက်မကွက် ရှေ့ဆက် ဆောင်ရွက်သွားကြဖို့ အတန်တန် မှာကြားရင်းဖြင့် – ၁၃၆၅ ခုနှစ်၊ တပေါင်းလဆုတ် ၇ ရက်၊ သောကြာနေ့၊ နံနက် ၃ နာရီ ၅၀မိနစ်တွင် သက်တော် ၇၄၊ သိက္ခာတော် ၄၉ ဝါ အရ ဆင္ဃမအကြိမ်မြောက် ဗုဒ္ဓယဉ်ကျေးမှု အခြေပြု သင်တန်းကာလအတွင်းမှာပင် တစ်ဘဝဇာတ်သိမ်း၍ ငြိမ်းတော်မူခဲ့ပါသည်။ ဆရာတော်ဘုရားကြီး ကိုယ်တိုင် အမြတ်တနိုးအားပေးဆောင်ရွက်စေခဲ့သော အမျိုး ဘာသာ သာသနာ ပြုလုပ်ငန်းဖြစ်သည့် ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင်တန်းကြီးနှင့် တပည့်များ၏ ပုံကြည်ကြီးစားမှု သဒ္ဓါဝီရိယတို့သည် ဆရာတော်ဘုရား၏ အနန္တကျေးဇူးဂုဏ်တို့ကို အာရုံပြု၍ အမြဲတမ်း ပူဇော်ကန်တော့နေမည်သာ ။

ဆရာ့မူမပျက် ရှေ့ဆက်လက်

ထို့နောက် မူလဆရာတော်ဘုရားကြီးမှ ဦးစီးတည်ထောင်ခဲ့သော ဗုဒ္ဓယဉ်ကျေးမှုအခြေပြုသင် တန်းကြီးကို သတ္တမကြိမ်မှစ၍ ဒွါဒသမအကြိမ်တိုင်အောင် လက်ရှိပဓာနနာယက ဆရာတော်ဖြစ်သော ဘဒ္ဒန္တကုန္ဒညာဏ အရှင်သူမြတ်နှင့် နာယက ဘုန်းကြီးများ၊ တပည့်ဒကာ၊ ဒကာမများမှ ဆရာတော်ဘုရားကြီး၏ သြဝါဒအတိုင်း ဆက်လက် ကြိုးပမ်းဖွင့်လှစ်နိုင်ခဲ့ပါသည်။ မူလဆရာတော်ဘုရား၏ ပဋိပတ္တိစရုတာဝန်ကိုလည်းဆက်လက် ဆောပြောပြသလျက် ရှိပါသည်။

လက်ရှိပဓာန နာယကဆရာတော်သည်လည်း အမျိုး၊ ဘာသာ၊ သာသနာအကျိုး၊ပရဟိတအကျိုးတို့ကို ဆောင်ရွက်ရာ၌ အလွန်အားတက်သရောရှိလှပါသည်။ အမြဲနေ စာသင်သား ရဟန်း၊ ရှင်သာမဏေ၊ သီလရှင်ဆရာလေးတို့အပြင် မိဘမဲ့ ကလေးငယ်များနှင့် ချို့တဲ့ကလေးငယ်များကိုပါ စောင့်ရှောက်လျက် လောကီဆိုင်ရာပညာရပ်များကိုလည်း စေတနာဝန်ထမ်း ဆရာ၊ ဆရာမအသီးသီးတို့၏ အကူအညီဖြင့်ပြည့်စုံအောင် သင်ကြားစေခဲ့ပါသည်။ လောကီအတန်းဆိုင်ရာ ပညာရပ်များကို သူငယ်တန်းမှစ၍ တက္ကသိုလ်တက်ရောက်နိုင်သည့်အထိ စွမ်းနိုင်ရာတက်မှ စွမ်းနိုင်သမျှသော ကာယ၊ ဉာဏ၊ ဓန ခွန်အားဖြင့် ပံ့ပိုးဆောင်ရွက်လျက် ရှိပါသည်။

လက်ရှိနိုင်သာအတွင်း ပညာသင်ကြားနေသော တပည့်ဦးရေစာရင်းမှာ မူငယ်လတ်ကြီး ပထမပြန် စာမေးပွဲဆိုင်ရာ သံဃာတော် ၃၇ ပါး၊ ဗိုးသူတော် သုံးပါး၊ သီလရှင်ဆရာလေး ၂၂ ပါး ရှိပါသည်။

လောကီအတန်းဆိုင်ရာ တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ လေးယောက်၊ ဒသမတန်း ၁၈ယောက်၊ နဝမတန်း ၁၀ ယောက်၊ အဋ္ဌမတန်း ၁၅ ယောက်၊ သတ္တမတန်း ခြောက်ယောက်၊ ဆဋ္ဌမတန်း လေးယောက်၊ ပဉ္စမတန်း ငါးယောက်၊ စတုတ္ထတန်း သုံးယောက်၊ တတိယတန်း ငါးယောက်၊ ဒုတိယတန်း သုံးယောက်၊ပထမတန်း သုံးယောက်၊သူငယ်တန်း နှစ်ယောက် စုစုပေါင်း ၈၅ ယောက် လာရောက် သင်ကြားလျက်ရှိပါသည်။

စံကျောင်းတော်

ယခုအခါမြို့မယဉ်ငွေသာသနာ့ရိပ်သာ၏ လက်ရှိပဓာန နာယက ဆရာတော်ဘုရားနှင့်တကွ နာယကဘုန်းကြီး များ၏ လမ်းညွှန်မှုဖြင့်လည်းကောင်း, ရိပ်သာ၏ တပည့်ဒကာ, ဒကာမများ၏ ပံ့ပိုးမှုဖြင့်လည်းကောင်း၊ ရိပ်သာကြီးနှင့် မြတ်ဗုဒ္ဓ ၏ သာသနာတော်မြတ်ကြီးတိုးတက်ရာ တိုးတက်ကြောင်း ကြိုးစားအားထုတ်လျက်ရှိကြပါသည်။

မူလယဉ်ငွေဆရာတော်၏ ဩဝါဒ ကောက်နုတ်ချက်များ

နဲ့ + လော့
စည်းကမ်း နှစ် လုံး

၁။ မကောင်းမှုမှန်သမျှကိုမလုပ် (နဲ့)။
(သဗ္ဗပါပဿ အကရဏံ)

၂။ ကောင်းမှုမှန်သမျှ လုပ်(လော့)။
(ကုသလဿ ဥပသမ္ပဒါ)

အစစေပြေလည်လိုလျှင်

၁။ ကိုယ်မှုဘယ်လိုကောင်းကောင်း၊ နှုတ်မှုမကောင်းက မပြေလည်။

၂။ နှုတ်မှုဘယ်လိုကောင်းကောင်း၊ စိတ်မှုမကောင်းက မပြေလည်။

၃။ ကိုယ်, နှုတ်, နှလုံး အကုန်ကောင်းမှ အစစပြေလည်မည်။

လက်ဝှေ့ကြီး နှစ် ချက်

လွန်တယ်လို့မရှိ သတိနှင့်အသိဉာဏ်
လိုတယ်သာရှိ ဘုရား ဟောကြ
လောကမှ နှစ်ဝ အတန်တန်။
အစွဲသုံး အမြဲလက်ရုံးသန်။

၁။ အချိန်တိုင်းမှာ သတိရှိပါ။
၂။ အလုပ်လုပ်တိုင်းမှာ ဉာဏ်ယှဉ်ပါ။

အသက်ရှိုက်မှာ ကြောင့်ကြပါ

၁။ ဆရာမိဘများ၊ ချစ်ခင်ပြား၊ အသက်ရှိုက်မှာ၊ ကြောင့်ကြပါ။
၂။ အထူးချစ်လျှင်၊ သွန်သင်စကား၊ မမေ့ထား၊ အမြဲကျင့်ကာ၊ ပွားကြပါ။
၃။ အသက်မရှိမှ၊ ဆင်မြန်းကြ၊ ငိုသမျှ မျက်ရည်(ရေ)၊ ဟန်ဆောင်တွေ။
၄။
အသက်ရှိမှာလည်း၊ ကြောင့်ကြမြဲ၊ အသက်မဲ့ပြန်လည်း၊ မျက်ရည်ရွဲ၊ တကယ် တပည့်သား တွေ၊ ချီးမွမ်းပလေ၊ ပြုစုမဝလို့လေ။
၅။ မြင်အောင်ကြည့်၊ ကြားအောင်နားထောင်၊ မှန်အောင်သုံးသပ်၊ အမှတ်တမဲ့ မဖြစ်စေနဲ့။
၆။ အားနည်းချက်မှန်သမျှ၌ အသိဉာဏ် အားနည်းချက် ရှိသောသူကို အထူးသတိ ဆောင်ကာ ပေါင်းကြပါ။
၇။ အတတ်ပညာထက် အသိပညာစက်၊ အသိဉာဏ် လူ့တန်ဖိုးသက်သက်။

အရှင်ဓမ္မနန္ဒ
သာသနစက္ကမှာဓရိယနိုင်ငံ
မြို့မယဉ်ငွေသာသနာ့ရိပ်သာ
မြိတ်လမ်း ကျောက်ဆော်ရပ်၊ ထားဝယ်မြို့ ။

ထားဝယ်မြို့မှ ဂုဏ်ယူစရာ
မိုးကုတ်ဝိပဿနာ တရားစခန်း

ဖိုးရွှေသွန်း (ထားဝယ်)



တနင်္သာရီတိုင်းဒေသကြီး၊ထားဝယ်မြို့၊ ဘုမ္မော်ရပ်ကွက်ရှိ မိုးကုတ်ဝိပဿနာ လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ခွဲ အမှတ်(၁၅) သည်ကား ထားဝယ်မြို့၏ ဂုဏ်ကိုဆောင်၊ သာသနာ၏ဂုဏ်ရောင်ကို ဆောင်လျက်ရှိသည်။

ထန်းပင်များညီညာစွာ စီတန်းလျက်ရှိသော ကျွန်းမာရေးလမ်း(ထားဝယ်အခေါ် လမ်းမသစ်)ကို မေးတင်လျက် ခန့်ညား ထည်ဝါသောမိုးကုတ်ဝိပဿနာမွေရိပ်သာ၏ မုခ်ဦးက ဝိပဿနာ တရားရှုမှတ်ပွားများလိုသူများကို ကြိုဆိုလျက်ရှိသည်။ မုခ်ဦးမှဆက်လက်ဝင်သွားပါက ညီညာပြန့်ပြူး၍ ကတ္တရာ လောင်းထားသည့် ကွန်ကရိလမ်းကိုတွေ့မြင်ရမည်။ လမ်းအဆုံးတွင် ဓမ္မဝိဇယဒီပံ ဓမ္မာရုံက ဦးစွာကြိုဆိုမည်ဖြစ်သည်။ ဓမ္မာရုံကြီးကိုနုတ်လမ်းနှင့်ဆက်ထားသည်မှာ စခန်းဝင်ယောဂီ ၅၀၀ ခန့် ဆွမ်းသုံးနိုင်သည့်ဘောဇနဆောင်ဖြစ်သည်။ ဘောဇနဆောင်နှင့်ကပ်လျက်အဆောက်အအုံမှာ အဖွဲ့၏ရုံးခန်းဖြစ်သည်။

ဓမ္မာရုံနှင့်ဘောဇနဆောင်အကြား တောင်ဘက်သို့ဆက်လက်လျှောက်သွားပါက အမျိုးသား၊ အမျိုးသမီးယောဂီ လေးခန်းတွဲ သံကူကွန်ကရစ် ခြောက်ဆောင်နှင့် နှစ်ခန်းတွဲ တစ်ဆောင်တို့ကို အစီအရီတွေ့ရှိရသည်။ အနောက်ဘက်ခြမ်းတွင် အမျိုးသမီး ယောဂီနှစ်ထပ်ဆောင်ကြီးကို ဝင့်ဝင့်ကြွားကြွား ထပ်မံတွေ့မြင်ရပါသည်။ လေးခန်းတွဲအဆောင်နှင့် ဓမ္မာရုံအကြား မြေနီလမ်းအတိုင်း အရှေ့ဘက်သို့ဆက်လက်သွားလျှင် ဆရာတော် စံကျောင်းတော်နှင့် ၎င်း၏တောင်ဘက်သို့တန်းစီလျက် ယောဂီသံဃာဆောင် နှစ်ဆောင်နှင့်ဆောက်လုပ်ဆဲ ယောဂီသံဃာဆောင်နှစ်ထပ် ဆောင်ရှိသည်။ စံကျောင်းတော်နှင့် ကပ်လျက်မြောက်ဘက်တွင် ဦးအစ်စွမ်းခေါ်ကျွင်ရွှမ်း တို့လှူဒါန်းထားသော ဆောက်လုပ်ဆဲ သမုတ်သိမ်တော်ကို ဖူးတွေ့ရပါမည်။ အရှေ့မြောက်ထောင့်တွင် ရေစင်ကြီးနှင့် ပဒုမ္မာကြာကန်ကို လှပတင့်တယ်စွာရှုမြင်ရပါမည်။စခန်းတစ်ခုလုံးတွင် စိမ်းလန်း ဖြိုးသော သစ်ပင်ကြီးငယ်များက သူ့နေရာနှင့်သူရှိနေကြသည်။

အဖွဲ့ခွဲ ၁၅ သည် ရန်ကုန်မြို့ရှိ မိုးကုတ်ဝိပဿနာအဖွဲ့

ချုပ်ထူထောင်ပြီး မရှေးမနှောင်းကာလကပင် စတင်ခဲ့သည်ဟု သိရှိပါသည်။ ထိုစဉ်က ရန်ကုန်မိုးကုတ် ဝိပဿနာအဖွဲ့ချုပ်၊ ရဟန်း ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များကြွရောက်၍ အခါအားလျော်စွာ မိုးကုတ်ဝိပဿနာတရားများကို ဟောပြောပြသပေးသည် ဟုသိရ ပါသည်။ ထို့နောက်တစ်ဆင့် ၁၉၈၁ ခုနှစ်မှစ၍ ဘုမ္မော်ဘုန်းကြီး ကျောင်းတွင် နှစ်စဉ်ပြာသိုလတိုင်း ဇန်းမော်ဆရာတော် ဦးပညာ ဇောတမှ (၇)ရက်တရားစခန်းပွဲများပြုလုပ်ပေးခဲ့ပါ သည်။ ၁၉၈၇ ခုနှစ်သို့ရောက်လာသောအခါ ထားဝယ်မြို့ ဓနုဝင်းဒပ်ရပ်ရှိဘုရား ရှစ်မြှောင့်စေတီသိမ်တော်ကြီးတွင် ဦးပဋ္ဌင်း ဦးပညာဝံသမှ ကိုယ်တိုင် တရားဟောပြောခြင်းဖြင့်လည်းကောင်း၊ မိုးကုတ် ဆရာတော်ဘုရားကြီး၏ တရားတိတ်ခွေများကိုဖွင့်၍လည်း ကောင်း၊ ညစဉ်တရားရှုမှတ်ပွားများခြင်း များဖြင့်ပြုလုပ်ခဲ့ပါ သည်။ ထို့မှတဆင့် ဦးပညာဝံသသည် ဘုမ္မော်ရပ်၊ ဓမ္မကြော ကျောင်းသို့ ပြောင်းရွှေ့၍ ဆက်လက်ဆောင်ရွက်ပြီး ၂၀၀၀ ပြည့်နှစ်တွင် ဆရာတော်ဘဒ္ဒန္တဣန္ဒက၏ သြဝါဒကိုခံယူလျက် မိုးကုတ် ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်အဖွဲ့ခွဲအမှတ် ၁၅ ကို ကျယ်ကျယ်ပြန့်ပြန့် ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခဲ့သည်။

မိုးကုတ်ဝိပဿနာတရားစခန်းများကို ဓမ္မကြောကျောင်း တွင်ဆက်လက်၍ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ နာယက ဆရာတော်ကြီးများကိုပင့်ဖိတ်၍ စခန်းပွဲများကျင်းပသည်။ အဖွဲ့ချုပ်မှ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းကို တစ်သဝေ မတိမ်းလိုက်နာဆောင်ရွက်ကြသည်။ ရန်ကုန်မြို့ မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်ကြီး၏ စည်းမျဉ်းစည်းကမ်းအတိုင်း ရိပ်သာသီးသန့်အဖြစ် ကျယ်ကျယ်ပြန့်ပြန့် စီမံအုပ်ချုပ် လုပ်ကိုင် နိုင်ရန် တရားစခန်းနေရာကို ရွေးချယ်ကြရာ လက်ရှိနေရာ ကိုရရှိသည်။အိုးလုပ်ရပ်ကွက်မှလယ်မြေပိုင်ရှင် ဦးမိုးအောင်၊ ဒေါ်ခင်နုနှင့် ရေစံရပ်မှ ဦးအစ်စွမ်၊ ဒေါ်ကျင်စွမ်း အလှူဒါယကာ၊ ဒါယိကာမများက စတင်တည်၍ ၁၃၆၃ ခုနှစ်၊ တန်ဆောင်မုန်း လဆန်း၁၃ရက် (၂၈–၁၁–၂၀၀၁) ရက်နေ့တွင် ဥဒ္ဒသမင်္ဂလာ မြေကို စာချုပ်စာတမ်းနှင့်တကွ ပေးလှူကြသည်။

၂၀၀၁ ခုနှစ်တွင် ဓမ္မဝိဇယသိပ်ဓမ္မာရုံကြီးကို မိုးကုတ်အဖွဲ့ချုပ် နာယကဆရာတော် ဒွိပိဋကဓရဘဒ္ဒန္တပဏ္ဍိတ က စတင်ပန္နက် ရိုက်တည်ဆောက်လာခဲ့သည်။ ဓမ္မာရုံမှာ ၁၀၀ပေ× ၅၀ပေ ရှိပြီးသံကူကွန်ကရစ်နှစ်ထပ်ဖြစ်သည်။ ယောဂီ ၅၀၀ ခန့်တရားရှု မှတ်ပွားများနိုင်ပြီးအောက်ထပ်တွင် အမျိုးသမီးယောဂီ ၁၅၀ ထားရန် ရည်ရွယ်ခဲ့သည်။

ဓမ္မာရုံအပြီး ၂၀၀၄ခုနှစ်၊ ဧပြီလ ၈ရက်နေ့မှအစ ပြု၍ယခင် ဓမ္မကြောဓမ္မရိပ်သာတွင်ဖွင့်လှစ်ခဲ့သောစခန်း အမှတ်စဉ်ကို ဆက်လက်ယူဆောင်ကာအမှတ်စဉ်၄၃ သင်္ကြန် ၁၀ရက်စခန်းကို ဖွင့်လှစ်နိုင်ခဲ့သည်။ ယောဂီ ၁၀၀ကျော် ဝင်ရောက်အားထုတ်ကြ သည်။ မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်ကြီး၏ နာယကဆရာတော် ဖြစ်တော်မူသော ကမ္မဋ္ဌာနာ စရိယဆရာတော် ဦးသောဘဏ (ဘီအေ) ဟောကြားပြသခဲ့ ပါသည်။ စာရေးသူကိုယ်တိုင်လည်း ထိုတရားစခန်းကို ရုံးမှ ခွင့်ယူ၍ဝင်ရောက်ခဲ့ပါသည်။

ဆက်လက်၍ တရားစခန်းများကို ဆက်တိုက်ဖွင့်လာခဲ့ သည်။ ဝါတွင်းစခန်း သုံးကြိမ်နှင့်ဝါပစခန်း ငါးကြိမ်မှ ခြောက် ကြိမ်အထိ နှစ်စဉ် ရှစ်ကြိမ်မှ ကိုးကြိမ်အထိ ဖွင့်လှစ်နိုင်ခဲ့သည်။ အထူးအစီအစဉ်တစ်ရပ်အနေဖြင့်နွေရာသီကျောင်းပိတ်ရက်တိုင်း အသက် ၁၂နှစ်မှ ၂၅နှစ်အကြား လူငယ်များအတွက် ယဉ်ကျေး လိမ္မာအခြေခံဝိပဿနာအခြေခံလူငယ်တရားစခန်းကို ဖွင့်လှစ် ထားပါသည်။ တရားတော်ကို ပါဠိ၊ မြန်မာ၊ အင်္ဂလိပ် သုံး ဘာသာဖြင့် သင်ကြားပြသပေးသည်။ ယနေ့အထိတရား စခန်း ၈၂ကြိမ်မြောက်ပြီး ဖြစ်ပါသည်။

၂၀၀၅ ခုနှစ်မှစတင်၍ ဦးဓမ္မသီရိ (တပ်ဦးကျောင်း) ဆရာ တော်မှစတင်၍ ဝါတွင်း သုံးလတရားစခန်း သုံးကြိမ်ဖွင့်လှစ်ခဲ့ သည်။ ဝါတွင်းကာလညစဉ်ညတိုင်း တရားဟောသည်။ ဝါတွင်း ပထမတရားစခန်း၏ စခန်းသိမ်းနေ့တွင် စုပေါင်းဝါဆို သင်္ကန်း ဆက်ကပ်ပြီးဝါတွင်းတတိယစခန်း၏ စခန်းသိမ်းနေ့တွင်စုပေါင်း ဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းလာသည်မှာယနေ့တိုင်ဖြစ် သည်။

စခန်းတွင်အာသိဏ္ဍကတရားထိုင်လိုသူများအတွက် နေ့စဉ် နံနက် ၆နာရီမှစ၍ မိုးကုတ်ဆရာတော်ကြီး၏ အသံတော်ဖြင့်ည (၁၀)နာရီအထိ ရှစ်ကြိမ်တရားရှုမှတ်ပွားများနိုင်ရန် စီစဉ်ဆောင် ရွက်ပေးသည်။ ထို့အပြင်သေး ဝါတွင်းကာလတွင်ဥပုသ်နေ့တိုင်း၊ ဝါပကာလတွင် တနင်္ဂနွေ နေ့တိုင်း နံနက် ၆နာရီ အာသိဏ္ဍက တရားထိုင်ပြီးသည်နှင့် နံနက် ၈နာရီမှအစပြု၍ တစ်နေ့တာ တရားစခန်းကို ကမ္မဋ္ဌာနာစရိယဆရာတော်တစ်ပါးကို ပင့်ဖိတ်၍ ည ၈း၃၀နာရီအထိ ဖွင့်လှစ်ပေးပါသည်။ တရားစခန်းတွင် နေ့ဆွမ်းအလှူရှင်များ မပြတ်ရှိနေ၍ တစ်နေ့တာ တရားစခန်းဝင် ယောဂီများအဆင်ပြေစွာတရားအားထုတ်နိုင်ကြသည်။

ဓမ္မရိပ်သာ၏ ပတ်ဝန်းကျင်ကို လေ့လာကြည့်မည်ဆိုပါ က အရှေ့ဘက်တွင် ၁၃၆၆ ခုနှစ်၊တပေါင်း လဆုတ် ၁၁ ရက် (၄–၄–၂၀၀၅)ရက်နေ့တွင် ဒေါ်ဥမ္မာ စာချုပ်ချုပ်ဆို လှူဒါန်းထား သော ၄ဒသမ၀၇ဧကရှိလယ်မြေကွက်။ ထိုမြေကွက်တွင် သီတဂူ ဆရာတော်ဒေါက်တာအရှင်ဉာဏိဿရမှ အခွင့်အခါသာသည့် အချိန်တွင် တရားဟောပွဲ ပြုလုပ်ပေးပါသည်။ အခါအားလျော်စွာ အခြား ဆရာတော်များကို ပင့်ဖိတ်၍လည်း တရားအလှူပွဲများ



ပြုလုပ်ပေးလျက်ရှိသည်။ သီတဂူဆရာတော်ခေါက်တာ အရှင်ဉာဏိဿရ၏ စေတနာဖြင့် စနန်းအနောက်တောင်ဘက်တွင် သီတဂူစကျူခါနဆေးရုံတော်ကြီး တည်ရှိပါသည်။

အနောက်ဘက်တွင် အခြေခံပညာအလယ်တန်းကျောင်း တည်ရှိသည်။ တောင်ဘက်တွင် လှန့်စွာကျယ်ပြောသော လယ်ကွင်းပြင်နှင့်ဓောမိညီဘုန်းတော်ကြီးကျောင်းက တောအုပ်ငယ် သဏ္ဌာန်တည်ရှိသည်။ ထားဝယ်ဆိပ်ကမ်းဘုတာနှင့် စလွှန်းဘူတာဆက်သွယ်လျက်ရှိသော မီးရထားလမ်းက မိုးကုတ်ဓမ္မရိပ်သာကို ကျော့ဝိုက် ဦးညွှတ်ပူဇော်သကဲ့သို့ တည်ရှိသည်။ မြောက်ဘက်တွင်ကား ထန်းပင်တန်းကအရှေ့ဘက်သို့ နှမ်းမိုင်စန့် စီတန်းလမ်းပြသကဲ့သို့ ကျွန်းမာရေးလမ်းကိုဖြောင့်ဖြူးသာယာ စွာ တွေ့မြင်ရသည်။ လမ်းတစ်ဖက်တွင် ဘုရွှော်ရပ်ကွက်ရှိပြီး ရပ်သူရွာသားများအနေဖြင့် နေအိမ်မှပင် မိုးကုတ်ဆရာတော်ကြီး၏ တရားအသံတော်ကိုနေ့စဉ်မပြတ် နာယူခွင့်ရှိကြလေရာ ကံထူးသူများဟုဆိုရပေမည်။ ဆရာတော်ကြီး၏ တရားသံတော်သည် ကား လေးမျက်နှာပတ်ဝန်းကျင်ကို လွှမ်းခြုံလျက်ရှိသည်မှာ ပီတိဖြစ်စရာ ကောင်းလှပေသည်။

မိုးကုတ်ဝိပဿနာတရားစဉ်နှင့်လုပ်ငန်းစဉ် ပြန့်ပွားရေး အဖွဲ့ခွဲအမှတ်၁၅တွင် ရှေ့ဆက်ဆောင်ရွက်စရာ အများအပြားရှိနေပါသေးသည်။ အကျိုးတော်ဆောင်အဖွဲ့ကလည်း ဉာဏ်စွမ်းရှိသရွေ့ တတ်အားသမျှတိုးတက်အောင် ဆောင်ရွက်နေပါသည်။ ဒါနကုသိုလ်တရား ပွားများလိုသော သူတော်စင်များအနေဖြင့် ပါဝင်ကုသိုလ်ပြု လှူဒါန်းလိုပါက အဖွဲ့ခွဲ အမှတ် ၁၅၊ ကျွန်းမာရေးလမ်း၊ ဘုရွှော်ရပ်သို့ လိပ်မူ၍လည်းကောင်း၊ တယ်လီဖုန်း အမှတ် ၀၅၉–၂၂၂၇၆ သို့ တိုက်ရိုက်ဆက်သွယ်၍လည်းကောင်း သဒ္ဓါတတ်အားသမျှ ပါဝင်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဖိုးရွှေသွန်း (ထားဝယ်)

ရွှေဝယ်မြေ၏ အလင်းတံခါး

မောင်သက်နောင် (ဂီတမာလာ)

သီတဂူစက္ခုဒါန ဆေးရုံတော် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့

ထိုနေ့သည်လပြည့်နေ့ဖြစ်သည်။ လပြည့်နေ့သူကောင်းကင်ယံတွင် ဘော်ငွေရောင်စန္ဒာလမင်းကြီးသည် ရွှန်းရွှန်းမြမြ ဝင်းဝင်းပပသာနေသည်။ လရောင်သည် လူ့လောကမြေကမ္ဘာကို အေးချမ်းစေသည်၊ သာယာစေသည်၊ ကြည်နူး စေသည်။ ထိုစဉ်အခိုက်အတန့်တွေထဲတွင် စာတန်း လေးတစ်ခုပေါ်လာ၏။ "သီတဂူစန်းလပမာ ချမ်းမြသာယာရှိကြပါစေ" ဟူ၍ဖြစ်သည်။ ထိုဆောင်ပုဒ်စာတန်းလေးသည်ကျေးဇူးတော်ရှင်သီတဂူဆရာတော်ဘုရားကြီး၏ လက်ကိုင်ဆောင်ပုဒ်ပင်ဖြစ်သည်။

သီတဂူဆရာတော်ဘုရားကြီး၏ မေတ္တာ၊ စေတနာ၊ ကရုဏာတို့သည် ကြီးမားလှပေသည်။ အေးမြလှပေသည်။ သတ္တဝါအပေါင်းတို့အပေါ် ဆရာတော်ဘုရားကြီးထားရှိတော်မူသောကရုဏာသည် ဖြူစင်မွန်မြတ်လှချေ၏။ ဆရာတော်ဘုရားကြီးသည် ပြည်တွင်းပြည်ပ သာသနာပြုလုပ်ငန်းများနှင့် မြန်မာပြည်တစ်ဝန်း တိုင်းကျိုး ပြည်ပြု လုပ်ငန်းများကို ဆောင်ရွက်ပေးတော်မူခဲ့သည်။ ယင်းတို့အထဲတွင် စက္ခုဒါနဆေးရုံများသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။

သာသနာသမိုင်းဝင် တန်ခိုးကြီးဘုရားများ ပေါများရာ၊ ပင်လယ်ပြာပြာ အဏ္ဏဝါနှင့်ငွေရောင်ဖြူလွ သဲသောင်ကမ်းတို့ရှိရာ၊ သာသနာ့အာဇာနည် အရှင်သူမြတ်တို့ပေါ် ထွန်းရာ မြန်မာ့သမိုင်းသူရဲကောင်းတို့ထွက်ပေါ်ရာဒေသဖြစ်သောတနင်္သာရီတိုင်းဒေသကြီး ရွှေဝယ်မြေတွင်လည်း သီတဂူစက္ခုဒါနဆေးရုံတော်ကြီး ***(Sitagu Cakkhudana Hospital)*** ခန့်ညားထည်ဝါစွာ ပေါ်ထွက်လာပြီ ဖြစ်သည်။ အားရကြည်နူးဖွယ် ကောင်းပေစွ။ ဂုဏ်ယူဝမ်းမြောက် ဖွယ်ကောင်းပေစွ။

အဆိုပါ သီတဂူစက္ခုဒါနဆေးရုံတော်ကြီး ပေါ်ပေါက်လာပုံဖြစ်စဉ်ကိုဖော်ပြရလျှင် သီတဂူဆရာတော်ဘုရားကြီး ဒေါက်တာအရှင်ဉာဏိဿရ သည် ၁၂-၂-၂၀၀၇ နှင့် ၁၃-၂-၂၀၀၇နေ့တို့တွင် မိုးကုတ်ဝိပဿနာအဖွဲ့ခွဲအမှတ် ၁၅၊ ထားဝယ်မြို့၌ အထူးတရားတော်များကို ကြွရောက် ဟောကြားချီးမြှင့်ပေးခဲ့ပါသည်။ အထူးတရားပွဲအပြီးတွင် ဆရာတော်ဘုရားကြီးက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ သီတဂူစက္ခုဒါန ဆေးရုံတော် တည်ဆောက်ရန် ဆန္ဒရှိကြောင်း မိန့်ကြားတော်မူခဲ့ပါသည်။ သို့သော် အကြောင်းအမျိုးမျိုးကြောင့် အကောင်အထည်မဖော်နိုင်ခဲ့ပါ။ မည်သို့ဆိုစေ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့၏ စိတ်ထဲတွင်ကား ဆရာတော်ဘုရားကြီး အစမျိုးပေးခဲ့သည့် သီတဂူစက္ခုဒါနဆေးရုံတော် တည်ဆောက် ရေးကိစ္စသည် နိုင်မာစွာ သန္ဓေတည်လာခဲ့ပါသည်။

၁၃၇၀ပြည့်နှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်(၅-၁၁-၂၀၀၈)ဗုဒ္ဓဟူးနေ့တွင် ဆရာတော်ဘုရားကြီးသည် ထားဝယ်မြို့သို့ ထပ်မံကြွရောက်တော်မူကာ ထားဝယ်မြို့၊ လောကမာန်ရှိန်

ဘုရားကြီးဝင်း အတွင်း၌ ၁၃၇၀ပြည့်တန်ဆောင်မုန်းလဆန်း (၈)ရက်(၅-၁၁-၂၀၀၈) ဗုဒ္ဓဟူးနေ့နှင့် တန်ဆောင်မုန်းလဆန်း (၉) ရက် (၆-၁၁-၂၀၀၈) ကြာသပတေးနေ့တို့တွင် နှစ်ရက်တိုင်တိုင် တရားရေအေး အမြိုက် ဆေးကို ဟောကြားတိုက်ကျွေးတော်မူခဲ့ပါသည်။ ထို တရားပွဲအပြီး၌ ဆရာတော်ဘုရားကြီးက ထားဝယ်မြို့တွင် သီတဂူစက္ခုဒါန ဆေးရုံတော်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်တော်မူခဲ့ရာ ၁၃၇၀ ပြည့်နှစ်၊ ပြာသိုလဆန်း ၃ရက် (၂၉-၁၂-၂၀၀၈) တနင်္လာနေ့ မွန်းလွဲ ၂နာရီတွင်ထားဝယ်မြို့၊ ကျွန်းမာရေးလမ်း၊ ဘုမ္မာ်ရပ်၊ မိုးကုတ်ဝိပဿနာမွေးရိပ်သာအဖွဲ့ခွဲအမှတ်၁၅ရှိ ဝိဇယဒီပံဓမ္မာရုံ တော်ကြီးတွင်ထားဝယ်ခရိုင်မှဆရာတော်သံဃာတော်များဆရာဝန် ကြီးများနှင့် သဒ္ဓါရှင်များစုပေါင်းကာ ထားဝယ်ခရိုင်ဆရာတော် သံဃာတော်များထံမှ ပြုဝါဒခံယူ၍ သီတဂူစက္ခုဒါနဆေးရုံတော် တည်ဆောက်နိုင်ရန် အကြံညှိနှိုင်းအစည်းအဝေးကိုကျင်းပပြီး သီတဂူစက္ခုဒါနဆေးရုံတော် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ***(Sitagu Cakkhudana Hospital, Dawei, Taninthary Division)*** တည်ဆောက်ရေးအကျိုးတော် ဆောင်အဖွဲ့ကို ဖွဲ့စည်းလိုက်ပါသည်။

အကျိုးတော်ဆောင်အဖွဲ့ကို ဖွဲ့စည်းပြီးသည်နှင့်တစ်ပြိုင်နက် ၁၃၇၀ပြည့်နှစ်၊ ပြာသိုလဆန်း ၁၁ရက်၊ (၆-၁-၂၀၀၉)အင်္ဂါနေ့ တွင် မိုးကုတ်ဝိပဿနာမွေးရိပ်သာအဖွဲ့ခွဲ (၁၅) သာသနာ့မြေ ပေါ်၌ နေရာသတ်မှတ်ကာ ထားဝယ်ရေနက် ဆိပ်ကမ်းစီမံကိန်းမှ အင်ဂျင်နီယာများက မြေတိုင်းတာရေး လုပ်ငန်းများကို တစ်တပ်တစ်အားကူညီဆောင်ရွက်ကူသိုလ်ပြုခဲ့ ကြသည်။ ထို့နောက် ၁၃၇၀ ခု ပြာသိုလပြည့်ကျော်(၈)ရက်၊ (၁၈-၁-၂၀၀၉) တနင်္ဂနွေနေ့ နံနက်(၆)နာရီတိတိ မင်္ဂလာအချိန်တွင် သီတဂူစက္ခုဒါနဆေးရုံတော် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ကျင်းပပြုလုပ်ခဲ့ပါသည်။

၁၃၇၀ပြည့်နှစ်၊တပို့တွဲလဆန်း(၄)ရက်(၂၉-၁-၂၀၀၉) ကြာသပတေးနေ့တွင် သီတဂူဆရာတော်ဘုရားဒေါက်တာ အရှင်ဉာဏိဿရ ***(D. Litt, Ph.D)*** သည် ထားဝယ်မြို့သို့ ကြွရောက်တော်မူလာပြီး ဩဝါဒစရိယဆရာတော်ကြီးများဖြစ်ကြ သည့် ယောသိတာရာမပဋိပတ္တိသိုလ်ကျောင်းတိုက် ပဓာနနာ ယက ဆရာတော် ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ နိုင်ငံတော်ဩဝါဒ စရိယ အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု၊ ဇေယျဝတီ စာသင်တိုက် ပဓာန နာယကဆရာတော်ဘဒ္ဒန္တအရိယ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ၊ အောင်ချမ်းသာကျောင်းဆရာတော် ဘဒ္ဒန္တကုသလိယ မဟာသဒ္ဓမ္မ ဇောတိကဓဇ၊ နာယကဆရာ တော်ကြီးများ၊ သံဃာကြီးကြပ်အမှုဆောင်အဖွဲ့ ဆရာတော် အပေါင်းတို့နှင့် ဝိဇ္ဇာဒါန အလှူရှင်များ ပေါင်းစုံ၍

သီတဂူဆရာတော်ထားဝယ်မြို့သို့ ကြွတော်မူစဉ်

အုတ်မြစ်ချမင်္ဂလာ ဆင်ယင်ကျင်းပကာ စတင်တည် ဆောက်ခဲ့ပါသည်။ဤသည်မှစ၍ သီတဂူဆရာတော် ဘုရားကြီး ၏ သဒ္ဓါ၊ မေတ္တာ၊ ကရုဏာ၊ ပညာပြဋ္ဌာန်းကာ စီစဉ်ဆောင်ရွက် ခဲ့သော သီတဂူအာရောဂျဒါနဆေးရုံတော်ကြီးသည် ဒါယကာ၊ ဒါယိကာမအပေါင်း၏ စစ်မှန်သော စေတနာ၊ ထက်သန်သော သဒ္ဓါတရား၊ ခိုင်မာသောစိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက် လာခဲ့ရာ ယခုအခါ ၉၀ ရာခိုင်နှုန်း အကောင်အထည်ပေါ်ပြီးစီး နေပြီဖြစ်သည်။ ၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မျက်စိခွဲစိတ် ကုသမှုကို စတင်မည်ဖြစ်ပါသည်။ သီတဂူဆရာတော်ဘုရားကြီး ၏ ကရုဏာတရားဖြင့် ရွှေယံမြေ ၏အလင်းတံခါး မကြာမီ ပွင့်တော့မည်။ အမြင်အာရုံချို့တဲ့နေ သော မျက်စိဝေဒနာရှင်များ အတွက် ဝမ်းသာစရာပင်ဖြစ်သည်။

ထို့ပြင်မကသေး ဆရာတော်ဘုရားကြီး၏ကြီးမားသော မေတ္တာ၊ စေတနာ၊ ကရုဏာတော်ဖြင့် အထွေထွေရောဂါခွဲစိတ် ကုသဆောင်များကိုလည်း တည်ဆောက်လျက်ရှိရာ ဆေးရုံကြီး တစ်ခုလုံးအနေဖြင့် ၇၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ များ မကြာမီကာလတွင် ရေဟန်၊ သာမဏေ၊ သီလရှင်၊ ယောဂီ ပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်၊ လူမျိုးဘာသာမရွေး ဆင်းရဲချမ်းသာ အယုတ်အလတ် အမြတ်မရွေးတို့၏ အသက်ပေါင်းများစွာကို ပြုစုကုသ ကယ်တင် နိုင်ရန်ကြိုးစားစီစဉ် ဆောင်ရွက်လျက်ရှိပါသည်။ ဇီဝိတဒါန ဟုသည် အလွန်မှန်မြတ်လှပါပေသည်။ ထို့ကြောင့် ဆေးရုံတော်

ပန္နက်တင် မင်္ဂလာအခမ်းအနားကျင်းပစဉ်

ကြီး ရာနှုန်းပြည့် ပြီးစီးနိုင်ရေးအတွက် သီလရှင်လူနာဆောင်၊ အမျိုးသမီးလူနာဆောင်၊ ဆရာဝန်ကြီးများနားနေဆောင်၊ ဆေးရုံကြီးအတွင်း အမျိုးသမီးသန့်စင်ခန်း ရေချိုးခန်း စသည်ဖြင့် ဆက်လက်တည်ဆောက်ရန် ကျန်ရှိနေကြောင်း သိရှိရပြီး ကျန်ရှိနေသေးသော အစိတ်အပိုင်းများကိုလည်း တစ်ထောင့်တစ်နေရာ မှ ဝိုင်းဝန်းပါဝင်ကာ သီတဂူစကျွဲဒါနဆေးရုံတော် (ရုံးခန်း)ဖုန်း- ၀၅၉-၂၃၄၅၅၊ ၀၉-၈၇၅၀၁၇၉၊ မိုးကုတ်ဝိပဿနာဓမ္မ ရိပ်သာ အခွဲ ၂ ခွဲအမှတ် ၁၅ (ရုံးခန်း) ဖုန်း ၀၅၉-၂၂၂၇၆သို့ဆက်သွယ်လှူဒါန်းပံ့ပိုးကူညီနိုင်ကြောင်း သိရှိရပါသည်။ ဆရာတော် ဘုရားကြီး၏ "ငါတို့ဖြစ်ရ ဤလောကဝယ်ဘဝသမိုင်း မရှိုင်းစေရန် စိတ်မာန်မချ မာနမပါ တို့စွမ်းရာဖြင့် တို့သာသနာ တို့ပြည်ရွာကို သာယာစေမှုလုံ့လပြုအံ့" ဟူသော သီတဂူအမိန့်ဩဝါဒ်တော်အတိုင်း လိုက်နာကျင့်ကြံအားထုတ် ဆောင်ရွက်ကြပါမှ လူတိုင်း လူတိုင်း သီတဂူစန်းလပမာ ချမ်းမြေ့သာယာနိုင်ကြမည်မှာ မလွဲဧကန် စင်စစ်ဖြစ်မည်တည်း။

မောင်သက်နောင် (ဂီတမာလာ)

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)

— မော်ကွန်းတိုင်နှစ်တိုင် —

● မောင်ဝေးတင့်

ဂျပန်လေတပ်လေယာဉ်များသည် ၁၉၄၁ ခု ဒီဇင်ဘာလ ၇ ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ခဲ့ပြီးနောက် ဒီဇင်ဘာလ ၈ ရက်နေ့တွင် ဂျပန်နိုင်ငံက အမေရိကန်နှင့် ဗြိတိန်နိုင်ငံတို့အား စစ်ကြေညာခဲ့သည်။ ပုလဲဆိပ်ကမ်း ဗုံးကြဲတိုက်ခိုက်ခြင်း မခံရမီအချိန်ကပင် ဗြိတိသျှတို့သည် ဗြိတိသျှပိုင် အင်ဒိုချိုင်းနား (ယခု လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်)ကို ထိန်းချုပ်ထားနိုင်သော အခြေအနေတွင်မရှိတော့ချေ။ ဂျပန်တပ်များသည် ယိုးဒယားမှ အစေးပါသော ဒေသအချို့ကို လျှပ်တစ်ပြက်ဝင်ရောက်သိမ်းပိုက်ခြင်းဖြင့် စတင်ခဲ့သည်။ ဂျပန်တပ်များသည် ပုလဲဆိပ်ကမ်းကို ဗုံးကြဲတိုက်ခိုက်ပြီးနောက် ၂၄နာရီအတွင်းတွင် ကရာကျွန်းဆက် ***(Kara Isthumus)*** ယိုးဒယားဘက်ခြမ်း၌ ခြေချနိုင်ခဲ့သည်။ ထို့နောက် ၁၉၄၁ ခု၊ ဒီဇင်ဘာလ ၁၁ ရက်နေ့ မွန်းလွဲ ၃ နာရီခန့်တွင် ဂျပန်လေယာဉ်ကိုးစီးသည် ထားဝယ်လေယာဉ်ကွင်းကို ဗုံးကြဲတိုက်ခိုက်ခြင်းဖြင့် မြန်မာပြည်စစ်ပွဲကို ဂျပန်တို့စတင်ခဲ့သည်။[1]

တို့ဗမာအစည်းအရုံးသည် ဂျပန်နှင့်ဆက်သွယ်နေပြီဆိုသည်ကို သိရှိထားသော အင်္ဂလိပ်အစိုးရသည် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် တို့ဗမာအစည်းအရုံးအား မတရားအသင်းကြေညာပြီး တစ်ပြည်လုံးရှိ သခင်ခေါင်းဆောင်များအား လိုက်လံဖမ်းဆီးခဲ့ရာ ထားဝယ်တွင်လည်း ရှပ်ဖျက်၍ လျှို့ဝှက်တာဝန်ယူနေသူများမှအပ ကျန်ခေါင်းဆောင်များမှာ ဖမ်းဆီးခံခဲ့ရသည်။

ပြည်တွင်းမှ သခင်ခေါင်းဆောင်များသည် နယ်ချဲ့ဆန့်ကျင်ရေး လက်နက်ကိုင်တော်လှန်ရေးကြီး တစ်ရပ်ဆင်နွှဲရန် အတွက် ပြည်သူလူထုအား အဖက်ဖက်မှ ပြင်ဆင်စည်းရုံးခဲ့ပါသည်။

ပြည်ပရောက် ရဲဘော်သုံးကျိပ်တို့ကလည်း ဂျပန်စစ်အာဏာပိုင်များနှင့် အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်းပြီး သဘောတူညီချက် ၆ ချက်ကို ချမှတ်ရယူခဲ့ပြီးဖြစ်ရာ -

(၁) ပြည်တွင်းရှိ အင်္ဂလိပ်တပ်များအား စစ်ကြောင်း ငါးကြောင်းခွဲ၍တိုက်ခိုက်ရန်

(၂) ဂျပန်စစ်တပ်များက တနင်္သာရီတိုင်းကို သိမ်းပိုက်ပြီးသည် အထိသာ ကူညီတိုက်ခိုက်ပေးရန်

(၃) တနင်္သာရီတိုင်းကို တိုက်ခိုက်သိမ်းပိုက်ပြီးသည့်အခါ တိုယ့်မင်းကိုယ့်ချင်း လွတ်လပ်သည့်နိုင်ငံအဖြစ် ကြေညာရန်

(၄) တနင်္သာရီလွန်သော် အင်္ဂလိပ်တပ်များအား ဗမာ့တပ်မတော် က ဆက်လက်တိုက်ခိုက်ရန်

(၅) ပြည်တွင်း၌ဖွဲ့စည်းထားသော တော်လှန်ရေးအဖွဲ့များက နယ်ချဲ့ အင်္ဂလိပ်အား လက်နက်ဖြင့် တိုက်ထုတ်ရန်

(၆) ယင်းသို့တိုက်ထုတ်နိုင်ရန်အတွက် ဂျပန်က လေထီးဖြင့် လက်နက်ချပေးရန်

စသည်တို့ပါဝင်ပါသည်။ ထို့အပြင် တနင်္သာရီတိုင်းကို သိမ်းပိုက်ပြီးသည့်အချိန်တွင်လွတ်လပ်ရေးကြေညာနိုင်ရန် ဆရာကြီးသခင်ကိုယ်တော်မှိုင်းအား မော်လမြိုင်သို့လည်းကောင်း၊ ဥက္ကဋ္ဌကြီး သခင်မြ(အာဇာနည်ခေါင်းဆောင်ကျဆုံး) အား ထားဝယ်မှတစ်ဆင့် ယိုးဒယားသို့ ပို့ထားရန် စသည်တို့လည်း ပါဝင်ပါသည်။[2]

အထက်ပါသဘောတူညီချက်များကိုအကောင်အထည်ဖော်ရာတွင် ဝထမဆုံးတာဝန်ယူခဲ့သော ထားဝယ်စီရင်စု တို့ဗမာ အစည်းအရုံးသည် ကြိုတင်စည်းရုံးဖွဲ့စည်းထားပြီးဖြစ်သော ဗမာ့လက်ရုံးတပ် (ရှပ်ညိုတပ်) ဗြို့မအရေးတပ်မင်းတပ် (ရှပ်နက်တပ်)နှင့် ထားဝယ်ခရိုင်ကျောင်းသားသမဂ္ဂမှ ကျောင်းသားသမဂ္ဂတပ်တို့မှ ယုံကြည်စိတ်ချရသော လက်ရွေးစင်တပ်သားများအား အခြေခံစစ်ပညာနှင့် လက်နက်ငယ်များကိုင်တွယ် အသုံးပြုနည်း လျှို့ဝှက်သင်တန်းများပို့ချပေးခဲ့ရာ သင်တန်းသားအများစုမှာ နောင်တွင်ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ- ***Burma Independence Army***) ၏ ပင်မအမြုတေတပ်မှူးများ ဖြစ်လာသည်ကိုတွေ့ရပါသည်။

နယ်ချဲ့အင်္ဂလိပ်တို့အား ပြည်တွင်းမှအတွင်းမီးထတိုက်ခိုက်ရန် ဂျပန်က လေထီးဖြင့်ချပေးမည့်လက်နက်ကို ရက်ပေါင်းများစွာ အချိန်အချက်ပြ ခုတ္တခံ၍ စောင့်သော်လည်း လုံးဝချမပေးခဲ့၊ ထားဝယ်သတ္တုတွင်းသုံး ယမ်းဘီးလူးများကိုမူ ဖယ်တို့ပို့ပေးနိုင်ခဲ့ပါသည်။[၄]

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ၂၈-၁၂-၁၉၄၂ ဘန်ကောက်မြို့၌ စတင်ဖွဲ့စည်းစဉ်က ဘီအိုင်အေ ဖွဲ့စည်းပုံတွင် (၁)ဌာနချုပ် (၂) ဘီအိုင်အေတပ်မတော် (၃) ထားဝယ်အဖွဲ့ ***(Tavoy Group)*** (၄) ကမ်းတက်တပ်ဆွယ် (၅) မြိတ်တပ်ဆွယ် (၆)တနင်္သာရီအထူးစစ်ဆင်ရေးအဖွဲ့ (၇) မြန်မာပြည်တွင်းမှဝင်၍ အနောင့်အယှက်ပေးရေးတပ်ဖွဲ့ဟူ၍ အဖွဲ့ခွဲ ၇ ဖွဲ့ပါဝင်ပါသည်။ ထားဝယ်အဖွဲ့ကို ၃-ဗိုလ်ချုပ်ကြီး ကာဝါရှီမားနှင့် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးလကျာ် တို့က ခေါင်းဆောင်၍ အခြားသော ဂျပန်ဗိုလ်မှူးနှစ်ဦးနှင့်အတူ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးကြီးလရောင်တို့ ပါဝင်သည်ကို တွေ့ရပါသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်သည် စစ်ကြောင်းကြီး ငါးကြောင်းခွဲ၍ မြန်မာပြည်တွင်းသို့ ဝင်ရောက်ကြရာ ကန့်ချနာဘူရီ ထားဝယ်စစ်ကြောင်းကို ဦးစီးသည့် ရဲဘော်သုံးကျိပ်ဝင်တပ်မှူးမှာ ဗိုလ်လကျာ် (သခင်လှဖေ) ဖြစ်ပါသည်။ ဗိုလ်လကျာ်နှင့် ဗိုလ်လရောင်တို့အဖွဲ့သည် ထားဝယ်နယ်အတွင်းသို့ လျှို့ဝှက်ဝင်ရောက်ရန် ကြိုးစားစဉ် ယိုးဒယားပုလိပ်များ၏ ဖမ်းဆီးခြင်းကိုခံရသဖြင့် အစီအစဉ်ပျက်ပြီး ၃-ဗိုလ်ချုပ်ကြီးကာဝါရှီမားနှင့် ဂျပန်တပ်မှူးများ၊ ရဲဘော်သုံးကျိပ်ဝင်များဖြစ်သော ဗိုလ်ဗလ၊ ဗိုလ်ဉာဏ၊ ဗိုလ်မင်းရောင်၊ ဗိုလ်မြင့်အောင်တို့နှင့်အတူ ထားဝယ်နယ်အတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ချီတက်ဝင်ရောက်လာသော ဘီအိုင်အေနှင့် ဂျပန်တပ် (၃-ဗိုလ်မှူးကြီး တိုမိုကို ဗိုလ်ဉာဏ၊ ဗိုလ်မင်းရောင်) များသည် ထားဝယ်မြို့ အရှေ့ဘက် ၃၄ မိုင်အကွာ မြေတ္တာရွာရှိ ဗြိတိသျှဘားမားရိုင်ဖယ်တပ်ရင်း၆မှ ရှေ့ပြေးကင်းတပ်နှင့် ဘန်းချောင်းအနီးတွင် တွေ့ဆုံတိုက်ပွဲဖြစ်ပွားပြီး အင်္ဂလိပ်တပ် စခန်းကို ၁၇-၁-၁၉၄၂ နေ့တွင်သိမ်းပိုက်ရမိသည်။ ဆက် လက်၍ မြေတ္တာရွာနှင့်တောင်သုံးလုံး ကျေးရွာကြားရှိ ဗြိတိသျှ တို့၏ အခိုင်အမာ ခံစစ်စခန်းကို ဗိုလ်ဉာဏတို့ အဖွဲ့နှင့် ဂျပန်တပ်မှူးအိုကီးတပ်ဖွဲ့တို့က ဝိုင်း ဝန်းတိုက်ခိုက်ရာ ဗြိတိသျှတပ်များ ထားဝယ်မြို့ မြောက်ဘက်သို့ဆုတ်ခွာထွက်ပြေးသွားသဖြင့် ဗမာ့လွတ်လပ်ရေး တပ်မတော်က ထားဝယ်မြို့ အရှေ့ဘက်ရှိ သတ္တုတွင်းနယ်မြေ အားလုံးကို သိမ်းပိုက်မိကြသည်။

ထို့နောက် ၁၉၄၂ ခု ဇန်နဝါရီ လ ၁၉ ရက်နေ့တွင် ထားဝယ်မြို့ကို သိမ်းပိုက်မိခဲ့သည်။[၅]

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဉာဏသည် တောင်သုံးလုံးကျေးရွာတွင် စခန်းချကာ ထားဝယ်တို့ဗမာအစည်းအရုံးမှ ရွှေ့ပြောင်းလာရောက်ကြိုဆိုနေသောဗိုလ်ဘတင် (ကိုတင်သာ၊ ကညွှဲရပ်၊ ကွယ်လွန်)နှင့် ဗိုလ်စိန်ဝင်း (ဇရစ်ရပ်၊ ကွယ်လွန်) တို့နှင့်ဆွေးနွေးညှိနှိုင်းပြီး ဘီအိုင်အေ တပ်သားသစ်စုဆောင်းရေး စစ်သင်တန်းပေးရေး၊ ဘီအိုင်အေအားတပ်ဆင်ပေးမည့် လက်နက်များကို ယိုးဒယား၊ ထားဝယ်နယ်စပ်တွင်သွားရောက်သယ်ယူရေးတို့ကို ဦးစားပေးစီစဉ်သည်။ တောင်သုံးလုံးစခန်း ပတ်ဝန်းကျင်ရှိ သတ္တုတွင်းအလုပ်သမားများ၊ ရာဘာခြံအလုပ်သမားများသည် ဘီအိုင်အေသို့ တဖွဲဖွဲဝင်ရောက်လာကြသည်။ တောင်သုံးလုံးစခန်းတွင် ဘီအိုင်အေသို့ဝင်ရောက်လာကြသော တပ်သားသစ်များအား ထုတ်ပေးသည့် အသိအမှတ်ပြုခန့်အပ်လွှာများတွင် ဗိုလ်မှူးကြီးဉာဏ (ရဲဘော်သုံးကျိပ်)နှင့် ဗိုလ်မှူးကလေးဘတင်ဟု လက်မှတ်ရေးထိုးထားသည်ကို တွေ့ရပါသည်။[၆]

ဘီအိုင်အေ ထားဝယ်မြို့သိမ်းမှတ်တိုင်

ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးဉာဏက ခေါင်းဆောင်၍ ထားဝယ်ဘီအိုင်အေတပ်မှူး တပ်သားများနှင့် ပတ်ဝန်းကျင် ကျေးရွာလူထုသည် အနီးအနားမှရသမျှပစ္စည်းများဖြင့် ဘီအိုင်အေ ထားဝယ်မြို့သိမ်းမှတ်တိုင်ကို တောင်သုံးလုံး ကျေးရွာထိပ် ကားလမ်းကြေးဘေးတွင် စိုက်ထူထားခဲ့ရာ ယနေ့ထက်တိုင် အထင်အရှား တွေ့မြင်နိုင်ပါသည်။

ဘီအိုင်အေ ထားဝယ်မြို့သိမ်းမှတ်တိုင်မှာ ကြီးစဉ်ငယ်လိုက်အဆင့်ကိုးဆင့်ရှိသော အင်္ဂတေခုံပေါ်တွင် ၁၀ပေမြင့်သော သံပိုက်လုံးတိုင်ကို လေးဖက်လေးတန်မှ သံမဏိကြိုးများဖြင့် ဆိုင်း၍စိုက်ထူထားပါသည်။ အင်္ဂတေခုံ ရှေ့မျက်နှာစာတွင် "၁၃၀၃ ခု တပို့တွဲလဆန်း ၄ ရက် သိမ်းပိုက်သည်" ဟူသော စာတန်းထိုးထားပါသည်။ မြန်မာနိုင်ငံတွင် ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ပထမဆုံး မော်ကွန်းထိုး မှတ်တမ်းတင်ထားသည့် မှတ်တိုင်ပင်ဖြစ်သည်ဟု သိရပါသည်။

ထားဝယ်မြို့ကို သိမ်းပြီးလျှင်ပြီးချင်း ၃-ဗိုလ်ချုပ်ကြီး ကာဝါရှီမား၊ ဗိုလ်မှူးကြီးလကျာ်နှင့် ရဲဘော်သုံးကျိပ်ဝင် တပ်မှူးများသည် ထားဝယ်တို့ဗမာအစည်းအရုံးခေါင်းဆောင်များနှင့်ညှိနှိုင်း တိုင်ပင်ကာဘီအိုင်အေ"တနင်္သာရီတပ်မတော်"

ကို ဖွဲ့စည်းတည်ထောင်ပြီး တပ်သားသစ်များစုဆောင်းခြင်း၊ စစ်ပညာသင်ကြားလေ့ကျင့်ပေးခြင်းနှင့် နယ်မြေငြိမ်ဝပ်ပိပြားရေးအတွက် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို စီစဉ်ဆောင်ရွက်ခဲ့သည်။ တနင်္သာရီတပ်မတော်၏တပ်မှူးမှာ ဗိုလ်ချုပ်ကြီး ကာဝါဒီမိုးမားဖြစ်၍ စစ်ရေးချုပ်ဗိုလ်မှူးကြီး လက်ဥ၊ စစ်ဦးတာဝန်ခံ ဒု-ဗိုလ်မှူးကြီးလရောင်နှင့် အုပ်ချုပ်ရေးမှူး ဗိုလ်မှူး နီဇာကီ တို့ဖြစ်သည်။[2]

ယင်းသို့တနင်္သာရီတပ်မတော် ဖွဲ့စည်း တည်ထောင်ခြင်းမှာ ဂျပန်စစ်ဘက်နှင့် သဘောတူညီချက်အရ တနင်္သာရီလွှန်သော် ဗြိတိသျှတပ်များအား ဂျပန်စစ်တပ်အကူအညီမပါဘဲ ဗမာ့တပ်မတော်က တိုက်ထုတ်နိုင်ရန် အဓိကလိုအပ်ချက်ဖြစ်သော တပ်အင်အားကြီးမားရေးကို ဦးစားပေးဖြည့်တင်းအကောင်အထည်ဖော်ခြင်းပင် ဖြစ်သည်ဟု သိရပါသည်။

နယ်ချဲ့ဗြိတိသျှတို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည့် နှစ်ပေါင်းတစ်ရာကျော်လုံးလုံး လက်နက်စွဲကိုင်ခွင့် မရခဲ့

ဘီအိုင်အေ ထားဝယ်မြို့သိမ်းမှတ်တိုင်



ကြသဖြင့် အင်္ဂလိပ်အစိုးရအား မည်သို့မျှ အန်မတုနိုင်ဟု အားမတန် မာန်လျှော့ခဲ့ကြသော မြန်မာများသည် မည်သူ တစ်ဦးတစ်ယောက်ကမျှစည်းရုံး တိုက်တွန်းခြင်းမပြုရဘဲ ဘီအိုင်အေသို့တပျော်တပါးဝင်ရောက်လာကြသည်ကိုစိတ်ဓာတ် တက်ကြွဖွယ် အားကျဂုဏ်ယူဖွယ်တွေမြင်ရပါသည်။ ထားဝယ် နယ်အတွင်းသို့ မရောက်မီက ဘီအိုင်အေတပ်သားအင်အား မှာ တစ်ရာပင်မပြည့်တတ်သော်လည်း "တနင်္သာရီတပ်မတော်" ဖွဲ့စည်းသည့်အချိန် တွင် ထားဝယ်ခရိုင် (ထားဝယ်၊ ရေဖြူ၊ လောင်းလုံ၊ သရက်ချောင်းလေးမြို့နယ်) တစ်ခုတည်းမှပင် ရောက်လာသော တပ်သားဦးရေ မှာသုံးထောင်ကျော်ရှိသည်ဟု မှတ်တမ်းများအရသိရပါသည်။

တစ်ချိန်တည်းတွင် "ဗီပီစီအစိုးရ"ခေါ် "ထားဝယ်ခရိုင် ငြိမ်းချမ်းရေးထိန်းသိမ်းမှုကော်မတီ ***(Peace Preservation Committee)***"ကို စနစ်တကျ ဖွဲ့စည်းနိုင်ခဲ့ပြီး ထားဝယ်ခရိုင် တစ်ခုလုံးကို ပုံမှန်အနေအထားသို့ရောက်အောင် ဆောင်ကြဉ်း ပေးနိုင်ခဲ့ရုံမက 'ထားဝယ်နေ့စဉ်' ဟူသော သတင်းစာတစ် စောင် ကိုလည်း ထုတ်ဝေကာလက်ငင်းစစ်ရေး နိုင်ငံရေး လူမှုရေး အခြေအနေများကို အသိပေးနိုင်ခဲ့သည် ***(သမိုင်းဝင် ထားဝယ် နေ့စဉ်သတင်းစာ၊ နှယ်နီမဂ္ဂဇင်း၊ ၂၀၀၂ တွင် ဖော်ပြခဲ့ပြီး)***။

ခေါင်းဆောင်ကြီးသခင်မြ ဗိုလ်လက်ျာနှင့် သခင်ဇဒွေ တို့သည် ထားဝယ်မြို့တွင် တွေ့ဆုံဆွေးနွေးကြပြီး ထားဝယ်မြို့ တွင် အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပြီးကြောင်းနှင့် ကိုယ့်မင်း ကိုယ့်ချင်း လွတ်လပ်သော ဗမာနိုင်ငံတော်ဖြစ်ကြောင်း ကြေ ညာလိုက်သည်။ ထိုကြေညာချက်မှာ ဂျပန်တို့က အသိအမှတ် မပြုသဖြင့် ထိရောက်မှုမရှိဖြစ်ခဲ့ရသည်။ ယင်းသို့ ထားဝယ်မြို့၌ ကြေညာခြင်းကို ဂျပန်အသံလွှင့်ရုံမှ လွှင့်လိုက်သဖြင့်သိရှိသွား သော အင်္ဂလိပ် အစိုးရသည်သခင်လှမေ (ဗိုလ်လက်ျာ) သခင် ဗဂျမ်း(ဗိုလ်လရောင်) နှင့် သခင်ဇဒွေတို့ သုံးဦးအား ထို ကြေညာချက်ထုတ်ပြန်မှုဖြင့်သေဒဏ်အပြစ်ပေးကြောင်းအမိန့် ကို ပြတ်သျှရေဒီယိုမှ ကြေညာခဲ့သည်။"

ယင်းဖြစ်ရပ်များကြောင့်ပင် ဂျပန်စစ်ဘက်သည် ထားဝယ်နှင့်ပတ်သက်၍ စိုးရိမ်လာပုံရပါသည်။ စင်ကာပူမှ စစ်ဒေသမှူး တာနယ်ဖူးကူးနဂါး ဆိုသူ စစ်လေယာဉ်ဖြင့် ထားဝယ်မြို့သို့ ရုတ်တရက်ရောက်လာပြီး ဗီပီစီရုံးကြီးတွင် လွှင့်ထူထားသည့် တို့ဗမာအစိုးရအလံ၊ ဘီအိုင်အေအလံ (သုံးရောင်ခြယ်အလယ်တွင် ကဒေါင်းပုံနှင့်) ကို မလွှင့်ထူရ။ ဂျပန်နေဝန်းအလံကိုသာ လွှင့်ထူရမည်ဟု အမိန့်ထုတ်ပြီး စင်ကာပူ စစ်တပ်ချုပ်နေ အောက်သို့ သွင်းဖို့လုပ်ထားခဲ့သည်။

သို့ရာတွင်ဂျပန်တို့အကြံ မအောင်မြင်ခဲ့ချေ။

ဗမာ့လွတ်လပ်ရေး တပ်မတော်စစ်ရုံးတွင် ဗိုလ်မှူးကြီး လက်ျာ၊ ဒု-ဗိုလ်မှူးကြီးလရောင် တို့နှင့်အတူ လိုက်ပါခဲ့ရသော ဗိုလ်တင်ထွန်း (နောင်တွင် ဗိုလ်မှူးတင်ထွန်း၊ ဖက်ဆစ်တော် လှန်ရေး၊ တနင်္သာရီတိုင်းမှူး(ငြိမ်း) ၂၉-၁၀-၂၀၀၂ အသက်-၉၀ တွင် ကွယ်လွန်) က ယခုကဲ့သို့ မှတ်တမ်းတင်ခဲ့ပါသည်။ "ထားဝယ်ခရိုင် တို့ဗမာအစည်းအရုံးသည် မွေးကင်းစ ဗမာ့ လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို လက်နက်ကိုင် တပ်မတော်ကြီးတစ်ခုဖြစ်လာအောင်အင်အားဖြည့်တင်းပေးနိုင် ခဲ့သည်။ ဂျပန်များက လေးစားနိုင်လောက်အောင် ခရိုင်အုပ်ချုပ် ရေးအဖွဲ့ကို စနစ်တကျဖွဲ့စည်းပြီး မြို့ပြ ပြည်ရွာ ငြိမ်ဝပ်ပိပြား ရေး ကာကွယ်ရေးနှင့်အုပ်ချုပ်ရေးများကို စနစ်တကျစီမံဆောင် ရွက်နိုင်ခဲ့ပြီး ဗီပီစီအစိုးရက ဘီအိုင်အေမြို့စောင့်တပ်အင်အား ဖြင့် ထားဝယ်ခရိုင်အား စင်ကာပူစစ်အုပ်ချုပ်ရေးလက်အောက် သို့ ရောက်အောင်ပို့ဆောင်မည့် ဂျပန်စစ်ဘက်၏ စီမံချက်ကို ဆန့်ကျင်ကန့်ကွက်ပြီး လွတ်အောင် ရုန်းထွက်နိုင်ခဲ့သည်။"[၉]

ထားဝယ်မှတစ်ဆင့် ဂျပန်သို့ထွက်ရန် ထားဝယ်မြို့တွင် အတန်ကြာလျှို့ဝှက်နေခဲ့ပြီး ဘီအိုင်အေတပ်မှူးတစ်ဦးအဖြစ် ထားဝယ် စစ်ကြောင်းမှပြန်လည် ဝင်ရောက်လာ၍ ဘီအိုင်အေ တပ်မတော်တို့ရဲ့ဖွဲ့စည်းရေး၊ စစ်ပညာပို့ချလေ့ကျင့်ပေးရေး တို့တွင် ကိုယ်တိုင်ပါဝင် တာဝန်ယူဆောင်ရွက်ခဲ့သော ရဲဘော် သုံးကျိပ်ဝင် ဗိုလ်ဇလကလည်း ယခုကဲ့သို့ မှတ်ချက်ချထား သည်ကို တွေ့ရပါသည်။

"ထားဝယ်မြို့သည် ဗမာ့လွတ်လပ်ရေး တပ်မတော်စတင် ပေါက်ဖွားရာဒေသဟု သမုတ်အပ်သော မြို့ဖြစ်ပါသည်။"[၁၀]

"ထားဝယ်တွင် စုဆောင်းရရှိသော တပ်သားသစ်များကို ရဲဘော်သုံးကျိပ်ဝင်တပ်မှူးများက ကာလတိုအတွင်း အပြင်း အထန် စစ်ပညာများသင်ကြား လေ့ကျင့်ပေးပြီး ဗိုလ်မှူးကြီး လက်ျာတပ်၊ ဒု-ဗိုလ်မှူးကြီးလရောင်တပ်၊ ဗိုလ်ညာဏတပ်၊ ဗိုလ် ဇလတပ်၊ ဗိုလ်မြင့်အောင်တပ်၊ ဗိုလ်မင်းရောင်တပ် စသည်ဖြင့် တပ်အသီးသီးဖွဲ့စည်းပြီး ရဲဘော်သုံးကျိပ်တပ်မှူးများ၏ လက်အောက်တွင် ထားဝယ်သားတပ်မှူး ၃၀ခန့်က ကြီးကြပ် ကွပ်ကဲလျက် ထားဝယ်မှ မော်လမြိုင်၊ ယင်းမှရန်ကုန်သို့ ဦးတည် ချီတက်ရန် အဆင်သင့်ဖြစ်နေသည်" အံ့ဩဖွယ် ကောင်းလောက်အောင် များပြားလှသော တပ်ကြီးနှင့် ရဲဘော်သုံးကျိပ်ဝင် တပ်မှူး ကြီးများ၊ ထားဝယ်ဗိုလ်များက ဂျပန်စစ်မြင်းကြီးများကို စီး၍ တပ်များဘေးမှ ခြံရံလိုက်ပါလာ သည့် တပ်ထွက်အခမ်းအနား မြင်ကွင်းကိုကြည့်ပြီး ကြက်သီး

မွေးညင်းများပင်ထလာခဲ့ပါသည်။

ထားဝယ်မှ ရန်ကုန်သို့ဦးတည်၍ ချီတက်သွားသော ဘီအိုင်အေစစ်ကြောင်းသည်အခြားသောဒေသများမှဘီအိုင်အေ တပ်များနှင့် ပူးတွဲကာ မြန်မာနိုင်ငံတစ်နံတစ်လျား။ မြောက်များ ရှိ မြစ်ကြီးနား၊ အရှေ့ပိုင်းမှ အင်းလေး၊ တောင်ကြီး၊ အနောက် စွန်းရှိစစ်တွေ၊ ဘူးသီးတောင်စသည်တို့အထိ ဗြိတိသျှတပ် များအား လိုက်လံတိုက်ထုတ်ခဲ့ရသည်။

ပြည်မြို့မှတစ်ဆင့် မော်လိုက်၊ ကလေးဝ၊ မြစ်ကြီးနားအထိ ရောက်ခဲ့သောထားဝယ်ဘီအိုင်အေစစ်ကြောင်းတွင်ပါဝင်ခဲ့သည့် ဗိုလ်ကျော်ဆန်း (နောင်တွင်ဗက်စစ်တော်လှန်ရေးထားဝယ် တပ်ရင်းမှ ဗိုလ်ကျော်ဆန်း၊ မြန်မာ့အလင်းသတင်းစာ အယ်ဒီ တာဟောင်း ကာတွန်းကျော်ဆန်း က-ဆ၊ ၈-၃-၁၉၈၈ နေ့ အသက်-၆၃ နှစ်တွင် ကွယ်လွန်)က သူ၏အတွေ့အကြုံ ကို ယခုကဲ့သို့ မှတ်တမ်းတင်ခဲ့ပါသည်။ ဘီအိုင်အေခေတ်တွင် ဂျပန်တပ်များမရောက်သည့်နေရာ၊ မသွားနိုင်သည့်ဒေသ၊ မချီရဲ ခဲ့သည့်အရပ် အများအပြားပင်ရှိခဲ့သည်၊ ထိုနေရာ၊ ထိုအရပ် များကို ဘီအိုင်အေတပ်များကသာ အနစ်နာခံ၊ အသေခံပြီး သွားရောက်ခဲ့ကြရသည်။ ထားဝယ်သားများသည် ဘီအိုင်အေ တွင်အများဆုံးပါဝင်ပြီးအဝေးဆုံးသို့ ချီတက်ခဲ့ကြ၍ အများဆုံး လည်း ကျဆုံးခဲ့ကြရပါသည်။ [၁၂]

အမှန်မှာ ထားဝယ်ဘီအိုင်အေတပ် စတင်ဖွဲ့စည်းသည့် အချိန်တွင်ပင် အင်္ဂလိပ်တပ်ကြွင်း တပ်ကျန်များကို ထားဝယ် နယ်တွင်းမှ တိုက်ထုတ်ရာ၌လည်းကောင်း၊ ခေါင်းဆောင်ကြီး သခင်မြ အား လူဆိုးများက ထားဝယ်ခရိုင်၊ ကနီဘောက်ဒေသ တွင် ဖမ်းဆီးထားသဖြင့် ဘီအိုင်အေက သွားရောက်ကယ်ထုတ် ရာတွင်လည်းကောင်း မထင်မရှား ကျဆုံးရသူများရှိခဲ့ပါသည်။

ဘီအိုင်အေ အာဇာနည်ကျောက်တိုင်

ထားဝယ်ခရိုင် ဝိဝိစီအစိုးရသည် မြန်မာတစ်ပြည်လုံး တိုက်ပွဲအသီးသီးတွင် ကျဆုံးခဲ့ရသည့် ဘီအိုင်အေတပ်မှူး တပ်သားအားလုံးကို ရည်စူး၍ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) အာဇာနည်ကျောက်တိုင်ကို ၁၉၄၂ ခုနှစ်၊ ဧပြီလ တွင် စိုက်ထူခဲ့သည်။ ကျောက်တိုင်သည် ထိုစဉ်က မြူနီစပယ်ရုံး (ယခု-တိုင်းစည်ပင်ရုံး) ရှေ့ပန်းခြံအတွင်း၊ ထိုစဉ်က ဝိဝိစီရုံး (ယခု -တိုင်းအုပ်ချုပ်ရေးမှူးရုံး) နှင့် မျက်နှာချင်းဆိုင်။ ထိုစဉ်က ယိုးယေားလမ်း(ယခုအာဇာနည်လမ်း)ကိုမျက်နှာမူထားပါသည်။ လေးမြောင့်ကျောက်တိုင်ဖြစ်၍ ကျောက်တိုင်ထိပ် လေးမျက်နှာ တွင် ကခေါင်းရုပ်ပုံတစ်ပုံစီထွင်းထုထားပြီး ကခေါင်းရုပ်အောက် တွင် ၁၃၀၄ ဟုရေးထိုးထားသည်။ ကျောက်တိုင် အောက်ခြေ လမ်းမဘက် မျက်နှာစာတွင် "၁၃၀၃ ခု၊ ဗမာ့လွတ်လပ်ရေး စစ်ပွဲတွင်အသက်စွန့်သွားခဲ့သောဗမာ့ လွတ်လပ်ရေးတပ်မ တော်သားအာဇာနည်များအား သတိရအောက်မေ့ကြစေသတည်း" ဟူသော စာတန်းရေးထိုးထားပါသည်။ *(မူလ စာလုံးပေါင်း အတိုင်း ကူးယူဖော်ပြပါသည်။)*

ဗမာ့လွတ်လပ်ရေး တပ်မတော် (ဘီအိုင်အေ) ကို ၁၉၄၂ ခု ဇူလိုင်လ နောက်ဆုံးအပတ်တွင် ဖျက်သိမ်းခဲ့ရရာကျဆုံး ခဲ့ရရာရသူဘီအိုင်အေတပ်မှူး တပ်သားများ၏စာရင်းသည် လည်း မရေမရာဖြစ်ပြီး ပျောက်ပြောက်ခြင်းခံခဲ့ရသည်ဟုသိရ ပါသည်။

ထားဝယ်ခရိုင် ဝိဝိစီအစိုးရသည် ကျဆုံးသူများအား အမှတ်တရကျောက်တိုင် စိုက်ထူထားရုံမက ကျောက်တိုင် အပေါ် မည်မျှအထိ အလေးအနက်ထားသည်ကို အောက်ပါ ရုံးအမိန့်စာနှစ်စောင်က သက်သေခံလျက်ရှိပါသည်၊ *(မူရင်း အတိုင်းကူးယူ ဖော်ပြပါသည်။)*



ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)
အာဇာနည်ကျောက်တိုင်

ထားဝယ်စီရင်စု ဒို့ဗမာအစိုးရအမိန့်

၃၅။(အမိန့်)၀၄-၆-၁၂

ဌာနဝန်များ

၁၃၀၄ ခုတော်သလင်းလဆုတ် (၁၄) ရက်၊ ကြာသပတေးနေ့ (၈-၁၀-၄၂) တွင် ဗမာ့လွတ်လပ်ရေးစစ်ပွဲတွင် ကျဆုံးခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သား အာဇာနည်များအား ရည်စူး၍တည်ထားအပ်သည့် အထိမ်းအမှတ်ကျောက်တိုင်ဖွင့်ပွဲအတွက် အစိုးရရုံး၊ ကျောင်းများအားလုံးပိတ်ထားလိုက်သည်။

အထိမ်းအမှတ် ကျောက်တိုင်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ ဖြစ်သော မြို့ပြဘုပ်ချုပ်ရေးပန်းခြံအတွင်းသို့ ၄င်းနေ့နံနက် (၇)နာရီတိတိအချိန်တွင် ရုံးသူရုံးသားတိုင်း တစ်ယောက်မကျန် မပျက်မကွက် တက်ရောက်ကြရမည်ဖြစ်ကြောင်း၊ ဌာနဝန်ထမ်းများက မိမိလက်အောက်ရှိ ဌာနခွဲများအား သိစေလိုက်ပါ။

ပုံ ×××

အုပ်ချုပ်ရေးဝန်

ထားဝယ်စီရင်စု ဒို့ဗမာအစိုးရအမိန့်

အလျှင်အမြန်

၃၆။ (အမိန့်) (၀၄-၆-၁၅)

ယနေ့မှစ၍ ရုံးတက်ရုံးဆင်းချိန်အတိုင်း အလုပ်ခွင်မဝင်မီ ဗမာ့လွတ်လပ်ရေးတပ်သားများ ကျောက်တိုင်ကိုမျက်နှာမူသော ရုံးပေါ်ရှိမြေကွက်လပ်တွင် ရုံးသူရုံးသားများအားလုံး မိမိတို့ဌာနအလိုက် ညီညာစွာစုရုံး၍ ဗမာ့လွတ်လပ်ရေးစစ်သားများ အထိမ်းအမှတ်ကျောက်တိုင်ကို နေ့စဉ်နေ့တိုင်း အလေးပြုရမည်။ဤရုံးကြီးပေါ်တွင်မရှိသောအခြားဌာနများက မိမိတို့ရုံးအရှေ့တွင်စုရုံး၍ ကျောက်တိုင်ဘက်သို့မျက်နှာမူပြီး အလေးပြုရမည်။

ဌာနဝန်များနှင့် ဌာနအရာရှိများက မိမိတို့ရုံးသားများအားဤအချက်ကိုလေးနက်စွာလိုက်နာကြစေရမည်ဖြစ်ကြောင်း။

ပုံ ×××

အုပ်ချုပ်ရေးဝန်

ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)ကို ဖျက်သိမ်းခဲ့သည်မှာ ယခုဇူလိုင်လတွင် ၆၆ နှစ်ပြည့်ပါပြီ "ဘီအိုင်အေ ထားဝယ်မြို့သိမ်းမှတ်တိုင်နှင့် ဘီအိုင်အေ အာဇာနည်ကျောက်တိုင်" တို့သည် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်းတွင် ဘီအိုင်အေ၏အရေးပါသောအခန်းကဏ္ဍကိုအစဉ်သတိရစိမ့်သောငှာစိုက်ထူထားသောမော်ကွန်းမှတ်တိုင်များဖြစ်သည်မှာ ထင်ရှားလှပါသည်။

မောင်လေးတင့်

တည္ကိုး

၁။ *Dhammika U Ba Than (Retd. Colonel) "The Roots of the Revolution" 1962, P-21*

၂။ တို့ဗမာအစည်းအရုံးသမိုင်း (ဒုတိယတွဲ) စာပေဗိမာန်၊ ၁၉၇၆၊ စာ-၅၅၅-၅၅၆။

၃။ တို့ဗမာအစည်းအရုံး သမိုင်း (ဒုတိယတွဲ) စာပေဗိမာန်၊ ၁၉၇၆၊ စာ-၅၄၂

၄။ *Isumiya Tatsuro, "The Minami Organ", Higher Education Dept: 1981, P-99-101*

၅။ သုတေသနရဲဘော် (ဒု-ဗိုလ်မှူးကြီးရဲမြင့်) "ရဲဘော် သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ" ၁၉၇၅၊ စာ-၁၁၂

၆။ သုတေသနရဲဘော် (ဒု-ဗိုလ်မှူးကြီးရဲမြင့်) "ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးစစ်ကြောင်းများ" ၁၉၇၅၊ စာ-၁၀၂

၇။ သုတေသနရဲဘော် (ဒု-ဗိုလ်မှူးကြီးရဲမြင့်) "ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ" ၁၉၇၅၊ စာ-၁၀၃-၁၁၂

၈။ တို့ဗမာအစည်းအရုံးသမိုင်း (ဒုတိယတွဲ) စာပေဗိမာန်၊ ၁၉၇၆၊ စာ-၅၅၆-၅၅၇

၉။ အညာကြာရဲဘော် "လွတ်လပ်ရေးကြိုးပမ်းခဲ့စဉ်က" ထားဝယ်မဂ္ဂဇင်းအမှတ်-၁၊ ၁၉၇၈၊ စာ-၈၂

၁၀။ ဗိုလ်ဗလ(ရဲဘော်သုံးကျိပ်) "လွတ်လပ်ရေးခရီးတစ်ထောက်" (ဒုတိယတွဲ) စာပေဗိမာန်၊ ၁၉၇၄၊ စာ-၂၈၅

၁၁။ သုတေသနရဲဘော် (ဒု-ဗိုလ်မှူးကြီးရဲမြင့်) "ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းများ" ၁၉၇၅ စာ-၁၁၂-၁၂၈

၁၂။ ဗိုလ်ကျော်ဆန်း၊ "ဘီအိုင်အေစစ်ကြောင်း" ထားဝယ်မဂ္ဂဇင်း၊ အမှတ်-၁၊ ၁၉၇၈၊ စာ-၁၆၀

ဘီအိုင်အေအတွက် လက်နက်

• • • • ဦးစိန်လင်း

တောင်းကင်တွင်လ,က စက်စက်ကြီးသာနေသည်။ အမှတ်ထင်ထင် ပြောရလျှင် ထိုညသည် တပေါင်းလပြည့်ည။ လရောင် အောက်တွင် တနင်္သာရီမြစ်ရေသည် ငွေရောင်တောက်နေသည်။ သစ်ပင်အုပ်ကြီးများအောက်သို့ရောက်လျှင် သစ်ခက်သစ်ရွက်များ ကြားမှထိုးကျလာသော လရောင်ကွက်တိကွက်ကျားက စာနှားပြောက်အောက်ထားသည့်နှယ်။ တနင်္သာရီ မြစ်ကမ်းပါးတစ်လျှောက် မြင်းတစ်ကောင်သွားသာရုံသည့် လှည်းလမ်းကလေးပေါ်တွင် မြင်းကိုစီးကာ သေနတ်ကိုလွယ်လျက် ယိုးဒယားဘက်ဆီသို့ ဦးလှည့်သွားနေချိန်ဖြစ်ပေသည်။ နေ့မှာ ၁၉၄၂ ခု၊ ဖေဖော်ဝါရီလ ၂၈ရက်။

စာရေးသူ၏ရုပ်အကျီအိတ်ထဲတွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ညာဏမှထုတ်ပေးလိုက်သော အမိန့်စာတစ်စောင်နှင့် စစ်လွယ်အိတ်ထဲတွင်တစ်လက်မ နှစ်ဓိုင်စကေးဖြင့်ဆွဲထားသော ယိုးဒယား - ထားဝယ်နယ်စပ်မြေပုံ။

မြေပုံအမှတ် 95 $\frac{J}{SE}$ တစ်ပုံပါလာသည်။

ဗမာ့လွတ်လပ်ရေးတပ်မတော်

ဘီအိုင်အေ

စစ်ဘက်ဌာန၊ ထားဝယ်မြို့

နေ့စွဲ၊ ၂၈-၂-၄၂

ယခုစာနှင့်လာသူ သခင်စိန်လင်းအား ယိုးဒယားပြည် ဘွန်တီးစခန်းမှ ထားဝယ်၊ တောင်သုံးလုံးစခန်းသို့ အရောက်သယ်ယူပို့ဆောင်ပေးနေသော လက်နက်ခဲယမ်းမီးကျောက် များကို မပျောက်မပျက်ရလေအောင် စခန်းတိုင်းတွင် ကြည့်ရှုစောင့်ရှောက်ကူညီရန် ၂၈-၂-၄၂ နေ့မှစ၍ တာဝန်ခံအဖြစ် ခန့်အပ်လိုက်သည်။

(ပုံ) ဗိုလ်မတင် (ပုံ) ဗိုလ်ညာဏ

ဗိုလ်မှူးကလေး ဗိုလ်မှူးကြီး

ယိုးဒယားမှထားဝယ်နယ်ခြားကို ဖြတ်ကျော်၍ နယ်စပ် ရှိ ဗြိတိသျှနယ်ချဲ့စစ်တပ်များကို တိုက်ခိုက်ချေမှုန်းပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များသည် (၁၇-၁-၄၂) နေ့တွင် ထားဝယ်အရှေ့ဘက် သတ္တုတွင်း နယ်မြေကိုသိမ်းပိုက်နိုင်ခဲ့သည်။ ယင်းသို့ နယ်ချဲ့ဗြိတိသျှ များကို တိုက်ခိုက်ချေမှုန်းအောင်ပွဲခံခဲ့သည့်အထိမ်းအမှတ်အဖြစ် ထားဝယ်မြို့မှ(၂၈)မိုင်ကွာ၊ တောင်သုံးလုံးသတ္တုတွင်း စခန်း(ယခုတပ်မတော်ကင်းရှေ့)တွင် အမြင့် ၁၀၈ ပေရှိသော သံမဏိအလံတိုင်ကြီးကိုရဲဘော်သုံးကျိပ်ဝင်ဗိုလ်ညာဏကိုယ်တိုင် ဦးစီး၍သတ္တုတွင်းဒေသမှ မျိုးချစ်များနှင့် စိုက်ထူခဲ့ပေသည်။ သုံးရောင်ခြယ်အလံတွင် ဒေါင်းရုပ်ပါ "တို့ဗမာ" အလံသည်လည်း ယင်းအလံတိုင်ကြီးတွင် လွှင့်ထူနိုင်ခဲ့ပေသည်။ အလံတိုင်ကြီး၏ အောက်ခံအုတ်ခုံပေါ်တွင်ကား "၁၃၀၃ ခု၊ တပို့တွဲလဆန်း၄ရက်နေ့တွင်သိမ်းပိုက်သည်" ဟူသော ကမ္ပည်းစာတန်းထိုးထားသည်ကိုတွေ့မြင်နိုင်ပေသည်။ (ယင်း စာတန်းပါနေ့စွဲမှာ ထားဝယ်မြို့ကို သိမ်းပိုက်ခဲ့သောနေ့ဖြစ်သည်။)

ထားဝယ်စစ်ကြောင်းရှိ ဘီအိုင်အေတပ်မတော်နှင့် ဂျပန်တပ်များသည် သတ္တုတွင်းနယ်မြေမှတစ်ဆင့် ထားဝယ်မြို့ဆီသို့ ဆက်လက်ချီတက်သွားခဲ့ကြသော်လည်း ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ညာဏမှာ တောင်သုံးလုံးရွာတွင်ပင် စခန်းချ နေရစ်ခဲ့ပြီး၊ ဘီအိုင်အေ တပ်သားသစ်များ စုဆောင်းရေး (မြန်မာ့နယ်မြေအတွင်း ပထမဆုံး စုဆောင်းခြင်းဖြစ်သည်)။ ရှေ့တန်းတပ်များအတွက် ရိက္ခာရှာဖွေရေးနှင့် အသစ်အသစ် စုဆောင်းဖွဲ့စည်းထားသော ဘီအိုင်အေတပ်သားသစ်များအတွက် ယိုးဒယားပြည်ဘွန်တီးစခန်းမှ လက်နက်ခဲယမ်းမီးကျောက်များ သယ်ယူရေးကိုဒေသခံမျိုးချစ်များ၏အကူအညီဖြင့်စောက်ရှာလုံး ပမ်းလျက်ရှိပေသည်။ သတ္တုတွင်းနယ်မြေမှမျိုးချစ်ရဲဘော်များသည် ဗြိတိသျှ သတ္တုတွင်းကုမ္ပဏီများ၏ သိုလှောင်ရုံမှ ရိက္ခာနှင့်ပစ္စည်းမျိုးစုံကိုစနစ်တကျသိမ်းဆည်းကာ ဘီအိုင်အေ အတွက်ထောက်ပံ့ခဲ့ပေသည်။ သို့ရာတွင် ဘီအိုင်အေ တပ်သား သစ်များအတွက် လူစုဘက်ရေ လက်နက်မရှိအတွင်းရှာ လက်နက်ကို တပ်ဆင်နိုင်ရန် ဗြိတိသျှလက်ကျန် မောင်းကျိုးမီးပျက်လက်နက်များကိုသတ္တုတွင်း အလုပ်ရုံများ ပြင်ဆင်မွမ်းမံပေးခဲ့ပေသည်။ သတ္တုတွင်းအလုပ်သမားများမှာ နှစ်ပေါင်းများစွာ နယ်ချဲ့ဗြိတိသျှ အရင်းရှင်ကုမ္ပဏီများ၏ လက်အောက်တွင် ပြားပြားဝပ်နေခဲ့ကြရသည်ဖြစ်ရာ နယ်ချဲ့ဆန့်ကျင်ရေး အတွက်အထူး

တလည် စည်းရုံးရန်မလိုတော့ဘဲ အစုလိုက်အပြုံလိုက်၊ အင်နှင့်အား နှင့်ပါဝင်လာခဲ့ကြပေသည်။

မြန်မာမျိုးချစ်များသာမကအရှေ့ရီယာကုလား ၇၀၀ကျော်၊ ဘော်ရခါး ၂၀ကျော်နှင့်ပထန် ၁၀ကျော်တို့လည်း ပါဝင်လာခဲ့ကြပေသည်။ ယင်းသို့ဆောင်ရွက်ထားချက်များကို ဗိုလ်ဉာဏစုဆောင်းဖွဲ့စည်းသည့်တပ်သို့ ဝင်ရောက်လာသော ကိုဗထူး (နောင်တွင် ဗိုလ်မှူးကြီး ဗထူး)အား ထားဝယ်မြို့ ဘီအိုင်အေ ရုံးချုပ်သို့သတင်း အပို့ခိုင်း လိုက်ရာ သတ္တုတွင်းသေသို့ပြန်လေသောတော့ပဲ ထားဝယ် မြို့ရှိ ဗိုလ်ဇလတပ်သို့ ကူးပြောင်းဝင်ရောက် လိုက်ပါသွားကြောင်း နောက်မှသိရပေသည်။

ဗိုလ်ဉာဏသည်မြန်မာ့နယ်မြေတွင် ပထမဆုံးဖွဲ့စည်းခဲ့သောဘီအိုင်အေတပ်သားများအားပထမဆုံးစိုက်ထူထားသည့် အလံတိုင်ကြီးရှေ့တွင် စစ်သင်တန်းပေးခဲ့သည့် ထားဝယ် ဘီအိုင်အေရုံးချုပ်မှတာဝန်ပေးစေလွှတ်လိုက်သော ဗိုလ်ဇတင်နှင့်ဗိုလ်စိန်ဝင်းတို့ကနယ်ချဲ့ဆန့်ကျင်ရေးသဘောတရားရေး သင်တန်းပေးခဲ့ပြီး၊ ဦးလွန်းပင်က လုပ်ငန်းဆိုင်ရာကြီးကြပ်မှု သင်တန်းကိုပို့ချခဲ့ပေသည်။

စစ်သင်တန်း၊ နိုင်ငံရေးသင်တန်းနှင့် လုပ်ငန်းဆိုင်ရာ သင်တန်းများကိုတက်လိုက်ရပြီးသောလူငယ်များမှာတစ်သက် တစ်ခါမကြုံဖူးသောဗဟုသုတများကို ရလိုက်သဖြင့်စိတ်ဓာတ် တက်ကြွလျက်ရှိပေသည်။ ယင်းလူငယ်များထဲမှအချို့ကို တာဝန်ခံများအဖြစ်ခန့်အပ်ကာ အုရီးယားကုလား(၁၀၀)၊ မြန်မာဘီအိုင်အေ ၃၀ ပါဝင်သော တပ်ခွဲ ၇ ခွဲ ဖွဲ့စည်းပြီး ပိုးဒယားပြည် ဘွန်တီးစခန်းသို့တာဝန်ပေးစေလွှတ်သည်။ စစ်သင်တန်းကလည်းတက်ပြီးကာစ၊ သေနတ်ကိုလည်းကိုင် ကာစလူငယ်တစ်ဦးအဖို့လွတ်လပ်ရေးအတွက် အသက်ပေး သေသေဟူသောစိတ်သည်တရှိန်ရှိန်တောက်လျက်ရှိပေသည်။

စာရေးသူ၏တပ်ခွဲတွင် မြန်မာ ၃၀၊ အုရီးယား ကုလား ၁၀၀၊ ပထန် နှစ်ဦး၊ မြင်း ၂၀၊ မြည်း နှစ်ကောင် ပါဝင်ပါသည်။ ဒုတိယတပ်ခွဲမှူးမှာကိုဘချစ်တင်(လောင်းလုံ) ဖြစ်ပါ သည်။

ကျွန်တော်၏တာဝန်မှာ ဘွန်တီးစခန်းသို့ ရောက်လျှင် ဂျပန်ဗိုလ်မှူးတာအက်(စ်)အိုနိုး(S.O. No.)ထံ သတင်းပို့ပြီး သူ့ညွှန်ကြားချက်အတိုင်း ဆောင်ရွက်ရန်ဖြစ်ပေသည်။

တောင်သုံးလုံးစခန်းမှ နံနက်၉း၀၀နာရီတွင် အရှေ့ဘက် သို့ မော်တော်ကားလမ်းအတိုင်း ချီတက်ခဲ့ကြရာ ထားဝယ်မှ ၃၄မိုင်အကွာ မေတ္တာရွာကြီးသို့ဆိုက်ရောက်ပြီး အနားယူ ချက်ပြုတ်စားသောက်ကြပါသည်။ မေတ္တာရွာကြီးမှာ ခမောင်း သွယ်ချောင်းနှင့်ဘန်းချောင်းဆုံရာ တနင်္သာရီမြစ်အစ၊ ချောင်း သုံးခွအပေါ်တွင်တည်ရှိ၍ကရင်အမျိုးသားများ နေထိုင်သော ရွာကြီးဖြစ်ပေသည်။ ချောင်းသုံးခွဆုံရာ တောင်ကမူလေးပေါ် တွင်ကား၊ ထုထည်ကြီးမားသောသစ်သားများနှင့်ဆောက်လုပ် ထားသောကင်းပါတ်ဟောင်းကြီးတစ်ဆောင်ကိုတွေ့ရသည်။ သေနတ်ပစ်သော အပေါက်များမှာ နယ်ခြားဘက်သို့ မျက်နှာ မူထားခြင်းဖြင့် ပိုးဒယားဘက်မှဝင်လာသည့် ရန်သူများအား ဗြိတိသျှတပ်များကခံစစ်စခန်းအဖြစ် အသုံးပြုသည့်နေရာမှန်း သိသာနေပေသည်။ ထိုစခန်းရှိ နယ်ချဲ့ဗြိတိသျှတပ်များမှာ ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ထိုးစစ်ဒဏ်ကို မခံနိုင်ဘဲ ဆုတ်ပေးယင်း ထားဝယ်မှ ၂၅မိုင် အကွာ ကျောက်မဲတောင် တောင်ထိပ်အရောက်သေသူသေ၊ ပြေးသူပြေးဖြင့်ကစဉ့် ကလျားဖြစ်သွားခဲ့ပေသည်။ စာရေးသူတို့ ထိုစခန်းသို့ရောက် ချိန်တွင်တနင်္သာရီမြစ်ကြောင်းမှကရင်အမျိုးသားများသယ်ယူ လာသည့် လက်နက်ခဲယမ်း သေတ္တာကြီးများကို ထိုစခန်းတွင် ခရီးတစ်ထောက်နားပြီး၊ ထိုမှတစ်ဆင့် ဦးဖိုးစိန်(ဗြိတ်)နှင့် ကိုသန်းခင်တို့က တာဝန်ယူ၍ မော်တော်ကားများဖြင့် တောင်သုံးလုံး စခန်းသို့ အရောက်ပို့ပေးနေသည်ကို တွေ့ခဲ့ရလေသည်။

မေတ္တာစခန်းတွင်စားသောက်ကြပြီးနောက် ဘန်းချောင်း ရေတိမ်ရာကိုရှေ့ပြီး ဆန်တက်ကာ အရှေ့ဘက်ကမ်းသို့ကူးခဲ့ ပါသည်။ လမ်းမှာအရှေ့တောင်ယွန်းယွန်းဆီသို့ စီးဆင်းနေသော တနင်္သာရီမြစ်တောင်ဘက် ကမ်းတစ်လျှောက်တွင်ပင် ဖြစ်ပေသည်။ နေ့ဘက်တွင် ကျေးငှက်သာရကာတို့၏သံစုံရင့်ကျူးသံနှင့် နေ့ရသီ ၏ သင်းပျံ့သောတောနံ့၊တောင်နံ့တို့က နေပူရှိန်ဒဏ်ကို မေ့ပျောက် စေပေသည်။ ညဘက်သို့ရောက်လာသောအခါတွင်မူကား တနင်္သာရီမြစ်၏ရေစီးသံသည် မြင်းခွာသံများနှင့် စည်းချက်ညီညီ ဖန်ရလျက်ရှိသည်။

လသည်အတော်မြင့်၍နေပေပြီ၊ စာရေးသူတို့တပ်ဦး သည် ဘဝင်ချောင်စခန်းသို့အဝင်ဖြစ်သည်။ ထိုညကို ဘဝင်ချောင် စခန်းတွင်ပင် ကုန်လွန်စေရပါမည်။ ညဘက်တွင် ဆက်သွား၍ မဖြစ် ဆက်ရမည့်လမ်းကဆိုးသည်။ မတ်စောက်သည့် ကျောက်တောင်၊ ချောက်ကမ်းပါးကြီးများအောက်သို့ လိမ့်ကျသေဆုံးနေသော မြင်းများကို လမ်းတစ်လျှောက်လုံးတွေ့ခဲ့ရပြီးဖြစ်သည်။ လမ်းတစ်လျှောက်တွင် လက်နက်သေတ္တာကြီးများကို မြည်းများအပေါ်တွင်တင်၍ လာကြသော အလုပ်သမားရဲဘော်များ မြင်းကိုယ်စီစီးကာ ကြီးကြပ် ကွပ်ကဲလိုက်ပါလာသည့် ဘီအိုင်အေ တပ်မတော်သားအသစ် စက်စက်များ၊ စက်သေနတ်ကြီး၊ အမြောက်ကြီးများကို ပြည်းဆွဲ လှည်းများဖြင့်ဆွဲလာကြသော ဂျပန်တပ်များနှင့် မကြာခဏဆုံတွေ့ ကြရသည်။ အသွားနှင့် အပြန်လမ်းတွင်ဆုံကြသော ဂျပန်ရော

မြွှန်မာများပါအားရစ်းသော ဖက်လှဲတကင်း နှုတ်ဆက်ကြပါသည်။

တစ်တောဝင် တစ်တောင်တက် တစ်ချောင်းကူးဖြင့် နေ့ဘက်တွင်နေရောင်ညမှောင်လျှင်လရောင်ကို အားကိုးပြုကာ ချီတက်လာခဲ့ကြရာ ဒုတိယနေ့ညနေတွင် ထားဝယ်မှ ၆၂ မိုင်ဝေးသော ငပုတ်ကြီးစခန်းသို့ရောက်ခဲ့ပေသည်။ တစ်နေ့လုံးပင်ပန်းခဲ့ရုံမက ချေးကလည်း တစ်ကိုယ်လုံးနစ်သဖြင့် တနင်္သာရီမြစ်အတွင်း ရေချိုးဖို့ပြင်ကြရပေသည်။ မြစ်ရေကလည်းအေးလိုက်သည်မှာ ရေခဲရေအလားထင်ရသည်။ ရေစိမ်ပြီးရေသမျှအချိန်လေးကို ယူလိုက်မည်ဟုကြံတုန်း၊ မြွှန်ဆို အရှေ့ဘက်ကမ်းဆီမှ ဆင်အကောင် ၃၀ခန့် စာရေးသူတို့ဆီသို့ ပြေးလာကြသလား ထင်ရသော တစ်ဝုန်းဝုန်းနှင့် တစ်တောလုံးဆူ၍လာသော အသံကြီးတစ်ခုကို ကြားလိုက်ရသည်။

ဘာဘာညာညာ စဉ်းစားနေချိန်မရလိုက် ကမန်းကတန်း သေနတ်ကိုဆွဲ၍ အသံလာရာဆီသို့ ပြေးလှည့်၍ တနိုင်းနိုင်းနှင့်ပစ်လိုက်တော့မှပင် မီးကိုရှေ့နှင့်သတ်လိုက်သလိုပြန်၍ တိတ်သွားပါသည်။ ရဲဘော်တချို့တင်က "တောချောက်တယ်ဆိုတာများလား"ဟု ပြောသည်။ တောချောက်သည် ဆိုတာကို တစ်သက်တွင် တစ်ခါကြုံဖူးလိုက်ရပေသည်။

တတိယနေ့တွင်ကား ကျောက်တုံးစခန်းကိုကျော်၍ ၇၄ မိုင်ကိုရောက်သည်၊ ရေစီးအလွန်သန်သည့် ရေတံခွန်များကို တွေ့ကြရပေသည်။ ကရင်အမျိုးသားများမှာ မိမိတို့ လှေငယ်များကို ကုန်းပေါ်သို့ ထမ်းတင်ပြီး ရေတံခွန်အထက် မြစ်ညာသို့ တက်ကြသည်။ ရေတံခွန်အောက်ဘက်ကမ်းနံဘေးတွင် ချထားခဲ့သော လက်နက်သေတ္တာများကိုလည်း ကုန်းပေါ်သို့ထမ်းတင်ပြီး မြစ်ညာသို့ ထမ်းယူထားသော လှေများထဲသို့ချကာ ရေတံခွန်ကို ရှောင်ကြဉ်သည်။

တနင်္သာရီမြစ်သည် ရှည်လည်းရှည်သည်။ အကွေ့အကောက်လည်းများသည်၊ ရေစီးကလည်းသန်လိုက်သေး သည်။ ကျောက်တောင်၊ကျောက်ကမ်းပါးများကလည်းရှောင်၍မလွတ်နိုင်အောင်ထူထပ်သည်။ တတိယညတွင်ကား ၈၁ မိုင် ဆင်တောင်စခန်းတွင် ညအိပ်ကြရပေသည်။စတုတ္ထနေ့ညနေ ၅နာရီခန့်တွင် တနင်္သာရီမြစ် အရှေ့ဘက်ကမ်းသို့ ခဲခဲယင်းယင်း ကူးပြတ်ကြရပြီး၉၄မိုင်ဆင်ဖြူတိုင်စခန်းသို့ ရောက်ရှိခဲ့ကြပေသည်။ ဆင်ဖြူတိုင်စခန်းတွင်ကား တစ်ညလုံးမအိပ်နိုင်လောက်အောင် နိုက်ခိုက်တုန်ချမ်းလှသည်။ မီးပုံကိုအားပြု၍ အိပ်ပျော်အောင် ကြိုးစားသော်လည်း အိပ်မပျော်နိုင်အောင် ဆင်ဖြူတိုင်ဟူသော အမည်က စိတ်ထဲဝင်လာသည်။ နားထဲမှာ ကြားယောင်လာသည်။ ဤဆင်ဖြူတိုင်စခန်းကား မြန်မာနိုင်ငံသမိုင်းဝင် စခန်းတစ်နေရာ ဖြစ်ပေသည်။ဆင်ဖြူရှင် မင်းတရားယိုးဒယားပြည်သို့စစ်ချီခဲ့စဉ်က ဤလမ်းကြောင်းမှပင်ချီတက်ခဲ့ပြီး၊ အပြန်ခရီးတွင်လည်း ဤနေရာ ဤစခန်းတွင် ခရီးတစ်ထောက်နားခဲ့သည်ဟု ပြောစမှတ်ရှိခဲ့သည် မဟုတ်ပါလား။ ယခုတစ်ဖန် ဤနေရာ၊ ဤစခန်းသည်ပင် ဗြိတိသျှနယ်ချဲ့တို့အား တောင်းထုတ်မည့် ဗမာလွတ်လပ်ရေးတပ်မတော်သား များ၏ ကွန်းထောက်စခန်း ဖြစ်နေပြန်ချေပြီ။

လေးရက်တာအတွင်းဖြတ်သန်းခဲ့ရသည့် ဘဝရှောင် စခန်း၊ မြိုင်စခန်း၊ ငပုတ်ကြီးစခန်း၊ ကျောက်တုံးကြီးစခန်းနှင့် ဆင်တောင်စခန်းတို့မှာ မြေပုံပေါ်တွင်တွေ့ရသည့်အတိုင်းစခန်း အမည်ကိုမှည့်ရသော်လည်း လက်တွေ့တွင်မူ လူနေအိမ်ခြေ ဟူ၍ လုံးဝမရှိပေ။ လွန်ခဲ့သော နှစ်ပေါင်းများစွာက ရှိခဲ့ဖူးမည် ဖြစ်သော အဆောက်အအုံ ပျက်များ၊ တိုင်ငုတ်တိုများနှင့် မြေကတုတ်တစ်ချို့သာရှိသည်။ အင်္ဂလိပ်မြန်မာပထမစစ်ပွဲကြီးအတွင်း ထားဝယ်မြို့ကို ဗြိတိသျှတပ်သားများသိမ်းပိုက်ပြီးနောက်ပိုင်းဗြိတိသျှတပ်များ၏ ရှေ့တန်းကင်းစခန်းများ ဖြစ်မည်ဟု ခန့်မှန်းရပေသည်။ ဆင်ဖြူတိုင်စခန်း တစ်ခုသာ ကရင်အမျိုးသားများ နေထိုင်ရာရွာငယ်တစ်ရွာအဖြစ် တည်ရှိပေသည်။ လက်နက်သယ်ယူရေးအဖွဲ့များနားနေရာ တဲတန်းလျားကြီးသုံးလုံးနှင့် လက်နက်သေတ္တာများထားသည့် သိုလှောင်ရုံကြီးတစ်လုံးရှိပေသည်၊ စာရေးသူတို့ရောက်သည့် အချိန်တွင် ဘွန်တီးမှသယ်ယူလာသည့် လက်နက်သေတ္တာကြီးအလုံး ၂၀ခန့်ကိုတွေ့ရပြီး၊ ဦးချစ်ထွန်း(ရင်)နှင့် ဦးဘငြိမ်း(ဟိန္ဒူ)တို့က ကရင်အမျိုးသားများ၏အကူအညီဖြင့် ထိုသေတ္တာများကို မြစ်ကြောင်းအတိုင်း လှေငယ်များဖြင့်ပို့ပေးနေသည်ကို တွေ့ရပေသည်။ ရာသီဥတုဒဏ်၊ အစားအသောက်အဆင်မပြေသည့်ဒဏ်တို့ကြောင့်များနာနေရသော ရဲဘော်များကိုလည်း ဤစခန်းတွင်ပင် ဆေးကုသပေးနေသည်ကိုတွေ့ရသဖြင့် ကျွန်တော်တို့တွင် ပါလာသော ရိက္ခာဆေးဝါးများကို တစ်ဝက်ခွဲ၍ပေးခဲ့ပြီး၊ အခက်အခဲများကိုညှိနှိုင်း အဖြေရှာ တင်ပြစရာများကိုမှတ်သားရင်း ဆင်ဖြူတိုင်စခန်းတွင် ညအိပ် ရပ်နားခဲ့ရလေသည်။

နှင်းတွေကမှုန်နေသည်၊ တောင်နိုးနှင့်တိမ်တို့ ရောယှက်လိမ်ကာ တိမ်နှင့်တောင်နိုးတို့က တိမ်ကိုမိုးနေသည်မှာ ကြည်နူးဖွယ်ပင်ဖြစ်သည်။ ၅ရက်မြောက်နံနက်ဖြစ်ပါသည်။ ကျွန်တော်တို့သည် တနင်္သာရီမြစ်ကြောင်းမှခွာ၍ ရေစုန်းခြောက်နေသည့်ချောင်းလက်တက်ကလေးများ တစ်လျှောက်သဲလမ်းအတိုင်းယိုးဒယားဘက်ဆီသို့ ဦးလှည့်ခဲ့ကြသည်။ နယ်ခြားနှင့် နီးလာလေလေ၊ မြေပြင်မှာ မြင့်လာလေလေ၊ တဖြည်းဖြည်းနှင့်တက်လာလိုက်ကြသည်မှာအမြင့်ပေ ၂၄၈၃ ပေရှိသော နယ်ခြားတောင်ပေါ်သို့ ရောက်နေမှန်းသိကြရ သည်၊

မြင့်လာလေလေ၊ ချမ်းလာလေလေ၊ အင်ကြင်းတောကြီးက တောင်တန်းကြီးကို လွှမ်းခြုံ နေသဖြင့် ရေတွက်လာ သော်လည်း ရေမလျော့မတိုး၊ အင်ကြင်းပန်းရနံ့တို့ကလည်း ကြိုင်လှိုင်လျက်နှင့် ဤတောင်ကြီး၏ တစ်ဖက်တွင်ကား ယိုးဒယားနယ်မြေ။

ခရီးလမ်းကကြမ်းသည့်အပြင်၊ ရာသီဥတုအပြောင်း အလဲ၊ အစားအသောက်အပြောင်းအလဲကြောင့် ရဲဘော်များ၊ အလုပ်သမားများဝမ်းလျှောပြီး မထနိုင်သည်အထိဖြစ်ကာ ကယ်ပါ၊ ယူပါအကူအညီတောင်းနေသည်ကိုလမ်းတစ် လျှောက်တွင်တွေ့ခဲ့ရသဖြင့် ယင်းရဲဘော်၊ အလုပ်သမားများအား ဆင်ဖြူတိုင်စခန်းသို့ အမြန်ဆုံးပို့နိုင်ရန် စီစဉ်ခဲ့ရပြန်သည်။ နေကအတော်စောင်းနေပေပြီ၊ နောက်ပြန်လှည့် ကြည့်လိုက်လျှင်နေလုံးကြီးသည် တနင်္သာရီ တောင်တန်းပေါ်တွင် မေးတင်ထားသလား အောက်မေ့ရသည်။

"ဘွန်တီးကိုရောက်ပြီ"ရောက်ဖူးသော ရဲဘော်တစ်ယောက်က ဝမ်းသာအားရအော်လိုက်သည်။ ရောက်နေသည့် ကုန်းမြင့်ပေါ်မှ လှမ်းကြည့်လိုက်သောအခါ ရှေ့မှိုင်ဝက်ခန့်အကွာတောအုပ်အလယ်တွင် တဲတန်းများနှင့် အုတ်ကြွပ်မိုးအဆောက်အအုံတစ်ခုကို ထင်းထင်းကြီး မြင်နေရသည်။

ဘွန်တီးမှာယိုးဒယားရွာတစ်ရွာဖြစ်သည်။စခန်းသို့ အဝင် ဦးချစ်ထွန်းနှင့်ဦးဂျီတို့ကလာရောက် ကြိုဆိုပြီးဂျပန်ဗိုလ်မှ စွတာအက်(စ်)အိုနိုး (S.O. No.)ထံပို့ပေးသည်။အဝေး က မြင်ရသည်ထက် စခန်းထဲရောက်မှ ပိုကျယ်မှန်းသိသာလာ သည်။ ယာယီတဲတန်းလျားများပိုင်းထားသောမြေကွက်လပ် ကြီးအလယ်တွင် အလျားပေ ၇၀၊ အနံပေ ၃၀ ခန့်ရှိသော အုတ်ကြွပ်မိုး၊ သမံတလင်းခင်း အဆောက်အအုံကြီးတစ်ခု ရှိသည်။ ယာယီတဲတန်းလျားများတွင် ဘီအိုင်အေတပ်သားများ၊ ပစ္စည်းသယ်အလုပ်သမားများနှင့် လမ်းအလုပ်သမားများနေသည်။ သီးသန့်တဲတစ်လုံးတွင် ဂျပန်ဗိုလ်အက်(စ်)အိုနိုးနှင့် ဂျပန်တပ်ခွဲတစ်ခုရှိသည်။ အုပ်ကြွပ်မိုးအဆောက်အအုံကြီးမှာ လက်နက်ခဲယမ်းသေတ္တာကြီးများသိုလှောင်ထားသည့် သိုလှောင်ရုံပင်ဖြစ်သည်။ ဂျပန်ဗိုလ်အက်(စ်)အိုနိုးမှာရည်ရည် မွန်မွန်ရှိသည်။ အင်္ဂလိပ်စကားဖြင့် ဖော်ဖော်ရွေရွေနှုတ်ဆက်သည်။ စာရေးသူက တပ်ဖွဲ့ဝင်လူ၊ မြင်း၊ မြည်းအင်အားကို သတင်းပို့၍လမ်းခရီးတစ်လျှောက်ပြုပြင်ရန်လိုအပ်သည့် အခက်အခဲများကိုတင်ပြသည်။ တင်ပြသမျှကိုသဘောတူလက်ခံသည်။

ဘွန်းတီးရွာရှိ ယိုးဒယားအမျိုးသားလူလတ်၊ လူကြီးပိုင်းမှာ တရုတ်တောင်းဘီနှင့်တူသော ဘောင်းဘီကိုဝတ်ဆင်ထားပြီးလူငယ်များမှာအင်္ဂလိပ်ဘောင်းဘီကိုဝတ်ဆင်ထားကြသည်ကိုတွေ့ရသည်။ အမျိုးသမီးသက်ကြီး ရွယ်အိုများကိုထဘီ၊ ဘောင်းကျိုက်ဝတ်ပြီး၊ အပျိုအရွယ်များမှာ စကတ် သို့မဟုတ် ဂါဝန်ကိုဝတ်ကြသည်ကိုတွေ့ရသည်။ ဘွန်တီးရှိလူနေအိမ် များတွင် ဝါးလုံးကိုနှစ်ခြမ်းခွဲပြီး တစ်ခြမ်းမှောက်တစ်ခြမ်းလှန် တစ်ခုနှင့်တစ်ခုဘေးတိုက်ထပ်၍မိုးထားသည်။ ဘွန်တီးစခန်း က မြန်မာပြည်တွင်းသို့ဝင်မည့် ဂျပန်တပ်များ၊ တောင်သုံးလုံးနှင့်ဘွန်တီး ခေါက်တုန့်, ခေါက်ပြန် လက်နက်ခဲယမ်းသယ်ယူနေကြသော ဘီအိုင်အေရဲဘော်များ၊ အလုပ်သမားများ ဝင်လိုက်ထွက်လိုက်ဖြင့်အမြဲလိုလို စည်ကားလျက်ရှိပေသည်။ ယိုးဒယားဘက်မှ မြန်မာနယ်စပ်အရောက် မော်တော်ကား လမ်းကြမ်းဖောက်ထားပြီးဖြစ်သော်လည်း၊ မြန်မာ(ထားဝယ်) ဘက်မှ တောတောင်ထူထပ်ပြီးချောင်း၊ မြောင်းများလွန်းသဖြင့် လမ်းဖောက်ဖြစ်ဟန်မတူပေ။

အပြန်ခရီးတွင်ကား ဂျပန်မြင်းတပ်များ၊ ဝန်တင်မြည်းတပ်များ၊ စက်သေနတ်ကြီးများအပါအဝင် စစ်လက်နက် ကိရိယာအပြည့်အစုံတပ်ဆင်ထားသည့် တပ်ခွဲတစ်ခွဲမျှရှိသော ဂျပန်တပ်များနှင့်တွဲ၍လာခဲ့ကြရာ ဂျပန်တပ်သားများအား ကြည့်ပြီး အားကျမိပါသည်။ သူတို့လို ရှေ့တန်းသို့လိုက်ပြီး နယ်ချဲ့တပ်များနှင့်ရင်ဆိုင်တိုက်လိုက်ရလျှင်ဟုလည်း စိတ်ထဲက တောင့်တမိပေသည်။ ကျွန်တော်တို့ ရဲဘော်များကလည်း "နယ်ချဲ့ တပ်တွေနဲ့ တစ်ချီတစ်မောင်းလောက်တော့ချကြည့်ချင်တယ်"ဟု တဖွဖွ ပြောကြသည်။

– ၁၂ရက်မြောက်ညနေ ၅နာရီခန့်တွင် လက်နက်သေတ္တာ ၁၅၀နှင့်အတူ တောင်သုံးလုံးစခန်းသို့ ပြန်ရောက်ခဲ့ကြပေသည်။ ခရီးရောက်မဆိုက်ပင် ဗိုလ်ဉာဏအား ခရီးတစ်လျှောက် အတွေ့အကြုံများကို အစီရင်ခံသတင်းပို့ပြီး၊ လက်နက်သယ်ယူရေး အတွက်ပြင်ဆင်ရန်ရှိသည်များကို တင်ပြဆွေးနွေးကြသည်။ မော်တော်ကားလမ်းကြမ်းဖောက်ကျဉ်းမြောင်းသည့်လမ်းများကို ချဲ့ပြီး ချဲ့ပေးရန်၊ အန္တရာယ်များသောမြစ်ကြောင်းမှ သယ်ယူရေးကို နောက်ထပ်အသုံး မပြုရန်၊ ဆင်ဖြူတိုင်စခန်းရှိ မကျန်းမာသောလုပ်သားများကို အမြန်ဆုံးသယ်ယူရန်၊ လမ်းတစ်လျှောက်စခန်းအသီးသီး၌ မိုးလုံလေလုံတဲများဆောက်ပြီး ဆေးဝါးရိက္ခာအပြည့်ဖြည့်ပေးရန် စီစဉ်ကြသည်။

ထိုအချိန်တွင် ဗိုလ်ဉာဏမှာ ဘီအိုင်အေတပ်မှူးကြီးများ၏ အမိန့်အရ၊ တပ်သားအချို့နှင့်မော်လမြိုင်စစ်ကြောင်းသို့ အမီလိုက်သွားရန်ဖြစ်လာပေသည်။ စာရေးသူနှင့်ရဲဘော်တစ်စုမှာ ဤတစ်ခါဖြင့် အခွင့်တောင်းပေါ်ပြီ–ဟူ ဝမ်းပန်းတသာဖြင့် ဗိုလ်ဉာဏနှင့်အတူရှေ့တန်းသို့ လိုက်ပါခွင့်တောင်းခဲ့သည်။ သို့ရာတွင် ဗိုလ်ဉာဏက "တိုင်းပြည်လွတ်လပ်ရေးအတွက် တာဝန်ထမ်းဆောင်ရာတွင် ကျရာတာဝန်ကိုယူရမည်ဖြစ် ကြောင်း၊ ရှေ့တန်းတွင် တိုက်နေသူများအား နောက်တန်းမှ

လက်နက်ခဲယမ်းနှင့် ရိက္ခာထောက်ပံ့ရေးသည်လည်း မရှိမဖြစ်လိုအပ်ကြောင်း၊ စစ်ဦးကာလအတွင်းရုံးမရှိ၊ ဂါတ်မရှိ၊ ပုလိပ်မရှိသည့်အချိန်တွင်တောကြောင်များ၏ရန်ကိုကာကွယ်ဖို့လည်းလိုသေးကြောင်း၊ ရဲဘော်တို့မှာငယ်ရွယ်သူများ ဖြစ်၍နယ်ချဲ့ကိုတိုက်ရမည့်အချိန်များစွာကျန်သေးကြောင်း" နှစ်သိမ့်စကားပြောပါသည်။ ကျွန်တော့်အနေနှင့်မူထိုအချိန်ကအသက် ၂၂ နှစ်အရွယ်သာရှိသေးသဖြင့် "ငါတို့ကိုကလေး တွေလို့ သဘောထားတာပဲ"ဟု စိတ်ထဲကတွေးပြီးသိပ်မကျေနပ်လှပါ။

ဗိုလ်ဇတင်နှင့် ဗိုလ်စိန်ဝင်းတို့ကလည်း "ရဲဘော်တို့လိုတို့လည်းရှေ့တန်းလိုက်ဖို့ပြင်ကြတာပဲ၊ ဒါပေမဲ့ခေါင်းဆောင်တွေက မင်းတို့ဒီမှာပဲ တာဝန်ယူရမယ်ဆိုလို့ အခုဒီမှာရဲဘော်တို့နဲ့တွေ့ရတာပဲ" ဟုပြောပြီးဖျောင်းဖျကြပါသည်။ မှန်ပေသည်၊ ထားဝယ်မြို့ရှိ တို့ဗမာအစည်းအရုံးခေါင်းဆောင်များနှင့် ဘီအိုင်အေတပ်မှူးကြီးများက ထားဝယ်တွင်စုဆောင်းမိသောဘီအိုင်အေတပ်သားအားလုံးကို ရှေ့တန်းသို့မပို့လွှတ်ဘဲ၊ အချို့ကိုချန်ခဲ့ကာ ထားဝယ်ခရိုင်အတွင်း လိုအပ်သလို တာဝန်ခွဲဝေပေးရန်စီစဉ်ထားခဲ့သည်ဟုသိရသည်။ ထားဝယ် မြို့သို့ဂျပန်ဝင်ပြီးနှစ်လ၊ သုံးလအတွင်း ဂျပန်တို့၏ဖက်ဆစ် ရုပ်လုံးပေါ်လာချိန်တွင်ကားဘီအိုင်အေတပ်များ၏အရှိန်အဝါကိုလန့်ကာ ဖက်ဆစ်များထင်တိုင်းမကြဲရဲတော့သည်ကို တွေ့ရတော့မှပင် ခေါင်းဆောင်များ၏ရှေ့ရေးအမြင်ကျယ်မှုကို ချီးကျူးမိပါတော့သည်။

စာရေးသူသည် ဘွန်တီးစခန်းသို့ဒုတိယအခေါက် ရောက်ခဲ့သေးသော်လည်း မိုးဦးကျကာလဖြစ်သဖြင့် ပထမအခေါက်ကကဲ့သို့ ခရီးမတွင်လှချေ။ ရဲဘော် အလုပ်သမားများမှာလည်း နာမည်ကြီး တနင်္သာရီငှက်များအကြောင်းကို အလေးအလဲခံခဲ့ရသဖြင့် ဘွန်တီးပြန်မှလျှင် ငှက်များရှိရမည်ဟုပင် ဆိုမှတ်ပြုခဲ့ရပေသည်။ ငှက်များအကြောင်း သေဆုံးရသူမနည်းလှ၊ အချို့မှာ မသေသော်လည်း နာလန်မထူနိုင်သော အခြေသို့ဆိုက်ရောက်ရလေသည်။

မည်သို့ဆိုစေကိုယ်ကျိုးစီးပွားကို လုံးဝမမျှော်မှန်းဘဲနိုင်ငံလွတ်လပ်ရေးဟူသောအဓိကပန်းတိုင်အတွက်လွှန်ခဲ့သည့်နှစ်ပေါင်း ၃၆ နှစ်ကျော်ကျော်၊ စာရေးသူ အသက် ၂၂ ကျော်အရွယ်တွင် ကျရာနေရာမှတာဝန်ထမ်းဆောင်ခဲ့ရသဖြင့် ယနေ့ အသက် ၅၉ နှစ်အရွယ်သို့ရောက်ချိန်တွင် အတိတ်ကို တစိမ့်စိမ့်တွေးရင်းနှစ်သိမ့်ကြည်နူးမိပေသည်၊ နိုင်ငံတော်လွတ်လပ်ရေးပြီးယုံသာမကယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အဖြစ်သို့ပင် ရောက်ရှိနေပေပြီ။

စာရေးသူအပါအဝင်ဘီအိုင်အေရဲဘော်များ၊ အလုပ်သမားများ၊ ယိုးဒယားမှသယ်ယူခဲ့သည့် လက်နက်ခဲယမ်းမီးကျောက်များဖြင့်ပင်နယ်ချဲ့များအား မြန်မာ့မြေပေါ်မှ မောင်းထုတ်နိုင်ခဲ့ရုံမက၊ ဘီအိုင်အေကိုဖျက်သိမ်းပြီး ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီအေ)ကိုပြန်လည်ဖွဲ့စည်းရာတွင်လည်း ယင်း လက်နက်များဖြင့်ပင် တပ်ဆင်နိုင်ခဲ့သည်မဟုတ်ပါလား။ မျိုးချစ်ဗမာ့တပ်မတော် (ပီဘီအက်ဖ်)ကဖက်ဆစ်ဂျပန်များအား တော်လှန်ရာတွင်လည်း ယင်းလက်နက်များအပါအဝင် ဖြစ်ခဲ့သည်ဟုဆိုချင်သည်။

စာရေးသူတို့နှင့်အတူ တာဝန်ထမ်းဆောင်ခဲ့ရာတွင် ထားဝယ်နယ်သား၊ မြိတ်နယ်သားများသာမက၊ မွန်နှင့်ကရင်အမျိုးသားများပါ ပါဝင်ခဲ့သဖြင့် တနင်္သာရီတိုင်းဒေသကြီးသားအားလုံး ပါဝင်ခဲ့သည်ဟုဆိုနိုင်ပေသည်။ ထိုသို့ တက်ညီလက်ညီပါဝင်ခဲ့သဖြင့်လည်းနယ်ချဲ့တို့အား တစ်ပြည်လုံးတွင် အောင်ပွဲခံနိုင်ခဲ့သည်ဟုတထစ်ချ ယုံကြည်မိပေသည်။ ထိုစဉ်က လုပ်ဖော်ကိုင်ဖက်ရဲဘော်များအား မှတ်မိသမျှ စာရင်းတို့ကြည့်လိုက်သောအခါ- မြိတ်သားခေါင်းဆောင်သုံးဦးအနက် မေဂွာစခန်းတာဝန်ခံဖြစ်ခဲ့သူ ဦးဖိုးစိန်တစ်ဦးသာလျှင် အသက်ရှင်လျက်ရှိပြီး၊ ယခုအချိန်တွင် မြိတ်မြို့၊ သန်းဖိုရပ်တောကျောင်းတွင် သင်္ကန်းဝတ်အဖြစ်ရှိနေသည်ဟု သိရသည်။ ဓိက္ခာရုံဒေ စုဆောင်းရေးမှူးဖြစ်ခဲ့သူ ကျောက်မဲတောင်၊ မောင်းမြေ ရာဘာခြံစာရေးကြီး ဦးထွန်းရင်နှင့် တပ်ရင်းစတိုမှူးဖြစ်ခဲ့သူ ထားဝယ် ခံသဆော်ကျွှတ်စတိုမှူးဦးကျော်စ တို့မှာမြိတ်မြို့တွင် ကွယ်လွန်သွားပြီဟု သိရှိရပေသည်။

ဆင်ဖြူတိုင်စခန်းတာဝန်ခံဖြစ်ခဲ့သူ ဟိန္ဒားမိုင်း အိုဗာစီယာဦးချစ်ထွန်းနှင့် စစ်သားစုဆောင်းရေးကျေးရွာလူကြီးများဖြစ်ကြသော ဦးဖိုးဟန်နှင့် ဦးဖိုးသက်တို့မှာလည်း ကွယ်လွန်ခဲ့ပြီဟုသိရှိရပြီး ဦးကြီးခင်တစ်ဦးတည်းသာလျှင် အသက် ၈၀ အရွယ် ချက်စီကွယ်ပြီး တောင်သုံးလုံးရွာရှိ သားသမီးများထံမှီခိုနေထိုင်လျက်ရှိသည်ဟု သိရသည်။

တောင်သုံးလုံးတပ်ရင်း အထွေထွေအရာရှိဖြစ်ခဲ့သူ သစ်ကုန်သည်ဦးထွန်းပင်မှာ ၁၉၇၂ ခုနှစ်ကပင်ကွယ်လွန်သွားခဲ့ပြီး၊ ဒုတပ်ရင်းမှူးဖြစ်ခဲ့သူ ဗိုလ်ဇတင် (ကညွန့်ရပ်)မှာ ၁၉၄၉ ခုနှစ်ကပင် ကွယ်လွန်ခဲ့ပေပြီ။ ဗိုလ်စိန်ဝင်းမှာ ယခုအချိန်တွင် ရန်ကုန်မြို့၌ နေထိုင်လျက်ရှိပေသည်။

အလုပ်သမားစုဆောင်းရေးမှူးကိုဇထူးမှာဗိုလ်ဇလတပ်တွင်ဝင်ရောက်လိုက်ပါသွားပြီး ဘီဒီအေ အနောက်မြောက်တိုင်းမှူးဖြစ်လာပြီး၊ ဖက်ဆစ်တော်လှန်ရေးတွင် ဗိုလ်မှူးကြီးဇထူး အဖြစ်ထင်ရှားကျော်ကြားခဲ့သူတစ်ဦးဖြစ်၍ အထူးတင်ပြစရာ မလိုတော့ဟု ယူဆပါသည်။

အဓိကခေါင်းဆောင်ဖြစ်သူ ဗိုလ်ဉာဏမှာ ထားဝယ်မှမော်လမြိုင်စစ်ကြောင်းသို့လိုက်ပါသွားရာ ၁၉၄၂ ခုနှစ်အတွင်း

တာဝန်တိုက်ပွဲတွင်ကျဆုံးသွားခဲ့သည်ကို သမိုင်းတွင်မှတ်တမ်းတင်ကျန်ခဲ့ပြီးဖြစ်ပေသည်။ စာရေးသူနှင့်အရင်းနှီးဆုံးဖြစ် သော ဒုတပ်ခွဲမှူးကိုဘချစ်တင် (လောင်းလုံ) မှာ၁၉၇၈ခုနှစ်အတွင်းကွယ်လွန်ခဲ့ပေသည်။ ဘွန်းတီးစခန်းတာဝန်ခံဖြစ်ခဲ့ သူဦးချစ်ထွန်းမှာဟိန္ဒားမိုင်း၊ စက်ဘက်ဖိုမင်ဘဝမှာအငြိမ်းစား ယူကာ ထားဝယ်မြို့၊ ကရပ်ပြင်ရပ်ကွက်တွင် လည်းကောင်း၊ လက်နက်တိုက်မှူးဖြစ်ခဲ့သူကိုငွေလှိုင်မှာထားဝယ်မြို့၊ ဘုမျှော်ရပ်ကွက်တွင်လည်းကောင်း၊ မေတ္တာစခန်း ဒုတာဝန်ခံဖြစ်ခဲ့သူကိုသန်းခင်(တောင်သုံးလုံး)မှာယာ မြင်းကြီးမိုင်းတွင်လက်ထောက်အင်ဂျင်နီယာအဖြစ်လည်းကောင်း၊ လက်နက်သယ်ဗိုလ်တပ်ခွဲမှူးတစ်ဦးဖြစ်ခဲ့သူကိုပါမှာ ဆောင်းတောရေအားလျှပ်စစ်စက်ရုံတွင် ဖိုမင်အဖြစ်လည်းကောင်း၊ ကိုမောင်သိုင်း(ဟိန္ဒား)မှာယခုအချိန်တွင် ဟိန္ဒားသတ္တုတွင်း၌လည်းကောင်း၊ ကိုမောင်ကြည်(တောင်သုံးလုံး) မှာတောင်သုံးလုံးသတ္တုတွင်း၌လည်းကောင်း အသက်ရှင်လျက်ရှိနေကြပေသည်။ ဗိုလ်ညထွန်းနှင့်အတူလိုက်ပါသွားကြသူများအနက် ကိုထွန်းလှ(ဟိန္ဒား)နှင့် ကိုအုန်းဖေ(ဟိန္ဒား)တို့မှာ ရန်ကုန်မြို့၌နေထိုင်လျက်ရှိသည်ဟု သိရပေသည်။ ဗိုလ်ညထွန်းနှင့်အတူ လိုက်ပါသွားသောလောင်းလုံမြို့နယ်၊ သကျက်တောရွာမှရဲဘော်ခုတီးတစ်ယောက်မှာမူယနေ့အထိသေသည်ရှင်သည်မသိရတော့ပေ။

ဤဆောင်းပါးဖြင့် ဗမာလွတ်လပ်ရေးတိုက်ပွဲတွင်ကျရာနေရာမှတာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့သောရဲဘော်များ အား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

ဦးစိန်လင်း

မှတ်ချက် ။ ။ လွန်ခဲ့သော နှစ် ၃၀ ကျော် ၁၉၇၉ ခုနှစ်က ထုတ်ဝေသည့် တနင်္သာရီတိုင်းမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့်ဆောင်းပါးကိုပြန်လည်ဖော်ပြခြင်းဖြစ်ပါ၍ဆောင်းပါး ရှင် ဦးစိန်လင်းနှင့် တကွ ကာယကံရှင်အားလုံး ကွယ်လွန်သွားရှာကြပြီဖြစ်ပါသည်။

လိုအပ်ချက်

လူဘုံဂဏ၊ကြုံကြတို့တွေမှာ
သင်ခန်းစာ ရင်မှာအပြည့်
အခါခါရှိခဲ့ကြ ....

လူအကြိုက် အခါခါလိုက်ရ
ဆန္ဒတစ်ခုပြေညီခဲ့မှု...
ဖြည့်သည့်သူအား အမုန်းထား
ချက်ကွယ်ပြားသော်
အတင်းစကားထားတတ် လူအတတ်တွေ
ထားဝယ်တွေမှာ ကိန်းအောင်းနေသေး ။

တို့တစ်တွေရဲ့ ....
အတွေးဆိုးလှိုင်း စရိုက်မှိုင်းတို့
ပြင်ဆင်ဖို့ရန် အချိန်တန်ပြီ....

တို့တွေညီညီ စိတ်ကိုစီကာ
မသောင်လေး နှောင်ရေးအေးစေ
ဖယ်ခွာကြမလေ ညီကြညီစေ

မျိုးဆက်ထားဝယ်တွေ...
ပျော်ရွှင်စေသား ညီနောင်များတို့ ။ ။

ဇာနည်မောင်

ထားဝယ်စစ်ကြောင်းနှင့် ဗိုလ်ဥက္ကာတပ် စစ်ချီလမ်းကြောင်း

● တင်ပြသူ – ဦးရန်ရှင်း (ထားဝယ်)

ဗိုလ်မျိုးညွန့်

မြန်မာ့လွတ်လပ်ရေးအတွက် ဂျပန်တို့က (၁) မြန်မာလူငယ်တို့အား ဂျပန်သို့ခေါ်ယူ၍ စစ်ပညာ သင်ကြားပေးရန်၊ (၂) လိုအပ်သောလက်နက်များထုတ်ပေးရန်နှင့် (၃) တနင်္သာရီတိုင်းကိုသိမ်းပိုက်ပြီးက လွတ်လပ်ရေးကြေငြာပေးရန် ဆိုသောအောင်ဆန်း–ဂျပန်သဘောတူညီမှု အစီအစဉ်အရ သခင်အောင်ဆန်း ဦးဆောင်သော ရဲဘော်သုံးကျိပ် ၃၀ တို့သည် မြန်မာနိုင်ငံမှ အလျှိုအလျှိုလစ်ထွက်ခဲ့ကြပြီး ဟိုင်နန်ကျွန်းနှင့် ဖော်မိုဆာကျွန်းတို့တွင် တစ်နှစ်နီးပါးကြာမျှ စစ်သင်တန်းတက်ခဲ့ကြသည်။

သင်တန်းပြီးဆုံး၍ဗန်ကောက်မြို့သို့တစ်သုတ်ပြီးတစ်သုတ်ခွဲ၍ပြန်လာနေစဉ် အရှေ့အာရှစစ်ပွဲကြီးစတင်ဖြစ်ပွားလာခဲ့သည်။ ဂျပန်သည် ဟာဝိုင်ယီကျွန်းရှိ အမေရိကန်ရေတပ်အခြေစိုက်စခန်း ဖြစ်သော ပုလဲဆိပ်ကမ်းကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၇ရက်နေ့တွင် စစ်မကြေညာဘဲ အလစ်အငိုက် ဝင်ရောက်ဗုံးကြဲတိုက်ခိုက်ရာမှ အင်္ဂလိပ်နှင့်အမေရိကန်တို့ ၈–၁၂–၄၁နေ့၌ ဂျပန်ကိုစစ်ကြေညာကာ စစ်ထဲသို့ဝင်ရောက်လာခဲ့ကြသည်။

ဗန်ကောက်သို့ ရဲဘော်သုံးကျိပ်ဝင် နောက်ဆုံးအသုတ် ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ရက်နေ့တွင် ရောက်ရှိလာခဲ့ပြီးနောက် ဗမာ့လွတ်လပ်ရေးတပ်မတော်(ဘီအိုင်အေ)ကို ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ရက်နေ့တွင် အပြီးသတ်ဖွဲ့စည်းခဲ့လေသည်။ ထိုသို့ဖွဲ့စည်းခဲ့ရာတွင် မြန်မာ့လွတ်လပ်ရေးကို လိုလားသည့် ဗိုလ်မှူးကြီး ဆူဇူကီးဦးဆောင်သော မီနာမီကီကန်းအဖွဲ့ဝင် ဂျပန်ဗိုလ် ၇၄ဦးတို့ဖြင့်ပေါင်းစပ်၍ ဖွဲ့စည်းခဲ့ခြင်းဖြစ်ရာ ဗိုလ်မှူးကြီးဆူဇူကီးသည် ဘီအိုင်အေ၏ စစ်သေနာပတိ ဗိုလ်ချုပ်ကြီးဖြစ်လာ၍ သခင်အောင်ဆန်းမှာ ဒုတိယစစ်သေနာပတိ ဗိုလ်တေဇ ဖြစ်လာသည်။

ထိုသို့ဘီအိုင်အေကိုဖွဲ့စည်းခဲ့ပြီးနောက် ဘီအိုင်အေနှင့် ဂျပန်အမှတ်၁၅ တပ်မတော်တို့အတူလက်တွဲပြီး မြန်မာနိုင်ငံအတွင်းသို့စစ်ကြောင်းသုံးကြောင်း ဖြန့်၍ချီတက်ရန် သတ်မှတ်သည်။ စစ်ကြောင်းသုံးကြောင်းမှာ(၁)မဲဆောက်–မြဝတီမှ မော်လမြိုင်သို့တစ်ကြောင်း၊ (၂)ကန်ချနာဗူရီမှထားဝယ်သို့တစ်ကြောင်း၊ (၃) ချွန်ဖုန်း–ဝိတိုရိယ (ကော့သောင်း)မှ မြိတ်သို့တစ်ကြောင်း ဖြစ်လေသည်။

သို့သော် တကယ်တမ်း ချီတက်သောအခါ ဘီအိုင်အေ ဌာနချုပ်ပင်မတပ်သည် ဂျပန်တပ်အမှတ်၁၅ တပ်တော်လက်အောက်ခံတပ်များဖြစ်သော တပ်မ ၃၃ နှင့် တပ်မ ၅၅ တို့နှင့်အတူ မဲဆောက်–မြဝတီမှ မော်လမြိုင်စစ်ကြောင်းသို့ မလိုက်ပါတော့ဘဲ မိမိကိုယ်ပိုင်သီးခြား စစ်ကြောင်းဖြင့် မဲဆောက်မြောက်ဘက်ခပ်လှမ်းလှမ်းရှိ သာဆောင်ရမ်း *(Tha Song Yang)*မှ ရှေ့ဦးတိုက်၍ မြန်မာနယ်စပ်ကူးဆိပ်မှ တစ်ဆင့်ချီတက်ခဲ့ခြင်းကြောင့် စစ်ကြောင်းတစ်ကြောင်းတိုးလာကာ စစ်ကြောင်းလေးကြောင်းဖြစ်သွားလေသည်။ ထိုစစ်ကြောင်းကို ဇာထွန်းစစ်ကြောင်းဟု ခေါ်ဆိုကြပြီး ဗိုလ်မိုးကြိုးနှင့်ဗိုလ်တေဇတို့ကိုယ်တိုင် ဦးဆောင်ကွပ်ကဲသည်။

ဤကဲ့သို့ ဗိုလ်မိုးကြိုးသည် ဘီအိုင်အေဌာနချုပ် ပင်မတပ်၏ စစ်ချီလမ်းကြောင်းကို ပြောင်းလဲလိုက်ခြင်းနှင့်ပတ်သက်၍ နောက်ပိုင်းကျမှသိရသည်မှာ ဘီအိုင်အေသည် ဂျပန်အမှတ် ၃၃ တပ်မနှင့် အမှတ် ၅၅ တပ်မတို့ နောက်မှ တကောက်ကောက်လိုက်၍ စစ်တလင်း၌ကောက်သင်းကောက် အလုပ်မျိုးကို လုပ်ရန်မလို၊ မိမိကိုယ်ပိုင် သီးခြားစစ်ကြောင်းဖြင့် လွတ်လပ်စွာ တိုက်ပွဲဝင်ရန်း၊ လေ့ကျင့်ရန်းနှင့် စိတ်ဓာတ်ရေးရာ ဗိုမို



တက်ကြွနိုင်မလာစေပြီး ဂျပန်တပ်နှင့် ပခုံးချင်းယှဉ်နိုင်လာစေရန်တစ်ကြောင်း၊ ရန်ကုန်ကို ဂျပန်တပ်ထက် ဦးစွာသိမ်းပိုက်လို၍တစ်ကြောင်း ဖြစ်သည်ဟုဆိုပါသည်။ **(အီစုမိယ၏ ကျွန်တော်ပါဝင်သောမီနာမီကီကန်း)**

ထားဝယ်စစ်ကြောင်း

ဒုတိယဗိုလ်ချုပ်ကြီး ကာဝါရှီမား၊ ဗိုလ်မှူးကြီး အီစုမိယ၊ ဗိုလ်မှူးကြီးလက်ျာတို့ ဦးစီးသော ထားဝယ် စစ်ကြောင်းသည် ၈-၁-၄၂တွင် ဗန်ကောက်မှ ကန်ချနာဘူရီသို့ ထွက်ခွာလာခဲ့ကြသည်။ ထိုတပ်ဖွဲ့တွင် ၃-ဗိုလ်မှူးကြီးလရောင်၊ ဗိုလ်မှူးဇေယျ၊ ဗိုလ်မှူးညာဏ၊ ဗိုလ်မှူး မြင့်အောင်၊ ဗိုလ်မှူး မင်းရောင်တို့ ပါဝင်၍ ဂျပန်ဗိုလ်များထဲမှ ဗိုလ်မှူးကြီးနိုးအိ၊ ၃-ဗိုလ်မှူးကြီး တိုမိုတိုနှင့် အခြားဂျပန်ဗိုလ်မှူး ၆-ဦးတို့ပါဝင်သည်။တပ်သားများ အနေဖြင့် ဗန်ကောက်တွင် ခွဲတန်းရရှိခဲ့သည့်ဦးရေ ၃၈ယောက်နှင့် ကန်ချနာဘူရီရောက်သော် ၅၅ယောက်ထပ်မံစုဆောင်း ရရှိသည်။

ထားဝယ်စစ်ကြောင်းသည်ကန်ချနာဘူရီမှ ကွေ့မြစ်ကြောင်းအတိုင်း ဆန်တက်ပြီး ချီတက်ခဲ့ရာ ၇၅-မိုင်ခန့်ဝေးသော ဘွန်တီးသို့ရောက်သည်။ (ဘွန်တီးသည် ထားဝယ်မြို့မှ ၁၀၄ မိုင် ဝေးသည်) ထိုမှ ယိုးဒယားနယ်စပ် ဝန်ပိုရွာသို့ ရောက်သောအခါ ရှေ့တက်လာသော ဂျပန်တပ်မ-၅၅ တပ်ရွယ်မှ တပ်ဦးဖြစ်သော ဗိုလ်မှူးကြီးအိုကီး၏ အမှတ်၁၁၂ တပ်မနှင့် ပေါင်းမိကြသည်။

ထိုမှမြန်မာနယ်စပ်ဆင်ဖြူတိုင်တွင် နောက်တန်း စခန်းဖွင့်၍ ဘီအိုင်အေတပ်နှင့်ဂျပန်တပ် (၃-ဗိုလ်မှူးကြီးတိုမိုတိုဗိုလ်မင်းရောင်၊ ဗိုလ်ညာဏ) ပူးပေါင်း၍ တနင်္သာရီမြစ်ကြောင်းအတိုင်း ချီလာခဲ့ရာ ၁၆-၁-၄၂ တွင် မေတ္တာရွာတစ်ဖက်ကမ်း ဘန်းချောင်းကမ်းနဖူးသို့ရောက်ရှိသည်။ မေတ္တာရွာသည် ထားဝယ်အရှေ့မိုင်တိုင် ၃၄ရှိထားဝယ်-မေတ္တာကားလမ်း အဆုံးတွင် တည်ရှိသည့်ကရင်ရွာကြီးတစ်ရွာဖြစ်သည်။ဘန်းချောင်း နှင့် မဓောင်းသွယ်ချောင်းတို့သည် မေတ္တာရွာတွင် ပေါင်းစပ်ပြီး တနင်္သာရီမြစ်အဖြစ်ဖြင့် မြိတ်ခရိုင် တနင်္သာရီမြို့ အနီးမှ ကွေ့ပိုက်၍ မြိတ်ကျွန်းဆီသို့ စီးဆင်းကာ မြစ်သုံးမွှာ ခွဲထွက်ပြီး ကပ္ပလီပင်လယ်ထဲသို့ စီးဝင်သွားသည်။

ဘန်းချောင်းကမ်းနဖူးသို့ ရောက်လျှင်ပင် မေတ္တာတွင် တပ်စွဲထားသော အင်္ဂလိပ်စစ်တပ်၏ ရှေ့ပြေးကင်းအမှတ် ၆ သေနတ်ကိုင်တပ်ရင်းနှင့် စွေဆော်ဦးတိုက်ပွဲဖြစ်ပွားသည်။ ၂နာရီကြာမျှ နှစ်ဖက်စလုံး အပြင်းအထန် တိုက်ခိုက်ကြပြီးနောက် အင်္ဂလိပ်တပ်မှ ဂေါ်ရခါးတပ်သား ၂၀၀ကျော် တကြေမ်းဆုတ်ခွာသွားသဖြင့် မေတ္တာရွာကိုသိမ်းပိုက်မိကြသည်။ ထားဝယ်စစ်ကြောင်းသည် မေတ္တာတွင်တစ်ညတာစခန်းချပြီးနောက် ၁၇-၁-၄၂ တွင် မိုင်တိုင်၂၈ရှိ တောင်သုံးလုံးရွာ သတ္တုမိုင်းနယ်မြေများကို သိမ်းပိုက်ရရှိ ညအိပ်ရပ်နားသည်။

ဘွန်တီးမှလက်နက်သယ်ယူရေး

တောင်သုံးလုံးတွင် ဗိုလ်ညာဏတပ်သည် ရှေ့သို့ဆက်လက်မချီတက်ရတော့ပေ။ ဘွန်တီးတွင် အမြောက်အမြား စုပုံကျန်ရစ်နေသည့် လက်နက်ခဲယမ်းများကို သွားရောက်သယ်ယူရေးတာဝန်ဖြင့်နေရစ်ခဲ့ရသည်။ ဗိုလ်ညာဏသည် သတ္တုမိုင်း ဘန်ဂလိုတွင် စခန်းရုံးဖွင့်လှစ်ပြီး ရာတာခြံနှင့်သတ္တုမိုင်းများမှ အလုပ်သမား ၇၀၀ကျော်ကိုစုစည်း၍ ဘွန်တီးမှ လက်နက်များကို နှစ်ခေါက်တိတိ သွားရောက်သယ်ယူစေခဲ့ရသည်မှာ မေဖော်ဝါရီလကုန်အထိ တစ်လခွဲ နီးပါးကြာလေသည်။ ထိုသို့သယ်ယူခြင်းနှင့်ပတ်သက်၍ အလုပ်သမား အုပ်စုတစ်စုကို ကြီးကြပ်ကွပ်ကဲလိုက်ပါခဲ့သူ ရဲဘော်စိန်လင်း (ဖဆပလအမတ်ဟောင်း)က ၁၉၇၉ခုနှစ်၊ တနင်္သာရီတိုင်း မဂ္ဂဇင်းတွင် ရေးသားဖော်ပြခဲ့ဖူးပါသည်။

ထားဝယ်စစ်ကြောင်းသည် ၁၈-၁-၄၂နေ့၌ တောင်သုံးလုံးမှ ထားဝယ်ဘက်သို့ ဆက်လက်ချီတက်ခဲ့ရာ ၂၅ မိုင်တောင်ထိပ်တွင် အခိုင်အမာတပ်စွဲ စောင့်ဆိုင်းနေသော အင်္ဂလိပ်စစ်တပ်နှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲဖြစ်ပွားသည်။ ထိုတိုက်ပွဲတွင် ဂျပန်တပ်မှ တပ်သား နှစ်ယောက်ကျဆုံးပြီး ရှေ့မတိုးနိုင်ဘဲရှိစဉ်

နယ်ကျွမ်းသော ဘီအိုင်အေတပ်သည် တောင်နဘေးမှ ပန်းတက်၍ ရန်သူနောက်ကြောမှညပ် တိုက်လေသောအခါ အင်္ဂလိပ်တပ်မှ ကုလားစစ်သားများအတုံးအရုံး ကျဆုံးပြီး လက်နက်ချအရှုံးပေးသဖြင့် ၂၅–မိုင်စခန်းကို အောင်နိုင်ခဲ့သည်။ (ထို ၂၅–မိုင် တိုက်ပွဲအကြောင်းကို ကာဝါရှီးမားကိုယ်တိုင် ၁၉၈၀ ပြည့်နှစ်တွင် ထားဝယ်သို့ရောက်လာစဉ်က ပြောပြခဲ့သည့်အတိုင်း ဖော်ပြလိုက်ခြင်းဖြစ်ပါသည်။)

ထိုမှဆက်လက်ပြီး ဝကုန်းမိုင်းနယ်မြေ၊ သက်နှဲတုံးမိုင်းနယ်မြေ၊ ပကားရီမိုင်းနယ်မြေတို့ကို ခုခံမှုတစ်စုံတစ်ရာမတွေ့ရဘဲ သိမ်းပိုက်ရရှိသည်။ ပကားရီမိုင်း နယ်မြေ (ထားဝယ်မှ ၁၀–မိုင်) သို့ရောက်သောအခါ မိုးအတော်ချုပ်နေပြီဖြစ်သော်လည်း နားနေလို့မဖြစ်တော့ပေ။ အကြောင်းမှာ နောက်တစ်နေ့နံနက် ၅–နာရီ ထားဝယ်အရောက် ချီရမည်ဟု နောက်ပိုင်းဌာနချုပ်မှအမိန့်ရောက်လာနေသည့်အတွက်ဖြစ်ပါသည်။ ထို့ကြောင့် ထားဝယ်စစ်ကြောင်းသည် ပကားရီ၊ ရေပိုင်း၊မောင်မယ်ရောင်ရွာ လမ်းအပိုင်းရှိတောင်ကြားလမ်းအတိုင်း ဆက်လက်ချီတက်ခဲ့သည်။ (လမ်းချိုးအတိုင်းဆိုလျှင် ပကားရီ၊ မဲရောင်း၊ ကဈာ၊ ကသန်း၊ တလိုင်းတောင်၊ ဇလွန်း၊ ထားဝယ် မော်တော်ကားလမ်းဖြစ်သည်။)

ထိုတောင်ကြားသို့ရောက်သောအခါ အသင့် စောင့်နေသော ပန်ချာပီတပ်နှင့် ဂေါ်ရခါးတပ်ခွဲ တစ်ခွဲကျော်ကျော်တို့၏ ဆီးကြိုတိုက်ခိုက်မှုကို ရင်ဆိုင်နေရတော့သည်။ အချိန်မှာ ည ၁၂နာရီခန့်ရှိနေပါပြီ။ ရန်သူတို့ရှိရာမှ သေနတ်ကျည်ဆန်နှင့်အတူ မီးပွင့်တွေ ထွက်လာသည့်နေရာကို လက်နက်ကြီးများနှင့် ပစ်လေသောအခါ ရန်သူသည် ကြာကြာမခံဘဲ ဆုတ်လေသည်။ ဤတိုက်ပွဲတွင် ရန်သူဘက်မှ ၂၅–ယောက် ခန့်ကျ၍ မိမိတို့ဖက်မှလည်း အကျအဆုံးရှိသည်။ သုံ့ပန်း၂၀ ရမိရာ မွက်နာဖြူအရာရှိများနှင့်ဂေါ်ရခါး တပ်သားများပါဝင်သည်။

ထားဝယ်သိမ်းပိုက်သည့်နေ့

၁၉–၁–၄၂ နေ့မိုးလင်းစအချိန် ထားဝယ်အဝင်ဝ ပေါ်ရွာနားအရောက်တွင် နောက်ထပ်တိုက်ပွဲကြီး တစ်ပွဲ ဆင်နွှဲကြရပြန်ပါသည်။ ညကတောင်ကြားလမ်းမှ ဆုတ်ခွာခဲ့သော ဂေါ်ရခါးတပ်သည် ဤနေရာမှ ခုပြန်၍ခံနေခြင်းဖြစ်သည်။ မြေကတုတ်၊ ဘန်ကာများကို အကာအကွယ်ယူထားသောကြောင့် သူတို့ကအသာစီးမှ ရှိနေသည်။ နောက်ပြီး ရန်ကုန်မှ ရောက်လာဟန်တူသော ဘဖလိုးလေယာဉ်နှစ်စီးတို့ကလည်း သူတို့ဘက်မှ ဝင်ကူပေးသည်။ ထို့ကြောင့် မိမိဘက်ကလည်း ပိုင်ယာလက်ဆက်ဖြင့် နောက်ပိုင်းဌာနချုပ်သို့သတင်းပို့လိုက်ရသည်။ "လေတပ်အကူအညီလာပါ။ ထားဝယ်မှာ သူတို့ဘက်မှ လေယာဉ်ပျံတွေ ဝင်ကူပေးနေတယ်" ဟူ၍ဖြစ်သည်။ (ထားဝယ်စစ်ကြောင်းမှ ဗိုလ်မင်းရောင်၏ ထွက်ဆိုချက်ကို တက္ကသိုလ်စိန်တင်က မိမိ၏ ရဲဘော်သုံးကျိပ်မော်ကွန်းတွင် ဖော်ပြထားချက်၊ စာ–၁၉၉)

ဤနေရာမှစ၍ထားဝယ်မြို့ကို ဂျပန်သိမ်းပိုက်သည့်နေ့ စာရေးသူကိုယ်တွေ့ကို ဖော်ပြပါမည်။ ဂျပန်သည် ပုလဲဆိပ်ကမ်းကို ၇–၁၂–၄၁ နေ့တိုက်ခိုက်အပြီး ၄–ရက်အကြာ၁၁–၁၂–၄၁ နေ့ ညနေ ၃း၃၀အချိန်တွင် ထားဝယ်မြို့ကို စက်တစ်လုံးတပ် လေယာဉ်ပျံ ၂၄–စီးဖြင့်လာရောက် ဗုံးကြဲရာ လေယာဉ်ကွင်းရှိ ဓါတ်ဆီလှောင်ကန် ဗုံးထိမှန်ပေါက်ကွဲကာ မီးလောင်ဆုံးရှုံးသွားလေသည်။ လေယာဉ်ကွင်းအနီးရှိ ကန်သာဘုန်းတော်ကြီးကျောင်းဝင်းထဲသို့လည်း ဗုံးတစ်လုံးကျကွဲသဖြင့်ဘုန်းကြီးကျောင်းသားတစ်ဦး၊ မိန်းမကြီးတစ်ယောက်၊ လွတ်ကိုက်သမားနှစ်ဦးပေါင်းလေးဦး သေဆုံးခဲ့လေသည်။ ဂျပန်လေယာဉ်တို့သည် ဆိုခဲ့သလို လေယာဉ်ကွင်းကိုဗုံးကြဲရုံမျှအပ၊ မြို့လူထုကို တစ်စုံတစ်ရာပစ်ခတ်တိုက်ခိုက်မှု မပြုလုပ်ဘဲ မြို့ပေါ်မိနစ်၃၀ကြာမျှပျံဝဲကြပြီးနောက် ဝင်လာတုန်းကကဲ့သို့ ၃စီးတစ်တွဲ ညီညာစွာစုစည်းကာ အရှေ့ဘက်တူရွှေသို့ကူးမြှေ့ရာ ပြန်လည်ထွက်ခွါသွားကြလေသည်။ ထိုသို့ဗုံးကြဲပြီး နောက်နေ့များမှစ၍ ကျောင်းတွေအကုန်ပိတ်သွားပြီး မြို့လူထုအားလုံးနီးပါးတို့လည်း မိမိတို့၏ဆွေမျိုးသားချင်းမိတ်ဆွေတို့ရှိရာ ကျေးရွာများသို့ ပြောင်းရွှေ့ကုန်ကြ၍ မြို့မှာ ခြောက်ကပ်ကပ်နှင့် တိတ်ဆိတ်နေပါတော့သည်။ အများနည်းတူပင် ကျွန်တော်တို့မိသားစုလည်း မိတ်ဆွေများရှိရာဇဝတီ သကြက်တောရွာသို့ ထွက်ခွာသွားကြသဖြင့် တံငါရပ်နေအိမ်တွင် ကျွန်တော်၊ အစ်ကိုကြီးနှင့်အဖော်ဖြစ်သူ ကိုဖအို ပေါင်းသုံးဦးတို့ အိမ်စောင့်အဖြစ်ကျန်နေခဲ့ကြသည်။

ထိုသို့နေလာ၍ တစ်လကျော်အကြာကာလ ၁၉–၁–၄၂ နေ့အကူး ညသန်းခေါင်ယံအချိန်မှစ၍ ထားဝယ်အရှေ့ ဓပ်လှမ်းလှမ်းဆီမှ ဖော်တာထုသံကို လေးလေးမှန်မှန်ကြားနေခဲ့ရသည်။ မိုးလင်းသောအခါ ကျွန်တော်သည် မြို့တွင်းအခြေအနေသိချင်စောဖြင့် စက်ဘီးတစ်စီးစီးကာ မြို့လယ်ဈေးကြီးနားတစ်ပိုက်သို့ စနည်းနာ ထွက်ခဲ့ပါသည်။ ရှေ့ဦးဆုံး ဈေးကြီးတောင်ဘက်လမ်းမှရုံကြီးဘက်သို့ တောင်ကြည့်မြောက်ကြည့်ထွက်ခဲ့ရာ လမ်းဆုံလမ်းခွတို့၌လူ ၅–ယောက်တစ်စု၊ ၁၀–ယောက်တစ်စု ဆိုသလို စုဝေးကာ ထိုင်နေကြပါသည်။ သူတို့လည်း အခြေအနေစောင့်ကြည့်နေကြဟန်တူပါသည်။ သို့နှင့်ရုံးကြီး အရှေ့ အလယ်လမ်းသို့ရောက်သောအခါ ကျွန်တော့်မှာ ရှေ့ဆက် မသွားဝံ့တော့၍ ဒီဆူဇာဆေးဆိုင်မှကွေ့ပိုက်၍ ယိုးဒယားလမ်း (ယခု– အာဇာနည်လမ်း)အတိုင်း ဆင်းလာခဲ့

သည်။ ရုံးကြီးသို့ လှမ်းကြည့်လိုက်ရာ တစ်ဦးတစ်ယောက်ကိုမျှ မတွေ့ရ။ သို့သော်လည်း ရုံးကြီးနှင့် စလွယ်စုတ် ရိုးကုမ္ပဏီ *(Row & Co:)* (ယခုမြဝတီဘဏ်) ရှေ့တွင်တော့ ရဲတင်းကိုင် လူတစ်စု ဆိုင်းဖောက်ရန် တာစူနေကြပါသည်။ ဆက်လက်၍ လာရာ လမ်းဆုံကြီးသို့ရောက်သောအခါ သော့ပိတ်ထားသော စတိုးဆိုင်များအားလုံးကို သော့ဖျက်၍ပစ္စည်းများ သယ်ယူနေကြသည့် လူအုပ်ကြီးကိုတွေ့ရ၍ကျွန်တော်လည်း စက်ဘီးပေါ်မှဆင်း ကာရပ်ကြည့်နေမိသည်။ ထိုစဉ်ဆိုင်တစ်ဆိုင်ထဲမှပစ္စည်းအိတ်ကြီးတစ်အိတ်ကို မနိုင့်တနိုင်ထမ်းပိုးပြီး ထွက်လာသူ လူကြီးတစ်ယောက်က ကျွန်တော့်အား "မောင်လေး (ထိုစဉ်က ကျွန်တော်၁၇-နှစ်)ဒါယူသွား"ဟု ပြောပြောဆိုဆို မိမိလက်ထဲသို့ ပိုလိုစီးကရက် ၅-တောင့်ကို အတင်းထိုးပေးပြီး ထွက်ခွာသွားလေသည်။ ကျွန်တော်လည်း စီးကရက်၅-တောင့်ကိုပိုက်ကာ အိမ်ပြန်ခဲ့လေသည်။ အိမ်ရောက်သောအခါနံနက် ၈-နာရီခန့် ရှိနေပါပြီ။ ထိုအချိန်တွင်ကောင်းကင်ပေါ်မှလေယာဉ် စက်သံနှင့် စက်သေနတ်သံရောထွေး ထွက်ပေါ်လာသဖြင့် လမ်းမပေါ်ထွက် ကြည့်ရာ လေးလေးတွဲတွဲ ဘဖလိုးလေယာဉ်ကြီး နှစ်စီးကို သွက်လက်ဖြတ်လတ်သည့် ဂျပန်လေယာဉ်တစ်စု တို့ကဝိုင်း၍ ပစ်ခတ်ကြသည့်အတွက် ဘဖလိုးလေယာဉ်တစ်စီးသည် စက်ခေါင်းမှ မီးခိုးအူထွက်ကာ အရှေ့ဘက်တောင်ကြားထဲသို့ ထိုးစိုက်ဆင်းသွားသည်။ ကျန်ဘဖလိုးတစ်စီး ပင်လယ်ဘက် ထွက်ပြေးသည်ကို ဂျပန်လေယာဉ်တို့ကနောက်မှ နေ၍ပစ်ရင်း ခတ်ရင်းလိုက်ပါ သွားသဖြင့် ထိုလေယာဉ်လည်း ပျက်ကျမည် မလွဲဟုထင်မှတ်ရ ပါသည်။ ဤသို့လျှင်ကုန်းရောလေပါ တိုက်ပွဲသံတွေညံလာနေသော အခြေအနေကြောင့် နေလို့မဖြစ်တော့၍ ကျွန်တော်တို့ သုံးဦးသား အိမ်ကိုသော့ပိတ်ပြီးကြက်စားပြင် ရပ်ကွက်ရှိကူးတို့ဆိပ်သို့ ဒရောသောပါး သုတ်ခြေတင်ခဲ့ကြလေသည်။

ကူးတို့ဆိပ်သို့ ရောက်သောအခါ ကျွန်တော်တို့ နည်းတူ မြစ်တစ်ဖက်ကမ်းသို့ ကူးရန်အတွက် ဘုန်းကြီး၊ သီလရှင်များ အပါအဝင် လူ၁၀၀ခန့် ပျာလောင်ခတ်နေကြပါသည်။ လူအင်အားနှင့် ရှိသည့် မြစ်ကူးသမ္ဗန်မမျှတသဖြင့် ကျွန်တော်တို့သည် လူကြားထဲအတင်းတိုးဝင်၍ သမ္ဗန်ထဲသို့ ဆင်းကာနေရာယူခဲ့ကြရသည်။ ကျွန်တော်တို့သမ္ဗန် လူပြည့်၍ ကမ်းမှခွာနေစဉ် အောင်ပွဲရဂျပန်လေယာဉ်တို့သည်ထားဝယ်မြစ်ကမ်းတစ်လျှောက် တောင်အရပ်မှမြောက်ဘက် မြို့ထဲဘက်သို့ နိမ့်နိမ့် ကလေးပျံလာကြပြီး တစ်စီးပြီးတစ်စီးဗုံးတွေကို အစီအရီလွှတ်ချလိုက်ကြ သည်ကို ကြည့်ကောင်းကောင်းနှင့် ငိုင်းကြည့်နေကြပါသည်။ ထိုစဉ် သမ္ဗန်ထဲမှ လူကြီးတစ်ယောက်က "အားလုံးဝပ်ချကြ"ဟု အမိန့်ပေးလိုက်သည်နှင့် အားလုံးတို့သည်သမ္ဗန်ထဲမှာပင် တစ်ယောက်ပေါ်တစ်ယောက်ထပ်၍ ဖြစ်သလိုဝပ်နေလိုက်ကြ သည်။ သို့သော် ကံကောင်းထောက်မစွာ ဗုံးများမှာ ကုန်းပေါ်ရှိ မြေမာပေါ်မကျဘဲ ကုန်းနှင့်ရေစပ် နွံဗွက်ထဲသို့ နိုက်ဝင်ကျသွား ကာ မပေါက်မကွဲရှိချေပါသည်။ အကယ်၍သာ ပေါက်ကွဲခဲ့သော် ကုန်းပေါ်နှင့် သမ္ဗန်ထဲရှိ ကျွန်တော်တို့သူငါ စစ်ပြေး ဒုက္ခသည် အမြောက်အမြား သေပွဲဝင်ရကြရမည်မှာ ဧကန်ဖြစ်ပါသည်။

သို့သော်ကျွန်တော်တို့ရှိရာမှ စတင်လွှတ်ချလိုက်သော ဗုံးများသည် ယိုကြည်ဟန်ဆန်စက်၊ ချဉ်နီကြည်ဆန်စက်ထိတိုင် ဗုံးမကွဲသေး။ တတိယမြောက် ယူကြောင်ငါး ဆန်စက်အလွန် ကျူးတော်ဆိပ် ရေနံသိုလှောင်ရုံကျမှတော့မှ ဗုံးထိမှန်ပေါက်ကွဲပြီး မီးထလောင်တော့သည်။ ကျွန်တော်တို့သမ္ဗန် မြစ်တစ်ဖက်ကမ်းရှိ မင်းရပ်ကူးတို့ဆိပ်သို့ရောက်သောအခါ ရေနံသိုလှောင်ရုံမှ စတင်ခဲ့သောမီးသည် တံငါရပ်ခေါင်းငူရပ်၊ သင်္ဘောဆိပ်ရပ်ကွက်များသို့ အရှိန်အဟုန်ပြင်းစွာဖြင့် ကူးစက်လောင်ကျွမ်းနေပေပြီ။ ထိုကြောင့် ကျွန်တော်တို့နေအိမ်မီးထဲ ပါ-မပါကို မှန်းတည့် ၁၂-နာရီထိုးအချိန်အထိ ကူးတို့ဆိပ်မှနေ၍ လှမ်းကြည့်နေခဲ့ရာ ပါသွားပြီဟု ခန့်မှန်းသိရှိလိုက်သောအခါမှပင် ရွာကိုထွက်ခွာမည် ပါစင်ဂျာတက်စီကားပေါ် တက်ထိုင်နေလိုက်ကြပါသည်။ မွန်းလွဲ၁-နာရီတွင်ကျွန်တော်တို့မော်တော်ကားသည်ကူးတို့ဆိပ်မှ စတင်ထွက်ခွာလေသည်။ ထိုအခါကားရှေ့မတ်ကာတ် တစ်ဖက် တစ်ချက်ပေါ်တွင် သခင်ဟုထင်ရသူလက်ပတ်နီနှင့် လူ နှစ်ယောက် ဘယ်အချိန်ကရောက်နေမှန်းမသိရ။ ဒို့ဗမာ သုံးရောင်ချယ်အလံတစ်ချောင်းစီကိုင်၍ လိုက်ပါလာခဲ့ကြသည် ကိုတွေ့ရှိရပါသည်။ ကူးတို့ဆိပ်မှ ၃-မိုင်ခန့်အကွာ ရွာယောင်းဝ ရွာလမ်းဆုံသို့ရောက် သောအခါ ကားရပ်နားလိုက်သည်နှင့် ရွာလူထု ကားဆီသို့ စုပြုံ ရောက်လာပြီး ထားဝယ်မြို့အကြောင်း သတင်း မေးမြန်းကြပါသည်။ ဤတွင် ကားပေါ်ပါလာသည့် သခင်နှစ်ယောက်တို့က "ဒို့ဗမာတွေထားဝယ်မြို့ကိုသိမ်းပိုက် လိုက်ပြီ သခင်မျိုးဟော့ ဒို့ဗမာ" ဟု ဒေါမာန်ပါပါ လက်သီး လက်မောင်းတန်း၍ တိုင်တည်လိုက်သည်ကို ရွာလူထုကလည်း "သခင် မျိုးဟော့ ဒို့ဗမာ" ဟု သုံးကြိမ်သုံးခါ ဝမ်းသာအားရ တုံ့ပြန်အော်ဟစ်ကြလေသည်မှာ စိတ်ဓာတ်တက်ကြွဖွယ် ဖြစ်ပါသည်။ ကျွန်တော်တို့မှာ အိမ်မီးလောင်ပြာကျ၍ စစ်ပြေးဘဝရောက်ခဲ့ရသည်ကို သတိမရတော့ဘဲ ထားဝယ် လွတ်လပ်ပြီ ဆိုသည်နှင့် ပျော်ရွှင်အူမြူး၍နေပါတော့သည်။ ဤသို့လျှင် ကျွန်တော်တို့မော်တော်ကားသည် တစ်ရွာပြီးတစ်ရွာ ရပ်နားကာ ဒို့ဗမာတွေထားဝယ်ကို သိမ်းပိုက် လိုက်ပြီဟု သတင်းကောင်းပါးရင်း ညနေ၅-နာရီကျော်အချိန် သကြက်တော ရွာသို့ရောက်ရှိကာ မိသားစုတို့နှင့် ပြန်လည်ပေါင်းစည်းမိကြ လေသည်။

ထိုနေ့ လောင်ကျွမ်းသည့် ထားဝယ်မြို့ မီးကြီးသည် ဒေါင်းငှ၊ တံငါ၊ သဘော်ဆိပ်၊ ရေစ်၊ စုံဝင်းဒပ်၊ ဘုမွော်၊ ကြက်စားပြင် အစရှိသော ရပ်ကွက် ရေပ်ကွက်တို့အား လုံးလုံး လျားလျား ပြာပုံအတိ ဆိုက်စေခဲ့လေသည်။ ထူးထူးခြားခြား မီးလွတ်ကျန်ခဲ့သော အဆောက်အဦများမှာ ကြက်စားပြင်ရပ်ကွက်၊ ကမ်းနားလမ်းရှိ ဆန်စက်ကြီး ၃လုံး၊ သဘော်ဆိပ်ရပ်ကွက်ရှိ ကုလားဗလီဝင်း၊ ရေစ်စုံဝင်းဒတ်ရပ်ကွက်ရှိ အစိုးရရုံးကြီး၊ ဦးနီတိုးတိုက်နှင့် မြို့ဈေးကြီးတို့ဖြစ်ကြသည်။ ရုံးကြီးမှအစပြု၍ ကမ်းနားလမ်းအထိဖြစ်သော ယိုးဒယားလမ်း (ယခု အာဇာနည် လမ်း)တစ်လျှောက်တွင်မူ ရိုးကုမ္ပဏီတိုက်နှင့် မြူနီစီပယ်ရုံးကြီး မှလွဲ၍ ထိုလမ်းမကိုမျက်နှာမူသည့်အနောက်ရပ်ကွက်၊ တလိုင်းထိန်ရပ်ကွက်ရှိ နေအိမ်များအားလုံးလည်း မီးသင့်လောင်ကျွမ်းခဲ့လေသည်။ ထို့ပြင် ဝိတိုရိယလမ်း (ယခု ဗိုလ်ချုပ်လမ်း) တစ်လျှောက်မြို့တွင်းလမ်းနှင့် တလိုင်းမလမ်းဆိုင်းအထိ ဝဲယာတစ်ဖက်တစ်ချက် နေအိမ်များလည်း (ဒေါ်အေးကြည်တိုက်အိမ် မှအပ) အားလုံးမီးဝါးမြိုခံရလေသည်။

ဤသို့လျှင် ၁၉-၁-၄၂ နေ့နံနက်တွင် ဘီအိုင်အေတပ်နှင့် ဂျပန်တပ်ပူးပေါင်းပြီး မီးဟုန်းဟုန်းတောက်လောင်နေသော ထားဝယ်မြို့ကို သိမ်းပိုက်ခဲ့လေသည်။

ထားဝယ်ကိုသိမ်းပိုက်ပြီးနောက် ကရင်ကျောင်းကြီး (ယခု-ထားဝယ်ပညာရေးကောလိပ်) ကိုတပ်သားသစ်စုဆောင်းရေးနှင့် စစ်လေ့ကျင့်ရေး စခန်းအဖြစ်လည်းကောင်း၊ အစိုးရဟိုက်စကူးကျောင်းကြီး(ယခု- အမှတ် ၁ အ.ထ.က ကျောင်း) ကိုစစ်ဌာနချုပ်စခန်းအဖြစ်လည်းကောင်း၊ အေဘီအမ် ကျောင်း(ယခု- အ-ထ-က ၃)ကိုမူ စစ်လက်နက် ထားသိုရာစခန်းအဖြစ်လည်းကောင်း အသုံးပြုသည်။

ထို့နောက် ထားဝယ်ငြိမ်ဝပ်ပိပြားမှုအဖွဲ့ *(PPC Peace Precaution Committee)* ကို ဗိုလ်မှူးကြီးလကျာ နှင့် ၃-ဗိုလ်မှူးကြီးလရောင် တို့သည် ထိုအချိန်ကထားဝယ်သို့ လှို့ဝှက်ရောက်ရှိနေခဲ့ကြသော ပြည်သူ့အရေးတော်ပုံပါတီ *(PRP)* ၏ ခေါင်းဆောင်သခင်မြ၊ ကိုဖဆွေတို့နှင့် တိုင်ပင်၍ လက်ရှိ သခင်ခေါင်းဆောင်တို့ဖြင့် ဖွဲ့စည်းပေးခဲ့ကြသည်။

ထားဝယ်ငြိမ်ဝပ်ပိပြားမှုအဖွဲ့ဝင်များ-

၁။ သခင်ဗသိန်းတင် (အုပ်ချုပ်ရေးဝန်)
၂။ သခင်ကြည်စိန် (တရားရေးဝန်)
၃။ သခင်ညွန့်လှိုင် (အထွေထွေဌာနဝန်)
၄။ သခင်ရန်ရှင်း (စာတိုက်နှင့်ကြေးနန်းဝန်)
၅။ သခင်ဉာဏ်လှိုင် (ပညာရေးဝန်)
၆။ သခင်ဗစိန် (ဘဏ္ဍာရေးဝန်)
၇။ သခင်အုန်းသင် (အကောက်နှင့်ဆိပ်ကမ်းဝန်)
၈။ သခင်ထွန်းရင် (ရဲဝန်)
၉။ သခင်ဘာဘာ (သစ်တောဝန်)
၁၀။ သခင်တင်ထွန်း (ကုလား)(အခွန်ဝန်)
၁၁။ သခင်ကြည်ရန် (လယ်ဝန်)

တို့ဖြစ်ကြသည်။

အခြားသခင်ခေါင်းဆောင် ၂၁-ဦးတို့မှာ ထားဝယ်သို့ ဘီအိုင်အေတပ်များ မဝင်လာမီ တစ်လ ကျော်စေနဲ့ကပင် အင်္ဂလိပ်အစိုးရ၏ ဖမ်းဆီးခြင်းခံရပြီး ထားဝယ်ထောင်၊ မုသိမ်ထောင်။ ထိုမှ ရွှေဘိုထောင်သို့ ပို့ထားခြင်းခံရသည်။ ၎င်းတို့မှာ (၁) သခင်စံဝင်း(ဥက္ကဋ္ဌ)၊ (၂)သခင်မိုးမှဲ့(ဒု-ဥက္ကဋ္ဌ)၊ (၃) သခင် လွန်းဆော် (ရွှေထိန်း)၊ (၄) သခင်ကျော်မင်း (သုံးထောင်စံပြင့် စာပေဆုရ)၊ (၅) သခင်လွန်းမောင်၊ (၆) သခင်ဖေသင်းမြိုင်၊ (၇) သခင်ဖေ သွန်းမြိုင်၊ (၈)သခင်စံဖေ(ရွာပေါင်း၀)၊ (၉) သခင်လှရီ (ရွာပေါင်း၀) (၁၀) သခင်စိန်ချွန်း(လောင်းလုံ)၊ (၁၁) သခင် သာထွန်းအောင်(လောင်းလုံ)၊ (၁၂) သခင်လေးခင်(တီစစ်)၊ (၁၃) သခင်စရွှင်(မင်းရပ်)၊ (၁၄) သခင်ဖေကျော်လှိုင် (သကြက်တော) (၁၅)သခင်ရော၊ (၁၆) သခင်ဖိုးရင်၊ (၁၇) သခင်အောင်ဘ (ရွာပေါင်း၀)၊ (၁၈) သခင်စစ်ကျွန်(လောင်းလုံ)၊ (၁၉) သခင် ကံ့ဖေ(ရွာပေါင်း၀)၊ (၂၀) သခင်ကျော်ခင် (မြိတ်) (၂၁) သခင် ဗမောင်(ထားဝယ်ကူးသန်းရောင်းဝယ်ရေး) တို့ဖြစ်ကြသည်။ ၎င်းတို့သည် အာရှစစ်ပွဲ စတင်သည့် ၈-၁၂-၄၁ ရက်နေ့တွင် အင်္ဂလိပ်အစိုးရက တို့ဗမာအစည်းအရုံးအား မတရားအသင်း ကြေငြာကာ တစ်ပြည်လုံးရှိသခင်များကို ဖမ်းဆီးရာတွင်ပါရှိခဲ့ခြင်းဖြစ်ပါသည်။

သူတို့သည် ထားဝယ်မှ ဗိုလ်သီဟ(ခေါ်)ဗိုလ်ကြီးဖေ၊ ဗိုလ်ကျော်ဆန်း၊ဗိုလ်ထွန်းရှိန်၊ဗိုလ်ထွားလေး၊ဗိုလ်အောင်သန်းကြည် စသော ဘီအိုင်အေစစ်ဗိုလ်များ ရွှေဘိုသို့ရောက်ရှိချိန်တွင်မှ ရွှေဘိုထောင်ကို ဧပြီ ၁၉ရက်နေ့၌ ဂျပန်လေတပ်ဗုံးကြဲသဖြင့် ထောင်မှလွတ်လာခဲ့ကြသည်။ သခင်ဖေကျော်လှိုင်မှာ ဗုံးဆန်ထိမှန်၍ထောင်ထဲတွင် ကွယ်လွန်သွားရှာသည်။ ထောင်မှလွတ်လာပြီးနောက် ရွှေဘိုမြောက်ဘက် မြိုင်အကွာ ဆိပ်ခွန်ရွာ၌ခိုလှုံနေကြစဉ် အဆိုပါထားဝယ်ဗိုလ်များသတင်းရ၍ လာရောက်ခေါ်ယူ ကာ စစ်ကိုင်းချောင်၌ နေရာချထားပေးသည်။ ထိုမှ အမရပူရ၌ စခန်းချနေသည့်သူ့ဇာပြုတပ်ဖွဲ့ခေါင်းဆောင်ဗိုလ်ဇရွှေကလာရောက် ခေါ်ယူသဖြင့် အမရပူရသို့ရောက်ခဲ့ကြပြန်သည်။ ထိုမှတစ်ဖန် မေ ၂၃တွင် ကားအတန်တန်စီး၍လာခဲ့ရာ ထားဝယ်သို့ ၁၉၄၂ ခု၊ ဇွန်လ ၃ရက်နေ့ည ပြန်လည်ရောက်ရှိကြလေသည်။

ထားဝယ်ငြိမ်ဝပ်ပိပြားမှုအဖွဲ့ကို ဖွဲ့ခဲ့ရာတွင် ဝန်အမည်များ အသီးသီးတပ်၍ဖွဲ့ခဲ့သဖြင့် နိုင်ငံအစိုးရအဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းလိုက်

သကဲ့သို့ရှိနေပါသည်။ အမှန်တကယ်လည်းဂျပန်ကို အကဲစမ်းရန်အတွက် ထားဝယ်အစိုးရအဖွဲ့ကို ဖွဲ့စည်းလိုက်ခြင်းပင်ဖြစ်သည်။ ထိုသို့ဖွဲ့ခဲ့ပြီးနောက် လွတ်လပ်သော မြန်မာနိုင်ငံအဖြစ် ကြေငြာသည်ကို တိုကျိုနှင့်ဗန်ကောက်ရှိဂျပန်အသံလွှင့်ရုံတို့မှ တဆင့် လွှင့်ထုတ်ပေးသဖြင့် အင်္ဂလိပ်အစိုးရသိရှိသွားသောအခါ သခင်လှမေ(ဗိုလ်လကျော်)၊သခင်ဗကျမ်း(ဗိုလ်လရောင်)နှင့်ကိုဗဆွေတို့သုံးဦးအားကြေငြာချက်ထုတ်ပြန်မှုဖြင့်သေဒဏ် အမိန့်ချမှတ်လိုက်ကြောင်း ရေးသိုမှုကြေငြာလေသည်။ (တို့ဗမာအစည်းအရုံးသမိုင်း၊ ၃တွဲ စာ–၅၅၇)

ထားဝယ်အစိုးရအဖွဲ့ကိုဖွဲ့ခဲ့ပြီးနောက် မကြာမီ မြိတ်မြို့မှ တစ်ဆင့်စကၠပူမှ ရောက်လာသော ဂျပန်ဗိုလ် ဖူးကူးနကား တပ်ဖွဲ့သည် ထားဝယ်ရုံးကြီး၌လွှင့်ထူထားသော တို့ဗမာ သုံးရောင်ခြယ်အလံကိုဖြုတ်ချ၍ ဂျပန်အလံကိုလွှင့်ထူလိုက်လေသည်။ ဤသို့လျှင် ထားဝယ်အုပ်ချုပ်ရေးအဖွဲ့အနေဖြင့် လွတ်လပ်သောမြန်မာနိုင်ငံအဖြစ် ကြေညာသည်ကို အင်္ဂလိပ်အစိုးရအား ကသိကအောက်ဖြစ်စေခဲ့သကဲ့သို့ ဂျပန်တို့ကလည်း အသိအမှတ်မပြုကြောင်း အသီးသီး တုံ့ပြန်လိုက်ကြခြင်းဖြစ်ပေသည်။

သခင်မြသည် မြန်မာနိုင်ငံလွတ်လပ်ရေးကို ကြေငြာပေးရန်ကိစ္စနှင့်ပတ်သက်၍ ဗိုလ်မိုးကြိုးနှင့် တွေ့ဆုံဆွေးနွေးရန်အတွက် ၂၀–၁–၄၂တွင် ဗန်ကောက်သို့ ထွက်ခွာသွားသည်။ ကာဝါရှီးမား၏ စီစဉ်ပေးမှုအရ ဗန်ကောက်မှ စေလွှတ်ပေးသော လေယာဉ်ဖြင့်လိုက်ပါသွားခြင်းဖြစ်သည်။ ဗန်ကောက်တွင် ဗိုလ်မိုးကြိုးနှင့် တွေ့ဆုံဆွေးနွေးခဲ့ပြီးနောက် ဟီရာအိုကာကော်မရှင်နှင့်အတူ သခင်မြသည် မြဝတီလမ်းမှမော်လမြိုင်သို့ ပြန်လည်ဝင်ရောက်လာသည်။

ကိုဗဆွေသည် မြိတ်မြို့စစ်ကြောင်းကို ဆီးကြိုရန်နှင့် မြိတ်မြို့ကို စီမံကွပ်ကဲရန်အတွက် ပုလောမြို့မှတစ်ဆင့် ထွက်ခွာသွားသည်။ ထားဝယ်စစ်ကြောင်းသည် ထားဝယ်တွင် စခန်းချနေစဉ်အတွင်း တပ်သားသစ်များ စုဆောင်းခဲ့ရာ လှည်းနေ လှေအောင်းမြင်းဆောင်းမကျန် ဆိုသလို တောရောမြို့ပါ ဆင်းရဲချမ်းသာမရွေး တပ်ထဲသို့ဝင်ရောက်လာခဲ့ကြသဖြင့် ရက်ပိုင်းအတွင်းမှာပင် တပ်သား ၂၀၀၀ကျော် စုဆောင်းမိလေသည်။ မကြာမီ ဦးရေ ၃၀၀၀ ကျော်ဖြစ်လာသည်။ ထားဝယ်လူဦးရေနှင့်စာလျှင်များပြားလှသော အရေအတွက်ဖြစ်၍ ဂျပန်တို့ကပင် အံ့သြခဲ့ကြရသည်။

စစ်မဖြစ်မီကထားဝယ်မြို့တွင် သူနာပြုတပ်ဖွဲ့၊ ဗမာ့လက်ရုံးတပ်ဖွဲ့(ရှုပ်နီတပ်)၊ သံဃာ့တပ်ဖွဲ့၊ ရဲတပ်ဖွဲ့၊ မြို့မတပ်ဖွဲ့၊ စီးသတ်တပ်ဖွဲ့စသည်ဖြင့်အပျော်တမ်းတပ်ဖွဲ့များအပြိုင်အဆိုင်ဖွဲ့စည်းထားခဲ့ကြသည်။ တပ်ဖွဲ့တစ်ဖွဲ့လျှင် အင်အားအနည်းဆုံး ၁၀၀–၂၀၀ စီခန့်ရှိကြသည်။ ဗမာ့လက်ရုံးတပ်ဖွဲ့ဆိုလျှင် လူအင်အား ၁၀၀၀ ကျော်လေသည်။ သံဃာ့တပ်ဖွဲ့မှာ ကျောင်းသားအဖွဲ့ဖြစ်၍ ဦးရေ ၆၄၀ ကျော်သည်ဟုဆိုသည်။ ထိုတပ်ဖွဲ့ဝင်များတို့သည်လည်း ဘီအိုင်အေတပ်ထဲသို့ ဝင်လာမစဲတသဲသဲ ဖြစ်နေ၍ ရဲဘော်သုံးကျိပ်ဝင်များ ကိုယ်တိုင်နှင့် ဂျပန်ဗိုလ်များတို့က လက်မလည်နိုင်အောင် စစ်သင်တန်းပေးခဲ့ကြရသည်။

ဤသို့အားဖြင့် ထားဝယ်သားမျိုးချစ်လူငယ်များတို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်၏ ပင်မအမြုတေသူရဲကောင်းများဖြစ်လာခဲ့ကြသည်။ *(သုတေသနရဲဘော်၏ ရဲဘော်သုံးကျိပ်နှင့်ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ၊စာ–၁၀၄)*

အမှန်ဆိုလျှင်လည်း ယိုးဒယားတွင် ဖွဲ့စည်းခဲ့သည့် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် ရနိုင်သမျှ လူအင်အားအနည်းငယ်ဖြင့် တက်သုတ်ရိုက်ကာ မည်ကာမတ္တ၊ သဘောမျှဖွဲ့စည်းခဲ့ပြီး၊ ဂျပန်တပ်နှင့်ပူးပေါင်း၍ပြည်တွင်းသို့ ဝင်လာခဲ့ခြင်းဖြစ်သည်။ ထားဝယ်သို့ရောက်သောအခါမှ အင်နှင့်အားနှင့်တပ်မတော်ခေါ်ဆိုနိုင်လောက်အောင် ဖွဲ့စည်းနိုင်ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့်ပင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇလက (ထားဝယ်မြို့သည် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို စတင်ပေါက်ဖွားရာဒေသဟု သမုတ်အပ်သောမြို့ဖြစ်ပါသည်) – ဟု မိမိ၏ ရဲဘော်သုံးကျိပ်နှင့်လွတ်လပ်ရေးခရီးတစ်ထောက်စာအုပ်တွင် မှတ်ချက်ပြုထားခဲ့လေသည်။ (စာ–၂၈၅)

ဗိုလ်လကျော်၊ ဗိုလ်လရောင်တို့ စစ်ရုံး (မှုံ)

(၁)ဗိုလ်တင်ထွန်း – အထက်ပါစစ်ရုံးကိုထားဝယ်မှ ချီလာ၍ မှုံ၌ ဖွင့်လှစ်ထားစဉ် စတင်တာဝန်ထမ်းဆောင်သည်။ သခင်တင်ထွန်းသည် ရဲဘော်အုန်းညွန့်(ခေါ်) ရွှေဒူးကို အဖော်ခေါ်၍ နတ်အိမ်တောင် ထပ်ခနောင်လမ်းမှ ယိုးဒယားနယ်စပ်ကိုဖြတ်ကျော်စဉ် ယိုးဒယားပုလိပ်တို့ ဖမ်းဆီးခြင်းခံရပြီး ဗန်ကောက်မြို့ ထောင်ထဲသို့ရောက်သွားသည်။ ၎င်းသည် ဘီအိုင်အေမဖွဲ့စည်းမီက ပြည်တွင်းသူပုန်ကိစ္စအတွက် နတ်အိမ်တောင်လမ်းမှ ဝင်လာမည်ဖြစ်သော သခင်လှမေ (ဗိုလ်လကျော်)နှင့် သခင်ဗကျမ်း (ဗိုလ် လရောင်)တို့နှစ်ဦးအား ယိုးဒယားနယ်စပ်မှ ထားဝယ်သို့ လမ်းပြခေါ်ယူလာရန်အတွက် သွားရောက်ကြိုဆိုစဉ် အဖမ်းခံရခြင်းဖြစ်သည်။ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ကြောက ဗန်ကောက်ထောင်ထဲမှထုတ်ယူပြီး သခင်မြနှင့်အတူမြဝတီလမ်းမှ ထည့်လွှတ်ပေးသဖြင့် မှုံသို့ရောက်လာခဲ့ခြင်းဖြစ်သည်။ (ဗိုလ်တင်ထွန်းကိုယ်တိုင် ပြောပြချက်)

ဗိုလ်တင်ထွန်းသည် ဘီအိုင်အေ ဖျက်သိမ်းပြီး နောက် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) တွင် ယောဘိချုံကူစစ်ရုံးချုပ်၌ ဌာနကြီးမှူးအဖြစ်လည်းကောင်း၊ အနောက်မြောက်တိုင်း ၃–တိုင်းမှူးနှင့် တိုင်းမှူးအဖြစ် လည်းကောင်း ထမ်းဆောင်ခဲ့သည်။

ဖက်ဆစ် တော်လှန်ရေးကာလတွင် ဗမာ့မျိုးချစ် တပ်မတော်

(ဝီဘီအက်ဖ်)တိုင်းအမှတ်(၅) တနင်္သာရီတိုင်း စစ်တိုင်းမှူး အဖြစ်တာဝန်ထမ်းဆောင်ခဲ့သည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

(၂)ဗိုလ်စိန်ဝင်း (နိုင်ငံတော်ဝန်ကြီးချုပ်ဟောင်း) ထားဝယ် စစ်ကြောင်းမှတပ်များ မုဒုံတွင်စခန်းချနေစဉ်ဗိုလ်လရောင်၏ စစ်ရုံးတွင် စတင်ဝင်ရောက်ပြီး ကော့ကရိတ်မြို့နယ် တစ်ပိုက် လှုပ်လည် တာဝန်ယူခဲ့သည်။

(၃)ဗိုလ်ရဲခေါင်(ခ)ဗိုလ်စံလွင် (ရွှေဝယ်သီရိရုပ်ရှင်) အထက်ပါ စစ်ရုံးထားဝယ်မှာရှိစဉ် စတင်ဝင်ရောက်ပြီးထားဝယ်မှ ဦးစွာချီတက်ခဲ့သော ဒုတိယဗိုလ်ချုပ်ကြီးကာဝါရှီးမား၏ရှေ့ပြေး တပ်နှင့်အတူ လိုက်ပါရန် တာဝန်ယူရသည်။ ကာဝါရှီးမားတပ် မော်လမြိုင်သို့ရောက်သောအခါ မော်လမြိုင်ကို ၃၁-၁-၄၂ ၌ သိမ်းပိုက်ခဲ့သည့် အမှတ်-၁၅ တပ်မတော်ဌာနချုပ်နှင့်အဆက်မပြေ သဖြင့် မုဒုံသို့ပြန်လာ၍တပ်စခန်းချသည်။ မုဒုံတွင် ထားဝယ်မှ ချီတက်လာသောတပ်များအား ရှင်အရပ်ကျောင်းတိုက်တွင် နေရာချထားပေးရန် စီစဉ်ခဲ့သည်။ မုဒုံမှသထုံသို့ရောက်သော အခါ ဗိုလ်စံလွင်သည် သခင်ကိုယ်တော်မှိုင်းနှင့် ဆုံစည်းမိပြီး မုဒုံသို့ရောက်ရှိနေသော ဗိုလ်ချုပ်အောင်ဆန်းတို့ကို သတင်းပို့ရန် အတွက် မုဒုံသို့ပြန်လာခဲ့သည်။ အပြန်တွင်၎င်းနှင့် တစ်ပါတည်း ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ်တို့ကိုခေါ်လာ၍ သခင် ကိုယ်တော်မှိုင်းနှင့်တွေ့ဆုံပေးသည်။

ဗိုလ်ချုပ်အောင်ဆန်းတို့သည် သခင်ကိုယ်တော်မှိုင်းအား ရှေးဦးစွာကန်တော့ပြီးမှ ဆွေးနွေးသမှုပြုကြသည်။ ထို့နောက် ဘီအိုင်အေ ပင်မတပ်စစ်ကြောင်းရှိရာ စစ်တောင်းမြစ် အရှေ့ခြမ်း၊ ကွင်းဆိပ်ရွာသို့ ကျိုက်ထိုမြို့မှ တစ်ဆင့် ချီတက်သွားခဲ့ကြသည်။

ဗိုလ်စံလွင်သည် သထုံတွင် သခင်များနှင့် တိုင်ပင်၍ သထုံ အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းပေးပြီး တပ်သားစုဆောင်းရေးနှင့် စစ်သင်တန်းပေးရေးအတွက် ဗိုလ်သောင်းကြည်အား တာဝန်ပေး ခဲ့သည်။ ဗိုလ်စံလွင်သည်တောင်ငူမော်ချီမိုင်းတို့မှပြန်၍ မိတ္ထီလာ၊ ကလော၊ တောင်ကြီး၊ ထိုမှ အရှေ့ပူရသို့ချီတက်သော အုပ်ချုပ် ဖွဲ့စည်းရေးတာဝန်ခံ ဗိုလ်ခင်မောင်ကလေးနှင့်အတူ ပါဝင်တာဝန် ယူခဲ့သည်။

မှတ်ချက် ။ ။ ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ် တို့သည် ဘီအိုင်အေဌာနချုပ် ပင်မတပ်စစ်ကြောင်းဖြစ်သော သာဆောင်ရမ်းမှ မြန်မာနယ်စပ်ကူးဆိပ်သို့ ရောက်သောအခါ သခင်မြနှင့် ထားဝယ်စစ်ကြောင်းမှ ဗိုလ်လကျာ်တို့နှင့်တွေ့ဆုံရန် အတွက် လှိုင်းဘွဲ့၊ ဖားအံမှတစ်ဆင့် မုဒုံတက်သို့ဆင်းလာခဲ့ခြင်း ဖြစ်သည်။ ပင်မစစ်ကြောင်းမှာ ရွှေဂူနီးမှ သံလွင်မြစ်ကိုဖြတ်၍ စစ်တောင်း စစ်မျက်နှာ ကွင်းဆိပ်သို့ ဆက်လက် ချီတက်သွား သည်။

၁၄-၂-၄၂ တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်ထွန်းအုပ် တို့သည် ဖားအံတွင် ဖြတ်စစ်ကြောင်းမှ ဗိုလ်ရန်နိုင်တပ်များနှင့် တွေ့ဆုံပြီးနောက် မုဒုံသို့ ဆက်လက်သွားကြကာ ဗိုလ်မှူးကြီး လကျာ်သခင်မြတို့နှင့်အတူ သံဖြူဇရပ်တစ်နေရာသို့၁၆-၂-၄၂ တွင် သွားရောက်ကြပြီး ရှေ့ကြိုတွေ့ရမည့် ဂျပန်တပ်များနှင့် ဗမာ လွတ်လပ်ရေးအခြေအနေကိုဆွေးနွေးကြသည်။ထို့အပြင်ဂျပန်တို့ ကတိပျက်မှုကို အခြေပြု၍ ရှေ့တွင်ဗမာများဘက်မှ ကြိုတင် ပြင်ဆင်ရန်ကိစ္စများကိုလည်း ဆွေးနွေးကြသည်။

၁၈-၂-၄၂ တွင် မုဒုံမှ ဗိုလ်ဇလတပ်နှင့် ဗိုလ်မြင့်အောင် တို့တပ်များအား ကာဝါရှီးမားအုပ်ချုပ်၍ ဘီအိုင်အေဌာနချုပ် ပင်မစစ်ကြောင်းနှင့် ပူးပေါင်းရန်အတွက် ချီတက်စေသည်။

ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တောက်ထိန်တပ်များ အား ဖားအံမှ ကျိုက္ကမီသို့ပြန်ပြီး မုတ္တမပင်လယ်ကိုဖြတ်၍ မြစ်ဝကျွန်းပေါ်ဒေသသို့ချီတက်ရန်တာဝန်ပေးစေလွှတ်သည်။ ထို့နောက် ဗိုလ်စံလွင်တပ်နှင့် သထုံသို့ ချီလာခဲ့ခြင်းဖြစ်သည်။

ဗိုလ်ဇလတပ်တွင် ပါဝင်သောဗိုလ်များ -

(၁) ဗိုလ်ဇထူး (နောင်တွင်မြောက်ပိုင်းတိုင်း တိုင်းမှူး)
(၂) ဗိုလ်မျိုးမြင့် (ခ) ကိုသန်းလှိုင်
(၃) ဗိုလ်ရန်လင်း (ခ) ကိုလှမောင်
(၄) ဗိုလ်သူရိန် (ခ) ကိုခင်လှိုင်(ပန်းချီ)
(၅) ဗိုလ်စိုးမြင့်
(၆) ဗိုလ်အောင်မြ
(၇) ဗိုလ်ရန်ရှင်း
(၈) ဗိုလ်ကျော်ခင်
(၉) ဗိုလ်တင်မောင်
(၁၀) ဗိုလ်ထွန်းရှိန် (ခ) ကိုပါလေး (မီးရထား)

ဗိုလ်မြင့်အောင်တပ်တွင်ပါဝင်သော ဗိုလ်များ

(၁) ဗိုလ်ဇေသက် (ဗိုလ်မှူးကြီး၊ စစ်သံမှူးဟောင်း)
(၂) ဗိုလ်စိန်အုပ်
(၃) ဗိုလ်ဇလှိုင်
(၄) ဗိုလ်အုန်းရွှေ
(၅) ဗိုလ်ကြူခင်
(၆) ဗိုလ်ကြူလှိုင် (ရန်ကုန်ရောက်သော် "ကျောက်တန်း" တာဝန်ခံသို့ပြောင်း)
(၇) ဗိုလ်ချစ်ညဏ်
(၈) ဗိုလ်ချိန်ပို
(၉) ဗိုလ်ဇစိန် (ရန်ကုန်ရောက်သော် "သုံးခွ" တာဝန်ခံသို့ပြောင်း)

(၁၀) ဗိုလ်သံနိုင်
(၁၁) ဗိုလ်ဦးသာ
(၁၂) ဗိုလ်ဘသစ်
(၁၃) ဗိုလ်ဖေအောင် (ရန်ကုန်ရောက်သော် "ဓရမ်း" တာဝန်ခံသို့ပြောင်း)
(၁၄) ဗိုလ်လှဖေ
(၁၅) ဗိုလ်သီဟ(ခ)ဗိုလ်ကြီးဖေ (ရန်ကုန်တွင် "ဗိုလ်ဖုန်းမြင့်တပ်" သို့ပြောင်း)

ဗိုလ်ဉာဏတပ်တွင် ပါဝင်သောဗိုလ်များ

(၁) ဗိုလ်တိုးရင် (ရွှေဝယ်သီရိရုပ်ရှင်)
(၂) ဗိုလ်ဘစိန် (ခ) ဗိုလ်ဘစိန်
(၃) ဗိုလ်ကျင်စွမ် (ဗိုလ်လရောင်စစ်ရုံးသို့ကူးပြောင်း)
(၄) ဗိုလ်ဖေမောင် (ဖာပွန်တိုက်ပွဲတွင်ကျဆုံး)
(၅) ဗိုလ်တိုးချို
(၆) ဗိုလ်ဆင်လွှတ်
(၇) ဗိုလ်စုကြီး (ခ) ဗိုလ်ယုနိုင် (ခ) ဗိုလ်မျိုးညွန့်
(၈) ဗိုလ်ထွန်းလှ
(၉) ဗိုလ်ဘစိန်သား (စက်လှေပေါ်တွင် ဒဏ်ရာရ၍ စန်းလှန်းတွင်နေခဲ့ရ)

ဘီအိုင်အေ သူနာပြုတပ်ဖွဲ့

(၁) ဗိုလ်ဗရွှေ (ဖဆပလ ပါလီမန်အမတ်ဟောင်း)

စစ်မဖြစ်မီကပင် ထားဝယ်မြို့တွင် သူနာပြုတပ်ဖွဲ့ပွဲ၍ဖွဲ့စည်းထားခဲ့သည်။ တာဝန်ခံမှာ ဗိုလ်ဗရွှေဖြစ်ပြီး လက်ထောက်များမှာ ဗိုလ်လှ (တောင်ဥက္ကလာ)၊ ဗိုလ်တင်ရွှေ(ပုလော)နှင့် ဗိုလ်ထွန်းညို (ထားဝယ်) တို့ဖြစ်ကြသည်။ အဖွဲ့ဝင်ဦးရေမှာ ၅၀ ကျော်လေသည်။

ထိုအဖွဲ့သည် ထားဝယ်မှ ၁၅–၃–၄၂ တွင် မော်တော်ယာဉ်ဖြင့်ထွက်ခွာသွားကြရာ "ရေး" တွင် ၂ရက်နားနေသဖြင့် ၁၇–၃–၄၂တွင်မုဒုံသို့ရောက်သည်။ ထိုအချိန်တွင် ဗိုလ်လရောင်စစ်ရုံးတပ်ဖွဲ့သည် ဗိုလ်ဉာဏတပ်နှင့်အတူ ရန်ကုန် သို့ချီတက်သွားသဖြင့် ဗိုလ်လရောင်တို့ တပ်ဖွဲ့ကိုမမှီလိုက်။ ထို့ကြောင့် မိမိတို့တပ်ဖွဲ့သည် မိမိတို့ဘာသာ ကားတစ်တန်၊ ကုန်ကြောင်းတစ်လှည်း၊ လှည်းဖြင့်တစ်မျိုး၊ လှေဖြင့်တစ်သွယ် မုဒုံမှ၊ ပေါင်၊ ရင်းညိမ်၊ သထုံ၊ သိမ်ဆိပ်၊ ဘီလင်း ထိုမှ ၂၇–၃–၄၂ နေ့တွင် ကျိုက်ထိုရောက်ပြီး ငုံးဆိပ်ကမ်းမှလှေများဖြင့်ကျွဲတဲသို့ ကူးလာကြရာ လှည်းဖြင့် တံခွန်တိုင်ကိုဖြတ်ပြီး ကုလားချောင်းကြီးရွာရောက် ညအိပ်၊ ၂၈–၃–၄၂ တွင် သစ်မြုံချောင်း၊ ကလယ်၊ ကပိုင်၊ သနပ်ပင်မှတက်ပြီး၊ ပဲခူးမှာ ညအိပ်ကြသည်။ ၂၉–၃–၄၂ တွင် ကားရရှိသဖြင့် ဆက်လက်ချီတက်လာရာ၊ ရန်ကုန်သို့ ည ၉ နာရီ ရောက်သည်။

ရန်ကုန်တွင် တပ်စုမှူးဗိုလ်တင်ရွှေနှင့် သူနာပြုတပ်စုတစ်စု (ရဲဘော် ၂၀ ခန့်) တပ်မတော် စစ်ဆေးရုံကြီးတွင် ပူးတွဲတာဝန်ယူရသည်။

တပ်စိပ်မှူး ဗိုလ်ထွန်းညို(ထားဝယ်)နှင့် ရဲဘော်မောင်ရွှေကို၊ မောင်မြင့်၊ မောင်လှဖေအပါအဝင် အားလုံး ခြောက်ယောက်တို့ကို ဗိုလ်ရန်အောင်တပ်နှင့် ထည့်ပေးလိုက်ရသည်။

တပ်ခွဲမှူး ဗိုလ်ဗရွှေ၊ တပ်စိပ်မှူး ဗိုလ်လှတင်တို့ အပါအဝင် တပ်စုနှစ်စုခန့်မျှသော သူနာပြုတပ်ဖွဲ့သည် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် အထက်ဗမာပြည်စစ်ကြောင်းနှင့် ပူးတွဲချီတက်လိုက်ပါရလေသည်။ ခရီးတစ်လျှောက် ဆင်ဖြူကျွန်း၊ ဆိပ်ဖြူ၊ မုံရွာ တစ်ဖက်ကမ်းစသောဒေသများတွင် ဝမ်းရောဂါဖြစ်ပွားရာ၌အထူးကြိုးစားကုသပေးခဲ့ရသည်။ ဓနိဖော်အထိ တပ်များနှင့်အတူ ချီတက်လိုက်ပါသွားပြီး တတ်ကျွမ်းသမျှ ပညာများဖြင့် ဆေးဝါးကုသမှုစောင့်ရှောက်ပေးရင်း ချီတက်ခဲ့ကြသည်။

ထိုမှ မန္တလေးသို့ပြန်ရောက်သောအခါ မန္တလေး စစ်ဆေးကုသအဖွဲ့နှင့် ပူးတွဲ၍လည်းကောင်း၊ သူနာပြုစခန်းဖွင့်၍လည်းကောင်း၊ ကုသပေးရင်း တပ်ဖျက်သိမ်းကြရလေသည်။

တပ်အသီးသီးထားဝယ်မှချီတက်

ဂျပန်တပ်မ အမှတ်–၁၁၂ မှ အိုကီးတပ်ဖွဲ့သည် ဆုတ်ခွာသွားသော အင်္ဂလိပ်စစ်တပ်မှ အမှတ်(၃)နှင့်အမှတ်(၆) သေနတ်ကိုင်တပ်ရင်းများနောက်သို့ လိုက်လံတိုက်ခိုက် ချေမှုန်းရင်း မော်လမြိုင်ဘက်သို့ ဆက်လက်ချီတက်သွားသည်။

ထို့နောက် ဒု–ဗိုလ်ချုပ်ကြီးကာဝါရှီးမားသည် ဗိုလ်စံလွင်အပါအဝင် မြန်မာရဲဘော်တပ်စိတ်နှစ်စိတ်နှင့်အတူ ရေ့ပြေးတပ်ဖွဲ့အဖြစ် မော်လမြိုင်ဘက်သို့ ချီတက်သွားသည်။

ဗိုလ်မှူးမင်းရောင်အား ခြိတ်စစ်ကြောင်း သို့စေလွှတ်သည်။ ၂၉–၁–၄၂ (ထားဝယ်ကို သိမ်းပိုက်ပြီး ၁၀–ရက်အကြာ)တွင် ဗိုလ်မှူးကြီးလက်ျာ ဦးဆောင်သော ဒု–ဗိုလ်မှူးကြီးလရောင်၊ စစ်ရုံးတပ်ဖွဲ့၊ ဗိုလ်ဗလတပ်ဖွဲ့နှင့် ဗိုလ်မြင့်အောင်တပ်ဖွဲ့ တို့သည် ထားဝယ်မြို့မှ မော်တော်ယာဉ်များဖြင့် ရေးမှတစ်ဆင့် ချီတက်ခဲ့ရာ မုဒုံသို့ ၁–၂–၄၂ တွင်ရောက်ရှိပြီး ရှင်အရဟံ ကျောင်းတိုက်၌ တပ် စခန်းချ ရပ်နားသည်။

၁၈–၂–၄၂ တွင်မုဒုံစခန်းမှဗိုလ်ဗလတပ်ဖွဲ့နှင့် ဗိုလ်မြင့်အောင်တပ်ဖွဲ့တို့ကို ကာဝါရှီးမားဦးဆောင်၍ ဖားအံ၊ ရွှေဂွန်းမှ တစ်ဆင့် ဘီအိုင်အေပင်မတပ် ချီတက်ရာသို့ ပူးပေါင်းရန်အတွက် ထွက်ခွာသွားကြသည်။

ဒု–ဗိုလ်မှူးကြီးလရောင်၏ စစ်ရုံးတပ်ဖွဲ့နှင့် ဗိုလ်ဉာဏတို့၏ တပ်များမူကား မုဒုံမှမုတ္တမဘက်သို့ကူး၍ သထုံ၊ ကျိုက်ထိုသို့ချီတက်စေသည်။

ဤသို့လျှင်ထားဝယ်စစ်ကြောင်းမှ ဗိုလ်လေနှင့်ဗိုလ်မြင့်အောင်တပ်တို့၏ ချီတက်မှုကို နေ့ရက်အတိအကျဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့သော်လည်း ဗိုလ်လရောင်နှင့် ဗိုလ်ညာဏတပ်တို့၏ ချီတက်မှုကို သမိုင်းကြောင်းတွင်မပေါ်လွင်ဘဲရှိနေခဲ့ပါသည်။ ယခုနှစ်ပေါင်း၇၀ကြာသောအခါမှပင် ဗိုလ်ညာဏတပ်တွင် လိုက်ပါသွားသည့် ဗိုလ်စုကြီး(ခ)ဗိုလ်ယုနိုင် (ခ) ဗိုလ်မျိုးညွန့်၏ စစ်ချီမှတ်တမ်းဒိုင်ယာရီစာအုပ်လေးတစ်အုပ်၊ အကြောင်းအားလျော်စွာ ရှာဖွေတွေ့ရှိသဖြင့် ဗိုလ်ညာဏတပ်၏ စစ်ချီလမ်းကြောင်းအမှန်ကိုဖော်ပြလိုက်ရပါသည်။

ဗိုလ်ညာဏတပ် စစ်ချီလမ်းကြောင်း

၁၉၄၂ခုနှစ်၊ ဖေဖော်ဝါရီလဆန်းရက်နေ့တစ်နေ့ (ထားဝယ်ကိုသိမ်းပိုက်ပြီး ရက်–၂၀ခန့်အကြာ)တွင် ဖြစ်ပါသည်။ဗိုလ်ညာဏသည် အဖော်ရဲဘော်နှစ်ဦးနှင့်အတူ စလွန်းကားလေးတစ်စီးဖြင့် ကျွန်တော်တို့နေထိုင်ရာ သကြက်တောရွာနေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာပါသည်။ ဗိုလ်ညာဏသည် ယိုးဒယားနယ်ခြားမှ လက်နက်သယ်ယူရေး တာဝန်ဖြင့် တောင်သုံးလုံးတွင် တပ်စခန်းချ၍ နေစဉ်အတွင်း ၎င်း၏မိတ်ဆွေများနှင့်ဆွေမျိုးတော်စပ်သည့် ဒေါ်ခြေဆိုသူအား စုံစမ်းမေးမြန်း၍နေခဲ့သည်။ နောက်ဆုံး၌ ဒေါ်ခြေသည် သကြက်တောရွာသို့ရောက်ရှိနေကြောင်း သေချာသိရ၍ ဒေါ်ခြေနှင့် တွေ့ဆုံနှုတ်ဆက်ရန်အတွက် ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒေါ်ခြေသည် ကျွန်တော်တို့၏ဦးလေး ဦးဆင်ကျိုင် (ဖဆပလ အမတ်ဟောင်း)၏အမေဖြစ်၍ ကျွန်တော်တို့၏ အဘွား ဖြစ်ပါသည်။ ဒေါ်ခြေသည် ထားဝယ်ကိုပထမဆုံးဗုံးကျဲလေတပ် ဗုံးကြဲသည့် ၁၁–၁၂–၄၁ နေ့နောက်ပိုင်းမှစ၍ ကျွန်တော်တို့ မိသားစုနှင့်အတူသကြက်တောရွာ၌လာရောက်ပုန်းပေါင်းနေထိုင် နေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဗိုလ်ညာဏသည် မိမိ အလွန်တွေ့ချင်နေသော ဒေါ်ခြေအား အခန့်သင့်ပင် ကျွန်တော်တို့ နေအိမ်၌ ဆုံတွေ့ခဲ့ရသည်။

ဗိုလ်ညာဏသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျောက်တိုင်တောင်ကျေးရွာဇာတိဖြစ်ပြီး သူ၏မိဘနှစ်ဦးဖြစ်သူ ဦးဘပု၊ ဒေါ်မြစ်တို့နှင့် ဒေါ်ခြေမှာ ဆွေမျိုးတော်စပ်သည်ဟု ဆိုပါသည်။ မည်သို့တော်စပ်ကြောင်းကို လူကြီးသူမများ အသေအချာ ရှိစဉ်က မစပ်စုမိ၍မသိခဲ့ရပါ။ ဗိုလ်ညာဏ၏ မိဘတစ်ဦးဦးသည် ထားဝယ်သူဒေါ်ခြေ၏ဆွေမျိုးထဲမှဖြစ်နေသည်ကတော့အမှန်ပင်။

ထိုစဉ်က ဗိုလ်ညာဏသည် အသက်–၂၅နှစ် ကျော်၊ ၂၇–နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရပြီး အသားလတ်လတ်၊ အရပ်ကောင်း၍ အသံပြဲဩဇာရှိကာ ဘီအိုင်အေတပ်မှူးကြီးတစ်ဦးနှင့်ပင်မတူ၊ ဟိတ်ဟန်လုံးဝမရှိဘဲ ပွင့်လင်းဖော်ရွေစွာဆက်ဆံတတ်သူဖြစ်၍ ကျွန်တော်တို့ အားလုံးကပင် ခင်မင်လေးစားခဲ့ကြရသည်။

ဗိုလ်ညာဏသည် ကျွန်တော်တို့နေအိမ်၌ နှစ်/သုံးရက်ခန့် မျှသာ အချိန်ဖြုန်းပြီး တောင်သုံးလုံးသို့ ပြန်မည်အပြုတွင် အစ်ကိုကြီး ကိုစုကြီးသည်မည်သို့စိတ်ကူးပေါ်လာသည်မသိ။ တောင်သုံးလုံးသို့ ကျွန်တော်လည်း အလည်အပတ်လိုက်ခဲ့ပါရစေ ဗိုလ်ကြီးဟု ပြောပြောဆိုဆိုအဝတ်အစား အနည်းငယ်ယူ၍ ဗိုလ်ညာဏနောက်သို့ ကောက်ကောက်ပါ လိုက်သွားခဲ့လေသည်။

ထိုသို့လိုက်ပါသွားခဲ့ပြီးနောက် တစ်ပတ်ကြာလည်း ပြန်မလာ၊ နှစ်ပတ်ကြာသည့်တိုင်အောင်လည်းသတင်းမရ။ ဤသို့ဖြင့် တစ်လခန့်ကြာသောတစ်နေ့တွင် အစ်ကိုကြီး၏ သူငယ်ချင်းဖြစ်သူ ညောင်ပင်ကြီးလမ်းနေ ကိုကြီးမောင်ထံမှစာလေးတစ်စောင် ရောက်လာသဖြင့် ကိုစုကြီးသည် ဗိုလ်ညာဏတပ်နှင့်အတူ ဆင်ဖြူပြင်ဆိပ်မှ စက်လှေဖြင့်မော်လမြိုင်သို့ ၆–၃–၄၂ နေ့က လိုက်ပါ ချီတက်သွားကြောင်း သိရှိကြရသည်။

၁၉၄၂ ခုနှစ်၊ ဧပြီလကုန် လောက်တွင် ဖြစ်ပါသည်။ ထားဝယ်မြို့ပေါ်မှရဲဘော်တစ်ဦး သကြက်တောရွာ ကျွန်တော်တို့ နေအိမ်သို့ ဖြန်းစားကြီး ရောက်လာပါသည်။ သူနှင့်အတူစစ်ဝတ်စုံတစ်စုံ။ စာအုပ်လေးတစ်အုပ်နှင့် စာတစောင်ကိုယူလာ၍ လက်ဝယ်အရောက် လာရောက်ပေးအပ်ပါသည်။ လက်စသပ်သော် အစ်ကိုကြီးကိုစုကြီး၏ စစ်ဝတ်စုံတစ်စုံနှင့် ဗိုလ်မျိုးညွန့်ဟု အဖုံးတွင်ရေးထိုးထားသည့် ဒိုင်ယာရီစာအုပ်ငယ်ကလေးဖြစ်နေပါသည်။

ကိုစုကြီး စစ်ထဲသို့လိုက်သွားချိန်၌ အသက် ၂၀–၂၁ နှစ်အရွယ်သာရှိသေးသည်။ သူသည်စစ်မဖြစ်မီကကိုကြူစိန် (ဝန်ကြီးချုပ်ဟောင်း–ဦးနု၏ အိမ်တော်ဝန်)၊ ကိုကျင်စွမ်(အားကစား) တို့ဦးဆောင်သော မြို့မဘောလုံးအသင်းတွင် သုံးယောက်တန်းအလယ်လူအဖြစ်ဘောလုံးကန် အလွန်ကောင်းသူဖြစ်၍ မသိသူမရှိ။ လူချစ်လူခင်လည်း အလွန်ပေါများသူ တစ်ဦးဖြစ်ပါသည်။

ဤမျှလောက် ကျန်းမာသန်စွမ်းကြံ့ခိုင်သူတစ်ဦး သေဆုံးသွားပြီဆိုခြင်းကို လက်ဦးက ကျွန်တော်တို့ မယုံကြည်နိုင်အောင် ကိုဖြစ်ခဲ့ကြရပါသည်၊ သို့သော်မယုံလို့မဖြစ်။ သက်သေသက္ခာရများ အိမ်တိုင်ရာရောက် ရောက်နေခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ မိသားစုတစ်စုတို့သည် အသက်လေးငယ်ငယ်ရွယ်ရွယ်နှင့် မွေးချင်းတစ်ဦးဆုံးပါးခဲ့ရခြင်းအတွက် ပူဆွေးမရ၊ နမြောတသကာ မျက်ရည်အသွယ်သွယ် ကျဆင်းခဲ့ကြပါသည်။ သို့သော် တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကျွန်တော်တို့ မိသားစုထဲမှ အသက်စွန့်၍ အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှပါဝင်ခွင့်ရခဲ့ခြင်းအတွက် ဂုဏ်ယူနိုင်ခဲ့ကြ၍ ကြေကွဲ စိတ်ကို ဖြေနိုင်ခဲ့ကြပါသည်။

စာလေးတစ်စောင်ဆိုသည်မှာ ပဲခူးမြို့နေ ကိုချမ်းအေးဆိုသူမှ မိဘနှစ်ဦးတို့ထံလိပ်မူ၍ ပေးပို့လိုက်သောစာဖြစ်ပါသည်။ ဗိုလ်ညာဏ စစ်ချီလမ်းကြောင်းနှင့်သက်ဆိုင်နေသဖြင့်

ဤသို့လျှင်ထားဝယ်စစ်ကြောင်းမှ ဒိုလ်ဗလနှင့်ဒိုလ်မြင့်အောင်တပ်တို့၏ရှိတက်မှုကို နေ့ရက်အတိအကျဖြင့် မှတ်တမ်းတင်ထားနိုင်ခဲ့သော်လည်း ဒိုလ်လရောင်နှင့် ဒိုလ်ဉာဏတပ်တို့၏ ချီတက်မှုကို သမိုင်းကြောင်းတွင်မပေါ်လွင်ဘဲရှိနေခဲ့ပါသည်။ ယခုနှစ်ပေါင်း၇၀ကြာသောအခါမှပင် ဒိုလ်ဉာဏတပ်တွင် လိုက်ပါသွားသည့် ဒိုလ်ရုကြီး(ခ)ဒိုလ်ယုနိုင် (ခ) ဒိုလ်ရိုးညွှန့်၏ စစ်ချီမှတ်တမ်းနိုင်ငံယာရီစာအုပ်လေးတစ်အုပ်၊ အကြောင်းအားလျော်စွာ ရှာဖွေတွေ့ရှိသဖြင့် ဒိုလ်ဉာဏတပ်၏ စစ်ချီလမ်းကြောင်းအမှန်ကိုဖော်ပြလိုက်ရပါသည်။

ဒိုလ်ဉာဏတပ် စစ်ချီလမ်းကြောင်း

၁၉၄၂ခုနှစ်၊ ဖေဖော်ဝါရီလဆန်းရက်နေ့တစ်နေ့ (ထားဝယ်ကိုသိမ်းပိုက်ပြီး ရက်-၂၀ခန့်အကြာ)တွင် ဖြစ်ပါသည်။ဒိုလ်ဉာဏသည် အဖော်ရဲဘော်နှစ်ဦးနှင့်အတူ စလွန်းကားလေးတစ်စီးဖြင့် ကျွန်တော်တို့နေထိုင်ရာ သကြက်တောရွာနေအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာပါသည်။ ဒိုလ်ဉာဏသည် ယိုးဒယားနယ်ခြားမှ လက်နက်သယ်ယူရေး တာဝန်ဖြင့် တောင်သုံးလုံးတွင် တပ်စခန်းချ၍ နေစဉ်အတွင်း ၎င်း၏မိဘများနှင့်ဆွေမျိုးတော်စပ်သည့် ဒေါ်ခြေဆိုသူအား စုံစမ်းမေးမြန်း၍နေခဲ့သည်။ နောက်ဆုံး၌ ဒေါ်ခြေသည် သကြက်တောရွာသို့ရောက်ရှိနေကြောင်း သေချာသိရ၍ ဒေါ်ခြေနှင့် တွေ့ဆုံနှုတ်ဆက်ရန်အတွက် ရောက်လာခဲ့ခြင်းဖြစ်သည်။

ဒေါ်ခြေသည် ကျွန်တော်တို့၏ဦးလေး ဦးဆင်ကျိုင် (ဖဆပလ အမတ်ဟောင်း)၏အမေဖြစ်၍ ကျွန်တော်တို့၏ အဘွား ဖြစ်ပါသည်။ ဒေါ်ခြေသည် ထားဝယ်ကိုဝထမဆုံးဗုံးကျပန်လေတပ် ဗုံးကြဲသည့် ၁၁-၁၂-၄၁ နေ့နောက်ပိုင်းမှစ၍ ကျွန်တော်တို့ မိသားစုနှင့်အတူသကြက်တောရွာသို့လာရောက်ပူးပေါင်းနေထိုင် နေခြင်းဖြစ်ပါသည်။ သို့ဖြစ်၍ ဒိုလ်ဉာဏသည် မိမိ အလွန်တွေ့ချင်နေသော ဒေါ်ခြေအား အခန့်သင့်ပင် ကျွန်တော်တို့ နေအိမ်၌ ဆုံတွေ့ခဲ့ရသည်။

ဒိုလ်ဉာဏသည် တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ ကျောက်တိုင်တောင်ကျေးရွာဇာတိဖြစ်ပြီး သူ၏မိဘနှစ်ဦးဖြစ်သူ ဦးဘပု၊ ဒေါ်မြစ်တို့နှင့် ဒေါ်ခြေမှာ ဆွေမျိုးတော်စပ်သည်ဟု ဆိုပါသည်။ မည်သို့တော်စပ်ကြောင်းကို လူကြီးသူမများ အသက်ထင်ရှားရှိစဉ်က မစပ်စုမိ၍မသိခဲ့ရပါ။ ဒိုလ်ဉာဏ၏ မိဘတစ်ဦးဦးသည် ထားဝယ်သူဒေါ်ခြေ၏ဆွေမျိုးထဲမှဖြစ်နေသည်ကတော့အမှန်ပင်။

ထိုစဉ်က ဒိုလ်ဉာဏသည် အသက်-၂၅နှစ် ကျော်၊ ၂၇-နှစ်ခန့်ရှိမည်ဟု ခန့်မှန်းရပြီး အသားလတ်လတ်၊ အရပ်ကောင်း၍ အသံသြဇာရှိကာ ဘီအိုင်အေတပ်မှူးကြီးတစ်ဦးနှင့်ပင်မတူ၊ ပတိတ်ဟန်လုံးဝမရှိဘဲ ပွင့်လင်းဖော်ရွေစွာဆက်ဆံတတ်သူဖြစ်၍ ကျွန်တော်တို့ အားလုံးကပင် ခင်မင်လေးစားခဲ့ကြရသည်။

ဒိုလ်ဉာဏသည် ကျွန်တော်တို့နေအိမ်၌ နှစ်/၁ရီစနစ်မျှသာ အချိန်ဖြုန်းပြီး တောင်သုံးလုံးသို့ ပြန်မည်အပြုတွင် အစ်ကိုကြီး ကိုရုကြီးသည်မည်သို့စိတ်ကူးပေါ်လာသည်မသိ။ တောင်သုံးလုံးသို့ ကျွန်တော်လည်း အလည်အပတ်လိုက်ခဲ့ပါရစေ ဒိုလ်ကြီးဟု ပြောပြောဆိုဆိုအဝတ်အစား အနည်းငယ်ယူ၍ ဒိုလ်ဉာဏနောက်သို့ ကောက်ကောက်ပါ လိုက်သွားခဲ့လေသည်။

ထိုသို့လိုက်ပါသွားခဲ့ပြီးနောက် တစ်ပတ်ကြာလည်း ပြန်မလာ၊ နှစ်ပတ်ကြာသည့်တိုင်အောင်လည်းသတင်းမရ။ ဤသို့ဖြင့် တစ်လခန့်ကြာသောတစ်နေ့တွင် အစ်ကိုကြီး၏ သူငယ်ချင်းဖြစ်သူညောင်ပင်ကြီးလမ်းနေ ကိုကြီးမောင်ထံမှစာလေးတစ်စောင် ရောက်လာသဖြင့် ကိုရုကြီးသည် ဒိုလ်ဉာဏတပ်နှင့်အတူ ဆင်ဖြူပြင်ဆိပ်မှ စက်လှေဖြင့်မော်လမြိုင်သို့ ၆-၃-၄၂ နေ့က လိုက်ပါ ချီတက်သွားကြောင်း သိရှိကြရသည်။

၁၉၄၂ ခုနှစ်၊ ဧပြီလကုန်လောက်တွင် ဖြစ်ပါသည်။ ထားဝယ်မြို့ပေါ်မှရဲဘော်တစ်ဦး သကြက်တောရွာ ကျွန်တော်တို့ နေအိမ်သို့ မြန်းတားကြီး ရောက်လာပါသည်။ သူနှင့်အတူစစ်ဝတ်စုံတစ်စုံ။ စာအုပ်လေးတစ်အုပ်နှင့် စာတစ်စောင်ကိုယူလာ၍ လက်ဝယ်အရောက် လာရောက်ပေးအပ်ပါသည်။ လက်ဆောင်သော် အစ်ကိုကြီးကိုရုကြီး၏ စစ်ဝတ်စုံတစ်စုံနှင့် ဒိုလ်ရိုးညွှန့်ဟု အဖုံးတွင်ရေးထိုးထားသည့် နိုင်ငံယာရီစာအုပ်ငယ်လေးဖြစ်နေပါသည်။

ကိုရုကြီး စစ်ထဲသို့လိုက်သွားချိန်၌ အသက် ၂၀-၂၁ နှစ်အရွယ်သာရှိသေးသည်။ သူသည်စစ်မဖြစ်မီကကိုကြျချိန် (ဝန်ကြီးချုပ်ဟောင်း-ဦးနု၏အိမ်တော်ဝန်)၊ ကိုကျင်စွမ်(အားကစား) တို့ဦးဆောင်သော မြို့မတောလုံးအသင်းတွင် သုံးယောက်တန်းအလယ်လူအဖြစ်ဘောလုံးကန် အလွန်တောင်းသူဖြစ်၍ မသိသူမရှိ။ လူချစ်လူခင်လည်း အလွန်ပေါများသူ တစ်ဦးဖြစ်ပါသည်။

ဤမျှလောက် ကျန်းမာသန်စွမ်းကြံ့ခိုင်သူတစ်ဦး သေဆုံးသွားပြီဆိုခြင်းကို လက်ဦးက ကျွန်တော်တို့ မယုံကြည်နိုင်အောင် ကိုဖြစ်ခဲ့ကြရပါသည်။ သို့သော်မယုံလို့မဖြစ်။ သက်သေသက္ကာရများ အိမ်တိုင်ရာရောက် ရောက်နေခဲ့ပြီဖြစ်ပါသည်။ ကျွန်တော်တို့ မိသားစုတစ်စုတို့သည် အသက်လေးငယ်ငယ်ရွယ်ရွယ်နှင့် မွေးချင်းတစ်ဦးဆုံးပါးခဲ့ရခြင်းအတွက် ယူကျုံးမရ၊ နမြောတသကာ မျက်ရည်အသွယ်သွယ် ကျဆင်းခဲ့ကြပါသည်။ သို့သော် တိုင်းပြည်လွတ်လပ်ရေးကြိုးပမ်းမှုတွင် ကျွန်တော်တို့ မိသားစုထဲမှ အသက်စွန့်၍ အုတ်တစ်ချပ်၊ သဲတစ်ပွင့်မျှပါဝင်ခွင့်ရခဲ့ခြင်းအတွက် ဂုဏ်ယူနိုင်ခဲ့ကြ၍ ကြေကွဲ စိတ်ကို ဖြေနိုင်ခဲ့ကြပါသည်။

စာလေးတစ်စောင်ဆိုသည်မှာ ပဲခူးမြို့နေ ကိုချမ်းအေးဆိုသူမှ မိဘနှစ်ဦးတို့ထံလိပ်မူ၍ ပေးပို့လိုက်သောစာဖြစ်ပါသည်။ ဒိုလ်ဉာဏ စစ်ချီလမ်းကြောင်းနှင့်သက်ဆိုင်နေသဖြင့်

၁၁–၃–၆၂ နံနက်စောစော စက်လှေဖြင့်ပင် ကျိုက္ကမိမှထွက်၊ မုဒုံမြို့ကို နံနက် ၁၁–နာရီရောက်။ မုဒုံမှကားနှင့်အချို့၊ ခြေကျင်အချို့ချီ။ မုဒုံမှ ၁၂–မိုင်အကွာ အပေါင်မှာအိပ်။

(အထက်ပါ စစ်ချီမှတ်တမ်းအရ ၃–ဗိုလ်မှူးကြီး လရောင်၏ စစ်ရှုံးတပ်ခွဲ(မှုံ့)သည် ထားဝယ်စစ်ကြောင်း၏ နောက်ဆုံးပိတ်ရေကြောင်းမှချီတက်ခဲ့သော ဗိုလ်ညာထာတပ်ကို စောင့်ဆိုင်းရင်း ၁၁–၃–၆၂ နေ့တွင်မှ ယခု မုဒုံမှာတင်၍ ဗိုလ်ညာထာတပ်နှင့် အတူတကွ ချီတက်ခဲ့ကြောင်း ပေါ်ပေါက်ပါသည်။)

၁၂–၃–၆၂ အပေါင်မှ နံနက်စောစောထွက် ၂၃–မိုင်ကွာ သထုံမှာလာအိပ်။ သထုံမှာ သုံးရက်ကြာ။ သထုံ ရောက်တော့ အိမ်ကပါလာတဲ့ ငွေတွေကုန်။ စစ်တပ်အုပ်ချုပ်ရတဲ့အတွက် စစ်သားတွေကိုပေးရ၊ ဗိုလ်ညာထာကို ပိုက်ဆံမရှိတဲ့အကြောင်း ပြော၍ဗိုလ်ညာထာကငွေ၁၅ကျပ်ပေး။ ၎င်းထဲမှဘဝစိန်ကို၅ကျပ်ပေး။

၁၆–၃–၆၂ သထုံမှ ထိုနေ့ ညနေထွက်ခွာ၊ ၁၂–မိုင် ကွာ ကျိုက်တော်သိမ်ဆိပ်မှာ ညအိပ်။

၁၇–၃–၆၂ သိမ်ဆိပ်မှ နံနက်ထွက်လာ။ ၃၂–မိုင် ကွာ ကျိုက်ထိုသို့ ညနေရောက်။ ကျိုက်ထိုတွင် ညအိပ်စခန်း ချ။

၁၈–၃–၆၂ ကျိုက်ထိုမှ တပ်သား ၂၁၀ နှင့်ဘီးလင်း (ကျိုက်ထိုမှ ၂၂မိုင်) သို့ ပြန်လာ။ တစ်ညအိပ်၊ ဖာပွန်မှာ သူပုန်ထနေတယ်ဆို၍ ဖာပွန်ချီရန်ဖြစ်။

၁၉–၃–၆၂ ဘီးလင်းမှ ၃၂–မိုင်ကွာ လှော်ခွန်းမြို့မှာ လာအိပ်။

၂၀–၃–၆၂ လှော်ခွန်းမြို့မှထွက်၊ ၁၂–မိုင်ကွာ ကျောင်းတော်ကြီးမှာ နေ့လယ်စာစား၊ ၎င်းမှာအနှံ့စိမ်းနေအစားကြရ၊ ၎င်းမှ ဆက်လာ၊ ၆–မိုင်အကွာ နန်းတော်ကီးမှာ စခန်းချ ရပ်နား။

၂၁–၃–၆၂ နန်းတော်ကီးမှ နံနက်စောစော ချီတက်။ ၉–မိုင်အကွာကျွန်းပင်စခန်းမှာ နေ့လယ်ထမင်းစား။ မွန်းလွဲ ၂နာရီ မိနစ်၃၀မှာစထွက်။ ထိုအချိန်တွင် ဘုရားတောင်မှာသူပုန်တွေ ရှိတယ်သတင်းရ၊ ကျွန်တော်တပ်ကို သူပုန်တိုက်ရန် တာဝန်ပေး၍ ချီတက်။

ကျွန်းပင်စခန်းမှ ၁၀–မိုင်အကွာ ဘုရားတောင်ပေါ်သို့ ည ၈–နာရီရောက်။ ၎င်းမှာတပ်စွဲ၍ သူပုန်လိုက်ရှာ။ အစအန လုံးဝ မတွေ့ရ။ ဘုရားတောင်ဘုန်းကြီးကျောင်းမှာ စခန်းချ။ ၎င်းမှာ ညစာစား၊ ညအိပ်။ ၎င်းရွာမှာထမင်းစားရတာ စိတ်မသတီစရာ တွေတွေ့ရ။

၂၂–၃–၆၂ နံနက်အစောကြီး ဖာပွန်ဘက်ကူးလာ၊ ဖာပွန်တွင် တပ်စခန်းချ။ သုံးရက်မြောက်နေ့၌ အင်္ဂလိပ်သူလျှို သုံးယောက်ဖမ်းဆီးရမိ။ ဖာပွန်မှာ တပ်သားသစ်များဝင်လာရာ ကျွန်တော်ကပင် သင်တန်းပေးရ။

၂၇–၃–၆၂ ဗိုလ်ညာထာကို ရန်ကုန်မှ ဗိုလ်လရောင်က ခေါ်လိုက်သည်ဆိုပြီး စာရောက်လာ၍ ဗိုလ်ညာထာ ရန်ကုန်ထွက်သွား။ တပ်ကို အုပ်ချုပ်ဖို့ ကျွန်တော်နှင့်ဗိုလ်ထွန်းလှ ကိုလွှဲခဲ့။

၂၈–၃–၆၂ ဗိုလ်ညာထာ ရန်ကုန်သို့ ထွက်ခွာပြီး နောက်တစ်နေ့ဖာပွန်ကို သူပုန်တွေဝိုင်းလာနေသဖြင့် တပ်အားလုံး ကျွန်းပင်စခန်းကိုရွှေ့လာ။ ထိုနေ့မှာပင် ဗိုလ်ညာထာကို သတင်းပို့ရန်အတွက် ကျွန်တော့်အားတာဝန်ပေး၍ အဖော်ရဲဘော်တစ်ဦး ခေါ်ပြီး ဆိုင်ကယ်တစ်စီးနှင့်ထွက်လာ။ ၅၉–မိုင် လှော်ခွန်းမြို့ကို ည ၁–နာရီ ရောက်။ ၎င်းမှာ ညအိပ်။

၂၉–၃–၆၂ လှော်ခွန်းမြို့မှ နံနက်အစောကြီး ထွက်။ ဘီးလင်း ၂၀–မိုင်မှာ နေ့လယ်ထမင်းစား။ ၁–နာရီ၊ မိနစ် –၃၀စထွက်၊ ကျိုက်ထိုသို့ ညနေ ၃–နာရီရောက်။ ဆက်ထွက်လာ။ စစ်တောင်းရောက်တော့လှေဖြင့်ဖြတ်ကူး။ ၂၇–မိုင် အကွာ ဗားရောက်တော့ ည–၇ နာရီထိုးနေပြီ။ ဗားမှာ ညအိပ်။

၃၀–၃–၆၂ အဗားမှ နံနက် ၇–နာရီ စထွက်။ မီးရထား လမ်းအတိုင်းလာ။ ပေါ် ၂၇–မိုင်ကို ၉–နာရီ၊ ၃၀–မိနစ်ရောက်။ ၎င်းမှပဲခူး ၂၀–မိုင်ကို ၁၂–နာရီလောက်ရောက်။ ၎င်းမှာ ဆိုင်ကယ် တာယာပေါက်လို့ဖာပြီး။ ရန်ကုန် ၅၀–မိုင်ကို ဆက်လာ။ ည ၇–နာရီရန်ကုန်ရောက်။ ၉–နာရီလောက်မှ ဗိုလ်လရောင်နေအိမ်ကိုရှာတွေ့။ ဗိုလ်ညာထာပြန်သွားပြီလို့ ကိုကျင်စွမ်တို့ကပြော။ ထိုည ဗိုလ်မြင့်အောင် စစ်တပ်မှာသွားအိပ်။ ၎င်းမှာကျွန်တော်တို့ ရွာသားတွေကိုတွေ့ရ။ ၎င်းတို့နှင့် အတူအိပ်ခဲ့ရ။

၃၁–၃–၆၂ ရန်ကုန်မှ နံနက် ၈–နာရီ လောက် ထွက်လာ။ ပဲခူးရောက်တော့ နေ့လယ်စာကို ကိုချမ်းအေးအိမ်မှာစား။ သထုံမှာတုန်းက ဗိုလ်ညာထာကပေးတဲ့ငွေကုန်သွားလို့ အားနာစွာနဲ့ စားနေရ။ ကိုချမ်းအေးက ဗိုလ်ညာထာကို ပဲခူးကပဲ စောင့်နေဖို့ ပြောလို့ဆက်နေ။

၃–၄–၆၂ (တန်ခူးလဆုတ် ၄ ရက်)ညနေ ကျွန်တော့်မှာ ကောက်ရသလိုမှားတော့တယ်။ကိုချမ်းအေးတို့ တစ်အိမ်သားလုံးကလည်း ကောင်းမွန်စွာပြုစုကြပါ၏။ နောက်တစ်ရက်တော့ သက်သာ သွားပါ၏။

ကိုရကြီး(ခ)ဗိုလ်ရိုးညွန့်၏ ဒိုင်ယာရီ၌တွင် အဆုံးသတ်သွားလေသည်။ အဖျားသက်သာသွားပြီဟု ဖော်ပြထားသော်လည်း ပြန်လည်၍ အဖျားဝင်လာပြီး ဒိုင်ယာရီပင် မရေးနိုင်တော့ဘဲ သေဆုံးခြင်းဖြစ်သည်ဟု ဆိုပါသည်။

ဤသို့ဖြင့် ဗိုလ်ရိုးညွန့်(ခ)ဗိုလ်ရကြီး၏ ဒိုင်ယာရီမှတ်တမ်း ဤမျှနှင့်ပြီးဆုံးသွားသဖြင့် ဗိုလ်ညာထာစစ်ကြောင်း၏ နောက်ပိုင်း ဖြစ်ရပ်များကို မသိရှိရတော့ပါ။ ထို့ကြောင့် ဗိုလ်ညာထာစစ်ကြောင်း

အဆုံးသတ်အပိုင်းကို သုတေသနရဲဘော်၏ "ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ" စာအုပ်တွင် မှတ်တမ်းတင်ထားသည့်အတိုင်း ဆက်လက်ဖော်ပြပါမည်။

ဗိုလ်ညာဏကို ရှာပုံတော်ဖွင့်ခဲ့သည့် ဗိုလ်ချုပ်ကြီးတစ်ယောက် ပဲခူးမြို့တွင်ဖျား၍ သောင်တင်နေစဉ် ဗိုလ်ညာဏသည်မိမိတပ်စခန်းရှိရာ ဖာပွန်သို့ပြန်လည် ရောက်ရှိနေခဲ့ပြီဖြစ်သည်။ (တူဝရီးနှစ်ယောက် လမ်းတွင် တော့လွဲခဲ့ကြခြင်းဖြစ်ပါသည်။)

ဗိုလ်ညာဏ ဖာပွန်သို့ရောက်ပြီး ၄-၄-၄၂ နေ့ ညနေ ၄-နာရီတွင် ဗိုလ်ညာဏသည် ကားတစ်စီးတွင် ဗိုလ်ညာဏနှင့်အတူ ကားမောင်းသူ အာမက်၊ ရဲဘော်ထွန်းလင်း၊ ရဲဘော်တာဆို (ခ) ဘိုးနီ(ခ)မောင်မောင်တို့ ပါဝင်လျက် ဖာပွန်မှ စမိုင်ဥဖာလုံ ဓား သေတ်တားတစ်ခုကို သွားရောက်စစ်ဆေးသည်။ ဤတွင် သူပုန်များ၏ချုံခိုတိုက်ခိုက်ခြင်းခံရသဖြင့်ဗိုလ်ညာဏနှင့်ရဲဘော်ထွန်းလင်းတို့ ပွဲချင်းပြီးသေဆုံးကျန်ရစ်ကာ ကားမောင်းသူအာမက် ဘာဒတ်ရာမှမရှာ ရဲဘော်တာဆိုမှာမူ ညာလက်မောင်း သေနတ်ဒဏ်ရာနှင့်ပြန် ရောက်လာကြသည်။ တပ်ရင်းမှူး ဗိုလ်မောင်၏ တပ်ရ(၃)ရ အမြန်လိုက်သွားရာ ဗိုလ်ညာဏနှင့်ရဲဘော်ထွန်းလင်းတို့မှာ ခေါင်းဖြတ်ယူသွားခြင်းခံရကာ ကားနှင့်အလောင်းကိုမူ မီးရှို့ထားသည်ကို တွေ့ကြရသည်။

ဗိုလ်ညာဏကျဆုံးပြီးနောက် ကျန်ရစ်သော တပ်ရင်းမှူးများမှာ ခေါင်းဆောင်မဲ့ဘဝတွင် မည်သို့မျှ မတတ်နိုင်ကြ၍ စုပေါင်းအုပ်ချုပ်မှုစနစ်ဖြင့် နေထိုင်ကြရသည်။ တပ်ရင်းမှူးဗိုလ်ချုကြီးအား ရန်ကုန်စစ်ဌာနချုပ်သို့ သွားရောက်၍ ဗိုလ်ညာဏကို သတင်းပို့စေရာတွင် ၁၀-ရက်မျှ ကြာသော်လည်း သတင်းတစ်စုံတစ်ရာ မရရှိသဖြင့် တပ်ရင်းမှူး ဗိုလ်တိုးရင်အား ထပ်မံစေလွှတ်သည်။ မူလစေလွှတ်သော ဗိုလ်ချုကြီးမှာ ပဲခူးတွင်ဖျား၍ သေဆုံးခဲ့သဖြင့် အရိုးအိုးသာလျှင် တွေ့ရှိရလေသည်။

ဒုတိယဆက်သားဖြစ်သူ ဗိုလ်တိုးရင်သည် ကျိုက်ထိုတွင် ဗိုလ်စံလွင်နှင့် ဆုံမိကြပြီး ရန်ကုန်စစ်ရုံးချုပ်သို့ ဆက်လက်သွားရောက်၍ ဗိုလ်မှူးအောင်အား အသေးစိတ်တင်ပြသည်။ ထိုအခါ ဗိုလ်မှူးအောင်က ဒိုက်ဦး၊ ညောင်လေးပင်တွင် တာဝန်ကျနေသော ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်အား ဖာပွန်သို့ ချီတက်စေသည်။

ဗိုလ်ဇင်ယော်တပ် ဖာပွန်သို့ရောက်ပြီးနောက် ၂၅-၄-၄၂ တွင် သောင်းကျန်းခေါင်းဆောင် စောဝယ်လင်တန်အဖွဲ့ လာရောက်တိုက်ခိုက်ရာ တပ်ရင်းမှူး ဗိုလ်ဗမောင်ကျဆုံးခဲ့လေသည်။ နောက်နေ့တွင် တစ်ဖန်ထပ်မံလာတိုက်ပြန်သောအခါ တပ်ရင်းမှူးဗိုလ်ထွန်းလှသည် ဖာပွန်မြို့သူမြို့သားများအား ဘီးလင်းနှင့်သထုံမြို့များသို့ ခေါ်ဆောင်သွားနိုင်ခဲ့သည်။ သို့သော် ဖာပွန်မြို့မှာ မီးတင်ရှို့ခံရပြီး ပန်းရာပီလူမျိုးရမ်ဆင်း ဆိုသူ ဗမာတစ်ဦးနှင့် ပေါင်းသည်ဟု ဆိုကာ အသတ်ခံရလေသည်။

ဗိုလ်ဇင်ယော်တပ်သည် သောင်းကျန်းသူတို့အား ဖာပွန်မှ မြောက်ဘက်တောင်ကြားလမ်းအတိုင်း ချီတက်တိုက်ခိုက်စေပြီး ဘီးလင်းသို့ ပြန်လာစေသည်။ အပြန်ခရီး ကတိုင်အိ ဒေသအတွင်း၌ နှစ်ကြိမ်တိုင်တိုင် ဝိုင်းဝန်းတိုက်ခိုက်ခြင်းခံရသဖြင့် တပ်သားအကျအဆုံးများလှသည်။ ထိုတိုက်ပွဲများတွင် သောင်းကျန်းသူများဘက်၌ ကရင်လဲစီး (ဆီးဂရေ့တပ်ဖွဲ့)တပ်စိပ် ၆-စိပ် ပါဝင်ခဲ့သည်။

ရန်ရှင်း (ထားဝယ်)

ကိုးကား

(၁) ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော်စစ်ကြောင်းများ (သုတေသနရဲဘော်)
(၂) တို့ဗမာအစည်းအရုံးသမိုင်း (ပ-ဒု တွဲ)
(၃) ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ် (ဗိုလ်မင်းခေါင်)
(၄) ကျွန်တော်ပါဝင်သော စီနာဗီကန်း
- (အီဂုမီယာတာဒ်ရေးသား)
(၅) လွတ်လပ်ရေး အရေးတော်ပုံမှတ်တမ်းအတွဲ ၁၊၂ (ဗိုလ်သံတိုင်)
(၆) ရဲဘော်သုံးကျိပ်မော်ကွန်း (တက္ကသိုလ်ဖိနိတင်)
(၇) ရဲဘော်သုံးကျိပ် (မြခေါင်းညို)
(၈) ရဲဘော်သုံးကျိပ် (ကျော်ငြိမ်း)
(၉) လွတ်လပ်ရေးစီးတစ်ထောက် (ဗိုလ်ဗလ)
(၁၀) တိုင်းရင်းသားစစ်ကြောင်း (ဗိုလ်ကျော်ဆန်း)
(၁၁) သုံးထောင်စံကိုယ်တွေ့မှတ်တမ်း (ထားဝယ်ကျော်မင်း)
(၁၂) ကိုယ်တိုင်အတွေ့အကြုံ ။

။

အာဇာနည်သူရဲကောင်း ဗိုလ်မှူးဇထူး

● ရန်ရှင်း(ထားဝယ်)

ဗိုလ်မှူးကြီးဇထူး(ထားဝယ်)

ခေတ်အဆက်ဆက်တွင် အာဇာနည်သူရဲကောင်းများကို မွေးထုတ်စမြဲဖြစ်သည်။ ဖက်ဆစ်တော်လှန်ရေးခေတ်၌ ဗိုလ်မှူးဇထူးသည် သမိုင်းပေးတာဝန်ကို ရင်ဝယ်ပိုက်၍ သမိုင်း၏ တောင်းဆိုချက်တို့ကို မရမနေ နှလုံးရည်၊ လက်ရုံးရည်တို့ဖြင့် ရွမ်းဆောင်ပေးခဲ့သူပင်ဖြစ်၏။

သမိုင်းပေးတာဝန်သည် ဖက်ဆစ်နေစ်ကို သုတ်သင်ချေမှုန်းရန်ဖြစ်၍ ယင်းတာဝန်ကို ခေတ်၏သားကောင်းရတနာတစ်ဦးဖြစ်သူ ဗိုလ်မှူးဇထူးက တာဝန်ယူခဲ့ပြီး ရှုပ်ရှုပ်ချွံချွံတိုက်ပွဲများကို ဆင်နွှဲခဲ့သည်။ ဖက်ဆစ်နေစ်ပြိုလဲခဲ့သောအခါ ဗိုလ်မှူးဇထူးသည်လည်း အသက်စွန့်သွားခဲ့ရလေသည်။

ဤဖြစ်စဉ်ဖြစ်ရပ်သည်သမိုင်း၏ ရွေ့လျားရာလမ်းကြောင်းပေါ်မှ ဖြစ်စဉ်တစ်ရပ်သာဟု ဆိုရပေမည်။ သို့ဖြစ်ရာ ဗိုလ်မှူးဇထူး၏ ဘဝဖြစ်စဉ်နှင့် ထူးချွန်သော စွမ်းရည်အချို့ကို ဖော်ပြအပ်ပါသည်။

ဘဝဖြစ်စဉ်

ဗိုလ်မှူးဇထူးကို တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်လောင်းလုံမြို့နယ်၊ လေးသွန်းခံကျေးရွာ၌ ဖခင်ဦးဘထွန်းနှင့် မိခင် ဒေါ်စိန်မြတို့မှ ၁၂၈၇ (၁၉၁၇) တွင် မွေးဖွားခဲ့ပါသည်။ ဗိုလ်မှူးဇထူးတွင် အစ်ကိုနှစ်ဦးနှင့် ညီမနှစ်ဦးရှိသည်။

ငယ်စဉ်က စစ်ပြဲရွာဘုန်းတော်ကြီးကျောင်းတွင် စာသင်ကြားခဲ့သည်။ ထားဝယ်မြို့ အစိုးရအထက်တန်းကျောင်းသို့ ပြောင်းရွှေ့သင်ကြားခဲ့ကာ သတ္တမတန်းအောင်မြင်သည့်အခါ ကျောင်းမှထွက်ခဲ့သည်။ ထို့နောက် … အမျိုးတော်စပ်သည့် ဦးလွန်းပင်၊ ဒေါ်စိန်ချယ်တို့ နေထိုင်ရာ ဟိန္ဒားသတ္တု မိုင်းသို့ လိုက်သွားပြီးအလုပ်တောင်းရာ ဟိန္ဒားသတ္တုမိုင်း၌ ရေစုတ်စက်ကြီး၏ ဆီထိုးသမားအဖြစ်အလုပ်စတင်ရရှိခဲ့ သည်။ မကြာမီ စက်မောင်းသမားအဖြစ် တာဝန်တိုးမြှင့်ပေး ခြင်းခံခဲ့ရသည်။ ဗိုလ်မှူးဇထူး၏ အရည်အချင်းကောင်းများကြောင့်နှစ်အနည်းငယ်အတွင်း အလုပ်သမားကြီးကြပ်ရေးမှူးအဖြစ်ခန့်အပ်ခြင်းခံခဲ့ရသည်။ အလုပ်သမားတို့အတွက် စာကြည့်တိုက်တစ်တိုက်ကို ဖွင့်လှစ်ပေးထားခဲ့ရာ ဗိုလ်မှူးဇထူးသည် အားလပ်ချိန်များတွင် စာပေကိုသာ တစ်စိုက်မတ်မတ် အစဉ်ဖတ်ရှုနေလေ့ရှိသည်၊ အထူးသဖြင့် နဂါးနီထွန်းရွှေ (ကျောက်မြောင်းသား- ကျောင်းဆရာ)၊ နဂါးနီထွန်းအေး(ထားဝယ်)တို့ ဦးဆောင်သည့် နဂါးနီ စာအုပ်တိုက်ထုတ်စာအုပ်များကို ဖတ်ရှုလေ့လာရင်း မျိုးချစ်စိတ်ဓာတ်၊ တော်လှန်ရေးစိတ်ဓာတ်များ တဖြည်းဖြည်းမြင့်တက်လာခဲ့သည်။

အိမ်ထောင်သည်ဘဝ

ဗိုလ်မှူးဇထူးသည် ဦးလွန်းပင်၊ ဒေါ်စိန်ချယ်တို့၏ နေအိမ်၌ နေထိုင်ပြီး အလုပ်လုပ်ခဲ့ရာ အတန်ကြာသည့်အခါ တွင်ဦးလွန်းပင်၊ ဒေါ်စိန်ချယ်တို့၏သမီး မအုန်းတင်နှင့် တစ်စ

တစ်စ ရင်းနှီးခင်မင်လာပြီး ရည်ငံမိခဲ့ကြသည်။ နှစ်ဦး နှစ်ဖက် မိဘများ၏သဘောတူညီချက်အရ ၁၉၃၇ ခုနှစ်ခန့်၌ ဗိုလ်မှူးဗထူးသည် မခုန်းတင်ကို လက်ထပ်ခွင့်ရခဲ့သည်။နောင်တွင် သားကြီး မောင်မောင်းသား၊ ယော်မောင်စိန်ဝင်းနှင့် သမီး မခင်ဝင်း တို့ကို ထွန်းကားခဲ့သည်။

ထို့နောက်ဗိုလ်မှူးဗထူးသည် ယောက်ဖဖြစ်သူဦးစိန်လင်းနှင့်တွဲဖက်၍သတ္တုတွင်းအလုပ်သမားအစည်းအရုံးကိုထူထောင်ကာ အလုပ်သမားတို့၏ ရသင့်ရထိုက်သော အခွင့်အရေးများကိုလည်းရရှိအောင် စွမ်းဆောင်ပေးခဲ့သည်။ ထို့ကြောင့်ပင် အရင်းရှင်နယ်ချဲ့တို့က ဗိုလ်မှူးဗထူးကို အလုပ်မှ ထုတ်ပယ်ခဲ့သဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအနေဖြင့် မောင်းတော၊ ဝါးခွန်းချောင်း၊ ကျောက်မဲတောင်တို့တွင် နေထိုင်ရင်း ဗိုလ်မှူးဗထူးသည် သစ်လုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ဂျပန်ဝင်လာသည့် အချိန်ထိဖြစ်ခဲ့ပေသည်။

တော်လှန်ရေးသမားဘဝ

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီ လ ၁၇ရက်နေ့တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဉာဏတပ် တောင်သုံးလုံးသို့လာရောက်စခန်းချစဉ် ဗိုလ်မှူးဗထူးသည် ဗိုလ်ဉာဏတပ်သို့ စတင်ဝင်ရောက်ခဲ့သည်။ ယင်းနောက် ဆက်သားအဖြစ် ထားဝယ်သို့ စေလွှတ်လိုက်ရာ ဗိုလ်ဇလတပ်သို့ကူးပြောင်းဝင်ရောက်ခဲ့လေသည်။

၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ ၁၉ရက်၌ ထားဝယ်မှ တပ်အသီးသီး ချီတက်ခဲ့ရာ ဖေဖော်ဝါရီလ ၂ရက်နေ့တွင် မုဒုံသို့ ရောက်ရှိပြီး ရှင်အရပ်ကျောင်းတိုက်၌ စခန်းချခဲ့ကြသည်။ဖေဖော်ဝါရီလ ၁၈ရက်နေ့တွင်ဗိုလ်ဇလနှင့်ဗိုလ်မြင့်အောင်တို့တပ်သည် ဖားအံရွှေဂွန်းမှတစ်ဆင့်ချီတက်ခဲ့ရာ စစ်တောင်းမြစ်ကမ်းကွင်းဆိပ်၌ ဗိုလ်စောအောင်နှင့် ဗိုလ်ခင်ယော်တပ်တို့နှင့် ဆုံမိခဲ့ကြသည်။

ဗိုလ်စောအောင်တို့တပ်မှာ ရွှေကျင်ဘက်သို့ ချီတက်ရမည်ဖြစ်ရာ တပ်သားအင်အားနည်းသည်ဆို၍ တပ်ကူအဖြစ် တပ်ခွဲတစ်ခွဲကို ဗိုလ်မှူးဗထူးအား အုပ်ချုပ်စေပြီး ထည့်ပေးလိုက်သည်။ ရွှေကျင်ကို ဖေဖော်ဝါရီလ ၂၈ရက်၌ သိမ်းပိုက်ခဲ့သော်လည်း ဗိုလ်စောအောင် ကျဆုံးခဲ့ရှာသည်။

၁၉၄၂ ခုနှစ်၊ ဇူလိုင်လ ၂၇ရက်နေ့တွင် ဘီအိုင်အေ (ခေါ်) ဗမာလွတ်လပ်ရေးတပ်မတော်ကို ဖျက်သိမ်းလိုက်ကာ ဆန်ခါတင်တပ်သား ၃၀၀၀ နှင့် ဘီဒီအေ (ခေါ်) ဗမာကာကွယ်ရေးတပ်မတော်ကိုပျဉ်းမနားတွင် ဖွဲ့စည်းလိုက်ကြသည်။

ယင်းသို့ အသစ်ပြန်လည်ဖွဲ့စည်းလိုက်သော ဗမာကာကွယ်ရေးတပ်မတော်တွင်ဗိုလ်ချုပ်အောင်ဆန်းအား ဗိုလ်မှူးကြီးရာထူးဖြင့် စစ်သေနာပတိခန့်အပ်ခဲ့ပြီး ဗိုလ်မှူးအောင်၊ ဗိုလ်ရန်နိုင်၊ ဗိုလ်ဇေယျတို့အား တပ်ရင်းများကို ဦးစီးစေလျက် တပ်ရင်းသုံးရင်းဖွဲ့စည်းခဲ့သည်။ ထိုခြေလျင်တပ်ရင်းသုံးရင်းအပြင် ရန်ကုန်တွင်စစ်ဦးစီးဌာနချုပ်ရုံးနှင့် မင်္ဂလာဒုံ၌ စစ်တက္ကသိုလ်တစ်ခုတို့ကို ပြန်လည်တည်ထောင်ခဲ့ကြသည်။

ထိုကဲ့သို့ တပ်မတော် ပြန်လည်ဖွဲ့စည်းခဲ့ရာတွင် ဗိုလ်မှူးဗထူးသည် ဗိုလ်ရန်နိုင် ဦးစီးသည့် ခြေလျင်တပ်ရင်းအမှတ် ၂၊ တပ်ခွဲ ၃ ၌ ဗိုလ်ကြီးရာထူးဖြင့် တပ်ခွဲမှူးတာဝန်ကိုပေးအပ်ခြင်းခံခဲ့ရသည်။

ထိုသို့ အသစ်ဖွဲ့စည်းလိုက်သော ဗမာကာကွယ်ရေးတပ်မတော်၌ တပ်ရင်းအားလုံး စစ်ပညာသင်ကြားရန် ဂျပန်အကြံပေးအရာရှိများခန့်ထား၍စစ်ပညာသင်ကြားပေးခဲ့လေသည်။

ဗိုလ်ကြီးဗထူးသည် ခြေလျင်တပ်ရင်း ၂၊ တပ်ခွဲ ၃ တွင် ကြာရှည်စွာ မနေခဲ့ရပေ။ ၁၉၄၃ ခုနှစ်ခန့်တွင် တပ်မတော် ကို တိုးချဲ့ခဲ့ရာ စက်မှုလက်မှုတပ်ရင်း(၁)ကို ပျဉ်းမနားမြို့တွင် ဖွဲ့စည်းလိုက်သည်။ ဗိုလ်ကြီးဗထူး၏ ဖွဲ့သတ္တိ၊ စွမ်းဆောင်ရည်၊ ဉာဏ်အရည်အသွေး နှင့် စစ်မှုရေးရာကျွမ်းကျင်မှုတို့ကြောင့် ဗိုလ်ကြီးဗထူးအား ဗိုလ်မှူးရာထူးကို ပေးအပ်ခဲ့ပြန်သည်။

ဗိုလ်မှူးဗထူးသည် ၁၉၄၂ ခုနှစ်၊ နှစ်ဦးပိုင်းတွင် တပ်ကြပ် ကလေးအဖြစ် ဘီအိုင်အေသို့ ဝင်ရောက်ခဲ့ပြီး၊ ဗမာလွတ် လပ်ရေးတပ်မတော်၌ တပ်ရင်းမှူးအဖြစ် တာဝန်ယူခဲ့ရသည်။ အချိန်ကာလအားဖြင့် နှစ်နှစ်နီးပါးမျှ ကြာမြင့်ခဲ့ရာ ဗိုလ်မှူး ဗထူးတွင် စစ်မှုရေးရာအတွေ့အကြုံ၊ စွမ်းရည်မည်မျှ မြင့်မား နေပြီကို ခန့်မှန်းနိုင်ပါပေသည်။

ဗိုလ်မှူးဗထူး၏ တပ်ရင်းသည် ပျဉ်းမနားမှ ၁၉၄၃ ခုနှစ်၊ နှစ်လည်ခန့်မှစ၍ မြန်မာပြည်မြောက်ပိုင်းသို့ ချီတက်ခဲ့ရသည်။ အင်းတော်မှ နန်းကာတင်တောင်ကြီးသို့ တက်ခဲ့ရပြီး တောင်ထိပ်တွင် စခန်းချပြီး အဆောက်အဦများဆောက်လုပ်ခဲ့ကြရသည်။ ယင်းနောက် မော်တော်ကားလမ်းဖောက်လုပ်ခဲ့ကြရသည်။ထိုမော်တော်ကားလမ်းဖောက်လုပ်ဆဲတွင်ဥရုမြစ်နှင့် ၂မိုင်အကွာ ဇေတီကုန်းရွာလေး၌ လေယာဉ်ကွင်းတစ်ကွင်းတည်ဆောက်ရန် တာဝန်ပေးအပ်ခံခဲ့ရပြန်သည်။ လေယာဉ်ကွင်းတည်ဆောက်ပြီးပြန်သောအခါ ဥရုမြစ် ဖြတ်ကူးတံတားကို ပြင်ဆင်ရန် တာဝန်ကျပြန်ပါသည်။ သို့ရာ တွင်··

ထိုတံတားမပြီးမီ နာဂစ်တောင်တန်းကြီးပေါ်တက်၍ တဲမဟဲရွာမှ အင်းဖါ၊ ကိုပီးမားသို့ မြွတ်ကျော်လမ်းဖောက်ရန် တာဝန်ပေးအပ်ခံခဲ့ရသည်။ထိုအတောအတွင်း ဗိုလ်မှူးဗထူး၏တပ်ရင်းအား စခန်းသစ်တစ်ခုကို အမြန်ဆုံးပြောင်းရွှေ့ ရန်အမိန့်ကျလာခဲ့ပြန်သည်။ ထိုစခန်းသစ်မှာ "စစ်သောင်" စခန်းပင်ဖြစ်သည်။ ထိုစဉ်က ဗိုလ်မှူးဗထူး၏ တပ်ဖွဲ့ဝင်များ ရိက္ခာပြတ်နေ၍လည်းကောင်း။ ပင်ပန်းနွမ်းနယ်နေ၍လည်းကောင်း တစ်ရက်တာ အနားယူရန်လိုအပ်လျက်ရှိနေသည်။ ယင်းစခန်းသို့ ရောက်ရောက်ချင်း လမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့မဝင်နိုင်သည့် အခြေအနေတွင်ရှိနေခဲ့ပေသည်။

တပ်စခန်းသို့ ရောက်လျှင်ရောက်ချင်း ဂျပန်ဗိုလ်မှူးကြီး (နာမည်မမှတ်မိ)က ဗိုလ်မှူးဗထူးအား ခေါ်တွေ့ပြီး "ဒါစစ်မြေပြင်ဖြစ်ကြောင်း၊ စစ်မြေပြင်မှာ အထက်ကအမိန့်ပေးရင် ဘာမဆိုလုပ်ရမှာဖြစ်ကြောင်း။ မလုပ်နိုင်ဘူးပြောရင် အာဏာဖီဆန်တာဖြစ်လို့ သေဒဏ်အထိ အပြစ်ရနိုင်ကြောင်း။ ထမင်းမစားရခြင်းမှာ အလုပ်နှင့်ဘာမှမဆိုင်ကြောင်း" စသည်ဖြင့် စကားပြန်မှတစ်ဆင့် မညှာမတာပြောဆိုခဲ့သည်။

ဗိုလ်မှူးဗထူးသည် မျက်နှာနီမြန်းလျက် ဒေါသတကြီးဖြစ်လာခဲ့ပြီး စကားပြန်အား "ဟေ့… မင်းအကောင်ကြီးကို ပြောလိုက်ပါ။ ငါတို့ဟာ လူတွေ၊ တိရစ္ဆာန်တွေမဟုတ်ဘူး။ လူဆိုတာ အိပ်ချိန်၊ စားချိန်၊ နားချိန် ဆိုတာရှိရတယ်။ မင်းတို့က လူလိုဆက်ဆံတာမျိုးမဟုတ်ဘဲ ငါတို့ကို တောထဲကတိရစ္ဆာန်လို သဘောထားလို့သာ ဒီလိုမတရားပြောတာ၊ မင်းတို့နိုင်းတိုင်းလုပ်ရမလား၊ အခု ငါ့လူတွေ ပင်ပန်းလာတဲ့အပြင်ထမင်းလည်း လုံးဝမစားရသေးဘူး။ ဒါကြောင့် ငါအနားနိုင်းထားတယ်။အဲဒီလို နားပြီးလို့ အလုပ်စလုပ်တဲ့နေ့မှာမင်းတို့နိုင်းချင်သလောက်နိုင်း၊ ဒို့တာဝန်ကျေအောင်တော့ လုပ်ပေးမှာပဲ။ ဒီကနေ့တော့ ဘယ်ကောင်လာနိုင်းနိုင်း လုံး၀ အနားပေးထားတယ်။ နိုင်းချင်တဲ့အကောင်လာနိုင်းလှဲ့၊ ဗထူးအကြောင်းသိသွားမယ်"ဟု ကြိမ်းမောင်းပြောခဲ့ရာ စကားပြန်မှာ မျက်နှာပျက်သွားပြီး ဂျပန်ဗိုလ်မှူးကြီးကို ဂျပန် လိုပြန်ပြောခဲ့သည်။ ထိုအခါ ဂျပန်ဗိုလ်မှူးကြီးသည် အစိမ်းလိုက်ဝါးစားတော့မည့် မျက်နှာထားမျိုးနှင့်ဒေါသတကြီးရုတ်တရက်မတ်တပ်ရပ်လိုက်ကာ ရှေ့သို့ တစ်လှမ်းတိုးလာခဲ့သည်။

ဂျပန်ဗိုလ်မှူးကြီးကယင်းကဲ့သို့ တစ်လှမ်းတိုးလိုက်သည်နှင့်တစ်ပြိုင်နက် ဗိုလ်မှူးဗထူး၏ ညာဘက်လက်သည် ဘယ်ဘက်ခါးတွင်ချိတ်ထားသော ဓါးလက်ကိုင်ရိုးပေါ်သို့ လျှင်မြန်စွာရောက်ရှိသွားသည်။ ထိုအချင်းအရာကို ဂျပန်ဗိုလ်မှူးကြီးသည် တွေ့မြင်လိုက်ရသောအခါ နောက်ထပ်ရှေ့သို့တိုးမည့်အရှိန်မှာ တစ်ခါတည်းရပ်တန့်သွားခဲ့သည်။ ရှေ့သို့လည်းထပ်မတိုးရဲတော့ဘဲ ချိုသာလှသောအပြုံးမျိုးဖြင့် ပြုံးလျက် "ယင်းသို့နိုင်းရခြင်းမှာ အင်ဖါစစ်မြေပြင်တွင် ရောက်နေသည့် ဂျပန်တပ်များအတွက်ပြတ်လပ်နေသည့် လက်နက်ခဲယမ်းနှင့် ရိက္ခာများပို့ပေးရန်အရေးတကြီးလိုအပ်နေ၍ဖြစ်ကြောင်း၊ ယင်းတို့ကိုမပို့ပေးနိုင်ရင် စစ်ရှုံးမလှုတပ်လုံး ပြုတ်နိုင်သည့် အခြေအနေတွင်ရှိနေကြောင်း၊ ပို့ပေးနိုင်မည့်နည်းလမ်းမှာယခုဖောက်လုပ်မည့် လမ်းတစ်လမ်းတည်းသာဖြစ်၍အရေးအကြီးဆုံးနှင့်အနီးဆုံးဖြစ်ကြောင်း"စစ်သောင်လမ်း" ကို အရေးတကြီးဖောက်လုပ်ရမည်ဖြစ်၍၊ ယခုကဲ့သို့ ဗမာတပ်မတော်ကိုအားကိုးပြီး အကူအညီတောင်းခံရခြင်းဖြစ်ကြောင်း၊ အမြန်အလုပ် စတင်ရန်နိုင်းခိုင်းခြင်းသာဖြစ်ကြောင်း၊ ဗမာတပ်မတော်သား ပင်ပန်းနွမ်းနယ်လာကြသည်ကို သိရှိ၍ပြောဆိုမိသည်ကို ဝမ်းနည်းကြောင်း၊ ထို့ကြောင့်… ယနေ့တစ်ရက်နားပြီးမနက်ဖန်မှစ၍အလုပ်စတင်လိုကြောင်း" စသည်ဖြင့်မြန်မာစကားပီသစွာဖြင့် ဗိုလ်မှူးဗထူးအားပြောကြားခဲ့လေသည်။

ဗိုလ်မှူးဗထူးသည် မိမိလက်အောက်တွင်ရှိ တပ်ဖွဲ့ဝင်များအားညွှန်ကြားထောက်ထားလျက် ပင်ပန်းဆင်းရဲပြီးထမင်းကိုပင်မစားရသောအချိန်မျိုး၌ အလုပ်တာဝန်မပေးလိုပေ။ထို့ကြောင့် … အထက်တွင်ဖော်ပြသကဲ့သို့ ဂျပန်ဗိုလ်မှူးကြီးအား ပြင်းပြင်းထန်ထန်ခုခံပြောဆိုခဲ့ခြင်း ဖြစ်ပေသည်။

ဗိုလ်မှူးဗထူးသည် သတ္တိရှိသူတစ်ဦးဖြစ်သည်ဟု ဆိုပါက ရိုးလွန်းသောဖော်ပြချက်တစ်ရပ်ဟု ဆိုရပေလိမ့်မည်။ တစ်ကယ့်သတ္တိသည်တကယ့်အရေးအခင်းနှင့်တွေ့ကြုံရသည့်အခါတွင် သူ၏ပကတိ အခြေအနေ၊ အရည်အသွေးအတိုင်း ပေါ်ပေါက်လာတတ်သည်။ ထိုကဲ့သို့သော အရေးအခင်းတစ်ရပ်ကိုတင်ပြလိုပေသည်။

အနောက်မြောက်တိုင်းမှူးအဖြစ် ဗိုလ်မှူးဗထူးသည် ဖက်ဆစ်တော်လှန်ရေးအတွက် အကွက်ရိုက်စီမံအခြေခံကို ပြုစုနေစဉ်အတောအတွင်း တစ်နေ့သောအခါ အမရပူရမြို့ လူထုအစည်းအဝေးပြီးစီး၍ ည ဖုနာရီခွဲခန့်တွင် ကားဖြင့် မိမိတပ်ရှိရာသို့မိမိအရာရှိနှစ်ဦးနှင့်အတူ ပြန်လာခဲ့ကြသည်။ထိုအတောအတွင်း ဗိုလ်မှူးဗထူး၏ကားနောက်မှ ဂျပန်ကား တစ်စီးလိုက်လာခဲ့သည်။ ထိုကားသည် ဗိုလ်မှူးဗထူး၏ကားကို အမှီမောင်းနှင်လာခဲ့ပြီး ကျော်တက်ရန်အတွက် လမ်းဖယ်ပေးရန် ဟွန်းကိုအဆက်မပြတ်တီးနေသည်။ ဗိုလ်မှူးဗထူးက နောက်သို့ လှည့်ကြည့်ရာတွင် ဂျပန်ကားဖြစ်နေသည်ကို တွေ့လိုက်ရသည်။

မိမိတို့ကားမှာလည်း မြန်မြန်မောင်း၍ရသည့်ကား မဟုတ်သဖြင့် ကားမောင်းသူကို လမ်းဖယ်ပေးရန် ပြောလိုက်သည်။ မိမိတို့ကားမောင်းလာသည့်လမ်းသည် လမ်းကျဉ်းကလေးဖြစ်နေ၍ ကားနှစ်စီးမှာမည်သို့မျှ ယှဉ်၍ မမောင်းနိုင်သောကြောင့် ကျော်တက်ရန် မဖြစ်နိုင်ပေ။

လမ်းကျယ်သည့်နေရာရောက်မှ ဘေးသို့ကပ်ပြီး လမ်းပေးရန် ကားမောင်းသည့် ရဲဘော်က ရည်ရွယ်သည်။ ဗိုလ်မှူးဗထူးကလည်း အခြေအနေကိုမြင်၍ သဘောပေါက်သည်။ သို့ရာတွင် … နောက်မှကပ်လိုက်လာသည့် ကားပေါ်မှ ဂျပန်အရာရှိမှာ ဖက်ဆစ်ပီပီသဘောမပေါက်။ မိမိဆန္ဒကိုသာသိသည်။ သူသည် အလွန်ဒေါသထွက်ဟန်ဖြင့် ကားပေါ်လှမ်း၍ ဂျပန်လိုဆဲရေးတိုင်းထွာရင်း တစ်ဆွေဆွေခုန်နေသည်၊ ဗိုလ်မှူးဗထူးကနောက်သို့ပြန်လှည့်ကြည့်လိုက်ပြီး ခပ်အေးအေးပင်ထိုင်နေသည်။ ယင်းကဲ့သို့ ဆဲရေးတိုင်းထွာလာခဲ့ရာမှ လမ်းအနည်းငယ်ကျယ်သည့်နေရာသို့ အရောက်တွင် ကားမောင်းသူရဲဘော်တကားကို လမ်းဘေးသို့ကပ်ပေးလိုက်သည်။ နောက်မှ ဂျပန်ကားသည် ဘေးဖယ်ပေးသည်ကို ကျော်တက်မသွားဘဲ ဗိုလ်မှူးဗထူးကားရှေ့မှပိတ်၍ရပ်လိုက်ရာ ကားနှစ်စီးစလုံးရပ်သွားတော့၏။

ထိုအခါတွင် အခြေအနေကို ရိပ်မိသော ဗိုလ်မှူးဗထူးသည် ကားပေါ်မှ ဆင်းလိုက်သည်။ ဂျပန်အရာရှိကလည်း ကားပေါ်မှဆင်းလာ၏။ ဂျပန်အရာရှိမှာ များစွာဒေါသထွက်သည့်အသွင်ဖြင့် တရှူးရှူး တရှဲရှဲ ဖြစ်နေရုံမျှမက သူ၏လက်ကစားရိုးကိုပင် ကိုင်လာသေးသည်။ ဆက်လက်၍ ဂျပန်အရာရှိသည် ဒေါသတကြီး ကြိမ်းမောင်းနေ၍ ကြည့်နေ၏။ ဗိုလ်မှူးဗထူးကမူ ဣန္ဒြေရွှာဖြင့် ဂျပန်အရာရှိအား စူးစိုက်၍ကြည့်နေ၏။ တစ်ဖက်ကမူ အေးဆေးစွာဖြင့် ဣန္ဒြေမပျက်ကြောက်ရွံ့ပုံ၊ စိုးရိမ်ပုံ အရိပ်အယောင်မပြသဖြင့် ဂျပန်အရာရှိသည် ပိုမို၍ ဒေါသထွက်လာကာ သူ၏ဓါးကို ဆွဲထုတ်ရန်ပြင်လိုက်သည်။

အမြဲတမ်းသတိရှိသော ဗိုလ်မှူးဗထူးသည် မိမိ၏ဓားကို လျှင်မြန်စွာ ဆွဲနှုတ်၍ လက်နှစ်ဖက်ဖြင့် ဓားရိုးကိုကိုင်ကာဂျပန်အရာရှိ၏ ဦးခေါင်းတည့်တည့်သို့ ခုတ်ချလိုက်ရာဂျပန် အရာရှိလည်းခွေလဲကျသွား၏။ ဗိုလ်မှူးဗထူးသည် မိမိ၏ ကားပေါ်သို့ တက်ခါ ဣန္ဒြေမပျက်မောင်းထွက်ခဲ့လေသည်။

ယင်းကိစ္စမှာ ပြဿနာ အကြီးအကျယ်ဖြစ်နိုင်သော ကိစ္စတစ်ရပ်ပင်ဖြစ်သော်လည်း၊ ဗိုလ်မှူးဗထူးသည် ဗမာသတ္တိကို စမ်းလာသည့်အတွက် အညံ့ခံရန် မည်သို့မျှပင်မဖြစ်နိုင်ကြောင်း သိစေ၍ရဲရင့်ပြတ်သားစွာ ပြုလုပ်ခဲ့လိုက်ခြင်းပင်ဖြစ်၏။

ဗိုလ်မှူးဗထူး၏ စိတ်နေသဘောထားနှင့် စွမ်းရည်သတ္တိကိုဂျပန်များကသိသည်။ ဂျပန်တို့အခြေအနေမှာလည်း ဗိုလ်မှူးဗထူးကို အားကိုးနေရသည့် အချိန်လည်းဖြစ်သည်။ ထို့အပြင် ယင်းဖြစ်စဉ်၌ ဂျပန်အရာရှိသည် မူးယစ်ရမ်းကား ဆဲရေးတိုင်းထွာရုံမျှမက ကိုယ်ထိလက်ရောက်စော်ကားမှုကိုပင် ပြုလုပ်ရန် ကြံစည်ခဲ့ကြောင်းကြားသိရသဖြင့် ဂျပန်အာဏာပိုင်တို့သည် ဗိုလ်မှူးဗထူးအား အပြစ်ရှာရန် မမြင်နိုင်တော့ဘဲ အေးအေးဆေးဆေးစွာပင် အမှုပိတ်လိုက်ကြတော့သည်။

ဤဖြစ်ရပ်မျိုးသည် စင်စစ်အားဖြင့် ဗိုလ်မှူးဗထူး အတွက် ပထာမပွဲဦးထွက်မျှသာရှိပေသေးသည်။ တော်လှန်ရေးကာလနီးကပ်လာသည်နှင့်အမျှ ဂျပန်အာဏာပိုင်တို့နှင့် ပြဿနာ အမှုံ့ပေါ်ပေါက်လာခဲ့ပြီး ထိုပြဿနာများကို ဗိုလ်မှူးဗထူးသည် ပရိယာယ်ကြွယ်ဝစွာဖြင့် ဖြေရှင်းနိုင်ခဲ့သည်ကို တွေ့ရသည်။

ထင်ရှားစွာဖြေရှင်းနိုင်ခဲ့သည့်ဖြစ်စဉ်မှာ ဂျပန်အလိုတော်ရိ သခင်ဗစောပြဿနာပင်ဖြစ်သည်။ ၁၉၄၅ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း၌ဖြစ်လေသည်။ သခင်ဗစောသည်ဂျပန်အာဏာပိုင်များအကြိုက် ဗမာ့တပ်မတော်က တော်လှန်လိမ့်မည်ဟု သတင်းပေးထားသူဖြစ်သည်။ ဂျပန်တို့ကိုယ်စား လိုက်လံထောက်လှမ်းနေသဖြင့် ဂျပန်တို့က သူ့အားအစွမ်းကုန် အကာအကွယ်ပေးထားရုံမျှမက များစွာလည်း မြှောက်စားထားလေသည်။ သူသည်ဂျပန်အာဏာကို သုံး၍ အပြစ်မရှိသူများ ကို ဖမ်းဆီးခြင်း၊ ရိုက်နှက်ခြင်း၊ ငွေညှစ်ခြင်း နှင့် ပစ္စည်းများ လုယက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

တစ်နေ့သော နံနက်ခင်း၌ အမြောက်တပ် တပ်ခွဲမှူးဗိုလ်အတ္တာဝကနှင့်ဗိုလ်ရဲခင်တို့က သခင်ဗစောကိုဖမ်းဆီးပြီးဗိုလ်မှူးဗထူးရုံးခန်းသို့ ခေါ်ဆောင်လာခဲ့ကြသည်။ ဗိုလ်မှူးဗထူးလည်း သူ့အကြောင်းကို သတင်းရပြီးဖြစ်၍ ခေါင်းအေးအေးထားပြီး စဉ်းစားနေပုံရသည်။ ထို့နောက်မှ မိမိငယ်သားများအား ခြေလွန်လက်လွန်ဖြစ်ကုန်မည်စိုး၍၊ "နောက်မှပဲ အေးအေးဆေးဆေး စစ်ဆေးကြရအောင်" ဟု အမိန့်ပေးလိုက်မှ သခင်ဗစောအား ခေါ်သွားကြလေသည်၊ ဗိုလ်မှူးဗထူးသည် ဂျပန်အာဏာပိုင်တို့နှင့် ပြဿနာ ပေါ်လေပြီဟုတွက်၍ ရင်ဆိုင်ရန် စဉ်းစားရင်း ရုံးခန်းထဲတွင် ကျန်ရစ်ခဲ့သည်။ ကြိုတင်တွက်ချက်သည့်အတိုင်းပင် ထိုနေ့ညနေပိုင်းတွင် ဂျပန်စစ်ရဲအဖွဲ့ဌာနချုပ်မှ ဗိုလ်မှူးအဆင့်ရှိ အရာရှိတစ်ဦး၊ စစ်ရဲနှစ်ဦး နှင့် စကားပြန်တစ်ဦးတို့သည် ကားတစ်စီးဖြင့် ရောက်လာခဲ့ကြသည်။

ဂျပန်ဗိုလ်မှူး၏ မျက်နှာထားမှာတင်းမာလှသည်။ မိမိ၏

တပည့်ရင်းတစ်ဦးကို ဖမ်းဆီးဝံ့သူ ဗိုလ်မှူးဗထူးအပေါ် များစွာ မကြေမနပ်ဖြစ်နေသည်။ ဗမာ့တပ်မတော်၏ခြေလှမ်းကိုပင် စုံစမ်းပေးခဲ့သူဖြစ်ပြီး မိမိတို့၏လိုအင်ဆန္ဒကိုဖြည့်ဆည်းပေးခဲ့သူ တပည့်အား မည်သည့်နည်းနှင့်မဆို ပြန်လည်ခေါ်ဆောင်သွားရန်သန္နိဋ္ဌာန်ချထားခဲ့ဟန်တူသည်။ "မနက်ကကျုပ်တို့ဌာနချုပ်က သခင်ဗဆောကို ခင်များတို့ ဘာလို့ဖမ်းရတာလဲ" ဟု ဂျပန်ဗိုလ်မှူးက မျက်နှာပေါက် အဆိုးဆုံးဖြင့်မေးလိုက်သည်။ ဗိုလ်မှူးဗထူးကမည်သို့မျှမတုန်လှုပ်ဘဲခပ်အေးအေးပင် ပြန်လည် ဖြေကြားခဲ့သည်။

"သခင်ဗဆောဟာ နီပွန်နဲ့ ဗမာ့တပ်မတော်ချစ်ချစ်ခင်ခင် ပူးပေါင်းပြီး ရန်သူကို တိုက်နေတဲ့အချိန်မှာ မဟုတ်တာတွေ၊ သတင်းမှားတွေ လျှောက်ပြောနေတယ်။ သူကဗမာ့တပ်မတော်ဟာအင်္ဂလိပ်နဲ့ပူးပေါင်းပြီး နီပွန်တွေကိုတိုက်မယ်လို့ သတင်းလွှင့်နေတယ်။ ဗိုလ်မှူးဗထူးက ဒါတွေကိုယုံတယ်မဟုတ်လား။ ဒါကြောင့်လည်း တချို့သခင်တွေကို ဗိုလ်မှူးတို့ ကင်ပေတိုင်ကဖမ်းထားတယ်။ ဖမ်းဆီးထားတယ်လို့သိရတယ်၊ နောက်ပြီး သူ့ကြောင့်ပဲ စစ်ကိုင်းအမြောက်ကြီးတပ် ဗိုလ်သိန်းဦးကိုလည်း ဗိုလ်မှူးတို့က မယုံသင်္ကာနဲ့ဖမ်းဖို့လုပ်ခဲ့တာ ကျုပ်မနည်းရှင်းခဲ့ရတယ်မဟုတ်လား။ ဒီဗိုလ်သိန်းဦးဟာ အမေရိကန်လေယာဉ်ပျံတစ်စီးပစ်ချခဲ့တဲ့အရာရှိပဲဆိုတာ ဗိုလ်မှူးတို့အသိပဲ။ ကျုပ်တို့ဟာ အင်္ဂလိပ်ကိုမောင်းထုတ်ခဲ့တာပါ။ အင်္ဂလိပ်ကို အခုထိ တိုက်နေတာပါ။ ကျုပ်တို့ဟာ ဘယ်လိုလုပ်ပြီး အင်္ဂလိပ်ကို ပြန်ပေါင်းလို့ဖြစ်နိုင်ပါမလဲ။ သူတို့ကကော အပေါင်းခံပါ့မလား၊ ကျုပ်တို့တပ်တွင်းကို သေသေချာချာတိုက်ခိုက်ခဲ့တာပဲ။ အားလုံးမသေကုန်တာကကောင်းလှတယ်၊ ကျုပ်တို့က ပြန်ပစ်လို့သာပေါ့။ တပ်ဖွဲ့ဝင် လေးယောက်ပဲ ဒဏ်ရာရသွားတယ်၊ နောက်ပြီး နေ့တိုင်းလိုလို ကျုပ်တို့တပ်ကို အင်္ဂလိပ်တပ်က ပစ်ခတ်တိုက်ခိုက် ဗုံးကြဲနေတာ ဗိုလ်မှူးတို့ အသိပဲမဟုတ်လား။ အမြောက်နှစ်လက်တောင်ပျက်သွားပြီ။ အင်္ဂလိပ်နဲ့ပူးပေါင်းတယ်ဆိုရင် ဒီလိုဗုံးကြဲပါ့မလား။ စဉ်းစားကြည့်ပါ၊ သခင်ဗဆောဟာ ဗမာတစ်ယောက်ဖြစ်ပေမယ့် နီပွန်နဲ့ဗမာပူးပေါင်းပြီး အင်္ဂလိပ်တွေကို တိုက်နေတာ သိလျက်သားနဲ့ မဟုတ်မမှန်သတင်းတွေကို လိမ်ညာပေးနေတာ ကျုပ်တို့တပ်မတော်ကို နစ်နာစေတာပဲ။ ဒါကြောင့်... သခင်ဗဆောကိုကျုပ်တို့ဖမ်းရတာပါ" ဟု စိတ်ရှည် လက်ရှည် အေးအေးဆေးဆေး ထိထိမိမိနှင့် ရှင်းပြခဲ့၏။

ဂျပန်ဗိုလ်မှူးမှာ မိမိတပည့်အတွက် လွှတ်မြောက်ရန် ကြိုးစားခဲ့ပြန်သည်။ "ဘာပဲဖြစ်ဖြစ်သူ့ကိုကျွန်တော်တို့နဲ့ထည့်လိုက်ပါ။ ကျွန်တော်တို့ ဆုံးမပါမယ်" ဟု လေချိုသွေး၍ပြောသော၏။ "ဝမ်းနည်းပါတယ် ဗိုလ်မှူး၊ သူ့အပြစ်က နီပွန်တပ်မတော်နဲ့ ဗမာတပ်မတော်တို့အထင်မှားပြီး ဒီစစ်ကြီး အောင်နိုင်ရေးအတွက် အနှောင့်အယှက်ဖြစ်တာကြောင့်အထူး အရေးကြီးလှပါတယ်။ ဗိုလ်ချုပ်တောဆီကို ပို့ရပါမယ် ..." ဟုထပ်မံ၍ ရှင်းပြခဲ့သည်။ ဂျပန်ဗိုလ်မှူးသည် မည်သို့မျှမတတ်နိုင်တော့ဘဲနောက်ဆုံးတွင် ပြန်သွားခဲ့ရသည်။

ဗိုလ်မှူးဗထူးသည်ဂျပန်ဗိုလ်မှူးအား ရဲရဲရင့်ရင့်တည်တည်ကြည်ကြည် ပရိယာယ်ကြွယ်ကြွယ်ဝဝနှင့် ဆက်ဆံ လိုက်ပုံမှာ အရည်အသွေး တောက်ပြောင်လှန်းလှပေသည်။

ဘဝနိဂုံး

ဗိုလ်မှူးဗထူးသည် တော်လှန်ရေးမှ မွေးဖွားပေးလိုက်သော ခေါင်းဆောင်တစ်ဦးဖြစ်၍ တော်လှန်ရေးကို ဦးစီးခေါင်းဆောင်ရန် လူဖြစ်လာရသူပင်ဖြစ်သည်။ ဖက်ဆစ်ရန်သူကို မည်မျှပင် အင်အားကြီးမားခဲ့သော်လည်းမမှုဘဲ အန်တုရဲ အနိုင်တိုက်ချေမှုန်းခဲ့သူ၊ မည်မျှလောက်ပင် အကျဉ်းအကြပ်ထဲသို့ရောက်နေသော်လည်းမဟာမိတ်နယ်ချဲ့တို့၏ပရိယာယ်အောက်တွင် ဒူးမထောက်ခဲ့သူ ဗိုလ်မှူးဗထူးသည် ၁၉၄၅ ခုနှစ်၊ ဇွန်လ ၂ရက်နေ့ ၈ နာရီ ၁၀မိနစ်တွင် ရှမ်းပြည်တောင်ပိုင်းအောင်ပန်းအနီး တယ်လူးစခန်းတွင် ငှက်ဖျားရောဂါဖြင့်ကျဆုံးသွားခဲ့ရ၏။ ဗိုလ်မှူးဗထူးသည်သူချစ်သောတိုင်းပြည်နှင့် တပ်မတော်တို့ကို စွန့်ခွာသွားခဲ့ရလေသည်။

ဗိုလ်မှူးဗထူးသည် ကြမ်းတမ်းခက်ခဲသော တော်လှန်ရေးခရီးကြမ်းကို လှမ်းလျက် ကျဆုံးခဲ့လေပြီ။ သို့ရာတွင် ဗိုလ်မှူးဗထူး ကျဆုံးသွားရခြင်းသည် အရှုံးမရှိသော ကျဆုံးခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်ဖက်ဆစ်တော်လှန်ရေးကြီးကို အောင်မြင်စွာ ဦးဆောင်ပြီးစီးအဆုံးပန်းတိုင်သို့ပို့ဆောင်ပေးနိုင်ခဲ့သောကြောင့်ပင်ဖြစ်လေသည်။ မည်သို့ပင်ဆိုစေကာမူဗိုလ်မှူးဗထူးသည် လူပင်သေဆုံးခဲ့သော်လည်း နာမည်နှင့်လုပ်ရပ်သည် တည်တံ့ကျန်ရစ်ခဲ့သဖြင့် မြန်မာ့သမိုင်းကြောင်းတွင် နေရာယူပြီးသားဖြစ်သည်။

ရန်ရှင်း (ထားဝယ်)

ကျမ်းကိုး

၁။ စစ်မြေပြင်ခရီးကြမ်းနှင့် ကိုယ်တွေ့မှတ်တမ်း (ကျောက်ဆည်မောင်မောင်)

၂။ ဗမာ့တော်လှန်ရေးအာဇာနည် ဗိုလ်မှူးကြီးဗထူး (သိပ္ပံမိုးရှင်)

★★★★★

ထားဝယ်ဒေသဖွား အားကစားအကျော်အမော်များ

(Papu 3)

(Outstanding Atheletes of Dawei Region)

ဦးလှတင်
(ဦးဆောင်နာယက)

၁။ **စေယာင်အာစာနည်း** မီးပုံးပျံ ဦးကျော်ရင် (အနောက်အရပ်သား)
(၁၇–၄–၁၉၂၉)ရက်နေ့၌ ပထမဆုံးအကြိမ် ထားဝယ်မြို့ဈေးမိုးညီကွင်းတွင် ပိတ်သားမီးပုံးပျံကို စီးပြသူ နိုင်ငံတော်၏ အဦးဆုံးလေသူရဲကောင်း အသက် ၅၅နှစ် မှ ၆၆နှစ်အထိ ၁၁နှစ် ကာလအတွင်း မီးပုံးပျံ ငါးလုံး အထိချုပ်ပြီး (၅၅)ကြိမ်တိုင်တိုင် မြန်မာနိုင်ငံ အနှံ့အပြား မီးပုံးပျံကိုစီးပြခဲ့၏။ ဝါသနာအလျောက် ကျွမ်းဘားပညာကို ကောင်းစွာတတ်သည်။

၂။ **ကျွမ်းဘားအာစာနည်း** – ဘားမယ်ကြွေ (ထားဝယ်သူ)
ထားဝယ်ဒေသတွင် "ဆပ်ကပ်"ပွဲများ၌ ဘားတန်းနှင့်ကြိုးတန်းများအပေါ် အသက်စွန့်ခံများကပြ ဖျော်ဖြေခဲ့ပြီး ရွှေလိပ်ပြာ အကဖြင့်လည်း ကျော်ကြားခဲ့၏။

၃။ **ထမီးသူရ–မချစ်ခို (ထားဝယ်သူ)**
လွတ်လပ်ရေးရကာစ သောင်းကျန်းသူများ မြင်ဦးလွင်မြို့ကိုလာတိုက်ပွဲတွင် နေ့ပိုင်းတွင် သတင်းထောက်လုပ်ပြီး၊ ညပိုင်းတွင် ကိုယ်တိုင်ဦးဆောင် တိုက်ခိုက်ခဲ့ရာတွင် ကျဆုံးသဖြင့် နိုင်ငံတော်မှ သူမအား ထူးခြားစွာ **တစ်ဦးတည်းသော "အမျိုးသမီးသူရဂုဏ်"**ကို ချီးမြှင့်ခဲ့သည်။ သူမ၏ **လေ့လော့နှင့်ရေကူး**အတတ်များ ကျွမ်းကျင်ကြောင်းကို (၁)တစ်ဦးတည်း လှေလှော်လာရာ၌ မာလကိုယ်စီကိုင် ဓားပြ သုံးဦး နှင့် တိုက်ခိုက်ခနဲ၊ (၂) ရေးရှုပ်ရှင် "အောင်ပင်လယ်" ဇာတ်ကားရိုက်ရာတွင် မင်းသားကိုယ်စား ရွက်တိုင်ထိပ်များ မှအသက်စွန့်၍ခိုင်ဗင်ထိုးချခြင်း၊ (၃) ထားဝယ် ကမြောကင်း လှေဆိပ်၌ ရေနစ်နေသူ အမျိုးသားတစ်ဦးကို အသက်ကယ် တင်ခြင်းကိစ္စတို့က ထောက်ခံနေပါသည်။

၄။ **ဘီလပ်ပြန်အစိုးရရှေ့နေကြီး ဦးဘောကျွမ်း**
ထားဝယ်အားကစားအသင်း (T.T.A.)နှင့် ဘောလုံးကွင်းကို ထူထောင်ပေးခဲ့ပြီး၊ **ဘောလုံး** ပြိုင်ပွဲများ၌ သူကိုယ်တိုင် **ကွင်းလယ်ခိုင်လူကြီး**လုပ်ခဲ့၊ **တင်းနစ်ကစား**ရာတွင် အလွန်တော်သည်။

၅။ ထားဝယ်အစိုးရဟိုက်စကူးကျောင်းအုပ်ကြီး **ဖွန်မောင်ခင်** သူသည် ထားဝယ်ဒေသ အားကစားလောကကြီး၏ ဖူးပွင့်လန်းစွင့်၍ တိုးတက်လာရခြင်း၏ အဓိကဥယျာဉ်မှူးကြီးပေတည်း။ ကျောင်းဘောလုံးအသင်းတွင် ကပ္ပတိန်ဖြစ်၏။ မိုးရာသီမှအပ တစ်နှစ်ပတ်လုံး "တင်းနစ်" ကစား၏။ ကျောင်းတွင် အဖွဲ့လေးဖွဲ့ကိုဖွဲ့စည်းပေးပြီး အားကစားနှင့် ပညာအရာ တို့၌ပြိုင်စေ၏။ ထို့ကြောင့် ဒေသတွင် "ဘောလုံး"နှင့် "တင်းနစ်" အားကစားမှု အထူးတိုးတက်လာ၏။ မြန်မာ့ဘောလုံးလက်ရွေးစဉ်များဖြစ်သောကိုလှတင်၊ ကိုသိန်းအောင်(သူ့သားကြီး)ကိုအောင်ခင် (သူ့သားငယ်) တို့ကို သူမွေးထုတ်ပေးခဲ့သည်။

၆။ **ကာယဗေဒ ဦးကျော်ရွှေ**
အဖေဒေါက်တာ ဦးသာရွှေနှင့် အမိ ဒေါ်ဘိန် တို့မှ (၂–၇–၁၉၁၆)နေ့၌မွေးဖွားသော သားဦးရတနာ။ ကျောင်းသားဘဝကပင် အခြားအားကစားမှုများထက် အလေးမနှင့် ကာယအလှတို့ကို ပို၍ဝါသနာပါပြီး အထူးမြှတောင်မြောက်ပေးခဲ့သူဖြစ်၏။ သူသည် စစ်ကြိုခေတ် မြန်မာ့စံချိန်ကို ချိုးခဲ့ကြသော (၈–တော့) တန်း တွင် ကိုထုံးစိန်၊ "ဖဲသားဝိတ်"တန်း တွင် ကိုစိန်ဝင်း၊

"ဘင်တန်ဝိတ်"တန်းတွင် ကိုဖွေကိုင်၊ ကျွန်းဆွယ် "လိုက်ဝိတ်"တန်း ချန်ပီယံ–ရွှေတံဆိပ် ၅ဆုရှင် ကိုဖေအေး(ရဲ) အစ ရှိသော အလေးမချန်ပီယံ အကျော်အမော်တို့ကို မိမိ စရိုက်ဖြင့် မွေးထုတ်ပေးခဲ့သော ထားဝယ်အလေးမလောက ၏ ကျေးဇူးရှင်ကြီးဖြစ်သည်၊ ထားဝယ် (ဘီအိုင်အေ) တပ် စစ်ဗိုလ်ဖြစ်ခဲ့၏။

၇၊ **အလေးမဝါသနာရှင်ကြီး ဦးအုန်းအောင် (ကညွန့်ရပ်သား)**
နိုင်ငံတော်စာရင်းစစ်ချုပ်ကြီး(ငြိမ်း)၊ မြန်မာနိုင်ငံ "အိုလံပစ်အဖွဲ့" ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၊ ဝါသနာကြီးလှသော မြန်မာအလေးမလောက၏ ကျေးဇူးရှင်ကြီး ၁၀ တန်းစာမေးပွဲကို ထားဝယ်ဟိုက်စကူးကျောင်းမှ သချာ်ဘာသာဂုဏ်ထူးဖြင့် အောင်၏။

၈။ **အားကစားဦးသိန်းတင်၊ ဦးအုန်းတင်၏ညီ ပြေးခုန်ပစ် အားကစား ဝါသနာရှင်**
ထားဝယ်ရှေ့နေနှင့် ဖဆပလ လူမျိုးရေးလွှတ်တော် အမတ်ဟောင်း။ မြန်မာနိုင်ငံအားကစားနှင့် ကာယပညာဦးစီးဌာနတွင် ညွှန်ကြားရေးမှူး လုပ်ခဲ့၏၊

၉၊ **အလေးမဆရာရှင် – ကိုဖွေကိုင်**
အထက်ပါနှစ်ဦးတို့၏ညီငယ် အစ်ကိုဦးအုန်းတင်ကဲ့သို့ ပင် အလေးမခြင်းကိုပင် အောက်ခြေမှစ၍ ငယ်စဉ်ကပင် ကာယဗလ ဦးကျော်စွမ်းလက်အောက်၌ အလေးမနှင့် ကာယအလှပြခြင်းတို့ကိုလေ့ကျင့်လာခဲ့သည်၊ ၁၉၄၈ခုနှစ် ရန်ကုန်တက္ကသိုလ် အလေးမနှင့်ကာယအလှပြိုင်ပွဲ၌ "ဘင်–တန်ဝိတ်"တန်း (၂)ဆင့်မခြင်း၌ ကမ္ဘာ့စံချိန်ချိုးကြောင်း ကြေညာခြင်းကိုခံရ၏။

၁၀။ **သူရဲကောင်းကြီး"စင်း"ခေါ် စောမွေရှိန် (ဘီလာဝ်ဖြန့် အနောက်ရပ်သား)**
ထားဝယ်မြို့ဘောလုံးအသင်းကို ထူထောင်ပြီး "ကပ္ပတိန်" လုပ်ခဲ့သည်။ ဘင် ဖြစ်သူ စောရွှေညွန့်ကသူ့အား ပညာသင်ရန် "ဘီလပ်"သို့ စေလွှတ်ခဲ့ရာ စာမသင်ဘဲ အားကစားလောက၌ လေ့လာ ကျင်လည်ခဲ့သည်။

၁၁။ **မြန်မာ့လူသန်ကြီးဦးဖေအေး(ရဲ) (ရှပ်ရှင်ခင်းသား)**
(၁၉၅၄၊ ၁၉၅၅၊ ၁၉၅၇၊ ၁၉၅၈ နှင့် ၁၉၆၀) ခုနှစ်များ၌ "မောင်ထားဝယ်"ဘွဲ့၊ ၁၉၅၅ခုနှစ် ပထမ အကြိမ်မြောက်တိုင်းနှင့်ပြည်နယ် အလေးမပြိုင်ပွဲ Middle Weight Class တွင်ရွှေဆု၊ (၁၉၅၅) ခုနှစ် ပျဉ်းမနားမြို့တွင် ကျင်းပသော မြန်မာနိုင်ငံအလေးမတံခွန်စိုက်ပြိုင်ပွဲ Middle Heavy Class တွင်ရွှေဆု၊ ထိုနှစ် ဘန်ကောက်မြို့တွင် ကျင်းပသော ပထမအကြိမ်ကျွန်းဆွယ်ပြိုင်ပွဲ SEAP Games တွင်ကြေးဆုရပြီး၊ မြန်မာ့စံချိန်ကို (Myanmar Record Holder) အဖြစ်ဖြင့် ချိုးခဲ့သည်၊ ၁၉၆၀ ပြည့်နှစ်တွင် မြန်မာ့စံချိန်ကိုချိုးသည့်အတွက် "မြန်မာ့လူသန်ကြီး ၂ဦး"စာရင်းတွင်ပါဝင်ခဲ့၊ (၁၉၅၇၊ ၁၉၅၈ နှင့် ၁၉၆၀)များ၌ အမျိုးသား တံခွန်စိုက်နှင့် ပြည်နယ်နှင့်တိုင်း "သံလုံးနှင့်သံပြားဝိုင်းပစ်" ပြိုင်ပွဲများတွင် ပထမနှင့် ဒုတိယဆုရှင်၊ ၁၉၆၇ခုနှစ် ပြည်နယ်နှင့်တိုင်းအလေးမပြိုင်ပွဲတွင် ဒုတိယဆုရှင် အာဂအားကစားသမားတစ်ဦးပေတည်း။

၁၂။ **ကိုဖေအေး(ရဲ) (ထားဝယ်သား)**
ထားဝယ်မြို့ ဦးဦးဝင်း–ဒေါ်စင်တို့၏ သားရတနာ၊ မြန်မာနိုင်ငံတွင်သာမက အရှေ့တောင်အာရှတစ်ခွင်၌ပင် အထူးကျော်ကြားသည့် အလေးမချန်ပီယံဖြစ်၏။ ရဲဘော်ကြပ်ကြီး (ငြိမ်း)ဖြစ်သည်၊ ၁၉၆၀ခုနှစ် မြန်မာနိုင်ငံကျွန်းဆွယ်ပြိုင်ပွဲ "လိုက်ဝိတ်တန်း"တွင် ရွှေတံဆိပ်ဆု၊ ၁၉၆၅ခုနှစ် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တော်ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆုရှင် ပြိုင်ပွဲပေါင်း ၅ပွဲ၌ ထုခြားမှုပေါင်းအားလုံး **ရွှေတံဆိပ်ဆု** ချည်းသာရခဲ့သည့် နိုင်ငံတော်တွင်ပြိုင်ဘက်မပေါ်သော အားကစားသမားကြီးပေတည်း။

၁၃။ **အလေးမကိုစိန်ဝင်း (အနောက်ရပ်သား)**
ခေါ်ကြီးမတော် ကာယဗလ ဦးကျော်စွမ် မွေးထုတ်ပေးခဲ့သော "ဖဲသားဝိတ်တန်း" မှ မြန်မာ့အလေးမချန်ပီယံ (ထိုနှစ်က မောင်ဗမာအငယ်တန်း၌ ပါဝင်ယှဉ်ပြိုင်ခဲ့သည်)

၁၄။ **"ခုန်း"ခေါ်ဦးလှတင် (မီးရထား)**
ငယ်စဉ်ကပင် အပြေးကောင်းသဖြင့် တစ်သက်လုံး"ခုန်း" အမည်တွင်သွား၏။ မီးရထားမှတ်တရင်းတို့၏ ဒုတိယ မြောက်သား၊ အစ်ကိုကြီးကိုလှရွှေနှင့် ကိုထွန်းရှိန် တို့သည် ခေါ်ကြီးမဖြစ်မီက တက္ကသိုလ်/ကောလိပ်ဘောလုံးလက်ရွေးစင်များဖြစ်၏။ အစ်ကိုကြီး ကိုစင်မောင်မြင့်မှာ ထားဝယ်မြို့ ဘောလုံးလက်ရွေးစင်၊ သူသည် ၁၉၄၇ခုနှစ်၌တက္ကသိုလ် ဘောလုံးအသင်း ရှေ့တန်းညာအစွန်မှလက်ရွေးစင်၊ ၁၉၄၈ခုနှစ်၌ ရန်ကုန်မြို့နီဝါယံ ဘောလုံးအသင်း ရှေ့တန်းမှလက်ရွေးစင်၊ ၁၉၄၈–၁၉၅၀ခုနှစ်များ၌မီးရထားအသင်းကြီးရှေ့တန်းမှလက်ရွေးစင်၊ ၁၉၄၈ ခုနှစ် အိန္ဒိယ "ဂျင်မခါနာ" ဘောလုံးအသင်းနှင့်ကစားရာ၌ မြန်မာ့လက်ရွေးစင်၊ ၁၉၄၈ ခုနှစ်၌ တက္ကသိုလ် "တင်းနစ်ဘလူး" (Tennis Blue)၊ ၁၉၄၈ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှကျင်းပသောပြိုင်ပွဲ၌ နှစ်ယောက်တွဲ ကစားပွဲတွင် (Quarter Final) ကွာတာဖိုင်နယ်ထိရောက်ခဲ့၊ ၁၉၄၈–၄၉ ခုနှစ်၌ ကျင်းပသော မြန်မာနိုင်ငံ ကိုက် ၁၂၀ တန်းခြင်းကျော်ပြေးပွဲ၌ ငွေဆု၊ ထိုနှစ် ၂၂၀ကိုက် တန်းနိမ့်ကျော်ပြေးပွဲ (တိုကပြားများကို ဖြတ်ကျော်နိုင်သည်) ရွှေဆုရှင်၊ ၁၀တန်းစာမေးပွဲကို ဟိုက်စကူးကျောင်းမှ သချာ်ဂုဏ်ထူးဖြင့် အောင်ခဲ့၏။

၁၅၊ **ဘောလုံးဦးရွှေမိန်ရှိန် (Mighty Aton) စေရိုးရပ်သား၊ မြန်မာ့တပ်မတော်မှစိုလ်မှူးကြီး(ငြိမ်း)**

မြန်မာနိုင်ငံနှင့်တပ်မတော်ဘောလုံးအသင်းတို့၌ ရှေ့တန်းတိုက်စစ်မှူးအလယ်လူအဖြစ်ကစားခဲ့၊ အသင်းကပ္ပတိန်လည်းဖြစ်ခဲ့၊ နောက်ဆုံးမြန်မာ့အားကစားနှင့် ကာယပညာဦးစီးဌာန၏ "ညွှန်ကြားရေးမှူးချုပ်" အဖြစ်ဖြင့် အငြိမ်းစားယူ၏။ ဂိုးသွင်းကောင်း၏။

၁၆။ **အကောက်ခွန် ကိုမောင်အောင် (ကည့်ရုပ်သား)**
ထားဝယ် ဟိုက်စကူးကျောင်းဆရာကြီး ဦးဘိုးသိန်း၏သားငယ်၊ ရန်ကုန် အကောက်ခွန်ဘောလုံးအသင်းနှင့် တနင်္သာရီတိုင်းလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၌ နောက်နှစ်ယောက်တန်းမှကစားခဲ့၏။ တနင်္သာရီတိုင်း၏ နှစ်ယောက်တွဲ တင်းနစ်အသင်း၌ လက်ရွေးစင်အဖြစ်ဖြင့် စာတိုက်ဗိုလ်ကိုခင်မောင်နှင့်အတူတွဲကစားခဲ့၍ မန္တလေးတိုင်းမှ ကိုခင်မောင်တင်နှင့် ကိုခင်မောင်သန်းတို့အတွဲကို နိုင်ပြီး တိုင်းပေါင်းစုံချန်ပီယံဖြစ်လာခဲ့၏။

၁၇။ **ဘောလုံးတံတိုင်းကြီး(ဒေါ်)ကိုဗေမြင့်(ကျောက်မော်ရပ်သား)**
တပ်မတော်နှင့် မြန်မာ့ဘောလုံးအသင်း တို့၏ နောက်နှစ်ယောက်တန်း၌ ကစားခဲ့စဉ် ဘောလုံးကိုမလွှတ်စေဘဲ၊ နောက်တန်းမှ မကျော်အောင်ကာကွယ်နိုင်သဖြင့် "ဘောလုံးတံတိုင်းကြီး" ဘွဲ့ကို ရပြီး နိုင်ငံကျော်ခဲ့သည်။

၁၈။ **ဗိုလ်ကြွဲ ဒေါ် ကိုအောင်မြင့်(ကည့် ရုပ်သား)**
စစ်ပြီးခေတ် တနင်္သာရီတိုင်းဘောလုံး အသင်း ရှေ့တန်းမှ တိုက်စစ်မှူးအဖြစ်ဖြင့် ခေါင်းတိုက်ဂိုးသွင်းကောင်းသူအနေဖြင့် နာမည်ကျော်လာ၏။ နောက် ရန်ကုန်ပုလိပ်ကြီး ဘောလုံးအသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းတို့၌ ဆက်လက် ကစားရာမှ ပြည်ကျော် ဖြစ်လာ၏။

၁၉။ **ဘောလုံး ကိုသိန်းညွန့် (ရှဲ) (ကျောက်မော်ရပ်သား)**
ငယ်စဉ်ကတည်းက ဂျိုဘာနမှတ်တမ်းတင်သူနှင့်အတူ "မီးကျစ်"အဆင့်မှ "စီနီယာ"အဆင့်အထိ ထားဝယ်ဟိုက်စကူး၌ဘောလုံးအတူ ယှဉ်ပြိုင်ကစားခဲ့၏။ နောက်ပိုင်း၌ ရန်ကုန် – ပုလိပ်ကြီး ရှေ့တန်းမှကစားခဲ့၏။ ပုလိပ်အင်စပက်တော်ရာထူးမှအငြိမ်းစားယူခဲ့၊ အမြင့်ခုန်ကောင်း၏။ ဘောလုံးအထိန်း အရှောင်ကောင်း၏။

၂၀။ **(မြင်း)ကိုသန်းရွှေ(အနောက်ရပ်+ကျောက်မော်ရပ်သား)**
ထားဝယ်မှတာဝေးအပြေးသမား၊ ဂျပန်ခေတ်က ထားဝယ်မြို့တော်မှ ဖိမိုင်ကျော်ကွာသည့် ရှင်မုတ္ထီးရှေ့ဟောင်းဘုရားသို့ ကားလမ်းတစ်လျှောက်မြင်းလှည်းကောင်းတစ်စီးနှင့်အပြေးပြိုင်ခဲ့ရာမှသူနိုင်သွားသဖြင့် "မြင်း"ဟူသောဂုဏ်ပုဒ်ကိုရထား၏။ ရန်ကုန် မာရသွန်ပြိုင်ပွဲ ၁၉၄၇ ခုနှစ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာပြေးနေကျအတိုင်း ဖိနပ်မပါ ခြေဗလာဖြင့် မဟုတ်ဘဲ ဆရာလုပ်သူက ဟန်ပန်တကျ ပြေးဖိနပ်တပ်ပေးလိုက်၍ လမ်းခုလပ်တွင်ခြေဖဝါးနှစ်ဖက်စလုံး ဖိနပ်ပေါက်သွားပြီး ဆက်မပြေးနိုင်တော့ဘဲ လက်လျှော့လိုက်ရ၏။

၂၁။ **စာတိုက်ဗိုလ်ဦးခင်မောင် (ကျောက်မော် ရပ်သား)**
ရုပ်ရှင်စတန့်မင်းသား ကျော်မြင့်၏ အစ်ကိုကြီး အငြိမ်းစားစာတိုက်ဗိုလ် စစ်ဖြစ်မီ အင်္ဂလိပ်ခေတ်က အထက်မြန်မာပြည်၌တစ်ဦးချင်း "တင်းနစ်" ဗိုလ်စွဲခဲ့သူ၊ သူနှင့်ကိုမောင်အောင်တို့အတွဲသည် တိုင်းနှင့် ပြည်နယ် "တင်းနစ်" ပွဲကြီးတွင် ဗိုလ်စွဲခဲ့၊ ဘောလုံးကစားခြင်း အထူးဝါသနာပါ၏။

အမျိုးသမီးအားကစားကဏ္ဍ

၂၂။ **မမြကြည် (တလိုင်းထိန်ရုပ်သူ)**
ထားဝယ်မြို့နေအဖဦးကြည်ရန်(မဲ)၏တစ်ဦးတည်း သောသမီးဖြစ်ခဲ့၊ တက္ကသိုလ် ကောလိပ်ကျောင်းတက်စဉ်က ဂျိုမှတ်တမ်းပြုသူ ကိုလှတင် (မီးရထား) နှင့်အတူတကွ ထားဝယ်မြို့ကိုယ်စား ရန်ကုန်မြို့တွင် ကျင်းပသော ၁၉၄၇ ခုနှစ် ပြည်နယ်နှင့် တိုင်း ပြေးခုန်ပစ်ပြိုင်ပွဲကြီးတွင် ပါဝင်ခဲ့၊ ထိုစဉ်က သံလုံးနှင့်သံပြားဝိုင်းပစ်ပွဲတို့၌ ဆုတံဆိပ်များ ဆွတ်ခူးခဲ့၏။

၂၃။ **ဆိုင်ရင်းချစ်**
နောက်ပိုင်းတွင်အရှေ့အာရှတစ်ခွင်တွင် သူမအမည်နှင့်ထူးချွန်သော အားကစားမယ်တစ်ဦး မြန်မာနိုင်ငံမှ ပေါ်ထွက်လာ၏။ သူမသည် အရှေ့တောင်အာရှ (SEA Games) ၌ အမြင့်ခုန်နှင့် အလျားခုန်ပြိုင်ပွဲတို့၌ ရွှေတံဆိပ်ဆုများ ဆွတ်ခူးပြီး မြန်မာ့စံချိန်လည်း တင်နိုင်ခဲ့၏။

၂၄။ **ဂျူဒို ခေဇီမူ၊ ကျွန်းစွယ် (SEA Games)**
ဂျူဒို–ရွှေတံဆိပ်ဆုရှင်ဖြစ်ခဲ့၍ အားကစားလောကတွင် ကျော်ကြားခဲ့၏။

P.S. ။ ။အမျိုးသမီးအားကစားကဏ္ဍအတွက် မပြည့်စုံသေးသော အချက်အလက်များ ဆက်လက်စုဆောင်း၍ တင်ပြရန် လိုနေ ပါသေး၏။ နောက်ဆုံးပေါ် ကရာတေးဒို၊ ဂျူဒို၊ ဝုရှူး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း အစရှိသော အားကစားပြိုင်ပွဲများ အပိုင်းသည်လည်း မပါဝင်နိုင်သေးပါကြောင်း။

မြန်မာပြည်လွတ်လပ်ရေး မရမီကာလ ဒုတိယကမ္ဘာစစ်ကြီးပြီးကာစ အားကစားနယ်ကြားတက်ကြွသည့်အချိန် လူငယ်ခေါင်းဆောင်များဖြစ်သော ဦးကျင်စွမ်၊ ဦးခင် (စည်ပင်အတွင်းရေးမှူး–ငြိမ်း) ဦးအုန်းတင် (နိုင်ငံတော်လုပ်ငန်း စစ်ဆေးရေးဥက္ကဋ္ဌ–ငြိမ်း) ဦးထွန်းစိန် (ပထမကမ္ဘာစစ်ပြန်ဆန်းရှိသူကြီးဟောင်း)တို့ဦးဆောင်ပြီး ထားဝယ်မြို့ သဘော်ဆိပ်ရပ်၊ ကမ်းနားရုပ်ရှင်ရုံတွင်

အလေးမနှင့်မောင်းမယ်ရွေးပွဲကိုစတင် ကျင်းပခဲ့သည်ဟု သိရှိရပါသည်။ ထိုပြိုင်ပွဲတွင် "မောင် ထားဝယ်ဘွဲ့ထူး" ကို ဒေါ်စိန်ဝင်း၏ ခင်ပွန်း ဦးရိုးမောင် (ညွှန်ကြားရေးမှူး၊ ကြေးနန်း-ငြိမ်း)က ရရှိခဲ့သည်။ နောင်နှစ် နောင်နှစ်များ တွင် "နှင်း ရုပ်ရှင်ရုံ"တွင် ကျင်းပသည့် "ထားဝယ်မောင်းမယ် ရွေးပွဲ"တွင် ဦးငွေဘော် (ရိုက္ကူမှတီ မန်နေဂျာ)၊ ဒေါ်တင်တင် ၏ သမီးဒေါ်ခင်သိန်း(ခ)မယ်ထားဝယ်သိန်း "မယ်ထားဝယ် ဘွဲ့ထူး" ကို ဆွတ်ခူးရရှိခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိပြီး ကာလတွင် အမျိုးသား ကျောင်းဆရာကြီး ဦးစရှင် (လူမှုဖူလုံရေးအဖွဲ့တော်အမတ်)၏ သား၊ လက်ရှိ ထားဝယ် အသင်းနာယကကြီး ဦးအောင်မြင့် (သစ်တောဝန်ထောက်ကြီး)၏ညီကိုတင်ထွတ်သည်"မောင်ထားဝယ်" ဘွဲ့ထူးကို ၁၉၄၈မှ၁၉၅၀ အထိ သုံးနှစ်ဆက်တိုက် ဆွတ်ခူး ရရှိခဲ့သည်။

ထို့ပြင် ထားဝယ်ခရိုင် လောင်းလုံမြို့နယ်မှ ဦးသိန်းအောင် (စစစ၊ ညွှန်ကြားရေးမှူး) က ၁၉၅၂ ခုနှစ်တွင် "မောင် ထားဝယ်"ဘွဲ့ ကို ဆွတ်ခူးခဲ့သည်။ ထို့နောက်မှ ထားဝယ် ခရိုင်၊ ရေဖြူမြို့နယ်၊ ကံပေါက်ရွာမှ ကိုမြမောင်ကလည်း ကောင်း၊ ၁၉၅၄-၁၉၅၅-၁၉၅၇-၁၉၅၈-၁၉၆၀ ခုနှစ်များတွင် "မောင်ထားဝယ်" ဘွဲ့ထူးကို ငါးကြိမ်တိုင်တိုင် ကိုဖေအေး(ရုပ်ရှင်မင်းသား)ကဆွတ်ခူးရရှိခဲ့သည်။ ထားဝယ်မြို့ ဝဲကျွန်းမှ ကိုအုန်းစိန်က "မောင်ထားဝယ်" ဘွဲ့ကို နှစ်ကြိမ်တိုင်တိုင် ဆွတ်ခူးခဲ့သည်။ ထိုနှစ်များတွင် "မယ်ထားဝယ်" ဘွဲ့ထူးကို မခင်နွယ်ရီ (ကရုပ်ပြင်ရပ်)က လည်းကောင်း၊ မမေကြူ (ကျောက်မော်ရပ်)ကလည်း ကောင်း၊ မလှိုင်တင်(ဆင်ပုနစ်)မှလည်းကောင်း၊ မခင်နွဲ့ (မြောက်ရွာရပ်)မှ လည်းကောင်း၊ နော်ရီလင်း (ရှမ်းလည် ဆွဲရပ်) "မယ်ထားဝယ်"ဘွဲ့ထူးကို သုံးကြိမ်တိုင်တိုင် ဆွတ် ခူးခဲ့ပြီး၊ ကညွှတ်ရပ်မှ မရွှေးရွှေးတင်၊ ဘုရွှော်ရပ်မှ နီနီဝင်း၊ ကရုပ်ပြင်ရပ်မှ - မလှသိန်း၊ ရှမ်းလည်ဆွဲရပ်မှ မအေးနီတို့ သည် "မယ်ထားဝယ်"ဘွဲ့ထူးကို အသီးသီးရရှိခဲ့သည်။ ထို့အပြင် အထက်ရေဖြူမှ မခင်ပို၊ သရက်ချောင်း မြို့နယ်မှ မနှင်းရှိန်တို့လည်း မယ်ဘွဲ့များ ရရှိခဲ့သည်။

၁၉၅၀ ခုနှစ်၊ မြန်မာပြည်လုံးဆိုင်ရာ မောင်းမယ်ရွေးပွဲနှင့် အလေးမပြိုင်ပွဲကို ဖျာပုံမြို့တွင်ကျင်းပခဲ့စဉ်က မယ် မြန်မာ (Miss Burma) ဘွဲ့ထူးကို မစ္စတာမတ်တား၏ သမီးငယ် မကျူလီ(ခ)မခင်မာဝင်းက "မယ်မြန်မာ"ဘွဲ့ထူးကို ဆွတ်ခူးခဲ့ပြီး၊ တတိယဆုကို မကျူလီ၏အစ်မ မဟေဇယ်က ဆွတ်ခူးရရှိခဲ့သည်။ (Light Heavy Weight Class) အတန်းတွင် ကိုဖေအေး(စာရေးသူ) က ပထမ ဆွတ်ခူးခဲ့ပြီး ကိုထွန်းရင်က (Banton Weight Class) တွင် ပထမ ဆွတ်ခူးခဲ့သည်။

ထိုင်းနိုင်ငံ ဘန်ကောက်တွင်ကျင်းပသည့် (SEAP Game) ၁၉၅၉ ခုနှစ် အရှေ့တောင်အာရှပြိုင်ပွဲတွင် ဆုတံဆိပ်များ ရရှိခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင် ရန်ကုန်မြို့၌ကျင်းပသည့်"ပြည်ထောင်စု မောင်းမယ်" ရွေးပွဲတွင် "ပြည်ထောင်စုမယ်" ဒုတိယဆုကို နော်နုနုနှင့် တတိယဆုကို နော်သွဲ့ထူးတို့ အသီးသီး ရရှိကြသည်။

၁၉၆၀ပြည့်နှစ်တွင် ကျင်းပသည့် "မောင်ထားဝယ်" အငယ် တန်းတွင် ကိုတထိုင်၊ ကိုတာရိုင်၊ ကိုမောင်တို့ အသီးသီး ရရှိကြသည်။

အခွင့်အခါသင့်၍ တင်ပြရမည်ဆိုလျှင် ၁၉၅၀ပြည့်နှစ် လောက်တွင် ရန်ကုန်တက္ကသိုလ်အလေးမပြိုင်ပွဲ၌ ကိုရန်လင်းက အမြန်မတွင် ကိုယ် အလေးချိန်(၂)ဆ မနိုင် ခဲ့သဖြင့် တက္ကသိုလ်လောကတွင်ဟိုးလေးတကျော် ထင်ရှား ခဲ့သူ ထားဝယ်သားတစ်ဦးဖြစ်ခဲ့သည်။

မြန်မာပြည် ဒုတိယကမ္ဘာစစ်ကြီးပြီးခဲ့သည့်အချိန် ဗိုလ်မှူး ကြီးဗွမ်ရှိန် (အားကစားညွှန်ကြားရေးမှူးချုပ်)၊ ကိုမောင်အောင် (အကောက်ခွန်)၊ ဦးသိန်းအောင် (အကောက်ခွန်)၊ ကိုကြီး မောင် (ရဲ)၊ ကိုစိန်ဝင်း (ဆောက်လုပ်ရေး)၊ ကိုအောင်မြင့် (မိုးလွှဲ)၊ ကိုအောင်ခင်တို့သည် ဘောလုံးလောကတွင် အထူးထင်ပေါ်ကျော်ကြားသော မြန်မာပြည်ဘောလုံး သမားများ ဖြစ်ကြသည်။

မြေးခုန်ပစ်တွင် အရှေ့တောင်အာရှပြိုင်ပွဲ၌ ရွှေတံဆိပ် လေးဆုရှင် မအာလိုင်းချစ် (အမြင့်ခုန်)၊ နော်မေမေ (သံလုံး)၊ နော်ရှာရိုး (သံလုံး)၊ မခင်မှူး (ဂျဗ်)

သည်အချိန် သည်အခါ၌ ထားဝယ်မြို့ သည် အားကစား လောကကို တကယ်အားပေးကြသဖြင့် မောင်းမကန် ပင်လယ်ကမ်းခြေတွင် မောင်းမယ်ရွေးပွဲနှင့် ရေကူးပြိုင်ပွဲ၊ မြေးခုန်ပစ်ပြိုင်ပွဲများ ကျင်းပခဲ့သည်။

ထို့အတူ သရက်ချောင်းမြို့နယ်တွင်လည်း မောင်းမယ်ရွေး ပွဲကို ကျင်းပခဲ့သည်။ ထို့အပြင် လောင်းလုံမြို့နယ်နှင့် ရေဖြူမြို့နယ်၊ ကံပေါက်တွင် မောင်းမယ်ရွေးပွဲများအသီးသီး ကျင်းပခဲ့သည်။

လွတ်လပ်ရေးအထိမ်းအမှတ်အဖြစ် ထားဝယ်အကျဉ်း ထောင်နှင့် ဟိန္ဒူသာလွှတ်ကျောင်းတွင်လည်း မြေး-ခုန်-ပစ် ပြိုင်ပွဲများ အသီးသီး ကျင်းပခဲ့သည်။

ယခုကဲ့သို့အားကစားလောက၌ ထင်ရှား ကျော်ကြားသော ပုဂ္ဂိုလ်များကို မှတ်တမ်းတင်ရှိရသည့်အတွက် စာရေးသူ အနေဖြင့် အထူး ဂုဏ်ယူမိပါကြောင်း ။ ။

* * * * * *

အာဂအဘိုးအို

● ဝေဂျစိန် (ထားဝယ်ပြန်/ ဆက်)

ထားဝယ်မှ ကော့သောင်းမြို့ ဘုရင့်နောင်အငူသို့ မတွက်ခွာမီ ဦးသီးလှိုင်နှင့်စာရေးသူ

လူ့ပြည်လောက လူ့ရွာတွင် လူငယ်၊ လူလတ်၊ လူကြီး ဟူ၍ အသက်အရွယ်ကို ပိုင်းခြားထားသည်။ အသက်၅၀ ကျော်သည်နှင့် လူကြီးပိုင်းသို့ ဝင်ရောက်လာပြီဖြစ်သည် မကြာမီ ဇိုး၊ နာ၊ သေ ဟူသော သစ္စာရ သဘောဆောင်သည့် ဖြစ်စဉ်ကို တစ်ဆင့်ပြီးတစ်ဆင့် ချဉ်းနင်းဝင်ရောက်လာမည် မှာသက်ရှိသတ္တဝါတိုင်းခံစားရမည့်သဘာဝတရားပင်ဖြစ်သည်။

ထားဝယ်မြို့က ဦးသီးလှိုင်ဆိုသူသည် အသက်(၈၀) ကျော်နေပြီဖြစ်သည်။ ဇရာအရွယ်ရောက်နေသော အဘိုးအို ဖြစ်သည်၊ သို့သော် သူ၏လှုပ်ရှားမှု အသွင်သဏ္ဌာန်မှာ **"ငါ မအိုသေး"** ဟု ဆိုရလောက် အောင်သွက်လက်ဖျက်ချာလှ သည်၊ **"မအိုသေးတဲ့ အဘိုးအို"** ဟုပင်တင်စားလောက်ပေ သည်။တင်စားလောက်အောင်ပင် သူ၏လှုပ်ရှား သွားလာမှု က သက်သေပြနေသည်။

ဦးသီးလှိုင်သည် သစ်တောဦးစီးဌာနမှအငြိမ်းစား ဝန်ထမ်းတစ်ဦးဖြစ်ပြီး ထားဝယ်မြို့ ဝဲကျွန်း ထိန်သစ်ရပ်၊ ကျွန်းမွှေးလမ်း၊ အမှတ်ဓ၉၇တွင် နေထိုင်သည်၊ သံပရာခြံ စိုက်ပျိုးခြင်းလုပ်ငန်းအပြင် ခြံဝင်းအတွင်း ရေကူးကန်တည် ဆောက်ထားသည်။ ခေတ်မီရေကူးကန်မဟုတ်သော်လည်း ထားဝယ်မြို့တွင် အကောင်းဆုံးဖြစ်အောင် တည်ဆောက်ပေး ထားသည်။ **"သံပရာကန်"**ဆိုလျှင်လူသိများသည်၊စည်းကမ်း ရှိမှုနှင့် သန့်ရှင်းမှုကို ဦးစားပေးသည်။ လာရောက်ရေကူး သူတိုင်း ရေချိုးသန့်စင်ပြီးမှသာ ရေကူးကန်တွင် ရေကူးခွင့် ပြုသည်။ စည်းကမ်းရှိသဖြင့်ဦးသီးလှိုင်ကို ချစ်ကြောက်၊ နှိုးသာလေးစား ကြသည်။

အိမ်မှုလုပ်ငန်းကိစ္စများကို သူကိုယ်တိုင်ဦးဆောင်လှုပ် ရှားသူဖြစ်၍ အခြားသူလုပ်သည်ကို အားမရ၊ သူ၏မိသားစု ပင်လျှင်သူ့ကိုလိုက်မီသူမရှိပေ၊ယခုအရွယ်အထိလမ်းလျှောက်၊ စက်ဘီးစီးခြင်းကို နံမင်တုန်းပင်၊ သူ၏ဇနီးသည်ကိုပင် စက်ဘီး ဖြင့် ဈေးသွားဈေးပြန်ပို့နိုင်တုန်း၊ **"မောတော့ မောတာပေါ့ ဒါပေမဲ့မမောဘူး"** ဆိုသည့် စိုင်းထီးဆိုင်၏ တေးသီချင်း စာသားကိုပင် သတိရမိသည်၊ သူ့အကြောင်းကြား၍သိရလျှင် လုံလောက်ပါပြီ။

အငြိမ်းစားယူပြီးနောက် အလုပ်တာဝန်တစ်ခု လျော့ သွားသဖြင့် ဦးသီးလှိုင်မှာ တာတာတာဖြစ်နေသည်၊ ၁၉၉၉ ခုနှစ် လောက်က **"သက္ကရာဇ်၂၀၀၀မှာလူတိုင်းကျန်းမာ"** ဆိုသည့် ဆောင်ပုဒ်ပေါ်ထွက်လာသည်၊ ကျန်းမာစေရန် လမ်းလျှောက်မည်ဟု စိတ်ကူးကြည့်သည်၊ စိတ်ကူးသည့်

အတိုင်းဆုံးဖြတ်လိုက်သည်။ ဆုံးဖြတ်သည့်အတိုင်း အကောင်အထည်ဖော်ပါတော့သည်။ အမှန်တကယ်ပင် တစ်ကိုယ်တော်လမ်းလျှောက်ပါတော့မည်။

သူ၏မိသားစုနှင့်တိုင်ပင်ပြီး တစ်ကိုယ်တော်ခြေကျင်ခရီးကို စတင်ရန် မြိတ်မြို့သို့သွားရောက်ပြီး ၃၀-၆-၉၉ရက်နေ့မှစ၍ မြိတ်မြို့မှ စတင်ထွက်ခွာသည်။ မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းဒေသကြီးများအနက် တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး တို့ကို ဖြတ်ကျော်သည်။ သူ၏ပန်းတိုင်မှာ မြန်မာပြည်မြောက်ဖျား ကချင်ပြည်နယ်၊နောင်မွန်မြို့ဖြစ်သည်။ နောင်မွန်မြို့သို့ ၁၂-၉-၉၉ နေ့တွင်ရောက်ရှိသည်။၁၆၃၄မိုင်ခရီးကို ၇၃ရက်ဖြင့် သွားရောက်ခဲ့သည်။ အောင်မြင်ခဲ့ပါသည်။ "အာဂ အဘိုးအို" ပါတကား။

မြိတ်-နောင်မွန်ခရီးစဉ်ကို မိမိဒေသဆိုင်ရာ အဖွဲ့အစည်းသို့ အသိမပေးဘဲ မိမိသဘောအလျောက် လမ်းလျှောက်ခြင်းဖြစ်သည်။ လမ်းလျှောက်သွားရင်းရောက်သည့်နေရာတွင် သက်ဆိုင်ရာသို့သတင်းပို့သည်။ သက်ဆိုင်ရာအသီးသီးမှဆင့်ကဲဆင့်ကဲ သတင်းပို့ကူညီကြသဖြင့် လမ်းခရီးလုံခြုံရေးနှင့် လိုအပ်သည့်ပံ့ပိုးကူညီမှုများ ပေးလာကြသည်။ ဂုဏ်ပြုချီးမြှင့်ပွဲများ ပြုလုပ်ပေးကြသည်။

ဦးသီးလှိုင်သည် ဤမျှလောက်နှင့် မကျေနပ်သေး၊ သက်ဆိုင်ရာဒေသအာဏာပိုင်မှ ခွင့်ပြုချက်ကို ရယူပါသည်။ တစ်ကိုယ်တော် ခြေကျင်ခရီး အတွက် ဖြစ်သည်။ ရှမ်းပြည်နယ်အရှေ့ပိုင်း၊ တာချီလိတ်မြို့မှ မြန်မာနိုင်ငံအနောက်ဘက်စွန်း ရခိုင်ပြည်နယ်၊ ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ၁၂-၇-၂၀၀၀

"မြန်မာပြည်ပတ်စက်ဘီးစီး" ခရီးစဉ် တာထွက်မည့်"ဥဩဒေအ်သည် ထားဝယ်တည်" ပန်းခုံတိုင်ရှေ့တွင် ဦးဇော်မင်းဦး၊ ဦးသီးလှိုင်နှင့် ဦးအောင်နိုင်တို့၏ အမှတ်တရ

ဦးသိန်းလှိုင် ဦးဆောင်သည့် ထားဝယ်စက်ဘီးအဖွဲ့အား ထားဝယ်အသင်း(မော်လမြိုင်)မှ ဂုဏ်ပြုညှိခံစဉ်

ရက်နေ့မှ ၃၁-၉-၂၀၀၀ ရက်နေ့အထိ ၁၆၃၄မိုင် ခရီးကို ၇၁ရက်ကြာခြေကျင်လျှောက်၍လည်းကောင်း၊ ထားဝယ်မြို့မှ ရေဖြူ ကလိန်အောင်၊ လောင်းလုံ၊ သရက်ချောင်းမြို့များရှိ တောတောင် ခရီးလမ်းအတိုင်းလှည့်ပတ်ပြီး ပုလော၊ မြိတ်မှ ဆက်၍ ကော့သောင်းမြို့ ဘုရင့်နောင်အငူရှိ ဘုရင့်နောင်မင်းတရားကြီးရုပ်တုတော်အထိ ၂၂-၁၂-၂၀၀၄ ရက်နေ့မှ ၂၅-၁-၂၀၀၅ ရက်နေ့အထိ ၅၁၅မိုင် ခရီးကို ၃၃ရက် ဖြင့် ခြေကျင်လျှောက်၍လည်းကောင်း အောင်မြင်စွာသွားရောက်ခဲ့ပါသည်။ **"အာဝဇအဘိုးအို"** ပါ တကား။

တစ်နေ့တွင် ဦးသိန်းလှိုင် တစ်ကိုယ်တော် လမ်းလျှောက်စဉ်က ရခိုင်ပြည်နယ်တွင် မိတ်ဆွေဖြစ်လာခဲ့သော ဦးမြမ့်ဆို သူသည် သူ့ထံသို့ ကြိုတင် အကြောင်းကြားထားခြင်းမရှိဘဲ စက်ဘီးတစ်စီးဖြင့် ရောက်ရှိလာသည်။ ယင်းမှ ဦးသိန်းလှိုင်ကို မြိတ်မြို့သို့စက်ဘီးဖြင့်ဆက်သွားရန် အဖော်အဖြစ်လိုက်ပါရန် ခေါ်သည်။ "လုပ်လိုက်လေ၊ ကြာသလားလို့" ဆိုသည် အတိုင်းနှစ်ယောက်သား ၁၀-၃-၂၀၀၂ရက်နေ့တွင်စတင် ခရီး ထွက်ကြရာ ၁၄-၃-၂၀၀၂ ရက် နေ့တွင် မြိတ်မြို့သို့ ရောက်ရှိသည်။ ၁၅၅ မိုင်ခရီးကို ၄ရက်ဖြင့်သွားရောက်နိုင်ခဲ့သည်။ **"အာဝဇအဘိုးအို"** ပါတကား။

မြိတ်မြို့ရှိ သက်ဆိုင်ရာသို့ သတင်းပို့သဖြင့် ထားဝယ်သို့ ပြန်ရန် အမြန်ရေယာဉ်ဖြင့် စီစဉ်ပေးခဲ့သည်။ ထိုစဉ်က ဟာသဇာတ်လမ်းတစ်ပုဒ် ဖြစ်ခဲ့ကြောင်း ဦးသိန်းလှိုင်က ပြောပြပါသည်။ မြိတ်မြို့သက်ဆိုင်ရာအဖွဲ့အစည်းကအမြန်ရေယာဉ်သို့ အကူအညီတောင်းခံရာတွင် ထားဝယ်မှ တလေးငယ်နှစ်ဦး အိမ်မှစက်ဘီးဖြင့် ထွက်ပြေးလာ၍ ထားဝယ်သို့ပြန်ပို့နိုင်ရေးအကူအညီပေးပါရန် တယ်လီဖုန်းဖြင့် ပြောကြားခဲ့သည်။ အမြန်ရေယာဉ်မှ တာဝန်ရှိသူများက တလေးငယ်နှစ်ဦးကို သင်္ဘောဆိပ်တွင်စောင့်မျှော်နေကြသည်။ မကြာမီ အဘိုးကြီးနှစ်ဦး စက်ဘီးဖြင့် ရောက်ရှိလာရာမှ နောက်ပြောင်၍ဖုန်းဆက်ခြင်းဖြစ်ကြောင်းအကြောင်းစုံသိရ၍ ရယ်မောရင်း

ကြိုဆိုကာ ထားဝယ်သို့ပို့ ဆောင်ပေးခဲ့ပါသည်။

ယခုအခါတွင် စာရေးသူထံ ဦးသီးလှိုင်နှင့် အတူ လှူလတ်ပိုင်းနှစ်ဦး ရောက်ရှိလာကြသည်။ သဘော်ဆိပ်ရပ်မှ ကိုအောင်နိုင် ၅၁နှစ်နှင့် ဝဲကျွန်း မြို့သစ်ရပ်မှ ကိုဇော်မင်းဦး ၃၁နှစ်တို့ဖြစ်ကြသည်။ သူတို့သုံးဦး မြန်မာပြည်ပတ်၍ စက်ဘီးစီးမည့် အစီအစဉ်ကိုပြောပြသည်။ ၂၀၁၀ပြည့်နှစ်၊ ဇွန်လ၁ရက်နေ့ နံနက်၉း၀၀နာရီအချိန်တွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့မှ သူတို့ ခရီးစထွက်သည်။ ခရိုင်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာအဖွဲ့အစည်းများ၊လူမှုရေးအဖွဲ့အစည်းများနှင့် အားကစားဝါသနာရှင် ပြည်သူများက ဂုဏ်ပြုနှုတ်ဆက်ကြသည်။ငွေနှင့်လတ်ဆောင် ပစ္စည်းများပံ့ပိုးကြသည်။ စာရေးသူက သူတို့အတွက် မီဒီယာ လုပ်ငန်းကိစ္စ အကူအညီပေးရသည်။

ခရီးစဉ်မှာ မြန်မာပြည်ရှိ တိုင်းဒေသကြီးများနှင့် ပြည်နယ်များရှိ မြို့ကြီးများသို့ စက်ဘီးဖြင့် လှည့်ပတ်စီးနင်းမည်ဖြစ်သည်။ ခရီးစဉ်ကို သုံးဦးစလုံးအောင်မြင်စွာ ကျော်လွှားနိုင်ခဲ့ကြသည်။ ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းသို့ ၃၀-၇-၂၀၁၀ရက်နေ့နံနက် ၉း၀၀ နာရီအချိန်တွင်ရောက်ရှိ ပန်းဝင်သည်။ မြန်မာနိုင်ငံ စက်ဘီးအဖွဲ့ချုပ်မှတာဝန်ရှိသူများ၊ ရန်ကုန်မြို့တွင်နေထိုင်ကြသော ထားဝယ်အသင်းမှ အသင်းသူ၊အသင်းသားများကကြိုဆိုကြသည်။ ဂုဏ်ပြုပွဲပြုလုပ်ပေးသည်။ ထားဝယ်သို့ ၁-၈-၂၀၁၀ ရက်နေ့တွင် လေယာဉ်ဖြင့် ရောက်ရှိလာကြသည်။ ထားဝယ်ခရိုင်ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ပြည်သူများက နှစ်ထောင်းအားရစွာဖြင့် ဂုဏ်ပြုကြိုဆိုကြသည်။ မြန်မာပြည် ပတ်ခရီးစဉ်၂၆၂၅မိုင်ကို ရက်(၆၀)ဖြင့် စက်ဘီးစီး၍ အောင်မြင်ခဲ့သည်။

"အာဝအဖိုးအို" ပါတကား။

၂၅-၈-၂၀၁၀နေ့၊ နံနက် ၉း၀၀နာရီ အချိန်တွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ခန်းမတွင် ဦးသီးလှိုင်၊ ကိုအောင်နိုင်၊ ကိုဇော်မင်းဦး သုံးဦးတို့သည် သူတို့စက်ဘီးစီးရာလမ်းတစ်လျှောက်ဒေသအသီးသီး မှ ပံ့ပိုးကူညီလိုက်သော ငွေကျပ်၁၈သိန်း၂သောင်း တိတိကို ယင်းတို့ကိုယ်ကျိုးအတွက် အသုံးမပြုဘဲ ထားဝယ်မြို့ရှိ သာသနာ့ဗိမာန်တော်၊ ဘိုးဘွားရိပ်သာ၊ ဝေယျာဝစ္စဂေဟာများ ဖြစ်သော ပခုက္ကူကျောင်း၊ဇေယျဘုမ္မိကျောင်း၊လေးထပ်ကျောင်း၊ ကြက်စားပြင်ကျောင်းကြီးမှ တာဝန်ရှိသူများသို့ ငွေသားနှင့် ဆန်အိတ်များအဖြစ် ခွဲဝေလှူဒါန်းကြပါသည်။ သာဓု သုံးကြိမ် ခေါ်ဆိုလိုက်ပါသည်။

ဦးသီးလှိုင်သည် သူသွားလိုသည့်ခရီးစဉ်များကိုအောင်မြင်စွာပြတ်သန်းနိုင်ခဲ့သည်။ တက်ကြွရွှင်လန်း၍ ကျန်းမာ ပကတိရှိနေဆဲပင်၊ သူစိတ်ကူးထားသော ခရီးစဉ်တစ်ခုကို စာရေးသူအား ပြောပြ ဖူးပါသည်။ အခြားမဟုတ် **"ဖြစ်နိုင်လျှင် မြန်မာနိုင်ငံနှင့် ဆက်စပ်နေသော အိမ်နီးချင်းနိုင်ငံများ ဖြစ်သည့်အာဆီယံနိုင်ငံများသို့တစ်ကိုယ်တော် ခြေကျင်ခရီး ဆန့်ချင်ပါသေးသည်"** ဟုပင် ဖြစ်ပါသည်။ **"အာဝအဘိုးအို"** ပါတကားဟု အကြိမ်ကြိမ်ရွတ်ဆိုနေမိပါတော့သည် ။ ။

ဝရစိန် (ထားဝယ်မြန်/ဆက်)

အမျိုးသားစာပေဆုနှင့်စာပေဗိမာန်စာမူဆုရ ထားဝယ်သား စာပေပညာရှင်များ

ပြုစုသူ - စာတည်းအဖွဲ့

စာပေပညာရပ် အစဉ်တိုးတက်ထွန်းကားစေရန် ရည်သန်လျက် နိုင်ငံတော်မှ အမျိုးသားစာပေဆုရှင်များနှင့် စာပေဗိမာန်စာမူဆုရှင်များကို နှစ်စဉ်နှစ်တိုင်း အစဉ်သဖြင့် ချီးမြှင့်ဂုဏ်ပြုပေးလျက်ရှိသည်။ ဤသို့နှစ်စဉ် ဂုဏ်ပြုသောစာပေဆုရှင်များထဲတွင် ထားဝယ်ဒေသဖွား၊ ထားဝယ်သားစာပေပညာရှင်များလည်း ဆုချီးမြှင့်ခြင်းခံခဲ့ရသည်ကိုတွေ့ရပါသည်။ ထိုစာပေဆုရှင်များ၏ ကိုယ်ရေးတစ်စိတ်တစ်ပိုင်းကို မှတ်တမ်းတင်ဂုဏ်ပြုရင်း လက်လှမ်းမီသမျှ ပြုစုတင်ပြလိုက်ရပါသည်။

ဦးဘမောင် (၁၉၁၅-၂၀၀၀)

ခြေလျှင်တောင်တက်သမားတစ်ဦး အတွေ့အကြုံ

၁၉၉၁ ခုနှစ် အမျိုးသား စာပေဆုရှင်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ် ခရိုင် သရက်ချောင်း မြို့နယ်၊ ကမြိုင် ကျေးရွာတွင် အဖ ဦးရွှေမြူ၊ အမိ ဒေါ်ညီတို့မှ ၁၂၇၇ ခုနှစ်၊ နယုန် လဆန်း ၁၂ ရက်၌ မွေးဖွားခဲ့သည်။

ငယ်စဉ် စတုတ္ထတန်းမှ သတ္တမတန်းအထိ ကမြိုင်ရွာ ဘုန်းကြီးကျောင်း၌ ပညာသင်ကြားခဲ့သည်။ အစိုးရ အထက်တန်းကျောင်း၊ ထားဝယ်မြို့တွင် ၁၉၃၆ ခုနှစ်၌ ဆယ်တန်း စာမေးပွဲကို(က)အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ကိုယ်ပိုင် စီးပွားရေးလုပ်ငန်းကို ဝါသနာထုံသဖြင့် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ မြန်မာပြည် စီးပွားရေးကောလိပ်တွင် စာရင်းကိုင်ပညာသင်ကြားခဲ့သည်။

ထားဝယ်အသင်းဥက္ကဋ္ဌ(၁၉၈၈-၁၉၉၁)တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထားဝယ် ကုသနီး ရောင်းဝယ်ရေး လီမိတက်၏ ပဋ္ဌမမြောက် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။

"ခြေလျှင်တောင်တက်သမားတစ်ဦး အတွေ့အကြုံ" စာအုပ်ဖြင့် ၁၉၉၁ ခုနှစ်အတွက် အမျိုးသား စာပေဆုကို ရရှိခဲ့သည်။ ကွယ်လွန်ချိန်အထိ ထားဝယ် ကုသနီး ရောင်းဝယ်ရေး လီမိတက်၏ ဒါရိုက်တာ အဖြစ် လည်းကောင်း၊ ထားဝယ်အသင်း၏ ဂုဏ်ထူးဆောင်နာယက အဖြစ် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ် မတ်လ ၂၇ ရက်တွင် အသက် ၈၅ နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

ဦးအောင်မြင့်

ကောင်းကင်ဓာတ်ပုံများမှမြန်မာမြို့တော်ဟောင်းများ

၁၉၉၈၊ အမျိုးသားစာပေ(သုတပဒေသာ၊ဝိဇ္ဇာ)ဆုရှင်

ဦးအောင်မြင့်အား ၁၂၈၆ ခုနှစ်၊ နှောင်းတန်ခူးလဆုတ် ၉ရက်၊ တနင်္ဂနွေနေ့ (၂၇-၄-၁၉၂၄) နေ့တွင် ထားဝယ်မြို့၌ အဖ ဦးဇရှင်(ထားဝယ်ဇရှင်)နှင့် အမိ ဒေါ်ခင်စိန် တို့မှ မွေးဖွားသည်၊ ထားဝယ်နေရှင်နယ်ကျောင်းတွင် ဆဋ္ဌမတန်းအထိပညာသင်ကြားပြီးနောက် ထားဝယ် အစိုးရအထက်တန်းကျောင်းသို့ပြောင်းကာ ဒသမတန်းအထိပညာသင်ကြားသည်။ ၁၉၅၃ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဘီအက်စ်စီသင်္ချာဘွဲ့ကို ရရှိသည်။ နယ်သာလန်နိုင်ငံ ကောင်းကင်မြေတိုင်းသိပ္ပံ၌ ပညာဆက်လက်သင်ကြားခဲ့သည်။ ၁၉၅၈ခုနှစ်တွင် အိုင်တီစီ၊ သင်္ချာဓာတ်ပုံ အင်ဂျင်နီယာဘွဲ့ကိုရရှိခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင်ဝဏ္ဏကျော်ထင်ဘွဲ့ ချီးမြှင့်ခြင်းခံရသည်၊ ၁၉၆၅ခုနှစ်တွင် ကောင်းကင် မြေတိုင်းဓာတ်ပုံများကို ဖတ်ရှု၍ မြန်မာမြို့ဟောင်း၊ အရာဟောင်းများကို စူးစမ်းလေ့လာခြင်းစာတမ်းကို ရေးသား၍ မြန်မာနိုင်ငံ သုတေသနနှီးနှောဖလှယ်ပွဲတွင် ဖတ်ကြားခဲ့သည်။ ၁၉၇၀ပြည့်နှစ်တွင် သင်္ချာမင်းကြီးအဖြစ် ရာထူးတိုးမြှင့်ပေးခြင်း ခံခဲ့ရသည်။

၁၉၉၈ခုနှစ်တွင်"ကောင်းကင်ဓာတ်ပုံများမှ မြန်မာမြို့တော်ဟောင်းများ" စာအုပ်ဖြင့် သုတပဒေသာ၊ ဝိဇ္ဇာဘာသာရပ်အတွက် အမျိုးသားစာပေဆုကိုရရှိသည်။

ကျော်ဦး

''အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့''

၂၀၀၃ခုနှစ်၊အမျိုးသားစာပေဆု(ရိုးရိုးသိပ္ပံဆုရ) စာပေဆုရှင်

''နေသူရိန်၏ အရှိန်အဝါအောက်မှာ''

၂၀၀၆ခုနှစ်၊အမျိုးသားစာပေဆု(ရိုးရိုးသိပ္ပံဆုရ) စာပေဆုရှင်



အမည်ရင်းမှာ ဦးကျော်ဦး ဖြစ်သည်။ မိဘများမှာ ဦးကြူစိုင်၊ ဒေါ်သန်းကျင် တို့ဖြစ်သည်။ ၁၉၄၈ခုနှစ်၊ဇူလိုင်၁၉ရက်နေ့၌ ထားဝယ်မြို့တွင်မွေးဖွားခဲ့သည်။ ထားဝယ်မြို့ အ–ထ– က ၁ နှင့် အေဘီအမ်ကျောင်းတို့မှ အခြေခံပညာနှင့် အထက်တန်းပညာများ ဖြေဆိုအောင်မြင်ခဲ့ပါသည်။ သတ္တမတန်းစာမေးပွဲဖြေဆိုအပြီး **၁၉၆၃ ခုနှစ်၊ ဒီဇင်ဘာလထုတ်၊ ကလေးဂျာနယ်တွင်ပါခဲ့သော "စကြာဇာ်ဘုရင်နှင့် သစ်သီးဆိုင်ရှင်"** ဘာသာပြန်လက်ရာသည် ပုံနှိပ်စာလုံးဖြင့် ပထမဆုံးဖော်ပြခံခဲ့ရသောစာဖြစ်သည်။

၁၉၆၅ ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်သို့ ရောက်ရှိခဲ့သည်။ ၁၉၆၇ ခုနှစ်၌ ငွေတာရီမဂ္ဂဇင်းတွင် "ဘိုးအင်း ၇၄၇" စာမူမှ အစပြု၍ သိပ္ပံဆောင်းပါးများကို စာနယ်ဇင်းများတွင်ရေးသားခဲ့သည်။ ၁၉၇၁ခုနှစ်တွင် ရန်ကုန်စက်မှုတက္ကသိုလ်မှ မြို့ပြအင်ဂျင်နီယာဘွဲ့ကိုရရှိခဲ့သည်။ ၁၉၇၂ ခုနှစ်မှစ၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းတွင် ရေပေးရေးနှင့် သန့်ရှင်းမှုအင်ဂျင်နီယာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ နယ်သာလန်နိုင်ငံ ဟိုက်ဒရောလစ်နှင့် ပတ်ဝန်းကျင်ရေးရာ အင်ဂျင်နီယာတက္ကသိုလ်မှ ရေနှင့် သန့်ရှင်းမှု အင်ဂျင်နီယာဘွဲ့လွန် ဒီပလိုမာကို ရရှိခဲ့သည်။ ပြင်သစ်နိုင်ငံမှ ပေးအပ်သော ခေတ်သစ်ပြင်သစ်ဘာသာလေ့လာရေးအဆင့်မြင့်ဒီပလိုမာကိုလည်း ရရှိခဲ့သည်။ ၁၉၉၀ ပြည့်နှစ်၌ ဝန်ထမ်းအဖြစ်မှ နုတ်ထွက်ပြီး ပါရမီစာပေကို တည်ထောင်၍ စာပေထုတ်ဝေရေးလုပ်ငန်းကို လုပ်ကိုင်ခဲ့သည်မှာယနေ့အထိဖြစ်သည်။

၁၉၆၇ ခုနှစ်မှစ၍ သိပ္ပံဆောင်းပါးများကို ရေးသားခဲ့ရာ စာနယ်ဇင်းများတွင် ယနေ့အထိ ဆောင်းပါးပေါင်း ၅၀၀ခန့်ပါရှိပြီးဖြစ်သည်။ သိပ္ပံစာအုပ် သုံးအုပ်ရေးသားထုတ်ဝေခဲ့ရာ ၂၀၀၃ ခုနှစ်တွင် အမျိုးသားစာပေ (ရိုးရိုးသိပ္ပံ)ဆုရရှိခဲ့သည့် "အနန္တစကြဝဠာ၏ အနားစွန်းပေါ်သို့" ဆုရသိပ္ပံစာအုပ်သည် သူ၏ပထမဆုံးလက်ရာဖြစ်သည်။ ဒုတိယစာအုပ်ဖြစ်သော "နေသူရိန်၏အရှိန်အဝါ အောက်မှာ"သည် ၂၀၀၆ ခုနှစ်၊ အမျိုးသားစာပေ (ရိုးရိုးသိပ္ပံ) ဆုကိုလည်းကောင်း၊ တတိယစာပေလက်ရာ "ဥတုရာသီပြောင်းခဲ့ပြီ"စာအုပ်သည် ၂၀၀၉ခုနှစ်၊ ထွန်းဖောင်ဒေးရှင်း စာပေဆု ကိုလည်းကောင်း ရရှိခဲ့သည်။

အမျိုးသားစာပေဆု နှစ်ဆုရှင် ဦးကျော်ဦးသည် ဇနီး ဒေါ်စန်းစန်းလှိုင်၊ သားသမီးများနှင့်အတူ အမှတ်(၃/ ခ) ကံ့ကော်မြိုင်လမ်း၊ ပါရမီ၊ ရန်ကင်းမြို့နယ်တွင် နေထိုင်ရင်း စာပေများ ဆက်လက်ရေးသားလျက်ရှိပါသည်။

မောင်သန်းဆွေ (ထားဝယ်)

''ရဇာနာဂီရိန္ဒါနိ''

၂၀၀၇ခုနှစ်၊အမျိုးသားစာပေဆု(သုတပဒေသာ၊ ဝိဇ္ဇာတာသာရပ်ဆုရ)စာပေဆုရှင်

မောင်သန်းဆွေ(ထားဝယ်) ကို ခရိုင်ရုံဝန်ဦးစုနှင့်ဒေါ်ရွှေရွှေ တို့မှ ၁၉၄၁ ခုနှစ်၊နိုဝင်ဘာလ ၂၈ရက်တွင် ထားဝယ်မြို့၌ မွေးဖွားခဲ့သည်။တစ်ဦးတည်းသောသားဖြစ်သည်။

၁၉၅၁ခုနှစ်တွင် ရန်ကုန်မြို့ မက်သဒစ်အင်္ဂလိပ် အထက်တန်းကျောင်းတွင် အခြေခံပညာမူလတန်း၊ အလယ်တန်းနှင့် အထက်တန်းပညာများသင်ကြားခဲ့ပြီးနောက် ယင်းကျောင်းမှပင်တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ကိုလည်းကောင်း၊ ဒဗလင်တက္ကသိုလ်မှ မဟာဝိဇ္ဇာဘွဲ့ကိုလည်းကောင်းရရှိခဲ့သည်။ ပညာရေးဌာနတွင် သုံးနှစ်အမှုထမ်းခဲ့ပြီး ထားဝယ်မြို့ ရှေ့နေအသင်းတွင်အတွင်းရေးမှူးအဖြစ် ခြောက်နှစ်၊ ဥက္ကဋ္ဌအဖြစ် ခြောက်နှစ် တာဝန်ယူခဲ့သည်။

ရန်ကုန်တက္ကသိုလ်နှစ်လည်မဂ္ဂဇင်းများနှင့် ရှုမဝမဂ္ဂဇင်းအပါအဝင်တွင် ကလောင်အမည်အမျိုးမျိုးဖြင့် ကလောင်သွေးခဲ့သည်။ ၁၉၈၅ခုနှစ်၊ ဇူလိုင်လထုတ် ရှုမဝမဂ္ဂဇင်းတွင် မောင်သန်းဆွေ(ထားဝယ်) ကလောင်

အမည်ခံယူ၍ "ထားဝယ်ရောက် ဆင်ဖြူမရှင်" သမိုင်းဆောင်းပါးဖြင့် စာပေနယ်ထဲသို့ဝင်ရောက်ခဲ့သည်။ ဉာဏ်လင်းစာပဒေသာ၊ ပုလဲမြို့ပြမြေယာမဂ္ဂဇင်း၊ တနင်္သာရီသတင်းစဉ်၊ စာရေးသူစိတ်ကြိုက် (နေရီရီစာအုပ်တိုက်)၊ ရှမ၀၊ ပန်းဝေသီ၊ ချင်းတွင်းအိုင်ဒီယာ၊ မြတ်ဆုမွန်၊ ရန့်သစ်၊ သရဖူ၊ ပေါ်ပြူလာဂျာနယ်၊ ဟာသဂျာနယ်စသည့် မဂ္ဂဇင်းနှင့်ဂျာနယ်ပေါင်းများစွာတို့တွင် ဆောင်းပါးများစွာရေးသားခဲ့သည်။ ပီတောက်နွယ်၊ ရုပ်ရှင်တေးကဗျာ၊ သူရဿ၊ မဟော်သဓာ၊ သိဒ္ဓိမိုး၊ မဟိဒ္ဓိမဂ္ဂဇင်းတို့တွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ရေးသားလျက်ရှိသည်။ ထို့အပြင် အတွေးအမြင်၊ ရွှေအမြုတေ၊ ကလျာ၊ မဟေသီ၊ ပန်းအလင်္ကာ၊ နွယ်နီ၊ ရွက်နုဝေမဂ္ဂဇင်းတို့တွင် ဆောင်းပါးများရေးသားလျက်ရှိသည်။

လုံးချင်းစာအုပ်များအနေဖြင့် ထားဝယ်မြို့ ဘုရားကြီးသမိုင်း၊ လောကသာရဖူလျောင်းတော်မူဘုရားကြီးသမိုင်း၊ ထားဝယ်မြို့ကြက်မင်းစေတီတော်သမိုင်း၊ ရှင်ကိုးရှင်နှင့် သမိုင်းဝင်ထားဝယ်ဘုရားများ၊ သာသနာ့တံခွန်ထားဝယ်ထေရ်မြတ်များ၊ ကုန်းဘောင်ရှင်းတမ်း၊ ရွှေတော်ဝင်မှတ်တမ်းများ၊ အိမ်ရှေ့စံလှိုင်မင်းမှသည် ဖွန်ဝီလီယံမောင်လတ်သို့၊ ကုန်းဘောင်အလွန် (ပထမအုပ်)၊ ရတနာဂီရိနိဒါန်း၊ ထီးရန့်နန်းရန့်၊ ထီးစကားနန်းစကား၊ ထီးအရိပ်နန်းအရိပ်၊ မဟာဂီတခြေရာကောက်၊ ရတနာဂီရိနိဂုံး၊ ထီးအငွေ့နန်းအငွေ့စသည့်သမိုင်းမှတ်တမ်းစာအုပ်များကို ရေးသားခဲ့သည်။

မောင်သန်းဆွေ(ထားဝယ်)သည် "ရတနာဂီရိ နိဒါန်း" စာအုပ်ဖြင့် ၂၀၀၇ခုနှစ်အတွက်အမျိုးသားစာပေဆု (သုတပဒေသာဝိဇ္ဇာဘာသာရပ်)ကို ရရှိခဲ့ပါသည်။ ယခု အခါ ဇနီးသားသမီးလေးယောက်မိသားစုတို့နှင့်အတူ ထားဝယ်မြို့နေအိမ်တွင် နေထိုင်လျက်ရှိပြီး စာပေများ ဆက်လက်ပြုစုရေးသားနေပါသည်။ အမည်ရင်းမှာ ဦးသန်းဆွေ ဖြစ်သည်။

မောင်ဝင့်သူ

''ဆွစ်(စ်)မိသားစု၏ ရော်ဘင်ဆင်လိုဘ၀''

၁၉၉၈ခုနှစ်၊ စာပေဗိမာန်စာမူဆု(ဘာသာပြန်ပထမဆု)စာပေဆုရှင်

မောင်ဝင့်သူသည် အဖ ဦးစိုးမင်း၊ အမိ ဒေါ်သန်းကြည်တို့မှ ၁၉၄၇ ခုနှစ်၊ ဧပြီလ ၃၀ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၊ ရှမ်းမလည်ဆွဲရပ်တွင်မွေးဖွားခဲ့သည်။

မော်လမြိုင်မြို့၊ စိန့်ပက်ထရစ်အထက်တန်းကျောင်း၌ ၁၉၅၃ ခုနှစ်တွင် သူငယ်တန်းမှ ၁၉၆၄ခုနှစ် န၀မတန်းအထိ ပညာသင်ကြားခဲ့သည်။ ၁၉၆၆ခုနှစ်တွင် အ-ထ-က ၁၊ သဃ်န်းကျွန်းမြို့နယ်မှ ဒသမတန်း(တက္ကသိုလ်ဝင်တန်း) သင်ယူအောင်မြင်ခဲ့သည်။ ၁၉၇၄ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှ ရူပဗေဒအထူးပြု ဘာသာရပ်ဖြင့် သိပ္ပံဘွဲ့ကိုရရှိခဲ့ပါသည်။

၁၉၈၃ခုနှစ်မှ၁၉၉၂ခုနှစ် ဇွန် ၁၅ရက်နေ့အထိ ယခင်ပြန်ကြားရေးနှင့် အသံလွှင့်ဦးစီးဌာနခွဲတွင် Forward မဂ္ဂဇင်းအယ်ဒီတာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်းပါးများ၊ ဆည်မြောင်း၊ ကျန်းမာရေး၊ စက်ရုံအလုပ်ရုံနှင့် သတ္တုရှာဖွေရေးလုပ်ငန်းများအကြောင်း ဆောင်းပါးပုဒ်ရေ ၉၀ခန့်ကို အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သည်။ စာပေဗိမာန်ထုတ် သုတပဒေသာမဂ္ဂဇင်း၌ ဘာသာပြန်ဆောင်းပါးများ ရေးသားခဲ့သည်။ ၁၉၈၇ခုနှစ်၊ စက်တင်ဘာလတွင် တရုတ်နိုင်ငံသို့ ပြန်ကြားရေးအဖွဲ့နှင့် လေ့လာရေးသွားရောက်ခဲ့ သည်။ ၁၉၉၂ ခုနှစ်၊ ဇွန်လ၁၅ရက်နေ့တွင် ဆန္ဒအလျောက်တာဝန်မှ နုတ်ထွက်ခဲ့သည်။ ယခုအခါ ***The Myanmar Time*** ဂျာနယ်ထုတ်ဝေသော ***Myanmar Consoliated Media Limited.*** အမှတ်၃၇၉၊၇၈၃ ဗိုလ်အောင်ကျော်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တွင် စာအုပ်ထုတ်ဝေရေးစာတည်းအဖြစ် တာဝန်ထမ်းဆောင် လျက်ရှိသည်။

မောင်ဝင့်သူသည် ၁၉၉၈ခုနှစ်တွင် 'ဆွစ်(စ်)မိသားစု၏ ရော်ဘင်ဆင်လိုဘ၀' စာအုပ်ဖြင့် စာပေဗိမာန် စာမူဆု(ဘာသာပြန်ပထမဆု)ကိုရရှိခဲ့သည်။

စာပေဗိမာန်ဘာသာပြန်စာပေ စာမူဆုရှင် မောင်ဝင့်သူသည် အမှတ်၁၇၊ ရတနာလမ်း၊ တောင်လုံး ပြန်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မိသားစုနှင့် အတူနေထိုင်လျက်ရှိပါသည်။ အမည်ရင်းမှာဦးဝင်းထွန်း ဖြစ်ပါသည်။

ဂုဏ်ပြုမှတ်တမ်းတင်ခြင်း

ပြုစုသူ-စာတည်းအဖွဲ့

ထားဝယ်အသင်းတွင် တာဝန်ယူခဲ့ကြပြီး ကွယ်လွန်သွားခဲ့ကြသော ထားဝယ်အသင်း၏ အောက်ဖော်ပြပါ ဦးဆောင်နာယကများ၊ နာယကများ နှင့် ဂုဏ်ထူးဆောင်နာယကများ၏ စွမ်းဆောင်မှုတို့အတွက် ဂုဏ်ပြု မှတ်တမ်းတင် အပ်သည် -

ဦးလွန်းဘော်(ဂုဏ်ထူးဆောင်နာယက) (၁၈၉၇-၁၉၆၄)

ထားဝယ်အသင်း ဂုဏ်ထူးဆောင် နာယက ဦးလွန်းဘော်ကို တနင်္သာရီ တိုင်းဒေသကြီး၊ သရက်ချောင်းမြို့ နယ်၊ ကမြိုင်ရွာ၊ ဦးဘိုးလွင် နှင့် ဒေါ်ရွှေငွေးတို့မှ ၁၂၅၉ခုနှစ်၊ တပေါင်းလပြည့်ကျော်(၈)ရက်၊ ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်ခဲ့သည်။

၁၉၂၀ပြည့်နှစ်တွင် အိန္ဒိယနိုင်ငံ၊ ကာလကတ္တားတက္ကသိုလ် မှဥပဒေတန်းကိုအောင်မြင်ခဲ့သည်။ အထက်တန်းရှေ့နေစာမေးပွဲကို အောင်မြင်ခဲ့သည်။ ၁၉၂၈ခုနှစ်တွင် ထားဝယ်သို့ပြန်ပြီး ရှေ့နေအဖြစ်ဆောင်ရွက်ခဲ့သည်။

၁၉၃၀ပြည့် အရေးတော်ပုံ ပေါ်ပေါက်လာသောအခါ ထားဝယ်ခရိုင်လုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး ဥက္ကဋ္ဌ တာဝန်ကိုထမ်းဆောင်ခဲ့သည်။ ၁၉၃၉ခုနှစ်၊ ဗွာဒွာန အုပ်ချုပ်ရေးရွေးကောက်ပွဲတွင် တို့ဗမာအစည်းအရုံးကိုယ် စားလှယ်အဖြစ်အောက်လွှတ်တော်အမတ်နေရာ၌ရွေးကောက် ခံခဲ့ရသည်။

ဂျပန်ခေတ် အဓိပတိ ဒေါက်တာဘမော် အစိုးရလက် ထက်၌ မြိတ်ခရိုင်ဝန် အဖြစ်လည်းကောင်း၊ ပြန်လည်ထူထောင် ရေးဝန်ကြီး၊ စိုက်ပျိုးရေးဝန်ကြီး အဖြစ်လည်းကောင်း အသီး သီး တာဝန်များကို ထမ်းဆောင်ခဲ့သည်။ စစ်ပြီးခေတ် နိုင်ငံ ခြားရေးဝန်ကြီးအဖြစ် ၁၉၄၉ခုနှစ်တွင် ဂျပန်စစ်ပြေငြိမ်းရေး စာချုပ် ချုပ်ဆိုရန်ဩစတြေးလျနိုင်ငံသို့သွားရောက်ခဲ့သည်။

၁၉၄၈ခုနှစ်တွင် လွှတ်လပ်ရေးရပြီးနောက် ရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အဖြစ်လည်းကောင်း၊ ၁၉၅၉ခုနှစ် အိမ်စောင့်အစိုးရ လက်ထက်၌ ဂုဏ်ယဝန်ကြီးချုပ်အဖြစ်လည်းကောင်းအသီးသီး တာဝန်တို့ကိုထမ်းဆောင်ခဲ့သည်။ ၁၉၄၈ခုနှစ်တွင် မဟာသီရိ သုဓမ္မာဘွဲ့ နှင့် ၁၉၅၈ခုနှစ်၌ သတိုးမဟာသရေစည်သူ ဘွဲ့ တို့ကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

ဦးလွန်းဘော်သည် ထားဝယ်အသင်းတွင် ဂုဏ်ထူးဆောင် နာယကအဖြစ် ခန့်အပ်ခြင်းခံခဲ့ရစဉ်က ထားဝယ်သူ၊ထားဝယ် သားတို့၏ အကျိုးစီးပွားနှင့် ထားဝယ်အသင်း တိုးတက်ရာ တိုးတက်ကြောင်းအတွက် လမ်းညွှန်ပေးခဲ့သည်။

ဦးလွန်းဘော်သည် ၁၉၆၄ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ရက် တွင် အသက် ၆၇နှစ်အရွယ်၌ ရန်ကုန်မြို့၊ဝင်ဒါမီယာ ဘောဓိကုန်း၊ မြေအမှတ်(၈)တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဦးဗဆွေ ၊ဂုဏ်ထူးဆောင်နာယက (၁၉၁၅-၁၉၈၇)

ထားဝယ်အသင်း ဂုဏ်ထူးဆောင် နာယက ဦးဘဆွေကို တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့ နယ်၊ ကံဘောက်-အုန်းပင်ကွင်းရွာ ဦးထွန်းလှိုင် နှင့်ဒေါ်ပဲလေးတို့မှ ၁၉၁၅ ခုနှစ်၊ အောက်တိုဘာလ(၇)ရက် တွင်ဖွားမြင်ခဲ့သည်။

၁၉၃၈ ခုနှစ်၊ ဒီဇင်ဘာလ(၈)ရက်တွင် ရေနံချောင်းမြို့ အမျိုးသားကျောင်းနှစ်ကျောင်းကိုစွန့်ခွာပြီးအပြန် မကွေးမြို့၌ အလုပ်သမားသပိတ်တပ်ဦးတွင် သခင်ဗဟိန်းနှင့်အတူ သပိတ် တရားဟောခဲ့သဖြင့် မကွေးထောင်၌ ၆လအချုပ်ခံခဲ့ရပြီး အင်းစိန်ထောင်သို့ ပြောင်းရွှေ့ပို့ထားခဲ့ရာ မြန်မာနိုင်ငံအရပ်ရပ်မှ ကျောင်းသားများဆန္ဒပြသောကြောင့်ထောင်မှ လွှတ်ခဲ့ရသည်။

ကျားကြီးဘဆွေဟု အမည်တွင်ခဲ့သူ ဦးဘဆွေသည် ၁၉၃၉ခုနှစ်တွင် ဗမာတစ်နိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂ အထွေထွေအတွင်းရေးမှူး ဖြစ်လာခဲ့သည်။ ၁၉၄၀-၄၁ ခုနှစ် တွင်တက္ကသိုလ်မှ ထွက်ပြီးနိုင်ငံရေးလောကသို့ဝင်ရောက်ခဲ့ သည်။

ဗြိတိသျှအစိုးရကို တော်လှန်ပုန်ကန်ရန် လျှို့ဝှက်စွာ ဖွဲ့စည်းထားသော ဗီအာရ်ပီ(ခေါ်) ဗမာ့တော်လှန်ရေးတပ်ဦး၊ ပီအာရ်ပီ(ခေါ်)ပြည်သူ့အရေးတော်ပုံပါတီတွင်သခင်အောင်ဆန်း၊ သခင်မြ၊ ဦးကျော်ငြိမ်း တို့နှင့်အတူ ဦးစီးခေါင်းဆောင်ပြီး စစ်ရေးနှင့် စည်းရုံးရေးတာဝန်တို့ကို တာဝန်ယူခဲ့သည်။

ရုံဘော်သုံးကျိပ်ဝင်များ ဂျပန်သို့စေလွှတ်ခြင်းမှစ၍ ဖက်ဆစ်တော်လှန်ရေးအထိ ဦးဘဆွေသည် ဘီအာဒီပီ ခေါင်းဆောင်တစ်ဦး၊ တစ်နည်းအားဖြင့် မြေအောက်တော်လှန်ရေး ခေါင်းဆောင်တစ်ဦးအဖြစ် လျှို့ဝှက်လုပ်ငန်းများကိုလုပ်ကိုင်ခဲ့သည်။

၁၉၄၂ခုနှစ် ဂျပန်ခေတ်တွင် ကေဘိုတိုင်ခေါ် မြို့ပြကာကွယ်ရေးတပ်ကို ဦးစီးခဲ့ပြီး တော်လှန်ရေးလုပ်ငန်းများကိုလုပ်ခဲ့၍ မြေအောက်တော်လှန်ရေးခေါင်းဆောင်တစ်ဦးအဖြစ်သိရှိသွားခဲ့ပြီး ၁၉၄၅ခုနှစ်၊ မတ်လ ၃၁ရက်မှ ဧပြီလ ၂၄ရက် အထိ ဂျပန်တပ်တို့၏ ဖမ်းဆီးချုပ်နှောင်ခြင်းကိုခံခဲ့ရသည်။ ၁၉၄၅ခုနှစ်တွင် ဖွဲ့စည်းခဲ့သော ဆိုရှယ်လစ်ပါတီ၏ အထွေထွေအတွင်းရေးမှူး၊ ၁၉၄၇ခုနှစ်မှ ၁၉၅၂ခုနှစ်အထိ ဖဆပလအဖွဲ့ချုပ်၌ အထွေထွေအတွင်းရေးမှူး၊ ၁၉၅၂ခုနှစ်တွင်ဖဆပလအဖွဲ့ကြီး၏ ဒုတိယဥက္ကဋ္ဌ၊ ၁၉၅၂ခုနှစ်၌ လွှတ်တော်အမတ်အဖြစ် တင်မြှောက်ခံရပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးဖြစ်ခဲ့သည်။ အမျိုးသမီးများစစ်မှုထမ်းခွင့်ကိုစတင်ဆောင်ရွက်ခဲ့ပြီး အမျိုးသမီးတပ်ဖွဲ့များကို ဖွဲ့စည်းပေးခဲ့သည်။ ၁၉၅၃ခုနှစ်၌ ကာကွယ်ရေးဝန်ကြီးဌာန၏ဝန်ကြီးနှင့်သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့သည်။ ထို့အပြင် အာရှဆိုရှယ်လစ်ကွန်ဖရင့်ကြီးကို မြန်မာနိုင်ငံတွင်ကျင်းပခဲ့ရာ သဘာပတိအဖြစ် တင်မြှောက်ခြင်းခံခဲ့ရသည်။

၁၉၅၆ခုနှစ်တွင် အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခြင်းခံရပြီး ၁၉၅၆ခုနှစ် ဇွန်လမှ ၁၉၅၇ခုနှစ် ဖေဖော်ဝါရီလအထိ ဝန်ကြီးချုပ်အဖြစ် ထမ်းဆောင်ခဲ့သည်။ ဝန်ကြီးချုပ်အဖြစ်မှနုတ်ထွက်ပြီးနောက် ဒုတိယဝန်ကြီးချုပ်အဖြစ် တာဝန်ဆက်လက်ထမ်းဆောင်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးတာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့သည်။ ဖဆပလနှစ်ခြမ်းကွဲချိန်တွင်ဒုတိယဝန်ကြီးချုပ်အဖြစ်မှ နုတ်ထွက်ပြီးနောက် တည်မြဲဖဆပလဖွဲ့စည်းကာ ဥက္ကဋ္ဌအဖြစ်တာဝန်ယူခဲ့သည်။

ဦးဗဆွေသည် ယူဂိုဆလပ်နိုင်ငံ သမ္မတကြီး မာရှယ်တီတိုး၏ ဂုဏ်ထူးဆောင် ပထမအဆင့်ဆုတံဆိပ်၊ ထိုင်းနိုင်ငံ ဘုရင်မင်းမြတ်၏ အမြင့်ဆုံးဆင်ဖြူတံဆိပ်၊ ၁၉၅၉ခုနှစ်တွင် လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်၊ ၁၉၈၀ပြည့်နှစ်၌ နိုင်ငံ့ဂုဏ်ရည်ပထမအဆင့်တို့ကို ရရှိခဲ့သည်။

ဦးဗဆွေသည် ၁၉၄၄ခုနှစ်တွင် ပုလောမြို့မှ သတ္တုတွင်းပိုင်ရှင် ဦးလှိုင်ဖူး၏ သမီး ဒေါ် နုနုဆွေနှင့်လက်ထပ်ခဲ့ပြီး သားသမီး ၁၀ဦးထွန်းကားခဲ့သည်။

ဦးဗဆွေသည် ထားဝယ်အသင်းတွင် ဂုဏ်ထူးဆောင်နာယက တာဝန်ယူခဲ့စဉ်က ထားဝယ်သူ၊ ထားဝယ်သားတို့၏ တိုးတက်ရာတိုးတက်ကြောင်းအတွက် နည်းပေးလမ်းပြ ညွှန်ကြားပေးခဲ့သည်။

ဦးဗဆွေသည် ၁၉၈၇ခုနှစ်တွင်၊ ဒီဇင်ဘာလ ၆ရက်နေ့၊ အသက် ၇၂နှစ်အရွယ်တွင် ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း) ဂုဏ်ထူးဆောင်နာယက (၁၉၁၉-၁၉၉၃)

ထားဝယ်အသင်း ဂုဏ်ထူးဆောင်နာယက ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)ကို တိုက်ပိုင်ရဲမှူးဦးသင်းမြင့်ခေါ် ဖွားကြူတို့မှ ၁၉၁၉ခုနှစ်၊ မတ်လ ၁၉ရက်တွင် မော်လမြိုင်မြို့၊တည်င်းကုန်းရပ်၌ ဖွားမြင်ခဲ့သည်။

၁၉၃၁ ခုနှစ်တွင် မော်လမြိုင်မြို့ ရှင်မဟာဗုဒ္ဓဃောသကျောင်းမှ(၁၀)တန်းစာမေးပွဲ ဖြေဆိုအောင်မြင်ခဲ့သည်။ ၁၉၄၀ပြည့်နှစ်၌ ရဲတပ်ဖွဲ့သို့ဝင်ရောက်ပြီး မန္တလေးမြို့ ရဲအုပ်သင်တန်းကျောင်းတွင် တစ်နှစ်သင်တန်းတက်ခဲ့သည်။ ၁၉၄၁ခုနှစ်တွင် ထားဝယ်မြို့၌ အလုပ်သင်ရဲအုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၄၂ခုနှစ်၌ဘီအိုင်အေသို့ဝင်ရောက်ခဲ့ပြီး ဘီဒီအေ အတွင်း ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ မဟာ့တပ်မတော်ပြန်လည်ဖွဲ့စည်းသောအခါ ဗမာ့သေနတ်ကိုင်တပ်ရင်း ၃ တွင် ဗိုလ်အဆင့်ဖြင့် တပ်ခွဲမှူးတာဝန်ကိုထမ်းဆောင်ခဲ့သည်။ တပ်မတော်ကြည်း၌ရာထူးအဆင့်ဆင့်တိုးမြှင့်ခဲ့ပြီး ၁၉၆၁ခုနှစ်တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးတာဝန်ကို ထမ်းဆောင်ခဲ့သည်။ ၁၉၇၂ခုနှစ်တွင် တပ်မတော်မှအငြိမ်းစားယူပြီးနောက် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ ဝန်ကြီးတာဝန်ကို ယူခဲ့သည်။

၁၉၇၄ခုနှစ်တွင် ပထမအကြိမ်ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့ကောင်စီအဆင့်ဆင့်ရွေးချယ်ပွဲ၌ ထားဝယ်မြို့နယ်၊ အမှတ် ၁ မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အဖြစ် ရွေးချယ်ခံရပြီး ပထမအကြိမ် လွှတ်တော်အစည်းအဝေးက နိုင်ငံတော်ဝန်ကြီးချုပ်အဖြစ်ရွေးချယ်ခဲ့သည်။ ၁၉၇၇ခုနှစ်တွင် နိုင်ငံတော်ကောင်စီဝင် အဖြစ်မှအငြိမ်းစားယူခဲ့သည်။

ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)သည် တပ်မတော်ဂုဏ်ထူးဆောင်တံဆိပ်များအပြင် စည်သူတံဆိပ်၊ သီရိပျံချီဘွဲ့တံဆိပ်၊ လွတ်လပ်ရေးမော်ကွန်းဝင်ပထမအဆင့်နှင့် နိုင်ငံ့ဂုဏ်ရည်ပထမအဆင့် တို့ကိုခံယူရရှိခဲ့သည်။ ၁၉၄၃ခုနှစ်တွင် မန္တလေးမြို့မှ ဗိုလ်ကြီးဘပေခေါ် မှန်းတို့၏ သမီး ဒေါ်မြရွှေနှင့် လက်ထပ်ခဲ့သည်။

ထားဝယ်အသင်းတွင် နာယကအဖြစ်လည်းကောင်း၊ ဂုဏ်ထူးဆောင်နာယကအဖြစ်လည်းကောင်း ပါဝင်ထမ်းဆောင်မှုပြီး အသင်းကြီးတိုးတက်ရေးအတွက် စိတ်အားထက်သန်စွာ ညွှန်ကြားသင်ပြပေးခဲ့သော ဗိုလ်မှူးချုပ်စိန်ဝင်း(ငြိမ်း)သည် ၁၉၉၃ ခုနှစ်၊ ဇွန်လ ၂၉ ရက်၊ အသက် ၇၄ နှစ်အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဦးဘကျော် (၁၉၀၈–၁၉၈၈)

ထားဝယ်အသင်း ဂုဏ်ထူးဆောင်နာယက ဦးဘကျော်ကို ဦးထွန်းဘနှင့် ဒေါ် အေး တို့မှ ၁၉၀၈ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ကျောက်မော်ရပ်၌ ဖွားမြင်ခဲ့သည်။

ဦးဘကျော်သည် ထားဝယ်အသင်းဥက္ကဋ္ဌ တာဝန်ကို ၁၉၈၀ ပြည့်နှစ်မှ ၁၉၈၁ ခုနှစ်အထိ တာဝန်ယူခဲ့သည်။ ဥက္ကဋ္ဌ တာဝန်ပြီးဆုံးပြီးနောက် ဂုဏ်ထူးဆောင်နာယက အဖြစ် ခန့်အပ်မှီခဲ့ရသည်။

ဦးဘကျော်သည် ထားဝယ်အသင်း တာဝန်ထမ်းဆောင်စဉ်က ထားဝယ်သူ၊ထားဝယ်သားတို့၏ အကျိုးစီးပွားနှင့်ထားဝယ်အသင်း၏ တိုးတက်ရာ တိုးတက်ကြောင်းကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့သူဖြစ်သည်။ ထားဝယ်သူ ဒေါ်လှကြီးနှင့် အိမ်ထောင်ပြုခဲ့ပြီး သမီးတစ်ဦးထွန်းကားခဲ့သည်။

ဦးဘကျော်သည် ၁၉၈၈ ခုနှစ်၊ နိုဝင်ဘာလ ၂၁ ရက်နေ့တွင် ရန်ကုန်မြို့၊ လမ်းသစ် လမ်း၊ အိမ်အမှတ် ၃၈၃ အသက် ၈၀ အရွယ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ဦးဘမောင် (၁၉၁၅–၂၀၀၀)



တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်၊ ကမြိုင်ကျေးရွာတွင် အဖ ဦးရွှေမြူ၊ အမိ ဒေါ်ညီ တို့မှ ၁၉၁၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၌ မွေးဖွားခဲ့သည်။ သားသမီး ရှစ်ဦးတွင် သတ္တမမြောက်သားဖြစ်သည်။

ဝယ်စဉ် စတုတ္ထတန်းမှသတ္တမတန်းအထိ ကမြိုင်ရွာဘုန်းကြီးကျောင်း၌ ပညာသင်ကြားခဲ့သည်။ အစိုးရအထက်တန်းကျောင်း၊ ထားဝယ်မြို့တွင် ၁၉၃၈ ခုနှစ်၌ ဆယ်တန်းစာမေးပွဲကို(က)အဆင့်ဖြင့် အောင်မြင်ခဲ့သည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းကို ဝါသနာထုံသဖြင့် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ မြန်မာပြည်စီးပွားရေးကောလိပ်တွင် စာရင်းကိုင်ပညာသင်ကြားခဲ့ သည်။

ထားဝယ်အသင်း ဥက္ကဋ္ဌ (၁၉၈၈–၁၉၉၁) တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်၏ ပဌမမြောက် အုပ်ချုပ်မှုဒါရိုက်တာအဖြစ် တာဝန်ယူခဲ့သည်။

"ခြေလျှင်တောင်တက်သမားတစ်ဦး အတွေ့အကြုံ" စာအုပ်ဖြင့် ၁၉၉၁ ခုနှစ်အတွက်အမျိုးသား စာပေဆုကို ရရှိခဲ့သည်။ ကွယ်လွန်ချိန်အထိ ထားဝယ်ကူးသန်းရောင်းဝယ်ရေးလီမိတက်၏ ဒါရိုက်တာအဖြစ်လည်းကောင်း၊ ထားဝယ်အသင်း၏ဂုဏ်ထူးဆောင်နာယကအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။

ဦးဘမောင်သည် ၂၀၀၀ ပြည့်နှစ် မတ် လ ၂၇ ရက်တွင် အသက် ၈၅နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ပန်းပုဆရာကြီး ဦးဟန်တင် (၁၉၂၇–၂၀၀၀)

အာဆီယံယဉ်ကျေးမှုဆုရှင်၊ ယဉ်ကျေးမှုတက္ကသိုလ်ကောင်စီဝင်၊ မြန်မာနိုင်ငံရိုးရာ ပန်းပညာအစည်းအရုံး (ဗဟို) နာယက၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အကြံပေးပုဂ္ဂိုလ်ပန်းပု ဆရာကြီး ဦးဟန်တင်သည်ထားဝယ်အသင်း၏ဂုဏ်ထူးဆောင် နာယကကြီး ဖြစ်သည်။ ၁၉၄၁ ခုနှစ်တွင် ကိုယ်ပိုင်ပန်းပုလုပ်ငန်း လုပ်ကိုင်ခဲ့သည်။ ၁၉၅၇ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန် ပန်းချီ၊ ပန်းပုကျောင်းတွင် ပန်းပုနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၆၆ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ အဆောက်အအုံအနုပညာဌာနမှူးအဖြစ် ထမ်းရွက်ခဲ့သည်။

ဆရာကြီးဦးဟန်တင်၏ လက်ရာများဖြစ်ကြသော ပြည်သူ့လွှတ်တော်ရှိ သပြေပန်းကိုင်မြန်မာ အမျိုးသမီးရုပ်တု၊ ပြည်မြို့နှင့် ထားဝယ်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်း မြင်းစီးရုပ်တု၊ ပြည်ထောင်စုအားရိုပ်ရှေ့နှင့်လားရှိုးမြို့ရှိ စည်းလုံးရေးသရုပ်ဖော်ထင်းစည်းချိုးရုပ်တု၊ ကော့သောင်းမြို့နှင့် တာချီလိတ်မြို့တို့တွင်စိုက်ထူထားသောဘုရင့်နောင်ရုပ်တု၊ အမျိုးသားပြတိုက်ရှေ့ရှိ အနော်ရထာရုပ်တု၊ ကိုလုံဆရာတော်ကြီးရုပ်တု၊ စိုက်မျိုး

ရေးပြတိုက်ရှေ့ရှိ စိုက်ပျိုးရေးမိသားစု ရုပ်တု တို့သည်အထူး ထင်ရှားသည်။

ဆရာကြီးဦးဟန်တင်သည် ၁၉၆၃ ခုနှစ် မှ ၁၉၆၄ ခုနှစ် အထိ ပီကင်းအနုပညာသိပ္ပံတွင် ပန်းပု ပညာသင်အဖြစ်သွား ရောက်လေ့လာ ဆည်းပူးခဲ့ သည်။ ၁၉၈၄ ခုနှစ်တွင် ဗုဒ္ဓဂယာ မုစလိန္ဒာအိုင် အတွင်း နဂါးရုံဘုရားတစ်ဆူ ထုလုပ်ပူဇော်ခဲ့ သည်။ ၁၉၉၇ခုနှစ်၌ အာဆီယံယဉ်ကျေးမှုဆု ချီးမြှင့်ခြင်းခံ ရသည်။

ဆရာကြီး ဦးဟန်တင်သည် ၂၀၀၀ ပြည့် နှစ် ဒီဇင်ဘာလ ၃၀ ရက် အသက် ၇၃နှစ် အရွယ်တွင် ကွယ်လွန်အနိစ္စ ရောက် ခဲ့သည်။

နဂါးနီ ဦးထွန်းအေး (၁၉၁၆– ၂၀၀၁)

နဂါးနီ ဦးထွန်းအေး သည် ကျောင်းသားအရွယ် ငယ်စဉ်က ပင်လူမှုရေးစိတ်ဓာတ်ရှိသူ တစ်ဦး ဖြစ်သည်။ ကျောင်းသားဘဝက ထားဝယ်တွင်ကျောင်းနေဖက် သူငယ်ချင်းများ ဖြစ်ကြသည့် ဦးဗဆွေ၊ ဦးဘမောင်တို့ နှင့်အတူ ပူးတွဲ၍ ထားဝယ်လူငယ် များ ကြီးပွားရေးအသင်းကို ထူထောင်ခဲ့ကြသည်။ နဂါးနီ ဦးထွန်းအေးသည် ဆယ်တန်းအောင်မြင်ပြီးနောက် ဦးဘမောင် နှင့်အတူစီးပွားရေးနှင့်စာရင်းအင်းပညာကို လေ့လာသင်ယူခဲ့ သည်။ ထိုခေတ်က အလွန်ခေတ်စားသည့် နဂါးနီစာအုပ်ထုတ် ဝေရေး၌ ဦးထွန်းအေးက တာဝန်ယူခဲ့သူတစ်ဦးဖြစ်သည်။ နဂါးနီအသင်းသည် နိုင်ငံရေးစာပေနှင့် အခြားစာကောင်း ပေမွန်များကို ဘာသာပြန်ဆိုထုတ်ဝေသည့် အဖွဲ့အစည်း တစ်ရပ်ဖြစ်၍ နဂါးနီဦးထွန်းအေး ဟု လူသိများခဲ့သည်။

တို့ဗမာအစည်းအရုံးက "ဗိုလ်များအလိုရှိသည် တစ်ဗိုလ် ဆင်းလျှင်တစ်ဗိုလ်တက်မည်" ခေါင်းစဉ်ဖြင့်သတင်းစာများမှ ကြေညာ၍အသေခံဗိုလ်များ အလိုရှိကြောင်းဖိတ်ခေါ် ရာတွင် အသေခံဗိုလ်၊တပ်သား စာရင်းတင်သွင်းကြသူ ၄၂ ဦး အနက် သခင်ထွန်းအေး(နဂါးနီ) သည် ပထမဦးဆုံးစာရင်းတင်သွင်း သူ အဖြစ် မှတ်တမ်းများတွင် အထင်အရှားတွေ့ရှိရသည်။

နဂါးနီဦးထွန်းအေးသည် နာယကတစ်ဦး အဖြစ် နှစ်ရှည် လများဆောင်ရွက်ခဲ့သည်။ အသက် ၈၀အရွယ်အထိပင် ဖျတ် လတ် သွက်လက် လှုပ်ရှားဆဲပင် ဖြစ်သည်။ အသက် ၈၀ ကျော်ပြီး နောက် နေးကွေးသွားသည်။ ကွန်လွန်သည် အထိပင် ထားဝယ် အသင်း၏ ဂုဏ်ထူးဆောင်နာယကတစ်ဦး အဖြစ် တာဝန်ထမ်း ဆောင်ခဲ့သည်။ ၂၀၀၁ ခုနှစ် ဇက်တင်ဘာလ ၂၇ ရက်နေ့ အသက် ၈၅နှစ် အရွယ်၌ ကွယ်လွန်အနိစ္စရောက်ခဲ့သည်။

ဗိုလ်မှူးတင်ထွန်း (ငြိမ်း) (၁၉၁၃– ၂၀၀၂)

ဗိုလ်မှူးတင်ထွန်း(၁) ဦးသိုက်ထွန်း သည်ဘီအိုင်အေဖျက်သိမ်းပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော် (ဘီဒီ အေ) တွင် မဟာဗျူဟာစစ်ရုံးချုပ်၌ ဌာနကြီးမှူးအဖြစ် လည်းကောင်း၊ တပ်ရင်း (၇)တပ်ရေးချုပ် အဖြစ် လည်းကောင်း၊ အနောက်မြောက်တိုင်းဒုတိယတိုင်းမှူး နှင့် တိုင်းမှူးအဖြစ်လည်းကောင်းတာဝန် အသီးသီးကိုထမ်းဆောင် ခဲ့သည်။

ဗိုလ်မှူးတင်ထွန်း(ငြိမ်း)သည် ဖက်ဆစ်တော်လှန်ရေး ကာလ၌ ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်)တိုင်းအမှတ် (၅)တနင်္သာရီတိုင်း၊ တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ သည်။ ဖက်ဆစ်တော်လှန်ရေးပြီးသည့်နောက် တပ်မတော်မှ အငြိမ်းစားယူခဲ့သည်။

ဦးတင်ထွန်းသည် ထားဝယ်အသင်းဥက္ကဋ္ဌ ၁၉၇၀– ၁၉၇၅ နှင့် ၁၉၈၁–၁၉၈၃ တာဝန်ယူခဲ့သည်။ နှစ် ၈၀ ပြည့် ထားဝယ် အသင်းမဂ္ဂဇင်း ထုတ်ဝေရာတွင် အကြံဉာဏ် ကောင်းများပေးခဲ့သည်။ ကွယ်လွန်ချိန်တွင် ထားဝယ်အသင်း နာယက အဖြစ်တာဝန်ယူလျက်ရှိသည်။ ၂၀၀၂ခုနှစ်အောက် တိုဘာလ ၂၉ရက်၌ အသက် ၈၉နှစ်အရွယ်တွင် ကွယ်လွန် အနိစ္စ ရောက်ခဲ့သည် ။

ဒုတိယဗိုလ်မှူးကြီးဘလှ(ငြိမ်း) ဂုဏ်ထူးဆောင်နာယက (၁၉၂၃– ၂၀၀၉)

ဒုတိယဗိုလ်မှူးကြီး ဘလှ(ငြိမ်း) သည်တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ကျောက်မော်ရပ် ကွက်တွင် ၁၉၂၃ ခုနှစ်၊ ဒီဇင် ဘာလ ၁၄ရက် နေ့၌မွေးဖွားခဲ့သည်။ မိဘနှစ်ပါးမှာ ပုလိပ်အင်စပက် တော်ဦးထွန်းဖေနှင့် ဒေါ်ခင်မ တို့ဖြစ်ကြသည်။ ထားဝယ်မြို့ အမှတ်(၁) အစိုးရအထက်တန်းကျောင်းတွင် တက္ကသိုလ်ဝင်

တန်းအထိ တက်ရောက်ပညာသင်ကြားခဲ့သည်။

ဒုတိယ ဗိုလ်မှူးကြီးအလှ(ငြိမ်း) သည် ဘီအိုင်အေ၊ ဘီဒီ အေ နှင့် ပီဘီအက်ဖ် တို့၌ တာဝန်ထမ်းဆောင်ခဲ့သည်။ လွတ်လပ်ရေးရပြီးနောက် ဗိုလ်သင်တန်းအမှတ်စဉ် (၂)ကို တက်ရောက်သင်ကြားအောင်မြင်ခဲ့သည်။ တပ်မတော် (ကြည်း) တွင် ဒုတိယဗိုလ် အဆင့်မှ ဒုတိယဗိုလ်မှူးကြီး အဆင့်အထိ အဆင့်ဆင့် ရာထူးတိုးမြှင့်ခဲ့သည်။

၁၉၆၅ တွင် နိုင်ငံတော် ကောက်ပဲသီးနှံရောင်းဝယ်ရေး အဖွဲ့၌တာဝန်ထမ်းဆောင်ခဲ့သည်။ နောင်တွင်ကုန်သွယ်လယ်ယာဦးစီးဌာန ၌ ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်လာခဲ့သည်။ ၁၉၇၇ခုနှစ်၌ ကုန်သွယ်ရေးဦးစီးဌာနတွင် ညွှန်ကြားရေးမှူးချုပ်ဖြစ်လာခဲ့ပြီး ၁၉၈၁ ခုနှစ်မှ ၁၉၈၅ အထိ ကုန်သွယ်ရေးဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၅ ခုနှစ် ကုန်ခါနီးတွင် နိုင်ငံတော်ကောင်စီဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် နိုင်ငံရေးပင်စင်ယူခဲ့သည်။ နိုင်ငံတော် တာဝန်ထမ်းဆောင်နေစဉ် အတွင်း "လွတ်လပ်ရေးမော်ကွန်းဝင် ပထမအဆင့်" နှင့် "ဇေယျကျော်ထင်" ဘွဲ့တို့ကို ရရှိခဲ့သည်။

ဒုတိယဗိုလ်မှူးကြီးအလှ(ငြိမ်း) သည် ထားဝယ်အသင်း ဦးဆောင်နာယကတာဝန်ကို ၁၉၉၇ ခုနှစ်အထိ တာဝန်ယူခဲ့ပြီး ထားဝယ်အသင်း၏ ကောင်းရာကောင်းကျိုးကို စွမ်းစွမ်းတမံ ကိုယ်စွမ်းရှိသမျှ ဆောင်ရွက်ပေးခဲ့သည်။ ဦးဆောင်နာယက တာဝန်ကို ထိုနှစ်၌ပင် ဗိုလ်မှူးကြီးဖေအောင် (ငြိမ်း) အား လွှဲပြောင်း ပေးအပ်ခဲ့သည်။

ဒုတိယဗိုလ်မှူးကြီးအလှ(ငြိမ်း) သည် ထားဝယ်အသင်း ဂုဏ်ထူးဆောင်နာယကအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် အသက် ၈၆ နှစ် တွင် ကွယ်လွန်အနိစ္စရောက် ခဲ့သည်။

ဗိုလ်မှူးကြီးဖေအောင် (ငြိမ်း) (၁၉၁၇–၂၀၀၅)

ထားဝယ်ခရိုင်၊ သရက် ချောင်းမြို့နယ်၊ ကမြိုင်ကျောင်းတွက် ဖြစ်သည်။ မြိတ်မြို့တွင်ကျောင်းဆရာ တာဝန်ထမ်းဆောင်နေစဉ် ဘီအိုင်အေ၊ဘီဒီအေ၊ဘီပီအက်ဖ် သို့ဝင်ရောက်ခဲ့သည်။တပ်မတော်ပြန်လည်ဖွဲ့စည်းသောအခါ ဗိုလ်သင်တန်းအမှတ်စဉ်၃ကို တက်ရောက်ခွင့်ရခဲ့ပြီး ပြန်တမ်းဝင်အမှတ် ကြည်း–၁၇၉၄ ဖြင့် ဒုတိယဗိုလ်အဆင့်ကို ခန့်အပ်ခြင်းခံရသည်။ ရာထူးအဆင့်ဆင့် တိုးမြှင့်ခဲ့ပြီး ဗိုလ်မှူးကြီးအဆင့်ဖြင့် ဒုတိယတိုင်းမှူး၊ ဒေသပါတီဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့သည်။ ဂျာမန်ဒီမိုကရက်တစ်ရီပတ်ဘလစ်(ဂျီဒီအာ)နှင့်ဩစတြေးလျ နိုင်ငံဆိုင်ရာ သံအမတ်ကြီး အဖြစ်ထမ်းရွက်ခဲ့ပြီးအငြိမ်းစားယူခဲ့သည်။

ထားဝယ်အသင်းဦးဆောင်နာယက ဦးအလှ (ဒုတိယဝန်ကြီး–ငြိမ်း)၏ ပန်ကြားချက်အရ ၁၉၉၇ ခုနှစ်၊ ဧပြီလ ၃ ရက်မှစ၍ထားဝယ်အသင်းကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌတာဝန်ကိုယူခဲ့ပြီး ထားဝယ်အသင်း စည်းလုံးညီညွတ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့သည်။ ထားဝယ် အသင်းစည်းမျဉ်း ၁၉၈၄ကိုလည်း ၁၉၉၇ ခုနှစ် ဧပြီလ ၂၂ ရက်မှစ၍ အကြိမ်ကြိမ်ညှိနှိုင်းရေးဆွဲတင်ပြစေခဲ့ပါသည်။ စည်းမျဉ်းသစ်ကို ၁၉၉၉ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်တွင် ကျင်းပခဲ့သော ထားဝယ်အသင်း၊ သင်းလုံးကျွတ်အစည်းအဝေး၌တင်ပြ၍ အတည်ပြုချက် ရယူပေးခဲ့ပေသည်။

ဦးဖေအောင်သည် နှစ်ပတ်လည် ထားဝယ် အသင်း မဂ္ဂဇင်း ကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၆ ရက်၌ ထုတ်ဝေနိုင်ရန်ကြီးကြပ်ကွပ်ကဲနိုင်ခဲ့ပြီး ထားဝယ်အသင်း နှစ်ပတ်လည်အခမ်းအနားကို ၂၀၀၁ ခုနှစ်၊ နိုဝင်ဘာလ ၂၇ရက်နေ့တွင် ဘိုးဘွားရိပ်သာ "သီရိရတနာခန်းမ" ၌ ကျင်းပပေးခဲ့ပါသည်။

ဦးဖေအောင်သည် ကွယ်လွန်ချိန်အထိ ဦးဆောင်နာယကတာဝန်ကိုထမ်းဆောင်ခဲ့ပါသည်။ ၂၀၀၅ ခုနှစ်၊ မေ လ ၅ ရက်၌ အသက် ၈၈နှစ် အရွယ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ရဲမှူးကြီး လှဌေး (ငြိမ်း) (၁၉၂၇–၂၀၀၆)

ရဲမှူးကြီးလှဌေး (ငြိမ်း) သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ ဆင်ပုနှစ်ဇာတိဖြစ်သည်။ ၁၉၅၁ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရခဲ့သည်။ ၁၉၅၂ခုနှစ်၌ မန္တလေးရဲသိပ္ပံသို့ တက်ရောက်ခဲ့ပြီး ကိုယ်ပိုင်အမှတ်လ/၁၀၀၉ ဖြစ်ရရှိပြီး ဒုတိယကြီးကြပ်ရေးမှူး အဆင့်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၌ တာဝန်ထမ်းရွက်ခဲ့သည်။ ၁၉၅၃ ခုနှစ်တွင် မေမြို့(ပြင်ဦးလွင်) အရာရှိငယ်သင်တန်း အမှတ်စဉ် (၁၁) တက်ရောက်သင်ကြားခဲ့သည်။ ရာထူးအဆင့်ဆင့် တိုးမြှင့်ခဲ့ပြီးနောက် ၁၉၆၄ ခုနှစ်တွင် ရဲမှူးကြီး အဆင့်ဖြင့် မော်လမြိုင်၊ တောင်ကြီး၊မကွေး၊ စစ်ကိုင်းနှင့် ပဲခူးတို့တွင်

တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၇ခုနှစ်၌ ပုသိမ်တွင် တာဝန်ထမ်းဆောင်နေစဉ် အငြိမ်းစားယူခဲ့သည်။ တာဝန်ထမ်းဆောင်နေစဉ် ကာလအတွင်း ဇက်ာပုနှင့်မလေးရှားနိုင်ငံတို့တွင် သင်တန်း တက်ရောက်ခဲ့သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ရဲတွန်ဖရင့် တက်ရောက်ရန် ထင်ညာနိုင်ငံသို့ သွားရောက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဦးလှငွေအား ငွေမားဆု နှင့် ပြည်ထောင်စုငွေ တံဆိပ် ချီးမြှင့်ခဲ့သည်။

ဦးလှငွေသည် မဟာစည် သာသနာ့ရိပ်သာလုံခြုံရေး၊ စည်းကမ်းထိန်းသိမ်းရေးဥက္ကဋ္ဌတာဝန်နှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့၏ အမှုဆောင်တာဝန်ယူခဲ့သည်။ ထားဝယ်အသင်းတွင် ၁၉၉၇ ခုနှစ်မှစ၍ နာယကတာဝန်ကိုယူခဲ့သည်။ နာယကတာဝန်ထမ်းဆောင်နေစဉ်အတွင်း အသင်း၏စည်းလုံး ညီညွတ်ရေးနှင့်တိုးတက်ရေးတို့အတွက်တက်ကြွစွာဆောင်ရွက်ခဲ့သည်။

ဦးလှငွေသည် နာယက တာဝန်ကို ကွယ်လွန်ချိန်အထိ ထမ်းဆောင်ခဲ့ပြီး ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီ ၂၁ ရက်နေ့တွင် အသက် ၇၉နှစ်အရွယ်၌ ကွယ်လွန်အနိစ္စ ရောက်ခဲ့သည်။

ဒေါ်လှမြင့် (၁၉၁၅–၂၀၀၇)



ဒေါ်လှမြင့်သည်၁၉၁၅ ခုနှစ်၊ဩဂုတ် လ ၁၈ ရက် တွင် ထားဝယ်မြို့၊ ခုံဝင်အပ်ရပ်ကွက်၌ မွေးဖွားခဲ့သည်။ ထားဝယ်မြို့ နေရှင်နယ် အမျိုးသမီးကျောင်းနှင့် အစိုးရအထက်တန်းကျောင်း တို့တွင် ပညာ သင်ကြားခဲ့သည်။ ၁၉၃၇ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်၌ ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာ ပထမတန်း၊ မဟာဝိဇ္ဇာဘွဲ့ရ တက္ကသိုလ်ဆရာ ဦးသန်းလှနှင့် လက်ထပ်ထိမ်းမြားခဲ့သည်။ ဦးသန်းလှသည် အမေရိကန်ပြည်ထောင်စုဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် အငြိမ်းစားယူသည်အထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါ်လှမြင့်သည်လည်း နိုင်ငံကိုယ်စားပြု သံအမတ်ကြီးဇနီးအဖြစ် နှစ်ရှည်လများ နိုင်ငံရပ်ခြား၌ နေထိုင်ခဲ့ရသူဖြစ်သည်။ သားသမီး လေးဦးထွန်းကားခဲ့ရာ သမီး ဒေါ်သီဂီလှ၊ သား ဦးကျော်လွင်လှ (ကုလသမဂ္ဂ **U.N.D.P.**)ဌာနေကိုယ်စားလှယ်ကြီး–ငြိမ်း။ သား ဦးကျော်ဇင်လှ (ကုလသမဂ္ဂ **U.N.H.C.R.**) ဂျီနီဗာဌာနမှူးကြီး – ငြိမ်း)၊ သား ဦးနေမျိုးလှ (ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့၊**F.A.O**) တို့တွင် တာဝန်ထမ်းဆောင်ဆဲ နှင့် တာဝန်ထမ်းဆောင်သူများဖြစ်ကြသည်။

ဒေါ်လှမြင့်သည် ထားဝယ်အသင်းကို စတင်တည်ထောင်ခဲ့သူ ဦးထွန်းမြိုင်၏ တူမဖြစ်သည်၊ နောင်ခေတ်တွင် ထားဝယ်အသင်းရန်ပုံငွေ မတောင့်တင်းလာစေကာမူ ဤထားဝယ်အသင်း၏ အဆောက်အအုံကို ခုနှစ်ထပ်၊ ရှစ်ထပ်အစရှိသဖြင့် မဆောက်သင့်ကြောင်း၊ အလွန်ဆုံး (၄)ထပ်ထက်ပို၍မြင့်အောင် မဆောက်သင့်ကြောင်း၊ မူရင်းအတိုင်း ထိန်းသိမ်းထားသင့်ကြောင်း အကြံပြုခဲ့သည်။ ထားဝယ်အသင်းတွင် ၁၉၉၇ ခုနှစ် ထားဝယ်အသင်း ကြီးကြပ်ရေးအဖွဲ့ဝင်တစ်ဦး အနေဖြင့်လည်းကောင်း၊ နာယကအဖွဲ့ဝင်တစ်ဦး အနေဖြင့်လည်းကောင်း တက်တက်ကြွကြွ အသင်းစည်ပင်ရေး၊ တည်တံ့ခိုင်မာရေး အတွက် အားကြိုးမာန်တက် တာဝန်ထမ်းဆောင်ခဲ့သည်၊

၂၀၀၁ ခုနှစ်၊ ဩဂုတ် လ ၁၇ ရက်နေ့တွင် ထားဝယ်အသင်း ရန်ပုံငွေပဒေသာပင်အတွက် ကျပ်ငွေ ၅သိန်းတိတိ လှူဒါန်းခဲ့သည်။ ထို့အပြင် မကွယ်လွန်မီအချိန်တွင် ဒေါ်လှမြင့်သည်အသင်း၏ အဆောက်အအုံပြုပြင်ရေး ငွေပဒေသာပင် အတွက် ကျပ်ငွေ သိန်း ၁၀၀ တိတိ ကို လှူဒါန်းသွားခဲ့သည်။ ဒေါ်လှမြင့်သည်ထားဝယ်အသင်း၊ ဂုဏ်ထူးဆောင် နာယကတာဝန် ထမ်းဆောင်နေစဉ်အတွင်း ၂၀၀၇ ခုနှစ်၊ မတ်လ ၁၆ရက် အသက် ၉၂နှစ် အရွယ်တွင် ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ဒေါ်ခင်မြ (နာယက) ၁၉၂၀– ၂၀၀၆



ဒေါ်ခင်မြ ကို တနင်္သာရီတိုင်း ဒေသကြီး၊ ထားဝယ်ခရိုင်၊ လောင်းလုံမြို့နယ်၊သကျက်တောရွာ၌ အဖ–ဦးစစ်လမ်း၊ အမိ – ဒေါ်မြမေ တို့မှ ၁၉၂၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၀ ရက်တွင် တွင် ဖွားမြင်သည်။ မွေးချင်း ၁၁ ယောက်အနက် ပဉ္စမမြောက် ဖြစ်သည်။

ဒေါ်ခင်မြသည်ထားဝယ်မြို့ နေရှင်နယ် အမျိုးသမီးကျောင်းတွင် ဆဋ္ဌမတန်းအောင်မြင်ခဲ့သောအခါ ကျောင်းမှ ထွက်ပြီး ဂျပန်ခေတ်တစ်လျှောက် မိဘမောင်နှမ သားချင်းများနှင့် သကျက်တောရွာ၌ပင် စည်းစည်းလုံးလုံးနေထိုင်ခဲ့သည်။

စစ်ကြီးပြီးဆုံးသောအခါ ထားဝယ်ဈေး တောင်ဘက်လမ်း၌ "ခင်မြကြည် စတိုး" အမည်ဖြင့် လည်းကောင်း၊ ၁၉၅၆ ခုနှစ်တွင် ရန်ကုန်မြို့ ကုန်ဈေးတန်းလမ်း(အောက် လမ်း)၌ "စတားထရေးဒင်းကုမ္ပဏီ" အမည်ဖြင့် လည်းကောင်း၊

အထည်ဆိုင်တစ်ဆိုင်ကိုဖွင့်လှစ်ခဲ့သည်။ ထိုသို့ လုပ်ကိုင်နေရင်း ပင်လုံဒေါ် နုရင်၏ အထည်စက်ရုံမှ ထုတ်လုပ်သည့် ရွှေပြည်တန် မျက်နှာသုတ်ပုဝါများ ဖြန့်ချိရေးကိုယ်စားလှယ်အဖြစ် လည်းကောင်း၊ ဒေါက်တာအုန်းတင်၏ အက်ဆစ်စက်ရုံမှ ထုတ်လုပ်သည့် "သတ်သားဆပ်ပြာမှုန့်"ဖြန့်ချိရေး ကိုယ်စားလှယ်အဖြစ် လည်းကောင်း ဆောင်ရွက်ခဲ့သည်။

၁၉၆၅ခုနှစ်တွင် ပြည်သူပိုင်သိမ်းသောအခါ ဆိုင်တာဝန်ခံ အဖြစ် ခြောက်လခန့် ထမ်းဆောင်ခဲ့ပြီးနောက် တာဝန်မှ နုတ်ထွက်ခဲ့ပါသည်။ အလုပ်မရှိလျှင် မနေတတ်သော ဒေါ်ခင်မြသည် ဗိုလ်ချုပ်အောင်ဆန်းဈေး၌ အထည်ဆိုင် ဖွင့်လှစ်ရင်း ကျောက်မျက်ရတနာ ရောင်းဝယ်ရေးကိုပါ ဆောင်ရွက်ခဲ့သည်။

ဒေါ်ခင်မြသည် ပင်ကိုစိတ်ဓာတ်အားဖြင့် ဘာသာရေးနှင့် လူမှုရေးကိစ္စရပ်များတွင် အလိုဝါသနာ ပါသည်။ ထားဝယ်မြို့၊ လောကမာရဇိန်ဘုရားကြီး၊ ရွှေတောင်စားစေတီတော်၊ ဇေယျဝတီကျောင်းတိုက်နှင့် သီတဂူဆရာတော်ဒေါက်တာအရှင်ဉာဏိဿရ သီတဂူအာရောဂျဒါနဆေးရုံတော်တို့တွင် အလှူဒါန အစုစု သိန်း ၂၀၀၀ ခန့်ကို လည်းကောင်း၊ ရန်ကုန်မြို့၊ ကံ့ကော်မြိုင်ကျောင်းတိုက်၊ ဗဟန်းရွှေကျင်ကျောင်းသစ် နှင့် လှည်းကူးရှိဦးသုဓဿနကျောင်းတိုက်တို့စည်ပင်ဖွံ့ဖြိုးလာရေး အတွက် ဦးဆောင်ဦးရွက်ပြုကာ သိန်း ပေါင်းများစွာ လှူဒါန်းခဲ့သူလည်းဖြစ်သည်။

ထို့အပြင် ဒေါ်ခင်မြသည် ထားဝယ်အသင်းမှ ကြီးမှူး၍ ထားဝယ်ဒေသမှ ဘွဲ့တံဆိပ်တော်ရ သံဃာတော်အရှင်သူမြတ်တို့အား ဂုဏ်ပူဇော်ပွဲသဘင်ကျင်းပရာတွင်လည်းကောင်း၊ အသင်းနှစ်ပတ်လည် အစည်းအဝေး၌ သက်ကြီးများအား ကန်တော့ရာတွင်လည်းကောင်း စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် နှစ်စဉ်မပျက် လှူဒါန်းလေ့ရှိသည်။ အသင်း၏ နာယကတစ်ဦး အဖြစ် ၁၉၉၀ ပြည့်နှစ်ကတည်းက ချီးမြှောက် ခဲ့သည်မှာ အသက် ၈၆နှစ် အရွယ် ကွယ်လွန်သည့်အချိန် ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့အထိ ပင်ဖြစ်ပေသည်။

ဦးကျော်တင့် ၊ နာယက (၁၉၂၈–၂၀၀၉)

ဦးကျော်တင့် သည် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ဇရစ်ရပ်တွင် ၁၉၂၈ ခုနှစ်၊ ဩဂုတ်လ (၁၃) ရက်၌ မွေးဖွားခဲ့သည်။ မိဘနှစ်ပါးမှာ ဦးကြာပန်း နှင့် ဒေါ်အေးချို့တို့ဖြစ်ကြသည်။ ထားဝယ်မြို့ အမှတ် ၁ အစိုးရအထက်တန်းကျောင်းတွင် တက်ရောက်ပညာသင်ကြားခဲ့ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သည်။ ၁၉၅၂ ခုနှစ်၌ ရန်ကုန်တက္ကသိုလ်တွင် ဘီအေ၊ ဘီအယ်လ် ဘွဲ့ရခဲ့သည်။ နောင်တွင် မြန်မာနိုင်ငံအကြီးတန်း ဝန်ထမ်း (ဘီစီအက်စ်) ဘွဲ့ ရရှိခဲ့သည်။

ဦးကျော်တင့် သည် စာပေဗိမာန်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က "သိပ္ပံဝေနှင်း" ကလောင်အမည်ဖြင့် ဘာသာပြန် ဆောင်းပါးများ ရေးသားခဲ့သည်။ "ကျန်းမာပျော်ရွှင်သက်ရာကျော်" စာအုပ်ဖြင့် ဘာသာပြန်ဆုကို ရရှိခဲ့သည်။

၁၉၅၄ ခုနှစ်၌ ဦးကျော်တင့်သည် ထားဝယ်မြို့ ဇရစ်ရပ်မှ ဒေါ်မမောင်ရီနှင့်လက်ထပ်ခဲ့သည်။ သားသမီး ငါးဦးထွန်းကားခဲ့သည်။ ဦးကျော်တင့်တွင် မွေးချင်း အစ်ကို တစ်ဦးသာ ရှိသည်။ အစ်ကိုဖြစ်သူမှာ ဦးမောင်မောင်သိန်း (ရွှေဝယ်သိန်း) ဖြစ်သည်။

ဦးကျော်တင့်သည် မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင်၊ ဝန်ကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ်၊ တရားရုံးချုပ် တရားသူကြီး အဖြစ်ရာထူးအဆင့်ဆင့် တိုးမြှင့်ခဲ့ပြီး ၁၉၉၃ ခုနှစ်၌ အငြိမ်းစားယူခဲ့သည်။ ၁၉၉၇ ခုနှစ်၌ ထားဝယ်အသင်း ကြီးကြပ်ရေးအဖွဲ့၌ နာယကအဖြစ် တာဝန်ယူခဲ့ပြီး ထားဝယ်အသင်း၏ တိုးတက်ရာ တိုးတက်ကြောင်းကို ကိုယ်စွမ်းရှိသမျှ ဆောင်ရွက်ခဲ့သည်။

ဦးကျော်တင့် သည် ထားဝယ်အသင်း နာယကအဖြစ် တာဝန် ထမ်းဆောင်နေစဉ် ၂၀၀၉ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်တွင် အသက် ၈၁ နှစ် အရွယ်၌ ကွယ်လွန် အနိစ္စရောက်ခဲ့သည်။

ပြုစုသူ – စာတည်းအဖွဲ့။

စိမ်းမြစိမ်းနေစေချင်သည့်ကျွန်တော့်မြေ

ကျော်ဦး

ကျွန်တော်မွေးဖွားကြီးပြင်းခဲ့ရာ ထားဝယ်မြို့သည် လှပစိမ်းစိုသော သဘာဝ တောတောင် ရေမြေ ပတ်လည်ဝိုင်းနေသောမြို့ဖြစ်သည်။ ကျွန်တော်သည် ငယ်စဉ်ကပင် ခြေလျင် တောင်တက် အသင်းတွင်ပါဝင်၍ ထားဝယ် ပတ်ဝန်းကျင်ရှိ ကျေးလက်များ၊ တောတောင်များသို့ခြေကျင်ခရီး တောင်တက်ခရီးများ ထွက်ရသဖြင့် သဘာဝ ရေမြေ တောတောင်များကို နှစ်သက် မြတ်နိုးတတ်ခဲ့သည်။ ထားဝယ်ဒေသသည် မြန်မာနိုင်ငံတွင် မိုးအများဆုံးရွာသောဒေသများထဲ၌ ပါသည့်အတိုင်း စိမ်းစိုအေးချမ်းသော ရာသီဥတုနှင့် ရင်းနှီးကျွမ်းဝင်ခဲ့သည်။

ဤပတ်ဝန်းကျင်တွင် မွေးလျှော်၍ ကြီးပြင်းလာသူတစ်ယောက်အဖို့ သဘာဝပတ်ဝန်းကျင် ပျက်ယွင်းလာနေသည်၊ကမ္ဘာကြီး ပူသထက်ပူလာနေသည်ဆိုသော သတင်းများကို လေ့လာသိရှိရသောအခါ များစွာတုန်လှုပ်မိပါသည်ဟုဆိုလျှင် လွန်အံ့မထင်ပါ။ မိမိ မြတ်နိုးသော သဘာဝပတ်ဝန်းကျင် ဘာ့ကြောင့် ပျက်ယွင်းလာနေသလဲ၊ နှစ်လိုဖွယ်ကောင်းသော ရာသီဥတု ဘာ့ကြောင့် ပိုပူလာနေသလဲ စသည် တို့ကို စိတ်ဝင်စားစွာ လေ့လာဖြစ်သည်။

အချို့နေရာများတွင် မိုးရွာသွန်းသည့် ပမာဏနှင့် နေ့ရက်များတိုးလာနေပြီး အချို့ဒေသများတွင်မူ မိုးခေါင်သည့်ကာလ ရှည်လျားလာနေသည်။ ကမ္ဘာ၏ 'ခေါင်ဖျား'ဟု ဆိုသော အာတိတ်ဒေသ၊ ကမ္ဘာ၏ 'အောက်ခြေ'ဖြစ်သော အန္တာတိကဒေသ၊ ဟိမဝန္တာတောင်ထိပ်များ စသည်တို့၌ ရေခဲပြင်များတတိတိအရည်ပျော်လာနေသည်။ ပင်လယ်ရေပြင်တအိအိမြင့်လာနေသည်၊ သီးနှံအချို့၏ မှည့်ဝင်းချိန် ရိတ်သိမ်း ခူးဆွတ်ချိန်များ တရွေ့ရွေ့ ပြောင်းလာနေသည်။ အပူပိုင်းဒေသတွင်သာ ရှင်သန်နိုင်ခဲ့သည့် ရောဂါပိုးသယ် သတ္တဝါအချို့ သမပိုင်းသို့တိုင် တစ်စတစ်စ နယ်ချဲ့ရောက်ရှိ၍ ရောဂါဘယ ဖြစ်ပွားမှု နယ်ပယ်နှင့် အရေအတွက် တိုးပွား လာနေသည်၊ ရာသီပြောင်းမှုကို မခံနိုင်၍ မျိုးသုဉ်းသွားသော သက်ရှိမျိုးစိတ် အရေအတွက် တဖြည်းဖြည်း များပြားလာနေသည်။ ရေအောက် သန္တာကျောက်တန်းများ တဖြုတ်ဖြုတ် ပျက်စီးလာနေသည်။ ယင်းတို့မှာ ရာသီဥတု ပြောင်းလဲမှု၏ လက္ခဏာများ ဖြစ်ကြသည်၊

ရာသီဥတုပြောင်းလဲခြင်း၏အကြောင်းမှာ ကမ္ဘာကြီးပူနွေးလာခြင်းကြောင့် ဖြစ်သည်။ ကမ္ဘာကြီးပူနွေးလာခြင်း၏ အကြောင်းကိုဆက်၍ လေ့လာလျှင် လူတို့က ရုပ်ကြွင်းလောင်စာများကို လောင်မြှိုက်ခြင်းဖြင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို လေထုတွင်း သွတ်သွင်း ကြခြင်းဟုသော ဖြစ်စဉ်ကိုတွေ့ရမည်။

လူတို့သည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀ ခန့်မှ စ၍ စက်တီရိယာများကို တီထွင်အသုံးချခြင်းဖြင့် မိမိတို့၏ လူနေမှုဘဝကို အရှိန်အဟုန်နှင့် မြှင့်တင်ခဲ့ကြသည်။ ယင်း စက်တီရိယာများ လည်ပတ်မောင်းနှင်ရန် လိုအပ်သော စွမ်းအင်အတွက် ရုပ်ကြွင်းလောင်စာများ ဖြစ်ကြသော ကျောက် မီးသွေး၊ ရေနံ၊ သဘာဝဓာတ်ငွေ့တို့ကို အသုံးပြု လောင်မြိုက်ကြသည်။ ထိုသို့ လောင်မြိုက်ရာမှ ဘေးထွက် ပစ္စည်းအဖြစ် ကာဗွန်ဒိုင်အောက်ဆိုဒ် ထွက်ပေါ်လာကာ လေထုတွင်း ရောက်ရှိသည်။

ကာဗွန်ဒိုင်အောက်ဆိုဒ်သည် မူလကပင် လေထု တွင်းရှိနှင့်နေပြီးသော ဓာတ်ဖြစ်ကာ ကမ္ဘာကို အလေးတော် အပူချိန်၌ နွေးထွေး စေခြင်းဖြင့် အကျိုးပြုနေသည်။ သို့သော် လူတို့၏ ပယောဂကြောင့် ယင်းဓာတ်များ လေထုတွင်း ထပ် ဝင်လာသောအခါ ရှိသင့်သည့် ပမာဏထက် ပိုလာသဖြင့် ကမ္ဘာ့အပူချိန် တက်လာရသည်။

လက်ရှိလူသားတို့က ယခုချက်ချင်း ရုပ်ကြွင်း လောင်စာအသုံး လုံးဝရပ်ဆိုင်းကာ မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်မှုကို ရပ်တန့်လိုက်ကြသည့်တိုင်အောင် လေထုတွင်း ရောက်နှင့်ပြီးဖြစ်သည့် ဓာတ်ငွေ့များ၏သတ္တိကြောင့် ရာသီဥတု ဆက်လက် ပြောင်းလဲနေဦးမည်။ ရုပ်ကြွင်း လောင်စာအသုံး လျှော့ကြလျှင်တော့ လျှော့သည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှု ပမာဏ လျော့မည်။ ရုပ်ကြွင်း လောင်စာအသုံး မလျှော့နိုင် ကြလျှင်တော့ ယနေ့ လူသား များနှင့် အနာဂတ်မျိုးဆက်တို့ခံကြရမည့် အကျိုးဆက်မှာ မတွေးဝံ့လောက်အောင် ဖြစ်သည်။

ယင်းအန္တရာယ်များဆိုးသထက် ဆိုးမလာစေရန် မှန်လုံအိမ်ဓာတ်ငွေ့ထွက်မှု၏ အဓိကအကြောင်းဖြစ်သော ရုပ်ကြွင်းလောင်စာများ နေရာတွင် မှန်လုံအိမ်ဓာတ်ငွေ့ မထွက်သည့် သို့မဟုတ် အထွက်နည်းသည့် အခြားစွမ်းအင် ဇာစ်မြစ်များကို သုံးစွဲနိုင်ရန် သုတေသနပြု ဖော် ထုတ်ခြင်း၊ ရုပ်ကြွင်းလောင်စာများကို မလွှဲသာ၍ သုံးစွဲနေရသေးခိုက် ယင်းတို့ကို တတ်နိုင်သမျှ စွမ်းအားပြည့် အသုံးချရန် နည်းလမ်းများရှာဖွေခြင်း စသည်တို့မှ မှန်လုံအိမ်ဓာတ်ငွေ့ များကို လေထုတွင်းမရောက်အောင် တားဆီး ဖမ်းယူ သိုလှောင်ရန်ကြိုးစားနေရခြင်း စသည်တို့အထိ ထိုးထွင်းကြံဆ နေကြရသည်။

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို ရင်ဆိုင်တန်ပြန်ရာ၌ ရုပ်ကြွင်းလောင်စာတို့ နေရာတွင် အစားထိုးနိုင်မည့် ပြန်ပြည့်မြဲစွမ်းအင်တို့ကို စီးပွားရေးအရ တွက်ခြေကိုက်စွာ အသုံးချရန် လိုအပ်နေသည်။ ပြန်ပြည့်မြဲစွမ်းအင် ဆိုသည်မှာ သုံးစွဲ၍ ကုန်ခမ်းသွားခြင်း မရှိဘဲ အမြဲပြန် လည်ပြည့်တင်း နေမည့် နေရောင်စွမ်းအင်၊ လေစွမ်းအင်၊ ဒီရေစွမ်းအင်၊ ဘူမိအပူစွမ်းအင် စသည့် စွမ်းအင်ဇာစ်မြစ်များကို ခေါ်သည်။

နေရောင်စွမ်းအင် အသုံးပြုရန် စိတ်ဝင်စားမှုသည် လွန်ခဲ့သည့်နှစ်ပေါင်း ၄၀ ခန့်က ကမ္ဘာ့ပေါ်တွင် ရေနံဈေးနှုန်း ခုန်တက်ခဲ့ချိန်မှ စတင်သည်။ သို့သော် နောက်ပိုင်း ရေနံဈေး တည်ငြိမ်သွားသောအခါ စိတ်ဝင်စားမှု လျော့သွားသည်။ ယခု ရာသီဥတုပြောင်းလဲမှု ပြဿနာ ကြီးထွားလာသောအခါ နေရောင်စွမ်းအင်၏ ကဏ္ဍသည် အရေးပါလာပြန်သည်။

နေရောင်စွမ်းအင်အသုံးပြုမှုသည် နေရောင် ကောင်းစွာရရန် လိုအပ်ခြင်း၊ နေရောင်ခံပြား အများအပြား ကို သုံးရသဖြင့် နေရာကျယ်ကျယ် လိုအပ်ခြင်းတို့သည် နေရောင်စွမ်းအင် သုံးစွဲမှု မတွင်ကျယ်သေးသည့် အကြောင်း များ ဖြစ်သည်။ ထို့ပြင် လက်ရှိအခြေအနေတွင် ဆိုလာဆဲလ် ခေါ် နေရောင်ခံပြားများ၏စရိတ် ကြီးနေ၍ နေရောင်မှ လျှပ်စစ်ထုတ်ယူခြင်းသည် ကျောက်မီးသွေးစက်ရုံမှ ထုတ်ပေး သော လျှပ်စစ်ဓာတ်အားထက် ဆယ်ဆခန့် ဈေးပိုကြီးနေ သည်။ သို့သော် နည်းပညာ တိုးတက်လာသည်နှင့်အမျှ ဆိုလာဆဲလ်များ၏ ဈေးတဖြည်းဖြည်း ကျဆင်းလာနေသဖြင့် နေရောင်စွမ်းအင်ကို တစ်နေ့တခြား ပိုမိုသုံးစွဲလာနေကြ သည်။

အခြားပြန်ပြည့်မြဲစွမ်းအင်တစ်မျိုးမှာ လေစွမ်းအင် ဖြစ်သည်။ လေတိုက်ခတ်မှုအားဖြင့် ဒလက်များကို လည်ပတ် စေပြီး ဒလက်လည် ပတ်မှုဖြင့် တာဘိုင်စက်များကို မောင်းနှင် ၍ လျှပ်စစ်ဓာတ် ထုတ်ယူသည်။ ဥရောပနိုင်ငံများသည် ၂၀၁၀ ပြည့်နှစ်တွင် မိမိတို့ လိုအပ်သည့် စွမ်းအင်ပမာဏ စုစုပေါင်း၏ ၁၀ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းမျှကို လေ စွမ်းအင်မှ ထုတ်ယူခဲ့သည်ဟု ခန့်မှန်းရသည်။

ပညာရှင်တို့က ရုပ်ကြွင်းလောင်စာများနေရာတွင် ပြန်ပြည့်မြဲစွမ်းအင်တို့ဖြင့် အစားထိုးသုံးစွဲရန် ကြိုးပမ်းနေခိုက် ယနေ့ကမ္ဘာတွင် ရှင်သန်လှုပ်ရှားနေကြသော လူသားတိုင်း သည် မိမိတို့၏ “ကာဗွန်ခြေရာများ”ကို ငယ်နိုင်သမျှ ငယ်အောင် လုပ်ကြရန်လိုအပ်သည်။

ကာဗွန်ခြေရာကို အဓိပ္ပာယ်ဖွင့်ရလျှင် လူတို့၏ လုပ်ဆောင်ချက်များကြောင့် ကမ္ဘာ့ ရာသီဥတုကိုမည်မျှ ထိခိုက်ပြောင်းလဲမှု ရှိသည်ကို ယင်းလုပ်ဆောင်ချက်များမှ

ထွက်သည့်မှန်လုံအိမ်ဓာတ်ငွေ့ ပမာဏဖြင့် တိုင်းတာဖော်ပြသော ကိန်းဂဏန်း ဖြစ်သည်။ "ကာဗွန်ခြေရာ" ဝေါဟာရသည် ယခင်က ပညာရှင်တို့သာ သုံးစွဲနေခဲ့ကြရာမှ နှစ်အနည်းငယ်အတွင်း လူသိများလာကာ ယခုအခါ အောက်စဖို့အဘိဓာန်တွင် ပါထည့်သွင်း ဖော်ပြရသည်အထိ တွင်ကျယ်လာခဲ့သည်။

လူတို့ လျှပ်စစ်ဓာတ်အားသုံးစွဲသည့်အခါ ယင်းဓာတ်အားကို ထုတ်လုပ်ရန် ရေနံ၊သဘာဝဓာတ်ငွေ့စသည့် ရုပ်ကြွင်းလောင်စာများ ကို လောင်မြှိုက် သုံးစွဲရသည့်အတွက် ယင်းတို့မှ ကာဗွန်ဒိုင်အောက်ဆိုဒ် ထွက်လာသဖြင့် ကာဗွန်ခြေရာ ထင်ကျန်ရစ်သည်။ ထို့အတူ ကား ရထား လေယာဉ်စသည့် ယာဉ်များကိုစီးလျှင် ယင်းတို့ သွားလာပျံသန်းရန် လောင်စာသုံးရသဖြင့် ကာဗွန်ခြေရာများ ကျန်ရစ်သည်။ ရုပ်ကြွင်းလောင်စာများ သုံးစွဲထုတ်လုပ်ရသည့် အစားအသောက် အသုံးအဆောင်များကို သုံးစွဲလျှင်လည်း ကာဗွန်ခြေရာများ ကျန်ရစ်သည်။ ခေတ်သစ်ကမ္ဘာတွင် အစားအသောက် အများအပြား အပါအဝင် လူ့အသုံးအဆောင်ပစ္စည်းအများစုသည် ရုပ်ကြွင်းလောင်စာများ သုံးစွဲထုတ်လုပ်ရမှုနှင့် မကင်းသဖြင့် လူတို့နေ့စဉ် စားသောက်နေထိုင် လုပ်ကိုင်မှုများကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ လေထုထဲ ရောက်သည်။ "ကာဗွန်ခြေရာများ" တနည်းနည်းဖြင့် ထင်ကျန်ရစ်သည်။

လူတို့၏ နေထိုင်လုပ်ကိုင်စားသောက်သွားလာမှုမှ ကာဗွန်ခြေရာများ ထင်ကျန်မနေအောင် လက်တွေ့တွင် မဖြစ်နိုင်ချေ။ ကမ္ဘာ့ ရာသီဥတုပြောင်းလဲမှုကို ဆိုးဆိုးဝါးဝါး အခြေအနေသို့ မရောက်အောင် ဝိုင်းဝန်း ကူညီလုပ်ဆောင်နိုင်သည့်နည်းမှာ တစ်ဦးစီ၏ ကာဗွန်ခြေရာ မကြီးစေဖို့ ဂရုစိုက်ကြရန်ဖြစ်သည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု၊ သွားရေးလာရေးတွင် ယာဉ်အမျိုးမျိုး သုံးစွဲမှု၊ အစားအသောက် အနေအထိုင်စသည်တို့ကို စာရင်းပြုစု ၍ နိုင်ငံအချို့ရှိ လူတစ်ဦးချင်း၏ ကာဗွန်ခြေရာကို တိုင်းတာတွက်ချက်ခဲ့ရာ အမေရိကန်တွင် ၂၀ တန်၊ ဩစတေးလျတွင် ၁၆ တန်၊ ယူနိုက်တက်ကင်းဒမ်းတွင် ၁၆ တန်၊ ဂျပန်တွင် ၁၀ တန် စသဖြင့် အသီးသီးရှိကြရာ ယင်းနိုင်ငံသားတို့၏ ကာဗွန်ခြေရာသည် ကမ္ဘာ့ပျမ်းမျှ ၄ ဒသမ ၆ တန်ထက် မြင့်မားလျက်ရှိသည်။ ကမ္ဘာ့ရာသီဥတုကို အလောတော် အခြေအနေ၌ ရေရှည် ထိန်းသိမ်း ထားလိုပါက လူတစ်ဦးစီ၏ ပျမ်းမျှ ကာဗွန်ခြေရာကို ၂ တန်သို့ လျှော့ချရန် လိုအပ်သည်ဟု အချို့ ပညာရှင်များက ဆိုသည်။

ထို့ကြောင့် ယခုအချိန်ကပင် ပူနွေးလာလျက်ရှိသည့် ကမ္ဘာတွင် အပူကပ်ဘေးဆိုးကြီးဆိုက်သည့်အဆင့် မရောက်စေရန် စက်မှုလုပ်ငန်းများမှ ထွက်သည့် ကာဗွန်ဒိုင်အောက်ဆိုဒ်များကိုသာမက လူတစ်ဦးချင်း၏ ကာဗွန်ခြေရာများကိုလည်း လျှော့ချရန် ကြိုးပမ်းမှုများ တစ်ကမ္ဘာလုံးတွင် စတင်လျက်ရှိသည်။

မိမိတို့၏ ကာဗွန်ခြေရာကို ငယ်နိုင်သမျှ ငယ်စေရန် လုပ်ဆောင်ချက်များတွင် လူတိုင်း လူတိုင်း အိမ်တွင်း စွမ်းအင်သုံးစွဲမှု လျှော့ချခြင်းကာရေမှ အစ ခရီးသွားလာရေးအလယ် ကာဗွန်အထွက်နည်းသော ပစ္စည်းများကို သုံးစွဲရေးအထိ ဆောင်ရန် ရှောင်ရန်များ ကျယ်ပြန့်စွာ ပါဝင်သည်။ ကုန်ကုန်ပြောရလျှင် ယခုခေတ်တွင် ကလေးတစ်ယောက်ကို မွေးဖွားရာမှအစ ကြီးပြင်းလာအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းအလယ် သေဆုံး၍မီးရှို့သင်္ဂြိုဟ်ရာအထိ ရုပ်ကြွင်းလောင်စာကို သုံးရရာ ကာဗွန်ခြေရာ ငယ်အောင်လုပ်ရေးကိစ္စသည် ပုခက်တွင်းမှ သချိုင်းအထိ ပါဝင်ပတ်သက်နေသော ကိစ္စဖြစ်သည်။

ကာဗွန်ခြေရာသည် နေရာတကာတွင် ဆက်စပ်ပါဝင်နေသဖြင့် ယင်းကို သေးငယ်စေနိုင်သည့် အခွင့်အလမ်းများသည်လည်း ခေတ်သစ်လူ့နေမှုစနစ်တွင် လက်ညှိုးထိုးမလွဲအောင် ရှိနေရာ လက်လှမ်းမီသလောက် စဉ်းစားလုပ်ဆောင်ခြင်းဖြင့် ကမ္ဘာကြီးကို တစ်ဖက် တစ်လမ်းမှ ကူညီနိုင်ကြသည်။

ဝိုင်းဝန်းကူညီ လုပ်ဆောင်ကယ်တင်ကြပါမှ လူတိုင်း၏ ကာဗွန်ခြေရာများသည် အသီးသီး သေးငယ်ကျုံ့ဝင်လာကာ ပျက်စီးစပြုနေသော သဘာဝပတ်ဝန်းကျင်သည်လည်း ပြန်လည်နာလန်ထူလာမည်။ ထိုအခါ ပင်ကိုယ်က စိမ်းစို အေးချမ်းသော ကျွန်တော်တို့၏ဇာတိ ထားဝယ် အပါအဝင် ကမ္ဘာ့ဒေသအသီးသီးကို ပူလောင် ခြောက်သွေ့ပျက်စီးမည့် ဘေးမှ ကယ်တင်နိုင်ကြမည်။

ကျော်ဦး

× × × × × ×

အလံတော်ကျော်စွာ ပန်းချီဦးငွေကိုင်၏ဂန္ထဝင်ပုံရိပ်များ

မင်းတင်အောင်

ကျွန်တော်သည် အခါအားလျော်စွာ တစ်လ တစ်ကြိမ်ဖြစ်စေ၊ ပန်းချီပြပွဲဖွင့်သည့်အချိန်ဖြစ်စေ၊ ဗိုလ်ချုပ်ဈေး အရှေ့ဘက်တန်းရှိ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များ အစည်းအရုံး(ဗဟို)ပန်းချီပြခန်းသို့ ရောက်ရှိလေ့ရှိပါသည်။ ပြခန်းအောက်ထပ်မှာ ပြသသောပန်းချီပြပွဲ ကြည့်ရှု ပြီးသည့်အခါ ပြခန်းအပေါ်ထပ်သို့တက်ပြီးရုံးအဖွဲ့မှူးဦးတင်ဝင်းနှင့် စာရေးကြီးဦးမြသောင်း(ဂျက်မြသောင်း)တို့နှင့် တွေ့ရာလေးပါး စကားစမြည်ပြောနေကျ ဖြစ်ပါသည်။ အပေါ်ထပ် ဝင်ဝင်ချင်းညာဘက်နံရံပေါ်မှ မိန်းမချောလေး(လှလှဝေ)က တည်ငြိမ်အေးချမ်းသောအပြုံးနှင့် ကြိုလင့်လျက်ရှိပါသည်။ သည်နေရာရောက်တိုင်းလှလှဝေကို ကြည့်ဖြစ်သည်။ လှလှဝေကားခေသူမဟုတ်၊ ကွယ်လွန်သူ အလက်ာကျော်စွာ ပန်းချီဆရာကြီး ဦးငွေကိုင်၏ ရင်နှစ်သည်းခြာအနုပညာသမီး ရတနာလေးဖြစ်ပါသည်။ ယခုခေတ်လို ခေတ်မီဆန်းပြား ဝတ်စားဆင်ယင်မှုများနှင့် ပြည့်လျှမ်းနေသောကာလမှာ လှလှဝေရဲ့ရိုးရိုးဝတ်စားဆင်ယင်မှုက တစ်ဘာသာဖြစ်နေပေသည်။ မြန်မာဆန်သောမျက်နှာပေါက်၊ ကာလာမိတ်ကပ် မခြယ်ပင်ကိုယ်ရောင်၊ ဆံပင်ကဘေးခွဲအမောက်နဲ့ သည်ခေတ်မှာမြင်တွေ့ဖို့ရှားသွားပြီဖြစ်တဲ့ကျစ်ဆံမီး၊ ထိုင်လျက်အနေအထားမှာ ခါးစောင်းအထိနှစ်ဘက်ခွချထားသည်။ အကျီလက် ရှည် အဖြူ လုံ ချည်ကစိမ်းပြာရင့် ရောင်၊ လက်တစ်ဖက်ကအနီခေါင်းထားတဲ့ ခုံတစ်ခုပေါ်မှာ ထောက်ထားပြီး လက်ကိုင်ပဝါကိုင်ထားသော လက်တစ်ဘက်နှင့် လက်ချင်းချိတ်ထားသည်။ လှလှဝေရဲ့(၄)ပိုင်း(၃)ပိုင်း စောင်းမျက်နှာပေါ်မှာ အလင်းရောင်ကခပ်မှုန်မှုန်စုတ်ချက် ရိုက်ထားသည်။ လှလှဝေပုံတူကားတစ်ခုလုံး အရောင်အသွေးရေးချက်ပြေပြစ်သည်။ ဆရာကြီး ဦးငွေကိုင်ရေးသမျှကျွန်တော်တွေ့ဖူးသောပုံတူများထဲတွင် ဂန္ထဝင်မြောက်ဆီဆေးပုံတူလက်ရာလို့သတ်မှတ်ချင်ပါတယ်။ ဆရာကြီး ဦးငွေကိုင်၏ လှလှဝေပုံတူပန်းချီရေးသည့်အကြောင်းကို ၁၀၊၂၈၄နေ့ထုတ် ကြေးမုံသတင်းစာမှာ ပုံနှင့်တကွ ဖော်ပြထားတာက

ပန်းချီအကြောင်းလက်တွေ့ပြ

နိုဝင်ဘာ(၂၉)ရက်ကပယိုင်ပြအထက်တန်းကျောင်း၌မြန်မာနိုင်ငံပန်းချီပန်းပုတောင်စီမှုကြီးမှူး၍လက်တွေ့ပညာပေးဟောပြောရေးနှင့် လေ့ကျင့်ရေးမျာစပြုလုပ်ရာ၊ ပန်းချီ

ဦးငွေကိုင်က၊ တာမွေကျောင်းသူလှလှဝေကို လက်တွေ့ရေးဆွဲ၍၊ ပန်းချီပန်းပုကောင်စီဥက္ကဋ္ဌဦးစံဝင်းကရှင်းပြနေစဉ်။

နောက်ပုံတူတစ်ပုံက (၁၇)ကြိမ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး(မန္တလေး)(၁၉၆၄)မှာကျင်းပစဉ်နောက်ခံစဉ်မြင့်ပန်းချီကား ပေ(၈၀x၁၈)-ဦးဘကြည် (ကထိက)ဆရာအတတ်သင်တက္ကသိုလ်(ရန်ကုန်)နှင့်ဦးငွေကိုင်တို့ပြည်ထောင်စုနေ့ သရုပ်ဖော်ပန်းချီကားများရေးဆွဲစဉ်က တနင်္ဂနွေနေ့တွင် ဒုဗိုလ်မှူးကြီးခင်ဘုန်း(ရာမညကိုကိုနိုင်) ပြည်ထောင်စုနေ့ကျင်းပရေးကော်မတီဥက္ကဋ္ဌ အဖွဲ့ဝင်ဦးဥက္ကါ၊ ဥက္ကဋ္ဌရတိုင်းရဲမင်းကြီး၊ ဗိုလ်ကြီးအောင်ညွန့်(ယဉ်ကျေးမှုဝန်ကြီးဌာန) ဦးခင်လှိုင်(ကထိက)ဆရာအတတ်သင်သိပ္ပံ (မန္တလေး)နှင့် ပန်းချီပညာအုပ်များနှင့်လုပ်အားပေး ပန်းချီ ပန်းပုကျောင်းသားး(မန္တလေး)စုပေါင်း၍ ဆရာအတတ်သင်သိပ္ပံမန္တလေးမှဆရာမလေးတစ်ဦးကို မန္တလေးနန်းတွင်းဆောက်လုပ်ရေး တပ်ဆွယ်အင်ဂျင်နီယာတပ်၊ ဧည့်ရိပ်သာတွင်ပုံတူရေးဆွဲစဉ်က ဆရာကြီးဦးငွေကိုင်ရေးဆွဲသော ပုံတူပန်းချီကားဖြစ်ပါသည်။ ဆရာမလေးကို မြန်မာဆန်ဆန်ဆံထုံး၊ ခါးတောင်းအကျီ၊ စုံချပဝါ၊ ကျောက်စိမ်းထမီနှင့် ရွှေမြန်မာမင်းသမီးလေးသဏ္ဍာန် ဝတ်စားဆင်ယင်ထားပါသည်။ ပုံတူ ရေးဆွဲရန်စီစဉ်ပေးသည့်ဆရာမှာ ကျွန်တော်တို့ဆရာ ဦးခင်လှိုင်ပင်ဖြစ်ပါသည်။ ယင်းပုံတူပန်းချီကားလေးကို ဦးငွေကိုင်ကဗိုလ်ကြီးအောင်ညွန့်ကို လက်ဆောင်ပေးခဲ့ပါသည်။ ၁၉၄၆ခုဇန်နဝါရီလ တတိယပတ်လောက်က ရေးဆွဲခြင်းဖြစ်ပါသည်။

ဆရာကြီးဦးငွေကိုင်သည် ကျွန်တော်တို့နှင့် ဆုံတွေ့ရသည့်အချိန်မှာ သက်သတ်လွတ်ထမင်းစားသည်။ လက်ဖက်ရည်ကျကျ မှုံနှင့် စားသည်။ ဆေးတန်ကို ပန်းချီ ရေးရင်း ပါးစပ်ကမချွတ်ပေ။ ဟိတ်ဟန်မရှိ ရိုးရိုးရှင်းရှင်း ပြောသည်။ မင်းတို့ပန်းချီပညာသိချင်ရင် ဆရာ ဘကြည်ကိုမေး၊ ရေးတာကြည့်ချင်ရင် ငါ့ဆီလာကြည့်ဟုပြောဖူးသည်။ ညဖက်သမထထိုင်သည်။ မင်းတို့လည်းပုတီးစိပ်ရင် မမြင်ရတဲ့ အရောင်တွေမြင်ရမယ်ဟု ပြောဖူးပါသည်။ ဆရာကြီး ဦးငွေကိုင်သည် အဖဦးအိုင်ဂုံ၊အမိဒေါ်စုမတို့မှ ၁၉၀၂ခုနှစ်တွင် မြိတ်မြို့၊ စနေဝတ်ရွာ၌ မွေးဖွားပြီး ထားဝယ်မြို့တွင် ကြီးပြင်းခဲ့သည်။ဒေါ်ညိမ်းခင်နှင့်အိမ်ထောင်ပြုပြီးထားဝယ်မြို့ သဘော်ဆိပ်ရပ်တွင်နေထိုင်ခဲ့သည်။၁၉၂၀ခုနှစ်တွင် ရန်ကုန်မြို့သို့ရောက်ရှိလာပြီး မြန်မာအဆွေရုပ်ရှင် ကုမ္ပဏီ တွင် စတင်ဝင်ရောက် လုပ်ကိုင်သည်။ အမေရိကန်ဝါရှင်တန် သုခုမအနုပညာ ကျောင်းတွင် စာပေးစာယူသင်တန်းတက် သည်။ ဘိလပ်ပြန်ဆရာကြီး ဦးဘဉာဏ်ထံတွင် (၃)နှစ် ပညာသင်ယူပြီး ရုပ်ရှင်ပိုစတာနှင့် မဂ္ဂဇင်း ဝတ္ထု မျက်နှာဖုံး ပုံများရေးဆွဲခဲ့သည်။ (၁၉၄၂)ဂျပန်ခေတ်တွင်ဗမာ့ ကာကွယ်ရေးတပ်မတော် စစ်ပန်းချီဌာနတွင် ဗိုလ်မှူး အဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ (၁၉၅၂)တွင် နိုင်ငံတော်အစိုးရကအင်္ဂလန်သို့စေလွှတ်ပြီးဗိတိုရိယပြတိုက်ရှိ ရှေးမြန်မာမင်းအသုံးအဆောင် ဝတ်စားဆင်ယင်မှု၊ ရှေး ပုရပိုက်များ၊ ပေများကို ရေးဆွဲကူးယူရပါသည်။ အင်္ဂလန်သို့ တာဝန်အရသွားရောက်ရင်း ဥရောပနိုင်ငံအချို့ကို လှည့်လည်ကြည့်ရှု လေ့လာခဲ့ပါသည်။ ၁၉၅၃ခုနှစ်

မြန်မာနိုင်ငံသို့ပြန်လည်ရောက်ရှိသည့်အခါ အလင်္ကာကျော်စွာဘွဲ့ကို ချီးမြှင့်ခံရပါသည်။ ဆရာကြီးနှင့်အတူ အလင်္ကာကျော်စွာဘွဲ့ရသူဆရာကြီးက မန္တလေးမှ ဆရာကြီး ဦးစောမောင်ဖြစ်ပါသည်။ ဆရာဦးစံဝင်းက ဝဏ္ဏကျော်ထင်ဘွဲ့ချီးမြှင့်ခြင်း ခံရပါသည်။ ဆရာကြီးဦးငွေကိုင်၏ သမိုင်းဝင်ပန်းချီကားများဖြစ်သော **လွတ်လပ်ရေးနေ့အလံတင်ကား၊ နေ-အက်တလီစာချုပ်ရေးထိုးနေပုံကားနှင့် ရွှေတောင်တိုက်ပွဲပန်းချီကားများသည်** လက်ရာမြောက်သမိုင်းဝင်ပန်းချီကားကြီးများဖြစ်ပါသည်။ ၁၉၆၅ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက် (၁၈)ကြိမ်မြောက်ပြည်ထောင်စုနေ့ကျင်းပရာ ဘားအံမြို့ ဖွဲ့ကာပင်စင်မြင့်တွင် နောက်ခံပိုစတာကားကြီး အလျားပေ(၆၀)အနံ(၁၆)ကားကြီးကို ဦးငွေကိုင်က ရေးဆွဲသရုပ်ဖော်ပြရပါသည်။ အကြောင်းအရာမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများကို အခြေခံ၍ စက်ရုံ၊ အလုပ်ရုံ မီးရထား၊ မီးသင်္ဘောများ တိုးတက်ထွန်းကားလာပုံနှင့် တိုင်းရင်းသားများ လူမျိုးများစည်းလုံးညီညွတ်စွာ ပျော်ရွှင်စွာ နေထိုင်ကြပုံများကို သရုပ်ဖော် ရေးဆွဲခဲ့ပါသည်။ ဆရာကြီးဦးငွေကိုင်သည် ပန်းချီပညာမြင့်မဲ၊ မင်၊ ရေဆေး အထူးအပါ၊ ဆီဆေးကားများကို များစွာရေးဆွဲလေ့ကျင့်ခဲ့သည်။

ဆရာပေါင်းစုံထံမှ ပန်းချီနည်းပညာများကို ရယူနိုင်ခဲ့သည်။ ထို့ကြောင့်မြန်မာ့ပန်းချီလောကတွင် တစ်ခေတ်မှာတစ်ယောက်ထွန်းပေါက်ခဲ့သော ပန်းချီကျော်ကြီး တစ်ဦးဖြစ်ပါသည်။ ဤသည်မှာ ကွန်တော်လေ့လာသိရှိရသလောက် အလင်္ကာကျော်စွာ ပန်းချီဆရာကြီး ဦးငွေကိုင်၏ ဂုဏ်ဝင်ပုံရိပ်များသာဖြစ်ပါကြောင်း ခင်ဗျား။ ။

မင်းတင်အောင်

× × × × × ×



ထားဝယ်အသင်းစတင်တည်ထောင်သည့်မှ နှစ် ၁၀၀ပြည့်သည်အထိ စေတနာ့ဝန်ထမ်းဆောင်ခဲ့ကြသည့် နာယကကြီးများနှင့် အလုပ်အမှုဆောင်များ

ပြုစုသူ-- မောင်စိုးနိုင်(ထားဝယ်အသင်း)

ထားဝယ်အသင်း စတင်တည်ထောင်သည့် ၁၉၁၁ခုနှစ် မှ ၂၀၁၁ခုနှစ်အထိ နှစ် ၁၀၀ပြည့် အတွင်း ထားဝယ်အသင်းတွင် စေတနာအပြည့်အဝဖြင့် စိတ်အားထက်သန်စွာ လုပ္ပတာဝန်ထမ်းဆောင်ခဲ့ကြသော နာယကကြီးများနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ စာရင်းကို ခုနှစ်သက္ကရာဇ်နှင့်တကွ လက်လှမ်းမီသမျှပြုစုလျက် **ထားဝယ်အသင်း နှစ်၁၀၀ပြည့်အထိမ်းအမှတ်** အဖြစ်ဂုဏ်ပြုဖော်ပြလိုက်ရပါသည်။

ထားဝယ်အသင်းဂုဏ်ထူးဆောင်နာယကကြီးများ

၁။ ဗိုလ်မှူးချုပ်တင်အေး
စာရင်းစစ်ချုပ်(ငြိမ်း)
၂။ ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း
ကာကွယ်ရေး ဦးစီးချုပ်ရုံး(ငြိမ်း)
၃။ ဗိုလ်မှူးကြီးစောရွှေ
ဒုတိယတပ်မမှူး(ငြိမ်း)
၄။ ဗိုလ်ချုပ်မြင့်အောင်
တိုင်းမှူး(ရတခ)(ငြိမ်း)
၅။ ဒေါ်ခင်သိန်း(သီရိသုမင်္ဂလာသိဂီ)
၆။ ဦးမောင်ကြိုင်(ရေလုပ်ငန်း)
၇။ ဗိုလ်မှူးစိုးမြင့်
စစ်ဦးစီး(ဒုတိယတန်း)ရကတ(ငြိမ်း)
၈။ ဦးစစ်စွမ်(ရေလုပ်ငန်း)
၉။ ဦးလှရှိန်(ရေလုပ်ငန်း)
၁၀။ ဦးခင်စိုး(ဥက္ကဋ္ဌ၊အဏ္ဏဝါလှိုင်းကုမ္ပဏီလီမိတက်)
၁၁။ ဦးမြတ်ကို (ဝန်ကြီး၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊
တနင်္သာရီတိုင်းဒေသကြီး)
၁၂။ ဦးကင်းစိန် (သီဟသုဓမ္မမဏိဇောတဓရ)

အသင်းတွင်ဆောင်ရွက်ခဲ့သောနာယကကြီးများ

၁။ ဦးလူကြီး
၂။ ဦးဖေလှိုင်
၃။ ဦးလှခင်
၄။ ဦးဘအေး
၅။ ဦးကြီးဖေ
၆။ ဦးစောရွှေ
၇။ ဦးထွန်းအေး
၈။ ဦးဘလှ
၉။ ဦးကြူစိန်
၁၀။ ဦးတင်ထွန်း
၁၁။ ဦးစိန်ဝင်း
၁၂။ ဦးသိန်း
၁၃။ ဦးဗဆွေ
၁၄။ ဦးဘကျော့
၁၅။ ဦးကြည်မှန်
၁၆။ ဦးကျော်လင်း
၁၇။ ဦးသိန်းတင်
၁၈။ ဦးဘမောင်
၁၉။ ဦးစောမောင်
၂၀။ ဦးလှကျော်
၂၁။ ဦးကျင်ထွေး
၂၂။ ဒေါ်ခင်မြ
၂၃။ ဦးသန်းနိုင်
၂၄။ ဦးအောင်မြင့်
၂၅။ ဦးဖေအောင်
၂၆။ ဦးလှတင်
၂၇။ ဦးကျော်တင့်
၂၈။ ဦးကြည်လင်
၂၉။ ဦးလှငွေ
၃၀။ ဦးရန်ရှင်း
၃၁။ ဦးအောင်ညွန့်
၃၂။ ဦးမေအောင်
၃၃။ ဦးဖေညွန့်
၃၄။ ဦးမိုးမြင့်
၃၅။ ဦးဖေအေး
၃၆။ ဦးအောင်စိုး
၃၇။ ဦးမောင်ကြိုင်
၃၈။ ဦးလှရှိန်
၃၉။ ဗိုလ်မှူးစိုးမြင့် (ငြိမ်း)
၄၀။ ဦးကျော်လွင်လှ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁	ဦးထွန်းမြိုင်	ဥက္ကဋ္ဌ	၁၉၂၁ မှ ၁၉၃၁ အထိ
၂	ဦးမောင်မောင်	။	၁၉၃၆ မှ ၁၉၆၄ အထိ
၃	ဦးတင်	။	၁၉၆၄ မှ ၁၉၇၁ အထိ
၄	ဦးတင်ထွန်း	။	၁၉၇၁ မှ ၁၉၇၅ အထိ
			၁၉၈၁ မှ ၁၉၈၃ အထိ
၅	ဦးကြီးဖေ	။	၁၉၇၅ မှ ၁၉၇၇ အထိ
			၁၉၈၄ မှ ၁၉၈၈ အထိ
၆	ဦးစံလွင်	။	၁၉၇၇ မှ ၁၉၈၀ အထိ
၇	ဦးဘကျော့	။	၁၉၈၀ မှ ၁၉၈၁ အထိ
၈	ဦးဘမောင်	။	၁၉၈၈ မှ ၁၉၉၁ အထိ
၉	ဦးလှကျော်	။	၁၉၉၁ မှ ၁၉၉၂ အထိ
၁၀	ဦးသန်းနိုင်	။	၁၉၉၂ မှ ၁၉၉၃ အထိ
၁၁	ဦးအောင်သိန်း	။	၁၉၉၃ မှ ၁၉၉၆ အထိ
၁၂	ဦးအောင်ထူး	။	၁၉၉၄ မှ ၁၉၉၅ အထိ
၁၃	ဦးကျော်ခင်	။	၁၉၉၆ မှ ၁၉၉၇ အထိ
၁၄	ဦးဖေမြင့်	။	၁၉၉၇ မှ ၁၉၉၈ အထိ
၁၅	ဦးစောရွှေ	။	၁၉၉၈ မှ ၂၀၀၀ အထိ
			၂၀၀၅
၁၆	ဦးစိုးမြင့်	။	၂၀၀၀ မှ ၂၀၀၁ အထိ
၁၇	ဦးမေအောင်	။	၂၀၀၂ မှ ၂၀၀၃ အထိ
၁၈	ဦးဖေညွန့်	။	၂၀၀၄
၁၉	ဦးခင်စိုး	။	၂၀၀၆ မှ ယနေ့အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁	ဦးအေး	ဒု-ဥက္ကဋ္ဌ	၁၉၃၂ မှ ၁၉၃၆ အထိ
၂	ဦးဘကြာ	။	၁၉၅၄ မှ ၁၉၅၆ အထိ
၃	ဦးတင်	။	၁၉၅၆ မှ ၁၉၅၉ အထိ
၄	ဦးဘစိန်	။	၁၉၅၆ မှ ၁၉၅၈ အထိ
၅	ဦးကျော်လင်း	။	၁၉၇၀ မှ ၁၉၇၄ အထိ
၆	ဦးဖေမြင့်	။	၁၉၇၃ မှ ၁၉၇၈ အထိ
၇	ဦးဘအေး	။	၁၉၇၆ မှ ၁၉၇၇ အထိ
၈	ဦးရန်ကင်း	။	၁၉၇၇ မှ ၁၉၈၀ အထိ
၉	ဦးကျော်တင့်	။	၁၉၇၇ မှ ၁၉၈၀ အထိ
၁၀	ဦးဘကျော်	။	၁၉၇၇ မှ ၁၉၈၀ အထိ
၁၁	ဦးသိန်းတင်	။	၁၉၈၀ မှ ၁၉၈၆ အထိ
၁၂	ဦးကြီးဖေ	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၃	ဦးကျော်လင်း	။	၁၉၈၄ မှ ၁၉၈၇ အထိ
၁၄	ဦးလှကျော်	။	၁၉၈၇ မှ ၁၉၈၈ အထိ
၁၅	ဦးဘမောင်	။	၁၉၈၉ မှ ၁၉၉၀ အထိ
၁၆	ဦးရန်ရှင်း	။	၁၉၈၉ မှ ၁၉၉၀ အထိ
၁၇	ဦးကျော်ခင်	။	၁၉၉၀ မှ ၁၉၉၃ အထိ
			၁၉၉၅ မှ ၁၉၉၆ အထိ
၁၈	ဦးစံမြင့်	။	၁၉၉၁ မှ ၁၉၉၅ အထိ
၁၉	ဦးအောင်ညွန့်	။	၁၉၉၂ မှ ၁၉၉၄ အထိ
၂၀	ဦးအောင်ကြည်	။	၁၉၉၄ မှ ၁၉၉၆ အထိ
၂၁	ဗိုလ်မှူးစိုးမြင့်(ငြိမ်း)	။	၁၉၉၈ မှ ၂၀၀၀ အထိ
၂၂	ဦးမေအောင်	။	၁၉၉၈ မှ ၂၀၀၀ အထိ
၂၃	ဦးစစ်စွမ်	။	၂၀၀၀ မှ ၂၀၀၁ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၂၄	ဦးလှရှိန်	ဒု-ဥက္ကဋ္ဌ	၂၀၀၀ မှ ၂၀၀၁ အထိ
၂၅	ဒေါက်တာဖေညာဏ်	॥	၂၀၀၂ မှ ၂၀၀၃ အထိ
၂၆	ဦးမိုးမြင့်	॥	၂၀၀၂ မှ ၂၀၀၃ အထိ
၂၇	ဦးဖေညွန့်	॥	၂၀၀၃
၂၈	ဦးဖေဝင်း	॥	၂၀၀၄
၂၉	ဦးမောင်သန်း	॥	၂၀၀၄ မှ ၂၀၀၅ အထိ
၃၀	ဦးလှိုင်တင်	॥	၂၀၀၅
၃၁	ဦးဖေအေး	॥	၂၀၀၆ မှ ၂၀၀၇ အထိ
၃၂	ဦးအောင်စိုး	॥	၂၀၀၆ မှ ၂၀၀၇ အထိ
၃၃	ဦးထွန်းမြင့်	॥	၂၀၀၆ မှ ၂၀၀၇ အထိ
၃၄	ဦးသန်းအောင်	॥	၂၀၀၆ မှ ၂၀၀၇ အထိ
၃၅	ဦးကျော်မြင့်	॥	၂၀၀၈ မှ ယနေ့ အထိ
၃၆	ဦးစိုးတင့်	॥	၂၀၀၈ မှ ယနေ့ အထိ
၃၇	ဦးကျော်ကျော်ရှိန်	॥	၂၀၀၈
၃၈	ဦးအောင်နိုင်	॥	၂၀၀၈ မှ ယနေ့ အထိ
၁	ဦးစိန်လှိုင်	အတွင်းရေးမှူး	၁၉၂၁ မှ ၁၉၃၇ အထိ
၂	ဦးအေးကြွယ်	॥	၁၉၂၁ မှ ၁၉၆၄ အထိ
၃	ဦးဖေလှိုင်	॥	၁၉၂၁ မှ ၁၉၆၄ အထိ
၄	ဦးလှကြီး (၂)	॥	၁၉၃၇ မှ ၁၉၆၄ အထိ
၅	ဦးကျော်လင်း	॥	၁၉၃၇ မှ ၁၉၆၄ အထိ
၆	ဦးတွာဆိုင်	॥	၁၉၇၃ မှ ၁၉၇၄ အထိ
၇	ဦးကျော်သိန်း	॥	၁၉၇၅ မှ ၁၉၇၇ အထိ
၈	ဦးစောမောင်	॥	၁၉၃၇ မှ ၁၉၇၂၊ ၁၉၇၇ မှ ၁၉၈၀ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၉	ဦးသိန်းဟန်	အတွင်းရေးမှူး	၁၉၈၀ မှ ၁၉၈၁ အထိ
၁၀	ဦးထွာဆိုင်	။	၁၉၈၀ မှ ၁၉၈၁ အထိ
၁၁	ဦးကျော်ဆန်း	။	၁၉၈၁ မှ ၁၉၈၅၊ ၁၉၈၆ မှ ၁၉၈၈ အထိ
၁၂	ဦးဖေအေး	။	၁၉၇၂ မှ ၁၉၇၅၊ ၁၉၈၈ မှ ၁၉၉၀ အထိ
၁၃	ဦးကျော်မြင့်ဦး	။	၁၉၉၀ မှ ၁၉၉၁ အထိ
၁၄	ဦးသန်းနိုင်	။	၁၉၉၁ မှ ၁၉၉၂ အထိ
၁၅	ဦးအောင်သိမ်း	။	၁၉၉၂ မှ ၁၉၉၃ အထိ
၁၆	ဦးသိမ်းဝင်း	။	၁၉၉၃ မှ ၁၉၉၆ အထိ
၁၇	ဦးထွန်းရီ	။	၁၉၉၈ မှ ၂၀၀၀ အထိ
၁၈	ဦးဖေညွန့်	။	၂၀၀၀ မှ ၂၀၀၁ အထိ
၁၉	ဦးစောရှိန်	။	၂၀၀၂ မှ ၂၀၀၃ အထိ
၂၀	ဦးဖေဝင်း	။	၂၀၀၃
၂၁	ဦးကျော်မြင့်	။	၂၀၀၄
၂၂	ဦးကျော်မြင့်	။	၂၀၀၅ မှ ၂၀၀၇ အထိ
၂၃	ဦးဇော်တိုခန့်	။	၂၀၀၈ မှ ယနေ့အထိ

၁	ဦးချစ်ထွန်း	တွဲဖက်အတွင်းရေးမှူး	၁၉၃၄ မှ ၁၉၅၇
၂	ဦးဘကြီး	။	၁၉၅၄ မှ ၁၉၅၅ အထိ
၃	ဦးထွန်းဘိန်	။	၁၉၅၆ မှ ၁၉၆၀ အထိ
၄	ဦးမောင်မောင်သိန်း	။	၁၉၇၂ မှ ၁၉၇၃၊ ၁၉၇၄ မှ ၁၉၇၇ ၁၉၈၄ မှ ၁၉၉၀ အထိ
၅	ဦးမြင့်ဆေ	။	၁၉၇၂ မှ ၁၉၇၄ အထိ
၆	ဦးချစ်လှိုင်	။	၁၉၇၃ မှ ၁၉၇၄ အထိ
၇	ဦးခင်လှိုင်	။	၁၉၇၆ မှ ၁၉၇၇ အထိ
၈	ဦးဖေအေး	။	၁၉၇၇ မှ ၁၉၇၈၊၁၉၈၄ မှ ၁၉၈၈ အထိ
၉	ဦးထွာဆိုင်	။	၁၉၇၇ မှ ၁၉၇၈ အထိ
၁၀	ဦးသိန်းဟန်	။	၁၉၇၉ မှ ၁၉၈၀ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၁	ဦးရန်ကင်း	တွဲဖက်အတွင်းရေးမှူး	၁၉၇၉ မှ ၁၉၈၀ အထိ
၁၂	ဦးလေးတင်	။	၁၉၈၀ မှ ၁၉၈၁ အထိ
၁၃	ဦးမောင်မောင်	။	၁၉၈၁ မှ ၁၉၈၄ အထိ
၁၄	ဦးတွာဆိုင်	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၅	ဦးကျော်သိန်း	။	၁၉၈၄ မှ ၁၉၈၅ အထိ
၁၆	ဦးကျော်မြင့်ဦး	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၇	ဦးအောင်သိမ်း	။	၁၉၉၀ မှ ၁၉၉၂ အထိ
၁၈	ဦးသိမ်းဝင်း	။	၁၉၉၀ မှ ၁၉၉၃ အထိ
၁၉	ဦးဘကြည်	။	၁၉၉၂ မှ ၁၉၉၃ အထိ
၂၀	ဦးစိုင်	။	၁၉၉၃ မှ ၁၉၉၅ အထိ
၂၁	ဦးသန်းလွင်	။	၁၉၉၃ မှ ၁၉၉၆ အထိ
၂၂	ဦးရွှေကြည်	။	၁၉၉၅ မှ ၁၉၉၆ အထိ
၂၃	ဦးကြည်စိန်	။	၁၉၉၈ မှ ၁၉၉၉ အထိ
၂၄	ဦးဘစိုးချစ်	။	၁၉၉၈ မှ ၁၉၉၉ အထိ
၂၅	ဦးဖေညွန့်	။	၁၉၉၉ မှ ၂၀၀၀ အထိ
၂၆	ဦးဖေဝင်း	။	၁၉၉၉ မှ ၂၀၀၁ အထိ
၂၇	ဦးရဲမြင့်	။	၂၀၀၀ မှ ၂၀၀၃ အထိ
၂၈	ဦးထွန်းမြင့်	။	၂၀၀၂ မှ ၂၀၀၃ အထိ
၂၉	ဦးဇော်ရှိန်	။	၂၀၀၃
၃၀	ဦးတင်ရှိန်	။	၂၀၀၄
၃၁	ဦးသန်းအောင်	။	၂၀၀၄
၃၂	ဦးစိုးဝင်း	။	၂၀၀၅
၃၃	ဦးအောင်အောင်	။	၂၀၀၅ မှ ၂၀၀၈ အထိ
၃၄	ဦးစိုးတင့်	။	၂၀၀၆ မှ ၂၀၀၇ အထိ
၃၅	ဦးဇော်တိုးနိုင်	။	၂၀၀၆ မှ ၂၀၀၇ အထိ
၃၆	ဦးဇော်ဝင်း	။	၂၀၀၆ မှ ၂၀၁၀ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၃၇	ဦးအောင်သန်းဦး	တွဲဖက်အတွင်းရေးမှူး	၂၀၀၈ မှ ယနေ့အထိ
၃၈	ဦးမောင်မောင်နိုင်	။	၂၀၀၈ မှ ၂၀၁၀ အထိ
၃၉	ဒေါ်ချိုချိုလွင်	။	၂၀၀၈ မှ ယနေ့အထိ

၁	ဦးကြီးသွင်	ဘဏ္ဍာရေးမှူး	၁၉၅၄ မှ ၁၉၅၅၊ ၁၉၅၇ မှ ၁၉၅၈ အထိ
၂	ဦးလှကြီး–၁	။	၁၉၅၅ မှ ၁၉၅၇ အထိ
၃	ဦးဘမောင်	။	၁၉၇၆ မှ ၁၉၇၇၊ ၁၉၈၁ မှ ၁၉၈၇ အထိ
၄	ဦးကြီးဖေ	။	၁၉၇၇ မှ ၁၉၇၈ အထိ
၅	ဦးစံဝင်း	။	၁၉၇၉ မှ ၁၉၈၁ အထိ
၆	ဒေါ်စိန်ကြည်	။	၁၉၈၀ မှ ၁၉၈၁ အထိ
၇	ဦးကျော်သိန်း	။	၁၉၈၇ မှ ၁၉၈၈ အထိ
၈	ဦးကျော်ခင်	။	၁၉၈၈ မှ ၁၉၉၀ အထိ
၉	ဒေါ်ခင်မူ	။	၁၉၉၀ မှ ၁၉၉၃ အထိ
			၁၉၉၃ မှ ၁၉၉၆၊ ၂၀၀၂ မှ ၂၀၀၃ အထိ
၁၀	ဒေါ်လှရီ	။	၁၉၉၈ မှ ၂၀၀၁၊ ၂၀၀၃ မှ ၂၀၀၄ အထိ
ဘ၁	ဦးသန်းအောင်	။	၂၀၀၅
၁၂	ဦးကျော်ကျော်ရှိန်	။	၂၀၀၆ မှ ၂၀၀၇ အထိ
၁၃	ဦးညီညီနိုင်	။	၂၀၀၈ မှ ယနေ့အထိ

၁	ဦးညီညီနိုင်	တွဲဖက်ဘဏ္ဍာရေးမှူး	၂၀၀၆ မှ ၂၀၀၇ အထိ
၂	ဦးမင်းကိုကို	။	၂၀၀၈ မှ ၂၀၁၀ အထိ
၃	ဦးမျိုးအောင်	။	၂၀၀၈
၄	ဦးဇော်ဘိုဘိုဦး	။	၂၀၀၉ မှ ယနေ့အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁	ဦးဘချစ်	စာရင်းစစ်	၁၉၅၄ မှ ၁၉၅၅၊ ၁၉၅၇ မှ ၁၉၅၇ အထိ
၂	ဦးလှခင်	။	၁၉၅၄ မှ ၁၉၅၅ အထိ
၃	ဦးသာဟန်	။	၁၉၅၆ မှ ၁၉၅၇၊ ၁၉၇၃ မှ ၁၉၇၄ ၁၉၇၇ မှ ၁၉၇၉ အထိ
၄	ဦးချစ်ထွန်း	။	၁၉၅၇ မှ ၁၉၅၈ အထိ
၅	ဦးအေးသွင်	။	၁၉၅၇ မှ ၁၉၈၅ အထိ
၆	ဦးကြည်ညွန့်	။	၁၉၅၈ မှ ၁၉၆၀ အထိ
၇	ဦးစောမောင်	။	၁၉၇၁ မှ ၁၉၇၂ အထိ
၈	ဦးတင်ထွန်း	။	၁၉၇၇ မှ ၁၉၈၀ အထိ
၉	ဦးဘစိုး	။	၁၉၇၁ မှ ၁၉၇၄၊ ၁၉၈၀ မှ ၁၉၈၃ အထိ
၁၀	ဦးလှအောင်	။	၁၉၇၉ မှ ၁၉၈၀
၁၁	ဦးဖေအေး	။	၁၉၈၁ မှ ၁၉၈၄၊ ၁၉၉၀ မှ ၁၉၉၁ အထိ
၁၂	ဦးမြင့်ဖေ	။	၁၉၈၄ မှ ၁၉၈၆ အထိ
၁၃	ဦးမောင်မောင်	။	၁၉၈၄ မှ ၁၉၈၅ အထိ
၁၄	ဦးကြီးမြင့်	။	၁၉၈၅ မှ ၁၉၈၈
၁၅	ဦးဘစိုးချစ်	။	၁၉၈၆ မှ ၁၉၈၇၊ ၁၉၉၀ မှ ၁၉၉၁ အထိ
၁၆	ဦးဝတင်	။	၁၉၈၇ မှ ၁၉၈၈ အထိ
၁၇	ဦးခင်သိန်း	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၈	ဦးအေကင်	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၉	ဦးလှအောင်	။	၁၉၉၁ မှ ၁၉၉၃ အထိ
၂၀	ဒေါ်မိမိလှတင်	။	၁၉၉၁ မှ ၁၉၉၂ အထိ
၂၁	ဦးအောင်ထူး	။	၁၉၉၂ မှ ၁၉၉၄ အထိ
၂၂	ဦးမောင်မောင်ဇော်	။	၁၉၉၄ မှ ၁၉၉၆ အထိ
၂၃	ဦးမျိုးသန့်	။	၁၉၉၈ မှ ၂၀၀၃ အထိ
၂၄	ဦးအောင်စိုး	။	၁၉၉၈ မှ ၁၉၉၉ အထိ
၂၅	ဦးလှရွှေ	။	၁၉၉၉ မှ ၂၀၀၀ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၂၆	ဦးဘဝင်း	စာရင်းစစ်	၁၉၉၉ မှ ၂၀၀၁၊ ၂၀၀၄ မှ ၂၀၀၆ အထိ
၂၇	ဦးအေးကင်	။	၂၀၀၂ မှ ၂၀၀၃၊ ၂၀၀၄ မှ ၂၀၀၆ အထိ
၂၈	ဦးသန်းအောင်	။	၂၀၀၃ ။ ၂၀၀၇ မှ ယနေ့အထိ
၂၉	ဦးကြည်စိုးသိန်း	။	၂၀၀၄ မှ ၂၀၀၈ အထိ
၃၀	ဦးမောင်မောင်သန်း	။	၂၀၀၉ မှ ယနေ့အထိ
၁	ဦးမင်းခန့်	ဥပဒေအကြံပေး	၂၀၀၆ မှ ယနေ့အထိ
၂	ဒေါ်ခင်စန်းမြင့်	။	၂၀၀၆ မှ ယနေ့အထိ
၁	ဦးမောင်မောင်	အမှုဆောင်	၁၉၃၂ မှ ၁၉၃၅ အထိ
၂	ဦးအေး	။	၁၉၃၂ မှ ၁၉၃၅ အထိ
၃	ဦးလူကြီး-၂	။	၁၉၃၄ မှ ၁၉၅၇ အထိ
၄	ဦးဖိုးသစ် (ရွှေတိဂုံ)	။	၁၉၃၅ မှ ၁၉၃၇ အထိ
၅	ဦးဂေါ်လိုင်	။	၁၉၃၂ မှ ၁၉၃၅ အထိ
၆	မစ္စတာ အာတိတ်	။	၁၉၃၂
၇	ကောထွန်းဘိန်	။	၁၉၃၂ မှ ၁၉၅၆ အထိ
၈	ဦးစိန်လှိုင်	။	၁၉၃၂ မှ ၁၉၃၅ အထိ
၉	ဦးကိုကိုကြီး	။	၁၉၃၂ မှ ၁၉၃၅ အထိ
၁၀	ဦးကြီးသွင်	။	၁၉၃၂ မှ ၁၉၅၈ အထိ
၁၁	ဦးမောင်ဟန်	။	၁၉၃၂ မှ ၁၉၃၃ အထိ
၁၂	ကော-မောင်ကလေး	။	၁၉၃၂ မှ ၁၉၃၄ အထိ
၁၃	ဦးကြီးညွန့်	။	၁၉၃၂ မှ ၁၉၅၈ အထိ
၁၄	ကောစုကိတ်	။	၁၉၃၂ မှ ၁၉၃၉ အထိ
၁၅	ဦးဖေသစ်	။	၁၉၃၂ မှ ၁၉၄၆ အထိ
၁၆	ကောစုဟန်	။	၁၉၃၂ မှ ၁၉၃၉ အထိ
၁၇	ဦးဘတင်	။	၁၉၃၂

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၈ ·	ဦးဖေလှိုင်	အမှုဆောင်	၁၉၃၂ မှ ၁၉၃၆၊ ၁၉၅၄ မှ ၁၉၅၆ ၊ ၁၉၅၇ မှ ၁၉၅၈ အထိ
၁၉	မစ္စတာအီစင်	〃	၁၉၃၃ မှ ၁၉၃၅ အထိ
၂၀	ဦးစုသား	〃	၁၉၃၃ မှ ၁၉၃၉ အထိ
၂၁	ဦးသာလှိုင်	〃	၁၉၃၃ မှ ၁၉၃၇ အထိ
၂၂	ဦးဖိုးသိး	〃	၁၉၃၅ မှ ၁၉၃၉ အထိ
၂၃	ဦးထူးရွှေ	〃	၁၉၃၅ မှ ၁၉၃၉ အထိ
၂၄	ဦးလူကြီး	〃	၁၉၃၅ မှ ၁၉၅၆ အထိ
၂၅	ဦးဓမ်လှိုင်	〃	၁၉၃၅ မှ ၁၉၅၉ အထိ
၂၆	ဦးဖိုးမျှော်	〃	၁၉၃၆ မှ ၁၉၃၇ အထိ
၂၇	ကောဘဓမ်	〃	၁၉၃၆ မှ ၁၉၃၈ အထိ
၂၈	အီဘာစိန်	〃	၁၉၃၆ မှ ၁၉၆၀ အထိ
၂၉	ဦးကျော်ရင်	〃	၁၉၃၇ မှ ၁၉၃၈ အထိ
၃၀	ဦးသိန်းမောင်	〃	၁၉၃၉ မှ ၁၉၆၀ အထိ
၃၁	ဦးထွန်းအေး	〃	၁၉၃၉ မှ ၁၉၄၆ အထိ
၃၂	ဦးဘိုးညွတ်	〃	၁၉၄၆
၃၃	D. B. Rao	〃	၁၉၄၆
၃၄	ဦးဘအေး	〃	၁၉၅၆ မှ ၁၉၆၀ အထိ
၃၅	ဦးရှမ်း	〃	၁၉၅၆ မှ ၁၉၆၀ အထိ
၃၆	ဦးစု	〃	၁၉၅၆ မှ ၁၉၆၀ အထိ
၃၇	ဦးကြီးဖေ	〃	၁၉၅၆ မှ ၁၉၆၀ အထိ
၃၈	ဦးရှိန်	〃	၁၉၅၆ မှ ၁၉၅၇ အထိ
၃၉	ဦးဘကျော့	〃	၁၉၅၆ မှ ၁၉၆၀ အထိ
၄၀	ဦးစောမောင်	〃	၁၉၅၆ မှ ၁၉၆၀၊ ၁၉၈၀ မှ ၁၉၈၁၊ ၁၉၈၄ မှ ၁၉၈၅ အထိ
၄၁	ဦးမောင်ရှင်	〃	၁၉၅၆ မှ ၁၉၅၈ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၄၂	ဦးဘသင်း	အမှုဆောင်	၁၉၅၆ မှ ၁၉၅၇ အထိ
၄၃	ဦးကြည်စိန်	॥	၁၉၅၆ မှ ၁၉၅၇ အထိ
၄၄	ဦးလှခင်	॥	၁၉၅၆ မှ ၁၉၆၀ အထိ
၄၅	ဦးစံမင်း	॥	၁၉၅၆ မှ ၁၉၅၈ အထိ
၄၆	ဒေါ်သန်းတင်	॥	၁၉၅၆ မှ ၁၉၅၈ အထိ
၄၇	ဦးကျော်လင်း	॥	၁၉၅၅ မှ ၁၉၅၈၊ ၁၉၇၆ မှ ၁၉၈၀ ၁၉၈၁ မှ ၁၉၈၄ အထိ
၄၈	ဦးလှတင်	॥	၁၉၅၇ မှ ၁၉၅၈ အထိ
၄၉	ဦးဘမောင်	॥	၁၉၅၈ မှ ၁၉၆၀၊ ၁၉၇၇ မှ ၁၉၇၈ အထိ
၅၀	ဦးအေးသွင်	॥	၁၉၅၈ မှ ၁၉၆၀ အထိ
၅၁	ဒေါက်တာအုန်းတင်	॥	၁၉၅၈
၅၂	ဦးစံမြင့်	॥	၁၉၅၈
၅၃	ဦးစိုးမြင့်(ခ) မိုးကျော်	॥	၁၉၅၈ မှ ၁၉၆၀ အထိ
၅၄	မစ္စတာလိုင်နင်	॥	၁၉၅၈
၅၅	ဦးအုန်းတင်	॥	၁၉၅၈
၅၆	ဦးကြီးတင်	॥	၁၉၅၉ မှ ၁၉၆၀ အထိ
၅၇	ဦးဘချစ်	॥	၁၉၅၉ မှ ၁၉၆၀ အထိ
၅၈	ဦးကြူစိန်	॥	၁၉၅၉ မှ ၁၉၆၀ အထိ
၅၉	ဦးမိုးရုံ	॥	၁၉၅၄ မှ ၁၉၅၅ အထိ
၆၀	ဦးဘသစ်	॥	၁၉၅၄ မှ ၁၉၅၅ အထိ
၆၁	ဦးတင်	॥	၁၉၅၄ မှ ၁၉၅၆ အထိ
၆၂	ဦးဘကြီး	॥	၁၉၅၅ မှ ၁၉၅၆ အထိ
၆၃	သခင်ဗရှိန်	॥	၁၉၅၄ မှ ၁၉၅၆ အထိ
၆၄	ဦးမောင်မောင်သိန်း	॥	၁၉၇၀ မှ ၁၉၇၄၊ ၁၉၇၇ မှ ၁၉၈၈၊ ၁၉၉၈ မှ ၁၉၉၉ အထိ
၆၅	ဦးဘကျော်	॥	၁၉၇၀ မှ ၁၉၇၃ အထိ
၆၆	ဦးခင်လှိုင်	॥	၁၉၇၀ မှ ၁၉၇၃၊ ၁၉၈၄ မှ ၁၉၈၈ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၆၇	ဦးဟန်ဂင်	အမှုဆောင်	၁၉၇၁ မှ ၁၉၇၄၊ ၁၉၇၇ မှ ၁၉၈၁ အထိ
၆၈	ဦးကြီးမြင့်	။	၁၉၇၁ မှ ၁၉၇၄ အထိ
၆၉	ဒေါ်တင်မြိုင်	။	၁၉၇၁ မှ ၁၉၇၄၊ ၁၉၇၆ မှ ၁၉၈၁၊ ၁၉၉၈ မှ ၁၉၉၉ အထိ
၇၀	ဒေါ်ခင်တိ	။	၁၉၇၁ မှ ၁၉၇၄၊ ၁၉၇၇ မှ ၁၉၈၈ အထိ
၇၁	ဦးချစ်လှိုင်	။	၁၉၇၂ မှ ၁၉၇၄၊ ၁၉၇၆ မှ ၁၉၈၁ အထိ
၇၂	ဦးဘအေးစိန်	။	၁၉၇၂ မှ ၁၉၇၄၊ ၁၉၇၇ မှ ၁၉၈၆ အထိ
၇၃	ဦးထွန်းကြည်	။	၁၉၇၂ မှ ၁၉၇၃၊ ၁၉၈၁ မှ ၁၉၈၃ အထိ
၇၄	ဦးသန်းရွှေ	။	၁၉၇၂ မှ ၁၉၇၄၊ ၁၉၇၆ မှ ၁၉၇၈ အထိ
၇၅	ဦးငွေကိုင်	။	၁၉၇၂ မှ ၁၉၇၄၊ ၁၉၇၆ မှ ၁၉၈၇၊ ၁၉၉၈ မှ ၂၀၀၁ အထိ
၇၆	ဦးအုန်းတင်	။	၁၉၇၂ မှ ၁၉၇၄ အထိ
၇၇	ဦးသန်းလွင်	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၈၁ မှ ၁၉၈၇ ၁၉၉၀ မှ ၁၉၉၃ အထိ
၇၈	ဦးထွာဆိုင်	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၈၇ မှ ၁၉၉၀ အထိ
၇၉	ဦးထွန်းကြည်	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၇၆ မှ ၁၉၇၇၊ ၁၉၇၉ မှ ၁၉၈၀ အထိ
၈၀	ဦးဝတင်	။	၁၉၇၃ မှ ၁၉၇၄
၈၁	ဦးမောင်မောင်	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၇၇ မှ ၁၉၈၁ အထိ
၈၂	ဦးကျော်သိန်း	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၈၄ မှ ၁၉၈၇ အထိ
၈၃	ဒေါ်ခင်ကြီး	။	၁၉၇၃ မှ ၁၉၇၄ အထိ
၈၄	ဒေါ်သန်းညွန့်	။	၁၉၇၃ မှ ၁၉၇၄
၈၅	ဦးဖေမြင့်	။	၁၉၇၂ မှ ၁၉၇၃၊ ၁၉၇၉ မှ ၁၉၈၄ ၁၉၈၄ မှ ၁၉၈၈ အထိ
၈၆	ဦးမြင့်ဝေ	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၇၉ မှ ၁၉၈၀ အထိ
၈၇	ဦးသန်းလွင်	။	၁၉၇၃ မှ ၁၉၇၄၊ ၁၉၈၁ အှ ၁၉၈၇ အထိ
၈၈	ဦးကိုကို	။	၁၉၇၆ မှ ၁၉၇၇ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၈၉	ဦးကျော်ဆန်း	အမှုဆောင်	၁၉၇၆ မှ ၁၉၇၇ အထိ
၉၀	ဒေါ်ခင်ကြူ	။	၁၉၇၆ မှ ၁၉၇၇ အထိ
၉၁	ဒေါ်ခင်ကြည်	။	၁၉၇၆ မှ ၁၉၇၇ အထိ
၉၂	ဒေါ်လှကြည်	။	၁၉၇၆ မှ ၁၉၇၇ အထိ
၉၃	ဦးကျော်ဇွာ	။	၁၉၇၆ မှ ၁၉၇၇ အထိ
၉၄	ဦးမောင်သန်း	။	၁၉၇၆ မှ ၁၉၇၇၊ ၁၉၈၀ မှ ၁၉၈၁၊ ၁၉၈၅ မှ ၁၉၈၇၊ ၁၉၉၈ မှ ၁၉၉၉ အထိ
၉၅	ဦးသန်းဝင်း	။	၁၉၇၆ မှ ၁၉၈၃၊ ၁၉၈၆ မှ ၁၉၉၁၊ ၁၉၉၈ မှ ၁၉၉၉ အထိ
၉၆	ဦးကျော်တင့်	။	၁၉၇၇ မှ ၁၉၇၈၊ ၁၉၈၁ မှ ၁၉၈၃ အထိ
၉၇	ဦးစံဝှက်	။	၁၉၇၇ မှ ၁၉၇၈
၉၈	ဦးတင်စိုး	။	၁၉၇၇ မှ ၁၉၇၈၊ ၁၉၈၀ မှ ၁၉၈၁ အထိ
၉၉	ဦးဖေအေး	။	၁၉၇၉ မှ ၁၉၈၀ အထိ
၁၀၀	ဦးဘညွန့်	။	၁၉၇၉ မှ ၁၉၈၀ အထိ
၁၀၁	ဦးရန်ကင်း	။	၁၉၈၀ မှ ၁၉၈၁
၁၀၂	ဦးကျော်သန်း	။	၁၉၈၀ မှ ၁၉၈၁၊ ၁၉၈၄ မှ ၁၉၈၇ အထိ
၁၀၃	ဦးသစ်တိုး	။	၁၉၈၀ မှ ၁၉၈၁ အထိ
၁၀၄	ဦးရွှေကြည်	။	၁၉၈၁ မှ ၁၉၈၃၊ ၁၉၉၀ မှ ၁၉၉၅ အထိ
၁၀၅	ဦးဖေအောင်	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၀၆	ဦးနဲ့ဝင်း	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၀၇	ဦးအောင်မြင့်	။	၁၉၈၁ မှ ၁၉၈၇ အထိ
၁၀၈	ဦးယုထွေး	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၀၉	ဦးကံရွှေ	။	၁၉၈၁ မှ ၁၉၈၅ အထိ
၁၁၀	ဦးဟန်သိန်း	။	၁၉၈၁ မှ ၁၉၈၃ အထိ
၁၁၁	ဒေါ်ဖွားကြည်	။	၁၉၈၁ မှ ၁၉၈၅ အထိ
၁၁၂	ဒေါ်အုန်းကြည်	။	၁၉၈၁ မှ ၁၉၉၀ အထိ
၁၁၃	ဦးသိန်းဖေ	။	၁၉၈၂ မှ ၁၉၈၄ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၁၄	ဦးကြင်စိန်	အမှုဆောင်	၁၉၈၄ မှ ၁၉၈၇ အထိ
၁၁၅	ဦးမောင်မောင်မြင့်	။	၁၉၈၄ မှ ၁၉၈၇ အထိ
၁၁၆	ဦးလှကျော်	။	၁၉၈၅ မှ ၁၉၈၆၊ ၁၉၉၂ မှ ၁၉၉၃ အထိ
၁၁၇	ဦးတင်အေး	။	၁၉၈၆ မှ ၁၉၉၀ အထိ
၁၁၈	ဦးချစ်တင်	။	၁၉၈၆ မှ ၁၉၈၇ အထိ
၁၁၉	ဦးစောရှိန်	။	၁၉၈၇ မှ ၁၉၉၆ အထိ
၁၂၀	ဒေါ်မြညွန့်လှိုင်	။	၁၉၈၇ မှ ၁၉၉၂၊ ၁၉၉၁ မှ ၁၉၉၂ အထိ
၁၂၁	ဦးကျော်မြင့်	။	၁၉၈၇ မှ ၁၉၈၈ အထိ
၁၂၂	ဦးဇွမ်ကြည်	။	၁၉၈၇ မှ ၁၉၉၂ အထိ
၁၂၃	ဦးစောရွှေ	။	၁၉၈၇ မှ ၁၉၉၀ အထိ
၁၂၄	ဦးရိုကျင်း(ခ) ဦးရန်အောင်	။	၁၉၈၇ မှ ၁၉၉၀ အထိ
၁၂၅	ဦးသိန်းအောင်	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၂၆	ဦးအောင်သိမ်း	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၂၇	ဒေါ်တင်လှိုင်	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၂၈	ဒေါ်ခင်မူ	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၂၉	ဦးသိန်းဝင်း	။	၁၉၈၈ မှ ၁၉၉၀ အထိ
၁၃၀	ဦးစံမြင့်	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၂ မှ ၁၉၉၃ အထိ
၁၃၁	ဦးသန်းနိုင်	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၃ အထိ
၁၃၂	ဦးအောင်ညွန့်	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၁ မှ ၁၉၉၂ အထိ
၁၃၃	ဦးရန်ရှင်း	။	၁၉၉၀ မှ ၁၉၉၁
၁၃၄	ဦးအောင်ကြည်	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၁၊ ၁၉၉၂ မှ ၁၉၉၄ အထိ
၁၃၅	ဦးအေးကောင်	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၁၊ ၁၉၉၂ မှ ၁၉၉၄ အထိ
၁၃၆	ဦးဘခွေး	။	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၁၊ ၁၉၉၂ မှ ၁၉၉၃ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၃၇	ဒေါ်လှရီ	အမှုဆောင်	၁၉၉၀ မှ ၁၉၉၁၊ ၁၉၉၂ မှ ၁၉၉၆ အထိ
၁၃၈	ဦးဘကြည်	〃	၁၉၉၁ မှ ၁၉၉၂
၁၃၉	ဦးကျော်မြင့်ဦး	〃	၁၉၈၇ မှ ၁၉၉၂
၁၄၀	ဦးနိုင်	〃	၁၉၉၁ မှ ၁၉၉၂၊ ၁၉၉၂ မှ ၁၉၉၃ အထိ
၁၄၁	ဒေါ်အလိုင်ချစ်	〃	၁၉၉၁ မှ ၁၉၉၂၊ ၁၉၉၂ မှ ၁၉၉၅ အထိ
၁၄၃	ဦးထွန်းမြင့်	〃	၁၉၉၂ မှ ၂၀၀၀၊ ၂၀၀၅ အထိ
၁၄၄	ဦးဖေဝင်း	〃	၁၉၉၂ မှ ၁၉၉၄၊ ၁၉၉၈ မှ ၁၉၉၉ အထိ
၁၄၅	ဦးဘဝင်း	〃	၁၉၉၂ မှ ၁၉၉၆၊ ၁၉၉၈ မှ ၁၉၉၉၊ ၂၀၀၂ မှ ၂၀၀၃ အထိ
၁၄၆	ဦးဖေညွန့်	〃	၁၉၉၃ မှ ၁၉၉၆ အထိ
၁၄၇	ဦးကြီးညွန့်	〃	၁၉၉၃
၁၄၈	ဦးစိုးရှိန်	〃	၁၉၉၃ မှ ၁၉၉၆ အထိ
၁၄၉	ဦးလှဘို	〃	၁၉၉၃ မှ ၁၉၉၅ အထိ
၁၅၀	ဦးလှအေး	〃	၁၉၉၄ မှ ၂၀၀၀ အထိ
၁၅၁	ဒေါ်မြင့်စိန်	〃	၁၉၉၄ မှ ၁၉၉၆ အထိ
၁၅၂	ဒေါ်သန်းကြွယ်	〃	၁၉၉၄ မှ ၁၉၉၆ အထိ
၁၅၃	ဒေါ်အေးရီ	〃	၁၉၉၄ မှ ၁၉၉၆ ၊ ၂၀၀၃ အထိ
၁၅၄	ဦးထွန်းရီ	〃	၁၉၉၅
၁၅၅	ဦးအောင်ထူး	〃	၁၉၉၅
၁၅၆	ဦးစိုးမင်း	〃	၁၉၉၅
၁၅၇	ဦးကျင်စွမ်	〃	၁၉၉၈ မှ ၁၉၉၉ အထိ
၁၅၈	ဦးစစ်စွမ်	〃	၁၉၉၈ မှ ၂၀၀၀ အထိ
၁၅၉	ဦးလှရိန်	〃	၁၉၉၈ မှ ၂၀၀၀ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၆၀	ဦးခင်စိုး	အမှုဆောင်	၁၉၉၈ မှ ၂၀၀၁ အထိ
၁၆၁	ဦးသိန်းတန်	။	၁၉၉၈
၁၆၂	ဦးလှိုင်တင်	။	၁၉၉၈ မှ ၂၀၀၄ အထိ
၁၆၃	ဦးမိန်ညဏ်	။	၁၉၉၈ မှ ၁၉၉၉ အထိ
၁၆၄	ဦးဝင်းမောင်	။	၁၉၉၈ မှ ၁၉၉၉ အထိ
၁၆၅	ဒေါ်ကြင်ပို	။	၁၉၉၈ မှ ၂၀၀၀ အထိ
၁၆၆	ဦးဇော်သိန်း	။	၁၉၉၈ မှ ၂၀၀၀ ၊ ၂၀၀၂ မှ ၂၀၀၃ အထိ
၁၆၇	ဦးမြင့်ဆွေ	။	၁၉၉၈ မှ ၂၀၀၀ ၊ ၂၀၀၃ မှ ၂၀၀၄ အထိ
၁၆၈	ဒေါ်သောင်းရီ	။	၁၉၉၈ မှ ၁၉၉၉ အထိ
၁၆၉	ဒေါက်တာသန်းဦး	။	၁၉၉၈ မှ ၁၉၉၉ အထိ
၁၇၀	ဦးထွန်းမြင့်(၂)	။	၁၉၉၉ မှ ၂၀၀၀ အထိ
၁၇၁	ဦးဘစိုးချစ်	။	၁၉၉၉ မှ ၂၀၀၀ အထိ
၁၇၂	ဦးအောင်မြင့်	။	၂၀၀၀ မှ ၂၀၀၄ အထိ
၁၇၃	ဦးချစ်သန်း	။	၂၀၀၀ မှ ၂၀၀၇ အထိ
၁၇၄	ဦးတင်ချိန်	။	၂၀၀၀ မှ ၂၀၀၃ အထိ
၁၇၅	ဦးသက်လွင်	။	၂၀၀၀ မှ ၂၀၀၃ အထိ
၁၇၆	ဦးအောင်နိုင်	။	၂၀၀၀
၁၇၇	ဒေါ်အေးအေး	။	၂၀၀၀ မှ ယနေ့အထိ
၁၇၈	ဒေါ်ခင်မူ	။	၂၀၀၀ မှ ၂၀၀၁ အထိ
၁၇၉	ဒေါ်မိုးမိုးရှိန်	။	၂၀၀၀ မှ ၂၀၀၃၊ ၂၀၀၈ မှ ယနေ့အထိ
၁၈၀	ဦးကျော်မြင့်	။	၂၀၀၂ မှ ၂၀၀၄ အထိ
၁၈၁	ဦးအောင်ကိုး	။	၂၀၀၂ မှ ၂၀၀၃ အထိ

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၁၈၂	ဦးတင်အောင်	အမှုဆောင်	၂၀၀၂ မှ ၂၀၀၃ အထိ
၁၈၃	ဦးအောင်အောင်	။	၂၀၀၂ မှ ၂၀၀၃ အထိ
၁၈၄	ဒေါ်သိန်းမြင့်	။	၂၀၀၂ မှ ၂၀၀၃ အထိ
၁၈၅	ဦးစိန်ဝင်း	။	၂၀၀၃ မှ ၂၀၀၄ အထိ
၁၈၆	ဦးအေးညို	။	၂၀၀၃ မှ ၂၀၀၄ အထိ
၁၈၇	ဒေါ်ရှိုရှိုလွင်	။	၂၀၀၃ မှ ၂၀၀၈ အထိ
၁၈၈	ဦးဝင်းမြင့်	။	၂၀၀၃ မှ ၂၀၀၄၊ ၂၀၀၆
၁၈၉	ဦးထိန်မြင့်	။	၂၀၀၃
၁၉၀	ဦးလှညွှန့်	။	၂၀၀၄
၁၉၁	ဒေါ်နီနီညွှန့်	။	၂၀၀၄ မှ ၂၀၀၇ အထိ
၁၉၂	ဒေါ်စိန်စိန်	။	၂၀၀၄
၁၉၃	ဦးထိန်ဝင်း	။	၂၀၀၅၊ ၂၀၀၈ မှ ယနေ့အထိ
၁၉၄	ဒေါ်တိုးကြည်	။	၂၀၀၅ မှ ယနေ့အထိ
၁၉၅	ဦးသက်ဦး	။	၂၀၀၆ မှ ယနေ့အထိ
၁၉၆	ဦးအောင်မြင့်	။	၂၀၀၆ မှ ယနေ့အထိ
၁၉၇	ဦးမင်းကိုကို	။	၂၀၀၆ မှ ယနေ့အထိ
၁၉၈	ဦးမောင်မောင်နိုင်	။	၂၀၀၆ မှ ယနေ့အထိ
၁၉၉	ဦးကျော်ကျော်ထွန်း	။	၂၀၀၆ မှ ယနေ့အထိ
၂၀၀	ဦးအောင်နိုင်	။	၂၀၀၆ မှ ၂၀၀၇
၂၀၁	ဦးတင်ကိုနိုင်	။	၂၀၀၆ မှ ယနေ့အထိ
၂၀၂	ဦးအောင်သန်းဦး	။	၂၀၀၆ မှ ၂၀၀၇ အထိ
၂၀၃	ဒေါ်စုစုခိုင်	။	၂၀၀၆ မှ ယနေ့အထိ
၂၀၄	ဒေါ်မြင့်ယု	။	၂၀၀၆ မှ ယနေ့အထိ
၂၀၅	ဦးမျိုးအောင်	။	၂၀၀၆ မှ ၂၀၀၇ အထိ
၂၀၆	ဦးရဲနိုင်	။	၂၀၀၆ မှ ယနေ့အထိ
၂၀၇	ဒေါ်သိန်းမူ	။	၂၀၀၆ မှ ယနေ့အထိ
၂၀၈	ဒေါ်အေးအေးမြင့်	။	၂၀၀၆ မှ ယနေ့အထိ
၂၀၉	ဒေါ်ခင်မူ	။	၂၀၀၆ မှ ယနေ့အထိ
၂၁၀	ဦးအုန်းမောင်	။	၂၀၀၈
၂၁၁	ဦးတင်ဦး	။	၂၀၀၈

အသင်းစတင်သည်မှ ယနေ့အထိ၊ အလုပ်အမှုဆောင်များ၏ တာဝန်နှင့် တာဝန်ထမ်းဆောင်သည့် ကာလအပိုင်းအခြားဖော်ပြခြင်း

စဉ်	အမည်	တာဝန်	တာဝန်ထမ်းဆောင်သည့်ကာလ
၂၁၂	ဦးသိန်းထိုက်	အမှုဆောင်	၂၀၀၈ မှ ၂၀၁၀ အထိ
၂၁၃	ဦးအောင်မိုး(၁)	။	၂၀၀၈ မှ ယနေ့အထိ
၂၁၄	ဦးဇော်ဘိုဘိုဦး	။	၂၀၀၈
၂၁၅	ဦးနေလင်းအောင်	။	၂၀၀၈ မှ ယနေ့အထိ
၂၁၆	ဦးကျော်မြင့်	။	၂၀၀၉ မှ ၂၀၁၁အထိ
၂၁၇	ဦးဇာနည်	။	၂၀၀၉ မှ ယနေ့အထိ
၂၁၈	ဦးမျိုးသိန်း	။	၂၀၀၉ မှ ယနေ့အထိ
၂၁၉	ဦးလှထွန်း	။	၂၀၀၉ မှ ယနေ့အထိ
၂၂၀	ဦးသန်းထွဋ်ဦး	။	၂၀၀၉ မှ ယနေ့အထိ
၂၂၁	ဒေါ်နွဲ့နွဲ့ဝင်း	။	၂၀၀၉ မှ ယနေ့အထိ
၂၂၂	ဒေါ်သီသီဝါ	။	၂၀၀၉ မှ ယနေ့အထိ

၂၀၁၁–၂၀၁၃ ခုနှစ် အမှုဆောင်ကော်မတီ

စဉ်	အမည်	တာဝန်	စဉ်	အမည်	တာဝန်
၁။	ဦးခင်စိုး	ဥက္ကဋ္ဌ	၁၄။	ဦးသန်းထွဋ်ဦး	တွဲဖက်ဘဏ္ဍာရေးမှူး
၂။	ဦးကျော်မြင့်	ဒု-ဥက္ကဋ္ဌ	၁၅။	ဦးဇော်ဘိုဘိုဦး	။
၃။	ဦးအုန်းမောင်	။	၁၆။	ဦးထိန်ဝင်း	အမှုဆောင်
၄။	ဦးတင်ဦး	။	၁၇။	ဦးမင်းကိုကို	။
၅။	ဦးစိုးတင့်	။	၁၈။	ဦးဇော်ဝင်း	။
၆။	ဦးအောင်နိုင်	။	၁၉။	ဦးမောင်မောင်နိုင်	။
၇။	ဦးဇော်ဟိုဇန်.	အတွင်းရေးမှူး	၂၀။	ဦးကျော်ကျော်ထွန်း	။
၈။	ဦးသိန်းထိုက်	တွဲဖက်အတွင်းရေးမှူး	၂၁။	ဦးရဲနိုင်	။
၉။	ဦးအောင်သန်းဦး	။	၂၂။	ဦးအောင်မြင့်	။
၁၀။	ဦးကျော်ကျော်ရှိန်	။	၂၃။	ဦးသက်ဦး	။
၁၁။	ဦးအောင်မိုး(၂)	။	၂၄။	ဦးအောင်မိုး(၁)	။
၁၂။	ဒေါ်ချိုချိုလွင်	။	၂၅။	ဦးတင်ကိုနိုင်	။
၁၃။	ဦးညီညီနိုင်	ဘဏ္ဍာရေးမှူး	၂၆။	ဦးဇာနည်	။

၂၀၁၁–၂၀၁၃ ခုနှစ် အမှုဆောင်ကော်မတီ

စဉ်	အမည်	တာဝန်	စဉ်	အမည်	တာဝန်
၂၇။	ဦးနေလင်းအောင်	အမှုဆောင်	၃၄။	ဒေါ်စုစုခိုင်	အမှုဆောင်
၂၈။	ဦးမျိုးသိန်း	။	၃၅။	ဒေါ်မြင့်ယု	။
၂၉။	ဦးလှထွန်း	။	၃၆။	ဒေါ်အေးအေးမြင့်	။
၃၀။	ဒေါက်တာကျော်စွာလွင်	။	၃၇။	ဒေါ်မိုးမိုးရှိန်	။
၃၁။	ဦးစိုးသိန်းတင်	။	၃၈။	ဒေါ်နွဲ့နွဲ့ဝင်း	။
၃၂။	ဒေါ်တိုးကြည်	။	၃၉။	ဒေါ်သီသီဝါ	။
၃၃။	ဒေါ်သိန်းမူ	။			

အရန်အမှုဆောင် (၁) ဒေါ်အေးအေး (၂) ဒေါ်နုနုဝေ

စာရင်းစစ်အဖွဲ့ (၁) ဦးသန်းအောင် (၂) ဦးမောင်မောင်သန်း

ဥပဒေအကြံပေးအဖွဲ့ (၁) ဦးမင်းခန့် (၂) ဒေါ်ခင်စန်းမြင့်

မောင်စိုးနိုင်–ထားဝယ်အသင်း

ထားဝယ်အသင်းရုံးအဖွဲ့

၁။	ဦးစိုးနိုင်	ရုံးအဖွဲ့မှူး
၂။	ဦးရွှေကြည်	ရုံးအဖွဲ့ဝင်
၃။	ဦးသောင်းစိန်	ရုံးအဖွဲ့ဝင်
၄။	ဦးနိုင်လင်း	ရုံးအဖွဲ့ဝင်
၅။	ဦးသန်းလွင်	ဧည့်ရိပ်သာတာဝန်ခံ
၆။	ဦးထွန်းထွန်းဝင်း	ယာဉ်မောင်း

ထားဝယ်ခရိုင်အကျော်အမော်များ

ဖေအေး(ထားဝယ်)

ထားဝယ်တစ်ခရိုင်လုံး၏ ဂုဏ်ယူရမည့် အောက်ဖော်ပြပါ အကျော်အမော်များ (သို့) ထူးချွန်သောပုဂ္ဂိုလ်များ၏ ကဏ္ဍအလိုက် အောက်ပါအတိုင်း သမိုင်းဝင်မှတ်တမ်း တင်ပြအပ်ပါသည်။

<u>အနုပညာပိုင်းဆိုင်ရာ အသက်စွန့်ဆံများ စွန့်စားခဲ့သည့် ပုဂ္ဂိုလ်များမှာ–</u>

၁။ မီးပုံးပျံဦးကျော်ရင်နှင့် သား
၂။ ဦးကျော်လင်း တာပေဗိမာန်တာတည်း(ငြိမ်း) (မီးပုံးပျံ)

<u>အနုပညာ(ပန်းချီ)</u>

၁။ ဦးငွေကိုင်
၂။ ဦးဘထွန်းတင်
၃။ ဦးထူးညွန့်
၄။ ဦးခင်လှိုင် (ဆရာခင်လှိုင်)
၅။ ဦးမောင်မောင်သိန်း (ရွှေဝယ်သိန်း)
၆။ ဦးသိန်းညွန့်
၇။ ဦးဘတင်
၈။ ဦးကျော်မင်း
၉။ ဦးကျော်ဆန်း (က. ဆ)
၁၀။ ဆရာမသိန်းရှင်
၁၁။ ဦးအောင်ထွေး (ဆရာအောင်ထွေး)
၁၂။ ဦးစိုးထွေး
၁၃။ ဦးကျော်ဝေ
၁၄။ ဦးလှရွှေ
၁၅။ ဦးအောင်သိန်း
၁၆။ ဦးသိန်းမြင့်သိန်း
၁၇။ ဦးထွန်းဝေ
၁၈။ ဦးကျော်ကျော်
၁၉။ ဦးလှမင်း
၂၀။ ဒေါ်ရီရီလှိုင် (ဆရာခင်လှိုင် သမီး)

<u>အနုပညာ(ပန်းပု) နှင့် (ပန်းရံ)</u>

၁။ ပန်းပု – ဦးလှခင်
၂။ ပန်းပု – ဦးအောင်မြတ်
၃။ ပန်းပု – ဦးဘဝေ
၄။ ပန်းပု – ဦးဟန်တင်
၁။ ပန်းရံ – ဦးသိန်းဖေ
၂။ ပန်းရံ – ဦးလှပု

<u>အနုပညာ (ဂီတ)</u>

၁။ ဦးနီကြီး (တချူ)
၂။ ဦးထွန်းစိန် (တယော)
၃။ ဦးထူးလှ (စောင်း)
၄။ ဦးရိုန် (တယော)
၅။ ဦးဘတင် (တယော)
၆။ ဦးတင်ဖေ (မယ်ဒလင်)
၇။ ဦးအေးကြို (စောင်း)
၈။ တိုင်ဇာ
၉။ မျိုးကျော့မြိုင်
၁၀။ ညည်သူလွင်
၁၁။ နိုင်မြသာ
၁၂။ ဟိန်းဇော်

<u>အနုပညာ ရုပ်ရှင်နှင့်ပြဇာတ်</u>

၁။ ဦးကျော်အေး
၂။ ဦးဟာရှင်
၃။ သခင်ဇရန် (ပြဇာတ်)
၄။ ဦးကျော်ဝေ
၅။ ဦးခင်လှိုင် (ပြဇာတ်)
၆။ ဦးမောင်မောင်သိန်း (ရွှေဝယ်သိန်း)
၇။ ဦးဖေအေး (ရွှေသွေး)
၈။ အကယ်ဒမီ စိုးမြတ်သူဇာ
၉။ သရုပ်ဆောင် စိုးမြတ်ကလျာ
၁၀။ အကယ်ဒမီ စိုးမြတ်နန္ဒာ
၁၁။ သရုပ်ဆောင် ပပလင်း

<u>အနုပညာစာဆို</u>

၁။ ဦးဒိုက် (ဒိန်းဆရာကြီး)
၂။ ဦးဘအေး (ရွှေဝယ်အေး)

၃။ ဆရာမကြီး ဒေါ်သန်းရှင်
၄။ ဦးကျော်မင်း (မီးပုံးပျံ)
၅။ ဦးစိုးမောင် (သာဂရ ဇိုး)
၆။ ဦးဘမောင်
၇။ ဦးကျော်ဦး
၈။ မောင်ရေအေး (ဟားဗတ်တက္ကသိုလ်)
၉။ မောင်သန်းဆွေ
၁၀။ မောင်လေးတင့်

အားကစား (ဘောလုံး)

၁။ ဦးစံလင်း
၂။ ဗန္ဓုလကျော်မြင့်
၃။ ဦးထွန်းရှိန် (ပါလေး)
၄။ ဦးမောင်အောင်
၅။ ဦးအောင်မြင့် (ဗိုးလွှဲ)
၆။ ဗိုလ်မှူးကြီး ဌမ်ရှိန်
၇။ ဗိုလ်မှူးမေမြင့်
၈။ ဦးအောင်ခင်
၉။ ဦးကြီးမောင်
၁၀။ ဦးစိန်ဝင်း
၁၁။ ဦးတင်ဖေ
၁၂။ ဦးတင်ထွေး

အားကစား (အလေးမ) ဦးဆောင်မှုပေးသည့်ပုဂ္ဂိုလ်များ

၁။ ဦးကျင်စွမ်
၂။ ဦးအုန်းတင်(ဥက္ကဋ္ဌ) မြန်မာပြည်အိုလံပစ်အသင်း
(စာရင်းစစ်ချုပ်)
၃။ ဦးခင် (စည်ပင်)
၄။ ဦးသိန်းတင် (အား/ကာ ညွှန်ကြားရေးမှူး)
၅။ ဦးထွန်းစိန် (ကာယဗလ)

အားကစား (အလေးမ) ထူးချွန်သူများ

၁။ ကိုစိန်ဝင်း (ရွှေနှုံး)
၂။ ကိုအုံးစိန် (အနောက်ရပ်)
၃။ ဦးငွေကိုင် (ဗိုလ်မှူး)
၄။ ကိုဘိုးလင်း
၅။ ကိုဖေအေး (မောင်ထားဝယ်) မြန်မာပြည်ကိုယ်စားပြု
၆။ ကိုဖေအေး (ရဲ) မြန်မာပြည်ကိုယ်စားပြု

အားကစား (လက်ဝှေ့) ထူးချွန်သူများ

၁။ ကိုကြူပာန်
၂။ ကိုရန်ကင်း
၃။ ကိုစိုးငွေလေး

အားကစား ပြေးခုန်ပစ်

၁။ ဦးအုန်းရှိန် (သော်လီဘော)
၂။ အလိုင်းချစ် (အမြင့်ခုန်)
၃။ နော်ပေပေး (သံပြား)
၄။ နော်ရှာဖိုး (သံလုံး)
၅။ မခင်မှူ (ဂျူဒို)
၆။ ကိုခင်မောင်ကြီး (ပြေး)
၇။ ကိုမျိုးသန့် (သံလုံး)
၈။ ဦးလှရွှေမိုး (ဘောလီဘော)
၉။ ဦးခင်ထွေး (ဘောလုံး)
၁၀။ စုစုဆေ (စက်ဘီး)

အားကစား (ကရာတေးဒို)

၁။ ဦးလှစိုး

ကျွမ်းဘားကစားထူးချွန်သူများ

၁။ ဘားဆရာကျော်
၂။ ဘားမယ်ကျွေ(လောင်းလုံ)
၃။ ဦးထွန်းစိန်(ကာယဗလ)
၄။ ဦးအုံးဖေ(မိုင်ကယ်)
၅။ ဦးဘချစ်(သင်္ဘောဆိပ်ရပ်)
၆။ ကိုကျော်လှိုင်(ရဲ)
၇။ ဆရာဦးအောင်ထွေး

အထက်ဖော်ပြပါ သမိုင်းဝင် ထူးချွန်သော အားကစားနှင့် အနုပညာပုဂ္ဂိုလ်များအား အကျယ်တဝင့်ဖော်ပြရန် ရည်မှန်းချက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ဤမျှနှင့် ဖော်ပြရသည်ကို ကျေနပ်နှစ်သိမ့်လိမ့်မည်ဟု ယုံကြည်ပါသည်။ ယခုကဲ့သို့ သမိုင်းဝင်အကျော်အမော်ပုဂ္ဂိုလ်များ၏ မှတ်တမ်းများကို မှတ်တမ်းတင်ရသည့်အတွက်ကြောင့်လည်း စာရေးသူအနေဖြင့် အထူးပင် ဂုဏ်ယူမိပါကြောင်း။

ဤစာတမ်းတွင် ရသမျှအချိန်အတွင်း လက်လှမ်းမီသမျှကို စုဆောင်း၍ အကျဉ်းချုံးဖော်ပြရပါသောကြောင့် အလိုအပို အမှားအယွင်း ရှိပါက ခွင့်လွှတ်ကြပါရန် လေးစားစွာ မေတ္တာရပ်ခံအပ်ပါသည်။

ဖေအေး
မှတ်တမ်းတင်သူ
နာယက – ထားဝယ်အသင်း

Asian Wings Airways
Fly beyond your dreams
Asian Wings
Enjoy your trip by
Flying with us
Asian Wings Airways Limited.
No. 34 (A-1), Shwe Taung Gyar Street,
Bahan Township, Yangon, Myanmar.
Tel: 95-9-7313599~3, 95-1-515261~4 (Reservation)
Fax : 95-1-532333
Email : rsvn@asianwingsair.com, info@asianwingsair.com
www.asianwingsair.com

Myan Shwe Pyi Tractors Limited (MSPTL)
is the newly appointed Caterpillar dealer for Myanmar.
We are committed to providing customers in Myanmar
with a full range of Machines, Engines,
Parts and Services at a world class standard.

Myan Shwe Pyi Tractors Ltd.

YANGON
16, Mya Mar Lar Lane,
Industrial Zone, Thaketa Township.
Tel : (95-1) 547310-13 / 547140-42
Fax : (95-1) 547307
E-mail : msptygn@msptl.com.mm

MANDALAY
30, 27th Street, (Between 68 x 69 Street),
Chan Aye Thar Zan Township.
Tel : (95-2) 39259
(95-2) 39260
E-mail : msptmdy@msptl.com.mm

PHARKANT
Moehkahtaung Quarter,
Pharkant Saitaung Road.
Tel : (95-74) 70484
(95-1) 4482149
E-mail : msptpkt@msptl.com.mm

MSP CAT

airBagan
Treasure of Myanmar
No.56, Shwe Taung Gyar Street, Bahan Township
Yangon, Myanmar.
Tel:(95-1) 513 411, 513 422, 502 650
Fax: (95-1) 515 102 Rsvn: (95-1) 504 888
Email: rsvn@airbagan.com.mm
www.airbagan.com

Royal Star

ကရိန်းဝန်ဆောင်မှုလုပ်ငန်း

ကရိန်းငှားသည်။

No.(106/107) , Block (1279) , (4) Ward ,Nawaday Garden ,
Hlaing Thar Yar Township , Yangon , Myanmar.
Ph : 512216 , 527998 , 09 7312 5906 , 09 500 9578 , 09 865 0101

Aureum Palace
Hotels - Resorts
Aureum Palace Hotels - Resorts
More, far more than a hotel . . . Experience the ultimate in Myanmar hospitality
Bagan
Ngapali
Ngwe Saung
Pyin Oo Lwin
Nay Pyi Taw
Inle
Kandawgyi Palace Hotel (Lake View Building), Kan Yeik Tha Road, Mingalar Taung Nyunt Township, Yangon, Myanmar
Tel : (95-1) 399 341~5, 09-73111770, 09-73111771 Fax : (95-1) 399 346
E-mail : sales-aureum@myanmar.com.mm, aureumpalace@myanmar.com.mm Website : www.aureumpalacehotel.com, www.thebesthotelinmyanmar.com
Myanmar Treasure Resorts
Bagan, Inle, Ngwe Saung
POPA MOUNTAIN RESORT
Kandawgyi Hill Resort
Malikha Lodge
www.myanmartreasureresorts.com
www.malikhalodge.net
Yangon Sales & Reservation Office:
Kandawgyi Palace Hotel (Annexe), Kan Yeik Tha Road, Mingalar Taung Nyunt Township, Yangon, Myanmar
Tel: (95-1) 399334~7 Fax: (95-1) 399338 E-mail : myn-treasure@myanmar.com.mm

အမှတ်(၁၉)၊ အာဇာနည်လမ်း၊ ရှမ်းလည်ဆွဲရပ်၊ထားဝယ်မြို့ ☎ ။ (၀၅၉) ၂၁၄၇၀၊ ၂၁၇၅၅၊ ၂၁၈၀၆

- အပိုင်း(၁)၊စုစုပေါင်းစာမျက်နှာ - ၁၆၄
- အပိုင်း(၂)၊စုစုပေါင်းစာမျက်နှာ - ၁၈၆
- အပိုင်း(၁+၂)၊နှစ်အုပ်ပေါင်း - ၁၀၀၀၀/-ကျပ်

Ko Nay Min Wood Based Products

- Window
- Door & Door Frame
- Skirting
- Parquet Flooring
- Furnitures
- We provide full support to your satisfaction of Ko Nay Min made products as well as order sizes.

- Sanding Machine for Service
- Wood Coating Service

Showroom: No(396),Yae Road, Pon Kyun Qtr,Dawei.Ph : 059-21957, 09-8742147

Factory : No(655), Dar Na Street, Pon Kyun Qtr, Dawei. Ph : 09-8742029, 09-8741244

SUN THIT

CONFECTIONERY

အလှူမင်္ဂလာ ပွဲထိုင် များအတွက်
အထူးအော်ဒါလက်ခံပါသည်။

ကျွန်တော်များ ဆန်းသစ် စပါယ်ရှယ်ကိတ် နှင့်
မုန့်မျိုးစုံမှ ထုတ်လုပ်သော ကိတ်၊ဘီစကွတ်၊နို့ ပေါင်မုန့်
မျိုးစုံများကို ထူးကဲသော အနံ့အရသာအာဟာရဓာတ်
အပြည့်အဝ ပါရှိသည့်ပစ္စည်း အစစ်အမှန်
များဖြင့် ပြုလုပ်ထားပါသည်။

သန့်ရှင်းလတ်ဆတ်ပြီး အားပေးသုံးဆောင်သူများ
စိတ်တိုင်းကျ ဖြစ်စေရန် စီစဉ် ထုတ်လုပ်ထားပါသည်။

အလှူမင်္ဂလာပွဲများ အတွက် အထူးအော်ဒါမှာယူသော
မုန့်မျိုးစုံများကို အလှူရှင်များ စိတ်တိုင်းကျစေရန်နှင့်
အချိန်မှန် ပြုလုပ်ပေးနေပါသည် ခင်ဗျား...

အမှတ်(၁၈/ ၁၉)၊ အာဇာနည်လမ်း၊ အနောက်ရပ်၊ ထားဝယ်မြို့။
ဖုန်း ၀၅၉-၂၃၂၀၂၊ ၂၁၄၇၃၊ ၂၁၈၆၆

COLOR ANALIZED DATA COMPUTER
WITH AUTO COLOR DISPENSER
ဘုရားရွှေချဆေး
ကားမှုတ်ဆေး
(ကွန်ပျူတာစပ်ဆေး)
ရေယာဉ်ဆေး၊ အိမ်သုတ်ဆေး
သစ်သားအရောင်တင်ဆေး အမျိုးမျိုးနှင့်
အင်ဂျင်ချောဆီ အရောင်းဆိုင်
အမှတ် ၂၉၄၊ နီဗွာန်လမ်း၊ အိုးလုပ်ရပ်၊ ထားဝယ်မြို့။
Ph. 059 21843, 09 874051l
09 874116, 09 5650131
09 49850224
Castrol
Castrol
Castrol

ရွှေမဂ္ဂင်

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး



ဗုဒ္ဓဘုရားရှင်၏မြွက်ကြားမိန့်ဆိုချက်အရ -

ဤနေရာဒေသသို့ ဖြူစင်နှလုံးသားဖြင့်လာရောက်ဖူး မြော်ကြကုန်သောပရိတ်သတ်အပေါင်းသည်နတ်ပြည်နတ်ဘုံသို့တက်လှမ်းနိုင်ကြလိမ့်မည်ဆိုသည်ကိုလည်းမှတ်တမ်း မှတ်ရာများ၌ တွေ့ရှိကြရပေသည်။

ထိုသို့သောအခွင့်အရေး ရရှိရန်အတွက်

ဝင်းဝမ္ဗိဒေသ များသို့ သွားရောက်ဖူးမြော်လိုပါသော သူတော်ကောင်းအပေါင်းတို့အား ရွှေမဂ္ဂင်ကုသိုလ်တော်ဖြစ် ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှလုံခြုံချောမွေ့စိတ်ချရသောခရီးစဉ် ကို ဝန်ဆောင်မှုကိုသာ အဓိကထား၍ စေတနာနှင့်မေတ္တာ များ အပိုပေးကာကုသိုလ်ဖြစ်ရည်ရွယ် ပို့ဆောင်ပေးလျက် ရှိပါသည်။

နောင်အတွက်ရလဒ်အဖြစ် နတ်ပြည်လမ်းပေါက်အခွင့် အရေးတစ်ရပ်ကိုယခုပစ္စုပ္ပန်မှ ကျွန်ုပ်တို့၏ ကုသိုလ်ယူလို စိတ်နှင့်စေတနာကိုပါ တစ်ချိန်တည်းရယူပါလို့ တိုက်တွန်း ပါရစေ။

မြည်တွင်း၌ အရှေ့မှအနောက်. . တောင်မှမြောက်. . သို့ အထက်အောက်စုန်ဆန်မရိုးနိုင်စွာဖြင့် နှစ်စဉ် အားလပ် ရက်များတွင်အပန်းဖြေခရီး. . လေ့လာရေးခရီး. . ဘုရားဖူး ခရီးစဉ်များကိုသွားရောက်လည်ပတ်လျက်ရှိကြသောမိတ် ဆွေအပေါင်းအားပြည်တွင်းခရီးစဉ်စရိတ်နှင့် နှိုင်းယှဉ်ပါက ကုန်ကျစရိတ်နှင့် ခရီးစဉ် အနည်းငယ်မျှသာ ပိုမိုကုန်ကျမှု ရှိသော မဇ္ဈိမဒေသ (ဗုဒ္ဓဂယာ) ဘုရားဖူးခရီးစဉ်ကို အတွေ့အကြုံ အသစ်. . ကုသိုလ်အသစ်. . အဖြစ် ပြောင်းလဲခံစားကြည့်လိုပါလျှင် ကျွန်ုပ်တို့၏ ခရီးစဉ်ကို ထပ်မံတိုက်တွန်းပါရစေ . . . .

ဆက်သွယ်ရန်

အမှတ်(၆)၄ လွှာ၊ စေတနာလမ်းမြေနီကုန်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၁ ၅၁၆၇၁၄



လှည်းယာဉ်တံဆိပ် – တိုးပွားမန်းအဆင့်မြင့် ကွန်ပေါင်းဓါတ်မြေဩဇာများ

ရာဘာ၊ ဆီအုန်း၊ ပေါ်း၊ သစ်သီးဝလံ တို့အတွက် အချိုးအစားမှန် အဟာရဓါတ်များကို ရေဆိုး ကြွမ်းမှုန့်ချေးကို နှင့် ရောစပ်ထားသည့်မြေဩဇာဖြင့် ထုတ်လုပ်ထားပါသည်။ ကုမ္ပဏီလီမိတက်

မန္တလေး(ရုံးချုပ်) ၀၂ - ၇၁၈၂၇၊ ၇၁၈၃၇၊ ၇၃၃၇၀၊ ၀၉ - ၂၀၀၁၉၃၈၊ ၀၉ - ၆၈၀၄၁၅၄

ရန်ကုန် ၀၁ - ၆၄၂၉၉၂၊ ၆၄၀၀၀၈ Ext - ၃၃၉၊ ၆၈၀၇၉၅၊ ၀၉ - ၆၈၀၄၀၃၀

ထားဝယ် ဆန်းသစ်မုန့်တိုက် ၀၅၉ - ၂၃၂၀၂၊ ၀၉ ၈၇၄၁၁၁၅

ရွှေကျေး
တံဆိပ်
လေးမျိုးစပ်
အချိုခြောက်
အမှတ် (၁၈/၁၉)၊ အာဇာနည်လမ်း၊ အနောက်ရပ်၊
ထားဝယ်မြို့။ ဖုန်း ၀၅၉ - ၂၃၂၀၂၊ ၂၁၄၇၃၊ ၂၁၈၆၆

အောင်ပင်လယ်ငါးမုန့်

Sea Fish Cracker

ပင်ရင်း - အမှတ်(၁၀၈)၊ မြို့တံလမ်း၊ ရှမ္မ၊ ကျောက်မော်ရပ်ကွက်၊ ထားဝယ်မြို့။ ☎ ၀၅၉ ၂၁၅၃၅၊ ၂၁၇၄၀၊ ၂၂၀၅၉

အောင်ပင်လယ်စတိုး - အမှတ်-၈၉၊ ပါရမီလမ်း၊ ၁၆-ရပ်ကွက်၊ လှိုင်မြို့နယ်၊ ဘုရင့်နောင်လမ်းမနှင့် အင်းစိန်လမ်းမကြား။

☎ ၆၅၁၁၀၆၊ ၀၉ ၅၁၇၅၁၅၅

Welcome to Myanmar the Golden Land
GARDEN GUEST HOUSE
GARDEN GUEST HOUSE
No.441-445, Mahabandoola Street, (Near Sule Pagoda),
Pabedan Township, Yangon. Tel : 95-1-253779
ပန်းဥယျာဉ်ဧည့်ရိပ်သာ
ထားဝယ်မြို့
အမှတ်(၈၈)၊ ရေးလမ်း၊ အနောက်ရပ်(မြို့မရဲစခန်းအနီး)၊ ထားဝယ်မြို့ ☎ ၀၅၉-၂၂၁၁၆ ၀၅၉-၂၂၃၃၇



အောင်ဖိုးခိုင်ထုတ်လုပ်မှုကုမ္ပဏီလီမိတက်
ကကန်းပျော့
LOCAL EXPORT
ကကန်းပျော့(နယ်မှရောင်းချလိုသူများဆုံစပ်းနိုင်ပါသည်)
ရန်ကုန်မြို့တွင်း 5kg နှင့်အထက်အရောက်ပို့သည်။
နယ်မြို့များသို့လည်းကားဂိတ်အရောက်ပို့သည်။
အမှတ်(၆-အေ)၊ဦးလူနီလမ်း(သီတာရုပ်ရှင်ရုံအရှေ့)၊ကြည့်မြင်တိုင်မြို့နယ်၊ရန်ကုန်မြို့။
☎ ၀၁-၂၁၄၃၅၅ ၀၉-၅၁၇၅၃၈၅၊ ၀၉-၅၁၀၀၅၁၄၊ ၀၉-၅၆၄၀၁၇၇

Good Day

Lunch & Dinner

- တရုတ်အစားအစာ
- ယိုးဒယားအစားအစာ
- ပင်လယ်စာ
- အဖျော်ယမကာ မျိုးစုံကို

စားသုံးသူ စိတ်တိုင်းကျ ဝန်ဆောင်မှုပေးနေပါပြီ။

မိတ်ဟောင်းမိတ်သစ်အားလုံးကို ကျေးဇူးတင်ရှိပါသည်။

အမှတ်(၈)၊ ဘုရင့်နောင်လမ်းမကြီး၊ (၃)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၅၃၁၂၀၉

Air Mandalay
Safety, Reliability & Comfort
အဲမန္တလေးဖြင့်စီးနင်းလိုက်ပါခြင်းအတွက်
အထူးဈေးနှုန်းတင်ရှိပါသည်။
ထားဝယ် မှ ကော့သောင်း
မြိတ်
ရန်ကုန်
အမှတ် - ၁၃၁၊ မိသားစုစတိုး၊ ဈေးတောင်ဘက်လမ်း၊ ဇရစ်ရပ်၊ ထားဝယ်မြို့။
ဖုန်း - ၀၅၉ - ၂၁၂၈၂၊ ၂၂၀၈၂၊ ၂၂၂၈၂၊ ၀၉ - ၈၇၄၀၄၀၀
ဖက်စ် - ၀၅၉ - ၂၁၀၈၂
အီးမေးလ် - paleeikari@myanmar.com.mm

ANAWAR HLWAM CO.,LTD.

No. 584,Hlaing River Street Ward No.(10) Industrial Zone,Hlaing Thayar Township, 11401, Yangon Myanmar.
Tel :01-684 214, 684 215, 685 971, 685 972, Export /Import : 01- 727 842
Direct Fax : 01- 684 223
Email : export@oceankingasia.com,import@oceankingasia.com,trading@oceankingasia.com
website : www.oceankingasia.com

GREAT PETROLEUM TERMINAL LTD.

Plot No.(1) & (2) -B , Thilawar, Kyauk Tan Township ,Yangon,Myanmar.

Great Petroleum
TERMINAL

Gems Palace
HOTEL

GEMS PALACE HOTEL LTD.

H-34 & H-35, Yarzathingaha Road,Dekkhina Thiri, Nay Pyi Daw, Myanmar.
Tel : 95-67-419112 ~ 5 , Fax : 95-67-419112
Yangon Office : No.51,Shwe Hinthar Condo(A),Room No.1003,10th Floor,6 Miles,Pyay Road, Hlaing Township Yangon Myanmar. Tel : 951-654523,654524,507344 (Ext : 145)
Fax: 951-654524 , Email : gemspalacehotel@oceankingasia.com

" Bringing the warmest hospitality experiences !!! "